
သစ်တောရေးရာဝန်ကြီးဌာန
ပြန်ကြားရေးသတင်းစာ
၂၀၀၈ - ခုနှစ်

* ဒို့တာဝန်အရေး (၃) ပါး *

* ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
* တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
* အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

☆ ☆ ☆ ☆ ☆ ☆ ☆ ☆

* နိုင်ငံရေးဦးတည်ချက် (၄) ရပ် *

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* နိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ်တည်ဆောက်ရေး

* စီးပွားရေးဦးတည်ချက် (၄) ရပ် *

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှအတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

* လူမှုရေးဦးတည်ချက် (၄) ရပ် *

* တစ်မျိုးသားလုံး၏စိတ်ဓါတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လဏ္ဍာဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓါတ်ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

* ပြည်သူ့သဘောထား *

* ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအားဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံ များအားဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ်သတ်မှတ်ချေမှုန်းကြ။

ပုံနှိပ်မှတ်တမ်း

ပထမအကြိမ်၊ ၂၀၀၈–ခုနှစ်၊ ဇူလိုင်လ၊

အုပ်ရေ (၁၀၀၀)

စာမူခွင့်ပြုချက်အမှတ်

၄၀၀၇၃၄၀၇၀၈

မျက်နှာဖုံးခွင့်ပြုချက်အမှတ်

၄၀၀၆၈၄၄၀၇၀၈

ပုံနှိပ်

ဆန်းသဇင်ပုံနှိပ်တိုက်

အမှတ်–၁၉၄ ၊ ၃၉ လမ်း ၊

ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။

ထုတ်ဝေသူ

ဦးမျိုးဝင်း ၊ ရုံးအဖွဲ့မှူး

သစ်တောရေးရာဝန်ကြီးဌာန ၊ နေပြည်တော်။

မြန်မာနိုင်ငံသစ်တောသမိုင်း

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ (မှ–ထိ)
၁။	**အမှာစာ**	ပ–ဖ
၂။	**နိဒါန်း**	၁–၄
	အခန်း(၁)	
	ရှေးမြန်မာမင်းများခေတ်	
	(၁၇၅၂–၁၈၈၅)	
၁။	**ရှေးခေတ်မြန်မာ့သစ်တောသယံဇာတ**	၅–၁၁
	– တိုင်းတစ်ပါး သစ်ကုန်သွယ်မှု	၁၁–၁၃
၂။	**ကျွန်းသစ်၏ အရေးပါမှုနှင့် ကျွန်းသစ်လုပ်ငန်း တိုးတက်ပြောင်းလဲလာမှု**	၁၃–၁၄
	– ကျွန်းသစ်အား ‘တော်သစ်’ (Royal Tree) သတ်မှတ်ခြင်း	၁၄–၁၅
	– ကျွန်းသင်းသတ်ခြင်း	၁၅–၁၆
	– စာချုပ်ဖြင့် သစ်ထုတ်လုပ်ခွင့်ပြုခြင်း	၁၆–၁၈
	– ရှေးမြန်မာမင်းများခေတ်သားဌက်တိရစ္ဆာန်များဘေးမဲ့ပေးခြင်း	၁၉–၂၀
	– ကင်းရုံးဖွင့်အခွန်တော်ကောက်ခံခြင်း	၂၁–၂၄
	– ကျွန်းသစ်လိုအပ်ချက်ကိုအကြောင်းပြု၍ ကိုလိုနီနယ်ပယ်ချဲ့ထွင်လာမှု	၂၅
၃။	**အင်္ဂလိပ် – မြန်မာ ပထမစစ်ပွဲ (၁၈၂၄ –၁၈၂၆ ခုနှစ်)**	၂၅
	– အင်္ဂလိပ်–မြန်မာ ပထမစစ်ပွဲပြီးနောက်မြန်မာ့ကျွန်းတောများစီမံအုပ်ချုပ်မှု	၂၆–၃၀
	– တနင်္သာရီသစ်တောမှ ကျွန်းသစ်ထုတ်လုပ်သည့်လုပ်ငန်းအခြေအနေ	၃၀–၃၂
၄။	**အင်္ဂလိပ် – မြန်မာ ဒုတိယစစ်ပွဲ (၁၈၅၂–၁၈၅၄ ခုနှစ်)**	၃၂–၃၃
	– အင်္ဂလိပ်–မြန်မာ ဒုတိယစစ်ပွဲပြီးစမြန်မာ့ကျွန်းတောများစီမံအုပ်ချုပ်မှု အခြေအနေ	၃၃–၃၄
	– ကျွန်းသစ်ကို အစိုးရပိုင်အဖြစ် သတ်မှတ်ကြေညာခြင်း	၃၄–၃၅

– ဒေါက်တာဘရန်းဒစ်နှင့် သိပ္ပံနည်းကျ သစ်တောများစီမံအုပ်ချုပ်မှုစနစ်ဖော်ဆောင်ခြင်း ၃၅–၃၇
– သစ်တော ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများထုတ်ပြန်ခြင်း ၃၇–၄၄
– အစိုးရကသစ်ထုတ်လုပ်ငန်းလုပ်ကိုင်ခြင်း(မြစ်မခ ရိုင်တည်ထောင်ခြင်း) ၄၄
– တောင်ယာစိုက်ခင်းတည်ထောင်ခြင်း ၄၄–၄၅
– ဒေါက်တာဘရန်းဒစ်ပြီးနောက် မြန်မာ့သစ်တောများ စီမံအုပ်ချုပ်မှုအခြေအနေ ၄၅–၄၈
– အင်္ဂလိပ်–မြန်မာ တတိယစစ်ဖြစ်ပွားစေသော အကြောင်းရင်း ၄၈
– ၁၈၈၅ ခုနှစ်၌ ဖြစ်ပွားခဲ့သော မြန်မာဘုရင်အစိုးရနှင့် ဘုံဘောဘားမားသစ်ကုမ္ပဏီပြဿနာ ၄၈–၅၀

၅။ **အင်္ဂလိပ်–မြန်မာ တတိယစစ်ပွဲ** ၅၁
– ကျွန်းသစ်လုပ်ငန်းလုပ်ကိုင်ရန်နိုင်ငံခြားကုမ္ပဏီများရောက်ရှိလာခြင်း ၅၁
– ဘုံဘောဘားမားသစ်ကုမ္ပဏီ {BombayBurmaTrading Corporation Ltd (B.B.T.C.L)} ၅၁
  – စတီးဘရာသား (Messrs-Steel Brothers) ၅၁–၅၂
  – မဂ္ဂရီကာသစ်ကုမ္ပဏီ (Messrs–Macgregor and Co.,Ltd) ၅၂
  – ဖူးကားသစ်ကုမ္ပဏီ (Messrs – Foucar and Co.,Ltd) ၅၂
  – တီဒီဖင်းလေးကုမ္ပဏီ (T.D – Findlay and Son Ltd) ၅၂–၅၃
– တိုင်းရင်းသားလုပ်ငန်းရှင်များ ကျွန်းသစ်လုပ်ငန်းလုပ်ကိုင်ခြင်း ၅၃
– ဒေါက်တာဘရန်းဒစ် (Dr. Dietrich Brandis) ၅၃–၅၆

၆။ **ရှေးမြန်မာမင်းများခေတ်အတွင်း ထင်ရှားသောဖြစ်ရပ်များ** ၅၆–၅၈

အခန်း (၂)

ကိုလိုနီခေတ်

(၁၈၆၆–၁၉၄၈)

၁။ **အင်္ဂလိပ်မြန်မာ တတိယစစ်ပွဲပြီးနောက် မြန်မာ့ကျွန်းတောများ စီမံအုပ်ချုပ်မှု** ၅၇–၅၈

– သစ်တောဌာနဖွဲ့စည်းခြင်းနှင့်အတူ လုပ်ငန်းများပီပြင်စွာဆောင်ရွက်ခြင်း: ၅၉–၆၀

– ကြိုးဝိုင်းများဖွဲ့စည်းခြင်း: ၆၀

– ကြိုးဝိုင်းနယ်နိမိတ်သတ်မှတ်ခြင်းလုပ်ငန်း: ၆၀

– သစ်တောအုပ်ချုပ်လုပ်ကိုင်မှု ကွက်စိပ်စီမံကိန်းရေးဆွဲခြင်း: ၆၀–၆၁

– ကျွန်းသင်းသတ်ခြင်း: (Girdling of Teak) ၆၁–၆၂

– သစ်မာပင်ထောင်တံဆိပ်ရိုက်မှတ်ခြင်း: ၆၂
(Selection Felling Marking of Hardwood other than Teak - SF Marking)

– ပင်ကျပ်နှုတ်ခြင်း: ၆၂

– အုပ်မိုးကာဆိုင်းခုတ်လှဲခြင်း: ၆၂–၆၃

– ဓမ္မတာမျိုးဆက်ခြင်း: (သဘာဝမျိုးဆက်ခြင်း: - Natural Regeneration) ၆၃–၆၄

– ပဝတ္ထိမျိုးဆက်ခြင်း: (သစ်တောစိုက်ခင်းတည်ထောင်ခြင်း: – Artificial Regeneration) ၆၄–၆၇

– ပေါင်းသင်ရှင်းလင်းခြင်း: ၆၇

– မီးကာကွယ်ခြင်း: ၆၈–၆၉

– သစ်တောလမ်းများပြင်ဆင်ခြင်း: ၆၉

– ကြိုးဝိုင်းနယ်နိမိတ်ပြင်ဆင်ခြင်း၊ အကွက်နယ်နိမိတ်ပြင်ဆင်ခြင်း: ၆၉

– သစ်တောမြေတိုင်းခြင်းလုပ်ငန်း: ၆၉–၇၀

– ကောင်းကင်မြေတိုင်းလုပ်ငန်း: ၇၀–၇၁

– ချောင်းမြောင်းပြုပြင်ခြင်းလုပ်ငန်း: ၇၁

– ဆင်ဖမ်းခြင်းလုပ်ငန်း: ၇၁–၇၂

– သစ်ထုတ်လုပ်ခြင်းလုပ်ငန်းနှင့်ရောင်းချခြင်းအနေအထား: ၇၃–၇၄

၂။ **သစ်တောဥပဒေအဆင့်ဆင့်ပေါ်ထွန်းလာခြင်း** ၇၄–၇၅

၃။ **တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းကာကွယ်ခြင်း** ၇၅

– ရှေးမြန်မာမင်းများလက်ထက် သားငှက်တိရစ္ဆာန်များဘေးမဲ့ပေးခြင်း ၇၅–၇၆

– တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးဆိုင်ရာ ဥပဒေများအဆင့်ဆင့် ပေါ်ထွန်းလာခြင်း ၇၆

– ကိုလိုနီခေတ်ကာလအတွင်း ဖွဲ့စည်းတည်ထောင်ခဲ့သည့် ဘေးမဲ့တောများ ၇၆–၇၉

၄။ **စစ်ပြီးခေတ် မြန်မာ့သစ်တောထွက်ပစ္စည်းများထုတ်လုပ်မှုအခြေအနေ** ၇၉–၈၁

– ကိုလိုနီခေတ်သစ်တောအုပ်ချုပ်ရေး ၈၂

– အစိုးရသစ်ဆိပ်၊ အလုံ (Government Timber Depot, Ahlone) ၈၂–၈၃

– မြစ်မခသစ်ထုတ်ရေးခရိုင်အဖြစ် ဖွဲ့စည်းခြင်း (အစိုးရသစ်ထုတ်ခြင်း) ၈၃–၈၇

– မြစ်မခသစ်ထုတ်လုပ်ငန်းမှ ရရှိသောအကျိုးကျေးဇူးများ ၈၇–၈၈

– အင်္ဂလိပ်အစိုးရကလုပ်ငန်းလုပ်ကိုင်ခွင့်ပြုသည့်တိုင်းရင်းသား သစ်ကုမ္ပဏီများ ၈၈–၈၉

– နိုင်ငံခြားသစ်ကုမ္ပဏီကြီး ၅ ခု၏ကျွန်းသစ်ရောင်းဝယ်မှုလုပ်ငန်းများ ၈၉

– ကျွန်းနှင့်အခြားသစ်မာများနိုင်ငံခြားသို့တင်ပို့ရာတွင် အခွန်တော်ငွေ၊ စရိတ်နှင့်အမြတ်ငွေပြဇယား ၉၀

၅။ **ဒုတိယကမ္ဘာစစ်ကာလနှင့်စစ်ပြီးခေတ်ကျွန်းသစ်ထုတ်လုပ်မှုအခြေအနေ (၁၉၄၁–၁၉၄၇)** ၉၁

– ကျွန်းသစ်လုပ်ငန်းကို အကြီးလွတ်လပ်ရေးကာလတွင် အစိုးရမှ ဦးစီးလုပ်ကိုင် ရင်းနှီး မြှုပ်နှံခြင်း ၉၁–၉၄

– စာချုပ်တမျှခိုင်မာသည့် ‘ဝိတ်မှတ်တမ်း’ (Waight Memorandum) ၉၅

– သစ်စီမံကိန်းအဖွဲ့ (Timber Project Board) ၉၅–၉၆

– သစ်စီမံကိန်းအဖွဲ့ လုပ်ငန်းများ ၉၆–၉၈

၆။ **၁၉၄၇ ခုနှစ်အတွင်း မြန်မာပြည်နိုင်ငံရေးအခြေအနေ** ၉၈–၉၉

၇။ **ကိုလိုနီခေတ်အတွင်း ထင်ရှားသောဖြစ်ရပ်များ** ၉၉–၁၀၀

အခန်း (၃)
လွတ်လပ်ရေးရပြီးခေတ်
(၁၉၄၈–၁၉၆၂)

၁။ **နိုင်ငံတော်သစ်လုပ်ငန်းအဖွဲ့မှ နိုင်ငံခြားသစ်ကုမ္ပဏီကြီးငါးခု၏ လုပ်ငန်းများကို လွှဲပြောင်း ရယူ လုပ်ကိုင်ခြင်း** ၁၀၁

- သစ်စီမံကိန်းအဖွဲ့မှ နိုင်ငံတော်သစ်လုပ်ငန်းအဖွဲ့သို့ ပြောင်းလဲဖြစ်ပေါ်ပုံ ၁၀၁–၁၀၂
- နိုင်ငံတော်သစ်လုပ်ငန်းအဖွဲ့စတင်ဖွဲ့စည်းခြင်း ၁၀၂–၁၀၃
- နိုင်ငံတော်သစ်လုပ်ငန်းအဖွဲ့ကို အက်ဥပဒေဖြင့်ဖွဲ့စည်းခိုင်မာစေခြင်း ၁၀၃–၁၀၄
- နိုင်ငံခြားသစ်ကုမ္ပဏီကြီး ၅ ခု၏လုပ်ငန်းကို ပြည်သူပိုင်ပြုလုပ်ခြင်း ၁၀၅–၁၀၆
- ကုမ္ပဏီများကင်းတို့ဆန္ဒအရလွှဲအပ်ခြင်း ၁၀၆–၁၀၇
- နိုင်ငံတော်လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောရေးဝန်ကြီးဌာန ကော်မတီဖွဲ့စည်းခြင်း ၁၀၇–၁၀၈
- နိုင်ငံတော်သစ်လုပ်ငန်းအဖွဲ့ တာဝန်ယူဆောင်ရွက်ရသည့် အဓိကလုပ်ငန်းရပ်များ ၁၀၈
- နိုင်ငံတော်သစ်လုပ်ငန်းအဖွဲ့ ဖွဲ့စည်းပုံ ၁၀၉
- နိုင်ငံတော်ပိုင်သစ်စက်များ စတင်လည်ပတ်ပုံ ၁၀၉–၁၁၀
- ရောင်းဝယ်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်ပုံ ၁၁၀
- နိုင်ငံတော်သစ်လုပ်ငန်းအဖွဲ့၏ သစ်ထုတ်လုပ်ငန်းဆောင်ရွက်ပုံ ၁၁၀–၁၁၂

၂။ **သစ်တောစီမံအုပ်ချုပ်မှု ဖွံ့ဖြိုးတိုးတက်လာခြင်း** ၁၁၂

- သစ်တောဌာနဖွဲ့စည်းပုံနှင့် သစ်တောတိုင်းများဖွဲ့စည်းခြင်း ၁၁၂
- သစ်တောဌာနဖွဲ့စည်းပုံ ၁၁၃–၁၁၅
- ဥပဒေနှင့် ညွှန်ကြားချက်များ ထုတ်ပြန်ခြင်း ၁၁၅–၁၁၆

၃။ **သစ်တောပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများဆောင်ရွက်ခြင်း** ၁၁၆

- ကျွန်းသင်းသတ်ခြင်းနှင့် သစ်မာပင်ထောင်ရိုက်မှတ်ခြင်း ၁၁၆–၁၁၈
- သစ်တောစိုက်ခင်းများတည်ထောင်ခြင်း ၁၁၈

- ရှမ်းပြည်နယ်မြေယာထိန်းသိမ်းရေး ၁၁၉
- မြေယာထိန်းသိမ်းရေးနှင့်ပတ်သက်၍ပထမဆုံးစမ်းသပ်ချက် ၁၂၀
- သစ်တောပြန်လည်ထူထောင်ရေးစီမံကိန်း ၁၂၀–၁၂၂

၄။ **နိုင်ငံတော်သစ်လုပ်ငန်းအဖွဲ့ ပြန်လည်ဖွဲ့စည်းခြင်းနှင့် အဖွဲ့အစည်းဆိုင်ရာဖွံ့ဖြိုးတိုးတက်လာခြင်း** ၁၂၂

- မြန်မာနိုင်ငံတွင် သစ်အခြေခံစက်မှုလုပ်ငန်းများ: တည်ထောင်ရန်ခြေလှမ်းခဲ့ခြင်း ၁၂၂
- နိုင်ငံတော် သစ်လုပ်ငန်းအဖွဲ့ ပြန်လည်ဖွဲ့စည်းပုံ ၁၂၂
- ရောင်းဝယ်ရေးနှင့် သစ်စက်ဌာန ပေါ်ပေါက်လာပုံ ၁၂၃
- ရောင်းဝယ်ရေးနှင့် သစ်စက်ဌာန လုပ်ငန်းများ ဖွဲ့စည်းပုံ ၁၂၃–၁၂၄
- ရောင်းဝယ်ရေး(၁)နှင့်ရောင်းဝယ်ရေး(၂) တို့၏ လုပ်ဆောင်ချက်များ: ၁၂၄
- သစ်ဈေးကွက်သို့ ဖြန့်ချီရေးလမ်းကြောင်းများ: (Channels of Distribution) ၁၂၄–၁၂၅
- သစ်စက်များလုပ်ငန်း ဆောင်ရွက်ပုံ ၁၂၅
- ကျွန်းသစ်ခွဲစက်များ ဖြတ်သန်းလာခဲ့ရသော ကာလသစ်ဈေးကွက်အနေအထား ၁၂၅–၁၂၆
- ပတ္တာစာချုပ်ဖြင့် သစ်ထုတ်ခြင်း/ရောင်းချခြင်း ၁၂၆

၅။ **နိုင်ငံတော်သစ်လုပ်ငန်းအဖွဲ့ နှစ်စဉ်သစ်ထုတ်နိုင်စွမ်း အခြေအနေနှင့် သစ်ထုတ်လုပ်နည်းစနစ်** ၁၂၆–၁၃၀

- ကျွန်းစိုထုတ်လုပ်ခြင်း ၁၃၁

၆။ **ခေတ်သစ်မှာ တစ်ခေတ်ဆန်းလာသည့် နိုင်ငံခြားသစ်ဈေးကွက်** ၁၃၁–၁၃၂

- ဈေးကွက်လိုအပ်ချက်နှင့် လိုက်ဖက်ညီစေပြီး အမြတ်ထွက်အောင် နိုင်ငံခြားတွင် လုပ်ကိုင်ပုံများ ၁၃၂
- နိုင်ငံခြားတွင် သစ်အခြေခံစက်မှုလုပ်ငန်းများ: ရှင်သန်ဖွံ့ဖြိုးတိုးတက်လာခြင်း ၁၃၂
- ကမ္ဘာ့သစ်ဈေးကွက်နှင့် မြန်မာ့သစ်များ ၁၃၂

၇။ **Forest Industries Department နိုင်ငံတော်သစ်လုပ်ငန်းအဖွဲ့လက်အောက်သို့ ရောက်ရှိလာပုံ** ၁၃၃

– ကျွန်းနှင့်သစ်မာများ ပြည်ပတင်ပို့မှု ၁၃၄–၁၃၆

– ၁၉၄၈ ခုနှစ်မှ ၁၉၆၂ ခုနှစ်ကာလ မြန်မာ့သစ်လုပ်ငန်းမှ ထင်ရှားသည့်ဖြစ်ရပ်များ ၁၃၇–၁၃၈

၈။ **သစ်တောကဏ္ဍမှ ထင်ရှားသောဆောင်ရွက်မှုများ** ၁၃၈

– သစ်တောကြေးမုံပေါ်ပေါက်လာခြင်း ၁၃၈–၁၄၁

– သစ်တောဝန်များညီလာခံကျင်းပခြင်း ၁၄၂–၁၄၅

– အထိမ်းအမှတ်သစ်ပင်များစိုက်ပျိုးခြင်း ၁၄၅–၁၄၆

– ပဉ္စမအကြိမ်မြောက် ကမ္ဘာ့သစ်တောညီလာခံ ၁၄၆–၁၄၈

– သစ်တောကျောင်းဆင်းပွဲကျင်းပခြင်းနှင့် ဝန်ကြီး၏သဝဏ်လွှာ ၁၄၉–၁၅၂

– သစ်တောမင်းကြီးချုပ်၏ မိန့်ခွန်းကောက်နှုတ်ချက် ၁၅၃–၁၅၅

၉။ **သမိုင်းဝင်ထူးခြားမှတ်ဖွယ်ကဏ္ဍ (၁၉၄၈–၆၂ ခုနှစ်)** ၁၅၆

– နိုင်ငံတော်ကာကွယ်ရေးတွင် သစ်တောဝန်ထမ်းများ ပါဝင်ဆောင်ရွက်ခြင်း ၁၅၆–၁၅၇

– လွတ်လပ်ရေး ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်များရရှိသော သစ်တောဌာနနှင့် နိုင်ငံတော်သစ်လုပ်ငန်းအဖွဲ့တို့မှ အရာထမ်း၊ အမှုထမ်းများ ၁၅၈–၁၅၉

– စာရာမေတိ (Mount Saramati) တောင်ထိပ်သို့ ရုက္ခဗေဒလေ့လာရေး အတွက် တက်ရောက်ခဲ့ခြင်း ၁၆၀

– နောင်တော်ကြီးသစ်လုံးမှ ထွက်ရှိသည့် တိုင်းတုံနှင့် ညီတော်လေး ကျွန်းသစ်လုံးကြီးများအကြောင်း ၁၆၁–၁၆၃

– ကျွန်းသစ်ကုမ္ပဏီကြီးငါးခုကို ပြည်သူပိုင်သိမ်းယူပြီးနောက် နိုင်ငံတော် သစ်လုပ်ငန်းအဖွဲ့ ပိုင် ဆင်များကိုကြယ်တံဆိပ်ရေးထိုးခြင်း ၁၆၃–၁၆၄

– နိုင်ငံတော်သစ်လုပ်ငန်းအဖွဲ့ လက်နက်ကိုင်တပ်ဖွဲ့ များနှင့် တောတွင်းသစ်ထုတ်ရေး လုပ်ငန်းများအား ပူးပေါင်း ဆောင်ရွက်ခဲ့ခြင်း ၁၆၅–၁၆၇

၁၀။ **လွတ်လပ်ရေးရပြီးခေတ်အတွင်း ထင်ရှားသောဖြစ်ရပ်များ** ၁၆၇–၁၆၈

အခန်း (၄)

တော်လှန်ရေးကောင်စီခေတ်

(၁၉၆၂–၁၉၇၄)

၁။ **စီမံကိန်းများချမှတ်ဆောင်ရွက်ခြင်းနှင့် ပြည်သူပိုင်အခန်းကဏ္ဍသို့ ပြောင်းလဲဆောင်ရွက်ခြင်း** ၁၆၉–၁၇၀

၂။ **သစ်တောဖုံးလွှမ်းမှုအခြေအနေ** ၁၇၀

၃။ **သစ်တောကဏ္ဍစီမံအုပ်ချုပ်မှုနှင့်အဖွဲ့အစည်းဆိုင်ရာတိုးတက်ပြောင်းလဲမှု** ၁၇၀

- သစ်တောဦးစီးဌာနဝန်ထမ်းအင်အားတိုးချဲ့ဖွဲ့စည်းခြင်း: ၁၇၀
- သစ်တောတိုင်း၊ ခရိုင်များ ပြန်လည်ဖွဲ့စည်းခြင်း: ၁၇၁–၁၇၃
- သစ်တောဦးစီးဌာနအဖြစ် အမည်ပြောင်းလဲခြင်းနှင့် ရာထူးအခေါ်အဝေါ်များ ပြောင်းလဲခြင်း: ၁၇၄
- သစ်တောသုတေသနစတင်အခြေတည်ခြင်း: ၁၇၄
- မြန်မာနိုင်ငံသစ်လုပ်ငန်းအဖွဲ့ဟု အမည်ပြောင်းလဲခြင်း: ၁၇၅–၁၇၆
- မြန်မာနိုင်ငံသစ်လုပ်ငန်းအဖွဲ့ ပြင်ဆင်ဖွဲ့စည်းခြင်း: ၁၇၆
- အင်ဂျင်နီယာဌာနတိုးချဲ့ဖွဲ့စည်းခြင်း: ၁၇၆–၁၇၉
- ရောင်းဝယ်ရေးနှင့်သစ်စက်ဌာနလုပ်ငန်းများတိုးချဲ့လာပုံ ၁၇၉–၁၈၃

၄။ **သစ်တောမူဝါဒ ဥပဒေစည်းမျဉ်းစည်းကမ်းများတိုးတက်ပြောင်းလဲလာမှု** ၁၈၃

- သစ်တောဥပဒေအား မြန်မာတစ်နိုင်ငံလုံးအကျုံးဝင်စေခြင်း: ၁၈၃
- တောင်သူလယ်သမားများခံစားခွင့်ကို ကြေငြာခြင်း: ၁၈၄
- သစ်မာလုပ်ငန်းပြည်သူပိုင်ပြုလုပ်ခြင်း: ၁၈၅–၁၈၆

၅။ **သစ်တောပြုစုထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်ခြင်း** ၁၈၆

- သစ်တောပြုစုထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ ၁၈၆–၁၉၅
- ကြိုးဝိုင်းဖွဲ့စည်းခြင်း: ၁၉၆
- ဘေးမဲ့တောများတိုးချဲ့ဖွဲ့စည်းခြင်း: ၁၉၆
- သစ်တောစိုက်ခင်းများတည်ထောင်ခြင်း: ၁၉၇
- ကြီးထွားနှုန်းမြန်သော ယူကလစ်သစ်ပင်များ တိုးချဲ့စိုက်ပျိုးခြင်း: ၁၉၈
- မြန်မာပြည်အလယ်ပိုင်း သစ်တောများပြန်လည်ထူထောင်ရေး စီမံကိန်းများ ဆောင်ရွက်ခြင်း: ၁၉၉

– အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဆောင်ရွက်မှု ၁၉၉–၂၀၀
– ပုပွားတောင်သစ်တောပြန်လည်ထူထောင်ရေးစီမံကိန်း ၂၀၀–၂၀၂
– ရှမ်းပြည်နယ်တွင် မြေယာထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း ၂၀၂
– ကာကွယ်ရေးသစ်တောစိုက်ခင်းတည်ထောင်ခြင်း ၂၀၂–၂၀၃

၆။ သစ်တောထွက်ပစ္စည်းများထုတ်လုပ်အသုံးချခြင်း ၂၀၃

– ကျွန်း၊ သစ်မာနှင့် သစ်တောထွက်ပစ္စည်းများထုတ်လုပ်မှုနှင့် အခွန်ရငွေ /သုံးငွေ ၂၀၃–၂၀၄
– သစ်မာလုပ်ငန်းများစတင်ဆောင်ရွက်ခြင်း ၂၀၄
– ၁၉၆၃–၆၄ခုနှစ်မှ၁၉၆၇–၆၈ခုနှစ်အထိ၅နှစ်ကာလ သစ်မာထုတ်လုပ်မှုအခြေအနေ ၂၀၅–၂၀၆
– သစ်မာထုတ်လုပ်မှုရာနှုန်းပြည့်အောင်မြင်ရေးအတွက် သစ်တောဌာနမှ ပါဝင် ဆောင်ရွက်ခြင်း ၂၀၆–၂၀၇
– ကျွန်းနှင့်သစ်မာများ ပြည်ပတင်ပို့ရောင်းချခြင်းနှင့် သစ်ဈေးကွက်အခြေအနေ ၂၀၇–၂၀၉
– ကျွန်းသစ်လုံးအတန်းအစားခွဲခြားခြင်းစည်းမျဉ်းများ ၂၀၉–၂၁၁
– သစ်စက်နှင့်သစ်အခြေခံစက်များတည်ထောင်ခြင်း ၂၁၁
– အထပ်သားစက်၊ သစ်စက်နှင့် ပရိဘောဂစက်များ ၂၁၁
– အငှားသစ်စက်များငှားရမ်းခွဲစိတ်ခြင်း ၂၁၁
– သစ်ဆိုင်နှင့်သစ်စက်များပြည်သူပိုင်ပြုလုပ်ခြင်း ၂၁၂–၂၁၃
– သစ်စက်အသစ်များတည်ဆောက်ခြင်း ၂၁၃
– ဘဏ္ဍာရေးနှင့်ငွေစာရင်းဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များ ၂၁၃–၂၁၄

၇။ သမိုင်းဝင်ထူးခြားမှတ်ဖွယ်ကဏ္ဍ ၂၁၄

– ၁၉၆၂ခုနှစ်တော်လှန်ရေးကောင်စီလက်ထက်မြန်မာနိုင်ငံ သစ်တောမင်းကြီးချုပ်သီရိပျံချီ ဦးသိန်း၏ ပထမဆုံး ပြောကြားသည့် မိန့်ခွန်း ကောက်နှုတ်ချက် ၂၁၄–၂၁၆

၈။ တော်လှန်ရေးကောင်စီခေတ်အတွင်း ထင်ရှားသောဖြစ်ရပ်များ ၂၁၇–၂၁၈

အခန်း (၅)
မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်
(၁၉၇၄–၁၉၈၈)

၁။ **တော်လှန်ရေးကောင်စီမှ နိုင်ငံတော်အာဏာကို ပြည်သူ့လွှတ်တော်သို့ လွှဲပြောင်းခြင်း** ၂၁၉

– ဆိုရှယ်လစ်စီးပွားရေးစနစ်ဖြင့် အကောင်အထည်ဖော်ခြင်း: ၂၁၉–၂၂၀

၂။ **သစ်တောဖုံးလွှမ်းမှု** ၂၂၀–၂၂၁

၃။ **သစ်တောကဏ္ဍစီမံအုပ်ချုပ်မှုနှင့် အဖွဲ့အစည်းဆိုင်ရာတိုးတက်ပြောင်းလဲမှုများ** ၂၂၁

– သစ်တောဦးစီးဌာန တိုးချဲ့ ဖွဲ့စည်းခြင်း: ၂၂၁–၂၂၃

– သစ်တောဦးစီးဌာန ဘဏ္ဍာရေးနှင့် ငွေစာရင်းဌာနပြောင်းလဲတိုးတက်မှု ၂၂၄

– သဘာဝ ဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာနတည်ထောင်ခြင်း: ၂၂၄

– အပူပိုင်းဒေသ သစ်တောနယ်စတင်ပေါ်ပေါက်လာပုံ ၂၂၄–၂၂၅

– သစ်စေ့နှင့်ပျိုးပင်ထုတ်လုပ်ရေးဌာန ၂၂၅–၂၂၆

– သစ်တောသုတေသနဌာနတည်ထောင်ခြင်း: ၂၂၆

– ဗဟိုသစ်တောလုပ်ငန်းဖွံ့ဖြိုးမှုလေ့ကျင့်ပညာပေးရေးဌာန (CFDTC) တည်ထောင်ခြင်း: ၂၂၆–၂၂၇

– သစ်လုပ်ငန်းကော်ပိုရေးရှင်းတိုးချဲ့ ဖွဲ့စည်းခြင်း: ၂၂၇–၂၂၈

– မြန်မာ့ထုတ်ကုန်သွင်းကုန်ကော်ပိုရေးရှင်း (သစ်ဌာနခွဲ) (Myanma Export Import Corporation – MEIC/ Timber Branch) ၂၂၈

– အင်ဂျင်နီယာဌာနလုပ်ငန်းများတိုးချဲ့ဆောင်ရွက်ခြင်း: ၂၂၈

– ပင်မအလုပ်ရုံနှင့်အခြေစိုက်အလုပ်ရုံများဖွင့်လှစ်ခြင်း: ၂၂၈–၂၂၉

– ပြည်တွင်း/ပြည်ပရောင်းဝယ်ရေးနှင့်သစ်စက်ဌာနပေါ်ပေါက်လာခြင်း: ၂၃၀

၄။ **သစ်တောကဏ္ဍ မူဝါဒ၊ ဥပဒေ၊ ညွှန်ကြားချက်များပြင်ဆင်ပြောင်းလဲသတ်မှတ်ခြင်း** ၂၃၀

– သစ်တောထွက်ပစ္စည်း အခွန်တော်နှုန်းထားများပြင်ဆင်ပြောင်းလဲခြင်း: ၂၃၀–၂၃၁

– ကျွန်းနှစ်စဉ်တောထွက် ပြောင်းလဲသတ်မှတ်ခြင်း: ၂၃၁

– စီးပွားရေးစိုက်ခင်းများ၏ ပန္နက်အကွာအဝေးများပြင်ဆင်သတ်မှတ်ခြင်း: ၂၃၂

၅။	**သစ်တောပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများဆောင်ရွက်ခြင်း**	၂၃၂–၂၃၃
	– ကြိုးဝိုင်းတိုးချဲ့ဖွဲ့စည်းခြင်း	၂၃၃
	– သဘာဝထိန်းသိမ်းရေးနယ်မြေများတည်ထောင်ခြင်း	၂၃၃
	– သစ်တောများပြန်လည်ထူထောင်ခြင်း	၂၃၃–၂၃၄
	– သစ်တောစိုက်ခင်းများတည်ထောင်ခြင်း	၂၃၄–၂၃၆
	– အရှေ့ပဲခူးရိုးမသစ်တောစိုက်ခင်းစီမံကိန်း (East Pegu Yoma Project)	၂၃၆–၂၃၇
	– ပလပ်စတစ်ပျိုးအိတ်များဖြင့် ပျိုးထောင်စိုက်ပျိုးမှုအစ	၂၃၇
	- အာရှဖွံ့ဖြိုးရေးဘဏ် စိုက်ခင်းစီမံကိန်း (Asia Development Bank)	၂၃၇–၂၃၈
	– ကင်းတားဆည်ရေဝေရေလဲထိန်းသိမ်းရေးရှေ့ပြေးစီမံကိန်း	၂၃၈
	– သစ်တောသယံဇာတ စာရင်းကောက်ယူရေး စီမံကိန်း	၂၃၈–၂၄၁
၆။	**သစ်တောထွက်ပစ္စည်းထုတ်လုပ်အသုံးချခြင်း**	၂၄၁
	– ကျွန်းနှင့်သစ်မာမှအပ အခြားသစ်တောထွက်ပစ္စည်းများထုတ်လုပ်မှု	၂၄၁–၂၄၂
	– သစ်တောဦးစီးဌာနအခွန်ရငွေနှင့်အသုံးငွေ	၂၄၃–၂၄၄
	– မြန်မာ့သစ်လုပ်ငန်းမှ သစ်ထုတ်လုပ်မှုအခြေအနေ	၂၄၄
	– သစ်ထုတ်အင်အားအခြေအနေ	၂၄၄–၂၄၅
	– ကျွန်းနှင့်သစ်မာ ပြည်တွင်းဖြန့်ဖြူးခြင်း	၂၄၅–၂၅၀
	– ကျွန်း၊ သစ်မာနှင့်အခြားသစ်တောထွက်ပစ္စည်းများ ပြည်ပတင်ပို့မှု	၂၅၀–၂၅၂
	- ပြည်ပသို့သစ်တင်ပို့ခြင်းဖွံ့ဖြိုးတိုးတက်ရန်ကြိုးပမ်းဆောင်ရွက်မှုများ	၂၅၂–၂၅၃
	– သစ်အခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာ အဖွဲ့.အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း (Secondary Processed Wood Products (SPWP) Development)	၂၅၃–၂၅၅
	– သစ်ခွဲစက်များ (Primary Processing) မွမ်းမံပြင်ဆင်တည်ဆောက်ခြင်း:	၂၅၅
	(က)အမှတ် (၁) သစ်စက်	၂၅၅
	(ခ) အမှတ် (၄) သစ်စက်	၂၅၅

(ဂ) အမှတ် (၆) သစ်စက် ၂၅၅
(ဃ)အမှတ် (၈) သစ်စက် ၂၅၆
(င) အမှတ် (၁၀)သစ်စက် ၂၅၆
– သစ်ထုတ်လုပ်ငန်းနှင့် မွမ်းမံကြိတ်ခွဲခြင်း လုပ်ငန်းစီမံကိန်းများဖြင့် အကောင်အထည်ဖော်ခြင်း ၂၅၆–၂၅၇
(က)သစ်လုပ်ငန်းစီမံကိန်း (၁) (ကမ္ဘာ့ဘဏ်) ၂၅၇
(ခ) သစ်လုပ်ငန်းစီမံကိန်း (၂) (ကမ္ဘာ့ဘဏ်) ၂၅၈
(ဂ) သစ်လုပ်ငန်းစီမံကိန်း (၁) (အာရှဘဏ်) ၂၅၈–၂၅၉
(ဃ)သစ်လုပ်ငန်းစီမံကိန်း (၂) (အာရှဘဏ်) ၂၅၉
(င) သစ်အခြေခံစက်မှု လုပ်ငန်း စီမံကိန်း (၁) နှင့် (၂) ၂၅၉–၂၆၀
(စ)ကောင်းကင်ကြိုးဖြင့်သစ်ထုတ်လုပ်ခြင်းစီမံကိန်း ၂၆၀–၂၆၃
(ဆ)လေလဲသစ်များကို ပုဂ္ဂလိကသစ်ထုတ်ခွင့်ပြုခြင်း ၂၆၃
– ၁၉၈၈ ခုနှစ် အရေးအခင်းကာလအတွင်း လယ်ယာနှင့် သစ်တောဝန်ကြီးဌာန၏ ပျက်စီးဆုံးရှုံးမှု ၂၆၃
၇။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်အတွင်း ထင်ရှားသောဖြစ်ရပ်များ ၂၆၃–၂၆၄

အခန်း (၆)

မျက်မှောက်စေတ်

(၁၉၈၉ မှ မျက်မှောက်ကာလအထိ)

၁။ **စျေးကွက်စီးပွားရေးစနစ်ဖြင့် အကောင်အထည်ဖော်ခြင်း** ၂၆၅

၂။ **သစ်တောဖုံးလွှမ်းမှု** ၂၆၅–၂၆၆

၃။ **သစ်တောကဏ္ဍစီမံအုပ်ချုပ်မှုနှင့် အဖွဲ့အစည်းဆိုင်ရာတိုးတက်ပြောင်းလဲမှုများ** ၂၆၆

– သစ်တောဦးစီးဌာန ပြင်ဆင်ဖွဲ့စည်းခြင်း ၂၆၆–၂၆၈

– အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေဦးစီးဌာနဖွဲ့စည်းခြင်း ၂၆၈

– မြန်မာ့သစ်လုပ်ငန်းပြင်ဆင်ဖွဲ့စည်းခြင်း ၂၆၈–၂၆၉

၄။ **သစ်တောမူဝါဒ၊ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ တိုးတက် ပြောင်းလဲလာမှု** ၂၆၉

– ၁၉၉၅ ခုနှစ် မြန်မာ့သစ်တောမူဝါဒ ၂၆၉–၂၇၀

– သစ်တောဥပဒေ၊ နည်းဥပဒေများ ပြင်ဆင်ပြဋ္ဌာန်းခြင်း ၂၇၀

– တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေး၊ သဘာဝနယ်မြေများထိန်းသိမ်းရေး ဥပဒေ ပြဋ္ဌာန်းခြင်းနှင့် ထိန်းသိမ်းကာကွယ်ခြင်း ၂၇၀–၂၇၁

သစ်တောထွက်ပစ္စည်းအခွန်တော်နှုန်းထားများပြင်ဆင်သတ်မှတ်ခြင်း ၂၇၁

၅။ **သစ်တောပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများဆောင်ရွက်ခြင်း** ၂၇၂

– အမျိုးသားသစ်တောကဏ္ဍပင်မစီမံကိန်း (၂၀၀၁–၀၂ ခုနှစ်မှ ၂၀၃၀–၃၁ ခုနှစ်အထိ) ရေးဆွဲခြင်း ၂၇၂–၂၇၃

– သစ်တောအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်းများ (Forest Management Plan or Working Plan) ၂၇၃–၂၇၄

– သစ်တောပြုစုထိန်းသိမ်းခြင်း ၂၇၄–၂၇၆

– သစ်တောစိုက်ခင်းများတည်ထောင်ခြင်း ၂၇၆–၂၇၈

– မိုးရာသီလူထုသစ်ပင်စိုက်ပျိုးခြင်း ၂၇၉–၂၈၅

– ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်း ၂၈၅

– ရွှေပြောင်းတောင်ယာစနစ်ပယျောက်ရေးလုပ်ငန်း ၂၈၆
– ဒီရေတောများ ပြန်လည်ပြုစုခြင်းနှင့် ထိန်းသိမ်းကာကွယ်ခြင်း ၂၈၆–၂၈၉
– အင်းလေးကန်စိမ်းလန်းစိုပြည်ရေးစီမံကိန်း ၂၈၉
– အင်းတော်ကြီးကန်စိမ်းလန်းစိုပြည်ရေး ၂၉၀
– ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေးလုပ်ငန်းစီမံကိန်း ၂၉၀–၂၉၃
– သဘာဝဝန်းကျင်နှင့်သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးလုပ်ငန်းများ ၂၉၃–၂၉၄
– သဘာဝအခြေခံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာခြင်း ၂၉၄–၂၉၅
– အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာခြင်း ၂၉၅
– အပူပိုင်းဒေသ သစ်တောပြန်လည်ထူထောင်ရေးစီမံကိန်း ၂၉၅
– ပုပွားတောင်အရှေ့ခြမ်းစိမ်းလန်းစိုပြည်ရေး ၂၉၅–၂၉၆
– အထူးဒေသကိုးခရိုင် စိမ်းလန်းစိုပြည်ရေးစီမံကိန်း ၂၉၆–၂၉၈
– အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ လွဲပြောင်းတာဝန်ယူဆောင်ရွက်ခြင်း ၂၉၉–၃၀၆
– နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း ၃၀၆–၃၀၈
– တောင်တန်းစိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ၃၀၈

၆။ **သစ်တောထွက်ပစ္စည်းထုတ်လုပ်အသုံးချခြင်း** ၃၀၉

– သစ်ထုတ်လုပ်ခွင့်စနစ်များ အဆင့်ဆင့်ပြောင်းလဲဖြစ်ပေါ်ခြင်း ၃၀၉–၃၁၀
– သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်းပေါ်ပေါက်လာခြင်း ၃၁၇
– သစ်ထုတ်လုပ်ငန်းအဆင့်ဆင့်ပြောင်းလဲဖြစ်ပေါ်ခြင်း ၃၁၇–၃၁၉
– မျက်မှောက်ခေတ်ကာလတွင်သစ်ထုတ်လုပ်မှုအခြေအနေ ၃၁၉–၃၂၁
– သစ်ထုတ်ရေးဌာန၏ သစ်ထုတ်အင်အားအခြေအနေ ၃၂၁–၃၂၅
– မြန်မာ–ထိုင်းနယ်စပ်မှ ကျွန်းနှင့်သစ်မာများထုတ်လုပ်ရောင်းချခြင်း ၃၂၆–၃၂၈
– ကျွန်းနှင့်သစ်မာ ပြည်တွင်းဖြန့်ဖြူးမှုနှင့် ပြည်ပတင်ပို့မှု ၃၂၈–၃၂၉

– ကျွန်း၊ သစ်မာနှင့် အခြားသစ်တောထွက်ပစ္စည်းများ ပြည်တွင်း ဖြန့်ဖြူးခြင်းနှင့်ပြည်ပတင်ပို့ခြင်းမှ ဝင်ငွေရရှိမှု ၃၃၀

– လွတ်လပ်ရေးရပြီးခေတ်မှမျက်မှောက်ခေတ်အထိ နိုင်ငံခြားသို့ ကျွန်းသစ် တင်ပို့ရောင်းချမှု ၃၃၀–၃၃၁

– မြန်မာ့သစ်လုပ်ငန်းမှအကျိုးတူပူးပေါင်းဆောင်ရွက်မှု Joint Production System ဖြင့် လုပ်ကိုင် ဆောင်ရွက်လာခြင်း ၃၃၁

– သစ်အခြေခံစက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာခြင်း ၃၃၂–၃၃၄

– အထပ်သားစက်ရုံများပေါ်ပေါက်လာပုံ ၃၃၄–၃၃၆

– ကုန်ကြမ်းပေးကုန်ချောယူစနစ်အရ မြန်မာ့သစ်လုပ်ငန်းနှင့် ပူးပေါင်းဆောင်ရွက်သည့် ပုဂ္ဂလိက သစ်အခြေခံ စက်မှုလုပ်ငန်းများ ၃၃၇

– မြန်မာ့သစ်လုပ်ငန်းပိုင်သစ်စက်နှင့်သစ်အခြေခံပစ္စည်း ထုတ်လုပ်သည့်စက်ရုံများ ၃၃၇–၃၃၈

၇။ **အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း** ၃၃၉

– အဖွဲ့ဝင်အဖြစ်ပါဝင်၍ ပူးပေါင်းဆောင်ရွက်ခြင်း ၃၃၉

– လုပ်ငန်းစီမံကိန်း (Project) များလုပ်ဆောင်၍ပူးပေါင်းဆောင်ရွက်ခြင်း ၃၄၀–၃၄၂

အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ ကျွန်းသတင်းဌာန (Teaknet Asia-Pacific Region) ၃၄၄

၈။ **သစ်တောရေးရာဝန်ကြီးဌာန၏ မျက်မှောက်ကာလထင်ရှားသည့် ဆောင်ရွက်မှုများ** ၃၄၅

– တိုင်းကျိုးပြည်ပြုဆောင်ရွက်ချက်များ ၃၄၅

– IBC အဆောက်အဦနှင့် MTTC အဆောက်အဦ ၃၄၅–၃၄၆

– နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေး ၃၄၆

– အမျိုးသားကန်တော်ကြီးဥယျာဉ်အား အဆင့်မြင့်တည်ဆောက်ခြင်း ၃၄၆–၃၄၉

– အမျိုးသားကန်တော်ကြီးဥယျာဉ်စိန်ရတုအထိမ်းအမှတ်အခမ်းအနား National Landmarks Garden ဖွင့်ပွဲနှင့် ပန်းပွဲတော် ကျင်းပခြင်း ၃၅၀–၃၅၂

– ရန်ကုန်ကန်တော်ကြီးဥယျာဉ် (Central Forest Zone) ဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်း ၃၅၂–၃၅၃
– မဟာပါသဏလှိုဏ်ဂူတော်ဝန်းကျင်စိမ်းလန်းစိုပြည်သာယာလှပရေး ဆောင်ရွက်ခြင်း ၃၅၃
– ရတနာဆင်ဖြူတော် ၃ စီးအား သယ်ဆောင်အပ်နှင်းပေးခြင်း ၃၅၄–၃၅၅
– ပဲခူးရိုးမဖြတ်ကျော်လမ်းများဖောက်လုပ်ခြင်း ၃၅၆
– သစ်တောပြတိုက်တည်ဆောက်ဖွင့်လှစ်ခြင်း ၃၅၆–၃၅၇
– လောကနန္ဒာဘေးမဲ့တောဥယျာဉ် ၃၅၇–၃၅၉
– မြန်မာ့ဆေးဘက်ဝင်အပင်များ သုတေသနလုပ်ငန်း ၃၆၀
– ပုပ္ပားတောင်ဥယျာဉ်ပရဆေးစိုက်ခင်း ၃၆၀
– ကြယ်လိပ်မွေးမြူရေးလုပ်ငန်း ၃၆၀–၃၆၁
– ဂျာနယ်နှင့်မဂ္ဂဇင်းများထုတ်ဝေခြင်း ၃၆၁–၃၆၂
– မြန်မာ့သစ်ပင်မျိုးများ၏ မျိုးစိတ်စာရင်းမှတ်တမ်းများပြုစုခြင်း ၃၆၂–၃၆၃
– တန်ဖိုးနည်းလုံးချင်းအိမ်ရာများ ၃၆၃–၃၆၄
– ကျွန်းသစ်ရောင်းချမှု ထူးခြားမှတ်တိုင် ၃၆၄–၃၆၅

၉။ **သစ်တောရေးရာဝန်ကြီးဌာနနေပြည်တော်သို့ပြောင်းရွှေ့ခြင်း** ၃၆၆

– နေပြည်တော်သို့ ပြောင်းရွှေ့ခြင်းမပြုမီ ကြိုတင်စီမံဆောင်ရွက်မှုများ ၃၆၆
– နေပြည်တော်သို့ စတင်ပြောင်းရွှေ့ခြင်း ၃၆၇
– ဝန်ထမ်းများအား ယာယီအစီအစဉ်ဖြင့် နေရာချထားခြင်းနှင့် ကျွေးမွေးခြင်း ၃၆၇–၃၆၈
– နေပြည်တော်တွင် ရုံးလုပ်ငန်းများ စတင်ဆောင်ရွက်ခြင်းနှင့် ရုံးစတင်ဖွင့်လှစ်ခြင်း ၃၆၈
– သစ်တောရေးရာဝန်ကြီးဌာန၊ဝန်ထမ်းအိမ်ယာများရရှိမှုအခြေအနေ ၃၆၈–၃၇၀

၁၀။ **မျက်မှောက်ခေတ်အတွင်း ထင်ရှားသောဖြစ်ရပ်များ** ၃၇၁–၃၇၃

အခန်း (၇)

သစ်တောအဖွဲ့အစည်းဆိုင်ရာကဏ္ဍ

၁။ **သစ်တောပညာသင်ကြားရေး** ၃၇၅

- ကိုလိုနီခေတ်သစ်တောပညာသင်ကြားရေး ၃၇၅–၃၇၆
- ရန်ကုန်တက္ကသိုလ်တွင်သစ်တောပညာဌာနစတင်ဖွင့်လှစ်ခြင်း ၃၇၆
- လွတ်လပ်ရေးရပြီးခေတ်မှ မျက်မှောက်ခေတ်အထိ သစ်တောပညာသင်ကြားရေး ၃၇၇
- သစ်တောပညာသင်ကြားရေးအဆင့်ဆင့်ပြောင်းလဲဖြစ်ပေါ်မှု ၃၇၇–၃၇၈
- သစ်တောပညာဌာနကို သစ်တောတက္ကသိုလ်အဖြစ် ဉ္ဇာဆင့်မြှင့်တင် ဖွင့်လှစ်ခြင်း ၃၇၈–၃၈၁
- လက်ရှိသင်ကြားပို့ချမှုအခြေအနေ ၃၈၂–၃၈၆
- ဂျပန်နိုင်ငံကျိုတိုတက္ကသိုလ် အာရှနှင့်အာဖရိကဒေသ လေ့လာရေး တက္ကသိုလ် နှင့် သုတေသနပူးပေါင်း ဆောင်ရွက်ချက် ၃၈၇
- မြန်မာ–ဂျာမန်သစ်တောပညာတွဲဖက်သင်ကြားရေးအစီအစဉ် ၃၈၇–၃၈၈
- နိုင်ငံခြားတက္ကသိုလ်များနှင့် ပူးပေါင်းသင်တန်းဖွင့်လှစ်ခြင်း ၃၈၈–၃၈၉
- ဗဟိုသစ်တောလုပ်ငန်းဖွံ့ဖြိုးမှုလေ့ကျင့်ပညာပေးရေးဌာန (Central Forestry Development Training Center - CFDTC) ၃၈၉–၃၉၀
  - (က)စီမံကိန်းအကောင်အထည်ဖော်မှုကာလ ၃၉၀
  - (ခ)စီမံကိန်းနောက်ဆက်တွဲကာလ (Follow-up programme) ၃၉၀
  - (ဂ)စီမံကိန်းပြီးစီးမှုကာလ (Post-Project Period) ၃၉၀
  - (ဃ)နောက်ဆက်တွဲအစီအစဉ်အကောင်အထည်ဖော်ဆောင်ရွက်မှု (Aftercare Programme) ၃၉၀–၃၉၁
  - (င)Community Forestry Training-COMFORT စီမံကိန်း ၃၉၁
  - (စ)ဖွင့်လှစ်ပြီးသင်တန်းများနှင့် သင်တန်းသားဦးရေ ၃၉၂

– မြန်မာနိုင်ငံသစ်တောကျောင်း ၃၉၂
– မြန်မာပြည်သစ်တောကျောင်း (သာယာဝတီ) (၁၈၉၈–၁၉၁၀ ခုနှစ်) ၃၉၃
– မြန်မာပြည်သစ်တောကျောင်း (ပျဉ်းမနား) (၁၉၁၁–၄၂ ခုနှစ်) ၃၉၄
– ဂျပန်ခေတ်သစ်တောကျောင်း (သာယာဝတီ) (၁၉၄၂–၄၅ ခုနှစ်) ၃၉၅
– မြန်မာနိုင်ငံတော်သစ်တောကျောင်း (ပျဉ်းမနား) (၁၉၄၇–၄၉ ခုနှစ်) ၃၉၅
– မြန်မာနိုင်ငံတော်သစ်တောကျောင်း (အင်းစိန်) (၁၉၅၀–၅၃ ခုနှစ်) ၃၉၅
– မြန်မာနိုင်ငံသစ်တောကျောင်း (မေမြို့/ပြင်ဦးလွင်) (၁၉၅၃ ခုနှစ်မှ ယနေ့အထိ) ၃၉၆
– မြန်မာနိုင်ငံသစ်တောကျောင်း၏ ရည်ရွယ်ချက်များ ၃၉၇
– ကျောင်းအုပ်ချုပ်ရေးအဖွဲ့ ဖွဲ့စည်းပုံနှင့် သင်ကြားရေးရာကဏ္ဍ ၃၉၇
– မြန်မာနိုင်ငံသစ်တောကျောင်းမှ မွေးထုတ်ပြီး သင်တန်းသားစာရင်း ၃၉၈
– မြန်မာ့သစ်လုပ်ငန်းမှသင်တန်းသားများ ပါဝင်တက်ရောက်ခြင်း ၃၉၈
– ကျောင်းအုပ်ကြီး တာဝန်ပေးအပ်ခြင်း ၃၉၈
– မြန်မာ့သစ်လုပ်ငန်း၊ လေ့ကျင့်ရေးသင်တန်းကျောင်း အမှတ် (၁) နန်ချွန် ၃၉၉
– လေ့ကျင့်ရေးသင်တန်းကျောင်းအမှတ် (၂) ပျဉ်းမနား ၄၀၀
– လေ့ကျင့်ရေးသင်တန်းကျောင်းအမှတ် (၃) အလုံ ၄၀၀

၂။ **သစ်တောသုတေသနဌာနစီမံကိန်းများ** ၄၀၁
– သစ်တောသုတေသနဌာနစတင်အခြေတည်ခြင်း ၄၀၁
– သစ်တောသုတေသနဌာနတည်ထောင်ခြင်း ၄၀၁–၄၀၂
– သစ်တောသုတေသနဌာနမှ ဆောင်ရွက်နေသောလုပ်ငန်းများ ၄၀၂–၄၀၄

၃။ **စီမံကိန်းနှင့်စာရင်းအင်းဦးစီးဌာနဖွဲ့စည်းခြင်း** ၄၀၄
– စီမံကိန်းနှင့်စာရင်းအင်းဌာနတည်ထောင်ခြင်း ၄၀၄

၄။ **ပတ်ဝန်းကျင်ထိန်းသိမ်းရေးအမျိုးသားကော်မရှင်** ၄၀၆
(National Commission on Environmental Affairs)
– ကော်မရှင်ဖွဲ့စည်းခြင်း ၄၀၆–၄၀၇
– ပတ်ဝန်းကျင်ထိန်းသိမ်းရေးအမျိုးသားကော်မရှင်ရုံး ၄၀၇

– ကော်မရှင်ရုံး၏ ဆောင်ရွက်ချက်များ ၄၀၇
– မြန်မာနိုင်ငံအမျိုးသား ပတ်ဝန်းကျင်ရေးရာမူဝါဒချမှတ်ခြင်း ၄၀၇–၄၀၈
– ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ မြန်မာနိုင်ငံ ၂၁ ရာစုအစီအစဉ် ၄၀၈
– အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှု ၄၀၈–၄၀၉
– သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီဖွဲ့စည်းခြင်း ၄၀၉–၄၁၂

၅။ **တိရစ္ဆာန်ဥယျာဉ်နှင့်ပန်းဥယျာဉ် (ရန်ကုန်)** ၄၁၂
– ရန်ကုန်တိရစ္ဆာန်ဥယျာဉ်အားစတင်တည်ထောင်ခြင်း ၄၁၂
– လွတ်လပ်ရေးရပြီးခေတ် ၄၁၃
– တော်လှန်ရေးကောင်စီခေတ် ၄၁၃–၄၁၆
– မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ် ၄၁၆–၄၁၈
– မျက်မှောက်ခေတ် ၄၁၈–၄၂၃
– တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်) နှစ် ၁၀၀ ပြည့်ပွဲတော်ကျင်းပခြင်း ၄၂၃–၄၂၇

၆။ **ရတနာပုံဥယျာဉ်(မန္တလေး)** ၄၂၈
– ဥယျာဉ်စတင်တည်ထောင်ခြင်း ၄၂၈–၄၃၁

၇။ **သစ်တောရေးရာဝန်ကြီးဌာနခေတ်အဆက်ဆက် တာဝန်ထမ်းဆောင်ခဲ့ကြသည့်ဝန်ကြီးများနှင့် ဌာနအကြီးအကဲများ** ၄၃၂–၄၃၅

၂၀။ **နိဂုံး** ၄၃၇–၄၃၈

၂၁။ ကျမ်းကိုးစာရင်း ၄၄၄–၄၄၅

အမှာစာ

မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု သမိုင်းကြောင်းတွင် သစ်တောများ၏ အခန်း ကဏ္ဍသည် အဓိကနေရာမှပါဝင်ခဲ့သည်။ ထိုသို့ အဓိကနေရာမှ ပါဝင်ခဲ့သော 'မြန်မာနိုင်ငံသစ်တောသမိုင်း' ကို ပြုစုရန် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်မှ လမ်းညွှန်မှု ပြုခဲ့ပါသည်။ အဆိုပါ လမ်းညွှန်မှုအပေါ် အခြေခံ၍ သစ်တောရေးရာဝန်ကြီးဌာန လက်အောက်ရှိ လုပ်ငန်း/ဌာနများ အနေဖြင့် မိမိတို့ သက်ဆိုင်ရာ ဌာနအလိုက် ပါဝင်သင့်သည့်အချက်အလက်များအား စုစည်း၍ ပေးပို့ခဲ့ကြ ပါသည်။ အဆိုပါအချက်များအပေါ်တွင် အခြေခံ၍ ၂၀၀၄ ခုနှစ် နှင့် ၂၀၀၅ ခုနှစ်တွင် သစ်တောရေးရာဝန်ကြီးဌာန၊ စီမံကိန်းနှင့်စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်မှ ဦးဆောင် တာဝန်ယူလျှက် မြန်မာနိုင်ငံသစ်တောသမိုင်းကို ခေတ်ကာလအလိုက် အပိုင်း ကြီးများခွဲ၍ ပြုစုရေးသားကြ ပါသည်။

ထိုသို့ ပြုစုရေးသားရာတွင် လိုအပ်သော၊ ပါဝင်သင့်သော အချက်အလက်များကို ခေတ်အလိုက် ရှိခဲ့သော စာအုပ်စာတမ်းများ၊ သက်ရှိထင်ရှားဝန်ထမ်း (အငြိမ်းစား ပုဂ္ဂိုလ်ကြီးများ) ထံမှ မေးမြန်း ပြောကြားချက် များကို အခြေခံ၍ ပြုစုခဲ့ကြပါသည်။ အထူးသဖြင့် အငြိမ်းစား အရာရှိကြီးများဖြစ်သော ဦးတင်လှ (ညွှန်ကြားရေးမှူးချုပ် (ငြိမ်း) သစ်တောဦးစီးဌာန)၊ ဦးရွှေဘော် (ဦးဆောင်ညွှန်ကြားရေးမှူး (ငြိမ်း) မြန်မာ့သစ်လုပ်ငန်း)၊ ဦးအုန်း (စီမံကိန်း ဒါရိုက်တာ (ငြိမ်း) မြန်မာ့သစ်လုပ်ငန်း) တို့နှင့် စီမံကိန်းနှင့်စာရင်းအင်း ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင် တို့သည် အချိန်ပြည့် လာရောက်၍ သမိုင်းအချက် အလက်များ ရှာဖွေပေးခြင်း၊ ပြုစုရေးသား ပေးခြင်း၊ အကြံပြုခြင်း များကို ဆောင်ရွက် ပေးခဲ့ကြပါသည်။ စီမံကိန်းနှင့်စာရင်းအင်း ဦးစီးဌာနမှ အရာထမ်းများ၊ သစ်တောဦးစီးဌာန၊ တိုးချဲ့ပညာပေးရေးဌာနမှ အရာထမ်းများနှင့် မြန်မာ့သစ်လုပ်ငန်းမှ အရာထမ်းများက အဆိုပါပုဂ္ဂိုလ်ကြီးများ ပေးပို့/ရေးသား ချက်များအား အပိုင်းလိုက် ပြန်လည်စုစည်း၍ စာအုပ်ပုံသဏ္ဌာန်ဖြစ်ရန် ပြုစုရေးသား ခဲ့ကြပါသည်။

ထိုသို့ ပြုစုရေးသားခဲ့သော မြန်မာနိုင်ငံသစ်တောသမိုင်း မူကြမ်းအား စီမံကိန်းနှင့် စာရင်းအင်း ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးသန်းဆွေမှ ဦးဆောင်၍ စိစစ်တည်းဖြတ် ခဲ့ပါသည်။ ထို့နောက် အစိုးရဌာနများ နေပြည်တော်သို့ ပြောင်းရွှေ့ခြင်းကာလနှင့် တိုက်ဆိုင် နေသဖြင့် မြန်မာနိုင်ငံသစ်တောသမိုင်းစာအုပ် ထုတ်ဝေခြင်းမှာ အနည်းငယ် ကြန့်ကြာခဲ့ရ ပါသည်။

ထို့နောက် သစ်တောဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးမြင့်မောင် မှ တာဝန်ယူ၍ စာအုပ်ပုံသဏ္ဌာန် ပြင်ဆင်ခြင်း၊ သမိုင်းမှတ်တမ်းဓာတ်ပုံများ ထည့်သွင်းခြင်းများ ဆောင်ရွက်ပြီး သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီးထံ တင်ပြခဲ့ပါသည်။ သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီးမှ အဆိုပါ 'မြန်မာနိုင်ငံသစ်တောသမိုင်း' စာအုပ်မူကြမ်းအား အပြီးသတ် စိစစ်ဖတ်ရှု ပြင်ဆင်ပေးရန်အတွက် သစ်တောပညာရှင်အဖွဲ့မှ ဦးရွှေကျော် ညွှန်ကြားရေးမှူးချုပ် (ငြိမ်း)၊ သစ်တောဦးစီးဌာနနှင့် ဦးတင်အုန်း၊ ဒုတိယအထွေထွေမန်နေဂျာ (ငြိမ်း) မြန်မာ့သစ်လုပ်ငန်း တို့အား တာဝန်ပေးခဲ့ပါသည်။ သို့အတွက် ရန်ကုန်မြို့၊ ကြို့ကုန်းသစ်တောဝင်းရှိ သစ်ထောက်ခံချက်ပြုရေးကော်မတီရုံး၌ စီမံကိန်းနှင့်စာရင်းအင်း ဦးစီးဌာန၊ သစ်တောဦးစီးဌာနနှင့် မြန်မာ့ သစ်လုပ်ငန်းတို့မှ အငြိမ်းစားပုဂ္ဂိုလ်ကြီးများအား ဖိတ်ကြား၍ မြန်မာနိုင်ငံသစ်တောသမိုင်း စာမူအား စာလုံးပေါင်းသတ်ပုံ အသုံးအနှုန်းမှအစ အချက်အလက်မှန်ကန်မှုများအထိ တစ်ခန်းချင်း စိစစ်ခဲ့ကြ ပါသည်။

ယခုကဲ့သို့ စိစစ်ဖတ်ရှုခဲ့ကြသော 'မြန်မာနိုင်ငံသစ်တောသမိုင်း' စာအုပ်အား ထုတ်ဝေသောအဆင့်သို့ ရောက်ရှိခဲ့ပြီးဖြစ်ပါသည်။ ပါဝင်သော အကြောင်းအရာ အချက်အလက်များမှာ ရာနှုန်းပြည့် ပြီးပြည့်စုံပြီဟု မဆိုနိုင်ပါ။ နှစ်ပေါင်းတစ်ရာကျော် ရှည်လျားခဲ့သော သမိုင်းကြောင်းဖြစ်၍ ကျန်ရှိသည်များ၊ ပြင်ဆင်စရာများ၊ ဖြည့်စွက်စရာများ ရှိနိုင်ပါသေးသည်။ နောင်တွင် သက်ဆိုင်ရာ ပညာရှင် သုတေသီများမှ လိုအပ်သည်များ ဖြည့်စွက်သွားခြင်းဖြင့် ပိုမိုပြည့်စုံ လာမည်ဟု မျှော်လင့်ပါကြောင်း ဖော်ပြအပ်ပါသည်။

မြန်မာနိုင်ငံသစ်တောသမိုင်းပြုစုရေးအဖွဲ့

မြန်မာနိုင်ငံသစ်တောသမိုင်း

နိဒါန်း

၁။ မြန်မာနိုင်ငံသစ်တောအုပ်ချုပ်မှုသမိုင်းသည် ရှေးနှစ်ပေါင်းများစွာကတည်းက ခိုင်မာစွာရှိခဲ့ ရုံမျှမက အစဉ်အလာလည်း ကြီးမားခဲ့သည်။ မြန်မာနိုင်ငံသည် ရှေးပဝေသဏီ၊ ဘိုးဘွားများလက်ထက် ကတည်းက သစ်တောသယံဇာတ ပေါကြွယ်လှပေသည်။ ထူးခြား၍ ကွဲပြားစွာ တည်ရှိနေသည့် ပထဝီ အနေအထားအရ ရာသီဥတုကွဲပြားခြားနားမှု၊ မြေမျက်နှာပြင်၏ အနိမ့်အမြင့် ကွာခြားမှုတို့ကြောင့် အမျိုးစုံလှသော သစ်တောကြီးများ ပေါက်ရောက် ရှင်သန်နေကြသည်သာမက ဇီဝမျိုးစုံ၊ ဂေဟစနစ်မျိုးစုံ လည်း ပိုင်ဆိုင်သည့် နိုင်ငံတစ်နိုင်ငံ ဖြစ်ပေသည်။ ထို့အပြင် မြန်မာ့သစ်တောများသည် မြန်မာနိုင်ငံတွင် မှီတင်းနေထိုင်ကြကုန်သော ပြည်သူများ၏ စားဝတ်နေရေးအခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးရုံ သာမက နိုင်ငံခြားငွေ အမြောက်အများကိုလည်း နှစ်စဉ် ရှာဖွေပေးလျက်ရှိသည့်အပြင် သဘာဝဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့် ရေမြေသားငှက် ထိန်းသိမ်းရေးတို့အတွက် အဖိုးမဖြတ်နိုင်သည့် အမွေအနှစ်များ ဖြစ်ပေသည်။

၂။ မြန်မာနိုင်ငံ၏သစ်တောဖုံးလွှမ်းမှုမှာ တတိယမြန်မာနိုင်ငံတော်၏ ခေတ်နှောင်းပိုင်းဖြစ်သည့် ကုန်းဘောင်ခေတ်က နိုင်ငံအကျယ်အဝန်း၏ ၇၅ ရာခိုင်နှုန်းထက် မနည်း ရှိခဲ့သည်။ ယင်းသို့ တည်ရှိခဲ့ သော်လည်း မြန်မာနိုင်ငံ စတင်စုစည်းတည်ထောင်သည့် ၁၁ ရာစု ပုဂံခေတ်မှသည် ၁၈ ရာစု ကုန်းဘောင် ခေတ်လယ်ခန့်အထိ တိုင်းပြည်၏စီးပွားရေးတွင် အရေးပါခြင်း မရှိခဲ့ပေ။ အလောင်းမင်းတရားလက်ထက် ကျွန်းသစ်ကို ဘုရင်ပိုင် "တော်သစ်" အဖြစ် ကြေညာလျက် ထိန်းသိမ်းခဲ့သော်လည်း ကမ္ဘာ့စျေးကွက်တွင် စီးပွားရေးလုပ်ငန်းအဖြစ် နှစ်အတန်ကြာသည့်တိုင်အောင် ဆောင်ရွက်နိုင်ခြင်း မရှိခဲ့ချေ။ အလောင်းမင်းတရား နောက် မင်းဆက်ပေါင်း ၈ ဆက်ခြားပြီး မင်းတုန်းမင်းလက်ထက်သို့ ရောက်မှသာ ကျွန်းသစ်ကို စီးပွားဖြစ် ထုတ်လုပ်နိုင်ခဲ့သည်။ သို့ဖြစ်ရာ မြန်မာနိုင်ငံသစ်တောစီမံအုပ်ချုပ်မှုသမိုင်း၏ ကနဦးအစအဖြစ် ၁၇၅၂ ခုနှစ် တွင် အလောင်းမင်းတရားက ကျွန်းကို တော်သစ်အဖြစ် စတင်သတ်မှတ်ခဲ့သည်မှ အစပြုခဲ့သည်ဟု ဆိုရ ပေမည်။ ရှေးယခင်ကတည်းက ကျွန်းသစ်ထုတ်ယူရာတွင် ကျွန်းပင်ကို သင်းသတ်၊ မတ်တပ် အခြောက်ခံပြီး ချောင်းမြောင်းများမှ ရေမျှောထုတ်ယူခြင်းများ ဆောင်ရွက်ခဲ့ကြသည်။ ယင်း ကျွန်းသင်းသတ် စနစ်ကြောင့် ကျွန်းသစ်၏ဂုဏ်သတ္တိများ ကျော်ကြားရသည်ဟု သိပ်ပံနည်းကျ သစ်တောစီမံ အုပ်ချုပ်ခြင်းကို စတင်ခဲ့သူ ဒေါက်တာဘရန်းဒစ် က ဆိုခဲ့သည်။ မြန်မာနိုင်ငံတောင်ပိုင်းမှ ကျွန်းသစ်နှင့် တည်ဆောက်သော သင်္ဘော (Teak Ship)များကို ၁၈ ရာစုနှစ် အလယ်လောက်မှစ၍ ပြည်ပသို့ ထုတ်လုပ်ရောင်းချခဲ့သည်။ သစ်များထုတ်ယူခွင့်ပြုရာတွင် သဘာဝမြစ်ချောင်းကိုအခြေပြုပြီး နယ်နိမိတ်များသတ်မှတ်၍ စာချုပ်

ချုပ်ဆို ထုတ်ယူခွင့်ပြုခြင်းဖြစ်သည်။ မြစ်ကြောင်းတစ်လျှောက်နှင့် လမ်းကြောင်းတို့တွင် အခွန်ရုံးများ ဖွင့်လှစ်ကောက်ခံခဲ့သည်။

၃။ ၁၉ ရာစုအစပိုင်းမှစ၍ ဥရောပနယ်ချဲ့များအချင်းချင်း စစ်ခင်းခဲ့ကြသည်ကို အကြောင်းပြု၍ ရေကြောင်းသင်္ဘောများအတွက် ဥရောပမှ ဝက်သစ်ချသားများ ကုန်လာသောအခါ အာရှမှ ကျွန်းသစ်ကို အငမ်းမရ လိုချင်လာကြသည်။ ယင်းမှအစပြုကာ ၁၈၂၆ ခုနှစ်၊ တနင်္သာရီနှင့် ရခိုင်ပြည်နယ်တို့ကို သိမ်းပိုက်ပြီးနောက် မော်လမြိုင်ပတ်ဝန်းကျင်မှ သစ်များကို လိုင်စင်ဖြင့် ထုတ်ခဲ့ကြသည်။ စနစ်၏ အားနည်းချက်၊ စီးပွားရေးသမားတို့၏ လောဘရမ္မက်ကြောင့် မော်လမြိုင်ပတ်ဝန်းကျင်ရှိ ကျွန်းတောများ ပျက်စီးပြုန်းတီးခဲ့ရသည်။

၄။ ၁၈၅၂ ခုနှစ် အောက်မြန်မာနိုင်ငံကို အင်္ဂလိပ်များဆက်လက် သိမ်းပိုက်ခဲ့ပြီးနောက် တနင်္သာရီ ကျွန်းတောများ ပျက်စီးခဲ့ရသည်ကို သင်ခန်းစာယူ၍ ၄င်းတို့အတွက် သစ်တောများမှ ရေရှည် ထုတ်ယူ နိုင်စေရေးနှင့် ရေရှည်တည်တံ့စေနိုင်ရေးအတွက် စနစ်တကျ စီမံအုပ်ချုပ်နိုင်ရန် ၁၈၅၆ ခုနှစ်တွင် သစ်တောဌာနကို စနစ်တကျ စတင်ဖွဲ့စည်းခဲ့ပြီး မြန်မာ့ရွေးချယ်ခုတ်လှဲခြင်းစနစ် (Myanma Selection System - MSS) ကို အစဉ်အဆက် ကျင့်သုံးခဲ့သည်။

၅။ မြန်မာနိုင်ငံသစ်တောများကို စနစ်တကျ စီမံအုပ်ချုပ်နိုင်ရန်အတွက် ၁၈၆၆ ခုနှစ်မှစ၍ ပြင်သစ်နှင့် ဂျာမနီနိုင်ငံသို့ သစ်တောပညာသင်များ စတင်စေလွှတ်၍ သင်ကြားစေခဲ့သည်။ ၁၈၉၈ ခုနှစ်တွင် မြန်မာနိုင်ငံ သာယာဝတီမြို့၌ သစ်တောကျောင်းကို စတင်ဖွင့်လှစ်ခဲ့ပြီး အငယ်တန်း သစ်တောဝန်ထမ်းများ ကို လေ့ကျင့်သင်ကြားပေးခဲ့သည်။ ရန်ကုန်တက္ကသိုလ်တွင် ၁၉၂၃ ခုနှစ်မှစ၍ သစ်တောပညာဌာန စတင် ဖွင့်လှစ်၍ သစ်တောသိပ္ပံဘွဲ့ရများ မွေးထုတ်ပေးခဲ့သည်။ ၁၉၉၂ ခုနှစ်တွင် သစ်တော တက္ကသိုလ် အဖြစ် သီးခြားဖွဲ့စည်းခဲ့သည်။

၆။ လွတ်လပ်ရေးရပြီးနောက် သစ်ကုမ္ပဏီကြီးများ၏ လုပ်ငန်းများကို ပြည်သူပိုင်သိမ်း၍ နိုင်ငံပိုင်ဖြစ်သော နိုင်ငံတော်သစ်လုပ်ငန်းအဖွဲ့မှ ဆက်လက်လုပ်ကိုင်ခဲ့သော်လည်း ရှေးယခင်ကအတိုင်းပင် စနစ်တကျ စာချုပ် ချုပ်ဆို၍ အလေးထား ဆောင်ရွက်ခဲ့ကြသည်။ စာချုပ်စည်းကမ်းအရ သစ်တောဦးစီးဌာနမှ သစ် မထုတ်မီ ရွေးချယ်သတ်မှတ်သင်းသတ်ခြင်းနှင့် နိုင်ငံတော်သစ်လုပ်ငန်းအဖွဲ့မှ သစ်ထုတ်လုပ်ခြင်းကို ဆောင်ရွက်ရပြီး သစ်ထုတ်လုပ်ခြင်းပြီးဆုံးသည့်အခါ သစ်တောဦးစီးဌာနမှ သစ်ကွက်များ ပြန်လည်စစ်ဆေးခြင်းကို ဆောင်ရွက်ရသည်။ ဌာနဆိုင်ရာညွှန်ကြားချက်များ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခဲ့ကြသည်။ မြန်မာ့သစ်တောများ ထာဝစဉ်တည်တံ့ စေနိုင်ရေး အတွက် သစ်တောမင်းကြီး ဦးချိန်ဟိုး ဦးဆောင်၍ ပြန်လည်ရေးဆွဲရန် လိုအပ်သော ကွက်စိပ်စီမံကိန်း (Working Plan) များကို အမြန် ပြန်လည် ရေးဆွဲ နိုင်ခဲ့သဖြင့် ၃၆ ခရိုင်အတွက် ရေးဆွဲပြီးစီးခဲ့သည်။ မူလ စီမံကိန်းမရှိသော ကယားပြည်နယ်၊ ချင်းပြည်နယ် အတွက် ပဏာမ စီမံချက် (Working Scheme) ရေးဆွဲအုပ်ချုပ်ခဲ့သည်။

၇။ ယနေ့မျက်မှောက် ခေတ်ကာလတွင် လူဦးရေ တိုးတက်များပြားလာခြင်းနှင့်အတူ လူတို့၏ အခြေခံလိုအပ်ချက်များ တိုးတက်များပြားလာခဲ့ပေရာ သဘာဝသစ်တောကြီးများမှ ထုတ်ယူသုံးစွဲမှုမှာ တိုးတက် များပြားလာခဲ့ပေသည်။ သို့ဖြစ်ရာ သဘာဝသစ်တောကြီးများကို ထိန်းသိမ်းစီမံအုပ်ချုပ်ရုံမျှဖြင့် မလုံလောက်တော့ဘဲ သစ်တောစိုက်ခင်းများ တည်ထောင်ခြင်း၊ အထူးအရေးကြီးဒေသများ သတ်မှတ်၍ သစ်တောများပြန်လည်တည်ထောင်ခြင်းတို့ကို ၁၉၈၀ ပြည့်လွန်နှစ်များမှစ၍ အရှိန်အဟုန်ဖြင့် အလေးထား ဆောင်ရွက်လာခဲ့သည်။

၈။ သစ်တောမူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများကိုလည်း ခေတ်စနစ်နှင့်အညီ ပြောင်းလဲကျင့်သုံးလာခဲ့ကြောင်း တွေ့ရပေသည်။ ၁၈၅၀ ပြည့်လွန်နှစ်များမှစ၍ မြန်မာနိုင်ငံသစ်တောများကို စနစ်တကျ စီမံအုပ်ချုပ်ခဲ့သော်လည်း နိုင်ငံတော်သစ်တောမူဝါဒတစ်ရပ်အနေဖြင့် သတ်သတ်မှတ်မှတ် မရှိခဲ့ပေ။ ၁၉၉၂ ခုနှစ် ဘရာဇီးနိုင်ငံ၊ ရီယိုဒီဂျနေယိုမြို့ (Rio de Janeiro) တွင်ကျင်းပခဲ့သည့် ကမ္ဘာမြေထိပ်သီးညီလာခံပြီးနောက် ထာဝစဉ်ဖွံ့ဖြိုးတိုးတက်ရေး (Sustainable Development) အယူအဆများ ထွန်းကားလာသည်။ သဘာဝဝန်းကျင်ထိန်းသိမ်းရေး၊ ဇီဝမျိုးစုံမျိုးကွဲနှင့် ယင်းတို့၏ ဂေဟစနစ် (Ecosystem) ထိန်းသိမ်းကာကွယ်ရေးတို့၏ အရေးပါမှုတို့ကို နိုင်ငံတကာတွင် ပိုမိုအလေးထား အသိအမှတ်ပြုလာခဲ့သည်။ သို့ဖြစ်၍ ပြောင်းလဲလာသော ခေတ်စနစ်နှင့်အညီ မြန်မာနိုင်ငံသစ်တောများကို စီမံအုပ်ချုပ်နိုင်ရန်အတွက် ၁၉၉၂ ခုနှစ်တွင် သစ်တောဥပဒေကိုလည်းကောင်း၊ ၁၉၉၄ ခုနှစ်တွင် တောရိုင်းတိရစ္ဆာန်၊ သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေကို လည်းကောင်း၊ ၁၉၉၅ ခုနှစ်တွင် မြန်မာ့ သစ်တောမူဝါဒကို ပဓာနကျသောအချက် ၆ ချက်ဖြင့်လည်းကောင်း ရေးဆွဲပြဋ္ဌာန်းခဲ့သည်။ ပြောင်းလဲလာသောအုပ်ချုပ်ရေးစနစ်နှင့်အညီ ဖွဲ့စည်းထားသော သစ်တောခရိုင်များအလိုက် သစ်တောအုပ်ချုပ် လုပ်ကိုင်မှုစီမံကိန်း (Forest Management Plan) ၆၄ ခုကိုလည်း ၁၉၉၈ ခုနှစ်က ပြန်လည် ရေးဆွဲခဲ့သည်။

၉။ ယခုအခါ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များနှင့်အညီ သစ်တောသယံဇာတများ မပျက်စီးမပြုန်းတီးစေရေး၊ မြန်မာပြည်အလယ်ပိုင်း အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး၊ ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေး၊ သဘာဝဝန်းကျင် ထာဝစဉ်တည်မြဲဖွံ့ဖြိုးတိုးတက်ရေး စသည်တို့ကို စီမံချက်ချမှတ် အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပေသည်။ သစ်တောရေးရာဝန်ကြီးဌာနအနေဖြင့်လည်း နိုင်ငံတော်၏ အဖိုးတန်သစ်တော သယံဇာတများကို ထာဝစဉ်တည်မြဲပြီး ဖွံ့ဖြိုးတိုးတက်စေရန် အမျိုးသား သစ်တော အုပ်ချုပ်လုပ်ကိုင်မှု ပင်မစီမံကိန်းကို ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်လာသည်ကို မျက်မှောက်ကာလ ဆောင်ရွက်ချက်များတွင် အထင်အရှား တွေ့ရှိရမည် ဖြစ်သည်။

၁၀။ သို့ဖြစ်ရာ မြန်မာ့သစ်တောကြီးများအား ထာဝစဉ်တည်တံ့စေရေးအတွက် သစ်တောရေးရာဝန်ကြီးဌာနအောက်ရှိ လုပ်ငန်း/ဌာန အသီးသီးကလည်း ကျရာကဏ္ဍများမှ ကြိုးပမ်းဆောင်ရွက်လျက် ရှိ

သည်ကို ခေတ်အလိုက် ခွဲခြားတင်ပြ မှတ်တမ်းပြုစုရာတွင် အဓိကအားဖြင့် သစ်တောဖုံးလွှမ်းမှုအခြေအနေများ၊ သစ်တောစီမံအုပ်ချုပ်မှု၊ အဖွဲ့အစည်းဆိုင်ရာ တိုးတက်ပြောင်းလဲမှု၊ သစ်တောမူဝါဒ၊ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ တိုးတက် ပြောင်းလဲလာမှုများအပြင် ခေတ်အဆက်ဆက် ဆောင်ရွက်ခဲ့သော သစ်တောပြုစုထိန်းသိမ်းရေးလုပ်ငန်းများ၊ သစ်တောထွက်ပစ္စည်းများထုတ်လုပ်အသုံးချခြင်းများ၊ သမိုင်းဝင်ထူးခြားထင်ရှားသည့် ဖြစ်ရပ်များကို ရေးသားတင်ပြထားသည်။

၁၁။ ထို့အပြင် သစ်တောအဖွဲ့အစည်းဆိုင်ရာ ကဏ္ဍအနေဖြင့်လည်း သစ်တောပညာသင်ကြားရေးနှင့် ပတ်သက်သည့် အကြောင်းအရာများ၊ သစ်တောသုတေသနဌာန စီမံကိန်းများ၊ စီမံကိန်းနှင့်စာရင်းအင်းဦးစီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအမျိုးသားကော်မရှင်၊ တိရစ္ဆာန်နှင့် ပန်းဥယျာဉ်စသည်တို့နှင့် ပတ်သက်သည့် အကြောင်းအချက်အလက်များကိုလည်း လက်လှမ်းမှီသမျှ ရေးသားမှတ်တမ်းတင်လိုက်ရပေသည်။

အခန်း (၁)
ရှေးမြန်မာမင်းများခေတ်
(၁၇၅၂–၁၈၈၅)

ရှေးခေတ်မြန်မာ့သစ်တောသယံဇာတ

၁၂။ မြန်မာ့သစ်တောများသည် မြန်မာနိုင်ငံ၏ ပဓာနကျသော စီးပွားရေး ပင်မမဏ္ဍိုင်ကြီးတစ်ခု အဖြစ် ပေါ်လွင်ထင်ရှားသည်။ လွန်ခဲ့သောနှစ် ၁၅၀ ခန့်ကစ၍ နိုင်ငံစီးပွားရေးတွင် မြန်မာ့ သစ်တောကဏ္ဍသည် တစ်စတစ်စ ထင်ရှားလာသည်မှန်သော်လည်း သစ်တောသယံဇာတမှာ မြန်မာ့ရေ၊ မြေ၊ ပတ်ဝန်းကျင်တွင် အလွန်ရှည်လျားလှသော ရာစုနှစ်များ ကာလကပင် သဘာဝအလျောက် ဖြစ်တည်ခဲ့ခြင်းဖြစ်ပြီး မြန်မာနိုင်ငံ၏ မွေးရာပါ သဘာဝအမွေအနှစ်ပင်ဖြစ်သည်။ ပထမမြန်မာနိုင်ငံတော် တည်ထောင်ခဲ့သည့် ၁၁ ရာစု ပုဂံခေတ်မှသည် တတိယမြန်မာနိုင်ငံတော် တည်ထောင်သည့် ၁၈ ရာစု ကုန်းဘောင်ခေတ်တိုင် အောင် မြန်မာနိုင်ငံသားတို့သည် မြန်မာ့သစ်တောများမှ ဓနအင်အား ထုတ်လုပ်၍ နိုင်ငံ၏စီးပွားရေးကို တည်ဆောက် နိုင်ခဲ့ခြင်း မရှိကြသေးချေ။ သစ်တောသယံဇာတများကို စီးပွားဖြစ်ထုတ်လုပ်နိုင်ခဲ့ခြင်း မရှိဘဲသာမန်နေ့စဉ်သုံး လိုအပ်ချက်အတွက်သာ သစ်တောထွက်ပစ္စည်းများကို ထုတ်လုပ်သုံးစွဲခဲ့ကြသည်။

၁၃။ မြန်မာ့သစ်တောများမှ သစ်မျိုးစုံနှင့် သစ်မဟုတ်သော အခြားသစ်တောထွက် ပစ္စည်း တို့လည်း ထွက်ရှိရာ ၄င်းပစ္စည်းများကို ပြည်တွင်းပြည်ပဈေးကွက်များရှိရာသို့ ထုတ်လုပ်၊ ပို့ဆောင်၊ ရောင်းဝယ် ဖောက်ကားလာသည့် ၁၉ ရာစုမှစ၍ မြန်မာ့သစ်တောများသည် နိုင်ငံစီးပွားရေး၏ အချက်အချာနေရာသို့ ရောက်ရှိလာခဲ့သည်။ ဤတွင်ကမ္ဘာ့ဈေးကွက်သို့ ပထမဆုံးရောက်ရှိသည့် ကုန်ပစ္စည်းမှာကျွန်းသစ်ဖြစ်သည်။ ကျွန်းသစ်၏ ပင်ကိုယ်အသုံးဝင်မှုနှင့် ထူးခြားသည့် အရည် အသွေးများသည် ထိုခေတ်၊ ထိုကာလက နယ်ပယ်ချဲ့ထွင်ရေးအတွက် မဖြစ်မနေလိုအပ်သော ပင်လယ်ကူးသင်္ဘောများ တည်ဆောက် ရေး လုပ်ငန်းအတွက် အလွန်ပင် အဲဝင်ခွင်ကျကိုက်ညီလျက်ရှိရာ နိုင်ငံခြားသစ်ကုန်သည်များ လာရောက် ကူးသန်းရောင်းဝယ်ကြပြီး ကမ္ဘာ့ဈေးကွက်သို့ ရောက်ရှိသွားရာမှ အစပြု၍ မြန်မာ့ ကျွန်းသစ်နှင့်အတူ အခြားသစ်မျိုးများကိုပါ စီးပွားဖြစ်ထုတ်လုပ် ရောင်းဝယ်သည့် သစ်ထုတ်ခြင်းလုပ်ငန်း ပေါ်ပေါက်လာ ခဲ့ရပေသည်။ ''ထူးထွေများပြားသော သယံဇာတအရင်းအမြစ်တို့တည်ရာ ပြည်မြန်မာသည် 'အပင်သယံဇာတ' သီးသန့်ကြွယ်ဝပါသည်။ အသားသစ်မျိုး ၅၀ ကျော် ရှိသည်။ ရွေးယခင်ကမူ ပြည်တွင်း တွင် စီးပွားဖြစ် ကူးသန်း ရောင်းဝယ်ရေး အတွက် စိတ်ဝင်စားမှု အလွန်နည်းပါးခဲ့သည်။ ခရစ်နှစ် ၁၆ ရာစုနှစ် မတိုင်မီ ကာလတွင် ဘာသာရေး၊ ထီးသုံးနန်းသုံး၊ လူနေအိမ်၊ သွားလာရေး လှေ၊ လှည်းနှင့်လယ်ယာ ကျေးလက်သုံး သစ်ကုန်ချောများသာ ပြုလုပ်ရောင်းချ ခဲ့ကြသည်။'' အောက်ဖော်ပြပါပုံများဖြင့် ဖော်ပြအပ် ပါသည်။[၁]

---

[၁] PICTURESQUE BURMA. Past & Present Mrs. Ernest Hart, 1897, Illustrations



သီဟာသနပလ္လင်



နန်းတွင်းဆောင်များ



မန္တလေးရွှေကျောင်းတော်ကြီး



ပြဿဒ်စနေဘောဂနှင့်ရွှေကျောင်းတော်ကြီး



ရှေးဘုရင်များစံနန်းတော်




သစ်သားပန်းပုရုပ်ထုများနှင့် ပန်းပုပညာရှင်များ



လှည်းယာဉ်



မြစ်ကြောင်းသုံးလှေ



၁၈၆၈ ခုနှစ်က ထုတ်လုပ်သော ကျွန်းသားပန်းပုလက်ရာ
(ပခုက္ကူမြို့နယ်၊ ပခန်းကြီးကျေးရွာ)

၁၄။ ကျွန်းသစ်ထွက်ရှိသည့် နိုင်ငံအနည်းငယ်တွင်ပါဝင်သော အိန္ဒိယနှင့်ထိုင်းနိုင်ငံတို့ထက် မြန်မာ့ကျွန်းသစ်သည် အရေအတွက်သာမက အရည်အသွေးပါ ပိုမိုသာလွန်ကောင်းမွန်သဖြင့် ကမ္ဘာ့ ကျွန်းသစ်ဈေးကွက်တွင် အထူးပင် မျက်နှာပန်းလှပြီး ဈေးကွက်ကို လွှမ်းမိုးထားနိုင်ကာ ယနေ့တိုင်အောင် ရောင်းသူဈေးကွက် (Sellers' Market) အဖြစ် တည်ရှိနေဆဲဖြစ်သည်။ ကိုလိုနီခေတ်တွင် နိုင်ငံခြား ကုမ္ပဏီကြီး ၅ ခု မှ နှစ်စဉ် ကျွန်းသစ်လုံး တန် ၃.၅ သိန်းခန့်ထုတ်လုပ်ခဲ့ခြင်းနှင့် အတူ မြန်မာပြည်၏ ကျွန်းသစ်ထုတ်လုပ်ခြင်း လုပ်ငန်းသည် တိုင်းပြည်ဝင်ငွေကိုလည်း သိသိသာသာ တိုးတက် ရရှိစေခဲ့သည့် စီးပွားရေးလုပ်ငန်းကြီးအဖြစ် အထူးထင်ရှားလာခဲ့သည်။ ၁၉၄၈ ခုနှစ်၊ နိုင်ငံလွတ်လပ်ရေးရ ပြီးနောက် ကျွန်းသစ်လုပ်ငန်းသည် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းအဖြစ် ရောက်ရှိလာကာ မြန်မာ့သစ်လုပ်ငန်းက ဆက်လက်တာဝန်ယူ လုပ်ကိုင် လာခဲ့ပြီး နိုင်ငံ၏စီးပွားရေးတွင် အဓိကကျသော အခန်းကဏ္ဍမှအရှိန်အဟုန်မပျက် ပါဝင်ထောက်ကူ ပေးခဲ့သည်။

တိုင်းတစ်ပါး သစ်ကုန်သွယ်မှု[၂]

၁၅။ ရှေးနှစ်ပေါင်းများစွာကပင် အိန္ဒိယမှကျွန်းသစ်ကို ပါရှင်းပင်လယ်နှင့် ပင်လယ်နီဆိပ်ကမ်းများသို့ တင်ပို့ခဲ့ကြသည်။ ခရစ်မတိုင်မီ နှစ်ပေါင်းခြောက်ရာခန့်ကပင် ဘေဘီလုံနိုင်ငံ (ယခု အီရတ်နိုင်ငံ) ဘုရင် နဗျူးခက်နက်ဇာ (Nebuchadnezzar)သည် ကျွန်းသစ်ကို အသုံးပြုခဲ့သည်။[၃] ခရစ်နှစ် ခြောက်ရာခန့်တွင်မက်ဆိုပိုတေးမီးရားနိုင်ငံ (Mesopotamia) နန်းတော်တစ်ဆောင်ကို ကျွန်းသစ်ဖြင့် တည်ဆောက်ထားပုံကိုတွေ့ရှိရသည်။ ခရစ်နှစ် ၈ ရာစု မှ ၁၇ ရာစု အထိ မြန်မာ့ ကျွန်းသစ်ဖြင့် တည်ဆောက်ထားသော ရွက်လှေများဖြင့် အာရပ်ကုန်သည်တို့က ပင်လယ်ရပ်ခြား ကုန်ကူးသန်းခဲ့ကြသည်။[၄]

၁၆။ အင်္ဂလိပ်၊ ပြင်သစ်၊ ဒတ်(ချ်)၊ ပေါ်တူဂီနှင့် စပိန်တို့သည် အာရပ်ကုန်သည်များမှတစ်ဆင့် အိန္ဒိယတိုက်ငယ်မှ ထွက်ရှိသော ကျွန်းသစ်များကိုဝယ်ယူ၍ သင်္ဘောများ တည်ဆောက်ခဲ့ကြသည်။ ၁၈ ရာစု အစပိုင်းတွင် အာရပ်ကုန်သည်များသည် မြန်မာပြည်တောင်ဘက်စွန်း၊ တနင်္သာရီကမ်းရိုးတန်းတွင် သင်္ဘောတည်ဆောက်ခြင်းလုပ်ငန်းများ လုပ်ကိုင်လာခဲ့ကြသည့်အတွက် ကူးသန်းရောင်းဝယ်မှု လုပ်ငန်းများ တွင်ကျယ်ခဲ့သည်။ အင်္ဂလိပ်၊ ပြင်သစ်နှင့် ပေါ်တူဂီပိုင် ပယ်လယ်ကူး သင်္ဘောများသည် မြိတ်နှင့်ဒဂုံ ဆိပ်ကမ်းများကို ဝင်ထွက်၍ သင်္ဘောများ တည်ဆောက်ခြင်း၊ ပြင်ဆင်ခြင်းတို့ကြောင့် ကုန်သွယ်ခြင်း လုပ်ငန်းများ ထွန်းကားလာကြောင်း မှတ်တမ်းများတွင်တွေ့ရှိရသည်။ စင်စစ်အားဖြင့် ရှေးယခင်က အာရပ် လှေသူကြီးများနောက်ပိုင်းတွင် ပေါ်တူဂီ၊ စပိန်၊ ဒတ်(ချ်)၊ ဗြိတိသျှ ကုန်သည်များသည် အရှေ့အိန္ဒိယ ကျွန်းစုများသို့ ရွက်တိုက်ကြသည့်အခါလှိုင်းလေကြီးမားမှုကြောင့် လှေကြီးများကျိုးပဲ့ပျက်စီးလျှင် တနင်္သာရီကမ်းရိုးတန်းသို့ တစ်ခါတစ်ရံဝင်၍ ပြင်ဆင်ကြကြောင်း သမိုင်းအထောက် အထား များလည်းရှိသည်။

---

[၂] သစ်တောရေးရာဝန်ကြီးဌာန သိကောင်းစရာအချက်များပို့ချချက် (၂၀၀၄) မှကောက်နှုတ်ဖော်ပြသည်။

[၃] PICTURESQUE BURMA. Past & Present Mrs. Ernest Hart, 1897, Illustrations.

[၄] The Forest of Burma F.T.Morehead. 1944. Pg.16

၁၇။ ၁၈၀၀ ပြည့်နှစ်မတိုင်မီက သင်္ဘောတည်ဆောက်ခြင်းလုပ်ငန်းများကို သန်လျင်၊ ရန်ကုန်နှင့် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသများတွင် ဆောင်ရွက်ခဲ့သည်။ ၁၇ ရာစုအတွင်း က မြစ်ဝကျွန်းပေါ်ဒေသတွင် မြန်မာ့နည်းမြန်မာ့ဟန်ဖြင့် သင်္ဘောများတည်ဆောက်ခဲ့ပြီး ၁၈ ရာစု ရောက်သောအခါ သန်လျင်နှင့် ရန်ကုန်တွင် ပြင်သစ်၊ ဒြိတိသျှ၊ အာမေနီယံ သင်္ဘောကျင်းပညာရှင်များဦးဆောင်မှုဖြင့် ဥရောပပုံစံ သင်္ဘောများတည်ဆောက်ခဲ့သည်။ ၁၇၉၅ ခုနှစ်တွင် ဘိုးတော်ဘုရားလက်ထက် အင်းဝ နန်းတော်သို့ သံတမန်အဖြစ် သွားရောက်ခဲ့သူ ဗြိတိသျှလူမျိုး ကပ္ပတိန်ဆိုင်း (Captain Michael Symes) ၏ မှတ်တမ်းတွင် ရန်ကုန်ဆိပ်ကမ်း၌ တန်ချိန် ၈၀၀ မှ ၁,၀၀၀ ခန့်ရှိသော သင်္ဘောအချို့ကို တည်ဆောက်လျက်ရှိကြောင်း တွေ့မြင်ခဲ့သည်ဟု ဖော်ပြထားသည်။ သန်လျင်ဆိပ်ကမ်းသည် ဟံသာဝတီ(ပဲခူး) မင်းနေပြည်၏ သင်္ဘောဆိပ်ဖြစ်ရာ ၁၈ ရာစုတွင် သင်္ဘောများတည်ဆောက်ရန်အတွက် ပဲခူးရိုးမမှ ကျွန်းသစ်လုံးများကို ပဲခူးမြစ်အား အသုံးပြုပြီး သန်လျင်နှင့် ရန်ကုန်သို့ မျှောထုတ် သယ်ဆောင် ခဲ့ကြသည်။

၁၈။ မြန်မာ့သစ်တောများသည် ကာလကြာမြင့်စွာကပင် တည်ရှိခဲ့သော်လည်း မြန်မာပြည် စတင်စုစည်းတည်ထောင်သည့် ၁၁ ရာစု ပုဂံခေတ်မှသည် ၁၈ ရာစု ကုန်းဘောင် ခေတ်လယ်ခန့် အထိ တိုင်းပြည်၏ စီးပွားရေးတွင် အရေးပါခြင်း မရှိခဲ့ပေ။ ထိုခေတ်ကာလ၏အခြေအနေ အရ မြို့နေပြည်သူများ၏ နေရေးထိုင်ရာအဆောက်အအုံများနှင့် နန်းတော်များ ဆောက်လုပ်ရာတွင် သစ်ကိုအနည်းအကျဉ်း မျှသာထုတ်လုပ် သုံးစွဲခဲ့ပြီး စီးပွားဖြစ်သစ်ထုတ်ခြင်းအခြေအနေမျိုးအထိ မရောက်ရှိခဲ့ပေ။ မြန်မာနိုင်ငံသည် သံသတ္တု ဖောဖောသီသီ ထွက်ရှိသည့် နိုင်ငံမျိုးမဟုတ်သဖြင့် ထိုခေတ်က သစ်ထုတ်ရာတွင် အသုံးပြုသည့် လက်နက်ကိရိယာများမှာ ပုဆိန်၊ ခွန်၊ ဓားမကြီးများသာဖြစ်ပြီး မြန်မာ့ပန်းပဲပညာအနေဖြင့်လည်း သစ်ခုတ်လှဲရန် နှစ်ယောက်ကိုင်လွှကို လည်းကောင်း၊ သစ်ပျဉ်ခွစိတ်ရန် လွှကြီးများကိုလည်းကောင်း လုပ်ကိုင်နိုင်စွမ်း မရှိခဲ့သေးချေ။

၁၉။ ပင်လယ်ရပ်ခြားဒေသများနှင့် မြန်မာနိုင်ငံ ဆက်သွယ်ရာ တံခါးပေါက်မှာ ထိုခေတ် အခြေအနေအရ သန်လျင်ဆိပ်ကမ်းနှင့် မုတ္တမဆိပ်ကမ်းတို့ဖြစ်သည်။ ဟံသာဝတီခေတ်၊ ၁၆ ရာစု တွင် နိုင်ငံရပ်ခြားမှ ကုန်သွယ် ရောင်းဝယ်လိုသူများသည် ယင်းပင်လယ်ဆိပ်ကမ်းမြို့များသို့ မြေစမ်း ခရမ်းပျိုး အခြေချလုပ်ကိုင်လာကြ သည်။ သို့ရာတွင် ကြီးကြီးမားမား ရင်းနှီးမြှုပ်နှံမှုမရှိခဲ့ဘဲ အချိန်ကာလအားဖြင့်လည်း များစွာကြာမြင့်ခဲ့ခြင်း မရှိပေ။ မွန်ဘုရင် ဝါရီရူမင်းဆက်ဖြစ်သော ဟံသာဝတီမင်း ဗညားရံလက်ထက်၊ ၁၅၁၉ ခုနှစ်တွင် မုတ္တမ၌ ပေါ်တူဂီ ကုန်သွယ်ရေးစခန်း တစ်ခုကို ဖွင့်လှစ်ခွင့်ပြုခဲ့သည်။ ယင်းကုန်သွယ်ရေးစခန်း သည် ၁၅၃၉ ခုနှစ် ဘုရင့်နောင်မင်းတရား ဟံသာဝတီကို သိမ်းပိုက်ပြီး ဝါရီရူမင်းဆက် အဆုံးသတ်သွားခြင်းနှင့်အတူ ရပ်ဆိုင်းသွားခဲ့သည်။ အင်းဝဘုရင် သာလွန်မင်းတရား လက်ထက်၊ ၁၆၃၅ ခုနှစ်တွင် သန်လျင်မြို့၌ ဖွင့်လှစ် ခွင့်ပြုခဲ့သည့် ဒတ်ချ်ကုန်သွယ်ရေး အလုပ်ရုံသည်လည်း ၁၆၇၉ ခုနှစ်တွင် ရပ်ဆိုင်းသွားခဲ့သည်။ ၁၆၄၇ ခုနှစ်တွင် သန်လျင်၌ဖွင့်လှစ်ခဲ့သည့် အင်္ဂလိပ်ကုန်သွယ်ရေး အလုပ်ရုံ တစ်ခုသည်

လည်း ဒတ်ချ်တို့နှင့် ယှဉ်ပြိုင်လုပ်ကိုင်ခဲ့ပြီး အဆင်မပြေ၍ ၁၆၅၇ ခုနှစ်တွင် ရုပ်သိမ်းသွားခဲ့သည်။ ယင်း အလုပ်ရုံမှာ မြန်မာနိုင်ငံတွင်တည်ထောင်သည့် အင်္ဂလိပ်တို့၏ ပထမဦးဆုံးအလုပ်ရုံ ဖြစ်သည်။

၂၀။ ၁၆၈၀ ခုနှစ်တစ်ဝိုက်တွင် သန်လျင်မြို့၌ အင်္ဂလိပ်တို့က သင်္ဘောကျင်းတစ်ခုကို တည်ထောင်၍ ပင်လယ်ကူး ရွက်သင်္ဘောတည်ဆောက်ခြင်းနှင့် ပင်လယ်ကူး သင်္ဘောကျင်းလုပ်ငန်းကို ၁၇၄၃ ခုနှစ်အထိ လုပ်ကိုင်ခဲ့ပြီး မွန်ဒေသတွင် ဖြစ်ပွားခဲ့သည့် မငြိမ်မသက်ကာလ၌ ပျက်စီးရပ်ဆိုင်းသွားခဲ့သည်။ အလားတူ ပြင်သစ်တို့ကလည်း သန်လျင်မြို့တွင် သင်္ဘောကျင်းတစ်ခုကို ၁၇၂၉ ခုနှစ်တွင် တည်ထောင်၍ အဆင့်အတန်းမြင့်သော ပင်လယ်ကူး ရွက်သင်္ဘောများကို ကျွန်းသစ်ဖြင့် တည်ဆောက်ခဲ့ကြသည်။ ယင်းလုပ်ငန်းသည်လည်း မွန်ဒေသမငြိမ်မသက်မှုဖြစ်ပေါ် သည့် ၁၇၄၀ ခုနှစ်တွင် ရပ်ဆိုင်းသွားသည်။

၂၁။ ထိုကာလ နိုင်ငံအုပ်ချုပ်သော မြန်မာမင်းများလက်ထက်တွင် နိုင်ငံတွင်းမှ ရွှေ၊ ငွေနှင့် ကျွန်းသစ်လုံးများကို နိုင်ငံရပ်ခြားသို့ တင်ပို့ခြင်းကို ပိတ်ပင်ခဲ့သော်လည်း ကျွန်းသစ်ဖြင့် သင်္ဘောတည်ဆောက်ခြင်းလုပ်ငန်းကိုမူ ခွင့်ပြုခဲ့ကြသည်။ ရွက်သင်္ဘောတည်ဆောက်ရာတွင် လိုအပ်သော သင်္ဘောရွက် ပြုလုပ်သည့် ပတ္တူကင်းဘတ်စ များ၊ ရွက်ကြိုးခွေများ၊ သင်္ဘောစပ်ရာတွင်လိုအပ်သည့် သံထည်ပစ္စည်းများကို အကောက်အခွန်လွတ် တင်သွင်းခွင့်ပြုခြင်း၊ တည်ဆောက်ပြီး သင်္ဘောများကိုလည်း သယ်ဆောင်ခွင့် ပြုခြင်းတို့ဖြင့် သန်လျင်မြို့သင်္ဘောတည်ဆောက်ခြင်းလုပ်ငန်းကို အားပေးခြင်းခံရသည်။ မြန်မာအလုပ်သမားများအနေဖြင့် သင်္ဘော တည်ဆောက်ရာတွင် လက်ရာမြောက်သည်ဟု ချီးမွမ်းခြင်းခံရသော်လည်း သင်္ဘောတည်ဆောက်သည့်ဦးစီးဦးဆောင် အင်ဂျင်နီယာများမှာမူ နိုင်ငံခြားသားများဖြစ်သည်။ မြန်မာများအနေနှင့် ပြည်တွင်းသွားရွက်လှေကြီးများကို ကျွမ်းကျင်စွာ တည်ဆောက်နိုင်ခဲ့ကြသည်။ သန်လျင်ဆိပ်ကမ်းတွင် သင်္ဘောတည်ဆောက်ရာ၌ ကျွန်းသစ်၏ အသုံးဝင်မှုကို သိရှိခဲ့ကြသော်လည်း မြန်မာတို့အနေဖြင့်များစွာ အလေးထားဂရုမူခြင်း မရှိခဲ့ ကြသေးပေ။

ကျွန်းသစ်၏အရေးပါမှုနှင့် ကျွန်းသစ်လုပ်ငန်း တိုးတက်ပြောင်းလဲလာမှု[၅]

၂၂။ ကျွန်းပင်များသည် ပင်လယ်ရေမျက်နှာပြင် အထက်ပေ ၃,၀၀၀ အောက်တွင်သာ သဘာဝအလျောက် ကောင်းစွာပေါက်ရောက်သည်။ သဘာဝကျွန်းတောများသည် အနောက်ဘက်တွင် အိန္ဒိယနိုင်ငံ၊ ဘုံဘေ မှစ၍ မြောက်ဘက်သို့ ဟိမဝန္တာတောင်ခြေ၊ တောင်ဘက်သို့ အိန္ဒိယကျွန်းဆွယ်အဆုံးရှိ တြာဗန်ကို ပြည်နယ်၊ အရှေ့ဘက်သို့ မြန်မာ၊ ထိုင်းနှင့်ကမ္ဘောဒီးယားနိုင်ငံ နယ်စပ်အထိ အနှံ့အပြားပေါက်ရောက် သည်။ ကျွန်းပင်ပေါက် ရောက်မှုအကောင်းဆုံးတောတွင် အမြင့်ပေ ၁၆၀၊ ရင်စို့လုံးပတ် (ရင်စို့လုံးပတ် – မြေပြင်မှ ၄ ပေ ၆ လက်မ အမြင့်တွင် ရှိသည့် လုံးပတ်) ၁၀ ပေရှိ ကျွန်းပင်အများအပြားပေါက်ရောက်သည်။ မြန်မာနိုင်ငံတွင် ပဲခူးရိုးမဒေသသည် ကျွန်းပေါက်ရောက်မှု အကောင်းဆုံးဒေသအဖြစ် ကမ္ဘာတွင် ထင်ရှားသည်။

---

[၅] သစ်တောရေးရာဝန်ကြီးဌာန သိကောင်းစရာအချက်များပို့ချချက် (၂၀၀၄) မှကောက်နှုတ်ဖော်ပြသည်။

၂၃။ ကျွန်းသစ်သည် မှိုမတက်၊ ခြမစား၊ ရေနှင့်ထိနေသည်ဖြစ်စေ၊ ရေစိမ်ထားသည်ဖြစ်စေ ဆွေးမြေ့ပျက်စီးခြင်းမရှိ၊အထူးခိုင်ခဲ့လှ၏။အသုံးပြုရာတွင် လေးလံသည့်ဝန်ကိုထမ်းထားနိုင်ပြီး တောင့်တင်းကြံ့ခိုင်လျက် ပုံတည်မြဲစွာရှိ၍ ကျုံ့ခြင်း၊ ကြွခြင်း မရှိ၊ ရာသီဥတုဒဏ်ခံနိုင်သည့်အတွက် နှစ်ဘာရှည်စွာ စိတ်ချလက်ချ အသုံးပြုနိုင်သည်။ ရှေးကသင်္ဘောများကို ကျွန်းသစ်ဖြင့်အဓိကထား တည်ဆောက်ခဲ့ကြသည်။ ယခုအချိန်အထိ သင်္ဘောကုန်းပတ်များအဖြစ် အသုံးပြုရန် အကောင်းဆုံးသစ်မျိုးဖြစ်သည်။

၂၄။ ဥရောပတိုက်သားတို့သည် ၁၈ ရာစုနှင့် ၁၉ ရာစုနှစ်များက အာရှ၊ အာဖရိကနှင့် မြောက်အမေရိက တိုက်တို့တွင် အပြိုင်အဆိုင်နယ်ချဲ့ခဲ့ကြသည်။ သို့ဖြစ်၍ စစ်သည်၊ ခဲယမ်းမီးကျောက်၊ လက်နက်အမြောက်အများကို သယ်ယူပို့ဆောင်ရန် ပင်လယ်ကူးသင်္ဘောများ အကြီးအကျယ် တည်ဆောက်ခဲ့ကြရာ ၁၈၀၀ ပြည့်လွန်နှစ်များတွင် ဥရောပတိုက်ရှိ ဝက်သစ်ချသစ်တောများ ပြုန်းတီးခဲ့ရာမှ သင်္ဘောတည်ဆောက်ရေး လုပ်ငန်းများတွင် ကျွန်းသစ်ကို အားထားလာခဲ့သည်။

ကျွန်းသစ်အား 'တော်သစ်' (Royal Tree) သတ်မှတ်ခြင်း[6]

၂၅။ ကျွန်းသစ်တန်ဖိုး၏ အလားအလာကောင်းမှုကို ပထမဆုံးသတိပြုမိသူမှာ ကုန်းဘောင် မင်းဆက် စတင်တည်ထောင်သူ အလောင်းမင်းတရား (၁၇၅၂–၁၇၆၀) ဖြစ်သည်။ ၁၇၅၂ ခုနှစ်တွင် အလောင်းမင်းတရားသည် ကျွန်းသစ်ကို ဘုရင်ပိုင် 'တော်သစ်' အဖြစ်ကြေညာလျက် နိုင်ငံအတွင်း မည်သည့်နေရာဒေသတွင်မဆို ပေါက်ရောက်သည့် ကျွန်းသစ်ကို ဘုရင်၏ခွင့်ပြုချက်အမိန့်မရရှိဘဲ ခုတ်လှဲသုံးစွဲခြင်းကို တားမြစ်သည့်အမိန့်ကို နိုင်ငံအဝန်း ထုတ်ပြန်ကြေညာခဲ့သည်။ သစ်တောစီမံအုပ်ချုပ်ရေးသမိုင်းတွင် ခွင့်ပြုချက် တစ်စုံတစ်ရာမရှိပဲ အသုံးပြုခွင့်မရှိသော သစ်အဖြစ် ကြေညာသည့် ပထမဆုံးသစ်မျိုး ဖြစ်သည်။ ထိုအမိန့်သည် ကုန်းဘောင်မင်းဆက် ပြတ်သည့် ၁၈၈၅ ခုနှစ်၊ သီပေါမင်းလက်ထက်တိုင် တည်မြဲခဲ့ပြီး သစ်တောများမှ ထုတ်လုပ်သော ကျွန်းသစ်များအပေါ် တွင် မြန်မာမင်းပိုင် 'တော်' တံဆိပ် ရိုက်မှတ်ခဲ့ကြသည်။

၂၆။ ၁၉၅၉–၆၀ ခုနှစ်က ပျဉ်းမနားသစ်တောခရိုင်၊ ရုံးပင်ချောင်းနှင့် မင်းပြင်ချောင်းဝှမ်း (ထိုစဉ်က နင်းကြမ်းသစ်တော)တွင် မြန်မာမင်းလက်ထက်က ထုတ်လုပ်ခဲ့ပြီး မြေတွင်မြှုပ်နေသည့် 'တော်'အမှတ်အသားပါ ကျွန်းသစ်လုံးကြီးများကို ရှာဖွေတွေ့ရှိခဲ့သည်။ ယင်းသစ်လုံးများကို မေမြို့ သစ်တောကျောင်း (ယခု ပြင်ဦးလွင် သစ်တောကျောင်း)၊ ထိုမှတစ်ဆင့် အင်းစိန် အနောက်ကြို့ကုန်းရှိ သစ်တောဦးစီးဌာနရုံးချုပ်ဝင်းနှင့် အလုံမြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်းရုံးချုပ်ဝင်းတို့တွင် ထိန်းသိမ်းထားပြီး သမိုင်းဝင်ပစ္စည်းအဖြစ် ပြသထားသည်။

၂၇။ အဆိုပါကျွန်းသစ်လုံးများမှာရေမျှောထုတ်လုပ်ခဲ့ရာမှချောင်းဝှမ်းတွင်နှစ်တစ်ရာခန့်နစ်မြှုပ်နေခဲ့ပြီး မှုပြန်လည်တွေ့ရှိဖော်ယူချိန်တွင်ပင် မကြာမီကခုတ်လှဲထုတ်လုပ်ထားသည့်သစ်များသဖွယ်လတ်ဆတ်လျက် ရှိနေသည်မှာ ကျွန်းသစ်၏ထူးခြားပြောင်မြောက်သော တုန့်ပြန်မှုသည့် အရည်အသွေး တစ်ရပ်ပင်

[6] သစ်တောရေးရာဝန်ကြီးဌာန သိကောင်းစရာအချက်များပို့ချချက် (၂၀၀၄) မှကောက်နှုတ်ဖော်ပြသည်။

ဖြစ်ပေသည်။ သစ်လုံးများကိုလွှဖြင့်ခုတ်လှဲ ဖြတ်တောက်ထားခြင်း မဟုတ်ဘဲ ပုဆိန်ဖြင့်ခုတ်လှဲဖြတ်တောက်ထားသည် ကို စစ်ဆေးတွေ့ရှိရရာ ထိုစဉ်က မြန်မာ နိုင်ငံတွင် သစ်လှဲ၊ သစ်ဖြတ် လုပ်ငန်းအတွက် ငါးမန်းလွှ (ခေါ်) နှစ်ယောက်ကိုင်လွှကို တွင်ကျယ်စွာ အသုံးပြုနိုင်ခြင်းမရှိသေးကြောင်း သမိုင်းခြေရာခံ၍ ရရှိခဲ့သည်။

၂၈။ ထို့အပြင် ၁၉၉၆ ခုနှစ်တွင် ရှေးဟောင်းသုတေသနဦးစီးဌာနမှ ပြန်လည်တူးဖော်ခဲ့သော ဒုတိယ မြန်မာနိုင်ငံတော် တည်ထောင်ခဲ့သော ဘုရင့်နောင်မင်းလက်ထက် ၁၅၅၃ ခုနှစ်က တည်ဆောက်ခဲ့သည့် ကမ္ဘာဇသာဒီ နန်းတော်ရာတွင် အပင်သက်တမ်း နှစ် ၁၇၀၊ ထိပ်ဝလုံးပတ် ၇–၈ ပေခန့်ရှိသော ကျွန်းတိုင် ကြီးများ၊ ဗျက် ၁၆ လက်မ၊ ထု ၅ လက်မရှိ ကျွန်းပြားကြီးများ၊ ကုဗတန် ၄၀ ခန့်ကို အကောင်းပကတိ တွေ့ရှိရသည်။ ၁၅၈၆ ခုနှစ်တွင် ဘုရင့်နောင်မင်း တရားကြီး၏ ကမ္ဘာဇသာဒီနန်းတော်ကြီးသို့ ရောက်ရှိခဲ့သူ အင်္ဂလိပ်လူမျိုး ရက်လ်ဖစ်ချ်၏ လွန်စွာအံ့သြသွားရပုံကိုလည်း မှတ်တမ်းများအရ သိရှိရသည်။ ဒုတိယ မြန်မာနိုင်ငံတော်ခေတ်မှစ၍ အင်္ဂလိပ်၊ ဒတ်ချ်နှင့်ပြင်သစ် စီးပွားရေးလုပ်ငန်းရှင်များ မြန်မာနိုင်ငံသို့ရောက်ခဲ့ကြ၏။ 'သစ်ရောင်းဝယ်ဖြန့်ချိရေးသမိုင်း' စတင်အသက်ဝင်ခဲ့သည်။ အနောက်နိုင်ငံစျေးကွက်တွင်ကုန်တင် သင်္ဘောနှင့် ရေတပ်စစ်သင်္ဘောများ တည်ဆောက်ရန်အတွက် မြန်မာ့ကျွန်းသစ် နှင့် သစ်မျိုးစုံ ရောင်းပန်းလှခဲ့၏။

၂၉။ အလောင်းမင်းတရားလက်ထက် ကျွန်းသစ်ကို ဘုရင်ပိုင် 'တော်သစ်' အဖြစ်ကြေညာလျက် ထိန်းသိမ်းခဲ့သော်လည်း ကမ္ဘာ့စျေးကွက်တွင် စီးပွားရေးလုပ်ငန်းအဖြစ် ဆယ်စုနှစ်အတန်ကြာသည့် တိုင်အောင် ဆောင်ရွက်နိုင်ခြင်း မရှိခဲ့ချေ။ အလောင်းမင်းတရားနောက် မင်းဆက်ပေါင်း ၈ ဆက်ခြားပြီး မင်းတုန်းမင်းလက်ထက်သို့ ရောက်မှသာ ကျွန်းသစ်ကို စီးပွားဖြစ်ထုတ်လုပ်နိုင်ခဲ့သည်။ ထိုကာလတွင် ပဲခူးနှင့် တနင်္သာရီဒေသပါဝင်သည့် အောက်မြန်မာပြည်သည် မြန်မာမင်းတို့၏ အုပ်စိုးမှုအောက်တွင် မရှိတော့ချေ။ မြန်မာမင်းပိုင် အထက်မြန်မာပြည် နင်းကြမ်းသစ်တော (ရမည်းသင်းသစ်တောခရိုင်)နှင့် စစ်တောင်းမြစ်ဖျားမှ ထုတ်လုပ်သော ကျွန်းသစ်များကို ဗြိတိသျှအုပ်ချုပ်မှုအောက်ရှိ တောင်ငူသစ်ဆိပ်မှ တစ်ဆင့်သာ နိုင်ငံခြား စျေးကွက်သို့ ရောင်းချခဲ့ရသည်။

ကျွန်းသင်းသတ်ခြင်း[7]

၃၀။ ကျွန်းသင်းသတ်ခြင်းဆိုသည်မှာ ထုတ်လုပ်ရန် သတ်မှတ်ထားသော ကန့်သတ်လုံးပတ် မီသည့် ကျွန်းပင်များနှင့် ပင်ကျပ်နှုတ်မည့် ကျွန်းပင်များကို မြေကြီးနှင့် အတတ်နိုင်ဆုံး နီးကပ်သောနေရာတွင် ပင်စည်၏ အကာများကို အနှစ်ပေါ်သည်အထိ ခုတ်ထွင်းခြင်းကိုခေါ်သည်။ ကုန်းဘောင်မင်းဆက်ခေတ်မှစ၍ ကျွန်းပင်များကို သင်းသတ်ပြီးမှ ရေမျှောထုတ်လုပ်စေခဲ့သည်။ ကျွန်းပင်များကို သင်းသတ်၍

[7] ဗမာ့ကျွန်း (ဦးချိန်ဟိုး) နှင့် ဗမာ့သစ်တောများ (ဦးချိန်ဟိုး)

တစ်နှစ်မှသုံးနှစ်အထိ အခြောက်ခံထားပြီး အလေးချိန်လျော့နည်း လာသည့်အခါမှသာ ခုတ်လဲထုတ်ယူခဲ့ကြသည်။ ခုတ်လဲပြီး ကျွန်းသစ်လုံးများကို ဆင်၊ ကျွဲများဖြင့် ဆွဲယူပြီး မြစ်ချောင်းများမှတစ်ဆင့် ဖောင်ဖွဲ့မျှောချခြင်း လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ခဲ့ကြ သည်။

၃၁။ မြန်မာနိုင်ငံ၏ ကျွန်းတောများကို ၁၈၅၆ ခုနှစ်မှစ၍ စနစ်တကျ ကွင်းဆင်းလေ့လာပြီး စီမံအုပ်ချုပ်မှု လုပ်ငန်းများကို အုတ်မြစ်ချပေးခဲ့သော သစ်တောပညာရှင် ဒေါက်တာဘရန်းဒစ် (Sir Dietrich Brandis) က ၁၈၆၅ ခုနှစ်၊ မတ်လ ၃ ရက်နေ့စွဲဖြင့် ကျွန်းသင်းသတ်ခြင်းလုပ်ငန်းနှင့် ပတ်သက်၍ အစီရင်ခံရာတွင် မြန်မာနိုင်ငံ၌ ကျွန်းပင်ကို သင်းသတ်ခြင်းလုပ်ငန်းမှာ အစဉ်အလာ ဓလေ့ကဲ့သို့ ဖြစ်သည်ဟု အစပျိုး၍ မြန်မာမင်းများလက်ထက်မှစ၍ သင်းသတ်ထုတ်ယူခဲ့ကြောင်း၊ နိုင်ငံခြားသို့ ကျွန်းသစ်အမြောက်အများ ထုတ်လုပ်ရောင်းချခဲ့နိုင်ပင် ယင်းသို့လုပ်ကိုင် ဆောင်ရွက်ခဲ့သည်ဟု ဖော်ပြခဲ့သည်။ သင်းသတ်ခြင်း၏ အဓိကရည်ရွယ်ချက်မှာ ခြောက်သွေ့သော ကျွန်းသစ် တစ်ကုဗပေသည် ၃၂ ပေါင် အလေးချိန်ရှိသဖြင့် ရေတွင်ပေါ်ပြီး သစ်ဆွဲရာတွင် လည်းကောင်း၊ ရေမျှော၍ ထုတ်နိုင်သဖြင့် လည်းကောင်း ကုန်းလမ်းဖြင့်သယ်ယူခြင်းထက် စရိတ်စက လွယ်ကူသက်သာကြောင်း ဖော်ပြထားသည်။

စာချုပ်ဖြင့် သစ်ထုတ်လုပ်ခွင့်ပြုခြင်း[၈]

၃၂။ မြန်မာမင်းများလက်ထက်တွင် ကျွန်းသစ်ကို စာချုပ်၊ ဝန်ခံချက်များချုပ်ဆို၍သာ ထုတ်လုပ်ခွင့်ပြုခဲ့သည်။ ထိုသို့ ထုတ်လုပ်ခွင့်ပြုခဲ့ကြောင်းကို ကျောက်စာဝန် တော်စိန်ခိုပြုစုသော လွှတ်တော်မှတ်တမ်းတွင် တွေ့ရှိရသည်။ 'စာချုပ်'၊ 'ခံဝန်ချုပ်'၊ 'ခံဝန်ချက်' ဟု ခေါင်းစဉ်များတပ်၍ ထုတ်လုပ်မည့်ဧရိယာကိုလည်း ဖော်ပြထားသည်။ ထိုစာချုပ်ထဲတွင် ခွင့်ပြုဒေသများကို ဖော်ပြထားသည်။ စိန်၊ ငွေဒင်္ဂါးများနှင့် တန်ဖိုးဖြတ်၍ အခွန်တော်များသွင်းထားသည်ကိုလည်း တွေ့ရှိရသည်။ စာချုပ်ကိုလည်း ပထမစာချုပ် နှစ်စေ့သက်တမ်း ကုန်ဆုံးပါက ဆက်လက်ဆောင်ရွက်နိုင်ရန် ဒုတိယစာချုပ်အသစ် ထပ်မံချုပ်ဆိုခြင်းဖြင့် ဆောင်ရွက်ရသည်။ ကျွန်းသစ်များကို တံဆိပ်ရိုက်နှိပ်၍ 'မျှောစာ' ဖြင့် အင်္ဂလိပ်ကိုလိုနီဖြစ်သော အောက်မြန်မာနိုင်ငံသို့ သယ်ယူရောင်းချခွင့်ပြုသည်။ သင်းသတ်ပြီး ကျွန်းပင်များကိုသာ ထုတ်ယူရသည်။ ခွင့်ပြုဒေသများအတွင်း အုပ်ချုပ်သူများက အသုံးပြုလိုလျှင် အတားအဆီးမရှိ ထုတ်လုပ်စေသည်။ ကုန်သည်၊ ဆင်းရဲသားတို့မှ မြို့အတွင်း ရောင်းချရန် သင်းသတ်ခုတ်လုပ်လိုလျှင်လည်း အခွန်အခကြေးငွေတောင်းခံခြင်းမရှိဘဲ ထုတ်ယူစေပြီး သက်ဆိုင်ရာမြို့နယ် ဆိပ်ကမ်းသို့ရောက်မှသာ ကောက်ခံမြဲ အခွန်အခများကို ကောက်ခံ စေသည်။ အိမ်၊ ကျောင်း ဆောက်လုပ်ရန် သစ်တောများမှ ခုတ်လဲ စုန်မျှောလျှင်လည်း ကန်ထရိုက်တို့မှ အခွန်တော် ဆက်သွင်းပြီးဖြစ်သည့်အတိုင်း ကောက်ခံ စုန်မျှောစေသည်။

[၈] မြန်မာမင်းများအုပ်ချုပ်ပုံစာတမ်း (ပထမတွဲမှ ပဉ္စမတွဲ)

ပဲကူးတိုင်းနှင့်၊ တနင်းသာရိမုဠ္ဂမတိုင်းသင်္ကာခုံးအာဒိက။

သစ်တောတွင်ဝဂ ရက်နေ့ကစ၍။
ဆန္ဒစာတွင်း။ဝဂ ရက်နေ့ဝိုင်ရောက်အောင်၊ သစ်များကို။ခုတ်လုပ်ဝယ်ခြင်းငှါ။ပေး
သည်ဈေးခွင့်စာ။

ငှင်သစ်တောဇီနုယ်ပါယ်အဖိုင်းအချား။

မြောက်ကိုလားသေ့။
တောင်ကိုလားသေ့။
အရှေ့ကိုလားသေ့။
အနောက်ကိုလားသေ့။
သစ်တောခုံးတော်ကထုံတ်သည်။လုပ်ကိုင်ဝိုင်သောအခွင့်လက်မှတ်စာအတွက်။ ပေးပြီး
ဖြစ်ပါသည်။

အခွင့်လက်မှတ် ပေးသည့်အချက်။

၁။ ဤအခွင့်စာအားဖြင့်။သစ်ခေါင်း ကို။
တောကကျွန်းသစ်ချောက်ဟောင်းများ။ကို ခုတ်လုပ်ထွေးပိုင်စေသည်။ ဘိုးသေသလည်း။ ၁၀၅ ခုနှစ်နှင့်
ငှင်နှစ်နောက်။သင်းသတ်ဆားသည်သစ်များကို။မချမယူရ။

၂။ ယခုပေးသောအခွင့်စာသည်။ အတွက်တာသာရသည်ဖြစ်၍။၁၀
ရက်နေ့ဝိုင်အောင်တည်ဝေသည်။ သို့သော်လည်း။ ငှင်အခွင့်လက်မှတ်စာအဝိုင်း ဖြစ်စေ။သစ်
တောဥပဒေအဝိုင်းဖြစ်စေ။တည်ကြည်အောင်မလုပ်မကိုင်လျှင်။ သစ်တောဝန်ကြီးမင်းဖြစ်စေ။
သစ်တောဝန်ထောက်တော်မင်းဖြစ်စေ။ငှင်အခွင့်လက်မှတ်စာကို။ မည်သည့်နေ့ရက်မဆို။ ပြန်၍နှုပ်သိမ်း
နိုင်သည်။ငှင်အခွင့်လက်မှတ်စာအတွက်။သစ်တောခုံးတော်သို့။ပေးပြီးငွေကိုလည်း။ပြန်၍ပေးတော်မမူ။

၃။ ခုတ်ထွင်ည်းသွဲ့ပြီးသစ်များကို။ဖောင်ဖွဲ့၍ သို့ချယူခဲ့ရမည်။ငှင်သစ်များကို။
ဝိဝိထိုထုတ်ရောင်းသို့။ဆောင်ယူသွားရန်။ အခွင့်မရခင်။ အောက်ဘွင်ပါရှိသည့်ဈေးနှုန်းအတိုင်း။ အခကာက်
တွက်ငွေကိုအပ်ပေးရမည်။

၁	အလည်လုံးပတ်၃တောင်အထက်။သစ်တလုံလျှင်။	ငွေ
၂	အလည်လုံးပတ်၃တောင်အောက်။သစ်တလုံလျှစ်။	ငွေ
၃	လုံးပတ်၂ပေအောက်။သစ်ထောင်ချုံးသျှင်။	ငွေ
၄	ငှင်အရှေ့ဘ၂ပေအောက်။သစ်တလုံးသျှင်။	ငွေ

၄။ ငှင်သစ်များအတွက်။ အကောက်တော်ငွေကို။ တွင်။ပြုလည်
အောင်ဆပ်ပေးရမည်။ငှင်နောက်။သစ်တောခုံးတော်က။ရောင်းပြီးတံဆိတ်နှင့်။၁၀
ရက်နေ့က။၀၀ ရက်နေ့အတွင်း။ဂျိုက်ဝေးဝေလိမ့်မည်။ဝိဝိရသည်။
ငှင်တော။အခွင့်လက်မှတ်စာကိုလည်း။ ငှင်အခါတွင်၁သစ်တောခုံးတော်သို့။ အပ်ဝေးရမည်။ ငှင်နောက်အ
ဖိုးမပေးဘဲ။ ထံဆိတ်မဂျိုက်ဘဲ။မည်သည့်နေရာကသစ်မဆို။ သစ်ခေါင်းက။ဆိုင်ဝိုင်ကြောင်း။မတောင်း
မခံနိုင်။ငှင်ပြင် က။အကောက်တော်မခံဘဲ။တံဆိတ်မဂျိုက်ဘဲ။ဖြောသည်သစ်များ
မှာ။သစ်ခေါင်း နှင့်ဆိုင်။သစ်တောခုံးတော်က။ဆိုင်ဝိုင်တော်မူသည်။

၅။ ကျွန်းသစ်ပင်စိန်းများကို။ မမှတ်ရ။မသင်းရ။ မလှည့်ရ။ငှင်ပြင်။ကျွန်းပင်ကလေးများကိုလည်း။
မဖျက်မဆီးရ။ ဝိဝိဌါးသည်လူကူလိုဖြစ်စေ။ကဲ့။ ခွေး။ဆင်များအားဖြင့်ဖြစ်စေ။ ငှင်ကျွန်းပင်ကြီးငယ်များ
ကို။ဖျက်ဆီးခဲ့လျှင်။သစ်ခေါင်း ကိုယ်ဝိုင်ဒါန်ရောက်လိမ့်မည်။

၆။ သစ်တောဝန်မင်းထံကအခွင့်မရလျှင်။ သစ်ကိုလေးဘက်မချရ။ငှင်ပြင်။ဖျင်။ထုပ်။ ဖြစ်အောင်
လည်း။လွှမတိုက်ရ။

၁၀	ခု	ရက်နေ့
၁၂	ခု	ရက်နေ့

ANNEXURE H.

FOREST DEPARTMENT.

PEGU, TENASSERIM AND MARTABAN PROVINCES.

Permit for working the Forests, in force from the 18
to the 18 inclusive.

LIMITS OF THE FOREST.

On the North
„ South
„ East
„ West

A fee of Rs. has been paid to the Forest Department for the issue of this Permit.

ARTICLES OF PERMIT.

1. Permission is hereby granted to to fell, drag, and take away the seasoned Teak timber in the Forests. He is not to fell or remove timber girdled in or after 18 .

2. This Permit is in force only for a period of up to the 18 , but it may be cancelled at any time before that date by the Superintendent, or Asst. Superintendent, at , if it should appear that the holder has transgressed any of the Rules below, or any of the Forest Rules of the country. In which case the fee of Rs. will not be refunded.

3. having felled and dragged his timber, will take it down in rafts to river, where the timber must be paid for at the following rates before it is permitted to pass.

Rates for Logs above 4′ 6″ in middle girth, ... Rs.
Do. Do. below 4′ 6″ in middle girth,..... Rs.
Crooks or small pieces in girth below 2 feet or in length below 12 feet,... Rs.

4. The payment will be levied at and the timber marked with the Sale Hammer of the Forest Department, between the 18 , and must, at the same time, give up this Permit, distinctly understanding that he will have no further right or claim on any log or logs not then and there paid for and marked. All timber drifting past without having been paid for and marked, reverts to Government.

5. Green Teak trees are not to be marked, girdled or felled, and young Teak is not to be injured. is responsible for all injury done by the men or cattle employed by him.

6. Without permission from the Superintendent, no log is to be squared or sawn up into planks or scantlings.

Forest Office,
The 18

Superintendent of Forests.

ရှေးမြန်မာမင်းများခေတ် သားငှက်တိရစ္ဆာန်များ ဘေးမဲ့ပေးခြင်းဆိုင်ရာ အမိန့်တော်ပြန်တမ်း

ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသောရေမြေအသျှင် ဆဒ္ဒန်ဆင်မင်းသခင် ဆင်ဖြူများရှင် လက်နက်စကြာသခင် ဘဝရှင်မင်းတရားကြီးဘုရား အမိန့်တော်ရှိသည်၊ ငါအသျှင်ဧကရာဇ်မင်းမြတ်သည် ရှေးရှေးသော ပါရိပုညသမ္ဘာရ အဆောက်အဦးတော်ကြောင့် ယခုဘဝ မြတ်သောမင်းအဖြစ်သို့ ရောက်တော်မူလျှင် သတ္တဝါတို့ အစီးအပွားများစေခြင်း၊ လောကတွင်စရိယအကျိုးကို ထောက်မျော်တော်မူ၍ မင်းတို့ကျင့်အပ်သော ရာဇဓံတရားအပေါင်းကို ကောင်းစွာဖြည့်ကျင့်တော်မူပြီးလျှင် သာသနာတော်ရေးကို ချီးမြှင့်ရွက် ဆောင်တော်မူသည်၊ ရွှေမြို့တော်တောင်မျက်နှာ တောင်သမန်အင်းသည် ဘိုးတော်မင်းတရားကြီးဘုရား ဘေးမဲ့ပေးတော်မူရာအရပ်ဖြစ်သည်၊ သမ္မာသမ္ဗောဓိဘုရားဆုကို ပန်ဆောင်တော်မူ၍ ပါရမီဖြည့်ကျင့်တော်မူသည်နှင့်အညီ ဇီဝိတဒါန အသက်အလှူဖြစ်စေခြင်းငှာ တောင်သမန်တောင်အင်း၊ ဆန္ဒန်ကန်မနှုန်းအင်း၊ ယမ်းအိုးအင်း၊ ညောင်နီပင်အင်း၊ စောရကန်အင်းသာယာ၊ ပုံးအိုးထုံးအင်း ရေစီးရေဝင်မှန်သမျှကို ဘေးမဲ့ပေးတော်မူသည်၊ ကုသိုလ်တော်ဌာဝရ အဓွန့်ရှည်စွာ တည်ထွန်းအောင် နယ်လေးရပ် ရှစ်ရပ်သတ်မှတ်၍ ကျောက်တိုင်စိုက်စေ၊ ကျောက်တိုင်နယ်နိမိတ် သတ်မှတ်သည့်အတွင်းရှိနေသည့် ရေပိုးရေမွှားသားငှက် တိရစ္ဆာန်တို့ကို အသတ်အညှစ် အပစ်အခတ်၊ အဘမ်းအဆီး အနှောင်အဖွဲ့ မရှိစေနှင့် ဘေးမဲ့ပေးတော်မူရာအရပ်ကိုလည်း ပုံစံရေးသား၍သွင်း။

(သက္ကရာဇ်) ၁၂၀၀ပြည့် ဝါခေါင်လပြည့်ကျော် ၄ရက်နေ့ နားခံနေညို နန္ဒမိတ်ရွှေတောင် တွင်ပြန်။

(တောင်ခွင်စာစု)

ရှေးမြန်မာမင်းများခေတ် သားငှက်တိရစ္ဆာန်များ ဘေးမဲ့ပေးခြင်းဆိုင်ရာ အမိန့်တော်ပြန်တမ်း

ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသောရေမြေအသျှင် ဆဒ္ဒန်ဆင်မင်းသခင် ဆင်ဖြူများရှင် လက်နက်စကြာသခင် ဘဝရှင်မင်းတရားကြီးဘုရား အမိန့်တော်ရှိသည်၊ ရှင်သီရိမာ မေတ္တာရပ်ခံချက်အတိုင်း မြေတူးမြို့ စီရင်စု ကျွဲဆွဲရွာမြောက် ရွာသစ်တောရကျောင်းတိုက်အနီး မိကေးကသမုတ်လျှုဒါန်းသည့် သိမ်အရှေ့ အနောက် တောင် မြောက် တာ ၅၀ ဝါအတွင်း မှီခိုရှိနေသည့် ရေပိုးရေမွှား သားငှက်တိရစ္ဆာန်တို့ကို အဘယဒါန ဇီဝိတဒါန ကုသိုလ်တော် အထူးဖြစ်ပွားစေခြင်းငှာ ဘေးမဲ့ပေးတော်မူသည်၊အဖမ်းအဆီး အနှောင်အဖွဲ့ အပစ်အခတ် အသတ်အညှစ် မရှိစေနှင့် လွတ်ကင်းချမ်းသာစေ၊ မြေတူးမြို့သူကြီး မြို့စာရေးတို့နှင့် ကျွဲဆွဲရွာ အစီရင်သူကြီး ခေါင်းအကြီးတို့၊ ရဟန်းတော် ရှင်သီရိမာ မေတ္တာရပ်ခံချက်အတိုင်း ဘေးမဲ့ပေးတော်မူသည်။ နယ်မြေနိမိတ် ပုံစံကိုလည်း ဌာဝရ ကုသိုလ်တော်ဖြစ်ထွန်းအောင် ကျောက်တိုင်စိုက်မှတ်၍ ပုံစံကိုသွင်း၊ သက္ကရာဇ် ၁၂၂၉ ခု ကဆုန်လပြည့်ကျော် (၃)ရက်နေ့ ဘုရားအမိန့်တော်မြတ်ကို ဦးထိပ်ထပ်ဆင်ရွက်ရသည်ဖြစ်၍မြေတူးမြို့စီရင်စု ကျွဲဆွဲရွာမြောက် ရွာသစ်တောရကျောင်းတိုက်အနီး မိကေးကသမုတ်လျှုဒါန်းသည့် သိမ်အရှေ့ အနောက် တောင် မြောက်တာ ၅၀ ဝါအတွင်း ခိုမှီးရှိနေသည့် ရေပိုး ရေမွှား သားငှက်တိရစ္ဆာန်တို့ကို ဘေးမဲ့ပေးတော်မူသည့် အမိန့်တော်မြတ်ရင်းနှင့်အညီ အဘမ်းအဆီးအနှောင်အဖွဲ့ အပစ်အခတ် အသတ်အညှစ်မရှိ လွတ်ကင်းချမ်းသာစေရမည်။ နယ်နမိတ်ကျောက်တိုင်ကိုလည်း ဌာဝရကုသိုလ်တော်ဖြစ်ထွန်းအောင် ကျောက်တိုင်စိုက်မှတ်၍ ဘေးမဲ့ပိုင်းခြားသည့် ပုံစံကို လွှတ်တော်မှာ တင်ပေးလျှောက်ထားဆက်သွင်းရမည်။

ဝန်မင်းများစာ

(သောင်းစာစု)

ကင်းရုံးဖွင့်အခွန်တော်ကောက်ခံခြင်း[၉]

၃၃။ ကုန်းဘောင်မင်းဆက်ခေတ်က သင်းသတ်ပြီး ကျွန်းခြောက်များကို ခုတ်လှဲ၍ ရေမျှော၊ လှည်းတိုက် ထုတ်ယူကြရာ ကင်းစခန်း၊ လှေဆိပ်နှင့် အကောက်စခန်းများဖွင့်လှစ်ပြီး အခွန်အတုပ်များ ကောက်ခံခဲ့သည်။ အခွန်အကောက်များကို တိုက်သူကြီး၊ မြို့ဝန်တို့ကကြပ်မတ်၍ သစ်ခုတ်လှဲရာတွင်အသုံးပြုသည့်မား၊ ပုဆိန် အရေအတွက်နှင့်လုပ်သားဦးရေအလိုက် ပထမတောဝင်ခွင့်အဖြစ် အခွန်ငွေများစည်းကြပ်ခဲ့သည်။ ယင်းနောက် ထုတ်လုပ်သောသစ်များ၏ သတ်မှတ်ထားသည့် တန်ဖိုးအပေါ်တွင်အခြေခံ၍ အခွန်အကောက်များ စည်းကြပ်ကောက်ခံခဲ့သည်။ အခြားသစ်မာနှင့် သစ်တောထွက်ပစ္စည်းများထုတ်လုပ်မှုကို ကန့်သတ် ချုပ်ချယ်မှုမရှိသောကုန်သွယ်မှု (Laissez-Faire)ဖြင့် ပြည်သူအများ ခုတ်လှဲထုတ်ယူ ရောင်းဝယ် ဖောက်ကားခဲ့ကြသည်။ တောင်ယာခုတ် အသက်မွေးသူများကလည်း တောင်ယာထွက် သီးနှံများကို လက်ဆောင်ပဏ္ဏာအဖြစ် ဘုရင့်ထံ ဆက်သခဲ့ကြရသည်။

၃၄။ မြန်မာမင်းများခေတ်တွင် သစ်တောများမှ ထုတ်ယူသယ်ဆောင်သော သစ်တောထွက်ပစ္စည်းများအတွက် အခွန်တော်ကောက်ယူခြင်းလုပ်ငန်းနှင့်ပတ်သက်၍ မြန်မာမင်းများအုပ်ချုပ်ပုံစာတမ်း၊ ပဉ္စမပိုင်း၊ အခန်းကြီး ၁၂ ခန်း၊ အခန်းငယ် ၄၉ ခန်းတွင် အောက်ပါအတိုင်း ဖော်ပြထားသည်–

> "မြန်မာမင်းလက်ထက်အခါ အကောက်ခွန်ဌာနတွင် ပါဝင်သော ခေါ်ပုံအမျိုးအစားမှာ ရှေးဦးစွာ ၈ မျိုးခွဲခြားသည်။ (၁) ကင်းခွန်၊ (၂) သစ်တောခွန်၊ (၃) တွင်းထွက်ခွန်၊ (၄) ဈေးခွန်၊ (၅) ကူးတို့ခွန်၊ (၆) ထွက်ကုန်ခွန်၊ (၇) ဝင်ကုန်ခွန်၊ (၈) သဿမေဓခွန်ဟူ၍ ခွဲခြားထားသည်။ သဿမေဓမှာ ၁၂၁၉ ခုနှစ်ကစ၍ တစ်စတစ်စ၊ တစ်အိမ်လျှင် တစ်ဆယ်ကျ၊ သမာဓိဂုန်း၍ ကောက်ခံသည်။ သဿမေဓမှတပါး အခြား အခွန်များမှာ ရှေးပဝေသဏီကပင် မြန်မာမင်းအဆက်ဆက် ထိုက်သင့်ရာ လိုက်နာနေကြဖြစ်သည်။"

၃၅။ သစ်တောအခွန်တော်များကိုလည်း သစ်တောထွက်ပစ္စည်းများ သယ်ယူဖြတ်သန်းရာတစ်လျှောက်ရှိ ကုန်းလမ်း၊ ရေလမ်းတွင် အခွန်တော်ကင်းရုံးများသတ်မှတ်ပြီး စနစ်တကျကောက်ခံခဲ့သည်။ အခွန်တော်ကောက်ခံမှုစည်းကြပ်ရန်အတွက် ဝန်ကြီးများနှင့် အခြားအဆင့်အမှုထမ်းများ ခန့်ထားပြီး စီမံအုပ်ချုပ်ပုံစာတမ်း၊ ပဉ္စမပိုင်းတွင် အောက်ပါအတိုင်း ဆက်လက်ဖော်ပြထားသည်–

> "(၁) ကင်းခွန်မှာ၊ မြန်မာနိုင်ငံအတွင်း တစ်နယ်နှင့်တစ်နယ်အကူး၊ ကြည်းကင်းရေကင်းထား၍ ကောက်ခံ သည်ကို ဆိုလိုသည့်ပြင် ရာဇဌာနီအဝင်အပါကင်း၊ အဝေးနယ်မြန်မာမြို့ရွာအပါကင်း၊ အခြားမြို့ရွာအပါ ကင်းအားဖြင့် ကွဲပြားသေးသည်။ ရှေးအခါက ဘင်္ဂလား၊ ယိုးဒယား၊ တရုတ်ပြည်များနှင့် များစွာကူးသန်း ကြသည်။ ထိုကင်းများမှာ ကင်းဝန်ကအုပ်ချုပ်ရသည်။ ကင်းဝန်မှာ ကင်းခွန်နှင့် ဆိုင်သည်။ ကင်းစည်ဝန်မှာ ကင်းအစောင့်အနေ အမှုထမ်းနှင့်ဆိုင်သည်။ ကြည်းကင်းဆိုသည်ကား

[၉] မြန်မာမင်းများအုပ်ချုပ်ပုံစာတမ်း (ပထမတွဲမှ ပဉ္စမတွဲ)

မြန်မာနယ်တွင် ကင်းပေါင်း ၃၀၊ ရှုံးနယ်တွင် ကင်းပေါင်း ၁၇ ထားလေ့ရှိသည်။ သို့ရာတွင် အမည်သညာ နေရာမှာ တစ်ခါတစ်ရံ ပြောင်းလဲတတ်သည်။ မန္တလေး ပထမ မြို့နန်းတည် မင်းတရားလက်ထက် မြန်မာနယ်တွင် ရှုံးပွဲသက်ဝင်ရာပါ ကုန်များကို ရောင်းဝယ်သောနေရာတိုင်းမှာ ရာဇမတ္တိက တစ်ယောက်စီ၊ စေလွှတ် တွဲဘက်ထားလေ့ရှိ သည်။ မြန်မာနယ်ကင်း ၃၀၊ ရှုံးနယ်ကင်း ၁၇၊ မြန်မာ နယ်ပွဲ ၁၇ များမှာ၊ ရာဇမတ္တိကတစ်ဦးစီထားလေ့ရှိသည်။ ဘုန်းကြီးလူထွက်များကို ရာဇမတ္တိက ခန့်လေ့ရှိသည်။ ကင်းမည်၊ ပွဲမည်များမှာ ပုရပိုက် များပုံနှိပ်ပြီး အကောက်အခွန် နှစ်စဉ်နှုန်းစာရင်းများ ထင်ရှားရှိသေး၍ အကျယ် မဖော်ပြဘဲ ချန်ထားလိုက်သည်။ ထိုကင်းပွဲများမှာ နွားရှဉ်း ၁ စုံလျှင် ငွေ မည်မျှဟုတင်သော ကုန်တန်ဘိုးကို အစွဲပြု၍ သတ်မှတ်သည်။ အများဆုံး နွားရှဉ်းစုံ ၁၀ လျှင် ၃–၁၂ (သုံးကျပ် တစ်မူး)၊ အနည်း ၁–၂၂း–၁ (တစ်ကျပ် နှစ်မူး တစ်ပဲ) ကောက်ခံလေ့ရှိသည်။ ဈေးသည် ပခုံးထမ်း များမှာ တထမ်းလျှင် ငွေ ၁ (တပဲ)၊ ဆန် ၁ (တစ်စလယ်) ကောက်ခံ လေ့ရှိသည်။ ”

၃၆။ အခွန်တော်ကောက်ခံသည့် ကင်းရုံးများကို မြစ်ရိုးတစ်လျှောက် သတ်မှတ်ထားရှိပြီး လှေများဖြင့် သယ်ဆောင်ခြင်း၊ သစ်ဖောင်၊ ဝါးဖောင်များဖြင့်သယ်ဆောင်ခြင်းများအပေါ် စနစ်တကျ အခွန်တော် စည်းကြပ်ခဲ့သည်များကိုလည်း ဆက်လက်တွေ့ရှိရသည်–

“ရေကင်းဆိုသည်ကား (၁) စမ္ပာနဂိုရ်၊ (၂) ကျောက်တလုံး၊ (၃) မင်းကွန်း၊ (၄) မူးတုတ္တလုပ် စသော ကင်းများကိုဆိုလိုသည်။ ထိုကင်းများမှာ အစုန်အဆန် လှေတိုင်၊ ထောင်တိုင်များမှာ တစ်ခေါက်လျှင် ၁–၂၂း–၁ (တစ်ကျပ် နှစ်မူး တစ်ပဲ)၊ ငါးမတ် ကောက်ခံလေ့ရှိသည်။ တိုင်ဆိုသည်ကား၊ လှေဘောင်သွားဆဲ အခါ လှေမှာဘောင်မှာအကြီးအမှူးအဖြစ်တိုင်ခွင့်၊ ဆိုင်ပိုင်သူအတိုင်း ပြုလုပ်အုပ်ချုပ် ဆော်ဘန်ရသူ၊ ကင်းတွင်တိုင်တန်းသော အခွန်ဆောင်ခွင့်ရသူကို ဆိုလိုသည်။ လှေရှင်မပါသော်လည်း ကင်းတွင် ကိုယ်ပိုင်သူ လှေတိုင်အမည်နှင့် ကင်းပြေစာထုတ်ပေးခွင့်ရသည်။ ကင်းတကင်းမှာ တိုင်ပြီးလျှင် အခြား ကင်းများမှာ ချမ်းသာရာရသည်။ လှေတွင် ခရီးသွားလိုက်ပါသူဖြစ်လျှင် လူတစ်ယောက်လျှင် အဆန်ငွေ ၂၂း–၁။ တမတ်။ ဆန် ၁ ပေးရစမြဲ၊ သို့ရာတွင် အချို့ကင်းမှာ ဆန် ၁ ပါသည်။ အချို့ကင်းမှာ ဆန် ၁ မပါ၊ ငွေ ၂၂း–၁။ တစ်မတ် ကောက်ခံသည်။ လိုရင်းမှာ လက်နက်မှစ၍ ရာဇဝတ်မှုနှင့် ပတ်သက်ပါဝင်သော ပစ္စည်းများ ပါ၊ မပါကို ကြည့်ရှုရန်ဖြစ်သည်။ ရာဇဝတ်မှုနှင့် ဆိုင်သောအရာ ဆိုသည်တွင် ယစ်မျိုး၊ နွားသားမှစ၍ ဝါများအပြင်၊ ခိုးရာပါပစ္စည်း လည်း ပါဝင်သည်။”

၃၇။ နိုင်ငံရပ်ခြားသို့ တင်ပို့သော ကုန်များအား အခွန်တော်စည်းကြပ်မှုအတွက် အောက်ပါအတိုင်း တွေ့ရှိရသည်–

“နိုင်ငံခြားသို့ မထုတ်မဆောင်ရသော ကုန်များလည်း ပါဝင်သည်။ နိုင်ငံခြားနှင့် ဆက်ဆံသော ကင်းများ မှာ မုတ္တမကင်း၊ သန်လျင်ကင်း၊ ပုသိမ်ကင်း၊ မင်းတုန်းကင်း၊ တမူးခန်းပါးကင်း၊ တောင်ငူကင်း၊

မန်အောင်ကင်း၊ ရှမ်းပြည်တပ်ဦးချုပ်များထားသော ကင်းများကိုဆိုလိုသည်။ ထိုကင်းများက နိုင်ငံခြားအတွက် စောင့်ရှောက်ကြည့်ရှုရမြဲမှာ အောက်ပါအတိုင်းဖြစ်သည်။ လူတစ်ယောက်ဆောင်ယူနိုင်သော ခေါင်းရွက်ပခုံးထပ် ဝန်ပါ တပါး၊ စပါးဆန်ရွှေငွေ၊ ဆင်မြင်း၊ ကျွဲနွားလက်နက်များမှာ အမိန့်မပါဘဲ မည်သူမျှ ထုတ်ဆောင်ခွင့်မရ။ ”

၃၈။ သစ်တောထွက်ပစ္စည်းများအား အခွန်တော်ကောက်ခံရာတွင် သစ်တောထွက်ပစ္စည်းအမျိုးအမည် သတ်မှတ်ခြင်း၊ အခွန်တော်နှုန်းထားများ သတ်မှတ်ပြဋ္ဌာန်းခြင်းနှင့် အခွန်တော်ကောက်ခံမည့် အမှုထမ်း များအားလည်း စနစ်တကျ နယ်မြေဒေသအလိုက် ခန့်ထားကြောင်း မြန်မာမင်းများ အုပ်ချုပ်ပုံစာတမ်း၊ ပဉ္စမပိုင်း စာမျက်နှာ ၃ တွင် အောက်ပါအတိုင်း ဖော်ပြထားသည်–

“ဆိုခဲ့သော ကင်းများတွင် မူးတုတ္တလုပ်ကင်းမှာ သစ်ပျဉ်ဝါးကြိမ်များနှင့် အခြားသစ်တောသက်ဝင်ရာပါကုန်များကိုလည်း အဖိုးနှုန်းထား၍ ငွေရတနာတန်လျှင် ဒဂီး ၅ ပြားကျကောက်ခံရသည်။ (၂)သစ်တောခွန်ဆိုသည်မှာလည်း ရာဇဋ္ဌာနီသစ်တောခွန်၊ အဝေးသစ်တောခွန်အားဖြင့် ခွဲခြားထားသည်။ သစ်တောခွန်ဆိုသောစကားတွင် သစ်တောသက်ဝင်ရာပါ ပြဋ္ဌာန်းသတ်မှတ်ထားသော အသေးအဖွဲပစ္စည်း ဝတ္ထုများလည်း များစွာရှိသေးသည်။ အဝေးသစ်တောခွန်များမှာ ခွန်သေချာထားသည့် အရာသာ၍ များသည်။ သစ်တောသက်ဝင်ရာပါဆိုသော ဝတ္ထုပစ္စည်းများမှာ သစ်တောနှင့်စပ်သမျှ၊ ဆင်စွယ်၊ ကျွဲချို၊ ဖယောင်း၊ အင်တွဲစသော အရာများလည်းပါဝင်သည်။ ရာဇဋ္ဌာနီနယ်တွင် သက်ဝင်သော လေးမြို့သစ်တောခွန်မှာ အဘိုးတရာတန်လျှင် အခွန်တော်ငွေတစ်ဆယ်၊ တိုင်းပွဲကွက် ၂–၂၂း၁ (နှစ်ကျပ် နှစ်မူး တစ်ပဲ)၊ နှစ်စုံ တစ်ဆယ့်နှစ်ကျပ်နှစ်မူးတစ်ပဲ ကောက်ခံလေ့ရှိသည်။ လေးမြို့သစ်တောအဝင် သစ်တောအဝေး အခွန်တော်များမှာ တန်ဘိုးငွေ တရာတန်လျှင် အခွန်တော်ငွေတစ်ဆယ်၊ တိုင်းပွဲကွက် ၂–၂၂း၁ (နှစ်ကျပ် နှစ်မူး တစ်ပဲ) နှစ်စုံတစ်ဆယ့် နှစ်ကျပ်နှစ်မူးတစ်ပဲ ကောက်ခံလေ့ ရှိသည်။ လေးမြို့ သစ်တောအဝင် သစ်တောအဝေး အခွန်တော်များမှာ တန်ဘိုးငွေ တစ်ရာတန်လျှင် ငါးကျပ်ကျ ကောက်ခံလေ့ရှိသည်။ သစ်တောဝန်များမှာလည်း အဝေးနယ်တွင်တမျိုး၊ ရာဇဋ္ဌာနီတွင် တမျိုးခွဲခြား ခန့်ထားသည်။ သစ်တောပေါများသော နယ်များမှာ မြို့ရွာအုပ်ချုပ်သော အရာရှိကို သစ်တောဝန်အရာနှင့် ဘက်တွဲ ခန့်ထားလေ့ရှိသည်။ ဥပမာ ဆိုသော် အင်ထောက်သာငါးမြို့ဝန်ကို မူးသစ်တောဝန်လည်း ခန့် လေ့ရှိသည်။”

၃၉။ နိုင်ငံရပ်ခြားသို့ တင်ပို့ရာတွင် သစ်တောထွက်ပစ္စည်းများအား ကန့်သတ်ခြင်း၊ ခွင့်ပြုခြင်းနှင့် အခွန်တော် သတ်မှတ်ကောက်ခံခြင်းများကိုလည်း ပဉ္စမပိုင်း၊ စာမျက်နှာ ၄ တွင် အောက်ပါအတိုင်း တွေ့ရှိရသည်–

“ထွက်ကုန်ဆိုသည်မှာ ရေကြောင်းထွက်ကုန်၊ ကြည်းကြောင်းထွက်ကုန်ဟူ၍ နှစ်မျိုးရှိသည်။ နိုင်ငံကျယ်စဉ်အခါက ရေကြောင်းထွက်ကုန်ကြည်းကြောင်း ထွက်ကုန်များနည်းပါးသည်။ အကြောင်းမူကား

ဆန်၊ စပါး၊ ကျွဲ၊ နွား၊ မြင်း၊ ဆင်၊ သစ်ပျဉ်မှစ၍ ရွှေငွေများကို အမိန့်အခွင့်မရပဲ နိုင်ငံခြား တိုင်းတပါး သို့ တင်ဆောင်ယူသွားမရှိစေရန် စီမံပိတ်ပင်ထားသည့်အတွက်ပင်တည်း။ သို့ရာတွင် မြန်မာနိုင်ငံက ထွက်သော အုတ်ခွက်၊ ဒေါင်းလန်း၊ အင်တွဲ၊ ခွိပ်၊ လျှော်၊ ဆင်စွယ်၊ ဖယောင်း၊ ခလောက်တုံး၊ ဖာမျိုးစုံ၊ တောင်းမျိုးစုံ၊ လှည်းကရိယာစုံများမှ အခြားနိုင်ငံသို့ ကုန်သည်များ အလိုအလျောက် ဆောင်ယူသွားခွင့် ရောင်းချခွင့်ရသည်၊ ခလောက်တုံးဆိုသည်ကား လေ့လောင်း လုပ်ရန်၊ ဝမ်းစာထုတ်ပြီး လေ့အမျိုးမျိုး လုပ်ရန်စီမံပြီး သစ်တုံးအခေါင်းထွင်းပြီးကို ဆိုလိုသည်၊ ထိုကုန်များအပေါ်တွင် အခွန်ကောက်ခံခွင့် ရသည်၊ တပိဿာတန်မှာ ဒိုင်ငါးကျပ်ကောက်ခံလေ့ ရှိသည်။”

၄၀။ မြန်မာသက္ကရာဇ် ၁၂၄၄ ခုနှစ် (၁၈၈၂ ခုနှစ်ခန့်)၊ သီပေါမင်းလက်ထက်တွင် အကောက်ခွန် ရရှိသည့်အကြောင်းနှင့်ပတ်သက်၍ လည်း “နှစ်ချုပ်အားဖြင့် သစ်တောနှင့်စပ်သမျှ သစ်တောသက်ဝင်ရာပါ အရပ်ရပ် ရသင့်ငွေဒဂိါး ၅၀၂,၀၀၀ ရရှိကြောင်း” ဖော်ပြထားသည်။ မြန်မာသက္ကရာဇ် ၁၂၄၅ ခုနှစ် (၁၈၈၃ ခုနှစ်ခန့်) အတွက် သစ်တောအကောက်ခွန်စာရင်းချုပ်ကိုလည်း အောက်ပါအတိုင်း တွေ့ရှိရသည်–

ကြီးကြပ်သူအရာရှိနှင့် အခွန်တော်အမျိုးအမည်	တစ်နှစ်သင့် ရရန်ငွေ	လက်ကိုင် အရာရှိ အသုံးနှိမ်ငွေ	ရှင်ဘုရင် အသုံးနှိမ်ငွေ	ကျန်ငွေ	အကြောင်း အရာ
ပုဂံဝန်ထောက်က ဖိ လ တစ်ကြိမ် သွင်းငွေ	၁,၀၀၀	–	–	၁,၀၀၀	
ခွန်သေချာထားသည့် သစ်တောခွန် လစဉ်သွင်းငွေ	၂,၅၀၀	–	–	၂,၅၀၀	
၄င်း ဖိလသွင်းငွေ	၁၅၀,၆၀၀	–	–	၁၅၀,၆၀၀	
ခွန်ရှင်ချထားသည့် သစ်တောခွန် တစ်နှစ် တစ်ခါသွင်းငွေ	၂၂၀,၀၀၀	–	–	၂၂၀,၀၀၀	
တောင်ငူ၊ ရမည်းသင်း နှစ်မြို့၊ သစ်ယာ၊ အင်ကြင်း၊ ပျဉ်း၊ ပိတောက်ခွန်ငွေနှင့် မူးချောင်း၊ ချင်းတွင်း ချောင်း၊ သစ်ယာ၊ အင်ကြင်း၊ ပျဉ်း၊ ပိတောက်ခွန် တစ်နှစ် တစ်ခါသွင်းငွေ	၄,၄၀၀	–	–	၄,၄၀၀	
စုစုပေါင်း	**၃၇၈,၅၀၀**			**၃၇၈,၅၀၀**	

ကျွန်းသစ်လိုအပ်ချက်ကိုအကြောင်းပြု၍ ကိုလိုနီနယ်ပယ်ချဲ့ထွင်လာမှု[၁၀]

၄၁။ ဥရောပတိုက်သားများဖြစ်သော အင်္ဂလိပ်၊ ပြင်သစ်၊ ဒတ်(ချ်)၊ ပေါ်တူဂီနှင့် စပိန်တို့သည် အာရပ်ကုန်သည်များထံမှတစ်ဆင့် အိန္ဒိယတိုက်ငယ်မှထွက်ရှိသော ကျွန်းသစ်များဝယ်ယူပြီး သင်္ဘောများ တည်ဆောက်ခဲ့ကြသည်။ ကူးသန်းရောင်းဝယ်ရေးနှင့်အတူ နယ်မြေချဲ့ထွင် သိမ်းပိုက်ခြင်းကိုပါ အပြိုင်အဆိုင် ဆောင်ရွက်လာခဲ့ရာ ဖြိတိသျှပိုင် အရှေ့အိန္ဒိယကုမ္ပဏီသည် အိန္ဒိယနိုင်ငံရှိ ကျွန်းပင်များပေါက် ရောက်သော မာလာဘာပင်နှင့်ကူး(ဂျ်)ပြည်နယ်တို့ကို ၁၇၉၂ ခုနှစ်တွင် ကျွန်းသစ်ထုတ်လုပ်ခြင်းအပေါ် လက်ဝါးကြီးအုပ် နိုင်ရေး အကြောင်းပြု၍ ကျူးကျော်သိမ်းပိုက်ခဲ့ကြသည်။ ရာစုနှစ်အစပိုင်းတွင် အာရပ်ကုန်သည်များသည် မြန်မာနိုင်ငံတောင်ဘက်စွန်း၊ တနင်္သာရီ ကမ်းရိုးတန်းတွင် သင်္ဘောတည်ဆောက်မှုလုပ်ငန်းများ လုပ်ကိုင်လာခဲ့ကြပြီး ကူးသန်းရောင်းဝယ်ခဲ့ကြသည်။ အင်္ဂလိပ်၊ ပြင်သစ်နှင့် ပေါ်တူဂီပိုင် ပင်လယ်ကူး သင်္ဘောများသည် မြိတ်နှင့်ရန်ကုန်ဆိပ်ကမ်းများကိုဝင်ထွက်၍ ကျွန်းသစ်ဖြင့် သင်္ဘောများ တည်ဆောက် ခြင်း၊ ပြင်ဆင်ခြင်း၊ ကုန်သွယ်ခြင်းလုပ်ငန်းများ ထွန်းကားလာခဲ့ကြသည်။

အင်္ဂလိပ်–မြန်မာ ပထမစစ်ပွဲ (၁၈၂၄ –၁၈၂၆ ခုနှစ်)

၄၂။ ၁၈၁၉ ခုနှစ်တွင် အမရပူရထီးနန်းကိုဆက်ခံသည့် ဘကြီးတော်လက်ထက် အာသံ–မဏိပူရ အရေးကိစ္စများကြောင့် စစ်သူကြီးမဟာဗန္ဓုလသည် ၁၈၂၂ ခုနှစ်၊ နှစ်ဦးတွင် ရခိုင်သို့ စစ်ချီလာခဲ့ရာ ဘင်္ဂလားပြည်နယ်၏ လုံခြုံမှုအတွက် စိုးရိမ်လာသော အရှေ့အိန္ဒိယကုမ္ပဏီအစိုးရက ၁၈၂၄ ခုနှစ်၊ မတ်လ ၅ ရက်နေ့ တွင် မြန်မာနိုင်ငံအား စစ်ကြေညာခဲ့သည်။ ရန်ကုန်မြို့မှ ဖြိတိသျှတပ်များ အထက်သို့တက်မလာနိုင်စေရန် ကြည်မြင်တိုင်နှင့် ပုဇွန်တောင်မြစ်တို့အကြားတွင် အချက်အချာကျသည့်နေရာများ၌ သစ်တပ်များ တည်၍ သုံးပါးဝန်ကြီးနှင့် ကျီဝန်ကြီးတို့ခုခံတိုက်ခိုက်သော်လည်း မအောင်မြင်သဖြင့် မဟာဗန္ဓုလကို ရခိုင်မှ ပြန်လည် ခေါ်ယူရသည်။ ၁၈၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့တွင် မဟာဗန္ဓုလတပ်များ ရန်ကုန်သို့ရောက်ရှိပြီး အပြင်းအထန် ထိုးစစ်ဆင် တိုက်ခိုက်သည်။ လက်နက်အင်အား ကွာခြားမှုကြောင့် မဟာဗန္ဓုလတပ်များ ဓနုဖြူသို့ ဆုတ်ခွာရသည်။ ၁၈၂၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင် ဓနုဖြူခံတပ်၌ မဟာဗန္ဓုလ ကျဆုံးသည်။ မြန်မာတပ်များ ဆက်လက်ဆုတ်ခွာရသည်။

၄၃။ အင်္ဂလိပ်တပ်များ အမရပူရသို့ဦးတည်၍ ရေကြောင်းဖြင့်ဆက်လက်ချီတက်ရာ ဧရာဝတီမြစ်ကြောင်းတစ်လျှောက် မြန်မာတို့ ခံစစ်မအောင်မြင်သဖြင့် ၁၈၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် ရန်ကုန်ပိုရွာ၌ အရှေ့အိန္ဒိယကုမ္ပဏီနှင့် အင်းဝဘုရင်တို့အကြား စာချုပ်ချုပ်ဆို၍ အင်္ဂလိပ်–မြန်မာ ပထမစစ်ပွဲကို ရပ်စဲပြေငြိမ်းလိုက်ရသည်။ ရန်ကုန်စာချုပ်အရ အာသံ၊ မဏိပူရ၊ ကချာနယ်နှင့်ဇယန္တိရနယ်တို့တွင် မြန်မာတို့ စွက်ဖက်မှုကို အပြီးသတ် စွန့်လွှတ်ခဲ့ရသည်။ မြန်မာတို့၏ပိုင်နက်ဖြစ်သော ရခိုင်နှင့် တနင်္သာရီ ကမ်းရိုးတန်း တို့ကို မြန်မာတို့က စွန့်လွှတ်ရသည့်အပြင် စစ်လျော်ကြေးငွေ ကျပ်တစ်ကုဋေကိုလည်း ပေးလျော်ခဲ့ရသည်။

---

[၁၀] သစ်တောရေးရာဝန်ကြီးဌာန သိကောင်းစရာအချက်များပို့ချချက် (၂၀၀၄) မှကောက်နှုတ်ဖော်ပြသည်။

အင်္ဂလိပ်–မြန်မာ ပထမစစ်ပွဲပြီးနောက် မြန်မာ့ကျွန်းတောများစီမံအုပ်ချုပ်မှု[၁၁]

၄၄။ အင်္ဂလိပ်–မြန်မာပထမစစ်ပွဲကြောင့် ပင်လယ်ကမ်းရိုးတန်းဒေသများဖြစ်သော ရခိုင်နှင့် တနင်္သာရီကို မြန်မာတို့ လက်လွတ်လိုက်ရသောအခါ ပင်လယ်ဆိပ်ကမ်းမြို့များဖြစ်သော ပုသိမ်၊ ရန်ကုန်နှင့် မုတ္တမတို့သာ မြန်မာတို့၏လက်ဝယ် ကျန်ရှိခဲ့သည်။ တနင်္သာရီဒေသကို ပိုင်းခြားရာတွင် သဲလွင်မြစ်ကို နယ်ခြားအဖြစ် သတ်မှတ်သဖြင့် မော်လမြိုင်ဆိပ်ကမ်းသည် တနင်္သာရီတွင်ပါဝင်သွားသည်။ ရခိုင်ဒေသသည် ဘိုးတော်ဘုရား လက်ထက် ၁၇၈၅ ခုနှစ်တွင် သိမ်းသွင်းခြင်းမခံရမီ ကာလတစ်လျှောက် အိန္ဒိယနိုင်ငံ ပင်လယ်ဆိပ်ကမ်း မြို့များနှင့် ၁၇ ရာစုနှစ်ကစ၍ ကုန်သွယ်ရေးနှင့်အုပ်ချုပ်ရေး အဆက်အသွယ်များ ရှိနှင့်ခဲ့သည်။ ရခိုင်တွင် ကျွန်းသစ်မရှိကြောင်းကို အင်္ဂလိပ်တို့ မူလကပင် သိရှိပြီးဖြစ်သည်။

၄၅။ တနင်္သာရီဒေသရှိ မြန်မာ့သစ်တောများ၏အခြေအနေကို အင်္ဂလိပ်တို့မသိသေး၍ အိန္ဒိယအစိုးရက ၁၈၂၆ ခုနှစ်တွင် ကာလကတ္တားမြို့၊ ရုက္ခဗေဒဥယျာဉ်မှူး ဒေါက်တာဝေါလစ်ချ် (Dr. Nathaniel Wallich) ကို မော်လမြိုင်သို့ စေလွှတ်၍ သစ်တောများ၏အခြေအနေသည် စီးပွားဖြစ်သစ်များထုတ်လုပ်၍ အိန္ဒိယသို့ တင်ပို့ရန် ဖြစ်နိုင်ခြေ ရှိ၊ မရှိ လေ့လာစေခဲ့သည်။ ဒေါက်တာဝေါလစ်ချ်အား အစီရင်ခံစာ တင်သွင်းရန် အတွက် ထုတ်ပြန်သော အမိန့်စာတွင် "ရုက္ခဗေဒသုတေသနပြုလုပ်ရန်အခြေအနေများ အကောင်းဆုံး တွင်ရှိသည်ဟု ထင်မြင်သဘောရရှိကြောင်း၊ စစ်ဘက်နှင့်အခြားကိစ္စများအတွက် လိုအပ်သည့်သစ်များ များပြားသည်သာမက အမျိုးအစားတွင်လည်း အလွန်ကောင်းသည်ဟု ယူဆကြောင်း" ဟု ဖော်ပြထားပုံကို ထောက်သော် လွန်ခဲ့သည့် အတိတ်ကာလကပင် မြန်မာ့သဘာဝ အရင်းအမြစ်များ ကြွယ်ဝကြောင်းနှင့် စစ်မက်အတွက် အလွန်ကောင်းသောသစ်များရှိကြောင်း အသိအမှတ်ပြုခြင်းပင်ဖြစ်သည်။

၄၆။ ဒေါက်တာဝေါလစ်ချ်က ၁၈၂၇ ခုနှစ်၊ မတ်လမှ မေလအထိ သဲလွင်မြစ်နှင့် အတ္ထရံမြစ်တို့ကို ဆန်တက်လျက် မြစ်ကမ်းဘေး ဝဲ/ယာရှိ ကျွန်းပေါက်ရောက်သည့်တောများ အခြေအနေကိုလေ့လာခဲ့ပြီး နောက် ကျွန်းပင်များပေါများစွာ ပေါက်ရောက်ကြောင်းနှင့် မြန်မာ့ကျွန်းသစ်အရည်အသွေးသည် မာလာဘာပင် ကျွန်းသစ် (အိန္ဒိယနိုင်ငံ)နှင့် ဂျာဗားကျွန်းသစ်တို့ထက် အဆင့်အတန်းပိုမိုမြင့်မားကြောင်း အစီရင်ခံသည်။ ဝေါလစ်ချ်၏ အစီရင်ခံစာပါ အရေးကြီးသည့်မှတ်ချက်အချို့မှာ–

(က) ကျွန်းတောများကို အချိန်မီပြန်လည်ထိန်းသိမ်းရန်။

(ခ) သစ်တောအားလုံးကို အရှေ့အိန္ဒိယကုမ္ပဏီ တစ်ဦးတည်းပိုင်သည်ဟု ကြေညာရန်။

(ဂ) ကျွန်းပင်ကို အစိုးရကိစ္စနှင့် အစိုးရခွင့်ပြုချက်မပါဘဲ မခုတ်လှဲစေရ။

(ဃ) တောမီးကာကွယ်ရေးသည် သစ်တောစီမံ အုပ်ချုပ်ခြင်း၏ အရေးကြီးဆုံးသော လုပ်ငန်း ဖြစ်သည်။ သို့ရာတွင် မီးလောင်သောကြောင့် မြေဩဇာအသင့်အတင့် တိုးတက်သည်။

---

[၁၁] သစ်တောရေးရာဝန်ကြီးဌာန သိကောင်းစရာအချက်များပို့ချချက် (၂၀၀၄) မှကောက်နှုတ်ဖော်ပြသည်။

(ဂ) ကုမ္ပဏီပိုင်နယ်မြေများထဲတွင် တနင်္သာရီလောက်ကောင်းသည့် သစ်တောမျိုးကို မတွေ့ဘူးသေး။ မြန်မာ့သစ်တောများမှာ ပြိုင်စံမရှိ ဖြစ်သည်။

(စ) အရွယ်လွန်နှင့်အရွယ်ရောက်ကျွန်းပင်များကို ထုတ်သုံးရန်။

(ဆ) စိုက်ခင်းများတည်ထောင်ရန် စသည်တို့ဖြစ်သည်။

၄၇။ ၁၈၂၇ ခုနှစ်တွင် အိန္ဒိယအစိုးရက တနင်္သာရီဒေသ၏ အုပ်ချုပ်ရေးတိုင်းမင်းကြီးဖြစ်သူ မစ္စတာမိန်းဂီး (Mr. Thony D. Maingy, ၁၈၂၇–၁၈၃၃) အား အမိန့်ထုတ်ဆင့်၍ သစ်တောများကို အစိုးရပိုင်အဖြစ် သတ်မှတ်စေပြီး သစ်သူခိုးများ ဘေးရန်မှကာကွယ်ရန် ညွှန်ကြားခဲ့သည်။ မြန်မာနိုင်ငံသစ်တောများ အုပ်ချုပ်မှုတွင် ပထမဆုံး ဆောင်ရွက်ချက်တစ်ရပ်ဖြစ်သည်။ အိန္ဒိယအစိုးရအနေဖြင့် ကျွန်းသစ်ထုတ် လုပ်ခြင်းကို ၁၈၂၆ ခုနှစ် ၁၈၂၈ ခုနှစ်အတွင်း နှစ်နှစ်ကြာမျှ လုပ်ကိုင်ခဲ့သေးသည်။ အစိုးရစရိတ်ဖြင့် တနင်္သာရီဒေသမှ ကျွန်းသစ်လုံး ၅၁၁ လုံးကို ၁၈၂၉ ခုနှစ်တွင် ကာလကတ္တားဈေးကွက်သို့ စမ်းသပ်တင်ပို့ ရောင်းချခဲ့ရာ ကာလကတ္တား ကျွန်းဈေးကွက်ကို အိန္ဒိယသစ်ကုန်သည်များက လက်ဝါးကြီးအုပ်ထားသဖြင့် အရှုံးပေါ်ခဲ့ရသည်။ ယင်းသို့ အစိုးရစရိတ်ဖြင့် ထုတ်လုပ်သော ကျွန်းသစ်လုပ်ငန်းအရှုံးပေါ်သည်ကို အကြောင်းပြု၍ ၁၈၂၉ ခုနှစ်တွင် အိန္ဒိယအစိုးရက တနင်္သာရီတောများ၌ ပုဂ္ဂလိက သစ်ထုတ်လုပ် သူများကို ခွင့်ပြုခဲ့သည်။ တနင်္သာရီတိုင်း မင်းကြီးမိန်းဂီးက "ပုဂ္ဂလိက လုပ်ကိုင်မည့် သူတို့အား လိုင်စင်များ ထုတ်ပေးပြီး နောက် အကောက်ခွန် ၁၀ မှ ၁၅ ရာခိုင်နှုန်း စည်းကြပ်လျှင် သင့်လျော်ပါမည်။ တန်ဖိုးကို ခုံရုံးနှင့် ဆုံးဖြတ်ပြီး အစိုးရကအလိုရှိလျှင် တန်ဖိုးကိုပေးဆောင်၍ သိမ်းယူရန်ဖြစ်သည်။"ဟု အိန္ဒိယ အစိုးရထံသို့အစီရင်ခံပြီး မိမိ၏အကြံပေးချက်အတိုင်း စတင်ဆောင်ရွက် လေသည်။ သို့နှင့်အင်္ဂလိပ်ပိုင် မြန်မာ့ကျွန်းတောများတွင် လိုင်စင်စနစ်ဖြင့် စတင်လုပ်ကိုင်သည်။ ဤစနစ်ကြောင့် သစ်တောဧရိယာများစွာ ပျက်စီးသည်။ အစိုးရထံ အခွန်ငွေရောက်ရှိသော်လည်း အမှန်တကယ် ရသင့်သည့်တန်ဖိုး၏ အစိတ်အပိုင်းမျှသာဖြစ်သည်။ ရေရှည်တွင် တိုင်းပြည်၏ သဘာဝသယံဇာတပစ္စည်း လျော့နည်းသွားသဖြင့် ပြည်သူများ၏ အကျိုးစီးပွားဆုံးရှုံး၍ လက်တစ်ဆုပ်စာမျှသာရှိသော ပုဂ္ဂလိက လုပ်ငန်းရှင်များသာ အကျိုးရှိခဲ့သည်။ အဖိုးတန်လှသည့် ကျွန်းတောများမှာ ကာလကြာမြင့်စွာ တန်ဖိုးလျော့သွားသဖြင့် အစိုးရ အတွက်လည်း အကျိုးမရှိ၊ ပြည်သူ များအတွက်လည်း အကျိုးမရှိ ဖြစ်ခဲ့ရသည်။

၄၈။ ၁၈၂၈ ခုနှစ်တွင် ထုတ်သည့်သစ်ထုတ်စည်းကမ်းတွင် ကျွန်းသစ်ရွှေပြောင်းရန် အမိန့်ခံရမည်၊ ကျွန်းသစ်တန်ဖိုး၏ ၁၅ ရာခိုင်နှုန်း အကောက်ခွန်ဆောင်ရမည် သို့မဟုတ် အစိုးရကအလိုရှိလျှင် တန်ဖိုးကိုပေးဆောင်ရမည်၊ တန်ဖိုးကိုခုံရုံးဖြင့်သတ်မှတ်မည်၊ လုံးပတ် ၄ ပေထက်ငယ်သော ကျွန်းပင်ကို ခုတ်ခြင်း မပြုရ အစရှိသည်တို့ ပါရှိသည်။ နောက်တစ်နှစ်ကြာသောအခါ လိုင်စင်စနစ်သည် ဖရိုဖရဲဖြစ်နေပြီး ခွင့်ပြုသောတော၏ အမည်မျှသာပါရှိသည်။ နယ်နိမိတ်ကိုမဖော်ပြ မြေပုံလည်းမရှိ ခွင့်ပြုသည်ထက် ပိုမို ခုတ်လှဲ ထုတ်ယူကြသည်။ သင်းသတ်မထားသော အပင်များကို ခုတ်လှဲသည်။ သင်းသတ်ပင် များကိုမူ ချန်ထားခဲ့ကြသည်။ လိုင်စင်ကာလ ကန့်သတ်ချက်မရှိ၊ လိုင်စင်များကို

လက်လွှဲခွင့်ပေးထား သဖြင့် ရှုပ်ထွေးမှုများ ပေါ်ပေါက်လာခဲ့ရသည်။ မော်လမြိုင်ရှိ သစ်တောများသည် အဖတ်ဆယ်၍ မရလောက်အောင် ပျက်စီးပြုန်းတီးခဲ့ရသည်။ လိုင်စင်ထုတ်ပေးခြင်းသည် ဝေါလစ်ချ်၏ ထောက်ခံချက်နှင့် တစ်ခြားစီဖြစ်နေ သဖြင့် ၁၈၃၄ ခုနှစ်တွင် အင်္ဂလန်၌ခွင့်နှင့်နေစဉ် ဝေါလစ်ချ်အား ရေတပ်အဖွဲ့က ခေါ်ယူစစ်ဆေးပြီး သက်ဆိုင်ရာသို့ အကြောင်းကြားသည်။ သို့ရာတွင် လိုင်စင်စနစ်သည် ဗြိတိသျှ သစ်ကုန်သည်တို့၏ ကြိုးပမ်း မှုကြောင့် အရှိန်ကောင်းနေဆဲပင် ဖြစ်သည်။

၄၉။ ၁၈၃၃ ခုနှစ်တွင် အလုပ်သမား ၈ ဦးမှ ၁၀ ဦးအထိပါသောအလုပ်ဂိုဏ်းကို အုပ်ချုပ်ရသော ကျေးရွာလူကြီး၊ အလုပ်သမားခေါင်းဆောင်တစ်ဦးကိုခန့်အပ်၍ ကျွန်းပင်စိုက်ခြင်း၊ ကျွန်းပင်ငယ် ပင်ပေါက်များကို စောင့်ရှောက်ရန်နှင့် လိုင်စင်ရသစ်ထုတ်သူများ၏ သစ်ထုတ်လုပ်ငန်းကို စစ်ဆေးရန် တာဝန်ပေးအပ်ခဲ့သည်။ ဤအဖွဲ့သည် မြန်မာနိုင်ငံသစ်တောအုပ်ချုပ်မှုသမိုင်းတွင် ပထမဆုံးခန့်အပ်ခြင်း ခံရသော အလုပ်ကြပ် ကျွန်းပင်စိုက် အဖွဲ့ ဖြစ်သည်။

၅၀။ ၁၈၃၆ ခုနှစ်တွင် အိန္ဒိယပြည် ရုက္ခဗေဒဥယျာဉ်၏ အကြီးအကဲဖြစ်သူ ဒေါက်တာဟဲလ်ဖာ: (Dr. Johan Wilhelm Helfer) အား: တနင်္သာရီတိုင်းရှိသစ်တောများ၏ ပကတိအခြေအနေကို စေလွှတ်စုံစမ်း စေခဲ့သည်။ သုံးနှစ်အတွင်း: အိန္ဒိယအစိုးရသို့ အစီရင်ခံစာ နှစ်စောင် တင်သွင်းခဲ့သည်။ အရေးကြီးသည့် ဖော်ပြချက်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) တောမီးနှင့် တောင်ယာခုတ်ခြင်းတို့ကြောင့် သစ်တောများပျက်စီးသည်။

(ခ) သစ်တောစိုက်ခင်းများတည်ထောင်ရန်။

(ဂ) လိုင်စင်စနစ်ကို ဆက်လက်ခွင့်ပြုလျှင် မကြာမီကျွန်းပင်များ ကုန်ခမ်းလိမ့်မည်။ စနစ်မကျသောသစ်ထုတ်စနစ်ကြောင့် အမှန်သုံးစွဲရသည်ထက် အလေအလွင့် ပိုမိုများသည်။

(ဃ) သစ်မျိုး ၃၇၇ မျိုးအတွက် စာရင်းကောက်ယူပြုစုနိုင်ခဲ့သည်။ လာရောက်ခဲ့သည့် ရုက္ခဗေဒ ပညာရှင်နှင့် ရှေးဦးသစ်တောပညာရှင်များသည် အပင်ပုံစံများစုဆောင်းခြင်း၊ သိပ္ပံအမည် မှည့်ခြင်း၊ သစ်ပင်များကိုတိုင်းတာခြင်း၊ သစ်သားများ မည်သို့အသုံးချသည်စသည့် သစ်တော၏ သဘာဝကြွယ်ဝမှုကို စုံစမ်းမှတ်တမ်းတင်ခြင်းများသည် သာမန်နေ့စဉ် လုပ်ငန်းများဖြစ်သည်။

၅၁။ ၁၈၄၀ ခုနှစ်တွင် အိန္ဒိယအစိုးရက ဘင်္ဂလားအင်ဂျင်နီယာတပ်မှ ကပ္ပတိန်ထရီမင်းဟီးယား: (Captain Tremenhere from Bengal Engineers)အား: ဆောက်လုပ်ရေး ဌာနတွင်သာမက ပထမဦးဆုံး သစ်တော၀န်ထောက်အဖြစ် ပူးတွဲခန့်ထားပြီး တနင်္သာရီသို့စေလွှတ်ခဲ့သည်။ ထရီမင်းဟီးယားသည် ကျွန်းပင်များကို ခုတ်လှဲပိုင်းဖြတ်၍ ကျွန်းပင်၏သက်တမ်းနှင့် ကျွန်းပင်၏ လုံးပတ်ကြီးထွားမှုတို့၏ ဆက်နွယ်မှုကို ကျွန်းပင်ငုတ်ပေါ်ရှိ နှစ်ကွင်း (Annual Ring)များ ရေတွက်ခြင်းဖြင့် စစ်ဆေးလေ့လာခဲ့သည်။ နောက်တစ်နှစ်တွင် သစ်တောစည်းမျဉ်းသစ်များ ထွက်လာသည်။ ယင်းတို့မှာ –

(က) လိုင်စင်တွင်ဖော်ပြထားသည့်အတိုင်း လုပ်သားဦးရေ၊ ဆင်၊ ယာဉ်၊ လှည်း စသည်တို့ထားရှိရမည်။

(ခ) မြေမှအမြင့် ၁၀ ပေတွင်လုံးပတ် ၆ ပေထက်မနည်းရှိသောကျွန်းပင်များကိုသာသင်းသတ်ရမည်။

(ဂ) ဧန်နဝါရီ၊ ဖေဖော်ဝါရီနှင့်မတ်လများတွင်သာသင်းသတ်ရမည်။နောက်နှစ်နှစ်ကြာမှခုတ်လှဲရမည်။

(ဃ) တစ်ပင်ခုတ်လျှင် ၅ ပင် ပြန်စိုက်ရမည်။

(င) လိုင်စင်လွှဲပြောင်းလိုလျှင် ရုံးတွင်မှတ်ပုံတင်ရမည်။

(စ) စည်းကမ်းများကို ဖောက်ဖျက်ကျူးလွန်က လိုင်စင်ဖျက်သိမ်းမည်။

၅၂။ စည်းမျဉ်းအတည်ပြုသည့်အခါ ဘုရင်ခံချုပ်က စည်းကမ်းချက်အပိုဒ် (စ) ကို အရေးမယူရန် ညွှန်ကြားခဲ့သည်။ ကက်ပတိန်ဂုသရီး (Captain Guthrie) က စည်းကမ်းချက် (စ) အရ အရေးယူသည့် အခါ ဥရောပတိုက်သားသစ်ကုန်သည်တို့က ၁၈၄၆ ခုနှစ်တွင် အယူခံဝင်ရာ တိုင်းမင်းကြီးက ပယ်ချလိုက်သည်။ သို့ရာတွင် ဘင်္ဂလားဘုရင်ခံ၏မှတ်တမ်းတွင် "ပြစ်ဒဏ်ချမှတ်ရန် အစိုးရက အမိန့် မပေးခဲ့။ သစ်တောဝန်ထောက်သည် ပေးအပ်မထားသော အာဏာကို အလွဲသုံးစားလုပ်သည်။ အစိုးရသည် အပြစ်ပေးရန် စိတ်မကူးခဲ့။ ကြွရွယ်ချက်လည်းမရှိ။ နှိပ်စက်မတရားပြုလုပ်ရာရောက်သည်။" ဟု ဖော်ပြထားသည်။ ယင်းအမှုတွဲ လန်ဒန်မြို့ရှိ ဒါရိုက်တာအဖွဲ့သို့ရောက်ရှိသည့်အခါ ဘုရင်ခံအဆိုပြုသည့် ကျွန်းတောများကို အပြီးအပိုင် ရောင်းချပြီး ရာသက်ပန်လွှဲပြောင်းပေးရေးကို သဘောမတူဘဲ ရုပ်သိမ်းထားသည့် လိုင်စင်များကို ပြန်လည် ပေးအပ်ရန် အမိန့်ချမှတ်သဖြင့် ဂုသရီးသည် မြန်မာနိုင်ငံအပေါ်ထားရှိသော စေတနာနှင့် သူယုံကြည်သော သစ်တောထိန်းသိမ်းရေးနှင့် ဆန့်ကျင်ဘက်ဖြစ်သောကြောင့် ရာထူးမှ နုတ်ထွက်ခဲ့သည်။

၅၃။ အထက်ပါအတိုင်း စည်းကမ်းချက်အမျိုးမျိုးချမှတ်၍ လိုင်စင်ဖြင့်သစ်ထုတ်ခြင်းအပေါ် ကြပ်မတ်ခဲ့သော်လည်း ယင်းတာဝန်ဝတ္တရားကို အဓိကကွပ်ကဲပေးရမည့် သစ်တောဌာနမရှိသေးခြင်း၊ ဝေါလစ်ချ်၏ အကြံပြုချက်များကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခဲ့ခြင်းတို့ကြောင့် ဝေါလစ်ချ်၏ မြန်မာ့သစ်တောနှင့်ပတ်သက်၍ ပထမဆုံးအစီရင်ခံစာတင်ပြခဲ့သည့် ၁၈၂၇ ခုနှစ်မှ ၁၆ နှစ်တာကာလကြာမြင့်သည့်တိုင်အောင် မြန်မာ့သစ်တောများကို စနစ်တကျ စီမံအုပ်ချုပ်နိုင်ခြင်း မရှိသေးပေ။ ထရီးမင်းဟီးယား၏ တာဝန်ထမ်းဆောင်သည့် သက်တမ်းကာလအတွင်းမှာလည်း ၄င်း၏ စည်းကမ်းချက်များ လိုက်နာအကောင်အထည်ဖော်ခြင်း ဖြစ်ဖြစ်မြောက်မြောက် မရှိခဲ့သေးချေ။

၅၄။ ၁၈၂၉ ခုနှစ်ကတည်းက ဒေါက်တာဝေါလစ်ချ်အနေဖြင့် "မြန်မာ့သစ်တောတွေတော့ ပျက်စီးကုန်တော့မှာပဲ" ဟု စိတ်ပျက်လက်ပျက် အောက်ပါအတိုင်း ငြီးငြူအစီရင်ခံခဲ့သည်မှာ မှတ်သားလောက်သဖြင့် မူရင်းအတိုင်းပင် ဖော်ပြလိုက်သည်–

> " No forest exists which can with propriety be called inexhaustible - at least that is liable to constant and extensive demands for timber ." The quantity of teak used for public purposes, both military and naval, is so great and it will go on increasing to so great and an

extent in proportion as new sources of supplies are opened, that the Maulamine forest, ample as they are would be soon impoverished unless they are placed under a vigilant and strict superintendence, their supply regulated with economy, and their extent gradually augmented ”

၅၅။ ၁၈၄၈ ခုနှစ်တွင် ပါလီမန်၏သဘောတူခွင့်ပြုချက်အရ တိုင်းမင်းကြီး မစ္စတာကယ်လဗင် (Mr.Calvin) က “တနင်္သာရီသစ်တောများ၏ အခြေအနေအစီရင်ခံစာ” ကို အိန္ဒိယအစိုးရနှင့်ဖြတိသျှ အစိုးရ ထံတင်သွင်းခဲ့ပြီး ၄င်း၏လက်အောက်တွင် သစ်တောဌာနဟုခေါ်နိုင်သည့် အစုအဖွဲ့ငယ် တစ်ခု ကို ၄င်း၏ လက်ထောက်အရာရှိတစ်ဦး၏ အုပ်ချုပ်မှုအောက်တွင်ထား၍ ဖွဲ့စည်းပေးခဲ့သည်။

၅၆။ ၁၈၄၉ ခုနှစ်တွင် ကာလကတ္တား ရုက္ခဗေဒဥယျာဉ်၏ အကြီးအကဲဖြစ်သူ ဒေါက်တာဖယ်လ်ကွန်နာ (Dr. H. Falconer) သည် ဖြတိသျှအုပ်ချုပ်ထားသော မြန်မာ့နယ်မြေရှိ သစ်တောများအခြေအနေကို စစ်ဆေးအစီရင်ခံရန် ရောက်ရှိလာသည်။ ၁၈၅၁ ခုနှစ်တွင် အစီရင်ခံစာတင်သွင်းသည့်အခါ ယခင် ဝေါလစ်ချ်၊ ဟဲလ်ဖား၊ ထရီးမင်းဟီးယားနှင့် ဂုသရီးတို့၏ အစီရင်ခံစာများကို အလေးအနက် ထောက်ခံ ခဲ့သည်။ ၄င်း၏အစီရင်ခံစာတွင် သစ်ထုတ်လိုင်စင်လုပ်ကိုင် ခွင့်ရသူများအနေဖြင့် လိုင်စင်ပါစည်းကမ်းများ နှင့် ပြဋ္ဌာန်းချက်များကိုလိုက်နာရန် ပျက်ကွက်မှုများကြောင့် သစ်တောများပျက်စီးပြီး ကျွန်းပင်ငယ်များ ကိုပင် မမြင်မတွေ့ရတော့ကြောင်း ဖော်ပြထားသည်။ ထို့အပြင် ထုတ်လုပ်မှုစည်းကမ်းချက်များ မည်သို့ပင် သတ်မှတ်စေကာမူ အရေးအကြီးဆုံးအချက်မှာ ခုတ်လှဲကုန်ခမ်းသွားသော ကျွန်းပင်များအတွက် သစ်တောစိုက်ခင်းများ ထူထောင်ရန်ဖြစ်ကြောင်း အလေးအနက် ဖော်ပြခဲ့သည်။ ကျွန်းစိုက်ခင်းများ ထူထောင်ရန်မှာလည်း ကျွမ်းကျင်သော ပညာရှင်၏ ဦးဆောင်ကွပ်ကဲမှုကိုခံယူ၍ ဆောင်ရွက်မှသာ အောင်မြင်မည်ဖြစ်ကြောင်း အစီရင်ခံစာ၏ အဆုံးသတ်တွင် ဖော်ပြခဲ့သည်။

တနင်္သာရီသစ်တောမှ ကျွန်းသစ်ထုတ်လုပ်သည့်လုပ်ငန်းအခြေအနေ [၁၂]

၅၇။ ၁၈၂၆ ခုနှစ်မှ ၁၈၂၈ ခုနှစ်ထိ ၂ နှစ်တာမျှ အစိုးရသစ်ထုတ်ခြင်းကိုရပ်စဲ၍ ၁၈၂၉ ခုနှစ်တွင် ပုဂ္ဂလိက သစ်ထုတ်ခွင့်ကို လွတ်လပ်စွာဆောင်ရွက်ခွင့်ပြုလိုက်သောအခါ မော်လမြိုင်မြို့သည်လည်း ဘင်္ဂလားသို့ သစ်တင်ပို့ခြင်းလုပ်ငန်း၊ သင်္ဘောတည်ဆောက်ခြင်းလုပ်ငန်းတို့ကြောင့် ဖွံ့ဖြိုးစည်ကားလာခဲ့သည်။ ၁၈၃၃ ခုနှစ် တွင် အိန္ဒိယပြည်သို့ ကျွန်းသစ် ၇,၃၀၀ တန်တင်ပို့နိုင်ခဲ့သည့်အပြင် သင်္ဘောသုံးစင်း တည်ဆောက်နိုင်ခဲ့ပြီး နောက်ထပ် သုံးစင်းကိုလည်း တည်ဆောက်လျက်ရှိသည်။ တိုင်းမင်းကြီး မိန်းဂီးက မြန်မာပိုင်နက်မှ အိန္ဒိယပြည် ကာလကတ္တားသို့ တင်ပို့သော ကျွန်းသစ်များအပေါ် အခွန်တော်စည်းကြပ်ခွင့်ပြုရန်ကိုလည်း အိန္ဒိယအစိုးရထံ တင်ပြခဲ့သည်။ မော်လမြိုင်တွင် သစ်ထုတ်လုပ်ငန်းကို အပြိုင်အဆိုင် ဆောင်ရွက်ခဲ့ကြရာ အုပ်ချုပ်ကွပ်ကဲမှု

[၁၂] ဗမာ့ကျွန်း (ဦးချိုန်ဟိုး) နှင့် ဗမာ့သစ်တောများ (ဦးချိုန်ဟိုး)

အားနည်းသဖြင့် ၁၈၄၀ ခုနှစ်သို့ရောက်သောအခါ တနင်္သာရီ ကျွန်းတောများ ကုန်သလောက်နီးပါး ဖြစ်ခဲ့ရသည်။ တနင်္သာရီကျွန်းတောများ ကုန်ခမ်းသွားသောအခါ ဆက်စပ်နယ်မြေများဖြစ်သော ရှမ်းနှင့် ကရင်နီ (ယခု ကယားပြည်နယ်) သစ်တောများသို့ ဝင်ရောက်လုပ်ကိုင်ရန် အစပျိုးလာသည်။

၅၈။ ၁၈၄၀ မှ ၁၈၄၈ ခုနှစ်များအတွင်း မော်လမြိုင်မှနိုင်ငံခြားသို့တင်ပို့သော ကျွန်းသစ်လုံးတန်များ တစ်နှစ်ပျှမ်းမျှ ၁၁,၈၉၀ တန် ဖြစ်သည်။ အများဆုံး တန် ၁၈,၀၀၀ မှ အနည်းဆုံး ၄,၉၅၅ တန်ခန့် ရှိသည်။ ထိုစဉ်က ပြုစုခဲ့သောစာရင်းဇယားများအရ အတ္ထရံသစ်တောများမှ ၁၈၂၉ ခုနှစ် မှ ၁၈၅၈ ခုနှစ် အထိ နှစ် ၃၀ ကာလအတွင်း ကျွန်းပင် ၁၄၀,၀၀၀ နီးပါးထုတ်လုပ်ခဲ့ကြောင်း အောက်ပါအတိုင်းတွေ့ရှိရသည်–

နှစ်ကာလအပိုင်းအခြား	**ခုတ်လှဲသည့်ကျွန်းပင်**	**ရာခိုင်နှုန်း**	**တစ်နှစ်ပျမ်းမျှ ခုတ်လှဲပင်**
၁၈၂၉ မှ ၁၈၄၁	၇၇,၇၀၄	၅၆.၃	၆,၄၇၅
၁၈၄၁ မှ ၁၈၄၇	၄၄,၂၆၉	၃၂.၁	၇,၃၇၈
၁၈၄၇ မှ ၁၈၅၃	၁၁,၆၈၂	၈.၅	၁,၉၄၇
၁၈၅၃ မှ ၁၈၅၈	၄,၂၉၂	၃.၁	၈၅၈
နှစ် ၃၀ စုစုပေါင်း	၁၃၇,၉၄၇		

၅၉။ အထက်ပါစာရင်းတွင် သစ်တောများမှ မတရားခိုးထုတ်ယူသွားသော ကျွန်းသစ်စာရင်း ပါဝင်ခြင်း မရှိသေးပေ။ ၁၈၂၉–၁၈၄၁ ခုနှစ်နှင့် ၁၈၄၁–၁၈၄၇ ခုနှစ်ကာလအတွင်း ကျွန်းသစ်အများဆုံး ထုတ်လုပ်နိုင်ခဲ့ပြီး ၁၈၄၇ ခုနှစ်မှစ၍ နှစ်စဉ်ထုတ်လုပ်မှုကျဆင်းခဲ့ပြီး ၁၈၅၃–၁၈၅၈ ခုနှစ် ကာလတွင် တစ်နှစ်ပျမ်းမျှ ခုတ်လှဲထုတ်လုပ်သည့် ကျွန်းပင်သည် ပင်ရေ ၁,၀၀၀ အောက်သို့ ကျဆင်းသွားခဲ့သည်။ ထုတ်လုပ်ခဲ့သော ကျွန်းသစ်များဖြင့် မော်လမြိုင်ရှိ သင်္ဘောတည်ဆောက်လုပ်ငန်းမှ သင်္ဘောစင်းရေ ၁၀၀ ကျော် (တန်ချိန် ၃၀,၀၀၀မျှ) ကို တည်ဆောက်နိုင်ခဲ့သည့်အပြင် ဥရောပနှင့်အိန္ဒိယသို့ သင်္ဘော တည်ဆောက်ရန်နှင့် အခြားအသုံးပြုမှုများအတွက် တင်ပို့နိုင်ခဲ့သည်။ အင်္ဂလိပ်ရေတပ် သမိုင်းဝင် စစ်သင်္ဘောများဖြစ်သော 'Victory', 'H.M.S Warrior' နှင့် နာမည်ကျော်ကုန်တင်သင်္ဘော 'Cutty Sark' တို့ကို မြန်မာ့ကျွန်းသစ်ဖြင့် အင်္ဂလန်တွင် တည်ဆောက်ခဲ့ကြောင်းသိရှိရသည်။ ဒဂုံ(ယခု ရန်ကုန်) နှင့် မော်လမြိုင် ဆိပ်ကမ်းတို့တွင် ဥရောပကုမ္ပဏီများက သင်္ဘောတည်ဆောက်ခဲ့ကြသည်ကို အောက်ပါ အတိုင်း တွေ့ရှိရသည်–

ကာလ	**ဆိပ်ကမ်း**	**ဥရောပပုံစံရွက်တင်သင်္ဘောပေါင်း**	**တန်ချိန်ပေါင်း**
၁၇၈၆–၁၈၂၄	ဒဂုံ	၁၁၁ စီး	၃၅၀၀၀ တန်[၁၃]
၁၈၃၀–၁၈၅၅	မော်လမြိုင်	၁၂၃ စီး	၃၀၀၀၀ တန်[၁၄]

[၁၃] A History of Rangoon. By B.R .PEARN-1939,P-71

[၁၄] မြန်မာ့သစ်လုပ်ငန်းသမိုင်း (၁၈၅၅ မှ ၁၈၈၅)၊ ဒေါ်သိန်းဟန် ၁၉၆၃ ခုနှစ်၊ သင့်ဘဝမဂ္ဂဇင်း နိဝင်ဘာ ၂၀၀၀၊ စာ– ၁၅၈

၆၀။ အိန္ဒိယရှိ သစ်ကုမ္ပဏီများနှင့် အဆက်အသွယ်ရှိသော မြန်မာတိုင်းရင်းသား သစ်ကုန်သည် အများအပြား လည်း စီးပွားဖြစ်လာခဲ့ကြသည်။ ထိုစဉ်က တိုင်းရင်းသားလုပ်ငန်းရှင်များ၏ အရင်းအနှီးများဖြင့် သစ်ထုတ် ခဲ့ကြရာ လုပ်ငန်းတစ်ခုလုံး၏ ၆၅ ရာခိုင်နှုန်းခန့်မျှရှိသည်။ ၁၈၄၁ ခုနှစ်အတွင်း တနင်္သာရီ သစ်တော များမှ ကျွန်းသစ်ထုတ်လုပ်သူများနှင့် ခုတ်လှဲပင်ပမာဏမှာ အောက်ပါအတိုင်းဖြစ်သည်–

ထုတ်လုပ်သူအမည်	ခုတ်လှဲပင်	ရာခိုင်နှုန်း
ကော့ကရဲကုမ္ပဏီ	၂,၁၅၆	၂၃.၈
ရှိတ်အဗ္ဗဒူလာ	၃၆၈	၄.၄
ကပ္ပတိန်ကလပ်	၁၆၄	၂.၁
မစ္စတာဒါဝုဒ်	၁၃၅	၁.၅
မစ္စတာဖောက်စ်	၃၂၂	၃.၆
မစ္စတာရစ်ချဒ်ဆန်	၃၀၁	၃.၃
သောင်ရင်းကရင်ဆင်ပိုင်များ	၁,၆၄၁	၁၈.၁
ဝိန်ရိုး	၄၁၂	၄.၆
မစ္စတာမွန်ရဲ	၆၆	၀.၇
ရိုင်းလင်းဗွေး	၆၇၅	၇.၄
ပန်းထုံးသံလွင်	၈၂၄	၉.၁
တိုင်းရင်းသားဂရန်ရှင်များ	၁,၉၄၅	၂၁.၄
စုစုပေါင်း	၉,၀၆၉	

၆၁။ ကျွန်းသစ်ထုတ်လုပ်ခြင်း လုပ်ငန်းတွင် ဥရောပတိုက်သားမဟုတ်သူ အများအပြားက လုပ်ကိုင်နေ ကြသော်လည်း ကျွန်းသစ်စျေးကွက်ကို ဥရောပတိုက်သားများက ချုပ်ကိုင်ထားခဲ့သည်။ ဥရောပတိုက်သား လုပ်ငန်းရှင်များက တိုင်းရင်းသားများနှင့် ထက်ဝက်စားစီ ဖက်စပ်လုပ်ကိုင်ခြင်းနှင့် စရံငွေထုတ်ပေးပြီး သစ်ထုတ်ခန္ဓနန်း သတ်မှတ်ငွေပေးချေခြင်းဖြင့်လည်း လုပ်ငန်းဆောင်ရွက်ခဲ့ကြသည်။ ထိုကာလတွင် အရင်းအနှီးအင်အားကြီးမားသော နိုင်ငံခြားသားသစ်ကုမ္ပဏီကြီးများ ဝင်ရောက်လာခြင်း မရှိသေးချေ။

အင်္ဂလိပ် – မြန်မာ ဒုတိယစစ်ပွဲ (၁၈၅၂–၁၈၅၄ ခုနှစ်)

၆၂။ ၁၈၂၆ ခုနှစ် ချုပ်ဆိုသော ရန်ကုန်ပိစာချုပ်အရ ရခိုင်နှင့်တနင်္သာရီကို မြန်မာတို့ လက်လွှတ် လိုက်ရ သော်လည်း ရန်ကုန်၊ မုတ္တမနှင့် ပုသိမ်ပင်လယ်ဆိပ်ကမ်းတို့မှာ မြန်မာ့လက်ဝယ်ကျန်ရှိနေသဖြင့် ပင်လယ် ရပ်ခြားနှင့် ကုန်သွယ်မှု အဆက်မပြတ်ခဲ့ချေ။ စင်စစ် ယင်းကုန်သွယ်မှုများမှာ မြန်မာတို့က နိုင်ငံခြားနှင့် ဆက်သွယ်ကုန်သွယ်မှုမျိုးမဟုတ်ဘဲ၊ အင်္ဂလိပ်–ပြင်သစ်ကုန်သည်များက ရန်ကုန်တွင် အခြေချနေထိုင်လျက် ပင်လယ်ရပ်ခြားနှင့် ကုန်သွယ်မှုမျိုး ဖြစ်သည်။

၆၃။ အရှေ့အိန္ဒိယကုမ္ပဏီအစိုးရအနေဖြင့် ရခိုင်နှင့်တနင်္သာရီကို သိမ်းပိုက်ထားရသည်မှာလည်း စီးပွားရေးအနေဖြင့်မူ တွက်ချေမကိုက်ပေ။

၆၄။ သာယာဝတီမင်း ကွယ်လွန်ပြီးနောက် ပုဂံမင်း (၁၈၄၆–၁၈၅၃) လက်ထက်တွင် အုပ်ချုပ်ရေး၊ စီးပွားရေးအကျင့်ပျက်မှု များပြားလာသဖြင့် နိုင်ငံ၏အုပ်ချုပ်ရေးအင်အား ချိနဲ့လာခဲ့သည်။ ရန်ကုန်မြို့ဝန် မောင်အုပ်သည် ၁၈၅၁ ခုနှစ်၊ ဇူလိုင်နှင့်ဩဂုတ်တွင် ရန်ကုန်ဆိပ်ကမ်းတွင် ဝင်ရောက်လာသည့် ဗြိတိသျှသဘော်ကပ္ပတိန်နှစ်ဦးကို ငွေကျပ်တစ်ထောင်ဒဏ်တပ်ခဲ့သည့်အရေးကိစ္စကို အကြောင်းပြု၍ အင်္ဂလိပ်–မြန်မာ ဒုတိယစစ်ပွဲ ဖြစ်ပွားခဲ့သည်။ ဗြိတိသျှတို့သည် ရန်ကုန်နှင့် မုတ္တမဆိပ်ကမ်းကို သိမ်းယူသည်။ ယင်းနောက် ပြည်မြို့ကို တိုက်ခိုက်သိမ်းယူခဲ့သည်။ ၁၈၅၂ ခုနှစ်၊ ဒီဇင်ဘာ ၂၀ ရက်နေ့တွင် ရန်ကုန်တွင် အခမ်းအနားဖြင့် ပဲခူးတိုင်းကိုသိမ်းယူကြောင်း ကြေညာခဲ့သည်။ မေဂျာအာသာ ဖယ်ယာ (Mr. Arthur P. Phayre) သည် ပဲခူးတိုင်း၏ ပထမဆုံးကော်မရှင်နာတိုင်းမင်းကြီးအဖြစ် ခန့်အပ်ခြင်း ခံရသည်။ ပုဂံမင်းနောက်ဆက်ခံသော မင်းတုန်းမင်းသည် မကွေးမင်းကြီးဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို ၁၈၅၃ ခုနှစ်၊ မတ်လတွင်စေလွှတ်၍ ပဲခူးတိုင်းကို ပြန်လည်ပေးအပ်ရေး ဆွေးနွေးစေခဲ့သော်လည်း အောင်မြင်မှု မရရှိဘဲ မြေထဲမြို့ကို မြန်မာနှင့်အင်္ဂလိပ်ပိုင်နက် နယ်ခြားအဖြစ် သတ်မှတ်သဘောတူခဲ့ရသည်။ ၁၈၅၄ ခုနှစ်တွင် ဒလမြို့ဝန်ဦးဆောင်သော သံအဖွဲ့သည် ကာလကတ္တားသို့လည်းကောင်း၊ ၁၈၅၅ ခုနှစ်တွင် ပဲခူးတိုင်းမင်းကြီးဖယ်ယာ ဦးဆောင်သော သံအဖွဲ့သည် မြန်မာဘုရင် နန်းစိုက်ရာ အမရပူရ သို့လည်းကောင်း အပြန်အလှန်သွားရောက်၍ ငြိမ်းချမ်းမှုရယူခဲ့သည်။

၆၅။ ဤသို့ဖြင့် ၁၈၂၆ ခုနှစ်၊ ရန်ကုန်စာချုပ်ဆို၍ ရခိုင်–တနင်္သာရီတို့ကို လက်လွှတ်လိုက်ရပြီးနောက် ၂၆ နှစ်မျှအကြာ ၁၈၅၂ ခုနှစ်တွင် ဒုတိယအင်္ဂလိပ်–မြန်မာစစ်ပွဲ၏ရလဒ်အဖြစ် ပဲခူးတိုင်းကို လက်လွှတ်ခဲ့ရသည်။ မြန်မာတို့၏လက်ဝယ်မှ ပင်လယ်ဆိပ်ကမ်းမြို့များအားလုံးကိုပါ ဆုံးရှုံးသွားခဲ့ရပြီး အထက်မြန်မာပြည်မှ ကျွန်းသစ်များကို နိုင်ငံခြားသို့တင်ပို့ရောင်းချရာတွင် အင်္ဂလိပ်ပိုင်နက်ဖြစ်သော တောင်ငူမြို့မှတစ်ဆင့်သာလျှင် တင်ပို့ရောင်းချခြင်း ပြုနိုင်တော့သည်။

အင်္ဂလိပ်–မြန်မာ ဒုတိယစစ်ပွဲပြီးစ မြန်မာ့ကျွန်းတောများစီမံအုပ်ချုပ်မှုအခြေအနေ[၁၅]

၆၆။ ဆရာဝန်၊ ရုက္ခဗေဒပညာရှင်ဖြစ်သော ဒေါက်တာမက်ကလဲလင်း (Dr. J. McClelland) ကို သစ်တောအရာရှိအဖြစ်ခန့်အပ်၍ အင်္ဂလိပ်ပိုင်နက် အောက်မြန်မာပြည်ရှိ သစ်တောအားလုံးကို အုပ်ချုပ်ရန် တာဝန်ပေးအပ်ခဲ့သည်။ မစ္စတာမက်ကလဲလင်းကို သစ်တောအရာရှိအဖြစ်ခန့်အပ်သည်ဟုဆိုရာ၌ သစ်တော ဌာန၏ သစ်တောအရာရှိ မဟုတ်သေးချေ။ ထိုကာလ၌ သစ်တောများသည်လည်း ပဲခူးတိုင်းမင်းကြီး၏ အုပ်ချုပ်မှုအောက်တွင်ပင် ရှိသေးသည်။ သစ်တောဌာနဟူ၍ သီးခြားဖွဲ့စည်းနိုင်ခြင်း မရှိသေးသဖြင့် သစ်တောအရာရှိအမည်ခံ ဒေါက်တာမက်ကလဲလင်းသည်လည်း ပဲခူးတိုင်းမင်းကြီး၏ လက်အောက်ခံ အရာရှိတစ်ဦးမျှသာ ဖြစ်သည်။ မည်သို့ပင်ရှိစေကာမူ ဒေါက်တာမက်ကလဲလင်းသည် မြန်မာနိုင်ငံသစ်တော

---

[၁၅] ဗမာ့ကျွန်း (ဦးချိုန်ဟိုး)၊ ဗမာ့သစ်တောများ (ဦးချိုန်ဟိုး)၊ နိုင်ငံတော်ကောင်စီမှစုံစမ်းမေးမြန်းချက်များနှင့်ပတ်သက်၍ သစ်တောဦးစီးဌာနမှ ပြုစုတင်ပြချက်များ

အုပ်ချုပ်ရေးကို စတင်ပျိုးထောင်ပေးခဲ့သူ ဖြစ်သည်။ ဒေါက်တာမက်ကလဲလင်းသည် သစ်တောများသို့ လပေါင်းများစွာ ကွင်းဆင်းစစ်ဆေးလေ့လာခဲ့ပြီး ပုဂ္ဂလိကကုန်သည်များ၏ ကျွန်းသစ်များ ပရမ်းပတာ ခုတ်လဲထုတ်လုပ်နေခြင်းကို တားဆီးနိုင်ရန် စည်းကမ်းနည်းလမ်းများကို ထောက်ခံတင်ပြခဲ့သည်။ အုပ်ချုပ်ရေး အတွက်လိုအပ်သော အခွန်ရရှိရေးကို အကြောင်းပြု၍ ပုဂ္ဂလိကသစ်ကုန်သည်များအား မျက်နှာသာပေးသော တိုင်းမင်းကြီးမစ္စတာဖယ်ယာနှင့် သစ်တောများရေရှည်အကျိုးအတွက် စည်းကမ်းတကျ အုပ်ချုပ်ရန် လိုအပ်သည်ဟုယူဆသူ ဒေါက်တာ မက်ကလဲလင်းတို့မှာ လုပ်ငန်းသဘောအရ တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားခြင်း တိုက်ဆိုင်ညီညွတ်မှုမရှိခဲ့ပေ။ ဒေါက်တာမက်ကလဲလင်းသည် ၄င်း၏ ရပ်တည်ချက်ကို အလျှော့မပေးခဲ့ဘဲ သစ်တောအရာရှိ ရာထူးမှနုတ်ထွက်ခဲ့သည်။

၆၇။ **ကျွန်းသစ်ကို အစိုးရပိုင်အဖြစ် သတ်မှတ်ကြေညာခြင်း**။ ဒေါက်တာမက်ကလဲလင်း၏ ခိုင်မာသော ရပ်တည်တင်ပြချက်အရ ၁၈၅၅ ခုနှစ်တွင် အိန္ဒိယ နိုင်ငံဘုရင်ခံချုပ် လော့ဒ်ဒါလဟိုဇီ (Marquis of Dalhousie) က 'Charter of Indian Forests' ဟု ခေါ်တွင် သည့် သစ်တောများဆိုင်ရာ ပဋိညာဉ်ဥပဒေကို ထုတ်ပြန်၍ အိန္ဒိယနှင့်မြန်မာသစ်တောများတွင် အမြဲတမ်းလိုက်နာရမည့် အုပ်ချုပ်မှုဆိုင်ရာ မူဝါဒတစ်ရပ်ကို သတ်မှတ်ပြဋ္ဌာန်းပေးခဲ့သည်။ ယင်းပဋိညာဉ်တွင် သစ်တောများရှိ ကျွန်းသစ်အားလုံးသည် အစိုးရပိုင်ဖြစ်သည်၊ ကျွန်းသစ်အားလုံးဆိုရာတွင် လွဲထားသော ကျွန်းပင်များကိုလည်း တန်ရာတန်ကြေး တန်ဖိုးအပြည့် ဈေးနှုန်းဖြင့်ရောင်းချရမည်၊ ထုတ်လုပ်ရန် သင့်တော်သော အရွယ်ရောက်ပြီး ကျွန်းပင်များကို အနာဂတ်ထိန်းသိမ်းရေးမူအရ ရွေးချယ်သင်းသတ်သောစနစ်ဖြင့် သင်းသတ်ရမည်၊ သင်းသတ်ခြင်းကို အစိုးရကသတ်မှတ်ခွင့်ပြုသော အစိုးရကိုယ်စား ဆောင်ရွက်သူ ကိုယ်စားလှယ်ကသာ သင်းသတ်ရမည်၊ ကျွန်းသစ်များကို အစိုးရ၏ကြပ်မတ်မှုခံယူပြီးမှ နေရာရွှေ့ပြောင်းရမည်၊ အရွယ်မတိုင်သေးသော ကျွန်းပင်နှင့်ငယ်ရွယ်သော ကျွန်းပင်များကိုသင်းသတ်ခြင်းမပြုရ။ တနင်္သာရီသစ်တောများတွင် ဖြစ်သကဲ့သို့ သစ်ကုန်သည်များစည်းကမ်းမဲ့ထုတ်ယူ၍ တောပျက်စီးခြင်း မရှိစေရ၊ အစရှိသည်တို့ ပါဝင်သည်။ ဤသည်တို့မှာ မြန်မာနိုင်ငံသစ်တောများကို သိပ်ပံနည်းကျ စီမံ အုပ်ချုပ်ရေးအတွက် အခြေခံများပင် ဖြစ်သည်။ သို့ရာတွင် သစ်ကုန်သည်များ သစ်ထုတ်သည့်အခါ ဖြူန်းတီး မှုများမှာ ရပ်စဲခြင်းမရှိ၊ သစ်ပိုမိုလိုအပ်သဖြင့် အလွန်အကျွံ ခုတ်လဲကြသည်။ မက်ကလဲလင်းသည် စည်းကမ်းမဲ့ သစ်ခုတ်လဲနေခြင်းကို ကြပ်မတ်နိုင်ရန် အကြံပြုချက်များ တင်ပြခဲ့သည်။ သစ်တော အခြေ အနေများကို မှန်ကန်စွာ အကဲဖြတ်နိုင်သူ ဖြစ်သည်။ ဝေါလစ်ချ်မှစ၍ ဟဲလဖား၊ ဖယ်လကိုးနာတို့၏ အစီရင်ခံစာများကြောင့် သစ်တောပျက်စီးနေခြင်းမှာ ထင်ရှားနေသော်လည်း ထိရောက်စွာ အရေး မယူဘဲ ရှိခဲ့သည်။

၆၈။ ကျွန်းသစ်အဆက်မပြတ် ရရှိစေရန်၊ သုံးနှစ်ကြိုတင်သင်းသတ်ရန်၊သစ်တောအချို့ကို အစိုးရလက်ဝယ်ထားရှိပြီး ကုန်သည်များအတွက် အစိုးရတံဆိပ်ရိုက်ပေးရန် ရှေးဦးဆုံးအကြံပေးသူမှာ မက်ကလဲလင်း ဖြစ်သည်။ ၄င်းက ကျွန်းသစ်များကိုချည်း အားကိုးမနေသင့်၊ ကျွန်းတစ်မျိုးတည်းကိုသာ ရှာဖွေအသုံးချရန်

အားကိုးနေခြင်းကြောင့် နောင်တွင်ဤသစ်မျိုး ပျောက်ကွယ်သွားလိမ့်မည်၊ ထို့ကြောင့် ကျွန်းအပြင် အခြားသစ်မျိုးတို့၏ပေါများပုံနှင့် အသုံးဝင်ပုံတို့ကိုလည်း ကျွန်းကဲ့သို့အလားတူ နားလည်ကြလျှင် သဘာဝသယံဇာတပစ္စည်းများ၏ တန်ဖိုးသည် နည်းမည်မဟုတ်ဟု ထောက်ပြခဲ့သည်။

ဒေါက်တာဘရန်းဒစ်နှင့် သိပ္ပံနည်းကျ သစ်တောများ စီမံအုပ်ချုပ်မှုစနစ် ဖော်ဆောင်ခြင်း[၁၆]

၆၉။ တနင်္သာရီတိုင်း၊ မော်လမြိုင်မှကျွန်းတောများကို ပုဂ္ဂလိက စီးပွားရေး သမားများ လိုင်စင်စည်းကမ်းများကို မလိုက်နာဘဲ ထင်သလိုခုတ်လဲထုတ်လုပ်မှုကြောင့် ၁၈၂၉ ခုနှစ်မှ ၁၈၅၈ ခုနှစ် အထိ နှစ် ၃၀ အတွင်း မှာပင် ကျွန်းတောများ ပြုန်းတီးလုနီးပါး ဖြစ်ခဲ့ ရသည်။ ယင်းအဖြစ်အပျက်သည် မြန်မာနိုင်ငံတွင် ပထမဆုံးအဖြစ်အပျက်ဟု ဆိုနိုင်သော်လည်း အိန္ဒိယအစိုးရအနေဖြင့်မူ အိန္ဒိယမှ မာလာဘာပင် ကျွန်းတောများနှင့် အင်္ဂလန်မှ ဝက်သစ်ချ သစ်တောများ ပျက်စီးပြုန်းတီးခဲ့ရသော သင်ခန်းစာများ ရရှိထားပြီးဖြစ်သည်။

၇၀။ အိန္ဒိယကို အရှေ့အိန္ဒိယကုမ္ပဏီအစိုးရက အုပ်ချုပ်သည့်စနစ်မှ ဗြိတိသျှအစိုးရ၏ တိုက်ရိုက်အုပ်ချုပ်မှု အောက်သို့ လွှဲပြောင်းခဲ့ပြီးနောက် အိန္ဒိယဘုရင်ခံချုပ်ဖြစ်လာသော လော့ဒ်လဟိုဇီသည် သစ်တောများကိုခေတ်မီသော သိပ္ပံနည်းကျသစ်တောအုပ်ချုပ်စီမံမှုစနစ်ဖြင့် လုပ်ကိုင်ရန်အားပေးခဲ့သည်။ ဒေါက်တာမက်ကလဲလင်း နုတ်ထွက်သွားပြီးနောက် ဘုရင်ခံချုပ် လော့ဒ်လဟိုဇီသည် ၁၈၅၆ ခုနှစ်တွင် ပဲခူးတိုင်းသစ်တောအရာရှိ (Pegu's Superintendent of Forests) အဖြစ် ဒေါက်တာဘရန်းဒစ် (Dr. Dietrich Brandis) ကိုခန့်အပ်ခဲ့သည်။ ဂျာမန်လူမျိုးရုက္ခဗေဒပညာရှင်တစ်ဦးဖြစ်ပြီး မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံ သစ်တောများတွင် သိပ္ပံနည်းကျ သစ်တောအုပ်ချုပ်ရေးစနစ်ကို အစပျိုးဖော်ဆောင်ပေးနိုင်ခဲ့သည့်အတွက် ဗြိတိသျှအစိုးရ၏ အမြင့်ဆုံး ဘွဲ့ဖြစ်သည့် 'ဆာ' ဘွဲ့ဖြင့် ချီးမြှင့်သူကောင်းပြုခြင်း ခံရသူဖြစ်သည်။ ဥရောပတိုက်သားနှင့် တိုင်းရင်းသား သစ်ကုန်သည်များက အကြီးအကျယ်အတိုက်အခံပြုလုပ်နေသည့်ကြားမှ မြန်မာနိုင်ငံ၏ သိပ္ပံနည်းကျ သစ်တောစီမံ အုပ်ချုပ်မှုအတွက် ခိုင်မြဲသောအခြေခံအုတ်မြစ်ကို ချမှတ်ပေးနိုင်ခဲ့သည်။

၇၁။ အင်္ဂလိပ်–မြန်မာဒုတိယစစ်ပြီးစကာလတွင် နိုင်ငံရေး၊ စီးပွားရေးနှင့် ပတ်ဝန်းကျင်အခြေအနေတို့သည် တည်ငြိမ်မှုမရှိသေးသည့်အတွက် ဘရန်းဒစ်သည် အစိုးရအုပ်ချုပ်ကြီးကြပ်သည့် ကျွန်းသစ်ထုတ်လုပ်ခြင်းလုပ်ငန်းကို လက်တွေ့လုပ်ကိုင်ရာ၌ ခက်ခဲစွာရုန်းကန်ရသည်။ ဗြိတိသျှအစိုးရအနေဖြင့်လည်း အိန္ဒိယပြည်တွင် ၁၈၅၇ ခုနှစ်မှ ၁၈၆၀ ခုနှစ်ထိ ပုန်ကန်မှုများကို ရင်ဆိုင်ဖြေရှင်းနေရသဖြင့် အစိုးရဘဏ္ဍာလိုအပ်ချက်အတွက် မြန်မာပြည် သစ်တောမှ အခွန်တော်ဝင်ငွေ ပိုမိုရရှိရန် အားထားနေရပြီး သစ်တောစီမံအုပ်ချုပ်မှုလုပ်ငန်းများအတွက် ငွေကြေးထောက်ပံ့မှုကို အကန့်အသတ်ဖြင့်သာ ပံ့ပိုးပေးခဲ့သည်။ အစိုးရသစ်ထုတ်လုပ်ငန်းကို စတင်အကောင်အထည်ဖော်သည့် ကာလဖြစ်၍ အမြတ်အစွန်း နည်းပါးမှုကို ထောက်ပြပြီး သစ်ကုန်သည်များက အစိုးရ ကျွန်းသစ်ထုတ်လုပ်သည့် စနစ်ကို ဖျက်သိမ်း၍ ၄င်းတို့အား

[၁၆] ဗမာ့ကျွန်း (ဦးချိန်ဟိုး)၊ ဗမာ့သစ်တောများ (ဦးချိန်ဟိုး)၊ နိုင်ငံတော်ကောင်စီမှစုံစမ်းမေးမြန်းချက်များနှင့်ပတ်သက်၍ သစ်တောဦးစီးဌာနမှ ပြုစုတင်ပြချက်များ

လွတ်လပ်စွာ ပြန်လည်လုပ်ကိုင်ခွင့်ပြုရန် ဝိုင်းဝန်းတိုက်တွန်းကြသည်ကိုလည်း ဒေါက်တာဘရန်းဒစ် ရင်ဆိုင်ခဲ့ရသေးသည်။ ပဲခူးသစ်တောများတွင် အစိုးရကကြီးကြပ်သည့် ကျွန်းသစ်ထုတ်လုပ်ခြင်းစနစ်ဖြင့် လုပ်ကိုင်ရန် လော့ဒ်ဒါလဟိုဇီ၏ ညွှန်ကြားချက်အတိုင်း ဘရန်းဒစ်က လက်တွေ့ အကောင်အထည်ဖော်ခဲ့သည်။ အခက်အခဲအမျိုးမျိုးကြားမှပင် ဘရန်းဒစ်သည် ၁၈၅၆ ခုနှစ်တွင် ပဲခူးရိုးမသစ်တောများ အတွက် မြန်မာနိုင်ငံ၏ ပထမဆုံးသော သစ်တောအုပ်ချုပ်လုပ်ကိုင်မှုကွက်စိပ်စီမံကိန်း (Working Plan) ကို ရေးဆွဲပေးနိုင်ခဲ့သည်။ ဤသစ်တောအုပ်ချုပ်လုပ်ကိုင်မှု ကွက်စိပ်စီမံကိန်းသည် ဗြိတိသျှအင်ပါယာ တစ်ခုလုံးတွင် ပထမဦးဆုံးဖြစ်သည်။ ဘရန်းဒစ်သည် ပဲခူးရိုးမသစ်တောများအတွင်း အသေးစိတ် ကွင်းဆင်းလေ့လာခဲ့ပြီး ပဲခူးရိုးမတွင် သစ်တော ပေါက်ရောက်မှုဧရိယာ ဧက ၈.၅ သန်းရှိကြောင်းနှင့် ကျွန်းပင်ပေါက်ရောက်မှု ၁၀ မှ ၁၂ ရာခိုင်နှုန်းခန့်မျှ ရှိကြောင်း ဖော်ထုတ်နိုင်ခဲ့သည်။ ခုတ်လှဲရမည့် ကျွန်းပင်အရွယ်ကိုလည်း ကျွန်းပေါက်ရောက်မှုကောင်းသော တောတွင် ရင်စို့လုံးပတ် ၇ ပေ ၆ လက်မနှင့် ကျွန်းပေါက်ရောက်မှု ညံ့သောတောတွင် ရင်စို့လုံးပတ် ၆ ပေ ၆ လက်မဟု သတ်မှတ်ပေးခဲ့သည်။ ၁၈၅၇ ခုနှစ်တွင် တနင်္သာရီနှင့် မုတ္တမသစ်တောများကိုလည်း ဘရန်းဒစ်၏ အုပ်ချုပ်မှုအောက်သို့ သွတ်သွင်းခဲ့သည်။

၇၂။ ဘရန်းဒစ်သည် အောက်မြန်မာနိုင်ငံ အင်္ဂလိပ်ပိုင်နက်အတွင်းရှိ သစ်တောများ၏ အုပ်ချုပ်ရေး အကြီးအကဲအဖြစ် ၁၈၅၆ ခုနှစ်မှ ၁၈၆၂ခုနှစ်အထိ တာဝန်ထမ်းဆောင်ပြီးနောက် အိန္ဒိယသို့ ပြောင်းရွှေ့ တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၈၆၄ မှ ၁၈၈၁ ခုနှစ်အထိ အိန္ဒိယနှင့် မြန်မာသစ်တောများ၏ သစ်တောအင်စပက်တော်ချုပ် (Inspector-General of Forests) အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ အောက်မြန်မာပြည် သစ်တောစီမံအုပ်ချုပ်မှုအတွက် ၂၃ နှစ် ကြာမျှ စနစ်ချမှတ် ဆောင်ရွက်ပေးခဲ့သည့် သစ်တောပညာရှင်ဖြစ်သည်။ နောက်ပိုင်း ဆက်ခံခဲ့သည့် သစ်တောပညာရှင် အားလုံးသည် ယနေ့ထက်တိုင် ဘရန်းဒစ် ချမှတ်တီထွင်ပေးခဲ့သော နည်းစနစ်များကို အခြေခံလျက် ဆက်လက် ဆောင်ရွက်ခဲ့ကြသည်။

၇၃။ ဘရန်းဒစ်၏ အရေးကြီးသည့် ဆောင်ရွက်ချက်များမှာ တန်းရှည်တန်ဖိုးတွက် တိုင်းတာနည်း (Linear Valuation Survey) ကို တီထွင်ခြင်းနှင့် သစ်ထွက်ခန့်မှန်းခြင်း (Yield Calculation) တို့ဖြစ်သည်။ မြန်မာပြည်သို့ ရောက်ရှိပြီး တစ်နှစ်အကြာတွင် ထိုတွက်နည်းကို တီထွင်နိုင်ခဲ့သည်။ ဟစ်ဆိုမီတာ (Hypsometer) ခေါ် သစ်ပင်အမြင့်တိုင်းသည့်ကိရိယာတစ်ခုကိုလည်း တီထွင်ခဲ့သည်။ ဘရန်းဒစ်သည် မြန်မာနိုင်ငံတွင် သိပ္ပံ နည်းကျသစ်တော စီမံအုပ်ချုပ်မှုကို စတင်ခြင်းနှင့်အတူ သစ်တောဌာနကို စနစ်တကျ တည်ထောင် ခဲ့သည်။ ရွှေပြောင်းတောင်ယာ ခုတ်ခြင်းတို့ကို ကန့်သတ်ခြင်း၊ ကျွန်းသစ်နှင့်အခြားသစ်မာ ထုတ်လုပ်မှု နှင့် သစ်တောထွက်ပစ္စည်းများ ထုတ်လုပ်ခြင်းတို့ကို စနစ်တကျ အခွန်ကောက်ခံပြီး သစ်တောထိန်းသိမ်း အုပ်ချုပ်မှုကို ခေတ်နှင့်အညီ တိုးတက်အောင် ဆောင်ရွက်ခဲ့သည်။ ပေါက်ရောက်သော ကျွန်းပင်၊ ခုတ်လှဲ ထုတ်ယူနိုင်သော ကျွန်းပင်၊ ကျွန်းမျိုးဆက်မှုအခြေအနေ (Teak

Regeneration) တို့ကိုအခြေခံ၍ ကျွန်းသစ် အစဉ်အမြဲ ထုတ်လုပ်ရရှိစေမည့်တောထွက် (Sustained Yield) ကို ခန့်မှန်းတွက်ချက်ခဲ့သည်။ တော အလိုက် နှစ်စဉ်တောထွက် (Annual Yield) သတ်မှတ်ပြဋ္ဌာန်းပေးပြီး သစ်အရွယ်အစားကန့်သတ်၍ ရွေးချယ်ထုတ်လုပ် သည့် စနစ် (Size-limit or Girth-limit Selection System) ကို ချမှတ်ပေးခဲ့သည်။ ကျွန်းပင်များ ခုတ်လှဲရာတွင် မြန်မာမင်းများကျင့်သုံးခဲ့သည့် သင်းသတ်ခြင်းစနစ်ကို ဆက်လက် ကျင့်သုံး စေခဲ့သည်။ သစ်တောပြုစု ပျိုးထောင်ခြင်းစနစ် (Silviculture System) တစ်ခုအဖြစ် "မြန်မာ့ရွေးချယ် ခုတ်လှဲမှုစနစ်" (Burma Selection System - BSS၊ ယခု Myanmar Selection System - MSS) သည် ထင်ရှား လာခဲ့သည်။

၇၄။ **သစ်တော ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများထုတ်ပြန်ခြင်း**[၁၇]။ ဘရန်းဒစ်သည် ၁၈၅၆ ခုနှစ်၊ အောက်တိုဘာလတွင် အောက်ဖော်ပြပါ သစ်တောစည်းမျဉ်းများကို ရေးဆွဲ ပြဋ္ဌာန်းခဲ့သည်–

(က) အမိန့်တစ်စုံတစ်ရာမရှိဘဲ ကျွန်းပင်ကြီးငယ်များကို သင်းမသတ်ရ၊ ခုတ်၊ ချိုး၊ မီးရှို့ခြင်း မပြုရ၊ အခြားနည်းဖြင့် မဖျက်ဆီးရ။

(ခ) အစိုးရ သင်းသတ်ထားသော အခြားသစ်မျိုးများကိုလည်း ခုတ်လှဲထုတ်ယူခြင်း မပြုရ။

(ဂ) သစ်ထုတ်ခွင့်ရရှိသူများသည် ခုတ်လှဲဆွဲယူသည့်အခါ ကျွန်းပင်များ ကျိုးပဲ့ပျက်စီးခြင်း မရှိစေရ။

(ဃ) အမိန့်တစ်စုံတစ်ရာမရှိပဲ တောတွင်း၌ ကျွန်းပင်ထုတ်ခြင်း၊ ပိုင်းဖြတ်ခြင်းနှင့် သစ်လုံးများ၏ အသွင်ပြောင်းခြင်းတို့ကို မပြုရ။

(င) တောင်ယာခုတ်ကွက်များတွင် ကျွန်းနှတ်သတ်ပင်နှင့် သစ်လုံးများ တွေ့ရှိလျှင် ယာသမားသည် အမိန့်တောင်းရန်မလိုဘဲ ခုတ်လှဲပြီး မီးလွတ်ရာတစ်နေရာသို့ ဆွဲထုတ်ထားရမည်။ အနီးဆုံး ခေါင်းခွဲ (ယခု တောကြပ်အဆင့်နှင့်တူမည်။) တစ်ဦးထံတိုင်ကြားပြီး မိုးကုန်သောအခါ ခေါင်းခွဲသည် ရွာစဉ်အလိုက် စုံစမ်းမည်။

(စ) တောင်ယာခုတ်လိုသော ယာတစ်ကွက်တွင် ပေါက်ရောက်သော ကျွန်းပင်ကြီးငယ် အရေအတွက်သည် ၅၀ ထက် နည်းရမည်။ ထိုထက်များလျှင် ကျွန်းသစ် မဟုတ်နိုင်ကြောင်း သစ်တောဝန်ထောက်နှင့် လက်ထောက်တို့က အတည်ပြုမှသာလျှင် ယာခုတ်ခွင့်ပြုမည်။

(ဆ) တည်ထောင်ထားသည့် ပျိုးဥယျာဉ်နှင့်စိုက်ခင်းများကို မဖျက်ဆီးရ။

(ဇ) သီးသန့်ထားသော ဧရိယာများပေါ်၌ သစ်ပင်၊ ချုံပင်၊ သေနေသောအပင်များကို ခုတ်ထုတ်ခြင်း မပြုရ၊ ဒဏ်ရာမရစေရ၊ ဆယ်ဧကကျော်သောသစ်တောများကို တိုင်းမင်းကြီး၏ အထူး အမိန့်အရသာ သီးသန့်ထားနိုင်သည်။

---

[၁၇] ဗမာ့ကျွန်း (ဦးချိုန်ဟိုး)၊ ဗမာ့သစ်တောများ (ဦးချိုန်ဟိုး)၊ နိုင်ငံတော်ကောင်စီမှစုံစမ်းမေးမြန်းချက်များနှင့်ပတ်သက်၍ သစ်တောဦးစီးဌာနမှ ပြုစုတင်ပြချက်များ

(စျ) သစ်တောဝန်ထောက် သို့မဟုတ် လက်ထောက်တို့၏ တံဆိပ်ရိုက်မှတ်ထားသော သစ်ပင်များကို ဒဏ်ရာ မရစေရ၊ ခုတ်လှဲခြင်း မပြုရ။

(ည) သစ်တောနယ်နိမိတ် သတ်မှတ်ထားသော ဘုတ်တိုင်များ၊ အခြားအမှတ်အသားများကို မဖျက်ဆီးရ၊ သစ်တောဝန်ထောက်အမိန့်အရ ဆောက်လုပ်ထားသော တဲအိမ်၊ တံတား၊ ခြံကာ၊ အဆောက်အအုံ၊ လမ်း၊ မြောင်းများကိုလည်း မဖျက်ဆီးရ။

(ဋ) ဤစည်းမျဉ်းများကို ဖောက်ဖျက်ကျူးလွန်ခြင်း မရှိစေရန် တောခေါင်းနှင့် ခေါင်းခွဲတို့က ကာကွယ်ရမည်။ ဖောက်ဖျက်ကျူးလွန်ကြောင်း တွေ့ရှိလျှင် သစ်တောဝန်ထောက် သို့မဟုတ် လက်ထောက်များသို့ တိုင်ကြားရမည်။

(ဌ) သစ်တောအနီး သို့မဟုတ် မြစ်မကြီးများအနီးတွင် နေထိုင်သူများသည် မိမိသုံး ကျွန်းသစ် ဝယ်ယူလိုလျှင် သစ်တောဝန်ထောက်က ခွင့်ပြုသောအခါ ခေါင်းခွဲများက ညွှန်ပြလိမ့်မည်။ ခွင့်ပြုချိန်အတွင်း ခုတ်ယူရမည်။ သတ်မှတ်သောစျေး၏ လေးပုံတစ်ပုံကို ကြိုတင်သွင်း ထားရမည်။

(ဍ) ခုတ်ပြီးသစ်ပင်များ၏ ကိုင်းတက်များ၊ လေးဖက်ချ သည့် ပကာများ၊ ငုတ်ကျန်သစ်များ ထုတ်ယူလိုလျှင် အာမခံအဖြစ် စပေါ်ငွေ တင်ထားရမည်။ တစ်နှစ်အတွင်း ထုတ်ယူလျှင် သတ်မှတ်နှုန်းဖြင့် ဆောင်ရမည်။ အခြားပစ္စည်းများကို ဖျက်ဆီးလျှင် သို့မဟုတ် ထုတ်ယူလျှင်၊ တစ်နှစ်ထက်ကျော်လွန်လျှင် ခွင့်ပြုချက်ရုပ်သိမ်းပြီး စပေါ်ငွေသိမ်းယူမည်။

(ဎ) သစ်တောအနီး မြစ်မကြီးများအနီးတွင်နေထိုင်သူများ ဘာသာရေးအတွက် သို့မဟုတ် အများပြည်သူအကျိုးအတွက် ကျွန်းသစ်လျှောက်ထားခွင့်ပြုချက်ရလျှင် ခေါင်းခွဲများက ညွှန်ပြလိမ့်မည်။ အကောက်ခွန်လွတ်ဖြစ်သော်လည်း တစ်နှစ်အတွင်း မသုံးစွဲလျှင် အခြား ကိစ္စအတွက် အသုံးပြုလျှင် ကျွန်းသစ်ကိုသိမ်းယူမည် သို့မဟုတ် တန်ဖိုး၏နှစ်ဆ ဒဏ် ဆောင်ရမည်။

(ဏ) ဤစည်းမျဉ်းဖောက်ဖျက်သူများနှင့် တာဝန်ကို လျစ်လျူရှုသော သစ်တောအမှုထမ်းများအား ငွေကျပ် ၂၀၀ ထက်မပိုသော ဒဏ်တပ်မည်။ ပျက်ကွက်လျှင် အလုပ်မရှိထောင်ဒဏ် ၆ လ ကျခံစေရမည်။ သစ်ခိုးမှုဖြစ်လျှင် ပြစ်မှုဥပဒေအရ အရေးယူမည်။

(တ) အမှုများတွင် သစ်တောဝန်ထောက်သည် မိမိကိုယ်တိုင် သို့မဟုတ် လက်ထောက်များအား စုံစမ်းစေပြီး အမှုတွဲကို လေ့လာအဆုံးအဖြတ်ပေးမည်။ တိုင်းမင်းကြီးထံတွင် အယူခံပိုင် ခွင့် ရှိသည်။

၇၅။ အဆိုပါစည်းမျဉ်းများသည် မြန်မာနိုင်ငံအတွက် သစ်တောအရာရှိက ပထမဆုံးရေးဆွဲခဲ့သည့် သစ်တောစည်းမျဉ်း များပင်ဖြစ်သည်။ ဆက်လက်၍ ဘရန်းဒစ်သည် ၁၈၅၆–၁၈၅၈ ခုနှစ် အိန္ဒိယနှင့် မြန်မာသစ်တောများ ဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ရေးဆွဲပြဋ္ဌာန်းပေးခဲ့သည်။ ဘရန်းဒစ်သည် အိန္ဒိယအစိုးရ အတိုင်ပင်ခံအဖြစ် သစ်တောအင်စပက်တော်ချုပ်ဖြစ်လာခဲ့ပြီးနောက် ဗြိတိသျှအင်ပိုင်ယာ

၏ ပထမဆုံး သစ်တော ဥပဒေဖြစ်သော ၁၈၆၅ ခုနှစ် အစိုးရသစ်တောအက်ဥပဒေ (The Government Forest Act - 1865) ကို ဆရာဝန်မှ သစ်တောအရာရှိဘဝသို့ ကူးပြောင်းလုပ်ကိုင်ခဲ့သူ ဒေါက်တာ ကလိပ်ဟွန်း (Dr. Cleghorn) နှင့် ပူးပေါင်း၍ ရေးဆွဲခဲ့သည်။ ၁၈၆၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် ဘုရင်ခံချုပ်၏ သဘောတူညီချက် ရရှိခဲ့ပြီးနောက် အာဏာသက်ရောက်ခဲ့သည်။ ယင်းဥပဒေကို သစ်တော ဥပဒေ အမှတ် (၇) ဟု ခေါ်တွင်ခဲ့သည်။

၇ဖ။ ယင်း ပထမဆုံးသစ်တောဥပဒေနှင့်ပတ်သက်၍ ဖော်ပြရလျှင်–

(က) ဤဥပဒေတွင်အဓိပ္ပာယ်ဖော်ပြရန်မှာ–

(၁) အစိုးရသစ်တောများဆိုသည်မှာ သစ်ပင်၊ ချုံပင်နှင့်တောများ ဖုံးအုပ်နေသည့် နယ်မြေကို ပုဒ်မ (၂) အရ ကြေညာထားသောနယ်မြေကိုဆိုလိုသည်။

(၂) တရားသူကြီးဆိုသည်မှာ ရာထူးအမည်ကို မည်သို့ပင်ခေါ်သည်ဖြစ်စေ၊ ဒီစတြိတ် (District) သို့မဟုတ် နယ်တစ်နယ်အတွက် ရာဇဝတ်ရေးတွင် စီရင်အုပ်ချုပ်ရန်ခန့် ထားသည့် အရာရှိချုပ်ဖြစ်သည်။ ဒေသဆိုင်ရာအစိုးရတို့က တရားသူကြီး၏ အာဏာကို အပ်နှင်းခြင်းခံရသူများနှင့် ရာဇဝတ်ကျင့်ထုံးဥပဒေစု အရအာဏာ အပ်နှင်းခြင်း ခံရသော လက်အောက်တရားသူကြီးများလည်း ပါဝင် သည်။

(၃) ဒေသဆိုင်ရာအစိုးရဆိုသည်မှာ ဤဥပဒေအာဏာသက်ရောက်သည့် ဗြိတိသျှ အိန္ဒိယ အစိတ်အပိုင်း အားလုံးတွင် အမှုဆောင်အစိုးရအဖြစ် ခန့်အပ်ထားသူများကို ဆိုလိုသည်။ အိန္ဒိယအစိုးရ၏ ဘုရင်ခံချုပ်နှင့် ကောင်စီကတိုက်ရိုက်အုပ်ချုပ်၍ ဘုရင်ခံချုပ်နှင့်ကောင်စီက ဒေသဆိုင်ရာအစိုးရ၏ အာဏာကို အပ်နှင်းထားသူ မင်းကြီးချုပ်များ (Chief Commissioners) လည်းပါဝင်သည်။

(ခ) တိုက်ရိုက်အုပ်ချုပ်သော ပြည်နယ်တွင် အိန္ဒိယအစိုးရ၏ ဘုရင်ခံချုပ်နှင့် ကောင်စီနှင့် အခြားပြည်နယ်များတွင် အုပ်ချုပ်သူ ဒေသဆိုင်ရာအစိုးရတို့သည် သစ်ပင်များ၊ ချုံပုတ်များနှင့် တောများဖုံးအုပ်သောမြေများကို ဤဥပဒေအာဏာ သက်ရောက်စေရမည်ဟု အစိုးရ ဂေဇက်တွင် ကြေညာနိုင်သည်။ သို့ရာတွင် တစ်သီးပုဂ္ဂလ သို့မဟုတ် လူတစုတို့၏ အခွင့် အရေးများကို မထိခိုက်စေရ။

(ဂ) မည်သည့်အစိုးရသစ်တောများကိုမဆို စီမံအုပ်ချုပ်ရန်နှင့် စောင့်ရှောက်ထိန်းသိမ်းရန် အတွက်ဒေသဆိုင်ရာ အစိုးရသည် သက်ဆိုင်ရာအာဏာပိုင်တို့၏ အတည်ပြုချက်ရယူ၍ အောက်ပါကိစ္စတို့အတွက် နည်းဥပဒေများ ပြုလုပ်နိုင်သည်။ အလားတူအတည်ပြုချက်ကို ရယူ၍ ဤနည်းဥပဒေများကို ဖျက်သိမ်း၊ ပြောင်းလဲ၊ ပြင်ဆင်နိုင်သည်။ ဤနည်းဥပဒေများ သည် ဥပဒေများနှင့်မဆန့်ကျင်စေရ။

(ဃ) ဤဥပဒေအရပြုလုပ်သည့် နည်းဥပဒေများတွင် အောက်ပါကိစ္စ တို့ပါဝင်စေရမည်–

(၁) ပထမ မှတ်သားခြင်း၊ သင်းသတ်ခြင်း၊ သစ်ခုတ်ခြင်း၊ ကိုင်းချိုင်ခြင်းနှင့် ဒဏ်ရာ ရစေခြင်းတို့ကို တားမြစ်ခြင်း၊ မီးတင်ရှို့ခြင်းကိုတားမြစ်ခြင်း၊ အရွက်၊ အသီး၊ မြက်၊ သစ်ဆီ၊ ထင်းရှူးဆီရိုင်း၊ ဖယောင်း၊ ပျားရည်၊ ဆင်စွယ်၊ ဦးချို၊ သား ရေ၊ ကျောက်ခဲ၊ ထုံး သို့မဟုတ် အခြားသဘာဝပစ္စည်းများကို စုဆောင်း ထုတ်ယူခြင်း တို့ကို တားမြစ်ခြင်း၊ ခွင့်ပြုထားသည့် လမ်းမကြီးများနှင့် ခြေလမ်းမှလွဲ၍ ကျူးကျော် ဖြတ်သန်းသွားလာခြင်းကို တားမြစ်ခြင်း၊ စိုက်ပျိုးခြင်း၊ ထုံးနှင့်မီးသွေး ဖုတ်ခြင်း ကို တားမြစ်စေခြင်း၊ ကျွဲ၊ နွားစား ကျက်ချခြင်းကို တားမြစ်ခြင်းဖြင့် အစိုးရ သစ်တောများတွင် ပေါက်နေသော သစ်ပင် များ၊ ချုံပင်များ၊ အပင်များ သို့မဟုတ် အချို့ကိုသာ စောင့်ရှောက် ထိန်းသိမ်းခြင်း။

(၂) ဒုတိယ သစ်နှင့်သစ်တောထွက်ပစ္စည်းများ သယ်ယူပို့ဆောင်သည့် ချောင်းနှင့် တူးမြောင်းများကို ပိတ်ခြင်းသို့မဟုတ် ပိတ်ဆို့ခြင်းကိုတားမြစ်ခြင်း၊ ချောင်းနှင့် တူးမြောင်း များရှိရေကို မသုံးစွဲနိုင်အောင် အဆိပ်ချခြင်း သို့မဟုတ် အခြားနည်း အားဖြင့် နှောင့်ယှက်ခြင်းကိုတားမြစ်ခြင်း၊ သစ်မျှောချခြင်းကိုမှတ်ခြင်း၊ မျှောချ လာသည့်သစ်များကို အခွန်တော်ကင်းရုံးများ၌ ရပ်ဆိုင်းပြီးလျှင် အကောက်ခွန် သို့မဟုတ် တရားဝင် အခွန်တော် စည်းကြပ်ခြင်း၊ ရေမျှောကမ်းတင် သစ်လုံးများ ကို သယ်ယူခွင့် ပေးခြင်းတို့ဖြင့် ချောင်း၊ တူးမြောင်းများ အသုံးချပုံကို ကြီးကြပ် ချုပ်ထိန်းခြင်း။

(၃) တတိယ အစိုးရသစ်တောများတွင် သစ်ခုတ်ခြင်းနှင့် သစ်ခွဲခြင်းကို ကြီးကြပ်ခြင်း၊ ခွဲစိတ်ဖြတ်တောက်ခြင်း၊ မီးတင်ရှို့ခြင်းနှင့် တရားဝင်ပိုင်ရှင် မဟုတ်သူများက ထုခွဲ ရောင်းချခြင်းကို တားမြစ်ခြင်း၊ သစ်တောထွက်ပစ္စည်းများ အပေါ်တွင် ပိုင်ဆိုင် တံဆိပ် (Property Mark) ရိုက်နှိပ်ခြင်းကို ကြီးကြပ်ခြင်း၊ သတ်မှတ်ထား သည့်နယ်မြေ အတွင်းနှင့် ချောင်းအချို့ပေါ်တွင် ပိုင်ဆိုင်တံဆိပ် မတရား ရိုက်နှိပ် ခြင်း၊ တံဆိပ် အမှတ်အသားများကို ဖျက်ဆီးခြင်း၊ ပြောင်းလဲခြင်းကို တားမြစ်ခြင်း၊ အစိုးရပိုင်ဆိုင် တံဆိပ်နှင့် ပုဂ္ဂလိက ပိုင်ဆိုင်တံဆိပ်များကို မတရား ရိုက်နှိပ်ခြင်း၊ တားမြစ်ခြင်း၊ သတ်မှတ်သည့် နယ်မြေအတွင်းတွင် အသုံးပြုသည့် ပိုင်ဆိုင် တံဆိပ်များကို မှတ်ပုံတင်ခြင်း၊ မှတ်ပုံတင်ခ ကောက်ယူခြင်းတို့ဖြင့် အစိုးရ ပိုင်သည့် သစ်များ၏ လုံခြုံရေး ကို စောင့်ထိန်းခြင်း။

(၄) စတုတ္ထပြည်သူဝန်ထမ်းများ မိမိတို့တာဝန်မှအပ အခြားအလုပ်ခွင် သို့မဟုတ် ရုံးများ တွင် ဝင်ရောက်လုပ်ကိုင်ခြင်းကို တားမြစ်ခြင်း၊ ဤဥပဒေ အရ လုပ်ဆောင်ရမည့် သစ်တော နယ်နိမိတ်များ သတ်မှတ်ခြင်း၊ တံဆိပ်ရိုက်ခြင်း၊ သင်းသတ်ခြင်း၊

သစ်ခုတ်ခြင်း၊ သယ်ယူခွင့်ပြုခြင်း၊ ပြစ်မှုများကိုတိုင်ကြားခြင်း၊ ရသင့်ရထိုက်သည့် အခွန်တော်ရငွေ စည်းကြပ်ခြင်းတို့တွင် ပျက်ကွက်လျှင် အပြစ်ပေးခြင်းတို့ဖြင့် အစိုးရ သစ်တောများကို စီမံအုပ်ချုပ်စောင့်ရှောက် ထိန်းသိမ်း၍ အခွန်တော် ကောက်ခံရန်တာဝန်ပေးထားသူ အစိုးရအရာရှိများနှင့် သစ်တောအဖွဲ့တို့၏ တာဝန်များကို သတ်မှတ်ခြင်း။

(၈) ဤဥပဒေအရ ဘဏ္ဍာတော်အဖြစ်သိမ်းယူပိုင်ခွင့်မရှိသည့်အခါ နည်းဥပဒေ ချိုးဖောက်သူတို့အား ကျပ်ငွေ ၅၀၀ ထက်မများသော ဒဏ်ငွေ သို့မဟုတ် ဒဏ်ငွေပေးဆောင်ရန် ပျက်ကွက်လျှင် ရာဇသတ် ဥပဒေပုဒ်မ (၆၇) တွင်ပြဋ္ဌာန်းထားသော ထောင်ဒဏ်ပေးရန် ဒေသဆိုင်ရာ အစိုးရတို့ပြဋ္ဌာန်းနိုင်သည်။

(၉) အဆိုပါနည်းဥပဒေများကို ဘုရင်ခံချုပ်နှင့်ကောင်စီကအတည်ပြုပြီး အစိုးရဂေဇက်တွင် ကြေညာသည့်အခါ တရားဥပဒေကဲ့သို့ အာဏာသက်ရောက်စေရမည်။

(၁၀) နည်းဥပဒေများကို ချိုးဖောက်သည့်အခါ အသုံးပြုသည့် တန်ဆာပလာများ၊ ထုတ်ယူပြီး သို့မဟုတ် ထုတ်ယူရန်ကြိုးစားသည့် သစ်နှင့်သစ်တောထွက်ပစ္စည်းများ၊ တံဆိပ်ရိုက်ပြီး၊ ခွဲစိတ်ပြီး သို့မဟုတ် ခွင့်မပြုသည့်နည်းလမ်းများဖြင့် ဖြတ်တောက်ထားသောသစ်နှင့် သစ်တောထွက်ပစ္စည်းများကို ဘဏ္ဍာတော်အဖြစ် သိမ်းယူပိုင်ခွင့်ရှိရမည်။

(၁၁) မည်သည့်ရဲအရာရှိမဆို သို့မဟုတ် နည်းဥပဒေများကို ချိုးဖောက်သူတို့အား တားဆီးရန် တာဝန် ပေးထားခြင်းခံရသူ မည်သူမဆို ပြစ်မှုကျူးလွန်သူကို ဖမ်းဆီးနိုင်သည်။ အသုံးပြုသည့်တန်ဆာပလာများနှင့် ဘဏ္ဍာတော်အဖြစ် သိမ်းယူပိုင်ခွင့်ရှိသည့်သစ်ကိုသိမ်းနိုင်သည်။

(၁၂) ဤနည်းဥပဒေများကို ချိုးဖောက်သည်ဟုစွပ်စွဲခံရသူကို ဖမ်းဆီးထားလျှင် တရားသူကြီးတို့ ထံသို့ ခေါ်ဆောင်သွားရမည်။ လုံလောက်သောအကြောင်းရှိလျှင် အမှုကိုအဆုံးအဖြတ် မပေးမီအထိ ထိန်းသိမ်းထားရမည်။

(၁၃) အက်ဥပဒေနှင့် နည်းဥပေဒအရပြစ်မှုကျူးလွန်သူအား ပြစ်ဒဏ်ပေးသကဲ့သို့ အားပေးသူ သို့မဟုတ် ကျူးလွန်သူကိုလည်းအလားတူပြစ်ဒဏ်ပေးရမည်။

(၁၄) ဤအက်ဥပဒေအရဘဏ္ဍာတော်အဖြစ် သိမ်းယူပိုင်ခွင့်ရှိသောသစ်ကို ဖမ်းဆီးထားသည့် အခါ တရားသူကြီး သို့မဟုတ် အာဏာအပ်နှင်းထားသည့် အရာရှိသည် ပစ္စည်းလက်ဝယ်ရှိသူအား ဆင့်ခေါ်၍ သို့မဟုတ် မလာရောက်လျှင် သူ၏မျက်ကွယ်၌ ဖမ်းဆီးခြင်း၏ အကြောင်းရင်းကို စုံစမ်းရမည်။ ပြစ်မှုထင်ရှားလျှင် ဘဏ္ဍာတော် အဖြစ် သိမ်းယူ၍ အစိုးရ ကိုယ်စား ရောင်းချရန် ဆုံးဖြတ်နိုင်သည်။

(၁၅) ဘဏ္ဍာတော်အဖြစ် သိမ်းယူပိုင်ခွင့်ရှိကြောင်း ဟန်ဆောင်၍ ကုန်ပစ္စည်းများ သို့မဟုတ် တန်ဆာပလာများကို မတရားသိမ်းဆီးခြင်း၊ လူကိုဖမ်းဆီးခြင်းဖြင့် နှောင့်ယှက်လျှင်

ထိုဖမ်းဆီးမိသူအား ငွေဒဏ် ကျပ် ၅၀၀ သို့မဟုတ် အလုပ်ကြမ်းဖြင့်ထောင်ဒဏ် ၁ လ ထိုက်သင့်စေရမည်။

(ခ) နည်းဥပဒေများအရ ငွေဒဏ်နှင့်ပြစ်ဒဏ်ပေးသည့်အခါ တရားသူကြီးသည် ရာဇဝတ် ကျင့်ထုံး ဥပဒေအရ ဆောင်ရွက်ရမည်။

(ဃ) ဘဏ္ဍာတော်အဖြစ်သိမ်းယူရန်ဆုံးဖြတ်လျှင် သိမ်းယူသည့်ပစ္စည်းကို ဘုရင်အမည်သို့ လွှဲပြောင်းရမည်။ ဒေသဆိုင်ရာ အစိုးရအတွက် ထိန်းသိမ်းထားရန် တရားရုံးက ရဲအရာရှိသို့ ဝရမ်းထုတ်ပေးရမည်။

(ဏ) ဘဏ္ဍာတော်အဖြစ်သိမ်းယူရန် ဆုံးဖြတ်လျှင် ဒေသဆိုင်ရာအစိုးရသည် ၃ လအတွင်း အမှုတွဲကို ခေါ်ယူသည့် ပစ္စည်း သို့မဟုတ် အချို့ကိုပြန်ပေးရန် ပြစ်ဒဏ်အားလုံး သို့မဟုတ် အချို့ကို လွှတ်ရန် အမိန့်ပေးနိုင်သည်။

(တ) တစ်လကြိုတင်၍ တရားစွဲလိုကြောင်း နို့တစ်စာမပေးလျှင် ဤဥပဒေအရ လုပ်ကိုင် ဆောင်ရွက် သူများအား တရားစွဲဆို ပိုင်ခွင့်မရှိရ၊ အမှုကို ဆုံးဖြတ်ပြီးသည်မှ ၃ လ ထက် ကျော်လွန်လျှင်လည်း တရားစွဲဆို ပိုင်ခွင့်မရှိရ။

(ထ) ဤဥပဒေအရ ကျူးလွန်သောပြစ်မှုများကို ကျူးလွန်ပြီးသည့်နောက် ၆ လထက်ကျော် လွန်လျှင် အရေးမယူရ။

(ဒ) ဤဥပဒေသည် အိန္ဒိယအစိုးရက တိုက်ရိုက်အုပ်ချုပ်သော နယ်မြေများနှင့် ဘင်္ဂလား၊ အနောက်မြောက်ပြည်နယ်များနှင့် ပန်ဂျပ်အစိုးရတို့ အုပ်ချုပ်သောနယ်မြေများကို အာဏာ သက်ရောက်စေရမည်။ မဒရပ်နှင့် ဘုံဘေဘုရင်ခံနှင့် ကောင်စီတို့က မိမိတို့အုပ်ချုပ် သည့် နယ်မြေများပေါ်တွင်လည်း အာဏာသက်ရောက်စေရမည်ဟု အစိုးရဂေဇက်တွင် ကြေညာ လျှင် တရားဝင်ဖြစ်စေရမည်။

(ဓ) ဤဥပဒေကို ၁၈၆၅ ခုနှစ်၊ မေလ ၁ ရက်နေ့မှစ၍ အာဏာသက်ရောက်စေရမည်။ အမည် မှာ ၁၈၆၅ ခုနှစ် အစိုးရသစ်တောများအက်ဥပဒေဖြစ်သည်။

၇၇။ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများတွင် သစ်တောစောင့်ရှောက်ထိန်းသိမ်းရန် အမှုထမ်းအဖွဲ့ ခန့်ထားရေး၊ ကြိုးဝိုင်းသစ်တော (Reserved Forests) နှင့် ကြိုးပြင်သစ်တော (Unreserved Forests) ဖွဲ့စည်းသည့်အခါ လိုက်နာရမည့်အစီအစဉ်များ၊ နယ်နိမိတ်သတ်မှတ်ခြင်း၊ စသည့် လုပ်ကိုင်မှုများပါရှိသည်။ ကြိုတင်အမိန့်မရရှိပဲ ခုတ်ခြင်းကို တားမြစ်သည့် "တားမြစ်ရာမပါ" သစ်ပင်များ (Unreserved trees) မြက်၊ ထင်းစသည့်တို့ကို ထုတ်ယူလျှင် မည်သို့ဆောင်ရွက်ရမည်ဟု အသေးစိတ်ညွှန်ကြားချက်များ ထုတ်ပြန်သည်။ မည်သည့်သစ်တောတွင် မဆို သစ်ထုတ်ခြင်းကို သစ်တောအရာရှိက လုံလောက်သောအကြောင်းပြ၍ တားမြစ်နိုင်သည်။ ကြိုတင် ခွင့်ပြုမိန့် မရရှိပဲ ကြိုးဝိုင်းသစ်တောများတွင် မီးရှို့ခြင်း၊ စားကျက်ချခြင်း၊ တောင်ယာခုတ်ခြင်းနှင့် သစ်ခုတ်လှဲခြင်း များကိုလည်း တားမြစ်သည်။ သစ်ခုတ်သစ်ထုတ်ရန် လိုင်စင်များကို သစ်တော အရာရှိများက

ထုတ်ပေးနိုင်သည်။ တံဆိပ်ရိုက်မှတ်ထားသည့် သစ်ပင်များကိုသာ ခုတ်ခွင့်ပြု၍ အခွန်တော် ဆောင်ရန် ဒေသများနှင့် ထုတ်ယူရန်လမ်းကြောင်းများကိုသတ်မှတ်သည်။ ပုဂ္ဂလိကများအား မြေပေါ်ရှိ သစ်ပင်များကို မိမိတို့သုံးစွဲရန် အခွန်တော် လွတ်ခွင့်ပြုသော်လည်း တားမြစ်ရာပါ သစ်ပင်များ ဖြစ်၍ ရောင်းစားလိုလျှင် လိုင်စင်များနှင့် ခွင့်ပြုသည်။ သစ်မျှောချောင်းများမှ မျောလာသော သစ်လုံး များကို တိုင်းတာ၍ အခွန်တော်စည်းကြပ် ကောက်ခံရန် ကင်းရုံးများ၌ ရပ်နားစစ်ဆေးခံရသည်။ ရေမျော ကမ်းတင် သစ်လုံးများကို ဆယ်ယူရေးနှင့် ထုခွဲရေးအတွက် နည်းဥပဒေများထုတ်ဆင့်သည်။ ဤနည်း ဥပဒေများကို လိုသည့်အခါတိုင်း ပြင်ဆင် ခွင့်ရှိသည်။ သစ်တောအက်ဥပဒေအရ ပြစ်မှုကျူးလွန်သူကို အပြစ်ဒဏ် ပေးနိုင်ရန် နည်းဥပဒေများ လည်းရှိသည်။

၇၈။ ပို၍လက်တွေ့ကျသောသစ်တောဥပဒေများကိုရေးဆွဲရန် ၁၈၆၉ ခုနှစ်မှ ၁၈၇၈ ခုနှစ်များ အတွင်းက စဉ်းစားခဲ့ကြသည်။ ကြေးတိုင်စိုက်ရန် ပထမပြဿနာမှာ ကြာမြင့်စွာသုံးစွဲခဲ့သူများ၏ အခွင့်အရေးကို ဆိုင်ရာဆိုင်ခွင့် (Right and Privilege) အနေဖြင့် မည်မျှ အသိအမှတ်ပြုရမည်ဟူသော အရေးဖြစ်သည်။ ဥပမာ–ထင်း၊ မြက်၊ ဝါး၊ စားကျက်ချခြင်း၊ ပလပ်မြေများတွင် တောင်ယာ ခုတ်ခြင်းတို့ ဖြစ်သည်။ ဗြိတိသျှတို့ သိမ်းပိုက်ပြီးနောက် ကြာမြင့်စွာ သုံးစွဲနေကြသူ အားလုံး၌ ဆိုင်ရာဆိုင်ခွင့် ရှိကြောင်း အသိအမှတ်ပြုခဲ့သည်။ တစ်ဖက်တွင်လည်း အစိုးရသည် ပြည်သူလူထုအားလုံး၏ အကျိုးကို စောင့်ထိန်းရသူအနေဖြင့် သစ်တော ကြီးပိုင်းများတွင် ဆိုင်ရာဆိုင်ခွင့်များအရ ထုတ်ယူသုံးစွဲသည့်အခါ ကောင်းမွန်စွာ စနစ်တကျ ကြီးကြပ်ရန် ဖြစ်သည်။

၇၉။ အိန္ဒိယတွင် သစ်တောဆိုင်ရာ ဆိုင်ခွင့်ပေးခြင်းကို ဥရောပတွင် ကြာရှည်စွာသုံးစွဲသူများအား အခွင့်အရေးပေးခြင်းနှင့် ထပ်တူထပ်မျှဖြစ်သည်ဟု ယူဆခဲ့ကြသည်။ သို့ဖြစ်သောကြောင့် ဥရောပ သစ်တော ဥပဒေများကဲ့သို့ ဆိုင်ရာဆိုင်ခွင့်များကို ကြီးကြပ်ခွင့် သို့မဟုတ် လိုအပ်လျှင်ယင်းတို့အစား လျော်ကြေးပေး၍ ဖျက်သိမ်းခွင့်ကို သစ်တောဥပဒေတွင် သတ်မှတ်ရန်လိုသည်ဟု ယူဆခဲ့သည်။ အမှု အချို့တွင် သုံးစွဲသူများ၏ အခွင့်အရေးကို ဂရန် သို့မဟုတ် မဟာရာဇာများ၏ အထူးအမိန့်အရ ပေးခဲ့ သည်။ အချို့အမှုတွင် ကနဦးပိုင်း က ကြေးတိုင်အရာရှိ (Settlement Officer) တို့က မြေအသုံးချရေးကို ခွင့်ပြုသော်လည်း မြေပေါ်ရှိ သစ်ပင်များကို အစိုးရပိုင်အဖြစ် ချန်ထားခဲ့ကြသည်။ သို့ဖြစ်၍ အစိုးရက လုံးလုံးလျားလျား ပိုင်ဆိုင်သည့် သစ်တောများ၊ အစိုးရပိုင်သော်လည်း ပုဂ္ဂလိကများက တရား၀င် ဆိုင်ရာဆိုင်ခွင့်ရှိသော သစ်တောများ၊ ပုဂ္ဂလိကနှင့် ကျေးရွာများပိုင်သော်လည်း သစ်ပင်အားလုံး သို့မဟုတ် အချို့ကိုသာ အစိုးရပိုင်သော သစ်တော များ ဟူ၍ ခွဲခြားရန်လိုအပ်လာခဲ့သည်။

၈၀။ ၁၈၆၅ ခုနှစ် သစ်တောဥပဒေအရ ဗြိတိသျှလက်အောက်ခံ မြန်မာပြည်တွင်အတည်ပြုသော နည်းဥပဒေ အချို့သည် တရား၀င်ခြင်း မရှိသဖြင့် ၁၈၆၉ ခုနှစ်တွင် ပြင်ဆင်သည်။ ၁၈၇၃ ခုနှစ်တွင် မြန်မာပြည် သစ်တောဥပဒေ (Burma Timber Act) (အက်ဥပဒေအမှတ်–၁၃) ဖြင့်အစားထိုးသည်။ ဤအတောအတွင်း အိန္ဒိယ၌လည်း ၁၈၆၅ ခုနှစ်ဥပဒေကို အလာဟာဘတ်တွင် ကျင်းပခဲ့သည့် သစ်တောကွန်ဖရင့် (၁၈၇၃–၇၄ ခုနှစ်) တွင်ဆွေးနွေးခဲ့ကြပြီး ၁၈၇၈ ခုနှစ်၌ အတည်ပြုခဲ့သည်။

သစ်တောမင်းကြီးချုပ်က ကန့်ကွက်ခြင်းကြောင့် ဤဥပဒေသည် မြန်မာပြည်သို့ အာဏာသက်ရောက်ခဲ့ခြင်း မရှိချေ။ သို့ဖြစ်၍ မြန်မာပြည်အတွက် သီးခြားဥပဒေကို ၁၈၈၁ ခုနှစ်တွင် အက်ဥပဒေအမှတ် (၁၉) ဖြင့် ထုတ်ပြန်ကြေညာခဲ့သည်။

၈၁။ **အစိုးရက သစ်ထုတ်လုပ်ငန်းလုပ်ကိုင်ခြင်း (မြစ်မခ ခရိုင်တည်ထောင်ခြင်း)**[၁၈] ။ တနင်္သာရီ သစ်တောများတွင် လိုင်စင်ဖြင့် လုပ်ကိုင်ခွင့်ပြုခဲ့သည့် အတွေ့အကြုံများအရ အစိုးရသည် ပိုမိုကောင်းမွန်သည့် နည်းကိုသုံး၍ သစ်ထုတ်ခြင်းဖြင့် သစ်တောပြုန်းတီးမှုကိုသက်သာနိုင်ကြောင်း ဦးဆောင်လမ်းပြ ပြုလုပ်ပေးရန် ရည်ရွယ်၍ အစိုးရက သစ်ထုတ်လုပ်ငန်းကို ဆောင်ရွက်ရန် ကြိုးပမ်းခဲ့သည်။ လုပ်ကိုင်နည်းစနစ်များ တိုးတက်ကောင်းမွန်လာသည့်အခါ ဌာနအနေနှင့် ဆောင်ရွက်သည့်လုပ်ငန်းကို တစ်ဖြည်းဖြည်း ရုပ်သိမ်း၍ တောတွင်းသစ်များကို တိုက်ရိုက်ရောင်းချသည့်နည်းဖြင့် အစားထိုးရမည်ဟု မှတ်တမ်းတင်ခဲ့သည်။ ဤသည်မှာ သစ်ထုတ်လုပ်ငန်းကို အုပ်ချုပ်နိုင်ရန်နှင့် လတ်တလော ဆောင်ရွက်နေသည့် ဗြိတိသျှလုပ်ငန်းရှင်တို့၏ သစ်ထုတ်လုပ်ငန်းကို ကြပ်မတ်နိုင်ရန်ဖြစ်သည်။ သို့ဖြစ်၍ ပဲခူးရိုးမ အနောက်ရေဝေတွင် တောင်ဘက်သုံးဆယ်ချောင်းမှ မြောက်ဘက်နဝင်းချောင်းအကြား ကျွန်းတောများကို ၁၈၅၆ ခုနှစ်မှစ၍ အစိုးရတစ်ဦးတည်း လုပ်ကိုင်ခဲ့သည်။ 'မြစ်မခ ခရိုင်' ဟု ခေါ်တွင်သည်။ အစိုးရက မြစ်မခ ခရိုင်တွင် ကိုယ်တိုင် လက်တွေ့ သစ်ထုတ်ခဲ့ပြီး ကျွန်းသစ်ဈေးကို ထိန်းချုပ်ရန်နှင့် သစ်ထုတ်လုပ်ငန်း အဆင့်ဆင့်တွင် ကုန်ကျစရိတ်များကို တိကျစွာ လေ့လာ တွက်ချက်ခဲ့သည်။

၈၂။ **တောင်ယာစိုက်ခင်းတည်ထောင်ခြင်း**[၁၉]။ ဘရန်းဒစ်တောတက်သည့်အခါ တောင်ယာအနှံ့အပြား ခုတ်ထားသည်ကို တွေ့ရှိခဲ့ရသည်။ ဤတွင် ကရင်အမျိုးသား ဦးပန်းဟီးဆိုသူ ယာသမားကြီးက မိမိ၏ ယာခင်းထဲ၌ ကျွန်းပင်များကို စိုက်ပျိုး၍ ဘရန်းဒစ်အား လက်ဆောင်အဖြစ်ပေးသည်။ ဘရန်းဒစ်က ဘုရင်ခံချုပ်သို့ တောင်ယာသီးနှံနှင့်အတူ အဖိုးတန်သစ်မျိုးတို့ကိုပါ တစ်ပြိုင်တည်း စိုက်ပျိုးလျှင် တစ်ချက်ခုတ်နှစ်ချက်ပြတ်၊ နှစ်ဦးနှစ်ဖက် အကျိုးရှိနိုင်ကြောင်း အစီရင်ခံခဲ့သည်။

၈၃။ ၁၈၅၆ ခုနှစ်မှ ၁၈၆၈ ခုနှစ်အထိ သစ်တောစိုက်ခင်းများ တည်ထောင်ခဲ့သည့်အခြေအနေမှာ အောက်ပါအတိုင်းဖြစ်သည် -

---

[၁၈] ဗမာ့ကျွန်း (ဦးချိန်ဟိုး)၊ ဗမာ့သစ်တောများ (ဦးချိန်ဟိုး)၊ နိုင်ငံတော်ကောင်စီမှစုံစမ်းမေးမြန်းချက်များနှင့်ပတ်သက်၍ သစ်တောဦးစီးဌာနမှ ပြုစုတင်ပြချက်များ

[၁၉] ဗမာ့ကျွန်း (ဦးချိန်ဟိုး) နှင့် ဗမာ့သစ်တောများ (ဦးချိန်ဟိုး)

စဉ်	သစ်တောနယ်		ဧက
၁။	ရန်ကုန်သစ်တောနယ်	–	၄၅
၂။	သာယာဝတီသစ်တောနယ်	–	၃၅၁
၃။	ပြည်သစ်တောနယ်	–	၆၆
၄။	စစ်တောင်းသစ်တောနယ်	–	၂၈၅
၅။	သံလွင်သစ်တောနယ်	–	၁၈
	စုစုပေါင်း	–	**၇၆၅**

ဒေါက်တာဘရန်းဒစ်ပြီးနောက် မြန်မာ့သစ်တောများ စီမံအုပ်ချုပ်မှုအခြေအနေ[၂၀]

၈၄။ ဘရန်းဒစ် အောက်မြန်မာပြည်မှ ထွက်ခွာသွားပြီးနောက် တစ်နှစ်အကြာတွင် သစ်ကုန်သည်များက သစ်ထုတ်လုပ်ခြင်းနှင့်ပတ်သက်၍ တောင်းဆိုမှုများ ပြုလုပ်ခဲ့ကြသည်။ နောင်တွင် ဘုံဘေဘားမားကုမ္ပဏီ (Bombay Burma Trading Corporation Ltd. - BBTCL) ကို ဖွဲ့စည်းတည်ထောင်မည့်ပုဂ္ဂိုလ်ဖြစ်သူ မစ္စတာဝီလျံဝေါလေ့စ် (William Wallace) ဦးဆောင်၍ အရွယ်ရောက်ပင်များကို ခုတ်ပတ် နှစ်ခု (Two Felling Cycles) တွင် ခုတ်လှဲရန် ဖြစ်သော်လည်း လက်တွေ့တွင် ဒုတိယအကြိမ် ဝင်ရောက်သောအခါ အပင်များ ပျက်စီးယိုယွင်းနေပြီး ထုတ်ယူရန် ခက်ခဲသောနေရာတို့တွင်သာ သစ်တောဌာနက သင်းသတ် ပေးထားသည်ဟု တင်ပြတောင်းဆိုခဲ့ကြသည်။ ၄င်းတို့၏ လိုလားချက်မှာ အကောင်းဆုံးကျွန်းပင်များကို အလွယ်ဆုံး နေရာများမှ အများဆုံး ထုတ်ခွင့် ရရှိရန်ဖြစ်သည်။

၈၅။ ဘရန်းဒစ်၏ ရာထူးဆက်ခံသူ အိပ်ချ်လီဒ်စ် (H.Leeds) က ဘရန်းဒစ် စခဲ့သည့် အုပ်ချုပ်ရေးစနစ်ကြောင့် သစ်ကုန်သည်များ ခက်ခဲစွာလုပ်ကိုင်နေရကြောင်း၊ သစ်ကုန်သည်အချို့မှာ ဆုံးရှုံးပျက်စီးနေပြီး ကျွန်းသစ် လုပ်ငန်းရပ်ဆိုင်းသွားရန်ရှိသည်၊ သစ်တောများသည် တိုးတက်ကောင်းမွန်ခြင်းမရှိ၊ စျေးကွက်အတွက် အကောင်းဆုံးသော သစ်ကိုမရနိုင်ပဲ အခက်အခဲများ ရှိနေခြင်းကြောင့် စရိတ်ကြီးပြီး လုပ်ငန်းရပ်ဆိုင်း ရမည့်အခြေအနေကို ကြုံတွေ့နေရကြောင်း၊ လွန်ခဲ့သည့် ခုနစ်နှစ်က သစ်ပင်များ ပြန်လည်စိုက်ပျိုးခြင်း၊ အပင်ပေါက်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်း မရှိခဲ့သဖြင့် သေကြေပျက်စီးရသည်၊ သစ်တောတွင် လုပ်ကိုင်ရသည်မှာလည်း စိတ်ညစ်၍ ငြီးငွေ့ဖွယ်ရာဖြစ်သည်၊ သင်းသတ်စရိတ်၊ လုပ်အားနှင့် အချိန် ကုန်သည်၊ တစ်နှစ်လျှင် ငွေတစ်သောင်းကုန်ကျသဖြင့် ဥရောပအရာရှိ သုံးဦး ခန့်ထားနိုင်သည်၊ သစ်ကုန်သည်များကို သစ်ပင်ရွေးချယ်ခွင့်နှင့် သင်းသတ်ခွင့် ပေးသင့်သည်၊ သို့မဟုတ် သစ်တောအရာရှိ ကြီးကြပ်သော အလုပ်သမားများအား ရွေးချယ်စေနိုင်သည်ဟု တာဝန်မဲ့မျက်နှာလွဲ ထောက်ခံထားသည်၊ ထူးဆန်းသော မှတ်ချက်တစ်ခုမှာ "သစ်တောများ

[၂၀] ဗမာ့ကျွန်း (ဦးချိန်ဟိုး) ၊ ဗမာ့သစ်တောများ (ဦးချိန်ဟိုး)၊ နိုင်ငံတော်ကောင်စီမှစုံစမ်းမေးမြန်းချက်များနှင့်ပတ်သက်၍ သစ်တောဦးစီးဌာနမှ ပြုစုတင်ပြချက်များ

ပျက်စီးရခြင်းမှာ လိုင်စင်များကြောင့်မဟုတ်၊ သစ်တောဌာနမှ ကြီးကြပ်မှု လုံးဝမရှိခြင်းကြောင့် ဖြစ်သည်၊ သစ်တောတွင် ဖရိုဖရဲ ဖြစ်နေသည်" ဟူ၍ဖြစ်သည်။

၈၆။ အထက်ပါအချက်များကို ဘရန်းဒစ်သည် အိန္ဒိယမှနေ၍ ချေပခဲ့သည်။ လိဒ်စ်၏ အဆိုအရ ရောင်းတန်းဝင်သော ကျွန်းပင်အားလုံးကို ကုန်သည်များ စိတ်ကြိုက်ရွေးချယ်စေလျှင် လက်ရှိစနစ်ဖြစ်သော ပထမတန်းကျွန်းပင်တို့၏ လေးပုံတပုံထုတ်ယူခွင့်ပြုခြင်းမှာ ဘရန်းဒစ်၏ သစ်ထွက်ခန့်မှန်းခြင်းနှင့်အတူတူပင် ဖြစ်သည်။ ဘရန်းဒစ်က ဤအဆိုသည် သစ်တောအချို့တွင် မှန်ကန်နိုင်သော်လည်း သစ်တောနှင့်ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့် နားလည်မှုအပေါ် အခြေခံသော အဆိုမဟုတ် ဟု တင်ပြခဲ့သည်။ ၁၈၆၂–၆၃ ခုနှစ် နှစ်ချုပ်အစီရင်ခံစာတွင် ပါရှိသော ဤစာရင်းမှာ ပထမတန်း ကျွန်းပင် ၁,၇၈၀ အနက် ၁,၀၈၆ ပင်မှာ လုံးပတ် ၇ ပေခွဲ အရွယ်များ ဖြစ်သည်။ ဤဒေသမျိုးအတွက် ခုတ်လှဲရန် သင့်လျော်သော အရွယ်အစား ဖြစ်စေကာမူ လိဒ်စ်၏ နည်းလမ်းအတိုင်း ပထမတန်းဦးရေ၏ လေးပုံတစ်ပုံထက်များလျှင် ထုတ်ခွင့်မရှိသဖြင့် ဤအရွယ်ရှိ ပထမတန်းကျွန်းပင်အားလုံးကို မခုတ်ထိုက်ဟု ထောက်ပြပြီး ဘရန်းဒစ်က ဤသို့ နိဂုံးချုပ်သည်–

> "မစ္စတာလိဒ်စ်၏သဘောထားသည် ပြည့်စုံစွာ နားမလည်သည့် သစ်တောထိန်းသိမ်းစောင့်ရှောက်ရေး၏ လိုအပ်ချက်များပေါ်တွင် အခြေခံပြုထားသည်ဟု ထင်သည်။ သစ်တော တစ်တောတွင် သင်းသတ်ပင်ဦးရေ သို့မဟုတ် ခုတ်သောသစ်ပင်ဦးရေနှင့် ကျန်ရှိနေသေးသော ဦးရေကို ပြန်လည်စစ်ဆေးခြင်း မရှိသည့် စီမံအုပ်ချုပ်ခြင်းကို ထိန်းသိမ်းစောင့်ရှောက်ခြင်းဟုခေါ်လျှင် မှားနေပေလိမ့်မည်။ မြန်မာနိုင်ငံတွင် ထိန်းသိမ်းအုပ်ချုပ်ထားသော သစ်တောများအတွက် သစ်ပင်ဦးရေနှင့် ချန်ပင်ဦးရေများ ဖော်ပြထားသည့် သင်းသတ်မှတ်ပုံတင်စာအုပ် ထားရှိရမည်။ စိတ်ကြိုက်ကျွန်းပင်များကို သစ်တောအရာရှိများက သင်းသတ်နေလျှင် ဤမှတ်ပုံတင်စာရင်းမှာ အဓိပ္ပာယ် မရှိတော့ပါ"

၈၇။ လိဒ်စ်က ထောက်ခံတင်ပြထားသော ဝီလျံဝေါလေ့စ်၏ ပုဂ္ဂလိကလုပ်ငန်းရှင်များ ကိုယ်တိုင် သင်းသတ်ခွင့်နှင့်ပတ်သက်၍ ပြည်နယ်မင်းကြီးချုပ်မှ ကန့်ကွက်ခဲ့သော်လည်း အိန္ဒိယအစိုးရ မင်းကြီးချုပ်က ထောက်ခံသဘောတူခဲ့သည်။ ဤတွင် သစ်ခုတ်ခွင့်ပြုမိန့် (မူလက'လိုင်စင်'ဟု ခေါ်ခဲ့ပြီး 'ပါမစ်'၊ 'လက်မှတ်' 'ဂရန်' ဟု အမျိုးမျိုး ခေါ်ဝေါသည်။) ၏ သက်တမ်းကြာမြင့်ခြင်းနှင့် သက်တမ်းတိုးခြင်းတို့ကြောင့် သစ်ခုတ်ခွင့်ပြုမိန့်၏ သက်တမ်း တရားဝင်မှုအခြေအနေကို စိစစ်ရန် လိုလာသည်။ တနင်္သာရီတိုင်းမင်းကြီး မိန်းဂီးလက်ထက် ၁၈၂၇ ခုနှစ်မှအစပြု၍ လိုင်စင်၊ ပါမစ်များကို ယာယီအနေဖြင့် ထုတ်ပေးခဲ့သော်လည်း စည်းကမ်းအမျိုးမျိုးထုတ်၍ တစ်ချိန်တွင် လက်မှတ်များကို ရုပ်သိမ်းခဲ့ပြီး ကုန်သည်များ၏ ခြေထိုးမှုနှင့် ဘုရင်ခံချုပ်နှင့် လန်ဒန်ရှိ ဒါရိုက်တာအဖွဲ့၏ ဘက်လိုက်မှုတို့ကြောင့် နှစ်ပေါင်း ၃၀ ကြာအောင် မတည်မငြိမ် ဖြစ်နေခဲ့ရသည်။ "သေချာသည့်အချက်တစ်ချက်မှာ လိုင်စင်တွင် ဖော်ပြထားသော နယ်မြေသည် ကျွန်းတောအဖြစ် အစိုးရအတွက် မည်သည့်အခါတွင်မျှ အသုံးကျမည် မဟုတ်ကြောင်း၊ ကျွန်းပင်အားလုံး ခုတ်လှဲထားပြီး ဖြစ်သဖြင့် ဤသစ်တောကို ထိန်းသိမ်းစောင့်ရှောက်လျှင် ငွေကုန်ရန်သာ ဖြစ်သည်" ဟု မင်းကြီးချုပ် က ဖော်ပြထားခြင်း ဖြစ်သည်။

၈၈။ မင်းကြီးချုပ်မှာ ကာနယ်ဖယ်ယာဖြစ်ပြီး ယခင်ကဘုရင်ခံချုပ်၏ အပြစ်တင်မှုကြောင့် သစ်တောကိစ္စတွင် လိမ်မာပါးနပ်စွာနှင့် အစီရင်ခံခဲ့ပြီး ဆယ်နှစ်မျှ စဉ်းစားခဲ့ရာ အောက်ပါအတိုင်း တွေ့ရှိရသည်–

(က) 'ပါမစ်'ရရှိသူများအား ကျွန်းသစ်ခုတ်ခွင့်သာပေးထားသည်။ မြေပိုင်ဆိုင်ခွင့်နှင့် အခြားအခွင့်အရေးများမရှိ။

(ခ) 'လက်မှတ်'ရရှိသူများအား နယ်မြေကို ညွှန်ပြထားပြီးဖြစ်သဖြင့် နှစ်ပေါင်းအတော်ကြာ ကျွန်းသစ်ခုတ်ကြသည်။ မခုတ်သူ အချို့မှာ တားမြစ်ထားခြင်းကြောင့်ဖြစ်သည်။

(ဂ) လက်မှတ်ရရှိသူများသည် စစ်ဆေး၊ ပိတ်ပင်တားမြစ်ခြင်းမရှိသဖြင့် နှစ်ပေါင်းအတော်ကြာ သစ်ခုတ်မြဲခုတ်ကြသည်။ မော်လမြိုင်၌ အကောက်ခွန်ဆောင်ကြသည်။

(ဃ) သို့ဖြစ်၍ ပါမစ်ရရှိသူများနှင့် ဆက်ခံသူများ၌ သစ်ခုတ်ခွင့်ရှိသည်ဟု မှတ်ယူရမည်။ သစ်ခုတ်စည်းမျဉ်းများကို မလိုက်နာသည်မှာမှန်သည်။ သို့သော်လည်း အပြစ်မပေးခဲ့။ ယခုမှ အရေးယူရန် ခက်သည်။

၈၉။ ၁၈၆၅ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့တွင် သစ်ခုတ်ခွင့် နှစ်ပေါင်း ၃၀ ရှိပြီဟု မင်းကြီးချုပ်က ယေဘုယျအားဖြင့်မှတ်ယူပြီး လက်မှတ်ရရှိသူများသည် ဤမျှကြာမြင့်စွာ ခံစားခဲ့ရခြင်းကြောင့်လည်းကောင်း၊ ကျွန်းတောများသည်လည်း အသုံးမကျတော့သောကြောင့်လည်းကောင်း အောက်ပါအတိုင်း ထောက်ခံသည်–

(က) နှစ်ပေါင်း ၃၀ အတွက် ဒုတိယအကြိမ် လက်မှတ်များထုတ်ပေးရန်–

(၁) လုံးပတ်ကန့်သတ်ချက်မှာ မြေမှ ၆ ပေတွင် လုံးပတ် ၅ တောင် (သို့) ၇၃ပေ။

(၂) ခါတိုင်းကဲ့သို့ အကောက်ခွန်စည်းကြပ်ရန်။

(၃) နှစ်ပေါင်း ၃၀ကြာသောအခါ သစ်တောများကို ပြန်သိမ်းမည်။

(ခ) ထိုသို့မဟုတ်ပါကကျွန်းခုတ်ခွင့်ရရှိသူသည်သစ်တောအားလုံးအတွက်တစ်ဧကလျှင်၅ရဲ့ဆောင်ရမည်။ကျွန်းနှင့်အခြားသစ်အားလုံးခုတ်ခွင့်ရှိမည်။မြေကိုလည်းပိုင်ခွင့်ပေးမည်

"လက်မှတ်ရရှိသူသည် အထက်ပါ အပိုဒ် (က) သို့မဟုတ် (ခ) ကို ကြိုက်ရာရွေးချယ်ခွင့်ပြုရန်၊ တစ်ခုခုကို လက်မခံလျှင် လက်မှတ်ကိုရုပ်သိမ်းပြီး သစ်တောကိုပြန်သိမ်းရန်" ဟူ၍ဖြစ်သည်။ အိန္ဒိယအစိုးရသည် မင်းကြီးချုပ်၏ အဆိုပြုချက်ကိုလက်ခံပြီး စည်းမျဉ်းများကို ကျပ်တည်းစွာလိုက်နာရန် ညွှန်ကြားခဲ့သည်။ ဤသို့လျှင် လိုင်စင်စနစ်ကို စည်းမျဉ်းသစ်များဖြင့် ဒုတိယခုတ်ပတ် (Second Felling Cycle) နှစ်ပေါင်း ၃၀ အတွက် အသက်ပြန်သွင်းလိုက်လေတော့သည်။ သို့ရာတွင် ၁၈၇၃ ခုနှစ်တွင် လိုင်စင်အားလုံးကို ရုတ်တရက်ရုပ်သိမ်းလိုက်သည်။ အကြာဆုံး လိုင်စင်မှာ ၄၆ နှစ်ရှိပြီဖြစ်သည်။ ရခိုင်ဒေသရှိ သစ်တောများကို စတင်ထိန်းသိမ်း စောင့်ရှောက် ရန်အတွက် အောက်မြန်မာနိုင်ငံ မင်းကြီးချုပ်ဖြစ်သူ ဗိုလ်ချုပ်ကြီး ဖိုက်က ၁၈၆၃ ခုနှစ်တွင် ဒေါက်တာ ရှလစ်အား စေလွှတ်စုံစမ်းခဲ့ရာတွင်–

ပျဉ်းကတိုးပင် အလွန်ပေါများကြောင်း၊ ခန့်မှန်းတောထွက်နှင့်နှိုင်းယှဉ်လျှင် လက်ရှိ ထုတ်သုံးမှုပမာဏမှာ အနည်းငယ်မျှသာ ဖြစ်ကြောင်း၊ နိုင်ငံခြားသို့ အများအပြား တင်ပို့နိုင်ရေးအတွက် သစ်သားမှာ လုံလောက်သော အရည်အသွေး မမှီကြောင်း၊ တောင်ယာနှင့် တောမီးကြောင့် သစ်တောများပျက်စီးရကြောင်း စသည်ဖြင့် အစီရင်ခံ ခဲ့သည်။

အင်္ဂလိပ်–မြန်မာ တတိယစစ်ဖြစ်ပွားစေသော အကြောင်းရင်း[JJ]

၉၀။ ၁၈၅၈ ခုနှစ်တွင် မစ္စတာ ဝီလျံဝေါလေ့စ်သည် ကျွန်းသစ်တန် ၁,၅၀၀ ဝယ်ယူ၍ အိန္ဒိယ မီးရထားသို့ပေးသွင်းရန်ကိစ္စဖြင့် ရန်ကုန်သို့ ရောက်ရှိလာသည်။ ဝေါလေ့စ်သည် ရန်ကုန်တစ်ဖက်ကမ်းရှိ ဒလတွင် သစ်စက်တစ်လုံးဝယ်ယူ၍ ကျွန်းသစ်လုပ်ငန်းကို ရန်ကုန်နှင့် မော်လမြိုင်တို့၌ စတင် လုပ်ကိုင်သည်။ ထိုကာလသည် ဘရန်းဒစ်အနေဖြင့် အောက်မြန်မာပြည် သစ်တောများတွင် အကွပ်အထိန်းမရှိ သစ်ထုတ်မှုကို ကန့်သတ်ချုပ်ချယ်နေချိန်ဖြစ်သည်။ ဝေါလေ့စ်သည် ၁၈၆၂ ခုနှစ်တွင် မန္တလေးသို့ သွားရောက်၍ မင်းတုန်းမင်းထံမှ နင်းကြမ်းသစ်တောမှ ကျွန်းသစ်ထုတ်လုပ်ရန် ခွင့်ပြုချက်ကို ရရှိခဲ့သည်။ ၁၈၆၃ ခုနှစ်တွင် ဘုံဘောဘားမား သစ်ကုမ္ပဏီကို တည်ထောင်၍ ပဲခူးရိုးမသစ်တောများတွင် သစ်များ စတင် ထုတ်လုပ်သည်။ နောင်တွင် သီပေါမင်းလက်ထက် အထက်မြန်မာပြည်ရှိ အခြားသော သစ်တော နယ်မြေများတွင်လည်း ကျွန်းသစ်ထုတ်လုပ်ခွင့်ကို ဘုံဘောဘားမား သစ်ကုမ္ပဏီက ရရှိခဲ့သည်။ မြန်မာနိုင်ငံတွင် ကျွန်းသစ်လုပ်ငန်းကို စီးပွားဖြစ် အကြီးအကျယ်ထုတ်လုပ်၍ နိုင်ငံခြားသို့ တင်ပို့သော ပထမဆုံး နိုင်ငံခြား ကုမ္ပဏီကြီး ဖြစ်လာသည်။ အခြားသော နိုင်ငံရေးအကြောင်းရပ်များအပြင် ဘုံဘောဘားမားကုမ္ပဏီနှင့် မြန်မာဘုရင်တို့အကြား သစ်ထုတ် လုပ်ခြင်းအငြင်းပွားမှုအပေါ် အကြောင်းပြု၍ သီပေါမင်းလက်ထက် ၁၈၈၅ ခု နှစ်တွင် အင်္ဂလိပ်–မြန်မာ တတိယ စစ်ပွဲဖြစ်ပွားခဲ့ရသည်။

၉၁။ **၁၈၈၅ ခုနှစ်၌ ဖြစ်ပွားခဲ့သော မြန်မာဘုရင်အစိုးရနှင့် ဘုံဘောဘားမားသစ်ကုမ္ပဏီပြဿနာ**[JJ]။ မြန်မာသမိုင်းတွင် သစ်ကိစ္စကိုအကြောင်းပြု၍ အထက်မြန်မာပြည်တစ်ခုလုံး နယ်ချဲ့စနစ်အောက် ကျရောက်ခဲ့ရသည်။ ၁၉ ရာစုနှောင်းပိုင်း နိုင်ငံရေးအခြေအနေများကြောင့် ကမ္ဘာ့စျေးကွက်တွင် ကျွန်းသစ် အရေးပါလာခြင်း၊ လန်ဒန်၊ ရန်ကုန်နှင့် ကာလကတ္တားရှိ ကုန်သည်ကြီးများက အထက်မြန်မာပြည်ကို သိမ်းပိုက်ရန် လှုံ့ဆော်နေခြင်း၊ မြန်မာဘုရင့်အစိုးရနှင့် အင်္ဂလိပ်အစိုးရတို့အကြား ဆက်ဆံရေး ဆိုးရွားလာအောင် ခြေရှုပ်ခဲ့သည့် အနောက်နိုင်ငံသားအချို့ကြောင့် ဤသစ်ကိစ္စ ပေါ်ပေါက်ခဲ့ရသည်။ အောက်မြန်မာပြည်ကို သိမ်းပြီးချိန်မှစ၍ အင်္ဂလိပ်တို့သည် သစ်လုပ်ငန်းကို စနစ်တကျဖြစ်စေရန် ဆောင်ရွက်ခဲ့သည်။ စည်းကမ်းမဲ့သစ်ခုတ်ခြင်းကိုတားမြစ်ရန်အတွက် ၁၈၆၄ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက် နေ့မှစ၍ နင်းကြမ်းသစ်တော (ယခု ပျဉ်းမနားနယ်နှင့် တောင်ငူနယ်အစပ်ရှိ) သစ်ရိပ်ကြီးကြိုးဝိုင်း

[JJ] ဗမာ့ကျွန်း (ဦးချိုန်ဟိုး)၊ ဗမာ့သစ်တောများ (ဦးချိုန်ဟိုး)၊ သစ်တောကျောင်း နှစ်(၁၀၀) ပြည့်အထိမ်းအမှတ်စာစောင်မှကောက်နှုတ်ဖော်ပြသည်။

[JJ] ဗမာ့ကျွန်း (ဦးချိုန်ဟိုး)၊ ဗမာ့သစ်တောများ (ဦးချိုန်ဟိုး)၊ သစ်တောကျောင်း နှစ်(၁၀၀) ပြည့်အထိမ်းအမှတ်စာစောင်မှကောက်နှုတ်ဖော်ပြသည်။

အတွင်းမှ သစ်များထုတ်လုပ်ခဲ့သည်။ ထိုသို့ ဘုံဘောဘားမားသစ်ကုမ္ပဏီက မင်းတုန်းမင်းထံမှ ခွင့်ပြုချက်ဖြင့် လိုင်စင်နှစ် ၂၀ သက်တမ်းဖြင့် သစ်ထုတ်လုပ်ခဲ့ရာ ၁၈၈၄ ခုနှစ်တွင် လိုင်စင်သက်တမ်းထပ်မံ တိုးမြှင့်ခဲ့သည်။ ၄င်းကုမ္ပဏီနှင့်အပြိုင် အခြားအင်္ဂလိပ်သစ်ကုမ္ပဏီတစ်ခုဖြစ်သည့် မဂ္ဂရီကာကုမ္ပဏီ (MacGregor and Co. Ltd.) ကလည်း အောက်မြန်မာနိုင်ငံ အင်္ဂလိပ်အစိုးရထံမှ လိုင်စင်ရယူကာ တောင်ဂူ နယ်စပ်ရှိ သစ်များကို ထုတ်လုပ်ခဲ့သည်။

၉၂။ ၁၈၈၅ ခုနှစ် နှစ်ဦးပိုင်းမှစ၍ ပြင်သစ်နှင့်မြန်မာတို့၏ ဆက်ဆံရေးတိုးတက်ခဲ့သည်။ မြန်မာ–အင်္ဂလိပ်ဆက်ဆံရေးမှာ အထက်မြန်မာပြည်တွင် ပြင်သစ်တို့၏စွက်ဖက်လာမှုကြောင့် သိသိသာသာ ဆိုးရွားလာခဲ့သည်။ အင်္ဂလိပ်ကုန်သည်ကြီးများအနေဖြင့်လည်း အထက်မြန်မာပြည်ဈေးကွက်တွင် ပြင်သစ်တို့ လက်ဦးမှုရယူသွားမည်ကို စိုးရွံ့ခဲ့သည်။ ဤကိစ္စနှင့်ပတ်သက်၍ ထင်ရှားသည့်အချက် တစ်ချက်မှာ ၁၈၈၅ ခုနှစ်၊ ဇူလိုင်လတွင် ရန်ကုန်မြို့ရှိ ဘုံဘောဘားမားသစ်ကုမ္ပဏီရုံးခွဲက လန်ဒန်မြို့သို့ ပေးစာတွင် ပြင်သစ်နှင့်မြန်မာတို့ ပူးပေါင်းထူထောင်မည့်ဘဏ်နှင့် မီးရထားလုပ်ငန်းများအကြောင်းကို သတင်းပို့ ရေးသားထားခြင်းဖြစ်သည်။

၉၃။ ၁၈၈၅ ခုနှစ်၊ ဧပြီလတွင် အင်္ဂလိပ်တို့၏ ဘုံဘောဘားမားသစ်ကုမ္ပဏီက တောင်ဂူနယ် သစ်ရိပ်ကြီးကြိုးဝိုင်းမှ သစ်လုံးများ ပိုမိုထုတ်လုပ်ခြင်းကြောင့် မြန်မာအစိုးရက ဒဏ်တပ်ခဲ့သည်။ ယင်းကိစ္စနှင့်ပတ်သက်၍ ကုမ္ပဏီမှ မစ္စတာဂျုံးစ်သည် အောက်မြန်မာပြည်အတွင်းဝန်ထံ ပေးစာတွင် နင်းကြမ်းသစ်တောမှ မြို့ဝန်အား ၄င်း၏ကုမ္ပဏီမှ ငွေခြောက်သောင်းလာဘ်ထိုးရသည်ဟု ဖော်ပြခဲ့သည်။ ယင်းစာရောက်ပြီး မကြာမီပင် အတွင်းဝန်အား ဘားဂက်စ်က မြန်မာအစိုးရထံ စာတစ်စောင် ရေးသားပေးပို့ခဲ့သည်။ ယင်းစာတွင်–

(က) သစ်ထုတ်လုပ်ငန်းကြောင့်နှစ်ပြည်တစ်ပြည်အကျိုးများခဲ့ပုံ။
(ခ) ယခုစွပ်စွဲချက်များကြောင့် လုပ်ငန်းများနှောင့်နှေးရပုံ။
(ဂ) နှစ်ဘက်အစိုးရများ အကျိုးဆုတ်ယုတ်ဖွယ်ရာ ရှိကြောင်းတို့ကို ဖော်ပြထားသည်။

၉၄။ မြန်မာလွတ်တော်က သစ်ခေါင်းတို့၏ လျှောက်ထားချက်များကို မှန်၊ မမှန် စစ်ဆေးရာ နယ်ခြားကျောက်တိုင်တောင်ဘက် တောင်ဂူမြို့နယ်၊ သစ်တောရုံးမှကူး၍ရသည့် စာရင်းအရ သစ်လုံး ၈၀,၀၀၀ ကျော် ထုတ်ယူထားကြောင်းတွေ့ရသဖြင့် ခိုးယူထုတ်လုပ်ထားသော ကျွန်းသစ်လုံး ၅၆,၁၇၇ လုံးအတွက် ကျသင့်အခွန်တော်ငွေ နှစ်ဆဖြစ်သည့် ၂,၃၀၀,၀၀၀ ကျော်ကို ပေးလျော်ရမည်ဟူ၍ စီရင်ချက် ချမှတ်ခဲ့သည်။ မြန်မာသစ်ခေါင်းတို့၏ ထွက်ဆိုချက်အရ သစ်ရိပ်ကြီးကြိုးဝိုင်းသစ်တောမှ မိမိတို့ကြီးကြပ်လျက် ဘုံဘောဘားမားသစ်ကုမ္ပဏီမှ ဗြိုက်စစ် (Bryce) နှင့် မက်စ်ဝယ် (Maxwell) လက်သို့ ၁၈၈၃ ခုနှစ်တွင် သစ်လုံး ၄၂,၂၃၃ လုံး၊ ၁၈၈၄ ခုနှစ်တွင် သစ်လုံး ၄၇,၅၆၇ လုံး၊ စုစုပေါင်း သစ်လုံး ၈၉,၈၀၀ လုံး ပေးအပ်ခဲ့ ကြောင်း ဖော်ပြထားသည်။

၉၅။ ဘုံဘေးဘားမားသစ်ကုမ္ပဏီကိုယ်စားလှယ်တို့ကမူ ၁၈၈၂ ခုနှစ် ဒုတိယစာချုပ် ချုပ်ဆိုသည့် အခါ ပထမစာချုပ်တွင် မပါဝင်သည့် 'ပယ်သစ်' နှင့် လုံးပတ်သုံးတောင်၊ အလျား ၁၂ တောင် ရှိ

‘ပင်ရင်း ငုတ်ကျန်’ များအတွက် တစ်နှစ်လျှင် ‘ခွန်သေ’ ငွေ ၁၀၀,၀၀၀ ပေးမည်ဟု ကတိပြုခဲ့ရသည်။ သို့ဖြစ်၍ စာရင်းကွာရခြင်း ဖြစ်ကြောင်း ထွက်ဆိုသည်။ မြန်မာသစ်ခေါင်းတို့ကမူ ဘုံဘောဘားမား သစ်ကုမ္ပဏီသည် ဒုတိယကတိစာချုပ်အရ၊ အလျား ၁၂ တောင်အောက်သစ်တို့ကို ထုတ်ယူခွင့်ပြုထားသော်လည်း ခုတ်ယူခြင်း မရှိသည့်အပြင် ပထမစာချုပ်ပါ သစ်များကိုသာ ဒုတိယစာချုပ်အရ သစ်များဟု လိမ်လည်၍ ဖော်ပြထုတ်ယူနေကြောင်း ထွက်ဆိုကြသည်။ စာရေးဆရာ ဂျေဂျီစကော့ အဆိုအရ ဘုံဘောဘားမား သစ်ကုမ္ပဏီသည် စာချုပ်သုံးမျိုးနှင့် သစ်ထုတ်နေကြောင်း၊ မြန်မာတို့ကမူ သုံးမျိုးမခွဲဘဲ အညံ့စားသစ်ကိုပါ အကောင်းစားသစ်နှင့်ပေါင်း၍ တွက်ချက်ထားရာ ငွေဒဂိ် ၆၀,၀၀၀ မျှ ပိုမိုမှားယွင်းပြီး ဒဏ်တပ်ရိုက် ထားကြောင်း စသည်ဖြင့် ဖော်ပြ ခဲ့သည်။

၉၆။ ၁၈၈၅ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်တွင် မြန်မာအစိုးရလွှတ်တော်မှ ဘုံဘောဘားမားကုမ္ပဏီ၏ စာရင်းထိန်ချန်၍ ပိုမိုထုတ်ယူထားသော ကျွန်းဒုသစ် ၄၈,၃၂၆ လုံး၊ လွှသစ် ၇,၈၅၁လုံး၊ ပေါင်း ၅၆,၁၇၇ လုံးကို ဘုရင့်ဘဏ္ဍာတော်အဖြစ်သိမ်းယူစေရန်နှင့် အခွန်တော်နှစ်ဆပေးဆောင်ရန် ဒဏ်ရိုက်ကြောင်း စီရင်ချက် ချမှတ်ခဲ့သည်။

၉၇။ ဘုံဘောဘားမားသစ်ကုမ္ပဏီ၏ အရေးကိစ္စနှင့်ပတ်သက်၍ အိန္ဒိယ ဘုရင်ခံချုပ်က ၁၈၈၅ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်တွင် သီပေါမင်းထံ အကြောင်းပြန်ကြားခဲ့သည်မှာ–

(က) ကျနစွာစုံစမ်းခြင်းမပြုမီ သစ်ထုတ်ခွင့် ဖျက်သိမ်းသည့်အမိန့်အား ခေတ္တရပ်ထားရန်။

(ခ) ယင်းကိစ္စကို ဘုရင်ခံချုပ်ခန့်ထားသည့် ပုဂ္ဂိုလ်တစ်ဦးက စစ်ဆေးသည်ကိုလက်ခံရန်။

(ဂ) လက်ခံခဲ့လျှင် ထိုပုဂ္ဂိုလ်၏ အဆုံးအဖြတ်ကို လိုက်နာရန် တို့ဖြစ်သည်။

၉၈။ မြန်မာဘုရင်က ထိုတောင်းဆိုချက်များကို အသိအမှတ်မပြုပဲ ဒဏ်ဆောင်ရန်ကိုသာတိုက်တွန်းခဲ့သည်။ ဒဏ်ငွေကို လေးကြိမ်ခွဲ၍ဆောင်ရန် ၁၈၈၅ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက်နေ့ကပင် အမိန့်ထုတ်ပြန်ထားခဲ့ပြီးဖြစ်သည်။ သို့သော်ကုန်သည်ကြီးများဖြစ်သည့် ဗြိုက်စစ်နှင့် မက်စ်ဝယ်တို့သည် ငွေပေးသွင်းရန် ပျက်ကွက်မှုကြောင့် ၄င်းတို့ပိုင် ဆင်နှင့် သစ်များကိုမြန်မာအစိုးရက သိမ်းယူခဲ့လေသည်။

၉၉။ ဘုံဘောဘားမားသစ်ကုမ္ပဏီ၏ အခွင့်အရေးကို ကာကွယ်ရန်ဟူသော အကြောင်းပြချက်ဖြင့် အိန္ဒိယ ဘုရင်ခံချုပ် လော့ဒ်ဒပ်ဖရင်သည် သီပေါမင်းထံ အချက် ၅ ချက်ပါသည့် ရာဇသံကို ခုနှစ်ရက်အတွင်း အကြောင်းပြန်ကြားရန် ပေးပို့ခဲ့သည်။ မြန်မာအစိုးရအနေဖြင့် အင်္ဂလိပ်အပေါ်ချမှတ်ခဲ့သော ဒဏ်ငွေ ဒဂိ် ၂,၃၀၀,၀၀၀ ကျော်ကို တောင်းခံတော့မည်မဟုတ်ကြောင်း လိုက်လျောစွာ စာပြန်ခဲ့သော်လည်း အင်္ဂလိပ်တို့က မကျေနပ်ခဲ့ပေ။ ဗြိတိသျှအစိုးရက ၁၈၈၅ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်နေ့တွင် ဗိုလ်ချုပ်ပရင်ဒါဂတ်နှင့် အဖွဲ့အား မန္တလေးမြို့သို့ ချက်ချင်းချီတက်သိမ်းပိုက်ရန် ညွှန်ကြားချက် ပေးပို့ခဲ့သည်။

အင်္ဂလိပ်–မြန်မာ တတိယစစ်ပွဲ[၂၇]

၁၀၀။ ၁၈၈၅ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်နေ့တွင် နယ်ချဲ့အင်္ဂလိပ်တို့က တတိယနှင့်နောက်ဆုံးစစ်ကို ပြုလေတော့သည်။ နိုဝင်ဘာလ ၂၉ ရက်နေ့တွင် မြန်မာနိုင်ငံကို အပြီးအပိုင် သိမ်းလိုက်နိုင်ကြသည်။ သီပေါဘုရင်ကို အိန္ဒိယသို့ ခေါ်ဆောင်သွားခဲ့သည်။ အထက်မြန်မာနိုင်ငံကို သိမ်းပိုက်ခြင်းနှင့်အတူ မြန်မာတစ်နိုင်ငံလုံး ဗြိတိသျှကိုလိုနီလက်အောက် ကျရောက်ခဲ့ရသည်။

၁၀၁။ ဤတွင် ဘုံဘောဘားမားကုမ္ပဏီအနေဖြင့် ကြီးမားစွာ အမြတ်ထွက်သွားသည်။ သစ်မှုအတွက် အခွန်တော်ဒဏ်ကြေးတို့ကို ပေးဆောင်ရန်မလိုတော့သည့်အပြင် အိန္ဒိယအစိုးရကလည်း အထက်မြန်မာပြည် သစ်တောများအတွင်း သစ်ထုတ်ခွင့်ကို မူလစာချုပ် (မြန်မာဘုရင် သီပေါမင်းထံမှ ခွင့်ပြုချက် ရရှိထားသည့်) အတိုင်း အဖြတ်အတောက်မရှိ ဆက်လက်ခွင့်ပြုခဲ့သည်။ အထက်မြန်မာပြည်မှ သစ်တောနယ်များတွင် သစ်ထုတ်ခွင့်ရရှိထားသည့် အားသာချက်ကြောင့် ဘုံဘောဘားမားသစ်ကုမ္ပဏီသည် ကိုလိုနီခေတ် မြန်မာနိုင်ငံတွင် နိုင်ငံခြားသို့ ကျွန်းသစ်အများဆုံး တင်ပို့နိုင်သော ကုမ္ပဏီကြီးဖြစ်လာပြီး မြန်မာနိုင်ငံ ကျွန်းသစ် လုပ်ငန်းကို လွှမ်းမိုးထားသော ကြီးငါးကြီးဝင် နိုင်ငံခြားကုမ္ပဏီများတွင် ထိပ်ဆုံးနေရာသို့ ရောက်ရှိ လာခဲ့သည်။

ကျွန်းသစ်လုပ်ငန်းလုပ်ကိုင်ရန်နိုင်ငံခြားကုမ္ပဏီများရောက်ရှိလာခြင်း[၂၈]

၁၀၂။ **ဘုံဘောဘားမား သစ်ကုမ္ပဏီ(Bombay Burma Trading Corporation Ltd (B.B.T.C.L))**။ ၁၉ ရာစုတွင် ကျွန်းသစ်ထုတ်လုပ်၍ နိုင်ငံခြားဈေးကွက်သို့အကြီးအကျယ်တင်ပို့မည့် သစ်ကုမ္ပဏီကြီး ငါးခု မြန်မာနိုင်ငံတွင် စတင်အခြေချလာခဲ့သည်။ ရှေးဦးစွာ တွင်တွင်ကျယ်ကျယ် လုပ်လာသည့် ကုမ္ပဏီမှာ ၁၈၆၂ ခုနှစ်တွင် မင်းတုန်းမင်းထံမှ ခွင့်ပြုချက်ရသူ ဘုံဘောဘားမားသစ်ကုမ္ပဏီဖြစ်သည်။ ၄င်းကုမ္ပဏီသည် ၁၈၈၇ ခုနှစ်တွင် ယိုးဒယားသစ်တောများသို့လည်းကောင်း၊ ၁၈၉၇ ခုနှစ်တွင် ရှမ်းပြည်နယ်သစ်တောများသို့ လည်းကောင်းလုပ်ငန်းချဲ့ထွင်လုပ်ကိုင်ခဲ့သည်။ ကျွန်းသစ်လုပ်ငန်းအပြင် အိန္ဒိယနှင့်မြန်မာနိုင်ငံမီးရထား လုပ်ငန်းအတွက် လိုအပ်သော ပျဉ်းကတိုး ဧလီဖားတုံးများကိုလည်း အမြောက်အများထုတ်လုပ်ပေးသွင်းခဲ့သည်။ အောင်လံ၊ ရမည်းသင်း၊ ပျဉ်းမနား၊ ကသာ၊ ရွှေဘို၊ အထက်ချင်းတွင်း၊ အောက်ချင်းတွင်း၊ မြစ်သာနှင့် ယောနယ်သစ်တောများတွင် သစ်တောပတ္တာစာချုပ် (Leases)များ အစိုးရထံမှ စာချုပ်ရယူ၍ ကျွန်းသစ်ထုတ်လုပ်ခြင်းကို အကြီးအကျယ်လုပ်ကိုင်လျက် နိုင်ငံခြားသို့ ကျွန်းသစ် တင်ပို့ရောင်းချခဲ့သည်။ ဒုတိယကမ္ဘာစစ်ဖြစ်လာသည့် ၁၉၄၂ ခုနှစ်အထိ မြန်မာနိုင်ငံ ကျွန်းသစ်လုပ်ငန်းတွင်အကြီးဆုံးကုမ္ပဏီ ဖြစ်လာသည်။

၁၀၃။ **စတီးဘရာသား(Messrs-Steel Brothers and Co.Ltd)**။ အင်္ဂလိပ်ခေတ်ကျွန်းသစ်လုပ်ငန်းတွင် ဒုတိယအကြီးဆုံးဖြစ်သည်။ ၄င်းရရှိလုပ်ကိုင်သော သစ်တောပတ္တာနယ်မြေများမှာ ဗန်းမော်၊ မြစ်ကြီးနား၊ သောင်ရင်း၊ ပြည်နှင့် သရက်သစ်တောခရိုင်များ တွင် ဖြစ်သည်။ ၄င်းကုမ္ပဏီပိုင် သစ်စက်များသည် ရန်ကုန်နှင့်မော်လမြိုင်တွင်ရှိသည်။ ၁၈၇၀ခုနှစ်တွင် သဲလွင်မြစ်သစ်တောဒေသ နှင့် ပြည်ခရိုင်သစ်တောများမှ

---

[၂၇] ဗမာ့ကျွန်း (ဦးချိုန်ဟိုး)၊ ဗမာ့သစ်တောများ (ဦးချိုန်ဟိုး)၊ သစ်တောကျောင်း နှစ်(၁၀၀) ပြည့်အထိမ်းအမှတ်စာစောင်မှကောက်နှုတ်ဖော်ပြသည်။

[၂၈] ဗမာ့ကျွန်း (ဦးချိုန်ဟိုး) နှင့် ဗမာ့သစ်တောများ (ဦးချိုန်ဟိုး)

ထုတ်လုပ်သော ကျွန်းသစ်များကို အစိုးရထံမှ ဝယ်ယူခြင်းဖြင့် လုပ်ငန်းကို စတင်ခဲ့သည်။ ၁၉၂၁ ခုနှစ်တွင် ၄င်းကုမ္ပဏီသည် အခြားသစ်မာ သစ်မျိုးများကို မြောက်တောင်ရှ သစ်တော ယက်ကန်းစင် သစ်တော ကြိုးဝိုင်းနှင့် စိုင်းရသစ်တောကြိုးဝိုင်းတို့တွင် နှစ် ၂၀ ပတ္တာစာချုပ်ရယူ၍ ထုတ်လုပ်ခြင်းကို စမ်းသပ်သည်။ ဆွာမြို့တွင် ပတ်လွှဖြင့်ခွဲသည့် သစ်ခွဲစက်ကို တည်ထောင်၍ သစ်တောအတွင်းတွင် သစ်သယ်ယူပို့ဆောင်ရန် အတွက် လမ်းကျဉ်းမီးရထားလမ်း (Narrow Guage) ကိုလည်းဖောက်လုပ်သည်။ ၁၉၂၈ ခုနှစ်အထိ လုပ်ငန်းအောင်မြင်နေသော်လည်း ၁၉၂၉ ခုနှစ်မှစ၍ ကမ္ဘာ့စျေးကွက်တွင် သစ်မာ သစ်စျေးများ အလွန်ကျဆင်း သွားသဖြင့် သစ်ထုတ်ခ၊ သစ်တောခွန်၊ မီးရထားဖြင့် ရန်ကုန်သို့ပို့သော ကုန်ကျ စရိတ်တို့ကို လျော့ချရန် မတတ်နိုင်သဖြင့် စီးပွားရေးတွက်ခြေကိုက်မှု မရှိခြင်းကြောင့် သစ်မာသစ်များ စမ်းသပ်ထုတ်လုပ်တင်ပို့သည့် လုပ်ငန်းကို ရပ်ဆိုင်းလိုက်ရသည်။

၁၀၄။ **မဂ္ဂရီကာသစ်ကုမ္ပဏီ (Messrs–MacGregor and Co.,Ltd)**။ ရိုမေးနီးယားနိုင်ငံသား ဂျွန်ဂိုးလ်ဒင်းဘာ့ဂ် (John Goldenberg) သည် ၁၈၆၀ ခုနှစ်တွင် မန္တလေး သို့ ရောက်ရှိလာပြီး ဒါဝုဒ် (J.W. Darwood)နှင့် ပူးပေါင်းပြီးမင်းတုန်းမင်းထံမှ အထူးခွင့်ပြုချက်ဖြင့် ကျွန်းသစ်လုပ်ငန်းလုပ်ကိုင်သည်။ ၄င်းနောက် ဆက်လက်၍ အောက်မြန်မာပြည်သို့ လုပ်ငန်းချဲ့ထွင် လုပ်ကိုင်သည်။ ၁၈၇၀ ခုနှစ်တွင် အင်္ဂလန်နိုင်ငံ ဂလပ်စရိုမြို့မှ ဂျွန်မဂ္ဂရီကာ (John MacGregor) ရောက်ရှိလာပြီး လုပ်ငန်းတွင် ပါဝင်လုပ်ကိုင် ရာမှ ၁၈၈၅ ခုနှစ်တွင် စစ်တောင်းမြစ် ဝဲယာကမ်းပေါ်ရှိ သစ်တောများ၊ တောင်ငူနှင့် ပျဉ်းမနားသစ်တောများတွင် မဂ္ဂရီကာကုမ္ပဏီ အမည်ဖြင့် ကျွန်းသစ်လုပ်ငန်း လုပ်ကိုင် ခဲ့သည်။ ရန်ကုန်တွင် ၄င်းပိုင်သစ်စက်ရှိသည်။

၁၀၅။ **ဖူးကားသစ်ကုမ္ပဏီ (Messrs–Foucar and Co.,Ltd)**။ ၁၈၇၈ ခုနှစ် မော်လမြိုင်မြို့ တွင် ပြင်သစ် လူမျိုး ဖာဒီနန်ဖူးကားက တည်ထောင်သည်။ ၄င်း၏ညီ အီမစ်လ်ဖူးကား (Emil Foucar) ကလည်း ပါဝင် လုပ်ကိုင်သည်။ မော်လမြိုင် အတ္ထရံသစ်တောများတွင် ကျွန်းနှင့်သစ်မာများထုတ်လုပ်ခြင်း၊ ခွဲစိတ်ခြင်းလုပ်ငန်း များကို လုပ်ကိုင်သည်။ ရန်ကုန်တွင် သစ်စက်တည်၍ သစ်တောပတ္တာ စာချုပ်များကို ရယူပြီး ပဲခူးတောင်ပိုင်း၊ အနောက်ကသာ၊ မိတ္ထီလာနှင့် မင်းဘူး သစ်တောများတွင် ကျွန်းသစ်ထုတ် လုပ်ခဲ့သည်။

၁၀၆။ **တီဒီဖင်းလေးကုမ္ပဏီ (T.D – Findlay and Son Ltd)**။ ၁၈၄၀ ခုနှစ်တွင် ရောဘတ်ဖင်းလေးသည် မော်လမြိုင်တွင် ဘူခနင်အင်ကုမ္ပဏီ (Buchanan and Company) နှင့်တွဲ၍ သင်္ဘောတင်လုပ်ငန်းကို လုပ်ကိုင်သည်။ ၁၈၅၀ ခုနှစ်တွင် ၄င်း၏သားဖြစ်သူ (Thomas Dunlop Findlay) က ဘူခနင်ကုမ္ပဏီ၏ လုပ်ငန်းများကိုလွှဲယူပြီး (Todd) ဆိုသူပုဂ္ဂိုလ်နှင့် ပူးပေါင်း၍ လုပ်ငန်းလုပ်ကိုင်သည်။

၁၀၇။ မြန်မာနိုင်ငံ ကျွန်းသစ် ထုတ်လုပ်တင်ပို့ရောင်းချသော ကြီးငါးကြီးဟုခေါ်သည့် နိုင်ငံခြား သစ်ကုမ္ပဏီကြီး ၅ ခု၏ ရင်းနှီးမြှုပ်နှံမှု ငွေကြေးပမာဏသည် ၁၉၂၄ ခုနှစ် စာရင်းအရ ရူပီးငွေ ၁၀ ကုဋေ (သန်းတစ်ရာရူပီးငွေ) ရှိပြီး စတာလင်ပေါင် ၇,၅၀၀,၀၀၀ မျှ ရှိခဲ့သည်။ ၄င်းကုမ္ပဏီကြီးများ၏ စုစည်းမှုအောက် တွင် လုပ်ကိုင်လျက်ရှိသော အလုပ်သမားအင်အားမှာ ကန်ထရိုက်တာများအပါအဝင်

လူဦးရေ ၅၅,၀၀၀ ခန့် ရှိခဲ့သည်။ မြန်မာလူမျိုး မိသားစု၀င်ပေါင်း ၂၂၀,၀၀၀ ခန့်သည် ဤကုမ္ပဏီ ၅ ခု၏ သစ်လုပ်ငန်းကို အမှီပြု၍ အသက်မွေးခဲ့ကြသည်။ နှစ်စဉ်သစ်ထုတ်လုပ်ငန်းအတွက် သုံးစွဲထုတ်ပေးသည့် ငွေပမာဏ သည် ကျပ်သန်း ၂၀ ခန့်ရှိခဲ့သည်။

တိုင်းရင်းသားလုပ်ငန်းရှင်များ ကျွန်းသစ်လုပ်ငန်းလုပ်ကိုင်ခြင်း[၂၅]

၁၀၈။ အရင်းအနှီးများသော ကျွန်းသစ်လုပ်ငန်းကြီးများကို နိုင်ငံခြားသားများပိုင် ကြီးငါးကြီး သစ်ကုမ္ပဏီများက လုပ်ကိုင်နေသောအခါ မြန်မာတိုင်းရင်းသားများအနက် စွမ်းဆောင်နိုင်သူများကလည်း သစ်တော ပတ္တာစာချုပ်ဖြင့် သစ်ထုတ်လုပ်ငန်းကို ဝင်ရောက်လုပ်ကိုင်ကြသည်။ ထင်ရှားသည့် တိုင်းရင်းသား သစ်လုပ်ငန်းရှင်များမှာ သရက်ခရိုင်တွင် ဒေါ်ကြူ၊ သောင်ရင်းသစ်တောများတွင် အလီအာမက်နှင့် ရှယ်ယာလုပ်ကိုင်သူ ဒေါ်သိုင်းနိုင်း၊ ဦးဘအိုနှင့်သား၊ သထုံတွင် စောသာဒွေး၊ သရက်မြို့တွင် ဦးအာယု၊ အင်းစိန်နှင့် တောင်ငူသစ်တောများတွင် ဦးဘိုးဒန်၊ ဦးဘအို ကျွန်းနှင့် သစ်မာကုမ္ပဏီလီမိတက်တို့ ဖြစ်ကြသည်။ ဦးဘအို ကျွန်းနှင့် သစ်မာကုမ္ပဏီကို ဘုံဘေဘားမားကုမ္ပဏီတွင် ကန်ထရိုက်တာအဖြစ် လုပ်ကိုင်ခဲ့သူ ဦးဘအိုက တည်ထောင်ခြင်းဖြစ်သည်။ ၄င်းကုမ္ပဏီ၏ လုပ်ငန်းများသည် အောင်မြင်ခဲ့သည်။ ပျဉ်းမနားနှင့် ရန်ကုန်တွင် ၄င်းကုမ္ပဏီပိုင်သစ်စက်များရှိသည်။

ဒေါက်တာဘရန်းဒစ် (Dr. Dietrich Brandis)



ဒေါက်တာဘရန်းဒစ်
(Dr. Dietrich Brandis)

၁၀၉။ ဘရန်းဒစ်ကို ၁၈၂၄ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့ ဂျာမဏီနိုင်ငံ၊ ဘွန်းမြို့တွင်မွေးဖွားခဲ့သည်။ ဖခင်မှာ ထင်ရှားသည့် ဂျာမန်ဒဿနိက ပညာရှင် (Christian August Brandis) နှင့် အမိမှာ (Coroline Brandis) တို့ဖြစ်သည်။ ဖခင်နှင့်အတူ ဂရိနိုင်ငံသို့သွားရောက်ခဲ့ပြီး အမြင်ကျယ်သူ တစ်ဦးဖြစ်၏။ ရက္ခဗေဒပညာအား ကိုပင်ဟေဂန်၊ ကော်တင်ဂင် နှင့် ဘွန်းတက္ကသိုလ်တို့တွင် ၁၈၄၉ ခုနှစ်အထိ ပညာသင်ပြီး ပါရဂူဘွဲ့ရခဲ့သူဖြစ်သည်။ ကိုပင်ဟေဂန် တက္ကသိုလ်ဆရာ အဖြစ် ဆောင်ရွက်ရင်း အိန္ဒိယစစ်တပ်မှ Major General Sir Havelock ၏ ခယ်မ လော့ဒါလဟိုဇီ၏တူမဖြစ်သူ Ms. Rachel နှင့် ၁၈၅၅ ခုနှစ်တွင် လန်ဒန်မြို့၌လက်ထပ်ခဲ့သည်။ ဂျာမန် ပညာရှင် Alexander Von Humboldt ၏ ထောက်ခံချက် နှင့် အိန္ဒိယသို့ ဇနီးမောင်နှံနှစ်ဦး ၁၈၅၅ ခုနှစ်၊ ဒီဇင်ဘာလတွင်ရောက်သည်။ လော့ဒါလဟိုဇီအား သစ်တောထိန်းသိမ်းမှုနှင့် သစ်ထုတ်လုပ် ရောင်းချမှုအား အစိုးရမှ ထိန်းချုပ်ရေး တင်ပြမှုကိုသဘောကျ သည့်အတွက် ပဲခူးသစ်တော အုပ်ချုပ်ရေးမှူး Dr. Mc. Clelland အား အစားထိုးရန် မြန်မာနိုင်ငံသို့ စေလွှတ်သည်။ ၁၈၅၆ ခုနှစ်၊ ဇန်နဝါရီ လဆန်းပိုင်းတွင် ရောက်ရှိပြီး သစ်တောဌာန တည်ထောင်သည်။ ပဲခူးသစ်တောအုပ်ချုပ်ရေးကို စတင်ဆောင်ရွက်သည်။ ဒေါက်တာ ဘရန်းဒစ်မှာ သစ်တောမူဝါဒများ၊ သစ်တောဥပဒေများ၊ သစ်ထုတ်မှုနည်းစနစ်များ၊ တောထွက် သတ်မှတ်ခြင်း၊ စိုက်ခင်းထူထောင်ခြင်းများကို ပြုလုပ်ခဲ့သည်။ ၁၈၆၄ ခုနှစ် အိန္ဒိယသစ်တော မင်းကြီးချုပ်

[၂၅] ဗမာ့ကျွန်း (ဦးချိုန်ဟိုး) နှင့် ဗမာ့သစ်တောများ (ဦးချိုန်ဟိုး)

ဖြစ်လာပြီး အိန္ဒိယ၊ မြန်မာ့သစ်တော အုပ်ချုပ်မှုကို အကောင် အထည်ဖော်လာသည်။ ၁၈၈၇ ခုနှစ်တွင် အငြိမ်းစား ယူသည်။ ဂျာမဏီနိုင်ငံ၊ ဘွန်းမြို့တွင် ၁၉၀၇ ခုနှစ်၊ မေလ ၂၈ ရက်နေ့တွင် ကွယ်လွန်သည်။[၂၆]

ရှေးမြန်မာမင်းများခေတ်အတွင်း ထင်ရှားသောဖြစ်ရပ်များ

၁၁၀။ ၁၇၅၂ ခုနှစ်မှ ၁၈၈၅ ခုနှစ်အထိ ရှေးမြန်မာမင်းများခေတ်အတွင်း သမိုင်းတွင်ထင်ရှား ခဲ့သော ဖြစ်ရပ်များ၏ အနှစ်ချုပ်ကို အောက်ပါအတိုင်း ဖော်ပြအပ်သည်–

(က) **၁၇၅၂** ။ အလောင်းမင်းတရားက 'တော်ဝင်သစ်' (Royal Tree) သတ်မှတ်သည်။

(ခ) **၁၈၂၄–၁၈၂၆** ။ အင်္ဂလိပ်–မြန်မာ ပထမစစ်ပွဲ ဖြစ်ပွားခဲ့သည်။ ရခိုင်၊ တနင်္သာရီ ကမ်းရိုးတန်း ဆုံးရှုံးခဲ့ရသည်။ မော်လမြိုင်ကျွန်းတောကြီး လက်လွှတ်ခဲ့ရသည်။

(ဂ) **၁၈၂၇** ။ ကျွန်းတောကို အချိန်မီ ပြန်ထိန်းသိမ်းရန်၊ အစိုးရခွင့်ပြုချက်မရှိဘဲ ကျွန်းပင် မခုတ်ရ၊ တောမီးကာကွယ်ရန်၊ အရွယ်လွန်/အရွယ်ရောက် ကျွန်းပင်များ ကိုသာ ထုတ်သုံးရန်၊ စိုက်ခင်းများတည်ထောင်ရန်၊ သစ်တောများ အစိုးရပိုင် အဖြစ် သတ်မှတ်၊ သစ်သူခိုးဘေးရန်မှ ကာကွယ် ရန် ညွှန်ကြားခဲ့သည်။

(ဃ) **၁၈၂၈** ။ တနင်္သာရီတိုင်းမင်းကြီး အေ၊ ဒီ၊ မိန်းဂီးက ကျွန်းသစ်ထုတ်ခွင့် လိုင်စင် စနစ် စတင် အကောင်အထည်ဖော်သည်။ ၁၈၄၆ ခုနှစ်၊ ကတိုးရွာတွင် သစ်ဆိပ် ဖွင့်ပြီး အခွန်ကောက်ရသည်။ ကျွန်းသစ် ရွှေပြောင်းလျှင် အမိန့်ခံရန်၊ တန်ဖိုး ၏ ၁၅ ရာခိုင်နှုန်းကို အခွန်ဆောင်ရန်၊ အစိုးရက အလိုရှိလျှင် တန်ဖိုးကို ပေးဆောင်ရန်၊ ရင်ဆို့လုံးပတ် ၄ ပေအောက် ကျွန်းပင်ကို မခုတ်ရန်တို့ဖြစ်သည်။

(င) **၁၈၂၉** ။ တနင်္သာရီသစ်တောအတွင်း ပုဂ္ဂလိကသစ်ထုတ်ခွင့်ပြုခဲ့သည်။ လိုင်စင်စနစ် ဖြင့် သစ်ထုတ်ပေးသည်၊ အခွန် ၁၀–၁၅ ရာခိုင်နှုန်း ကြီးကြပ်သည်။ အစိုးရက အလိုရှိလျှင် တန်ဖိုးကို ပေးဆောင်၍ သိမ်းယူသည်။

(စ) **၁၈၃၃** ။ ပထမဆုံး အလုပ်ကြပ် ကျွန်းပင်စိုက်အဖွဲ့ခန့်အပ်ခဲ့သည်။

(ဆ) **၁၈၃၆** ။ တနင်္သာရီတိုင်းရှိ သစ်တောများ၏ပကတိအခြေအနေကို စုံစမ်းခဲ့သည်။ ၃ နှစ်အတွင်း အစီရင်ခံစာ ၂ စောင် တင်နိုင်ခဲ့သည်။

(ဇ) **၁၈၄၀** ။ ကျွန်းပင်၏သက်တမ်းနှင့်လုံးပတ်ကြီးထွားမှုကို ငုတ်ပေါ်ရှိ နှစ်ကွင်း (Annual Ring) ရေတွက်ခြင်းနည်းဖြင့် စစ်ဆေးခဲ့သည်။ မော်လမြိုင်တွင်သစ်ထုတ်လုပ်ငန်း ကြီးကြပ်မှု အားနည်းသဖြင့် ကျွန်းတောများ ကုန်သ လောက်ဖြစ်သွားခဲ့သည်။

---

[၂၆] သစ်တောကျောင်း နှစ်(၁၀၀) ပြည့်အထိမ်းအမှတ်စာစောင်မှကောက်နှုတ်ဖော်ပြသည်။

(စျ) ၁၈၄၁– ၁၈၄၂ ။ ကျွန်းသစ်ထုတ်လုပ်ခြင်းအတွက် ပြည့်စုံသောညွှန်ကြားချက်/ သစ်တော စည်း မျဉ်းများ ထုတ်ပြန်ခဲ့သည်။

(ည) ၁၈၄၉ ။ အင်္ဂလိပ်အုပ်ချုပ်ထားသည့် သစ်တောများအခြေအနေကို စစ်ဆေး/ အစီရင် ခံရန် ဒေါက်တာဖယ်လ်ကွန်နာ ရောက်ရှိခဲ့သည်။

(ဋ) ၁၈၅၁ ။ အစီရင်ခံစာတင်ပြစဉ် ယခင်ဒေါက်တာဝေါလစ်ချ်၊ ဟယ်လဖား၊ ထရီးမင်း ဟီးယားနှင့်ဂုသရီးတို့၏ တင်ပြစာများထောက်ခံခဲ့သည်။ လိုင်စင်စည်းကမ်း မလိုက်နာမှုကြောင့် တောများပျက်စီးရသည်။ ကျွမ်းကျင်ပညာ ရှင်၏ ဦးဆောင် ကွပ်ကဲမှုဖြင့် သစ်တောစိုက်ခင်းများ တည်ထောင် ရန်လိုသည်။ ထို့ ကြောင့် တနင်္သာရီသစ်တောများ ပျက်စီးမှုကိုလေ့လာ ရင်းမှ သိပ္ပံနည်း ကျ သစ်တောပညာကို မြန်မာ့သစ်တောများတွင် စတင်ကျင့်သုံး လာခဲ့သည်။

(ဌ) ၁၈၅၂ ။ အင်္ဂလိပ်–မြန်မာဒုတိယစစ်ပွဲဖြစ်ပွားပြီး အောက်မြန်မာပြည် ပဲခူးနှင့် မုတ္တမကို သိမ်းပိုက်သည်။ နိုင်ငံ၏ ကျွန်းသစ်သုံးပုံတစ်ပုံရှိသော ပဲခူးရိုးမ ကျွန်းတောများ အင်္ဂလိပ်လက်အောက်ရောက်ရှိသွားသည်။

(ဍ) ၁၈၅၃ ။ မြန်မာ့သစ်တောများကို အင်္ဂလိပ်အစိုးရက နိုင်ငံပိုင် ကြေညာသည်။ မက်ကလဲလင်းကို သစ်တောအရာရှိခန့်၍ သစ်တောများ အုပ်ချုပ်ရန် တာဝန် ပေးအပ်သည်။ လပေါင်းများစွာ တောတွင်းသွားရောက် လေ့လာ စုံစမ်းပြီး သစ်တော အုပ်ချုပ်ရေး စတင်သူဖြစ်သည်။ ကျွန်းတစ်မျိုးတည်းသာမကအခြား သစ်မာများ ကိုလည်းသုံးရန်၊ ကျွန်းပင်အား ၃ နှစ်ကြိုတင် သင်းသတ်ရန်၊ သစ်တော အားအစိုးရ လက်ဝယ်ထားရှိပြီး အစိုးရတံဆိပ် ရိုက်ရန်၊ သိပ္ပံနည်း ကျအုပ် ချုပ်ရန်၊ မက်ကလဲလင်း၏တင်ပြချက်အရသစ်တောဆိုင်ရာပဋိညာဉ် ဥပဒေ (Charter of Indian Forests) ကိုထုတ်ပြန်၍ ကျွန်းသစ်အားလုံး နိုင်ငံပိုင် ရွေးချယ်သင်းသတ်ရေးစနစ်အရ ကျွန်းပင်အားသင်းသတ်ရန်၊ အစိုးရ ကိုယ် စားလှယ်ကသာသင်းသတ်ရန်၊အစိုးရခွင့်ပြုမှုနေရာရွှေ့ပြောင်းရန်တို့ဖြစ်သည်။

(ဎ) ၁၈၅၄ ။ အရွယ်မတိုင်/ငယ်သော ကျွန်းပင်ကို သင်းသတ်ခြင်းမပြုရန်၊ သစ်တော အား သိပ္ပံနည်းကျအုပ်ချုပ်ရန်၊ အမြဲတမ်းလိုက်နာရန် အုပ်ချုပ်ရေးဆိုင်ရာ မူဝါဒပြဋ္ဌာန်း ခဲ့သည်။

(ဏ) ၁၈၅၅ ။ ပဲခူးတိုင်းတွင် ဂျာမန် ရက္ခဗေဒပညာရှင် ဒေါက်တာဘရန်းဒစ်အား သစ် တော မင်းကြီးခန့်ထားခဲ့သည်။ မြန်မာမင်းများ၏ သစ်တောစီမံအုပ်ချုပ် ပုံများကို ယေဘုယျအတုယူလေ့လာ၍ သိပ္ပံနည်းကျ သစ်တောအုပ် ချုပ် ရေး လုပ်ငန်းကို စတင် ဖော်ထုတ်ပေးခဲ့သည်။

(တ) **၁၈၅၆** ။ အစိုးရကကြီးကြပ်သည့် ကျွန်းသစ်ထုတ်လုပ်ခြင်းစနစ် စတင်တီထွင်သည်။ ပဲခူးရိုးမသစ်တောအတွက် ကွက်စိပ်စီမံကိန်း ရေးဆွဲခဲ့သည်။ ကျွန်းပင်ထုတ်ရန် တောကောင်းတွင် လုံးပတ် ၇ ပေ ၆ လက်မ၊ တောညံ့တွင် လုံးပတ် ၆ ပေ ၆လက်မဟု သတ်မှတ်ပေးခဲ့သည်။ 'တောင်ယာ' လုပ်ငန်းကို အရေးကြီးသောသစ်တောတည်ထောင်ခြင်း လုပ်ငန်းတစ်ရပ်အနေဖြင့် ဘုရင်ခံချုပ်ထံ အစီရင်ခံ တင်ပြခဲ့သည်။

(ထ) **၁၈၅၆–၁၈၅၈** ။ ဗြိတိသျှလက်အောက်ခံ မြန်မာပြည်သစ်တောများဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ရေးဆွဲပြဋ္ဌာန်းခဲ့သည်။

(ဒ) **၁၈၆၂** ။ ၁၈၅၆ ခုနှစ်မှ ၁၈၆၂ ခုနှစ်ထိ ၇ နှစ်တာ ကာလအတွင်း ကျွန်းတောများ ကို လေ့လာဆန်းစစ် စာရင်းကောက်ယူခဲ့သည်။ သိပ္ပံနည်းကျသစ်တော စီမံအုပ်ချုပ်မှုကိုစတင်၊ သစ်တောဋ္ဌာနကို စနစ်တကျတည်ထောင်ခဲ့သည်။ ရွှေပြောင်းတောင်ယာခုတ်ခြင်းကိုကန့်သတ်ခဲ့သည်။ ကျွန်းသစ်နှင့် အခြားသစ်မာ ထုတ်လုပ်ခြင်း/ သစ်တောထွက်ပစ္စည်းများ ထုတ်လုပ်ခြင်း တို့ကို စနစ်တကျအခွန်ကောက်ခံ၍ သစ်တောထိန်းသိမ်းခဲ့သည်။ ကျွန်းမျိုးဆက်မှုအခြေအနေကိုအခြေခံ၍ ထာဝစဉ်တည်တံ့စေမည့်တောထွက်ကိုခန့်မှန်းတွက်ချက်ခဲ့သည်။နှစ်စဉ်တောထွက်သတ်မှတ်ပြဋ္ဌာန်းပေးခဲ့သည်။ မြန်မာ့ရွေးချယ်ခုတ်လှဲမှုစနစ်ကို သစ်တောပြုစု ပျိုးထောင်ခြင်းတွင် ထင်ရှားစေခဲ့ သည်။

(ဓ) **၁၈၅၇** ။ တနင်္သာရီနှင့် မုတ္တမသစ်တောကို သိပ္ပံနည်းကျ သစ်တောအုပ်ချုပ်ရေးစတင် စေခဲ့သည်။ တန်းရှည်တန်ဖိုးတွက် တိုင်းတာနည်းနှင့် သစ်ထွက်ခန့်မှန်းခြင်းကို တီထွင်ပေးခဲ့သည်။ 'ဟစ်ဆိုမီတာ' ခေါ် လွယ်လွယ်ဖြင့် သစ်ပင်အမြင့် တိုင်းသည့် ကိရိယာတီထွင်ခဲ့သည်။

(န) **၁၈၆၅** ။ အစိုးရသစ်တောအက်ဥပဒေ ၁၈၆၅ ကို ရေးဆွဲပြဋ္ဌာန်းခဲ့သည်။

(ပ) **၁၈၆၉** ။ မြန်မာ့သစ်တောများအတွက် ၁၈၆၅ ခုနှစ်အစိုးရ သစ်တောအက်ဥပဒေ ကို ပြင်ဆင် ရေးဆွဲခဲ့သည်။

(ဖ) **၁၈၇၃** ။ ၄င်းအက်ဥပဒေကို ၁၈၇၃ ခုနှစ် Burma Timber Act ဖြင့် ထပ်မံ ဖြည့်စွက် ခဲ့သည်။

(ဗ) **၁၈၈၁** ။ ဗြိတိသျှလက်အောက်ခံ အောက်မြန်မာပြည်အတွက် ၁၈၈၁ ခုနှစ် သစ်တော ဥပဒေ ကို သီးခြားရေးဆွဲပြဋ္ဌာန်းခဲ့သည်။

အခန်း (၂)
ကိုလိုနီခေတ်
(၁၈၈၆–၁၉၄၈)

အင်္ဂလိပ်မြန်မာ တတိယစစ်ပွဲပြီးနောက် မြန်မာ့ကျွန်းတောများစီမံအုပ်ချုပ်မှု

၁၁၁။ ၁၈၅၂ ခုနှစ်တွင် ဒုတိယအင်္ဂလိပ် ကျူးကျော်တိုက်ခိုက်၍ မြန်မာပြည်အောက်ပိုင်းအား သိမ်းယူခြင်းခံရပြီး အင်္ဂလိပ်သစ်ကုန်သည်များသည် သစ်များကို တရားဝင်ထုတ်ယူသလို တရားမဝင် နည်းမျိုးစုံဖြင့်လည်း ထုတ်ယူခဲ့ရာ ၁၈၈၅ ခုနှစ်အထိ နှစ်ပေါင်း ၃၃ နှစ်ကြာခဲ့ပေသည်။ ၁၈၈၅ ခုနှစ်တွင် အင်္ဂလိပ်များသည် မြန်မာပြည်အား သိမ်းပိုက်လိုသည့်အထဲတွင် ဘုံဘောဘားမားသစ်ကုမ္ပဏီ၏ သစ်ခိုးမှု ပြဿနာကို အကြောင်းပြု၍ မန္တလေးသို့ စစ်ချီတက်တိုက်ခိုက်ရာ မြန်မာဘုရင်သီပေါမင်းနှင့် မိဖုရားအား ဖမ်းဆီးခြင်းခံခဲ့ရပြီး မြန်မာနိုင်ငံသည်လည်း အင်္ဂလိပ်လက်အောက်သို့ ကျရောက်ခဲ့ရ ပေသည်။ ၁၈၅၆ ခုနှစ်မတိုင်မီ ရှေးမြန်မာမင်းများလက်ထက်နှင့် ကိုလိုနီအုပ်ချုပ်ရေးခေတ်တို့တွင် သီးခြားဝန်ကြီးဌာန အဖြစ် ဖွဲ့စည်းဆောင်ရွက်ခဲ့ခြင်းမရှိဘဲ သစ်တောဌာနအနေဖြင့်သာ တည်ထောင်လျက် အုပ်ချုပ်ရေး ဌာနများမှ ပုဂ္ဂိုလ်များနှင့်တွဲဖက်၍ သစ်တောရေးရာကိစ္စများကို ကြီးကြပ်ဆောင်ရွက် ခဲ့ကြသည်။ ပထမဦးဆုံး သစ်တောမင်းကြီးချုပ်မှာ Mr. F. Beadon Bryant ဖြစ်သည်။ ၁၉၀၂ ခုနှစ် တွင် မြန်မာနိုင်ငံ အတွက် ၁၈၈၁ ခုနှစ်ဥပဒေကို အခြေခံ၍ ခေတ်နှင့်လျော်ညီသည့် သစ်တော အက်ဥပဒေ (Burma Forest Act) တစ်ရပ် ရေးဆွဲနိုင်ခဲ့ပြီး သစ်တောအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်းတိုင်းကို သီးခြားတိုင်းအဖြစ် ဖွဲ့စည်းနိုင်ခဲ့သည်။ ထိုအချိန်မှစ၍ မြန်မာ့သစ်တောများကို ကွက်စိပ်စီမံကိန်းများ ရေးဆွဲအုပ်ချုပ် လာခဲ့ပေသည်။[၂၇]

၁၁၂။ ဗြိတိသျှတို့ သိမ်းပိုက်ပြီး မြန်မာနိုင်ငံ၏ နယ်မြေအကျယ်အဝန်း အခြေအနေမှာ အောက်ပါအတိုင်း ဖြစ်သည်[၂၈]– (စတုရန်းမိုင်)

စဉ်	အကြောင်းအရာ	အထက်မြန်မာပြည်	အောက်မြန်မာပြည်
၁။	အကျယ်အဝန်း	၈၅,၄၁၁	၈၃,၅၅၇
၂။	စော်ဘွားနယ်မြေ	၈,၂၀၁	–
၃။	စိုက်ပျိုးမြေ	၆,၄၄၇	၁၀,၃၅၈
၄။	သစ်တောကြိုးဝိုင်း	၇,၃၃၃	၇,၃၇၃
၅။	ကြိုးဝိုင်းရာခိုင်နှုန်း	၈.၅၉	၈.၈၂

၁၁၃။ ဗြိတိသျှ အစိုးရလက်ထက်တွင် မြန်မာနိုင်ငံလယ်ယာစိုက်ပျိုးရေးနှင့် သစ်တောလုပ်ငန်းများကို ဘဏ္ဍာရေးနှင့် အခွန်တော်ဌာန လက်အောက်တွင် ထားရှိခဲ့သည်။ ၁၉၂၂ ခုနှစ်တွင် ပြည်ထဲရေး၊ ဘဏ္ဍာရေးနှင့် သစ်တောဝန်ကြီးဌာနဟူ၍ သီးခြားဖွဲ့စည်းခဲ့သည်။

---

[၂၇] မြန်မာနိုင်ငံသစ်တောကျောင်းနှစ်တစ်ရာပြည့်စာစောင် ၊ စာ–၆၄၊ စာ–၁၈၈

[၂၈] ဗြိတိသျှမြန်မာသစ်တောစီမံအုပ်ချုပ်ရေး ၁၈၇၄–၇၅ နှစ်ချုပ်အစီရင်ခံစာ



ကိုလိုနီခေတ်ဦးပိုင်း မြန်မာ့သစ်ထုတ်လုပ်မှုသရုပ်ဖော်ပုံ



ပြဿဒ်စနေဘဂနှင့် သုံးထပ်ရွှေကျောင်းတော်ကြီးတစ်ဆောင်

သစ်တောဌာနဖွဲ့စည်းခြင်းနှင့်အတူ လုပ်ငန်းများပီပြင်စွာဆောင်ရွက်ခြင်း

၁၁၄။ ၁၈၈၆ ခုနှစ်တွင် အထက်မြန်မာပြည်ကို ဗြိတိသျှအစိုးရတို့ သိမ်းလိုက်သောအခါ ရှမ်းပြည်နယ် အပါအဝင်ဖြစ်သော သစ်တောများကို စီမံအုပ်ချုပ်ရန် သစ်တောမင်းကြီးတစ်ဦးနှင့် လက်အောက်အရာရှိ ကြီးငယ်တို့ကိုထပ်၍ခန့်လေသည်။ ထို့နောက်မြန်မာပြည်ကို ဝန်ရှင်တော်မင်းကြီးချုပ် (Chief Commissioner) အုပ်ချုပ်သော တိုင်းပြည်အဖြစ်အဆင့်တိုးမြှင့်လိုက်သောအခါ ဆာအဲလဗတ်ဖိုက် (Sir Albert Fytche) က ဝန်ရှင်တော်မင်းကြီးချုပ်အဖြစ် ဆောင်ရွက်ရသည်။ ဝန်ရှင်တော်မင်းကြီးချုပ်ကို ကူညီရန် အမှုထမ်းသက်ရင့်သော သစ်တောအရာရှိကြီး မစ္စတာအမ်းဟီး (M. Hill)ကို မြန်မာနိုင်ငံ သစ်တောဌာန အတွင်းဝန်အဖြစ် ပထမဆုံးခန့်ခဲ့သည်။

၁၁၅။ ၁၈၉၃ ခုနှစ်သို့ရောက်သောအခါ မြန်မာနိုင်ငံကို အရှေ့သစ်တောတိုင်း၊ အနောက်သစ်တော တိုင်း၊ ပဲခူးသစ်တောတိုင်းနှင့် တနင်္သာရီသစ်တောတိုင်းဟူ၍ တိုင်းကြီးလေးတိုင်းခွဲကာ သစ်တောမင်းကြီး ၄ ဦး၊ ဂေဇက်ဝင်အရာရှိကြီး (Gazetted Officers) ၄၈ ဦး၊ တောအုပ် (Forest Ranger) ၆၄ ဦး၊ ဒုတိယ တောအုပ် (Deputy Forest Ranger) ၁၀၂ ဦးနှင့် တောခေါင်း (Forester) ၁၁၅ ဦးသာထားရှိခဲ့သည်။ ၁၉၀၅ ခုနှစ်တွင် မြန်မာနိုင်ငံအတွက် သီးသန့်သစ်တောမင်းကြီးချုပ် (Chief Conservator of Forests) စ၍ခန့်ထားသည်။ မြန်မာနိုင်ငံ သစ်တောမင်းကြီးချုပ် အဖြစ် ပထမဆုံးဆောင်ရွက်သူမှာ မစ္စတာ ဘီဒွန်ဗရိုင်ယန် (Beadon Bryant) ဖြစ်သည်။ ၁၉၂၅ ခုနှစ်တွင် မြန်မာနိုင်ငံသစ်တောဌာန၌ မင်းကြီးချုပ်တစ်ဦး၊ မင်းကြီး (Conservator of Forests) ၉ ဦး၊ အထက်တန်း ဂေဇက်ဝင်အရာရှိ ၂၁၈ ဦး၊ တောအုပ် ၂၀၀ ဦး၊ ဒုတိယ တောအုပ် ၅၀၀ ဦးနှင့် တောခေါင်း ၂,၁၆၉ ဦး ရှိလာသည်။ ၁၉၂၃ ခုနှစ်တိုင်အောင် မြန်မာနိုင်ငံသစ်တောဌာနကို အိန္ဒိယပြည် သစ်တောဌာန လက်အောက်ခံအဖြစ် ထားရှိခဲ့သည်။[၂၉] ၁၉၂၃ ခုနှစ်၊ ဇန်နဝါရီလတွင် မြန်မာနိုင်ငံကို ဒိုင်အာခီ အုပ်ချုပ်ရေးစနစ်ဖြင့် အိန္ဒိယမှခွဲထုတ်၍ သီးခြားအုပ်ချုပ်ခဲ့ပြီးနောက် မြန်မာ့သစ်တောများကို ပိုမို ထိရောက်စွာ စီမံအုပ်ချုပ်နိုင်ရန် သစ်တောဝန်ကြီးဌာနကို သီးခြားဖွဲ့စည်းတည်ထောင်ခဲ့သည်။ စစ်ကြို ခေတ်တွင် သစ်တောဌာန၏ အမြဲတမ်းဝန်ထမ်းအင်အားအဖြစ် ၁၉၄၀ ခုနှစ်၌ အရာထမ်း ၁၅၉ ဦး၊ အမှုထမ်း ၃,၂၉၉ ဦး၊ ပေါင်း ၃,၄၅၈ ဦးတို့ကိုခန့်ထား၍ သစ်တောလုပ်ငန်းအဝဝကို နိုင်နင်းစွာအုပ်ချုပ် လုပ်ကိုင်ခဲ့သည်။

၁၁၆။ အောက်မြန်မာပြည်တွင် သစ်တောများပျက်စီးပြုန်းတီးစေသော အထိန်းအကွပ်မဲ့ သစ်ထုတ်နည်း သည် ကာလရှည်ကြာစွာတည်ရှိခဲ့ရာ သစ်တောဌာနကို စတင်ဖွဲ့စည်းပြီးနောက် ရပ်စဲသွားသည်။ သစ်ကုန်သည် များ၏ အထိန်းအကွပ်မဲ့ သစ်ထုတ်ခြင်းသည် အိန္ဒိယ လက်အောက်ခံ ပြည်နယ်များအနက် အောက်မြန်မာပြည် တွင် အကြာဆုံးနှင့် အခိုင်မြဲဆုံးဖြစ်သည်။ ဘရန်းဒစ်သည် အောက်မြန်မာပြည်တွင် အမှုထမ်းနေစဉ်က

---

[၂၉] သစ်တောရတနာ၊ ၁၉၆၇ ခုနှစ်၊ ဦးသိန်းလွင်၊ သစ်တောမင်းကြီးချုပ် (ငြိမ်း)၊ စာ–၂၂

ဤကိစ္စကို အများဆုံးရင်ဆိုင်ခဲ့ရသည်။ သစ်ထုတ်ခွင့်ဂရန်ရရှိသူများနှင့် တစ်ဆင့်ခံကန်ထရိုက်တာများ၏ဖျက်ဆီးမှုကြောင့် ၁၈၇၃ ခုနှစ်တွင် လိုင်စင်အားလုံးကို ရုတ်တရက် ဖျက်သိမ်းလိုက်ရသည်။

၁၁၇။ **ကြိုးဝိုင်းများဖွဲ့စည်းခြင်း**။ ၁၈၅၂–၅၄ ခုနှစ် အင်္ဂလိပ်–မြန်မာဒုတိယစစ်ပွဲဖြင့် အောက်မြန်မာနိုင်ငံကို သိမ်းပိုက်ပြီးနောက် ဘရန်းဒစ်သည် သစ်တောစီမံအုပ်ချုပ်မှုလုပ်ငန်းများကို ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင် ရန်အတွက် သစ်တောကြိုးဝိုင်းများကို ဖွဲ့စည်းခဲ့သည်။ မြန်မာနိုင်ငံ၏ ပထမဆုံးသစ်တောကြိုးဝိုင်းများ အဖြစ် ပြည်သစ်တောနယ် (ယခု သာယာဝတီသစ်တောခရိုင်) တွင် ကြိုးဝိုင်း ၄ ခု၊ ဟင်္သာတသစ်တောနယ် (ယခု သာယာဝတီ သစ်တောခရိုင်) တွင် ကြိုးဝိုင်း ၁၀ ခု၊ ပြည်သစ်တောနယ် (ယခု ပြည်သစ်တောခရိုင်) တွင် ကြိုးဝိုင်း ၃ ခု၊ စုစုပေါင်း ၁၇ ခုကို ၁၈၇၀ ခုနှစ်၊ မေလ ၁၀ ရက်နေ့စွဲဖြင့် ထုတ်ပြန်ကြေညာခဲ့သည်။ ယင်းသို့ ကြိုးဝိုင်းတောများကို စတင်ဖွဲ့စည်း ခဲ့ပြီးနောက် စနစ်တကျ စီမံအုပ်ချုပ်နိုင်ရန်အတွက် ၁၈၈၁ ခုနှစ်တွင် အောက်မြန်မာပြည် သစ်တောများအတွက် သစ်တော ဥပဒေကို ပြဋ္ဌာန်းခဲ့ခြင်းဖြစ်သည်။ ၁၉၀၂ ခုနှစ်တွင် သစ်တောဥပဒေကို ပြင်ဆင် ရေးဆွဲခဲ့ပြီး ကြိုးဝိုင်းများကို တိုးချဲ့ဖွဲ့စည်းလာခဲ့သည်။ ၁၈၈၁ ခုနှစ်မှ ၁၉၀၄ ခုနှစ်ထိ ကြိုးဝိုင်း ၆၈၉ ခု၊ ဧရိယာ ၂၄,၀၁၁ စတုရန်းမိုင်ကို ဖွဲ့စည်းနိုင်ခဲ့သည်။

၁၁၈။ **ကြိုးဝိုင်းနယ်နိမိတ်သတ်မှတ်ခြင်းလုပ်ငန်း** ။ အမှုထမ်းအဖွဲ့ မလုံလောက်သဖြင့် ကြိုးဝိုင်းနယ်နိမိတ် (Reserve Boundary) သတ်မှတ်ခြင်း လုပ်ငန်းမှာ ကနဦးတွင် မတွင်ကျယ်ခဲ့ပေ။ အမှုထမ်းဦးရေ တိုးလာသည့်အခါ ကြိုးဝိုင်းနယ်နိမိတ် သတ်မှတ်ခြင်း လုပ်ငန်း၏ နှစ်စဉ်တိုးတက်မှုမှာ အလွန် မြန်ဆန်ခဲ့သည်။ ၁၉၂၂ ခုနှစ်သို့ ရောက်သောအခါ ကြိုးဝိုင်း နယ်နိမိတ် ၂၀,၁၈၂ မိုင်အနက် ပဝတ္ထိ နည်းဖြင့် သတ်မှတ် ရမည့်နယ်နိမိတ် (Artificial Boundary) ၁၆,၇၆၈ မိုင်ကို ပြုလုပ်ပြီးဖြစ်သည်။

သစ်တောအုပ်ချုပ်လုပ်ကိုင်မှု ကွက်စိပ်စီမံကိန်းရေးဆွဲခြင်း[၃၀]

၁၁၉။ သစ်တောအုပ်ချုပ်လုပ်ကိုင်မှုကွက်စိပ်စီမံကိန်းများကို ၁၈၅၆ ခုနှစ်တွင် စတင်ရေးဆွဲခဲ့ရာ ၁၉၀၀ ပြည့်နှစ်တွင် ကြိုးဝိုင်းတော ၁၇,၁၅၃ စတုရန်းမိုင်ဖွဲ့စည်းထားသည့်အနက် ၁,၈၁၇ စတုရန်းမိုင်၊ ၁၁ ရာခိုင်နှုန်းကို ရေးဆွဲပြီးစီးခဲ့ပြီး ၁,၀၄၃ စတုရန်းမိုင်၊ ၆ ရာခိုင်နှုန်းမှာ ရေးဆွဲနေဆဲ ဖြစ်သည်။ အချို့သစ်တောများအတွက် သစ်တောအုပ်ချုပ်လုပ်ကိုင်မှုကွက်စိပ်စီမံကိန်းကို အပြည့်အဝ မရေးဆွဲခဲ့သော်လည်း ကျွန်းသင်းသတ်လုပ်ငန်းအတွက် သင်းသတ်စီမံချက် (Girdling Scheme) ရေးဆွဲခဲ့သည်များလည်းရှိသည်။

၁၂၀။ ၁၉၂၀ ခုနှစ်တွင် သစ်တောအုပ်ချုပ်လုပ်ကိုင်မှုကွက်စိပ်စီမံကိန်းတိုင်းမင်းကြီး (Forest Conservator of Working Plan Circle) နှင့် လက်ထောက်ရာထူးများ ဖန်တီး၍ အချိန်ပြည့်လုပ်ငန်းအဖြစ် သစ်တောအုပ်ချုပ်လုပ်ကိုင်မှု ကွက်စိပ်စီမံကိန်းတိုင်းကို သစ်တောဌာန အောက်တွင်သီးခြား ဖွဲ့စည်းခဲ့သည်။ ၁၉၂၆ ခုနှစ် တွင် ကွင်းဆင်းအဖွဲ့များဖြင့် တစ်ရာသီလျှင် သစ်တောတစ်ခရိုင်အဖြစ် စတုရန်းမိုင်

[၃၀] နိုင်ငံတော်ကောင်စီမှစုံစမ်းမေးမြန်းချက်များနှင့်ပတ်သက်၍ သစ်တောဦးစီးဌာနမှ ပြုစုတင်ပြခြင်း။ ၁၉၇၅ ခုနှစ်၊ စာ–၄၀

၁,၀၀၀ ခန့်တွင် အကွက်နယ်နိမိတ်များ သတ်မှတ်ပြင်ဆင်ခြင်းနှင့် ပါဝင်ပင်များ (Growing Stock) ကို ရေတွက်ပြီး တောမျိုးများ (Forest Types) ခွဲခြားရှာဖွေပုံတွင် မှတ်တမ်းတင်ခဲ့သည်။ သို့ရာတွင် ၁၉၃၅ ခုနှစ်မှစ၍ ဤလုပ်ငန်း ရပ်ဆိုင်းသွားပြီး ကွက်စိပ်စီမံကိန်းရေးဆွဲရန်ကိုပင် ဆိုင်ရာသစ်တောဝန် (Divisional Forest Officer - DFO) အား တာဝန်ပေးခဲ့သည်။ မင်းကြီးရုံး (Working Plan Circle) က လိုအပ်သော ပံ့ပိုးကူညီမှုများပေးပြီး စိစစ်အတည်ပြုခဲ့သည်။ ကွက်စိပ်စီမံကိန်းရေးဆွဲရေးတိုးတက်မှုမှာ အောက်ပါအတိုင်းဖြစ်သည်–

(စတုရန်းမိုင်)

စဉ်	ကွက်စိပ် စီမံကိန်း အခြေအနေ	၃၀–၆–၁၉၂၀		၃၁–၃–၁၉၃၇	
		ဧရိယာ	ရာခိုင်နှုန်း	ဧရိယာ	ရာခိုင်နှုန်း
၁	၂	၃	၄	၅	၆
၁။	ရေးဆွဲပြီး	၁၀,၈၅၅	၃၆	၂၆,၃၂၇	၇၆
၂။	ရေးဆွဲဆဲ	၃၂၈	၁	၆,၉၀၆	၂၀
၃။	အရေးတကြီးလို	၆,၈၈၈	၂၃	၁၉၄	၁
၄။	အရေးမကြီးသေး	၁၁,၈၀၃	၄၀	၁,၀၇၄	၃
စုစုပေါင်း		၂၉,၈၇၄		၃၄,၅၀၁	

၁၂၁။ ကနဦး ရေးဆွဲခဲ့သော ကွက်စိပ်စီမံကိန်းများတွင် ကျွန်းသစ်ထုတ်လုပ်ရေးကိုသာ ဦးစားပေးခဲ့သော်လည်း ၁၉၂၀ ခုနှစ်တွင် ကွက်စိပ်စီမံကိန်းတိုင်းဖွဲ့စည်းပြီးနောက်ပိုင်း သစ်တောခရိုင်အားလုံးရှိဧရိယာများကိုအခြေခံ၍ ကျွန်းနှင့်သစ်မာခုတ်လှဲထုတ်လုပ်ခြင်း၊ စိုက်ခင်းများတည်ထောင်ခြင်း၊ အုပ်မိုးကာဆိုင်းလှဲခြင်း (Improvement Felling)၊ ပင်ကျပ်နှုတ်ခြင်း (Thinning Operation)၊ လမ်းဖောက်ခြင်း၊ အဆောက်အဦ ဆောက်ခြင်းမှစ၍ အခြားသောလုပ်ငန်းအားလုံးကို ပြည့်စုံစွာ ဆယ်နှစ်ကာလအတွက် ရေးဆွဲခဲ့သည်။

၁၂၂။ **ကျွန်းသင်းသတ်ခြင်း(Girdling of Teak)**။ ကျွန်းသင်းသတ်ခြင်းလုပ်ငန်း ကို မြန်မာမင်းများ လက်ထက်ကပင် စတင်ဆောင်ရွက်ခဲ့ကြောင်း ဘရန်းဒစ်၏ မှတ်တမ်းများ အရသိရှိရသည်။ မြန်မာ့သစ်တောစီမံအုပ်ချုပ်မှုစနစ်တွင် အဓိကအကျဆုံး လုပ်ငန်းတစ်ရပ်မှာ ကျွန်းသင်းသတ်ခြင်း ပင်ဖြစ်သည်။ ကျွန်းသင်းသတ်ခြင်းဆိုသည်မှာ ခုတ်လှဲထုတ်ယူ မည့်ပင်စည်၏ အကာသားများကို အနှစ်သားပေါ်သည်အထိ ခုတ်ထွင်ခြင်းပင်ဖြစ်သည်။ သင်းသတ်ခြင်းဖြင့် ကျွန်းပင်သည် အစာရေစာပြတ်၍ ခြောက်သွေ့ပြီးသေသွားသည်။ ဘရန်းဒစ်သည် သစ်တောများမှ ကျွန်းသစ် ရေရှည်ထုတ်ယူသုံးစွဲနိုင်ရေး အတွက် ထာဝစဉ်တည်တံ့သောတောထွက် (Sustained Yield) ရရှိစေမည့် နှစ်စဉ်တောထွက် (Annual Yield) ကို တွက်ချက် သတ်မှတ်နိုင်ရန် ဘရန်းဒစ်၏ပုံသေနည်း (Brandis' Formula) ကို ဖော်ထုတ်ခဲ့သည်။ ဘရန်းဒစ်၏ ပုံသေနည်းအရ ခုတ်လှဲထုတ်လုပ်ရန် သတ်မှတ်အရွယ်အစားသို့ နှစ်စဉ်ကြီးထွား

ရောက်ရှိလာသော အပင် အရေအတွက်အပြင် ရှိနှင့်ပြီးသတ်မှတ်အရွယ်အစားအထက်ရှိ အပင်များမှအချို့ကို ခုတ်လှဲထုတ်ယူ ရန်ဖြစ် သည်။ ကျွန်းကောင်းပေါက်ရောက်သောတော၌ ရင်စို့လုံးပတ် ၇ ပေ ၆ လက်မနှင့် အထက်၊ တော ညံ့၌ ရင်စို့လုံးပတ် ၆ ပေ ၆ လက်မနှင့်အထက်ရှိသော ကျွန်းပင်များအနက် နှစ်စဉ် တောထွက်အပင် အရေအတွက်ဘောင် အတွင်းမှ ကျွန်းပင်များကိုသာ သင်းသတ်ခြင်းဖြစ်သည်။ ကျွန်းသင်းသတ်ခြင်း၏ အကြောင်းရင်း များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) ကျွန်းပင်ကို သင်းသတ်၍ ၃ နှစ်ကြာမှ ထုတ်ယူခြင်းကြောင့် ကျွန်းသစ်မှာ ခြောက်သွေ့နေသဖြင့် ကွဲအက်မှုနည်းပါးခြင်း အတွင်းသား အသင့်အတင့် ခြောက်သွေ့နေခြင်းကြောင့် စက်တင်ခွဲစိတ်ပြီးသောအခါ တိုက်ရိုက်သုံးစွဲနိုင်သည်။

(ခ) သစ်လုံးခြောက်နေသဖြင့် ကျွဲ၊ ဆင်များဖြင့် ငုတ်ထုတ်ရာတွင် လွယ်ကူပေါ့ပါးခြင်း၊ မြစ်ချောင်းများအတွင်း မျှောရာတွင်လည်း ရေတွင်ပေါသဖြင့် သယ်ယူစရိတ် သက်သာသည်။

၁၂၃။ **သစ်မာပင်ထောင်တံဆိပ်ရိုက်မှတ်ခြင်း (Selection Marking of Hardwood species other than Teak - SF Marking)**။ ကျွန်းပင်ကို သင်းသတ်ပြီးမှ ခုတ်လှဲ ထုတ်လုပ်သော်လည်း အခြားသစ်မာများကို သင်းသတ်ခြင်းမပြုဘဲ တိုက်ရိုက်ခုတ်လှဲထုတ်လုပ်သည်။ သစ်တောဌာနမှ သစ်အမျိုးအစားနှင့် ဒေသအလိုက် ကန့်သတ်လုံးပတ်များ သတ်မှတ်ပေးပြီး ခုတ်လှဲမည့်အပင်များကို သစ်မာပင်ထောင်တံဆိပ် ရိုက်မှတ်ပေးသည်။

၁၂၄။ **ပင်ကျပ်နှုတ်ခြင်း**။ သဘာဝတော သို့မဟုတ် သစ်တောစိုက်ခင်းတွင် သစ်ပင်များကြီးထွားလာသည့်အခါ ရွက်အုပ်များ အချင်းချင်းထိစပ်၍ နေရာလပ်မရှိဖြစ်လာသောအခါ ခုတ်လှဲထုတ်ယူမည့် ရည်ရွယ်ချက်အပေါ် မူတည်၍ ကျန်ရှိမည့်သစ်ပင်များကို လွတ်လွတ်လပ်လပ် ကြီးထွားနိုင်အောင် လုံလောက်သော အလင်းရောင်နှင့် နေရာလပ်များ ကျန်ရှိနေစေရန်အတွက် သစ်ပင်များရွေးချယ် ခုတ်လှဲခြင်း ကို ပင်ကျပ်နှုတ်ခြင်းဟုခေါ်သည်။ အရွယ်အစားကြီးမားသော သစ်ပင်များကို နောက်ဆုံးတော ထွက် (Final Yield) အဖြစ် ခုတ်လှဲရန် ရည်ရွယ်သောအခါ အဖိုးမတန်သောအပင် သို့မဟုတ် ကြီးထွားရန် အလားအလာ မရှိသော အပင်များကို ရွေးချယ်၍ ပင်ကျပ်နှုတ်သည်။

၁၂၅။ **အုပ်မိုးကာဆိုင်းခုတ်လှဲခြင်း**။ ကျွန်းနှင့်ပျဉ်းကတိုးကဲ့သို့ အခြားအဖိုးတန်အပင်များကို အုပ်မိုးကာ ဆိုင်းနေပြီး ကြီးထွားခြင်းကို အနှောက်အယှက်ပြုလျက်ရှိသော အပင်နှင့်နွယ်ပင်များ ခုတ်လှဲပိုင်းဖြတ် ခြင်းကိုဆိုသည်။ အုပ်မိုးကာဆိုင်းခုတ်လှဲခြင်းဖြင့် တန်ဖိုးရှိသောအပင်များအနီး၌ အသုံးမဝင်တန်ဖိုးနည်းသော အပင်များ၏ ယှဉ်ပြိုင်ခြင်းမှ လွတ်ကင်းစေနိုင်မည်ဖြစ်သည်။ တန်ဖိုးကြီး အပင်ငယ်များ၏ ရွက်အုပ် ဖွံ့ဖြိုးရေးအတွက် အပေါ်ပိုင်းတွင်သာမက ဘေးပတ်ဝန်းကျင်တွင်ပါ နေရာရရှိလာမည်။ အမြင့်တိုးတက်ခြင်း (Height Growth) ဆုံးခန်းမတိုင်သေးသောအပင်များမှာ အခြားအပင်များ

အုပ်မိုးခြင်းမှ ကင်းလွတ် ခွင့်ရရှိမည်။ အမြင့် တိုးတက်ခြင်းဆုံးခန်းတိုင်ရောက်နေသော အပင်များကိုလည်း ရွက်အုပ်ဖွံ့ဖြိုး စေရန် နေရာများရရှိမည်။ ယင်းသို့ ဆောင်ရွက်ပေးခြင်းဖြင့် အဖိုးတန်အပင်များ၏ ကြီးထွားမှုကိုရရှိမည်။ ဤတွင် မျိုးဆက်ခြင်းကို ရရှိစေသည့် အုပ်မိုးကာဆိုင်းခုတ်လှဲခြင်း (Regeneration Improvement Felling) လည်းပါဝင်သည်။ သာမန် အုပ်မိုးကာဆိုင်းခုတ်လှဲခြင်းလုပ်ငန်းထက် ပိုမိုဂရုစိုက်စွာ ဆောင်ရွက်ရသည်။ အုပ်မိုးကာဆိုင်းခုတ်လှဲခြင်းလုပ်ငန်းသည် သဘာဝကျွန်းတောများကို ပြုစုရာတွင် စရိတ်အသက်သာဆုံးနှင့် အရာ ရောက်ဆုံးသော အကောင်းဆုံး နည်းဖြစ်သည်။

၁၂၆။ သစ်တောဌာနတည်ထောင်ပြီးနောက် ဆက်ခံရရှိသောအမွေမှာ စည်းကမ်းမဲ့ခုတ်ထားပြီး ပျက်စီးနေသော သစ်တောများဖြစ်သည်။ သစ်ကုန်သည်များချန်ထားခဲ့သည့် အဖိုးတန်သစ်မျိုးများရှိသော်လည်း အရွယ်လွန်အခေါင်းရှိ ပုံမကျသည့်ပင်အိုပင်နာများသာဖြစ်သည်။ တောထဲတွင် စားကျက်ချခြင်း၊ တောမီးလောင်ခြင်းများကြောင့်လည်း အဖိုးတန်အပင်များမှာ ပျက်စီးရသည်။ အဖိုးတန်အပင်များကို အနှောင့်အယှက်ပြုလျက်ရှိသော ညောင်ပင်များ၊ နွယ်ပင်များကို တစ်ပါတည်း ခုတ်လှဲပိုင်းဖြတ်ရှင်းလင်းရန် အရေးကြီးကြောင်း မြင်ခဲ့ကြရာမှ အုပ်မိုးကာဆိုင်းခုတ်လှဲခြင်းလုပ်ငန်းအား မဖြစ်မနေဆောင်ရွက်ရသည့် သစ်တောပြုစုထိန်းသိမ်းရေး လုပ်ငန်းတစ်ခုအဖြစ် လုပ်ကိုင်ခဲ့ကြခြင်းဖြစ်သည်။ နှစ်အလိုက်အုပ်မိုးကာဆိုင်းခုတ်လှဲခြင်းလုပ်ငန်းများ၏ ကုန်ကျစရိတ်နှင့်စိုက်ခင်းများအတွက် ကုန်ကျစရိတ်နှိုင်းယှဉ်ချက်ကို အောက်ပါအတိုင်းဖော်ပြလိုက်သည် -

(ကျပ်)

ခုနှစ်	အုပ်မိုးကာဆိုင်း: ကုန်ကျစရိတ်	စိုက်ခင်း: ကုန်ကျစရိတ်
၁၉၀၀–၀၁	၇၄,၁၁၈	၆၀,၅၇၀
၁၉၁၀–၁၁	၁၁၆,၅၆၀	၆၉,၃၀၇
၁၉၂၃–၂၄	၆၀,၇၆၇	၁၃၈,၇၆၀

၁၂၇။ **ဓမ္မတာမျိုးဆက်ခြင်း (သဘာဝမျိုးဆက်ခြင်း - Natural Regeneration)**။ သဘာဝအလျောက် သော်လည်းကောင်း၊ လူများက စိုက်ပျိုးပေးခြင်းဖြင့်သော်လည်းကောင်း သစ်ပင်များ မျိုးဆက်နိုင်သည်။ ဓမ္မတာမျိုးဆက်ခြင်းနှင့် ပဝတ္ထိမျိုးဆက်ခြင်း (Artificial Regeneration) တို့ဖြစ်သည်။ ဓမ္မတာမျိုးဆက်ခြင်းတွင် တောပျက်များကိုကာကွယ်ထိန်းသိမ်းပေးခြင်းကြောင့် သစ်ပင်များဖြစ်ထွန်းစေခြင်း၊ ဖြောင့်တန်းစွာပေါက်ရောက်မှုမရှိသော ခွတက်ရှိသောအပင်ငယ် (Fork Tree)များကို မြေကြီးနှင့် ကပ်သောနေရာမှခုတ်လှဲ၍ ငုတ်တက်ချွန်ပေးခြင်း (Coppicing) ဖြင့်အပင်များ ဆက်လက် ရှင်သန်ကြီးထွားစေခြင်း တို့ပါဝင်သည်။ မျိုးပင်ကြီး (Seed Tree or Mother Tree)များ အောက်၌ မှည့်ကြွေသည့် ကျွန်းစေ့များ ဓမ္မတာမျိုးဆက်ခြင်းရရှိရန်အတွက် ၁၉၂၀ ခုနှစ် ပတ်ဝန်းကျင်တွင် သစ်တောခရိုင် အချို့၌ လုပ်ကိုင်ခဲ့သည်။ စုစုပေါင်းဧရိယာမှာ ၃၃,၆၄၃ ဧက ဖြစ်သည်။

၁၂၈။ ဓမ္မတာမျိုးဆက်ခြင်းသည် နှစ်ပေါင်းကြာမြင့်စွာ ဆက်လက်လုပ်ကိုင်ရသည့် လက်ဝင်သည့် လုပ်ငန်းဖြစ်ပြီး ငွေနှင့်အချိန်ကုန်သဖြင့် ၁၉၂၈ ခုနှစ်လောက်ကပင် ဤလုပ်ငန်းကို ရပ်ဆိုင်းထားခဲ့သည်။ အကြောင်းမှာ ဓမ္မတာမျိုးဆက်ခြင်းအောင်မြင်ရန် ကြိုးပိုင်း/ကြိုးပြင်အကွက် (Compartment or Coupe) တစ်ကွက်လျှင်နှစ်ပေါင်း ၂၀–၂၅ ခန့်ကြာအောင်လုပ်ကိုင်ရမည်ဖြစ်ပြီး ကုန်ကျစရိတ်မှာလည်း စိုက်ခင်း စရိတ်နီးပါးမျှဖြစ်ခြင်း၊ စိုက်ခင်းကိုမြေနေရာနှင့် သစ်ထုတ်နိုင်သည့်အခြေအနေပေးမှုအပေါ် အခြေခံပြီး သင့်လျော်သည့်အရပ်တွင် ရွေးချယ်စိုက်ပျိုးနိုင်ခြင်း၊ အလိုရှိသည့်သစ်မျိုးကို စိုက်ပျိုးနိုင်ခြင်း၊ စိုက်ခင်းမှာ အောင်မြင်မှု သေချာသလောက်ရှိပြီး နှစ်အနည်းငယ်အတွင်း စိုက်ပျိုးသည့်သစ်ပင်များ တစ်ခွင်တစ်ပြင်လုံး ဖုံးအုပ်နေသည်ကို တွေ့မြင်နိုင်ခြင်းတို့ကြောင့်ဖြစ်သည်။ ၁၉၅၃ ခုနှစ်နောက်ပိုင်းတွင် ဓမ္မတာ မျိုးဆက်ခြင်း လုံးဝရပ်ဆိုင်းသွားသည်။

၁၂၉။ **ပဝတ္ထိမျိုးဆက်ခြင်း (သစ်တောစိုက်ခင်းတည်ထောင်ခြင်း–Artificial Regeneration)**။ သစ်တောဦးစီးဌာနတွင် မျိုးဆက်ခြင်းလုပ်ငန်းနှစ်မျိုးရှိသည်။ ဓမ္မတာနည်းဖြင့်မျိုးဆက်ခြင်းနှင့် ပဝတ္ထိနည်းဖြင့် မျိုးဆက်ခြင်းတို့ဖြစ်သည်။ ပဝတ္ထိနည်းဖြင့်မျိုးဆက်ခြင်းဆိုသည်မှာ စိုက်ခင်းတည်ထောင်ခြင်း လုပ်ငန်းကို ခေါ်ဆိုခြင်းဖြစ်သည်။ ၁၈၂၆ ခုနှစ် မြန်မာနိုင်ငံသို့ရောက်ရှိခဲ့သည့် ဒေါက်တာဝေါလစ်ချ်သည် လူဦးရေတိုးတက်လာသည့်အခြေအနေနှင့် ကျွန်းပင်များခုတ်လှဲအသုံးပြုမှုများကြောင့် ရှားပါးလာမည်ကို ကြိုတင်ခန့်မှန်းမိသဖြင့် ကျွန်းစိုက်ခင်းများကို တည်ထောင်ရန် ပထမဦးဆုံးအကြံပြုခဲ့သူဖြစ်သည်။ ၁၈၄၁ ခု နှစ်တွင် ကျွန်းထုတ်သူများမှ ကျွန်းတစ်ပင်ခုတ်လှဲခွင့်ရရှိတိုင်း ကျွန်းပင်ငယ်ငါးပင်ကို အစားထိုးစိုက်ပျိုး စေခြင်းဖြင့် စတင်ခဲ့သော်လည်း မအောင်မြင်ဟု မှတ်တမ်းများအရ သိရှိရသည်။

၁၃၀။ ၁၈၅၆ ခုနှစ်၊ သာယာဝတီသစ်တောနယ်၌ ကရင်လူမျိုး ယာသမားကြီး ဦးပန်းဟီးက ဘရန်းဒစ်အာ: မိမိ၏ယာခင်းအတွင်း ကျွန်းပင်များကိုစိုက်ပျိုး၍ လက်ဆောင်အဖြစ်ပေးခဲ့သည်။ ယင်းသို့ တောင်ယာခုတ်စဉ် အဖိုးတန်ကျွန်းသစ်မျိုးကို တစ်ပြိုင်တည်းစိုက်ပျိုးခြင်းဖြင့် တောင်ယာသမားများအတွက် စပါးသီးနှံရသကဲ့သို့ နိုင်ငံအတွက်လည်း ကျွန်းပင်များရခြင်းကို ဒေါက်တာဘရန်းဒစ်က သဘောကျနှစ်သက်ခဲ့သည်။ ထိုအစီအစဉ်အကောင်အထည်ဖော်ရန် ဘုရင်ခံချုပ်ထံတင်ပြပြီး သဘောတူညီချက် ရရှိခဲ့သဖြင့် မြန်မာဝေါဟာရဖြစ်သော 'တောင်ယာ' (Taungya) ဟူသောစကားရပ်သည် ကမ္ဘာသုံး စကားရပ်အဖြစ် လက်ခံသုံးစွဲခဲ့ခြင်းနှင့်အတူ တောင်ယာစနစ်ဖြင့် သစ်တောစိုက်ခင်းတည်ထောင်ခြင်း (Plantation with Shifting Cultivation) စတင် ပေါ်ပေါက်လာခဲ့သည်။

၁၃၁။ ၁၈၅၆ ခုနှစ်တွင် ပြည်သစ်တောနယ်၌ ကျွန်းစိုက်ခင်းများ ပုံမှန်တည်ထောင်ခဲ့ရာ ၁၈၆၇–၆၈ ခုနှစ်တွင်စိုက်ခင်း ၇၆၄ ဧကကို တောင်ယာစနစ်ဖြင့်စတင်ခဲ့ပြီး ၁၈၇၉–၈၀ ခုနှစ်ခန့်တွင် စုစုပေါင်း ၂,၅၀၀ ဧကခန့်ကို တည်ထောင်နိုင်ခဲ့သည်။ ၁၈၈၀ နှင့် ၁၈၉၀ ပြည့်နှစ်များတွင် နှစ်စဉ်စိုက်ခင်းဧက ၁,၀၀၀ မှ ၄,၀၀၀ အထိတိုးတက်တည်ထောင်ခဲ့သည်။ ထိုစဉ်က သစ်တောစိုက်ခင်းတည်ထောင်ခြင်းစနစ်သည်

ကွက်လပ်ဖြည့်စိုက်ပျိုးခြင်း (Gap Planting) ဖြစ်နေရာ စစ်ဆေးရန်၊ ပြုစုထိန်းသိမ်းရန်နှင့် အုပ်ချုပ်ရန် အတွက် အခက်အခဲဖြစ်လာသဖြင့် စိုက်ခင်းများကို အောက်မြန်မာပြည်တွင် အနည်းဆုံး ၂၅ ဧကလျှင် တစ်စု၊ အထက်မြန်မာပြည်တွင် အနည်းဆုံးဧက ၁၀၀ လျှင်တစ်စုအဖြစ်တည်ထောင်ရန် ၁၉၀၈ ခုနှစ် တွင် သစ်တောမင်းကြီးချုပ် ဘီဒွန်ဗရိုင်ယန့်က ညွှန်ကြားခဲ့သည်။ ၁၉၀၇ ခုနှစ်မှ ၁၉၁၇ ခုနှစ်အတွင်း သစ်တောစိုက်ခင်းဧရိယာ ဧက ၃၆,၆၉၀ မှ ၈၀,၅၀၀ ဧက အထိ တိုးချဲ့တည်ထောင် နိုင်ခဲ့ သည်။

၁၃၂။ သစ်တောမင်းကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သော ဆာဟူးဝတ်ဆင် (Sir Huge Watson) သည် ၁၉၂၅ ခုနှစ်နှင့် ၁၉၂၉ ခုနှစ်တို့တွင် စိုက်ခင်းများတည်ထောင်၍ သစ်တောမျိုးဆက်စေသော လုပ်ငန်းများဆိုင်ရာ မူဝါဒများကို ထုတ်ပြန်ခဲ့ပြီး အောက်ပါအတိုင်း လက်တွေ့အကောင်အထည်ဖော်ရန် ညွှန်ကြားခဲ့သည်–

(က) လူနေထူထပ်သော ဒေသများနှင့် နီးကပ်စွာတည်ရှိပြီး သစ်တောလမ်း ဖောက်လုပ်ခြင်းဖြင့် သစ်တောထွက်ပစ္စည်းများအတွက် ဈေးကွက်ရှိလာနိုင်သည့်တောမျိုးနှင့် ပျဉ်းကတိုးစသည့် အခြားသစ်မာမျိုးများကို စီးပွားဖြစ်ထုတ်လုပ်နိုင်သည့် တောမျိုးတို့အတွက်–

(၁) သစ်ထုတ်လုပ်ပြီးက သစ်တောစိုက်ခင်းတည်ထောင်ရန် သင့်တော်သည်ဟု ယူဆ ထားသော ဧရိယာများကို ခုတ်လှဲမျိုးဆက်ခြင်း စီမံကိန်း (Felling cum Regeneration Plan) ရေးဆွဲ၍ အချိန်ကာလပိုင်းခြားကာ မျိုးဆက်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်၊ သို့သော် ကျွန်းပေါက်သည့် သဘာဝတောများတွင် အထူးဂရုပြုဆောင်ရွက်ရန်။

(၂) စိုက်ခင်းထူထောင်ရန် သင့်လျော်သော ဧရိယာများတွင် အဖိုးတန်သစ်မာမျိုးနှင့် ကျွန်းပင်များ တိုးပွားများပြားလာစေရန် ရွေးချယ်ခုတ်လှဲခြင်းနှင့် အုပ်မိုးကာဆိုင်း ခုတ်လှဲခြင်းဆောင်ရွက်ရန်။

(ခ) အလှမ်းကွာဝေး၍ သွားလာရန်ခက်ခဲသော ဒေသရှိတောမျိုးများတွင် ကျွန်းမှလွဲ၍ အခြား သစ်မာများထုတ်လုပ်ရန် တွက်ခြေမကိုက်သဖြင့် ထိုတောမျိုးအတွက် ရွေးချယ်ခုတ်လှဲခြင်း နှင့် အုပ်မိုးကာဆိုင်း ခုတ်လှဲခြင်းတို့ကို ပူးတွဲဆောင်ရွက်ရန်ဟူ၍ဖြစ်သည်။

၁၃၃။ ဒုတိယကမ္ဘာစစ်မဖြစ်မီ ဗြိတိသျှအစိုးရလက်ထက် ကျွန်းစိုက်ခင်းများစတင်ခဲ့ရာတွင် သီးနှံ သစ်တော ရောနှောစိုက်ပျိုးသောစနစ်ဖြစ်သော 'တောင်ယာစနစ်' မှာ အထူးသင့်လျော် အောင်မြင်ခဲ့သည်။ စစ်ပြီးခေတ်တွင် သစ်တောဌာနမှတာဝန်ယူပြီးနောက် ၁၉၀၂ ခုနှစ်တွင်ပြဋ္ဌာန်းခဲ့သော သစ်တောအက် ဥပဒေအရ တောင်ယာကျွန်းစိုက်ခင်းများကို သစ်တောနယ်အလိုက် တည်ထောင်စေခဲ့သည်။ ပဲခူးရိုးမ ကရင် တောင်ယာခုတ်သူများ၏ ဧရိယာများ၌ ၄င်းတို့၏သီးနှံများနှင့်ကျွန်းစေ့များကို ရောနှောစိုက်ပျိုး စေခြင်းဖြင့် ၄င်းတို့အတွက် မိုးရာသီကုန်ဆုံးချိန် ဆောင်းရာသီတွင် ကျွန်းပင်ရှင်သန်မှု ရာခိုင်နှုန်းအပေါ် ဆုငွေ ချီးမြှင့်ပေးခြင်းစနစ်ကိုလည်းကောင်း၊ သစ်တောကျေးရွာများအတွက် အခွင့်အရေးပေး၍လည်းကောင်း သစ်တောကြိုးဝိုင်းများအတွင်း ကျွန်းစိုက်ခင်းများကို တည်ထောင်ခဲ့သည်။ သို့သော် နည်းစနစ်အရ ကျွန်းစေ့ချ

စိုက်ပျိုးခြင်းကိုသာ အဓိကထား ဆောင်ရွက်ခြင်းဖြစ်၍ အခြားသော သစ်မာမျိုးများ စိုက်ပျိုးမှုမှတ်တမ်းမှတ်ရာ မတွေ့ရချေ။ ဤသို့သော သစ်တောစိုက်ခင်းများ တည်ထောင်ခြင်းသည် သဘာဝတောများ၏ ကျွန်းနှင့်အခြား အဖိုးတန်သစ်မာမျိုးများအား ဓမ္မတာနည်းဖြင့် မျိုးဆက်ရာတွင် ဖြည့်စွက်အစားထိုးရန် ရည်ရွယ်ချက်ဖြင့် လုပ်ဆောင်ခဲ့ခြင်းဖြစ်၍ ကျွန်းစိုက်ခင်းများ နှစ် ၄၀ သက်တမ်းပြည့်ပြီးလျှင် နောက်ဆုံးပင်ကျပ်နှုတ်ပြီးနောက် သဘာဝတောများအတိုင်း လက်ခံကျင့်သုံးသောစနစ်ဖြစ်သည်။

၁၃၄။ ၁၈၉၆ ခုနှစ်မှ ၁၉၄၁ ခုနှစ်အထိ ကျွန်းစိုက်ခင်း ၉၁,၂၅၆ ဧက၊ ပျဉ်းကတိုးစိုက်ခင်း ၃,၁၆၀ ဧက၊ ပိတောက်စိုက်ခင်း ၁၂၆ ဧကနှင့် အခြားသစ်မျိုးစိုက်ခင်း ၂၂,၀၁၀ ဧက၊ စုစုပေါင်း ၁၁၆,၅၅၂ ဧက ရှိသည်။ ၁၉၄၃ ခုနှစ်မှ ၁၉၄၈ ခုနှစ်အတွင်း စိုက်ပျိုးနိုင်ခဲ့သည်ကို မတွေ့ရှိရပေ။

၁၃၅။ တောင်ယာစနစ်ဖြင့် ကျွန်းစိုက်ခင်းများတည်ထောင်စဉ် ကရင်တိုင်းရင်းသားများ ပြည်သစ်တောနယ်နှင့် တောင်ငူသစ်တောနယ်များတွင် အများဆုံးစိုက်ပျိုးကြသည်။ ရှေးဦးပိုင်းတွင် စနစ်တကျမရှိဘဲ တောင်ယာသမားများက ရွေးချယ်၍ ယာတစ်ကွက်စာမျှသာ စိုက်ပျိုးခဲ့ကြသည်။ နောက်ပိုင်းတွင် တဖြည်းဖြည်းတိုးချဲ့ စီမံခန့်ခွဲနိုင်သဖြင့် ပထမကမ္ဘာစစ်ကြီးဖြစ်သည့်အခါ မြေပုံများ၊ စီမံကိန်းများဖြင့် ပြည့်စုံစွာစီစဉ်နိုင်ခဲ့သည်။ သစ်တောကျေးရွာများပင် သီးခြားတည်ထောင်ပေးပြီး လုပ်သားလိုအပ်ချက်များကို ဖြေရှင်းနိုင်ခဲ့သည်။ ကျွန်းစိုက်ခင်းများ တည်ထောင်ရေးနှင့်စပ်လျဉ်း၍ ၁၉၃၄ ခုနှစ်က သစ်တောအရာရှိကြီးများအငြင်းအခုံ ဖြစ်ကြသည်။ နှစ်ပေါင်း ၁၀၀ ကျော်အချိန်ကာလအတွင်း ရောင်းသမျှတွင်ပြီး၊ ခေါ်သည့်စျေးအတိုင်းရသောကျွန်းသစ်သည် ၁၉၂၉ ခုနှစ်မှစ၍ ကမ္ဘာတစ်ဝန်းငွေကြေးကျပ်တည်းမှုကြောင့် အရောင်းအဝယ်ထိုင်းသွားသဖြင့် စျေးကွက်တည်မြဲမှုအတွက် စိုးရိမ်မကင်းဖြစ်ခဲ့သည်။ ကျွန်းသစ်ကို အစားထိုးသည့်ပစ္စည်းများ ပေါ်လာသည်။

၁၃၆။ ထိုကာလတွင် သစ်တောမင်းကြီးချုပ်နှင့် မင်းကြီးတစ်ဦးက ကျွန်းခင်းများမပြုလုပ်မီ ဒေသရှိသင့်တင့်ကောင်းမွန်သော လုံးပတ်သုံးပေနှင့်အထက်ရှိ ကျွန်းပင်အားလုံးကိုသင်းသတ်ခြင်းသည် အဓိပ္ပာယ်မရှိ၊ စိုက်သောကျွန်းပင်များသည် ဓမ္မတာလောက်မကောင်းဘဲ ပိုးဖောက်ဖျက်စီးခြင်းခံရကြောင်း၊ စိုက်ခင်းမြေနေရာများတွင် ရေတိုက်စားသည်သာမက ကျွန်းခင်းဟောင်းအချို့တို့တွင် ကျေနပ်စရာမရှိကြောင်းဖော်ပြကြသည်။ ကျန်သစ်တောမင်းကြီး ၆ ဦးတို့ကလည်း စိုက်ခင်းဟောင်းများအတွက် ရွေးချယ်ခဲ့သော မြေနေရာများမှာ မှားယွင်းကြောင်း၊ ပြုစုနည်းမှာလည်း ဗဟုသုတနည်းပါးသေး၍ မမှန်ခဲ့ကြောင်း၊ အုပ်ချုပ်ကွပ်ကဲခြင်း မပြည့်စုံ၍ ဤအခြေအနေသို့ ရောက်နေကြောင်း၊ ပိုးဖောက်၊ ရေတိုက်စားခြင်းကိုလည်း အသင့်အတင့် ကာကွယ်နိုင်ကြောင်းတို့ဖြင့် စိုက်ခင်းများကို ဆက်လက်တည်ထောင်ရန် အကြံပေးခဲ့ကြသည်။ အဆိုပါကိစ္စရပ်ကို အထက်အစိုးရထံ တင်ပြသည့်အခါ နှစ်ဖက်သော တင်ပြချက်များပေါ်တွင် မှီငြမ်းပြီး အောက်ပါအမိန့်ကို ထုတ်ပြန်ခဲ့သည်–

(က) တောဝင်ခက်ခဲသည့်ဒေသများတွင် နိုင်ငံခြားသို့တင်ပို့ရန် ရည်ရွယ်သည့်ကျွန်းပင် မစိုက်ရ။
(ခ) ကျွန်းတောများကို ဓမ္မတာနည်းဖြင့်ပြုစုရမည်။
(ဂ) ပြည်တွင်းသုံးရန်အတွက် တစ်နှစ်လျှင် ဧက ၃၅၀ အထိကျွန်းခင်းတည်ထောင်ရန် ခွင့်ပြုသည်ဟူ၍ ဖြစ်သည်။

၁၃၇။ ကိုလိုနီခေတ်တွင် သစ်တောစိုက်ခင်းများကို အများအပြားတည်ထောင်ခဲ့ရာ ဘရန်းဒစ်သည် ပထမဦးဆုံး ကျွန်းစိုက်ခင်း ၁၄ ဧကကို ၁၈၅၆ ခုနှစ်တွင် အထွရံသစ်တောနယ်၌ စိုက်ပျိုး တည်ထောင်ခဲ့သည်။ ယင်းစိုက်ခင်းသည် ယခုကော့ကရိတ်ခရိုင် သင်္ကန်းညီနောင်ကြီးဝိုင်းအကွက်အမှတ် ၈၇ တွင် တည်ရှိသည်။ ကျွန်းစိုက်ခင်းအမှတ် (၁/၁၈၅၆) ဟုခေါ်သည်။[၃၁]

၁၃၈။ ၁၈၉၅ ခုနှစ်မှစ၍ သစ်တောစိုက်ခင်းများကို စိုက်ပျိုးတည်ထောင်လာခဲ့ရာ ၁၉၄၆ ခုနှစ်အထိ စိုက်ပျိုးပြီးစီးမှုမှာ အောက်ပါအတိုင်းတွေ့ရှိရသည်–

ခုနှစ်	စိုက်ခင်းဧရိယာ	တစ်နှစ်ပျမ်းမျှဧက
၁	၂	၃
၁၈၉၅–၁၉၀၀	၂၀,၄၂၇	၄,၀၈၅
၁၉၀၀–၁၉၁၀	၂၁,၉၄၅	၂,၁၉၅
၁၉၁၀–၁၉၂၀	၅,၄၀၅	၅၄၁
၁၉၂၀–၁၉၃၀	၄၂,၆၉၆	၄,၂၇၀
၁၉၃၀–၁၉၄၁	၂၇,၈၁၆	၂,၅၂၉
၁၉၄၁–၁၉၄၆	၄,၆၅၅	၉၃၁
စုစုပေါင်း	**၁၂၂,၉၄၄**	**၁၄,၅၅၁**

ပြည်ထောင်စုနယ်မြေ

၁၃၉။ **ပေါင်းသင်ရှင်းလင်းခြင်း**။ ပေါင်းရှင်းခြင်းဟုလည်းခေါ်ဆိုလေ့ရှိသည်။ ပဝတ္ထိနည်းဖြင့် မျိုးဆက်ခြင်း လုပ်ငန်းဖြစ်သော စိုက်ခင်း များတည်ထောင်ရာ၌ စိုက်ခင်းအတွင်း သစ်ပင်တစ်ပင်နှင့် တစ်ပင်ကြားတွင် စိုက်ပျိုးပင်များအား အနှောင့်အယှက်ပြုနေသော ပေါင်းများ၊ မြက်များ၊ ခြုံများ၊ နွယ်များကို ခုတ်ထွင် ရှင်းလင်းခြင်းကို ပေါင်းသင်ရှင်း လင်းခြင်းဟုခေါ်ဆိုသည်။ စိုက်ပျိုးသော သစ်အမျိုးအစားပေါ်မူတည်၍ နှစ်အလိုက်ပေါင်းရှင်းခြင်း အကြိမ်အရေအတွက် တူညီခြင်းမရှိပေ။

[၃၁] မြန်မာပြည် သစ်တောကြေးမုံ၊ ၁၉၅၉ ခုနှစ်၊ ဇွန်လ

၁၄၀။ **မီးကာကွယ်ခြင်း**။ မြန်မာနိုင်ငံ၏ သစ်တောကြီးဝိုင်းများတွင် မီးကာကွယ်ခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ရာ နှစ်ပေါင်း ၇၀ ကျော်မျှ တောမီးကာကွယ်ခဲ့ကြသည်။ ၁၈၉၆ ခုနှစ်တွင် သစ်တောဝန် (H.S Lakon) ဆိုသူက အိန္ဒိယ သစ်တောကြေးမုံတွင် မြန်မာပြည် 'အလွန်အမင်း တောမီးကာကွယ် ထားသည်' ဟူသောခေါင်းစဉ်ဖြင့် ဆောင်းပါးရေးခဲ့သည်။ ၁၉၁၄ ခုနှစ်တွင် သစ်တော အင်စပတ်တော်ချုပ် ဆာဂျော့ဟတ် (Sir.George Hart) ၏ မှတ်တမ်းတွင် '၁၈၉၇ ခုနှစ် ဂရုတစိုက်စဉ်းစားကြသည်' ဟုဖော်ပြပါရှိသည်။ ရစ်ဘင်ထရော့ (Ribbentrop) ၏အကြံဉာဏ်ကြောင့် အုပ်ချုပ်ရေးနှင့် ရန်ပုံငွေ ခွင့်ပြုချက်အရ တောမီးကို တိုးချဲ့ ကာကွယ် ရန်ဆုံးဖြတ်ကြသည်။ ၁၈၉၆–၉၇ ခုနှစ်တွင် ၁,၈၅၆ စတုရန်းမိုင် မှ ၁၉၀၆–၀၇ ခုနှစ်တွင် ၈,၁၅၃ စတုရန်းမိုင် သို့ တိုးတက်ခဲ့သည်။

၁၄၁။ ၁၈၉၇ ခုနှစ်တွင် ချမှတ်သောဆုံးဖြတ်ချက်ကို မြန်မာပြည်သစ်တောအရာရှိ အတော်များများက သဘောမတူခဲ့ကြပေ။ ၁၉၀၅ ခုနှစ်ထုတ် သစ်တောကြေးမုံတွင် ထရု (Troupe) က "သာယာဝတီတွင် ၁၉ နှစ် တစ်ဆက်တည်းမီးကာကွယ်ထားသောဧရိယာနှင့် နှစ်စဉ်မီးလောင်သည့် ဧရိယာများတွင် ပါဝင်ပင်များကို ရေတွက်တွေ့ရှိသည်မှာ မီးကာကွယ်ထားသော ဧရိယာများတွင် မအောင်လုံပင်၊ ပင်သေအချိုး အလွန်များသည်။ မီးကာကွယ်မထားသောဧရိယာတွင် ပင်ပေါက်အချိုး ၁၀ ဆများသည်။ ကာကွယ်ဧရိယာတွင် သစ်ပင်ဦးရေတစ်ဝက်နီးပါးသည် လောင်းရိပ်ခံနေရ၍ သေဆုံးမည်ဟုထင်ရသည်။ မကာကွယ်သော ဧရိယာတွင် သစ်ပင်များသည် အောင်လုံ၍ပုံပန်းကျသည်။ မီးကျွမ်းသည့်လက္ခဏာမရှိ လောင်းရိပ်မိမည် ကိုလည်း မစိုးရိမ်ရ" ဟူ၍ ရေးသားခဲ့သည်။

၁၄၂။ ၁၉၀၇ ခုနှစ်တွင် သစ်တောမင်းကြီးချုပ်ဘီဒွန်ဗရိုင်ယန့်၏စာတမ်း၌ "ရွေးချယ်ခုတ်လှဲနည်းဖြင့် လုပ်ကိုင်သောသစ်တောတွင်ကြာရှည်စွာ တောမီးကာကွယ်ပေးလျှင် ကျွန်းတောစိုများတွင် စတုရန်းမိုင် ထောင်ဂဏန်းမဟုတ်လျှင် ရာဂဏန်းရှိကျွန်းပင်များ တဖြည်းဖြည်း မုချသေဆုံးနေသည်" ဟု နိဂုံးချုပ်သည်။

၁၄၃။ မကြာသေးမီအထိ မီးကာကွယ်ရန် စွဲစွဲမြဲမြဲ ယုံကြည်သူတစ်ဦးမှာ ၁၉၄၅ ခုနှစ်မှ ၁၉၄၇ ခုနှစ် အထိ ဒုတိယကမ္ဘာစစ်အတွင်း သစ်တောမင်းကြီးချုပ်အဖြစ်ဆောင်ရွက်ခဲ့သည့် ဦးသိန်းလွင်ဖြစ်သည်။ စာပေဗိမာန်ထုတ် 'သစ်တောရတနာ' စာအုပ်တွင် သူ၏သဘောထားများကို ဖော်ပြထားသည်။ အပူပိုင်း သဘာဝတောများတွင် တောမီးလောင်ခြင်းမှ ကာကွယ်ရေးသည် ကမ္ဘာ့သစ်တောပညာရှင်များလောကၭ တစ်ဖက်နှင့်တစ်ဖက် အကြိတ်အနယ် ဆွေးနွေးကြရဆုံးသော ဘာသာရပ်ဖြစ်သည်။ ထင်ရှူးတောများတွင် မီးလောင်ပျက်စီးသည်မှာ သိသာထင်ရှားသော်လည်း အပူပိုင်းသဘာဝတောများတွင်မူကား အကောင်းလည်းရှိသည်။ အဆိုးလည်းရှိသည်။ ယနေ့ မြန်မာသစ်တောအရာရှိကြီးအများစု၏ သဘောထားမှာ စိုက်ခင်းများ မတည်ထောင်မီနှစ်အနည်းငယ်မှ တည်ထောင်ပြီးနှစ်အနည်းငယ်အထိ တောမီးလောင်ခြင်းမှ ကာကွယ်ထားရန်ဖြစ်သည်။

၁၄၄။ သစ်တောဌာနအနေဖြင့် ဓမ္မတာနည်းဖြင့်မျိုးဆက်ထားသော ဧရိယာကိုလည်းကောင်း၊ ပဝတ္ထိ နည်းဖြင့် မျိုးဆက်ထားသောစိုက်ခင်းဧရိယာကိုလည်းကောင်း သတ်မှတ်ထားသည့်အတိုင်းအတာ သတ်မှတ် ထားသောနှစ်အလိုက် မီးကာကွယ်ရသည်။

၁၄၅။ **သစ်တောလမ်းများပြင်ဆင်ခြင်း။** သစ်တောဦးစီးဌာနမှ ဖောက်လုပ်သောလမ်းများသည် များသောအားဖြင့် မြေလမ်းများဖြစ်သည်။ ကျောက်လမ်းအနည်းငယ်ရှိပြီး ကတ္တရာခင်းသောလမ်းမှာ အလွန်နည်းပါးသည်။ တံတားများမှာလည်း သစ်သားတံတားများဖြစ်သည်။ သစ်တောလမ်းများ ပြင်ဆင်ခြင်း ကို မိုးမကျမီနှင့်ဆောင်းရာသီတို့တွင်ပြင်ဆင် လေ့ရှိသည်။ မိုးမကျမီ ဧပြီနှင့်မေလတို့တွင် ပြင်ဆင်ခြင်းဖြင့် ရေတိုက်စားခြင်းကိုကာကွယ်နိုင်ပြီး ဆောင်းတွင်း နိဝင်ဘာလတွင် ပြင်ဆင်သောအခါ ကုန်ကျစရိတ် သက်သာသည်။

၁၄၆။ **ကြိုးဝိုင်းနယ်နိမိတ်ပြင်ဆင်ခြင်း၊ အကွက်နယ်နိမိတ်ပြင်ဆင်ခြင်း။** သစ်တောဌာန၏ ပင်မ သွေးကြောသည် ကြိုးဝိုင်းနယ်နိမိတ်များပင်ဖြစ်သည်။ ကြိုးဝိုင်းနယ်နိမိတ်များနှင့် အကွက်နယ်နိမိတ် များသည် မြေပြင်၌ထင်ရှားစွာသတ်မှတ်ထားရန် အထူးပင်အရေးကြီးသည်။ သစ်တောကြိုးဝိုင်းများကို သဘာဝအတိုင်းတည်ရှိနေကြသော သို့မဟုတ် သဘာဝနယ်နိမိတ်များဖြစ်ကြ သည့် ချောင်းမြောင်းများ၊ တောင်ကြောများကို အဓိကထား၍သတ်မှတ်လေ့ရှိသည်။ သစ်တောလုပ်ငန်း များကို သစ်တောကြိုးဝိုင်း များအတွင်း အကောင်အထည်ဖော် ဆောင်ရွက်ရသည်။ ကြိုးဝိုင်းအတွင်း မိမိဝင်သော အကွက်နံပါတ် များ မှန်/မမှန်ကို နယ်နိမိတ်ဘုတ်တိုင်များ၊ နယ်နိမိတ်မှန်ထစ်များကို စစ်ဆေး ကြည့်ရှုပြီးမှသာ သိနိုင်သည်။ ထို့ကြောင့် သစ်တောဝန်ထမ်းများအနေဖြင့် နယ်နိမိတ်ဘုတ်တိုင်များကို 'သစ်တောဘုရား' ဟူ၍ တင်စားခေါ်ဝေါ်လေ့ရှိသည်။ မိမိစစ်ဆေးသောအကွက်သည် မြေပြင်ရှိမှန်ထစ် များထင်ရှားစွာ မတွေ့ရခြင်း၊ ဘုတ်တိုင်များမီးလောင်၍သော်လည်းကောင်း၊ သဘာဝဘေးအန္တရာယ် ကြောင့်သော် လည်းကောင်း၊ တောရိုင်းတိရစ္ဆာန်များနှင့် မသမာသောလူတို့၏ ဖျက်ဆီးမှုကြောင့်သော် လည်းကောင်း မရှိခဲ့သော် လုပ်ငန်းစတင်နိုင်ရန် အချိန်ကြန့်ကြာလေ့ရှိသည်။ သို့ဖြစ်၍ နယ်နိမိတ်များကို ထင်ရှားစွာ မှတ်သားစိုက်ထူ ထားရန် အထူးအရေးကြီးသည်။

၁၄၇။ **သစ်တောမြေတိုင်းခြင်းလုပ်ငန်း**[၃၂]။ အိန္ဒိယရှိ ပြည်နယ်များအလိုက်ရေးဆွဲသည့်မြေပုံများမှာ စကေး၊ အမှတ်အသားများ၊ ချယ်သည့် အရောင်နှင့် အခြားအသေးစိတ်များမတူသဖြင့် ၁၈၇၂ ခုနှစ်မှစ၍ သစ်တောမြေတိုင်းဌာနစိတ်ကို သီးခြားဖွဲ့စည်းပေးခဲ့သည်။ မြန်မာပြည်တွင် ဤလုပ်ငန်းကို ၁၈၈၂–၈၃ ခုနှစ်တွင် စတင်လုပ်ကိုင်ခဲ့ရာ ၁၈၉၇–၉၈ ခုနှစ်ရောက်သော် ၄ လက်မ တစ်မိုင်စကေး ၅,၄၃၃ စတုရန်းမိုင်၊ ၂ လက်မ တစ်မိုင် စကေး ၁,၃၈၈ စတုရန်းမိုင်၊ စုစုပေါင်း ၆,၈၂၁ စတုရန်းမိုင် မြေပုံများ

[၃၂] နိုင်ငံတော်ကောင်စီမှစုံစမ်းမေးမြန်းချက်များနှင့်ပတ်သက်၍ သစ်တောဦးစီးဌာနမှ ပြုစုတင်ပြခြင်း။ ၁၉၇၅ ခုနှစ်၊ စာ–၂၅

ထုတ်ပြီးဖြစ်သည်။ ၁၉၂၆ ခုနှစ်တွင် ၂၈,၇၁၄ စတုရန်းမိုင်၊ ၁၉၃၇ ခုနှစ်တွင် ၃၄,၄၉၉ စတုရန်းမိုင် အထိ မြေပုံများ ရေးဆွဲပြီးစီးခဲ့သည် -

စဉ်	စကေး	တိုင်းပြီးသစ်တောကြိုးဝိုင်းများ (စတုရန်းမိုင်)		
		၁၈၉၇–၉၈	၁–၄–၁၉၂၆	၁–၄–၁၉၃၇
၁	၂	၃	၄	၅
၁။	၄ လက်မ	၅,၄၃၃	၁၃,၃၆၁	၁၄,၄၂၇
၂။	၃ လက်မ (ကောင်းကင်မြေတိုင်း)	–	၈၇၃	၁,၀၆၂
၃။	၂ လက်မ	၁,၃၈၈	၆,၅၄၈	၆,၆၃၂
၄။	၁ လက်မ	–	၇,၉၃၂	၁၂,၃၇၈
၅။	မတိုင်းရသေး	–	၂,၆၄၆	၃
	စုစုပေါင်း	**၆,၈၂၁**	**၃၁,၃၆၀**	**၃၄,၅၀၂**

၁၄၈။ **ကောင်းကင်မြေတိုင်းလုပ်ငန်း**[၃၃]။ သစ်တောများတွင် ပေါက်ရောက်သည့်တောမျိုးနှင့် သစ်မျိုးများကိုဖော်ပြရန်၊ 'ပါဝင်ပင်မြေပုံ'ကို သာမန်အားဖြင့် လူကိုယ်တိုင် တစ်တောဆင်း တစ်တောဝင် လမ်းလျှောက် ဆောင်ရွက်ရသည်။ သို့ရာတွင် ဧရာဝတီမြစ်ဝကျွန်းပေါ်ကဲ့သို့ ဒီရေဖုံးသည့်တော များဖြစ်သော (စတုရန်းမိုင် ၁,၀၀၀ တွင်) ၌.နွံများထဲ၌ ကနစိုလေ့ရှုမြစ်များ ပြည့်ကျပ်နေခြင်းကြောင့် အသွားအလာခက်ခဲပြီး မှန်မှန်ပင်လမ်းမလျှောက်နိုင် အောင်ဖြစ်ရသည်။ သို့ဖြင့် ကောင်းကင်မှဓာတ်ပုံရိုက် မြေပုံထုတ်လျှင် အကုန်အကျသက်သာပြီး မြန်မြန်ပြီးစီး မည်ဟု စိတ်ကူးရသောကြောင့် ဗြိတိသျှအင်ပါယာတွင် ပထမဆုံးလုပ်ငန်းကိုဆောင်ရွက်သည်။ ကန်ထရိုက်ဖြင့် အလုပ်လက်ခံခဲ့သူမှာ လေတပ်စစ်ဗိုလ်ဟောင်း အိန္ဒိယလေယာဉ်စစ်ဆေးရေးအရာရှိချုပ် မေဂျာလူးဝစ် ဖြစ်ပြီး သစ်တောဖက်မှ လေတပ်တွင်အမှုထမ်း ခဲ့သူ စကော့ (C.W Scott) နှင့် ရော့ဘင်း (C.R Robbins) တို့ဖြစ် ကြသည်။ ထိန်းချုပ်ရန်အမှတ်အသားများကိုလည်း မြေပေါ်မှာပြုလုပ်ထားရသည်။ ၁၉၂၄ ခုနှစ်၊ ဖေဖော်ဝါရီလတွင် စတင်ဓာတ်ပုံရိုက်ပြီး ဧပြီလတွင် ပြီးဆုံးသည်။ ဓာတ်ပုံများကို စစ်ဆေးပြီး မြေပေါ်ရှိ သစ်တောမျိုးများနှင့် တိုက်ဆိုင်စစ်ဆေးပေးသည်။ ရရှိသည့်မြေပုံမှာ ၃.၃ လက်မလျှင် တစ်မိုင် စကေးဖြစ်ပြီး ကုန်ကျစရိတ်မှာ ထိုအချိန်က စတုရန်းတစ်မိုင်လျှင် ၂၉၃ ကျပ်၊ ပြား ၇၀ ဖြစ်သည်။ မြေပေါ်တွင် တိုင်းတာလျှင် ၅၀၀ ကျပ်နီးပါးကုန်မည့်ပြင် သစ်တောမျိုးများကိုလည်း မှန်ကန်စွာခွဲခြားနိုင်မည်မဟုတ်ပေ။ မြေပုံထုတ်သည်အထိ တစ်နှစ် ကြာမြင့်ခဲ့သည်။ မြေပေါ်တွင်တိုင်းတာလျှင် ၃–၄ နှစ်ခန့်ကြာမည်။ မြေပြန့်ဖြစ်၍ အဆိုပါ ကောင်းကင်ဓာတ်ပုံမှထုတ်လုပ်သော မြေပုံသည် အမှန်ဆုံးဖြစ်သည်။ မြေပုံတွင် အချက်အလက်များကို အသေးစိတ် အမျိုးမျိုးလိုသလို ထည့်သွင်းနိုင်သည်။

---

[၃၃] နိုင်ငံတော်ကောင်စီမှစုံစမ်းမေးမြန်းချက်များနှင့်ပတ်သက်၍ သစ်တောဦးစီးဌာနမှ ပြုစုတင်ပြခြင်း။ ၁၉၇၅ ခုနှစ်၊ စာ–၃၂


၁၄၉။ နောက်တစ်နှစ် တနင်္သာရီတိုင်းတွင် စတုရန်းမိုင် ၂၅၀ ကိုကောင်းကင်မှ ဓာတ်ပုံရိုက်နိုင်ခဲ့သည်။ (၁၉၅၄–၅၈ ခုနှစ်များတွင် ရိုက်ကူးသော ကောင်းကင် ဓာတ်ပုံများမှ သစ်တောဌာနအနေဖြင့် ကြိုးဝိုင်းဧရိယာ ၁၂,၀၀၀ စတုရန်းမိုင်နှင့် ကြိုးပြင်ဧရိယာ ၃၃,၀၀၀ စတုရန်းမိုင် (စုစုပေါင်း ၄၅,၀၀၀ စတုရန်းမိုင်) ရှိသော ဓာတ်ပုံများကို ဝယ်သည်။ ဝယ်ယူသည့်ဓာတ်ပုံများမှာ ယော၊ အောက်ချင်းတွင်း၊ အထက်ချင်းတွင်း၊ မြစ်သာ၊ ရွှေဘို၊ အနောက်ကသာ၊ သရက်မြို့၊ မကွေး၊ ပြည်၊ တောင်ငူမြောက်ပိုင်း၊ ပျဉ်းမနား၊ ရမည်းသင်း သစ်တောနယ်များအတွက်ဖြစ်သည်။ အဆိုပါဓာတ်ပုံများအား လေ့လာပြီး တောမျိုးခွဲခြားခြင်းနှင့် တောဧ၏ သိပ်သည်းပုံကို လေ့လာရန်နှင့် သစ်တောသယံဇာတ စာရင်းကောက်ခြင်းများတွင် အသုံးပြုသည်။)

၁၅၀။ **ချောင်းမြောင်းပြူပြင်ခြင်းလုပ်ငန်း** [၃၄] ။ ဘရန်းဒစ်လက်ထက်မှစ၍ ကျွန်းသစ်လုံးများ လွယ်ကူစွာ မျောနိုင်ရန် ချောင်းတွင်း၌ ပိတ်ဆို့နေသော ကျောက်တုံးကြီးများကို မိုင်းခွဲခြင်း၊ ရေကြောင်းပြူပြင် ပေးခြင်း (Stream Clearing) စသည်တို့ကို သစ်ထုတ်သည့်ကုမ္ပဏီများက တစ်ပြည်လုံး ဆောင်ရွက်ကြသည်။ ဤနေရာတွင် မြစ်မခသစ်တောနယ် အထူးလုပ်ငန်းကို ဖော်ပြရလျှင် ရိုးမတောင်ပေါ်မှ ကျလာသော ချောင်းရေသည် မြေပြန့်အနီးသို့ရောက်သည့်အခါ ရေလွှမ်းချိန်တွင် နုန်းနှင့်အမှိုက်သရိုက် မြောက်များစွာ ပါလာသည်။ ဧရာဝတီမြစ်ရေက ခံထားသောကြောင့် ရေစီးအရှိန်လျော့နည်းသည့်အခါ နုန်းသည် လျင်မြန်စွာအနယ်ထိုင်သည်။ ယခင်နှစ်များက မထိန်းချုပ်သဖြင့် ရေကြောင်းမကြာခဏ ပြောင်းလဲပြီး နုန်းကြောင့် မျက်နှာပြင်လည်း မြင့်လာသည်။ သို့ဖြစ်၍ ရေကြောင်းထိန်းရန် ရေကာတာများဖို့ကြသည်။ သို့သော် တာတမံအဆုံးတွင် ရေကြောင်းသည် ယပ်တောင်ကဲ့သို့ ဖြာထွက်ပျံနှံ့သည်။ တမံကျိုးသည့်နေရာများတွင် ခြံကာသကဲ့သို့ ဝါးပန်ကာများ ရိုက်ခြင်းဖြင့် နုန်းမြေသည် ပန်ကာအနီးတွင်ထိုင်ပြီး ရေကြောင်းကိုပိတ်နိုင်ကြောင်း အနီးရှိလယ်သမားများ လုပ်ကိုင်နေ သည်ကိုတွေ့ရသဖြင့် ဤနည်းဖြင့် ကမ်းခြေကိုမြှင့်တင်ပေးခဲ့သည်။ နိမ့်ပြီးခွက်နေသော လဟာပြင်များဆီသို့ အနည်ထိုင်သဲနှင့် နုန်းမြေကိုစနစ်တကျ ဖို့ပေးနိုင်လျှင် ရေလွှမ်းသောမြေလပ်မှ ပထမတန်းစိုက်ပျိုးမြေသို့ ပြောင်းလာမည်ဖြစ်သည်။ ရေကြောင်းကို ထိန်းသိမ်းပေးခြင်း (River Training) ဖြင့် ရေလွှမ်းမှုမှ ကင်းလွတ်ရန်၊ လဟာပြင်များ စိုက်ပျိုး မြေဖြစ်လာရန်၊ ကျွန်းသစ်လုံးများ ဖြောင့်ဖြောင့်တန်းတန်း မျှောနိုင်သဖြင့် မြန်မြန်နှင့်စရိတ်သက်သာစွာ ရောက်ရန်၊ ရန်ကုန်ဆိပ်ကမ်းနှုန်းပို့ခြင်းသက်သာရန် စသောရည်ရွယ်ချက်များဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။

၁၅၁။ **ဆင်ဖမ်းခြင်းလုပ်ငန်း**။ ၁၉၀၂ ခုနှစ်မှစ၍ အစိုးရသည် ကျုံးသွင်းနည်းဖြင့် ဤလုပ်ငန်းကို စတင် လုပ်ကိုင်ခဲ့သည်။ အုပ်ချုပ်မှု ညံ့ဖျင်းသောကြောင့် လုပ်ငန်းများကို ၁၉၀၈ ခုနှစ်တွင် ရပ်ထားခဲ့ရပြီး ၁၉၁၁ ခုနှစ်တွင် စရိတ်မကျေသဖြင့် လုပ်ငန်းအားလုံး ပိတ်လိုက်ရသည်။ ထိုနှစ်မှစ၍ ပုဂ္ဂလိကတို့အား လိုင်စင်စနစ်ဖြင့် ဖမ်းဆီးခွင့်ပြုခဲ့သည်။ ၁၉၂၀ ခုနှစ်ခန့်တွင် ပြန်လည်စိစစ်သည့်အခါ ဝတ္တရားမကျေပြန်

[၃၄] နိုင်ငံတော်ကောင်စီမှစုံစမ်းမေးမြန်းချက်များနှင့်ပတ်သက်၍ သစ်တောဦးစီးဌာနမှ ပြုစုတင်ပြခြင်း။ ၁၉၇၅ ခုနှစ်၊ စာ–၃၁

ကြောင်း တွေ့ရှိ ရသည်။ ဖမ်းဆီးရမိသည့်ဆင်များကို လေ့ကျင့်စဉ်တွင် ဆေးဝါးကုသမှုမလုံလောက်ခြင်း၊ အပြင်းအထန် လေ့ကျင့်ခြင်းတို့ကြောင့် ထက်ဝက်ခန့်မျှ သေဆုံးကုန်သည်။ ၁၉၀၂–၁၉၁၁ ခုနှစ် ကာလ အတွင်း အစိုးရက ဆင် ၁,၅၅၆ ကောင် ဖမ်းဆီးရမိသည်။ ၁၉၂၀–၁၉၂၅ ခုနှစ်ကာလ တွင်ခွင့်ပြုလိုင်စင်ဖြင့် ဖမ်းသည့်ဆင်ဦးရေမှာ ၃,၂၆၃ ကောင်ဖြစ်သည်။ ဆင်ဖမ်းသည့်အခါ သစ် ခုတ်ခြင်းကဲ့သို့ တောကွက်များဖွဲ့၍ အလှည့်ကျဖမ်းရန် အစီအစဉ်ရှိသော်လည်း တိုင်းပြည်မငြိမ် မသက်ဖြစ်နေခြင်းနှင့် သစ်ထုတ် လုပ်ငန်းအတွက် ဆင်ဦးရေဖြည့်တင်းပေးရန် အထူးလိုအပ်နေခြင်း ကြောင့် ဤအစီအစဉ်ကို ယာယီလျစ်လျူ ရှုထားခဲ့ရသည်။



ဖမ်းမိသောတောဆင်ရိုင်းကို လေ့ကျင့်ရန် ကွန်ကျီဆင်ဖြင့် ကျုံးအတွင်းမှဆွဲထုတ်နေပုံ(၁၉၂၀–ခုနှစ်)



၁၉၃၆ ခုနှစ်၊ ဗန်းမော်ခရိုင်တွင် ပစ်ခတ်ဖမ်းဆီးရမိသော စွယ်စုံဆင်ကြီး

သစ်ထုတ်လုပ်ခြင်းလုပ်ငန်းနှင့်ရောင်းချခြင်းအနေအထား[၃၅]

၁၅၂။ မြစ်မခသစ်တောနယ်တွင် ကျွန်းသစ်ထုတ်ခွင့်ကို မည်သည့်ပုဂ္ဂလိကနှင့် အဖွဲ့အစည်းများကိုမျ
မပေးခဲ့ပေ။ ၁၈၅၆ ခုနှစ်မှစ၍ ၁၉၄၂ ခုနှစ်အထိ သစ်တောဌာနကသာ သစ်ထုတ်ခဲ့သည်။ တစ်နှစ်
သစ်ထုတ် တန်ပမာဏမှာ တစ်ပြည်လုံး၏ ၁၀ ရာခိုင်နှုန်း သို့မဟုတ် တန် ၄၀,၀၀၀ ခန့်ဖြစ်သည်။ စစ်ကြို
ခေတ် (ဒုတိယကမ္ဘာစစ်မတိုင်မီ) ကျွန်းထုတ်သူများနှင့် ၁၉၃၄ ခုနှစ်မှ ၁၉၃၉ ခုနှစ်ထိ ငါးနှစ်ကာလ
ပျမ်းမျှ သစ်ထုတ်တန်ပမာဏမှာ အောက်ပါအတိုင်းဖြစ်သည်–

(တန်)

စဉ်	သစ်ကုမ္ပဏီ	ပမာဏ	ရာခိုင်နှုန်း
၁။	ဘုံဘေဘားမား:	၁၅၀,၀၀၀	
၂။	စတီးဘရာသား:	၈၀,၀၀၀	
၃။	မဂ္ဂရီကာ	၆၀,၀၀၀	
၄။	ဖူးကား:	၃၀,၀၀၀	
၅။	တီဒီဖင်းလေး:	၂၅,၀၀၀	
	ပေါင်း:	၃၄၅,၀၀၀	၇၅.၇

[၃၅] နိုင်ငံတော်ကောင်စီမှစုံစမ်းမေးမြန်းချက်များနှင့်ပတ်သက်၍ သစ်တောဦးစီးဌာနမှ ပြုစုတင်ပြခြင်း။ ၁၉၇၅ ခုနှစ်၊ စာ–၂၈

	လုပ်ငန်းရှင်များ		
၆။	မြစ်မခသစ်ထုတ်ရေး (အစိုးရ)	၄၅,၀၀၀	
၇။	သစ်တောပတ္ထာစာချုပ်ငယ်များ	၁၃,၀၀၀	
၈။	လိုင်စင်ဖြင့် သစ်ထုတ်သူများ	၅၀,၀၀၀	
၉။	အခွန်လွတ် သစ်ထုတ်ခွင့်ရသူများ	၂,၅၀၀	
	ပေါင်း	၁၁၀,၅၀၀	၂၄.၃
	စုစုပေါင်း	**၄၅၅,၅၀၀**	

၁၅၃။ မြန်မာ့သစ်တောများမှနှစ်စဉ် သစ်ထုတ်ခွင့်ရရှိသူလုပ်ငန်းရှင် အသီးသီးတို့၏ စုစုပေါင်း ကျွန်း သစ်ထုတ်လုပ်မှု ပမာဏသည် သစ်လုံးတန် ၄၅၅,၅၀၀ တန်ခန့်ရှိကြောင်း တွေ့ရှိရသည်။ ကုမ္ပဏီကြီး ၅ ခုက ၇၅ ရာခိုင်နှုန်းခန့် ထုတ်လုပ်ပြီး ပြည်တွင်းလုပ်ငန်းရှင်များက ၂၅ ရာခိုင်နှုန်းခန့် ထုတ်လုပ်ကြသည်။

၁၅၄။ ဒုတိယကမ္ဘာစစ်မီး မြန်မာနိုင်ငံသို့ကူးစက်လာသည့် ၁၉၄၂ ခုနှစ်မှ ၁၉၄၅ ခုနှစ် ၄ နှစ်အတွင်း အထက်ဖော်ပြပါ ကုမ္ပဏီကြီး ၅ ခုနှင့် လုပ်ငန်းရှင်တို့၏ ကျွန်းသစ်ထုတ်လုပ်မှု လုပ်ငန်းများလုံးဝရပ်ဆိုင်းသွား သည်။ စစ်အတွင်းကုမ္ပဏီကြီးများ အိန္ဒိယသို့သွားရောက်၍ စစ်ဘေးကိုရှောင်တိမ်းနေရသဖြင့် မြန်မာနိုင်ငံ တွင် ကျန်ရှိနေခဲ့သော ကုမ္ပဏီကြီးများပိုင် သက်ရှိသက်မဲ့ပစ္စည်းတို့ များစွာဆုံးရှုံး နစ်နာခဲ့ကြသည်။ ရန်ကုန် သစ်ဆိပ်များတွင်ရှိ ကုမ္ပဏီများပိုင် ကျွန်းသစ်လုံးများကိုသာ အခြေအနေပေးသလောက် တင်ပို့ပေးနိုင် ခဲ့သည်။ ဂျပန်ခေတ်တွင် ကျွန်းသစ်ထုတ်လုပ်သည့် လုပ်ငန်းရပ်ဆိုင်းနေခဲ့သည်။

သစ်တောဥပဒေအဆင့်ဆင့်ပေါ်ထွန်းလာခြင်း[၃၆]

၁၅၅။ အောက်မြန်မာပြည်အတွက် ၁၈၈၁ ခုနှစ် သစ်တောဥပဒေကို ရေးဆွဲပြဋ္ဌာန်းခဲ့ပြီးနောက် ၁၈၈၅ ခုနှစ် တွင် အိန္ဒိယဘုရင်ခံချုပ် လော့ဒ်လဟိုဇီမှ မြန်မာပြည်အတွက် သစ်တောလမ်းညွှန်တစ်ခု ထုတ်ပြန် ခဲ့သည်။ ၄င်းတွင် ကျွန်းသစ်ကို အစိုးရကပိုင်ဆိုင်ရာ သစ်ထုတ်လုပ်ရောင်းချသည့်အခါ တန်ဖိုး အပြည့် အဝကို အစိုးရမှရရှိစေပြီး သစ်ကုန်သည်များ အကျိုးတစ်ခုတည်းမဖြစ်စေရန်နှင့် သစ်ထုတ်ယူ သည့်အခါ တောများကိုမထိခိုက်စေဘဲ အနာဂတ်အတွက်ထိန်းသိမ်း၍ စနစ်တကျလုပ်ဆောင်ရန်တို့ ပါဝင်သည်။

၁၅၆။ ၁၈၈၁ ခုနှစ်အောက်မြန်မာပြည်သစ်တော ဥပဒေအခန်း (၄) သည် အိန္ဒိယပြည်၏ ၁၈၇၈ ခုနှစ် သစ်တောဥပဒေအခန်း (၄) နှင့်ထပ်တူလောက်ဖြစ်သော်လည်း မြန်မာပြည်ဥပဒေတွင် ဆိုင်ရာဆိုင် ခွင့်ပေးခြင်းကို ဖော်ပြမထားပေ။ ဤသို့ပြုလုပ်ခြင်းအားဖြင့် ပလပ်မြေနှင့် သစ်တောများပျက်စီးခြင်းမှ အနည်းငယ်သက်သာစေ၍ စစ်ဆေးပြီးလျှင် ကြိုးဝိုင်းဖွဲ့စည်းရန် အချိန်ရလေသည်။ ကြိုးဝိုင်းပြီးမှ တန်ဖိုး မရှိသောမြေ သို့မဟုတ် ကျွန်းမရှိသောမြေများကို စွန့်လွှတ်ရန်ဖြစ်သည်။ ဤသို့လုပ်ကိုင်ခြင်းကို ဥပဒေ

[၃၆] နိုင်ငံတော်ကောင်စီမှစုံစမ်းမေးမြန်းချက်များနှင့်ပတ်သက်၍ သစ်တောဦးစီးဌာနမှ ပြုစုတင်ပြခြင်း။ ၁၉၇၅ ခုနှစ် နှင့် မြန်မာ့သစ်တောများ၊ ဦးချိုန်ဟိုး၊ စာ၂၁–၂၃

အရအာဏာပေးထားခြင်းမှာ သစ်တောဧရိယာသည် အလွန်ကျယ်၍ လုံလောက်သော အမှုထမ်းမရှိခြင်း ကြောင့်ဖြစ်သည်။ ကြီးဝိုင်းဖွဲ့စည်းပြီးသော်လည်း နှစ်ပေါင်းအတော်ကြာ နယ်နိမိတ်သတ်မှတ်ရန်လိုအပ် နေခဲ့သည်။

၁၅၇။ အင်္ဂလိပ်–မြန်မာ တတိယစစ်ပွဲဖြင့် ဗြိတိသျှတို့က မြန်မာတစ်နိုင်ငံလုံးကို သိမ်းပိုက်ပြီးသည့် အခါ အထက်မြန်မာပြည်တွင် သစ်တောစီမံအုပ်ချုပ်မှုသည် ဖွံ့ဖြိုးခြင်းမရှိသေးသည့်အတွက် ၁၈၈၁ ခုနှစ် သစ်တောအက်ဥပဒေကို အာဏာမသက်ရောက်စေဘဲ အထက်မြန်မာပြည် သစ်တောစည်းမျဉ်းဥပဒေ (Upper Burma Forest Regulation) အမှတ် (၆) ကို ၁၈၈၇ ခုနှစ်တွင်ထုတ်ပြန်သည်။ ဤစည်းမျဉ်း ဥပဒေသည် ကြီးဝိုင်းဖွဲ့စည်းခြင်း၊ ကြေးတိုင်စိုက်ခြင်းတွင် အက်ဥပဒေနှင့်အတူတူဖြစ်သော်လည်း အခြား ကိစ္စများတွင် ပိုမိုလွယ်ကူ၍ အထက်မြန်မာပြည်ရှိ ပြည်သူများနှင့်အဆင်ပြေသည်။ ဤစည်းမျဉ်း ဥပဒေကို ၁၈၉၈ ခုနှစ်တွင်ပြင်ဆင်ခဲ့သည်။ စည်းမျဉ်းဥပဒေတွင် တောင်ယာခုတ်ခြင်းကို ဆိုင်ရာဆိုင်ခွင့် အနေဖြင့် ခွင့်ပြုမည်မဟုတ်ကြောင်း၊ အစိုးရသဘောအတိုင်း အချိန်မရွေး ပယ်ဖျက်နိုင်ကြောင်း ပါရှိလာ သည်။ ၁၈၉၀ ခုနှစ်တွင် စည်းမျဉ်းဥပဒေကို ရှမ်းပြည်နယ်ကိုပါ အာဏာသက်ရောက်စေခဲ့သည်။

၁၅၈။ မြန်မာနိုင်ငံအတွက် ပိုမို ထိရောက်ပြီး ပြည့်စုံသော သစ်တောဥပဒေကို ၁၉၀၂ ခုနှစ်တွင် ပြင်ဆင် ရေးဆွဲအတည်ပြုပြဋ္ဌာန်းနိုင်ခဲ့ပြီး '၁၉၀၂ ခုနှစ်၊ သစ်တောအက်ဥပဒေ' ဟုခေါ်တွင်ခဲ့သည်။ ယင်း သစ်တော အက်ဥပဒေတွင် (၁) သစ်တောအက်ဥပဒေ၊ (၂) ကြီးဝိုင်းတောများ သတ်မှတ်ပိုင်ခွင့်အာဏာ၊ (၃) သစ်တောများနှင့် သစ်တောထွက်ပစ္စည်းများကို ကာကွယ်စောင့်ရှောက်ခြင်း၊ (၄) ပြည်ပမှတင်သွင်း သော သစ်တောထွက်ပစ္စည်းများအပေါ် အကောက်ခွန်သတ်မှတ်ခြင်း၊ (၅) သစ်တောထွက်ပစ္စည်းများ သယ်ယူပို့ဆောင်ခြင်းနှင့်ပတ်သက်သည့် ထိန်းသိမ်းမှုများ၊ (၆) အပြစ်ဒဏ်များနှင့်လုပ်ကိုင်နည်းများ၊ (၇) သစ်တောဝန်ထမ်းများနှင့် (၈) ဖြည့်စွက်ပြဋ္ဌာန်းချက်များဟူ၍ အခန်း ၈ ခန်း ပါရှိသည်။ ယင်း ၁၉၀၂ ခုနှစ်၊ မြန်မာနိုင်ငံသစ်တောအက်ဥပဒေသည် ကချင်ပြည်နယ်ဒေသအချို့ ချင်းတွင်းမြစ်၊ မြစ် ဖျားခံရာ နာဂတောင်တန်းဒေသနှင့် ရှမ်းပြည်နယ်ဒေသအချို့တို့၌ အာဏာသက်ရောက်ခြင်းမှ ကင်း လွတ်ထားခဲ့သည်။

တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းကာကွယ်ခြင်း[၃၇]

ရှေးမြန်မာမင်းများလက်ထက် သားငှက်တိရစ္ဆာန်များ ဘေးမဲ့ပေးခြင်း

၁၅၉။ အမရပူရမြို့တည်၊ နန်းတည် ဘိုးတော်ဦးဝိုင်းလက်ထက် သက္ကရာဇ် ၁၁၄၃ ခုနှစ်တွင် တုရင်တောင် ကျောက်စာ၌ သားငှက်တိရစ္ဆာန်များကို ဘေးမဲ့ပေးထားကြောင်း တွေ့ရှိရသည်။ မင်းတုန်း မင်းကြီးလက်ထက် သက္ကရာဇ် ၁၂၂၈ ခုနှစ်တွင် မိတ္ထီလာကန်တော်ရိုးကျိုးပေါက်သည်ကို ဆည်ဖို့ကြောင်း ကဗျည်း ကျောက်စာတွင်လည်း သားငှက်တိရစ္ဆာန်များအား ဘေးမဲ့ပေးခဲ့သည်ကို တွေ့ရသည်။

[၃၇] သဘာဝဝန်းကျင်နှင့်သားငှက်ထိန်းသိမ်းရေးဌာနအစီရင်ခံစာများမှကောက်နှုတ်ဖော်ပြသည်။

(နယ်လေးရပ်၊ နယ်ရှစ်ရပ်တို့ဖြင့်သတ်မှတ်ပြဋ္ဌာန်း ထားသော နယ်မြေအတွင်း၌ သားငှက်တိရစ္ဆာန်တို့ကို အပစ်အခတ်၊ အသတ်အညှစ်၊ အဖမ်းအဆီး မရှိစေရဟု ဘေးမဲ့ပေးတော်မူသည်) ဘေးမဲ့ပေးတော်မူသည့် နယ်မြေ ကိုလည်း ကျောက်တိုင်စိုက်မှတ်စေသည်။

တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးဆိုင်ရာ ဥပဒေများအဆင့်ဆင့်ပေါ်ထွန်းလာခြင်း

၁၆၀။ ကိုလိုနီခေတ်တွင်လည်း သစ်တောဌာနဖွဲ့စည်းတည်ထောင်ခြင်းနှင့်အတူ သားငှက်တိရစ္ဆာန်များ ထိန်းသိမ်းကာကွယ်ရေးနှင့် စနစ်တကျ စီမံအုပ်ချုပ်နိုင်ရေးအတွက် ဆောင်ရွက်ခဲ့ကြသည်။ ၁၈၇၉ ခုနှစ်တွင် ဆင်များထိန်းသိမ်းကာကွယ်ရေးအက်ဥပဒေ (Elephant Preservation Act, 1879) ကို စတင်ရေးဆွဲခဲ့ပြီး ၁၈၈၃ ခုနှစ်တွင်ထုတ်ပြန်ကြေညာ၍ အာဏာသက်ရောက်စေခဲ့သည်။ ၁၉၀၂ ခုနှစ် မြန်မာ့သစ်တောအက်ဥပဒေတွင် တောရိုင်းတိရစ္ဆာန်များ ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များပါဝင်ပြီး တောရိုင်းတိရစ္ဆာန်များနှင့် ယင်းတို့၏အစိတ်အပိုင်းများအား သစ်တောထွက်ပစ္စည်းအဖြစ်သတ်မှတ် ထိန်းသိမ်းကာကွယ် ခဲ့သည်။ ဤဥပဒေတွင် သစ်တောကြိုးဝိုင်းများနှင့် ကန့်သတ်နယ်မြေများအတွင်း တောရိုင်းတိရစ္ဆာန်များကို သစ်တောထွက်ပစ္စည်းအဖြစ်သတ်မှတ်၍ တရားမဝင်အမဲလိုက်ခြင်းနှင့် ငါးဖမ်းခြင်း လုပ်ငန်းများကို တားမြစ် ကာကွယ်ခဲ့သည်။

၁၆၁။ ၁၉၁၂ ခုနှစ်တွင် သီးခြားဥပဒေအဖြစ် တောရိုင်းတိရစ္ဆာန်များနှင့် ငှက်များထိန်းသိမ်းကာကွယ်ရေး အက်ဥပဒေ (The Wild Birds and Animals Protection Act, 1912)ကို ပြဋ္ဌာန်းခဲ့သည်။ ၁၉၁၇ ခုနှစ်တွင် သစ်တောကြိုးဝိုင်းအတွင်းသာမက ကြိုးပြင်များနှင့် အများပြည်သူနှင့်ပတ်သက်သော သစ်တောများတွင် တောရိုင်းတိရစ္ဆာန်များ ကာကွယ်သည့်ပြဋ္ဌာန်းချက်(Regulation)ကို ဆက်လက်ထုတ်ပြန်ခဲ့သည်။ ၁၉၂၉ ခုနှစ်တွင် တောရိုင်းတိရစ္ဆာန်များနှင့်ငှက်များထိန်းသိမ်းကာကွယ်ရေး (ပြင်ဆင်ချက်) အက်ဥပဒေနှင့် ၁၉၃၄ ခုနှစ်တွင် တောရိုင်းတိရစ္ဆာန်နှင့်ငှက်များ ထိန်းသိမ်းကာကွယ်ရေး (ပြင်ဆင်ချက်) အက်ဥပဒေတို့ကို အဆင့်ဆင့် ထုတ်ပြန် ခဲ့သည်။ ၁၉၃၆ ခုနှစ်တွင် သားငှက်တိရစ္ဆာန်ကာကွယ်ထိန်းသိမ်းရေးအတွက် ပိုမိုခိုင်ခံ့ ထိရောက်သောဥပဒေတစ်ရပ်အဖြစ် ၁၉၃၆ ခုနှစ် မြန်မာ့တောရိုင်းတိရစ္ဆာန်များ ကာကွယ်ရေး ဥပဒေ (Burma Wildlife Protection Act, 1936) ကို ရေးဆွဲပြဋ္ဌာန်းခဲ့သည်။

ကိုလိုနီခေတ်ကာလအတွင်း ဖွဲ့စည်းတည်ထောင်ခဲ့သည့် ဘေးမဲ့တောများ

၁၆၂။ မြန်မာနိုင်ငံ၏ ပထမဆုံးဘေးမဲ့တောအဖြစ် ပိတောင်ဘေးမဲ့တောကို ၁၉၁၈ ခုနှစ်တွင်စတင် တည်ထောင်ခဲ့သည်။ ကိုလိုနီ ခေတ် ကာလအတွင်း ဖွဲ့စည်းတည်ထောင်ခဲ့သော ဘေးမဲ့တောများမှာ– ပိတောင်၊ ရွှေဥဒေါင်း၊ မေမြို့၊ ကဟီးလူ၊ မော့စကော့၊ တောင်ကြီး၊ မူလာရစ်၊ ဝက်ထီးကန်၊ ရွှေစက်တော်၊ ချပ်သင်း၊ ကေလာသတို့ဖြစ်သည်။

၁၆၃။ **ပိတောင်ဘေးမဲ့တော**။ ပိတောင်ကြိုးဝိုင်းအဖြစ် ဖွဲ့စည်းရန် ပထမဆုံးတင်ပြသူမှာ မန္တလေးတိုင်းမင်းကြီးဖြစ်၏။ ၁၉၀၈ ခုနှစ် တွင်ဖြစ်သည်။ အနီးအနားရှိရွာများမှ လယ်ယာများတိုးလာ၍ တောရိုင်းတိရစ္ဆာန်များခိုလှုံရန် ကျန်ရှိ သောဧရိယာမှာ ပိတောင်တောတစ်ခုသာ ကျန်တော့ကြောင်း၊ ထိုသို့ခိုလှုံ

နေသော တောတွင်းသားကောင်များကို လူအများက အစုလိုက်ပစ်ခတ်ကြသောကြောင့် မျိုးသုဉ်း လုနီးပါး ဖြစ်နေကြောင်း စသည်ဖြင့် မန္တလေး တိုင်းမင်းကြီးကတင်ပြခဲ့သည်။ ၁၉၁၃ ခုနှစ်တွင် ပိတောင် တောကိုကြိုးဝိုင်းအဖြစ်ကြေညာခဲ့၏။ ထိုနှစ်မှာပင် အမဲလိုက်ခြင်းကို စတင်ပိတ်ပင်ခဲ့သည်။ ၁၉၁၈ ခုနှစ်တွင် ဘေးမဲ့တောအဖြစ်ကြေညာခဲ့သည်။ ၁၉၂၁ ခုနှစ်တွင် မြစ်ကြီးနား–ကသာ မီးရထားလမ်း တောင်ဘက်ရှိ လွင်ပြင်များနှင့်တောများကိုပါ ဘေးမဲ့ ကြိုးဝိုင်းအဖြစ်သတ်မှတ်ခဲ့သည်။ ထိုတိုးချဲ့သော ဧရိယာကို 'တောင်ပိတောင်တိုးချဲ့ကြိုးဝိုင်း' ဟုခေါ်သည်။ ထိုတိုးချဲ့ခဲ့သည့် ဧရိယာကို မူလဧရိယာနှင့် ပေါင်းစပ်၍ ဘေးမဲ့ကြိုးဝိုင်းအဖြစ် ၁၉၂၇ ခုနှစ်တွင် ထပ်မံ ကြေညာခဲ့ပြန်သည်။ နောက်ထပ်တိုးချဲ့သော 'ပိတောင်အရှေ့နှင့်အနောက်တိုးချဲ့ကြိုးဝိုင်း' တို့မှာနယ်နိမိတ် သတ်မှတ်ရာ၌ လွယ်ကူစေရန် အတွက်သာ ရည်ရွယ်ပြီး ထပ်မံထည့်သွင်းခဲ့ခြင်းသာဖြစ်သည်။ ဒုတိယ ကမ္ဘာစစ်အတွင်း စည်းကမ်းမဲ့ အမဲလိုက်ခြင်း ကြောင့် ဆင်များ၊ ပြောင်များ၊ စိုင်များနှင့်ဒရယ်များ အုပ် လိုက်ချီ၍သေခဲ့ပြီး ကျန်ရှိသော တိရစ္ဆာန်များ သည် ပိတောင်ကြိုးဝိုင်းအနောက်တောင်ဘက် တောတောင် ထူထပ်ရာဒေသသို့ ထွက်ပြေးခိုလှုံခဲ့ကြ ရသည်။

၁၆၄။ ပိတောင်ဘေးမဲ့တောအတွင်း ၁၉၃၆–၃၇ ခုနှစ်က တောရိုင်းတိရစ္ဆာန်စာရင်းကို ကောက်ယူ မှတ်တမ်းတင်ခဲ့ရာ အောက်ပါအတိုင်းဖြစ်သည်–

၁၉၃၆–၃၇ ခုနှစ်က ပိတောင်ဘေးမဲ့တောအတွင်း တွေ့ရသော တိရစ္ဆာန်ကောင်ရေ

စဉ်	တိရစ္ဆာန်အမျိုးအမည်		ကောင်ရေ
၁။	ဆင်	–	၂၀၀
၂။	ပြောင်	–	၃၀၀
၃။	စိုင်	–	၂၀၀
၄။	ဒရယ်	–	၅၀၀
၅။	ဆတ်	–	၂၅၀
၆။	ချေ	–	၁၅၀
၇။	ကျား	–	၁၂
၈။	ကျားသစ်	–	၁၀
၉။	ဝက်ဝံ	–	၂၀
၁၀။	တောခွေး	–	၄၀
၁၁။	တောဝက်	–	–

၁၆၅။ အခွန်တော်ဌာန အာဏာပိုင်များ၏ တိုက်တွန်းချက်အရ ပိတောင်ကြိုးဝိုင်း၏ တစ်စိတ်တစ်ဒေသ နှင့် တောင်ပိတောင် တိုးချဲ့ကြိုးဝိုင်းတစ်ခုလုံးကိုပါ ဘေးမဲ့ကြိုးဝိုင်းအဖြစ်မှ ပယ်ဖျက်ပေးရန် ၁၉၄၇ ခုနှစ်

တွင် မရမ်းရွာသားများက လျှောက်ထားခဲ့ကြ၏။ အကြောင်းပြချက်မှာ လယ်ယာတိုးချဲ့ စိုက်ပျိုးရန်ဖြစ်သည်။ ဘုရင်ခံကသဘောတူသော်လည်း လွတ်လပ်ရေး ပေးလိုက်ရသဖြင့် ထိုကိစ္စမှာ ပျက်ပြယ်သွားခဲ့သည်။

၁၆၆။ **ရွှေဥဒေါင်းဘေးမဲ့တော**။ ယင်းဘေးမဲ့တောကို ၁၉၁၈ ခုနှစ်မှစ၍ တည်ထောင်ခဲ့ပြီး ၁၉၂၉ ခုနှစ်တွင် ထပ်မံတိုးချဲ့ ခဲ့သည်။ ဧရိယာမှာ ၁၂၆ စတုရန်းမိုင်ဖြစ်သည်။ အရှေ့ကသာ သစ်တောခရိုင် အတွင်း၌ စတုရန်းမိုင် ၈၁ မိုင် ပါဝင်ပြီး မိုးမိတ်သစ်တောခရိုင်အတွင်း၌ စတုရန်းမိုင် ၄၅ မိုင် ပါဝင်သည်။ အဓိကအားဖြင့် ကာကွယ်ရန်ရည်ရွယ်သော တိရစ္ဆာန်မှာ အလွန်ရှားပါးသော ကြံ့နှင့် ဝက်ဝံတို့ ဖြစ်သည်။ ဆင်၊ ပြောင်၊ စိုင်၊ ဆတ်၊ တောဆိတ်၊ ချေ၊ တောဝက်၊ ကျား၊ ကျားသစ်၊ ဒေါင်း၊ တောကြက်၊ ရစ်၊ ခါနှင့် ငုံးတို့ကိုပါ ကာကွယ်ပေးရန် ရည်ရွယ်ခဲ့သည်။

၁၆၇။ **မေမြို့ဘေးမဲ့တော**။ ၁၉၁၈ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည်။ အကျယ်အဝန်းမှာ ၄၉ စတုရန်းမိုင်ခန့်ရှိသည်။ မေမြို့ကြီးဝိုင်း နှင့် လားရှိုး–မန္တလေးလမ်း အရှေ့ဘက် သစ်တောနယ်မြေများ ပါဝင်သည်။ မူလရည်ရွယ်ချက်မှာ မြို့ ၏လှပသာယာမှုကို ကျေးငှက်တိရစ္ဆာန် တို့ဖြင့် ဖန်တီးယူရန် ဖြစ်သည်။

၁၆၈။ **ကဟိုးလူဘေးမဲ့တော**။ ဤဘေးမဲ့တောကို ၁၉၂၈ ခုနှစ်တွင် စတင်တည်ထောင်ခဲ့လေသည်။ ဧရိယာအားဖြင့် ၆၂ စတုရန်း မိုင်ခန့် ရှိသည်။ ယခင် သထုံသစ်တောခရိုင်၊ ယခုဖားအံ သစ်တောခရိုင် အတွင်း၌ရှိပြီး အထူးသဖြင့် ကြံ့၊ ဆင်၊ ဂျာဗားကြံ့၊ ဆူမားကြားကြံ့ တို့ကို ကာကွယ်စောင့်ရှောက်ပေးရန် ရည်ရွယ်သည်။ အခြားကာကွယ်ခဲ့သော တိရစ္ဆာန်များမှာ တောင်ဆိတ်၊ ဆတ်၊ ချေ၊ ဒရယ်နှင့် တောကြက် တို့ ဖြစ်သည်။

၁၆၉။ **မော့စကော့ကျွန်းဘေးမဲ့တော**။ ၁၉၂၉ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည်။ ဧရိယာ ၁၉ စတုရန်းမိုင်ရှိပြီး ထားဝယ်သစ်တော ခရိုင်အတွင်း၌ ရှိသည်။ ဆတ်၊ ချေနှင့် တောဝက်တို့ကို ကာကွယ်ရန် ဖြစ်သည်။

၁၇၀။ **တောင်ကြီး ဘေးမဲ့တော**။ ၁၉၃၀ ပြည့်နှစ်တွင်တည်ထောင်ခဲ့သည်။ တောင်ပိုင်းရှမ်းပြည် သစ်တောခရိုင်အတွင်း၌ ရှိသည်။ ဧရိယာ စတုရန်းမိုင် ၆.၂ မိုင် ခန့်ရှိသည်။ ငှက်မျိုးစုံ၊ ချေနှင့် ကျားများကို ကာကွယ်ရန်ဖြစ်သည်။

၁၇၁။ **မူလာရစ် ဘေးမဲ့တော**။ ဤဘေးမဲ့တောကို ၁၉၃၆ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည်။ ၅၃.၅ စတုရန်းမိုင်ခန့်ကျယ်ဝန်းသည်။ ယခင် အတ္ထရံသစ်တောခရိုင်၊ ယခု ကော့ကရိတ်သစ်တောခရိုင် ကြာအင်းမြို့နယ်အတွင်း၌ရှိပြီး ဒေါ်နေ တောင်တန်း၏ အနောက်ဘက်စောင်းတွင် တည်ရှိသည်။ မူလာရစ်တောင်ကိုအစွဲပြုပြီး မူလာရစ်ဘေးမဲ့တော ဟုခေါ်သည်။

၁၇၂။ **ရွှေစက်တော်ဘေးမဲ့တော**။ သမင်များကို ကာကွယ်စောင့်ရှောက်ရန် ရည်ရွယ်ချက်ဖြင့် ရွှေစက်တော် ဘေးမဲ့တောကို ၁၉၄၀ ခု နှစ်တွင် တည်ထောင်ခဲ့သည်။ မင်းဘူးသစ်တောခရိုင်အတွင်း၌ရှိပြီး စေတုတ္တရာ၊ စကု၊ ငဖဲ၊ ပွင့်ဖြူ မြို့နယ်များအထိ ကျယ်ပြန့် သည်။

၁၇၃။ **ဝက်ထီးကန်ဘေးမဲ့တော**။ ဝက်ထီးကန် ဘေးမဲ့တောမှာ တောမဟုတ်ပေ။ မင်းဘူးခရိုင် စလင်းမြို့ အနီးရှိ အင်းကြီးတစ်ခုဖြစ်သည်။ နူတ်ဖြင့် 'ဝက်သဲကန်' ဟုအသံထွက်သည်။ ၁၉၃၉ ခုနှစ်တွင် တည်ထောင်ခဲ့ပြီး ရေကြက်၊ ရေဘဲ၊ ရေငှက်များကို ကာကွယ်ရန်ဖြစ်သည်။ ၁.၇ စတုရန်းမိုင် ကျယ်ဝန်းသည်။

၁၇၄။ **ချပ်သင်းဘေးမဲ့တော**။ ၁၉၄၁ ခုနှစ်တွင် စတင်တည်ထောင်သည်။ ၁၀၄ စတုရန်းမိုင် ကျယ်ဝန်းပြီး ရွှေဘိုသစ်တော ခရိုင်အတွင်းရှိသည်။ သမင်ကိုအဓိကကာကွယ်ရန်ဖြစ်သည်။

၁၇၅။ **ကေလာသဘေးမဲ့တော**။ ၁၉၄၂ ခုနှစ်တွင်တည်ထောင်ခဲ့သည်။ အကျယ်အဝန်းမှာ ၉.၄၅ စတုရန်းမိုင်ခန့်ရှိပြီး သထုံ၊ အတ္တရံ၊ ကတိုးသစ်တောခရိုင်အတွင်း၌ရှိသည်။ တောဆိတ်၊ ချေ၊ တောကြက်နှင့် ငှက်မျိုးစုံတို့ကို ကာကွယ်ရန်ဖြစ်သည်။

စစ်ပြီးခေတ် မြန်မာ့သစ်တောထွက်ပစ္စည်းများထုတ်လုပ်မှုအခြေအနေ[၃၈]

၁၇၆။ မြန်မာနိုင်ငံ၏ သစ်တောတည်ရှိမှု အကျယ်အဝန်းပမာဏနှင့် သိပ်ပံနည်းကျသစ်တော အုပ်ချုပ်မှု စနစ်အရ မြန်မာ့ကျွန်းသစ်သည် တစ်နှစ်လျှင် တန် ၄ သိန်းခန့်ထွက်ရှိနိုင်ပြီး သားစဉ်မြေးဆက် တိုင်လည်း ၄င်းစံချိန်အတိုင်း နှစ်စဉ်ထွက်နိုင်ရမည်ဟု ရည်မှန်းလုပ်ဆောင်ခဲ့သည်။

၁၇၇။ သစ်တောဆိုင်ရာ စီးပွားရေးစာရင်းအင်းများအရ ၁၈၅၆–၅၇ ခုနှစ်မှ ၁၉၃၉–၄၀ ခုနှစ်အထိ၊ နှစ်ပေါင်း ၈၃ နှစ်အတွင်း ကျွန်းသစ်တန် ၂၃,၃၈၁,၃၆၁ ထုတ်လုပ်ခဲ့ပြီး ကျွန်းသစ်မှ သစ်တောအခွန်ရူပီးငွေ ၅၅၄.၃၈၈ သန်း ရရှိခဲ့သည်။[၃၉] မြန်မာအစိုးရအတွက် ရူပီးငွေ ၂၄၀.၆၅၈ သန်းသုံးစွဲပြီး၊ အိန္ဒိယအစိုးရသို့ ရူပီးငွေ ၃၁၃.၇၃သန်း ပံ့ပိုးပေးခဲ့ရသည်။ မြန်မာနိုင်ငံသည် ၁၈၂၆ ခုနှစ်မှ ၁၉၃၇ ခုနှစ်အထိ အိန္ဒိယနိုင်ငံအစိုးရ၏ ပြည်နယ်တစ်ခုအဖြစ် ဖွဲ့စည်းထားခဲ့ရာ မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးကိစ္စရပ်များသည် အိန္ဒိယ၏လက်အောက်ခံပြည်နယ်တစ်ခု၏ သဘောတရားအတိုင်းဖြစ်ခဲ့သည်။

---

[၃၈] မြန်မာ့သစ်လုပ်ငန်းသမိုင်းကြောင်းစာတမ်း၊ ရောင်းဝယ်ရေးဌာန၊ သစ်လုံးဌာနနှင့်ဆိုင်ရာ အချက်အလက်များ (၂၀၀၄) ခုနှစ်တွင် ပြည်ပရောင်း/စက်ဌာန၊ ဦးဆန်းဝင်း၊ လက်ထောက်အထွေထွေမန်နေဂျာနှင့် ဦးကျော်ထင်ဟန်၊ လက်ထောက်မန်နေဂျာတို့၏ ပြုစုတင်ပြချက်။

[၃၉] Policies and plans for sustainable forestry development in Myanmar, July 1996, by U Myint Than (Advisor-MTE)

၁၇၈။ သစ်မာထုတ်လုပ်မှုအနေဖြင့်မူ ၁၉၀၀ ခုနှစ်မှ ၁၉၄၀ ခုနှစ်အထိ နှစ်ပေါင်း ၄၀ ကာလအတွင်း သစ်မာတန်ပေါင်း ၁၃.၆ သန်း ထုတ်လုပ်ခဲ့ပြီး သစ်တောအခွန် ရူပီးငွေ ၆၄.၁၈ သန်း ရရှိခဲ့သည်။ သစ်မာများကို မြန်မာတိုင်းရင်းသားများ မိမိနိုင်ငံပြည်တွင်းသုံးအဖြစ် ထုတ်လုပ်သုံးစွဲသည်။ နိုင်ငံခြားသား သစ်ကုမ္ပဏီကြီးများက ထုတ်လုပ်သော သစ်တန်အနည်းငယ်မျှသာ နိုင်ငံခြားဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ခဲ့သည်။ နိုင်ငံခြားဈေးကွက်တွင် မြန်မာ့သစ်မာများ စီးပွားရေးတွက်ခြေကိုက်မှုမရှိသောကြောင့် မတင်ပို့ခြင်းဖြစ်သည်။

၁၇၉။ သစ်တောများကို စတင် အုပ်ချုပ်သည့် ၁၈၅၆ ခုနှစ်မှစ၍ ဒုတိယကမ္ဘာစစ်မတိုင်မီ ၁၉၃၉ ခုနှစ်အထိ သစ်တောမှဝင်ငွေဖြင့် သစ်တောစီမံအုပ်ချုပ်မှုအတွက် အသုံးစရိတ်တို့ကို အောက်ပါဇယားတွင် နှိုင်းယှဉ်လေ့လာနိုင်သည်– (ကျပ်သိန်း)

ကာလ	တစ်နှစ်ဝင်ငွေ	တစ်နှစ် အသုံးစရိတ်	နှစ်စဉ် ပိုငွေ	ဝင်ငွေအပေါ် ပိုငွေ ရာခိုင်နှုန်း
၁၈၅၆–၆၉	၆.၈၆	၂.၇၂	၄.၁၄	၆၀.၃
၁၈၆၉–၇၉	၁၁.၆၂	၆.၀၈	၅.၅၄	၄၇.၇
၁၈၇၉–၈၉	၂၂.၄၄	၁၁.၆၇	၁၀.၇၇	၄၈.၀
၁၈၈၉–၉၉	၅၇.၉၇	၁၈.၉၁	၃၉.၀၆	၆၇.၄
၁၈၉၉–၀၉	၈၃.၇၀	၃၂.၃၀	၅၁.၄၀	၆၁.၄
၁၉၀၉–၁၉	၁၀၈.၄၇	၄၅.၇၅	၆၂.၇၂	၅၇.၈
၁၉၁၉–၂၉	၂၀၂.၁၀	၈၇.၇၄	၁၁၄.၃၆	၅၆.၆
၁၉၂၉–၃၉	၁၄၀.၄၆	၆၇.၃၅	၇၃.၁၁	၅၂.၁

၁၈၀။ ၁၈၅၆ ခုနှစ်မှ ၁၉၃၉ ခုနှစ်အထိ ကျွန်း၊ သစ်မာနှင့် ထင်း/မီးသွေးထုတ်လုပ်မှုအခြေအနေကို အောက်တွင် ဖော်ပြထားသည်–

၁၈၅၆–၁၉၃၉ ကျွန်း၊ အခြားသစ်မာနှင့် ထင်း/မီးသွေး ထုတ်လုပ်မှုအခြေအနေ (တန်)

ကာလ	ကျွန်းသစ်			အခြား သစ်မျိုးများ	ထင်း/မီးသွေး
	ခုတ်လဲ့	တင်သွင်း	တင်ပို့		
၁	၂	၃	၄	၅	၆
၁၈၅၆–၆၉	၃၈,၃၆၀	၆၀,၄၇၁	၈၈,၇၈၅	–	–
၁၈၆၉–၇၉	၇၆,၄၈၀	၁၀၃,၆၅၉	၁၁၆,၃၃၀	–	–
၁၈၇၉–၈၉	၉၂,၂၆၀	၁၂၉,၂၈၀	၁၅၀,၁၀၀	–	–
၁၈၈၉–၉၉	၂၄၇,၉၀၀	၆၅,၉၉၀	၂၀၃,၈၀၀	–	–
၁၈၉၉–၀၉	၂၂၈,၄၇၀	၆၀,၂၀၀	၁၆၅,၄၀၀	၃၀၃,၈၉၄	၃၀၆,၈၆၅
၁၉၀၉–၁၉	၃၁၄,၄၄၀	၃၈,၉၃၀	၁၅၆,၇၈၀	၃၆၆,၃၃၆	၅၅၈,၃၃၉
၁၉၁၉–၂၉	၅၀၁,၄၈၀	၂၅,၉၂၀	၂၅၆,၈၆၀	၅၁၀,၇၄၉	၉၉၁,၂၄၀
၁၉၂၉–၃၉	၄၃၀,၅၆၀	၅၁,၀၄၀	၁၉၆,၂၈၅	၄၁၁,၉၄၀	၁,၁၁၂,၈၈၄

မှတ်ချက်။ (က) ၁၈၈၅ ခုနှစ်မတိုင်မီက အထက်မြန်မာနိုင်ငံမှ ကိန်းဂဏန်းများနှင့် ၁၉၂၂ ခု နှစ် နောက်ပိုင်း ရှမ်းပြည်နယ်မှ ကိန်းဂဏန်းများ အပါအဝင်ဖြစ်သည်။

(ခ) **ခုတ်လှဲ** ။ မြန်မာနယ် (Burma Proper) အတွင်း ခုတ်လှဲထုတ်ယူသော ကျွန်းသစ်။

(ဂ) **တင်သွင်း**။ အခြားဒေသ [Shan Proper (ယခု ရှမ်းပြည်နယ်)၊ Kayah Proper, Kayin-ni (ယခု ကယားပြည်နယ်)၊ Yodaya (ယခု ထိုင်းနိုင်ငံ) နယ်စပ်စသည်] တို့မှ ခုတ်လှဲထုတ်ယူပြီး မြန်မာနယ် (Burma Proper) အတွင်းသို့ တင်သွင်းသည့် ကျွန်းသစ်။

(ဃ) **တင်ပို့**။ မြန်မာနိုင်ငံမှ ပြည်ပသို့ တင်ပို့သည့် ကျွန်းသစ်။

ရှင်းလင်းချက်(၁)။ စာတိုင် (၃) ရှိကျွန်းသစ် တင်သွင်းတန်သည် ၁၈၈၉ ခုနှစ်မှ ၁၈၉၉ ခုနှစ်ကာလအထိ၊ အထက်မြန်မာ နိုင်ငံမှသစ်များ၊ ကရင်နီ(ကယား)နှင့် သောင်ရင်းမြစ်စီးလေ သစ်တောများမှ ထုတ်လုပ်သော ယိုးဒယား (ထိုင်းနိုင်ငံ) နိုင်ငံမှသစ်များပါဝင်သည်။ သောင်ရင်း မြစ်နှင့် သံလွင် စီးလေတို့မှထုတ်သောကျွန်းသစ်များကို ထိုစဉ်က သံလွင်မြစ်အတိုင်း မျှောချ၍ မော်လမြိုင်မှတဆင့် နိုင်ငံခြားသို့တင်ပို့သည်။ ထိုစဉ်က ယိုးဒယားမှ သစ်တောအရာရှိ တစ်ဦး မော်လမြိုင်တွင် ရုံးထိုင်၍ အခွန်တော်ကိစ္စနှင့် သစ်တင်ပို့သည့်ကိစ္စများကို ဆောင်ရွက်သည်။ သစ်လုံးများ ပေါ်မှ တံဆိပ် များအရ ပိုင်ဆိုင်မှုခွဲခြား၍ရသည်။

ရှင်းလင်းချက်(၂)။ ၁၈၉၉ ခုနှစ်မှ ၁၉၃၉ ခုနှစ်ထိ စာတိုင် (၃) ပါ တင်သွင်းတန်သည် ကရင်နီ (ကယား)နှင့် ယိုးဒယား (ထိုင်း) တို့မှသာဖြစ်သည်။ အထက်မြန်မာနိုင်ငံမှ ကိန်းဂဏန်းများ သည် စာတိုင် (၂) တွင် ပါဝင်သွားပြီးဖြစ်၍ စာတိုင် (၃) တွင်ပါဝင်ခြင်းမရှိတော့ပါ။ ၁၈၅၆ မှ ၁၈၉၉ ခုနှစ်ထိ အခြားသစ်မာသစ်မျိုးနှင့် ထင်းမီးသွေးတို့ ထုတ်လုပ်မှုပမာဏတန်မသိရှိပါ။

၁၈၁။ ၁၉၄၇ ခုနှစ်၊ စက်တင်ဘာ ၂၄ ရက်နေ့တွင် တိုင်းပြူပြည်ပြူလွှတ်တော်က ပြည်ထောင်စုမြန်မာ နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ကြေညာသည်။ နိုင်ငံတော်ဖွဲ့စည်းပုံ၏အပိုဒ် ၄၄ (၂) တွင် ပြဋ္ဌာန်းထားသည်မှာ မြန်မာ့သယံဇာတများကို ထုတ်လုပ်ရာတွင် နိုင်ငံတော်အစိုးရ ကိုယ်တိုင် သော်လည်းကောင်း၊ ဒေသဆိုင်ရာ အဖွဲ့အစည်းဖြင့်သော်လည်းကောင်း၊ ပြည်သူပိုင် သမဝါယမ အဖွဲ့အစည်းဖြင့်သော်လည်းကောင်း လုပ်ကိုင်ရန် အစိုးရကလမ်းညွှန်မည်ဟု ပါရှိလာသည်။ ဤဖွဲ့စည်းပုံ အခြေခံဥပဒေအရ မြန်မာသစ်တော သယံဇာတ နယ်မြေတွင် နိုင်ငံခြားသားပိုင် သစ်ကုမ္ပဏီကြီး ၅ ခု အား နှစ်ရှည်ပတ္တာစာချုပ်ဖြင့် အငှားချ ထားလုပ်ကိုင်ခွင့်ပြုထားသော သစ်တောပတ္တာနယ်မြေများကို ၃ နှစ် ကာလအတွင်း နှစ်စဉ်ပြန်လည် ရုပ်သိမ်းရန် စီမံချက်ချသည်။

ကိုလိုနီခေတ်သစ်တောအုပ်ချုပ်ရေး

၁၈၂။ ကိုလိုနီခေတ်အစိုးရသည် ၁၈၅၆ ခုနှစ်မှစ၍ သစ်တောများထိန်းသိမ်းအုပ်ချုပ်ရေးကို စနစ်တကျ ဆောင်ရွက်ခဲ့ခြင်းများအနက် ၁၉၂၂ ခုနှစ်တွင် Timber Research Division တည်ထောင်ခဲ့ သည့် ဖြစ်ရပ်တစ်ခုလည်း ပါဝင်သည်။ ရန်ကုန်မြို့ အလုံသစ်တောဝင်းရှိ သစ်အသုံးပြုရေး သုတေသန ဌာနခွဲ အုပ်ချုပ်သော အလုပ်ရုံတွင် သစ်ခွဲစက် နှင့် သစ်အခြောက်ခံစက် အမျိုးစုံလင်စွာဖြင့် လုပ်ကိုင်ခဲ့ကြ၏။ မြန်မာ့သစ်မျိုးစုံမှ မည်သည့်သစ်မျိုးသည် မည်သည့်လူသုံးကုန် သစ်ကုန်ချောအဖြစ် ထုတ်လုပ်၍ ရနိုင်မည်ကို သုတေသနပြုလုပ် စမ်းသပ်ထုတ်လုပ်မှုများရှိခဲ့ပေသည်။ ဤလုပ်ငန်းသည် ဒုတိယကမ္ဘာစစ် ပြီးနောက် Forest Industries Department ဟု ၁၉၅၄ ခုနှစ်တွင် အသွင်ပြောင်းခဲ့သည်။ ယခုမူကား မြန်မာ့သစ်လုပ်ငန်း၏ ပရိဘောဂ အလုပ်ရုံအမှတ် (၁)၊ (၂)၊ (၃) နှင့် (၃–က) တို့ တည်နေရာပင် ဖြစ်သည်။

၁၈၃။ ၁၉၂၃ ခုနှစ်တွင် ဒိုင်အာခီအုပ်ချုပ်ရေးစနစ် သို့မဟုတ် ပထမမြောက် ပူးတွဲတာဝန်ခံအစိုးရ လက် ထက်တွင် သစ်တောရေးရာဝန်ကြီးဌာနကို သီးခြားစတင်တည်ထောင်ခဲ့သည်။ ဝန်ကြီးရာထူးတွင် မော်လမြိုင်ဧာတိ ဝတ်လုံတော်ရ Sir Joseph Augustus Maung Gyi အားခန့်အပ်ခဲ့၏။[၄၀] ထိုစဉ်က နာမည်တူပုဂ္ဂိုလ်ကြီးနှစ်ဦးရှိ၍ တစ်ဦးကို ဂျေအေမောင်ကြီးဟုလည်းကောင်း၊ အခြားတစ်ဦးကို အမ်အေ မောင်ကြီး ဟုလည်းကောင်း ခေါ်ဝေါ်ခဲ့ကြရ၏။ ဆာဂျေအေမောင်ကြီးသည် ယိုးဒယားပြည် (ထိုင်းနိုင်ငံ) ရှိ အင်္ဂလိပ်သစ်ကုမ္ပဏီကြီးတစ်ခုတွင် ဥပဒေအတိုင်ပင်ခံအဖြစ် ဆောင်ရွက်ခဲ့သူဖြစ်၏။ ထိုစဉ်က ယိုးဒယားသို့ နှစ်နိုင်ငံသဘောတူချက်အရ သွားရောက်အမှုထမ်းခဲ့သည့် မြန်မာပြည်မှ သစ်တောအရာရှိကြီး များနှင့် သိကျွမ်းခဲ့သူဖြစ်သည်။ ဤအတွေ့အကြုံများအရ သစ်တောရေးရာဝန်ကြီးအနေဖြင့် သစ်တော ဌာနနှင့်လည်းကောင်း၊ သစ်တောရေးရာ သဘာဝပတ်ဝန်းကျင်ကိုလည်းကောင်း စိတ်ဝင်တစား ဦးဆောင် အုပ်ချုပ်ခဲ့ကြောင်း မှတ်တမ်းများတွင်တွေ့ရှိရသည်။[၄၁] ဆာဂျေအေမောင်ကြီးသည် ၁၉၃၂ ခုနှစ်တွင် သစ်တောရေးရာဝန်ကြီးအဖြစ် ဒုတိယအကြိမ် ပြန်လည်ခန့်အပ်ခြင်းခံခဲ့ရပြန်၏။ ၁၉၃၀ ခုနှစ်တွင်လည်း မြန်မာ လူမျိုးများအနက်မှ ပထမဦးဆုံးပုဂ္ဂိုလ်အနေဖြင့် အင်္ဂလိပ်အစိုးရ၏ မြန်မာပြည် ဘုရင်ခံချုပ်အဖြစ်လည်း ခန့်အပ်ခြင်းခံခဲ့ရသူဖြစ်သည်။

အစိုးရသစ်ဆိပ်၊ အလုံ (Government Timber Depot, Ahlone)

၁၈၄။ ၁၉၂၀ ခုနှစ်တွင် ရန်ကုန်မြို့အလုံရပ်ရှိ အစိုးရသစ်တောဝင်းတွင် သစ်လုံးသိုလှောင်ရန် ရေတံခါးများ တပ်ဆင်ထားသော ရေကန်ကြီး ၃ ကန် တူးဖော်အသုံးပြုခဲ့သည်။ (ယနေ့မြန်မာ့သစ် လုပ်ငန်း သစ်လုံးရောင်းဌာနစု ၁ လက်အောက်တွင်ရှိသည်)။ ၁၉၂၀ ခုနှစ်မှ ၁၉၄၈ ခုနှစ်အထိ နှစ်စဉ် နှစ်တိုင်း ပျမ်းမျှခြင်းအားဖြင့် ကျွန်းသစ်လုံးတန်ပေါင်း ၃၅,၀၀၀ မျှ ရောင်းချခဲ့လေသည်။ ရောင်းချရာ

---

[၄၀] The Forests of Burma, by F.T. Morehead, 1944, Pg. 19

[၄၁] The Burmese Forester, Services Centenary Issue, 1956, Article by U Thein Lwin, BFF (1) (Rtd.) Pg. 31


တွင် (က) အေဝိုင် (ခ) ကြယ်လေးပွင့် (ဂ) ကြယ်သုံးပွင့် (ဃ) ကြယ်နှစ်ပွင့် (င) ကြယ်တစ်ပွင့် ဟူသော အတန်းအစား အသီးသီးခွဲခြားသတ်မှတ်ထားလေသည်။ အေဝိုင် (Admiralty Quality) မှာ အကောင်းဆုံး အသားထွက် အများဆုံးအတန်းအစားဖြစ်၏။ ကြယ်တစ်ပွင့်နှင့်အောက် ပယ်သစ်လုံးများမှာ အတန်း အစားနိမ့်သော ပြည်တွင်းသုံးအတန်းအစားဖြစ်၏။

မြစ်မခသစ်ထုတ်ရေးခရိုင်အဖြစ် ဖွဲ့စည်းခြင်း (အစိုးရသစ်ထုတ်ခြင်း)

၁၈၅။ ၁၈၅၆ ခုနှစ် ဒေါက်တာဘရန်းဒစ် တည်ထွင်စတင်ခဲ့သော အစိုးရ၏ သစ်ထုတ်ကန်ထရိုက်တာ စနစ်ဖြင့် သစ်ထုတ်ခြင်းကို မြစ်မခသစ်တောနယ်မြေတွင် အစဉ်တစိုက် မပျက်မကွက်ဆောင်ရွက်ခဲ့ သည်မှာ ၁၉၂၀ ခုနှစ်သို့တိုင် ရောက်ခဲ့သည်။ ၁၉၂၀ ခုနှစ်ထိ အစိုးရ သစ်ထုတ်လုပ်ငန်းကို သစ်တော အုပ်ချုပ်ရေးနှင့်ပူးတွဲ၍ သက်ဆိုင်ရာသစ်တောခရိုင်ဝန် (Divisional Forest Officer) များကတာဝန်ခံ၍ ဆောင်ရွက်ကြရသည်။ သစ်ထုတ်လုပ်ငန်းသည် တစ်နှစ်လုံးပေါက် အလုပ်သမားများနှင့် ဆင်၊ ကျွဲ လုပ်ငန်း၊ သစ်မျောလုပ်ငန်း စသည်တို့ဖြင့် မရပ်မနားလုပ်ဆောင်ရသည် လုပ်ငန်းမျိုးဖြစ်ရာ သစ်တော အုပ်ချုပ်ရေးလုပ်ငန်းနှင့် ပူးတွဲလုပ်ရသည်မှာလည်း တာဝန်ကြီးသည်နှင့်အမျှ လုပ်ငန်းသဘာဝကလည်း ကွဲပြားခြားနားမှုရှိရာ လုပ်ငန်းလုပ်ကိုင်ရာတွင်လည်း ပို၍ထိရောက်မှုရှိစေရန် သာယာဝတီ၊ ဇီးကုန်း နှင့် ပြည်သစ်တောခရိုင်တို့တွင် လုပ်ကိုင်လျက်ရှိသည့် အစိုးရသစ်ထုတ်လုပ်ငန်းကို မြစ်မခ သစ်ထုတ် ခရိုင် လုပ်ငန်းအဖြစ်သီးခြား ခွဲထုတ်ဖွဲ့စည်းသည်။ သစ်ထုတ်လုပ်ငန်းများနှင့် ခွဲစိတ်ပြီးသော သစ်များကို နိုင်ငံခြားသို့ ရောင်းဝယ်သည့်ကိစ္စတို့တွင် ကုန်သည်တို့သဘာဝလုပ်ကိုင်သည့် နည်းစနစ်အတိုင်း လုပ်ကိုင်ဆောင်ရွက်လေသည်။ မြစ်မခမြစ်သို့စီးဝင်သော ရေဝေကုန်းတန်းရှိ သစ်တောများမှ ထုတ်လုပ် သောသစ်များဖြစ်၍ မြစ်မခသစ်ထုတ်ရေးဟုခေါ်သည်။ မြစ်မခမြစ်သည် ရန်ကုန်မြစ် (လှိုင်မြစ်)သို့ စီးဝင်သည်။ ကျွန်းသစ်လုံးများကို မြစ်မခမြစ်အတိုင်းမျှောချ၍ ရန်ကုန်သို့ပို့သည်။ မြစ်မခမှ ထုတ်လုပ်ရရှိသော ကျွန်းသစ်လုံးများကို ရန်ကုန်ရှိ အလုံအစိုးရသစ်ဆိပ်တွင် သိုလှောင်၍ လေလံတင် ရောင်းချရသောလုပ်ငန်းကိုလည်း သစ်ဆိပ်နှင့်ကိုယ်စားလှယ်ခရိုင် (Depot and Agency Division) အဖြစ်ဖွဲ့စည်းသည်။ မြစ်မခ သစ်ထုတ်လုပ်ငန်းနှင့် ရန်ကုန်ရှိသစ်သိုလှောင်ရောင်းချခြင်း လုပ်ငန်းတို့ကို ပေါင်းစပ်၍ သစ်အသုံးချရေးတိုင်း (Utilization Circle) အဖြစ် ဖွဲ့စည်းသည်။ မြစ်မခသစ်ထုတ်ရေးနယ် ခရိုင် ၃ ခုတွင် ပါဝင်သည့် နှစ်စဉ်ကျွန်းသစ်ထုတ်လုပ်ခွင့်ပြုနိုင်သည့် တောထွက်အားမှာ တန် ၃၃,၀၀၀ ခန့်ဖြစ်သည်။ တစ်နိုင်ငံလုံး ကျွန်းထွက်အင်အား၏ ၁၀ ရာခိုင်နှုန်းခန့်ဖြစ်သည်။ မြစ်မခ သစ်ထုတ်ရေးနယ်မှ ထွက်သော ကျွန်းသစ်များကို ရန်ကုန်ရှိ ပုဂ္ဂလိကသစ်စက်များအတွက် လေလံတင် ရောင်းချပေးသည်။ ဗြိတိသျှရေတပ်အတွက်လိုအပ်သည့် အထူးကျွန်းသစ်များကိုလည်း ခွဲစိတ် ပေးပို့သည်။ မြစ်မခ သစ်ထုတ်လုပ်ငန်းသည် အစိုးရ၏တစ်စိတ်တစ်ဒေသ အဖွဲ့ငယ်ကလေး ဖြစ်သော်ငြားလည်း နိုင်ငံခြားသားပိုင် ကုမ္ပဏီကြီးများကဲ့သို့ သစ်ထုတ်ခြင်း၊ သစ်ခွဲခြင်းနှင့် နိုင်ငံခြားသို့ တင်ပို့ရောင်းချခြင်းကို ဆောင်ရွက်ခဲ့လေရာ နောင်တွင် ပေါ်ပေါက်လာမည့် နိုင်ငံတော်သစ်လုပ်ငန်းအဖွဲ့ ၏ ရေသောက်မြစ်သဖွယ်ဖြစ်ခဲ့လေသည်။



ဆင်ဖြင့် သစ်လုံးဆွဲ၍သစ်ထုတ်ခြင်း (၁၉၄၆)



ဒလိမ့်တုံးများကို အသုံးပြု၍ ဆင်ဖြင့်သစ်လုံးဆွဲခြင်း (၁၉၄၆)




ဆင်ဖြင့်သစ်လုံးတင်လှည်း (ဂင်းဒိတ်)အပေါ် သို့သစ်လုံးတင်နေပုံ (၁၉၄၆)



ဆင်ဖြင့်သစ်လုံးတင်လှည်း (ဂင်းဒိတ်)ကို နံဘေးမှသစ်ဆွဲနေပုံ (၁၉၄၆)



သစ်လုံးရှည်အား ကျဲတင်လှည်းဖြင့် သယ်ယူနေပုံ



သစ်စက်တင်ရန် သစ်ခွဲသားများအား
ဆင်နှာမောင်းဖြင့် ခုံပျံကပ်ခြင်းဆောင်ရွက်နေပုံ(၁၉၄၆)

မြစ်မခသစ်ထုတ်ရေးကို သစ်တောဌာနအနေဖြင့် သစ်ကုမ္ပဏီကြီးများအား လွှဲပြောင်းမပေးဘဲ ခိုင်ခိုင်မာမာ ဆုပ်ကိုင်ထားရသည့် အဓိကအကြောင်းရင်းများမှာ–

(က) လက်တွေ့သစ်ထုတ်လုပ်ငန်းကို လုပ်ကိုင်ခြင်းဖြင့် ကုမ္ပဏီကြီးများ၏ လုပ်ငန်းများကို ကြီးကြပ်အုပ်ချုပ်လမ်းညွှန်မှု၊ ထိန်းကွပ်မှုနည်းလမ်းများကိုသိရှိခြင်း၊ အခြေခံစာရင်း ဇယားများ စုဆောင်းသိရှိခြင်း ကုမ္ပဏီများထံမှအခွန်တော်နှုန်း မည်မျှသတ်မှတ် ကောက် ခံသင့်သည်ကို သိရှိနိုင်ခြင်း၊ (သစ်ထုတ်ရာ၌ စရိတ်အကုန်အကျ ခန့်မှန်းသိနိုင်စေရန် နှင့် ထိုက်သင့်သော အခွန်တော်နှုန်း သတ်မှတ်နိုင်ရန်နှင့် ပြည်သူအကျိုးများ၍ သက်သာ ချောင်ချိစေရန် အစဉ်လေ့လာပြီး ၃ နှစ်မှ ၅ နှစ်လျှင်တစ်ကြိမ် သစ်အခွန်တော် နှုန်းများ ပြင်ဆင်ပေးရန်)။

(ခ) ဌာနတွင်းမှအရာရှိများ၊ ကျောင်းသားများနှင့် သစ်ကုန်သည်များ သစ်လုပ်ငန်းကို နားလည်ပြီး လက်တွေ့လေ့ကျင့် အတွေ့အကြုံရစေခြင်း။

(ဂ) မြစ်မခမြစ်ဝှမ်းတွင် ရေကြောင်းထိန်းသိမ်းပေးခြင်းအလုပ်ကို လက်တွေ့ အုပ်ချုပ် လုပ်ကိုင်နိုင်ခြင်း၊ (မြစ်မခနယ်တဝိုက်ရှိ လယ်များတွင် ရေမလွှမ်းစေရန်နှင့် ရန်ကုန်မြစ် ထဲတွင် သဲသောင်ထွန်း၍ ပင်လယ်ကူးသင်္ဘောကြီးများ မဝင်နိုင်သည်အထိ မဖြစ် စေရန်)။

(ဃ) ရန်ကုန်ရှိ ပုဂ္ဂလိကသစ်ခွဲစက်ငယ်များအတွက် သစ်လုံးကုန်ကြမ်းရောင်းချပေးခြင်း၊ (သစ်စေ့ကို ကန့်သတ်ချုပ်ချယ်ပေးရန်)။

မြစ်မခသစ်ထုတ်လုပ်ငန်းမှ ရရှိသောအကျိုးကျေးဇူးများ

၁၈၆။ ၁၈၅၆ ခုနှစ်မှ လုပ်ငန်းစတင်ခဲ့ပြီး မြစ်မခသစ်ထုတ်လုပ်ငန်းဟု သီးခြားဖွဲ့စည်းသည့် ၁၉၂၁ ခုနှစ်မှ ၁၉၄၂ ခုနှစ် ဒုတိယကမ္ဘာစစ်ကြီးဖြစ်သည်အထိ နှစ်စဉ်ကျွန်းသစ်များကို ရည်မှန်းချက်အတိုင်း ထုတ်လုပ်နိုင်ခဲ့ပြီး ရန်ကုန်တွင် နှစ်စဉ်ပျမ်းမျှတန် ၃၀,၀၀၀ ခန့်ကို လေလံဖြင့်ရောင်းချပေးနိုင်သည်။

၁၈၇။ အရေးကြီးဆုံးရရှိသည့် အကျိုးကျေးဇူးမှာ မြစ်မခသစ်ထုတ်ရေးလုပ်ငန်းမှ လက်တွေ့လေ့ကျင့် ပေးလိုက်သော သစ်တောအရာရှိကြီးများသည် နောင်အခါ ၁၉၄၈ ခုနှစ် သစ်ကုမ္ပဏီကြီး ၅ ခုကို ပြည်သူပိုင် ပြု၍ နိုင်ငံတော်သစ်လုပ်ငန်းအဖွဲ့ (State Timber Board) ကိုဖွဲ့စည်းသောအခါ ၄င်းအရာရှိကြီးများသည် ယင်းအဖွဲ့သစ်၏ လုပ်ငန်းများ ချောမောအောင်မြင်စွာ အကောင်အထည် ဖော်နိုင်ရန်အတွက် အချက်အခြာကျသော ရာထူး တာဝန် အဆင့်များမှ ပြောင်မြောက်စွာတာဝန်ထမ်းဆောင်ခဲ့ကြပြီး နိုင်ငံတော်၏ ဂုဏ်ပြုခြင်းကိုလည်းရရှိခဲ့ ကြသည်။ ၄င်းအရာရှိကြီးများမှာ စည်သူဦးမှန် (ဥက္ကဋ္ဌ)၊ သီရိပျံချီ ဦးချိန်ဟိုး (အထွေထွေမန်နေဂျာ)၊ သီရိပျံချီ ဦးအောင်ဘော် (ဒါရိုက်တာ–သစ်ထုတ်ရေး)၊ သီရိပျံချီ ဦးထွန်းကျော် (ဒါရိုက်တာ–ရောင်းဝယ်ရေးနှင့်သစ်စက်)၊ ဝဏ္ဏကျော်ထင်ဦးဘအုန်း (ဒုတိယဒါရိုက်တာ/ ဒါရိုက်တာ–သစ်ထုတ်ရေး) တို့ဖြစ်ကြသည်။ Mr. Wadhams သည်လည်း ၁၉၄၈ ခုနှစ်မှ ၁၉၅၁ ခုနှစ်အထိ Chief Executive Officer (Extraction) အနေဖြင့် တာဝန်ယူ ဆောင်ရွက်ပေးသွားပြီးမှ

အင်္ဂလန်နိုင်ငံသို့ပြန်သည်။ သစ်လုပ်ငန်းအဖွဲ့ လုပ်ငန်းများ အရှိန်ရလာသောအခါ ဦးချိန်ဟိုး၊ ဦးထွန်းကျော်၊ ဦးအောင်ဘော်တို့ မိခင်ဌာနဖြစ်သည့် သစ်တောဌာနတွင် ပြန်လည် တာဝန်ထမ်းဆောင်ကြသည်။ စည်သူဦးမှန် အနေဖြင့် သစ်လုပ်ငန်းအဖွဲ့မှပင် အငြိမ်းစားယူသည်။ ဝဏ္ဏကျော်ထင် ဦးဘအုန်းလည်း သစ်လုပ်ငန်းအဖွဲ့မှာပင် အငြိမ်းစားယူသည်အထိ တာဝန်ထမ်းဆောင်သည်။ ထိုပုဂ္ဂိုလ်ကြီးများသည် သစ်ထုတ်ရေးဌာနကြီးအား စည်းစနစ်ကျနသည့် ဂုဏ်ယူဖွယ် အဖွဲ့အစည်း တစ်ခုဖြစ်အောင် တာဝန်ယူ လက်တွေ့တည်ဆောက်ပေးသွားသည့်အပြင် ၁၉၆၄ ခုနှစ် မြန်မာ့ သစ်လုပ်ငန်းက သစ်မာလုပ်ငန်းကိုပါ တာဝန်ယူလုပ်ဆောင်သောအခါတွင်လည်း ရောင်းဝယ်ရေးနှင့် သစ်စက်ဌာန လုပ်ငန်းများကိုပါ စနစ်တကျဖြစ်ရန် တည်ဆောက်ပေးခဲ့သော ထူးခြားကြည်ညိုဖွယ်ကောင်းသည့် စံပြအရာရှိကြီးများအဖြစ် အများ၏လေးစားချစ်ခင်မှုကို ခံယူရရှိသည်။

အင်္ဂလိပ်အစိုးရကလုပ်ငန်းလုပ်ကိုင်ခွင့်ပြုသည့်တိုင်းရင်းသားသစ်ကုမ္ပဏီများ

၁၈၈။ နိုင်ငံခြားကုမ္ပဏီကြီး ၅ ခုအပြင် တိုင်းရင်းသားအချို့သည်လည်း ငွေရင်းအသင့်အတင့်ဖြင့် သစ်ထုတ်လုပ်ငန်း ဆောင်ရွက်ခွင့်ရခဲ့ကြသည်။ ၄င်းတို့သည်ကား–

(က) ဒေါ်ကြူ၊ သရက်မြို့သစ်တောဒီဝီဇံ (Division)။

(ခ) ဒေါ်သဲနု၊ သောင်ရင်းသစ်တောဒီဝီဇံ။ (ဒေါ်သဲနုသည် စီးပွားရေး အခြေအနေ အရ အလီအာမက်ဆိုသူနှင့် အစုစပ်လုပ်ကိုင်ခဲ့ရ၏။)

(ဂ) ဦးဘအိုနှင့်သားများ၊သထုံသစ်တောဒီဝီဇံ။ (ဦးဘအိုသည် မူလကဘုံဘောဘားမား ကုမ္ပဏီ၏ သစ်ဖောင်ကန်ထရိုက်လုပ်ခဲ့ရာမှ စီးပွားရေးအောင်မြင်ခဲ့၍ ပျဉ်းမနားနှင့်ရန်ကုန် တွင်သစ်စက်များ တည်ဆောက်နိုင်ခဲ့သည်။ ယနေ့ ကြည့်မြင်တိုင်မြို့နယ်၊ ဆင်မလိုက် အရပ်မှ အမှတ် (၁) အထပ်သားစက်မှာ မူလဦးဘအို ပိုင်စက်ဖြစ်သည်။)

(ဃ) မစ္စတာအာယု၊ သရက်မြို့သစ်တောဒီဝီဇံ။

(င) ဦးသင်းမောင်နှင့်သားများ၊ သရက်မြို့သစ်တောဒီဝီဇံ။

ကိုလိုနီခေတ်နိုင်ငံခြားကုမ္ပဏီကြီး ၅ ခု၏ သစ်ထုတ်ရေးနှင့်သစ်ခွဲစက်လုပ်ငန်းများ

စဉ်	နိုင်ငံခြားကုမ္ပဏီ	သစ်ထုတ်သည့်ဒေသများ	သစ်စက်များ
၁။	ဘုံဘောဘားမား	ပျဉ်းမနား၊ နင်းကြမ်းဒေသ။	၁၈၇၉ခုနှစ်တွင်ရန်ကုန်တစ်ဖက်ကမ်း ဒလတွင် တစ်စက်၊ ဗိုလ်တထောင်တွင် တစ်စက် (လက်ရှိအမှတ်–၃သစ်စက်)။
၂။	စတီးဘရာသား	ဗန်းမော်၊ မြစ်ကြီးနား၊ သောင်းရင်း၊ ပြည်၊သရက်၊ ၁၉၂၄ ခုနှစ်တွင် သစ်မာများ စတင်ထုတ်ခဲ့သည်။	မော်လမြိုင်တွင်တစ်စက်၊ ၁၉၂၀ ခုနှစ်တွင် ရန်ကုန် ဗိုလ်တထောင်၌ တစ်စက် (လက်ရှိအမှတ် (၆)သစ်စက်)။

၃။	မဂ္ဂရီကာ	စစ်တောင်းအရှေ့၊ အနောက်၊ ပျဉ်းမနား။	၁၉၁၇ ခုနှစ် ရန်ကုန် ကြည့်မြင်တိုင်၊ တောင်ငူတွင် သစ်စက်နှစ်စက် (လက်ရှိ အမှတ်–၁ သစ်စက်)။
၄။	ဖူးကား	ပဲခူးတောင်၊ အနောက်ကသာ၊ မိတ္ထီလာ၊ မင်းဘူး။	၁၈၈၂ ခုနှစ် ရန်ကုန် အလုံရပ်တွင် တစ်စက် (ယခုအမှတ်–၂ သစ်စက်)။
၅။	တီဒီဖင်းလေး	ပဲခူး၊ တောင်ပိုင်းရှမ်းပြည်နယ် မော်လမြိုင်တွင်သင်္ဘောကျင်းနှင့်သံလွင်ဒေသများ။	အခြောက်ခံစက်ပါသစ်စက်များ။

နိုင်ငံခြားသစ်ကုမ္ပဏီကြီး ၅ ခု၏ကျွန်းသစ်ရောင်းဝယ်မှုလုပ်ငန်းများ

၁၈၉။ ထုတ်ကုန်ပစ္စည်းများ အနေနှင့်ကျွန်းသစ် ခွဲသားများဖြစ်သည့် ဒုသစ် (Square)၊ တိုင်သစ် (Posts)၊ ပျဉ်ကြီး (Flitches)၊ ပျဉ်ငယ် (Planks)၊ ပျဉ်ပြား (Boards)၊ သင်္ဘောကုန်းပတ်ကြမ်းခင်းပျဉ် (Decks)၊ သစ်အသေးစိတ် (Scantlings) စသည်တို့သည်အဓိကဖြစ်သည် –

(က) စျေးနှုန်းအရ ကျွန်းသစ်လုံးတစ်တန်ကို ကိုလိုနီခေတ်သုံးရွှေပြားငွေကျပ် ၁၂၀ ဖြင့် လည်းကောင်း ကျွန်းသစ်ခွဲသား တစ်တန်ကို ကိုလိုနီခေတ်ရွှေပြားငွေကျပ် ၁၄၀ ဖြင့် သင်္ဘောပေါ်ရောက်စျေးနှုန်း ၁၉၃၆ခုနှစ်မှ ၁၉၄၁ ခုနှစ်အတွင်းရှိကြောင်းကို State Timber Board, Statistical Year Book (၁၉၆၉) စာမျက်နှာ – ၁၂၉ တွင် ဖော်ပြပါရှိသည်။

(ခ) စျေးကွက်များမှာ ယူနိုက်တက်ကင်းဒန်း၊ အိန္ဒိယ၊ အာဖရိက၊ ဂျာမနီစသည်တို့ဖြစ်သည်။

၁၉၀။ စျေးကွက်ဖြန့်ဖြူးရေးမြှင့်တင်ရန် အောက်ပါအတိုင်းဆောင်ရွက်သည် –

(က) သစ်ရောင်းချရေးလမ်းကြောင်းများဖွင့်လှစ်ရာတွင် မြန်မာပြည်ရှိ ကုမ္ပဏီကြီး ၅ ခုတို့က အသီးသီး ကိုယ်စားလှယ် (Agents) များခန့်ထားကြသည်။ ထိုအကျိုးဆောင် ကိုယ်စားလှယ်များဖြစ်သော (Wallace Brothers, Steel Brothers, London) တို့က သစ်ပွဲစားကုမ္ပဏီ ကြီးများ ဖြစ်ကြသော (၁) C.Leary (၂) Edward Chaloner နှင့် (၃) Alfred Dobell တို့မှတဆင့် ဝယ်သူတို့နှင့် ဆက်သွယ်ခဲ့ကြရသည်။

(ခ) သစ်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရာတွင်ဝယ်သူနှင့်မြန်မာပြည်ရှိ ကုမ္ပဏီကြီးများက တိုက်ရိုက်စာချုပ်လေ့ ရှိကြသည်။ ကိုယ်စားလှယ်များနှင့် ပွဲစားများက အကျိုးဆောင်ပွဲခ ၂.၅ ရာခိုင်နှုန်းမျှ အထိ ရရှိကြသည်။

၁၉၁။ အင်္ဂလိပ်ကုမ္ပဏီကြီး ၅ ခုတို့သည် ၁၈၅၆ ခုနှစ် မှ ၁၉၃၉ ခုနှစ်အထိ ၈၃ နှစ်ကာလအတွင်း ကျွန်းသစ်တန် ၂၃ သန်းကျော်မျှ (၂၃,၃၈၁,၃၆၁ တန်) ထုတ်ယူသွားနိုင်ခဲ့၏။

ကျွန်းနှင့်အခြားသစ်မာများနိုင်ငံခြားသို့တင်ပို့ရာတွင် အခွန်တော်ငွေ၊ စရိတ်နှင့်အမြတ်ငွေပြဇယား

၁၉၂။ မြန်မာပြည်မှ နှစ်စဉ်ကျွန်းနှင့်အခြားသစ်မာသားများနိုင်ငံခြားသို့တင်ပို့ရာတွင် အခွန်တော်ငွေ၊ စရိတ်၊ အမြတ်ငွေပြဇယားမှာ အောက်ပါအတိုင်းဖြစ်သည် -

ခုနှစ်	နှစ်စဉ်ပျမ်းမျှကြေး				သစ်တော
	သစ်ထွက်အောက်တန်း (ကုဗပေ ၅၀ = တန်)		သစ်တော	သစ်တော	
	ကျွန်းသစ်	အခြားသစ်များ	အခွန်တော်	အုပ်ချုပ်မှုစရိတ်	ပိုလျှံသည့်ငွေ
၁	၂	၃	၄	၅	၆
ငါးနှစ်ပျမ်းမျှကြေး			ကျပ်သန်းပေါင်း	ကျပ်သန်းပေါင်း	ကျပ်သန်းပေါင်း
၁၈၆၉–၁၈၇၄	၆၂,၉၁၈		၀.၈၉	၀.၄၀	၀.၄၉
၁၈၇၄–၁၈၇၉	၁၀၅,၇၂၉		၁.၄၃	၀.၈၁	၀.၆၂
၁၈၇၉–၁၈၈၄	၁၁၆,၉၃၉		၁.၉၉	၁.၀၁	၀.၉၈
၁၈၈၄–၁၈၈၉	၈၁,၆၇၄		၂.၅၀	၁.၃၂	၁.၁၈
၁၈၈၉–၁၈၉၄	၂၀၆,၁၂၄		၄.၉၈	၁.၆၇	၃.၃၁
၁၈၉၄–၁၈၉၉	၂၈၉,၆၇၉		၆.၆၂	၂.၁၂	၄.၅၀
၁၈၉၉–၁၉၀၄	၂၁၆,၅၀၄	၂၈၈,၀၇၉	၇.၃၅	၂.၇၉	၄.၅၆
လေးနှစ် ပျမ်းမျှကြေး			ကျပ်သန်းပေါင်း	ကျပ်သန်းပေါင်း	ကျပ်သန်းပေါင်း
၁၉၀၄–၀၉၀၉	၂၃၄,၇၈၃	၃၁၆,၄၉၁	၉.၃၉	၃.၆၆	၅.၇၃
၁၉၀၉–၁၉၁၄	၂၇၉,၉၅၃	၄၀၃,၁၁၆	၁၀.၃၅	၄.၀၁	၆.၃၄
၁၉၁၄–၁၉၁၉	၃၄၁,၃၇၇	၃၂၉,၅၅၆	၁၁.၃၄	၅.၁၄	၆.၂၀
၁၉၁၉–၁၉၂၄	၅၀၉,၉၃၅	၄၈၈,၉၉၅	၁၉.၁၉	၈.၆၄	၁၀.၅၅
၁၉၂၄–၁၉၂၉	၄၈၆,၄၃၉	၅၃၂,၅၀၃	၂၁.၂၃	၈.၉၀	၁၂.၃၃
၁၉၂၉–၁၉၃၄	၃၉၃,၂၉၁	၃၄၁,၅၁၈	၁၃.၁၀	၇.၀၈	၆.၀၂
၁၉၃၄–၁၉၃၉	၄၆၇,၈၃၆	၄၆၃,၉၅၉	၁၄.၉၉	၆.၃၉	၈.၀၆

ဇစ်မြစ် – Report on the State Timber Commission (၁၉၅၀), စာ–၁

၁၉၃။ အားသာချက်နှင့် အခွင့်အလမ်းကောင်းမှန်သရွေ့ကို အင်္ဂလိပ်ကိုလိုနီအစိုးရနှင့် ကုမ္ပဏီကြီး ၅ ခု တို့က အပြည့်အဝ ခံစားသွားရသည့် ကာလပင်ဖြစ်သည်။ အားနည်းချက်နှင့် နစ်နာမှုမှန်သရွေ့ကို တိုင်းရင်းသားကုမ္ပဏီများနှင့် မြန်မာလူထုတို့ကသာ ခံစားခဲ့ရလေသည်။

ဒုတိယကမ္ဘာစစ်ကာလနှင့်စစ်ပြီးခေတ်ကျွန်းသစ်ထုတ်လုပ်မှုအခြေအနေ(၁၉၄၁–၁၉၄၇)[၄၂]

၁၉၄။ ဒုတိယကမ္ဘာစစ်ကြီးသည် ၁၉၃၉ ခုနှစ်တွင် ဥရောပနှင့် ၁၉၄၁ ခုနှစ်တွင် အာရှတိုက်သို့ ကူးစက်လာပြီး ဒီဇင်ဘာလတွင် မြန်မာပြည်သို့ရောက်ခဲ့၏။ အင်္ဂလိပ်ဘုရင်ခံ အမိန့်ဖြင့် ၁၉၃၄–၃၅ ခုနှစ်ကုန်သည်အထိ နှစ်ရှည်စာချုပ်များကို ရက်အကန့်အသတ်မရှိ တိုးပေးခဲ့ရသည်။ စစ်ရေးစစ်ရာ လိုအပ်မှုများအတွက် နှစ်စဉ်ထုတ်လုပ်နေသော ကျွန်းနှင့်သစ်မာတန် တစ်သန်းနီးပါးခန့်အပြင် အပိုထပ်ဆောင်း၍ ကျွန်းနှင့်သစ်မာတန် ၂၁၃,၇၀၀ တန်နှင့် မီးရထားဇလီဖားတုံးပေါင်း ၁၂၅,၀၀၀ ကို ၁၉၄၀ ခုနှစ်၊ ဇွန်လမှ ၁၉၄၂ ခုနှစ်၊ ဖေဖော်ဝါရီလ ကာလအတွင်း ထုတ်ပေးခဲ့သည်။ Warfare Supplies နှင့် Economic Warfare Department တို့အတွက် ထုတ်လုပ်ပေးခဲ့ရခြင်းဖြစ်သည်။

ကျွန်းသစ်လုပ်ငန်းကို အကြိုလွတ်လပ်ရေးကာလတွင် အစိုးရမှ ဦးစီးလုပ်ကိုင်ရင်းနှီး မြှုပ်နှံ ခြင်း

၁၉၅။ ဒုတိယကမ္ဘာစစ်သည် ၁၉၄၁ ခုနှစ် ဒီဇင်ဘာလတွင် မြန်မာနိုင်ငံသို့ကူးစက်လာပြီး ဂျပန်တပ်များ မြန်မာနိုင်ငံသို့ဝင်ရောက်လာသောအခါ ဗြိတိသျှအရာရှိများသည် ၁၉၄၂ ခုနှစ် မေလတွင် အိန္ဒိယနိုင်ငံသို့ဆုတ်ခွာ၍ ဆင်းမလားမြို့တွင် အစိုးရရုံးစိုက်လျက် စစ်ရေးအခြေအနေကို ၁၉၄၅ ခုနှစ် မေလအထိ စောင့်ခဲ့ရသည်။

၁၉၆။ စစ်ပြေးအစိုးရသည် မြန်မာပြည်ကို မဟာမိတ်တပ်များက ပြန်သိမ်းနိုင်သည့်အခါ သစ်လုပ်ငန်းနှင့်ဆိုင်ရာကိစ္စအရပ်ရပ်တို့ကို လုပ်ကိုင်နိုင်ရန် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ခဲ့ကြသည်။ ၁၉၄၄ ခုနှစ်တွင် မစ္စတာအမ်အင်နဂဲလင့် သဘာပတိအဖြစ်ဆောင်ရွက်သော ငါးဦးအကြံဉာဏ်ပေးအဖွဲ့က လိုအပ်သည်များကို ပြုစုတင်ပြခဲ့ကြသည်။

၁၉၇။ ဂျပန်အုပ်စိုးစဉ်ကာလ သစ်လုပ်ငန်းကိုလုပ်ကိုင်ရန် ဂျပန်စစ်တပ်များနှင့် အတူပါရှိ လာသော ရောင်းဝယ်ရေးကုမ္ပဏီများပူးပေါင်းထားသည့် နီပွန် ဘားမားတင်းဘားယူနီယံ (Nippon Burma Timber Union) ကိုဂျပန်အစိုးရက ဖွဲ့စည်းလုပ်ကိုင်သော်လည်း၊ စစ်အတွင်းကာလဖြစ်၍ လုပ်ငန်းအောင်မြင်တွင်ကျယ်မှု မရှိပေ။ ထိုကာလတွင် မြန်မာ့သစ်တောများမှ ထုတ်လုပ်ခဲ့သော ကျွန်းနှင့်သစ်မာအတွက် စာရင်းဇယားကိုးကားမှုပြုနိုင်ရန်မရှိပေ။ ကျွန်းနှင့်သစ်မာ တန် ၇ သိန်းခန့် စစ်ကာလတွင် ထုတ်လုပ်သုံးစွဲခဲ့ဘွယ်ရှိနိုင်သည်ဟု ခန့်မှန်းခဲ့ကြသည်။

၁၉၈။ ၁၉၄၄ ခုနှစ်၊ မေလသို့ရောက်သောအခါ အင်္ဂလိပ်တို့က စစ်နိုင်ရန်သေချာပြီဖြစ်၍ စစ်ပြီး ခေတ် မြန်မာနိုင်ငံပြန်လည်ထူထောင်ရေးအတွက် စီမံကိန်းများကို ဘက်စုံကျယ်ပြန့်စွာရေးဆွဲ၍ ကြိုတင်

---

[၄၂] မြန်မာ့သစ်လုပ်ငန်း နှစ် ၅၀ ပြည့် ရွှေရတုမဂ္ဂဇင်း၊ ၁၉၅၈ ခုနှစ်၊ ဦးထွန်းလှ၊ ဒုညွှန်ချုပ် (ငြိမ်း)၊ စီမံ/စာရင်း၏ သမိုင်းမှ ပေါက်ဖွားလာသည့် မြန်မာ့သစ်လုပ်ငန်းဆောင်းပါး၊ စာ–၉၂ The Burmese Forester, Services Centenary Issue, 1956, Highlight of One Hundred Years of Forestry in Burma by Blandford, Pg. 21 and Report of the State Timber Commission, 1950, Pg. 6

ပြင်ဆင်မှုများကို စနစ်တကျလုပ်ကိုင်ခဲ့သည်။ စီမံကိန်းများကိုလုပ်ငန်းဌာနအလိုက် ကျွမ်းကျင်သူ ပညာရှင်များဖြင့် Expert Advisory Committee များဖွဲ့စည်း၍ အကြံဉာဏ်များရေးဆွဲတင်ပြစေသည်။

၁၉၉။ မြန်မာနိုင်ငံကိုပြန်လည် သိမ်းပိုက်သောအခါ၊ စစ်ဘက်အုပ်ချုပ်ရေးနှင့် တွဲဖက်၍ အထူးသစ်တောဌာနခွဲတစ်ခုကို ၁၉၄၅ ခုနှစ်၊ ဇန်နဝါရီလတွင် မြစ်ကြီးနား၌စတင်ဖွဲ့စည်းပြီး စစ်အုပ်ချုပ်ရေး ရပ်ဆိုင်းသည့် ၁၉၄၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ သစ်တောလုပ်ငန်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် တစ်နိုင်ငံလုံးပါဝင်ဆောင်ရွက်ခဲ့ကြသည်။

၂၀၀။ မြန်မာ့ကျွန်းသစ်လုပ်ငန်း ပြန်လည်ထူထောင်ရေးအတွက် မြန်မာနိုင်ငံသစ်တောဌာနမှ ဘောဂဗေဒဝန် (Forest Economist) မစ္စတာဂဲလင့် (Mr.Gallant) ကို ယင်းကော်မတီ၏ ဥက္ကဋ္ဌအဖြစ် တာဝန်ပေး၍ အကြံပြုချက်တင်ပြစေသည်။

၂၀၁။ မစ္စတာဂဲလင့်ကစစ်ပြီးကာလရင်ဆိုင်ရမည့် ကျွန်းသစ်လုပ်ငန်းအခြေအနေ ရင်းနှီးမြှုပ်နှံရမည့် ငွေကြေးပစ္စည်းပမာဏနှင့်စွမ်းအား၊ မြန်မာနိုင်ငံကျွန်းသစ်လုပ်ငန်းကို အဓိကလုပ်ကိုင်သည့် သစ်ကုမ္ပဏီကြီး(၅)ခု၏ လက်ရှိစီးပွားရေးပကတိအခြေအနေတို့ကို စနစ်တကျသုံးသပ် အစီရင်ခံစာတင်သွင်း၍ မြန်မာ့ကျွန်းသစ်လုပ်ငန်းအလျင်အမြန် ပြန်လည်ရှင်သန် ထမြောက်ရေးအတွက် "အစိုးရမှ ဦးစီးလုပ်ကိုင်သောစီးပွားရေးလုပ်ငန်းအဖြစ်" အကောင်အထည်ဖော်မှသာလျှင် အောင်မြင်ဖြစ်မြောက်မည့် အကြောင်း အကြံပြုတင်ပြသည်။ မစ္စတာဂဲလင့်၏ သုံးသပ်ချက်များမှ အဓိကကျသောအချက်များမှာ–

(က) နိုင်ငံပြန်လည်ထူထောင်ရေးအတွက် ငွေကြေးပမာဏများပြားစွာ နိုင်ငံဝင်ငွေရရှိရန် လိုအပ်သကဲ့သို့ နိုင်ငံအနှံ့သစ်လုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းသူများအား လုပ်ငန်းခွင်ပြန်ဝင်စေနိုင်ခြင်းဖြင့် တိုင်းပြည်အေးချမ်းတည်ငြိမ်ခြင်းကို ဖြစ်ပေါ်စေမည့် လုပ်ငန်းဖြစ်သည်။ ရရှိမည့်ဝင်ငွေပမာဏလည်း အလွန်များပြားသည့်အလျောက် လုပ်ငန်းကို အမြန်ဆုံးထူထောင်ရန်လိုသည်။

(ခ) နှစ်ရှည်သစ်တောပတ္တာ စာချုပ်ရှင်ကုမ္ပဏီကြီး (၅)ခုတို့သည် စစ်ကာလအတွင်း လုပ်ငန်း များလုံးဝရပ်ဆိုင်းခဲ့ရ၍ ဝင်ငွေမရှိဘဲဖြစ်နေသည်မှာ (၃) နှစ်ခန့်ကြာမြင့်ပြီဖြစ်၍ ရင်းနှီးမြှုပ်နှံရန် မနအင်အားအလွန်ချို့တဲ့နေသဖြင့် ကျွန်းသစ်လုပ်ငန်းကို ၄င်းတို့၏ ကိုယ်ပိုင်အစွမ်းဖြင့် နလံထူအောင်လုပ်နိုင်မည်မဟုတ်ရာ အစိုးရဦးဆောင်မှုပြုရန် မူချ လိုအပ်နေသည်။

(ဂ) အစိုးရအနေဖြင့် လုပ်ငန်းအောင်မြင်ရန်လိုအပ်သည့် ငွေကြေးနှင့်ပစ္စည်းကို စိုက်ထုတ်ရင်းနှီး၍ သစ်ကုမ္ပဏီကြီး (၅) ခုကလည်း ၄င်းတို့တတ်စွမ်းသမျှ ငွေကြေးအရင်းအနှီး၊ သစ်လုပ်ငန်း ကုန်ထုတ်ကိရိယာများ၊ သစ်ထုတ်ဆင်များ၊ သစ်စက်များ၊ ဝန်ထမ်းအင်

အားစသည်တို့ကို ပါဝင်ပေါင်းစပ်၍ အစိုးရမှကြီးမှူးလုပ်ကိုင်သည့် လုပ်ငန်းအဖြစ် ထူထောင်ရန်ဖြစ်သည်။

၂၀၂။ ဆင်းမလားရှိမြန်မာအစိုးရက မစ္စတာဂဲလင့်၏ တင်ပြချက်ကိုလက်ခံပြီး ၄င်းအား မြန်မာနိုင်ငံသစ်လုပ်ငန်း ပြန်လည်ထူထောင်ရန် Director of Timber Rehabilitation အဖြစ်ခန့်အပ်ပြီး အစိုးရမှဦးစီးလုပ်ကိုင်သည့် သစ်လုပ်ငန်းအဖြစ် လုပ်ကိုင်နိုင်မည့်နည်းလမ်းကိုတင်ပြစေသည်။ ဤနေရာတွင် အရေးကြီးဖြေရှင်းရမည့် အဓိကအဖုအထစ်တစ်ချက်ရှိနေသည်မှာ ပုဂ္ဂလိကနိုင်ငံခြားကျွန်းသစ် ကုမ္ပဏီကြီး(၅)ခုတို့အား ဤစီမံကိန်းတွင် စိတ်သဘောညီညွတ်စွာဖြင့် ကျေကျေနပ်နပ်ပါဝင် ပူးပေါင်းလာရေးအတွက် ၄င်းတို့၏တရားသဖြင့် လက်ခံနိုင်မည့် အကျိုးခံစားခွင့်မျိုးကို ညှိနှိုင်းသဘောတူချက်ရယူရန်လိုအပ်သည်။ ပုဂ္ဂလိကကုမ္ပဏီကြီး (၅) ခုသည် နှစ်ရှည်သစ်တောပတ္တာစာချုပ် Lease များဖြင့် မြန်မာ့သစ်တောများမှ ကျွန်းသစ်ထုတ်လုပ်ရောင်းချခွင့်ကို ၄င်းတို့၏အစီအမံအတိုင်း လွတ်လပ်စွာ ဆောင်ရွက်ခွင့် အစိုးရထံမှတရား၀င် ရရှိထားသူများဖြစ်သည့်ပြင် စစ်ဘေးကြောင့် ၄င်းတို့၏ စာချုပ်ပါလုပ်ကိုင်ခွင့်များ ထိပါးခြင်းမရှိစေရပါဟု အစိုးရ၏စာအမှတ် Government of Burma's letter No. 20 M42 , dated Maymyo 7th April 1942 ဖြင့် မြန်မာနိုင်ငံကမဆုတ်ခွာမီ ထုတ်ပြန်သော အာမခံထားခြင်းလည်း ရရှိထားကြသူများဖြစ်သည်။ ၄င်းပြင် ကျွန်းသစ်လုပ်ငန်းအတွက် ကုန်ထုတ်ကိရိယာ (သက်ရှိဆင်များနှင့် သက်မဲ့လုပ်ငန်းကိရိယာ) များကို ကြိုးမားစွာရင်းနှီးထားကြပြီး လုပ်ငန်းလက်တွေ့ဆောင်ရွက်ရသည့် ကျွမ်းကျင်သူလုပ်သားများကိုလည်း ဖွဲ့စည်းလေ့ကျင့်ပေးထားခြင်းရှိသည်။ လက်တွေ့အားဖြင့်လည်း စစ်မဖြစ်မီကနှစ်ပေါင်းများစွာ သစ်လုပ်ငန်းကို လုပ်ခဲ့ကြသူများဖြစ်သည်။ ၄င်းတို့၏ ပူးပေါင်းပါဝင်မှုမရှိဘဲ သစ်လုပ်ငန်း ကို ပြန်လည်ထူထောင်နိုင်မည်မဟုတ်ပါ။ စစ်မဖြစ်မီက ၄င်းကုမ္ပဏီကြီး (၅) ခုသည် နှစ်စဉ်ပျမ်းမျှကျွန်းသစ်လုံးတန်ချိန် (၃၈၃,၀၀၀) ခန့်ကိုထုတ်လုပ်ခဲ့ပြီး သစ်တောအခွန်တော်နှစ်စဉ် ကျပ်သိန်းပေါင်း ၁၄၀ ခန့်ပေးသွင်းခဲ့ကြသူများဖြစ်သည်။ ၄င်းတို့ မြန်မာ့ကျွန်းသစ်လုပ်ငန်းတွင် ရင်းနှီးထားသည့် ပမာဏမှာ ရှိပီး ကျပ်သန်းပေါင်း ၁၀၀ (စတာလင်ပေါင် ၇,၅၀၀,၀၀၀) ခန့် ဆင်စီးရေ ၄,၀၀၀ ခန့်နှင့် ၄င်းအလုပ်ပေးထားသူပေါင်းဦးရေ ၅၅,၀၀၀ ခန့်ရှိသည်။ ဤမျှကြီးမားလှသောလုပ်ငန်းကြီးကို လုံး၀ရပ်ဆိုင်းနေရာမှ ပြန်လည်ရှင်သန်လာရန် ထူထောင်ရေးလုပ်ရသည်မှာ အလွန်တရာ ကြီးလေးသည့် တာ၀န်ကြီးဖြစ်ပေသည်။

၂၀၃။ ကျွန်းသစ်လုပ်ငန်းပြန်လည်ထူထောင်ရန်အတွက်လာမည့် (၅) နှစ်အတွင်းနှစ်စဉ်သစ်တောဌာနမှ ထုတ်ပေးနိုင်စွမ်းရှိသော သင်းသတ်ကျွန်းပင် ပမာဏကိုမူတည်၍ မစ္စတာဂဲလင့်က စီမံကိန်းရေးဆွဲသည်။ စီမံကိန်းပဉ္စမနှစ်ကုန်ဆုံးချိန်တွင် စစ်မဖြစ်မီက နှစ်စဉ်ကျွန်းသစ်ထုတ်လုပ်မှု စံချိန်ကို ရောက်ရှိပြီး ကျွန်းသစ်လုပ်ငန်း ပုံမှန်ဆက်လက် လည်ပတ်သွားနိုင်မည်ဟု ရည်မှန်းသည်။

၂၀၄။ ၄င်း (၅) နှစ်စီမံကိန်းကိုမူတည်၍ အစိုးရဘဏ္ဍာရေးတာဝန်ခံ မစ္စတာဝိတ် (MR. WAIGHT) က သစ်ကုမ္ပဏီကြီး (၅) ခုနှင့် ရင်းနှီးမြှုပ်နှံမှု အသစ်ကိစ္စဆွေးနွေးရာ ၄င်းတို့ (၅) ဦးစုစုပေါင်း ရှုပ်းကျပ် (၈) သန်းခန့်သာထည့်ဝင်နိုင်မည်ဖြစ်ပြီး အစိုးရက ရှုပ်းကျပ် (၂၀) သန်းထည့်ဝင်ပေးရန် တာဝန်ယူရသည်။

၂၀၅။ သစ်ကုမ္ပဏီကြီးများအား ပတ္တာစာချုပ်အရ ခံစားခွင့်များကိုထိခိုက်ခြင်းမရှိစေရန် အစိုးရမှ တာဝန်ယူရသည်။ အစိုးရကဖွဲ့စည်းမည့် သစ်စီမံကိန်းအဖွဲ့ (Timber Project Board) ၏လက်အောက်တွင် ကုမ္ပဏီကြီးများက ကြားကာလအစီအမံ Interim Period အဖြစ်လုပ်ကိုင်ရန် အစိုးရကလိုလားသည်။ စစ်မဖြစ်မီက နှစ်စဉ်သစ်ထုတ်စံချိန်ကို ရောက်ရှိလာသည့်အခါ ကြားကာလ Interim Period ကုန်ဆုံးပြီး ကုမ္ပဏီများ မိမိတို့အစီအစဉ်အတိုင်း လွတ်လပ်စွာလုပ်ကိုင်ခွင့် ပြန်လည်ရရှိမည်ဖြစ်သည်။

၂၀၆။ အစိုးရဦးဆောင်သည့် သစ်စီမံကိန်းအဖွဲ့တွင် ကုမ္ပဏီ (၅) ခုသည် ကျွန်းသစ်အဖွဲ့ (Teak Consortium) အဖြစ်ပါဝင်ရန်ဖြစ်ပြီး သစ်စီမံကိန်းအဖွဲ့မှ ကုမ္ပဏီများအား တစ်ဦးချင်းဆက်ဆံခြင်း ပြုမည်မဟုတ်ဘဲ အဖွဲ့လိုက်သာ ဆက်ဆံမည်ဖြစ်သည်။

၂၀၇။ ဘဏ္ဍာရေးနှစ်ကုန်ဆုံးချိန်တွင် ကျွန်းသစ်ရောင်းရငွေစုစုပေါင်းမှ သစ်လုပ်ငန်းကုန်ကျစရိတ် စုစုပေါင်းကိုနုတ်၍ ကျန်ရှိသည့် အသားတင်အမြတ်ကို အစိုးရက ၆၀ရာခိုင်နှုန်းယူပြီး ကျွန်းသစ်အဖွဲ့က ၄၀ရာခိုင်နှုန်း ရရှိမည်ဖြစ်သည်။ ကျွန်းသစ်အဖွဲ့၏ လုပ်ငန်းတွင် ဖြည့်စွက်ပေးရန်လိုအပ်သော မတည်ငွေ ကို သစ်စီမံကိန်းအဖွဲ့က စိုက်ထုတ်ပေးသည်။

၂၀၈။ ဆုံးရှုံးမှုရှိလျှင်လည်း ၄င်းအချိုးအတိုင်းခံကြမည်။ အမြတ်ရငွေအပေါ်မှ အရင်းအနှီးအသစ် ထည့်ဝင်ရန် ရှိကလည်း ၆၀ ရာခိုင်နှုန်း၊ ၄၀ ရာခိုင်နှုန်းအချိုးအတိုင်း ထည့်ဝင်ကြမည်။ အစိုးရနှင့် ကျွန်းသစ်အဖွဲ့က ထည့်ဝင်သောငွေသားအပေါ် တစ်နှစ်လျှင်အတိုး ၃ရာခိုင်နှုန်းရခွင့်ရှိသည်။

၂၀၉။ လုပ်ငန်းသုံး ပုံသေပိုင်ပစ္စည်းများအတွက် နှစ်စဉ်တန်ဘိုးလျော့ (Depreciation) ကို သတ်မှတ်သောနှုန်းအ တိုင်း ခံစားခွင့်ပြုသည်။ အတိုးအတွက်ကျသင့်သောငွေနှင့် တန်ဘိုးလျော့အတွက် ငွေတို့ကို အသုံးစရိတ်ခေါင်းစဉ်တွင် ထည့်ဝင်ခွင့်ပြုသည်။

၂၁၀။ ကြားကာလကုန်ဆုံး၍ သစ်စီမံကိန်းအဖွဲ့ဖျက်သိမ်းသောအခါ နှစ်ဦးနှစ်ဘက်ရပိုင်ခွင့်များကို သဘောတူထားသည့် စည်းမျဉ်းများနှင့်အညီ ခွဲဝေခံစားခွင့်ရှိသည်။

၂၁၁။ အထက်ပါညှိနှိုင်းသဘောတူညီချက်များကို ကြေညာချက်များအဖြစ် ထုတ်ပြန်ခြင်းပြုမည် မဟုတ်သော်လည်း ဥပဒေတစ်ရပ်ကဲ့သို့ ခိုင်မာမှုမျိုးရှိကြောင်း အစိုးရကအာမခံချက်ပေးသည်။ ဤသဘော တူညီချက်သည် WAIGHT MEMORANDUM ဟုထင်ရှားပြီး သစ်စီမံကိန်းအဖွဲ့နှင့် ကျွန်းသစ်အဖွဲ့တို့က တည်ကြည်စွာဖြင့် လိုက်နာကြရသည်။ ၄င်းသဘောတူညီချက်၏ အပြည့်အစုံမှာ Agreed Financial Arrangements for the Rehabilitation of the Teak Industry in Burma ဖြစ်သည်။

၂၁၂။ **စာချုပ်တမျှခိုင်မာသည့် 'ဝိတ်မှတ်တမ်း' (Waight Memorandum)**။ မြန်မာနိုင်ငံကို ပြန်လည်သိမ်းပိုက်ပြီးနောက် သစ်လုပ်ငန်းများ ပြန်လည်တည်ထောင်ရန် စာချုပ်တမျှခိုင်မာသည့် ဝိတ်မှတ်တမ်းကို ၁၉၄၅ ခုနှစ်တွင် ယူဆောင်လာခဲ့သည်။ ဤမှတ်တမ်းသည် ကျွန်းသစ်နှင့်သာ သက်ဆိုင်ပြီး သစ်မာများနှင့် အကျုံးမဝင်ပေ။ ဝိတ်မှတ်တမ်း၏ အတိုချုပ်မှာ –

(က) ကြီးငါးကြီးသစ်ကုမ္ပဏီများ၏ နှစ်ရှည်ကျွန်းသစ်စာချုပ်များ ကုန်ဆုံးပြီးဖြစ်သော်လည်း အဆိုပါ ကြီးငါးကြီးအား ကျွန်းသစ်အဖွဲ့ ဖွဲ့စည်း၍ ဆက်လက်လုပ်ကိုင်ခွင့်ပေးရန်။

(ခ) မြန်မာနိုင်ငံကို သိမ်းပိုက်ပြီးသည့်အခါ ကြီးငါးကြီးမှ ပြန်လည်ရရှိသော ဆင်၊ သစ်လုံး၊ အဆောက်အဦ၊ မြေကွက် စသည်တို့နှင့် လုပ်သားအဖွဲများကို ကျွန်းသစ်လုပ်ငန်းတွင် စာအုပ်တန်ဖိုးထား၍ထည့်သွင်းရန်။

(ဂ) စစ်မဖြစ်မီအခြေအနေရှိ ကျွန်းသစ်လုံးများ ပြန်လည်စုဆောင်းခြင်းသို့မရောက်မီ မြန်မာအစိုးရနှင့် ကျွန်းသစ်အဖွဲတို့သည် နှစ်စဉ်ကုန်ကျငွေကို ၆၀ : ၄၀ အချိုးဖြင့်ကျခံကြရန်၊ နှစ်စဉ်အသားတင်အမြတ်ရှိလျှင် ၆၀ အချိုးကို ကျွန်းသစ်ဖြင့်တန်ဖိုးသင့်ပြီး အစိုးရက ယူရန်၊ အရှုံးပေါ် လျှင်လည်း အစိုးရက ဤအချိုးအတိုင်းကျခံရန်။

(ဃ) စစ်မဖြစ်မီကဲ့သို့ သစ်ထွက်နှင့် အရံသစ်များ ပြည့်စုံစွာစုဆောင်းလာသည့်အခါ ကျွန်းသစ်အဖွဲ့ကို ဖျက်သိမ်း၍ တိုးလာသောသစ်များကို ကြီးငါးကြီးမှ စစ်မဖြစ်မီ နှစ်အနည်းငယ် ကာလတွင် လုပ်ကိုင်ခဲ့သည့် အချိုးအတိုင်းဝေယူကြရန်။

(င) ၁၉၄၇ ခုနှစ်၊ မေလ ၃၁ ရက်နေ့ကုန်ဆုံးသောနှစ်မှစ၍ နှစ်စဉ်နှစ်တိုင်းဝိတ်မှတ်တမ်းစည်းကမ်းများကို နှစ်ဘက်သဘောတူပြင်ဆင်ရန်၊ လိုအပ်ပါကပြောင်းလဲရန်နှင့် ဖျက်သိမ်းရန် စသည်တို့ဖြစ်သည်။

၂၁၃။ အထက်ပါ အချက်အလက်များကို အစိုးရကိုယ်စားစီမံအုပ်ချုပ်ရန်လည်း သစ်စီမံကိန်းအဖွဲ့ ဖွဲ့စည်းခဲ့သည်။ ယင်းသို့ ဘဏ္ဍာရေးသဘောတူညီချက်များရရှိသည့်အခါ Timber Project Order 1945 ကို Agriculture and Rural Economy Department, Project Branch, Notification No. 52, Simla 15th August 1945 ဖြင့် ထုတ်ပြန်၍ Timber Project Board ကိုဖွဲ့စည်းသည်။

၂၁၄။ **သစ်စီမံကိန်းအဖွဲ့ (Timber Project Board)**။ For the purpose of managing and controlling the extraction, conversion and marketing of forest produce in Burma, a board shall be constituted which shall be called the Timber Project Board. (ဤအမိန့်ကို Defence of Burma Rules, Rule 81 sub-rule(2) ဖြင့် အပ်နှံထားသည့် အာဏာအရ ထုတ်ပြန်သည်။ Timber Project Order 1945 သည် မြန်မာနိုင်ငံကို ပြန်လည်ရရှိပြီး စစ်အုပ်ချုပ်ရေး CAS (B) ကိုရုတ်သိမ်းသည့် ၁၉၄၅ ခုနှစ်၊ အောက်တိုဘာလ (၁၅) ရက်ကျော်လွန်မှ အသက်ဝင်ခွင့် ရှိသည်။ ၁၉၄၅ ခုနှစ်၊ ဩဂုတ်လမှအစပြု၍ အလုပ်စတင်လုပ်နိုင်ရန် ကြားဖြတ်ဘုတ်အဖွဲ့ (Interim Board) ကို Notification No. 53 ဩဂုတ်လ (၁၅) ရက် ၁၉၄၅ ခုနှစ်ဖြင့် ဖွဲ့စည်းပေးသည်။ ပုံမှန်အုပ်ချုပ်ရေး ဘုတ်အဖွဲ့ကို ဘုရင်ခံက Notification N0. 17

(၁၅) ရက် ဇန်နဝါရီလ ၁၉၄၆ ခုနှစ်တွင် ဖွဲ့စည်းပေးသောအခါ အထက်ပါကြားဖြတ်ဘုတ်အဖွဲ့ ရပ်ဆိုင်းသည်။

၂၁၅။ မစ္စတာဂဲလင့်သည် သစ်လုပ်ငန်း ပြန်လည်ထူထောင်ရေး ဒါရိုက်တာလည်းဖြစ်၍ သစ်စီမံကိန်း အဖွဲ့၏ ဥက္ကဋ္ဌ (Chairman) လည်းဖြစ်သည်။ ဘုတ်အဖွဲ့တွင် ဥက္ကဋ္ဌနှင့် အဖွဲဝင် (၇) ဦးရှိသည်။ ၄င်းကြားဖြတ်ဘုတ်အဖွဲသည် ရန်ကုန်ရှိသစ်ဆိပ်များနှင့် သစ်လုံးများကို ၁၉၄၅ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်နေ့တွင်လည်းကောင်း၊ ရန်ကုန်ရှိသစ်စက်များကို ၁၉၄၅ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့တွင်လည်းကောင်း လွှဲပြောင်းလက်ခံရယူသည်။ မြို့ပြနယ်ဘက် အုပ်ချုပ်ရေးကို စတင်သည့် ၁၉၄၆–ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်တွင် သစ်တောဌာနသည် ပြန်လည်စုစည်းမိပြီးဖြစ်လျက် သစ်စီမံကိန်းအဖွဲ့က ကျွန်းနှင့်သစ်မာထုတ်လုပ်သည့်လုပ်ငန်းကို ဆောင်ရွက်သည်။ သစ်စီမံကိန်းအဖွဲ့တွင် သစ်ကုမ္ပဏီကြီးများမှ လက်ထောက်အရာရှိများဖြင့် ပါဝင်ဖွဲ့စည်းသည်။ ဤယာယီဘုတ်အဖွဲ့သည် ၁၉၄၆ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်တွင် သက်တမ်းကုန်ဆုံးသည်။

၂၁၆။ သစ်စီမံကိန်းအဖွဲ့၏ အဓိကလုပ်ငန်းကြီး (၂) မျိုးမှာ–

(က) ၄င်းကိုယ်တိုင် တိုက်ရိုက်လုပ်ကိုင်သော သစ်မာထုတ်လုပ်ခွဲစိတ်ဖြန့်ဖြူးခြင်းလုပ်ငန်း၊

(ခ) ဝိတ်မှတ်တမ်းစာချုပ်အရ အစိုးရနှင့် ကျွန်းသစ်ကုမ္ပဏီကြီး ၅ ခုတို့ စုဖွဲ့ ထားသည့် ကျွန်းသစ်အဖွဲ့၏ ကျွန်းသစ်လုပ်ငန်းများကို အုပ်ချုပ်ခြင်း တို့ဖြစ်သည်။

၂၁၇။ ပုဂ္ဂလိကများ နိုင်ငံခြားသို့ ကျွန်းသစ်တင်ပို့ရောင်းချခြင်းကိုလည်း ၁၉၄၆ ခုနှစ်မေလမှ အစပြု၍ သစ်စီမံကိန်းအဖွဲ့ကသာဆောင်ရွက်သည်။ ၄င်းလုပ်ပိုင်ခွင့်အတွက် Commerce and Supply Department Notification No 27 dated 25th May 1946 ဖြင့် လုပ်ပိုင်ခွင့်ကို အပ်နှင်းသည်။ ပုဂ္ဂလိကများ၏ ကျွန်းသစ်များကို နိုင်ငံခြားသို့တင်ပို့ပေးခြင်းအတွက် နိုင်ငံတော်ပြန်လည်ထူထောင်ရေးရံပုံငွေသို့ CIF Value ၏ ၁၂½ ရာခိုင်နှုန်း သစ်ပိုင်ရှင်ကပေးရသည်။ အုပ်ချုပ်ဆောင်ရွက်ခအမှုန် ကုန်ကျစရိတ်ကို နှုတ်၍ ကျန်ငွေကို နိုင်ငံတော်၏ ဘဏ္ဍာရေးသို့သစ်စီမံကိန်းအဖွဲ့က ပေးသွင်းသည်။

၂၁၈။ **သစ်စီမံကိန်းအဖွဲ့လုပ်ငန်းများ**။ သစ်စီမံကိန်းအဖွဲ့သည်အောက်ပါသစ်တောတိုင်းနှင့်ခရိုင်များ၊ ဒေသများတွင် လုပ်ငန်းများဖြန့် ကျက်လုပ်ကိုင်သည်–

(က) **အထက်မြန်မာနိုင်ငံတိုင်း**။ မြစ်ကြီးနား၊ဗန်းမော်၊အရှေ့ကသာ၊အနောက်ကသာ၊ မိုးမိတ်၊ရွှေဘို။

(ခ) **ချင်းတွင်းတိုင်း**။ မုံရွာ၊ ပခုက္ကူ၊ မြင်းခြံ၊ မိတ္ထီလာ။

(ဂ) **လှိုင်တိုင်း**။ ပြည်၊ သာယာဝတီ၊ အင်းစိန်။

(ဃ) **စစ်တောင်းတိုင်း**။ ပျဉ်းမနား၊ တောင်ငူ၊ ပဲခူး။

(င) **ဒေသများ**။ မန္တလေး၊ မော်လမြိုင်၊ ရန်ကုန်။

၂၁၉။ ကျွန်းနှင့်သစ်မာထုတ်လုပ်ခြင်း၊ ဝယ်ယူခြင်း၊ သစ်များခွဲစိတ်ခြင်း၊ သစ်ခွဲသားများဝယ်ယူခြင်း၊ ရောင်းချခြင်း၊ ဧလီဖားတုံးများ ထုတ်လုပ်ရောင်းချခြင်းတို့ကို လုပ်ကိုင်သည်။

သစ်စီမံကိန်းအဖွဲ့မှ ဆောင်ရွက်ခဲ့သော ကျွန်း/သစ်မာထုတ်လုပ်ခြင်းနှင့်ရောင်းချဖြန့်ဖြူးခြင်း

(၁၉၄၆–၄၇ မှ ၁၉၄၇–၄၈ ခုနှစ်အထိ)

စဉ်	အကြောင်းအရာ	ရေတွက်ပုံ	ကျွန်း	အုပ်စု(၂)	အုပ်စု(၃)	စုစုပေါင်း
၁	၂	၃	၄	၅	၆	၇
၁။	သစ်လုံးများထုတ်လုပ်ခြင်း (တိုင်း ၄ တိုင်းနှင့်ဒေသ ၂ ခု)	တန်	၄၆,၅၂၉	၇၇,၈၄၉	၁၄၆,၃၁၀	၂၇၀,၆၈၈
၂။	မန္တလေးသစ်စက်များအတွက် သစ်လုံးပေးအပ်ခြင်း	တန်	၅,၀၉၉	၄,၉၇၀	၄၈,၆၅၀	၅၈,၇၁၉
၃။	သစ်ခွဲသားရောင်းချခြင်း (တိုင်း ၄ တိုင်းနှင့်ဒေသ ၂ ခု)	တန်	၁၃,၆၅၄	၈,၂၇၈	၃၄,၁၇၇	၅၆,၁၀၉
၄။	ဧလီဖားထုတ်လုပ်၍ မီးရထား သို့ ရောင်းချခြင်း (တိုင်း ၄ တိုင်းနှင့်ဒေသ ၁ ခု)	တုံးရေ	၆၅,၀၄၈	၁,၂၉၇,၀၈၂	၁၁၉,၆၅၄	၁,၄၈၁,၇၈၄
၅။	အထူးဧလီဖား (တိုင်း ၂ တိုင်းနှင့်ဒေသ ၁ ခု)	တန်	၀	၅၇၈	၂	၅၈၀

နိုင်ငံခြားသို့သစ်တင်ပို့ရောင်းချခြင်း

(၁၉၄၆–၄၇ ခုနှစ်မှ ၁၉၄၈–၄၉ ခုနှစ်အထိ)

ခုနှစ်	ကျွန်း		သစ်မာ		စုစုပေါင်း	
	တန်	FOB တန်ဘိုး (ရူပီး–သန်း)	တန်	FOB တန်ဘိုး (ရူပီး–သန်း)	တန်	စုစုပေါင်းတန်ဘိုး (ရူပီး–သန်း)
၁	၂	၃	၄	၅	၆	၇
၁၉၄၆–၄၇	၁၆,၀၇၀	၁၀.၅၁၈	၁၇၉	၀.၀၄၉	၁၆,၂၄၉	၁၀.၅၆၇
၁၉၄၇–၄၈	၇၈,၈၅၁	၄၉.၄၄၃	၁၉,၃၆၉	၅.၂၅၁	၉၈,၂၂၀	၅၄.၆၉၄
၁၉၄၈–၄၉	၈၈,၆၀၅	၅၄.၀၉၇	၂၆,၉၄၇	၇.၁၅၂	၁၁၅,၅၅၂	၆၁.၂၄၉

ပုဂ္ဂလိကကျွန်းသစ်များနိုင်ငံခြားသို့တင်ပို့ခြင်း
(၁၉၄၇ ခုနှစ်)

၁၉၄၇ ခုနှစ်	ကျွန်းတန်	CIF တန်ဘိုး	ပြန်လည်ထူထောင်ရေး ရန်ပုံငွေ
ဖေဖော်ဝါရီ	၁၀၀	၆၁,၂၇၄	၇,၆၃၃
မတ်	–	–	–
ဧပြီ	၃၁၅	၂၀၂,၁၆၂	၂၆,၀၇၃
မေ	၂၃	၁၇,၅၄၇	၁,၇၈၂
စုစုပေါင်း	၄၃၈	၂၈၀,၉၈၃	၃၅,၄၈၈

၁၉၄၇ ခုနှစ်အတွင်းမြန်မာပြည်နိုင်ငံရေးအခြေအနေ

၂၂၀။ ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင်၊ ပင်လုံစာချုပ်ဖြင့် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်ကြီးများ သွေးစည်းညီညွတ်ခဲ့ကြသည်။[၄၃]

၂၂၁။ ၁၉၄၇ ခုနှစ်၊ ဇွန်လ (၆)ရက်နေ့တွင်၊ ရန်ကုန်မြို့၊ ပြည်လမ်းရှိ "ဆိုရန်တိုဗီလာ" (ပြည်လမ်း စာပေဗိမာန်) အဆောက်အဦတွင် မြန်မာပြည်ပြန်လည်ထူထောင်ရေးအတွက် ကွန်ဖရင့်ကြီးတစ်ရပ် ကျင်းပခဲ့သည်။ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာပြည်အစိုးရအဖွဲ့၏ ဒုတိယဥက္ကဋ္ဌ အနေဖြင့် အစိုးရနှင့် ပုဂ္ဂလိကပိုင်းမှပုဂ္ဂိုလ်များကို ဖိတ်ကြားခဲ့ပြီး မြန်မာနိုင်ငံစီးပွားရေး ပြန်လည် ထူထောင်နိုင်စေရေးအတွက် အဖွင့်ပယ်များဖွဲ့စည်းဆောင်ရွက်ရန် ညွှန်ကြားခဲ့လေသည်။[၄၄]

၂၂၂။ လွှတ်တော်အမတ် ဟင်္သာတဦးမြက စီးပွားရေးစီမံကိန်း ဒုတိယဥက္ကဋ္ဌအဖြစ်ဆောင်ရွက်၍ စီးပွားရေး တိုးတက်ရေးအတွက် (၂)နှစ်စီမံကိန်းတစ်ရပ် ရေးဆွဲခဲ့သည်။ တင်ပြချက်တွင် မြန်မာပြည်ရှိ သစ်တောများနှင့် ပတ်သက်၍ အကြံပြုချက်များ ပါဝင်ခဲ့သည်။

၂၂၃။ အောင်ဆန်း–အက်တလီစာချုပ်များဖြင့် လွတ်လပ်ရေးရရန် သေချာသည့်အခါ ၁၉၄၇ ခုနှစ်တွင် တိုင်းပြူပြည်ပြူလွှတ်တော်ခေါ်ယူပြီးနောက်၊ ဗိုလ်ချုပ်အောင်ဆန်းသည် လုပ်ငန်းများ ပြည်သူပိုင်သိမ်းရန် ကော်မရှင်ဖွဲ့ ၍စုံစမ်းပြီးဖြစ်ခဲ့သည်။

၂၂၄။ ၁၉၄၈ ခုနှစ်တွင် ရန်ကုန်မြို့၊ ကြည့်မြင်တိုင်အရပ်ရှိ မဂ္ဂရီကာကုမ္ပဏီပိုင်သစ်စက်နှင့် အလုံ အရပ်ရှိ ဖူးကားကုမ္ပဏီပိုင်သစ်စက် (လက်ရှိ မြန်မာ့သစ်လုပ်ငန်း အမှတ် (၁) သစ်စက်နှင့် အမှတ် (၂) သစ်စက်) တို့ကို ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက ပြည်သူပိုင်သိမ်းသည်။ ဆက်လက်၍ ဗြိတိသျှ သစ်ကုမ္ပဏီကြီး(၅)ခု၏လုပ်ငန်းများကို နိုင်ငံပိုင်အဖြစ် လွှဲပြောင်း သိမ်းယူခဲ့သည်။

---

[၄၃] သစ်အခြေခံစက်မှုလုပ်ငန်းကို ဖော်ဆောင်နေသည့် မြန်မာ့သစ်လုပ်ငန်း၊ ဇန်နဝါရီလ၊ ၁၉၉၈ ခုနှစ် စာ–၄ ၊

[၄၄] နိုင်ငံတော်သစ်လုပ်ငန်းကော်မရှင်အဖွဲ့၏ အစီရင်ခံစာ၊ ၁၉၅၀ ခုနှစ်၊ စာ– ၉ ၊

၂၂၅။ ဤတွင် အစိုးရဘဏ္ဍာရေးတာဝန်ခံ Mr. Leonard Waight ပြုစုခဲ့သော ဝိတ်မှတ်တမ်းသည် ချုပ်ငြိမ်းခြင်းဘဝသို့ ရောက်ပါတော့သည်။[၄၅]

၂၂၆။ နေမဝင်သောအင်ပါယာကြီး တည်ထောင်နိုင်လောက်အောင်စွမ်းအားရှိသည့် ဗြိတိသျှကိုလိုနီနယ်ချဲ့စံနစ်ကို မျိုးချစ်တိုင်းရင်းသားတို့က ၁၈၈၅ခုနှစ်မှ ဒုတိယကမ္ဘာစစ်ပြီးသည်အထိ အသက်ပေးတော်လှန်ခဲ့ကြရ၏။

၂၂၇။ ၁၉၄၇ ခုနှစ်တွင် အမျိုးသားခေါင်းဆောင်ကြီးဖြစ်လာသူ ဗိုလ်ချုပ်အောင်ဆန်းသည် အစိုးရအဖွဲ့၏ ဒုတိယဥက္ကဋ္ဌအနေဖြင့် ကျွမ်းကျင်လိမ္မာစွာဖြင့် အင်္ဂလိပ်တို့၏ခြေကုတ်ယူရန် အစီအစဉ်များကို ချုပ်ငြိမ်းစေရအောင်စီမံခန့်ခွဲခဲ့သည်။

၂၂၈။ ဒုတိယကမ္ဘာစစ်ပြီးဆုံးသည့်နောက် ၁၉၄၅ခုနှစ်မှ ၁၉၄၇ခုနှစ်ကာလအထိ နယ်ချဲ့တို့၏ နောက်ဆုံးကြိုးပမ်းချက်များကို တွန်းလှန်နိုင်ခဲ့၍သာ လွတ်လပ်ရေးနှင့်အတူ မရွေးမနှောင်းမှာပင် နိုင်ငံ၏ သယံဇာတတို့ကိုပါ တိုင်းတစ်ပါးလက်ဝယ်မှ ပြန်လည်သိမ်းပိုက်နိုင်ပါတော့သည်။

ကိုလိုနီခေတ်အတွင်း ထင်ရှားသောဖြစ်ရပ်များ

၂၂၉။ ၁၈၈၆ ခုနှစ်မှ ၁၉၄၇ ခုနှစ်အထိ ကိုလိုနီခေတ်အတွင်းသမိုင်းတွင်ထင်ရှားခဲ့သော ဖြစ်ရပ်များ၏ အနှစ်ချုပ်ကို အောက်ပါအတိုင်း ဖော်ပြအပ်သည်–

(က) ၁၈၂၆ ။ ဒေါက်တာဝေါလစ်ချ်သည် ကျွန်းစိုက်ခင်းများတည်ထောင်ရန် ပထမဆုံး အကြံပြုခဲ့ သည်။

(ခ) ၁၈၅၆ ။ သာယာဝတီသစ်တောနယ် ကရင်ယာသမားကြီး ဦးပန်းဟီးက ဘရန်းဒစ် အားကျွန်းပင်များ စိုက်၍ လက်ဆောင်ပေးခဲ့သည်။ 'Taungya' စကားရပ် ပေါ်လာသည်။ တောင်ယာစနစ်ဖြင့် သစ်တောစိုက်ခင်း တည်ထောင်ခြင်း စတင်ပေါ်လာသည်။

(ဂ) ၁၈၇၀ ။ မြန်မာနိုင်ငံ၏ ပထမဆုံးသစ်တောကြီးဝိုင်းစုစုပေါင်း ၁၇ ခုကို ဖွဲ့စည်းခဲ့ သည်။

(ဃ) ၁၈၇၂ ။ အိန္ဒိယပြည်နယ်များအလိုက် ရေးဆွဲသည့်မြေပုံများမှာ စကေး၊ အမှတ်အသားများ၊ ချယ်သည့်အရောင်နှင့် အခြားအသေးစိတ်များ မတူသဖြင့် သစ်တောမြေတိုင်းဌာနစိတ်ကို သီးခြားဖွဲ့စည်းခဲ့သည်။

(င) ၁၈၇၃ ။ သစ်ထုတ်ခွင့်ရသူများနှင့် တဆင့်ခံကန်ထရိုက်တာများ၏ အထိန်းအကွပ်မဲ့ သစ်ထုတ်ခြင်း ကြောင့် လိုင်စင်များကို ဖျက်သိမ်းသည်။

(စ) ၁၈၈၁ ။ အောက်မြန်မာပြည် သစ်တောများအတွက် သစ်တောဥပဒေကို ပြဋ္ဌာန်းခဲ့သည်။

---

[၄၅] The Political Ecology of Forestry in Burma (1824-1994), by R. L. Bryant (1997) Pg. 155

(ဆ) ၁၈၈၂ ။ မြန်မာပြည်၌ သစ်တောမြေတိုင်းဌာနစိတ် စတင်ဖွဲ့စည်းသည်။

(ဇ) ၁၈၈၃ ။ ဆင်များထိန်းသိမ်းကာကွယ်ရေးအက်ဥပဒေ ပြဋ္ဌာန်းသည်။

(ဈ) ၁၈၈၇ ။ သစ်တောစည်းမျဉ်းဥပဒေ (Upper Burma Forest Regulation) အမှတ် (၆) ကို ထုတ်ပြန်သည်။

(ည) ၁၈၉၃ ။ မြန်မာနိုင်ငံ၌သစ်တောတိုင်းကြီး ၄ တိုင်း (အရှေ့သစ်တောတိုင်း၊ အနောက် သစ်တောတိုင်း၊ ပဲခူးသစ်တောတိုင်း၊ တနင်္သာရီ သစ်တောတိုင်း) ခွဲ၍ စီမံအုပ်ချုပ်သည်။

(ဋ) ၁၉၀၂ ။ မြန်မာနိုင်ငံအတွက် ပိုမိုထိရောက်စေသည့် "၁၉၀၂သစ်တောအက် ဥပဒေ" ပြဋ္ဌာန်းသည်။

(ဌ) ၁၉၀၅ ။ မစ္စတာဘီဒွန်ဗရိုင်ယန့် (Beadon Bryant)ကို မြန်မာနိုင်ငံအတွက် သီးသန့် သစ်တောမင်းကြီးချုပ် (Chief Conservator of Forests) ခန့် သည်။

(ဍ) ၁၉၁၂ ။ တောရိုင်းတိရစ္ဆာန်များနှင့် ငှက်များထိန်းသိမ်းကာကွယ်ရေး အက်ဥပဒေ (The Wild Birds and Animals Protection Act, 1912) ပြဋ္ဌာန်းခဲ့သည်။

(ဎ) ၁၉၁၈ ။ မြန်မာနိုင်ငံ၏ ပထမဆုံးဘေးမဲ့တောအဖြစ် ပိတောင်ဘေးမဲ့တော ကို စတင်တည် ထောင် ခဲ့သည်။

(ဏ) ၁၉၂၀ ။ "ကွက်စပ်စီမံကိန်းတိုင်း" ဖွဲ့စည်းသည်။ သစ်တောခရိုင်အားလုံးရှိ ဧရိယာ များကို အခြေခံ၍ ၁၀ နှစ်ကာလအတွက် သစ်တောလုပ်ငန်းများကို စနစ် တကျ ဆောင်ရွက်ရန် ပြည့်စုံစွာ ရေးဆွဲသည်။

(တ) ၁၉၂၃ ။ သစ်တောရေးရာဝန်ကြီးဌာန သီးခြားစတင် ဖွဲ့စည်းသည်။

(ထ) ၁၉၂၉ ။ ကျွန်းသစ်စျေးကွက်သည် ကမ္ဘာ့ငွေကြေးကြပ်တည်းမှုကြောင့် အရောင်းအဝယ် ထိုင်းသွားသည်။

(ဒ) ၁၉၃၆ ။ မြန်မာ့တောရိုင်းတိရစ္ဆာန်များ ကာကွယ်ရေး ဥပဒေ (Burma Wildlife Protection Act, 1936) ကို ပြဋ္ဌာန်းခဲ့ပြန်သည်။

(ဓ) ၁၉၄၅ ။ သစ်လုပ်ငန်းများပြန်လည်တည်ထောင်ရန် စာချုပ်တမျှခိုင်မာသည့် ဝိတ်မှတ် တမ်းကို ဗြိတိသျှ အစိုးရကယူဆောင်လာခဲ့သည်။ ဤမှတ်တမ်းသည် ကျွန်းသစ် နှင့်သာ သက်ဆိုင်သည်။

(န) ၁၉၄၆ ။ ကျွန်းသစ်ကုမ္ပဏီကြီး ၅ ခုတို့ ပူးပေါင်း၍ ကျွန်းသစ်အဖွဲ့ (Teak Consortium) ဖွဲ့သည်။

အခန်း (၃)
လွတ်လပ်ရေးရပြီးခေတ်
(၁၉၄၈–၁၉၆၂)

နိုင်ငံတော် သစ်လုပ်ငန်းအပွဲ့မှ နိုင်ငံခြားသစ်ကုမ္ပဏီကြီးငါးခု၏ လုပ်ငန်းများကို လွှဲပြောင်းရယူ လုပ်ကိုင်ခြင်း

၂၃၀။ ဒုတိယကမ္ဘာစစ်အပြီး ၁၉၄၅ ခုနှစ်တွင် ဗြိတိသျှအစိုးရသည် မြန်မာနိုင်ငံသို့ ပြန်လည် ဝင်ရောက်လာပြီးနောက် တစ်ချိန်က မြန်မာ့သစ်လောကကို ကြီးစိုးခဲ့သည့် ဗြိတိသျှသစ်ကုမ္ပဏီများ ပူးပေါင်းထားသည့် ကျွန်းသစ်အဖွဲ့ကိုဖွဲ့စည်းခဲ့သည်။

၂၃၁။ စစ်ပြီးခေတ် ဗြိတိသျှအစိုးရက သစ်ထုတ်လုပ်ခြင်းလုပ်ငန်း ပြန်လည်ရှင်သန်လာစေရန် ရည်ရွယ်၍ ယင်းကျွန်းသစ်အဖွဲ့ကို သစ်တောဌာနအောက်ရှိ သစ်စီမံကိန်းအဖွဲ့နှင့် ဆက်သွယ်ကာ ကျွန်း ထုတ်လုပ်မှုလုပ်ငန်းကို ပြန်လည်လုပ်ကိုင်ခဲ့ကြောင်း ကိုလိုနီခေတ် သစ်တောသမိုင်းတွင် ဖော်ပြခဲ့ပြီး ဖြစ်သည်။

၂၃၂။ မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက် ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်နေ့တွင် ၁၉၄၇ ခုနှစ် တိုင်းပြုပြည်ပြုဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ်–၄၄ (၂) အရ မြန်မာအစိုးရသည် ကျွန်းသစ်ထုတ်လုပ် သောတောများ ပြည်သူပိုင်ပြုလုပ်ရေးကော်မတီ (Forest Nationalisation Committee) ကို ဖွဲ့စည်းပြီး ဗြိတိသျှ ကျွန်းသစ်ကုမ္ပဏီများဖြစ်သော ဘုံဘေဘားမား၊ စတီးဘရာသား၊ မဂ္ဂရီကာ၊ ဖူးကားနှင့် တီဒီ ဖင်းလေးကုမ္ပဏီတို့၏ ပဲခူးရိုးမကျွန်းတောများကို စနစ်တကျလွှဲပြောင်းယူခဲ့သည်။

သစ်စီမံကိန်းအဖွဲ့မှ နိုင်ငံတော်သစ်လုပ်ငန်းအဖွဲ့သို့ ပြောင်းလဲဖြစ်ပေါ်ပုံ[၄၆]

၂၃၃။ ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ အပိုဒ် ၄၄ (၂) အရ *"ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်းတွင် ဓနပစ္စည်း ထွက်မည့် သဘာဝပင်ရင်းအခြေအမြစ်များကို နိုင်ငံတော်အစိုးရ ကိုယ်တိုင်က သော်လည်းကောင်း၊ ဒေသန္တရ အဖွဲ့များကသော်လည်းကောင်း ပြည်သူတို့၏ သမဝါယမအစည်းအရုံးများ ကသော်လည်းကောင်း လုပ် ကိုင် သုံးစွဲစေရန် နိုင်ငံတော်အစိုးရဝါဒထားရှိ၍ ထိုဝါဒအတိုင်း ရှေ့ .ရှု ဆောင်ရွက်ရမည်။"* ဟုဖော်ပြ ထားသည်။

၂၃၄။ မြန်မာ့သစ်တောများသည် အလွန်အဖိုးထိုက်တန်လှသော အမျိုးသားပိုင် ပင်ရင်းပစ္စည်းဖြစ်လေရာ ၄င်းတို့ကို အစိုးရပိုင်ပစ္စည်းအဖြစ်နှင့် အစိုးရက အခါခပ်သိမ်း ထိန်းသိမ်းစောင့်ရှောက်အုပ်ချုပ်ရမည်။ အစိုးရ၏ လိုရင်းအချက်ကား ရှေ့ရေးနောက်ရေးချင့်ချိန်ပြီး ယခုလက်ငင်း သစ်အထွက်များနိုင်သမျှ များအောင် ပြုလုပ်ရုံသာမက နောက်နောင်ကိုလည်း ယခုထွက်သည်ထက်မလျော့ဘဲ တစ်သမတ်တည်း ရေရှည်ထွက်နိုင်ရန်ဖြစ်လေသည်။

---

[၄၆] ပြည်ထောင်စုမြန်မာနိုင်ငံတော် စီးပွားရေးဖွံ့ဖြိုး တိုးတက်ရေး (၂) စီမံကိန်းမှ ကောက်နုတ်ချက်

၂၃၅။ သစ်တောများကို အစိုးရက ကိုယ်တိုင်အုပ်ချုပ်လုပ်ကိုင် ထုတ်ယူမည်ဆိုလျှင် နောင်အရှည် တစ်သမတ်တည်း သစ်များများထွက်ရန် သိပ်ံနည်းအရ သစ်တောများကို ကာကွယ်ထိန်းသိမ်းပြုစု စောင့်ရှောက် ရမည်ဖြစ်သည်။ စစ်မဖြစ်မီကလည်း သစ်တောဌာနက ဤသစ်တောများကို ထိန်းသိမ်းကာကွယ်ရေးဘက် တွင် အောင်မြင်စွာဆောင်ရွက်ခဲ့၏။ ဤကဲ့သို့သစ်တောများကို သိပ်ံနည်းအရ စေ့စပ်သေချာစွာ ထိန်းသိမ်း ပြုစုရေးကို နောင်တွင်လည်း မဆုတ်မနစ် တိုး၍ပင်လုပ်ဆောင်ရမည်ဖြစ်ပေသည်။

၂၃၆။ ယခင်သစ်ကုမ္ပဏီများအား သစ်ထုတ်ရန်အခွင့်ပေးထားသော စာချုပ်များဖြင့် ကန့်သတ်ပိုင်ခြား ထားသောအချိန်သည် ယခုအခါတွင် သက်တမ်းကုန်ဆုံးပြီဖြစ်၍ ၄င်းတို့အား နောက်ထပ်စာချုပ်အသစ် ထုတ်ပေးတော့မည်မဟုတ်ပေ။ ထို့ကြောင့်မြန်မာ့သစ်တောများကို အမျိုးသားပိုင်လုပ်ငန်းဖြစ်နိုင်ရန် ပထမနှစ် တွင် မြန်မာ့သစ်တောများအား လုံး၏ သုံးပုံတစ်ပုံကို အစိုးရကသိမ်းယူလုပ်ကိုင်မည်။ ဒုတိယနှစ်နှင့် နောက်နှစ်များတွင် ကျန်သစ်တောများ၏ သုံးပုံနှစ်ပုံကို အစိုးရကသိမ်းယူမည်။ ထိုသို့သိမ်းယူသည့်အခါ၌ လက်ရှိလုပ်နေသောသစ်ကုမ္ပဏီများကို အစိုးရကိုယ်စားလှယ်အဖြစ်နှင့် ထားသင့်လျင်ထားမည်ဟု စဉ်းစား ဆုံးဖြတ်ခဲ့ကြသည်။ စစ်ဘေးဒဏ်မှ မြန်မာနိုင်ငံစီးပွားရေး ပြန်လည်ထူထောင်ရေးအတွက် ရည်ရွယ် လုပ်ကိုင်ခဲ့သော သစ်စီမံကိန်းအဖွဲ့သည် နိုင်ငံတော်သစ်လုပ်ငန်းအဖွဲ့၏ အကြိုလုပ်ငန်း သဖွယ်ဖြစ်ခဲ့သည်။

၂၃၇။ **နိုင်ငံတော်သစ်လုပ်ငန်းအဖွဲ့စတင်ဖွဲ့စည်းခြင်း**။ နိုင်ငံတော်သစ်လုပ်ငန်းအဖွဲ့ (State Timber Board)ကို ၁၉၄၈ ခုနှစ်၊ ဧပြီလ ၅ရက် လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောရေးဝန်ကြီးဌာနမှ အမိန့်အမှတ် (၁၃၄)၊ အမိန့်အပိုဒ်–၃၊ အပိုဒ်ငယ်–၁ အရ ဧပြီလ (၁၀) ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့သည်။ သစ်စီမံကိန်းအဖွဲ့၏ လုပ်ငန်းအရပ်ရပ်နှင့် ဖွဲ့စည်းမှုကိုရယူလျက် သစ်စီမံကိန်းအဖွဲ့ အမည်ကိုဖျောက်၍ နိုင်ငံတော်သစ်လုပ်ငန်းအဖွဲ့ အနေဖြင့် ဆက်လက်ဆောင်ရွက်ရန် ကျွန်းတောများ ပြည်သူပိုင်ပြုလုပ်ရေး ကော်မတီက သဘောတူညီကြသည်။ (၁၉၄၈ ခုနှစ်၊ ဇန်နဝါရီ ၂၂ ရက် နေ့တွင် အတွင်းဝန်များရုံး၌ ကျွန်းတောများ ပြည်သူပိုင်ပြုလုပ်ရေးကော်မတီ၏ ပထမအကြိမ်အစည်းအဝေးတွင် သဘောတူဆုံးဖြတ် ခဲ့သည်။)

State Timber Board Order No. 134, 1948. 5th April

(1) For the purpose of managing and controlling the extraction, conversion and marketing of forest produce in the Union of Burma, a Board shall be constituted which shall be called the State Timber Board

(2) The Board shall take over all the assets and liabilities of the Timber Project Board constituted under the Timber Project order 1945

၂၃၈။ နိုင်ငံတော်သစ်လုပ်ငန်းအဖွဲ့သည် သစ်စီမံကိန်းအဖွဲ့၏ ၁၉၄၈ ခုနှစ်၊ မေလ ၃၁ ရက်နေ့ တွင်ရှိ ပစ္စည်းပစ္စယနှင့် ပုံသေပိုင်ပစ္စည်းများကို ကျပ် ၂၉၉.၀၄ သိန်းဖြင့်တန်ဘိုးထား၍ လွှဲပြောင်းလက်ခံ ရယူသည်။

၂၃၉။ သစ်စီမံကိန်းအဖွဲ့ဥက္ကဋ္ဌ မစ္စတာဂဲလင့်ကို နိုင်ငံတော်အစိုးရက ပဋိညာဉ်စာချုပ်ဖြင့် သစ်လုပ်ငန်း၏ တာဝန်ဝတ္တရားများကို ၂ နှစ်ဆက်လက် တာဝန်ယူဆောင်ရွက်စေခဲ့သည်။ ၁၉၄၄ ခုနှစ်တွင် သစ်စီမံကိန်းအဖွဲ့ ဟူ၍ဖြစ်ပေါ်လာစေရန် မစ္စတာဂဲလင့်အနေဖြင့် သစ်ကုမ္ပဏီကြီး ၅ ခုကို ကျွန်းသစ်အဖွဲ့အဖြစ် အစိုးရဦးစီးသည့် သစ်လုပ်ငန်းတွင်ပါဝင်ရန် စည်းရုံးဆောင်ရွက်ခဲ့ပြီး 'သစ်လုပ်ငန်းပြန်လည်ထူထောင်ရေး' ကို အောင်မြင်စွာဆောင်ရွက်ပေးနိုင်ခဲ့သည်။ မြန်မာနိုင်ငံ လွတ်လပ်သောခေတ်တွင်လည်း သစ်စီမံကိန်းအဖွဲ့ကို နိုင်ငံတော်သစ်လုပ်ငန်းအဖွဲ့ အဖြစ် အကောင်အထည် ဖော်ရာတွင် အချက်အချာကျသောနေရာမှ တာဝန်ကျပွန်စွာ ပါဝင်ဆောင်ရွက်သွားသည့် နိုင်ငံအကျိုးပြု အစိုးရဝန်ထမ်းကောင်း ပညာရှင်ကြီးဖြစ်ပေသည်။

နိုင်ငံတော်သစ်လုပ်ငန်းအဖွဲ့ကို အက်ဥပဒေဖြင့် ဖွဲ့စည်းခိုင်မာစေခြင်း[၄၇]

၂၄၀။ နိုင်ငံတော်သစ် လုပ်ငန်းအဖွဲ့သည် လွတ်လပ်ရေးမရမီ ဗြိတိသျှအစိုးရ ဖွဲ့စည်းတည်ထောင်ပေးခဲ့သော သစ်စီမံကိန်းအဖွဲ့ကို ဆက်ခံလျက်လည်းကောင်း၊ နိုင်ငံခြားကျွန်းသစ်ကုမ္ပဏီကြီး ၅ခု၏ လုပ်ငန်းများကို သိမ်းယူလုပ်ကိုင်ရသဖြင့်လည်းကောင်း ပိုမိုကောင်းမွန်ခိုင်မာသည့် အဖွဲ့အစည်း ဖြစ်ရေးကို ရည်ရွယ်၍ အစိုးရသို့ ကောင်းမွန်သောအကြံဉာဏ်များပေးနိုင်ကြရန် 'သစ်လုပ်ငန်းကော်မရှင်အဖွဲ့' ကို ၁၉၄၉ ခု နှစ်၊ ဇူလိုင်လ ၁၈ ရက်နေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောရေးဝန်ကြီးဌာန (စီမံကိန်းဌာနခွဲ ၂) အမိန့်ပြန်တမ်း အမှုတွဲအမှတ် ၈၉ အေအက်(စ) ၄၉ အရ ဖွဲ့စည်း တာဝန်ပေးသည်။ ကော်မရှင်အဖွဲ့ ဥက္ကဋ္ဌမှာ ဦးဘိုကြီး တရားလွှတ်တော်တရားဝန်ကြီးဖြစ်၍ အဖွဲ့ဝင်များမှာ သစ်တောမင်းကြီးချုပ်၊ ဥက္ကဋ္ဌ နိုင်ငံတော်သစ်လုပ်ငန်းအဖွဲ့၊ အတွင်းဝန် လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောရေးဝန်ကြီးဌာန နှင့် သစ်လုပ်ငန်းကျွမ်းကျင်သူ ပြင်ပမှ ပုဂ္ဂလိက ၄ ဦးတို့ ပါဝင်ပြီး အတွင်းရေးမှူးအဖြစ် ဦးလှညွှန့် တရားမ ဝန်ထောက် (ATM) တို့ဖြစ်သည်။

၂၄၁။ ၄င်းကော်မရှင်အနေဖြင့် စာမျက်နှာ ၇ မျက်နှာ အခန်းပေါင်း ၁၄ ခန်းပါရှိသော မေးခွန်း Questionnarie ကို သစ်လုပ်ငန်းနှင့် ဆက်စပ်ကျွမ်းကျင်သူ ပုဂ္ဂလိကများ၊ အစိုးရအရာရှိများထံသို့ စောင်ရေ ၅၀၀ ခန့်ဖြန့်ဝေလျက် စုံစမ်းမေးမြန်းခြင်း၊ လူတွေ့မေးမြန်းခြင်း၊ အချက်အလက်များ မှတ်တမ်းတင်ခြင်းများ ပြုလုပ်ခဲ့သည်။ ယင်းကော်မရှင်အဖွဲ့၏ အစီရင်ခံစာကို ၁၉၅၀ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့တွင် တင်သွင်းခဲ့သည်။ အစီရင်ခံစာသည် စာမျက်နှာ ၃၉ မျက်နှာ ပါရှိ၍ သစ်လုပ်ငန်းအတွက် အကြံပြုချက်ပေါင်း ၇၇ ချက် ပါရှိသည်။ ၄င်းအကြံပြုချက်များသည် သစ်လုပ်ငန်းအဖွဲ့အတွက် နောင်ဆက်လက်လုပ်ကိုင်ရာတွင် ကောင်းစွာထောက်ပံ့ အကျိုးပြုခဲ့သည်။

၂၄၂။ ယင်းကော်မရှင်အစီရင်ခံစာက နိုင်ငံတော်သစ်လုပ်ငန်းအဖွဲ့ကို အက်ဥပဒေဖြင့် ဖွဲ့စည်းရန်နှင့် နိုင်ငံတော်၏ရေရှည်သစ်တောရေးဝါဒအတွက် ထောက်ခံချက်ကိုပါ အကြံပြုခဲ့သည်။ နိုင်ငံတော်သစ်လုပ်ငန်းအဖွဲ့သည် Essential Supplies and Services Act၊ ပုဒ်မ (၃) ၌ အပ်နှင်းသည့် အာဏာအရ

---

[၄၇] နိုင်ငံတော်သစ်လုပ်ငန်းကော်မရှင်အဖွဲ့ အစီရင်ခံစာ၊ ၁၉၅၀ ခုနှစ်

ထုတ်ပြန်သောအမိန့်ဖြင့် ဖွဲ့စည်းထားခဲ့ရာ ထိုအမိန့်ကို ရုတ်တရက် ရုပ်သိမ်းခဲ့သော် အဖွဲ့တွင် အခက်အခဲကြုံတွေ့နိုင်သည်။ ၄င်းပြင်နိုင်ငံတော်အစိုးရနှင့် နိုင်ငံတော်သစ်လုပ်ငန်းအဖွဲ့တို့၏တာဝန် အာဏာစသည်တို့ကို သေချာစွာ သတ်မှတ်ရန်လိုသည့်အပြင် ပါလီမန်လွှတ်တော်သည် အဖွဲ့၏လုပ်ငန်းကို ပိုမိုထိရောက်စွာ အုပ်ချုပ်နိုင်ရန်လိုအပ်ပေသည်။ ယင်းအကြံပြုချက်အရ The State Timber Board Act 1950 ပေါ်ပေါက် လာပြီး ၁၉၅၂ ခုနှစ်မှအစပြု၍ ၄င်းအက်ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ သစ်လုပ်ငန်းအဖွဲ့၏ ဖွဲ့စည်းမှု အသီးသီးကို ပြည့်စုံစွာဆောင်ရွက်ခဲ့သည်။

၂၄၃။ သစ်တောများအုပ်ချုပ်ရေးမူဝါဒနှင့်စပ်လျဉ်း၍ ထိုအချိန်က မြန်မာနိုင်ငံ၏ သစ်တောမူဝါဒများသည် အိန္ဒိယနိုင်ငံသစ်တောမူဝါဒနှင့် ပူးတွဲလျက် ရောထွေးယှက်တင်ဖြစ်နေရာ မြန်မာနိုင်ငံနှင့်သာသက်ဆိုင်သော သစ်တောမူဝါဒကို ပြဋ္ဌာန်းသင့်ကြောင်းနှင့် ၁၉၄၄ ခုနှစ်၌တင်သွင်းခဲ့သော အကြံပြုချက်ကို ဤကော်မရှင်အဖွဲ့က ထောက်ခံကြောင်း ဖော်ပြခဲ့သည်။

၂၄၄။ အဆိုပြုချက်မှာ – Proposals towards this end have already been put forward by the Forest Department, on the following basic principles:-[48]

(1) The forests of Burma are a valuable national asset and, as such shall be safeguarded for all time by State ownership and management.

(2) The forest estate shall be administered not only for the benefit of the population of today but also for posterity: hence suitable areas shall be reserved on a permanent basis, brought under proper protection and management, and developed with the view to securing sustained annual yields.

(3) A scientifically trained staff, provision for research in forestry and its allied subjects, and the assurance of funds sufficient to carry out the accepted policy for a series of years, are essential requirments for the effective administration, management, and development of the forest estate. Special legislation is necessary to give effect to forest policy.

၂၄၅။ နိုင်ငံတော်သစ်လုပ်ငန်းကော်မရှင်အဖွဲ့အစီရင်ခံစာ ၁၉၅၀ ခုနှစ်သည် နိုင်ငံတော်အနေဖြင့် သိသင့်သိထိုက်သည့် အကြောင်းအရာအချက်အလက်များကို လေးနက်မှန်ကန်စွာ ဖော်ပြနိုင်ခဲ့သဖြင့် လွန်စွာမှပင် ကျေးဇူးကြီးမားလှပေသည်။

၂၄၆။ နိုင်ငံတော်သစ်လုပ်ငန်းအဖွဲ့သည် သစ်စီမံကိန်းအဖွဲ့ကို လွှဲပြောင်းရယူပြီးနောက် သစ်တောဌာနအနေဖြင့် ၁၉၂၀ ခုနှစ်ကစ၍ အစိုးရ၏ရင်းနှီးမြှုပ်နှံမှုဖြင့် လုပ်ကိုင်ခဲ့သော မြစ်မခသစ်ထုတ်ရေး (သာယာဝတီ၊ ဇီးကုန်း၊ ပြည်ခရိုင်) နှင့် ရန်ကုန်ရှိ သစ်ဆိပ်၊ သစ်လောင်ကန်တို့ကို ကျပ် ၃၅.၉၉ သိန်းဖြင့် တန်ဘိုးဖြတ်၍ လွှဲပြောင်းရယူသည်။ မြစ်မခသစ်ထုတ်ရေးစခန်းသည် ဒုတိယမြောစစ်မတိုင်မီက နှစ်စဉ် ကျွန်းသစ်လုံးတန် ၃၅,၀၀၀ ခန့်ကိုထုတ်လုပ်၍ ရန်ကုန်ရှိ အစိုးရသစ်ဆိပ်အလုံတွင် ၄င်းကျွန်းသစ်လုံးများကို ဈေးပြိုင်စနစ်ဖြင့် လစဉ်လေလံတင်ရောင်းချသည့် အစိုးရပိုင် စီးပွားရေးလုပ်ငန်းဖြစ်သည်။

---

[48] The Forests of Burma Page 25-26

နိုင်ငံခြားသစ်ကုမ္ပဏီကြီး ၅ ခု၏လုပ်ငန်းကို ပြည်သူပိုင်ပြုလုပ်ခြင်း[၄၉]

၂၄၇။ ၁၉၄၈ ခုနှစ်၊ နိုင်ငံတော်၏ စီးပွားရေး ဆိုင်ရာမူဝါဒအရ၊ နိုင်ငံခြားသစ်ကုမ္ပဏီကြီး ၅ ခု၏ လုပ်ငန်းများကို ၃ နှစ်အချိန်ပေးပြီး ၃ ကြိမ် ခွဲ၍ နိုင်ငံပိုင်ပြုလုပ်ရန်စီမံခဲ့ကြသည်။ ၁၉၄၈ ခုနှစ်တွင် ပထမအရစ်အဖြစ် ၃ ပုံ ၁ ပုံသော လုပ်ငန်းများကို လက်ခံရယူသည်။ သစ်လုပ်ငန်းပြည်သူပိုင် ပြုလုပ်ရေး ကော်မတီက လုပ်ငန်းများကိုသိမ်းယူ၍ နိုင်ငံတော်သစ်လုပ်ငန်းအဖွဲ့က လုပ်ငန်းများကိုလက်ခံကာ ဆက်လက်ပြီး လက်တွေ့ အကောင်အထည်ဖော်သည်။ သစ်လုပ်ငန်းအဖွဲ့က ကုမ္ပဏီကြီးများ၏လုပ်ငန်းကို တိုက်ရိုက် သိမ်းယူခြင်းမဟုတ်ပေ။ ပထမ အရစ်တွင်သိမ်းယူရာတွင် သစ်တောများမှာ အင်းစိန်၊ ပဲခူး (မြောက်) နှင့် ပဲခူး (တောင်)၊ တောင်ငူ (မြောက်)နှင့် တောင်ငူ (တောင်)၊ ပျဉ်းမနား၊ ရမည်းသင်း၊ မိတ္ထီလာ၊ အာလံ (အောင်လံ)၊ ပြည်၊ ဇီးကုန်း နှင့် သာယာဝတီရှိသစ်တောများမှ လုပ်ငန်းများဖြစ်သည်။ ရန်ကုန်ရှိ မဂ္ဂရီကာကုမ္ပဏီနှင့် ဖူးကားကုမ္ပဏီပိုင် သစ်စက်ကြီး ၂ စက်ကိုလည်း သိမ်းယူသည်။ ဤကဲ့သို့ သိမ်းဆည်း သည်နှင့် တစ်ပြိုင်နက် သစ်စီမံကိန်းအဖွဲ့ တည်ထောင်စဉ်က အစိုးရနှင့်သစ်ကုမ္ပဏီကြီးများ ကျွန်းသစ်အဖွဲ့ ဖွဲ့စည်း၍ ဝိတ်မှတ်တမ်းဖြင့် သဘောတူခဲ့သော ဘဏ္ဍာရေးဆိုင်ရာ စည်းကမ်းချက်များကို ရပ်စဲ ပယ်ဖျက်ရပြီး အစိုးရနှင့် ကုမ္ပဏီ ၅ ခုတို့သဘောတူညီချက်အသစ် ပြန်လည်သတ်မှတ်ခဲ့ကြရသည်။

၂၄၈။ ပထမအရစ် သိမ်းယူပြီးသောအခါ လျော်ကြေးတန်ဘိုးသတ်မှတ်မှုတွင် ပြည်သူပိုင်ပြုလုပ်ရေး ကော်မတီနှင့်ကုမ္ပဏီတို့အကြား ညှိနှိုင်းမရသည့်သဘောကွဲလွဲမှုရှိခဲ့ရာ အကျိုးစီးပွားအများဆုံးထိခိုက်ခြင်း ခံရသည့် မဂ္ဂရီကာကုမ္ပဏီက ဦးဆောင်၍ တရားဥပဒေအရဆုံးဖြတ်ပေးရန် တရားရုံးချုပ်သို့ အယူခံ ဝင်သည်။ တရားရုံးချုပ်က အောက်ပါအတိုင်းဆုံးဖြတ်ပေးသည်ကို နှစ်ဦးနှစ်ဘက်လုံးက လက်ခံကြသည် –

(ကျပ်သိန်း)

ကုမ္ပဏီ	တောင်းဆိုချက် (Claims)	ခွင့်ပြုချက် (Awarded)
ဘုံဘေဘားမား	၁၅.၂၆	၇.၄၆
စတီးဘရားသား	၁၇.၂၀	၈.၃၆
မဂ္ဂရီကာ	၇၅.၅၀	၃၄.၆၅
ဖူးကား	၄၃.၈၄	၂၁.၂၂
တီဒီဖင်းလေး	၃.၃၄	၁.၉၀
စုစုပေါင်း	**၁၅၅.၁၄**	**၇၃.၅၉**

၂၄၉။ ပထမအရစ် ပြည်သူပိုင်ပြုလုပ်ရာတွင် ခွင့်ပြုသည့်မူအရ ဦးဘအိုနှင့် ဦးဘိုးဒန်သစ်ကုမ္ပဏီတို့ကို လည်း ကျပ် ၀.၆၇ သိန်း နှင့် ၀.၉၂ သိန်း အသီးသီးပေးလျော်ခဲ့သည်။ သစ်တောဌာနက လုပ်ကိုင်လျက်ရှိ

[၄၉] နိုင်ငံတော်ကောင်စီမှစုံစမ်းမေးမြန်းချက်များနှင့်ပတ်သက်၍ သစ်တောဦးစီးဌာနမှ ပြုစုတင်ပြခြင်း။ ၁၉၇၅ ခုနှစ်

သော မြစ်မခသစ်ထုတ်ရေးခရိုင် (သာယာဝတီ၊ ဇီးကုန်းနှင့် ပြည်သစ်တောနယ်) ၏ လုပ်ငန်းများကို လည်း နိုင်ငံတော်သစ်လုပ်ငန်းအဖွဲ့က စာရင်းစာအုပ်ပါ တန်ဖိုး (Book Value or Book Figure) ကျပ် ၃၅.၉၉ သိန်းဖြင့် လွှဲပြောင်းရယူလုပ်ကိုင်ခဲ့သည်။

၂၅၀။ **ကုမ္ပဏီများက ၄င်းတို့ဆန္ဒအရ လွှဲအပ်ခြင်း ။** ၁၉၄၈ ခုနှစ်အတွင်းနိုင်ငံအနှံ့ပေါ်ပေါက်လာသည့် ပြည်တွင်းရောင်စုံသောင်းကျန်းမှု တိုင်းပြည် မငြိမ်မသက်ဖြစ်မှုသည် သစ်တောများ၌လုပ်ကိုင်ရသည့် လုပ်ငန်းများတွင် အန္တရာယ်ကြီးမားလာရာ သစ်ကုမ္ပဏီကြီးများအနေဖြင့် နောက်ထပ် ၂ နှစ် လုပ်ပိုင်ခွင့်ကို ဆက်လက်လုပ်ကိုင်လိုခြင်း မရှိတော့ဘဲ ဒုတိယအရစ်နှင့် တတိယအရစ်အတွက် ကျန်ရှိနေသော လုပ်ငန်းများကို ၁၉၄၉ ခုနှစ်တွင် နိုင်ငံတော်သို့ လွှဲပြောင်းအပ်နှံခြင်းပြုခဲ့ကြသည်။ လျော်ကြေးအဖြစ် ဘုံဘေးဘာမားကုမ္ပဏီနှင့် စတီးဘရာသားကုမ္ပဏီတို့ပိုင်သည့် ပစ္စည်းအရုပ်ရုပ်တို့အတွက် ဧရာဝတီမြစ်ရိုး တစ်လျှောက်မှ ထုတ်လုပ်သည့် ကျွန်းသစ်လုံး တန် ၅၀,၀၀၀ ကို ရန်ကုန်အရောက် နိုင်ငံတော်က ပေးအပ်ရန် သဘောတူသည်။ တီဒီဖင်းလေးကုမ္ပဏီပိုင် ပစ္စည်းအရုပ်ရုပ်အတွက် ကျွန်းသစ်လုံးတန် ၄,၇၅၀ ကို မော်လမြိုင်ဆိပ်ကမ်းတွင် နိုင်ငံတော်က ပေးအပ် သည်။ ၄င်းလွှဲအပ်သောကျွန်းသစ်လုံးများမှ ခွဲစိတ်ထွက်ရှိလာသော ကျွန်းခွဲသားများကို နိုင်ငံခြားသို့ တင်ပို့ရောင်းချခြင်းတို့အပေါ် နိုင်ငံတော် အနေဖြင့် မည်သည့်အခွန်အကောက်မျှ ကောက်ခံခြင်းမပြုခဲ့ တော့ပေ။ ၁၉၄၉ ခုနှစ်၊ ဇွန်လ ၁၀ ရက်နေ့တွင် ဒုတိယအရစ်အဖြစ်စတင်ခဲ့သော ဤလွှဲပြောင်းလက်ခံ သိမ်းယူသော ကိစ္စအဝဝသည် ၁၉၅၂ ခုနှစ်၊ နိုဝင်ဘာလတွင် နောက်ဆုံးသဘော်တင်ပို့ခြင်းဖြင့် ပြီးဆုံးသွားခဲ့သည်။ ဒုတိယအကြိမ် အတွက် ကျွန်းသစ်ခွဲသားတန် ၁၁,၄၇၄ သဘော်တင်ခဲ့ရာ သဘော်ပေါ်အရောက် တန်ဘိုးကျပ် ၁၁၁.၃၀ သိန်းဖြင့် ကုမ္ပဏီကြီး ၃ ခုတို့ လျော်ကြေးရရှိသွားသည်။ ဒုတိယ အရစ်တွင် မဂ္ဂရီကာနှင့် ဖူးကားတို့ ပါဝင်ခြင်း မရှိတော့ချေ။ ၄င်းကုမ္ပဏီ ၂ ခုသည်ပထမအရစ် သိမ်းယူခြင်းတွင် အကျုံးဝင်သွားခဲ့၍ဖြစ်သည်။ ဤသို့ဖြင့် နိုင်ငံတော်သစ်လုပ်ငန်းအဖွဲ့ကို သစ်စီမံကိန်းအဖွဲ့၊ မြစ်မခသစ်လုပ်ငန်း၊ သစ်ကုမ္ပဏီများ ပြည်သူပိုင်ပြုခြင်း တို့အပေါ် အခြေခံ၍ တည်ထောင်ခဲ့ရခြင်းဖြစ်လေသည်။

၂၅၁။ နိုင်ငံတော်သစ်လုပ်ငန်းအဖွဲ့အဖြစ် တည်ထောင်လုပ်ကိုင်သောအခါ ယခင် သစ်စီမံကိန်းအဖွဲ့၊ မြစ်မခ သစ်လုပ်ငန်းနှင့် ပြည်သူပိုင်ပြုခြင်းခံရသောသစ်ကုမ္ပဏီများတွင် တာဝန်ထမ်းခဲ့သူများအား လုံးကို ၄င်းတို့ မူလရာထူးအဆင့်အတန်းအလိုက် လက်ခံခန့်အပ်ခြင်းပြုသည်။ နိုင်ငံခြားအရာရှိများနေရာတွင် မြန်မာ နိုင်ငံသားအရာရှိများဖြင့် အစားထိုးခန့်အပ်ခဲ့သည်။ လူဟောင်းများကို ရာထူးတိုးမြှင့်ပေးခြင်းနှင့် လူသစ်များကို ပြောင်းလဲလာသည့်အခြေအနေများနှင့် ကိုက်ညီစွာခန့်အပ်ခြင်း၊ လေ့ကျင့်သင်ကြားခြင်း များကိုလည်း ပြုလုပ်သည်။ သစ်တောများတွင်လုပ်ကိုင်နေသော ဆင်ပိုင်များ၊ ဆင်လုပ်သားများ၊ ကျွဲပိုင်ရှင်များ၊ ကျွဲလုပ်သားများကိုလည်း အဖွဲ့အစည်းမပျက် ဆက်လက်သိမ်းသွင်းအလုပ်ပေးသည်။ မြို့ပေါ်တွင်လုပ်ကိုင်သည့် သစ်ဆိပ်လုပ်သားများ၊ သစ်စက်ဝန်ထမ်းနှင့် လုပ်သားများကိုလည်း မူလအခြေအနေမပျက် ဆက်လက်သိမ်းသွင်း လုပ်ကိုင်သည်။ ယင်းကဲ့သို့ ဆက်လက်သိမ်းသွင်းနိုင်ခဲ့သဖြင့်လည်း လုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လုပ်ကိုင်နိုင်သည့်အပြင် မြန်မာနိုင်ငံသားများ အနေဖြင့်

လည်း မိမိတို့၏ နိုင်ငံပိုင်လုပ်ငန်းအဖြစ် လုပ်ကိုင်ခြင်းပြုရ၍ ဂုဏ်ယူဝင့်ကြွားစွာ ထောက်ခံမှုအပြည့်ဖြင့် စိတ်ရောကိုယ်ပါ အားထုတ်လုပ်ကိုင်ကြသောကြောင့် အခက်အခဲများကြားမှပင် အားရဖွယ် လုပ်ငန်းအောင်မြင်ခဲ့သည်။ နိုင်ငံတော်အစိုးရအနေဖြင့်လည်း လိုအပ်သည့်ပံ့ပိုးမှုများကို အစွမ်းကုန်ဖြည့်ဆည်းပေးခြင်းဖြင့် အချိန်ကာလတိုအတွင်းမှာပင် တောင့်တင်းခိုင်မာစွမ်းအားရှိသည့် သစ်လုပ်ငန်းအဖွဲ့ဖြစ်လာသည်။

၂၅၂။ ၁၉၄၈ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ နိုင်ငံတော်သစ်လုပ်ငန်းအဖွဲ့အား ဦးစီး ဦးဆောင်ခဲ့ကြသည့် အကြီးအကဲများမှာ စည်သူဦးမှန် (သစ်တောမင်းကြီးချုပ်)၊ ဗိုလ်မှူးကြီး ကြည်မောင်၊ ဦးတင်ထွဋ်နှင့် ဒုတိယဗိုလ်မှူးကြီးမျိုးမြင့် တို့ဖြစ်ကြသည်။



နိုင်ငံတော်သစ်လုပ်ငန်းအဖွဲ့
ဥက္ကဋ္ဌ၊ စည်သူဦးမှန်

နိုင်ငံတော်လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောရေးဝန်ကြီးဌာနကော်မတီဖွဲ့စည်းခြင်း[၅၀]

၂၅၃။ ၁၉၄၇ ခုနှစ်တွင် ရန်ကုန်မြို့ ဆိုရန်တိုဗီလာကွန်ဖရင့်မှ ပြည်ထောင်စုမြန်မာနိုင်ငံတော် စီးပွားရေး၊ ဖွံ့ဖြိုးတိုးတက်ရေး ၂ နှစ်စီမံကိန်း ထွက်ပေါ်လာခဲ့သည်။ ထိုစီမံကိန်းကို အကောင်အထည် ဖော်ရေးအတွက် လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောရေးဝန်ကြီးဌာန သဘာပတိအဖြစ် ဦးတင် (အတွင်းဝန်) ဆောင်ရွက်ပြီး အဖွဲဝင် ၇ ဦးပါဝင်သောကော်မတီကိုဖွဲ့ပြီး အဖွဲ့ကိစ္စအဝဝကို ၁၉၄၈ခုနှစ်၊ ဇန်နဝါရီလမှ စတင်စီမံကြလေ သည်။ ဆက်လက်၍ နိုင်ငံတော်သမ္မတ က ထုတ်ပြန်သော (State Timber Board Order,

---

[၅၀] နိုင်ငံတော်သစ်လုပ်ငန်းကော်မရှင်အဖွဲ့ အစီရင်ခံစာ၊ ၁၉၅၀ ခုနှစ်၊ စာ–၁၃

1948) အမိန့်၏အပိုဒ်(၄)အရ အောက်ပါပုဂ္ဂိုလ်များသည်ဘုတ်အဖွဲ့ဝင်များဖြစ်ကြောင်း ပြဋ္ဌာန်း၍ နိုင်ငံတော်သစ်လုပ်ငန်း အဖွဲ့ တာဝန်ယူ ဆောင်ရွက်ရသည့် အဓိကလုပ်ငန်းရပ်များအား ဖော်ပြခဲ့လေသည် –

(က) **ဘုတ်အဖွဲ့ဝင်များ**

(၁) ဥက္ကဋ္ဌ (၄င်းအား နိုင်ငံတော်သမ္မတကခန့်အပ်ရမည်)။

(၂) ဘဏ္ဍာရေးနှင့် အခွန်တော်ဌာနအတွင်းဝန်။

(၃) စိုက်ပျိုးရေးနှင့် သစ်တောရေးဝန်ကြီးဌာနအတွင်းဝန်။

(၄) သစ်တောဌာနမင်းကြီးချုပ်။

(၅) နိုင်ငံတော်သမ္မတခန့်ထားရမည့် အစိုးရအရာရှိမဟုတ်သူ ၅ ဦး။

(ခ) **နိုင်ငံတော်သစ်လုပ်ငန်းအဖွဲ့ တာဝန်ယူဆောင်ရွက်ရသည့် အဓိကလုပ်ငန်းရပ်များ**[၅၁]

(၁) သစ်တောထွက်ပစ္စည်းများထုတ်ယူ၊ လက်ခံ၊ ရယူ၊ ဝယ်ယူသိုလှောင်စီမံချထားသို့မဟုတ် သယ်ယူပို့ခြင်း။

(၂) သစ်တောထွက်ပစ္စည်းများ စီမံခန့်ခွဲခြင်း။

(၃) ပြည်တွင်းပြည်ပတွင် ပစ္စည်းများ ရောင်းချထုခွဲခြင်း။

(၄) ပစ္စည်းများ၊ တိရစ္ဆာန်များ၊ ယာဉ်များ၊ စက်ကိရိယာ၊ စက်ပစ္စည်းများနှင့် အခြားပစ္စည်းများ ကို ဝယ်ယူခြင်း၊ ငှားရမ်းခြင်း၊ ရောင်းချထုခွဲခြင်း။

(၅) မြေ၊ စက်ရုံ၊ သိုလှောင်ရုံ၊ အခြားအဆောက်အဦများကို ဝယ်ယူဆောက်လုပ်ငှားရမ်း ခြင်း၊ ထုခွဲရောင်းချခြင်း။

(၆) ပို့ဆောင်မှုလွယ်ကူစေရန် မြစ်ကြောင်းပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း။


(၇) ဆင်ဖမ်းလုပ်ငန်းဆောင်ရွက်ခြင်း။

(၈) ကြည့်ရှု၊ စိစစ်၊ စမ်းသပ်မှုနှင့် သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်း တို့ဖြစ်သည်။

---

[၅၁] မြန်မာ့သစ်လုပ်ငန်း၊ နှစ် ၅၀ ပြည့်ရွှေရတုမဂ္ဂဇင်း၊ ၁၉၉၈ ခုနှစ်၊ စာ–၁၄

နိုင်ငံတော်သစ်လုပ်ငန်းအဖွဲ့ ဖွဲ့စည်းပုံ[၅၂]



သစ်ထုတ်ရေး* – State Timber ဟုလည်းခေါ်ဆိုကြသည်။
S.E&L.S** - State Export & Local Sales
T.E*** – Trade Export (Rangoon & Moulmein)

နိုင်ငံတော်ပိုင်သစ်စက်များ စတင်လည်ပတ်ပုံ[၅၃]

၂၅၄။ အမှတ် (၁) နှင့် အမှတ် (၂) သစ်စက်များသည် ကျွန်းသစ်ခွဲသားများကို နိုင်ငံခြားတင်ပို့ရန် ထုတ်လုပ်သည်။ သစ်စက်မန်နေဂျာများက သစ်စက်၏ကုန်ထုတ်လုပ်မှုကို စီမံခန့်ခွဲကြသည်။ သစ်စက်အင်ဂျင်နီယာများမှ သစ်စက်ယန္တရား စဉ်ဆက်မပြတ်လည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေး၊ ယန္တရားနှင့် သစ်ခွဲလွှများ ပြုပြင်ထိန်းသိမ်းသည့် အလုပ်ရုံများကွပ်ကဲရေးတို့ကို တာဝန်ယူရသည်။

---

[၅၂] Report of The State Timber Commission (1950), Pg-102

[၅၃] နိုင်ငံတော်သစ်လုပ်ငန်းကော်မရှင်အဖွဲ့ အစီရင်ခံစာ၊ ၁၉၅၀ ခုနှစ်၊ စာ–၁၁၈

၂၅၅။ သစ်လုံးသိုလှောင်ရေးဌာနတွင် ပဲခူးမြစ်ကမ်းရှိ ယခင်မဂ္ဂရီကာကုမ္ပဏီပိုင် 'အိုးဘို' သစ်သိုလှောင်ဆိပ်နှင့် လှိုင်မြစ်ကမ်းရှိ ယခင်ဘုံဘောဘားမားသစ်ကုမ္ပဏီပိုင် 'အင်းစိန်' သစ်ဆိပ်များ ဖွင့်လှစ်ထားရှိသည်။ မြစ်ကြောင်းမှဆင်းလာသော သစ်လုံးဖောင်များလက်ခံသိုလှောင်ထိန်းသိမ်းပြီး သစ်စက်များနှင့် သစ်လုံးရောင်းဆိပ်များသို့ ဖောင်ဆွဲမော်တော်များဖြင့် ဆွဲယူပို့ဆောင်သည်။

ရောင်းဝယ်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်ပုံ[၅၄]

၂၅၆။ State Export ဌာနသည် နိုင်ငံပိုင် သစ်စက်များမှ ထုတ်လုပ်သော ပြည်ပရောင်းတန်းဝင် သစ်ခွဲသားများ ရောင်းချတင်ပို့ခြင်းနှင့် ပြည်တွင်း ရောင်းတန်းဝင် သစ်လုံးများကို လေလံတင် ရောင်းချသည်။ Trade Export ဌာနသည် ရန်ကုန်နှင့် မော်လမြိုင်မြို့များတွင် ရုံးများဖွင့်လှစ်ထားသည်။ ပုဂ္ဂလိက လုပ်ငန်းရှင်များက ထုတ်လုပ်သည့် သစ်ခွဲသားများကို နိုင်ငံခြားသို့ရောင်းချတင်ပို့ရေးကို ကြပ်မတ်ဆောင်ရွက်ပေးသည်။ သစ်လုံးရောင်းဌာနသည် ရန်ကုန်မြို့ အလုံရှိ (ယခင်အစိုးရသစ်တောဝင်း) သစ်ဆိပ်နှင့် သစ်လုံးသိုလှောင်ရေးကန်ကြီးတွင် ဖွင့်လှစ် ထားသည်။ သစ်လုံးများကို အတန်းအစားခွဲခြင်း၊ နိုင်ငံခြား ရောင်းချခြင်း ဆောင်ရွက်သည်။

နိုင်ငံတော်သစ်လုပ်ငန်းအဖွဲ့၏ သစ်ထုတ်လုပ်ငန်းဆောင်ရွက်ပုံ

၂၅၇။ ၁၉၄၉ ခုနှစ်မှစတင်၍ သစ်ထုတ်သမားများသည် သစ်တောနယ်မြေအများစုတွင် သောင်းကျန်းသူများ၏ လွှမ်းမိုးမှုများကို ရင်ဆိုင်ရပ်တည်လျက် သစ်ထုတ်လုပ်ငန်းကို မဖြစ်မနေ ကြိုးပမ်းအားထုတ်ခဲ့ကြရသည်။ အသက် အန္တရာယ်ဖြင့် ရင်ဆိုင်ရင်းနှီး၍ စွန့်စားလုပ်ကိုင်ရသည့်အတွက် အသက်စွန့်လွှတ်လုပ်ဆောင်သွားရသူ များရှိခဲ့ရာ ဤခေတ် သစ်ထုတ်လုပ်သားများ၏ ကြည်ညိုလေးစားဘွယ် ကောင်းလှသော စိတ်ဓာတ်နှင့် အနစ်နာခံမှုမျိုး သစ်လုပ်ငန်းသမိုင်းတွင် မှတ်တမ်းတင်ထိုက်ပေသည်။

၂၅၈။ နိုင်ငံတော်သစ်လုပ်ငန်းအဖွဲကြီးသည် ကြီးငါးကြီးလုပ်ငန်းများကို ပြည်သူပိုင်ပြု၍ ၁၉၄၈–၄၉ ခုနှစ်မှစ၍ သောင်းကျန်းမှုအန္တရာယ်နှင့် အခက်အခဲ အမျိုးမျိုးကြားမှ လှုပ်ရှားရုန်းကန်လျက် သစ်လုပ်ငန်းကို ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ဘဏ္ဍာနှစ် ၁၉၅၄–၅၅ ကုန်သောအခါ အထက်မြန်မာနိုင်ငံရှိ သစ်ဆိပ်များနှင့် ရန်ကုန်ရှိသစ်ဆိပ်များ၌ ကျွန်းသစ်များကောင်းစွာစုဆိုပြီး အခြေခိုင်လာခဲ့သည်။ ၁၉ ရာစုနှစ်ကုန်ပိုင်းမှစ၍ မြန်မာနိုင်ငံသစ်တောများတွင် အခြေချလျက် သစ်လုပ်ငန်းကို အကြီးအကျယ်တည်ထောင်လုပ်ကိုင်ခဲ့ကြသော နိုင်ငံခြားသားပိုင် သစ်ကုမ္ပဏီကြီးများ၏ကြီးစိုးမှုသည် မြန်မာနိုင်ငံ၏ စီးပွားရေးလောကမှ ၁၉၅၂ ခုနှစ်တွင် လုံးဝပျောက်ကွယ်သွားခဲ့ပေသည်။

၂၅၉။ ကြီးငါးကြီး၏နေရာတွင် နိုင်ငံတော်သစ်လုပ်ငန်းအဖွဲသည် အခက်အခဲအမျိုးမျိုးကို ရင်ဆိုင်ကျော်လွှားလျက် နိုင်ငံတော်၏မျှော်မှန်းချက်ကို အောင်မြင်စွာအကောင်အထည်ဖော်နိုင်ပြီး များများမတ်မတ် စွမ်းအားရှိစွာဖြင့် ပေါ်ထွက်ရပ်တည်လာပေသည်။ နိုင်ငံတော်သစ်လုပ်ငန်းအဖွဲကို မြန်မာနိုင်ငံ

---

[၅၄] နိုင်ငံတော်သစ်လုပ်ငန်းကော်မရှင်အဖွဲ့ အစီရင်ခံစာ၊ ၁၉၅၀ ခုနှစ်၊ စာ–၁၁၉

လွတ်လပ်ရေးရပြီး ၃ လအကြာတွင် ပထမဆုံးပြည်သူပိုင်လုပ်ငန်းအနေဖြင့် ပြုလုပ်ခဲ့ပြီးနောက် ထိုစဉ်က ဝန်ကြီးချုပ်ပေးပို့ ခဲ့သော သဝဏ်လွှာအား ဖော်ပြလိုက်ရပေသည်–

> "To-day opens a new chapter in Burma's Timber industry. The State Timber Board which is meeting for the first time to-day is charged with the task of preparing for and executing the nationalization of one-third of the forest area on the first of June nineteen forty-eight and the remaining areas in the two subsequent years. Extraction, conversion and Marketing of timber will ultimately become the responsibility of the Board. This is the first act in the country's programme of nationalization, and there will be many difficulties ahead of the Board. There will also be the responsibility of the care of our greatest national asset. I am confident that the Members of the Board will be equal to these immense tasks.
>
> The Board will also continue for two years the functions of the Timber Project Board in respect of the areas that still remain to be nationalized. I might take this opportunity to thank the Members of the Timber Project Board for the able and honest manner in which they have run the affairs of the Board in very difficult years.
>
> I shall be following the progress of the State Timber Board with personal interest. The country will also be watching the working of its greatest commercial undertaking. I wish the Board all success."

"ယနေ့သည်ကား မြန်မာနိုင်ငံတော်သစ်လုပ်ငန်းကြီးသည် ပြောင်းလွဲခြင်းစခန်းသစ်သို့ ဝင်ရောက်သော နေ့ပင်တည်း။ ယနေ့ပထမဦးဆုံးအကြိမ်အားဖြင့် အစည်းအဝေးကျင်းပသော နိုင်ငံတော်သစ်ရောင်းဝယ်ရေးအဖွဲ့သည် သစ်တောဧရိယာ သုံးပုံတစ်ပုံကို ၁၉၄၈ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့တွင် ပြည်သူပိုင်ပြုလုပ်ခြင်းနှင့် ကျန်ဧရိယာများကို နောက်လာမည့် ၂ နှစ်အတွင်း ပြည်သူပိုင် ဖြစ်စေခြင်းလုပ်ငန်းကြီးများကို စတင်ဆက်လက်၍ တည်ထွင်ရန် တာဝန်ဝတ္တရားကြီးများဖြင့် အပ်နှင်းထားခြင်းခံရလေသည်။ သစ်တောမှသစ်များခုတ်ယူခြင်း၊ သစ်လုံးများကို စက်တင်တိုက်ခြင်းနှင့် သစ်များရောင်းချခြင်းများမှာ ဤအဖွဲ့ကြီးပေါ်တွင် အဆုံးဌ ဥသုံကျရောက်မည့် တာဝန်ဝတ္တရားများဖြစ်ပေသည်။ ဤကိစ္စမှာ မြန်မာနိုင်ငံ၏ ပြည်သူပိုင်ပြုလုပ်ခြင်း အစီအစဉ်တွင် ပထမဦးဆုံးစတင်ပြုလုပ်လိုက်သော ဆောင်ရွက်ချက်ကြီးဖြစ်ပေ၍ အဖွဲ့ကြီးမှာ များစွာအခက်အခဲတို့နှင့် တွေ့ကြုံရပေလိမ့်မည်။ နိုင်ငံတော်တွင် အဖိုးအထိုက်တန်ဆုံးသော ပြည်သူပိုင်ပစ္စည်း၏ လုံခြုံအကျိုးပွားများမှုကို ဆောင်ရွက်ရသောတာဝန်ကြီးလည်း ကျရောက်ပေလိမ့်မည်။ သို့သော် ဤကြီးလေးသော လုပ်ငန်းကြီးများကို အဖွဲ့ဝင်လူကြီးများက လိုအပ်သည့်အလျောက် ကောင်းမွန်စွာ ထမ်းဆောင်နိုင်မည်ဟု ကျွန်တော်ယုံကြည်ပါသည်။

ဤအဖွဲ့ကြီးသည် ပြည်သူပိုင်မပြုရသေးဘဲ ကျန်ရှိနေသောဧရိယာများအတွက် နောင်ဆက်လက်၍ ၂ နှစ်တိုင်တိုင် သစ်စီမံကိန်းအဖွဲ့၏ လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ရပေလိမ့်မည်။ သစ်စီမံကိန်းအဖွဲ့နှင့် စပ်လျဉ်း၍ အကြောင်းအားလျော်စွာ ကျွန်တော်က ထိုစီမံကိန်းအဖွဲ့၏

> လူကြီးမင်းများအား အလွန်ခက်ခဲသော နှစ်များအတောအတွင်း မိမိတို့၏ဝတ္တရားများကို ကျင်လည်ဖြောင့်မတ် စွာ ထမ်းဆောင်ခဲ့သည့်အတွက် ကျေးဇူးတင်စကား ပြောကြားလိုပါသည်။[၁၅]
>
> နိုင်ငံတော်သစ်လုပ်ငန်းအဖွဲ့၏ လုပ်ငန်းအစဉ်အလာကို ကျွန်တော် အထူးစိတ်ဝင်စားစွာ ကြားနာနေပါမည်။ နိုင်ငံတော်အကြီးအကဲကလည်း ဤကဲ့သို့ အကြီးကျယ်ဆုံးသော ကုန်ရောင်း ကုန်ဝယ်ဆောင်ရွက်မှု၏ လုပ်ငန်းစဉ်ကို ကြည့်ရှုကြားနာနေပေလိမ့်မည်။ နိုင်ငံတော်သစ်လုပ်ငန်း အဖွဲ့ကြီးအား အောင်မြင်ခြင်းရှိပါစေဟု ကျွန်တော်မေတ္တာပို့သပါသည်။”

၂၆၀။ ၁၉၅၁ ခုနှစ်မတိုင်မီ သစ်ဈေးမှာ ရန်ကုန်သစ်ဆိပ်အရောက်တန်ဖိုး ကျွန်းသစ်လုံးတစ်တန်လျှင် ငွေကျပ် ၃၀၀–၄၀၀ ဖြစ်ပြီး ကျွန်းခွဲသား တစ်တန်လျှင် ငွေကျပ် ၆၀၀–၇၀၀ ဖြစ်သည်။ ၁၉၅၂ ခုနှစ်ရှိ သစ်ဈေးနှုန်းခွဲစိတ်ပြီး ကျွန်းသစ်တစ်တန်လျှင် ငွေကျပ် ၈၀၀ မှ ၁၅၀၀ အထိ ရှိသည်။ ၁၉၅၃ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှစ၍ ကုန်သည်များကို နိုင်ငံခြားသို့ ကျွန်းသစ်တင်ပို့ ရောင်းချခြင်းအား ရပ်စဲလိုက်သည်။ ဤသို့ပြုလုပ်ရခြင်းမှာ ပြည်တွင်းတွင် တရားမဝင်ကျွန်းသစ်များ ထုတ်လုပ်ခြင်းကို တားဆီးပိတ်ပင်ရန်သာမက ပြည်ပတင်ပို့သောသစ်များ၏ အရည်အသွေးကျဆင်းပြီး ကမ္ဘာ့သစ်ဈေးကွက်တွင် နာမည်ပျက်လာခြင်းကြောင့်ဖြစ်သည်။

သစ်တောစီမံအုပ်ချုပ်မှုပို့ပြိုးတိုးတက်လာခြင်း


သစ်တောဌာနဖွဲ့စည်းပုံနှင့် သစ်တောတိုင်းများဖွဲ့စည်းခြင်း

၂၆၁။ ၁၉၄၈ ခုနှစ် မြန်မာနိုင်ငံ လွတ်လပ် ရေးရပြီးနောက် လယ်ယာနှင့်သစ်တောရေးဝန်ကြီးဌာန အဖြစ် ပြင်ဆင်ဖွဲ့စည်းခဲ့သည်။ စစ်ပြီးခေတ်တွင် မြန်မာ့သစ်တောများကို အစဉ်အလာအတိုင်း ဆက်လက် အုပ်ချုပ်လုပ်ကိုင်ရန်အတွက် ၁၉၄၈–၄၉ ခုနှစ်၌ သစ်တောဌာန၏ အမြဲတမ်းဝန်ထမ်း အင်အားအဖြစ် အရာထမ်း ၁၃၅ ဦး၊ အမှုထမ်း ၂,၈၁၇ ဦး၊ စုစုပေါင်း ၂,၉၅၂ ဦးတို့ကို ခန့်ထား ဆောင်ရွက်ခဲ့သည်။ လွတ်လပ်ရေးရပြီးခေတ်တွင် ၁၉၁၃ ခုနှစ် (ကိုလိုနီခေတ်) ကတည်းက သစ်တောဌာနဖွဲ့စည်းပုံအတိုင်း ဆက်လက်ဆောင်ရွက်ခဲ့၏။ ထိုစဉ်က သစ်တောဌာနဖွဲ့စည်းပုံကို အောက်တွင်ဖော်ပြလိုက်ရပေသည်–

---

[၁၅] ၁၉၅၈ ခုနှစ်၊ မေလတွင် ပုံနှိပ်ထုတ်ဝေသော သစ်တောရေးရာဝန်ကြီးဌာန၊ မြန်မာ့သစ်လုပ်ငန်း၊ ရွှေရတုမဂ္ဂဇင်းမှ ထုတ်နှုတ်ဖော်ပြသည်။

သစ်တောဌာနဖွဲ့စည်းပုံ[၅၆]



၂၆၂။ ဖော်ပြပါ ဝန်ထမ်းဖွဲ့စည်းပုံဇယားတွင် သစ်အသားသေမှုပါရဂူ၊ အလုပ်ရုံမှူးနှင့် တောခေါင်းများ မှအပ အခြားသူများသည် သစ်တောပညာကို အထူးတလည် သင်ကြားတတ်မြောက်ခဲ့ကြရ၏။ ရန်ကုန်တက္ကသိုလ်မှ သိပ္ပံဘွဲ့ကို ဂုဏ်ထူးဖြင့်အောင်ပြီးနောက် အင်္ဂလန်ပြည်၌ သစ်တောပညာတတ်မြောက်ခဲ့သူများကိုလည်းကောင်း ရန်ကုန်တက္ကသိုလ်မှ ဥပစာသိပ္ပံတန်းအောင်ပြီး သစ်တောပညာဖြင့် သိပ္ပံဘွဲ့

[၅၆] မြန်မာနိုင်ငံသစ်တောကျောင်းအုပ်ချုပ်ခြင်း၊ ဦးထွန်းရင်(အငြိမ်းစား)၊ သစ်တောမင်းကြီး

ရရှိသူများကိုလည်းကောင်း ဝန်ထောက်များအဖြစ် ခန့်ထားခဲ့သည်။ ၁၉၆၀ ခုနှစ်မတိုင်မီက ထိုရာထူးများကို မြန်မာနိုင်ငံသစ်တောဝန်ထမ်း အကြီးတန်းတွင် စာရင်းသွင်းထားသည်။ ဤအတန်းအစားမှ အမှုထမ်းများသည် သစ်တောဝန်၊ မင်းကြီးနှင့် မင်းကြီးချုပ် ရာထူးများသို့ လုပ်သက်အလိုက်၊ အတန်းအစားအလိုက် တိုးမြှင့်ပေးခြင်းခံရသည်။ ဝါရင့်သည့် တောအုပ်များသည်လည်း ဝန်ထောက်အပြင် သစ်တောဝန်ပင် ဖြစ်နိုင်သည်။

၂၆၃။ ထိုစဉ်က ဒုတိယတောအုပ်ရာထူးအတွက် အခြေခံပညာခုနစ်တန်းရှိ၍ တောခေါင်းရာထူးနှင့် ခရိုင်များတွင် အနည်းဆုံးလုပ်သက် တစ်နှစ်ခွဲခန့်ရှိရသည်။ တောအုပ်ရာထူးတွင် အခြေခံပညာဆယ်တန်းသို့မဟုတ် အလားတူစာမေးပွဲများ အောင်မြင်သူများကိုရွေးချယ်၍ သစ်တောကျောင်းသို့ တက်ရောက်အောင်မြင်ပြီးမှ ခန့်အပ်ခဲ့သည်။ တောခေါင်းဝန်ထမ်းအတွက် အနည်းဆုံး ရေးနိုင်၊ ဖတ်နိုင်၊ တွက်နိုင်ပြီး ကျောင်းတက်ရန်ရည်မှန်း၍ အတော်အတန်ပညာရင့်သူများသာ ရွေးချယ်ခန့်ထားပြီး အပင်ပန်းခံ ဇွဲရှိသူများ၊ ရိုသေကျိုးနွံသူများဖြစ်မှသာလျှင် အမှုထမ်းကောင်းအဖြစ် ထမ်းဆောင်နိုင်သည်။

၂၆၄။ သစ်တောဌာနအကြီးအကဲမှာ သစ်တောမင်းကြီးချုပ်ဖြစ်ပြီး အပါးတော်ဝန်မှကူညီသည်။ မင်းကြီးချုပ်အောက်တွင် သစ်တောမင်းကြီးများ၊ မြန်မာနိုင်ငံတော်သစ်တောကျောင်း ကျောင်းအုပ်ကြီးနှင့် ရှမ်းပြည်နယ်သစ်တောအရာရှိချုပ်တို့ တာဝန်ထမ်းဆောင်ကြသည်။ သစ်တောမင်းကြီးများ၏ လက်အောက်တွင် သစ်တောလုပ်ငန်းစီမံရေးတိုင်း၊ နယ်တိုင်းများနှင့် အသုံးချမှုတိုင်းတို့ တည်ရှိသည်။ သစ်တောလုပ်ငန်း စီမံရေးတိုင်းနှင့် အသုံးချမှုတိုင်းတို့ကို ရန်ကုန်မြို့တွင် တွဲဘက်ထားရှိသည်။ နောင်တွင် အသုံးချမှုတိုင်းကို သစ်တောသုတေသနနှင့် လေ့ကျင့်ပညာပေးရေးတိုင်းအဖြစ် အသွင်ပြောင်းလဲ ဆောင်ရွက်သည်။ ကျန်ရှိသည့် နယ်တိုင်းများမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) **ပင်လယ်ကမ်းခြေသစ်တောတိုင်း**။ ရခိုင်၊ ဟင်္သာတ–ပုသိမ်၊ မြစ်ဝကျွန်းပေါ်၊ သထုံ–အတ္တရ၊ ဖားအံ၊ ကော့ကရိတ်၊ ထားဝယ် စသည့် ခရိုင်များပါဝင်ပြီး သစ်တောကြီးဝိုင်း ၉,၃၄၀ စတုရန်းမိုင်၊ ကြိုးပြင်တော ၃၉,၈၅၀ စတုရန်းမိုင်၊ လယ်ယာနှင့် အခြားမြေ ၁၃,၁၇၀ စတုရန်းမိုင်ရှိသည်။

(ခ) **လှိုင်သစ်တောတိုင်း**။ အင်းစိန်၊ သာယာဝတီ၊ ဇီးကုန်း၊ ပြည်၊ သရက်နှင့် အောင်လံစသည့် ခရိုင်များပါဝင်ပြီး သစ်တောကြီးဝိုင်း ၃,၀၃၀ စတုရန်းမိုင်၊ ကြိုးပြင်တော ၅,၃၉၀ စတုရန်းမိုင်၊ လယ်ယာနှင့် အခြားမြေ ၄,၇၂၀ စတုရန်းမိုင်ရှိသည်။

(ဂ) **စစ်တောင်းသစ်တောတိုင်း**။ ပဲခူးတောင်ပိုင်း၊ ပဲခူးမြောက်ပိုင်း၊ တောင်ငူတောင်ပိုင်း၊ တောင်ငူမြောက်ပိုင်း၊ ပျဉ်းမနားနှင့် ရမည်းသင်းစသည့်ခရိုင်များပါဝင်ပြီး သစ်တောကြီးဝိုင်း ၄,၇၇၀ စတုရန်းမိုင်၊ ကြိုးပြင် တော ၅,၄၇၀ စတုရန်းမိုင်၊ လယ်ယာနှင့် အခြားမြေ ၅,၀၆၀ စတုရန်းမိုင်ရှိသည်။

(ဃ) **ဥတ္တရသစ်တောတိုင်း**။ မြစ်ကြီးနား၊ ဗန်းမော်၊ အနောက်ကသာ၊ အရှေ့ကသာ၊ ရွှေဘို၊ မန္တလေးနှင့် မေမြို့ စသည့် ခရိုင်များပါဝင်ပြီး သစ်တောကြိုးဝိုင်း ၇,၁၅၀ စတုရန်းမိုင်၊ ကြိုးပြင်တော ၁၉,၂၃၀ စတုရန်းမိုင်၊ လယ်ယာနှင့်အခြားမြေ ၂၈,၉၅၀ စတုရန်းမိုင် ရှိသည်။

(င) **ချင်းတွင်းသစ်တောတိုင်း**။ အထက်ချင်းတွင်း၊ မြစ်သာ၊ အောက်ချင်းတွင်း၊ မိတ္ထီလာ၊ ယောနှင့် မင်းဘူး စသည့်ခရိုင် များပါဝင်ပြီး သစ်တောကြိုးဝိုင်း ၇,၃၆၀ စတုရန်းမိုင်၊ ကြိုးပြင်တော ၂၄,၀၉၀ စတုရန်းမိုင်၊ လယ်ယာနှင့်အခြားမြေ ၁၈,၈၂၀ စတုရန်းမိုင် ရှိသည်။

(စ) **ရှမ်းပြည်သစ်တောတိုင်း**။ မိုးမိတ်၊ ရှမ်းပြည်မြောက်ပိုင်းနှင့် ရှမ်းပြည်တောင်ပိုင်း စသည့်ခရိုင်များ ပါဝင်ပြီး သစ်တော ကြိုးဝိုင်း ၃,၁၄၀ စတုရန်းမိုင်၊ ကြိုးပြင်တော ၁၆,၀၁၀ စတုရန်းမိုင်၊ လယ်ယာနှင့်အခြား မြေ ၄၁,၇၂၀ စတုရန်းမိုင်ရှိသည်။

(ဆ) **ကယားပြည်သစ်တောခရိုင်**။ ခရိုင်သစ်ကို ၁၉၅၈ ခုနှစ်တွင်ဖွင့်ခဲ့သည်။ ပြည်နယ်သစ်တောအရာရှိတစ်ဦး (ဝန်ထောက်အဆင့်) ခန့်အပ်၍ သစ်တောများကို စီမံအုပ်ချုပ်ခဲ့သည်။

ဥပဒေနှင့် ညွှန်ကြားချက်များ ထုတ်ပြန်ခြင်း

၂၆၅။ မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီး နောက်ပိုင်းတွင် လွတ်လပ်ရေးမရရှိမီက ပြဋ္ဌာန်းခဲ့သည့် သစ်တောဥပဒေ၊ နည်းဥပဒေများအား ဆက်လက်ကျင့်သုံးခဲ့သည်။ ၁၉၃၆ ခုနှစ် မြန်မာ့ တောရိုင်း တိရစ္ဆာန်များ ကာကွယ်ရေးဥပဒေ (Burma Wildlife Protection Act, 1936) နှင့် နည်းဥပဒေများကိုပေါင်းစပ်၍ ၁၉၅၆ ခုနှစ် တွင် အသစ်တဖန် ပြုပြင်ရေးဆွဲပြဋ္ဌာန်းခဲ့ကြသည်။

၂၆၆။ ခေတ်အဆက်ဆက် မြန်မာနိုင်ငံသစ်တောအရာထမ်းများအတွက် ဌာနဆိုင်ရာညွှန်ကြားချက် (Departmental Instructions) များကို အင်္ဂလိပ်ဘာသာဖြင့် ထုတ်ပြန်ခဲ့ရာမှ မြန်မာဘာသာသည် နိုင်ငံတော်၏ ရုံးသုံးဘာသာစကားဖြစ်လာသည်နှင့်အညီ ၁၉၅၅ ခုနှစ်၊ ဖေဖော်ဝါရီလတွင် မြန်မာနိုင်ငံ သစ်တောအရာထမ်းများအတွက် ဌာနဆိုင်ရာညွှန်ကြားချက်များ (Departmental Instructions for Forest Officers in Burma) ကို မြန်မာဘာသာဖြင့် ပထမဆုံးအကြိမ်ပုံနှိပ်နိုင်ခဲ့သည်။ ၁၉၅၂ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်နေ့အထိ သစ်တောမင်းကြီးချုပ်ကိုယ်တိုင်ထုတ်ပြန်သော သို့မဟုတ် အခြားသူများထုတ်၍ အတည်ပြုထားသော အမိန့်အားလုံးစုပေါင်းထည့်သွင်းခဲ့သည်။ ယင်းဌာနဆိုင်ရာ ညွှန်ကြားချက်များ စာအုပ်တွင် အခန်း ၁၄ ခန်းပါဝင်ပြီး ၄င်းတို့မှာ (၁) အမှုထမ်း၊ အရာထမ်းစု၊ (၂) သစ်တောအုပ်ချုပ်ခြင်းနှင့် လုပ်ကိုင်ခြင်း၊ (၃) အုပ်ချုပ်မှုနည်းလမ်းစဉ်၊ (၄) ကာကွယ်ခြင်း၊ (၅) တိုးတက်ဆောင်ရွက်မှု၊ (၆) သစ်ထုတ်ခြင်း၊ (၇) အခွန်တော် အတွက် ပြဋ္ဌာန်းထားသည့်လုပ်ကိုင်နည်း၊ လမ်းခုလပ်ရှိ သစ်တောထွက်ပစ္စည်းများ အုပ်ချုပ်ခြင်း၊ သိမ်းဆည်းခြင်းနှင့်ရောင်းချခြင်း၊ (၈) ပစ္စည်းများ၊ (၉) သုတေသန၊ (၁၀) လုပ်ကိုင်ရန် စည်းမျဉ်းအထွေထွေ၊

(၁၁) မှတ်တမ်းများသွင်းပုံနှင့် ထိန်းသိမ်းခြင်း၊ (၁၂) အချိန်မှန်အစီရင်ခံစာများနှင့် စာရင်းများ၊ (၁၃) ငွေစာရင်း၊ (၁၄) တရားဥပဒေနှင့်ဆိုင်သော လုပ်နည်းကိုင်နည်းတို့ဖြစ်သည်။[၅၇]

၂၆၇။ ဒုတိယကမ္ဘာစစ်ကြီးအတွင်းက သစ်တောဌာနလက်အောက်အမှုထမ်းများ လိုက်နာရန်အမိန့်များ အားလုံးလိုလိုပင် ပျောက်ဆုံးခဲ့ပြီး ဌာနလုပ်ငန်းအရပ်ရပ်ဆောင်ရွက်ရာ၌ အခက်အခဲများစွာနှင့် တွေ့ကြုံရသဖြင့် ကော်မတီတစ်ခုဖွဲ့စည်း၍ သစ်တောဌာနလက်အောက်အမှုထမ်းများ အမြဲလိုက်နာရန် အမိန့်လက်စွဲစာအုပ်ကို မြန်မာဘာသာဖြင့်ပြုစုစေပြီး ၁၉၅၅ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်နေ့ ရက်စွဲဖြင့် သစ်တောမင်းကြီးချုပ်ဦးချိန်ဟိုးမှ လက်မှတ်ရေးထိုးထုတ်ပြန်ခဲ့သည်။ ယင်းအမိန့်လက်စွဲစာအုပ်တွင် အခန်း ၈ ခန်း နှင့် နောက်ဆက်တွဲ ၄၅ ခုပါဝင်သည်။ အခန်းများမှာ (၁) အထွေထွေ၊ (၂) အကျင့်စာရိတ္တနှင့် နည်းနာနိသျ၊ (၃) နေ့စဉ်မှတ်တမ်းများ၊ (၄) ရုံးအလုပ်၊ (၅) ငွေစာရင်း၊ (၆) သစ်တောအလုပ်များ၊ (၇) အခွန်တော်နှင့် သက်ဆိုင်သည့်အလုပ်စဉ်များ၊ (၈) သောင်းပြောင်းတို့ဖြစ်သည်။

သစ်တောပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများဆောင်ရွက်ခြင်း

ကျွန်းသင်းသတ်ခြင်းနှင့် သစ်မာပင်ထောင်ရိုက်မှတ်ခြင်း

၂၆၈။ သစ်တောဦးစီးဌာနသည် သစ်တော စီမံ အုပ်ချုပ်လုပ်ကိုင်မှု သစ်တောထွက်ပစ္စည်းများ စဉ်ဆက်မပြတ်ရရှိစေရေးအတွက် သစ်တောများကို စနစ်တကျစီမံအုပ်ချုပ်ရာတွင် ကျွန်းသင်းသတ်ခြင်း၊ ကျွန်းစိုရိုက်မှတ်ခြင်းတို့မှာ အရေးကြီးသော လုပ်ငန်း ရပ်များအဖြစ်ပါဝင်သည်။ အဆိုပါလုပ်ငန်းများ ဆောင်ရွက်ရာတွင် နှစ်စဉ်တောထွက် (Annual Yield) ဘောင်အတွင်းမှထုတ်ယူခဲ့သည်။ ၁၉၄၅–၄၆ မှစတင်၍ သတ်မှတ်ခဲ့သောတောထွက်မှာ တစ်နှစ်လျှင် ကျွန်းပင် ၁၇၃,၇၉၀ ပင်ဖြစ်သည်။ အဆိုပါ နှစ်စဉ်တောထွက် ပမာဏ သည် ၁၉၄၅–၄၆ ခုနှစ်မှ ၁၉၇၇–၇၈ ခုနှစ်အထိ တည်တံ့ခဲ့သည်။ ၁၉၄၈–၄၉ ခုနှစ်မှ ၁၉၆၁–၆၂ ခုနှစ်ထိ ကျွန်းသင်းသတ်ခြင်း ၁,၃၅၀,၁၀၉ ပင်၊ ကျွန်းစိုပင်ထောင်ရိုက်ခြင်း ၆,၁၁၀ ပင် ဆောင်ရွက် ခဲ့သည်။

၂၆၉။ ဒုတိယကမ္ဘာစစ်ဖြစ်ချိန်မှစ၍ လွတ်လပ်ရေးရပြီး ပြည်တွင်းသောင်းကျန်းမှုဖြစ်ပွားနေသော ၁၉၄၁–၁၉၅၆ ခုနှစ်အတွင်း သစ်တောလုပ်ငန်းများကို ထိထိရောက်ရောက်မလုပ်ကိုင်နိုင်ခဲ့ပေ။ တစ်နည်းအားဖြင့် သစ်တောလုပ်ငန်းများ ၁၅ နှစ်စာမျှအကြွေးတင်ခဲ့သည်။ အဓိကလုပ်ငန်းဖြစ်သော ကျွန်းသင်းသတ်ခြင်းလုပ်ငန်းကို သောင်းကျန်းသူအခြေအနေကြောင့် နိုင်ငံအနှံ့ တကွဲတပြားစီလုပ်ကိုင်ရန် မဖြစ်နိုင်တော့ဘဲ အခြေအနေပေးသော ခရိုင်များအတွင်း တစ်နေရာတည်း၌စုပြုံ၍ လုပ်ကိုင်ခဲ့ရသည်။ လုပ်ကိုင်ရာ၌လည်း လုံခြုံရေးအခြေအနေအရ တပ်မတော်၏အကူအညီကိုရယူ၍ ဆောင်ရွက်ခဲ့ကြရသည်။ နိုင်ငံတော်၏အခွန်တော်ငွေ၊ ဘဏ္ဍာငွေရရှိရေးအတွက် သစ်တောဝန်ထမ်းများသည် တပ်မတော်သားများ၏ လုံခြုံရေးအကူအညီရယူ၍ တောတွင်း၌ ကျွန်းသင်းသတ်ခြင်းလုပ်ငန်းကို သက်စွန့်ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။ ထိခိုက်ဒဏ်ရာရသူများ၊ ကျဆုံးသူများ အများအပြားရှိခဲ့သည်။ ၁၉၅၆–၅၇ ခုနှစ်တွင်

---

[၅၇] မြန်မာပြည်သစ်တောကြေးမုံ၊ အတွဲ (၅) ၁၉၅၅ ခုနှစ် အမှတ် (၂)

တစ်ပြည်လုံး ၂၈၇၁၄၈ ပင် သင်းသတ်ခဲ့သည်။ သင်းသတ်မှုပမာဏ အများဆုံးစံချိန်ချိုးခဲ့သည်။ နောက်နှစ်များတွင်လည်း ထိုကဲ့သို့ပင် စုပြုံသင်းသတ်ခြင်းလုပ်ငန်း ဆောင်ရွက်ပေးသဖြင့် သစ်ထုတ်ရေးအဖွဲ့မှ သစ်ထုတ်နိုင်ခဲ့သည်။ ထို့အတူပင် သစ်မာပင်ထောင်ရိုက်မှတ်ခြင်းကိုလည်း သစ်တောဝန်ထမ်းများမှ သောင်းကျန်းသူဧရိယာများအတွင်း သက်စွန့်ကြိုးပမ်းဆောင်ရွက်ပေးခဲ့သည်။ အဆိုပါကာလအတွင်း နှစ်စဉ် သစ်မာတန် ၆ သိန်းခန့် ပင်ထောင်ရိုက်မှတ်ပေးနိုင်ခဲ့သည်။

၂၇၀။ ၁၉၅၅–၅၆ခုနှစ်မှစ၍ စတင်အကောင်အထည်ဖော်ခဲ့သော လေးနှစ်စီမံကိန်း (ပြည်တော်သာစီမံကိန်း) အရ ၁၉၅၆–၅၇ ခုနှစ်အတွင်း ကျွန်းသင်းသတ်ခြင်းလုပ်ငန်းနှင့် သစ်မာထုတ်လုပ်ခြင်းလုပ်ငန်း အခြေအနေကို ဖော်ပြအပ်ပေသည်–

၁၉၅၆–၅၇ ခုနှစ် ကျွန်းသင်းသတ်ခြင်းနှင့် သစ်မာထုတ်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်မှု[၅၀]

စဉ်	လုပ်ငန်း	ရည်မှန်းချက်	ဆောင်ရွက်နိုင်မှု	ရာခိုင်နှုန်း
၁။	ကျွန်းသင်းသတ်ခြင်း			
(က)	နိုင်ငံတော်သစ်လုပ်ငန်းအဖွဲ့	စာရင်းဝင်ပင် ၂၂၀,၀၀၀	၂၆၀,၂၀၉	၁၁၈
(ခ)	နှစ်ရှည်ကုန်သည်များ	စာရင်းဝင်ပင် ၁၀,၆၈၅	၅,၂၁၈	၄၈
(ဂ)	နှစ်တိုကုန်သည်များ	စာရင်းဝင်ပင် ၂၁,၀၅၀	၂၁,၇၂၁	၁၀၃
၂။	သစ်မာထုတ်လုပ်ခြင်း	တန် ၄၈၀,၀၀၀	၅၈၅,၇၇၃	၁၂၂

၂၇၁။ အချို့ဒေသများတွင် လက်နက်ကိုင်အစောင့်အရှောက်မပါဘဲ သစ်တောဝန်ထမ်းများမှ ဆောင်ရွက်ခဲ့ရခြင်းဖြစ်ရာ နိုင်ငံတော်သမ္မတကြီးက အောက်ပါအတိုင်း ချီးကျူးဂုဏ်ပြုခဲ့သည်–

> "ပြည်တွင်းထွက်ကုန် ဖူလုံရေးနှင့် ပြည်ပသို့ ကျွန်းသစ်များ တင်ပို့ရောင်းချခြင်းဖြင့် နိုင်ငံခြားငွေများ ပိုမိုရရှိရေးတို့အတွက် ကျွန်းသစ်များကို အစွမ်းကုန်ထုတ်ရောင်းချရန်ရည်စူး၍ စစ်နှင့် သောင်းကျန်းသူများ၏ ဘေးရန်ကြောင့် ယခင်နှစ်များတွင် မဆောင်ရွက်နိုင်ခဲ့သော သင်းသတ်ခြင်းလုပ်ငန်းကို တင်းပြည့်ကျပ်ပြည့်ဆောင်ရွက်ရန် သစ်တောဌာနမှ ရေးဆွဲထားသောလုပ်ငန်းအစီအစဉ်များအရ သစ်တောဌာနအမှုထမ်း၊ အရာထမ်းများနှင့် သစ်တောလက်နက်ကိုင်အစောင့်အရှောက်များသည် တပ်မတော်၏အကူအညီဖြင့် ၁၉၅၆–၅၇ ခုနှစ်အတွင်း သင်းသတ်လုပ်ငန်းကို ဆောင်ရွက်ခဲ့ရာတွင် သင်းသတ်အဖွဲ့ဝင်များ၏ စိတ်ဓာတ်ခိုင်မြဲမှုနှင့် စွန့်စားဆောင်ရွက်မှုများကြောင့် ပန်းတိုင်အဖြစ် ရည်မှန်းထားသော ပင်ထောင်ဦးရေ ၂၅၁,၇၃၅ ထက်ကျော်လွန်၍ ပင်ထောင် ၂၈၇,၁၄၈ ထိ အောင်မြင်စွာ သင်းသတ်နိုင်ခဲ့သည်ကို တွေ့ရှိရသဖြင့် နိုင်ငံတော်သမ္မတက အထူးနှစ်ထောင်းအားရသည့်အလျောက် သင်းသတ်ရာတွင်ပါဝင်ကြသော

---

[၅၀] မြန်မာပြည်သစ်တောကြေးမုံ၊ အတွဲ(၈) ၁၉၅၈ ခုနှစ် အမှတ်(၁)

သစ်တောဌာနအမှုထမ်း၊ အရာထမ်းများ၊ သစ်တောလက်နက်ကိုင် အစောင့်အရှောက်များနှင့် တပ်မတော်သားများအား လှိုက်လှိုက်လဲ့လဲ့ချီးကျူး၍ ကျေးဇူးဥပကာရတင်ရှိကြောင်း အကြောင်းကြားသိစေအပ်ပါသည်။"



သောင်းကျန်းသူကြီးစိုးသော ဗန်းမော်ဒေသတွင် သစ်ထုတ်ရေးဝန်ထမ်းများနှင့် လက်နက်ကိုင် အစောင့်အရှောက်များ၏တောတွင်းတစ်နေရာ မှတ်တမ်းပုံ

သစ်တောစိုက်ခင်းများတည်ထောင်ခြင်း[၁၉]

၂၇၂။ ဒုတိယကမ္ဘာစစ်ကြီးကာလ အတွင်းမြန်မာနိုင်ငံသည် စစ်မြေပြင်ဖြစ်ခဲ့ရပြီး စစ်ပြီးသည့်နောက်ပိုင်းတွင်လည်း အုပ်ချုပ်ရေးတည်ငြိမ်မှု မရရှိသဖြင့် သစ်တောစိုက်ခင်းလုပ်ငန်းများနှင့် ပတ်သက်၍ မှတ်တမ်းမှတ်ရာများ မတွေ့ရှိရပေ။ ၁၉၄၈ ခုနှစ် လွတ်လပ် ရေးရပြီးနောက်တွင် ပြည်တွင်းသောင်းကျန်းမှု စစ်ဘေးစစ်ဒဏ်ကြောင့် သစ်တောစိုက်ခင်းနှင့် သစ်တော ထိန်းသိမ်းမှု အခြေအနေအနည်းငယ် ရပ်တန့်သွားသည်။ ၄င်းခေတ်တွင် စစ်အတွင်းကပျက်စီးသွားခဲ့သော သစ်တောကြိုးဝိုင်းများနှင့် ဒေသန္တရ ထောက်ပံ့ရေးကြိုးဝိုင်းများကို ဦးစားပေး၍ ပြန်လည်ထူထောင် နေရသော ကာလဖြစ်သည်။ မှတ်တမ်းများအရ ၁၉၄၈ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ ကျွန်းစိုက်ခင်း ၃,၀၃၉ ဧကနှင့် အခြားသစ်မျိုးစိုက်ခင်း ၁,၇၁၀ ဧက၊ စုစုပေါင်း ၄,၇၄၉ ဧက သာ စိုက်ပျိုးနိုင်ခဲ့သည်။

---

[၁၉] သစ်တောဦးစီးဌာနဆိုင်ရာအချက်အလက်များ၊ ၂၀၀၃ ခုနှစ်၊ ဒီဇင်ဘာလ



မြစ်ကြီးနားခရိုင်၊ အင်းတော်ကြီးဒေသသို့ လယ်ယာနှင့်သစ်တော ဝန်ကြီးသခင်ကျော်ဒွန်းနှင့်အဖွဲ့ လာရောက်စစ်ဆေးစဉ်ပုံ (၁၉၅၃)

ရွှမ်းပြည်နယ်မြေယာထိန်းသိမ်းရေး[၆၀]

၂၇၃။ ၁၉၅၁ ခုနှစ်တွင် ရွှမ်းပြည်နယ် မြေယာထိန်းသိမ်းရေး ဥပဒေကို ပြဋ္ဌာန်းရန်ဆောင်ရွက်ခဲ့သည်။ ၁၉၅၂-၅၃ ခုနှစ်တွင်ရွှမ်းပြည်နယ် အစိုးရမြေယာထိန်းသိမ်းရေးဌာနမှ မိုးရွာသွန်းမှုကြောင့် ဖြစ်ပေါ်လာသော ရေစီးမှုနှင့်ပတ်သက်၍ မြေတိုက်စားမှုမှ ကာကွယ်ရန်နှင့် လျှုမြောင်ချိုင့်ဝှမ်းများအတွင်း စပါးစိုက်သော တောင်ယာသမားများအား ရေပေးဝေရေး အတွက် လေ့လာမှုများပြုလုပ်ခဲ့ကြသည်။ ပူပြင်းခြောက်သွေ့သောရာသီများတွင် တောင်ကုန်းများပေါ်ရှိ မြက်များအား ရိုးရာဓလေ့အားဖြင့် မီးရှို့ခြင်းကြောင့်ဖြစ်ပေါ်လာသော အကျိုးဆက်များသည် လျှုမြောင်၊ ချိုင့်ဝှမ်းအတွင်းမှ စပါးခင်းများတွင် ရေလွှမ်းမိုးခြင်းနှင့် ရေလုံလောက်စွာမရရှိခြင်းတို့ ဖြစ်ပေါ် စေသည်။ အဆိုပါပြဿနာများကို ဖြေရှင်းရန် ရေဝေရေလဲဧရိယာဖြစ်သော သာမိုင်းခမ်းကျေးရွာအနီးတွင် ၅၀ ဧကခန့်ရှိစမ်းသပ်ကွက် ၂ ခု တည်ထောင်၍ စနစ်တကျစမ်းသပ်ခဲ့သည်။ မိုးရွာသွန်းမှုကြောင့် ဖြစ်ပေါ်လာသော ရေစီးဆင်းမှုပမာဏကို နာရီနှင့်အမျှ အလိုအလျောက်မှတ်တမ်းတင်သည့် ကိရိယာအား အမေရိကန်နိုင်ငံ Technical Co-operation Agency (T.C.A) မှ ထောက်ပံ့ခဲ့သည်။ အဆိုပါ သုတေသန လုပ်ငန်းအား စိတ်ဝင်စားသော ဒေသခံတောင်ယာသမားများနှင့် ဝန်ထမ်းများမှ စောင့်ကြပ်ကြည့်ရှု ဆောင်ရွက် ခဲ့ကြသည်။

---

[၆၀] မြန်မာပြည်သစ်တောကြေးမုံ၊ အတွဲ(၄) ၁၉၅၄ ခုနှစ် အမှတ်(၁)

၂၇၄။ **မြေယာထိန်းသိမ်းရေးနှင့်ပတ်သက်၍ပထမဆုံးစမ်းသပ်ချက်**။ ရှမ်းပြည်နယ် မြေယာထိန်းသိမ်းရေးဌာနမှ ရှမ်းပြည်နယ်မြို့တော်၊ တောင်ကြီးမြို့၏ အစွန်အဖျား ဒေသတွင် စမ်းသပ်ကွက်များ တည်ထောင်ခဲ့သည်။ စမ်းသပ်ကွက်များကို ကွဲပြားခြားနားသော တောင်ယာစနစ် အောက်မှာရှိသော မြေများတွင် ရေဆုံးရှုံးမှုကိုတိုင်းတာရန် ဒီဇိုင်းရေးဆွဲခဲ့သည်။ အဆိုပါ အစီအစဉ်သည်အမေရိကန်ပြည်ထောင်စု၏ (Point IV Program) မှ မြေယာထိန်းသိမ်းရေး အကြံပေးအား ကူညီထောက်ပံ့ခဲ့ပြီး ဌာနမှ လုပ်ငန်းများအား အကူအညီပေးခဲ့သည်။ စမ်းသပ်ကွက်ငယ် ၉ ကွက် ဆောင်ရွက်ပြီး တစ်ဧကဧ၏ တစ်ရာပုံတစ်ပုံ ကျယ်ဝန်းသည်။ ရှမ်းပြည်နယ်ရှိ တောင်ယာဧရိယာကြီးများကို ကိုယ်စားပြုဖြစ်သော ဆင်ခြေလျှော ၅ ရာခိုင်နှုန်းရှိ စမ်းသပ်ကွက်များတည်ထောင်ခဲ့သည်။ အဆိုပါ စမ်းသပ်ကွက်များအား ၁၉၅၂ ခုနှစ်တွင်တည်ထောင်ခဲ့ပြီး ၁၉၅၃ ခုနှစ်တွင် ပထမဦးဆုံး ကိန်းဂဏန်းအချက်အလက်များ ရရှိခဲ့သည်။ အဆိုပါ စူးစမ်းလေ့လာမှုမှာ အရှေ့အာရှမှလွဲ၍ မြန်မာပြည်တွင် ပထမဦးဆုံး ဆောင်ရွက် ချက်ဖြစ်သည်။ မြေယာထိန်းသိမ်းရေးဌာနမှ တောင်ယာသမားများနှင့် ပူးပေါင်း၍ လက်တွေ့အကောင်အထည် ဖော်နိုင်မည့် နည်းစနစ်ကျသော မြေယာထိန်းသိမ်းရေးအစီအစဉ်များ ဆောင်ရွက်ရန် မူဝါဒတစ်ခုချမှတ် အသုံးပြုခဲ့သည်။ သာမိုင်းခမ်းကျေးရွာအနီး သဒါရိုကျေးရွာ မြေတစ်ကြောတွင် စီမံအုပ်ချုပ်သူနှင့် ကျေးရွာခေါင်းဆောင်များ ပူးပေါင်းဆောင်ရွက်သည့် ပထမဦးဆုံး သရုပ်ပြဧရိယာဧက ၁၅၀ အား ဆောင်ရွက်ခဲ့သည်။ အဆိုပါ ဆောင်ရွက်ချက်မှ လှေကားထစ်တောင်ယာ စနစ် (Terrace Farming) ကျင့်သုံးခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများကို ကျေးရွာခေါင်းဆောင်များသို့ ရှင်းလင်းပြနိုင်ခဲ့သည်။ မြေယာထိန်းသိမ်းရေးဌာနမှ ပြည်သူအများကို အကြံပေးနိုင်ရန် သင်တန်းများပေးခြင်း ဖော်ပြပါပူးပေါင်း ဆောင်ရွက်မှု အစီအစဉ်မှ ရရှိလာသော အကျိုးကျေးဇူးများနှင့် တောင်ယာနည်းစနစ်သစ်တို့ကို ပတ်ဝန်းကျင်ကျေးရွာသားများအား ဖိတ်ခေါ်ပြသခြင်းများ ပြုလုပ်ခဲ့သည်။

၂၇၅။ ၁၉၆၂ ခုနှစ်တွင် မြေယာထိန်းသိမ်းရေးဌာနခွဲကို သစ်တောဦးစီးဌာန၏ လက်အောက်တွင် ဖွဲ့စည်း၍ မြေယာထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။ ရှမ်းပြည်နယ်တောင်ပိုင်း၊ အရှေ့ပိုင်း၊ မြောက်ပိုင်းရှိမြို့နယ်များတွင် မြေယာထိန်းသိမ်းရေးရုံးများဖွင့်လှစ်၍ ရေဝေရေလဲစိုက်ခင်းများ တည်ထောင်ခြင်း၊ ကမ်းပါးပြိုထိန်းသိမ်းခြင်း၊ လှေကားထစ်တောင်ယာဖော်ထုတ်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

သစ်တောပြန်လည်ထူထောင်ရေးစီမံကိန်း[၆၁]

၂၇၆။ ၁၉၅၄ ခုနှစ် ဖေဖော်ဝါရီလတွင် မြေယာကျေးလက် ကြီးပွားတိုးတက်ရေး ကော်ပိုရေးရှင်းကမိုးခေါင်ရေရှားအပူပိုင်းဒေသ သစ်တောတည်ထောင်ရန်စီမံကိန်းကို အမြဲလုပ်ကိုင်ရန် သဘောတူပြီး ၄င်းကော်ပိုရေးရှင်း၏ ဌာနခွဲအနေဖြင့် ပြည်တော်သာစေမည့် လုပ်ငန်းဆောင်တာများကို သစ်တော

[၆၁] မြန်မာပြည်သစ်တောကြေးမုံ၊ အတွဲ(၄) ၁၉၅၄ ခုနှစ် အမှတ်(၁)နှင့် အတွဲ(၇)၊ ၁၉၅၇ ခုနှစ် အမှတ်(၂)

မင်းကြီးချုပ်ဟောင်း ဦးကျော်ခိုင် ကိုယ်တိုင် ဦးကျော်ဇံနှင့်အတူ အပူပိုင်းဒေသရှိ သစ်တောအရာရှိများကြီးကြပ်၍ စီစဉ်စိုက်ပျိုးခြင်းကို စတင်ခဲ့သည်။ လုပ်ငန်းအစီအစဉ်နှစ်ရပ်မှာ–

(က) မြင်းခြံ၊ မကွေး၊ မိတ္ထီလာခရိုင်များ၌ ၎က ၂,၂၅၀ တို့ကို မြေယာကျေးလက် ကြီးပွားတိုးတက်ရေးကော်ပိုရေးရှင်းမှ စိုက်ပျိုး၍ လူထုအားစံပြအဖြစ် စိမ်းလန်းစိုပြည်သော သစ်တောများပေါ်ပေါက်လာအောင် တည်ထောင်ခဲ့သည်။

(ခ) ဤကော်ပိုရေးရှင်းကနည်းပေးလမ်းပြပြုလုပ်၍ ၈ နှစ်အတွင်း ကျေးရွာလူထုပိုင်၎က ၂ သိန်းကျော် သစ်တောများဖြစ်မြောက်လာရန် လူထုအကူအညီနှင့် အစိုးရမှကျပ်ငွေ ၄၃ သိန်းကျော် ခန့်သုံးစွဲမည်ဟု ရည်ရွယ်ခဲ့သည်။ အထူးသဖြင့် ပုပ္ပါးတောင် ရေဝေရေလဲသစ်တောများ ပြန်လည်ထူထောင်ခြင်း၊ ကျေးရွာသစ်တောများနှင့် စံပြသစ်တောများကို ဦးစားပေး ၍ တည်ထောင်ခြင်းများပြုခဲ့သည်။

၂၇၇။ စစ်ပြီးကာလတွင် မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး တည်ငြိမ်မှုမရှိ အုပ်ချုပ်ရေးယန္တရားပျက်ပြားနေသည်နှင့်အမျှ မြန်မာ့အဖိုးတန်သစ်တောများကို စနစ်တကျအုပ်ချုပ်စီမံထိန်းသိမ်းခြင်းလည်းကင်းဝေးခဲ့သည်။ တည်ငြိမ်မှုမရှိသေးသည့်ကာလအတွင်း ပြည်သူအများစီးပွားပျက်၍ မြန်မာ့သစ်တောများအပေါ် မှီခိုသူများပြားလာ၍ ပိုမိုပျက်စီးခဲ့သည်။

၂၇၈။ ပျက်စီးလာသည့် မြန်မာ့အဖိုးတန်သစ်တောများကို ပြန်လည်ထိန်းသိမ်းရန်အတွက် ရေရှည်စီမံကိန်းများချမှတ်ဆောင်ရွက်သွားရန် အစီအစဉ်အရလည်းကောင်း၊ နိုင်ငံတော်အနေဖြင့် စိုက်ပျိုးရေးကို အဓိက မှီခိုနေရသည့်အတွက်လည်းကောင်း၊ စိုက်ပျိုးရေးနှင့်ပတ်သက်သမျှ စုံလင်စွာပါဝင်စေသည့် မြေနှင့်စိုက်ပျိုးရေး စီမံကိန်းတစ်ခုကို ပြည်ထောင်စုတစ်ခုလုံးအတွက် ရေးဆွဲပေးနိုင်ရန် 'ပြည်ထောင်စုမြေနှင့်လယ်ယာစိုက်ပျိုးရေးစီမံကိန်းကော်မရှင်' ကို လယ်ယာနှင့်သစ်တောရေးရာဝန်ကြီးဌာန၏ ၁၉၅၄ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်နေ့ ရက်စွဲပါ ဆုံးဖြတ်ချက်အမှတ်၊ ၂၂၉ လ–က ၅၄ အရ ခန့်အပ်ခဲ့သည်။

၂၇၉။ ဤတွင် ဖွံ့ဖြိုးမှုနည်းပါးသော နယ်များနှင့် သီးခြားပြုပြင်မှုလိုအပ်သော ဒေသများအတွက်လည်း ဒေသဆိုင်ရာလေ့လာချက်များ ပြုလုပ်ခဲ့သည်။ မြန်မာနိုင်ငံတစ်ခုလုံးတွင် မြေအသုံးချပုံကိုခြုံငုံ၍ လေ့လာခြင်းသည် မြန်မာ့သမိုင်းကြောင်းတစ်လျှောက်၌ ပထမဆုံးအကြိမ်ဖြစ်သည့်အလျောက် စိတ်ဝင်စားဖွယ်အချက်အလက် မြောက်မြားစွာတွေ့မြင်ခဲ့ရသည်။

၂၈၀။ ဆောင်ရွက်ခဲ့သောလုပ်ငန်းများအနေဖြင့် ပျိုးဥယျာဉ်များတည်ထောင်ခြင်း၊ ကျေးရွာသစ်တောစိုက်ခင်းများတည်ထောင်ခြင်း၊ ဓမ္မတာမျိုးဆက်ခြင်းဖြင့် သစ်တောများ ကာကွယ်ထိန်းသိမ်းခြင်းလုပ်ငန်းများဖြစ်သည်။ ပုပ္ပါးတောင်စိမ်းလန်းစိုပြည်ရေးစီမံကိန်းသည်လည်း လုပ်ငန်းတစ်ခုအဖြစ် ပါဝင်သည်။ မိတ္ထီလာ၊ ရေနံချောင်း၊ တောင်သာ၊ ချောက်၊ ညောင်ဦးမြို့နယ်များတွင် ပျိုးဥယျာဉ်များတည်ထောင်ပြီး ငါးနှစ်အတွင်း ပျိုးပင်ပေါင်း ၄.၈ သိန်းကျော် ဝေငှစိုက်ပျိုးခဲ့သည်။ မိတ္ထီလာခရိုင်၊ ဝမ်းတွင်း၊ သာစည်၊

မလှိုင်မြို့နယ်များတွင် ဌာနစိုက်ခင်း ၈၉၄.၂၄ ဧက၊ ကျေးရွာသုံးစိုက်ခင်း ၁၃၉.၁ ဧက၊ မြင်းခြံခရိုင်၊ နွားထိုးကြီး၊ မြင်းခြံ၊ တောင်သာ၊ ကျောက်ပန်းတောင်း၊ ပုဂံ၊ ညောင်ဦးမြို့နယ်များတွင် ဌာနစိုက်ခင်း ၁,၃၁၂.၄ ဧက၊ ကျေးရွာထင်းစိုက်ခင်း ၆,၂၀၂.၁ ဧက၊ မကွေး၊ ရေနံချောင်း၊ ချောက်မြို့နယ်များတွင် ဌာနစိုက်ခင်း ၆၁၄.၄၅ ဧက၊ ကျေးရွာထင်းစိုက်ခင်း ၁,၅၂၃.၈၉ ဧက စိုက်ပျိုးနိုင်ခဲ့သည်။ အဆိုပါ လုပ်ငန်းမှာ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးအတွက် ရှေးဦးဆောင်ရွက်ပေးနိုင်သော လုပ်ငန်းစဉ် တစ်ရပ်ဖြစ်သည်။

နိုင်ငံတော်သစ်လုပ်ငန်းအဖွဲ့ ပြန်လည်ဖွဲ့စည်းခြင်းနှင့် အဖွဲ့အစည်းဆိုင်ရာ ပံ့ပြိုးတိုးတက်လာခြင်း

မြန်မာနိုင်ငံတွင် သစ်အခြေခံစက်မှုလုပ်ငန်းများ တည်ထောင်ရန်ခြေလှမ်းခဲခြင်း

၂၈၁။ ၁၉၅၁ခုနှစ် တွင် ကမ္ဘာ့စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲသည် မြန်မာနိုင်ငံသို့ လာရောက်ကွင်းဆင်းလေ့လာခဲ့သည်။ ထို့နောက် 'Report on Integration of Forests & Industries In Burma' (FAO Report No 16, Rome,1952) ကို တင်သွင်းခဲ့သည်။

နိုင်ငံတော် သစ်လုပ်ငန်းအဖွဲ ပြန်လည်ဖွဲစည်းပုံ[၆၂]

၂၈၂။ ၁၉၅၂ခုနှစ်၊ အောက်တိုဘာလ ၁ ရက် နေ့တွင်လုပ်ငန်းများ အခြေတကျ ဖြစ်လာပြီးဖြစ်သဖြင့် နိုင်ငံတော်သစ်လုပ်ငန်းအဖွဲ အက်ဥပဒေ အရ နိုင်ငံတော်သစ်လုပ်ငန်းအဖွဲကို ပြန်လည်ဖွဲစည်းခဲ့သည်။ ထိုသို့ဖွဲ စည်းရာတွင် မူလပထမဖွဲစည်းပုံမှ (၁) သစ်ထုတ်ရေး၊ (၂) ခွဲစိတ်ရေး၊ (၃) ရောင်းဝယ်ရေး ၊ (၄) ပစ္စည်း၊ (၅) ဌေစာရင်းဌာနများကို (၁) အထွေထွေအုပ်ချုပ်ရေးဌာန၊ (၂) သစ်ထုတ်ရေးဌာန၊ (၃) ရောင်းဝယ်ရေးနှင့်သစ်စက်ဌာန၊ (၄) ဌေစာရင်း ဌာန ဟူ၍ ပြင်ဆင်ဖွဲစည်းသည်။

၂၈၃။ ၁၉၅၄ခုနှစ်တွင် ထိုစဉ်က အနောက်ဂျာမနီနိုင်ငံသို့ နိုင်ငံတော်သစ်လုပ်ငန်းအဖွဲဥက္ကဋ္ဌ စည်သူဦးမှန်၊ သစ်တောမင်းကြီးချုပ် ဦးချိန်ဟိုးနှင့် သစ်အခြေခံစက်မှုလုပ်ငန်းဌာန အမှုဆောင်အရာရှိချုပ် ဦးထွန်းငွေတို့ သွားရောက်ခဲ့သည်။ ဂျာမနီနိုင်ငံ Bremen မြို့မှ Mr.H.F Schwiertz, Consulting Engineer, Gesellechaft for Industries, Planung und - beratun G.m.b.H အားစီမံချက်တစ်ရပ် ပြုစုတင်ပြရန် တာဝန်ပေးအပ်ခဲ့သည်။

၂၈၄။ ၁၉၅၅ခုနှစ်၊ ဧပြီလတွင် Mr.H.F. Schwiertz သည် Interim Report on the result of the preliminary survey regarding the project of an Integrated Forest industries Unit in Burma ကို တင်သွင်းခဲ့သည်။ ပြည်တွင်းနှင့်ပြည်ပသစ်ဈေးကွက်များတွင်ရောင်းရန် ထုတ်လုပ်ရေးအတွက် သစ်စက်၊ သစ်ပါးလွှာစက်၊ Chip Board Plant, Impregnation Plant, Joinery Plant များတည်ထောင်ရန်ပါရှိသည်။


---

[၆၂] မြန်မာ့သစ်လုပ်ငန်း၊ ရွှေရတုမဂ္ဂဇင်း၊ စာ-၁၅

ရောင်းဝယ်ရေးနှင့် သစ်စက်ဌာန ပေါ်ပေါက်လာပုံ

၂၈၅။ ယခင်က State Export, Trade Export နှင့် Round Log Sales ဌာနစိတ်များကို ရောင်းဝယ်ရေး ဌာနစိတ် (၁)၊ ရောင်းဝယ်ရေးဌာနစိတ် (၂)၊ သစ်လုံး ရောင်းဌာနစိတ် ဟူ၍လည်းကောင်း၊ သစ်စက်များကို ရောင်းဝယ်ရေးနှင့်သစ်စက်ဌာန လက်အောက်သို့ ထား၍လည်းကောင်း ပြန်လည်ဖွဲ့စည်းခဲ့သည်။ ၁၉၅၉–၆၀ ခုနှစ်ခန့်တွင် ကျွန်းသစ်လုံးကို သင်းမသတ်ဘဲ ခုတ်လဲ့ရောင်းချသော ကျွန်းစိုသစ်လုံးရောင်းချမှုလုပ်ငန်း ပေါ်ပေါက်လာခဲ့လေသည်။ ဤတွင် သစ်လုံးရောင်းဌာနစိတ်(၁)သည် ကျွန်းခြောက်သစ်လုံးများ ရောင်းချရေးကိုလည်းကောင်း၊ သစ်လုံးရောင်းဌာန စိတ် (၂) သည် ကျွန်းစိုသစ်လုံးများ ရောင်းချရေးကိုလည်းကောင်း အောက်ပါအတိုင်း ခွဲခြားဆောင်ရွက်ခဲ့သည်။

ရောင်းဝယ်ရေးနှင့် သစ်စက်ဌာန လုပ်ငန်းများ ဖွဲ့စည်းပုံ



(က)လုပ်ငန်းတာဝန်များ[၆၃]

(၁) သစ်ထုတ်လုပ်ရေးမှအပ်သစ်လက်ခံခြင်း။
(၂) ကျွန်းသစ်လုံးအတန်းအစားခွဲခြင်း။
(၃) နိုင်ငံခြားဝယ်သူနှင့် သစ်အရောင်းစာချုပ်ခြင်း။
(၄) စာချုပ်အရသစ်ခွဲသားများသစ်စက်တွင်တိုက်ခွဲခြင်း။
(၅) စာချုပ်အရသစ်လုံးနှင့်ခွဲသားသဘော်ဖြင့်တင်ပို့ခြင်း။
(၆) ပြည်တွင်းလိုအပ်ချက်ခွဲသားများတိုက်ခွဲခြင်း။
(၇) နိုင်ငံခြားဝင်ငွေသတ်မှတ်ချက်ပြည့်မီအောင်ရောင်းချဆောင်ရွက်ခြင်း။

(ခ)လိုက်နာကျင့်သုံးသည့် လုပ်ထုံးလုပ်နည်းများ

(၁) ဝန်ကြီးဌာနညွှန်ကြားချက်များ။
(၂) ဌာနဆိုင်ရာညွှန်ကြားလွှာများ။

---

[၆၃] ဦးတင်ဆောင်၊ ဒုတိယအထွေထွေမန်နေဂျာ(ငြိမ်း) ၂၀၀၄ ခုနှစ်တွင် ပြုစုတင်ပြသည့် ရောင်းဝယ်ရေး နှင့်သစ်စက်ဌာန အကြောင်းအရာမှ ကောက်နုတ် ဖော်ပြသည်။

(၃) ရောင်းဝယ်ရေးကော်မတီဆုံးဖြတ်ချက်များ။
(၄) စျေးနှုန်းကော်မတီသတ်မှတ်ချက်များ။
(၅) Grading Rules for Logs & Sawn Timber
(၆) Mill Terms of Service
(၇) International Trade, Shipping & Banking procedures
(၈) Marketing Practices
(၉) Social Security, Labour Laws & Welfare etc.

၂၈၆။ **ရောင်းဝယ်ရေး(၁) နှင့် ရောင်းဝယ်ရေး(၂) တို့၏ လုပ်ဆောင်ချက်များ။** အောက်ပါအတိုင်း ဖြစ်သည် –

(က) **ထုတ်ကုန်များ (Products)**

ကျွန်းသစ်ခွဲသားအရွယ် (၇) မျိုး၊ ကျွန်းသစ်လုံးကြိယ် ၁ ပွင့်အဆင့်မှ ကြိယ် ၅ ပွင့် (AY) အဆင့်အထိ သစ်မာနှင့် အခြားသစ်တောထွက်ပစ္စည်းများ စသည်တို့ဖြစ်သည်။ ကုန်ပစ္စည်းစျေးနှုန်း၊ တန်ဖိုး Teak Logs & Conversion Value (F.O.B. Million Kyats)[၆၄]

ခုနှစ်	၁၉၄၈–၄၉	၁၉၅၂–၅၃	၁၉၅၆–၅၇	၁၉၆၁–၆၂
ကျွန်းသစ်	၄၀.၈	၂၆.၄	၆၀.၂	၁၂၅.၀၁

(ခ) **သစ်စျေးကွက်များ (Markets)**

(၁) ရောင်းဝယ်ရေး (၁) မှ ရောင်းချရသည့် သစ်စျေးကွက်များမှာ အင်္ဂလန်၊ ဥရောပ၊ အမေရိက နှင့် အခြားအနောက်နိုင်ငံများဖြစ်သည်။

(၂) ရောင်းဝယ်ရေး (၂)မှ ရောင်းချရသည့် သစ်စျေးကွက်များမှာ ကမ္ဘာ့အရှေ့အလယ် ပိုင်း၊ အာရှတိုက်နှင့် အရှေ့ဖျားနိုင်ငံများဖြစ်သည်။

၂၈၇။ **သစ်စျေးကွက်သို့ ဖြန့်ချီရေးလမ်းကြောင်းများ (Channels of Distribution)**။ ကိုလိုနီခေတ်ကပင် လုပ်ငန်း အတွေ့အကြုံရှိခဲ့ကြသည့် အသိအမှတ်ပြု သစ်ကိုယ်စားလှယ်များ (Approved Agents) ၃၆ ဦး၊ တိုက်ရိုက်လာရောက်ဝယ်ယူသူများ၊ မြန်မာသစ်ကုမ္ပဏီများ၊ သစ်လုပ်ငန်းရှင် များအား လုံးစုစုပေါင်းကုမ္ပဏီ ၈၂ ခုရှိသည်။ သစ်လုံးသိုလှောင်ရေးနှင့်သစ်လုံးရောင်းဌာနစိတ် (၁) နှင့် (၂) တို့၏ လုပ်ဆောင်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) **သစ်လုံးသိုလှောင်ရေး**။ လှိုင်မြစ်ကမ်းနှင့် ပဲခူးမြစ်ကမ်းတွင် သစ်လုံးသိုလှောင်ရေး သစ်ဆိပ်များဖွင့်ထားသည်။ မြစ်ကြောင်းအလိုက် ဖောင်ဖွဲ့ရေးမှမျှောလာသော သစ်ဖောင်များလက်ခံ/သိုလှောင်ပြီး သစ်စက်နှင့် သစ်လုံးရောင်းဆိပ်များသို့ နေ့စဉ်ဖြန့်ဖြူးရသည်။

---

[၆၄] S.T.B Statistical Year Book (1969) Pg 137-138

(ခ) **သစ်လုံးရောင်းဌာနစိတ်(၁)**။ ကျွန်းခြောက်သစ်လုံးများကို အလုံသစ်တောဝင်း၊ သစ်လောင်ကန်ကြီးများ၊ လှိုင်မြစ်၏ အရှေ့နှင့်အနောက်ဘက်ကမ်းနားများတွင် သစ်လုံးရောင်းဆိပ်များ ဖွင့်လှစ်ထားရှိသည်။ ကျွန်းသစ်လုံးများကို အတန်းအစားခွဲခြားပြီး ဒုတိယဒါရိုက်တာ(ရောင်းဝယ်ရေး)၏ အစီအစဉ်အတိုင်း နိုင်ငံခြားကုမ္ပဏီများအား ကျွန်းသစ်လုံးများနှစ်ဖက် ပူးတွဲစစ်ဆေးပြီးလွှဲအပ်ပေးရသည်။ ကျွန်းသစ်လုံးအများဆုံး ဝယ်သူများမှာ ဒိန်းမတ်၊ စကင်ဒီနေးဗီးယား၊ ဥရောပ၊ အီတလီနှင့် ဂျပန်နိုင်ငံတို့ ဖြစ်သည်။

(ဂ) **သစ်လုံးရောင်းဌာနစိတ်(၂)**။ ၁၉၅၉–၆၀ခုနှစ်တွင် ကျွန်းသစ်လုံးများ သင်းသတ်ခြင်းမပြုဘဲ ခုတ်လှဲရောင်းချသည့် စနစ်ပေါ်လာခဲ့သည်။ ဤတွင်ကျွန်းစိုသစ်ကို သီးသန့် အတန်းအစားခွဲ ဝယ်သူထံလွှဲအပ်ရန် သစ်လုံးရောင်း (၂) ဌာနစိတ် ပေါ်ပေါက် လာခဲ့သည်။

သစ်စက်များလုပ်ငန်း ဆောင်ရွက်ပုံ

၂၈၈။ နိုင်ငံပိုင်သိမ်းယူထားသောသစ်စက်များမှာ ၁၉၄၈ ခုနှစ်တွင် အမှတ် (၁) သစ်စက်နှင့် အမှတ် (၂) သစ်စက်၊ ၁၉၅၉ ခုနှစ်တွင် အမှတ် (၆) သစ်စက် တို့ဖြစ်သည်။ အမှတ် (၃)သစ်စက်ကို ဘုံဘောဘားမားထံမှ ၁၉၅၃ ခုနှစ်တွင် ကျပ်ငွေ ၂၆ သိန်းဖြင့် ဝယ်ယူခဲ့ခြင်းဖြစ်သည်။ အမှတ် (၄) သစ်စက်ကို နိုင်ငံတော်သစ်လုပ်ငန်းအဖွဲ့က အသစ်ဆောက်ပြီး ၁၉၅၂ ခုနှစ်တွင် ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ ယခင်ကြည့်မြင်တိုင်ရှိ ရွှေပြောင်းစက်ငယ် သုံးလုံးကို ပေါင်းထား သည့်အမှတ် (၅)စက်ကို ၁၉၆၀ ခုနှစ်တွင် ပျဉ်းမနား၊ တောင်တွင်းကြီးရထားလမ်းရှိ သစ်ပုတ်ပင် အရပ်သို့ပြောင်းရွှေ့ပြီး အမှတ် (၇)သစ်စက်ဟု ဖွင့်လှစ်ခဲ့သည်။ မော်လမြိုင်တွင် ပြည်သူပိုင်သိမ်းသော သစ်စက်ကို အမှတ် (၈) ဟု အမည်ပြောင်းခဲ့သည်။

၂၈၉။ ပြည်သူပိုင်သိမ်းထားသောစက်များနှင့် ဝယ်ယူတည်ဆောက်ခဲ့သော စက်အားလုံးတို့သည် ခေတ်မီသော အဆင့်တွင် မရှိသော်လည်း ၁၉၅၀–၅၁ ခုနှစ်တွင် နိုင်ငံခြားသို့ ကျွန်းသစ်ခွဲသား ၄၉,၉၂၇ တန် တင်ပို့ခဲ့ရာမှ ၁၉၆၁–၆၂ ခုနှစ်တွင် ၈၄,၀၁၄ တန်အထိ တိုး၍ တင်ပို့နိုင်ခဲ့ကြလေသည်။

ကျွန်းသစ်ခွဲစက်များ ဖြတ်သန်းလာခဲ့ရသောကာလ သစ်စျေးကွက်အနေအထား

၂၉၀။ ဒုတိယ ကမ္ဘာစစ်ပြီးသည့်နောက်ပိုင်းတွင် သမရိုးကျဆောက်လုပ်ရေးလုပ်ငန်းသုံး သစ်ခွဲသား အရွယ်အစား ၇ မျိုး တို့အပြင် သစ်ကုန်ချောထုတ်လုပ်ရေးအတွက် အသင့်သုံးနိုင်သော သမရိုးကျမဟုတ်သည့် အရွယ်အစား ဟူ၍ ၂ မျိုးပေါ်ထွက်လာသည်။ ဤအခြေအနေတွင် နိုင်ငံခြားမှသစ်စက်များသည် စက်ဟောင်းများကို ချက်ချင်း ပြန်လည်ပြုပြင်ကြပြီး သမရိုးကျနှင့် သမရိုးကျမဟုတ်သော အရွယ် ၂ မျိုး စလုံးကို မရမဖြစ် တိုက်ခွဲရောင်းချခဲ့ကြလေသည်။ မြန်မာပြည်တွင် လွတ်လပ်ရေးရခါစ နိုင်ငံရေး မငြိမ်မသက် ရှိခဲ့သည့်အပြင် သစ်စက်အဟောင်းများ အချိန်မီပြင်ဆင်နိုင်စွမ်းမရှိခဲ့ပေ။ ဤတွင် သမားရိုးကျမဟုတ်သော အရွယ်များကို ခေတ်နောက်ကျသော စက်ဟောင်းများနှင့်တိုက်ခွဲရာတွင်

အလေအလွင့်များခဲ့၍ 'အဓမ္မတိုက်ခွဲနည်း' ဟုပင် ပေါ်ပေါက်ခဲ့ရလေသည်။ [၆၅] ဤအနေအထားကို ရိပ်စားမိသော နိုင်ငံခြားမှ ဝယ်သူများသည် မြန်မာပြည်မှ ၄င်းတို့လိုသည့် သစ်ခွဲသားအရွယ်ကို မရနိုင်မှန်းသိ၍ သစ်လုံး များကိုတိုး၍ ဝယ်လာခဲ့လေသည်။

ပတ္တာစာချုပ်ဖြင့် သစ်ထုတ်ခြင်း/ရောင်းချခြင်း

၂၉၁။ မြန်မာနိုင်ငံ၏ သစ်လုပ်ငန်းကို နိုင်ငံခြားသစ်ကုမ္ပဏီများမှ လက်လွှဲရယူပြီးနောက် နိုင်ငံတော် သမ္မတကိုယ်စား လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောရေးဝန်ကြီးဌာနသည် နိုင်ငံပိုင် စီးပွားရေးလုပ်ငန်း ဖြစ်သော 'နိုင်ငံတော်သစ်လုပ်ငန်းအဖွဲ့' နှင့် ၂၅ နှစ် သစ်ထုတ်ခွင့် စာချုပ် ချုပ်ဆိုခဲ့ကြသည်။ စာချုပ်သက်တမ်းမှာ ၁၉၄၉ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့မှ ၁၉၇၄ ခုနှစ်၊ မေလ ၃၁ ရက်နေ့အထိဖြစ်သည်။ ယင်းကာလအတွင်း နှစ်ရှည် စာချုပ်လုပ်ငန်းရှင်များကို ကျွန်းသင်းသတ်ပင်ထောင် နှစ်သိန်းငါးသောင်းခန့် နှစ်စဉ်ခုတ်လှဲ ထုတ်လုပ်ခွင့်ပြုခဲ့သည်။ နှစ်ရှည်လုပ်ငန်းရှင်ငယ်များအား တစ်နှစ်လျှင်ပင်ထောင် ၅,၀၀၀ မှ ၈,၀၀၀ ခန့်ထိကိုလည်းကောင်း၊ နှစ်တိုလုပ်ငန်းရှင်ငယ်များအား အပြောင် ရှင်းကွက်/လယ်ကြားကျွန်း ကဲ့သို့သော ကျွန်းပပျောက်ရေး အလုပ်တိုက်နယ်များတွင် သင်းသတ်ပင် ၂၀,၀၀၀ မှ ၂၃,၀၀၀ ခန့်အထိကိုလည်းကောင်း နှစ်စဉ် ထုတ်လုပ်ခွင့်ပြုခဲ့သည်။ ယင်းသို့ ထုတ်လုပ်ခွင့်ပြုခဲ့စေကာမူ ပြည်တွင်းရောင်စုံသူပုန် သောင်းကျန်းမှုကြောင့် ၁၉၄၈–၄၉ ခုနှစ်တွင် ကျွန်းသစ်လုံး ကုဗတန် တစ်သိန်းခွဲခန့် ထုတ်လုပ်နိုင်ခဲ့ပြီး ၁၉၄၉–၅၀ ခုနှစ်တွင် တန်သုံးသောင်းခန့်သာထုတ်လုပ်နိုင်ခဲ့သည်။ ယင်းနောက်ပိုင်း ထုတ်လုပ်မှုအရှိန် တိုးမြှင့်ခဲ့ရာ ၁၉၅၃–၅၄ ခုနှစ်နောက်ပိုင်းတွင် နှစ်စဉ်ပျမ်းမျှတန် တစ်သိန်းကျော်အထိ ထုတ်လုပ်နိုင်ခဲ့သည်။ စာချုပ်အားဖြင့် ၁၉၄၈–၄၉ ခုနစ်မှ ၁၉၆၄–၆၅ ခုနှစ်အထိ ၁၅ နှစ်တာကာလအတွင်း ကျွန်းသစ်လုံးကုဗတန် ၃.၄၄ သန်း နှင့် သစ်မာကုဗတန် ၇.၂ သန်း ထုတ်လုပ် နိုင်ခဲ့ပြီး သစ်တောအခွန်တော် ကျပ် ၂၃၀.၁၇ သန်းရရှိသည်။

နိုင်ငံတော်သစ်လုပ်ငန်းအဖွဲ့ နှစ်စဉ်သစ်ထုတ်နိုင်စွမ်း အခြေအနေနှင့် သစ်ထုတ်လုပ်နည်း စနစ်

၂၉၂။ နိုင်ငံတော်သစ်လုပ်ငန်းအဖွဲ့ကို စတင်တည်ထောင်သည့် ၁၉၄၈ ခုနှစ်မှ ၁၉၆၂ အထိ ၁၅ နှစ် ကာလအတွင်း နှစ်စဉ်ထုတ်လုပ်ခဲ့သည့် ကျွန်းသစ်လုံးတန်ချိန် ပမာဏကို ၅ နှစ်တာကာလပိုင်းအလိုက် ပျမ်းမျှစာရင်းမှာ အောက်ပါအတိုင်းဖြစ်သည် -

[၆၅] S.T.B Statistical Year Book (1969) P- 27

၁၉၄၈–၅၂ မှ ၁၉၅၈–၆၂ အထိ ၁၅ နှစ် ကျွန်းထုတ်လုပ်မှုအခြေအနေ[၆၆]

နှစ်အပိုင်း အခြား	ခုတ်လှဲရရှိ			ထုတ်သစ်		ထွက်သစ်	ရောက်သစ်	
	ခုတ်လှဲပင်	သစ်လုံး	တန်	လုံး	တန်	သစ်လုံး	သစ်လုံး	တန်
၁	၂	၃	၄	၅	၆	၇	၈	၉
၁၉၄၈–၅၂	၃၆,၃၆၀	၈၉,၀၄၈	၇၅,၃၃၈	၅၁,၀၈၅	၆၆,၅၀၈	၆၆,၄၁၃	၅၇,၄၄၅	၄၇,၇၀၃
၁၉၅၃–၅၇	၇၁,၈၃၈	၁၈၂,၈၈၁	၁၆၃,၄၉၂	၁၈၄,၇၂၉	၁၆၂,၅၅၈	၁၄၄,၄၄၈	၁၂၉,၇၃၉	၁၁၀,၂၃၈
၁၉၅၈–၆၂	၁၅၀,၁၃၂	၃၁၇,၄၃၈	၃၀၆,၅၀၄	၃၂၅,၉၉၅	၃၁၃,၅၀၀	၂၅၈,၉၈၈	၁၆၄,၇၈၇	၂၃၄,၈၀၀
စုစုပေါင်း	၂၅၈,၃၃၀	၅၈၉,၃၆၇	၅၄၅,၃၃၄	၅၆၁,၈၀၉	၅၄၂,၅၇၆	၄၆၉,၈၅၀	၃၅၁,၉၇၁	၃၉၂,၇၄၁
ပျမ်းမျှ	၁၇,၂၂၂	၃၉,၂၉၁	၃၆,၃၅၆	၃၇,၄၅၄	၃၆,၁၇၂	၃၁,၃၂၃	၂၃,၄၆၅	၂၆,၁၈၃

၂၉၃။ အထက်ပါ ကိန်းဂဏန်းများကို လေ့လာကြည့်လျှင် နှစ်စဉ်ပျမ်းမျှ သစ်ထုတ်တန်ပမာဏသည် ပထမ ၅ နှစ်ကာလထက် ဒုတိယ ၅ နှစ်ကာလက တစ်ဆတိုး၍ ထုတ်လုပ်သွားနိုင်သည်ကိုလည်းကောင်း၊ ဒုတိယ ၅ နှစ်ကာလထက် တတိယ ၅ နှစ်ကာလက တစ်ဆတိုး၍ ထုတ်သွားနိုင်ကြောင်းကိုလည်းကောင်း၊ တွေ့ရမည်ဖြစ်ရာ ကုန်ထုတ်စွမ်းအား တိုးမြှင့်ရေးအတွက် ကြိုးစားစွမ်းဆောင်ခဲ့ကြကြောင်း ထင်ရှားလှပေသည်။ ကမ္ဘာ့စစ်ဒဏ်ကြောင့်ပျက်စီးသွားခဲ့ရသော သစ်လုပ်ငန်းကို အစမှပြန်စရခြင်း၊ ပြည်သူပိုင် လုပ်ငန်းအဖြစ် အောင်မြင်အောင်ကြိုးစားရခြင်း၊ သောင်းကျန်းသူများကိုရင်ဆိုင်၍ လုပ်ကိုင်ရခြင်း စသည်တို့ဖြင့် အခက်အခဲအမျိုးမျိုးကို ကျော်လွှားလွန်မြောက်အောင် ဆောင်ရွက်ခဲ့ကြသည်။

၂၉၄။ ဤကာလသစ်ထုတ်ပုံနည်းစနစ်သည် ဒုတိယကမ္ဘာစစ် ၁၉၄၀ ခုနှစ်မတိုင်မီက ကြီးငါးကြီး နိုင်ငံခြားသစ်ကုမ္ပဏီများ ကျင့်သုံးခဲ့သည့်စနစ်နှင့် ထပ်တူထပ်မျှပင်ဖြစ်သည်။ သစ်ခုတ်၊ သစ်ထုတ်၊ သစ်မျှောပို့ လုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) ခြောက်သွေ့နေပြီဖြစ်သော သင်းသတ်ထားသည့် ကျွန်းပင်များကို သစ်ခုတ်သမားများက ငါးမန်းလွှ၊ ပုဆိန်တို့ကိုအသုံးပြုလျက် သစ်ပင်ခုတ်လှဲပြီး သစ်လုံးများဖြတ်တောက်ရန် ဖြတ်ပိုင်းပေး၍ သစ်ထုတ်ရေးဝန်ထမ်း ကျွမ်းကျင်သူများက သတ်မှတ်ပေးသည့်အတိုင်း သစ်ခုတ် သမားများက သစ်လုံးအဖြစ်ဖြတ်တောက်သည်။ ကျွန်းသစ်တစ်လုံးသည် ပျမ်းမျှခြင်း အားဖြင့် အလျား ၁၈ ပေခန့်ရှိပြီး ကုဗတန်အားဖြင့် တစ်တန် (ကုဗပေ ၅၀) နီးပါး ခန့်ရှိသည်။


(ခ) ခုတ်လှဲဖြတ်တောက် ရရှိသော ကျွန်းသစ်လုံးများကို တောနင်းစစ်ဆေးထားချက်အရ သတ်မှတ်ထားသော အနီးဆုံးသစ်မျှောချောင်း၏ သစ်ချဆိပ် (Launching Point) သို့ အဓိက ဆင်အင်အားကိုအသုံးပြုလျက် မြေလူးဒုံးတိုက်ဆွဲပို့သည်။ လွယ်ကူသော နေရာတွင် ကျွဲများဖြင့် ကူညီဆွဲပို့ပေးသည်။ သစ်ထုတ်ရေးဌာနတွင် ဆင်ကြီး ၆ စီးခန့် ကို သစ်ထုတ်ဆင်ဝိုင်းတစ်ဝိုင်းအဖြစ် ဖွဲ့စည်းသည်။ ဆင်ဝိုင်းကို ဆင်ခေါင်းက အုပ်ချုပ်၍

[၆၆] မြန်မာ့သစ်လုပ်ငန်း၊ သစ်ထုတ်ရေးဌာန

ဆင်တစ်ဝိုင်းတွင် ဆင်လုပ်သား ၁၂ ဦးခန့် ပါဝင်သည်။ ပုံမှန်ပျမ်းမျှ ခရီးအနေဖြင့် ကျွန်း ပင်ခြေရင်းရှိ သစ်လုံးကို မျှောချောင်းရောက် သို့မဟုတ် ကားတိုက်နိုင်သည့် သစ်ပုံအရောက် ခရီး ၁.၅ မိုင်ခန့် ဆင်ဖြင့်ဆွဲပို့ရသည်။ ဆင်တစ်စီးတစ်နှစ်လျှင် အလုပ်ချိန် ၈ လ တစ်ရာသီအတွက် သစ်တန် ၁၅၀ ခန့်ဖြင့် တွက်ချက်အလုပ်လုပ်သည်။ ဆွဲလမ်းအနီးအဝေးအလိုက် အတိုး အလျော့ရှိသည်။ ဆင်များသည်နွေရာသီ ဖေဖော်ဝါရီလ ၁၅ ရက်မှ ဇွန်လ ၁၅ ရက်ခန့် အထိတွင် အလုပ်နား ရသည်။ နေ့စဉ်အလုပ်လုပ်ရာတွင်လည်း နံနက် ၆ နာရီမှ နေ့လည် ၁၁–၁၂ နာရီအထိ သာ အလုပ်လုပ်နိုင်သည်။ ဆင်သည်နေပူဒဏ်ကို မခံနိုင်ပေ။ ရက်သတ္တပတ် တစ်ပတ်လျှင် ဆင်သည် ၅ ရက် အလုပ်လုပ်ပြီး ၂ ရက်အနားပေး ရသည်။ ဆင်မများလည်း ဆင်ထီး၊ ဆင်ပေါက်များကဲ့သို့ပင် သစ်ဆွဲသည်။ ဆင်မများ အတွက် သားမဖွားမီ ၃ လ နှင့် သားဖွားပြီး ၃ လအနားပေးရသည်။ ဆင်မသည် ၁၈ လ ခန့်ကြာသည်အထိ သန္ဓေလွယ်ရသည်။ ဆင်ဖြင့်ဆွဲယူ၍ သစ်မျှောချောင်းသို့ရောက်ရှိကာ ချောင်းချသော သစ်လုံးများကို ပထမအဆင့် သစ်ထုတ်ပြီးစီးသော ထုတ်သစ် 'Input' ဟု သစ်ထုတ်ရေး ဝေါဟာရဖြင့် ခေါ်သည်။



အင်းတော်ကြီးဒေသတွင် ဆင်အမ္ဘာနှစ်ကောင်မွေးဖွားသည့် မှတ်တမ်းစာတိုပုံ



သစ်လုံးများအား ချောင်းကိုဖြတ်၍ ဆွဲယူပို့ဆောင်နေပုံ (၁၉၅၅)

၁၉၆၂–၆၃ တွင်ရှိသစ်ထုတ်ရေးဌာနပိုင်ဆင်အင်အားအခြေအနေ (၁–၆–၆၂ တွင်ရှိ)

သစ်ထုတ်ရေးတိုင်း	ဆင်ကြီး		ဝန်တင်ဆင်		အမိနောက်လိုက်		စုစုပေါင်း
	ထီး	မ	ထီး	မ	ထီး	မ	
မန္တလေးတိုင်း ၆ ခရိုင်	၁၄၉	၁၈၄	၄၆	၁၀၂	၄၄	၅၁	၅၇၆
ချင်းတွင်းတိုင်း ၅ ခရိုင်	၁၉၁	၁၉၀	၈၂	၇၉	၅၂	၄၈	၆၄၂
စစ်ကောင်းတိုင်း ၆ ခရိုင်	၄၆	၇၃	၁၆	၃၁	၁၄	၂၀	၂၀၀
ရောဝတီတိုင်း ၆ ခရိုင်	၁၄	၂၇	၆	၇	၄	၂	၆၀
စုစုပေါင်း ၂၃ ခရိုင်	**၄၀၀**	**၄၇၄**	**၁၅၀**	**၂၁၉**	**၁၁၄**	**၁၂၁**	**၁,၄၇၈**

(ဂ) သစ်မျှောချောင်းသို့ သစ်လုံးများရောက်ရှိပြီး နောက်တစ်နှစ် မိုးရာသီရောက်သောအခါ သစ်လုံးများသည် ချောင်းရေကြီးချိန်တွင်ရေအားဖြင့် မျောထွက်ကြသည်။ သစ်လုံးကြီးများ မျောထွက်စေနိုင်သော ချောင်းရေ၏စွမ်းအားကို ချောင်းရေကြီးချိန်မြင်ဘူးမှပင် ယုံနိုင်ဘွယ်ရှိသည်။ မြန်မာနိုင်ငံအနှံ့အပြား သစ်တောအသီးသီးမှ နှစ်စဉ်ထုတ်လုပ်နေသော ကျွန်းသစ်တန် ၄ သိန်းခန့်ကို သစ်မျှောချောင်းများဖြင့်သာ မျှောထုတ်ခြင်းဖြစ်ရာ သစ်မျှောချောင်းများ၏ စွမ်းရည်ကိုခန့်မှန်းနိုင်ပေသည်။ သစ်မျှောချောင်းများမှ မျောထွက်

လာသောကျွန်းသစ်များသည် မြစ်မကြီးသစ်ဆိပ်များသို့ (ဧရာဝတီ၊ချင်းတွင်း၊စစ်တောင်း၊ သံလွင်) ရောက်ရှိလာသောအခါ သစ်ဖမ်းသမားများကဆယ်ယူ၍ သစ်လှောင်ဆိပ် သစ်ဖောင်ဖွဲ့ဆိပ်များသို့ပို့သည်။ ဤကဲ့သို့သစ်ဆိပ်များသို့ ထွက်ရှိလာသောသစ်များကို 'ထွက်သစ်' Outturn ဟု သစ်ထုတ်ရေးဝေါဟာရဖြင့်ခေါ်သည်။ သစ်မျှောချောင်းအတွင်းရှိ မြစ်မ သစ်ဆိပ်သို့ မရောက်သေးသောသစ်ကို 'ရေကျန်သစ်' Neap ဟု သစ်ထုတ်ရေးသုံးစကားဖြင့်ခေါ်သည်။ ငုတ်ရင်းမှမျှောချောင်းအကြားတွင်ရှိနေသော သစ်ကို 'ထုတ်ဆဲသစ်' I.C.E Logs (In Course of Extraction) သစ်ထုတ်ရေးအနေဖြင့် ခေါ်ဝေါ်ခြင်း ပြုသည်။

(ဃ) မြစ်မသစ်ဆိပ်ကြီးများသို့ ရောက်ရှိလာသော ကျွန်းသစ်လုံးများကို သစ်ဖောင်များဖွဲ့၍ ဖောင်သမားများက နိုင်ငံခြားတင်ပို့ရန်အတွက် ရန်ကုန်သို့ နိုဝင်ဘာလမှ မတ်လအတွင်း ပို့ကြသည်။ မြစ်ကြီးနား၊ ဗန်းမော်ဒေသမှ ကျွန်းသစ်များကို ရန်ကုန်အရောက်ခရီးမိုင် ၈၀၀ ခန့်ဝေးသည်။ မြစ်ကြီးနား၊ ဗန်းမော်မှ မန္တလေးသို့တဆင့်ပို့၍ မန္တလေးမှ ရန်ကုန်သို့ တဆင့်ပို့ရသည်။ မြစ်ကြီးနား၊ ဗန်းမော်မှရန်ကုန်သို့ တဆက်တည်း တောက်လျှောက်မပို့နိုင်ပေ။ ချင်းတွင်းမြစ်မှသစ်များလည်း အလားတူပင် မုံရွာ၊ ပခုက္ကူမှတဆင့် ရန်ကုန်သို့ပို့သည်။ မြန်မာနိုင်ငံအနှံ့အပြားရှိ သစ်မျှောချောင်းများနှင့် ဧရာဝတီ၊ စစ်တောင်း၊ သံလွင်စသည့် မြစ်ကြီးများ၏ အကျိုးကျေးဇူးကြောင့် နှစ်စဉ် ကျွန်းသစ်တန် ၄ သိန်းခန့်ကို ရန်ကုန်နှင့်မော်လမြိုင်ဆိပ်ကမ်းများသို့ ပို့နိုင်သည်။ သံလွင်မြစ်မှ သစ်များကို မော်လမြိုင် သို့ပို့ရသည်။ ကျန်မြစ်များအားလုံး ရန်ကုန်သို့ ပို့သည်။ စစ်တောင်းမြစ်ဖြင့် ပို့ရသော သစ်ဖောင်များ ပဲခူးစစ်တောင်းတူးမြောင်းကို အသုံးပြုလျက် ရန်ကုန်သို့ သစ်လုံးများပို့ရသည်။ ရန်ကုန်နှင့်မော်လမြိုင်ဆိပ်ကမ်းများသို့ ရောက်ရှိသောသစ်များကို 'ရောက်သစ်' Arrival ဟု သစ်ထုတ်ရေး ဝေါဟာရ ဖြင့် ခေါ်သည်။ နယ်များတွင် သစ်ခွဲစိတ်ဖြန့်ဖြူးရန် သတ်မှတ်ခြင်း ခံရသော သစ်စက်များသို့ ရောက်သော သစ်လုံးများကိုလည်း ရောက်သစ်ဟုပင် သတ်မှတ် ခေါ်ဝေါ်သည်။

၂၉၅။ လွတ်လပ်ရေးရပြီးစအချိန်နှင့် ၁၉၅၀ ခုနှစ်များတွင် နယ်မြေအခြေအနေ အလွန်ဆိုးခဲ့သော ပျဉ်းမနား၊နယ်မြေသည် ၁၉၅၉–၆၀ ခုနှစ်မှစ၍ နယ်မြေအခြေအနေ အထူးပြန်လည်ကောင်းမွန်လာရာ ပျဉ်းမနား၊သစ်ထုတ်ရေးခရိုင်သည် သစ်ထုတ်ရေးဌာန၏ စံပြခရိုင်တစ်ခုပမာ သစ်ထုတ်ရေးတိုးတက်မှုအတွက် စမ်းသပ်ချက်အမျိုးမျိုးကို လုပ်ကိုင်သည့်နယ်ဖြစ်ခဲ့လေသည်။ ကျွန်းသစ်စိုထုတ်လုပ်ခြင်း၊လုပ်ငန်း၊ သစ်မာသစ်များထုတ်လုပ်ခြင်း၊လုပ်ငန်း၊ စက်ယန္တရားဖြင့်သစ်ထုတ်ခြင်း (Mechanical Logging) လုပ်ငန်းတို့ကို တက်ကြွစွာလုပ်ကိုင်သည့်ခရိုင်အဖြစ်လည်း ပျဉ်းမနား၊သစ်ထုတ်ရေးခရိုင်သည် သစ်ထုတ်ရေးလုပ်ငန်း နယ်ပယ်တွင်အထူးပင် ထင်ရှားသည်။

ကျွန်းစိုထုတ်လုပ်ခြင်း

၂၉၆။ နိုင်ငံခြားဈေးကွက်၏ ၁၉၅၈–၅၉ ခုနှစ်မှစတင်၍ ကျွန်းစို ၂၀၉ ပင်ကို ခုတ်လှဲစမ်းသပ် လုပ်ကိုင်ခဲ့ရာ ၁၉၆၂–၆၃ ခုနှစ်ရောက်သောအခါ ကျွန်းစိုပင် ၅,၇၅၈ ပင် ခုတ်လှဲထုတ်လုပ်နိုင်ခဲ့သည်။ ရန်ကုန်သို့ ၁၁,၂၃၇ တန်နှင့် သစ်ပုတ်ပင် သစ်စက်သို့ ၁,၁၈၂ တန် ပို့ခဲ့သည်။ ကျွန်းစိုကို ရေမျှော ထုတ်ခြင်း၊ မလုပ်နိုင်သဖြင့် မီးရထားဖြင့် သစ်တင်ပို့နိုင်သော ပျဉ်းမနားခရိုင်ကဲ့သို့သော သစ်ထုတ်ခရိုင် များတွင်သာ လုပ်ကိုင်ခဲ့သည်။

၂၉၇။ ကျွန်းသစ်မှသစ်ပါးလွှာ ထုတ်လုပ်ရာတွင် သစ်လုံးသည် လတ်ဆတ်၍စိုနေရန် လိုအပ်သည်။ ကျွန်းစိုထုတ်လုပ်ရာတွင် ခုတ်လှဲပြီး လအနည်းငယ်အတွင်း ရန်ကုန်သို့ရောက်ရန် လိုအပ်သည်။ ကျွန်း ခြောက် ထုတ်လုပ်သကဲ့သို့ လမ်းခရီးတွင် ၃–၄ နှစ် ကြန့်ကြာနေ၍မရပေ။ ခုတ်လှဲပြီး ၆ လအတွင်း ရန်ကုန်သို့ ရောက်ရှိနိုင်က နိုင်ငံခြားသစ် ဝယ်သူအနေဖြင့် ကျွန်းစိုကို ချက်ချင်း သဘော်တင်နိုင်သဖြင့် တစ်နှစ်မပြည့်မီ သစ်ပါးလွှာစက်တည်ရှိရာ နိုင်ငံခြားသို့ ရောက်သွားနိုင်သည်။

၂၉၈။ ကျွန်းစိုထုတ်လုပ်မှုစတင်ရန် သစ်တောဌာနနှင့် ညှိနှိုင်းတိုင်ပင်မှုပြုသောအခါ သစ်တောဌာန အနေဖြင့်သော်လည်းကောင်း၊ သစ်ထုတ်ရေးဌာနအနေဖြင့်သော်လည်းကောင်း၊ ချီတုံချတုံဖြင့် အလေး အနက် စဉ်းစားခြင်းပြုခဲ့ကြရသည်။ နှစ်ပေါင်း ၁၀၀ ခန့် ကျွန်းသစ်လုပ်ငန်းတွင် ကျွန်းခြောက်ကိုသာ ထုတ်လုပ်ခဲ့သည့် ခိုင်မာသောအစဉ်အလာရှိနေခဲ့ရာ ကျွန်းစိုထုတ်လုပ်ရန် စဉ်းစားချက်မှာ ထိုစဉ်က သစ်တောထိန်းသိမ်းရေး တာဝန်ရှိသူများအနေဖြင့် မဝံ့မရဲဖြစ်ခဲ့ရသည်။ ကျွန်းစိုထုတ်လုပ်ခြင်းကြောင့် ထုတ်လုပ်မှုသစ် အပျက်အစီးများမည်ကို စိုးရိမ်ခြင်းနှင့် ကျွန်းခြောက်ထုတ်လုပ်ရောင်းချမှု ဈေးကွက် အခြေအနေကို ထိခိုက်မည်လားဟု အမျိုးမျိုးစိုးရိမ်မှုရှိခဲ့ကြသည်။ သစ်တောသစ်ထုတ်ရေးဌာနကြီးများသည် အတွေ့အကြုံရင့်ကျက်မှု ရာစုနှစ်ဖြင့်ချီ၍ ရှိခဲ့သော ဌာနကြီးများဖြစ်၍ ကျွန်းစိုထုတ်လုပ် ရောင်းချမှုကို အောင်မြင်စွာအကောင်အထည်ဖော်နိုင်ခဲ့ကြသည်။

ခေတ်သစ်မှာ တစ်ခေတ်ဆန်းလာသည့် နိုင်ငံခြားသစ်ဈေးကွက်[၆၇]

၂၉၉။ ဒုတိယကမ္ဘာစစ် ကာလအတွင်း စစ်အသုံးအဆောင် ပစ္စည်းများအဖြစ် သုံးကြသည်။ ဗြိတိသျှ လေတပ်သည် အင်ဂျင်နှစ် လုံးတပ် Mosquito အမည်ရှိ ဗုံးကြဲတိုက်ခိုက်ရေး စစ်လေယာဉ်များ၏ ကိုယ်ထည်ပိုင်းကို သစ်အထပ် သားဖြင့် တည်ဆောက်၍ လေကြောင်းတိုက်ပွဲဝင်ခဲ့ကြသည်။

၃၀၀။ ဒုတိယကမ္ဘာစစ်ပြီးကာလ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် သစ်လိုအပ်ချက် တိုးလာခဲ့သည်။ ဥပမာအားဖြင့် အင်္ဂလန်နိုင်ငံသည် စတာလင်ပေါင် ၁,၈၆၈,၀၃၀ တန်ဖိုးရှိ သစ်ပါးလွှာနှင့် စတာလင်ပေါင် ၆,၉၄၂,၅၄၀ တန်ဖိုး ရှိသော သစ်သုံးထပ်သားများ ဝယ်ယူတင်သွင်းခဲ့သည်။

---

[၆၇] နိုင်ငံတော်သစ်လုပ်ငန်းကော်မရှင်အဖွဲ့ အစီရင်ခံစာ၊ ၁၉၅၀ ခုနှစ်၊ စာ–၂၄

၃၀၁။ သစ်တစ်ပင်လုံး အသုံးချနည်းဆိုသော သစ်ပင်တစ်ပင်လုံး၏ အစိတ်အပိုင်းတို့မှ လူသုံးကုန် ပစ္စည်းထုတ်လုပ်ရန် သိပ္ပံနည်းပညာပေါင်းစုံတို့ဖြင့် ထုတ်လုပ်နိုင်စွမ်းတိုးတက်လာသည်။ သမားရိုးကျ ဆောက်လုပ်ရေးလုပ်ငန်းသုံး အရွယ်အစားများအပြင် အခြားအသုံးချမှုအမျိုးမျိုးအတွက် အသုံးပြုနိုင်သည့် အရွယ်အစားများကို တိကျစွာမှာကြားဝယ်ယူလာခဲ့ကြသည်။

စျေးကွက်လိုအပ်ချက်နှင့် လိုက်ဖက်ညီစေပြီး အမြတ်ထွက်အောင် နိုင်ငံခြားတွင် လုပ်ကိုင် ပုံများ

၃၀၂။ ဒုတိယကမ္ဘာစစ်မတိုင်မီက မြန်မာနိုင်ငံအပါအဝင် နိုင်ငံတကာရှိသစ်ခွဲစက်အများစုတို့သည် သစ်စျေးကွက် တွင် အများဆုံးရောင်းဝယ်ကြသည့် ဆောက်လုပ်ရေးလုပ်ငန်းအတွက် အရွယ်အစားများကိုသာ တိုက်ခွဲထုတ်လုပ်ကြသည်။ သစ်ခွဲစက်လုပ်ငန်းသည် ဆွေစဉ်မျိုးဆက် မိရိုးဖလာလုပ်ကိုင်ကြသည့် အသွင်ရှိခဲ့၏ ။[၆၈]

၃၀၃။ စစ်ပြီးခေတ်စျေးကွက်နှင့်လိုက်ဖက်ညီအောင် နိုင်ငံတကာရှိ သစ်စက်လုပ်ငန်းများကို ပြုပြင် ပြောင်းလဲကြလေသည်။ သစ်ခွဲသားတိုက်ခွဲထုတ်လုပ်ရေးကို အောက်ပါရည်ရွယ်ချက် ၂ ရပ်ထားရှိ လုပ်ကိုင်ထားလေသည်–

(က) သစ်စျေးကွက်၏ ပုံမှန်လိုအပ်ချက်ဖြစ်သော သမားရိုးကျ အရွယ်အစားများကို မြန်မြန်နှင့် အမြတ်အများဆုံးရအောင်တိုက်ခွဲရေး။

(ခ) သစ်စျေးကွက်က သီးသန့်မှာကြားသော အရွယ်အစားများကို တိကျမှန်ကန် မြန်ဆန်စွာနှင့် အမြတ်အများဆုံးရအောင်တိုက်ခွဲရေး။

နိုင်ငံခြားတွင် သစ်အခြေခံစက်မှုလုပ်ငန်းများ ရှင်သန်ဖွံ့ဖြိုးတိုးတက်လာခြင်း[၆၉]

၃၀၄။ ခေတ်မီသစ် အခြေခံစက်မှုလုပ်ငန်းများဖြင့် သစ်ကုန်ချောမျိုးစုံထုတ်လုပ်ရေးကို သိပ္ပံနှင့်နည်းပညာ၊ ခေတ်မီစက်မှုလုပ်ငန်း စီမံခန့်ခွဲမှုတို့ဖြင့်ပေါင်းစပ်၍ အရှိန်အဟုန်မြင့်မားစွာဖြင့် ဆောင်ရွက်လာကြသည်။ အမေရိကန်၊ ကနေဒါ၊ စကင်ဒီနေးဗီးယား၊ ဥရောပနှင့် ဂျပန်နိုင်ငံများတွင် အောင်မြင်မှုများ ထွက်ပေါ်လာခဲ့သည်။ စကင်ဒီနေးဗီးယားဒေသမှ ဒိန်းမတ်နိုင်ငံသည် ပရိဘောဂနှင့် သစ်ပါးလွှာထုတ်လုပ်ရေးတွင် ထိပ်တန်းမှ ပါဝင်လာခဲ့သည်။

ကမ္ဘာ့သစ်စျေးကွက်နှင့် မြန်မာ့သစ်များ

၃၀၅။ ကမ္ဘာ့စျေးကွက်မှ မြန်မာ့ကျွန်းနှင့်သစ်မာများကို ဝယ်ယူလိုအားကောင်းလာ၏။ သို့သော် ဝယ်လိုအား နှင့် ရောင်းလိုအားမျှတမှုမရှိခဲ့ပေ။ ဒုတိယကမ္ဘာစစ် မတိုင်မီက Admiralty Quality (AY) ခေါ် အကောင်းဆုံး သစ်လုံးများကိုသာ ဝယ်ယူလေ့ရှိရာမှ ကြယ်ငါးပွင့် (AY) အဆင့်ထက်နိမ့်သော အခြားသစ်လုံးများကို စတင် ဝယ်ယူခဲ့ကြသည်။

---

[၆၈] Lumber Manufacturing, The Design & Operation of Saw Mills & Planer Mills. By Ed. M. Williston, 1976, Pg-8

[၆၉] Inspiration in Wood : NPM-Kymmene Wood Products Division, Brochure- Finland

Forest Industries Department နိုင်ငံတော်သစ်လုပ်ငန်းအဖွဲ့လက်အောက်သို့ ရောက်ရှိလာပုံ

၃၀၆။ ဤလုပ်ငန်းသည် ကိုလိုနီခေတ် သစ်တောဌာနက ပရိဘောဂထုတ်လုပ်မှုနှင့် ထပ်ဆင့်ချော ကုန်ချော ထုတ်လုပ်ရေးအတွက် ၁၉၂၀ ခုနှစ်ခန့်မှ စတင်ခဲ့လေသည်။ စီးပွားရေးသဘောအရ တွင်ကျယ် စွာထုတ်လုပ်နိုင်ခဲ့သဖြင့် အဆိုပါ စမ်းသပ်ထုတ်လုပ်သည့်စက်ရုံနှင့် လုပ်ငန်းကိုစီးပွားရေး လုပ်ငန်း တစ်ရပ်အဖြစ် ဆက်လက်လည်ပတ် ဆောင်ရွက်သွားနိုင်ရေးအတွက် မြေယာကျေးလက်ကြီးပွားတိုးတက် ရေးကော်ပိုရေးရှင်း (Agriculture and Rural Development Corporation) - (ARDC) သို့ လွှဲပြောင်း လာခဲ့သည်။ ၁၉၆၂ ခုနှစ်တွင် လုပ်ငန်းသဘောအရ ပိုမိုဆက်စပ်မှုရှိသည့် နိုင်ငံတော်သစ်လုပ်ငန်း အဖွဲ့သို့ ARDC က ထပ်မံလွှဲပြောင်းပေးခဲ့သည်။ (သစ်တောဦးစီးဌာနလက်အောက်တွင်ရှိစဉ်က မူလ စက်ရုံအမည်မှာ (Forest Industries Department) - (FID) ဟု ခေါ်ဝေါ်ခဲ့ရာမှ ၁၉၆၅ ခုနှစ်တွင် (Furniture Industries Department) – (FID) ဟုလည်းကောင်း၊ ၁၉၈၈ ခုနှစ်မှစတင်၍ (Furniture Factory) ဟု သတ်မှတ်ခေါ်ဝေါ်ခဲ့သည်။)

၃၀၇။ မြန်မာ့သစ်လုပ်ငန်းလက်အောက်သို့ ရောက်ရှိသည့်အချိန်မှစ၍ ကျွန်းနှင့်သစ်မာသစ်ခွဲသားများ ကို အသုံးပြုပြီး ရုံးသုံး၊ ကျောင်းသုံး၊ အိမ်သုံးပရိဘောဂများ၊ ပြတင်း/တံခါးများနှင့် ကြမ်းခင်းတုံး အမျိုး မျိုးကို ထုတ်လုပ်ပြီး အစိုးရဌာနများ၊ အဖွဲ့အစည်းများ၊ တက္ကသိုလ်၊ သိပ္ပံကျောင်းများနှင့် အများပြည်သူ သို့ ဖြန့်ဖြူးရောင်းချပေးခဲ့သည်။


၃၀၈။ စက်ကိရိယာများဖြင့် ပရိဘောဂအစိတ်အပိုင်းများအား ခွဲစိတ်ဖြတ်တောက် ထွင်းဖောက်လှီး လွှာခြင်း လုပ်ငန်းတစ်ပိုင်း၊ လက်သမား၊ ကြိမ်ထိုးသမား၊ အရောင်တင်သမားက လက်များဖြင့် စုစည်း တပ်ဆင်ခြင်း တစ်ပိုင်းဆောင်ရွက်ကြရသဖြင့် ဝယ်သူတစ်ဦးချင်း စိတ်တိုင်းကျပုံစံပေါ် မှာကြားခြင်းအား သာမန်အားဖြင့် လက်မခံဘဲ ပရိဘောဂပုံစံများအား အောက်ပါအတိုင်း ပုံသေပုံစံ (Standard Design) များကိုသာ သတ်မှတ်ထုတ်လုပ် ရောင်းချပေးခဲ့သည် –

ပရိဘောဂပုံသေပုံစံ (Standard Design) များ


စဉ်	ပုံစံအမျိုးအစား	ပုံစံအရေအတွက်
၁။	ရုံးသုံးပုံသေပုံစံ	၂၁ မျိုး
၂။	ကျောင်းသုံးပုံသေပုံစံ	၁၆ မျိုး
၃။	အိမ်သုံးပုံသေပုံစံ	၂၆ မျိုး
၄။	ပြတင်း/တံခါးပုံသေပုံစံ	၁၈ မျိုး
	စုစုပေါင်း	**၈၁ မျိုး**

ကျွန်းနှင့်သစ်မာများ ပြည်ပတင်ပို့မှု


၃၀၉။ နိုင်ငံတော်သစ်လုပ်ငန်းအဖွဲ့သည် သစ်စီမံကိန်းအဖွဲ့၏ ကောင်းကျိုး၊ မကောင်းကျိုးတို့ကို အမွေ
ဆက်ခံလိုက်ရပေသည်။ နိုင်ငံခြားကုမ္ပဏီကြီးများ၏ လုပ်ငန်းကို ဆက်ခံလုပ်ကိုင်နေရသောကြောင့်
ကုမ္ပဏီကြီးများ၏ ဖွဲ့စည်းပုံစနစ်၊ လုပ်ကိုင်ပုံစနစ်တို့ကို ထိုက်သင့်သလောက်လိုက်၍ လုပ်ကိုင်ခဲ့ရ၏။
တစ်ချိန်တည်းမှာပင် တိုင်းပြည်၏ နိုင်ငံရေး၊ စီးပွားရေး အခြေအနေများအရ လုပ်ငန်းကို အောင်မြင်မှု
ရအောင် ကြိုးပမ်းလုပ်ကိုင်ခဲ့ကြရလေသည်။ အဖွဲ့တည်ထောင်ခါစ ဤအခြေအနေများ အကြားမှ
ပွဲဦးထွက်ခြေလှမ်းများဖြင့် တည်ငြိမ်စွာတက်လှမ်းခဲ့လေသည်။ မြန်မာ့သစ်လုပ်ငန်းကော်မရှင် အဖွဲ့၏
အစီရင်ခံစာတွင် နိုင်ငံတော်သစ်လုပ်ငန်းအဖွဲ့၏ အနေအထားများအား အရှိကိုအရှိအတိုင်း အစီရင်ခံ
ထားခြင်းကို တွေ့ရှိရသည်။



ကျွန်းသစ်လုံးကြီးများအားသင်္ဘောကြီးဘေးတွင် along side
သင်္ဘောတင်ရန်ကပ်ထားပုံ



ကျွန်းသစ်လုံးများအား တိုက်ရိုက်သင်္ဘောတင်နေပုံ



ကျွန်းခွဲသားများအား သင်္ဘောတင်နေပုံ

၃၁၀။ ၁၉၃၆ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ နှစ်စဉ်ကျွန်းသစ်ပြည်ပတင်ပို့မှုအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်–

ကျွန်းသစ်ပြည်ပတင်ပို့မှု

နှစ်	ကျွန်းသစ်လုံး		ကျွန်းသစ်ခွဲသား	
	တန်	တန်ဖိုး (ကျပ်ထောင်ပေါင်း)	တန်	တန်ဖိုး (ကျပ်ထောင်ပေါင်း)
၁၉၃၆–၄၁	၂,၃၉၇	၂၈၆.၈၆	၂၁၇.၆၉	၃၁.၄၉
၁၉၅၀–၅၁	၁၅၉	၂၁၃.၆၅	၄၉,၉၂၇.၀၀	၄၅,၅၅၇.၂၀
၁၉၅၁–၅၂	၁၇၀	၂၈၃.၆၃	၄၄,၃၉၄.၀၀	၄၁,၃၆၃.၄၀
၁၉၅၂–၅၃	၉၁	၁၇၁.၂၂	၂၈,၃၃၆.၀၀	၂၆,၃၂၁.၁၀
၁၉၅၃–၅၄	၁၆၀	၂၃၃.၁၂	၂၈,၈၈၇.၀၀	၂၅,၀၁၁.၄၀
၁၉၅၄–၅၅	၇၆၅	၉၄၈.၅၃	၃၀,၇၆၈.၀၀	၂၆,၇၇၇.၇၀
၁၉၅၅–၅၆	၆,၉၃၀	၃,၁၁၃.၀၁	၄၉,၉၅၃.၀၀	၄၅,၉၂၃.၆၀
၁၉၅၆–၅၇	၆,၆၀၂	၃,၇၂၀.၄၂	၅၉,၅၃၀.၀၀	၅၆,၂၂၃.၁၀
၁၉၅၇–၅၈	၂,၆၃၉	၂,၈၅၆.၆၇	၆၃,၇၉၁.၀၀	၅၃,၁၇၂.၉၀
၁၉၅၈–၅၉	၆,၈၅၀	၇,၈၇၂.၃၄	၆၆,၇၉၆.၀၀	၅၄,၅၄၀.၃၀
၁၉၅၉–၆၀	၁၉,၇၃၇	၂,၅၁၈၃.၃	၇၀,၈၅၄.၀၀	၆၀,၉၅၂.၆၀
၁၉၆၀–၆၁	၂၀,၆၃၉	၂၆,၅၉၉.၂၇	၇၁,၃၉၆.၀၀	၆၄,၇၃၀.၁၀
၁၉၆၁–၆၂	၂၅,၀၀၅	၄၆,၈၄၂.၇၇	၈၄,၀၁၄.၀၀	၇၈,၁၇၅.၄၀

၃၁၁။ ၁၉၃၆ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ နှစ်စဉ်သစ်မာများပြည်ပတင်ပို့မှုအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်–

သစ်မာများပြည်ပတင်ပို့မှု

တန်ဖိုး (ကျပ်ထောင်ပေါင်း)

နှစ်	၁၉၃၆–၄၁	၁၉၄၆–၄၇	၁၉၄၇–၄၈	၁၉၄၈–၄၉	၁၉၄၉–၅၀	၁၉၅၀–၅၁
တန်	၃,၃၁၆	၃,၀၉၈	၃,၂၂၃၀	၂,၀၁၈	၃,၀၀၄	၁၈,၃၉၄
တန်ဖိုး	၂,၇၂၁.၁၅	၈၆၈.၄၀	၉,၀၈၁.၃၀	၅,၃၉၅.၃၈	၁,၀၀၇.၆၄	၆,၄၈၈.၀၉

နှစ်	၁၉၅၁–၅၂	၁၉၅၂–၅၃	၁၉၅၃–၅၄	၁၉၅၄–၅၅	၁၉၅၅–၅၆	၁၉၅၆–၅၇
တန်	၂၅,၄၀၇	၁၄,၂၄၄	၈,၈၅၀	၁၀,၂၇၆	၂၄,၉၄၈	၁၉,၇၇၄
တန်ဖိုး	၁၀,၈၇၇.၄၆	၅,၈၅၈.၇၈	၃,၃၆၂.၁၃	၃,၅၁၃.၈၂	၇,၂၃၅.၀၁	၅,၅၃၂.၄၉

နှစ်	၁၉၅၇–၅၈	၁၉၅၈–၅၉	၁၉၅၉–၆၀	၁၉၆၀–၆၁	၁၉၆၁–၆၂
တန်	၁၅,၈၅၈	၂၅,၄၄၄	၁၀,၂၆၄	၉,၇၀၀	၁၈,၆၅၇
တန်ဖိုး	၅,၃၁၄.၄၅	၉,၉၁၀.၄၀	၂,၆၉၆.၃၁	၂,၉၄၀.၇၁	၇,၁၄၂.၄၈

(State Timber Board, Statistical Year Book,1969, p-317 ပါဇယားမှ ကိုးကားဖော်ပြသည်။)

၁၉၄၈ ခုနှစ်မှ ၁၉၆၂ ခုနှစ်ကာလ မြန်မာ့သစ်လုပ်ငန်းမှ ထင်ရှားသည့်ဖြစ်ရပ်များ

၃၁။ မြန်မာ့သစ်လုပ်ငန်းသည် လွတ်လပ်ရေးရပြီးနောက် နိုင်ငံတော်မှထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ်ကာလအတွင်း ကျရာအခန်းကဏ္ဍမှ အခက်အခဲများစွာကို ကျော်လွှားဆောင်ရွက်ခဲ့သည်သာမက သစ်ထုတ်လုပ်ငန်းနှင့်ပတ်သက်၍ ကြီးပမ်းဆောင်ရွက်ချက်များအား ကောက်နှုတ်ဖော်ပြအပ်ပေသည်–

(က) စစ်မဖြစ်မီကာလ၌ မြန်မာ့သစ်တောများတွင် သစ်ထုတ်လုပ်ငန်းကို လုပ်ကိုင်နေသော ဆင်စီးရေ ၆,၀၀၀ ခန့်ရှိသော်လည်း စစ်အတွင်းဆင်စီးရေ ၃,၀၀၀ ခန့် သေကျေပျက်စီးခြင်းသို့ ရောက်သဖြင့် ၄င်းကာလ၌ သစ်လုပ်ငန်းတွင် အစိုးရနှင့်ပုဂ္ဂလိက ဆင်ပိုင်များ၏ လုပ်ငန်းများကို ထည့်တွက်လျှင် ဆင်စီးရေ ၃,၀၀၀ ထက်ပင်လျော့နည်းနေသည်။ ဆင်အင်အားမပြည့်စုံဘဲ စစ်မဖြစ်မီက သစ်ထုတ်စံချိန်မီရန်မှာ မဖြစ်နိုင်သဖြင့် သစ်ထုတ်စက်ယန္တရားများ၏ အကူအညီဖြင့် သစ်ထုတ်အင်အား ဖြည့်ဆည်းရန် ဖြစ်နိုင်ခြေကို လေ့လာရန်အတွက် သစ်တောသိပ္ပံဘွဲ့ရ နယ်တာဝန်ခံအရာရှိများကို ဩစတြေးလျ၊ ဖိလစ်ပိုင်၊ ကနေဒါ၊ အမေရိကန်သို့ ကိုလံဘိုစီမံကိန်း FAO အကူအညီတို့ကိုရယူလျက် နိုင်ငံခြားပညာသင်များကို စေလွှတ်သည်။ ကွင်းဆင်းလက်တွေ့ လေ့လာရေးခရီးများကို စေလွှတ်လေ့လာစေသည်။

(ခ) ဗန်းမော်တွင် FAO အကူအညီဖြင့် စက်ယန္တရား သစ်ထုတ်ရေးခရိုင်ဖွဲ့စည်း၍ မိုးစစ် သစ်တောကြိုးဝိုင်းမှ ကျွန်းသစ်များကို ဧရာဝတီမြစ်သို့ သစ်တိုက်ကားများဖြင့် ပို့ဆောင်ခြင်းကို ဂျာမန်လူမျိုး ဒေါက်တာမီဒလာ (Dr. Meidler) က မန်နေဂျာ–ဦးစံမြင့် (၂) အားလက်တွေ့ကူညီ၍ ၁၉၅၁ ခုနှစ်တွင် ပြသလေ့ကျင့်ပေးသည်။

(ဂ) စစ်ကိုင်းသစ်ဆိပ်တွင် Skagit Crane ဖြင့်မီးရထားတွဲပေါ်မှ သစ်များကို သစ်ဆိပ်သို့ ဖောင်ဖွဲ့ရန်အတွက် သစ်ချပေးသည်။

(ဃ) ပျဉ်းမနားခရိုင် သစ်ပုတ်ပင် မီးရထားဘူတာစခန်းတွင် စက်ယန္တရားသစ်ထုတ်ယူနစ် တစ်ခုထူထောင်၍ သစ်မာလုပ်ငန်းကို စမ်းသပ်ထုတ်လုပ်သည်။ မတ္တရာသစ်ထုတ်ရေးခရိုင်၊ မေမြို့ (ပြင်ဦးလွင်) တွင် ရေနံ့သာစခန်းမတ္တရာမြို့နယ်၌ သစ်ထုတ်ရေး ယန္တရားနယ်ကို ဖွဲ့စည်းလုပ်ကိုင်သည်။

(င) နိုင်ငံခြားဈေးကွက်၏ တောင်းဆိုမှုအခြေအနေအရ ၁၉၆၀ ခုနှစ်တွင် ပျဉ်းမနား၌ပင်နှင့် မင်းပြင် သစ်တောကြိုးဝိုင်းများမှ ကျွန်းစိုသစ်များကို အထပ်သား လုပ်ငန်းအတွက် စမ်းသပ် ထုတ်လုပ်သည်။

(စ) သစ်ထုတ်အင်အားဖြည့်တင်းရန်အတွက် တောဆင်ဖမ်းဆီးခြင်းလုပ်ငန်းကို သစ်ထုတ်ရေးဌာနအနေဖြင့် နိုင်ငံအနှံ့ရှိ သစ်တောများတွင် စတင်ဆောင်ရွက်သည်။ မေ့ဆေးသေနတ်ဖြင့် တောဆင်ဖမ်းခြင်းကို ၁၉၆၀ ပြည့်နှစ်လွန်တွင် စတင်စမ်းသပ်သည်။

(ဆ) ပျဉ်းမနားခရိုင် ရုံးပင်ချောင်းနှင့်မင်းပြင်ချောင်းဝှမ်းအတွင်း နစ်မြုပ်နေသော မြန်မာမင်းများလက်ထက် ၁၉ ရာစုနှစ်အတွင်းက ထုတ်လုပ်ခဲ့သော 'တော်' တံဆိပ်ပါ ကျွန်းသစ်လုံးများကို ၁၉၅၉–၆၀ ခုနှစ်တွင်တွေ့ရှိသည်။

(ဇ) ပျဉ်းမနားခရိုင်မင်းပြင်သစ်တောကြီးဝိုင်းမှ အလွန်ကြီးမားသော ကျွန်းသစ်ကြီး ၂ လုံး ဖြစ်သော တိုင်းတုံနှင့် ညီတော်လေးကိုထုတ်လုပ်ရရှိပြီး ရန်ကုန်သို့ ဒလန်ခွါန်ဘူတာမှရထားဖြင့်တင်ပို့သည်။

(စျ) ပျဉ်းမနားခရိုင် သစ်ပုတ်ပင်တွင် သစ်လုပ်ငန်းဌာနပိုင် သစ်စက်တစ်လုံးကို တည်ဆောက်၍ ကျွန်းနှင့်သစ်မာများ ခွဲစိတ်၍ ခွဲသားများကို ရန်ကုန်သို့ မီးရထားဖြင့်တင်ပို့သည်။

(ည) ပျဉ်းမနားခရိုင် မင်းပြင်နယ် သစ်ပုတ်ပင်တွင် ကျွန်းစိုနှင့်သစ်မာထုတ်လုပ်ခြင်းကို လေ့လာနိုင်ရန်အတွက် သစ်ထုတ်ရေးဌာန ခရိုင်မန်နေဂျာများ သစ်ထုတ်ရေး ညီလာခံကို ၁၉၆၁ ခုနှစ်နှင့် ၁၉၆၂ ခုနှစ် ၂ နှစ် ဆက်တိုက်ကျင်းပ၍ သစ်ထုတ်ရေး စီမံကိန်းများ ညှိနှိုင်းရေးဆွေးပြီး သစ်ထုတ်ရေး စွမ်းအားမြှင့်တင်ရေးကို ဆွေးနွေးခဲ့ကြသည်။

(ဋ) ရုံးပင်နယ် (ပျဉ်းမနားခရိုင်) ရှိ ဦးဘအိုသစ်ကုမ္ပဏီပိုင် မီးရထား Light Railway ကို ငှားရမ်း အသုံးပြု၍ ကျောင်းစုရွာ ကနစိုးသစ်ဆိပ်မှ ကျွန်းစိုသစ်လုံးများကို ပျဉ်းမနား/တောင်တွင်း မီးရထားလမ်း၊ ဝင်တဲကူးဘူတာသို့ပို့ဆောင်ပေးသည်။

သစ်တောကဏ္ဍမှ ထင်ရှားသောဆောင်ရွက်မှုများ

သစ်တောကြေးမုံပေါ်ပေါက်လာခြင်း

၃၁၃။ မြန်မာပြည် သစ်တောကြေးမုံ (Burmese Forester) အတွဲ (၁)၊ အမှတ် (၁) ကို မြန်မာနိုင်ငံတော် သစ်တောဝန်ထမ်းအသင်းမှ အင်္ဂလိပ်ဘာသာ နှင့် မြန်မာဘာသာနှစ်ပိုင်းဖြင့် ၁၉၅၁ ခုနှစ်၊ မတ်လတွင် စတင်ထုတ်ဝေခဲ့သည်။ တစ်နှစ်လျှင်နှစ်ကြိမ် မတ်လနှင့် စက်တင်ဘာလတွင် ထုတ်ဝေသည်။ နောင်တွင် ဇွန်လနှင့် ဒီဇင်ဘာလတွင် ထုတ်ဝေသည်။ မြန်မာပြည်သစ်တောဌာန၏ လုပ်ငန်းအကြောင်း၊ သစ်ပင်နှင့် မြေဆီလွှာအရေးကြီးပုံတို့ကို အများသိစေရန်နှင့် မြန်မာပြည်သူလူထုတွင် သစ်တော စိတ်ဓာတ် ပွားများစေရန်ရည်ရွယ်၍ ဤဂျာနယ်ကို များသောအားဖြင့် သစ်တောဌာန အရာထမ်း၊ အမှုထမ်းများထံမှရရှိသော နှစ်စဉ်ကြေးများနှင့် ထုတ်ဝေခြင်းဖြစ်သည်။ ပြည်ထောင်စုမြန်မာနိုင်ငံတော် လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောရေးဝန်ကြီး ဗိုလ်ခင်မောင်ကလေးနှင့် သစ်တောမင်းကြီးချုပ် စည်သူဦးမှန်တို့ စကားချီးများ ရေးသားချီးမြှင့်ခဲ့ကြသည်။ ဤဂျာနယ်တွင် သစ်တောဝန်ထမ်းများ၏ သာရေးနာရေးများကြော်ငြာခြင်း၊ ဘွဲ့တံဆိပ်နှင့် ဂုဏ်ထူးဆောင်လက်မှတ်များ၊ ချီးမြှင့်ခြင်းခံရသော ဝါရင့်ဝန်ထမ်းများ ကြော်ငြာခြင်းနှင့် သစ်တောဌာန၊ နိုင်ငံတော်သစ်လုပ်ငန်းအဖွဲ့တို့၏ တိုးတက်မှု၊ လုပ်ဆောင်မှုများကို ဖော်ပြထားသည်။

မြန်မာပြည်သစ်တောကြေးမုံ

The Burmese Forester

Vol. IV DECEMBER 1954 No. 2




Registered No R. 268.

၁၉၅၄ ခုနှစ်၊ ဒီဇင်ဘာလထုတ် သစ်တောကြေးမုံစာအုပ် မျက်နှာဖုံးပုံ

မြန်မာပြည်သစ်တောကြေးမုံ

The Burmese Forester

Service Centenary Issue



၁၉၅၆ ခုနှစ်၊ ဇွန်လထုတ် သစ်တောအုပ်ချုပ်မှု နှစ်(၁၀၀)ပြည့်အထိမ်းအမှတ်
သစ်တောကြေးမုံစာအုပ် မျက်နှာပုံးပုံ



၁၉၅၈ ခုနှစ်၊ ဒီဇင်ဘာလထုတ် သစ်တောကြေးမုံစာအုပ်အား အာရှဖောင်ဒေးရှင်းမှ ရိုက်နှိပ်၍ ဦးသိန်းသို့ ပေးအပ်စဉ်





၁၉၅၅ ခုနှစ်မှ သစ်တောထိန်းသိမ်းရေးပညာပေးပို့စတာများ



သစ်တော/သစ်လုပ်ငန်းကွန်ဖရင့်၁၉၅၂ ခုနှစ်(ပြင်ဦးလွင်)တွင်ကျင်းပစဉ်

မှတ်တမ်းဓါတ်ပုံ

သစ်တောဝန်များညီလာခံကျင်းပခြင်း[၇၀]


၃၁၄။ သစ်တောဝန်များ ပထမအကြိမ်ညီလာခံကို ဒုတိယ ကမ္ဘာစစ်အပြီး ၁၉၅၃ ခုနှစ်၊ ဧပြီလ ၂၃ ရက် မှ ၂၅ ရက်နေ့အထိ အလုံသစ်တောဝင်းတွင် ကျင်းပ ခဲ့သည်။ သစ်တောအရာရှိကြီး ၃၉ ဦး တက်ရောက်ပြီး အရေးပါအရာရောက်သောအကြောင်းအရာ ၂၇ ချက် ကို တွေ့ဆုံညှိနှိုင်းခဲ့ပြီး နှစ်စဉ် ဤကဲ့သို့ကျင်းပနိုင်ရန် ရည်ရွယ်ခဲ့ကြသည်။ ၁၉၅၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် ဦးချိန်ဟိုးသည် သစ်တောမင်းကြီးချုပ်ဖြစ်လာခဲ့သည်။ ဧပြီလ ၁၉ ရက်မှ ၂၁ ရက်နေ့အထိ ဒုတိယအကြိမ် (Divisional Forest Officer-DFO) Conference ကို ရန်ကုန်တွင်ကျင်းပပြုလုပ်ခဲ့သည်။ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောရေးဝန်ကြီးဌာန ဝန်ကြီး သခင်ကျော်ဒွန်း၊ ဝန်ကြီးကိုယ်ရေး အရာရှိ ဦးသိန်းအောင်၊ နိုင်ငံတော် သစ်လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ စည်သူဦးမှန်နှင့် သစ်တောဌာန သစ်တောမင်းကြီးချုပ် ဦးချိန်ဟိုးတို့ ပါဝင် တက်ရောက်ဖွင့်လှစ်ခဲ့ပြီး သစ်တောအရာရှိ ၃၂ ဦးမှ ဘာသာရပ် ၂၁ ခုကို ဆွေးနွေးခဲ့သည်။

၃၁၅။ ရန်ကုန်မြို့ အလုံသစ်ဆိပ်အတွင်းတွင် သစ်တောဝန်များ၏ ညီလာခံကို ၁၉၅၉ ခုနှစ်၊ ဇွန်လ ၁၅ ရက်နေ့မှ ၁၉ ရက်နေ့အထိ ကျင်းပခဲ့သည်။ ညီလာခံကိုအစိုးရအဖွဲ့တွင် ပညာရေး၊ စိုက်ပျိုးရေးနှင့် သစ်တောရေးဌာနများ၏ ဝန်ကြီးဖြစ်သူ ဦးကာက ဖွင့်လှစ်ပေးပြီး မိန့်ခွန်းပြောကြားသည်။ ၄င်းမိန့်ခွန်းတွင် သစ်တောအရာရှိများသည် နိုင်ငံခြားငွေနှင့် အခွန်တော် ပိုမိုရရှိရေးအတွက် အလုပ် ဝတ္တရားများကို

---

[၇၀] မြန်မာပြည်သစ်တောကြေးမုံ၊ အတွဲ(၄) ၁၉၅၄ ခုနှစ် အမှတ်(၁)


ဆတက်ထမ်းပိုး ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တိုင်းပြည် အရပ်ရပ် အခြေအနေများ တိုးတက်
ကောင်းမွန်လာသည်နှင့်အမျှ အလုပ်ကို ပိုမိုကြိုးစားကြရမည်ဖြစ်ကြောင်း၊ ပြည် သူလူထုနှင့် ဆက်ဆံ
ရာတွင်လည်း တရားမျှတမှုန်ကန်စွာနှင့် ရဲရဲဝံ့ဝံ့ ဆက်ဆံကြစေလိုကြောင်းများအပြင် သစ်တောကွက်စိပ်
စီမံကိန်းများနှင့်အညီ ထုတ်လုပ်ရေးလုပ်ငန်းများကို အချိန်မီအောင် ဆောင်ရွက်နိုင်သဖြင့် ချီးကျူး
ကြောင်း စသည်တို့ပါဝင်သည်။




သစ်တောဝန်မျှား၏ နှစ်ပတ်လည်ညီလာခံကို ဝန်ကြီး သခင်တင်မောင်က ဖွင့်လှစ်ပေးပုံ



ညီလာခံသဘာပတိဖြစ်သူ ဦးအေအောက်(စ်) ဗာတန်က ညီလာခံပွင့်လှစ်သောမိန့်ခွန်း ပြောကြားနေပုံ



သစ်တောဌာနနှင့်သစ်လုပ်ငန်းအပွဲ့မှ အရာရှိများကို ညီလာခံပွင့်လှစ်သောနေ့တွင် တွေ့မြင်ရပုံ




သီရိပျံချီ ဦးချိန်ဟိုးနှင့်ဦးသိန်းတို့က လေးနှစ်စီမံကိန်းအကြောင်းကို ရှင်းလင်းပြောပြနေပုံ

၃၁၆။ ၁၉၆၀ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်နေ့မှ ၂၆ ရက်နေ့အတွင်း ရန်ကုန်မြို့၊ အစိုးရသစ်ဆိပ်အလုံတွင် သစ်တောဝန်များညီလာခံကို ထပ်မံကျင်းပခဲ့သည်။ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောရေးဝန်ကြီးသခင်တင်မောင် တက်ရောက်၍ ညီလာခံကိုဖွင့်လှစ်ပေးခဲ့သည်။

အထိမ်းအမှတ်သစ်ပင်များစိုက်ပျိုးခြင်း

၃၁၇။ ကမ္ဘာ့သစ်ပင်ပွဲတော်နေ့ အထိမ်းအမှတ်အဖြစ် ၁၉၅၄ ခုနှစ်၊ ဇွန်လ ၂၇ ရက်မှစတင်၍ နှစ်စဉ်ကျင်းပခဲ့ရာ ၁၉၅၈ ခုနှစ်၊ မေလ ၂၀ ရက်နေ့တွင် မေမြို့ ပန်းဥယျာဉ်တွင် ကတက်တော်တောင်ပေါ်၌ ပျဉ်ညောင်ပင်ကို နိုင်ငံတော်သမ္မတက စိုက်ပျိုးပေးခြင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အမျိုးသမီး အဖွဲများက ကမ္ဘာအေး ဘုရားဝင်းအတွင်း၌လည်းကောင်း၊ မြို့တော်ဝန်ဦးစီးသည့် မြူနီစီပါယ် အဖွဲက ဗိုလ်ချုပ်ပန်းခြံ၌ လည်းကောင်း၊ သစ်ပင်ပန်းပင် အမျိုးပေါင်း ၁၀၀ ကျော် စိုက်ပျိုးခဲ့ကြခြင်း၊ မေမြို့ ပန်းဥယျာဉ် အတွင်း၌ အပင်ပေါင်း ၂,၀၀၀ ကျော်ကို စိုက်ပျိုးခြင်းဖြင့်လည်းကောင်း အသီးသီး ကျင်းပ စိုက်ပျိုးခဲ့ကြသည်။ မြေယာကျေးလက် ကြီးပွားတိုးတက်ရေးကော်ပိုရေးရှင်းအဖွဲက အပင်ပေါက်အမျိုးစုံ နှစ်သန်းခွဲခန့် ဝေငှပေးခဲ့သည်။



၁၉၅၄ ခုနှစ်၊ သစ်ပင်စိုက်ပွဲတော်မြင်ကွင်း

၃၁။ ၁၉၅၇ ခုနှစ်ဇူလိုင်လတွင် ကမ္ဘာအေးဘုရားနှင့် လှိုဏ်ဂူတော်ကြီးတစ်ဝိုက် မြေဧက ၁၁၅ ဧက အကျယ်အဝန်းရှိသော ဥယျာဉ်ကြီးတစ်ခု ဖန်တီးပေးရန် မြေယာကျေးလက် ကြီးပွားတိုးတက်ရေး ကော်ပိုရေးရှင်း မှ အမှုဆောင်အရာရှိချုပ် (သစ်တော) ဦးတင်ထွဋ်နှင့် ဒုတိယအမှုဆောင်အရာရှိချုပ် ဦးစုတို့က ကြီးကြပ်လျက် သစ်တောဌာနအကူအညီဖြင့် ပန်းပွင့်သောသစ်ပင်ကြီးများ၊ အသီး သီးသော အပင်များ၊ ပန်းပင်ငယ်များအပြင် ရာသီပန်းများတို့ကို စိုက်ပျိုးခဲ့သည်။

ပဉ္စမအကြိမ်မြောက် ကမ္ဘာ့သစ်တောညီလာခံ[၇၁]

၃၂။ ၁၉၆၀ ခုနှစ်၊ သြဂုတ်လ ၂၉ ရက်နေ့မှ စက်တင်ဘာလ ၁၀ ရက်နေ့အထိ အမေရိကန် ပြည်ထောင်စုရှိ စီအယ်တဲ (Seattle) မြို့တွင် ကျင်းပသော ပဉ္စမအကြိမ်မြောက် ကမ္ဘာ့သစ်တောညီလာခံ ကို မြန်မာပြည်မှ သစ်တောမင်းကြီးချုပ် သီရိပျံချီ ဦးချိန်ဟိုးခေါင်းဆောင်ပြီး သီရိပျံချီ ဦးထွန်းကျော်၊ သီရိပျံချီ ဦးတင်ထွဋ်၊ ဝဏ္ဏကျော်ထင် ဦးအောင်တင်နှင့် ဦးလှဖေတို့ တက်ရောက် ခဲ့ကြသည်။

---

[၇၁] မြန်မာပြည်သစ်တောကြေးမုံ၊ အတွဲ(၁၀) ၁၉၆၀ ခုနှစ် အမှတ်(၂)



အမှုဆောင်အရာရှိချုပ်ဦးတင်ထွဋ်နှင့်အဖွဲ့. နိုင်ငံခြားလေ့လာရေးခရီးစဉ်
မထွက်ခွာမီ (၁၉၅၆) ခုနှစ်



၁၉၅၅ ခုနှစ် နှင့် ၁၉၅၆ ခုနှစ် သစ်တောပညာသင်တန်းသားများ
အိန္ဒိယနိုင်ငံ ဒါရွန်းလေ့လာရေးခရီးစဉ် မထွက်ခွါမီ



အိန္ဒိယနိုင်ငံ ဒါရဒွန်းတွင် ကျင်းပသော စတုတ္ထအကြိမ် ကမ္ဘာ့သစ်တောညီလာခံသို့
မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်စဉ်



ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်မှ အိန္ဒိယနှင့် F.A.O မှတာဝန်ခံများနှင့်တွေ့ဆုံစဉ်

သစ်တောကျောင်းဆင်းပွဲကျင်းပခြင်းနှင့် ဝန်ကြီး၏သဝဏ်လွှာ[၇၂]

၃၂၀။ ၁၉၅၈ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်နေ့မှစ၍ နိုင်ငံရေးသမားများ အလျဉ်းမပါသော ဗိုလ်ချုပ်ကြီးနေဝင်းခေါင်းဆောင်သည့် အစိုးရအဖွဲ့လက်ထက် ၁၉၅၉ ခုနှစ်၊ ဧပြီလ ၂၈ ရက်နေ့တွင် ကျင်းပသော (၅၆) ကြိမ်မြောက် မြန်မာပြည်သစ်တောကျောင်း၊ ဆုနှင်းသဘင်ပွဲတွင် 'လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောရေးဝန်ကြီးဌာန' ဝန်ကြီး ဦးကာ၏အောက်ပါသဝဏ်လွှာကို ဦးဘကြူး မှ ဖတ်ကြားသည်–

> "နှစ်စဉ်ကျင်းပမြဲဖြစ်သည့် မြန်မာပြည်သစ်တောကျောင်း ဆုနှင်းသဘင်ပွဲသို့ ဝန်ကြီး (သို့မဟုတ်) ဝန်ကြီးဌာနမှကိုယ်စားလှယ် တက်ရောက်ချီးမြှင့်ရသည့်အတိုင်း ယခုနှစ်တွင် ကျွန်တော်ကိုယ်တိုင်တက်ရောက်ရန် စီစဉ်ခဲ့ပါသည်။ သို့သော်ပိုမို အရေးကြီးသော ကိစ္စတစ်ခုနှင့် ဆိုင်နေသောကြောင့် ကိုယ်တိုင်မတက်ရောက်နိုင်သဖြင့် သဝဏ်လွှာကို ပေးပို့လိုက်ရပါကြောင်း။
>
> ယနေ့ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ အခြေအနေကို သုံးသပ်ကြည့်လျှင် ကြီးမားသော ပြောင်းလဲမှုကြီးဖြစ်နေသည်ကို အထင်အရှား တွေ့မြင်ကြရပါလိမ့်မည်။ ၁၉၅၈ ခုနှစ် အောက်တိုဘာလ ၂၉ ရက်နေ့မှစ၍ နိုင်ငံရေးသမားများ အလျဉ်းမပါသော အစိုးရအဖွဲ့ကို ဖွဲ့စည်း ဆောင်ရွက်ခဲ့ပါသည်။ ဤအဖွဲ့သည် ဆောင်ရွက်ရန်ကိစ္စတို့တွင် တိကျပြတ်သားစွာ စည်းကမ်းနှင့်အညီ ဆောင်ရွက်နေ၍ ဤကဲ့သို့ ဆောင်ရွက်ရန်မှာလည်း ယခု အစိုးရ အဖွဲ့၏ဆန္ဒပင် ဖြစ်ပါသည်။ သို့ကြောင့် သစ်တောဌာန အရာထမ်း၊ အမှုထမ်းတို့အား ပြောကြားလိုသည့် အချက်မှာ ဆောင်ရွက်ရန်ကိစ္စတို့တွင် တာဝန်ဝတ္တရားများကို စည်းကမ်းနှင့်အညီ ရဲဝံ့စွာ ဆောင်ရွက်ကြရန်ဖြစ်ပါသည်။ တိကျမှန်ကန်စွာ ဆောင်ရွက်ခြင်းဖြင့် ရိုးသားစွာ မှားယွင်းခြင်းကို ခွင့်လွှတ်နိုင်ပါသည်။ သို့သော် မျက်နှာလိုက်၍ အဂတိလိုက်၍ မရိုးမသား ဆောင်ရွက်မှုကို တွေ့ရှိပါက ထိရောက်စွာ အရေးယူမည်ဖြစ်ပါသည်။

---

[၇၂] မြန်မာပြည်သစ်တောကြေးမုံ၊ အတွဲ(၉) ၁၉၅၉ ခုနှစ် အမှတ်(၁)

ကျွန်တော်ဆောင်ရွက်ခဲ့သည့် အချိန်မှာမကြာသေးပါ။ ထိုတိုတောင်းသောအချိန်အတွင်းတွင် သစ်တောဌာန အရာထမ်းများအပေါ်၌ တိုင်ကြားစာများ အတော်များများ ရရှိခဲ့ပါသည်။ တိုင်စာတိုင်းသည် မှန်သည်ဟုမဆိုလိုပါ။ သို့သော်အကြောင်းရှိ၍ တိုင်သည်ကိုမူ မငြင်းကွယ်နိုင်ပါ။ အကြောင်းရှိသည်ဆိုရာ၌ အရာထမ်း၊အမှုထမ်းတို့၏ချို့ယွင်းသော ဆောင်ရွက်မှုကြောင့်လည်းဖြစ်နိုင်ပါသည်။ သို့မဟုတ် မိမိတို့အလိုကျ ဆောင်ရွက်၍မပေးသဖြင့် အရာထမ်း၊အမှုထမ်းတို့အပေါ် မကျေနပ်၍ အပြစ်ရှာခြင်းလည်းဖြစ်နိုင်ပါသည်။ ထိုအကြောင်းနှစ်ခုတွင် အပြစ်ရှာနေသော သဘောကြောင့်ဖြစ်လျင် ကျွန်တော်အထက်က ပြောခဲ့သည့်အတိုင်း စိုးရိမ်ဖွယ်မရှိပါ။ မရိုးသားလျှင်မူကား အထိုက်အလျောက် အရေးယူခြင်းခံရပါမည်။ ထိုကိစ္စနှင့်ပတ်သက်၍ ကျွန်တော်တိုက်တွန်းလိုသည်မှာ အမှုကိစ္စများကိုဆောင်ရွက်ကြရာ၌ တာဝန်လည်းကျေပါစေ။ တစ်ဖက်သားလည်း နစ်နာမှုမရှိပါစေနှင့်။ ထိုကဲ့သို့ ဆောင်ရွက်လျှင် တိုင်ကြားမှုများ ရှိနိုင်လိမ့်မည်မထင်ပါ။ ရှိစေကာမူ လျော့နည်းသွားရန် အကြောင်းရှိပါသည်။

အထက်က ပြောခဲ့သည့်အပြစ်များသည် တိုင်ကြားသဖြင့် ပေါ်ပေါက်သည့် အပြစ်မျှသာဖြစ်ပါသည်။ ပေါ်ပေါက်နိုင်သော အပြစ်ဖြစ်သောကြောင့် ထိုအပြစ်မျိုးကို ဖယ်ရှားရန် လွယ်ကူပါသည်။ သို့သော် လွယ်လွယ်နှင့် မပေါ်ပေါက်နိုင်သောအပြစ်ကို သတိကြီးစွာထား၍ ရှောင်ရှားကြရပါမည်။ ထိုအပြစ်မှာ အခြားမဟုတ်ပါ။ သစ်တောမင်းကြီးချုပ် ဖော်ပြသည့် တာဝန်ကို အပြည့်မဆောင်ရွက်သည့် အပြစ်ဖြစ်ပါသည်။ တာဝန်ကို အပြည့်မဆောင်ရွက်သဖြင့် သစ်ပင်တစ်ပင်၏တိုးတက်မှုကို တစ်ပေခန့် ဆုတ်ယုတ်စေခြင်းဖြင့်ပင် တန်ပေါင်းမြောက်များစွာ ဆုံးရှုံးနစ်နာမှုရနိုင်သည့်ဥပမာမှာ တကယ်ဖြစ်နိုင်သည့် ဥပမာပင် ဖြစ်လေသည်။ ထိုကဲ့သို့ပင် ချို့ယွင်းမှုများ၊ ပေါ်လျော့မှုများသည် အခြားကိစ္စတို့တွင်လည်း ဖြစ်ပေါ်နိုင်ပါသဖြင့် စေတနာသန့်သန့် တာဝန်သိသိနှင့် ဆောင်ရွက်ကြပါရန် ဤဌာနမှနေ၍ လေးနက်စွာတိုက်တွန်းလိုပါသည်။

လူကြီးမင်းများသိရှိကြသည့်အတိုင်း နိုင်ငံတော်၏စီးပွားရေးတွင် တိုးတက်မှုလုပ်ငန်းများကို ဆန္ဒရှိသလောက် ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိပါ။ တိုးတက်အောင် ဆောင်ရွက်ကြရန်မှာ

လူတိုင်းလူတိုင်းတို့၏ တာဝန်ဝတ္တရားတစ်ခုဖြစ်ပါသည်။ ထိုတာဝန်မှာ ပြည်ပကုန်ကို ချွေတာသုံးစွဲနိုင်သလောက် အစွမ်းကုန်ကြိုးစား၍ ချွေတာရမည်ဖြစ်ပြီး ပြည်တွင်းထွက်ကုန်ကို ကြိုးစားထုတ်လုပ်ရန်ဖြစ်ပါသည်။ ထွက်ကုန်များတွင် အရေးပါအရာရောက်သည့် ပစ္စည်းတစ်ခုမှာ သစ်ဖြစ်ပါသည်။ သစ်ပိုမိုထုတ်နိုင်ရန်အတွက် အစွမ်းကုန်ကြိုးစားကြရပါမည်။ တစ်ဖက်တွင် ထုတ်လုပ်ရန်အတွက် အစွမ်းကုန်ကြိုးစားသကဲ့သို့ အခြားတစ်ဖက်တွင် သစ်ဖြုန်းတီးမှုကာကွယ်ခြင်း၊ ပျက်စီးမှုကာကွယ်ခြင်းနှင့် တိုးတက်ဖွံ့ဖြိုးအောင်ဆောင်ရွက်ခြင်း စသော အခွန်တော်နှင့် နိုင်ငံခြားဝင်ငွေ တိုးတက်ရရှိမှုကိုရှေ့ရှု၍ အစွမ်းကုန် ကြိုးစားကြပါရန်လည်း တိုက်တွန်းအပ်ပါသည်။

အထက်ပါတိုက်တွန်းချက်များသည် သစ်တောဌာန၏ ဆောင်ရွက်ချက်များကို မကျေနပ်၍မဟုတ်ပါ ဆောင်ရွက်ချက်များမှာ ကျေနပ်ဖွယ်ရှိသည်ကို ဤဌာနတွင် ပြောကြားလိုပါသည်။ သို့သော်ဌာနတိုင်းဌာနတိုင်းတွင် ယခင်ကထက် ပိုမိုကြိုးစားကြရန် တာဝန်ရှိလာခြင်း၊ ယခင်ကထက်ပြတ်သားစွာ ဆောင်ရွက်ခွင့်ရှိခြင်း၊ နိုင်ငံတော်၏စီးပွားရေး တစ်ဖက်တစ်လမ်းမှ ကြိုးပမ်းဖြည့်တင်းရန် လိုအပ်ခြင်းစသော အကြောင်းများကြောင့် တိုက်တွန်းရခြင်းဖြစ်ပါသည်။ သစ်ပိုမိုထုတ်လုပ်ရန်အတွက် ဆောင်ရွက်ရာတွင်၄င်း၊ သစ်တောများပြုပြင်ပျိုးထောင်ရာတွင်၄င်း၊ ယခင်ကထက် ပိုမိုတွင်ကျယ်စွာ ဆောင်ရွက်နိုင်ခွင့်ရှိကြပါသည်။ တောခို၍ သောင်းကျန်းနေကြသော မသမာသူအဖျက်သမား ပြည်ထောင်စုကြီး၏ ရန်သူများသည် တပ်မတော်၏ ပြင်းထန်သော နှိမ်နင်းမှုလက်အောက်တွင် မရှုမလှုခံနေကြသည်ကို လူတိုင်းအသိ ဖြစ်သဖြင့် အထူးချဲ့ထွင်၍ ပြောရန်မလိုပါ။ သောင်းကျန်သူများ၏နယ်သည် တစ်နေ့တခြား ကျဉ်းမြောင်း၍လာခဲ့ပါပြီ။ ၄င်းတို့၏ နှောင့်ယှက်မှုသည် သိသိသာသာကြီး လျော့နည်းသွားပါသည်။ နှောင့်ယှက်မှု နည်းသည်နှင့်အမျှ သစ်တောလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ယခင်ကထက် အနှောင့် အယှက်ကင်းစွာ ဆောင်ရွက်နိုင်ကြပါသည်။


ယခုနှစ်သင်ကြားတတ်မြောက်ကြသော သစ်တောသင်တန်းအောင်မြင်သည့် ပုဂ္ဂိုလ်တို့သည် မကြာမီတွင် မိမိတို့အားချထားပေးသည့် တာဝန်ဝတ္တရားများကို ဆောင်ရွက်ကြရပါတော့

မည်။ သင်တန်းတွင် လက်တွေ့စာတွေ့ ဗဟုသုတများရရှိကြပြီးဖြစ်ပေမည်။ သို့သော် ဝတ္တရား အရဆောင်ရွက်ရာ၌ လူထုနှင့်ဆက်ဆံနည်းကို သိရှိရန်လိုပါသည်။ လူထုနှင့်ဆက်ဆံရာတွင် ပြေပြစ်ကြရပါမည်။ နားမလည်လျှင် နားလည်အောင်ရှင်းလင်းပြောပြ၍ ကျေနပ်စေရပါမည်။ သို့မှသာ အရာရှိကောင်းတစ်ယောက်ဖြစ်နိုင်ပါမည်။ သွားလေရာရာ ရန်ဖြစ်သော အရာရှိမျိုး မဖြစ်စေချင်ပါ။ သို့သော် လူထုနှင့်ပေါင်းပြီး လူထုအလိုကျလုပ်ပေးခြင်းကိုမူ ရှောင်ရှားရပါမည်။ တာဝန်ကျေခြင်း၊ စည်ကမ်းနှင့်အညီဆောင်ရွက်ခြင်း၊ လူထုနှင့်ပြေပြစ်စွာဆက်ဆံခြင်း၊ အဂတိ မလိုက်စားခြင်းတို့သည် အလုပ်ခွင်တွင်အောင်မြင်ကြောင်း တရားများဖြစ်သဖြင့် ထိုအချက်များကို မှတ်သားဆောင်ရွက်ကြစေလိုပါသည်။ ဝတ္တရားကိုဆောင်ရွက်ကြရာ၌ စေတနာကောင်းနှင့် အောင်မြင်စွာ ဆောင်ရွက်နိုင်ကြပါစေသတည်း။”

၃၂။ ၄င်းအခမ်းအနားတွင် မင်းကြီးချုပ်သီရိပျံချီဦးချိန်ဟိုးမှ အမှာစကားပြောကြားပြီး သင်တန်းဆင်းကျောင်းသားများအား အောင်လက်မှတ်နှင့် ဆုတံဆိပ်များကို ချီးမြှင့်ခဲ့သည်။



၁၉၅၉ ၊ ဧပြီ၊ မြန်မာနိုင်ငံသစ်တောကျောင်းကျောင်းဆင်းပွဲ၌လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး၏ သဝဏ်လွှာကို အတွင်းဝန် ဦးဘကြူးက ဖတ်ကြားနေစဉ်



သစ်တောမင်းကြီးချုပ် သီရိပျံချီ ဦးချိန်ဟိုးက မြန်မာနိုင်ငံသစ်တောကျောင်း သင်တန်းကျောင်းဆင်း ကျောင်းသားများအား အောင်လက်မှတ်နှင့် ဆုတံဆိပ်များ ချီးမြှင့်နေစဉ်

၃၂၂။ **သစ်တောမင်းကြီးချုပ်၏ မိန့်ခွန်းကောက်နှုတ်ချက်**[၇၃]။ ၁၉၆၁ ခုနှစ် (၅၈) ကြိမ်မြောက် မြန်မာပြည် သစ်တောကျောင်းဆင်းပွဲတွင်ပြောကြားသော သစ်တောမင်းကြီးချုပ် သီရိပျံချီ ဦးချိန်ဟိုး၏ မိန့်ခွန်းမှ ကောက်နှုတ်ချက်အချို့မှာ–

> "သစ်တောဌာနကို ကြီးမှူးဦးစီးရသူ တာဝန်ခံတစ်ဦးအနေနှင့် ပိုက်ဆံတွေအများကြီးရအောင် လုပ်ပေးနိုင်တာလောက်နှင့် ကျေနပ်နေစရာမဟုတ်ဘူး၊ သစ်တောပညာအရ အမြင်ရှည်ရှည်နှင့် ကြည့်ရတယ်။ ကျွန်းပင်တစ်ပင်ဟာ ရောင်းဝယ်ဖောက်ကားလောက်အောင် အနှစ် ၁၅၀ ကျော် ပေါက်ရတယ်၊ ကျွန်တော်တို့ မျက်စိမှာဘဲ ဒီကျွန်းတစ်သက်သာမဟုတ် နှစ်သက်အထိ မျှော်မှန်း ပြီး ကြည့်ရတယ်၊ ကျွန်တော်ဌာနဦးစီးဖြစ်ပြီး မကြာခင်တွေ့ရတာကတော့ နှစ်တစ်နှစ်မှာ ယေဘုယျအားဖြင့် ကျွန်းသစ်တန် လေးသိန်း၊ သစ်မာတန် ခြောက်သိန်း၊ စုစုပေါင်းတန် တစ်ဆယ်သိန်း ထုတ်လာတာဟာ နည်းတာမဟုတ်ဘူး၊ ဒီလိုချည်းသာလုပ်သွားပြီး တောတွေကို မပြုစုရင် နောက်ပိုင်းမှာ ဘယ်လိုဖြစ်လာမည်ဆိုတာ စဉ်းစားကြည့်တယ်၊ အခြေအနေမှန်ကို ရှုမြင်နိုင်အောင် တစ်နှစ်တစ်နှစ်ကို သစ်တောစောင့်ရှောက်ပြုပြင်ရေးအတွက် ဘယ်လောက် သုံးခဲ့တယ်၊ ရတဲ့အခွန်ငွေတွေထဲက အရင်းအနှီးမပြုတ်အောင် ဘယ်လောက်ပြန်ပြီး မြှုပ်ခဲ့တယ်

---

[၇၃] မြန်မာပြည်သစ်တောကြေးမုံ၊ အတွဲ(၁၁) ၁၉၆၁ ခုနှစ် အမှတ်(၁)


ဆိုတာရှာကြည့်တယ်၊ တွေ့ရတဲ့ဂဏန်းတွေကတော့ စစ်မဖြစ်မီက အခွန်တော်ငွေ ၁၃၉.၅၄ သိန်း အနက် ၃.၅ သိန်း၊ ၂.၅၁ ရာခိုင်နှုန်းကို သစ်တောပြန်လည်ပြုစုရေးအတွက် သုံးခဲ့တယ်၊ လေးနှစ်စီမံကိန်းကာလမှာ ၁၄၉.၄၀ သိန်းရပြီး ၃.၈၆ သိန်းသာသုံးတယ်၊ ၁.၅၅ ရာခိုင်နှုန်းဖြစ်တယ်၊ ရာခိုင်နှုန်းအရဆိုရင်ပင် မကိုက်ဘူး၊ လုပ်ခတွေဟာ ၄ ဆ တက်နေတော့ စစ်ပြီးခေတ်မှာ ၃.၈၆ သိန်းဆိုတာဟာ စစ်မဖြစ်မီလုပ်ခနှင့်ဆိုလျှင် ၀.၉၆ သိန်းနဲ့သာညီမျှတယ်၊ ဒီတော့ တောထဲမှာ အခုပြုစုပျိုးထောင်နေတာဟာ စစ်မဖြစ်မီရဲ့ လေးပုံတစ်ပုံသာရှိတယ်၊ အခြားအလုပ်တွေ အများကြီးတိုးလာတယ်။ ဒီလိုဟာတွေတွေ့လာတာ အတော်ရင်လေးမိတယ်၊ အခြေအနေဟာ ကျေနပ်လောက်စရာမရှိဘူး၊ ဆိုလိုရင်းကတော့ အင်မတန် နှိုးထွက်ကောင်းတဲ့နွားမကြီးကို အစာဝဝ မကျွေးဘဲ ရသမျှနို့ကိုသာ နေ့တိုင်း ညှစ်ထုတ်ခံနေရတဲ့ နွားပိန်မကြီးနှင့်တူနေမယ်၊ ဒီအပြင် ဥပမာတစ်ခုပေးရတာကတော့ ရွှေဥလိုဥတဲ့ငန်းကြီးကို လောဘဇောနှင့် တစ်နေ့တစ်ဥရတာ မကျေနပ်ဘဲ ဥတွေအများကြီးချက်ချင်းရဖို့ ငန်းမကြီးကို သတ်လိုက်လို့ ဆုံးရှုံးရတာဖြစ်တယ်၊ ဌာနအတွင်းမှာ သိရလေအောင် ၁၉၅၉ ခုနှစ် ဆုနှင်းသဘင် အခမ်းအနားမှာ 'သစ်တောပြုပြင်ရေးကို စီးပွားရေးနှင့်အတူ ဦးစားပေးပြီးလုပ်ကိုင်ကြစို့' ဆိုတဲ့ ဆောင်ပုဒ်ပေးခဲ့တယ်၊ မနှစ်က ဆုနှင်းသဘင်မှာလည်း ဒီဆောင်ပုဒ်ကို ထပ်မံပေးခဲ့တယ်၊ ရည်ရွယ်ချက်ကတော့ သစ်တော အခွန်တော်ငွေကိုလည်း ရှာပေးရုံမက တောကိုလည်းဆင်းပြီး သစ်တောများကို ပြုစုထိန်းသိမ်းကြဖို့ဘဲ" ဖြစ်သည်။




၁၉၆၀–၆၂ ၊ ခုနှစ်၊ မြန်မာနိုင်ငံသစ်တောကျောင်း သစ်တောကျောင်းဆင်းပွဲအခမ်းအနား



၁၉၆၀–၆၂ ၊ ခုနှစ်၊ မြန်မာနိုင်ငံသစ်တောကျောင်း သစ်တောကျောင်းဆင်းပွဲအခမ်းအနား



၁၉၆၀–၆၂ ၊ ခုနှစ်၊ မြန်မာနိုင်ငံသစ်တောကျောင်း သစ်တောကျောင်းဆင်းပွဲအခမ်းအနား



၁၉၆၀–၆၂ ခုနှစ်၊ မြန်မာနိုင်ငံသစ်တောကျောင်း
သစ်တောကျောင်းဆင်းပွဲအခမ်းအနားတွင် ဆုချီးမြှင့်နေစဉ်

သမိုင်းဝင်ထူးခြားမှတ်ဖွယ်ကဏ္ဍ (၁၉၄၈–၆၂ ခုနှစ်)

နိုင်ငံတော်ကာကွယ်ရေးတွင် သစ်တောဝန်ထမ်းများ ပါဝင်ဆောင်ရွက်ခြင်း[79]။

၃၂။ သစ်တောဝန်ထမ်း များသည် မိမိ၏မူလတာဝန်ဖြစ်သော သစ်တောပြုစုထိန်းသိမ်းခြင်းနှင့် နိုင်ငံတော်ဝင်ငွေရရှိရေးအတွက် သစ်တောထွက်ပစ္စည်းများထုတ်လုပ်ခြင်း စသည့်လုပ်ငန်းရပ်များကို သာမက နိုင်ငံအတွက် အရေးကြုံ လာပါက တိုင်းပြည်ကာကွယ်ရေးတာဝန်ကိုပါ ထမ်းဆောင်ခဲ့ကြသည်။ သာဓကအားဖြင့် ဦးစောလင်း (နောင်သစ်တောမင်းကြီး) ခေါင်းဆောင်သော သစ်တောကာကွယ်ရေး အဖွဲ့၏ စွမ်းစွမ်းတမံ ဆောင်ရွက်ခြင်းကို ပဲခူးတောင်ပိုင်း သစ်တောခရိုင် သစ်တောဝန်ထောက်ဦးဖိုးမျှင်၏ အစီရင်ခံစာမှ ကောက်နှုတ် ဖော်ပြအပ်ပေသည်။

၃၃။ မြန်မာနိုင်ငံတွင် လွတ်လပ်ရေးရရှိပြီးနောက် ၁၉၄၉ ခုနှစ်၌ ပြည်တွင်းသောင်းကျန်းမှုများ ဖြစ်ပေါ်သောကာလတွင် ဦးစောလင်းခေါင်းဆောင်သော သစ်တောကာကွယ်ရေးအဖွဲသည် ၁၉၄၉ ခုနှစ်၊ ဖေဖော်ဝါရီလမှ မေလအတွင်း အခြားအစိုးရ လက်နက်ကိုင်အဖွဲများနှင့်ပူးပေါင်း၍ ကာကွယ်ရေးတာဝန်

---

[79] မြန်မာနိုင်ငံသစ်တောကျောင်း နှစ် (၁၀၀) ပြည့်အထိမ်းအမှတ်စာတော်

ကို ဆောင်ရွက်ခဲ့သည်။ ၁၉၄၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်မှ ၂၀ ရက်ထိ သစ်တောကာကွယ်ရေး အဖွဲ့များသည် အုပ်ချုပ်ရေးပျက်ပြားခြင်း ပျဉ်းမနားမြို့သူမြို့သားများ၏ အန္တရာယ်ကျရောက်နေသော အသက်အိုးအိမ်စည်းစိမ်ကို မသမာသူများဘေးမှ ကာကွယ်ပေးခဲ့သည်။ ၁၉၄၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်မှ မတ်လ ၉ ရက်နေ့ထိ သောင်းကျန်းသူများသိမ်းယူထားသော ပျဉ်းမနားမြို့မှ ဦးစောလင်းသည် မိသားစုကိုထားခဲ့ပြီး နယ်အမှုထမ်းအချို့ ပျဉ်းမနားသစ်တောကျောင်းမှ ကျောင်းသား ၂၀ ကျော်နှင့်အတူ ရိုးမတောအတွင်းသို့တိမ်းရှောင်ပြီး သောင်းကျန်းသူများ၏ လှုပ်ရှားမှုသတင်းထောက်လှမ်းခြင်း၊ မြို့ပေါ်၌ ကျန်ရှိခဲ့သည့် သစ်တောဌာနပိုင် လက်နက်ခဲယမ်းမီးကျောက်များကို လျှို့ဝှက်စွာ စုဆောင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။ ၁၉၄၉ ခုနှစ်၊ မတ်လ ၁၀ ရက်မှ ဧပြီလ ၉ ရက်နေ့အထိ ပျဉ်းမနားမြို့အား သောင်းကျန်းသူများရန်မှကာကွယ်ရန် နေ့စဉ်နှင့်အမျှ တိုက်ခိုက်နေခဲ့ရသည်။

၃၂၅။ ၁၉၄၉ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့တွင် သောင်းကျန်းသူများအား တိုက်ခိုက်နေသော တပ်ပေါင်းစုတွင် လက်နက်ခဲယမ်းမီးကျောက် မပြည့်စုံသဖြင့် ပျဉ်းမနားမြို့အရှေ့ဘက်ရွာများသို့ ရွှေ့ပြောင်းခဲ့ရသည်။ အဆိုပါကာလများတွင် တပ်ကုန်းမြို့၊ ရမည်းသင်းမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများအား သောင်းကျန်းသူ အန္တရာယ်မှ ကာကွယ်ပေးခဲ့ရသည်။ ၁၉၄၉ ခုနှစ်၊ မေလ ၆ ရက်နေ့တွင် ခရိုင်ဝန်နှင့် ဗိုလ်မှူးဘကျင်တို့က သစ်တောကာကွယ်ရေးတပ်ကို ရမည်းသင်းသို့လာရောက်ခေါ်ယူ၍ လက်နက်ခဲယမ်းမီးကျောက်များ ထုတ်ပေးပြီး ပျော်ဘွယ်မြို့အားသိမ်းယူရန် တာဝန်ပေးခဲ့သည်။ ၁၉၄၉ ခုနှစ်၊ မေလ ၈ ရက်နေ့တွင် ရမည်းသင်းမှ အခြားလက်နက်ကိုင်တပ်ဖွဲ့တစ်ဖွဲ့နှင့်ပူးပေါင်း၍ သောင်းကျန်းသူများလက်မှ ပျော်ဘွယ်မြို့အားသိမ်းယူခဲ့သည်။ ၁၉၄၉ ခုနှစ်၊ မေလ ၉ ရက်နေ့မှ ၁၉၅၀ ခုနှစ်၊ မေလ ၆ ရက်ကာလအတွင်း ပျော်ဘွယ်မြို့ကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ မြို့အနီးအနားပတ်ဝန်းကျင်ရှိ ရန်သူများကိုထွက်၍တိုက်ခိုက်ခြင်း၊ ပျော်ဘွယ်–သာစည် မီးရထားလမ်း၊ ပျော်ဘွယ်–မိတ္ထီလာကားလမ်း၊ ပျော်ဘွယ်–ရမည်းသင်းကားလမ်းများကို သောင်းကျန်းသူအန္တရာယ်မှကင်းဝေးအောင် စောင့်ရှောက်ခဲ့သည်။ ပျော်ဘွယ်–ရမည်းသင်းကားလမ်းကို စောင့်ရှောက်ရာ၌ သစ်တောကာကွယ်ရေးဝန်ထမ်း ၄ ဦး အသက်စွန့်လွှတ်ခဲ့ရသည်။ ဖော်ပြပါသက်စွန့်ကြိုးပမ်းဆောင်ရွက်ချက်များကြောင့် နိုင်ငံတော်မှ ဦးစောလင်းအား သီဟဗလဘွဲ့နှင့် သီရိပျံချီဘွဲ့များကို ချီးမြှင့်ခဲ့သည်။

လွတ်လပ်ရေးဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်များရရှိသော သစ်တောဌာန နှင့် နိုင်ငံတော်သစ်လုပ်ငန်းအဖွဲ့တို့မှ အရာထမ်း၊အမှုထမ်းများ

(က) **၁၉၅၄ ခုနှစ်**[၇၅]

(၁) **သီရိပျံချီ**။ ဦးချိန်ဟိုး၊ သစ်တောမင်းကြီးချုပ်။

(၂) **ဝဏ္ဏကျော်ထင်**။ ဦးဘအုန်း၊ ဒါရိုက်တာ (သစ်ထုတ်ရေး)။
ဦးစိန်ဝင်း၊ ဒုဒါရိုက်တာ(သစ်ထုတ်ရေး)။
ဦးစောဝီလ်ဆင်အောင်၊ မန်နေဂျာ (သစ်ထုတ်ရေး)
ဦးစိုးမောင်၊ငွေစာရင်းအရာရှိချုပ်၊
(နိုင်ငံတော်သစ်လုပ်ငန်းအဖွဲ့)

(ခ) **၁၉၅၇ ခုနှစ်**[၇၆]

(၁) **စည်သူ** ။ ဦးကျော်၊ အေတီအမ်၊ ကေအက်အမ်၊ အငြိမ်းစား သစ်တော အရေးပိုင်။

(၂) **သီရိပျံချီ** ။ ဦးသိန်းဟန်၊ အေတီအမ်၊ တီဒီအမ် စစ်တောင်းတိုင်း သစ်တော မင်းကြီး။

(၃)**ဝဏ္ဏကျော်ထင်**။ ဦးအောင်တင်၊ ဇီးကုန်းခရိုင်သစ်တောဝန်။
ဦးထွန်းလင်း၊ ပျဉ်းမနားခရိုင် သစ်တောဝန်။
စောစိန်အုန်းဖေ၊ ဖားအံခရိုင်သစ်တောဝန်။
ဦးဘလင်း၊ မန္တလေး–မေမြို့ခရိုင်သစ်တောဝန်။
ဦးအုန်းဖေ(၁)၊တောင်ငူတောင်ပိုင်းခရိုင်သစ်တောဝန်။
ဦးစောခင်မောင်၊ချင်းတွင်းတိုင်း သစ်ထုတ်ရေးမှူး။

(ဂ) **၁၉၅၈ ခုနှစ်**[၇၇]

(၁) **သီရိပျံချီ**။ ဦးထွန်းကျော်၊ သစ်တောမင်းကြီး စစ်တောင်းတိုင်း။

---

[၇၅] မြန်မာပြည်သစ်တောကြေးမုံ၊ အတွဲ(၄) ၁၉၅၄ ခုနှစ် အမှတ်(၁)

[၇၆] မြန်မာပြည်သစ်တောကြေးမုံ၊ အတွဲ(၇) ၁၉၅၇ ခုနှစ် အမှတ်(၂)

[၇၇] မြန်မာပြည်သစ်တောကြေးမုံ၊ အတွဲ(၈) ၁၉၅၈ ခုနှစ် အမှတ်(၁)

(၂) **ဝဏ္ဏကျော်ထင်**။ ဦးဂူက်ရွှေဇင်၊ သစ်တောဝန် စစ်တောင်းတိုင်း။

ဦးအုန်း၊သစ်တောဝန်တောင်ငူတောင်ပိုင်း သစ်တောခရိုင်။

(၃) **သီဟဗလ**။ ဦးသန့်၊ဒုတိယတောအုပ် သာယာဝတီသစ်တောခရိုင်။

(ဃ) **၁၉၅၉ ခုနှစ်**[၇၀]

(၁) **ဝဏ္ဏကျော်ထင်**။ ဦးလရှိုးဘောက်၊ သစ်တောဝန် မြစ်ကြီးနား။

(င) **၁၉၆၀ ခုနှစ်**[၇၉]

(၁) **သီရိပျံချီ**။ ဦးတင်ထွဋ်၊ အမှုဆောင်အရာရှိချုပ် (သစ်တောနှင့် တိရစ္ဆာန်မွေးမြူရေး)။

(၂) **ဝဏ္ဏကျော်ထင်**။ ဦးမောင်ကလေး၊ သစ်တောဝန် ရွှေဘိုမြို့။

(စ) **၁၉၆၁ ခုနှစ်**[၈၀]

(၁) **သီရိပျံချီ**။ ဦးသိန်း၊ သစ်တောမင်းကြီး သစ်တောသုတေသနနှင့် လေ့လာသင်ကြားရေးတိုင်း။

(၂) **ဝဏ္ဏကျော်ထင်**။ ဦးအောင်မြင့်(၂)၊ သစ်တောဝန် ရှမ်းပြည်တောင်ပိုင်း သစ်တောခရိုင်။

ဦးစု (အငြိမ်းစားသစ်တောဝန်) ဒု– အမှုဆောင်အရာရှိချုပ် မြေယာကျေးလက် ကြီးပွါးတိုးတက်ရေး ကော်ပိုရေးရှင်း။

(ဆ) **၁၉၆၂ ခုနှစ်**[၈၁]

(၁) **ဝဏ္ဏကျော်ထင်**။ ဦးစိန်ဒိုင်၊ အမှုဆောင်အရာရှိ အပူပိုင်း ဒေသသစ်တော ပြန်လည် ထူထောင်ရေး စီမံကိန်း၊ မြေယာကျေးလက် ကြီးပွားတိုး တက်ရေး ကော်ပိုရေးရှင်း။

---

[၇၀] မြန်မာပြည်သစ်တောကြေးမုံ၊ အတွဲ(၉) ၁၉၅၉ ခုနှစ် အမှတ် (၁)


[၇၉] မြန်မာပြည်သစ်တောကြေးမုံ၊ အတွဲ (၁၀) ၁၉၆၀ ခုနှစ် အမှတ် (၁)

[၈၀] မြန်မာပြည်သစ်တောကြေးမုံ၊ အတွဲ (၁၁) ၁၉၆၁ ခုနှစ် အမှတ် (၁)

[၈၁] မြန်မာပြည်သစ်တောကြေးမုံ၊ အတွဲ (၁၂) ၁၉၆၂ ခုနှစ် အမှတ် (၁)

စာရာမေတိ (Mount Saramati) တောင်ထိပ်သို့ ရုက္ခဗေဒလေ့လာရေးအတွက် တက်ရောက် ခဲ့ခြင်း[၅၂]

၃၂၆။ အိန္ဒိယနှင့် မြန်မာပြည်နယ်စပ်ရှိ ဆူမရာတောင်တန်းတွင်တည်ရှိသော ပေ ၁၂,၅၅ ၃ မြင့် သည့် စာရာမေတိတောင်ပေါ်သို့ လက်ထောက်ကွက်စိပ် စိမ်းကိန်းဝန် ဦးမောင်ကလေး(၂) ခေါင်းဆောင်သော သစ်တောအဖွဲ့သည် အော်လီဗာမိလတန် ခေါင်းဆောင်သော သားငှက်တိရစ္ဆာန်ရိုင်း များ လေ့လာရေးအဖွဲ့ နှင့်အတူ ၁၉၅၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက်နေ့တွင်တက်ရောက်ခဲ့သည်။ သစ်တော အဖွဲ့တွင် ပန်းပုံစံပြတိုက်မှူး ဦးချစ်ကိုကို၊ ဒုတိယတောအုပ် ဦးအေး (သားငှက်များကို သဘာဝမပျက် ပုံသွင်းသူ) နှင့် တောခေါင်း မောင်စောအောင် တို့ပါဝင်သည်။ စာရာမေတိတောင်တစ်ဝိုက်ရှိ သစ်တော ပေါက်ရောက်ခြင်းကို လေ့လာခြင်း၊ ပန်းပင်နှင့်ပန်းပုံစံများ စုဆောင်းခြင်းတို့ကို ၄င်းအဖွဲ့က ဆောင်ရွက် ခဲ့သည်။



သစ်တောဝန်ထောက် ဦးမောင်ကလေး(၂)နှင့်အဖွဲ့ စာရာမေတိတောင်ထိပ်သို့ ရောက်ရှိစဉ် (၁၉၅၉) ခုနှစ်

---

[၅၂] မြန်မာပြည်သစ်တောကြေးမုံ၊ အတွဲ (၉) ၁၉၅၉ ခုနှစ် အမှတ် (၂)



သစ်တောဝန်ထောက်ဦးမောင်ကလေး(၂)၊ ချင်းတောင်မှစုဆောင်းရရှိသော သစ်ခွမျိုးစိတ်များအား နိုင်ငံတော်သမ္မတအိမ်တော်သို့ ပေးအပ်ပုံ


၃၂၇။ ၁၉၆၂ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်နေ့မှစ၍ သီရိပျံခရီ ဦးသိန်းအား မင်းကြီးချုပ်အဖြစ် ခန့်ထားလိုက်သည်။ ထိုအချိန်တွင် လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောရေးဝန်ကြီး ဗိုလ်မှူးချုပ် တင်ဖေဖြစ်သည်။

နောင်တော်ကြီး (တိုင်းတုံ) သစ်လုံးနှင့် ညီတော်လေးကျွန်းသစ်လုံးကြီးများအကြောင်း[၇၃]


၃၂၈။ ၁၉၅၉–၆၀ ခုနှစ်အတွင်း ပျဉ်းမနားသစ်ထုတ်ရေးခရိုင်၊ မင်းပြင်သစ်တောကြိုးဝိုင်းသစ်ကွက် အမှတ် (၁၁၄) သင်းသတ်ပင်အမှတ် (၅၉) မှကြုံတောင့်ကြုံခဲ့ ရင်စို့လုံးပတ် ၁၉ ပေ ၁၀ လက်မရှိ အလွန်ကြီးမားသော ဧရာမကျွန်းပင်ကြီးကိုတွေ့ရှိ၍ ထုတ်လုပ်နိုင်ခဲ့သည်။ ၄င်းကျွန်းပင်ကြီးကို ၁၉၅၅–၅၆ ခုနှစ် သင်းသတ်ကာလတွင် သင်းသတ်ခဲ့သော ကျွန်းပင်ကြီးဖြစ်သည်။

---

[၇၃] မြန်မာ့သစ်လုပ်ငန်း၊ ရွှေရတုမဂ္ဂဇင်း၊ စာ–၂၅၄



၁၉၅၅–၅၆ ခုနှစ်က ရိုက်ကူးထားသော တိုင်းတုံအမည်ရှိ သစ်လုံးနှင့်
ဒုတိယပိုင်းသစ်လုံးအား အလုံသစ်ဆိပ်တွင် တွေ့ရစဉ်



၃၂၉။ ၄င်းကျွန်းပင်ကြီးကို ခုတ်လဲပိုင်းဖြတ်ပေးရာတွင် သစ်လုံးလေးလုံး စုစုပေါင်းသစ်လုံးအလျား ၉၅ ပေ ရှိသော ကျွန်းသစ်လုံးကြီးမှ သစ်ထွက် ၁၆၀၄.၄ ကုဗပေ၊ ၃၂.၀၈၈ တန်ထွက်ရှိခဲ့လေသည်။ ပုံမှန်ကျွန်းပင်တစ်ပင်သည် ကျွန်းသစ် ၂ လုံး အလျားပေ ၃၆ ပေခန့်နှင့် ကုဗပေ ၁၀၀ (သစ်လုံးတန် ၂ တန်) ခန့်သာထွက်ရှိနိုင်ရာ ဤကျွန်းပင်သည် သာမန်ကျွန်းပင်ထက်သစ်ထွက်တန်ချိန် ၁၆ ဆခန့် ပိုမို ကြီးမားခြင်း ရှိလေသည်။ ၄င်းအပင်မှထွက်ရှိ သော သစ်လုံးလေးလုံးအနက် ပထမသစ်လုံး (အရင်းပိုင်း) သည် အလျား ၂၃ ပေ၊ လုံးပတ် ၁၉ ပေ ၁၀ လက်မ၊ ကုဗပေ ၅၆၅.၅၊ ၁၁.၃၁၀ တန်ရှိပြီး ၄င်းသစ်လုံးကို နောင်တော်ကြီး (တိုင်းတုံ) ဟုအမည်ပေးခဲ့သည်။

၃၃၀။ ဒုတိယသစ်လုံးမှာ အလျား ၃၃ ပေ၊ လုံးပတ် ၁၈ ပေ ၁၀ လက်မ၊ ကုဗပေ ၆၆၈.၃၊ ၁၃.၃၆၆ တန်ရှိပြီး ၄င်းကို ညီတော်လေးဟုအမည်ပေးခဲ့သည်။

၃၃၁။ တတိယသစ်လုံးမှာ အလျား ၂၆ ပေ၊ လုံးပတ် ၁၄ ပေ၊ ကုဗပေ ၃၁၈.၆၊ ၆.၃၇၂ တန်ရှိသည်။ စတုတ္ထသစ်လုံးမှာ အလျား ၁၃ ပေ၊ လုံးပတ် ၈ ပေ ၁၀ လက်မ၊ ကုဗပေ ၅၂.၀၊ ၁.၀၄၀ တန်ရှိသည်။ တတိယနှင့်စတုတ္ထသစ်လုံးမှာ သာမန်အရွယ်အစားဖြစ်၍ ရန်ကုန်သို့ အထူးအစီအစဉ်ဖြင့် ပေးပို့ခြင်းမပြုခဲ့ပေ။

၃၃၂။ တိုင်းတုံနှင့်ညီတော်လေးဟုအမည်ပေးထားသော ပထမနှင့် ဒုတိယသစ်လုံးကြီး ၂ လုံးကိုသာ အထူးအစီအစဉ်ဖြင့် ရန်ကုန်သို့ ပို့ခဲ့သည်။ ၄င်းကျွန်းသစ်ကြီး ၂ လုံးတို့အား တိုင်းတုံနှင့်ညီတော်လေးဟု အမည်ပေးခဲ့သူမှာ ထိုအချိန်က ပျဉ်းမနား သစ်ထုတ်ရေးခရိုင် မန်နေဂျာ ဦးစောလှိုင် (ကွယ်လွန်) ဖြစ်ပြီး၊ ထိုသစ်လုံးကြီး ၂ လုံးကို မကြုံဘူးသည့် အခက်အခဲများကို ဖြေရှင်းတာဝန်ယူ၍ ရန်ကုန်သို့ မီးရထား တင်ပေးခဲ့ရသူ လက်ထောက်မန်နေဂျာ ဦးအုန်းက သစ်လုံးများပေါ်တွင် သင်္ကေတဆေးဖြင့် တိုင်းတုံနှင့် ညီတော်လေး အမည်များကို လက်ရေးဖြင့် ရေးထိုးပေးလိုက်ခြင်းဖြစ်ပြီး၊ ၄င်းအမည်များဖြင့် ၄င်းသစ်လုံးကြီးတို့သည် သမိုင်းမှတ်တမ်းဝင် ထင်ရှားသွားရလေသည်။

ကျွန်းသစ်ကုမ္ပဏီကြီးငါးခုကို ပြည်သူပိုင်သိမ်းယူပြီးနောက် နိုင်ငံတော်သစ်လုပ်ငန်းအဖွဲ့ပိုင် ဆင်များကို ကြယ်တံဆိပ် ရေးထိုးခြင်း[84]

၃၃၃။ မြန်မာ့သစ်တောများတွင် သစ်ထုတ်လုပ်ငန်းလုပ်ကိုင်နေကြသောဆင်များသည် ပိုင်ဆိုင်မှု အားဖြင့် ပုဂ္ဂလိကဆင်ပိုင်များ၏ ဆင်၊ ကျွန်းသစ်ကုမ္ပဏီများကပိုင်သောဆင်နှင့် အစိုးရဌာနတို့မှ ပိုင်သောဆင်ဟူ၍ ကွဲပြားခြင်းရှိနေသည့်အလျောက် မိမိတို့ပိုင်ဆိုင်သော ဆင်များကို အခြား သောဆင်များနှင့် ကွဲပြားမှုရှိစေရန် သင်္ကေတအမှတ်အသားအမျိုးမျိုးဖြင့် မိမိတို့ဆင်များကိုတံဆိပ် ရေးထိုးမှတ်သားခြင်းပြုကြသည်။ တံဆိပ်သင်္ကေတအမှတ်အသားကိုကြည့်လျှင် ပိုင်ဆိုင်သည့်ပိုင်ရှင်ကို သိရသည်။ ပိုင်ဆိုင်မှု အငြင်းပွားမှုရှိလာခဲ့လျှင်လည်း တရားဝင်ဆုံးဖြတ်ခွင့်ရသည်။ အုပ်ချုပ်မှု စနစ်အရလည်း ပိုင်ဆိုင်မှုရှိသော ဆင်မှန်သမျှ သက်ဆိုင်ရာခရိုင်သစ်တောရုံးတွင် မှတ်ပုံတင်ရသည်။

---

[84] မြန်မာ့သစ်လုပ်ငန်း၊ သစ်ထုတ်ရေးဌာန

မှတ်ပုံတင်ရာတွင် ဆင်၏ ကြန်အင်လက္ခဏာနှင့်တကွ ထီး/မ အသက်စသည်တို့ ဖော်ပြမှတ်ပုံတင် ထားပြီး သစ်တောဌာနမှ ဆင်တစ်စီးချင်းအတွက် မှတ်ပုံတင်စာရွက်ကိုလည်း သစ်တောဦးစီးဌာနမှထုတ်ပေး သည်။

၃၃၄။ ၁၉၄၈ ခုနှစ်တွင် နိုင်ငံခြားကျွန်းသစ်ကုမ္ပဏီကြီးငါးခုကို နိုင်ငံတော်သစ်လုပ်ငန်းအဖွဲ့က လွှဲပြောင်းရယူလိုက်သောအခါ ကုမ္ပဏီကြီးများပိုင်ဆင်များကိုလည်း လွှဲပြောင်းရယူခဲ့သည်။ နိုင်ငံတော် သစ်လုပ်ငန်းအဖွဲ့ပိုင် ဆင်များဖြစ်လာသောအခါ တံဆိပ်မျိုးမျိုး၊ သင်္ကေတအမျိုးမျိုး ဖြစ်နေသော ဆင်များကို တံဆိပ်တစ်မျိုးတည်းဖြင့်အမှတ်အသားပြုရန် လိုအပ်သည့်အလျောက် နိုင်ငံတော် သစ်လုပ်ငန်းအဖွဲ့ပိုင် ဆင်အားလုံးကို "ငါးထောင့်ကြယ်ပွင့်" အမှတ်အသားကို ဆင်၏တင်ပါး နှစ်ဘက် ပေါ်တွင် ရေးထိုးခြင်း ပြုလာခဲ့သည်မှာ ယနေ့ကာလအထိဖြစ်သည်။ သံဖြူပြားပေါ်တွင် ငါးထောင့်ကြယ် ပုံစံဖော်ပြီး၊ ဆင်၏ တင်ပါးတွင်ကပ်ခါ Branding Paste ခေါ်ဆောဖြင့် ၄င်းကြယ်ပုံစံအတိုင်း သုတ်လိမ်းပေးရသည်။ ရက်အနည်းငယ်ကြာသောအခါ Branding Paste ကဆင်၏အပေါ်ခွံ အရေပြားကို စားသွားပြီး၊ ဆင်၏ တင်ပါးတွင် ကြယ်ပုံသဏ္ဌာန်ပေါ်လာသည်။ ၄င်းကြယ်တံဆိပ်သည် ဆင်၏တင်ပါး ပေါ်တွင် ဖျက်၍မရသော အမြဲတမ်းအမှတ်အသား ဖြစ်သွားသည်။ ၄င်းကြယ်တံဆိပ်သည် သစ်တောဌာနတွင် မှတ်ပုံတင်ထားသည့် မြန်မာ့သစ်လုပ်ငန်း၏ တစ်ဦးတည်းပိုင် အမှတ်အသား ဖြစ်သည်။ မြန်မာ့သစ် လုပ်ငန်းမှထုတ်လုပ်သော ကျွန်း၊ သစ်မာ သစ်လုံးအားလုံးပေါ်တွင်လည်း သစ်ပင်ခုတ်လှဲပြီးချိန်မှစ၍ နိုင်ငံပိုင်ကြယ်တံဆိပ် အမှတ်အသားကို သံတံဆိပ်တုံးဖြင့် ရိုက်ခတ် အမှတ်အသားပြုခဲ့ကြသည်။

နိုင်ငံတော်သစ်လုပ်ငန်းအဖွဲ့ လက်နက်ကိုင်တပ်ဖွဲ့များနှင့် တောတွင်း သစ်ထုတ်ရေး လုပ်ငန်းများအား ပူးပေါင်းဆောင်ရွက်ခဲ့ခြင်း[၅၅]

၃၃၅။ နိုင်ငံလွတ်လပ်ရေးရပြီး ၄ လအကြာတွင် ဖွဲ့စည်းသည့် ပထမဆုံးနိုင်ငံစီးပွားရေးအဖွဲ့အစည်း ဖြစ်သည့် နိုင်ငံတော်သစ်လုပ်ငန်းအဖွဲ့မှ လုပ်ငန်းများစတင်လုပ်ကိုင်ချိန် လအနည်းငယ်အကြာ ၁၉၄၈ ခုနှစ်အတွင်းမှာပင် ပြည်တွင်း သောင်းကျန်းမှု ရောင်စုံသူပုန်များသည် နိုင်ငံအနှံ့အပြား လက်နက်ကိုင် လျက် အစိုးရကို ထောင်ထားခြားနားခြင်းပြုကြပြီး မြို့များ၊ ကျေးရွာများ၊ သစ်တောများကို ခြေကုပ်ရယူနိုင်ခဲ့ကြရာ သစ်ထုတ်ရေးလုပ်ငန်းများအတွက် ကြီးမားစွာသော လုံခြုံရေး အခက်အခဲများ နှင့် ရင်ဆိုင်ခဲ့ကြရသည်။

၃၃၆။ ၁၉၅၅ ခုနှစ်ခန့်အထိ သစ်ထုတ်လုပ်ငန်းအတွက် တိကျမြဲမြံသော လုံခြုံရေး အစောင့်အရှောက် မရှိဘဲ လုံခြုံရေးကို အလျဉ်းသင့်သလို အစီအစဉ်ဖြင့်လုပ်ကိုင်နေရရာ လုပ်ငန်းကိုအရှိန်အဟုန်ဖြင့် မဆောင်ရွက်နိုင်ခဲ့ပေ။ သစ်ထုတ်ရေးတိုင်းများဖြစ်သော မန္တလေးတိုင်း၊ ချင်းတွင်းတိုင်း၊ စစ်တောင်း တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် မန္တလေးတိုင်းမှ မြစ်ကြီးနား သစ်ထုတ်ရေးခရိုင်နှင့် ဗန်းမော်သစ်ထုတ်

---

[၅၅] မြန်မာ့သစ်လုပ်ငန်း၊ ရွှေရတုမဂ္ဂဇင်း၊ စာ–၁၂၉ မှ ၁၃၃

ရေးခရိုင်တို့မှအပ ကျန်သစ်ထုတ်ရေး၊ ဖောင်ဖွဲ့ရေးခရိုင်အားလုံးတို့တွင် လုံခြုံရေးအန္တရာယ်ကို နေရာတိုင်း ဒေသတိုင်း၌ အနည်းနှင့်အများ ရင်ဆိုင်နေခဲ့ရသည်။ ကျွန်းသစ်လုပ်ငန်းမှ နိုင်ငံခြားဝင်ငွေသည် နိုင်ငံတော်အတွက် ဒုတိယအရေးပါဆုံး စီးပွားရေးလုပ်ငန်းဖြစ်ရာ အစိုးရအနေဖြင့်လည်း ကျွန်းသစ်ထုတ်လုပ်ခြင်းလုပ်ငန်းကို အရှိန်အဟုန်မြှင့်၍ လုပ်ကိုင်စေလိုသည်။ ထိုအချိန်က နိုင်ငံတော်သစ်လုပ်ငန်းအဖွဲ့၏ တစ်နှစ်ပျမ်းမျှ ထုတ်လုပ်နိုင်မှုပမာဏမှာ ဒုတိယကမ္ဘာ စစ်မဖြစ်မီကာလက သစ်ထုတ်စံချိန်၏ ၅၀ ရာခိုင်နှုန်းမျှသာ ထုတ်လုပ်နိုင်သည်။ လုံခြုံရေးကောင်းမွန်ပါက သစ်ထုတ်နိုင်မှုအလားအလာကောင်းများ မလွဲမသွေရှိနေသည်ဖြစ်ရာ နိုင်ငံတော်အစိုးရက ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောရေးဝန်ကြီးဌာနတို့အား ညှိနှိုင်းတိုင်ပင်၍ နိုင်ငံတော်သစ်လုပ်ငန်းအဖွဲ့ လက်နက်ကိုင်တပ်ရင်း ၃ ရင်း ဖွဲ့လျက် သစ်ထုတ်လုပ်ငန်း လုံခြုံရေးကို သီးခြားအစီအစဉ်ဖြင့် လုပ်ကိုင်ခွင့် ပြုခဲ့သဖြင့် ၁၉၅၆ ခုနှစ်တွင် သစ်ထုတ်ရေးလက်နက်ကိုင်တပ်များ စတင်ဖွဲ့စည်း ဆောင်ရွက်ခဲ့သည်။

၃၃၇။ သစ်ထုတ်ရေးလက်နက်ကိုင်တပ်အသီးသီး၏ ဗိုလ်၊ ဗိုလ်ကြီး၊ ဗိုလ်မှူး၊ တပ်ရင်းမှူးစသည့် အရာရှိအဆင့် အားလုံးကို တပ်မတော်မှရယူပြီး အကြပ်၊ တပ်သားများအားလုံးကို လူသစ်များအား စုစည်းသိမ်းသွင်း သင်တန်းပေး၍ နိုင်ငံတော်သစ်လုပ်ငန်းအဖွဲ့ လက်နက်ကိုင်တပ်များအဖြစ် ဖွဲ့စည်းသည်။ သစ်ထုတ်ရေးခရိုင် မန်နေဂျာများအနေဖြင့်လည်း တာဝန်တစ်ရပ်အနေဖြင့် အခြေအနေ ပေးသောခရိုင်များတွင် တပ်သားသစ်များစုဆောင်းခြင်းကို ဆောင်ရွက်ပေးသည်။ တပ်ရင်းရုံးစိုက်ရာ မြို့များတွင် လေ့ကျင့်ရေးသင်တန်းများ အရေးပေါ်ဖွင့်လှစ် လေ့ကျင့်ပေးသည်။ တပ်မတော်လေ့ကျင့်ရေးတွင် လေ့ကျင့် နိုင်သော အခါတွင်လည်း ထည့်သွင်းလေ့ကျင့်ပေးသည်။

၃၃၈။ တပ်ရင်း ၃ ရင်းနှင့် ဌာနချုပ်ကို မန္တလေး၊ ပခုက္ကူ၊ ပြည်နှင့် ရန်ကုန်တို့တွင် အခြေစိုက်လျက် အောက်ပါအတိုင်း ဖွဲ့စည်းသည်–

(က) ဌာနချုပ် – ရန်ကုန်။ ဌာနချုပ်မှူး ဒုတိယဗိုလ်မှူးကြီးသန်းညွှန့်

(ခ) မြောက်ပိုင်း တပ်ရင်း (မန္တလေး) North Burma Armed Guard.
တပ်ရင်းမှူး ဗိုလ်ကြီးလှရှိန်

(ဂ) အလယ်ပိုင်းတပ်ရင်း (ပခုက္ကူ) Central Burma Armed Guard
တပ်ရင်းမှူး ဗိုလ်ကြီးမျိုးသန့်

(ဃ) တောင်ပိုင်းတပ်ရင်း (ပြည်) South Burma Armed Guard
တပ်ရင်းမှူး ဗိုလ်ကြီးအေးချို

၃၃၉။ တပ်ရင်းရုံးစိုက်ရာမြို့ရှိ ခရိုင်သစ်ထုတ်ရေး မန်နေဂျာက တာဝန်ယူ၍ တပ်ဖွဲ့အတွက် လစာစရိတ်စသည့် ငွေကြေးကိစ္စများကို ဆောင်ရွက်ပေးရသည်။ သစ်ထုတ်ရေးလက်နက်ကိုင်တပ်ဖွဲ့ဝင်များအား လစာ၊ ခရီးစရိတ်နှင့် နေ့တွက် တို့ကိုပေးသည်။ ရိက္ခာကို အခမဲ့ထုတ်ပေးခြင်း မပြုချေ။

၃၄၀။ သစ်ထုတ်ရေးခရိုင်အသီးသီး သစ်ထုတ်ရေးလုပ်ငန်းများကို ဖြန့်ကျက်၍ တပ်စိတ်၊ တပ်စု၊ တပ်စွဲစေလျက် လုံခြုံရေးစီမံ တာဝန်ယူစေသည်။ ၄င်းတို့၏ အဓိကတာဝန်မှာ တောတွင်းသစ်ထုတ်လုပ်ငန်းများ လုံခြုံမှုရှိရန်အတွက် ကာကွယ်ပေးရန်သာဖြစ်ပြီး သောင်းကျန်းသူများကို လိုက်လံရှာဖွေချေမှုန်းခြင်း မျိုးမဟုတ်ပါ။ သစ်ထုတ်ရေးလုပ်ကိုင်နေသော နယ်မြေဒေသအတွင်းသို့ ရန်သူဝင်ရောက်လာခြင်း မပြုရန် ကာကွယ်ခြင်းနှင့် သောင်းကျန်းသူများက သစ်ထုတ်စခန်းများကို လာရောက်ရန်ရှာတိုက်ခိုက်သောအခါ ခုခံတိုက်ခိုက်ရှင်းလင်းပေးခြင်းပြုသည်။

၃၄၁။ ထိုကာလက ချင်းတွင်းမှ ကျွန်းသစ်ဖောင်များနှင့် မန္တလေးတိုင်း ဧရာဝတီမှ ကျွန်းသစ်ဖောင်များကို ရန်ကုန်သို့ စုန်မျောပေးပို့သောအခါ သစ်ဖောင်များကို စုပေါင်းပြီး ဖောင်သုတ်ကြီးများဖွဲ့၍ လုံခြုံရေးအစောင့်အရှောက်တပ် လိုက်ပါကာကွယ်ပေးပို့ရသည်။ ဖောင်သုတ်တစ်ခါစုန်လျှင် ကျွန်းဖောင်ပေါင်း (၁၀၀)ခန့်နှင့် ကျွန်းသစ်လုံး (၂၀,၀၀၀) နှစ်သောင်းခန့်ပါဝင်သော ဖောင်အုပ်စုကြီးဖွဲ့၍ စုန်မျောပေးပို့ရသည်။ မန္တလေး/ရန်ကုန်ဖောင်အုပ်စု တစ်ခါစုန်လျှင် ရက်ပေါင်း ၄၅ ရက်ခန့်ကြာမှ ရန်ကုန်သို့ရောက်သည်။ အောက်တိုဘာ–နိုဝင်ဘာလမှ ဧပြီလ–ဖောင်စုန်ကာလအတွင်း နှစ်စဉ် မန္တလေးမှ ဖောင်သုတ် ၂ သုတ် နှင့် ချင်းတွင်းမှဖောင်သုတ် ၂ သုတ် ရန်ကုန်အရောက်ပို့ရသည်။ အခြေအနေပေးသောအခါ ဖောင်သုတ် ၃ သုတ်အထိ ပို့နိုင်သည်။ ဤသို့ဖြင့် တောတွင်းမှ ကျွန်းသစ်လုံးများကို သစ်ထုတ်လုပ်ငန်းရှိ ဆင်များ၊ ကျွဲများဖြင့် သစ်မျှောချောင်းများမှတဆင့် မြစ်မကြီးသို့ မျှောထုတ်ရသည့်လုပ်ငန်း၊ ဧရာဝတီ ချင်းတွင်းစသည့်မြစ်ကြီးများတွင် ဖောင်သုတ်စံနစ်ဖြင့် သစ်ဖောင်မျှောခြင်းလုပ်ငန်းအဆင့်ဆင့်တို့ကို နိုင်ငံတော်သစ်လုပ်ငန်းအဖွဲ့ လက်နက်ကိုင်တပ်၏ အကူအညီဖြင့် လုပ်ကိုင်ခဲ့ကြသည်။

၃၄၂။ တော်လှန်ရေးကောင်စီ တက်လာပြီးနောက် လုံခြုံရေးအခြေအနေလည်း ကောင်းမွန်လာ၍ နိုင်ငံတော်သစ်လုပ်ငန်းအဖွဲ့ လက်နက်ကိုင်တပ်များကို တပ်မတော်မှ သိမ်းသွင်းပေါင်းစည်းလိုက်သောအခါ ၁၉၆၃ ခုနှစ်ခန့်တွင် နိုင်ငံတော်သစ်လုပ်ငန်းအဖွဲ့ လက်နက်ကိုင်တပ်ရင်း ၃ ရင်းလည်း တပ်မတော်သို့ အသွင်ကူးပြောင်း ဝင်ရောက်သွားခြင်းဖြင့် နိုင်ငံတော်သစ်လုပ်ငန်းအဖွဲ့ လက်နက်ကိုင်တပ်ဖြင့် လုပ်ငန်းလုပ်ကိုင်သော ခေတ်တစ်ခေတ် ပြီးဆုံးသွားလေသည်။

၃၄၃။ နိုင်ငံတော်သစ်လုပ်ငန်းအဖွဲ့ လက်နက်ကိုင်တပ်ဖြင့် ဆောင်ရွက်ရသောလုံခြုံရေးကာလအတွင်း သစ်ထုတ်ရေး မှ နယ်တာဝန်ခံ လက်ထောက်မန်နေဂျာ (၂၁) ဦးသည် မေမြို့နှင့် ဗထူးတပ်မတော်ဗိုလ်သင်တန်းကျောင်း Y.O.C (Young Officer Course) များတွင် သင်တန်းအမှတ်စဉ် ၉ မှ ၁၄ အထိ သင်တန်း တက်၍ တာဝန်ထမ်းဆောင်ခဲ့ကြသည်။ ၄င်း (၂၁) ဦးမှာ -

(က) Y.O.C သင်တန်းအမှတ်စဉ် ၉ – ဦးစံမြင့်၊ ဦးဝေလင်း

(ခ) သင်တန်းအမှတ်စဉ်၁၀ – ဦးမျိုးဆွေ၊ ဦးမောင်မောင်စိန်၊ ဦးမောင်မောင် (၂)၊

(ဂ) ။ ၁၁ – ဦးကျော်ခင်၊ ဦးအုန်း (ငွေမားရသည်)၊ ဦးခင်ဦးအောင်၊

(ဃ) ။ ၁၂ – ဦးထင်ကျော်၊ ဦးဘဆိုင်၊ ဦးကျော်ခိုင်

(င) ။ ၁၃ – ဦးသော်၊ ဦးထွန်းရှိန် (၁)၊ ဦးအုပ်စိုး၊ ဦးအေးဖေ၊
ဦးစိုးမြင့် (တောင်ကြီးခရိုင်တွင်တိုက်ပွဲကျသည်။)

(စ) ။ ၁၄ – ဦးစောရစ်ချဒ်၊ ဦးအောင်သင်း၊ ဦးသန်းဝင်း၊ ဦးဝင်းကြည်၊ ဦးတင်ညွန့်

မှတ်ချက်။ (၁) အပတ်စဉ် ၁၃ မှ လက်ထောက်မန်နေဂျာဦးစိုးမြင့် လွှိုင်လင်နှင့် နမ့်ဆန် အကြား ဟိုင်းဖတ် ရွာတွင်ကရင်နှင့်ရှမ်းသောင်းကျန်းသူ များ၏ ချုံခိုတိုက်ခိုက်ခြင်း ခံရပြီး ၁၉၆၂ ခုနှစ်၊ ဇွန်လ ၂၀ ရက်နေ့ တွင် တိုက်ပွဲကျသည်။ ဦးစိုးမြင့်နှင့်အတူ ချောင်းခေါင်းဦးထွန်းပွင့်၊ ရုံးလုလင် ဦးအေးတင်၊ သစ်ထုတ်ရေး လက်နက်ကိုင် တပ်မှ တပ်သား ၁၈ ဦး၊ ကားသမား ၂ ဦး၊ အရပ်သား ၃ ဦး၊ စုစုပေါင်း ၂၆ ဦး ကျဆုံးသည်။ ရန်သူအင်အား ၇၀၀ ခန့်က တိုက်ခိုက် ခဲ့ခြင်းဖြစ်ပြီး ဦးစိုးမြင့်နှင့်အဖွဲ့ မော်တော်ကား ၃ စီးဖြင့် သစ်ထုတ်ရေးနယ်သို့ သွား ခိုက် ဖြစ်ပွား ခဲ့ခြင်းဖြစ်သည်။

(၂) လုံခြုံရေးအခက်အခဲရင်ဆိုင်ရသောကာလအတွင်း ရွှေလီမြစ်တွင် လက်ထောက်မန်နေဂျာ ဦးအုန်းကျော်၊ ဦးခင်မောင်၊ တောင်ငူဒေသတွင် သစ်အုပ်ငယ် စောဒီအောင်၊ ဇီးကုန်းသစ်ထုတ်ရေးမှ သစ်အုပ်ကြီး ဦးအုန်းမောင်နှင့် သစ်အုပ် ဦးစိန်တို့ တာဝန်ထမ်းဆောင် ရင်း ကျဆုံးခဲ့ကြရသည်။

လွတ်လပ်ရေးရပြီးခေတ်အတွင်း ထင်ရှားသောဖြစ်ရပ်များ

၃၄၄။ ၁၉၄၈ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ လွတ်လပ်ရေးရပြီးခေတ်အတွင်း သမိုင်းတွင်ထင်ရှား ခဲ့သော ဖြစ်ရပ်များ၏ အနှစ်ချုပ်ကို အောက်ပါအတိုင်း ဖော်ပြအပ်သည်–

(က) **၁၉၄၈** – ဗြိတိသျှကျွန်းသစ်ကုမ္ပဏီများဖြစ်သော ဘုံဘောဘားမား၊ စတီးဘရာသား၊ မဂ္ဂရီကာ၊ ဖူးကားနှင့် တီဒီဖင်းလေး ကုမ္ပဏီတို့အား ပြည်သူပိုင်သိမ်းသည်။

(ခ) **၁၉၄၈** – လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောရေးဝန်ကြီးဌာန ပေါ်ပေါက်လာသည်။ နိုင်ငံတော်သမ္မတမှလည်း State Timber Board Order အမိန့်ပြဋ္ဌာန်းခဲ့သည်။ နိုင်ငံတော်သစ်လုပ်ငန်းအဖွဲ့ စတင်ပေါ်ပေါက်လာခဲ့သည်။

(ဂ) **၁၉၄၉** – နိုင်ငံတော်သစ်လုပ်ငန်းအဖွဲ့အား နိုင်ငံတော်သမ္မတက ၂၅ နှစ် ပတ္တာစာချုပ် ချုပ်ဆို၍ သစ်ထုတ်ခွင့်ပြုခဲ့သည်။

(ဃ) ၁၉၄၉ – သစ်တောဝန် ဦးစောလင်းသည် သစ်တောလက်နက် ကိုင်တပ်ရင်းကို ဦးဆောင်၍ သောင်းကျန်းသူများအား ခုခံတိုက်ခိုက်ပြီး ပျဉ်းမနားမြို့နှင့် သစ်တောကျောင်းအား ကာကွယ်ခဲ့သည်။

(င) ၁၉၅၁ – မြန်မာပြည်သစ်တောကြေးမုံ အတွဲ(၁)၊ အမှတ်(၁)ကို စတင်ထုတ်ဝေခဲ့ သည်။

(စ) ၁၉၅၁ – ရှမ်းပြည်နယ် မြေယာထိန်းသိမ်းရေးဥပဒေကိုစတင်ပြဋ္ဌာန်း ဆောင်ရွက် ခဲ့သည်။

(ဆ) ၁၉၅၁ – နိုင်ငံတော်သစ်လုပ်ငန်းအဖွဲ့ကို စနစ်တကျပြန်လည်ဖွဲ့စည်းခဲ့သည်။

(ဇ) ၁၉၅၃ – ကုန်သည်များကို နိုင်ငံခြားသို့ ကျွန်းသစ်တင်ပို့ရောင်းချခြင်းအား ရပ်စဲလိုက်သည်။ (တရားမဝင်ကျွန်း ထုတ်လုပ်ခြင်း တားရန်/ ပြည်ပပို့ကုန် အရည်အသွေး ထိန်းချုပ်ရန်)

(ဈ) ၁၉၅၃ – သစ်တောဝန်များ ပထမအကြိမ်ညီလာခံကို အလုံသစ်တောဝင်းတွင် ကျင်းပခဲ့ သည်။

(ည) ၁၉၅၄ – ကမ္ဘာ့သစ်ပင်ပွဲတော်များနေ့ အထိမ်းအမှတ်အဖြစ် ၁၉၅၄ ခုနှစ်၊ ဇွန်လ ၂၇ ရက် နေ့မှ စတင်၍ နှစ်စဉ်ကျင်းပခဲ့သည်။

(ဋ) ၁၉၅၅ – မြန်မာနိုင်ငံ သစ်တောအရာထမ်းများအတွက် ဌာနဆိုင်ရာညွှန်ကြား ချက် (Departmental Instruction for Forest officers in Burma) ကို မြန်မာ ဘာသာဖြင့် ပထမဆုံး ပုံနှိပ် နိုင်ခဲ့သည်။

(ဌ) ၁၉၅၅ – သစ်တောဌာနလက်အောက်အမှုထမ်းများ အမြဲလိုက်နာရန် အမိန့်လက်စွဲ စာအုပ် ကို မြန်မာဘာသာဖြင့်ပြုစုခဲ့သည်။

(ဍ) ၁၉၅၅–၅၆ ပြည်တော်သာစီမံကိန်းကို စတင်အကောင်အထည်ဖော်ခဲ့သည်။

(ဎ) ၁၉၅၆ – Burma Wildlife Protection Act 1936 နှင့် နည်းဥပဒေများကို ပေါင်းစပ်၍ အသစ်ပြုပြင် ရေးဆွဲခဲ့သည်။

(ဏ) ၁၉၅၇ – ကမ္ဘာအေးဘုရားလှိုဏ်ဂူတော်ကြီးတစ်ဝိုက် မြေဧက ၁၁၅ တွင် မြေယာ ကျေးလက် ကြီးပွားတိုးတက်ရေး ကော်ပိုရေးရှင်း မှ ဥယျာဉ်ကြီးတစ်ခု ပြုလုပ်ပေးခဲ့သည်။


(တ) ၁၉၅၉–၆၀ ကျွန်းစိုထုတ်လုပ်မှုစတင်ခဲ့သည်။

(ထ) ၁၉၆၂ – ပရိဘောဂနှင့် သစ်အချောထည်လုပ်ငန်းအား မြေယာကျေးလက် ကြီးပွား တိုးတက်ရေး ကော်ပိုရေးရှင်း မှ နိုင်ငံတော်သစ်လုပ်ငန်း အဖွဲ့သို့ လွှဲအပ်ခဲ့သည်။

အခန်း (၄)
တော်လှန်ရေးကောင်စီခေတ်
(၁၉၆၂-၁၉၇၄)

စီမံကိန်းများ ချမှတ်ဆောင်ရွက်ခြင်းနှင့် ပြည်သူပိုင်အခန်းကဏ္ဍသို့ ပြောင်းလဲဆောင်ရွက်ခြင်း

၃၄၅။ တော်လှန်ရေးကောင်စီသည် ၁၉၆၂ ခုနှစ် မတ်လမှစ၍ နိုင်ငံတော်အာဏာကို ထိန်းသိမ်းပြီးနောက် ဆိုရှယ်လစ်စနစ်တည်ဆောက်ရေးကဏ္ဍတွင် လေးနှစ်စီမံကိန်းများချမှတ်၍ ဆောင်ရွက်ခဲ့သည်။ အဆိုပါကာလ ၁၉၆၂ ခုနှစ်မှ ၁၉၇၄ ခုနှစ်အထိ ၁၂ နှစ်တာကာလအတွင်း သစ်တောကဏ္ဍအနေဖြင့် ပြည်တွင်းသုံးစွဲရန်လိုအပ်သည့် သစ်တောထွက်ပစ္စည်းများဖူလုံစေရန်နှင့် ပြည်ပသို့သစ်တောထွက်ပစ္စည်း တိုးချဲ့တင်ပို့နိုင်ရန်အတွက် အထူးသဖြင့် ကျွန်းနှင့်သစ်မာတို့ကို တိုးချဲ့ထုတ်လုပ်ခဲ့သည်။ ကျွန်းနှင့် သစ်မာတို့ကို ပုဂ္ဂလိကထုတ်လုပ်ခွင့်မပြုဘဲ ပြည်သူပိုင်အခန်းကဏ္ဍမှ ထုတ်လုပ်ခဲ့သည်။ သစ်တောမပြုန်းတီးစေဘဲ သစ်တောထွက်ပစ္စည်းများကို တစ်နှစ်ထက်တစ်နှစ် တိုးချဲ့ထုတ်လုပ်နိုင်စေရန် အတွက် သစ်တောထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။



မြန်မာနိုင်ငံသစ်တောဌာနအလံ (၁၉၆၂ – ခုနှစ်ထုတ် သစ်တောကြေးမုံ မဂ္ဂဇင်းမှ)

" မြန်မာနိုင်ငံ သစ်တောဌာန အလံ "

မြန်မာနိုင်ငံ သစ်တောဌာနအလံသည် ကမ္ဘာ့သစ်တောဝါဒကြီးဖြစ်သည့် သစ်တောများ တင်းပြည့်ကျပ်ပြည့် အသုံးချရေးမူကြီး(၅)ချက်ကို ဖော်ပြထား၍ ၄င်းတို့မှာ။ ----

၁။ သစ်တောထွက်ပစ္စည်းရရှိရေးနှင့်ဖြည့်တင်းရေး(ပုံတွင်သစ်ပင်နှင့်အပင် ပေါက်ကိုင်သောလက်)

၂။ ရေ၊ မြေထိန်းသိမ်းရေး (ပုံတွင်ရေတံခွန်နှင့်မြစ်ချောင်း)

၃။ တိရစ္ဆာန်စားကျက် ထိန်းသိမ်းရေး (ပုံတွင်ကျွဲ)

၄။ တောရိုင်းသားငှက်တိရစ္ဆာန် ထိန်းသိမ်းရေး (ပုံတွင် ဆင်)

၅။ အပမ်းဖြေမှုဖန်တီးပေးရေး (ပုံတွင် တောင်တက်သမား)

မြန်မာနိုင်ငံသစ်တောဌာနအလံ၏ အဓိပ္ပါယ်ဖော်ပြချက်
(၁၉၆၂ ခုနှစ်ထုတ် သစ်တောကြေးမုံ မဂ္ဂဇင်းမှ)

သစ်တောပုံးလွှမ်းမှုအခြေအနေ

၃၄။ မြန်မာနိုင်ငံ၏ ဧရိယာအကျယ်အဝန်းသည် စတုရန်းမိုင် နှစ်သိန်းခြောက်သောင်းကျော် (၂၆၁,၂၂၈) ရှိ၍ စတုရန်းမိုင် တစ်သိန်းလေးသောင်းကိုးထောင်ခန့် (၁၄၉,၀၀၀) မှာသစ်တောများဖုံးလွှမ်း လျက်ရှိရာ ရာခိုင်နှုန်းအားဖြင့် ၅၇ ရာခိုင်နှုန်းခန့်ရှိသည်။ ဤကိန်းဂဏန်းမှာ ၁၉၅၀–၅၃ ခုနှစ်အတွင်း ရိုက်ကူးထားသော ကောင်းကင်မြေတိုင်းဓါတ်ပုံများကိုအခြေခံ၍ သစ်တောမင်းကြီးဦးအောင်မြင့်က ၁၉၆၂ ခုနှစ် တွင်တွက်ချက်ခန့်မှန်းထားခြင်းဖြစ်သည်။

သစ်တောကဏ္ဍစီမံအုပ်ချုပ်မှုနှင့်အပွဲ့အစည်းဆိုင်ရာတိုးတက်ပြောင်းလဲမှု

သစ်တောဦးစီးဌာန ဝန်ထမ်းအင်အားတိုးချဲ့ ဖွဲ့စည်းခြင်း[၈၆]

၃၄။ တော်လှန်ရေးကောင်စီတက် ပြီးသည့်နောက်ပိုင်း တွင် ကျွန်းသစ်ထုတ်လုပ်ရေးလုပ်ငန်းအပြင် အခြား သစ်မာထုတ်လုပ်ရေးလုပ်ငန်းကိုပါ ပြည်သူပိုင်သိမ်းခဲ့သည်။ သစ်တောဌာနသည် သမားရိုးကျ လုပ်ငန်းများဖြစ်သော သဘာဝသစ်တောများကို ထိန်းသိမ်းပြုစုခြင်းနှင့် ကာကွယ်စောင့်ရှောက်ခြင်း လုပ်ငန်းအပြင် သစ်တောစိုက်ခင်း တည်ထောင်ခြင်း လုပ်ငန်းများကိုပါ တိုးချဲ့တာဝန်ယူခဲ့သည်။ သစ်တောဝန်ထမ်းအင်အား အနေဖြင့် ၁၉၆၁–၆၂ ခုနှစ်တွင် အရာထမ်း ၁၄၇ ဦး၊ အမှုထမ်း ၃,၇၉၉ ဦး၊ စုစုပေါင်း ၃,၉၄၆ ဦးအထိ တိုးချဲ့ခန့်ထားခဲ့သည်။

---

[၈၆] စီမံခန့်ခွဲရေးဌာန၊ သစ်တောဦးစီးဌာန

သစ်တောတိုင်း၊ ခရိုင်များ ပြန်လည်ဖွဲ့စည်းခြင်း[၈၇]

၃၄၈။ ၁၉၇၂ ခုနှစ်တွင် အုပ်ချုပ်ရေးစနစ်သစ်အရ သစ်တောဌာနကို သစ်တောဦးစီးဌာနအဖြစ် ထပ်မံဖွဲ့စည်းခဲ့သည်။ သစ်တောစီမံ အုပ်ချုပ်မှုတွင် ခရိုင်အဆင့် အုပ်ချုပ်မှုကိုဖျက်သိမ်း၍ ဗဟိုအဆင့်၊ တိုင်းအဆင့်၊ မြို့နယ်အဆင့် အုပ်ချုပ်မှုသို့ ပြောင်းလဲခဲ့သည်။ သစ်တောဦးစီး ဌာန၏ ဝန်ထမ်းအင်အားမှာ အရာထမ်း ၂၁၄ ဦးနှင့် အမှုထမ်း ၆,၁၆၆ ဦး၊ စုစုပေါင်း ၆,၃၈၀ ဦးဖြစ်သည်။ သမားရိုးကျလုပ်ငန်းများဖြစ်သော သဘာဝသစ်တောများကို ထိန်းသိမ်းပြုစုခြင်းနှင့် ကာကွယ်စောင့်ရှောက်ခြင်း လုပ်ငန်းများအပြင် နိုင်ငံတော်မှ ချမှတ်ထားသောမူနှင့်အညီ စီးပွားရေးစိုက်ခင်းများအပါအဝင် ကျေးရွာသုံးစိုက်ခင်း၊ စက်မှုကုန်ကြမ်းစိုက်ခင်းနှင့် ရေဝေရေလဲစိုက်ခင်းများကို တိုးချဲ့၍ တာဝန်ယူ ဆောင်ရွက် ခဲ့သည်။

၃၄၉။ ၁၉၇၄ ခုနှစ်၊ မတ်လ ၂ ရက်နေ့တွင် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်ကို ဖွဲ့စည်းရန် ပြည်သူလွှတ်တော်၊ နိုင်ငံတော်ကောင်စီနှင့် ပြည်သူ့ကောင်စီအဆင့်အဆင့်က အုပ်ချုပ်ဆောင်ရွက်သွားရန် ဖွဲ့စည်းပုံအခြေခံဥပဒေကိုရေးဆွဲပြီး ဘဏ္ဍာရေးနှစ်ကို ဧပြီလဆန်း ၁ ရက်မှ မတ်လ ၃၁ ရက်ထိ နှစ်စဉ် သတ်မှတ်သွားရန် ဆုံးဖြတ်ခဲ့သည်။ ပထမလေးနှစ် စီးပွားရေးစီမံကိန်းကို ၁၉၇၄ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် အဆုံးသတ်ခဲ့သည်။

၃၅၀။ မူလဖွဲ့စည်းပုံမှာ တစ်နိုင်ငံလုံးရှိ သစ်တောများကို သဘာဝနယ်နိမိတ်များဖြစ်သည့် ရေဝေရေလဲအလိုက် သတ်မှတ်ထားသည့် သစ်တောတိုင်း ၆ တိုင်းနှင့် သစ်တောခရိုင် ၃၆ ခရိုင်ဖြင့် ခွဲခြားထားသည်။ အထူး လုပ်ငန်းဆိုင်ရာ သစ်တောစီမံကိန်းတိုင်းနှင့် သစ်တောသုတေသနနှင့် လေ့လာသင်ကြားရေးတိုင်းနှစ်တိုင်းလည်း ဖွဲ့စည်းထားရှိခဲ့သည်။

၃၅၁။ အုပ်ချုပ်ရေးစနစ်သစ် ပြဋ္ဌာန်းပြီးနောက် သစ်တောတိုင်းများကို အုပ်ချုပ်ရေးဆိုင်ရာ ပြည်နယ်/တိုင်းနယ်နိမိတ်များနှင့် တတ်နိုင်သမျှတူညီစေရန် ယခင်ဖွဲ့စည်းခဲ့သော သစ်တောတိုင်းများနှင့် သစ်တောခရိုင်များကို ပြန်လည်ဖွဲ့စည်းခဲ့သည်–

စဉ်	ယခင်သစ်တောတိုင်း	ပြင်ဆင်ဖွဲ့စည်းသည့် သစ်တောတိုင်း	အုပ်ချုပ်ရေးပြည်နယ်/တိုင်း
၁။	ဥတ္တရတိုင်း	မန္တလေး၊ စစ်ကိုင်း၊ ကချင်	မန္တလေး၊ စစ်ကိုင်း၊ ကချင်
၂။	ချင်းတွင်းတိုင်း	စစ်ကိုင်း (ပိုင်း)၊ ချင်း၊ မကွေး	စစ်ကိုင်း၊ ချင်း၊ မကွေး
၃။	စစ်တောင်းတိုင်း	ပဲခူး (အရှေ့)	ပဲခူး (အရှေ့)
၄။	လှိုင်တိုင်း	ပဲခူး (အနောက်)၊မကွေး(ပိုင်း)	ပဲခူး(အနောက်)၊မကွေး(ပိုင်း)
၅။	ပင်လယ်ကမ်းခြေဒေသတိုင်း	ရခိုင်၊ ဧရာဝတီ၊ ကရင်၊ မွန်၊ တနင်္သာရီ	ရခိုင်၊ ဧရာဝတီ၊ ကရင်၊ မွန်၊ တနင်္သာရီ
၆။	အရှေ့ပိုင်း	အရှေ့ပိုင်း	ကယား၊ ရှမ်း (အရှေ့)၊ ရှမ်း (တောင်)၊ ရှမ်း (မြောက်)၊
၇။	–	ရန်ကုန်	ရန်ကုန်

[၈၇] နိုင်ငံတော်ကောင်စီမှ စုံစမ်းမေးမြန်းချက်များနှင့်ပတ်သက်၍ သစ်တောဦးစီးဌာနမှ ပြုစုတင်ပြချက်များ၊ ၁၉၇၅ ခုနှစ်၊ စက်တင်ဘာလ

။ သစ်တောခရိုင်များကိုလည်း သစ်တောနယ်ဟု ပြင်ဆင်ခေါ်ဝေါ်၍ အုပ်ချုပ်ရေးဆိုင်ရာ
အချို့သစ်တောန

စဉ် ၁	သစ်တောတိုင်း ၂	သစ်တောနယ် ၃	ရုံးစိုက်မြို့ ၄
၁။	မန္တလေး(မန္တလေး)	၁။ မန္တလေးသစ်ဆိပ်/မေမြို့ ၂။ မိတ္ထီလာ ၃။ ရမည်းသင်း ၄။ ပျဉ်းမနား ၅။ မြစ်ကြီးနား ၆။ ဗန်းမော် ၇။ အပူပိုင်း	မန္တလေး မိတ္ထီလာ ပျဉ်းမနား ပျဉ်းမနား မြစ်ကြီးနား ဗန်းမော် ကျောက်ပန်းတောင်း
၂။	စစ်ကိုင်း(စစ်ကိုင်း)	၁။ အရှေ့ကသာ ၂။ အနောက်ကသာ ၃။ ရွှေဘို ၄။ အထက်ချင်းတွင်း ၅။ အောက်ချင်းတွင်း	ကသာ ကသာ ရွှေဘို မော်လိုက် မုံရွာ
၃။	ပဲခူး(ရန်ကုန်)	၁။တောင်ငူမြောက် ၂။ တောင်ငူတောင် ၃။ ပဲခူးမြောက် ၄။ ပဲခူးတောင် ၅။ မော်ဘီ ၆။ သာယာဝတီ ၇။ ဇီးကုန်း ၈။ ပြည်	တောင်ငူ တောင်ငူ ပဲခူး ပဲခူး အင်းစိန် သာယာဝတီ ဇီးကုန်း ပြည်

၄။	မကွေး(မကွေး)	၁။ ယော ၂။ မင်းဘူး ၃။ သရက် ၄။ မကွေး ၅။ ချင်းတောင်	ပခုက္ကူ မင်းဘူး သရက် သရက် (ယာယီ) ဖလမ်း
၅။	အရှေ့ပိုင်း(တောင်ကြီး)	၁။ ရှမ်းပြည်တောင် ၂။ ရှမ်းပြည်မြောက် ၃။ မိုးမိတ် ၄။ ကယား ၅။ မြေယာထိန်းသိမ်းရေး	တောင်ကြီး လားရှိုး မိုးကုတ် လွိုင်ကော် တောင်ကြီး
၆။	ပင်လယ်ကမ်းခြေဒေသ (ရန်ကုန်)	၁။ ရခိုင် ၂။ ဟသ်တ/ပုသိမ် ၃။ မြစ်ဝကျွန်းပေါ် ၄။ သထုံ–အထရံ/ကတိုးနှင့် ကိုယ်စားလှယ် ၅။ ထားဝယ် ၆။ ဘားအံ ၇။ ကော့ကရိတ်	စစ်တွေ ပုသိမ် မြောင်းမြ မော်လမြိုင် ထားဝယ် ဘားအံ မော်လမြိုင်
၇။	သုတေသနနှင့် လေ့လာသင်ကြားရေး (ရန်ကုန်)	၁။ သစ်တောစိုက်ပျိုးပြုစုရေး ၂။ သစ်တောဘောဂဗေဒ ၃။ သစ်သုတေသနနှင့်ကိုယ်စားလှယ် ၄။ မြန်မာပြည်သစ်တောကျောင်း	ရန်ကုန် ရန်ကုန် ရန်ကုန် မေမြို့
၈။	အုပ်ချုပ်လုပ်ကိုင်မှု (ရန်ကုန်)	၁။ ဘဏ္ဍာရေး၊ စီမံကိန်း (၁)၊ ပဲခူးတိုင်း (ကမ္ဘာ့ဘဏ်) ၂။ စီမံကိန်း(၂)၊ မကွေး၊ မန္တလေး၊ စစ်ကိုင်း၊ ပင်လယ်ကမ်းခြေဒေသနှင့် အရှေ့ပိုင်းတိုင်းများ ၃။ သစ်တောစာရင်းကောက်ခြင်း	ရန်ကုန် ရန်ကုန် ရန်ကုန်

(တိုင်းရုံးစိုက်မြို့ကိုကွင်းပိတ်ဖြင့်)

အခေါ်အဝေါ်များ ပြောင်းလဲ ခြင်း[၈၀]

၃၅၃။ စနစ်သစ်အရ သစ်တောဌာနကို သစ်တောဦးစီးဌာနဟု အမည်ပြောင်းပြီး သစ်တောဝန်ထမ်းရာထူး အခေါ်အဝေါ်များလည်း ခေတ်နှင့်လျော်ညီစွာ ပြောင်းလဲခဲ့သည်။


	ယခင်	ပြင်ဆင်သည့်အခေါ်အဝေါ်
၁။	သစ်တောမင်းကြီးချုပ်	ညွှန်ကြားရေးမှူးချုပ်
၂။	သစ်တောမင်းကြီး	ညွှန်ကြားရေးမှူး၊ သစ်တောတိုင်းဦးစီးဌာနမှူး
၃။	သစ်တောဝန်	သစ်တောဦးစီးဌာနမှူး၊ ဒုတိယညွှန်ကြားရေးမှူး
၄။	သစ်တောဝန်ထောက်	ဒုတိယသစ်တောဦးစီးဌာနမှူး၊ လက်ထောက်ညွှန်ကြားရေးမှူး
၅။	နယ်စီးတောအုပ်	မြို့နယ်ဦးစီးဌာနမှူး
၆။	ဒုတိယတောအုပ်	ဒုတိယမြို့နယ်ဦးစီးဌာနမှူး
၇။	တိုင်းရုံးဝန်ထောက်	တိုင်းရုံးအုပ်

သစ်တောသုတေသနစတင်အခြေတည်ခြင်း

၃၅၄။ ၁၉၅၂ ခုနှစ်တွင် သစ်တောသုတေသနကို စတင် အစပျိုးခဲ့သည့် သစ်တောသုတေသနနှင့် လေ့ကျင့်သင်ကြားရေး တိုင်းဖွဲ့စည်းကာ လုပ်ငန်းများကို သစ်တော မင်းကြီး တစ်ဦးက တာဝန်ယူဆောင်ရွက်ခဲ့သည်။ ၁၉၆၃ ခုနှစ်တွင် သစ်တောသုတေသနဌာန စတင်ဖွဲ့စည်းတည်ထောင်ရေးအတွက် ရှေ့ပြေးဆပ်ကော်မတီတစ်ရပ်ကို ဖွဲ့စည်းခဲ့သည်။ အစိုးရအဖွဲ့၏ လမ်းညွှန်သဘောတူညီချက်အရ ရေဆင်း၊ (ပျဉ်းမနားမြို့နယ်)တွင် တည်ထောင်ရန် ရွေးချယ်ခဲ့သည်။ ၁၉၇၀ ခုနှစ်တွင် သစ်တောသုတေသနဌာန တည်ထောင်ရန် နိုင်ငံတော်အစိုးရအဖွဲ့မှ ခွင့်ပြုခဲ့ရာ ၁၉၇၄ ခုနှစ်တွင် မြန်မာနိုင်ငံအစိုးရနှင့် UNDP/FAO တို့ သဘောတူစာချုပ် ချုပ်ဆိုခဲ့သည်။ မြန်မာနိုင်ငံအစိုးရနှင့် UNDP/FAO တို့၏သဘောတူညီမှုဖြင့် သစ်တောသုတေသနဌာန တည်ထောင်ခြင်း စီမံကိန်းအား အဆင့်နှစ်ဆင့်ခွဲ၍ ဆောင်ရွက်ခဲ့သည်။ (သစ်တောသုတေသနသမိုင်း အား သီးခြားကဏ္ဍတွင် ဖော်ပြထားသည်။)

---

[၈၀] နိုင်ငံတော်ကောင်စီမှ စုံစမ်းမေးမြန်းချက်များနှင့်ပတ်သက်၍ သစ်တောဦးစီးဌာနမှ ပြုစုတင်ပြချက်များ၊ ၁၉၇၅ ခုနှစ်၊ စက်တင်ဘာလ



နိုင်ငံတော်သစ်လုပ်ငန်းအဖွဲ့အရာရှိများမှတ်တမ်းဓါတ်ပုံ (၂.၄.၁၉၆၀)



ပျဉ်းမနားဒေသ၊ သစ်ပုတ်ပင်နယ်တောတွင်းတွင် သစ်လုပ်ငန်းအဖွဲ့အစည်းအဝေး ပြုလုပ်သည့် မှတ်တမ်းဓါတ်ပုံ

မြန်မာနိုင်ငံသစ်လုပ်ငန်းအဖွဲ့ဟု အမည်ပြောင်းလဲခြင်း[၀၉]

၃၅၅။ ၁၉၆၂ ခုနှစ်၊ မတ်လ ၂ ရက်နေ့ တော်လှန်ရေးကောင်စီတက်လာပြီး 'နိုင်ငံတော်သစ်လုပ်ငန်းအဖွဲ့' ကို 'မြန်မာနိုင်ငံသစ်လုပ်ငန်းအဖွဲ့' ဟု မြန်မာအမည်ပြောင်းလဲခဲ့သော်လည်း မူလအင်္ဂလိပ်အမည် State Timber Board ကိုမူ ဆက်လက်သုံးစွဲခဲ့သည်။ ဖွဲ့စည်းပုံကိုပြင်ဆင်ပြီး လယ်ယာနှင့်သစ်တောရေးရာ ဝန်ကြီးဌာန တာဝန်ခံ (ဝန်ကြီး) သည် သစ်လုပ်ငန်း အဖွဲ့ဥက္ကဋ္ဌဖြစ်ပြီး၊ ဒုတိယဥက္ကဋ္ဌ ၂ ဦး သစ်လုပ်ငန်းအဖွဲ့တွင် ထားရှိကာ လုပ်ငန်းများကို မူလအတိုင်း ဆက်လက်ဆောင်ရွက်ခဲ့သည်။

မြန်မာနိုင်ငံသစ်လုပ်ငန်းအဖွဲ့ ပြင်ဆင်ဖွဲ့စည်းခြင်း

၃၅၆။ ၁၉၄၈ ခုနှစ်မှ ၁၉၇၂ ခုနှစ်အထိ ဥက္ကဋ္ဌရုံးတွင် ဒုတိယဥက္ကဋ္ဌက အဖွဲ့လက်အောက်ရှိ လုပ်ငန်း/ဌာနများကို စီမံကွပ်ကဲခြင်းအတွက် စီမံခန့်ခွဲ ရေးဆိုင်ရာတာဝန်ဝတ္တရားများကို ဆောင်ရွက်ခဲ့ရလေသည်။ ၁၉၇၂ ခုနှစ်၊ မတ်လ ၁၅ ရက်နေ့တွင် ထုတ်ပြန်သည့် ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ထုတ်ပြန်ချက်အမှတ် (၉၇)ဖြင့် မြန်မာနိုင်ငံသစ်လုပ်ငန်းအဖွဲ့အား သစ်လုပ်ငန်းကော်ပိုရေးရှင်း (Timber Corporation)ဟု ပြင်ဆင်ဖွဲ့စည်း ခဲ့သည်။ နိုင်ငံတော်အစိုးရမှချမှတ်ထားသော 'သစ်နှင့်သစ်တောထွက် ပစ္စည်းများ ပြည်တွင်းဖူလုံစေရန် နှင့် နိုင်ငံခြားသို့တင်ပို့ရောင်းချနိုင်စေရန်' ဟူသောမူဝါဒနှင့်အညီ နှစ်ရှည်၊ နှစ်တိုစီမံကိန်းများဖြင့် ခေတ်မီ သစ်ထုတ်နည်းစနစ်များ၊ လမ်းဖောက်စနစ်များ၊ ခွဲစိတ်နည်းစနစ်များ၊ သယ်ယူပို့ဆောင်ရေး နည်းစနစ် များကို အသုံးပြုစီမံဆောင်ရွက်လာခဲ့ရသည်။

အင်ဂျင်နီယာဌာနတိုးချဲ့ဖွဲ့စည်းခြင်း

၃၅၇။ မြန်မာနိုင်ငံသစ်လုပ်ငန်း အဖွဲ့လက်အောက်ရှိ လုပ်ငန်းဌာနကြီးများအလိုက် လုပ်ငန်းသုံးဆမျှ တိုးချဲ့လာခဲ့၍ ၁၉၆၂–၆၃ ခုနှစ်တွင် တောတွင်းသစ်ထုတ်ခြင်းနှင့် သစ်ခွဲစက်များ တိုးချဲ့ခြင်းတို့ကို စွမ်းအားဖြည့်နိုင်ရန် သီးခြားဌာနတစ်ခုအဖြစ် အင်ဂျင်နီယာဌာနကို ဖွဲ့စည်းခဲ့သည်။ ရှေးမြန်မာမင်းများ လက်ထက်ကပင် သစ်လုပ်ငန်းသည် သူနည်းသူဟန်နှင့် ရှိခဲ့သည်။ ကိုလိုနီခေတ်မှအစပြု၍ သစ်အသုံးချမှုသည် တစ်ဆင့်ထက်တစ်ဆင့် ကျယ်ဝန်းလာခဲ့သည်။ ကိုလိုနီခေတ်က မြန်မာနိုင်ငံ၏ သစ်လုပ်ငန်းကို ချုပ်ကိုင်ခဲ့ကြသည့် ကုမ္ပဏီကြီး ငါးခုတို့သည် တောတွင်းမှ သစ်ထုတ်ခြင်းကို ဆင်၊ ကျွဲ စသည့်တိရစ္ဆာန်အင်အားကို အသုံးပြု၍ လုပ်ကိုင်ခဲ့ကြသကဲ့သို့ သစ်ခွဲစိတ်ရေးအတွက်လည်း သစ်စက်များ တည်ထောင်ခဲ့ကြသည်။ ထိုသစ်စက်ကြီးများအနက် ရန်ကုန်မြို့ ဗိုလ်တထောင်အရပ်တွင် ဘုံဘောဘားမား ကုမ္ပဏီက တည်ဆောက်ခဲ့သောသစ်စက် (နောက်ပိုင်းအခေါ် အမှတ် (၃) သစ်စက်) သည် အကြီးဆုံး သစ်စက်ဖြစ်သည်။ နိုင်ငံတော် သစ်လုပ်ငန်းအဖွဲ့ ပေါ်ပေါက်လာချိန်တွင် ကုမ္ပဏီလုပ်ငန်းများကို ပြည်သူပိုင်သိမ်းခဲ့သည်။ ဤတွင် သစ်စက်များ၌ တာဝန်ထမ်းဆောင်ခဲ့ကြသော အင်ဂျင်နီယာများနှင့် ဝန်ထမ်းများသည် ရောင်းဝယ်ရေးနှင့် သစ်စက်ဌာနလက်အောက်တွင် ဆက်လက်လုပ်ကိုင်ခဲ့ကြရလေသည်။

---

[၀၉] မြန်မာ့သစ်လုပ်ငန်း၊ ရွှေရတု မဂ္ဂဇင်း၊ ၁၉၈ စာ – ၁၊ ၂၊ ၃၊ ၅

၃၅။ ဆက်လက်၍ တောတွင်းသစ်ထုတ်ရေးလုပ်ငန်းတွင် ခေတ်မီသစ်ဖြတ်စက်လွှများ၊ လမ်းဖောက်ယန္တရားများ၊ ဂုတ်ထုတ်ယန္တရားများ၊ သစ်လုံးမ/တင်ယန္တရားများ၊ သစ်တိုက်ယန္တရားများ၊ မော်တော်ယာဉ်များ၊ ရေနွေးငွေ့စက်ခေါင်းလက်ဆွဲမော်တော်များမှအစ ဒီဇယ်အင်ဂျင်တပ်ဆင်သည့် မော်တော်များကို အသုံးပြုလာခဲ့လေသည်။ သစ်ကုန်ချောထုတ်လုပ်ရေးမှာလည်း သစ်ခွဲစက်များ၊ သစ်ပါးလွှာနှင့် အထပ်သားစက်များ၊ သစ်ပုံဖော်စက်များ တည်ဆောက်လာခဲ့ကြသည်။

၃၆။ သစ်စက်များတိုးချဲ့တည်ဆောက်လာသည်နှင့်အမျှ လုပ်ငန်းအဆင့်တိုင်းတွင် စက်ယန္တရားများ ပိုမိုသုံးစွဲရသဖြင့်ထိုအမျိုးစုံသော စက်ယန္တရားများကိုထိန်းသိမ်းရန်၊ လမ်းများဖောက်လုပ်ရန်နှင့် စက်ရုံများတည်ဆောက်ရန် အင်ဂျင်နီယာများလိုအပ်လာသဖြင့် အင်ဂျင်နီယာများကိုစုစည်းပြီး ၁၉၆၃–၆၄ ခုနှစ်တွင်အင်ဂျင်နီယာဌာန စတင်ဖွဲ့စည်းပေါ်ပေါက်လာခဲ့ရပေသည်။

၃၇။ ၁၉၅၈ ခုနှစ် ပတ်ဝန်းကျင်ခန့်တွင် ကမ္ဘာ့ကုလသမဂ္ဂစားနပ်ရိက္ခာအဖွဲ့မှ ထုတ်လုပ်မှုအားလုံးဦးအကူအညီပေးလာသည်။ ပါရဂူများဖြစ်ကြသော မစ္စတာဇူးဘရစ် (Mr. Zurbrigs) နှင့် မစ္စတာပိုလတာ (Mr. Pourlter) တို့ ရောက်ရှိလာကြပြီး စက်ယန္တရားများဖြင့် သစ်ထုတ်ခြင်း (Mechanical Logging) ကို ကူညီပျိုးထောင်ဆောင်ရွက်ပေးခဲ့သည်။


၃၈။ ၁၉၆၀ ခုနှစ်ဝန်းကျင်က ချင်းတွင်းအထက်ပိုင်း မော်လိုက်ခရိုင်တွင် စက်ယန္တရားများဖြင့် လမ်းဖောက်၊ သစ်ဆွဲ၊ ကားတိုက်ခြင်းစခဲ့ပြီး ပဲခူးခရိုင်မြောက်ပိုင်း၊ ရဲနွယ်ချောင်းဖျားတွင် ယန္တရားများနှင့် လမ်းဖောက်၊ သစ်တိုက်ခြင်း ဆက်လက်လုပ်ကိုင်ခဲ့သည်။ ၁၉၆၅ ခုနှစ်တွင် စက်ယန္တရားအင်အား တိုးချဲ့ရေး စတင်ခဲ့သည်။ ၁၉၆၆ ခုနှစ်၊ ၁၉၆၇ ခုနှစ်၊ ၁၉၆၈ ခုနှစ်များတွင် လမ်းဖောက်ယန္တရား ၂၀ ကျော်၊ သစ်တိုက်ယာဉ်ကြီး ၆၀ ကျော်မျှ ရင်းနှီးမြှုပ်နှံ၍ သစ်ထုတ်လုပ်ငန်းကို တိုးချဲ့လုပ်ကိုင်ခဲ့သည်။



Particle Board ဖြင့်ဆောက်ထားသောအိမ်နှစ်လုံး ကိုတွေ့ရပုံ



၁၉၆၅ ခုနှစ်က Particle Board ဖြင့်ဆောက်ထားသောအိမ်ကို ဂျာမဏီနိုင်ငံ BASF Co.မှ Dr. Neumann နှင့် တာဝန်ရှိသူများစစ်ဆေးနေပုံ



ဂျာမဏီနိုင်ငံ BASF Co. မှ Dr. Neumann နှင့် တာဝန်ရှိသူများဆွေးနွေးနေပုံ

၃၄။ ၁၉၆၇–၆၈ ခုနှစ်တွင် အုတ်ကျင်းဘူတာရုံလမ်းရှိ စိုက်ပျိုးရေးဌာနပိုင်၊ စက်ပစ္စည်းပြခန်းနေရာကို လွှဲပြောင်းရယူပြီး အခြေစိုက်အလုပ်ရုံ ဖွင့်လှစ်ခဲ့သည်။ အတွေ့အကြုံရင့်ကျက်လျက်ရှိပြီးဖြစ်သော ပညာရှင်အပြည့်အစုံနှင့် မြန်မာ့သစ်လုပ်ငန်း တာဝန်များကို တစ်တပ်တစ်အား သယ်ပိုးလျက်ရှိနေသည့် အလုပ်ရုံများအဖြစ် ပျဉ်းမနားမြို့တွင် ပင်မအလုပ်ရုံအား လည်းကောင်း၊ ရန်ကုန်၊ မန္တလေး၊ ဆွာနှင့် ပြည်မြို့တို့တွင် အခြေစိုက်အလုပ်ရုံများကိုလည်းကောင်း ဖွင့်လှစ်ခဲ့သည်။ ဖော်ပြပါအလုပ်ရုံများမှ နှစ်စဉ် ယန္တရားအစီးရေ ၃၀၀ ကျော်၊ မော်တော်ယာဉ်၊ ရေယာဉ်အစီး ၁,၁၀၀ ကျော်၊ စုစုပေါင်း ၁,၄၀၀ ကျော်ကို အကြီးစား၊ အလတ်စားပြင်ဆင်မှုများ ပြုလုပ်ပေးခဲ့သည်။ ထို့အပြင် အသေးစားပြင်ဆင်မှုများ နေ့စဉ်၊ လစဉ် ကြံ့ခိုင်ရေးလုပ်ငန်းများကို တောတွင်းစက်ပြင်စခန်း မှလည်း ပုံမှန်ဆောင်ရွက်ပေးခဲ့သည်။

၃၅။ အထက်တွင်ပြဆိုခဲ့သည့်အတိုင်း အချိန်တိုအတွင်း အင်ဂျင်နီယာပညာရှင် အမြောက်အမြား လိုအပ်လာခဲ့သည်။ စက်မှုလက်မှုအထက်တန်းကျောင်းများ၊ စက်မှုလက်မှုသိပ္ပံနှင့် စက်မှုတက္ကသိုလ်တို့မှ ကျောင်းဆင်းများကို သိမ်းသွင်းခန့်ထားခဲ့ရသည်။ ထို့အပြင် မြန်မာ့သစ်လုပ်ငန်းသင်တန်းကျောင်းများတွင် အခြေခံသင်တန်းများ၊ အဆင့်ဆင့်သောမွမ်းမံသင်တန်းများ ဖွင့်လှစ်သင်ကြားပေးပြီး အတတ်ပညာတိုးပွားရေးကို ဆောင်ရွက်ခဲ့ရပေသည်။ ၄င်းအပြင် အခွင့်အရေးပေးလျှင်ပေးသလို တိုးတက်လာသည့် ကမ္ဘာနှင့် ရင်ပေါင်တန်းနိုင်ရန် ပြည်ပနိုင်ငံများသို့လည်း စေလွှတ်၍ပညာသင်ကြားစေခဲ့သည်။

၃၆။ အင်ဂျင်နီယာဌာနသည် သစ်ထုတ်ရေးဌာန၏ ရည်မှန်းချက်များအောင်မြင်ရေး ပြည်တွင်းပြည်ပ ရောင်းဝယ်ရေးနှင့် သစ်စက်ဌာနများ၏ ကုန်ထုတ်လုပ်မှုတိုးတက်ရေးအတွက် ပံ့ပိုးဆောင်ရွက်လျက်ရှိပြီး အောက်ပါအဓိကတာဝန်များကို ဆောင်ရွက်ပေးရသည်–

(က) လုပ်ငန်းသဘာဝနှင့်ကိုက်ညီသည့် ယာဉ်ယန္တရား၊ ရေယာဉ်၊ သစ်စက်၊ အထပ်သားစက်၊ သစ်အခြေခံစက်များ စိစစ်ဝယ်ယူခြင်း၊ အရန်ပစ္စည်းများ ဖြည့်ဆည်းပေးခြင်း။

(ခ) သစ်ထုတ်ရေး လုပ်ငန်းသုံး ယာဉ်ယန္တရားများ၊ ရောင်းဝယ်ရေးနှင့်သစ်စက်ဌာနသုံး သစ်စက်၊ သစ်အခြေခံစက်များ သက်တမ်းကြာရှည်စွာ ထိထိရောက်ရောက် အသုံးချနိုင်ရေးအတွက် လိုအပ်သည့် အကြံဉာဏ်များ ကျွမ်းကျင်မှုအကူအညီများပေးခြင်း၊ ပြုပြင်ခြင်း။

(ဂ) အဆောက်အဦသစ်များ ဆောက်လုပ်ရေးညှိနှိုင်းစီစဉ်ပေးခြင်း၊ အဆောက်အဦဟောင်းများ ပြင်ဆင်ခြင်း။

(ဃ) အင်ဂျင်နီယာပိုင်းဆိုင်ရာ အခြားကျွမ်းကျင်မှုလုပ်ငန်းများ စီစဉ်ဆောင်ရွက်ပေးခြင်းတို့ ဖြစ်သည်။

ရောင်းဝယ်ရေးနှင့်သစ်စက်ဌာန လုပ်ငန်းများတိုးချဲ့လာပုံ

၃၇။ ရောင်းဝယ်ရေးနှင့် သစ်စက် ဌာနသည် မူလက ကျွန်းနှင့်သစ်မာ ပြည်ပသို့ရောင်းချတင်ပို့ရေး၊ ကျွန်းသစ်လုံးများ ပြည်ပသို့ရောင်းချရေး၊ သစ်ခွဲစက် (Primary Processing) များမှ ခွဲသားများ ထုတ်လုပ်ရောင်းချရေး၊ သစ်ကုန်ချောများ (Secondary Processing) ထုတ်လုပ်ရောင်းချရေးတို့ကို အဓိကထားပြီး


ဆောင်ရွက်ခဲ့သည်။ ၁၉၆၃ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့တွင် ကျွန်းနှင့်သစ်မာလုပ်ငန်းအား လုံးကို ပြည်သူပိုင်ပြုလုပ်ခဲ့သည့် အချိန်မှ စပြီး ရောင်းဝယ်ရေးနှင့်သစ်စက်ဌာနသည် ကျွန်းနှင့်သစ်မာခွဲစိတ်ရေး လုပ်ငန်းနှင့် ကျွန်းနှင့်သစ်မာ ပြည်တွင်းပြည်ပဖြန့်ဖြူးခြင်းလုပ်ငန်းတို့ကို တာဝန်ယူလုပ်ဆောင်ခဲ့ရသည်။




သစ်အခြောက်ခံရန်အသင့် သစ်မာခွဲသားများပုံ



သစ်မာခွဲသားများအား သစ်အခြောက်ခံစက်မှ ထုတ်ယူနေပုံ




သစ်တာရှည်ခံဆေးသွင်းစက်



သစ်တာရှည်ခံဆေးမသွင်းမီအလေးချိန်တိုင်းရန်ပြင်ဆင်နေပုံ



သစ်မာခွဲသားမျှားအားသစ်တာရှည်ခံဆေးသွင်းရန် ပြင်ဆင်ထားပုံ



သစ်မာခွဲသားများအားသစ်ဆေးသွင်းစက်အတွင်းထည့်ထားပုံ

သစ်တောမူဝါဒ ဥပဒေစည်းမျဉ်းစည်းကမ်းများတိုးတက်ပြောင်းလဲလာမှု[၉၀]

သစ်တောဥပဒေအား မြန်မာတစ်နိုင်ငံလုံးအကျုံးဝင်စေခြင်း

၃၆၆။ ၁၉၀၂ ခုနှစ်၊ မြန်မာနိုင်ငံ သစ်တောအက်ဥပဒေသည် ကချင်ပြည်နယ်ဒေသအချို့ ချင်းတွင်းမြစ် မြစ်ဖျားခံရာနာဂတောင်တန်းဒေသနှင့် ရှမ်းပြည်နယ်ဒေသအချို့တို့၌ အာဏာသက်ရောက်ခြင်းမှ ကင်းလွတ်ထားခဲ့သည်။ ထို့ကြောင့် ၁၉၆၂ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်နေ့၌ကျင်းပသည့် မြေယာစနစ် တော်လှန်ရေးနှင့် သမဝါယမစနစ်စီမံကိန်း ကော်မတီအနေဖြင့် ဆိုရှယ်လစ်နိုင်ငံ တည်ဆောက်ရာ၌ ဥပဒေအရပ်ရပ်သည် တစ်နိုင်ငံလုံး၌တပြေးညီ အာဏာသက်ရောက်စေသင့်သောကြောင့် သစ်တော အက်ဥပဒေကို ပြည်နယ်၊ ပြည်မ မခွဲခြားပဲ တစ်ပြည်လုံးအကျုံးဝင်စေရန် လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောရေးဝန်ကြီး ဌာန၏ ၁၉၆၃ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂၅၅) အရ ပြည်ထောင်စု မြန်မာနိုင်ငံ အတွင်း ထိုအက်ဥပဒေအာဏာမတည်သေးသော ဒေသ အားလုံးတွင် အာဏာတည်ရမည်ဟု ဆင့်ဆိုခဲ့သည်။

---

[၉၀] နိုင်ငံတော်ကောင်စီမှ စုံစမ်းမေးမြန်းချက်များနှင့်ပတ်သက်၍ သစ်တောဦးစီးဌာနမှ ပြုစုတင်ပြချက်များ၊ ၁၉၇၅ ခုနှစ်၊ စက်တင်ဘာလ

တောင်သူလယ်သမားများခံစားခွင့်ကို ကြေညာခြင်း[၉၁]

၃၆၇။ ၁၉၀၂ ခုနှစ် သစ်တောနည်း ဥပဒေ (၂၅) အရ တောင်သူလယ်သမားများသည် မိမိသုံး (ဝါ) ကိုယ်ပိုင်သုံးအတွက် အသုံးပြုမည့်နေရာမှ မိုင် ၂၀ အတွင်းရှိသော ကြိုးပြင်တောများတွင် အဖိုးတန် သစ်မျိုးအချို့မှလွဲ၍ ကျန်ရှိသောသစ်၊ ထင်း၊ ဝါး စသည်များကို အခွန်လွတ် ထုတ်သုံးနိုင်ကြောင်း ပြဋ္ဌာန်းထားရှိသည်။ ယင်းခွင့်ပြုချက်မှာ တောင်သူ လယ်သမားများ၏ အကျိုးအတွက် သတ်မှတ်ပြဋ္ဌာန်းချက် ဖြစ်သည်နှင့်အညီ နိုင်ငံတစ်ဝန်းလုံးရှိ တောင်သူလယ်သမားများအား လုံး ကျယ်ကျယ်ပြန့်ပြန့် သိရှိ သဘောပေါက် နားလည်စေရန် ဖော်ထုတ်ဆောင်ရွက်သင့်ကြောင်းကို ဆုံးဖြတ်ခဲ့၍ ဗဟိုလုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီ သစ်တောပြုစုပျိုးထောင် ထိန်းသိမ်းရေးနှင့် စီးပွားရေးအဖွဲ့ငယ်၏ ၁၉၆၅ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်နေ့စွဲပါ အမိန့် ကြေညာစာ အမှတ် (၂၆) ဟပ (၆) ၆၃ (၁၁၈/၁) အရ တိုင်း/ပြည်နယ်၊ ခရိုင်၊ မြို့နယ် သစ်တောပြုစုပျိုးထောင်ထိန်းသိမ်းရေးနှင့် စီးပွားရေးအဖွဲ့ငယ် အဆင့်ဆင့်သို့ ထုတ်ပြန်ကြေညာခဲ့သည်။ ယင်းကြေညာချက်၌ တောင်သူလယ်သမားများ၏ လုပ်ကိုင်ခွင့်များနှင့် တကွ မိမိသုံးသစ်များကို ထုတ်ယူရာ၌ လိုက်နာရမည့် လုပ်ထုံးလုပ်နည်းများကို အောက်ပါစည်းကမ်း ချက်နှင့်အညီ ထုတ်ယူသုံးစွဲစေခဲ့သည်–

(က) သစ်တောနည်းဥပဒေ (၂၅) ချွင်းချက်အရ မိမိသုံးလယ်ယာလုပ်ငန်းနှင့် ငါးဖမ်းလုပ်ငန်း များအတွက် မိုင် ၂၀ အတွင်းခွင့်ပြုထားသော တားမြစ်ရာမပါသည့် သစ်ပင်များခုတ်လုပ် ထုတ်ယူရာတွင် မည်ရွေမည်မျှခွင့်ပြုသင့်သည်ကို ကျေးရွာလုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီက စိစစ်ပြီးမှ ထုတ်ပေးသော ခွင့်ပြုမိန့်များဖြင့်သာ ထုတ်ယူခွင့်ပြုရန် နီးရာသစ်တောဌာနမှ အရာထမ်း/အမှုထမ်းများအား အကြောင်းကြားရန်။

(ခ) မိမိသုံးသစ်များကိုလွှတိုက်ခွဲရန်ဖြစ်ပါက ယခင်ကကဲ့သို့ ပုဂ္ဂလိကပိုင်လွှစင်များကို တစ်ခုစီ သီးခြားတည်ထောင်ခွဲစိတ်ခွင့်မပြုဘဲ ကျေးရွာအလိုက် သို့မဟုတ် ကျေးရွာအုပ်စု အလိုက် လယ်ယာနှင့်လုပ်ငန်းပေါင်းစုံ သမဝါယမအသင်းများကကြီးကြပ်ပြီး လွှစင်တည် ထောင် ခွဲစိတ်ခွင့်ပြုရန်။

(ဂ) ကျေးရွာလုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီ၏ ခွင့်ပြုမိန့်အရ ထုတ်ယူသော မိမိသုံးသစ် များကို သစ်တောဌာနမှ တိုင်းတာစာရင်းယူ မှတ်သားပြီးမှသာ ခွဲစိတ်ခွင့်ပြုရန်။

(ဃ) မိမိသုံးသစ်များ ခုတ်လုပ်ထုတ်ယူရာတွင် သစ်တောဌာနမှသင့်လျော်သော စည်းကမ်း များ ထားရှိကာ ကြပ်မတ်စစ်ဆေးမည်ဖြစ်၍ သက်ဆိုင်ရာ ကျေးရွာလုံခြုံရေးနှင့် အုပ်ချုပ် မှုကော်မတီက လိုအပ်သော အကူအညီများပေးရန်။

---

[၉၁] နိုင်ငံတော်ကောင်စီမှ စုံစမ်းမေးမြန်းချက်များနှင့်ပတ်သက်၍ သစ်တောဦးစီးဌာနမှ ပြုစုတင်ပြချက်များ၊ ၁၉၇၅ ခုနှစ်၊ စက်တင်ဘာလ

သစ်မာလုပ်ငန်းပြည်သူပိုင်ပြုလုပ်ခြင်း

၃၆၈။ တော်လှန်ရေးကောင်စီအစိုးရလက်ထက် ၁၉၆၃ ခုနှစ်၊ အောက်တိုဘာ ၁ ရက်နေ့တွင် ဆိုရှယ်လစ်စီးပွားရေးစနစ် တည်ထောင်ရန် လိုအပ်ချက်နှင့်အညီကျွန်းသစ်လုပ်ငန်းအား လုံးနှင့် ပုဂ္ဂလိက သစ်မာထုတ်လုပ်မှုလုပ်ငန်းအားလုံးတို့ကို နိုင်ငံပိုင်ပြုလုပ်၍ မြန်မာနိုင်ငံသစ်လုပ်ငန်းအဖွဲ့က တာဝန်ယူ လုပ်ကိုင်ရာ တောတွင်းထုတ်လုပ်ရေးဆိုင်ရာ လုပ်ငန်းအားလုံးကို သစ်ထုတ်ရေးဌာနက တာဝန်ယူ ဆောင်ရွက်သည်။ တိုင်းရင်းသား ပုဂ္ဂလိကလုပ်ငန်းရှင်လက်ဝယ်၌ ကျန်ရှိနေသော သစ်ခွဲစိတ်ရေးလုပ်ငန်း၊ သစ်ရောင်းဝယ်ရေး လုပ်ငန်းကို ၁၉၆၄ ခုနှစ်တွင် ရပ်စဲလိုက်ပြီး ကျွန်း၊ သစ်မာနှင့် အခြားသစ်တောထွက် ပစ္စည်းများထုတ်လုပ်ခြင်း၊ ခွဲစိတ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်းများကို မြန်မာနိုင်ငံသစ်လုပ်ငန်းအဖွဲ့မှ တာဝန်ယူဆောင်ရွက်ခဲ့သည်။

၃၆၉။ ယင်းတာဝန်များကို မြန်မာနိုင်ငံသစ်လုပ်ငန်းအဖွဲ့က တာဝန်ယူ အကောင်အထည်ဖော်နိုင်ရန် အတွက် သစ်ထုတ်ရေးဌာနမှ ကျွန်းအပြင် သစ်မာသစ်ထုတ်ရေးနှင့် အခြားသစ်တောထွက်ပစ္စည်းများ ဖြစ်သည့် ထင်း၊ မီးသွေး၊ ထွန်တုံး၊ ထွန်တံ၊ ဒေါက်/တကူ၊ တိုင်/မျှောတို့ကိုပါ တိုးချဲ့ထုတ်လုပ်လာရသဖြင့် လုပ်ငန်းတာဝန်များ တစ်ခဏချင်း များစွာကြီးလေးကျယ်ပြန့်လာသည့်အလျောက် အောင်မြင်နိုင်ရန် အစွမ်းကုန်အားထုတ် ကြိုးပမ်းကြရသည်။

၃၇၀။ လက်ရှိကျွန်းသစ်ထုတ်လုပ်နေသော သစ်ထုတ်ရေးခရိုင်များကပင် ကျွန်းသစ်ထုတ်လုပ်ရေး အပြင် သစ်မာထုတ်လုပ်ရေးလုပ်ငန်းများကို တိုးချဲ့တာဝန်ယူဆောင်ရွက်ရသည်။ သစ်ထုတ်ရေးခရိုင်၏ လုပ်ငန်းပမာဏမှာတစ်ဆမကတက်လာသည်။ သစ်မာခွဲစိတ်ဖြန့်ဖြူးရောင်းချရေးအတွက်မူ မြန်မာနိုင်ငံ သစ်လုပ်ငန်းအဖွဲ့ အနေဖြင့် ယခင်က ဖွဲ့စည်းထားမှုမရှိသေးသော သစ်မာဒေသအမှတ် (၁) မှ၊ အမှတ် (၇) အထိ ဖွဲ့စည်းလျက် သစ်မာခွဲစိတ်ခြင်း၊ သစ်စက်လုပ်ငန်းနှင့် ဖြန့်ဖြူးရောင်းချရေးအတွက် ရောင်းဝယ်ရေး လုပ်ငန်း၊ သစ်ဆိုင်လုပ်ငန်းတို့ကို အသစ်ဖွဲ့စည်း ဆောင်ရွက်ပေး ရသည်။

၃၇၁။ သစ်ထုတ်လုပ်ငန်းကို ပြည်သူပိုင်အဖြစ် လုံးဝသိမ်းယူပြီးသည့်အခါ မှတ်တိုင်သဖွယ် အရေးကြီး သောအဆင့်တို့မှာ အောက်ပါအတိုင်းဖြစ်သည်–

(၁) ၁၉၆၃ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှစ၍ ကုန်သည်များမှ နိုင်ငံခြားသို့ ကျွန်းသစ် တင်ပို့ရောင်းချခြင်းအား ရပ်စဲလိုက်သည်။

(၂) ၁၉၆၃ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှစ၍ တိုင်းရင်းသားများ လုပ်ကိုင်လျက် ရှိသော ကျွန်းနှင့်သစ်မာထုတ်လုပ်သည့်လုပ်ငန်းကို ပြည်သူပိုင်အဖြစ် သိမ်းယူသည်။

(၃) ပြည်တွင်းသစ်စက်အချို့ကိုလည်းသိမ်းယူသည်။ ၁၉၆၄ ခုနှစ်၊ အောက်တိုဘာလ ၁ ရက် နေ့ မှစ၍ အောက်ပါလုပ်ငန်းများကို လွှဲပြောင်းရယူသည်–

(က) ဘီအီးဒီစီ (Burma Economic Development Corporation) လက်အောက်ရှိအထွေထွေ ရောင်းဝယ်ရေးကုမ္ပဏီမှ ထင်း၊ မီးသွေး၊ ဖြန့်ဖြူးရောင်းချရေး။
(ခ) မြေယာကျေးလက်ကြီးပွားတိုးတက်ရေးကော်ပိုရေးရှင်းမှ ထင်းရှူးဆီချက်စက်ရုံ။
(ဂ) မြေယာကျေးလက်ကြီးပွားတိုးတက်ရေးကော်ပိုရေးရှင်းမှ သစ်ခွပန်းစီမံကိန်း။
(ဃ) မြေယာကျေးလက်ကြီးပွားတိုးတက်ရေးကော်ပိုရေးရှင်းမှ ပရိဘောဂလုပ်ငန်း။
(င) သစ်တောထွက်ပစ္စည်းအသေးအဖွဲ ထုတ်လုပ်ရောင်းချရေးလုပ်ငန်းတို့ဖြစ်သည်။

၃၇၂။ ပြည်သူပိုင်ပြုလုပ်ပြီးသည့်တစ်ချိန်တည်း၌ပင် အထက်ဖော်ပြပါ လုပ်ငန်းအားလုံးတို့ကို မြန်မာနိုင်ငံသစ်လုပ်ငန်းအဖွဲ့က တာဝန်ယူလိုက်သည်။ ဤသို့ဖြင့်မြန်မာနိုင်ငံ၏ သစ်နှင့်သစ်တောထွက်ပစ္စည်းများ ထုတ်လုပ်ရောင်းချမှုလုပ်ငန်းသည် ပြည်သူပိုင်ဖြစ်လာသည်။ အထက်အပိုဒ် (ခ) ပါ ထင်းရှူးဆီချက်လုပ်ငန်းနှင့် မြေယာကျေးလက် ကြီးပွားတိုးတက်ရေး ကော်ပိုရေးရှင်းကို တော်လှန်ရေးကောင်စီတက်လာပြီးနောက် ဖျက်သိမ်း လိုက်သည်။ ၁၉၇၄ ခုနှစ်နောက်ပိုင်း သစ်လုပ်ငန်းကော်ပိုရေးရှင်းအဖြစ် ပြန်လည်ဖွဲ့စည်းပြီးနောက် ပရိဘောဂလုပ်ငန်းနှင့်ထင်းရှူးဆီချက်လုပ်ငန်းမှလွဲ၍ ကျန်လုပ်ငန်းများကို ရပ်ဆိုင်းလိုက်သည်။

သစ်တောပြုစုထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်ခြင်း

သစ်တောပြုစုထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ[၉၂]

၃၇၃။ သစ်တော ထိန်းသိမ်း ခြင်း လုပ်ငန်းများဖြစ်သော ဓမ္မတာမျိုးဆက်ခြင်း၊ အုပ်မိုးကာဆိုင်းခုတ်လှဲခြင်း၊ ပေါင်းသင်ရှင်းလင်းခြင်း၊ ပင်ကြပ်နှုတ်ခြင်း၊ နွယ်ဖြတ်ခြင်းလုပ်ငန်းများကိုလည်း နှစ်စဉ်တိုးချဲ့လုပ်ကိုင်ခဲ့သည်သာမက သစ်တော စိုက်ခင်းများတည်ထောင်ခြင်း၊ သစ်တောကြိုးဝိုင်းတိုးချဲ့ဖွဲ့စည်းခြင်းများကိုလည်း တိုးတက်ဆောင်ရွက် ခဲ့သည်။

၃၇၄။ တော်လှန်ရေးကောင်စီအစိုးရတက်ပြီးနောက် ပုဂ္ဂလိကလုပ်ငန်းရှင်များကို စာချုပ်လိုင်စင်ဖြင့် သစ်ထုတ်လုပ်ခွင့်ပြုသည့်စနစ်ကို ၁၉၆၃ ခုနှစ်၊ အောက်တိုဘာ ၁ ရက်နေ့မှ စတင်ရပ်စဲခဲ့ပြီး၊ မြန်မာနိုင်ငံသစ်လုပ်ငန်းအဖွဲ့မှသာ ကျွန်းနှင့်သစ်မာများ ထုတ်လုပ်ရန် ပြဋ္ဌာန်းခဲ့ရာ သစ်တောဦးစီးဌာနအနေဖြင့် နှစ်စဉ်ကျွန်းသင်းသတ်ခြင်းလုပ်ငန်း ပျမ်းမျှ ၂၂၅,၀၀၀ ပင်၊ သစ်မာပင်ထောင်ရိုက်မှတ်ခြင်း ပျမ်းမျှ ၇၀၀,၀၀၀ ပင်ခန့် ဆောင်ရွက်ပေးခဲ့ရသည်။

၃၇၅။ သို့သော် ၁၉၇၄ ခုနှစ်တွင် ကျွန်းသင်းသတ်ရန် ပင်ရေ ၁၇၄,၀၀၀ ပင်အထိ လျှော့ချသတ်မှတ်ခဲ့သည်။ ထို့ကြောင့် ၁၉၇၄–၇၅ ခုနှစ်မှ ၁၉၈၇–၈၈ ခုနှစ်အထိ ၁၄ နှစ်တာကာလအတွင်း နှစ်စဉ်ပျမ်းမျှ ကျွန်းပင် ၁၉၅,၆၃၀ ပင် သင်းသတ်ပေးပြီး သစ်မာ ၇၂၅,၀၉၁ ပင်ကို ပင်ထောင်ရိုက်မှတ်ပေးခဲ့သည်။

---

[၉၂] သစ်တောကျောင်းနှစ် ၁၀၀ ပြည့်စာစောင်


၁၉၆၂–၆၃ ခုနှစ်မှ ၁၉၇၃–၇၄ ခုနှစ်ထိ ဆောင်ရွက်နိုင်ခဲ့သောသစ်တောပြုစုထိန်းသိမ်းမှု[၉၃]

စဉ်	လုပ်ငန်း	ရေတွက်ပုံ	ပမာဏ
၁။	ကျွန်းသင်းသတ်ခြင်း	အပင်ပေါင်း	၁,၉၂၂,၅၂၇
၂။	ပင်ထောင်တံဆိပ်ရိုက်မှတ်ခြင်း	–။–	၆,၂၃၄,၇၅၃
၃။	အုပ်မိုးကာဆိုင်းခုတ်လှဲခြင်း	ဧက	၄၆၄,၈၉၀
၄။	ပဝတ္ထိမျိုးဆက်ခြင်း	–။–	၈၄,၈၂၅
၅။	ဓမ္မတာမျိုးဆက်ခြင်း	–။–	၄၀၈,၉၀၅
၆။	ပေါင်းသင်ရှင်းလင်းခြင်း	–။–	၃၉၀,၇၄၁
၇။	ပင်ကြပ်နှုတ်ခြင်း	–။–	၆၅,၃၆၇
၈။	နွယ်ဖြတ်ခြင်း၊ ညောင်ပတ်လှဲခြင်း	–။–	၂,၁၁၅,၀၇၁
၉။	သစ်တောလမ်းများပြင်ဆင်ခြင်း	မိုင်	၃၃၇,၄၁၁
၁၀။	ကြိုးဝိုင်းနယ်နိမိတ်ပြင်ဆင်ခြင်း	–။–	၁၈,၀၂၃
၁၁။	အကွက်နယ်နိမိတ်ပြင်ဆင်ခြင်း	–။–	၂၁,၈၈၉
၁၂။	ကြိုးဝိုင်းသစ်တောများတိုးချဲ့ဖွဲ့စည်းခြင်း	စတုရန်းမိုင်	၄,၂၀၁
၁၃။	မီးကာကွယ်ခြင်း	ဧက	၁,၉၇၅,၉၁၅



သစ်တောလုပ်ငန်း(၁၃)မျိုး အနက် ကျွန်းသင်းသတ်ခြင်း လုပ်ငန်း ဆောင်ရွက်နေစဉ်


[၉၃] သစ်တောဦးစီးဌာနဆိုင်ရာ အချက်အလက်များ၊ ၂၀၀၃ ခုနှစ်



သစ်တောလုပ်ငန်း(၁၃)မျိုးအနက် ကျွန်းသင်းသတ်ခြင်းလုပ်ငန်း
ဆောင်ရွက်နေစဉ်



ပင်ထောင်ရိုက်မှတ်ရန် ရင်စို့/လုံးပတ် တိုင်းတာပြင်ဆင်နေပုံ



ပင်ထောင် တံဆိပ်ရိုက်မှတ်နေပုံ



အုပ်မိုးကာဆိုင်းလှဲခြင်း



သစ်တောခိုက်ခင်းများထူထောင်ခြင်း (ပဝတ္တိမျိုးဆက်ခြင်း)



သစ်တောခို့က်ခင်းများတည်ထောင်ရန်ပျိုးပင်များပြုစုထားရှိပုံ



ဓမ္မတာမျိုးဆက်ခြင်းပြုလုပ်ထားသည့်သစ်တော



ပေါင်းသင်ရှင်းလင်းခြင်း



ပင်ကျပ်နှုတ်ခြင်း



နွယ်ဖြတ်ခြင်း၊ ညောင်ပတ်လှဲခြင်း



ကြိုးဝိုင်းနယ်နိမိတ်ဘုတ်တိုင်ပြင်ဆင်ခြင်း



ကြိုးဝိုင်းနယ်နိမိတ်ပြင်ဆင်ခြင်း အတွက်မှန်ထစ်ပြုလုပ်နေပုံ



အကွက်နယ်နိမိတ်ဘုတ်တိုင်ပြင်ဆင်ခြင်း



ကြိုးဝိုင်းသစ်တောမျှား တိုးချဲ့ဖွဲ့စည်းခြင်း



မီးကာကွယ်ရေးအတွက် အစောင့်တဲထားရှိခြင်း

ကြီးပိုင်းဖွဲ့စည်းခြင်း[၉၄]

၃၇၆။ ၁၉၆၁–၆၂ ခုနှစ်တွင် သစ်တောကြီးပိုင်း ဧရိယာစတုရန်းမိုင်ပေါင်း ၃၄,၇၂၅ ရှိခဲ့ရာမှ ၁၉၇၃–၇၄ ခုနှစ်တွင် စတုရန်းမိုင် ၃၇,၄၃၅ ထိတိုးချဲ့ဖွဲ့စည်းနိုင်ခဲ့သည်။ နိုင်ငံအကျယ်အဝန်း၏ ၁၄ ရာခိုင်နှုန်းခန့် ကြီးပိုင်းတောများအဖြစ် ဖွဲ့စည်းနိုင်ခဲ့ခြင်းဖြစ်သည်။

တိုင်းနှင့်ပြည်နယ်များရှိ ကြီးပိုင်း/ကြီးပြင်တောများ

စဉ်	တိုင်း/ပြည်နယ်	ဧရိယာ (ဧကထောင်ပေါင်း)	သစ်တောတည်ရှိမှုရာခိုင်နှုန်း		
			ကြီးပိုင်း	ကြီးပြင်	ပေါင်း
၁	၂	၃	၄	၅	၆
၁။	ကချင်	၂၂,၀၀၃	၅.၈၄	၁၆.၅၂	၂၂.၃၆
၂။	ကယား	၂,၈၉၉	–	၉၀.၃၄	၉၀.၃၀
၃။	ကရင်	၇,၅၀၈	၁၃.၈၁	၅၈.၈၄	၇၂.၆၅
၄။	ချင်း	၈,၉၀၀	၃.၉၈	၁၅.၈၀	၁၉.၇၉
၅။	စစ်ကိုင်း	၂၃,၃၈၂	၂၂.၃၈	၃၇.၂၅	၅၉.၆၄
၆။	တနင်္သာရီ	၁၀,၇၁၁	၂၆.၈၉	၅၈.၉၃	၈၅.၈၁
၇။	ပဲခူး	၉,၇၃၇	၃၄.၁၀	၁၆.၀၅	၅၀.၁၅
၈။	မကွေး	၁၁,၀၇၅	၂၂.၄၂	၂၂.၄၉	၄၄.၉၁
၉။	မန္တလေး	၉,၁၄၉	၂၆.၁၄	၈.၅၉	၃၄.၇၄
၁၀။	မွန်	၃,၀၃၉	၁၅.၄၁	၃၁.၂၆	၄၆.၆၈
၁၁။	ရခိုင်	၉,၀၈၈	၄.၅၄	၄၆.၀၇	၅၀.၆၁
၁၂။	ရန်ကုန်	၂,၅၁၃	၁၁.၉၈	–	၁၁.၉၈
၁၃။	ရှမ်း	၃၈,၄၉၉	၅.၂၁	၈၇.၈၂	၉၃.၀၄
၁၄။	ဧရာဝတီ	၈,၆၈၃	၂၀.၄၉	၉.၇၄	၃၀.၂၄
ပေါင်း		**၁၆၇,၁၈၆**	**၁၄.၃၃**	**၄၂.၉၀**	**၅၇.၂၃**

ဘေးမဲ့တောများတိုးချဲ့ဖွဲ့စည်းခြင်း[၉၅]

၃၇၇။ နိုင်ငံအတွင်းရှိ သဘာဝပတ်ဝန်းကျင် သယံဇာတ အရင်းအမြစ်များ၊ တောရိုင်းတိရစ္ဆာန်များအား မျိုးသုဉ်းပျောက်ကွယ်သွားခြင်း မရှိစေရေး၊ စနစ်တကျ ထိန်းသိမ်း စီမံအုပ်ချုပ်သွားနိုင်ရန်အတွက် ဘေးမဲ့တောများကို တိုးချဲ့ဖွဲ့စည်းတည်ထောင်ခဲ့ကြသည်။ ၁၉၇၀ ခုနှစ်တွင် ဧရာဝတီတိုင်းရှိ သမီးလှကျွန်း ဘေးမဲ့တောဧရိယာ ၂၁၈ ဧကအား လည်းကောင်း၊ ၁၉၇၂ ခုနှစ်တွင် စစ်ကိုင်းတိုင်းရှိ မင်းဝံတောင် ဘေးမဲ့တောဧရိယာ ၅၀,၈၇၄ ဧကအား လည်းကောင်း၊ ၁၉၇၄ ခုနှစ်တွင် စစ်ကိုင်းတိုင်းရှိ ထမံသီ ဘေးမဲ့တောဧရိယာ ၅၃၁,၄၅၆ ဧက အားလည်းကောင်း တိုးချဲ့ဖွဲ့စည်း ခဲ့သည်။

---

[၉၄] နိုင်ငံတော်ကောင်စီမှ စုံစမ်းမေးမြန်းချက်များနှင့်ပတ်သက်၍ သစ်တောဦးစီးဌာနမှ ပြုစုတင်ပြချက်များ၊ ၁၉၇၅ ခုနှစ်၊ စက်တင်ဘာလ

[၉၅] သဘာဝဝန်းကျင်နှင့် သားငှက်ထိန်းသိမ်းရေးဌာန၊ သစ်တောဦးစီးဌာန

သစ်တောစိုက်ခင်းများတည်ထောင်ခြင်း

၃၇၈။ ပြည်တွင်းသောင်းကျန်းမှု လုံခြုံရေးအခြေအနေ အခက်အခဲများကြောင့် စိုက်ခင်းတည်ထောင်ခြင်းများ ဆိုင်းငံ့သွားခဲ့ရာမှ ၁၉၆၃ ခုနှစ်မှစ၍ နှစ်စဉ်ဧက အနည်းငယ်ဖြင့် ပြန်လည်စိုက်ပျိုးခဲ့ကြသော်လည်း အစားထိုးစိုက်ခင်းမျိုးဖြစ်၍ သင့်တော်သည့်နေရာများ၌သာ အစုလိုက် ကွက်ကျား ဆောင်ရွက်ခဲ့ကြသည်။ မြန်မာနိုင်ငံ၏တိုးတက်လာသောလူဦးရေနှင့် သစ်တောထွက်ပစ္စည်းများ ထုတ်ယူသုံးစွဲမှု ပမာဏမှာ တစ်နှစ်ထက်တစ်နှစ် တိုးပွားလာရာ သဘာဝတောများမှ ထုတ်ယူသုံးစွဲမှု တစ်ခုတည်း အားကိုးသွားပါက နောင်အနာဂတ် သစ်တောကြီးများ ရေရှည်တည်တံ့ရေးမှာ စိုးရိမ်ကြောင့်ကြဘွယ်ဖြစ်ပေသည်။ သို့ဖြစ်ပေရာ ၁၉၇၀ ပြည့်နှစ်ဦးပိုင်းတွင် သစ်တောဦးစီးဌာနသည် ပျက်စီးသွားသော သဘာဝတောများနေရာတွင် သစ်တောစိုက်ခင်းများ ကျယ်ကျယ်ပြန့်ပြန့် ထူထောင်ရေးအတွက် အထက်အာဏာပိုင်များထံ တင်ပြခဲ့ကြရာ နောင်ဖြစ်ပေါ်လာမည့် သစ်တောစိုက်ခင်းများ တည်ထောင်ခြင်းအတွက် စိုက်ခင်းမူဝါဒတစ်ရပ်ကို ချမှတ်ပေးနိုင်ခဲ့သည်–

၁၉၆၃ ခုနှစ်မှ ၁၉၇၃ ခုနှစ်အထိတည်ထောင်ခဲ့သောသစ်တောစိုက်ခင်းများ(ဧက)[၉၆]

ခုနှစ်	သစ်မျိုး			စုစုပေါင်း
	စီးပွားရေး	ကျေးရွာသုံး	စက်မှုကုန်ကြမ်း	
၁၉၆၃	၁,၀၉၇	၇၃၄	–	၁,၈၃၁
၁၉၆၄	၁,၉၉၇	၁,၉၅၂	၈၆	၄,၀၃၅
၁၉၆၅	၄,၃၂၂	၂,၃၃၂	၅၇	၆,၇၁၁
၁၉၆၆	၄,၀၈၀	၁,၉၆၆	၁၅	၆,၀၆၁
၁၉၆၇	၆,၃၁၈	၂,၁၆၅	၁၁၁	၈,၅၉၄
၁၉၆၈	၇,၅၀၀	၁,၇၅၇	၉၈	၉,၃၅၅
၁၉၆၉	၅,၂၁၉	၁,၇၆၉	၁၂၆	၇,၁၁၄
၁၉၇၀	၄,၇၆၉	၃,၀၅၀	၁၁၁	၇,၉၃၀
၁၉၇၁	၄,၀၃၈	၂,၇၂၆	၈၆	၆,၈၅၀
၁၉၇၂	၂,၆၀၂	၅,၀၇၈	၁၀၄	၇,၇၈၄
၁၉၇၃	၃,၀၇၃	၂,၉၂၉	၇၉	၆,၇၂၉
၁၉၇၄	၂,၂၇၆	၃,၉၈၃	၈၂	၆,၃၄၁
စုစုပေါင်း	**၄၇,၉၃၉**	**၃၀,၄၄၁**	**၉၅၅**	**၇၉,၃၃၅**

[၉၆] သစ်တောဦးစီးဌာနဆိုင်ရာအချက်အလက်များ၊ ၂၀၀၃ ခုနှစ်

ကြီးထွားနှုန်းမြန်သော ယူကလစ်သစ်ပင်များ တိုးချဲ့စိုက်ပျိုးခြင်း[၉၇]

၃၇၉။ မြန်မာနိုင်ငံတစ်ဝှမ်း လုံး၌ ဒုတိယကမ္ဘာစစ်နှင့် သောင်းကျန်းသူခေတ်များအတွင်း ပျက်စီးပြုန်းတီးခဲ့သော ဒေသန္တရ ထောက်ပံ့ ရေးကြိုးဝိုင်းများ (သို့မဟုတ်) ကျေးရွာသုံးကြိုးဝိုင်းများကို အမြန်ဆုံးပြန်လည် ထူထောင်ရန် အခြေအနေကတောင်းဆိုလာခြင်းကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးတွင် အပေါက်မြန်မှုကြောင့် နာမည်ကျော်ကြားနေသော ယူကလစ်သစ်မျိုးအချို့ကို တော်လှန်ရေးကောင်စီအစိုးရလက်ထက် ၁၉၆၇ ခုနှစ်မှစတင်၍ မှာယူ တင်သွင်း စိုက်ပျိုးခဲ့သည်။

၃၈၀။ ယူကလစ်သစ်၏ ဇာတိဒေသသည် သြစတြေးလျနိုင်ငံဖြစ်၍ ယူကလစ်သစ်မျိုးပေါင်း ၆၀၀ ကျော် ရှိခြင်းကြောင့် မြန်မာ့ရေမြေ ရာသီဥတုအနေအထားနှင့် ကိုက်ညီလိမ့်မည်ဟုခန့်မှန်းပြီး အသုံးဝင်သည့် ယူကလစ်သစ်ခုနစ်မျိုးတို့ကို မေမြို့ထင်းကြိုးဝိုင်းအတွင်း သစ်တောပြုန်းတီးခဲ့သော အပိုင်းမှစတင်၍ စမ်းသပ်စိုက်ပျိုးခဲ့သည်။ ပျိုးပင်များအား ပလပ်စတစ်အိတ်တွင် ထည့်သွင်းပျိုးထောင်စိုက်ပျိုးခဲ့ခြင်းဖြစ်ရာ သစ်တောစိုက်ခင်းအတွက် ပျိုးပင်များအား ပလပ်စတစ်ပျိုးအိတ်ဖြင့်ပျိုးထောင်ခြင်း ကနဦးအစဟု ဆိုနိုင်သည်။

၃၈၁။ စိုက်ပျိုးခဲ့သည့် ယူကလစ်သစ်မျိုးများမှာ– (*Eucalyptus camaldulensis*)၊ (*E. grandis*)၊ (*E. robusta*)၊ (*E. tereticornis*)၊ (*E. globulus*)၊ (*E. saligna*)၊ (*E. citriodora*) တို့ဖြစ်သည်။ စမ်းသပ်ချက်တွင် (*Eucalyptus camaldulensis*) နှင့် (*E.grandis*) တို့သည်ကောင်းစွာ ရှင်သန်ပေါက်ရောက်ကြ၍ ပေါက်ရောက်နှုန်းမှာလည်း အလွန်လျင်မြန်မှုကြောင့် မြန်မာနိုင်ငံတစ်ဝန်းလုံး၌ အောက်ပါအတိုင်း တဖြည်းဖြည်း တိုးချဲ့စိုက်ပျိုးခဲ့သည်–

ခုနှစ်	ဧရိယာ	အပင်ပေါင်း
၁၉၆၇	၈	၂,၄၂၄
၁၉၆၈	၃၀	၉,၀၉၀
၁၉၆၉	၉၀	၄၂,၅၈၆
၁၉၇၀	၅၃၃	၂၆၃,၉၈၈
၁၉၇၁	၁,၁၂၅	၅၂၅,၇၂၉
၁၉၇၂	၂,၆၆၈	၁,၃၅၉,၇၃၆
၁၉၇၃	၂,၅၇၃	၁,၃၀၇,၆၈၈
၁၉၇၄	၄,၂၄၆	၁,၆၇၈,၆၁၆
စုစုပေါင်း	**၁၁,၂၇၃**	**၅,၁၈၉,၈၅၇**

[၉၇] နိုင်ငံတော်ကောင်စီမှ စုံစမ်းမေးမြန်းချက်များနှင့်ပတ်သက်၍ သစ်တောဦးစီးဌာနမှ ပြုစုတင်ပြချက်များ၊ ၁၉၇၅ ခုနှစ်၊ စက်တင်ဘာလ

မြန်မာပြည်အလယ်ပိုင်း သစ်တောများပြန်လည် ထူထောင်ရေးစီမံကိန်းများ ဆောင်ရွက် ခြင်း[၉၀]

၃၈၂။ မြန်မာနိုင်ငံ သည် တောတောင်ရေမြေ အနေအထားအရ ရာသီဥတုသင့်တင့်မျှတသော နိုင်ငံတစ်ခု ဖြစ်သည်။ မြန်မာလူမျိုးတို့၏ သစ်ပင်သစ်တောကို ချစ်ခင်မြတ်နိုးသောစိတ်နှင့် လွန်ခဲ့သော နှစ်ပေါင်း များစွာကပင် သစ်တောများကို စနစ်တကျအုပ်ချုပ် ထိန်းသိမ်းခဲ့သဖြင့် နိုင်ငံတော်၏ ဧရိယာထက်ဝက် ခန့်မှာ သစ်တောများဖြင့် ဖုံးလွှမ်းလျက်ရှိသည်။

၃၈၃။ သို့ရာတွင် မိုးရွာသွန်းမှုနည်းပါးသော မြန်မာနိုင်ငံအလယ်ပိုင်းဒေသမှာ သစ်ပင်သစ်တော ပေါက်ရောက်မှုကျဲပါးပြီး ပူပြင်းခြောက်သွေ့သဖြင့် သီးနှံစိုက်ပျိုးဖြစ်ထွန်းမှုနည်းပါးခြင်း၊ လူ၊ ကျွဲနွား တိရစ္ဆာန်တို့အတွက် သောက်သုံးရေအလုံအလောက်မရရှိခြင်း၊ အလုပ်အကိုင်ရှားပါးခြင်းတို့ကြောင့် ဒေသခံ ပြည်သူတို့၏ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးစသော လူနေမှုအဆင့်အတန်းမှာ အခြားဒေသများနှင့် နှိုင်းယှဉ်လျှင် နိမ့်ကျနေပေသည်။ ထို့အပြင်သစ်ပင်ပေါက်ရောက်မှုနည်းပါးသဖြင့် အခြေခံလိုအပ်ချက် ဖြစ်သော လောင်စာထင်းရှားပါးလာသည့်အပြင် လူဦးရေတိုးတက်များပြားလာသည်နှင့်အမျှ ထင်းထုတ် ယူသုံးစွဲမှု တစ်စထက်တစ်စ တိုးတက်များပြားလာရာ သစ်တောများပိုမိုပျက်စီးပြုန်းတီးလာပြီး ဒေသခံ တို့၏ လယ်ယာသီးနှံ စိုက်ပျိုးဖြစ်ထွန်းမှုများလည်း ယုတ်လျော့လာခဲ့သည်။

၃၈၄။ ထို့ကြောင့် မြန်မာပြည်အလယ်ပိုင်းအပူပိုင်းဒေသအတွင်းရှိ ရွှေဘို (တောင်ပိုင်း)၊ အောက် ချင်းတွင်း၊ စစ်ကိုင်း၊ မန္တလေး (အနောက်)၊ ကျောက်ဆည်၊ မြင်းခြံ၊ ပခုက္ကူ (အရှေ့)၊ မိတ္ထီလာ (အနောက်)၊ ရမည်းသင်း၊ မင်းဘူး၊ မကွေးနှင့် သရက်ခရိုင်စသည့် ပူပြင်းခြောက်သွေ့သောဒေသများတွင် စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများကို အရေးတကြီးဆောင်ရွက်ရန် လိုအပ်လာသည့်အားလျော်စွာ စနစ်တကျ စီမံချက်များချမှတ်ဆောင်ရွက်ခဲ့ပေသည်။

၃၈၅။ **အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဆောင်ရွက်မှု။** မြန်မာပြည်အလယ်ပိုင်းရှိ မိုးခေါင်ရေရှား ဒေသတွင် သစ်တောများပျက်စီးပြုန်းတီးမှုကြောင့် သစ်တောပြန်လည်ထူထောင်ရေးလုပ်ငန်းကို ၁၉၅၃–၅၄ ခုနှစ်မှစ၍ မြေယာကျေးလက်ကြီးပွားတိုးတက်ရေး ကော်ပိုရေးရှင်းက သစ်တောဌာနမှခေတ္တလွှဲပြောင်းပေးသော အရာထမ်းအမှုထမ်းများဖြင့် စတင်လုပ်ကိုင်ခဲ့သည်။ ပထမဆုံးလုပ်ကိုင်ဆောင်ရွက်သည့်ဒေသမှာ လယ်ယာ စိုက်ပျိုးရေးနှင့် သစ်တောရေးဝန်ကြီးဌာန မြေယာကျေးလက်ကြီးပွားတိုးတက်ရေး ကော်ပိုရေးရှင်းမှ ဆောင်ရွက်သည့် အပူပိုင်းဒေသ၏ ဗဟိုဖြစ်သည့် မိတ္ထီလာသစ်တောခရိုင် ရေဝေရေလဲစီမံကိန်း (၁၉၅၄–၅၅ ခုနှစ်) နှင့်ပုပ္ပါးတောင်ရေဝေရေလဲ စီမံကိန်းပင်ဖြစ်သည်။

၃၈၆။ တော်လှန်ရေးကောင်စီအစိုးရတက်ရောက်ခဲ့ပြီးနောက် သစ်တောဌာနကသာလျှင် ဆောင်ရွက်သင့် သည်ဟု လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်အရ ၁၉၆၃ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှစတင်ပြီး သစ်တောဌာနမှ လွှဲပြောင်းတာဝန်ယူခဲ့သည်။

---

[၉၀] အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန

၃၈၇။ မြန်မာပြည်အလယ်ပိုင်းမိုးနည်းရေရှားအပူပိုင်းဒေသ ပြန်လည်ထူထောင်ရေးလုပ်ငန်းများမှာ ကျယ်ပြန့်ခက်ခဲသော လုပ်ငန်းတစ်ရပ်ဖြစ်သဖြင့် ထိရောက်စွာ အကောင်အထည်ဖော်ရန် သစ်တောဌာနသည် ၁၉၆၃–၆၄ ခုနှစ်မှ ၁၉၇၂–၇၃ ခုနှစ်အထိ ၁၀ နှစ်စီမံကိန်းချမှတ်ကာ မြန်မာနိုင်ငံအလယ်ပိုင်းစိမ်းလန်းစိုပြည်ရေးနှင့် သစ်တောပြန်လည်ပြုစုရေး စီမံကိန်းအား အကောင်အထည်ဖော်ခဲ့သည်။ စီမံကိန်းအတွင်း ပါဝင်သော သစ်တောခရိုင်များမှာ ရမည်းသင်း၊ မိတ္ထီလာ၊ ရွှေဘို၊ အောက်ချင်းတွင်း နှင့် အောင်လံတို့ဖြစ်၍ ကြိုးဝိုင်းဧရိယာစတုရန်းမိုင် ၇၀ နှင့် ကြိုးပြင်ဧရိယာ ၂,၁၆၇ စတုရန်းမိုင် စုစုပေါင်းဧရိယာ ၂,၂၃၇ စတုရန်းမိုင် ကျယ်ဝန်းသည်။ အထူးစီမံကိန်းလုပ်ငန်းအဖြစ် အကောင်အထည် ဖော်ခြင်းဖြစ်ရာ လက်ရှိဝန်ထမ်းများအပြင် ထပ်မံ၍ ၃၅ ယောက်တိုးချဲ့ခန့်ထားခဲ့သည်။

၃၈၈။ စီမံကိန်းများဆောင်ရွက်ရာတွင် အောင်မြင်မှုရှိစေရန်ထိရောက်စွာကာကွယ်နိုင်သည့်တောများ၊ ပြုစုပေးလျှင်ကြီးထွားရှင်သန်နိုင်မည့်တောများ၊ ပတ်ဝန်းကျင်ကျေးရွာနှင့်မြို့များသို့ ထင်း၊ တိုင် စသည်များ ပေးနိုင်မည့် ဒေသန္တရ ထောက်ပံ့ရေးတောများကို ဦးစားပေး ကာကွယ်စောင့်ရှောက်ရန် ရည်ရွယ်ချက်များ ထားခဲ့သည်။ ဒေသအတွင်း တောများနှင့်တိုက်ရိုက်ထိစပ်နေသည့် ကျေးလက်နေထိုင်သူဦးရေမှာ ၈ သန်းခန့် ရှိသည်။ သို့ဖြစ်ရာ ဘုန်းကြီးကျောင်းပိုင်သစ်တောစိုက်ခင်းများ၊ ကျေးရွာပိုင်တောများ တည်ထောင်ရန်နှင့် အိမ်၊ ခြံ၊ ယာမြေများတွင် သစ်ပင်ရှိရမည်ဟူသော စီမံချက်များဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။

၃၈၉။ ဒေသအတွင်း အထူးအရေးကြီးသည့်ကိစ္စမှာ ထင်းဖူလုံရေးဖြစ်သည်။ အိမ်ထောင်စုတစ်စု တစ်နှစ်လျှင် ထင်းပျမ်းမျှ ၂.၅ တန်မျှ လိုအပ်နေရာ ဒေသကြီးတစ်ခုလုံးဆိုပါက တစ်နှစ်ထင်းတန် ၃.၇ သန်းခန့် လိုအပ်မည်ဖြစ်သည်။ ယင်းဒေသတွင် ထန်းပင်များပေါများပြီး ထန်းလျက်ချက်လုပ်ငန်းလည်းရှိသဖြင့် ထင်းလိုအပ်မှု ပိုမိုများပြားသည်။ သို့ဖြစ်ရာ ကျေးရွာသုံးထင်းတောများ ပြန်လည်ဖြစ်ထွန်းလာစေရန်နှင့် ရေမြေထိန်းသိမ်းနိုင်ရန် ကျွဲ၊ နွားစားကျက်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်း ထင်းအစားအခြာ အစားထိုးလောင်စာ သုံးစွဲစေခြင်းများ အပြင် အိမ်ထောင်စုတစ်ခု ၁၀ ဧကနှုန်းဖြင့် ကျေးလက်သစ်တောငယ်များတည်ထောင်ခြင်း (Hamlet Forestry)၊ ရေဝေကုန်းတန်းများကို ထိန်းသိမ်းခြင်း၊ သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်း (Agroforestry)၊ ဒေသမျိုးရင်းပင်များစိုက်ပျိုးခြင်း၊ ကာကွယ်စောင့်ရှောက်ခြင်းနှင့် သစ်ပင်ပွဲတော်ကျင်းပခြင်း စသည့်လုပ်ငန်း ဆောင်ရွက်ရန်လိုအပ်ကြောင်း သစ်တောပညာ ရှင်များက ထိုစဉ်ကပင် ကြိုတင်မျှော်တွေး ကြံစည်ဆောင်ရွက်ခဲ့ကြသည်။ ၁၉၆၂–၆၃ ခုနှစ်မှ ၁၉၇၄–၇၅ ခုနှစ်အထိ အပူပိုင်းဒေသတွင်သစ်တောစိုက်ခင်းများ ၁၄,၂၅၇ ဧက တည်ထောင် ဆောင်ရွက် နိုင်ခဲ့သည်။

၃၉၀။ **ပုပ္ပါးတောင်သစ်တောပြန်လည်ထူထောင်ရေးစီမံကိန်း**[၉၉]။ ပုပ္ပါးတောင် ပတ်ဝန်းကျင်တွင် သစ်တော များကို ခုတ်ထွင်ပြီး ငှက်ပျောခြံများလုပ်ကိုင်ခဲ့ရာ ၁၉၄၂ ခုနှစ်တွင် ၃၄၂.၄၀ ဧကရှိခဲ့ရာမှ ၁၉၆၇–၆၈ ခုနှစ်တွင် ခြံမြေဧက ၃,၅၀၀ အထိရှိလာခဲ့သည်။ ပုပ္ပါးတောင် ရေဝေရေလဲစီမံကိန်းကို ၁၉၅၅ ခုနှစ်၊

[၉၉] အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန

အောက်တိုဘာလမှစတင်၍ လုပ်ငန်းများစတင်ဆောင်ရွက်ခဲ့ပြီး စီမံကိန်းဧရိယာမှာ ၃၈ စတုရန်းမိုင်ခန့် ရှိသည်။


၃၉၁။ မြေယာကျေးလက်ကြီးပွားတိုးတက်ရေးကော်ပိုရေးရှင်းမှ ပုပ္ပါးတောင်သစ်တောများ ပြန်လည်တည်ထောင်ရေး အတွက် မူလကြိုးဝိုင်းမကြီး ၂,၉၆၁ ဧက၊ ပုပ္ပားတိုးချဲ့ (က) ၁,၉၄၂ ဧက၊ ပုပ္ပားတိုးချဲ့ (ခ) ၄၉ ဧကနှင့် ပုပ္ပားတိုးချဲ့ (ဂ) ၃,၂၅၇ ဧက စုစုပေါင်း ၈,၀၂၁ ဧကကို ကြိုးဝိုင်းအဖြစ် သတ်မှတ်ခဲ့သည်။ ထို့ပြင် ပုပ္ပားတောင်ကိုဗဟိုပြု၍ သစ်တောဥပဒေ ၂၇ အရ ၁၈၁.၂၄ စတုရန်းမိုင်ရှိသည့်ဒေသအား ၁၉၅၈ ခုနှစ်တွင်ကာကွယ်တောအဖြစ် သတ်မှတ်ပေးခဲ့သည်။

၃၉၂။ ၁၉၆၆–၆၇ ခုနှစ်တွင် မြန်မာပြည်အလယ်ပိုင်း၌ ရေသွင်းစိုက်ပျိုးရေးအတွက် ကြက်မောက်တောင်ဆည်ကြီးကို တည်ဆောက်ပြီးစီးခဲ့ရာ ယင်းဆည်အတွင်းသို့ သဲနုန်းဖို့၍ တိမ်ကောမည့် ဘေးအန္တရာယ်ကို ကာကွယ်စေရန်နှင့် ရေစီးဆင်းမှုများပြားစေရန် ပုပ္ပားတောင်ရေမြေထိန်းသိမ်းရေးလုပ်ငန်းများ မလုပ်မဖြစ်တော့သော အခြေအနေသို့ ဆိုက်ရောက်ခဲ့သည်။

၃၉၃။ သစ်တောများပျက်စီးလာမှုကြောင့် သဘာဝဝန်းကျင်ယိုယွင်းပျက်စီးလာပြီး ပုပ္ပားတောင်ရှိသဘာဝရေထွက်များ ခန်းခြောက်ခဲ့ရသည်။ သို့ဖြစ်ရာ ယင်းငှက်ပျောခြံများကို ရှင်းလင်းပြီး ၁၉၆၉–၇၀ ခုနှစ်မှစ၍ ၃ နှစ်အတွင်း သစ်ပင်များဖြင့် ပြန်လည်စိုက်ပျိုးရန် လယ်ယာစိုက်ပျိုးရေးနှင့်သစ်တောရေး ဝန်ကြီးဌာနတွင် ၁၉၇၀ ခု နှစ်၊ ဧန္နဝါရီလ ၉ ရက်နေ့၌ စည်းဝေးဆုံးဖြတ်ခဲ့သည်။

၃၉၄။ သို့ဖြစ်ရာ ၁၉၇၀ ခုနှစ်တွင် ပုပ္ပါးတောင်သစ်တောပြန်လည်ထူထောင်ရေးစီမံကိန်းကို ရေးဆွဲအကောင်အထည်ဖော်ခဲ့သည်။ ရေ၊ မြေအနေအထားကိုမူတည်၍ စိုက်ပျိုးခဲ့သောသစ်မျိုးများမှာ ယူကလစ်၊ ယင်းမာ၊ ထင်းရှူး၊ သစ်မန်ကျည်း၊ မယ်ဇလီ၊ ပျဉ်းကတိုး၊ သရက်၊ ပိန္နဲ၊ သစ်ကတိုး၊ အင်ကြင်း၊ သပြေနှင့် ဖက်ဆွတ်တို့ဖြစ်သည်။ ငှက်ပျောခင်းပိုင်ရှင်များကိုလုပ်ကိုင်စားသောက်ရန် အစားထိုးနေရာများပေးပြီးနောက် ငှက်ပျောခင်းများကိုဖယ်ရှားပြီး သစ်တောစိုက်ခင်းများ ပြန်လည်တည်ထောင်ခြင်းဖြစ်သည်။ ၁၉၆၉–၇၀ ခုနှစ်မှ ၁၉၇၁–၇၂ ခုနှစ်အထိ ၃ နှစ်အတွင်းသစ်တောစိုက်ခင်းဧက ၂,၇၀၂ ဧက တည်ထောင်နိုင်ခဲ့သည်။ သစ်တောသမိုင်းတွင်ပထမဆုံးအကြိမ်အဖြစ် စနစ်တကျ စီမံကိန်းရေးဆွဲ၍ အကောင်အထည်ဖော်ခဲ့သော ရေဝေရေလဲ သစ်တောထူထောင်ရေးလုပ်ငန်းတစ်ရပ်အဖြစ် မှတ်တမ်းတင်နိုင်သည်။ လုပ်ငန်းအနေနှင့်လည်း အောင်မြင်မှုအပြည့်အဝရရှိခဲ့သည်။

၃၉၅။ မြန်မာနိုင်ငံအလယ်ပိုင်း ပုပ္ပါးတောင်သစ်တောပြန်လည်ထူထောင်ရေးစီမံကိန်း လုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် ရာသီဥတုကောင်းမွန်မှုတလာပြီး ကြက်မောက်တောင်ဆည်ရေသောက်ဧရိယာများသည်လည်း ဆည်ရေရရှိလာကာ စိုက်ပျိုးရေးလုပ်ငန်းများကောင်းမွန်စွာ ဖြစ်ထွန်းလာခဲ့သဖြင့် ကျောက်ပန်းတောင်းမြို့နယ်ဝန်းကျင်တွင် စီးပွားရေးများ ဖွံ့ဖြိုးလာစေခဲ့သည်။



ညောင်ဦး–ပုပ္ပါး၊ ဗျတ္တပန်းဆက်လမ်းဘေးဝဲ/ယာသက်ကြီးစိုက်ခင်းဧဟာင်းများနှင့် သဘာဝတောအလှမြင်ကွင်း

ရှမ်းပြည်နယ်တွင် မြေယာထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်ခြင်း[၁၀၀]

၃၉၆။ သစ်တော ဧရိယာများ ပျံနှံ့ခြင်းမရှိသည့် ရှမ်းပြည်နယ် အချို့သောဒေသများတွင် မြေဆီလွှာပျက်စီး ဆုံးရှုံးခြင်း၊ ကမ်းပါးပြိုခြင်း၊ မြေပြိုခြင်း၊ ဘေးအန္တရာယ်များ ကြုံတွေ့နေခဲ့ရသည်။ ယင်းအန္တရာယ်များကို ကာကွယ်ရန် သစ်တော ဦးစီးဌာနလက်အောက်ရှိ ရှမ်းပြည်နယ်မြေယာထိန်းသိမ်းရေးဌာနစိတ်မှ မြေဆီလွှာ ထိန်းသိမ်းရေး သစ်တော စိုက်ခင်းများကို ဆောင်ရွက်ပေးခဲ့သည်။ ၁၉၆၂–၆၃ ခုနှစ်မှ ၁၉၇၄–၇၅ ခုနှစ် ကာလအတွင်း မြေဆီလွှာ ထိန်းသိမ်းရေးစိုက်ခင်း ၅,၈၄၈ ကေစိုက်ပျိုးခဲ့သည်။ ဤစိုက်ခင်းများကို သစ်တောနည်းဥပဒေ အရ ကာကွယ်ထားသော ကာကွယ်တောများတွင် အများဆုံးစိုက်ပျိုးခဲ့သည်။

ကာကွယ်ရေးသစ်တောစိုက်ခင်းတည်ထောင်ခြင်း[၁၀၁]

၃၉၇။ ကာကွယ်ရေးသစ်တော စိုက်ခင်း တည်ထောင်ခြင်း အထူးလုပ်ငန်းတစ်ရပ်ကိုလည်း မကွေးတိုင်း လမ်းရွာအနီးရှိ ဝါဇီစက်ရုံ ပတ်ဝန်းကျင်တွင် ၁၉၆၇–၆၈ ခုနှစ်မှ ၁၉၇၂–၇၃ ခုနှစ်အထိ သစ်တောစိုက်ခင်း ၃၂၈ ဧက ကိုတည်ထောင်ခဲ့သည်။ ဝါဇီစက်ရုံ စိုက်ခင်းများတည်ထောင်ခြင်း၏ အဓိကရည်ရွယ်ချက်မှာ လေပြင်းတိုက်ခြင်းကြောင့် သဲမုန်တိုင်း ငယ်များဖြစ်ပေါ်ပြီး သဲများပျံလွှင့်ခြင်းကို သစ်ပင်လေကာတန်း များဖြင့် ကာကွယ်ရန်နှင့်ပြင်းထန်သော ရာသီဥတုဘေးဒဏ်မှ မျှတသက်သာစေရန်တို့ဖြစ်သည်။ ဝါဇီစက်ရုံ

---

[၁၀၀] ရေဝေရေလဲဒေသအုပ်ချုပ်ရေးဌာန၊ သစ်တောဦးစီးဌာန

[၁၀၁] နိုင်ငံတော်ကောင်စီမှ စုစမ်းမေးမြန်းချက်များနှင့်ပတ်သက်၍ သစ်တောဦးစီးဌာနမှ ပြုစုတင်ပြချက်များ၊ ၁၉၇၅ ခုနှစ်၊ စက်တင်ဘာလ

သစ်တောစိုက်ခင်းများမှာ အထူးစီမံကိန်း ဖြစ်သောကြောင့် ရေပေးသွင်းခြင်း၊ ဓာတ်မြေဩဇာများကျွေးခြင်း၊ ပြုစုခြင်းစသည့်လုပ်ငန်းများကို ဥယျာဉ်များ တည်ထောင်သကဲ့သို့ ပြည့်စုံစွာဆောင်ရွက်ခဲ့သဖြင့် ၂ နှစ်ခန့်အကြာတွင် လေကာတန်း အဖြစ် အပြည့်အဝ အကျိုးရရှိစေခဲ့သည်။

သစ်တောထွက်ပစ္စည်းများထုတ်လုပ်အသုံးချခြင်း

ကျွန်း၊ သစ်မာနှင့် သစ်တောထွက်ပစ္စည်းများထုတ်လုပ်မှုနှင့် အခွန်ရငွေ / သုံးငွေ

၃၉၈။ ကျွန်းနှင့် သစ်မာအပါအဝင် သစ်တောထွက်ပစ္စည်းများ ထုတ်လုပ်မှု ၂၄ ရာခိုင်နှုန်းတိုးတက်ခဲ့သည်။ သစ်တော ထွက်ပစ္စည်းများ တိုးချဲ့ထုတ်လုပ်နိုင်ရန်အတွက် ၁၂ နှစ်တာကာလအတွင်း နိုင်ငံတော်မှ စုစုပေါင်း ငွေကျပ် ၁၅.၂ ကုဋေခန့် ရင်းနှီးမြှုပ်နှံခဲ့သည်။ သစ်တောပြုစုထိန်းသိမ်းမှုနှင့် ထုတ်လုပ်မှုအခြေအနေများကို စီစစ်သုံးသပ်ကြည့်မည်ဆိုပါက နှစ်စဉ်သစ်တောထိန်းသိမ်းမှုအခြေအနေမှာ သစ်တောထွက်ပစ္စည်း ထုတ်လုပ်မှုနှင့်နှိုင်းစာလျှင် များစွာလျော့နည်းလျက်ရှိသည်။ ဤကာလအတွင်း အခွန်ရငွေမှာ ၁၂ နှစ် ပျမ်းမျှ တစ်နှစ်လျှင်ကျပ် ၄၈ သန်းဖြစ်ပြီး အသုံးငွေမှာ ငွေလုံးငွေရင်းနှင့်သာမန်နှစ်ရပ်ပေါင်း ပျမ်းမျှ တစ်နှစ်လျှင် ကျပ် ၁၃.၇၀ သန်းဖြစ်သည်။

၃၉၉။ **၁၉၆၂–၆၃ ခုနှစ်မှ ၁၉၇၃–၇၄ ခုနှစ်အတွင်း ကျွန်း၊ သစ်မာနှင့် သစ်တောထွက်ပစ္စည်းများ ထုတ်လုပ်မှု**[၁၀၂]။ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) **ကျွန်း၊ သစ်မာနှင့်အခြားသစ်များထုတ်လုပ်မှု**

စဉ်	လုပ်ငန်း	ရေတွက်ပုံ	ပမာဏ
၁	၂	၃	၄
၁။	ကျွန်း	ကုဗတန်	၃,၃၉၃,၆၉၄
၂။	ပျဉ်းကတိုး	– ။ –	၁,၄၁၉,၅၅၄
၃။	ပိတောက်	– ။ –	၉၀,၂၆၉
၄။	ပျဉ်းမ	– ။ –	၆၁,၂၈၂
၅။	အင်/ကညင်	– ။ –	၃,၂၃၁,၉၈၂
၆။	သစ်ယာ/အင်ကြင်း	– ။ –	၃၆၅,၀၈၂
၇။	မီးခြစ်ဆံသစ်	– ။ –	၂၂၅,၁၈၃
၈။	အခြား	– ။ –	၂,၁၆၄,၄၀၀

[၁၀၂] ဒေါက်တာညီညီ၏ မြန်မာနိုင်ငံအမျိုးသားမော်ကွန်းမှ ကောက်နှုတ်ချက်

(ခ) **အခြားသစ်တောထွက်ပစ္စည်းထုတ်လုပ်မှု**

စဉ်	လုပ်ငန်း	ရေတွက်ပုံ	ပမာဏ
၁	၂	၃	၄
၁။	ဝါးလုံးရေ	ထောင်ပေါင်း	၁,၁၂၉,၆၆၅
၂။	ကြိမ်လုံးရေ	– ။ –	၄၁၅,၃၅၉
၃။	ထင်း	ကုဗတန်	၆,၃၇၇,၅၇၀
၄။	မီးသွေး	– ။ –	၃,၈၆၈,၃၇၉
၅။	ရွာစေး	ပိဿာ	၁,၀၂၉,၁၉၇
၆။	သစ်စေး	– ။ –	၇၂၄,၇၅၅
၇။	ချိုပ်	– ။ –	၁၅၆,၆၆၆
၈။	သနပ်ခါး	– ။ –	၁,၆၃၈,၄၃၃
၉။	ကရမက်	– ။ –	၃၆၅,၇၉၃
၁၀။	လျှော်	– ။ –	၈၄၂,၈၀၂

သစ်မာလုပ်ငန်းများစတင်ဆောင်ရွက်ခြင်း[၁၀၃]

၄၀၀။ သစ်မာလုပ်ငန်းကို စတင်လုပ် ဆောင် ချိန်တွင် မြန်မာနိုင်ငံရှိ သစ်မာလုပ်ငန်း ဒေသအသီးသီးကို အထက်မြန်မာပြည်နှင့် အောက်မြန်မာပြည် ဟူ၍ နှစ်ပိုင်းခွဲခြားပြီး တစ်ပိုင်းလျှင် ဒုတိယ ဒါရိုက်တာ(သစ်မာ) တစ်ဦးနှင့် မန်နေဂျာ(သစ်မာ) တစ်ဦးစီ ခန့်ထား၍ လုပ်ငန်းဆောင်ရွက်ခဲ့သည်။ ၁၉၆၄ ခုနှစ်တွင် လုပ်ငန်းများ ပိုမိုစနစ်ကျရေးအတွက် သစ်မာဒေသအမှတ်များ သတ်မှတ်၍ အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းခဲ့ပြန်သည်–

(က) သစ်မာဒေသ (၁) သည် မုံရွာသို့အခြေစိုက်သောချင်းတွင်းသစ်မာဒေသ။

(ခ) သစ်မာဒေသ (၂) သည် မန္တလေးကိုအခြေပြုသော ယခင်ဧရာဝတီသစ်မာဒေသ။

(ဂ) သစ်မာဒေသ (၃) သည် မကွေးမြို့ကိုအခြေစိုက်သော မကွေးတိုင်း၊ မြင်းခြံ ခရိုင်၊ မိတ္ထီလာခရိုင်နှင့် ပျဉ်းမနားဒေသ။

(ဃ) သစ်မာဒေသ (၄) သည် ရန်ကုန်တွင်အခြေစိုက်လျက် ယခု ဧရာဝတီတိုင်း၊ ပြည်ဒေသ နှင့်ရခိုင်ပြည်နယ်ဒေသ။

(င) သစ်မာဒေသ (၅) သည် တောင်ငူမြို့တွင် အခြေစိုက်လျက် ပဲခူးဒေသ၊ တောင်ငူဒေသ နှင့်ရှမ်းပြည်နယ်တောင်ပိုင်းဒေသ။

(စ) သစ်မာဒေသ (၆) သည် မော်လမြိုင်မြို့တွင် အခြေစိုက်လျက် ယခု မွန်ပြည်နယ်ဒေသ၊ တနင်္သာရီတိုင်းဒေသနှင့် ကရင်ပြည်နယ်၊ ဘားအံဒေသ။

(ဆ) သစ်မာဒေသ (၇) သည် ရန်ကုန်တိုင်းအဌားစက်များဌာနကို အသီးသီးပြင်ဆင်ဖွဲ့စည်း ခြင်းဖြစ်သည်။

---

[၁၀၃] မြန်မာ့သစ်လုပ်ငန်း၊ ရွှေရတု မဂ္ဂဇင်း၊ ၁၉၈ စာ – ၁၊ ၂၊ ၇

၁၉၆၃–၆၄ ခုနှစ်မှ ၁၉၆၇–၆၈ ခုနှစ်အထိ ၅ နှစ်ကာလ သစ်မာထုတ်လုပ်မှု အခြေအနေ

၄၀၁။ သစ်မာထုတ်လုပ်ရေး လုပ်ငန်းကို ကျွန်းသစ်ထုတ်လုပ်ရေး လုပ်ငန်းနှင့် ပူးတွဲဆောင်ရွက်ခဲ့ရသော သစ်ထုတ်ရေးဌာန၏ သစ်မာထုတ်လုပ်ရေး ပထမ ၅ နှစ် လုပ်ငန်းစာရင်းကို အောက်တွင် ဖော်ပြထားသည်။ သစ်မာ ထုတ်လုပ်ရေးစနစ်သည် ကျွန်းသစ်ထုတ်လုပ်ရေး စနစ်အတိုင်းပင်ဖြစ်သည်။ သစ်ခုတ်လှဲပိုင်းဖြတ် ခြင်း၊ ဆင်ဖြင့်ငုတ်ထုတ်၍ ထုတ်သစ်ပြုလုပ်ခြင်း၊ ကားတိုက်၍ထွက်သစ်ပြုလုပ်ခြင်း၊ သစ်စက်များသို့ ရောက်သစ် ထုတ်လုပ်ပေးခြင်းများတို့ဖြစ်ရာ ကျွန်းသစ်ကဲ့သို့ပင်ဖြစ်သော်လည်း ချောင်းမျှောအစား သစ်မာသစ်လုံးများ ရေမပေါ်၍ ကားတိုက်လုပ်ငန်းဖြင့် ဆောင်ရွက်ခြင်းသာ ထူးခြားလာသည်။

၁၉၆၃–၆၄ ခုနှစ်မှ ၁၉၆၇–၆၈ ခုနှစ်အထိ သစ်မာထုတ်လုပ်မှုအခြေအနေပြဇယား

သစ်ထုတ်နှစ်	သစ်ခုတ်ခြင်း			ထုတ်/ထွက်သစ်		ရောက်သစ်
	ခုတ်လှဲပင်ရေ	လုံး	တန်	လုံး	တန်	တန်
၁	၂	၃	၄	၅	၆	၇
၁၉၆၃–၆၄	၃၇၂,၇၉၈	၈၁၅,၁၈၇	၇၁၃,၆၅၄	၅၁၄,၆၃၁	၄၅၂,၄၃၂	၄၅၈,၂၄၂
၁၉၆၄–၆၅	၄၁၇,၅၀၉	၈၃၇,၈၂၉	၇၀၀,၃၁၂	၇၃၅,၆၄၉	၆၀၉,၄၈၂	၅၈၈,၈၆၄
၁၉၆၅–၆၆	၃၉၉,၁၁၄	၈၁၈,၅၇၃	၆၄၅,၀၅၄	၇၆၀,၉၄၇	၆၁၅,၃၅၄	၆၀၂,၆၂၄
၁၉၆၆–၆၇	၃၆၆,၂၉၁	၇၅၃,၆၇၄	၅၇၈,၂၅၁	၇၇၈,၈၂၁	၆၁၇,၉၅၇	၆၃၇,၃၅၅
၁၉၆၇–၆၈	၂၉၆,၅၁၂	၈၀၃,၈၉၈	၆၆၉,၃၁၅	၇၅၆,၄၃၅	၆၂၂,၆၁၈	၆၁၄,၃၄၉

မှတ်ချက်။ ရောက်သစ်သည် ရန်ကုန်သို့သစ်ဖောင်/မီးရထားဖြင့် ရောက်ရှိခြင်းကိုလည်းကောင်း၊ နယ်ရှိသစ်မာသစ်ခွဲစက်များသို့ တိုက်ရိုက်ရောက်ရှိခြင်းကိုလည်းကောင်း၊ ဖော်ပြခြင်းဖြစ်သည်။

၄၀၂။ သစ်မာသစ်ထုတ်လုပ်ရေးလုပ်ငန်းကို ပြည်သူပိုင်ပထမနှစ်မှာပင် သစ်ထုတ်ရေးဌာနအနေဖြင့် သစ်မာတန် ၄.၅ သိန်းခန့်ကို ချက်ချင်းထုတ်လုပ်ပေးနိုင်မှုမှာ လွန်စွာမှပင် အံ့အားသင့်ဖွယ်ဖြစ်လေသည်။ သစ်ထုတ်ရေးဌာနအနေဖြင့် ဤကဲ့သို့ချက်ချင်းဆောင်ရွက်နိုင်မည်ဟု သစ်တောဌာနအနေဖြင့်သော်လည်းကောင်း၊ မိခင်အဖွဲ့အစည်းအနေဖြင့်သော်လည်းကောင်း မထင်မှတ်ခဲ့ကြချေ။ အဘယ်ကြောင့်ဆိုသော် မြန်မာနိုင်ငံသစ်လုပ်ငန်းအဖွဲ့ သစ်ထုတ်ရေးဌာနအနေဖြင့် ထိုအချိန်က ကျွန်းသစ် ၃.၅ သိန်းကိုသာ ထုတ်လုပ်နိုင်သည့် သစ်ထုတ်အင်အားနှင့် အုပ်ချုပ်မှုအင်အားသာ ရှိသေးသည်။ ဤနေရာတွင် ကျွမ်းကျင်မှု၊ စိတ်ဓာတ်နှင့် မူဝါဒတို့က အခရာဖြစ်သည်။ သစ်ထုတ်ရေးခရိုင်နှင့်နယ်များကို တာဝန်ယူကိုင်တွယ်သည့် အရာထမ်းများ အနေဖြင့် မူဝါဒကိုယုံကြည်ခြင်း၊ လုပ်ငန်းကိုအောင်မြင်စွာ ကိုင်တွယ်နိုင်မည်ဟု ယုံကြည်သည့် စိတ်ဓာတ်ဖြင့် ပုဂ္ဂလိကသစ်မာလုပ်ငန်းတွင် မူလကပင်ရှိနေသော သစ်ထုတ်အင်အားစု စွမ်းအားစုများကို ကျွမ်းကျင်လိမ္မာစွာ စည်းရုံးနိုင်ခဲ့သည်။

၄၀၃။ သာမန်အားဖြင့် ကျွန်း ၃.၅ သိန်းတန်ကိုသာ ထုတ်လုပ်နိုင်စွမ်းရှိသော သစ်ထုတ်ရေးဌာနအနေဖြင့် သစ်မာတန် ၄.၅ သိန်းကို တစ်မုဟုတ်ချင်း ထုတ်ပေးနိုင်ရန် မှာ များစွာခက်ခဲမှုရှိမည်ဖြစ်ပါသည်။

ထိုစဉ်က မူဝါဒကိုင်တွယ်သူအားလုံးနှင့် လက်တွေ့အကောင်အထည်ဖော်သူ သစ်ထုတ်ရေး တာဝန်ခံအရာရှိများ၏ ကျွမ်းကျင်မှုတို့ကြောင့်သာ အောင်မြင်ခဲ့ခြင်း ဖြစ်လေသည်။ ၁၉၅၃ ခုနှစ်မှ စတင်၍ ရန်ကုန်တက္ကသိုလ် သစ်တောသိပ္ပံမှ မွေးထုတ်ပေးလိုက်သော စစ်ပြီးခေတ် လူငယ်မျိုးဆက်သစ် အရာရှိများသည် ဤတစ်ကြိမ်မှာလည်း အစွမ်းပြသွားနိုင်ကြခြင်း ဖြစ်သည်။

၄၀၄။ သစ်မာထုတ်လုပ်ရေးလုပ်ငန်းသည်လည်း မြန်မာနိုင်ငံသစ်လုပ်ငန်းအဖွဲ့မှ စတင်တာဝန်ယူသည့် ၁၉၆၃ ခုနှစ် မှစ၍ ယနေ့ထိရှင်သန်ခိုင်မာစွာဖြင့် ရပ်တည်လျက်ရှိသည်။ သစ်ထုတ်ရေးဌာနမှ သစ်တောပညာရှင်များ၏ ယုံကြည်ချက်မှာ မြန်မာ့သစ်တောကြီးများ ထာဝရရှင်သန်နိုင်ရေးအတွက် ယခုကဲ့သို့ နိုင်ငံတော်၏ အဖွဲ့အစည်းများကသာလျှင် သစ်ထုတ်လုပ်ငန်းများကို စည်းကမ်းတကျလုပ်နိုင်မည်။ အမြတ်အစွန်းအတွက်နှင့် မိမိကိုယ်ကျိုးစီးပွား အတွက်သာ လုပ်ဆောင်သည့် ပုဂ္ဂလိကများအနေနှင့် သစ်တောများ တည်တံ့ရေးကိစ္စကို ဆောင်ရွက်လိမ့်မည် မဟုတ်ပေ။ ဤသစ်တောပညာရှင်များ မျှော်လင့်ထားသည့်ဆုလာဘ်မှာ မြန်မာ့သစ်တောကြီးများ ထာဝစဉ်ရှင်သန်၍ သားစဉ်မြေးဆက် မြန်မာနိုင်ငံတော်နှင့် မြန်မာနိုင်ငံသားများကို အကျိုးပြုရေးသာဖြစ်သည်။

၄၀၅။ သစ်ထုတ်ရေးစက်ယန္တရားများနှင့် သစ်တိုက်ကားများအတွက် အရန်ပစ္စည်းများ ရှားပါးခက်ခဲမှုသည် ဤကာလတွင် အကြီးမားဆုံးပြဿနာဖြစ်သည်။ သစ်တိုက်ကားများမှာ အများအားဖြင့် ပုဂ္ဂလိကပိုင် စစ်လက်ကျန်ကားများဖြစ်ရာ ၄င်းကားများအတွက် မော်တော်ကားအရံပစ္စည်းနှင့်ကားတာယာများမှာ ကုန်သွယ်ရေးဌာနကို မှီခိုရပြီး စက်ယန္တရားများအတွက် အရန်ပစ္စည်းများမှာမူ ဌာနအနေဖြင့် နိုင်ငံခြားမှ တင်သွင်းရယူရသည်။ ကုန်ထုတ်ရည်မှန်းချက် အောင်မြင်ရေးတွင် ကုန်ထုတ်ကရိယာများ စွမ်းအားပြည့် လည်ပတ်နိုင်ဖို့လိုအပ်သည်။ ဤကာလသည်နိုင်ငံတော်စီးပွားရေးကို တစ်ဟုန်ထိုးမြှင့်တင်နိုင်ရန်အတွက် အရင်းအနှီးစုဆောင်းသည့်ကာလဖြစ်ပြီး နှစ် ၂၀ စီးပွားရေးစီမံကိန်းကို ရေးဆွဲအကောင်အထည်ဖော်ရန် ပြင်ဆင်စိုင်းပြင်းနေသော ကာလလည်းဖြစ်ခဲ့သည်။

သစ်မာထုတ်လုပ်မှု ရာနှုန်းပြည့် အောင်မြင်ရေး အတွက်သစ်တောဌာနမှ ပါဝင်ဆောင်ရွက် ခြင်း[၁၀၄]

၄၀၆။ သစ်မာလုပ်ငန်းများအား ပြည်သူပိုင်ပြုလုပ်ပြီးနောက် သစ်မာထုတ်လုပ်ရေး ရာနှုန်းပြည့် အောင်မြင်ရေးအတွက် ၁၉၆၃ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်မှ ၁၆ ရက်နေ့အထိ ရန်ကုန်မြို့၊ အလုံအစိုးရသစ်ဆိပ်ဝင်းအတွင်းကျင်းပသော သစ်တောအရာရှိများ၏ ၁၀ ကြိမ်မြောက်နှစ်ပတ်လည်ညီလာခံတွင် သစ်တောဌာန၊ မြန်မာနိုင်ငံသစ်လုပ်ငန်းအဖွဲ့နှင့် လေ့လာသောပုဂ္ဂိုလ်များပါဝင်သည့်အဖွဲ့ငယ် (၁) မှ ဆွေးနွေး သုံးသပ်၍ အစီရင်ခံစာတစ်စောင်ကို တင်ပြအကြံဉာဏ်ပေးခဲ့သည်။ မြန်မာနိုင်ငံ သစ်လုပ်ငန်းအဖွဲ့၏ သစ်မာထုတ်လုပ်ရေးစီမံကိန်း အကောင်အထည်ဖော်ရာတွင် သစ်ထုတ်ရေး လုပ်ငန်းများကို ပြည်သူပိုင်ကဏ္ဍနှင့် သမဝါယမကဏ္ဍဟူ၍ စနစ်နှစ်မျိုးဖြင့် လုပ်ကိုင်ရန်စီစဉ်ခဲ့သည်။ သစ်ကုန်သည်နှင့်

[၁၀၄] မြန်မာပြည်သစ်တောကြေးမုံ၊ ၁၉၆၃ ခုနှစ်၊ အတွဲ ၁၃၊ အမှတ် ၂၊

ကန်ထရိုက်တာများ အပါအဝင် သမဝါယမအဖွဲ့အစည်းများမှ လုပ်ကိုင်ရန် စီစဉ်ခဲ့သော်လည်း သစ်ကုန်သည်နှင့် ကန်ထရိုက်တာများ ပါဝင်ခွင့်မပြုသဖြင့် လုပ်ငန်းများနှောင့်နှေး ရပ်တန့်သွား ခဲ့သည်။ သို့ဖြစ်ရာ အခြေအနေအရပ်ရပ်ကို ပြန်လည်တင်ပြခဲ့သဖြင့် အောက်ဖော်ပြပါမူအတိုင်း စနစ်ကို ပြန်လည်ပြင်ဆင်ချမှတ် သဖြင့် သစ်မာထုတ်ယူခြင်းအောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည် –

(က) ဌာနဆိုင်ရာဖြင့် သစ်ထုတ်ရန်။

(ခ) သမဝါယမနည်းအရ သစ်ထုတ်ရန်။

(ဂ) နှစ်ဦးသဘောတူ (Negotiated Basis) အရ သစ်ထုတ်ရန်။

(ဃ) အထက်ပါ (၃) ချက်အရမလုပ်ကိုင်နိုင်သည့်ဒေသများတွင်သာ ကန်ထရိုက်စနစ်ဖြင့် သစ်ထုတ်ရန်။

၄၀၇။ သစ်ထုတ်လုပ်ရေးကို အောင်မြင်စွာဆောင်ရွက်နိုင်ရန် အဖွဲ့ငယ် (၁)၏ အစီရင်ခံစာ၌ သစ်တောဌာနမှ အောက်ပါကိစ္စရပ်များအား ပူးပေါင်းဆောင်ရွက်ရန် အကြံပြုတင်ပြခဲ့သည် –

(က) သစ်ကွက်များ လုံလောက်စွာရရှိရန် ပင်ထောင်ရိုက်မှတ်ပေးရေးကိစ္စ၊

(ခ) မီးခြစ်သစ်များအတွက် ကြိုးပြင်အပတောများမှ ပင်ထောင်ရိုက်မှတ်ပေးရေးကိစ္စ၊

(ဂ) မထုတ်မနေရသစ်မျိုးများနှင့် ထုတ်ယူလိုမှ ထုတ်ယူနိုင်သည့် သစ်မျိုးများကို သစ်လုပ်ငန်း အဖွဲ့ကထုတ်ယူ၍ ဈေးကွက်ရရှိအောင်ဆောင်ရွက်ရေးကိစ္စ၊

(ဃ) ရောင်းတန်းဝင်သစ်၏ လုံးပတ်အရွယ်အစားသတ်မှတ်ခြင်းကိစ္စ၊

(င) သစ်မာအကောက်ရိုက်ခြင်းနှင့်ပတ်သက်၍ ငုတ်ရင်းတွင် အကောက်ရိုက်မှတ်ရေးနှင့် ငုတ်ရင်းတွင် မရိုက်နိုင်သောဒေသများ၌ စုပုံအကောက်ရိုက်ရန်ကိစ္စ၊

(စ) သစ်လုပ်ငန်းအဖွဲ့မှ ထုတ်ယူသည့်သစ်များအတွက် အခွန်ကောက်ခံရေးကိစ္စနှင့် သစ်ထုတ်ခြင်း နှောင့်နှေးမှုမရှိစေရန် သယ်ယူမျှောချွင့်ကိစ္စ၊

(ဆ) သစ်ထုတ်လုပ်ကိုင်ရာတွင် စာချုပ်ပုံစံဒီ (၁)ပါ စည်းကမ်းချက်များကို လိုက်နာကျင့်သုံးရေးနှင့် အချို့စည်းကမ်းအပိုဒ်များကို လျော့ပေါ့ရေးကိစ္စ၊

(ဇ) သစ်ထုတ်ခနှုန်းထားများနှင့်ပတ်သက်၍ ခရိုင်အဆင့် အဖွဲ့ငယ်မှဆုံးဖြတ်သည့် နှုန်းထားကို လက်ခံရေးကိစ္စတို့ကို အကြံပြုခဲ့သည်။

ကျွန်းနှင့်သစ်မာများ ပြည်ပတင်ပို့ရောင်းချခြင်းနှင့်သစ်ဈေးကွက်အခြေအနေ

၄၀၈။ ကျွန်းသစ်လုံး နှင့် သစ်ခွဲသားများ ၁၉၆၂ ခုနှစ်မှ ၁၉၇၄ ခုနှစ်အထိ ပြည်ပသို့တင်ပို့ခဲ့သည့် ပမာဏမှာ အောက်ပါ အတိုင်းဖြစ်သည် –

၁၉၆၂ ခုနှစ်မှ ၁၉၇၄ ခုနှစ်အထိ ကျွန်းသစ်လုံးနှင့် သစ်ခွဲသားများပြည်ပသို့ တင်ပို့မှုပမာဏ[၁၀၅]

စဉ်	ခုနှစ်	ကျွန်းသစ်လုံး		ကျွန်းသစ်ခွဲသား	
		တန်	တန်ဖိုး (ကျပ်သန်း)	တန်	တန်ဖိုး (ကျပ်သန်း)
၁။	၁၉၆၂–၆၃	၄၇,၇၁၈	၆၄.၉၃	၉၈,၁၇၁	၉၂.၅၁
၂။	၁၉၆၃–၆၄	၄၇,၈၀၆	၅၇.၄၆	၁၀၆,၀၅၃	၉၁.၉၇
၃။	၁၉၆၄–၆၅	၅၄,၃၃၀	၇၄.၇၃	၈၅,၇၃၈	၇၂.၀၅
၄။	၁၉၆၅–၆၆	၅၅,၈၁၉	၈၈.၇၆	၇၉,၆၃၆	၇၄.၂၀
၅။	၁၉၆၆–၆၇	၂၈,၉၀၄	၆၆.၃၇	၇၁,၂၆၇	၆၁.၅၉
၆။	၁၉၆၇–၆၈	၃၉,၇၂၄	၉၃.၆၉	၇၀,၂၆၇	၆၈.၉၈
၇။	၁၉၆၈–၆၉	၄၄,၅၄၃	၈၇.၁၁	၈၅,၂၈၃	၇၂.၃၁
၈။	၁၉၆၉–၇၀	၃၁,၅၅၉	၄၈.၃၀	၈၀,၉၃၀	၆၅.၁၁
၉။	၁၉၇၀–၇၁	၄၉,၃၉၈	၇၉.၇၇	၇၅,၄၀၀	၅၇.၅၁
၁၀။	၁၉၇၁–၇၂	၄၇,၂၃၈	၈၀.၄၅	၇၂,၉၇၃	၆၃.၃၇
၁၁။	၁၉၇၂–၇၃	၅၅,၄၂၅	၁၂၈.၇၅	၆၃,၅၂၁	၆၃.၇၁
၁၂။	၁၉၇၃–၇၄	၃၀,၁၀၀	၇၆.၆၉	၃၆,၅၀၁	၃၉.၆၇

မှတ်ချက်။ သင်္ဘောပေါ်အရောက် တန်ဖိုးများ ဖြစ်သည်။ ၁၉၆၂ ခုနှစ်မှ ၁၉၇၄ ခုနှစ်အထိ ကာလအတွင်း ၁၉၆၅–၆၆ ခုနှစ်တွင် ကျွန်းသစ်လုံးကို ၅၅,၈၁၉ တန်အထိ လည်းကောင်း၊ ၁၉၆၃–၆၄ ခုနှစ်တွင် ကျွန်းသစ်ခွဲသားကို ၁၀၆,၀၅၃ တန်အထိ လည်းကောင်း အများဆုံး တင်ပို့နိုင်ခဲ့သည်။

၄၀၉။ နှစ်ပေါင်း ၂၀ ကျော်အတွင်း ကျွန်းသစ်လုံးအနေနှင့် ၁၀ ဆကျော်၊ ကျွန်းခွဲသားအနေနှင့် ၇ ဆကျော် စွေးတက်ခဲ့သည်ကို အောက်ပါအတိုင်း တွေ့ရှိရသည်–

		၁၉၃၆–၄၁	၁၉၆၂–၆၃
(က)	ကျွန်းသစ်လုံးတစ်တန် (ကျပ်)	၁၂၀	၁,၃၆၁
(ခ)	ကျွန်းသစ်ခွဲသားတစ်တန် (ကျပ်)	၁၁၁	၇၈၂

၄၁၀။ စွေးနှုန်းများ၏ အခြေခံငွေကြေးမှာ ၁၉၆၇ ခုနှစ်မှ ၁၉၇၁ ခုနှစ်အထိ အင်္ဂလန်နိုင်ငံသုံးငွေ ပေါင်စတာလင်ဖြင့်လည်းကောင်း၊ ၁၉၇၃ ခုနှစ်မှ ၁၉၈၃ ခုနှစ်အထိ ဂျာမနီနိုင်ငံသုံးငွေ ဒိုက်မတ်ဖြင့် လည်းကောင်း၊ ကျန်နှစ်များအတွက် အမေရိကန်ဒေါ်လာဖြင့်လည်းကောင်း သတ်မှတ်ရောင်းချခဲ့သည်။[၁၀၆]

---

[၁၀၅] မြန်မာ့သစ်လုပ်ငန်း၊ ပြည်ပရောင်းဝယ်ရေးနှင့် သစ်စက်ဌာန

[၁၀၆] မြန်မာ့သစ်လုပ်ငန်း၊ ရွှေရတု မဂ္ဂဇင်း ၁၉၈ စာ – ၂၇၈

၄၁၁။ ၁၉၆၂ ခုနှစ် မတိုင်မီက စျေးကွက်များဖြစ်သော ကမ္ဘာ့အနောက်ပိုင်း၊ အလယ်ပိုင်းနှင့်အရှေ့ပိုင်း စျေးကွက်များသို့ ဆက်လက်ရောင်းချဖြန့်ဖြူးခဲ့သည်။ ကျွန်းသစ် နှစ်စဉ်အများဆုံး ဝယ်ယူခဲ့သည့် နိုင်ငံ ၁၈ နိုင်ငံမှာ(ဒိန်းမတ်၊ အနောက်ဂျာမဏီ၊ ဗြိတိန်၊ အီတလီ၊ ဆွီဒင်၊ ဟောင်ကောင်၊ ဟော်လန်၊ အိန္ဒိယ၊ ပါကစ္စတန်၊ စင်္ကာပူ၊ ဘယ်ဂျီယန်၊ နော်ဝေ၊ သီဟိုဠ်၊ ကူဝိတ်၊ ဂျပန်၊ ပြင်သစ်၊ အမေရိကန်ပြည်ထောင်စုနှင့် မလေးရှား) တို့ဖြစ်သည်။ ၁၉၆၂ ခုနှစ်မှ ၁၉၇၄ ခုနှစ်ကာလအတွင်း အလားတူဖြန့်ဖြူးခဲ့သည်။ Burma Teak is Genuine Teak, Teak is the Crown Jewel of natural forests, Burma, the last frontier of natural teak ဟူသော အသိတရားများဖြင့် ကမ္ဘာ့စျေးကွက်မှ ဝယ်သူများသည် မြန်မာ့သဘာဝ ကျွန်းသစ်များကို ဝယ်ယူရန်ိုင်သရွေ့ **တစ်နှစ်ထက်တစ်နှစ်** အဆတိုးစျေးကြီးပေး ဝယ်ယူခဲ့ကြလေသည်။ ဤသည်ကား ရောင်းသူစျေးကွက် ဖြစ်နေပြီဟု တစ်နည်းအားဖြင့် ဝမ်းမြောက်ဖွယ်ရာ ဖြစ်ပေမည်။ တစ်ဖက်မှလည်း ဝယ်သူတို့သည် ကုန်ကြမ်းသစ်လုံးများကို တန်ဖိုးနှင့်တန်ပမာဏတို့၌ ဝယ်ယူသွားနိုင်ခြင်းမှာ ၄င်းတို့ နိုင်ငံများတွင် ကုန်ချောများထုတ်လုပ်ပြီး ကုန်ကြမ်းဝယ်ရခြင်းစရိတ်ထက် ပိုမိုမြင့်မားသော ရောင်းစျေးဖြင့် အမြတ်ထွက်အောင် ပြန်လည်ရောင်းချနိုင်ခြင်းကြောင့်သာ ဤသို့ဝယ်နိုင်ခြင်း ဖြစ်သည်ကို သတိပြုရန် အထူးလိုအပ်ပေသည်။ အကယ်၍ရောင်းသူဖြစ်သော မိမိတို့ကသာ ၄င်းတို့အလားတူ လုပ်ဆောင်နိုင် ပါလျှင် ကုန်ကြမ်းသစ်လုံးရောင်း၍ရသည့် နိုင်ငံခြားဝင်ငွေထက် သာလွန်သော ငွေပမာဏကို တိုင်းပြည် အတွက် ရှာဖွေပေးနိုင်မည်သာဖြစ်ပေသည်။

ကျွန်းသစ်လုံးအတန်းအစားခွဲခြားခြင်းစည်းမျဉ်းများ

၄၁၂။ ရတနာတန်းဝင် မြန်မာ့ကျွန်းရွေဝါသည် ကမ္ဘာကျော်အောင် အာနိသင်ကောင်းများရှိလေသည်။ သို့သော် သဘာဝသစ်ပင်မှခုတ်လှဲလာသော သစ်လုံးဖြစ်သည့်အလျောက် သဘာဝအပြစ်အနာအဆာများ ပါရှိတတ်သည်။ ထို့အပြင် ပေါက်ရောက်ရာ ဒေသများ ဆက်နွယ်ပုံကလည်း အထင်အရှားတွေ့မြင်ရသည်။ သစ်တစ်ပင်လုံးအသုံးချရေးအတွက် အပိုင်းသုံးပိုင်းကိုရှုမြင်စိစစ်ရလျှင် အပြစ်အနာအဆာကင်းသည့် ပင်စည်၏ ပထမပိုင်း၊ သစ်ပါးလွှာ၍မရနိုင်သည့် ပင်စည်၏ဒုတိယပိုင်းနှင့် ကိုင်းဖျားကိုင်းနားများဟူ၍ တွေ့မြင်နိုင် ပေမည်။ ဤသုံးပိုင်းမှာပင် သစ်ပါးလွှာရာတွင် အနှောင့်အယှက်ဖြစ်စေသော သဘာဝအရ ပါဝင်လာသော အပြစ်ကြီး ၁၂ မျိုးနှင့် အပြစ်ငယ် ၁၂ မျိုးတို့ပါရှိလေသည်။ ထို့ကြောင့် သစ်ကို အလုံးလိုက် ရောင်းရန် အတန်းအစားခွဲရာတွင် အရည်အသွေးကောင်းမွန်မှု၊ ကုန်ချောထွက်ရှိနိုင်မှုနှင့် အမြင့်ဆုံးတန်ဖိုးရရှိနိုင်မှု (Quality, Recovery and Maximum Value) ကို အလေးထား ဆောင်ရွက်ရသည်။ မြန်မာပြည်တွင် သစ်ပါးလွှာအတွက် အလုံးလိုက်ရောင်းရန် လုပ်ငန်းမပေါ်မီက အောက်ပါအတိုင်း သစ်အတန်းအစား ခွဲနည်းများ ထုတ်ပြန်ထားပြီး ဖြစ်သည်–

(က) Mr. M.Gallant (သစ်တောဘောဂဗေဒဝန်) သည် ဖြတ်ပိုင်းပေးခြင်း အကြောင်းအရာ နှင့် ကျွန်းသစ်များကို တောတွင်ပယ်ချနိုင်သောစည်းကမ်းချက်များ (Logging Rules and Standard for Jungle Rejection of Teak Logs) အားပြုစုခဲ့သည်။ သစ်တောဌာန

လက်အောက်အမှုထမ်းများနှင့် သစ်ကုန်သည်ကြီးများ၏ လက်အောက်အမှုထမ်းများ လိုက်နာကျင့်သုံးရန် ထုတ်ဝေခြင်းဖြစ်သည်။

(ခ) ၁၉၃၉ ခုနှစ်တွင် Mr. M.Gallant သည် Classification of Teak Logs (Gallant Rule) ကို ကိုလိုနီခေတ်အစိုးရသစ်ဆိပ်နှင့် အေဂျင်စီရုံးများတွင် လေ့လံတင်ရောင်းချမည့် သစ်လုံးများကို အတန်းအစားခွဲခြားခြင်းနှင့်ဆိုင်သော အချက်အလက်များကိုအခြေခံပြုစုသည်။

(ဂ) သစ်တောဦးစီးဌာနသည် Grading Rules for Teak Logs အား ကျွန်းသစ်များကို တောတွင် ပယ်ချနိုင်သောစည်းမျဉ်းများ အပေါ်မူတည်၍ သစ်တောဦးစီးဌာန၊ သစ်တောဘောဂဗေဒဝန်မှ စူးစမ်းလေ့လာချက်များနှင့် ပေါင်းစပ် ၍ FAO မှ ချမှတ်ထားသောမူများနှင့်ကိုက်ညီစေရန် ကြိုးပမ်းခဲ့သည်။ ထိုစည်းမျဉ်းသည် သစ်ပါးလွှာ အတန်းအစား၀င် သစ်လုံးများနှင့်သက်ဆိုင်မှုမရှိကြောင်း ဖော်ပြ ထားသည်။

မှတ်ချက်။အထက်ပါ ကျွန်းသစ်လုံးအတန်းအစားခွဲခြားခြင်း စည်းမျဉ်း ၃ ခုစလုံးသည် အတန်းအစားခွဲရာတွင် သစ်လုံးတွင်ပါရှိလာသော အပြစ်အနာအဆာကို တန်ဖိုးတွက်ပြီး သစ်လုံး၏ကုဗပေမှ နှုတ်ယူသည့်နည်း ဖြစ်သည်။

၄၁၃။ မြန်မာနိုင်ငံသစ်လုပ်ငန်းအဖွဲ့ ရောင်း၀ယ်ရေးနှင့်သစ်စက်ဌာနမှ ကျင့်သုံးသော Grading Rules for Teak Veneer Logs သည် အောက်ပါအချက်များကို အခြေခံပြုစုထားသော စည်းမျဉ်းများဖြစ်သည်–

(က) ပြည်ပသို့ သစ်ပါးလွှာအတန်းအစားနှင့် စက်ခွဲအတန်းအစား ၂ မျိုးစလုံး တင်ပို့ရန် ရည်ရွယ်သည်။

(ခ) အတန်းအစားသတ်မှတ်ချက်များမှာ သစ်ပါးလွှာ ၅ မျိုး၊ စက်ခွဲ ၆ မျိုးပါရှိသည်။

(ဂ) ထိပ်နှစ်ဖက်ညီအောင် လွှဖြင့် ဖြတ်တောက်ရောင်းရန်နှင့် မဖြတ်ဘဲရောင်းရန် နှစ်မျိုးစလုံး ဖော်ပြပါရှိသည်။

(ဃ) အတန်းအစားအလိုက် ခွင့်ပြုနိုင်သည့် အပြစ်ပမာဏကို ဖော်ပြထားရာ ကုဗပေအလိုက် နှုတ်ရန် မလိုပေ။

၄၁၄။ နေ့စဉ် သစ်လုံးရောင်းသစ်ဆိပ်များတွင် သစ်လုံးများကိုပိုင်းဖြတ်ရန် ဖြတ်ပိုင်းပေးခြင်းနှင့် အတန်းအစားခွဲခြင်းကို လက်ထောက်မန်နေဂျာအဆင့်ရှိသည့် အရာထမ်းတစ်ဦးက ကိုယ်တိုင်ဆောင်ရွက်ရသည်။ ၀ယ်ယူခွင့်ရထားသည့် နိုင်ငံခြားအ၀ယ်တော် သို့မဟုတ် ၄င်း၏ မြန်မာကိုယ်စားလှယ်နှင့် အတန်းအစားခွဲအရာရှိသည် တစ်လုံးချင်း အတန်းအစားခွဲခြားထားမှုကို စစ်ဆေးပြီး ရောင်းသူမှ၀ယ်သူထံ လွှဲအပ်ခြင်းပြုရသည်။ အတန်းအစားခွဲခြားမှု ဒွိဟဖြစ်နိုင်ပြီး အငြင်းပွားစရာ ပေါ်ပေါက်လာခဲ့ပါက အတန်းအစားခွဲအရာရှိထက် အဆင့်မြင့်သည့် မန်နေဂျာကိုယ်တိုင်က ကွင်းဆင်း ပြန်လည်စိစစ်ပြီး အတည်ပြုအဆုံးအဖြတ်

ပေးရသည်။ ၁၉၆၆–၆၇ ခုနှစ် နောက်ပိုင်းကာလများတွင် ဖော်ပြပါစနစ်အား တင်ဒါစနစ်ဖြင့် စတင် အစားထိုးလာခဲ့သည်။

သစ်စက်နှင့်သစ်အခြေခံစက်များတည်ထောင်ခြင်း

၄၁၅။ **အထပ်သားစက်၊ သစ်စက်နှင့် ပရိဘောဂစက်များ။** ၁၉၆၆ ခုနှစ်တွင် ရေတာရှည်မြို့နယ် အတွင်း စီမံကိန်းနှင့် အကျုံးဝင်သောလုပ်ငန်းအဖြစ် အမှတ် (၃) အထပ်သားစက်ရုံကို ဆွာမြို့တွင် တည် ထောင်ခဲ့သည်။ ၁၉၇၀ ခုနှစ်တွင် ရန်ကုန်တိုင်း၊ ဒလမြို့နယ်၊ အုံကြီးအရှေ့ရပ်ကွက် ရန်ကုန်မြစ်ကမ်း တွင် တည်ရှိသည့် အမှတ် ၁၄ သစ်စက်အား စတင်ဖွင့်လှစ်ခဲ့ပြီး ၄င်းမှာ ဒုတိယကမ္ဘာစစ်မတိုင်မီ ၁၉၆၂–၆၃ ခုနှစ်တွင် ဘုံဘောဘားမားကုမ္ပဏီ ပိုင် ၅၅.၉၂၂ ဧက ကျယ်ဝန်းသည့် မြေနေရာတွင် စတင်တည်ဆောက် ခဲ့ခြင်းဖြစ်သည်။

၄၁၆။ မြန်မာနိုင်ငံသစ်လုပ်ငန်းအဖွဲ့တွင် ကျွန်းစက် ၉ စက်၊ သစ်မာစက် ၈၇ စက်၊ အထပ်သားစက် ၄ စက်နှင့် ပရိဘောဂစက်ရုံ ၅ ရုံ ရှိသည်။ ထိုစက်ရုံများ ပုံမှန်လည်ပတ်နိုင်ရန်အတွက် အင်ဂျင်နီယာ များနှင့် အင်ဂျင်နီယာပညာသည်များ တွဲဖက်ထားရသည်။ စက်ရုံအများစုသည် သက်တမ်း ကြာမြင့်ခဲ့၍ ပြင်ဆင် ဖြည့်ဆည်းရမှုများပြားလှပေသည်။ ပြည်တွင်းတွင် ပြုလုပ်တီထွင် ဆောင်ရွက်၍ ရသည်များကို ပြုလုပ် တီထွင် ကြရသည်။ ထိုသို့ဖန်တီးပြုလုပ်နိုင်ရန်မှာ ခေတ်မီသောစက်ပစ္စည်းများ လိုအပ်လာပြန်သည်။ တစ်ဖက်တွင် သစ်ထုတ်ယန္တရားများ စုဆောင်း၍ သစ်ထုတ်အင်အားကို တိုးမြှင့်လျက် သစ်လုံးများ ပိုမိုထုတ်လာသည်နှင့်အမျှ တစ်ဖက်တွင်လည်း ခွဲစိတ်အင်အား၊ သစ်အချောထည် ထုတ်လုပ်သည့် အင်အားကို ပုံမှန် ထိန်းသိမ်းထားခြင်း၊ တိုးမြှင့်ထုတ်လုပ်ခြင်းများကို စီမံဆောင်ရွက်ခဲ့ရသည်။ သစ်အချောထည်လုပ်ငန်း များထူထောင်မှုများမှသာလျှင် တန်ဖိုးမြင့် ပစ္စည်းများ ထုတ်လုပ်နိုင်ပေမည်။ အတတ်ပညာများ ရရှိနိုင်ပေမည်။ အလုပ်အကိုင်တိုးပွား၍ ပြည်သူအပေါင်း အလုပ်အကိုင် ရရှိနိုင်ပေမည်။

၄၁၇။ **အင်္ဂါသစ်စက်များဌာနရမ်းခွဲစိတ်ခြင်း။** သစ်မာလုပ်ငန်းများ စတင်ဆောင်ရွက်သော ၁၉၆၃–၆၄ ခုနှစ်တွင် ရောင်းဝယ်ရေးနှင့်သစ်စက် ဌာနသည် သစ်စက်ပေါင်း ၇၁ စက်ဌာနရမ်းပြီး ခွဲစိတ်အင်အားမှာ ၁၀၁,၀၀၀ တန် ဖြစ်သည်။ သစ်စက်များ ပြည်သူပိုင်မပြုလုပ်မီ ၁၉၆၈–၆၉ ခုနှစ်တွင် ၂၉၉ စက်အထိ တိုးချဲ့ဌာနရမ်းခဲ့ပြီး ခွဲစိတ်အင်အားမှာ ၄၆၄,၀၀၀ တန်အထိတိုးတက်ခွဲစိတ်ခဲ့သည်။ သစ်စက်အချို့ ပြည်သူပိုင်ပြုလုပ်ပြီးနောက်ပိုင်းတွင်မူ ပြည်သူပိုင်သစ်စက်များနှင့် အဖွဲ့မဆောက်လုပ်ခဲ့သော သစ်မာစက်များရှိပြီဖြစ်သဖြင့် အင်္ဂါသစ်စက်ဌာနရမ်း ခွဲစိတ်မှုကို တစ်စတစ်စ လျော့ချခဲ့ရာ ၁၉၇၃–၇၄ ခုနှစ်တွင် သစ်မာသစ်စက် ၁၇၃ စက်သာဌာနရမ်းပြီး ခွဲစိတ် အင်အား တန် ၂၁၇,၀၀၀ သာရှိခဲ့သည်။

၄၁၈။ **သစ်ဆိုင်နှင့်သစ်စက်များ ပြည်သူပိုင်ပြုလုပ်ခြင်း။** တော်လှန်ရေးကောင်စီ အစိုးရသည် ၁၉၆၄ ခုနှစ်၊ မတ်လ ၁၈ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာ အမှတ် (၃၉) ဖြင့် မဟာရန်ကုန် နယ်နိမိတ်အတွင်းရှိ စီးပွားရေးလုပ်ငန်းများကို ပြည်သူပိုင်ပြုလုပ်ခဲ့ရာ နိုင်ငံတော်သစ် လုပ်ငန်းအဖွဲ့ ဒုတိယ ဥက္ကဋ္ဌအား ပြည်သူပိုင်ပြုလုပ်ရေး ကော်မတီတွင် အဖွဲဝင်အဖြစ် တိုးချဲ့ပါဝင်စေလျက် ရန်ကုန်ရှိ သစ်ဆိုင် ၄၅ဖ ဆိုင်ကို ၁၉၆၄ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့တွင်လည်းကောင်း၊ ကျန်ပြည်နယ်/တိုင်း အသီးသီးရှိ သစ်ဆိုင် ၁,၁၉၈ ဆိုင်ကို ၁၉၆၄ ခုနှစ်၊ ဧပြီလ ၉ ရက်နေ့တွင် လည်းကောင်း ပြည်သူပိုင်ပြုလုပ်ခဲ့သည်။ တစ်နိုင်ငံလုံး ပြည်သူပိုင် ပြုလုပ်ခဲ့သော သစ်ဆိုင်အရေအတွက် မှာ အောက်ပါ ဇယားအတိုင်း စုစုပေါင်း ၁,၆၅၄ ဆိုင်ဖြစ်သည်–

စဉ်	ပြည်နယ်/တိုင်း	သစ်ဆိုင်(ဦးရေ)	စဉ်	ပြည်နယ်/တိုင်း	သစ်ဆိုင်(ဦးရေ)
၁။	ကချင်	၅၃	၈။	မကွေး	၁၁၀
၂။	ကယား	၈	၉။	မန္တလေး	၁၅၀
၃။	ကရင်	၁၆	၁၀။	မွန်	၈၂
၄။	ချင်း	၅	၁၁။	ရခိုင်	၇၄
၅။	စစ်ကိုင်း	၉၉	၁၂။	ရန်ကုန်	၄၅၆
၆။	တနင်္သာရီ	၅၅	၁၃။	ရှမ်း	၄၄
၇။	ပဲခူး	၁၉၆	၁၄။	ဧရာဝတီ	၃၀၆

၄၁၉။ လယ်ယာနှင့်သစ်တောဝန်ကြီးဌာနသည် ၁၉၆၅ ခုနှစ်၊ ဆိုရှယ်လစ်စီးပွားရေး တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့်များကို အပ်နှင်းသည့်ဥပဒေဖြင့် အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို သုံးစွဲလျက် ၁၉၆၈ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့မှ အစပြု၍ ပြည်နယ်/တိုင်း ၉ ခုမှ ပုဂ္ဂလိကပိုင်သစ်စက် ၅၃ စက်ကို အောက်ပါအတိုင်း ပြည်သူပိုင် ပြုလုပ်ခဲ့သည်–

အမိန့်ကြော်ငြာစာအမှတ်		ပြည်သူပိုင်ပြုလုပ်ခဲ့သည့်သစ်စက်ပေါင်း
၁၀၁/၆၈	–	၆ စက်
၁၀၃/၆၈	–	၄၃ စက်
၁၀၄/၆၉	–	၃ စက်
စက်မှုဝန်ကြီးဌာနမှ သိမ်းယူပြီး လွှဲပေး	–	၁ စက်
ပေါင်း	**–**	**၅၃ စက်**

၄၂၀။ ပြည်နယ်/တိုင်းအလိုက် ပြည်သူပိုင်သိမ်းယူခဲ့သော သစ်မာသစ်စက်အခြေအနေမှာ အောက်ပါအတိုင်း ဖြစ်သည်–

စဉ်	ပြည်နယ်/တိုင်း	သစ်စက်(ဦးရေ)	စဉ်	ပြည်နယ်/တိုင်း	သစ်စက်(ဦးရေ)
၁။	စစ်ကိုင်း	၈	၅။	မန္တလေး	၂၁
၂။	တနင်္သာရီ	၁	၆။	မွန်	၆
၃။	ပဲခူး	၉	၇။	ရန်ကုန်	၅
၄။	မကွေး	၁	၈။	ရှမ်း	၁
	(စက်မှုမှသိမ်းရှိသွဲ့ပြောင်းယူ)		၉။	ဧရာဝတီ	၁

၄၂၁။ **သစ်စက်အသစ်များတည်ဆောက်ခြင်း။** ၁၉၆၃ ခုနှစ်မှ ၁၉၇၀ ခုနှစ်အတွင်း တစ်နှစ်လျှင် တန် ၁,၅၀၀ မှ ၄,၀၀၀ အထိ ခွဲစိတ်နိုင်သော သစ်စက်အချို့ကို အောက်ပါအတိုင်း တည်ဆောက်နိုင်ခဲ့ သည်–

စဉ်	ခုနှစ်	သစ်စက် အမှတ်	တစ်နှစ်ခွဲစိတ်အင်အား (သစ်လုံးတန်)	ပြည်နယ်/တိုင်း	မြို့နယ်/ဒေသ
၁	၂	၃	၄	၅	၆
၁။	၁၉၆၃	၁၁	၃,၀၀၀	ချင်း	ကလေးမြို့နယ်၊ ကျီကုန်းရွာ
၂။	၁၉၆၄	၁၅	၃,၅၀၀	မန္တလေး	မတ္တရာမြို့နယ်
၃။	၁၉၆၄	၁၆	၁,၅၀၀	ကရင်	ဖာပွန်မြို့နယ်၊ ကမမောင်းကျေးရွာ
၄။	၁၉၆၄	၁၇	၁,၅၀၀	ကရင်	မြဝတီမြို့နယ်၊ သင်္ဘန်းညီနောင်ကျေးရွာ
၅။	၁၉၆၈	၇၉	၃,၀၀၀	ကချင်	ဗန်းမော်မြို့
၆။	၁၉၇၀	၈၂	၃,၅၀၀	တနင်္သာရီ	ထားဝယ်မြို့နယ်
၇။	၁၉၇၀	၈၅	၄,၀၀၀	ရခိုင်	တောင်ကုတ်မြို့နယ်၊ ဆားပြင်ကျေးရွာ

ဘဏ္ဍာရေးနှင့်ငွေစာရင်းဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များ

၄၂၂။ ဘဏ္ဍာရေးနှင့် ငွေစာရင်းဌာန အနေဖြင့်လည်း ဆိုင်ရာစည်းကမ်းမူဘောင်များနှင့်အညီ လက်တွေ့ လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ကြိုးပမ်းလုပ်ကိုင်ခဲ့သည်။ လွတ်လပ်ရေးရပြီးသည့်အချိန်မှ ၁၉၆၃ ခုနှစ် အထိ ကျွန်းသစ်လုပ်ငန်း တစ်ခုတည်းသာရှိခဲ့သည်။ ၁၉၆၄ ခုနှစ်နှင့် ၁၉၆၇ ခုနှစ်တို့တွင် သစ်မာလုပ်ငန်း များကို ပြည်သူပိုင်သိမ်းယူခဲ့ပြီး သစ်လုပ်ငန်းများ တိုးချဲ့လာလေသည်။ ဤတွင် ပြည်သူပိုင်သိမ်း သစ်စက်နှင့် သစ်ဆိုင်များ၏ တန်ဖိုး တွက်ချက်ရခြင်း၊ ဘဏ္ဍာရေးနှစ်ချုပ်များ မှန်ကန်အောင်ဖော်ရခြင်း၊ သစ်စက်ပိုင်ရှင်များသို့ လျော်ကြေးပေးနိုင်ရန် တွက်ချက်ပေးရခြင်းတို့အပြင် တစ်နိုင်ငံလုံးရှိ သစ်မာ လုပ်ငန်းများ အဆင်ပြေ ချောမွေစွာ လည်ပတ်နိုင်ရန် ငွေကြေးစီမံမှုများကိုပါ လုပ်ကိုင်ဆောင်ရွက် ခဲ့သည်။ ထိုအချိန်မှစ၍ ဆိုရှယ်လစ်စီးပွားရေးစနစ်သို့ ပြောင်းလဲကျင့်သုံးသည့်အလျောက် နိုင်ငံတော် စီးပွားရေးအဖွဲ့အစည်း လုပ်ငန်းတစ်ခု အဖြစ်သို့ ပြောင်းလဲသတ်မှတ်ဆောင်ရွက်ခဲ့သည်။

(ခ) ကျွန်းသင်းသတ်လုပ်ငန်းနှင့် သစ်မာထုတ်လုပ်ရေးလုပ်ငန်းကြီးများမှာ သတ်မှတ်ထားတဲ့ ရည်မှန်း ချက်ပန်းတိုင်များကို ကျော်လွန်အောင် ဆောင်ရွက်နိုင်ကြသည့်အတွက် အထူး ကျေနပ်ဘွယ်ရာ ဖြစ်ကြောင်း။

(ဂ) အိန္ဒိယဇလီဖားပေးသွင်းခြင်းအတွက် တန်ဘိုးကျပ် ၇၁ သိန်းကျော်ရှိသည့် ဇလီဖားတန် ၁၄,၀၀၀ ကျော်ကို အောင်မြင်စွာပေးသွင်းနိုင်ခဲ့ကြောင်း။ ဂျပန်ပြည်သို့ အစမ်းသဘောဖြင့် တင်ပို့ရောင်းချရန် ပျဉ်းကတိုး၊ ဇလီဖားတန်ရေ ၁,၉၀၀ ခန့်ကိုလည်း အပြီးသတ် ပေးသွင်းနိုင်ခဲ့ကြောင်း။

(ဃ) အခြားသစ်တောထွက်ပစ္စည်းများ ရည်မှန်းသလောက် ကုန်သည်များမှ မထုတ်လုပ်နိုင်ခဲ့ သော်လည်း သစ်တောပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများကို ရည်မှန်းချက် အတိုင်းဆောင် ရွက် နိုင်ခဲ့ကြောင်း။

(င) အဆိုပါလုပ်ငန်းများကို လုံခြုံရေး၊ အမှုထမ်းအင်အား၊ ရန်ပုံငွေ၊ အားနည်းချက်များ၊ အခက်အခဲ များကြားမှ စိတ်ဓာတ်ကြံ့ခိုင်စွာ ဆောင်ရွက်ခဲ့ကြသည့်အတွက် ချီးကျူးကြောင်း။

(စ) တိုင်းပြည်၏ ဒုတိယစီးပွားရေးမဏ္ဍိုင်ဖြစ်သည့် သစ်ထုတ်လုပ်ငန်းကို အစွမ်းကုန်တိုးချဲ့ ဆောင်ရွက် ရန်နှင့် သစ်တောကြီးများကို ထာဝစဉ်တည်မြဲရန်နှင့် ပိုမိုကောင်းလာစေရန် ခေတ်မီသိပ္ပံနည်းလမ်းများ ဖြင့် ပြုစုပျိုးထောင်သွားရန်ဖြစ်ကြောင်း။

(ဆ) ကျွန်းသစ်ထုတ်ခြင်းမှာဆိုလျှင် စစ်မဖြစ်မီက စံချိန်ဖြစ်သည့် နှစ်စဉ်တန်ချိန် ၄ သိန်းခွဲခန့်ကို ထုတ်နိုင်အောင် သစ်တောဌာနက (Maximum Annual Yield) မှီအောင် သင်းသတ်သွား ရမည် ဖြစ်ကြောင်း။

(ဇ) သစ်မာပိုမို ထုတ်လုပ်ရေးမှာလည်း နိုင်ငံခြားငွေ ပိုမိုရရှိရေးအပြင် ပြည်တွင်း စျေးချိုသာ စေရန် သစ်ထုတ်စရိတ်သက်သာမည့် နည်းလမ်းများရှာဖွေရန်လိုကြောင်း၊ သစ်စက် ဟောင်းကြီးများကို ခေတ်မီအောင် စီစဉ်ဆောင်ရွက်ရန်လိုကြောင်း။

(ဈ) စီးပွားရေးအတွက် သစ်များနှစ်စဉ် ပိုမိုထုတ်လုပ် နေသကဲ့သို့ ရပ်သူရွာသားများမှ စည်းကမ်းမဲ့ ဆောင်ရွက်မှုများကြောင့် သစ်တောများပြုန်းတီးနေခြင်းကို လုံလောက်အောင် ပြန်လည် စိုက်ပျိုး ပြုစု ထိန်းသိမ်းရန်လိုကြောင်း။

(ည) 'သစ်လည်းပိုမိုထွက်စေ၊ တောလည်းပိုမိုကောင်းစေရမည်' ဟူသောဆောင်ပုဒ်ကို လက်ကိုင် ထားပြီး သင်ကြားတတ်မြောက်ထားသည့်ပညာဖြင့် တိုင်းပြည်အကျိုးကို ထမ်းဆောင်ကြ ပါစို့ ဟု တိုက်တွန်းလိုကြောင်း။

(ဋ) အရေးကြီးသောအချက်တစ်ခုမှာ အပူပိုင်းဒေသသစ်တော ပြန်လည်စိုက်ပျိုးရေး စီမံကိန်းဖြစ်ကြောင်း၊ ယင်းစီမံကိန်းကို ယခုမြေယာကျေးလက် ကြီးပွားတိုးတက်ရေး

ကော်ပိုရေးရှင်းက တာဝန်ယူ ဆောင်ရွက်နေပြီး ၁၉၆၂–၆၃ ခုနှစ်အတွင်း သစ်တော
ဌာနသို့ ပြန်လည်လွှဲပြောင်းရန်အတွက် အမိန့်ချမှတ်ထားသဖြင့် စီမံကိန်းရေးဆွဲ
ဆောင်ရွက်နေကြောင်း။ ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများမှာ–

(၁) အရေးကြီးသောဆည်ကြီးများအတွက် ရေလုံလောက်စေရန် ရေဝေရေလဲသစ်
တော များ ပြန်လည် စိုက်ပျိုးထူထောင်ခြင်း။

(၂) ဒေသတွင်းလိုအပ်သောသစ်၊ ထင်းနှင့်အိမ်သုံးပစ္စည်းများ လုံလောက်စွာရရှိရန်
အတွက် စီစဉ်ပေးခြင်း။

(၃) ပြုန်းတီးနေသောဒေသန္တရ သစ်တောများ ပြန်လည်စိုက်ပျိုးထူထောင်ခြင်းများ ဖြစ်ပါ
သည်။

လုပ်ငန်းများအောင်မြင်စေရန် သက်ဆိုင်ရာလုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီ များ
ကလည်းလိုအပ်သည့်အကူအညီများပေးလိမ့်မည်ဖြစ်ကြောင်း" ပြောကြားခဲ့သည်။



၁၉၆၄ ခုနှစ်၊ ပဲခူးတောင် တောင်သူလယ်သမားနေ့
သစ်တော၊ သစ်လုပ်ငန်းပြခန်းများ

စတော်လှန်ရေးကောင်စီခေတ်အတွင်း ထင်ရှားသောဖြစ်ရပ်များ

၄၂၇။ ၁၉၆၂ ခုနှစ်မှ ၁၉၇၄ ခုနှစ်အထိ တော်လှန်ရေးကောင်စီခေတ်အတွင်း သမိုင်းတွင်ထင်ရှားခဲ့သော ဖြစ်ရပ်များ၏ အနှစ်ချုပ်ကို အောက်ပါအတိုင်း ဖော်ပြအပ်သည်–

(က) **၁၉၆၂**။ နိုင်ငံတော်သစ်လုပ်ငန်းအဖွဲ့ကို မြန်မာနိုင်ငံသစ်လုပ်ငန်းအဖွဲ့ဟု မြန်မာအမည် ပြောင်းလဲခဲ့သော်လည်း မူလအင်္ဂလိပ်အမည် State Timber Board ကိုမူ ဆက်လက် သုံးစွဲသည်။ ဘုံဘောဘားမားပိုင်မြေနေရာတွင် အမှတ် ၁၄ သစ်စက်ကို စတင်တည်ထောင် ခဲ့သည်။ တောတွင်းသစ်ထုတ်ခြင်းနှင့် သစ်ခွဲစက်များတိုးချဲ့ခြင်းကို စွမ်းအားဖြည့်ရန် သီးခြား ဌာနတစ်ခုအဖြစ် အင်ဂျင်နီယာဌာနကို ဖွဲ့စည်းခဲ့သည်။

(ခ) **၁၉၆၃**။ ကျွန်းသစ်လုပ်ငန်းအားလုံးနှင့် ပုဂ္ဂလိကသစ်မာထုတ်လုပ်မှု လုပ်ငန်းအားလုံးကို နိုင်ငံတော်ပိုင်ပြုလုပ်၍ မြန်မာနိုင်ငံသစ်လုပ်ငန်းအဖွဲ့က တာဝန်ယူလုပ်ကိုင်သည်။ ပုပ္ပါးတောင်ရေဝေရေလဲစီမံကိန်းနှင့် မိတ္ထီလာသစ်တောခရိုင် ရေဝေရေလဲ စီမံကိန်းတို့အား လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောရေးဝန်ကြီးဌာန၏ ညွှန်ကြားချက် အရ သစ်တောဌာနမှ လက်လွှဲရယူသည်။ ရေဆင်းသုတေသနဌာနခွဲ ဖွဲ့စည်းတည်ထောင်ရေးအတွက် ရှေ့ပြေး ဆပ်ကော်မတီ ကို ဖွဲ့စည်းခဲ့သည်။ သစ်တောဌာနသည် မြန်မာပြည်အ လယ်ပိုင်း အပူပိုင်းဒေသပြန်လည်ထူထောင်ရေး လုပ်ငန်းများ ထိရောက်စွာအကောင်အထည်ဖော်နိုင်ရန် ၁၀ နှစ်စီမံကိန်းချမှတ် ဆောင်ရွက်သည်။ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် (၂၅၅) အရ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း သစ်တောဥပဒေ အာဏာမတည်သေးသော ဒေသအားလုံးတွင် အာဏာတည်ရမည်ဟု ဆင့်ဆိုခဲ့သည်။

(ဂ) **၁၉၆၄**။ တိုင်းရင်းသား ပုဂ္ဂလိကလုပ်ငန်းရှင်လက်ဝယ် ကျန်ရှိနေသော သစ်ခွဲစိတ်ရေးလုပ်ငန်းနှင့် သစ်ရောင်းဝယ်ရေးလုပ်ငန်းကို ရပ်စဲလိုက်သည်။ လုပ်ငန်းများ ပိုမိုစနစ်ကျရေးအတွက် သစ်မာဒေသအမှတ်များသတ်မှတ်၍ ပြင်ဆင် ဖွဲ့စည်းသည်။

(ဃ) **၁၉၆၅**။ သစ်တောပြုစုထိန်းသိမ်းရေးနှင့် စီးပွားရေးအဖွင့်အဆင့်ဆင့်သို့ တောင်သူလယ်သမားများ၏ လုပ်ကိုင်ခွင့်များနှင့်တကွ မိမိသုံးသစ်များကို ထုတ်ယူရာ၌ လိုက်နာရမည့် လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်ကြေညာသည်။

(င) **၁၉၆၆**။ ဆွာမြို့တွင် အထပ်သားစက်ရုံ အမှတ် (၃) ကိုတည်ထောင်ခဲ့သည်။

(စ) **၁၉၆၇**။ မြန်မာပြည်အလယ်ပိုင်း၌ ရေသွင်းစိုက်ပျိုးရေးအတွက် ကြက်မောက် တောင်ဆည်ကြီး တည်ဆောက်ပြီးစီးခဲ့သည်။ ကမ္ဘာ့နိုင်ငံအသီးသီးတွင် အပေါက်မြန်မှုကြောင့် နာမည်ကျော်သည့် ယူကလစ်သစ်မျိုးအချို့ကို မှာယူတင်သွင်းစိုက်ပျိုးခဲ့သည်။ စိုက်ပျိုးရာတွင် ပျိုးပင်များအား ပလပ်စတစ်အိတ်တွင် ထည့်သွင်းစိုက်ပျိုးခြင်း စတင်ခဲ့သည်။

ကာကွယ်ရေးသစ်တောစိုက်ပျိုးခြင်း အထူးလုပ်ငန်းအဖြစ် ဝါဒီစက်ရုံဝန်းကျင်တွင် သစ်တောစိုက်ခင်းများ တည်ထောင်ခဲ့သည်။ အုတ်ကျင်းဘူတာရုံလမ်းရှိ စိုက်ပျိုးရေးဌာနပိုင်စက်ပြင်ခန်းနေရာအား လွှဲပြောင်းရယူပြီး အခြေစိုက်အလုပ်ရုံဖွင့်လှစ်ခဲ့သည်။

(ဆ) **၁၉၆၈**။ ပြည်နယ်/တိုင်း ၉ ခုမှ ပုဂ္ဂလိကပိုင် သစ်စက် ၅၃ စက်ကို ပြည်သူပိုင်သိမ်းသည်။

(ဇ) **၁၉၇၀**။ ပုပ္ပါးတောင်သစ်တောပြန်လည်ထူထောင်ရေးစီမံကိန်းရေးဆွဲသည်။ အမှတ် (၁၄) သစ်စက်ကို စတင်ဖွင့်လှစ်သည်။

(ဈ) **၁၉၇၂**။ အုပ်ချုပ်ရေးစနစ်သစ်အရ သစ်တောဌာနကို သစ်တောဦးစီးဌာနအဖြစ် ထပ်မံဖွဲ့စည်းခဲ့သည်။ ခရိုင်အုပ်ချုပ်မှုကိုဖျက်သိမ်း၍ ဗဟို၊ တိုင်း၊ မြို့နယ်အဆင့် အုပ်ချုပ်မှုသို့ ပြောင်းလဲခဲ့သည်။ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီထုတ်ပြန်ချက်အမှတ် (၉၇) ဖြင့် မြန်မာနိုင်ငံသစ်လုပ်ငန်းအဖွဲ့အား သစ်လုပ်ငန်းကော်ပိုရေးရှင်း 'Timber Corporation' ဟုပြင်ဆင်ဖွဲ့စည်းခဲ့သည်။

အခန်း (၅)
မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်
(၁၉၇၄–၁၉၈၈)

တော်လှန်ရေးကောင်စီမှ နိုင်ငံတော်အာဏာကို ပြည်သူ့လွှတ်တော်သို့ လွှဲပြောင်းခြင်း [၁၀၈]

၄၂၈။ တော်လှန်ရေးကောင်စီသည် နောင်ဖွဲ့စည်းဖြစ်ပေါ်လာမည့် ဆိုရှယ်လစ်ဒီမိုကရေစီ အဆောက်အအုံနှင့် လိုက်လျောညီထွေရှိစေမည့် အုပ်ချုပ်ရေးစနစ်ကို ကြေညာချက်အမှတ် (၉၇) ဖြင့် ၁၉၇၂ ခုနှစ်၊ မတ်လ ၁၅ ရက်နေ့မှစ၍ ဖော်ထုတ်ခဲ့သည်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၏ ဦးဆောင်မှုဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲ၍ မူကြမ်းကို ပြည်သူလူထု၏ သဘောထားခံယူကာ ရေးဆွဲခဲ့သည့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ၁၉၇၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်နေ့မှ ၃၁ ရက်နေ့အထိ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပ၍ ပြည်သူများကိုယ်တိုင်အတည်ပြု ပြဋ္ဌာန်းခဲ့သည်။

၄၂၉။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့်ရွေးချယ်တင်မြှောက်ပွဲကို ၁၉၇၄ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့မှ ဖေဖော်ဝါရီလ ၁၀ ရက်နေ့အထိကျင်းပခဲ့သည်။ တော်လှန်ရေးကောင်စီသည် ရွေးချယ်တင်မြှောက်ခြင်းခံရသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသောနိုင်ငံတော်၏ အမြင့်ဆုံးအာဏာပိုင်အဖွဲ့ဖြစ်သည့် **ပြည်သူ့လွှတ်တော်**သို့ နိုင်ငံတော်အာဏာကို လွှဲပြောင်းပေးခဲ့သည်။

ဆိုရှယ်လစ်စီးပွားရေးစနစ်ဖြင့် အကောင်အထည်ဖော်ခြင်း [၁၀၉]

၄၃၀။ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီသည် မြန်မာနိုင်ငံ၏ စီးပွားရေးဦးမော့လာစေရန်အတွက် ကဏ္ဍအသီးသီးအား လေးနှစ် စီမံကိန်း ၅ ခုဖြင့် အနှစ် ၂၀ စီမံကိန်းချမှတ်၍ ဆောင်ရွက်ခဲ့သည့်နည်းတူ သစ်တောကဏ္ဍကိုလည်း အောက်ပါအတိုင်း လေးနှစ်စီမံကိန်းများချမှတ်၍ အကောင်အထည်ဖော်ခဲ့သည်။

၄၃၁။ ပထမလေးနှစ်စီမံကိန်း (၁၉၇၁–၇၂ ခုနှစ်မှ ၁၉၇၅–၇၆ ခုနှစ်အထိ) တွင် သစ်ထုတ်စက်ယန္တရားအင်အားကို စွမ်းအားပြည့်အသုံးမပြုနိုင်ခြင်း၊ လမ်းပန်းဆက်သွယ်ရေးနှင့် လုံခြုံမှုအခြေအနေအရ သစ်ထုတ်ရန်အခက်အခဲရှိခြင်းတို့ကြောင့် စီမံကိန်းလျာထားချက်အတိုင်း အကောင်အထည်မဖော်နိုင်ခဲ့ပါ။ သစ်တောထိန်းသိမ်းရေးလုပ်ငန်းများမှာလည်း ထုတ်ယူသုံးစွဲမှုနှင့် နှိုင်းယှဉ်လျှင် လျော့နည်းနေခဲ့သည်။

၄၃၂။ ဒုတိယလေးနှစ်စီမံကိန်း (၁၉၇၆–၇၅ ခုနှစ်မှ ၁၉၇၇–၇၈ ခုနှစ်အထိ) တွင် သစ်တောထွက်ပစ္စည်းများ ပြည်တွင်းဖူလုံစေရန်နှင့် ပြည်ပသို့တိုးချဲ့တင်ပို့ရောင်းချနိုင်ရန်လည်းကောင်း၊ သစ်တောထိန်းသိမ်းရေး

---

[၁၀၈] မြန်မာနိုင်ငံအုပ်ချုပ်ရေးစနစ်အမျိုးမျိုး (နှင်းကေသရာ)

[၁၀၉] ပြည်သူ့လွှတ်တော်အစီရင်ခံစာများမှ ကောက်နှုတ်ဖော်ပြသည်

လုပ်ငန်းများကိုလည်း တတ်နိုင်သရွေ့ တိုးချဲ့ဆောင်ရွက်ရန်ကိုလည်းကောင်း၊ သစ်ထုတ်လုပ်ရာတွင် လေလွင့်ဆုံးရှုံးမှုများ နည်းနိုင်သမျှနည်းစေရန်နှင့် ရေရှည်တွင် ခေတ်မီသစ်တောစိုက်ပျိုးရေးနှင့် ထုတ်လုပ်ရေးလုပ်ငန်းများဖြစ်လာအောင် အစပျိုးဆောင်ရွက်ထားရှိရေး ရည်မှန်းချက်ထားဆောင်ရွက်ခဲ့ကြသည်။

၄၃၃။ တတိယလေးနှစ်စီမံကိန်း (၁၉၇၈–၇၉ ခုနှစ်မှ ၁၉၈၁–၈၂ ခုနှစ်အထိ) တွင်စီမံကိန်းရည်မှန်းချက်များကို ပြည့်မီစွာအကောင်အထည်ဖော်နိုင်ခဲ့သည်။ ကျွန်းနှင့်သစ်မာများ တိုးတက်ထုတ်လုပ်လာနိုင်ခဲ့သည့်အားလျော်စွာ ပြည်ပသို့တိုးချဲ့တင်ပို့နိုင်ခဲ့သည်။ သို့ဖြစ်၍တတိယလေးနှစ်စီမံကိန်းတွင် ကျွန်းနှင့်သစ်မာ ပြည်ပတင်ပို့မှုအခြေအနေမှာ သိသိသာသာတိုးတက်ကောင်းမွန်လာခဲ့သည်။

၄၃၄။ စတုတ္ထလေးနှစ်စီမံကိန်း (၁၉၈၂–၈၃ ခုနှစ်မှ ၁၉၈၅–၈၆ ခုနှစ်အထိ) တွင် စီမံကိန်းရည်မှန်းချက်များအပေါ် တစ်နှစ်ပျမ်းမျှ ၉၀.၃၇ ရာခိုင်နှုန်းအကောင်အထည်ဖော်နိုင်ခဲ့သည်။ နိုင်ငံခြားငွေကိုရှာဖွေပေးရာ၌ လယ်ယာကဏ္ဍပြီးလျှင်သစ်တောကဏ္ဍသည် ဒုတိယအများဆုံးရှာဖွေပေးနေသည့်ကဏ္ဍဖြစ်သည်။ သို့ရာတွင် ကျွန်းသစ်လုံးရောင်းဈေးနှုန်းသည် ကုဗတစ်တန်လျှင်ကျပ် ၄,၈၅၅ မှကျပ် ၄,၇၁၅ သို့ကျဆင်းခဲ့သဖြင့် ပြည်ပပို့ကုန်တိုးချဲ့မြှင့်တင်နိုင်ရေးနှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရေးအတွက် ကျွန်းသစ်ထုတ်လုပ်မှု မကျဆင်းအောင်နည်းလမ်းအမျိုးမျိုးဖြင့် လုပ်ကိုင်ဆောင်ရွက်ခဲ့သည်။

၄၃၅။ ပဉ္စမလေးနှစ်စီမံကိန်း (၁၉၈၆–၈၇ ခုနှစ်မှ ၁၉၈၉–၉၀ ခုနှစ်ထိ) တွင်အရေးအခင်းဖြစ်ပွားခဲ့၍ လုပ်ငန်းများ ပြည့်စုံအောင်ဆောင်ရွက်နိုင်ခြင်းမရှိခဲ့ပေ။

သစ်တောဖုံးလွှမ်းမှု[၁၁၀]

၄၃၆။ ၁၉၇၅ ခုနှစ်က မြန်မာနိုင်ငံ၏သစ်တောဖုံးလွှမ်းမှုအခြေအနေအား နိုင်ငံတကာအဖွဲ့အစည်းများဖြစ်သော FAO, UNEP(United Nation Environment Programme) နှင့် မြန်မာ့သစ်တော ပညာရှင်များ ပူးပေါင်း၍ Tropical Forest Resources Assessment Project ကိုအကောင်အထည်ဖော်ပြီး စနစ်တကျမှတ်တမ်းတင် ခဲ့သည်။ အဆိုပါစီမံကိန်းအရ ၁၉၇၂ ခုနှစ်မှ ၁၉၇၉ ခုနှစ်အတွင်း ရိုက်ကူးခဲ့သော ၁:၁,၀၀၀,၀၀၀ စကေး ဂြိုလ်တုခါတ်ပုံ (Landsat Multisprectral Scanner - MSS) များမှရရှိသော အချက်အလက်များအရ စတုရန်းမိုင် ၁၂၅,၀၀၀ ခန့်၊ နိုင်ငံဧရိယာ၏ ၄၇.၈ ရာခိုင်နှုန်းမှာ တောင်ယာလုံးဝကင်းလွတ်သော တောကောင်းနှင့် တောညံ့များ ဖုံးလွှမ်းလျက်ရှိသည်။ FAO-UNDP အကူအညီဖြင့် ဆောင်ရွက်သော သစ်တောအုပ်ချုပ်လုပ်ကိုင်မှုနှင့် သစ်တောသယံဇာတ စာရင်းကောက်စီမံကိန်းမှ ၁၉၈၉ ခုနှစ်က မြန်မာနိုင်ငံသစ်တောဖုံးလွှမ်းမှု အခြေအနေကို ၁:၅၀၀,၀၀၀ စကေး ဂြိုလ်တုခါတ်ပုံ (Thematic Mapper) များမှရရှိသော အချက်အလက်များကို အခြေခံ၍ မှတ်တမ်းတင်ခဲ့သည်။ အဆိုပါ မှတ်တမ်းတင်ချက်အရ တောင်ယာ ၂၅ ရာခိုင်နှုန်း ပါဝင်သော သစ်တောများ၏ အမှန်တကယ်ရှိသော သစ်တောဧရိယာများကိုပါ ထည့်ပေါင်းကာ၊ ပေါင်းစပ်ပြီး စတုရန်းမိုင် ၁၃၂၆၅၀ ခန့် နိုင်ငံဧရိယာ၏ ၅၀.၈ ရာခိုင်နှုန်းမှာ တောင်ယာကင်းလွတ်သော တောကောင်းနှင့် တောညံ့များဖြင့် ဖုံးလွှမ်းလျက်

[၁၁၀] စီမံကိန်း နှင့် စာရင်းအင်းဌာန၊ သစ်တောဦးစီးဌာန၊ သဘာဝတောများနှင့် ရင်ဘောင်တန်းလာသောသစ်တောစိုက်ခင်းများ (ဦးအုန်း)

ရှိကြောင်း ခန့်မှန်းရသည်။ ၁၉၇၅ ခုနှစ်မှ ၁၉၈၉ ခုနှစ် အတွင်း နှစ်စဉ် တောင်ယာလုံးဝကင်းလွတ်သော သစ်တောဧရိယာ လျော့နည်းမှု ပမာဏသည် ၈၄၄.၄၃ စတုရန်းမိုင်ခန့် ရှိသည်။

သစ်တောကဏ္ဍစီမံအုပ်ချုပ်မှုနှင့် အဖွဲ့အစည်းဆိုင်ရာတိုးတက်ပြောင်းလဲမှုများ

၄၃၇။ နိုင်ငံတော်ကို ဆိုရှယ်လစ်စီးပွားရေးစနစ်ဖြင့် အကောင်အထည်ဖော်ခဲ့ရာ ကျွန်းနှင့်သစ်မာခုတ်လှဲထုတ်ယူမွမ်းမံခွဲစိတ်ခြင်းလုပ်ငန်းကို နိုင်ငံပိုင်သစ်လုပ်ငန်းကော်ပိုရေးရှင်းက တာဝန်ခံဆောင်ရွက်ခဲ့သည်။ သစ်မှ အပ အခြားသစ်တောထွက်ပစ္စည်းများထုတ်လုပ်မှုကိုမူ သမဝါယမနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များကို လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုခဲ့သည်။ သစ်တောကဏ္ဍစီးပွားရေးကို နိုင်ငံပိုင်အခန်းကဏာ အဓိကဖော်ဆောင်ခဲ့ခြင်းဖြစ်ပေသည်။

သစ်တောဦးစီးဌာန တိုးချဲ့ဖွဲ့စည်းခြင်း[၁၁၁]

၄၃၈။ ၁၉၇၇–၇၈ ခုနှစ် သစ်တောဦးစီးဌာန၏ အမြဲတမ်း ဝန်ထမ်းအင်အားမှာ အရာထမ်း ၁၄၉ ဦး၊ အမှုထမ်း ၃,၇၁၀ ဦး၊ ပေါင်း ၃,၈၅၉ ဦးဖြစ်သည်။ ၁၉၈၀ ပြည့်နှစ်တစ်ဝိုက်တွင် သစ်တောဦးစီးဌာနအနေဖြင့် သစ်တောပြုစုထိန်းသိမ်းကာကွယ်မှုလုပ်ငန်းများနှင့် သစ်တောခွန်စည်းကြပ်မှုလုပ်ငန်းများအပြင် တိုးတက်များပြားလာသော သစ်တောစိုက်ခင်းလုပ်ငန်းများ အတွက် ဝန်ထမ်းအင်အားအခြေအနေမှာ မလုံမလောက်ဖြစ်လာခဲ့သည်။ အရှေ့ပဲခူးရိုးမစိုက်ခင်းလုပ်ငန်း စီမံကိန်း၊ အာရှဘဏ် (၂) စိုက်ခင်းလုပ်ငန်း စီမံကိန်း၊ သစ်တောသုတေသန တည်ဆောက်ရေးလုပ်ငန်း စီမံကိန်း၊ သစ်တောသယ်ဇာတစာရင်းကောက် လုပ်ငန်း စီမံကိန်းများ အတွက် ယာယီဝန်ထမ်းများကိုစာချုပ် စနစ်ဖြင့် ခန့်ထားဆောင်ရွက်ခဲ့သည်။

၄၃၉။ (၁၉၈၂ ခုနှစ်နောက်ပိုင်း)ဒေသန္တရအုပ်ချုပ်ရေး (Civil Administration) တွင်ခရိုင်များအစား မြို့နယ်များဖြင့်ဖွဲ့စည်းခဲ့ရာ လိုက်လျောညီထွေဖြစ်အောင်၊ သစ်တောဦးစီးဌာနတွင်ခရိုင်အဆင့် အုပ်ချုပ်မှုရုံးများကိုဖျက်သိမ်းခဲ့ခြင်း၊ ခေတ်ကာလအလိုက် ဝန်ထမ်းအင်အား အလုံအလောက်မရှိခြင်းတို့ကြောင့် သစ်တောကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကိုစနစ်တကျဆောင်ရွက်ရန် အခက်အခဲများကြုံတွေ့ခဲ့ရသည်။ သို့ဖြစ်ရာ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးလုပ်ငန်းများသည် အတိုင်းအတာတစ်ခုအထိသာ ဆောင်ရွက်နိုင်ခဲ့သည်။ အကောင်အထည်ဖော်ခဲ့သော သစ်တောစိုက်ခင်း အများစုမှာလည်း ၁၉၈၈ ခုနှစ် အရေးအခင်းကာလ အတွင်း၌ ခုတ်လှဲဖျက်ဆီးခြင်းခံခဲ့ရသည်။

၄၄၀။ ၁၉၈၃ ခုနှစ် တွင်အမြဲတမ်းနှင့် ယာယီဝန်ထမ်းအင်အား ၁၀,၆၂၅ ဦးအထိခွင့်ပြုချက်ရရှိခဲ့သည်။ ဆက်လက်၍ ၁၉၈၈ ခုနှစ်တွင် အရာထမ်း ၄၄၆ ဦး၊ အမှုထမ်း ၁၄,၃၀၅ ဦး၊ ပေါင်း ၁၄,၇၅၁ ဦးအထိ တိုးချဲ့ဖွဲ့စည်း နိုင်ခဲ့သည်။ ညွှန်ကြားရေးမှူးချုပ်ရုံးနှင့် ဦးစီးရုံးချုပ်ဌာနခွဲ ၆ ခု၊ သီးသန့်လုပ်ငန်းရုံး ၁၃ ခု၊ ပြည်နယ်/ တိုင်းဦးစီးဌာနမှူးရုံး ၁၄ ခုနှင့် မြို့နယ်ဦးစီးဌာနမှူးရုံး ၂၃၂ ခုတို့ကိုဒေသန္တရအုပ်ချုပ်ရေးနှင့် လိုက်လျော ညီထွေဖြစ်စေရန် ပြင်ဆင်ဖွဲ့စည်းခဲ့သည်။

---

[၁၁၁] သစ်တောကျောင်း နှစ် ၁၀၀ ပြည့်စာစောင်




စီမံကိန်းနှင့်စာရင်းအင်းဦးစီးဌာန (ရန်ကုန်)



သစ်တောဦးစီးရုံးချုပ် အဆောက်အဦ (ပန်းဆိုးတန်း၊ ရန်ကုန်)



သစ်တောဦးစီးဌာနရုံးချုပ် (အနောက်ကြို့ကုန်း၊ အင်းစိန်)



သစ်တောရေးရာဝန်ကြီးဌာန (ရန်ကုန်)

သစ်တောဦးစီးဌာန ဘဏ္ဍာရေးနှင့် ငွေစာရင်းဌာနပြောင်းလဲတိုးတက်မှု[၁၁၂]

၄၄၁။ သစ်တောဦးစီး ဌာနသည် လုပ်ငန်းသဘာဝအရ ငွေစာရင်းကျင့်ထုံး (Forest Accounts Code) သီးခြားရှိခဲ့သည်။ F.A.C Burma Suppliment to Forest Account Code ပါစည်းကမ်းဥပဒေသအတိုင်း ဆောင်ရွက်ရသည်။ ဘတ်ဂျက် ခေါင်းစဉ်များအနေဖြင့် Ba,Bb, Bc ဆိုသည့် ခေါင်းစဉ် ၃ မျိုးသာရှိခဲ့သည်။ လစဉ်ခရီးစရိတ်များမှာ Ba ခေါင်းစဉ်အောက်မှလည်းကောင်း၊ လုပ်ငန်းသုံးများကို Bb ခေါင်းစဉ်အောက်မှလည်းကောင်း၊ အသေးအဖွဲများကို Bc ခေါင်းစဉ်အောက်မှလည်းကောင်း သုံးစွဲရခြင်း ဖြစ်သည်။

၄၄၂။ ၁၉၇၂ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှစ၍ သစ်တောဦးစီးဌာနမှစာရင်းအင်းများကို မြန်မာနိုင်ငံငွေစာရင်းရုံးခ် ဗဟိုစာရင်းပြုသည့်စနစ်ကိုဖျက်သိမ်းပြီး ဦးစီးဌာနများ၏ဌာနအလိုက် စာရင်းပြုသည့် စနစ် (၎စ စာရင်း) ကိုကျင့်သုံးခဲ့သည်။

၄၄၃။ သစ်တောဦးစီးဌာနအနေဖြင့် စီမံကိန်းများ၊ နိုင်ငံခြားပစ္စည်းဝယ်ယူသည့်ကိစ္စများ ပိုမိုများပြားလာခဲ့သည့် အားလျော်စွာ ငွေစာရင်းကျွမ်းကျင်မှု အတတ်ပညာရှင်များ လိုအပ်လာခဲ့သည်။ ထို့ကြောင့် ၁၉၈၆ ခုနှစ်အတွင်း ဗဟိုစာရင်းရုံးမှ ဒုတိယညွှန်ကြားရေးမှူးတစ်ဦးနှင့် လက်ထောက်ညွှန်ကြားရေးမှူး ၃ ဦးတို့ သစ်တောဦးစီးဌာနသို့ လွှဲပြောင်းရောက်ရှိတာဝန်ထမ်းဆောင်ခဲ့ကြသည်။

သဘာဝ ဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာနတည်ထောင်ခြင်း[၁၁၃]

၄၄၄။ ၁၉၈၀ ခုနှစ်၌ လယ်ယာနှင့် သစ်တောဝန်ကြီးဌာနသည် သဘာဝထိန်းသိမ်းရေးနှင့် အမျိုးသားဥယျာဉ်များလုပ်ငန်းစီမံကိန်း (Nature Conservation and National Parks Project - NCNP) ကို UNDP, FAO တို့၏အကူအညီဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ၁၉၈၁ ခုနှစ်တွင်ဌာန၏ အသစ်ဖွဲ့စည်းသော ပြည်သူ့လုပ်အားနေရာချထားရေး အဖွဲ့ (ပလဖ)၊ တောရိုင်းတိရစ္ဆာန်နှင့်ဘေးမဲ့တောများထိန်းသိမ်းရေးဌာနခွဲက လုပ်ငန်းဆက်လက်ဆောင်ရွက် ခဲ့သည်။ ၁၉၈၅ ခုနှစ်တွင် ပြည်သူ့လုပ်အားနေရာချထားရေးအဖွဲ့ လက်အောက်ရှိ တောရိုင်းတိရစ္ဆာန်နှင့် ဘေးမဲ့တောများ ထိန်းသိမ်းရေးဌာနခွဲအား သစ်တောဦးစီးဌာန လက်အောက်သို့ လွှဲပြောင်းထားရှိခဲ့ပြီး သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာနအဖြစ် ပြင်ဆင်ဖွဲ့စည်း ခဲ့သည်။

အပူပိုင်းဒေသ သစ်တောနယ်စတင်ပေါ်ပေါက်လာပုံ[၁၁၄]

၄၄၅။ မြန်မာပြည်အလယ်ပိုင်းအပူပိုင်း ဒေသဖြစ်သည့် မြင်းခြံခရိုင်နှင့်မိတ္ထီလာခရိုင်ရှိ မြို့နယ်များနှင့် ပုပ္ပါးတောင် စိမ်းလန်းစိုပြည်ရေးအတွက် အပူပိုင်းဒေသသစ်တောနယ် (Dry Zone Forest Division) ကို ၁၉၇၃ ခုနှစ်၌ ကျောက်ပန်းတောင်းတွင် ရုံးဖွင့်၍ လုပ်ငန်းများကိုစတင်ဆောင်ရွက်ခဲ့သည်။ ပုပ္ပါးဒေသနှင့် ပုဂံညောင်ဦးဒေသတစ်ဝိုက် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ဦးစားပေးဆောင်ရွက်နိုင်ရန်ဖြစ်ပြီး မြင်းခြံခရိုင်မှ မြင်းခြံ၊ တောင်သာ၊ ကျောက်ပန်းတောင်း၊ နွားထိုးကြီး၊ ညောင်ဦးမြို့နယ်နှင့် မိတ္ထီလာခရိုင်မှ

---

[၁၁၂] ကျွန်တော်မြန်မာသစ်တောသမားနှင့် လက်ရွေးစင်ဆောင်းပါးများ (ရဲမြင့်–သစ်တော)

[၁၁၃] သဘာဝဝန်းကျင်နှင့် သားငှက်ထိန်းသိမ်းရေးဌာန၊ သစ်တောဦးစီးဌာန

[၁၁၄] သစ်တောကျောင်း နှစ် ၁၀၀ ပြည့်စာစောင်

မလှိုင်မြို့နယ်၊ စုစုပေါင်း ၆ မြို့နယ် ပါဝင်သည်။ ဒုတိယညွှန်ကြားရေးမှူး ၁ ဦး၊ သစ်တောဝန်ထောက် ၄ ဦး၊ တောအုပ် ၆ ဦး၊ ဒုတိယတောအုပ် ၁၂ ဦး၊ တောခေါင်း ၆၀ ဦးခန့်နှင့် တောကြပ် ၆၀ ဦးခန့်တို့ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။ ညောင်ဦးမြို့နယ် ပျဉ်းမကြိုးပြင်ကာကွယ်တော၊ ကျောက်ပန်းတောင်းမြို့နယ် စိုင်ဖြူ ကြိုးပြင်ကာကွယ်တောတို့တွင် ယူကလစ်သစ်မျိုးများ စိုက်ပျိုး၍ သစ်တော စိုက်ခင်းများ တည်ထောင်ခဲ့သည်။ တောင်စောင်း၊ တောင်ကုန်းများတွင် ချက်ကျင်းစနစ်ဖြင့် လည်းကောင်း၊ မြေပြန့်များတွင် ထွန်စနစ်ဖြင့်လည်းကောင်း ဆောင်ရွက်ခဲ့သည်။ ယူကလစ်များအား ပလပ်စတစ်အိတ်ဖြင့် ပျိုးထောင်စိုက်ပျိုးခဲ့သည့် စနစ်အား ပထမဦးဆုံး စတင်ခဲ့ခြင်း ဖြစ်ပြီး အိန္ဒိယနိုင်ငံမှ ဆောင်ရွက်သောနည်း စနစ်များကို နည်းယူဆောင်ရွက် ခဲ့သည်။

သစ်စေ့နှင့်ပျိုးပင်ထုတ်လုပ်ရေးဌာန[၁၁၅]

၄၄၆။ ကိုလိုနီခေတ်မှစ၍ ၁၉၇၇ ခုနှစ်အထိ သစ်တော လုပ်ငန်း စီမံရေးတိုင်းလက်အောက်တွင် သစ်တော စိုက်ပျိုးပြုစုရေးဌာနကိုထားရှိ ဆောင်ရွက်ခဲ့သည်။ ၁၉၇၈ ခုနှစ်မှ ၁၉၈၂ ခုနှစ်အထိ သစ်တောစိုက်ပျိုးပြုစုရေးဌာနခွဲအား ညွှန်ကြားရေးမှူး (စီမံကိန်း) သစ်တော ဦးစီးဌာနရုံးချုပ် (ပန်းဆိုးတန်း)မှ တာဝန်ယူ၍ သစ်တောစိုက်ပျိုးပြုစုရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ခဲ့သည်။ ၁၉၈၂ ခုနှစ်မှ ၁၉၈၃ ခုနှစ်အထိ ရန်ကုန်မြို့ကုန်းမြင့်သာဝင်းအတွင်း သစ်ပင်ကြီးများ ရွှေပြောင်းစိုက်ပျိုးခြင်းလုပ်ငန်းများကို စီမံခန့်ခွဲရေးဌာနမှ တာဝန်ယူ ဆောင်ရွက်ခဲ့ပြီး နောက် ၁၉၈၄ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့မှစ၍ သစ်စေ့နှင့်ပျိုးပင် ထုတ်လုပ်ရေးဌာနဟူ၍ သီးခြား ဖွဲ့စည်း၍ အဆိုပါလုပ်ငန်းများအပြင် အခြား သစ်တောပြုစုထိန်းသိမ်းရေး ဆိုင်ရာလုပ်ငန်းများကို အောက်ပါရည်မှန်းချက်များထားရှိ၍ တိုးချဲ့ ဆောင်ရွက်ခဲ့သည် –

(က) နိုင်ငံတော်စီးပွားရေးစီမံကိန်း ရည်မှန်းချက်များနှင့်အညီ စိုက်ပျိုးရေးမွေးမြူရေး လုပ်ငန်းများကို အထောက်အကူပြုနိုင်ရန်။

(ခ) သစ်မျိုးအလိုက်အတန်းအစားမြင့်မားသည့် ပျိုးပင်ငယ်၊ ပျိုးပင်နှင့်သစ်ပင် 'Instant Trees' များကို တစ်နှစ်ပတ်လုံးဖြန့်ဖြူးစိုက်ပျိုးခဲ့ခြင်းဖြင့် သက်ဆိုင်ရာပတ်ဝန်းကျင် ရေမြေသဘာဝ ထိန်းသိမ်းရေးတွင် သစ်ပင်မျိုးစုံဖြင့် စိမ်းလန်းစိုပြည်မှုရှိစေရန်။

(ဂ) ပြည်တွင်းရှိသစ်မျိုးများနှင့် ပြည်ပမှအဖိုးတန်သစ်မျိုးများ ခေတ်မီနည်းစနစ်ဖြင့် စမ်းသပ် စိုက်ပျိုးထုတ်လုပ်ရန် လုပ်သားပြည်သူများ သစ်ပင်သစ်တောများ၏ သဘာဝနှင့် တန်ဘိုး များအား အလေးထားလေ့လာသိရှိစေနိုင်ရန်။

(ဃ) အဖိုးတန်နှင့် အကြီးမြန်သစ်မျိုးများအား ဖြန့်ဖြူးစိုက်ပျိုးပေးခြင်းဖြင့် ကျေးရွာသုံးထင်းနှင့် လယ်ယာသုံးပစ္စည်းများ အထောက်အပံ့ရစေရန်။

(င) ဌာနတွင်းပညာပေးသင်တန်းအမျိုးမျိုးဖွင့်လှစ်ရန်။

---

[၁၁၅] သဘာဝတောနှင့်စိုက်ခင်းလုပ်ငန်းဌာန၊ သစ်တောဦးစီးဌာန

(စ) စီးပွားရေးအရ ရောင်းတန်းဝင်သစ်မျိုးတို့၏ သစ်စေ့များကိုသိပ်ပံနည်းကျ စနစ်တကျ သိုလှောင် သိမ်းဆည်းပြီး စိုက်ပျိုးခြိုန်အဓိစိုက်ခင်းများသို့ အလွယ်တကူဖြန့်ဖြူးရန်နှင့် အရေးပေါ် ကိစ္စရပ်များတွင် အဆင်သင့်ထုတ်ယူအသုံးပြုနိုင်ရန်။

၄၄၇။ ၁၉၈၄ ခုနှစ်နောက်ပိုင်းတွင် သစ်တောဦးစီးဌာနရုံးချုပ်ရှိ သစ်စေ့နှင့်ပျိုးပင်ထုတ်လုပ်ရေးဌာနသည် လုပ်ငန်းများဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စေရန် ဦးစီးရုံးချုပ်ရှိ ပင်မဌာနခွဲ၊ ရွာသာကြီးစခန်းအပြင် မော်ဘီမြို့နယ်၊ လှည်းကူးမြို့နယ်၊ အင်းစိန်မြို့နယ်၊ မင်္ဂလာဒုံမြို့နယ်၊ မရမ်းကုန်းမြို့နယ်၊ အုတ်တွင်းမြို့နယ်၊ ရွှေတောင်မြို့နယ်၊ မကွေးမြို့နယ်၊ မုံရွာမြို့နယ်နှင့် ပုသိမ်ကြီးမြို့နယ် စုစုပေါင်း စခန်း ၁၀ ခုတိုးချဲ့ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။

၄၄၈။ အထက်ပါစခန်း ၁၀ ခုအနက် ရွှေတောင်မြို့နယ်၊ မကွေးမြို့နယ်၊ မုံရွာမြို့နယ်နှင့် ပုသိမ်ကြီးမြို့နယ်များအား ၁၉၉၃ ခုနှစ်၊ အောက်တိုဘာလတွင် သက်ဆိုင်ရာပြည်နယ်/တိုင်းများသို့ လွှဲပြောင်း ပေးအပ်ခဲ့သည်။

၄၄၉။ ၁၉၉၆–၉၇ခုနှစ်မှစ၍နယ်ရှိသစ်စေ့နှင့်ပျိုးပင်ထုတ်လုပ်ရေးစခန်းများကိုတဖြည်းဖြည်းရုပ်သိမ်းခဲ့သည်။ ၂၀၀၀ ပြည့်နှစ်တွင် ရန်ကုန်မြို့ရှိ ကြို့ကုန်း၊ အောင်မြေဃာ ၊ မင်္ဂလာဒုံနှင့် မော်ဘီစခန်းများသာထားရှိပြီး ညွှန်ကြားရေးမှူး (သဘာဝတောနှင့်စိုက်ခင်းလုပ်ငန်း) သစ်တောဦးစီးဌာန ရုံးချုပ်မှ တာဝန်ယူ ဆက်လက်ဆောင်ရွက်သည်။

သစ်တောသုတေသနဌာနတည်ထောင်ခြင်း

၄၅၀။ မြန်မာနိုင်ငံ သစ်တောများ ရေရှည်တည်တံ့ရေးအတွက် သစ်တောစီမံအုပ်ချုပ်ခြင်း၊ ပြုစုထိန်းသိမ်းခြင်းနှင့် ထုတ်ယူသုံးစွဲခြင်းဆိုင်ရာ သုတေသန လုပ်ငန်းများမှာ အလွန်အရေးကြီးသော လုပ်ငန်းတစ်ရပ်ဖြစ်ပေရာ ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာ အဖွဲ့ (FAO)နှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) တို့၏ အထောက်အပံ့ဖြင့် သစ်တောသုတေသနဌာနကို ၁၉၇၈ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည်။ ၁၉၇၈ ခုနှစ်မှ ၁၉၈၃ ခုနှစ် အထိ၊ ၁၉၈၃ ခုနှစ်မှ ၁၉၈၇ ခုနှစ်အထိ အဆင့်နှစ်ဆင့်ဖြင့် အကောင်အထည် ဖော်ခဲ့သည်။ (သုတေသနဌာန သမိုင်းအား သီးခြားကဏ္ဍဖြင့်ဖော်ပြထားသည်။)

ဗဟိုသစ်တောလုပ်ငန်းဖွံ့ဖြိုးမှုလေ့ကျင့်ပညာပေးရေးဌာန (CFDTC)တည်ထောင်ခြင်း

၄၅၁။ ပြည်ထောင်စုမြန်မာနိုင်ငံသည် သစ်တောသယံဇာတ ပေါကြွယ်ဝသည့်နိုင်ငံဖြစ်သည်နှင့်အညီ သစ်နှင့်အခြား သစ်တောထွက်ပစ္စည်းများကို နှစ်စဉ်ထုတ်လုပ်ပေးလျက်ရှိသည်။ လူဦးရေတစ်နေ့တခြား တိုးတက် လာသည်နှင့်အမျှ သစ်နှင့်သစ်တောထွက်ပစ္စည်းများ တိုးတက်ထုတ်လုပ်ရေး၊ သစ်တောများ မပြုန်းတီး မလျော့နည်း သွားစေရေးတို့အတွက် သစ်တောပြုစုထိန်းသိမ်းရေးလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင် ရန် သစ်တောဝန်ထမ်းများအင်အား ကို တိုးချဲ့ဖွဲ့စည်းခဲ့သည်။

၄၅၂။ ထိုသို့တိုးချဲ့ခန့်ထားသည့် ဝန်ထမ်းသစ်များ၊ ဌာနတွင်းရှိဝန်ထမ်းများ၊ သစ်တောကဏ္ဍနှင့် ဆက်နွယ်နေကြသော ကျေးလက်ပြည်သူများအား သစ်တောကာကွယ်ထိန်းသိမ်းရေး၊ သစ်တောစိုက်ပျိုးပြုစုရေး၊ သစ်ထုတ်လုပ်သုံးစွဲရေးစသည့်ကဏ္ဍများ၌ ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် ဌာနတွင်းသင်တန်းများကို ဖွင့်လှစ်ပို့ချပေးနိုင်ရန် သင်တန်းအဆောက်အအုံများ၊ ခေတ်မီသင်တန်းသုံးပစ္စည်းများနှင့်ပြည့်စုံသော သင်တန်းကျောင်းကို ရန်ကုန်တိုင်းမော်ဘီမြို့နယ်တွင် ၁၉၉၀ ခုနှစ်က ဂျပန်အစိုးရသဘောတူညီချက်အရ ယန်း ၂,၇၂၅ သန်းနှင့် မြန်မာကျပ် ၆၆.၃ သန်းဖြင့် ၁၉၈၈ ခုနှစ် ဖေဖော်ဝါရီလတွင် တည်ဆောက်ရေးလုပ်ငန်းများစတင်ခဲ့ပြီး ၁၉၉၀ ခုနှစ် မတ်လတွင် တည်ဆောက်ရေးလုပ်ငန်းများပြီးစီး၍ သစ်တောဦးစီးဌာနသို့လွှဲပြောင်းပေးခဲ့သည်။ (CFDTC သမိုင်းအားသီခြားကဏ္ဍဖြင့်ဖော်ပြထားသည်။)

သစ်လုပ်ငန်းကော်ပိုရေးရှင်းတိုးချဲ့ဖွဲ့စည်းခြင်း[၁၁၆]

၄၅၃။ သစ်လုပ်ငန်းကော်ပိုရေးရှင်း အနေဖြင့် ဦးဆောင်ညွှန်ကြားရေးမှူးရုံး၊ ဌေစာရင်းဌာန၊ အင်ဂျင်နီယာဌာန၊ သစ်ထုတ်ရေးဌာန၊ ရောင်းဝယ်ရေးနှင့်သစ်စက်ဌာနဟု ဌာန ၅ ခု ဖွဲ့စည်းထားပြီး အဆိုပါဌာနများမှ လုပ်ငန်းရေးရာ၊ စီမံရေးရာ၊ အုပ်ချုပ်ရေးရာကိစ္စများနှင့်ပတ်သက်၍ ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ပေးရသည်။ ထို့အပြင် ဦးဆောင်ညွှန်ကြားရေးမှူး ရုံး၏လက်အောက်မှ စီမံကိန်းဌာနသည် ဝန်ထမ်းများစွမ်းဆောင်ရည် မြင့်မားတိုးတက်စေရေးအတွက် ပြည်တွင်း/ပြည်ပ လုပ်ငန်းခွင်သင်တန်းများသို့ သင်တန်းသားများ စေလွှတ်ရေး၊ ဝန်ထမ်းများ၏ လူမှုရေး၊ ကျန်းမာရေးနှင့် သက်သာချောင်ချိရေး လုပ်ငန်းများကိုပါ ပံ့ပိုးကူညီဆောင်ရွက်ပေးရသည်။

၄၅၄။ ၁၉၇၅–၇၆ ခုနှစ် မှ ၁၉၈၇–၈၈ ခုနှစ် အထိကာလတွင် နိုင်ငံတော်ကောင်စီ၏ အတည်ပြုချက်အရ သစ်လုပ်ငန်းကော်ပိုရေးရှင်းအနေဖြင့် ကမ္ဘာ့ဘဏ်၊ အာရှဘဏ်တို့နှင့်တကွ ကနေဒါ၊ ဖင်လန်၊ ဂျပန်နိုင်ငံတို့မှချေးငွေနှင့် ထောက်ပံ့ငွေများရရှိခဲ့သည်။ တောတွင်းသစ်ထုတ်ခြင်းနှင့် သစ်အခြေခံစက်မှုလုပ်ငန်းများ ခေတ်မီဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး နိုင်ငံခြားငွေတိုးမြှင့်ရှာဖွေရန် နိုင်ငံခြားမှရသော ထောက်ပံ့ငွေများဖြင့် စီမံကိန်းများချမှတ် အကောင်အထည်ဖော်ခဲ့ရသည်။

၄၅၅။ ဤတွင် ဘဏ္ဍာရေးနှင့်ဌေစာရင်းဌာနသည် ယခင်ကတွေ့ရှိခဲ့ရသည့် အားနည်းချက်များကို လျော့ချနိုင်ရန်လည်းကောင်း၊ ဗဟိုထိန်းချုပ်မှုစနစ်မှ ပြည်နယ်/တိုင်း ဒေသအလိုက်ထိန်းချုပ်မှုစနစ်၊ နိုင်ငံတကာတွင် ကျင့်သုံးနေသော ခေတ်မီစာရင်းထားသိုနည်းစနစ်၊ ဘတ်ဂျက်ရေးဆွဲ နည်းနှင့် စာရင်းစစ်ဆေးခြင်းများကို ဆောင်ရွက်နိုင်ရန်လည်းကောင်း၊ အတိုင်ပင်ခံအဖွဲ့များနှင့် ကမ္ဘာ့ဘဏ်၊ အာရှဘဏ်တို့၏ သဘောတူညီချက်အရ အထက်ပါစီမံကိန်းများတွင်မန်နေဂျာ (ဘဏ္ဍာရေး)၊ မန်နေဂျာ (အတွင်းစာရင်းစစ်) နှစ်ဦးတို့မှ ဘဏ္ဍာရေးဌာနနှင့် အတွင်းစာရင်းစစ်များကို ဦးဆောင်ဖွဲ့စည်းပြီး စီမံကိန်းများ၏ ဘဏ္ဍာရေးနှင့် အတွင်းစာရင်း စစ်ဆေးခြင်းလုပ်ငန်းများကို လုပ်ဆောင်ခဲ့ကြသည်။

---

[၁၁၆] မြန်မာ့သစ်လုပ်ငန်း၊ ရွှေရတုမဂ္ဂဇင်း စာ– ၅

၄၅၆။ ယင်းကဲ့သို့ ပြည်ပအဖွဲ့အစည်းများ၏ ချေးငွေများရယူ၍ ခေတ်မှီစီမံကိန်းများ ဖြစ်မြောက်အောင် အကောင်အထည်ဖော်ပြီး ဗဟိုထိန်းချုပ်မှုစနစ်မှ ဒေသအလိုက်ထိန်းချုပ်မှုစနစ်သို့ အသွင်ကူးပြောင်းချိန်တွင် ငွေစာရင်းဌာနကိုလည်း အောင်မြင်စွာပြုပြင်ပြောင်းလဲနိုင်ခဲ့သည်။

ှင်း(သစ်ဌာနခွဲ)(Myanma Export Import Corporation – MEIC/ Timber Branch)။

(MEIC/Timber Branch)

ကမ္ဘာဘဏ်

သစ်လုပ်ငန်း စီမံကိန်း (၁) (West Pegu Yoma Project) (IDA.1)၊ ၁၉၇၇ ခုနှစ်မှ ၁၉၈၆ ခုနှစ်အထိ မန္တလေးမြို့တွင် အခြေစိုက်သော အာရှဘဏ်စီမံကိန်း (၁) (ADB.1)၊ ၁၉၈၂ ခုနှစ်မှ ၁၉၉၃ ခုနှစ်အထိ မန္တလေးမြို့တွင် အခြေစိုက်သော အာရှဘဏ်စီမံကိန်း (၂) (ADB-2) နှင့် ၁၉၇၉ ခုနှစ်မှ ၁၉၈၆ ခုနှစ်အထိ တောင်ငူမြို့တွင်အခြေစိုက်သော ကမ္ဘာဘဏ်သစ်လုပ်ငန်းစီမံကိန်း (၂) (East Pegu Yoma Project) (IDA.2) ကာလများအတွင်း ယန္တရားမြောက်များစွာဝယ်ယူခဲ့သည့်အပြင် သစ်စက်အသစ်များကို တည်ဆောက်ခြင်း၊ အဟောင်းများ ပြုပြင်ခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။ ထို့အပြင် ကနေဒါအစိုးရ၏ထောက်ပံ့ငွေ (Canadian International Development Agency) ဖြင့်ပျဉ်းမနားမြို့တွင် ပင်မအလုပ်ရုံတစ်ရုံကို စက်ယန္တရားများ အကြီးစား ပြင်ဆင်မှုအတွက် ရည်ရွယ်၍ အရင်းအနှီးမြှောက်များစွာဖြင့် တည်ဆောက်ခဲ့သည်။ ကနေဒါနိုင်ငံမှ စက်ရုံသုံးပစ္စည်းများနှင့် အချို့သော အပိုပစ္စည်းများ ထောက်ပံ့ပေးခဲ့သည်။ ကျွမ်းကျင်မှု အကူအညီ ပေးရေး အတွက် အင်ဂျင်နီယာ ၂ ဦး သုံးနှစ်ခန့်လာရောက်အမှုထမ်းခဲ့သည်။

၄၅၉။ ။ ပျဉ်းမနားမြို့တွင် ပင်မအလုပ်ရုံအား ၁၉၇၆ ခုနှစ်တွင်ဖွင့်လှစ်ခဲ့သည်။ အခြေစိုက်အလုပ် ရုံပေါင်း ၄ ရုံကို ရန်ကုန်၊ မန္တလေး၊ ဆွာနှင့် ပြည်မြို့များတွင် ဖွင့်လှစ်နိုင်ခဲ့သည်။ အထက်ပါအလုပ်ရုံများမှ နှစ်စဉ်ယန္တရားအစီးရေ ၃၀၀ ကျော်၊ မော်တော်ယာဉ်/ရေယာဉ်အစီးပေါင်း ၁,၁၀၀ ကျော်၊ စုစုပေါင်း ၁,၄၀၀ ကျော်ကို အကြီးစားနှင့် အလတ်စားပြင်ဆင်မှုများပြုလုပ်ပေးခဲ့သည်။ အသေးစားပြင်ဆင်မှုနှင့် နေ့စဉ်၊ လစဉ် ကြုံခိုင်ရေး လုပ်ငန်းများကို တောတွင်းစက်ပြင်စခန်းများမှ ပုံမှန်ဆောင်ရွက်ပေးခဲ့သည်။

၄၆၀။ သစ်အခြေခံစက်မှုလုပ်ငန်းများ၏ အင်ဂျင်နီယာပိုင်းလုပ်ငန်းများကို အာရှဘဏ်၊ ကမ္ဘာ့ဘဏ် ချေးငွေဖြင့်ဆောင်ရွက်သည့် စီမံကိန်းကာလများအတွင်း၌လည်းကောင်း၊ ပုံမှန်အချိန်ကာလများတွင်လည်းကောင်း စက်အသီးသီး၌ တာဝန်ချထားသော အင်ဂျင်နီယာများနှင့် ဝန်ထမ်းများကလိုအပ်သည့် ပြုပြင်ထိန်းသိမ်းမှုများကို ဆောင်ရွက်ပေးခဲ့သည်။



၁၉၈၃ခုနှစ် မန္တလေးမြို့တွင် အမှတ်(၄၉)သစ်စက်အား
စစ်ဆေးနေပုံ

၄၆၁။ **ပြည်တွင်း/ပြည်ပရောင်းဝယ်ရေးနှင့်သစ်စက်ဌာနပေါ်ပေါက်လာခြင်း**[၁၁၇]။ ၁၉၈၆ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်နေ့မှစ၍ ရောင်းဝယ်ရေးနှင့်သစ်စက်ဌာနကို ပြည်ပရောင်း ဝယ်ရေးနှင့် သစ်စက်ဌာန၊ ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာနဟူ၍ ဌာန ၂ ခုကိုသီးခြားဖွဲ့စည်းပြီး ပြည်တွင်း/ပြည်ပ သစ်ထုတ်လုပ်ရောင်းချရေးလုပ်ငန်းများကို ပိုမိုအဆင်ပြေစွာဆောင်ရွက်နိုင်ခဲ့သည်။ ထိုစဉ်က ပြည်တွင်း ရောင်းဝယ်ရေးနှင့်သစ်စက်ဌာနတွင် ဒီဇယ်အင်ဂျင်သုံးသစ်စက် ၅၅ လုံး၊ လျှပ်စစ် ဓာတ်အားသုံးသစ်စက် ၁၇ လုံး၊ ရေနွေးငွေ့အားသုံး ၁၀ လုံး စုစုပေါင်းသစ်စက် ၈၂ လုံးရှိပြီး၊ သစ်ဆိုင် ၇၅ ဆိုင် ရှိသည်။ ပြည်ပရောင်းဝယ်ရေးနှင့်သစ်စက်ဌာနတွင် သစ်စက် ၉ စက်၊ အထပ်သားစက် ၅ စက်၊ ပရိဘောဂစက်ရုံ ၅ ရုံ နှင့် ပုံဖော်စက်ရုံ ၁ ရုံ ရှိသည်။ ထို့အပြင် သစ်လုံးရောင်းဝယ်ရေးဌာနစိတ် ၄ ခု ပါရှိပြီး ဝန်ထမ်းအင်အားမှာ အရာထမ်း ၁၅၆ ဦး၊ အမှုထမ်း ၈၉၂၃ ဦးဖြစ်သည်။

၄၆၂။ **ပုဂ္ဂလိကပိုင်ပြုလုပ်ခြင်း**။ ၁၉၉၀ ပြည့်နှစ်တွင် ပြည်သူပိုင်သိမ်းသစ်စက်များအား ပိုင်ရှင်များသို့ ပြန်လည်ပေးအပ်ခဲ့သည်။ စုစုပေါင်းသစ်စက် (၂၇) စက်ကို ပြန်လည်ပေးအပ်ပြီးဖြစ်သည်။ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်၏ ခွင့်ပြုချက်ဖြင့် စစ်ကိုင်းတိုင်း အမှတ် (၈၀) သစ်စက်ကို ပုဂ္ဂလိကပိုင်ပြုလုပ်ရေးမူအရ ရောင်းချခဲ့သည်။

သစ်တောကဏ္ဍမူဝါဒ၊ ဥပဒေ၊ ညွှန်ကြားချက်များပြင်ဆင်ပြောင်းလဲသတ်မှတ်ခြင်း

၄၆၃။ သစ်တော ကဏ္ဍမူဝါဒဥပဒေများကို ပြင်ဆင်ပြောင်းလဲမှုမရှိသော်လည်း အချို့သောလုပ်ထုံးလုပ်နည်းများနှင့် ညွှန်ကြားချက်များအား ဆောတ်ကာလနှင့် လျော်ညီစွာဆောင်ရွက်နိုင်ရန် ပြင်ဆင်ပြောင်းလဲခဲ့သည်။

သစ်တောထွက်ပစ္စည်းအခွန်တော်နှုန်းထားများပြင်ဆင်ပြောင်းလဲခြင်း[၁၁၈]

၄၆၄။ အဆိုပါ ကာလအတွင်း သစ်တောထွက်ပစ္စည်းများ၏ အခွန်တော်နှုန်းထားများအား ခေတ်ကာလနှင့် လိုက်လျောညီထွေမှု ရှိစေရန် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ဝန်ကြီးအဖွဲ့ စီးပွားရေးကော်မတီ၏ ၁၉၇၆ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့တွင်ကျင်းပသော (၂၄) ကြိမ်မြောက်အစည်းအဝေးမှတ်တမ်းနှင့် လယ်ယာနှင့်သစ်တော ဝန်ကြီးဌာန ဝန်ကြီးရုံး၏ ၁၉၇၆ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်စွဲပါ စာအမှတ် ၂/၁၇၀ (က) ၁၈/၇၆ တို့အရ တိုးမြှင့်ကောက်ခံခဲ့သည် -

---

[၁၁၇] သစ်တောရေးရာဝန်ကြီးဌာန၏ သိကောင်းစရာအချက်များပို့ချချက် ၂၀၀၂ ခုနှစ်၊ စာမျက်နှာ ၂၁။

[၁၁၈] ဘဏ္ဍာရေးဌာန၊ သစ်တောဦးစီးဌာန

စဉ်	သစ်တောထွက်ပစ္စည်း	ရေတွက်ပုံ	အခွန်တော်နှုန်းထားများ (ကျပ်)	
			၃၀-၁၀-၇၆ ရက်နေ့အထိ	၁-၁၁-၇၆ မှ ၁၆-၁၀-၈၈ ထိ
၁။	ကျွန်းသစ်လုံး	တစ်တန်	၁၄၀	၂၀၀
၂။	သစ်မာအုပ်စု (၁)	။	၂၄	၄၀
၃။	သစ်မာအုပ်စု (၂)	။	၁၂	၂၀
၄။	သစ်မာအုပ်စု (၃)	။	၈	၂၀
၅။	သစ်မာအုပ်စု (၄) (၅)	။	၆	၂၀
၆။	ထင်း	။	၁.၂၅	၂.၅၀
၇။	မီးသွေး	ပေါင် (၉၀) တစ်အိတ်	.၁၅	၁
၈။	ဝါး (အသေး)	လုံး (၁၀၀)	.၆၅	၂
၉။	ကြိမ် (အကြီး)	တစ်လုံး	၅၀	၁၀၀
၁၀။	ကြိမ် (အလတ်)	။	.၂	.၄
၁၁။	ကြိမ် (အသေး)	လုံး (၁၀၀)	.၅၀	၁
	(က) ကြက်ဥကြိမ်	။	.၅၀	၁
	(ခ) အခြားကြိမ်	။	.၅၀	၁
၁၂။	တိုင် (ကျွန်း)	တစ်လုံး	၃	၇.၅၀
၁၃။	တိုင် (သစ်မာ)	။	၁.၈၅	၅
၁၄။	မျော	လုံး (၁၀၀)	၇	၁၅

ကျွန်းနှစ်စဉ်တောထွက် ပြောင်းလဲသတ်မှတ်ခြင်း[၁၁၉]

၄၆၅။ သစ်တောဦးစီးဌာနသည် သစ်တောထွက်ပစ္စည်းများ စဉ်ဆက်မပြတ်ရရှိစေရေးအတွက် သစ်တောများကို စနစ်တကျ စီမံအုပ်ချုပ်ရာတွင် ကျွန်း သင်းသတ်ခြင်း၊ ကျွန်းစိုရိုက်မှတ်ခြင်းတို့မှာ အရေးကြီးသော လုပ်ငန်းရပ်များအဖြစ်ပါဝင်ပြီး အဆိုပါ လုပ်ငန်းများဆောင်ရွက်ရာတွင် နှစ်စဉ်တောထွက် (Annual Allowable Cut- AAC) အတွင်းမှ ထုတ်ယူရသည်။ ၁၉၄၅-၄၆ ခုနှစ်မှစတင်၍သတ်မှတ်ခဲ့သော နှစ်စဉ်တောထွက်မှာ တစ်နှစ်လျှင်ကျွန်းပင် ၁၇၃,၇၉၀ ပင်ဖြစ်သည်။ အဆိုပါနှစ်စဉ်တောထွက်ပမာဏသည် ၁၉၄၅-၄၆ ခုနှစ်မှ ၁၉၇၇-၇၈ ခုနှစ်ထိ တည်တံ့ခဲ့သည်။ ၁၉၇၈-၇၉ ခုနှစ်တွင် နှစ်စဉ်တောထွက်လျော့ကျမှုကြောင့် ဖြေရှင်းသည့်အနေဖြင့် ကန့်သတ်လုံးပတ် ၁ ပေ လျော့ချသတ်မှတ်ထုတ်ယူခဲ့သဖြင့် ကျွန်းနှစ်စဉ် တောထွက်မှာ ၂၄၆,၈၀၀ ပင် ဖြစ်ခဲ့သည်။ ၁၉၈၀-၈၁ ခုနှစ်တွင် မူလကန့်သတ်လုံးပတ်သို့ ပြန်လည်မြှင့်တင်ခဲ့သည်။

---

[၁၁၉] စီမံကိန်းနှင့်စာရင်းအင်းဌာန၊ သစ်တောဦးစီးဌာန

		တွက်ပုံ	အခွန်တော်နှုန်းထားများ (ကျပ်)	
			၃၀–၁၀–၇၆ ရက်နေ့အထိ	၁–၁၁–၇၆ မှ ၁၆–၁၀–၈၈ ထိ
		ပေါင် (၉၀) တစ်အိတ်	.၁၅	၁
၈။	ဝါး (အသေး)	လုံး (၁၀၀)	.၆၅	၂
၉။	ကြိမ် (အကြီး)	တစ်လုံး	၅၀	၁၀၀
၁၀။	ကြိမ် (အလတ်)	။	.၂	.၄
၁၁။	ကြိမ် (အသေး)	လုံး (၁၀၀)	.၅၀	၁
	(က) ကြက်ဥကြိမ်	။	.၅၀	၁
	(ခ) အခြားကြိမ်	။	.၅၀	၁
၁၂။	တိုင် (ကျွန်း)	တစ်လုံး	၃	၇.၅၀
၁၃။	တိုင် (သစ်မာ)	။	၁.၈၅	၅
၁၄။	မျော	လုံး (၁၀၀)	၇	၁၅

၄၆၅။ သစ်တောဦးစီးဌာနသည် သစ်တောထွက်ပစ္စည်းများ စဉ်ဆက်မပြတ်ရရှိစေရေးအတွက် သစ်တောများကို စနစ်တကျ စီမံအုပ်ချုပ်ရာတွင် ကျွန်း သင်းသတ်ခြင်း၊ ကျွန်းစိုရိုက်မှတ်ခြင်းတို့မှာ အရေးကြီးသော လုပ်ငန်းရပ်များအဖြစ်ပါဝင်ပြီး အဆိုပါ လုပ်ငန်းများဆောင်ရွက်ရာတွင် နှစ်စဉ်တောထွက် (Annual Allowable Cut- AAC) အတွင်းမှ ထုတ်ယူရသည်။ ၁၉၄၅–၄၆ ခုနှစ်မှစတင်၍သတ်မှတ်ခဲ့သော နှစ်စဉ်တောထွက်မှာ တစ်နှစ်လျှင်ကျွန်းပင် ၁၇၃,၇၉၀ ပင်ဖြစ်သည်။ အဆိုပါနှစ်စဉ်တောထွက်ပမာဏသည် ၁၉၄၅–၄၆ ခုနှစ်မှ ၁၉၇၇–၇၈ ခုနှစ်ထိ တည်တံ့ခဲ့သည်။ ၁၉၇၈–၇၉ ခုနှစ်တွင် နှစ်စဉ်တောထွက်လျော့ကျမှုကြောင့် ဖြေရှင်းသည့်အနေဖြင့် ကန့်သတ်လုံးပတ် ၁ ပေ လျော့ချသတ်မှတ်ထုတ်ယူခဲ့သဖြင့် ကျွန်းနှစ်စဉ် တောထွက်မှာ ၂၄၆,၈၀၀ ပင် ဖြစ်ခဲ့သည်။ ၁၉၈၀–၈၁ ခုနှစ်တွင် မူလကန့်သတ်လုံးပတ်သို့ ပြန်လည်မြှင့်တင်ခဲ့သည်။

[၁၁၉] စီမံကိန်းနှင့်စာရင်းအင်းဌာန၊ သစ်တောဦးစီးဌာန

းစိုက်ခင်းများ၏ ပန္နက်အကွာအဝေးများပြင်ဆင်သတ်မှတ်ခြင်း

၄၆၆။ ယခင်ကာလများက စီးပွားရေးစိုက်ခင်းများတည်ထောင်ရာ၌ အပင်တစ်ပင်နှင့်တစ်ပင် ပန္နက်အကွာအဝေးအား ၆ပေ× ၆ ပေ အကွာအဝေးဖြင့် တစ်ဧကလျှင်အပင်ပေါင်း ၁,၂၁၀ စိုက်ပျိုးခဲ့သည်။ သို့ရာတွင် သစ်စေ့ စုဆောင်းမှု အခက်အခဲအား ဖြေရှင်းရန်လည်းကောင်း၊ ရန်ပုံငွေသုံးစွဲမှုသက်သာစေရေးအတွက် လည်းကောင်း၊ သစ်တောပြုစုထိန်းသိမ်းရေးရှုထောင့်မှကြည့်လျှင် လက်ခံနိုင်သည့်အခြေအနေရှိသဖြင့်လည်းကောင်း၊ ပန္နက်အကွာအဝေးအား ၉ ပေ ×၉ ပေ သတ်မှတ်၍တစ်ဧကလျှင် အပင် ၅၄၀ နှုန်းဖြင့် ၂ နှစ်ခန့် စတင်စိုက်ပျိုးခဲ့ကြပြီးနောက် ဘဏ္ဍာငွေနှင့် လုပ်ငန်းဆောင်ရွက်တွက်ချက်မှု လွယ်ကူစေရန် လယ်ယာနှင့် သစ်တောရေးရာဝန်ကြီးဌာန၏လမ်းညွှန်မှုဖြင့် တစ်ဧကလျှင်အပင် ၆၀၀ နှုန်းသာစိုက်ပျိုးရန်အတွက် ပန္နက်အကွာအဝေးအား ၈၃ ပေ × ၈၃ ပေသို့ပြင်ဆင်ပြောင်းလဲခဲ့သည်။

၄၆၇။ သစ်တောကဏ္ဍအနေဖြင့်ပြည်တွင်း၌ ပိုမိုသုံးစွဲမှုနှင့်ပြည်ပသို့ တိုးချဲ့နိုင်ရေးအတွက် သစ်နှင့် သစ်တောထွက်ပစ္စည်းများ တိုးတက်ထွက်ရှိအောင် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ ထို့အပြင်သစ်တောများမပြုန်းတီးစေဘဲ သစ်နှင့်သစ်တောထွက်ပစ္စည်းများ တိုးတက်ထုတ်လုပ်နိုင်ရန်အတွက် အဖိုးတန်သစ်တောများပြန်လည်စိုက်ပျိုးထူထောင်ရေး၊ သစ်တောထိန်းသိမ်းရေး၊ သစ်တောကြိုးဝိုင်း ဧရိယာတိုးချဲ့ရေး၊ သစ်တောစိုက်ခင်းများ ပြုစုပျိုးထောင်ရေး စသည့် လုပ်ငန်းများ ကို နှစ်စဉ်တိုးချဲ့ဆောင်ရွက်ခဲ့သည်။

၄၆၈။ ပြည်သူ့လွှတ်တော်ကာလ (၁၉၇၄–၇၅ ခုနှစ်မှ ၁၉၈၇–၈၈ ခုနှစ်ထိ) အတွင်းကျွန်းသင်းသတ်ခြင်းလုပ်ငန်းကို ပျမ်းမျှနှစ်စဉ် ၁၉၆,၀၀၀ ပင်ခန့် (ပျမ်းမျှနှစ်စဉ်စီးပွားရေးစီမံကိန်းလျာထားချက်၏ ၁၁၁ ရာခိုင်နှုန်း)၊ သစ်မာပင်ထောင်တံဆိပ်ရိုက်မှတ်ခြင်းလုပ်ငန်းကို ပျမ်းမျှနှစ်စဉ် ၇၂၅,၀၀၀ ပင်ခန့် (ပျမ်းမျှနှစ်စဉ်စီးပွားရေးစီမံကိန်းလျာထားချက်၏ ၉၄ ရာခိုင်နှုန်း)၊ ပဝတ္ထိမျိုးဆက်ခြင်းကို နှစ်စဉ်ပျမ်းမျှ ၄၃,၀၀၀ ဧကခန့် ပြီးစီးအောင်ဆောင်ရွက်နိုင်ခဲ့သည်–

၁။	ကျွန်းသင်းသတ်ခြင်း	အပင်ပေါင်း	၂,၇၃၉,၆၇၄
၂။	ပင်ထောင်တံဆိပ်ရိုက်မှတ်ခြင်း	–။–	၁၀,၁၅၁,၁၉၅
၃။	အုပ်မိုးကာဆိုင်းခုတ်လှဲခြင်း	ဧက	၄၂၈,၅၈၈
၄။	ပဝတ္ထိမျိုးဆက်ခြင်း	–။–	၆၀၆,၉၈၄

[၁၂၀] သစ်တောဦးစီးဌာနဆိုင်ရာအချက်အလက်များ၊၂၀၀၃ ခုနှစ်

၅။	ခမ္မတာမျိုးဆက်ခြင်း	– ။ –	၁၈၁,၇၁၉
၆။	ပေါင်းသင်ရှင်းလင်းခြင်း	– ။ –	၃,၁၅၅,၄၇၂
၇။	ပင်ကြပ်နူတ်ခြင်း	– ။ –	၁၉၈,၉၅၃
၈။	နွယ်ဖြတ်ခြင်း၊ ညောင်ပတ်လဲခြင်း	– ။ –	၇,၂၉၇,၃၂၂
၉။	သစ်တောလမ်းများပြင်ဆင်ခြင်း	မိုင်	၁၆,၅၆၁
၁၀။	ကြိုးဝိုင်းနယ်နိမိတ်ပြင်ဆင်ခြင်း	– ။ –	၁၆,၃၀၆
၁၁။	အကွက်နယ်နိမိတ်ပြင်ဆင်ခြင်း	– ။ –	၂၃,၀၈၆
၁၂။	ကြိုးဝိုင်းသစ်တောများတိုးချဲ့ဖွဲ့စည်းခြင်း	စတုရန်းမိုင်	၁,၄၂၉
၁၃။	မီးကာကွယ်ခြင်း	ဧက	၆,၄၀၁,၉၅၃

ကြိုးဝိုင်းတိုးချဲ့ဖွဲ့စည်းခြင်း:[၁၂၁]

၄၆၉။ အဆိုပါ ၁၄ နှစ်တာ ကာလအတွင်း စုစုပေါင်းဧရိယာ ၁,၄၂၉ စတုရန်းမိုင်ခန့်ကို ကြိုးဝိုင်းအဖြစ် သတ်မှတ်ဆောင်ရွက်နိုင်ခဲ့သည်။ သို့ဖြစ်ရာ ၁၉၈၇–၈၈ ခုနှစ်အဆုံး၌ ကြိုးဝိုင်း ဧရိယာ စုစုပေါင်းမှာ ၃၈,၈၄၁ စတုရန်းမိုင်ဖြစ်လာသည်။

သဘာဝထိန်းသိမ်းရေးနယ်မြေများ တည်ထောင်ခြင်း:[၁၂၂]

၄၇၀။ ၁၉၈၅ ခုနှစ်တွင် ပြည်သူလုပ်အားနေရာချထားရေးအဖွဲ့လက်အောက်မှ တောရိုင်းတိရစ္ဆာန်နှင့် ဘေးမဲ့တောများ ထိန်းသိမ်း ရေးလုပ်ငန်းများကို သစ်တောဦးစီးဌာနလက်အောက်သို့ လွှဲပြောင်းရယူခဲ့သည်။ ထို့နောက် ၁၉၈၂ ခုနှစ်တွင် မင်္ဂလာဒုံမြို့နယ်ရှိ လှော်ကားဥယျာဉ်နှင့် ၁၉၈၅ ခုနှစ်တွင် ကျောက်ပန်းတောင်းမြို့နယ်ရှိ ပုပ္ပားတောင်ဥယျာဉ်တို့အား ဥယျာဉ်များအဖြစ်လည်းကောင်း၊ ၁၉၈၄ ခုနှစ်တွင် ယင်းမာပင်မြို့နယ်ရှိ အလောင်းတော်ကဿပဥယျာဉ်အား အမျိုးသားဥယျာဉ် (National Park) အဖြစ် တိုးမြှင့် တည်ထောင် ဖွဲ့စည်းခဲ့သည်။

သစ်တောများပြန်လည်ထူထောင်ခြင်း:[၁၂၃]

၄၇၁။ ပျက်စီးလျှက်ရှိသော ဒေသန္တရ ထောက်ပံ့ရေးကြိုးဝိုင်းများကို ပြန်လည်ထူထောင်ရန် ၁၉၅၀ ပြည့် လွန်နှစ်များတွင်ကြိုးပမ်းဆောင်ရွက်ခဲ့ကြသော်လည်း ဝန်ထမ်းမလုံလောက်မှုနှင့် ဘဏ္ဍာငွေအခက်အခဲ တို့ကြောင့်အရာမထင်ဖြစ်ခဲ့ရသည်။ ထိုအချိန်က ဒေသခံလူထုဖွံ့ဖြိုးမှုအစီအစဉ် စီမံကိန်းလုပ်ငန်းများ၌ ၄င်းတို့ကိုယ်တိုင်ပါဝင်ပတ်သက်လာမှုနှင့် လူထု ပညာပေး အစီအစဉ်များကို အလေးပေးရမှန်းမသိခဲ့ကြပေ။

၄၇၂။ သစ်တောသယံဇာတများကို အသုံးချရာတွင် သစ်တောများကို စနစ်တကျအုပ်ချုပ်လုပ်ကိုင်ခြင်း၊ သစ်တောများ ပြန်လည်ထူထောင်ခြင်းဖြင့် အစားထိုးသွားနိုင်သည်ဟုဆိုသော်လည်း တိုးတက်လာသော လူဦးရေနှင့် စနစ်တကျထုတ်ယူသုံးစွဲမှု အားနည်းချက်များကြောင့် သစ်တောဧရိယာများ လျင်မြန်စွာ

---

[၁၂၁] စီမံကိန်းနှင့်စာရင်းအင်းဌာန၊ သစ်တောဦးစီးဌာန

[၁၂၂] သဘာဝဝန်းကျင်နှင့် သားငှက်ထိန်းသိမ်းရေးဌာန၊ သစ်တောဦးစီးဌာန

[၁၂၃] သဘာဝသစ်တောများနှင့်ရင်ဘောင်တန်းလာသောသစ်တောစိုက်ခင်းများ (ဦးအုန်း)

ယုတ်လျော့ပျက်စီးနေ၍ အချိန်မီပြန်လည်ကုစားရန် အခြေအနေဖြစ်ပေါ်ခဲ့ရသည်။ အုပ်မိုးကာဆိုင်းခုတ်လှဲခြင်း၊ နွယ်ဖြတ် ညောင်ပတ်ပင်များလှဲခြင်း၊ ပင်ကြပ်နုတ်ခြင်းစသည့် သစ်တောပြုစုပျိုးထောင်ခြင်းလုပ်ငန်းများကို သဘာဝတောများနှင့် သစ်တောစိုက်ခင်းများတွင် ၁၉၇၀ ခုနှစ်နှင့် ၁၉၈၀ ပြည့်လွန်နှစ်များအတွင်းက နှစ်စဉ် တိုးတက်ဆောင်ရွက်ခဲ့ကြသည်။ သို့ရာတွင် ရေမြေထိန်းသိမ်းရန်အတွက် သစ်တောဖုံးလွှမ်းမှု အလုံအလောက်ရှိစေရန် အတွက်သော်လည်းကောင်း၊ ပြည်တွင်းပြည်ပအတွက်လိုအပ်သည့် သစ်နှင့်အခြား သစ်တောထွက်ပစ္စည်းများ အလုံအလောက် ဖြည့်စွမ်းပေးနိုင်ရန်သော်လည်းကောင်း၊ သစ်တောပြုစုထိန်းသိမ်း အုပ်ချုပ်ရုံမျှနှင့် မလုံလောက်တော့သည့်အခြေအနေတွင် ရှိနေပေသည်။ ပျက်စီးယိုယွင်းလျက်ရှိသော သစ်တောများ၏အခြေအနေကိုကုစားရန်မှာ စီးပွားရေးစက်မှုကုန်ကြမ်း၊ ရေဝေရေလဲထိန်းသိမ်းကာကွယ်ရေး၊ ဒေသန္တရထောက်ပံ့ရေး၊ ကျေးလက်ဒေသထောက်ပံ့ရေး အစရှိသော သစ်တောစိုက်ခင်းများကို သဘာဝဝန်းကျင်ပျက်စီးမှုမရှိစေဘဲ စိုက်ပျိုးတည်ထောင်သွားရန်ဖြစ်သည်။

၄၇၃။ **သစ်တောစိုက်ခင်းများတည်ထောင်ခြင်း**။ စစ်ပြီးခေတ်နောက်ပိုင်း မြန်မာ့လူဦးရေ တိုးပွားမှုနှုန်း မြင့်တက်လာခဲ့ရာ ၁၉၇၀ ခုနှစ်တွင် ၂၈.၉ သန်း၊ ၁၉၈၃ ခုနှစ်တွင် ၃၅.၃ သန်းဖြစ်လာပြီး ၁၉၈၈ ခုနှစ်တွင် ၃၈ သန်းဖြစ်လာသည်။ ၁၉၉၂-၉၃ ခုနှစ်စာရင်းအရ မြန်မာ့လူဦးရေပမာဏသည် ၄၂.၃၃ သန်းရှိသည်ဟုခန့်မှန်းထားရာ ၄င်းပမာဏသည် စစ်မဖြစ်မီကာလ၏ ၃ ဆမျှဖြစ်လာစေသည်။ ဤမျှတိုးပွားလာသောလူဦးရေအတွက် သစ်၊ လောင်စာထင်းနှင့် အခြားသစ်တောထွက်ပစ္စည်းများ လိုအပ်မှု ပမာဏများပြားလာမည်ဖြစ်သည်။

၄၇၄။ သစ်တောဦးစီးဌာနသည် ၁၉၇၀ ပြည့်လွန်နှစ်ဦးပိုင်းက အထက်အာဏာပိုင်များသို့ သစ်တောစိုက်ခင်းများနှင့်ပတ်သက်သော မူဝါဒတစ်ခု ချမှတ်ပေးရန်ကြိုးပမ်းခဲ့သည်။ ကြိုးပမ်းချက်မှာ "အတိတ်ကမတန်တဆသစ်ခုတ်လုပ်ခဲ့သည်များကို ကာမိစေရန်နှင့် အနာဂတ်အတွက် သစ်အရင်းအမြစ်အဖြစ် တည်ထောင်ထုတ်လုပ်သွားနိုင်ရန် ယခင်ကသစ်တောများမှ သစ်လုံးတန် ၄၀ ထုတ်ယူပြီးခဲ့တိုင်း သစ်တော စိုက်ခင်းဧရိယာ တစ်ဧကနှုန်းဖြင့် တည်ထောင်သွားပြီး အတိတ်ကြွေးကို ဆပ်ရန်" ဟူ၍ ဖြစ်သည်။ ဤသို့တန် ၄၀ သတ်မှတ်ရခြင်းမှာ အိန္ဒိယနှင့် မြန်မာသစ်တောစိုက်ခင်း ပုံသေဇယားများတွင် ပျမ်းမျှ အဆင့်အတန်းရှိသော စိုက်ခင်းတစ်ဧကရှိ ရောင်းတန်းဝင် သစ်လုံးများ၏ ကုဗတန်ပမာဏမှာ တန် ၄၀ ခန့် ရရှိထားခြင်းကိုအခြေခံ၍ သတ်မှတ်ပေးခြင်းဖြစ်သည်။ ဤသတ်မှတ်ချက်ကို ၁၉၇၀ ခုနှစ်နှင့် ၁၉၈၀ ပြည့်လွန်နှစ်များအတွက် သစ်တောစိုက်ခင်းမူဝါဒအဖြစ် လက်ခံခဲ့ကြသည်။

၄၇၅။ သစ်တောစိုက်ခင်းများကို နိုင်ငံတော်သစ်တောစီမံကိန်းများတွင် တတိယလေးနှစ်၊ စတုတ္ထလေးနှစ်၊ ပဉ္စမလေးနှစ်စီမံကိန်းများအဖြစ် ထည့်သွင်းရေးဆွဲအကောင်အထည်ဖော်ခဲ့ကြသည်။ ၁၉၇၈-၇၉ ခုနှစ်တွင် စိုက်ခင်းဧရိယာ ၁၁,၀၀၀ ဧကဖြင့်စတင်ခဲ့ပြီး နှစ်စဉ်ဧက ၁,၀၀၀ တိုး၍စိုက်ပျိုးခဲ့ကြသည်။ ၁၉၈၅-၈၆ ခုနှစ်တွင် အမြင့်ဆုံးဧရိယာပမာဏဧက ၉၀,၀၀၀ အထိစိုက်ပျိုးခဲ့သည်။ ကျွန်းနှင့် အခြားသစ်မာ သစ်မျိုးများပါဝင်သည့် စီးပွားရေးစိုက်ခင်းမျိုးကို ၅၀ ရာခိုင်နှုန်း၊ ကျေးရွာသုံး ထင်းစိုက်ခင်းကို ၂၅ ရာခိုင်နှုန်း၊ စက်မှုကုန်ကြမ်းနှင့် ရေဝေရေလဲစိုက်ခင်းကို ၂၅ ရာခိုင်နှုန်းဖြင့် တည်ထောင်ရန် လျာထား

ခဲ့သော်လည်း အမှန်ဆောင်ရွက်ရာတွင် စီးပွားရေးစိုက်ခင်းများကိုဦးစားပေး၍ ၅၀ ရာခိုင်နှုန်းထက်ကျော်လွန်စိုက်ပျိုးခဲ့ပြီး စက်မှုကုန်ကြမ်းနှင့် ရေဝေရေလဲစိုက်ခင်းတို့မှာ ၂၅ ရာခိုင်နှုန်း ထက်လျော့နည်းခဲ့သည်။

၄၇၆။ ၁၉၈၃ ခုနှစ်တွင် အမြဲတန်းနှင့် ယာယီဝန်ထမ်းအင်အား ၁၀,၆၂၅ ဦး ခွင့်ပြုရရှိခဲ့ပြီးနောက် ၁၉၈၄–၈၅ ခုနှစ်တွင် တစ်နိုင်ငံလုံးတွင် သစ်တောစိုက်ခင်းဒေသ သုံးခုခွဲခြားပြီး ၁၉၈၈–၈၉ ခုနှစ်အထိ ငါးနှစ်အတွင်း သစ်တောစိုက်ခင်း ၃၇၆,၂၃၂ ဧကကို စိုက်ပျိုးတည်ထောင်နိုင်ခဲ့သည်။

(က) စိုက်ခင်းဒေသ (၁) အတွင်း ပဲခူးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်း၊ တနင်္သာရီတိုင်းနှင့် မွန်ပြည်နယ်။

(ခ) စိုက်ခင်းဒေသ (၂) အတွင်း စစ်ကိုင်းတိုင်း၊ မကွေးတိုင်း၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကရင်ပြည်နယ်။

(ဂ) စိုက်ခင်းဒေသ (၃) အတွင်း မန္တလေးတိုင်း၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်နှင့် ကချင်ပြည်နယ်တို့ပါရှိသည်။

၁၉၇၄ ခုနှစ်မှ ၁၉၈၈ ခုနှစ်ထိ သစ်တောစိုက်ခင်းများ[၁၂၄]

(ဧက)

စဉ်	ခုနှစ်	စိုက်ခင်းအမျိုးအစား:				စုစုပေါင်း
		စီးပွားရေး	ကျေးရွာသုံး	စက်မှုကုန်ကြမ်း	ရေဝေရေလဲ	
၁	၂	၃	၄	၅	၆	၇
၁။	၁၉၇၄	၂,၂၇၆	၃,၉၈၃	၈၂	–	၆,၃၄၁
၂။	၁၉၇၅	၂,၉၁၆	၄,၆၂၁	၅၉	–	၇,၅၉၆
၃။	၁၉၇၆	၃,၇၃၁	၃,၉၃၂	၅၉	–	၇,၇၂၂
၄။	၁၉၇၇	၅,၀၅၈	၃,၇၉၁	၉၉	–	၈,၉၄၈
၅။	၁၉၇၈	၅,၅၆၂	၅,၀၂၄	၄၉	–	၁၀,၆၃၅
၆။	၁၉၇၉	၇,၉၂၇	၈,၀၃၆	၅၁၉	၁၅၁	၁၆,၆၃၃
၇။	၁၉၈၀	၂၀,၇၆၉	၁၀,၈၉၅	၅၆၄	၁,၁၁၉	၃၃,၃၄၇
၈။	၁၉၈၁	၂၈,၄၀၀	၉,၀၂၉	၆၉၉	၄,၄၉၀	၄၂,၆၁၈
၉။	၁၉၈၂	၃၆,၂၃၈	၈,၆၂၆	၁,၃၀၀	၈,၇၈၀	၅၄,၉၄၄
၁၀။	၁၉၈၃	၄၀,၂၈၆	၁၅,၄၀၇	၁,၉၀၀	၁၀,၆၃၅	၆၈,၂၂၈
၁၁။	၁၉၈၄	၄၅,၇၅၄	၁၇,၀၆၈	၃,၅၄၁	၉,၇၈၅	၇၆,၁၄၈
၁၂။	၁၉၈၅	၄၆,၀၂၆	၂၆,၄၆၇	၆,၈၆၀	၁၀,၄၄၈	၈၉,၈၀၁

[၁၂၄] သစ်တောဦးစီးဌာနဆိုင်ရာအချက်အလက်များ၊ ၂၀၀၃ ခုနှစ်

စဉ်	ခုနှစ်	စိုက်ခင်းအမျိုးအစား				စုစုပေါင်း
		စီးပွားရေး	ကျေးရွာသုံး	စက်မှုကုန်ကြမ်း	ရေဝေရေလဲ	
၁	၂	၃	၄	၅	၆	၇
၁၃။	၁၉၈၆	၄၆,၇၄၅	၁၉,၆၈၉	၈,၅၁၅	၆,၄၆၂	၈၁,၄၁၁
၁၄။	၁၉၈၇	၄၂,၈၀၄	၁၆,၆၃၀	၁၃,၆၉၀	၆,၇၁၁	၇၉,၈၃၅
၁၅။	၁၉၈၈	၄၀,၄၈၀	၁၄,၃၂၉	၁၂,၂၅၀	၆,၈၆၁	၇၃,၉၂၀
စုစုပေါင်း		၃၇၄,၉၇၂	၁၆၇,၅၂၇	၅၀,၁၈၆	၆၅,၄၄၂	၆၅၈,၁၂၇

၄၇၇။ ပြည်သူ့လွှတ်တော်ကာလအတွင်း နှစ်စဉ်ပျမ်းမျှ စီးပွားရေးစိုက်ခင်း ၂၄,၉၉၈ ဧက၊ ကျေးရွာသုံးထင်းစိုက်ခင်း ၁၁,၁၆၈ ဧက၊ စက်မှုကုန်ကြမ်းစိုက်ခင်း ၃,၃၄၆ ဧကနှင့် ရေဝေရေလဲစိုက်ခင်း ၄,၃၆၃ ဧက၊ သစ်တောစိုက်ခင်း နှစ်စဉ်ပျမ်းမျှ စုစုပေါင်း ၄၃,၈၅၅ ဧကခန့်တည်ထောင်ခဲ့သည်။

၄၇၈။ သစ်တောစိုက်ခင်းများကို နိုင်ငံတစ်ဝန်း ကျယ်ကျယ်ပြန့်ပြန့်တည်ထောင်ရာတွင် ရန်ပုံငွေ၊ ယာဉ်၊ ယန္တရား၊ စက်ပစ္စည်းများ လမ်းဖောက်လုပ်ပေးခြင်းအပြင် သစ်တောပျိုးခင်းများတည်ထောင်ရန် လိုအပ်ပေရာ သစ်တောဦးစီးဌာနအနေဖြင့် ၁၉၇၆ ခုနှစ်နောက်ပိုင်းတွင် ပဲ့ပိုးမှုများအပြည့်အဝရှိခဲ့သည်။ အဓိကပဲ့ပိုးမှုမှာ ၁၉၇၉–၈၀ ခုနှစ်မှ ၁၉၈၆–၈၇ ခုနှစ်အထိ ကမ္ဘာ့ဘဏ်ချေးငွေဖြင့်ဆောင်ရွက်ခဲ့သော အရှေ့ပဲခူးရိုးမစိုက်ခင်းစီမံကိန်းဖြစ်၍ ဒုတိယစိုက်ခင်းစီမံကိန်းမှာ မန္တလေးတိုင်းနှင့် ရှမ်းပြည်နယ်တို့တွင်ဆောင်ရွက်ခဲ့သည့် အာရှဘဏ် (၂) စီမံကိန်းတို့ဖြစ်သည်။

၄၇၉။ **အရှေ့ပဲခူးရိုးမသစ်တောစိုက်ခင်းစီမံကိန်း (East Pegu Yoma Project)**[၁၂၅]။ တိုးတက်များပြားလာသည့်လူဦးရေနှင့် သစ်တောထွက်ပစ္စည်းများ ထုတ်ယူသုံးစွဲမှုပမာဏတို့ကြောင့် ကမ္ဘာနှင့်အဝန်း တည်ရှိပြီးသော သဘာဝသစ်တောများကို အစားထိုးဖြည့်စွက်ပေးရန်လိုအပ်လာခဲ့သည်။ အဖိုးတန် ကျွန်းနှင့် အခြားစမ်းသပ်သစ်မျိုး သစ်တောစိုက်ခင်းများ တိုးချဲ့စိုက်ပျိုးနိုင်ရန်အတွက် ၁၉၇၉ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် လက်မှတ်ရေးထိုးစာချုပ်ချုပ်ဆိုပြီး ကမ္ဘာ့ဘဏ်အိုင်ဒီအေချေးငွေ/ ထောက်ပံ့ငွေ အမေရိကန်ဒေါ်လာ ၃.၉ သန်းနှင့် နိုင်ငံတော်မှကျခံငွေအပါအဝင် စုစုပေါင်းကျပ်ထောင်ပေါင်း ၆၀,၁၁၂ ဖြင့် အရှေ့ပဲခူးရိုးမသစ်တောစိုက်ခင်းစီမံကိန်းကို အကောင်အထည်ဖော်ခဲ့သည်။ စိုက်ခင်းစီမံကိန်းတွင် မန္တလေးတိုင်းမှ တပ်ကုန်း၊ ပျဉ်းမနား၊ လယ်ဝေးနှင့် ပဲခူးတိုင်းမှ ရေတာရှည်၊ တောင်ငူ၊ အုတ်တွင်း၊ ကျောက်တံခါး၊ ဒိုက်ဦး၊ ပဲခူးမြို့နယ်တို့ပါဝင်သည်။ စီမံကိန်းကာလမှာ ၁၉၇၉–၈၀ ခုနှစ်မှ ၁၉၈၄–၈၅ ခုနှစ် အထိ ၆ နှစ်ဖြစ်သည်။

၄၈၀။ အဆိုပါစီမံကိန်းအား ကျွန်းနှင့်သစ်မာများ ပိုမိုထုတ်လုပ်နိုင်ခြင်းအားဖြင့် နိုင်ငံတော်အတွက်

[၁၂၅] သဘာဝတောများနှင့် ရင်ဘောင်တန်းလာသောသစ်တောစိုက်ခင်းများ (ဦးအုန်း)

နိုင်ငံခြားငွေပိုမိုရရှိလာနိုင်စေရန်၊ လုပ်သားပြည်သူများအတွက် ပြည်တွင်းသုံးသစ်ခွဲသားများပိုမို၍ ဖြန့်ဖြူးရောင်းချလာနိုင်စေရန်၊ **အစားထိုးစီးပွားရေးကျွန်းစိုက်ခင်းများ** ပိုမိုတွင်ကျယ်စွာတည်ထောင်သွားခြင်းဖြင့် ကျွန်းတောထွက်အင်အား **ပိုမိုမြင့်မားတည်တန့်လာနိုင်စေရန်**၊ ပြည်တွင်း/ပြည်ပ သစ်မျိုးများကို စမ်းသပ်စိုက်ပျိုး သုတေသနပြုခြင်း**အားဖြင့်** အနာဂတ်တွင် သစ်အမျိုးမျိုးကိုအခြေခံသည့် စက်မှုလက်မှုလုပ်ငန်းများ တည်ထောင်လာနိုင်ရေး**တွင်** နိုင်ငံတော်အတွက် အကျိုးဖြစ်ထွန်းလာနိုင်**စေရန် စသည့်** ရည်ရွယ်ချက်များဖြင့်ဆောင်ရွက်ခဲ့သည်။

၄၈၁။ **စီမံကိန်းကာလအတွင်း ကျွန်းစိုက်ခင်း ၄၀,၆၀၇ ဧကနှင့် စမ်းသပ်သစ်စိုက်ခင်း ၆,၉၁၁ ဧက စုစုပေါင်း** ဧက ၄၇,၅၁၈ ဧကစိုက်ပျိုးခဲ့ခြင်းဖြင့် ၁၃၃ **ရာခိုင်နှုန်း**ဆောင်ရွက်နိုင်ခဲ့ပြီး စိုက်ခင်းများ**လည်း** အောင်မြင်မှုရှိခဲ့သည်။

၄၈၂။ သစ်တောဦးစီးဌာနအနေဖြင့် အရှေ့ပဲခူးရိုးမ သစ်တောစိုက်ခင်း (ကမ္ဘာ့ဘဏ်) စီမံကိန်းကို အကောင်အထည်ဖော်ခြင်းကြောင့် ဖော်ပြပါသစ်တောစိုက်ခင်းများ အောင်မြင်စွာတည်ထောင်နိုင်သည်သာမက အကျိုးဆက်အနေဖြင့်ကျူးကျော်တောင်ယာ ၄၇,၅၁၈ ဧကကို ကြိုးဝိုင်းများအတွင်းမှဖယ်ရှားနိုင်ခြင်း၊ **စီမံကိန်းကာလအတွင်း**အရာထမ်း ၁၃ ဦးနှင့် အမှုထမ်း ၃၃၅ ဦးတို့အား**ခန့်ထား**နိုင်ခြင်း၊ အိမ်ထောင်တစ်စုလျှင် ၅ ဧကနှုန်းဖြင့် အိမ်ထောင်စု ၉,၅၀၀ ခန့်ကိုအလုပ်ပေးနိုင်ခြင်း၊ တောင်ယာအလုပ်သမားများသို့ လုပ်အားခနှင့်စိုက်ပျိုးသီးနှံမှ ဝင်ငွေတို့ကိုရရှိစေခြင်း စသည့်အကျိုးကျေးဇူးများရရှိခဲ့သည်။

၄၈၃။ **ပလပ်စတစ်ပျိုးအိတ်များဖြင့် ပျိုးထောင်စိုက်ပျိုးမှုအစ** ။ အပူပိုင်းသစ်တောနယ် (Dry Zone Forest Division) ဖွဲ့စည်းဆောင်ရွက်စဉ်က ယူကလစ် သစ်စေ့များကို ပလပ်စတစ်အိတ်ဖြင့် ပျိုးထောင်ခြင်းအား ဧရိယာပမာဏ အနည်းအကျဉ်းဖြင့်သာ စတင်နိုင်ခဲ့သော်လည်း ယခု အရှေ့ပဲခူးရိုးမ **သစ်တော**စိုက်ခင်း စီမံကိန်းတွင် သစ်တောစိုက်ခင်းဧရိယာများစွာ တည်ထောင်ရန်အတွက် ပျိုးပင် **အမြောက်**အများကို ပလပ်စတစ်အိတ်ဖြင့် ပျိုးထောင်ခြင်းစတင်ခဲ့သည်ဟုဆိုနိုင်သည်။ **အဆိုပါ စီမံကိန်း**မှ ပလပ်စတစ် အစေ့ (Polythelene Seeds)များကို မလေးရှားမှမှာယူတင်သွင်း၍ **စက်မှုလက်မှု**ကုန်ထုတ်သမနှင့် ပုဂ္ဂလိကစက်ရုံအချို့ထံ အပ်နှံ၍ ပလပ်စတစ်ပျိုးအိတ်များ ထုတ်လုပ်**အသုံးပြု**ခဲ့သည်။

၄၈၄။ **အာရှဖွံ့ဖြိုးရေးဘဏ် စိုက်ခင်းစီမံကိန်း** [၁၂၆] ။ အာရှဖွံ့ဖြိုးရေးဘဏ် စိုက်ခင်း**စီမံကိန်း**တွင် သစ်တောခရိုင် ၇ ခုဖြစ်သည့် မြစ်ကြီးနား၊ ဗန်းမော်၊ မိုးမိတ်၊ မန္တလေး/ပြင်ဦးလွင်၊ မိတ္ထီလာ၊ ရှမ်းပြည်နယ် (တောင်) နှင့် ရှမ်းပြည်နယ် (မြောက်) တို့ပါဝင်ပြီး ဧရိယာစုစုပေါင်းမှာ ၇၆,၀၀၀ စတုရန်းမိုင်ဖြစ်သည်။ **မူလစီမံကိန်း**ကာလမှာ ၁၉၈၂ ခုနှစ်၊ စက်တင်ဘာလ ၁ ရက် မှ ၁၉၈၈ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့**အထိဖြစ်ပြီး ကျွန်းစိုက်ခင်း** ၁၅,၅၀၀ ဧက နှင့် ထင်းရှူးစိုက်ခင်း ၆,၅၀၀ ဧက၊ စုစုပေါင်း ၂၂,၀၀၀ ဧက **စိုက်ပျိုးရန်လျာထား**ခဲ့သည်။ (ထပ်မံ၍ စီမံကိန်းကာလ သက်တမ်း ကို ၁၉၉၃ ခုနှစ်၊

[၁၂၆] သဘာဝတောများနှင့် ရင်ဘောင်တန်းလာသောသစ်တောစိုက်ခင်းများ (ဦးအုန်း)

မတ်လ ၃၁ ရက်နေ့အထိ သုံးကြိမ်တိုးမြှင့်ခဲ့သည်။ စုစုပေါင်း စီမံကိန်း ကာလမှာ ၁၀ နှစ် ၇ လ ဖြစ်သည်။) ရုံးချုပ်နေရာကိုပုသိမ်ကြီးမြို့နယ်တွင် ရွေးချယ်ဆောက်လုပ်ခဲ့သည်။

၄၈၅။ **အဆိုပါစီမံကိန်းကို** အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်၏ သစ်တော သယံဇာတများကို ထိန်းသိမ်းနိုင်ရန်၊ သစ်လုံးနှင့် သစ်ခွဲသားများကို နိုင်ငံခြားသို့ အမြောက်အမြား တင်ပို့ရောင်းချခြင်းဖြင့် နိုင်ငံတော်၏ နိုင်ငံခြားဝင်ငွေတိုးတက်ရရှိစေရန်၊ ပြည်တွင်းစျေးကွက်သို့ သစ်ခွဲသားများလုံလောက်စွာ ပေးဝေနိုင်ရန်စသည့် ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်ခဲ့သည်။

၄၈၆။ ချေးငွေစာချုပ်အရ အာရှဖွံ့ဖြိုးရေးဘဏ်မှ မြန်မာနိုင်ငံသို့အမေရိကန်ဒေါ်လာ ၂၅ သန်း ချေးခဲ့သည်။ အဆိုပါချေးငွေများအနက် မြန်မာ့သစ်လုပ်ငန်းသို့ အမေရိကန်ဒေါ်လာ ၂၂.၇ သန်းနှင့် သစ်တောဦးစီးဌာနသို့ အမေရိကန်ဒေါ်လာ ၂.၃ သန်း ဘတ်ဂျက်ခွဲဝေပေးခဲ့ပြီး စီမံကိန်းကာလအတွင်း ကျွန်းစိုက်ခင်း ၁၉,၉၇၁ ဧက၊ ထင်းရှူးစိုက်ခင်း ၇,၃၀၀ ဧက၊ စုစုပေါင်း ၂၇,၂၇၁ ဧက (၁၂၄ ရာခိုင်နှုန်း) ကို တည်ထောင် စိုက်ပျိုးနိုင်ခဲ့သည်။

၄၈၇။ ၄င်းအပြင် စက်များ၊ ကိရိယာတန်ဆာပလာများ၊ ယာဉ်များနှင့်အခြားပစ္စည်းများကို ဘဏ်၏ ညွှန်ကြားချက်အတိုင်းဝယ်ယူခြင်း၊ လမ်းဖောက်လုပ်ခြင်း၊ အဆောက်အအုံဆောက်လုပ်ခြင်း၊ စီမံကိန်းနှင့် သက်ဆိုင်သောသင်တန်းများသို့ ဝန်ထမ်းများစေလွှတ်သင်ကြားစေခြင်း စသည့်စီမံကိန်း၏ အဓိကဆောင်ရွက်ရမည့်လုပ်ငန်းများကို မူလစီမံကိန်းကာလ ၆ နှစ်အတွင်းပြီးစီး၍ အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့သည်။

၄၈၈။ **ကင်းတားဆည်ရေဝေရေလဲထိန်းသိမ်းရေးရှေ့ပြေးစီမံကိန်း**[၁၂၇]။ ၁၉၇၅ ခုနှစ် နောက်ပိုင်းတွင် နိုင်ငံတော်အစိုးရသည် ဘက်စုံရေဝေရေလဲစီမံအုပ်ချုပ်ခြင်း အစီအစဉ်တစ်ရပ်ကို အကောင် အထည်ဖော်ဆောင်ရွက်ရန် UNDP နှင့် FAO တို့မှ နည်းပညာအကူ အညီများတောင်းခံ ခဲ့သဖြင့် UNDP နှင့် FAO တို့၏အစီအစဉ်အရ ၁၉၈၇ ခုနှစ်တွင် ကင်းတားဆည် ရေဝေရေလဲ ထိန်းသိမ်းရေး ရှေ့ပြေးစီမံကိန်းကို စတင်အကောင်အထည်ဖော်ခဲ့သည်။

၄၈၉။ စီမံကိန်းအမှတ် MYA /၈၁ /၀၀၃ ဖြင့် ၁၉၈၇ ခုနှစ်မှ စတင်၍ ရှမ်းပြည်နယ်တောင်ပိုင်း ရွာငံမြို့နယ်တွင် ဆောင်ရွက်ခဲ့သည်။ နိုင်ငံတော်အစိုးရမှထည့်ဝင်ငွေကျပ် ၃၄ သန်း UNDP မှ ထည့်ဝင် ငွေအမေရိကန်ဒေါ်လာ ၃.၃ သန်းဖြင့် ဆောင်ရွက်ခဲ့သည်။ ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများမှာ ရေဝေရေလဲစိုက်ခင်းများတည်ထောင်ခြင်း၊ ရေရှရှိရေးအတွက် ကန်များ၊ ဆည်ငယ်များ ဒေသခံပြည်သူ လူထုနှင့်ပူးပေါင်းဆောင်ရွက်ခြင်း၊ သီးနှံသစ်တောရောနှောစိုက်ခင်းများတည်ထောင်ခြင်း၊ ကျေးရွာလူထု ဝင်ငွေတိုးလုပ်ငန်းများ စသည်တို့ဖြစ်သည်။

သစ်တောသယံဇာတစာရင်း ကောက်ယူရေးစီမံကိန်း[၁၂၈]

၄၉၀။ သစ်တောများကို စနစ်တကျ စီမံအုပ်ချုပ်နိုင်ရန် မှန်ကန်သောမူဝါဒများ ချမှတ်၍ နှစ်တိုနှစ်ရှည် စီမံကိန်းများရေးဆွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်ရာတွင် တိကျမှန်ကန်ပြီး လတ်ဆတ်သောကိန်းကဏန်းများရရှိရန် အထူးလိုအပ်သည်။ သို့ဖြစ်၍ သစ်တော

---

[၁၂၇] ရေဝေရေလဲဒေသအုပ်ချုပ်ရေးဌာန၊ သစ်တောဦးစီးဌာန

[၁၂၈] စီမံကိန်းနှင့်စာရင်းအင်းဌာန၊ သစ်တောဦးစီးဌာန

သယ်ဇာတ စာရင်းကောက်ယူရေး စီမံကိန်းကို နိုင်ငံတော်နှင့် UNDP နှင့် FAO တို့၏ ထည့်ဝင်ငွေများနှင့် အဆင့် နှစ်ဆင့်ခွဲကာ ဆောင်ရွက်ခဲ့သည်။ ပထမအဆင့်စီမံကိန်းမှာ အမျိုးသား သစ်တောတိုင်းတာရေး နှင့် သယ်ဇာတ စာရင်းကောက်ယူရေးစီမံကိန်း (National Forest Survey and Inventory Project BUR /79/011) (၁၉၈၁–၈၆) ဖြစ်ပြီး ဒုတိယအဆင့်စီမံကိန်းမှာ အမျိုးသား သစ်တောစီမံအုပ်ချုပ် လုပ်ကိုင်မှု နှင့် သစ်တောသယ်ဇာတစာရင်း ကောက်ယူရေးစီမံကိန်း (National Forest Management and Inventory Project MYA/25/003) (၁၉၈၆–၉၁) ဖြစ်သည်။ ပထမအဆင့်စီမံကိန်းတွင် တိကျမှန်ကန်သော သစ်တောသယ်ဇာတကိန်းဂဏန်း အချက်အလက်များကို ကောင်းကင်ဓာတ်ပုံများမှလည်းကောင်း၊ ကွင်းဆင်းရှာလည်းကောင်း စာရင်းကောက်ယူခဲ့သည်။ ဒုတိယအဆင့်စီမံကိန်းတွင် ကျန်ရှိသည့် ဧရိယာများတွင် ဆက်လက်စာရင်းကောက်ယူပြီး သစ်တောအုပ်ချုပ်လုပ်ကိုင်မှုဆိုင်ရာ စီမံကိန်းများ ရေးဆွဲရာတွင် အထောက်အကူပြုနိုင်ရန် ဖြစ်သည်။ စီမံကိန်းများ၏ အဓိကရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(က) တစ်ပြည်လုံးရှိ သစ်တောမြေအသုံးချမှုပုံစံနှင့် ပြောင်းလဲမှုကို သိရှိရန်၊

(ခ) ၁:၅၀၀၀၀ စကေး သစ်တောအမျိုးအစားမြေပုံများ ထုတ်လုပ်ရန်၊

(ဂ) ကွင်းဆင်းရှာ စာရင်းကောက်ယူခြင်းလုပ်ငန်းကို အောက်ပါအတိုင်း အဆင့်များခွဲ၍ ဆောင်ရွက်ရန်၊

– ရင်းနှီးမြှုပ်နှံမှု အကြိုအဆင့်

– စီးပွားရေးအရ အရေးပါသောသစ်တောများတွင် စာရင်းကောက်ယူမှုအဆင့်

– စီးပွားရေးအရ အရေးပါမှုနည်းသည့် ဧရိယာများတွင် စာရင်းကောက်ယူမှုအဆင့်

(ဃ) နှစ်လတ်နှင့် နှစ်ရှည်စီမံကိန်းများရေးဆွဲနိုင်ရန်အတွက် လိုအပ်သောကိန်းဂဏန်းနှင့် အချက်အလက်များ ရယူပေးရန်၊

(င) သစ်တောသယ်ဇာတစာရင်းများကို စဉ်ဆက်မပြတ် ဆက်လက်ကောက်ယူသွားနိုင်ရန် အတွက် သင့်တော်သည့် စနစ်တစ်ခုဖော်ထုတ်နိုင်ရေး အကူအညီပေးရန်၊

(စ) သစ်တောဦးစီးဌာန၊ စီမံကိန်းနှင့် စာရင်းအင်းဌာနခွဲအား တိုးတက်ကောင်းမွန်သည့် သစ်တောသယ်ဇာတစာရင်း ကောက်ယူခြင်းနှင့် သစ်တောစီမံအုပ်ချုပ်လုပ်ကိုင်ခြင်း ဆိုင်ရာ လုပ်ငန်းများကို လုပ်ကိုင်နိုင်စေရန်အတွက် အကူအညီပေးရန်၊

စီမံကိန်းကာလအတွင်း အောက်ပါလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သည်။

(က) ကောင်းကင်ဓာတ်ပုံရိုက်ကူးခြင်းနှင့် သစ်တောမြေအသုံးချမှုမြေပုံများ ထုတ်လုပ်ခြင်း

– ၁၉၈၉ ခုနှစ်က ရိုက်ကူးခဲ့သော ၁:၅၀၀၀၀၀ စကေး ဂြိုဟ်တုဓာတ်ပုံများကို ဝယ်ယူ၍ တစ်ပြည်လုံး၏ သစ်တောဖုံးလွှမ်းမှုများကို လေ့လာခဲ့သည်၊

- မြန်မာနိုင်ငံမြောက်ဖျားနှင့် အိမ်နီးချင်းနိုင်ငံအချို့နှင့် ထိစပ်နေသောနယ်နိမိတ်ဧရိယာများမှအပ တစ်ပြည်လုံး ၁း၂၅၀၀၀ နှင့် ၁း ၅၀၀၀၀ စကေးဖြင့် ကောင်းကင်ဓာတ်ပုံရိုက်ကူးနိုင်ခဲ့သည်၊ နိုင်ငံတော်ဧရိယာ၏ ၉၆% ဖြစ်သည်၊

(ခ) ကွင်းဆင်းစာရင်းကောက်ယူခြင်း

- ကွင်းဆင်းစာရင်းကောက်ယူခြင်း အဆင့် ၃ ဆင့်တွင် ဧက (၃၀) သန်းခန့်ကို စာရင်းကောက်ယူနိုင်ခဲ့သည်၊
- သဘာဝသစ်တောများတွင် သစ်တော၏ပြောင်းလဲမှုကို တိုင်းတာရန် အမြဲတမ်းနမူနာကွက်ပေါင်း ၂၄၅၀ ကျော်ကို ချမှတ်ခဲ့သည်၊
- သစ်ထုထည်ဇယား (Volume Table, volume equation) များ ရေးဆွဲနိုင်ရန် နမူနာသစ်ပင် ၃၃၀၀၀ ကျော်ကို ခုတ်လှဲ၍ လိုအပ်သည့်အတိုင်းအတာများကို တိုင်းတာမှတ်သား နိုင်ခဲ့သည်၊

(ဂ) ကိန်းဂဏန်းများတွက်ချက်ခြင်း

- VAX 11/750 အသေးစားကွန်ပျူတာတစ်ခု ဝယ်ယူတပ်ဆင်၍ ကွင်းဆင်းစာရင်းကောက်ယူခဲ့သော မြောက်များစွာသော ကိန်းဂဏန်းများကို စီစစ်တွက်ချက်ပေးနိုင်ခဲ့သည်။ ထိုစဉ်ကမြန်မာနိုင်ငံတွင် ယခုကဲ့သို့ ကွန်ပျူတာဖြင့် တွက်ချက်နိုင်ခြင်းမှာ ပထမဦးဆုံး ဆောင်ရွက်နိုင်ခြင်း ဖြစ်သည်ဟု ဆိုနိုင်သည်၊
- အဆိုပါ များပြားသော ကိန်းဂဏန်းများကို တွက်ချက်နိုင်ရန်အတွက် တွက်ချက်မှုစနစ် Forest Inventory Data Processing System (FISYS) ကို တည်ထောင်ခဲ့သည်၊
- မြို့နယ်၊ ခရိုင်၊ တိုင်းနှင့် ဒေသအလိုက် ပါဝင်ပင်များကို ပင်ထောင်ဇယား (stand table) နှင့် ထုထည်ဇယား (stock table) ဘို့ဖြင့် ဖော်ပြခဲ့သည်၊
- ကျွန်းနှင့် အခြားသစ်မျိုးများ၏ ကြီးထွားနှုန်းကိုလည်း တွက်ချက်နိုင်ခဲ့သည်။

(ဃ) သစ်တောအုပ်ချုပ်လုပ်ကိုင်မှုဆိုင်ရာ လုပ်ငန်းများ

- သစ်တောအုပ်ချုပ်လုပ်ကိုင်မှုနှင့် သစ်အသုံးချမှုစီမံကိန်းရေးဆွဲခြင်းကို ရွေးချယ်ထားသည့် ဧရိယာတွင် သရုပ်ပြဆောင်ရွက်ခဲ့သည်၊
- သစ်တောအုပ်ချုပ်လုပ်ကိုင်မှု စီမံကိန်းပုံစံ (Format) ကို ပြင်ဆင်ရေးဆွဲခဲ့သည်၊
- အခွန်စည်းကြပ်မှု ပြန်လည်သုံးသပ်ခြင်းအပါအဝင် အုပ်ချုပ်လုပ်ကိုင်မှု စီမံကိန်းရေးဆွဲခြင်းအတွက် စီးပွားရေးအခြေခံဆိုင်ရာ လေ့လာမှုကို ဆောင်ရွက်ခဲ့ခြင်း၊
- အမျိုးသားသစ်တောမူဝါဒအပေါ် အကျိုးသက်ရောက်စေမည့် ဥပဒေနှင့် နည်းဥပဒေများကိုလည်း ပြန်လည်သုံးသပ်ခဲ့သည်၊

၄၉၁။ ဤစီမံကိန်းကြောင့် မြန်မာနိုင်ငံအနှံ့သစ်တောဧရိယာများတွင် သစ်တောသယံဇာတ စာရင်းကောက်လုပ်ငန်းကို ပုံမှန်ဆောင်ရွက်နိုင်ပြီး နှစ်လတ်နှင့် နှစ်ရှည်စီမံကိန်းများအတွက် လိုအပ်သော တိကျမှန်ကန်ပြီး၊ လတ်ဆတ်သော ကိန်းဂဏန်း အချက်အလက်များကို တွက်ချက်ပေးနိုင်ခဲ့သည်။

သစ်တောထွက်ပစ္စည်းထုတ်လုပ်အသုံးချခြင်း

၄၉၂။ သစ်တောကဏ္ဍအနေဖြင့် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ၏ ရည်မှန်းချက်များကို လေးနှစ်စီမံကိန်းများချမှတ်၍ ပြည့်မီစွာ အကောင်အထည် ဖော်ခဲ့ကြသည်။ အထူးသဖြင့် ကျွန်းနှင့်သစ်မာထုတ်လုပ်မှုနှင့် ပြည်ပတင်ပို့မှုအခြေအနေတွင် တတိယ လေးနှစ်စီမံကိန်းကာလဖြစ်သည့် ၁၉၇၈–၇၉ ခုနှစ်မှ ၁၉၈၁–၈၂ ခုနှစ်အတွင်း နှစ်စဉ်ပျမ်းမျှ ကျွန်း တန်ချိန် ၄၁၀,၆၈၈ နှင့် သစ်မာတန်ချိန် ၅၅၅,၈၀၅ တို့ဖြစ် သဖြင့် သိသိသာသာ တိုးတက် ကောင်းမွန် ခဲ့သည်။

ကျွန်းနှင့်သစ်မာမှအပ အခြားသစ်တောထွက်ပစ္စည်းများ ထုတ်လုပ်မှု

၄၉၃။ သစ်တောထွက်ပစ္စည်း ထုတ်လုပ်မှုအနေဖြင့် ကျွန်းနှင့်သစ်မာတိုင်တို့အား နှစ်စဉ်ပျမ်းမျှလုံးရေ ၃၆၀၀၀ ခန့်လည်းကောင်း၊ ကျွန်းနှင့် သစ်မာမျော နှစ်စဉ်ပျမ်းမျှလုံးရေ ၁၀၀၂၀၀၀ ခန့်လည်းကောင်း၊ ထင်း နှစ်စဉ် ပျမ်းမျှကုဗတန် ထောင်ပေါင်း ၁၃,၇၂၈ တန်ခန့်လည်းကောင်း၊ မီးသွေးနှစ်စဉ် ပျမ်းမျှကုဗတန် ထောင်ပေါင်း ၅၉၈ တန်ခန့် လည်းကောင်း ထုတ်လုပ်ခဲ့သည်။

၁၉၇၄–၇၅ ခုနှစ်မှ ၁၉၈၇–၈၈ ခုနှစ်ထိ ကျွန်းနှင့်သစ်မာမှအပ ရွေးချယ်ထားသော သစ်တောထွက်ပစ္စည်းများထုတ်လုပ်မှု[၁၂၉]

စဉ်	အကြောင်းအရာ	ရေတွက်ပုံ	စုစုပေါင်း
၁။	ကျွန်းနှင့်သစ်မာတိုင်	လုံးရေ(ထောင်ပေါင်း)	၅၁၂၀
၂။	ကျွန်းနှင့်သစ်မာမျော	။	၁၄၀,၄၁၀
၃။	ထင်း	ကုဗတန်(ထောင်ပေါင်း)	၁၉၂,၂၀၁
၄။	မီးသွေး	။	၈,၃၇၇
၅။	ဝါး	လုံးရေ(ထောင်ပေါင်း)	၁၀,၆၃၅
၆။	ကြိမ်	။	၆၅၉
၇။	ရှားစေး	ပိဿာ(ထောင်ပေါင်း)	၃,၁၃၉
၈။	သစ်ခေါက်	။	၅,၂၂၁
၉။	လျော်	။	၃,၂၄၉
၁၀။	ကရမက်	။	၉၆၄
၁၁။	အင်တွဲ–ပွဲလျက်	။	၇,၄၆၆
၁၂။	သနပ်ခါး	။	၂,၀၇၈

[၁၂၉] သစ်တောဦးစီးဌာနဆိုင်ရာအချက်အလက်များ၊ ၂၀၀၃ ခုနှစ်

၁၃။	ဖာလာစေ့	။	၁၃၀
၁၄။	ကညင်ဆီ	။	၉၂
၁၅။	ထင်းရှူးဆီ	။	၁၈၁၅
၁၆။	ဓနိ၊ သက်ကယ်	ပျစ် (ထောင်ပေါင်း)	၁၀,၂၀၃
၁၇။	တယ်	ပိသာ(ထောင်ပေါင်း)	၅၇၅
၁၈။	ဟူးရည်	။	၃၄၂
၁၉။	ဟူးဖယောင်း	။	၄၈
၂၀။	လင်းနို့ချေး	။	၂,၇၅၇
၂၁။	သစ်ခွ	ပင်ရေ(ထောင်ပေါင်း)	၂၁၀
၂၂။	သစ်စေး	ပိသာ(ထောင်ပေါင်း)	၅၃၇
၂၃။	ဘုမ္မရာဇာ	။	၁၄၉
၂၄။	ငှက်သိုက်	။	၉
၂၅။	ချိပ်	။	၄၇၀
၂၆။	ကိုင်းဖျားကိုင်းနား	ကုဗတန်(ထောင်ပေါင်း)	၃၂၁

၄၉၄။ ၁၉၇၄ – ၇၅ ခုနှစ် မှ ၁၉၈၇ – ၈၈ ခုနှစ်အတွင်း အခွန်ရငွေမှာ ၁၄ နှစ်ပျမ်းမျှ တစ်နှစ်လျှင်ကျပ် ၁၀၇.၉၉ သန်း ဖြစ်ပြီး အသုံးငွေမှာ ငွေလုံးငွေရင်း နှင့် သာမန်နှစ်ရပ်ပေါင်း ကျပ်သန်း ၈၁.၈၉ ဖြစ်သည် -

(ကျပ်သန်း)

စဉ်	ခုနှစ်	အခွန်ရငွေ			သာမန်ရငွေ			စုစုပေါင်း
		သစ်တောထွက်ပစ္စည်းထုတ်လုပ်မှုမှ ဝင်ငွေ			အခြားဝင်ငွေ			
		မြန်မာ့ သစ်လုပ်ငန်း	ပုဂ္ဂလိက	ပေါင်း	ပစ္စည်း ရောင်းနှင့် ဆောင်ရွက်မှု	အခြားရငွေ၊ ဒဏ်ငွေနှင့် ဆောင်ရွက်ပေးမှု	ပေါင်း	
၁	၂	၃	၄	၅	၆	၇	၈	၉
၁။	၁၉၇၄–၇၅	၅၁.၆၉	၂.၅၂	၅၄.၂၁	၀.၈၃	၀.၅၂	၁.၃၅	၅၅.၅၆
၂။	၁၉၇၅–၇၆	၅၉.၃၀	၃.၂၂	၆၂.၅၂	၁.၉၀	၀.၈၅	၂.၇၅	၆၅.၂၇
၃။	၁၉၇၆–၇၇	၃၁.၈၁	၇.၇၉	၃၉.၆၀	၆.၀၃	၁.၃၁	၇.၃၄	၄၆.၉၄
၄။	၁၉၇၇–၇၈	၆၄.၁၅	၁၄.၅၇	၇၈.၇၂	၆.၇၇	၁.၀၉	၇.၈၆	၈၆.၅၈
၅။	၁၉၇၈–၇၉	၉၂.၁၄	၁၄.၁၈	၁၀၆.၃၂	၅.၅၂	၀.၉၂	၆.၄၄	၁၁၂.၇၆
၆။	၁၉၇၉–၈၀	၆၇.၃၆	၁၃.၃၃	၈၀.၆၉	၄.၅၇	၁.၀၂	၅.၅၉	၈၆.၂၈
၇။	၁၉၈၀–၈၁	၈၆.၇၆	၁၂.၃၆	၉၉.၁၂	၄.၇၁	၁.၂၀	၅.၉၁	၁၀၅.၀၃
၈။	၁၉၈၁–၈၂	၉၉.၃၈	၁.၁၃	၁၀၀.၅၁	၅.၀၂	၁.၆၆	၆.၆၈	၁၀၇.၁၉
၉။	၁၉၈၂–၈၃	၁၂.၆၈	၁၂.၃၅	၂၅.၀၃	၄.၈၈	၂.၅၅	၇.၄၃	၃၂.၄၆
၁၀။	၁၉၈၃–၈၄	၁၄၉.၁၆	၁၃.၂၂	၁၆၂.၃၈	၄.၀၆	၂.၁၆	၆.၂၂	၁၆၈.၆၀
၁၁။	၁၉၈၄–၈၅	၁၃၉.၇၆	၁၃.၈၉	၁၅၃.၆၅	၄.၇၄	၄.၀၂	၈.၇၆	၁၆၂.၄၁
၁၂။	၁၉၈၅–၈၆	၉၇.၆၁	၁၃.၉၉	၁၁၁.၆၀	၃.၃၄	၇.၆၉	၁၁.၀၃	၁၂၂.၆၃
၁၃။	၁၉၈၆–၈၇	၁၂၀.၁၀	၁၅.၆၉	၁၃၅.၇၉	၃.၇၉	၁၃.၀၈	၁၆.၈၇	၁၅၂.၆၆
၁၄။	၁၉၈၇–၈၈	၁၁၀.၀၆	၁၄.၄၅	၁၂၄.၅၁	၄.၄၅	၁၀.၀၆	၁၄.၅၁	၁၃၉.၀၂

[၁၃၀] ဘဏ္ဍာရေးဌာန၊ သစ်တောဦးစီးဌာန

သစ်တောဦးစီးဌာန၏ ၁၉၇၄–၇၅ ခုနှစ်မှ ၁၉၈၇–၈၈ ခုနှစ်ထိ သုံးစွဲငွေစာရင်း

(ကျပ်ထောင်ပေါင်း)

ခုနှစ်	သာမန်	ငွေလုံး
စုစုပေါင်း	၇၈၆,၀၀၄.၅	၆၀၂,၁၉၅

သစ်လုပ်ငန်းကော်ပိုရေးရှင်းမှ သစ်ထုတ်လုပ်မှုအခြေအနေ[၁၃၁]

သစ်ထုတ်အင်အားအခြေအနေ

		ဌာနပိုင်	ပုဂ္ဂလိကပိုင်	စုစုပေါင်း
(က)	မြေထိုးစက် (စီး)	–	၂၈၄	– ၂၈၄
(ဃ)	စကစ်ဒါ (Skidder) (စီး)	–	၁၈၇	– ၁၈၇
(င)	သစ်တိုက်ကား (စီး)	–	၁,၈၄၃	၁၆၅ ၂,၀၀၈
(စ)	– ယာဉ် (စီး)	–	၃၉၈	– ၃၉၈
(ဆ)	– ယာဉ်လတ် (စီး)	–	၁,၄၄၅	၁၆၅ ၁,၆၁၀
(ဇ)	သစ်တင်လိုဒါ (Loader) (စီး)	–	၃၂၀	– ၃၂၀

[၁၃၁] မြန်မာ့သစ်လုပ်ငန်း၊ သစ်ထုတ်ရေးဌာန

၄၉၆။ သစ်ထုတ်လုပ်ငန်းအနေဖြင့် တောတွင်းသစ်တိုက်ကားလမ်းများဖောက်၍ သစ်သယ်ယူပို့ဆောင်ရေးကို ကျယ်ကျယ်ပြန့်ပြန့်လုပ်ကိုင်လာခြင်းကြောင့် ချောင်းမျှော၍သစ်ထုတ်ခြင်းမဖြစ်နိုင်သော ကျွန်းစိုနှင့်သစ်မာများကို စီမံကိန်းလျာထားချက်အတိုင်း ထုတ်လုပ်လာနိုင်သည်။ ကျွန်းခြောက်သစ်လုံးများကို ချောင်းမျှောခြင်းအစား ကားဖြင့်သယ်ယူသဖြင့် သစ်ရောက်ရှိမှုမြန်လာသည်။ ကျွန်းသစ်လုံးအခြောက်ထုတ်လုပ်ရာတွင် သမားရိုးကျစနစ်ဖြင့်ထုတ်လုပ်ပါက ချောင်းမျှောခြင်းအပိုင်း (သစ်မျှော ချောင်း၊ သစ်ချဆိပ်မှ မြစ်မသစ်ဆိပ်အထိ) သည် မိုးတွင်းကာလချောင်းရေကိုသာအားထား ထုတ်လုပ်ရခြင်းကြောင့် အချိန်အကြန့်ကြာဆုံး၊ အချိန်အယူဆုံးအပိုင်း (၂နှစ်မှအထက်ကြာတတ်သည်) ဖြစ်သည်။ ဆင်ဖြင့်ငုတ်ထုတ်၍ သစ်မျှောချောင်းသို့ပို့ဆောင်ခြင်းအပိုင်းသည် နှစ်အတွင်းပြီးစီးသည်။ မြစ်မသစ်ဆိပ်၊ ဖောင်ဖွဲ့သစ်ဆိပ်သို့ ရောက်လာသောသစ်များကို ရန်ကုန်သို့ဖောင်ဖွဲ့ပို့ဆောင်ခြင်းအပိုင်းသည်လည်း နှစ်အတွင်းအပြီးအစီးဆောင်ရွက်နိုင်သည်။ တောမှကျွန်းသစ်လုံးများထုတ်လုပ်မှု ကြန့်ကြာရခြင်းအပိုင်းမှာ သစ်မျှောချောင်းမှထုတ်လုပ်ရသည့်အပိုင်းကြောင့်ဖြစ်သည်။ သစ်တိုက်ကားလမ်းနှင့် သစ်တိုက်ကားများကြောင့် သစ်ထုတ်လုပ်ငန်း မြန်လာသည်။ ၁၉၈၇-၈၈ ခုနှစ်ကာလတွင် သစ်ဖောင်ဖြင့်ပို့သော ကျွန်းသစ်လုံးပေါင်း ၂၃၆,၀၀၀ ခန့်ဖြစ်ရာ ရန်ကုန်သို့ (ရေလမ်း/ကုန်းလမ်းဖြင့်) ရောက်သစ်စုစုပေါင်း၏ ၇၄ ရာခိုင်နှုန်းခန့်ရှိသည်။

ကျွန်းနှင့်သစ်မာ ပြည်တွင်းဖြန့်ဖြူးခြင်း

၄၉၇။ ၁၉၇၄ ခုနှစ် မှ ၁၉၈၅ ခုနှစ်အတွင်း ကျွန်းနှင့်သစ်မာခွဲသားများကို တစ်နှစ်ပျမ်းမျှ ကျွန်းခွဲသား ၄၇,၉၆၃.၆၄ တန်နှင့် သစ်မာခွဲသား ၂၁၃,၆၁၇.၂၇ တန် ပြည်တွင်း၌ဖြန့်ဖြူးရောင်းချ နိုင်ခဲ့သည်-



ဆင်အစွယ်ဖြင့် သစ်အောင်းခြင်းလုပ်ငန်း ဆောင်ရွက်နေပုံ




နှာဧမောင်းဖြင့်သစ်အောင်းခြင်းလုပ်ငန်း ဆောင်ရွက်နေပုံ



ဖောင်တွဲမည့်သစ်လုံးများအား ကွဲဖြင့်ကမ်းသို့ဆွဲချနေပုံ

သစ်ဖောင်တွဲရန် ကုန်းပေါ်မှ သစ်တင်စက်ဖြင့်သစ်လုံးများရေချနေပုံ

ကျွန်းသစ်ဖောင်တွဲပြီး ဖောင်ဆွဲရေယာဉ် ဖြင့် ဖောင်ဆွဲရန် အသင့်ဖြစ်နေပုံ



လှေသုံးတောင်ပံကားစနစ်ဖြင့်သစ်ဖောင် ဆွဲနေပုံ



သစ်ဖောင်များအား ရေယာဉ်ဖြင့် ဖောင်ဆွဲလှုပ်ဝန်း ဆောင်ရွက်နေပုံ

ကျွန်းသစ်ဖောင်တွဲ တံတားအောက်မှဖြတ်သန်းစဉ် တံတားတိုင်နှင့်လွတ်ကင်းစေရန်
ဖောင်ကိုစွတ်၍ ဖြတ်သန်းနေပုံ

ကျွန်းသစ်ဖောင်နှင့်တံတားအောက်မှဖြတ်သန်းပြီးနောက် ဖောင်ပြန်တွဲနေပုံ

ပြည်တွင်းတွင် ကျွန်းနှင့်သစ်မာများဖြန့်ဖြူးခြင်း

စဉ်	ခုနှစ်	ကျွန်းခွဲသား:		သစ်မာခွဲသား:	
		ဖြန့်ဖြူးတန်	ကျပ်သန်း	ဖြန့်ဖြူးတန်	ကျပ်သန်း
၁။	၁၉၇၄–၇၅	၂၃,၁၂၂	၁၅.၇၇	၂၃၈,၁၆၈	၁၁၂.၈၂
၂။	၁၉၇၅–၇၆	၂၄,၄၈၂	၁၈.၆၁	၁၉၁,၀၉၇	၉၀.၄၅
၃။	၁၉၇၆–၇၇	၂၃,၈၄၈	၂၂.၃၆	၁၄၄,၆၉၈	၉၉.၅၆
၄။	၁၉၇၇–၇၈	၂၅,၉၀၃	၅၁.၉၄	၁၆၂,၅၁၁	၁၃၉.၀၅
၅။	၁၉၇၈–၇၉	၄၅,၅၇၂	၆၆.၂၃	၁၈၅,၈၃၉	၁၄၈.၆၁
၆။	၁၉၇၉–၈၀	၄၈,၃၆၃	၆၀.၅၁	၂၁၆,၄၄၉	၁၆၄.၁၀
၇။	၁၉၈၀–၈၁	၆၄,၂၄၁	၇၇.၆၀	၂၃၀,၃၀၂	၁၇၆.၉၅
၈။	၁၉၈၁–၈၂	၆၆,၇၃၂	၈၇.၅၅	၂၆၅,၄၃၀	၂၁၄.၈၄
၉။	၁၉၈၂–၈၃	၈၉,၇၄၃	၁၀၀.၅၇	၂၆၆,၃၅၇	၂၀၈.၂၉
၁၀။	၁၉၈၃–၈၄	၄၄,၄၆၂	၉၄.၂၅	၂၂၈,၇၂၃	၁၇၀.၉၅
၁၁။	၁၉၈၄–၈၅	၆၁,၁၃၂	၈၆.၈၆	၂၂၀,၂၁၆	၁၈၈.၃၉

ကျွန်း၊ သစ်မာနှင့်အခြားသစ်တောထွက်ပစ္စည်းများ ပြည်ပတင်ပို့မှု

၄၉၈။ ၁၉၇၄ ခုနှစ် မှ ၁၉၈၈ ခုနှစ်အထိ ကျွန်းသစ်လုံးနှင့်ခွဲသားများ ပြည်ပတင်ပို့မှုမှာ ၁၉၈၇–၈၈ ခုနှစ်တွင် ကျွန်းသစ်လုံးတန် ၁၃၄,၁၀၉ နှင့် ၁၉၈၀–၈၁ ခုနှစ်တွင် ကျွန်းခွဲသားတန် ၈၂,၁၄၇ အများဆုံးတင်ပို့နိုင်ခဲ့သည်။

ကျွန်းသစ်လုံးနှင့်ခွဲသား ပြည်ပတင်ပို့မှု

စဉ်	ခုနှစ်	ကျွန်းသစ်လုံး:		ကျွန်းသစ်ခွဲသား:	
		တန်	တန်ဖိုး (ကျပ်သန်း)	တန်	တန်ဖိုး (ကျပ်သန်း)
၁	၂	၃	၄	၅	၆
၁။	၁၉၇၄–၇၅	၃၆,၃၈၈	၁၀၆.၇၀၃	၆၆,၅၆၀	၁၁၇.၈၅၁
၂။	၁၉၇၅–၇၆	၃၃,၅၀၇	၁၁၆.၇၅၇	၆၇,၂၉၀	၁၆၀.၈၁၃
၃။	၁၉၇၆–၇၇	၂၆,၃၀၉	၁၉၇.၃၀၂	၅၀,၆၁၂	၁၈၂.၁၃၆
၄။	၁၉၇၇–၇၈	၄၅,၆၁၉	၂၃၀.၂၉၃	၃၈,၆၆၉	၁၅၈.၁၈၁
၅။	၁၉၇၈–၇၉	၇၄,၂၃၅	၃၃၅.၈၁၁	၇၃,၀၄၂	၃၃၃.၉၃၈
၆။	၁၉၇၉–၈၀	၆၂,၂၇၆	၂၆၈.၂၂၃	၆၈,၅၇၆	၃၄၃.၀၀၅
၇။	၁၉၈၀–၈၁	၅၆,၄၀၅	၂၇၇.၀၀၃	၈၂,၁၄၇	၄၄၃.၇၃၂
၈။	၁၉၈၁–၈၂	၇၃,၄၆၈	၃၅၆.၆၄၄	၇၂,၄၂၅	၃၅၀.၆၅၂
၉။	၁၉၈၂–၈၃	၇၈,၃၈၉	၃၉၅.၀၁၂	၆၀,၈၃၃	၃၃၅.၇၃၉

၁၀။	၁၉၈၃–၈၄	၁၁၄,၅၄၁	၄၇၉.၄၄၄	၇၀,၀၀၀	၃၈၄.၂၂၉
၁၁။	၁၉၈၄–၈၅	၁၂၂,၄၉၃	၆၄၆.၈၆၁	၆၀,၆၄၅	၃၆၁.၆၃၃
၁၂။	၁၉၈၅–၈၆	၁၀၇,၄၉၃	၆၂၆.၀၅၂	၆၀,၅၈၅	၃၃၆.၀၉၀
၁၃။	၁၉၈၆–၈၇	၉၉,၈၃၈	၅၂၆.၈၇၂	၅၀,၈၅၅	၂၇၄.၂၆၇
၁၄။	၁၉၈၇–၈၈	၁၃၄,၁၀၉	၃၇၂.၉၄၂	၃၆,၀၉၃	၇၀.၆၉၀

၄၉၉။ အဆိုပါကာလအတွင်း တစ်နှစ်ပျမ်းမျှကျွန်းသစ်လုံး ၇၆,၀၇၆ တန်နှင့် ကျွန်းခွဲသား ၆၁,၃၀၉ တန် ပြည်ပတင်ပို့နိုင်ခဲ့သည်။

၅၀၀။ ၁၉၇၄ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ သစ်မာသစ်လုံးမျာ : ပြည်ပတင်ပို့မှုတွင် ၁၉၈၇–၈၈ ခုနှစ်တွင် သစ်မာသစ်လုံးတန် ၉၅,၂၂၈ နှင့် ၁၉၇၅–၇၆ ခုနှစ်တွင် သစ်မာခွဲသားတန် ၆,၀၈၈ ကို အများဆုံး တင်ပို့နိုင်ကြောင်းတွေ့ရှိရသည်။ သစ်တောထွက်ပစ္စည်းနှင့် ကုန်ချောများသည် ၁၉၈၇–၈၈ ခုနှစ်တွင် တန်ဖိုးငွေကျပ်သန်း ၈.၂၀၅ အများဆုံးတင်ပို့နိုင်ခဲ့သည်။

သစ်မာသစ်လုံး၊ ခွဲသားနှင့် အခြားသစ်တောထွက်ပစ္စည်းနှင့်သစ်ကုန်ချော ပြည်ပတင်ပို့မှု

စဉ်	ခုနှစ်	သစ်မာသစ်လုံး		သစ်မာသစ်ခွဲသား		အခြား
		တန်	တန်ဖိုး (ကျပ်သန်း)	တန်	တန်ဖိုး (ကျပ်သန်း)	တန်ဖိုး (ကျပ်သန်း)
၁	၂	၃	၄	၅	၆	၇
၁။	၁၉၇၄–၇၅	၁၁,၂၀၆	၄.၇၅၀	၁,၉၁၇	၁.၄၈၃	၀.၉၀၄
၂။	၁၉၇၅–၇၆	၃,၀၄၂	၂.၆၉၆	၆,၀၈၈	၃.၈၂၁	၂.၇၁၃
၃။	၁၉၇၆–၇၇	၅,၂၇၃	၂.၄၆၅	၁,၉၀၀	၁.၂၄၄	၀.၂၄၃
၄။	၁၉၇၇–၇၈	၁၀,၃၆၅	၇.၂၅၇	၁၇၁	၀.၂၀၂	၀.၀၃၅
၅။	၁၉၇၈–၇၉	၂၇,၂၇၅	၅၇.၁၉၆	၁,၀၂၇	၁.၁၆၂	၂.၆၅၂
၆။	၁၉၇၉–၈၀	၃၄,၇၆၇	၇၆.၇၉၇	၃၃၅	၀.၀၅၀	၃.၇၂၅
၇။	၁၉၈၀–၈၁	၅၈,၇၁၁	၇၁.၇၆၉	၈၂	၁၂.၅၃၅	၄.၁၉၈
၈။	၁၉၈၁–၈၂	၅၇,၇၁၈	၆၃.၈၁၉	–	–	၀.၀၂၉
၉။	၁၉၈၂–၈၃	၅၇,၂၆၂	၇၂.၀၈၇	၆၁	၀.၀၃၂	၆.၅၀၈
၁၀။	၁၉၈၃–၈၄	၁၇,၀၅၄	၁၅.၀၉၃	–	–	၀.၀၂၉
၁၁။	၁၉၈၄–၈၅	၂၉,၃၂၂	၅၃.၀၈၈	၃၇၆	၁.၁၄၅	၃.၀၃၉
၁၂။	၁၉၈၅–၈၆	၃၉,၄၃၈	၆၁.၆၃၅	၅၉၇	၂.၁၇၅	၄.၀၁၄
၁၃။	၁၉၈၆–၈၇	၄၃,၇၉၉	၅၁.၅၈၅	၁,၀၃၃	၃.၉၄၉	၄.၅၅၅
၁၄။	၁၉၈၇–၈၈	၉၅,၂၂၈	၅၉.၂၆၇	၉၅၂	၁.၉၄၉	၈.၂၀၅

၅၀၁။ အဆိုပါကာလအတွင်း တစ်နှစ်ပျမ်းမျှသစ်မာသစ်လုံး ၃၅,၀၃၃ တန်နှင့် သစ်မာခွဲသား ၁,၀၄၂ တန်ကိုလည်းကောင်း၊ အခြားသစ်တောထွက်ပစ္စည်းနှင့် သစ်ကုန်ချောများကို တစ်နှစ်ပျမ်းမျှကျပ်သန်း ၂.၉ တန်ဖိုးခန့်ကိုလည်းကောင်း ပြည်ပသို့တင်ပို့နိုင်ခဲ့သည်။

ပြည်ပသို့သစ်တင်ပို့ခြင်းဖွံ့ဖြိုးတိုးတက်ရန်ကြိုးပမ်းဆောင်ရွက်မှုများ

၅၀၂။ **ပြည်ပသစ်ဈေးကွက်မြှင့်တင်ခြင်း။** နိုင်ငံတကာသစ်ဈေးကွက်သတင်းများကို ရန်ကုန်သို့ စဉ်ဆက်မပြတ် လာရောက်သစ်ဝယ်သူများထံမှ စုဆောင်းရရှိသည်။ နိုင်ငံတကာကုန်စည်ပြပွဲများသို့ အခြားမြန်မာ့ထုတ်ကုန်များနှင့် တွဲ၍လည်းကောင်း၊ သီးခြားအနေဖြင့်လည်းကောင်း၊ မြန်မာ့သစ်များကိုပြသပြီး ဈေးကွက်ရှာခဲ့သည်။ ၁၉၆၇ ခုနှစ် ကနေဒါနိုင်ငံ၊ မွန်ထရီယယ်မြို့ ကုန်စည်ပြပွဲ – ၆၇ နှင့် ၁၉၇၀ ခုနှစ် ဂျပန်နိုင်ငံ အိုဆာကာမြို့တွင် ကုန်စည်ပြပွဲ – ၇၀ ပြပွဲများတွင် မြန်မာနိုင်ငံ ပြခန်းကို မြန်မာမှု လက်ရာသစ်များဖြင့် သရုပ်ဖော်၍ တခမ်းတနား ပြသခဲ့သည်။ ထိုစဉ်က ဆက်သွယ်မှုရ၍ မြန်မာ့သစ်မာများ စတင်ဝယ်ယူခဲ့သော ဟီရိုရှီးမားမြို့မှ Fujimoto Co. သည် မြန်မာ့သစ်လုပ်ငန်းမှသစ်များ အစဉ်အဆက် ဝယ်ယူခဲ့ရာ အမှတ် (၅) ပရိဘောဂ စက်ရုံမှ Teak Finger Joint များကို ဝယ်ယူ နေဆဲဖြစ်သည်။

၅၀၃။ **ပြည်ပပို့ကုန်ကို ပြည်တွင်း၌သယ်ယူပို့ဆောင်ခြင်း။** ရဲဘော်သုံးကျိပ်ဝင် ဗိုလ်မှူးဧင်ယော်သည် သစ်လုပ်ငန်းအထူးအရာရှိတာဝန်ဖြင့် ရထားပို့ဆောင်ရေး ကော်ပိုရေးရှင်းနှင့် ပြည်တွင်းသစ် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့လေသည်။ အီရတ်နိုင်ငံ၊ ဘာစရာမြို့သို့ စင်းလုံးငှား သင်္ဘောဖြင့်တင်ပို့ရမည့် အင်၊ ကညင် သစ်ခွဲသားများကို မန္တလေးမြို့မှ ညနေ ၃ နာရီတွင် စတင်ထွက်ခွာသည့် အထူးရထားဖြင့် နောက်တစ်နေ့ နံနက် ၉ နာရီတွင် ရန်ကုန် ဆိပ်ကမ်း သင်္ဘောကပ်ထားရာ ဆိပ်ခံတံတားအရောက် ပို့ဆောင်ခြင်းကို နှစ်ဌာနပူးပေါင်း ဆောင်ရွက်နိုင် ခဲ့သည်အထိ အောင်မြင်ခဲ့သည်။

၅၀၄။ **မြိတ်ကျွန်းစုနှင့်ပုသိမ်ခရိုင်ပမ္မဝတီဒေသမှသစ်များနိုင်ငံခြားသို့သင်္ဘောဖြင့်တင်ပို့ခြင်း။** အစဉ်အလာအရ ရန်ကုန်ဆိပ်ကမ်းမှသာသစ်များကို နိုင်ငံခြားသို့သင်္ဘောတင်ခြင်းလုပ်ငန်းကို ဆောင်ရွက်လေ့ရှိသော်လည်း ခြေလှမ်း သစ်များတက်လှမ်း၍ ၁၉၇၀ ခုနှစ်ခန့်မှစ၍ ကော့သောင်းမြို့မြောက်ဘက် ၅၇ မိုင်အကွာ ဘုတ်ပြင်း မြို့နယ်အတွင်းရှိ 'မသေကျွန်း' မီးတိုင်တောမှ ကညင်ဖြူ သစ်လုံးများကို သစ်ထုတ်ရေးဌာနက Tree Length ပေအရှည်အတိုင်း ခုတ်လှဲထုတ်ယူပြီး ကမ်းလွန်ရှိမင်းကြီးကျွန်း (Warrington Island) နှင့် 'ကော်ရဲကျွန်း' (Kau-Ye Island) တို့မှ တဆင့် ရောင်းဝယ်ရေးနှင့် သစ်စက်ဌာနက ဂျပန်နိုင်ငံသို့ သင်္ဘောဖြင့်တင်ပို့ခဲ့သည်။ သစ်ထုတ်ရေး၊ ရောင်းဝယ်ရေးနှင့် သစ်စက်ဝန်ထမ်းများသည် လုပ်ငန်းအခက်အခဲများစွာကို ရင်ဆိုင်ပြီး သဘာဝအန္တရာယ်များအကြားမှ ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ဒေသအာဏာပိုင်များ၊ တပ်မတော် (ကြည်း) နှင့် တပ်မတော် (ရေ) တို့၏ ပံ့ပိုးကူညီမှုတို့ကိုရယူ၍ အောင်မြင်စွာ ဆောင်ရွက်ခဲ့ကြသည်။

၅၀၅။ ပုသိမ်ဆိပ်ကမ်းနှင့် ငပုတောမြို့နယ် ပမ္မဝတီမြစ်ဝမှ နိုင်ငံခြားသင်္ဘောပေါ်အရောက် တင်ပို့ခြင်း လုပ်ငန်းကို သစ်ထုတ်ရေးဌာနနှင့် ရောင်းဝယ်ရေးနှင့်သစ်စက်ဌာနတို့သည် ပို့ဆောင်ရေးဝန်ကြီးဌာန ဒေသအာဏာပိုင်များနှင့် လက်တွဲဆောင်ရွက်ခဲ့သည်။

၅၀၆။ **နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများဆောင်ရွက်ခြင်း**။ ၁၉၈၈–၈၉ ခုနှစ်တွင် မြန်မာ–ထိုင်း နယ်စပ် အစရှိသော နယ်စပ်တစ်လျောက်တွင်ရှိသည့် သစ်ကွက်များမှ ကျွန်းနှင့်သစ်မာသစ်လုံးများကို တရားမဝင်ထုတ်လုပ်ရောင်းချခြင်းမှ ကာကွယ်ရန်လည်းကောင်း၊ အိမ်နီးချင်းနိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးမှု တိုးတက်စေရန်လည်းကောင်း၊ မြန်မာ့သစ်လုပ်ငန်းအတွက် ပြည်ပဝင်ငွေ တိုးတက်ရရှိရန်လည်းကောင်း ရည်ရွယ်လျက် နယ်စပ်သစ်လုံးရောင်းချရေးလုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့ရာ ၁၉၉၃–၉၄ ခုနှစ် အထိဖြစ်သည်။ ဤလုပ်ငန်းတွင် သစ်တောရေးရာဝန်ကြီးဌာနမှ သစ်တောဦးစီးဌာန၊ မြန်မာ့သစ်လုပ်ငန်းနှင့် ဆက်စပ်ဆက်နွယ်ရာ အခြားဝန်ကြီးဌာနများမှ တာဝန်ရှိသူများ ပေါင်းစပ်ညှိနှိုင်းပြီး စနစ်တကျ ဆောင်ရွက်ခဲ့ကြလေသည်။

သစ်အခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း (Secondary Processed Wood Products (SPWP) Development)[၃၃၂]

၅၀၇။ သစ်အခြေခံ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကမ္ဘာ့ဘဏ်ချေးငွေဖြင့် သစ်အခြေခံစက်မှု လုပ်ငန်းစီမံကိန်း (၁) (Wood-based Industry (1) Project) ကို ၁၉၈၁–၈၂ ခုနှစ်တွင် စတင်အကောင်အထည် ဖော်ခဲ့သည်။ စီမံကိန်းကာလမှာ ၁၉၈၁–၈၂ ခုနှစ်မှ ၁၉၈၈–၈၉ ခုနှစ်ထိဖြစ်သည်။ စီမံကိန်း၏ စုစုပေါင်းရင်းနှီးမြှုပ်နှံငွေမှာ နိုင်ငံခြားငွေကျပ် ၄၄၅.၅၉ သန်းဖြစ်ပြီး ဖင်လန်နိုင်ငံ၏ ထောက်ပံ့ငွေကျပ် ၁၂ သန်းခန့် ပါဝင်ခဲ့သည်။

၅၀၈။ ပထမအကြိမ် ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ပြည်ဒေသတွင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော လုပ်ငန်းများနှင့် ဒုတိယအကြိမ် ကမ္ဘာ့ဘဏ်ချေးငွေဖြင့် တောင်ငူဒေသတွင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော လုပ်ငန်းများမှာ တောတွင်းသစ်ထုတ်လုပ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်သာ ဖြစ်ခဲ့သည်။ တတိယအကြိမ်ရရှိသော ကမ္ဘာ့ဘဏ်ချေးငွေဖြင့် သစ်အခြေခံစက်မှုလုပ်ငန်းစီမံကိန်း (၁) ဖြင့်သာ ကျွန်းသစ်လုံး၊ ကျွန်းခွဲသားများမှ ပရိဘောဂပစ္စည်းများ၊ ကြမ်းခင်းတုံးအမျိုးမျိုး၊ ပုံဖော်သစ်များနှင့် အခြားတန်ဖိုးမြင့် ကုန်ချောပစ္စည်းများ အဆင့်ဆင့်ထုတ်လုပ်သည့် လုပ်ငန်းများ (Downstream Processing) ဖြင့် သစ်အခြေခံ စက်မှုလုပ်ငန်းကို အကောင်အထည် ဖော်ရန် စီမံဆောင်ရွက်ခဲ့သည်။

၅၀၉။ မြန်မာ့သစ်လုပ်ငန်းမှဝန်ထမ်းများ ပြည်ပသို့စေလွှတ်လေ့ကျင့်ပညာပေးရေး အစီအစဉ်အတွက် ကျခံဆောင်ရွက်ရန် ဖင်လန်နိုင်ငံမှ ထောက်ပံ့ငွေစာချုပ်ကိုလည်း ၁၉၈၁ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်နေ့တွင် နှစ်နိုင်ငံအစိုးရတို့ လက်မှတ်ရေးထိုးကာ သဘောတူစာချုပ် ချုပ်ဆိုခဲ့သည်။ ယင်းစာချုပ်အရ ဖင်လန်နိုင်ငံသုံး မတ်ငွေ (FIM) ၉.၂ သန်း (အမေရိကန်ဒေါ်လာ ၂ သန်း) ကို နိုင်ငံခြားမှ ကျွမ်းကျင်မှုအကူအညီပေးရေးအစီအစဉ်အရ ဖင်လန်နိုင်ငံမှထောက်ပံ့ငွေအဖြစ်ပေးအပ်ရန် သဘောတူခဲ့သည်။

---

[၃၃၂] ၂၀၀၄ ခုနှစ် ဦးမျိုးမြင့်အောင်၊ ဒုတိယအထွေထွေမန်နေဂျာ (သစ်အခြေခံ) ပြုစုတင်ပြသည့် သစ်အခြေခံစက်မှု လုပ်ငန်းများ ဖြစ်ထွန်းပေါ်ပေါက် လာပုံစာတမ်းမှ ကောက်နှုတ်ဖော်ပြသည်

၅၁၀။ သစ်အခြေခံစက်မှုလုပ်ငန်းစီမံကိန်း (၁) နှင့် (၂) တို့၏ အခြေခံရည်မှန်းချက်များမှာ–

(က) သစ်ကိုအခြေခံသော စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်။

(ခ) ပြည်တွင်း/ပြည်ပဈေးကွက်များအတွက် သစ်ကိုအခြေခံသော ကုန်ချောပစ္စည်းများနှင့် တစ်ဝက်တစ်ပျက် ကုန်ချောပစ္စည်းများ ထုတ်လုပ်မှုတိုးမြှင့်ရန်နှင့် အရည်အသွေးပိုမို ကောင်းမွန် လာစေရန်။

(ဂ) သစ်ကိုအကျိုးအရှိဆုံး၊ အရာအရောက်ဆုံး အသုံးချနိုင်စေရန်နှင့် သစ်လုံးကုန်ကြမ်းကို ရောင်းချခြင်းထက် ကုန်ချောအဖြစ် ထုတ်လုပ်ရောင်းချခြင်းအားဖြင့် ပြည်ပဝင်ငွေ ပိုမိုရရှိ လာစေရန်။

(ဃ) နိုင်ငံတကာအဆင့်မီ ဝယ်သူအကြိုက်တွေ့စေမည့် သစ်အခြေခံပစ္စည်းများ (ကျွန်းခွဲသား၊ အထပ်သား၊ သစ်ပါးလွှာနှင့် ပရိဘောဂများ) တိုးမြှင့်ထုတ်လုပ်သွားရန်။

(င) ကျွန်းခွဲစိတ်ခြင်းလုပ်ငန်းတွင် အထွက်နှုန်းကို မြှင့်တင်နိုင်ရေးနှင့် လေလွင့်ဆုံးရှုံးမှုများ လျော့နည်းစေရန်၊ လွှဝိုင်းအစားပတ်လွှနှင့် ပတ်လွှကိုအထောက်အကူပြုသော ကိရိယာ တန်ဆာပလာများ ပြောင်းလဲတပ်ဆင် အသုံးပြုနိုင်ရန်။

(စ) နိုင်ငံတကာအဆင့်မီ သစ်ပါးလွှာနှင့်အထပ်သားများ ထုတ်လုပ်ရောင်းချသွားနိုင်ရန်။

(ဆ) သစ်ကိုအခြေခံသော စက်မှုနည်းပညာအပိုင်းတွင် တိုးမြှင့်လာစေခြင်းဖြင့် သစ်လုပ်ငန်း ကော်ပိုရေးရှင်းသည် လျင်မြန်သော အရှိန်အဟုန်ဖြင့် နည်းပညာပိုင်းကို အားသစ်လောင်းရန်။

(ဇ) သစ်တောစက်မှုကဏ္ဍတွင် သစ်ကိုအခြေခံသောစက်မှုလုပ်ငန်းများကို အကြောင်းပြု၍ အလုပ်အကိုင် သစ်များ ပိုမိုဖြစ်ထွန်းလာစေရန်တို့ဖြစ်သည်။

၅၁၁။ သစ်အခြေခံစက်မှုလုပ်ငန်း (၁) စီမံကိန်းအရလည်းကောင်း ၊ Buy Back System အရ ပြည်ပ ကုမ္ပဏီများနှင့်ပူးပေါင်း ဆောင်ရွက်နိုင်မှုအရလည်းကောင်း ပရိဘောဂစက်ရုံဝင်းအတွင်းရှိ စက်ရုံများနှင့် စက်ကိရိယာများကို မွမ်းမံပြင်ဆင်ခြင်း၊ တိုးချဲ့ခြင်း၊ အသစ်တည်ဆောက်ခြင်းများ ဆောင်ရွက်ပြီးနောက် ၁၉၈၈ ခုနှစ်တွင် လုပ်ငန်းသဘောသဘာဝအရ စက်ရုံများကို အောက်ပါအတိုင်း အသစ်ပြန်လည် ဖွဲ့စည်းပြီး သက်ဆိုင်ရာ ထုတ်လုပ်မှုလုပ်ငန်းများကို ဦးတည်ဆောင်ရွက်ခဲ့သည်–

(က) အမှတ် (၁)ပရိဘောဂစက်ရုံမှ ပြည်တွင်းဈေးကွက်အတွက် ရုံးသုံးပုံသေပုံစံပရိဘောဂ ၂၁ မျိုး၊ အိမ်သုံး ပုံသေပုံစံပရိဘောဂ ၂၆ မျိုး၊ ကျောင်းသုံးပုံသေပုံစံပရိဘောဂ ၁၆ မျိုး၊ ပြတင်း/တံခါး ၁၈ မျိုး စသည့်ပစ္စည်းစုစုပေါင်း (၈၁) မျိုးထုတ်လုပ်ခဲ့သည်။

(ခ) အမှတ် (၂) ပရိဘောဂစက်ရုံမှပြည်ပဈေးကွက်အတွက် ကြမ်းခင်းတုံးအလတ်၊ လျှာထိုးကြမ်းခင်းပျဉ်၊ ကြမ်းခင်းတုံးအသေး ပြတင်း/တံခါးများ ထုတ်လုပ်ခဲ့သည်။

(ဂ) အမှတ် (၃) ပရိဘောဂစက်ရုံမှ ပြည်ပစျေးကွက်အတွက် ကျွန်းပရိဘောဂနှင့် ပရိဘောဂ အစိတ်အပိုင်းများ ကျွန်းဥယျာဉ်သုံးပရိဘောဂများ လျှာထိုးကြိမ်းခင်းပျဉ်များ၊ လေးဘက်ချော သစ်ခွဲသားများ၊ တောင်သရက် ပြတင်း/တံခါး၊ ပရိဘောဂအစိတ်အပိုင်းများနှင့် လေးဘက်ချောသစ်ခွဲသားများ ထုတ်လုပ်ခဲ့သည်။

သစ်ခွဲစက်များ (Primary Processing) မွမ်းမံပြင်ဆင်တည်ဆောက်ခြင်း[၃၃၃]

၅၁၂။ **အမှတ် (၁) သစ်စက်**။ ၁၉၆၂ ခုနှစ်တွင် အဆိုပါသစ်စက်၏ တောင်ဘက်ကပ်လျက် မြေနေရာ၌ အမေရိကန်အပြည်ပြည် ဆိုင်ရာ တိုးတက်ရေးအဖွဲ့ (AID) ၏ အကူအညီဖြင့် အမှတ် (၁၃) မူသေပေတိ တိုးချဲစက် (Multiple Rib Saw) ကို တည်ဆောက်၍ ၁၉၆၆ခုနှစ်၊ ဇူလိုင်လ ၁၆ရက်နေ့တွင် စတင်လည်ပတ်ခဲ့သည်။ အမှတ် (၁) သစ်စက်နှင့် အမှတ် (၁၃) မူသေ ပေတိသစ်စက် တို့ကို ပူးပေါင်း၍ အမှတ် (၁) သစ်စက်ဟု ခေါ်ဝေါ်လည်ပတ်ခဲ့သည်။ ၁၉၈၁ ခုနှစ်တွင် သစ်အခြေခံ စက်မှုလုပ်ငန်းစီမံကိန်း (၁) အစီအစဉ်အရ သစ်စက်အား ၁၉၈၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ရက်နေ့တွင်ရုပ်နား၍ ၁၉၈၁ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်နေ့တွင် စတင်ပြန်လည် တည်ဆောက်ခဲ့သည်။ သစ်စက်တည်ဆောက်ရေးကာလမှာ ၅ နှစ်ကြာမြင့်ခဲ့ပြီး ၁၉၈၅ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်နေ့တွင်ပြီးစီးခဲ့သည်။ ၁၉၈၅ ခုနှစ်၊ ဒီဇင်ဘာလမှစတင်၍ ပုံမှန် လည်ပတ်ခဲ့သည်။

၅၁၃။ **အမှတ် (၄) သစ်စက်**။ ရန်ကုန်တိုင်း၊ အလုံမြို့နယ် ၊ လွတ်လပ်ရေးရပ်ကွက် (ဆင်မင်းစျေး) ရှေ့တွင် တည်ရှိပြီး ၁၀.၆၅၂ ဧက ကျယ်ဝန်းသည်။ နိုင်ငံတော်သစ်လုပ်ငန်းအဖွဲ့လက်ထက် ၁၉၅၂ ခုနှစ်၊ မေလ ၃၀ ရက်နေ့တွင် သစ်စက် စတင်လည်ပတ်ခဲ့ပြီး ၁၉၆၁–၆၂ ခုနှစ်တွင် နိုင်ငံတကာ ဖွံ့ဖြိုးရေးအေဂျင်စီ အကူအညီဖြင့် စက်ကိရိယာများ တိုးချဲတပ်ဆင် ခဲ့သည်။ တစ်ဖန် ၁၉၈၄–၈၅ ခုနှစ်တွင် သစ်အခြေခံစက်မှုလုပ်ငန်းစီမံကိန်း (၂) ၏ အစီအစဉ်ဖြင့် စက်ပစ္စည်း အသစ်များ၊ အစားထိုးမွမ်းမံခြင်းလုပ်ငန်းကိုဆောင်ရွက်ခဲ့ရာ ၁၉၈၉ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင် စက်ရုံအား စမ်းသပ်လည်ပတ်နိုင်ခဲ့သည်။

၅၁၄။ **အမှတ် (၆) သစ်စက်** ။ ရန်ကုန်တိုင်း ၊ ဗိုလ်တထောင်မြို့နယ်၊ ကမ်းနားလမ်း (သံလျက်စွန်း) တွင် တည်ရှိပြီး ၁၃.၅ ဧက ကျယ်ဝန်းသည်။ အမှတ် (၆) သစ်စက်သည် ယခင်စတီးဘရားသားကုမ္ပဏီပိုင်သစ်စက်ဖြစ်ပြီး ၁၉၅၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ရက်နေ့တွင် ပြည်သူပိုင်သိမ်းယူခဲ့သော သစ်စက်ဖြစ်သည်။ စတင်တည်ဆောက်သည်မှ စ၍ ဘွိုင်လာအသုံးပြု၍ ရေနွေးငွေ့အင်ဂျင်များဖြင့် စက်လည်ပတ်ခဲ့ပြီး ၁၉၈၄ခုနှစ်၊ ဩဂုတ်လ ၈ ရက် နေ့မှစတင်၍ လျှပ်စစ်မော်တာအားဖြင့် လည်ပတ်နိုင်ခဲ့ရာ ၁၉၈၈ခုနှစ်၊ အောက်တိုဘာလ ၃ ရက်နေ့တွင် ဘွိုင်လာများ ရပ်နားခဲ့သည်။

---

[၃၃၃] ၂၀၀၄ ခုနှစ်တွင် ဦးတင်ဦးမန်နေဂျာ (သစ်စက်) ပြည်ပရောင်း/စက်ဌာနမှ ပြုစုတင်ပြသည့် ကျွန်းသစ်စက်များသမိုင်းမှ ကောက်နှုတ်ဖော်ပြသည်

၅၁၅။ **အမှတ် (၈) သစ်စက်**။ ရန်ကုန်တိုင်း၊ လှိုင်မြို့နယ်၊ အမှတ် (၁၅) ရပ်ကွက်၊ ဘုရင့်နောင်လမ်းတွင်တည်ရှိပြီး မြေဧက ၄၀ ကျယ်ဝန်းသည်။ အမှတ် (၈) သစ်စက်ကို နိုင်ငံတော်အစိုးရနှင့် အမေရိကန်အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးမှု ချေးငွေတို့ဖြင့် ၁၉၆၅–၆၆ ခုနှစ်တွင် တည်ဆောက်ခဲ့သည်။ တည်ဆောက်မှုကာလ ၈ နှစ်ခန့်ကြာမြင့် ခဲ့ပြီး ၁၉၇၄ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် စတင်စမ်းသပ်လည်ပတ်နိုင်ခဲ့သည်။

၅၁၆။ **အမှတ် (၁၀)သစ်စက်**။ ရန်ကုန်တိုင်း၊ သန်လျင်မြို့နယ်၊ ငပကျေးရွာအုပ်စုနှင့် ညောင်သုံးပင်ကျေးရွာအုပ်စုပိုင်၊ ကွင်းအမှတ် (၆၈၄/၆၈၅) တွင်တည်ရှိ၍ ၃၁၄.၆၇ ဧက ကျယ်ဝန်းသည်။ ကမ္ဘာ့ဘဏ်ချေးငွေ၊ ဖင်လန်အစိုးရ ထောက်ပံ့ငွေတို့ဖြင့် သစ်အခြေခံစက်မှုလုပ်ငန်းစီမံကိန်း (၁) အစီအစဉ်အရ ၁၉၈၃ ခုနှစ်တွင် စတင် တည်ဆောက်ခဲ့သည်။ ၁၉၈၅ ခုနှစ်၊ စက်တင်ဘာလတွင် စက်များတပ်ဆင်ပြီးစီး၍ ၁၉၈၆ ခုနှစ်၊ ဒီဇင်ဘာလ ၆ရက်နေ့တွင် တည်ဆောက်မှုလုပ်ငန်းများ အားလုံးပြီးစီးခဲ့သည်။ ထို့ကြောင့် ၁၉၈၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက်နေ့တွင် သစ်စက် စတင်ဖွင့်လှစ် လည်ပတ်ခဲ့သည်။

သစ်ထုတ်လုပ်ငန်းနှင့် မွမ်းမံကြိတ်ခွဲခြင်း လုပ်ငန်းစီမံကိန်းများဖြင့် အကောင်အထည်ဖော်ခြင်း[၁၃၄]

၅၁၇။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၏ နှစ် ၂၀ စီမံကိန်းကာလ၏ နှစ်စဉ်တိုးတက်ထုတ်လုပ်ရန် သတ်မှတ် ပေးလာသောလုပ်ငန်းများကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် နိုင်ငံတော်အစိုးရ၏ သဘောတူခွင့်ပြုချက်အရ နိုင်ငံခြားချေးငွေ/ထောက်ပံ့ငွေများဖြင့် လုပ်ငန်းစီမံကိန်းများကို သစ်လုပ်ငန်းကော်ပိုရေးရှင်းက အကောင်အထည် ဖော်ရာတွင် သစ်ထုတ်ရေးလုပ်ငန်းကဏ္ဍအတွက် ချေးငွေဖြင့် လုပ်ငန်းစီမံကိန်းလေးခု၊ ထောက်ပံ့ငွေ ဖြင့် လုပ်ငန်းစီမံကိန်းတစ်ခုကို ဆောင်ရွက်သည်။

၅၁၈။ သစ်ထုတ်ရေးကဏ္ဍစီမံကိန်း၏ အဓိကလုပ်ဆောင်ချက်မှာ ကျွန်းနှင့် သစ်မာထုတ်လုပ်မှုများကို သစ်တောများမှ ခွင့်ပြုနိုင်သည့် စွမ်းအားပြည့်မီသည်အထိ ရေရှည်လုပ်ကိုင်နိုင်ရန် သစ်ထုတ်စက်ယန္တရားများကို ချေးငွေဖြင့်ဝယ်ယူဖြည့်တင်းခြင်း၊ ချေးငွေဖြင့်ဆောင်ရွက်ခြင်းတို့ဖြစ်သည်။ အထူးသဖြင့် လမ်းဖောက်စက်များ၊ သစ်ဝန်ချီဝန်တင်စက်များ၊ သစ်တိုက်ကားများ၊ ငုတ်ထုတ်သစ်ဆွဲစက်များ၊ စက်လှ များစသည်တို့ဖြစ်သည်။ သစ်ထုတ်ရေးကဏ္ဍလုပ်ငန်းစီမံကိန်းတွင် သစ်စက်များ၊ အထပ်သားစက်များတည်ဆောက်ခြင်းနှင့် သစ်တောစိုက်ခင်း ထူထောင်ခြင်းများပါဝင်သည်။

၅၁၉။ ချေးငွေကို ကမ္ဘာ့ဘဏ်နှင့် အာရှဖွံ့ဖြိုးရေးဘဏ်တို့မှ သက်သာသောအတိုးနှုန်းဖြင့် နှစ်ရှည်ပြန်ဆပ် ချေးငွေအဖြစ် ရယူဆောင်ရွက်သည်။

၅၂၀။ ၁၉၇၈ ခုနှစ်မှ ၁၉၈၇ ခုနှစ်အတွင်း သစ်မှကုန်ချောထုတ်လုပ်ခြင်း လုပ်ငန်းများကို အရည်အသွေးအရလည်းကောင်း၊ အရေအတွက်အရလည်းကောင်း တိုးတက်မြှင့်တင်နိုင်ရန်အတွက် ကမ္ဘာ့ဘဏ်စီမံကိန်း (၁)၊(၂)၊ အာရှဘဏ်စီမံကိန်း (၁)၊(၂) တို့ဖြင့် ခေတ်မီသစ်မာခွဲစက်များကို အောက်ပါအတိုင်းတည်ဆောက်ခဲ့သည်–

---

[၁၃၄] မြန်မာ့သစ်လုပ်ငန်း၊ ရွှေရတုမဂ္ဂဇင်း ၁၉၉၈ ခုနှစ်၊ စာမျက်နှာ ၂၅

စဉ်	နှစ်	သစ်စက်အမှတ်	တစ်နှစ်ခွစိတ်အင်အား (သစ်လုံး/တန်)	ပြည်နယ်တိုင်း	မြို့နယ်/ဒေသ	စီမံကိန်း
၁။	၁၉၇၈	၉၆	၁၂,၀၀၀ (ပတ်လွှ)	မကွေး	အောင်လံမြို့နယ်(ယခင်မြေထဲမြို့)	ကမ္ဘာ့ဘဏ် (၁)
၂။	၁၉၈၀	၃၃	၁၂,၀၀၀ (ပတ်လွှ)	ပဲခူး	ဘုရားကလေးကျေးရွာ	ကမ္ဘာ့ဘဏ် (၂)
၃။	၁၉၈၀	၇၅	၁၂,၀၀၀ (ပတ်လွှ)	စစ်ကိုင်း	မုံရွာမြို့နယ်၊အိုးဘိုတောင်ကျေးရွာ	အာရှဘဏ် (၁)
၄။	၁၉၈၂	၈၈	၁၂,၀၀၀	ပဲခူး	အုတ်တွင်းမြို့နယ်၊ဥယျာဉ်တော်ကျေးရွာ	ကမ္ဘာ့ဘဏ် (၂)
၅။	၁၉၈၂	၁၀၂	၆,၀၀၀	မကွေး	သရက်မြို့နယ်	ကမ္ဘာ့ဘဏ် (၁)
၆။	၁၉၈၃	၈၇	၁၂,၀၀၀	ပဲခူး	ကြီးပင်ကောက်မြို့နယ်	ကမ္ဘာ့ဘဏ် (၁)
၇။	၁၉၈၄	၁၀၃	၁၂,၀၀၀	မန္တလေး	အမရပူရမြို့နယ်	အာရှဘဏ် (၂)
၈။	၁၉၈၇	၁၀၄	၆,၀၀၀	ပဲခူး	ဖြူးမြို့နယ်၊ညောင်ပင်သာ	သစ်အခြေခံ (၂)

၅၂၁။ **သစ်လုပ်ငန်းစီမံကိန်း (၁) (ကမ္ဘာ့ဘဏ်)**။ နိုင်ငံတကာဖွံ့ဖြိုးရေးအေဂျင်စီ (ကမ္ဘာ့ဘဏ်) မှ ချေးငွေအမေရိကန်ဒေါ်လာ ၂၄ သန်းနှင့် နိုင်ငံတော်မှ ကျခံငွေကျပ် ၅၆.၇ သန်းဖြင့် စီမံကိန်းကာလ ၆ နှစ် သတ်မှတ်လျက် ၁၉၇၄ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက် နေ့မှစတင်၍ စီမံကိန်းဖွဲ့စည်း ဆောင်ရွက်သည်။ စီမံကိန်းရုံးကို ပြည်မြို့တွင်အခြေစိုက်သည်။

၅၂၂။ စီမံကိန်းဒေသတွင် ပါဝင်သောသစ်ထုတ်ရေးခရိုင်များမှာ ပခုက္ကူ၊ သရက်၊ ပြည်၊ ဇီးကုန်း၊ သာယာဝတီခရိုင်တို့ဖြစ်သည်။ ယော၊ မင်းဘူး၊ သရက်၊ အောင်လံ၊ ပြည်၊ ဇီးကုန်း၊ သာယာဝတီနှင့် အင်းစိန် သစ်တောခရိုင်တို့ အကျုံးဝင်သည်။

၅၂၃။ စီမံကိန်းကို ခေတ်မီတိုးတက်သော နည်းစနစ်များဖြင့် သစ်ထုတ်လုပ်ငန်း တိုးမြှင့်လုပ်ဆောင်ရန်၊ ပြည်တွင်းသုံးသစ်မာများ ပိုမိုထုတ်ရန်၊ ရောင်းတမ်းဝင်သစ်များ ပိုမိုထုတ်လုပ်၍နိုင်ငံခြားငွေရှာရန် ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ခဲ့သည်။

၅၂၄။ ကျွန်းသစ်တန် ၅၉၂,၀၀၀ နှင့် သစ်မာတန် ၄၇၂,၀၀၀ ထုတ်လုပ်ရန်၊ ယာဉ်/ယန္တရား ပစ္စည်းအမျိုးအစား ၁၄ မျိုး ဝယ်ယူဖြည့်တင်းရန်လျာထားပြီး ဝန်ထမ်းအင်အားမှာအရာရှိအဆင့် ၁၂၄ ဦး၊ အခြားအဆင့် ၂,၄၇၇ ဦး၊ စုစုပေါင်း ၂,၆၀၁ ဦးဖြင့်ဆောင်ရွက်ခဲ့သည်။ စီမံကိန်းရုံးချုပ်တည်ရှိရာသည် ပြည်မြို့ဖြစ်ပြီး စီမံကိန်းဒါရိုက်တာမှာ ဦးကျော်ခင်ဖြစ်သည်။

၅၂၅။ **သစ်လုပ်ငန်းစီမံကိန်း (၂) (ကမ္ဘာ့ဘဏ်)**။ ကမ္ဘာ့ဘဏ်ချေးငွေ အမေရိကန်ဒေါ်လာ ၃၉.၁၀ သန်း၊ ထောက်ပံ့ငွေ အမေရိကန်ဒေါ်လာ ၂.၀၅ သန်း၊ စုစုပေါင်း အမေရိကန်ဒေါ်လာ ၄၁.၁၅ သန်းနှင့် နိုင်ငံတော်မှထည့်ဝင်ငွေကျပ် ၂၄၅.၇ သန်းဖြင့် စီမံကိန်းကာလငါးနှစ်သတ်မှတ်၍ ၁၉၇၉ခုနှစ်၊ ဩဂုတ်လ ၂၃ ရက်နေ့တွင် လုပ်ငန်းစီမံကိန်းစတင် ဖွဲ့စည်းဆောင်ရွက်သည်။ စီမံကိန်းဒေသတွင် ပါဝင်သော သစ်ထုတ်ရေးခရိုင်များမှာ ပျဉ်းမနားမြောက်၊ ပျဉ်းမနားတောင်၊ တောင်ငူမြောက်၊ တောင်ငူတောင်၊ ပဲခူးမြောက်၊ ပဲခူးတောင်၊ စစ်တောင်းဖောင်ဖွဲ့ရေး တို့ဖြစ်သည်။ အကျုံးဝင်သော သစ်တောခရိုင်များမှာ ရမည်းသင်း၊ ပျဉ်းမနား၊ တောင်ငူမြောက်၊ တောင်ငူတောင်၊ ပဲခူးမြောက်နှင့် ပဲခူးတောင် သစ်တောခရိုင် တို့ဖြစ်သည်။

၅၂၆။ ဤစီမံကိန်းကို ကျွန်းနှင့်သစ်မာပိုမိုထုတ်လုပ်၍ နိုင်ငံခြားငွေပိုမိုရရှာဖွေရန်၊ ပြည်တွင်းသစ်မာ ခွဲသားလုံလောက်စွာ ဖြန့်ဖြူးရန်၊ ကျွန်းသစ်ထုတ်လုပ်မှု စွမ်းအားမကျဆင်းစေရန်အတွက် ကျွန်းစိုက်ခင်းများ ပြုစုပျိုးထောင်ရန်နှင့် အပေါက်မြန်သောသစ်မျိုးများ စမ်းသပ်စိုက်ပျိုးရန် ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ခဲ့သည်။

၅၂၇။ စီမံကိန်းကာလအတွင်း ကျွန်းသစ်တန် ၅၅၇,၅၀၀ နှင့် သစ်မာတန် ၉၇၂,၀၀၀ ထုတ်လုပ်ရန်၊ ယာဉ်/ယန္တရား စက်ပစ္စည်းအမျိုးအစား ၂၂ မျိုး ဝယ်ယူဖြည့်တင်းရန်လျာထားပြီး ဝန်ထမ်းအရာရှိအဆင့် ၉၆ ဦး၊ အခြားအဆင့် ၅,၄၆၉ ဦး၊ စုစုပေါင်း ၅,၅၆၅ ဦးဖြင့်ဆောင်ရွက်ခဲ့သည်။ စီမံကိန်းရုံးချုပ် တည်ရှိရာသည် တောင်ငူမြို့တွင်ဖြစ်ပြီး စီမံကိန်းဒါရိုက်တာမှာ ဦးစောရစ်ချဒ်ဖြစ်သည်။

၅၂၈။ **သစ်လုပ်ငန်းစီမံကိန်း (၁) (အာရှဘဏ်)**။ အာရှဖွံ့ဖြိုးရေးဘဏ်ချေးငွေ အမေရိကန်ဒေါ်လာ ၂၅.၀ သန်း၊ နိုင်ငံတော်မှကျခံငွေ ကျပ် ၁၂၃.၉ သန်း ဖြင့် စီမံကိန်းကာလငါးနှစ် သတ်မှတ်၍ ၁၉၇၇ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင် လုပ်ငန်းစီမံကိန်းစတင် ဖွဲ့စည်းသည်။ စီမံကိန်းတွင်ပါဝင်သော သစ်ထုတ်ရေးဒေသ များမှာ မော်လိုက်အရှေ့၊ မော်လိုက်အနောက်၊ ကဿအရှေ့၊ ကဿအနောက်၊ ကောလင်း၊ ရွှေဘို၊ မုံရွာ၊ ချင်းတွင်းဖောင်ဖွဲ့ရေးတို့ဖြစ်သည်။ ပါဝင်သော သစ်တောခရိုင်များမှာ အထက်ချင်းတွင်း၊ အောက် ချင်းတွင်း၊ ကဿအရှေ့၊ ကဿအနောက်နှင့် ရွှေဘိုတို့ဖြစ်သည်။

၅၂၉။ ဤစီမံကိန်းကို ကျွန်းပိုမိုထုတ်၍နိုင်ငံခြားငွေပိုမိုရရှိစေရန်၊ ပြည်တွင်းသုံးသစ်မာဖူလုံစွာရရန်၊ စီမံကိန်းဒေသအတွင်း သစ်ထုတ်ရေး၊ ပို့ဆောင်ရေးနှင့်ရောင်းဝယ်ရေးတို့အတွက် စီမံခန့်ခွဲမှု ပိုမို ကောင်းမွန်ရန်၊ စီမံကိန်းကာလအတွင်း ကျွန်းသစ်တန် ၃၈၅,၀၀၀ နှင့် သစ်မာတန် ၉၃၅,၇၀၀ ထုတ်လုပ်ရန် ရည်ရွယ်ချက်ဖြင့်ဆောင်ရွက်ခဲ့သည်။

၅၃၀။ သစ်စက်အမျိုးမျိုး ၉ စက်တည်ဆောက်၍ ၅ စက်ကို မွမ်းမံပြင်ဆင်ရန်၊ သစ်ထုတ်ယာဉ်/ယန္တရား နှင့်စက်ပစ္စည်း ၁၈ မျိုး ဝယ်ယူအားဖြည့်ပေးရန်လျာထားပြီး အရာရှိအဆင့် ၉၉ ဦး အခြားအဆင့် ၈,၉၂၀ ဦး၊

စုစုပေါင်း ၉,၀၁၉ ဦးဖြင့် ဆောင်ရွက်ခဲ့သည်။ စီမံကိန်းရုံးချုပ်ကို မန္တလေးမြို့တွင်ထားရှိ၍ စီမံကိန်း ဒါရိုက်တာမှာ ဦးသော်ဖြစ်သည်။

၅၃၁။ **သစ်လုပ်ငန်းစီမံကိန်း (၂) (အာရှဘဏ်)**။ အာရှဖွံ့ဖြိုးရေးဘဏ်မှ အမေရိကန်ဒေါ်လာ ၂၅.၀ သန်း၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်မှ ထောက်ပံ့ငွေ အမေရိကန်ဒေါ်လာ ၀.၆၅ သန်း၊ စုစုပေါင်း ၂၅.၆၅ သန်း၊ နိုင်ငံတော်မှ ကျခံငွေ ကျပ် ၂၄၀.၇၅ သန်း တို့ဖြင့် စီမံကိန်းကာလ ၆ နှစ်သတ်မှတ်လျက် ၁၉၈၂ ခုနှစ်၊ ဇွန်လ ၁၈ရက်နေ့တွင် စတင်ဖွဲ့စည်းသည်။ စီမံကိန်းတွင်ပါဝင်သည့် သစ်ထုတ်ရေးခရိုင်များမှာ မြစ်ကြီးနား၊ ဗန်းမော်၊ မိုးမိတ်၊ မေမြို့၊ မန္တလေး၊ ဖောင်ဖွဲ့ရေး တို့ဖြစ်သည်။ အကျုံးဝင်သည့် သစ်တောခရိုင်များမှာ ဗန်းမော်၊ မြစ်ကြီးနား၊ မိုးမိတ်၊ မိတ္ထီလာ၊ မန္တလေး၊ မေမြို့၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ရှမ်းပြည်နယ် တောင်ပိုင်းတို့ဖြစ်သည်။

၅၃၂။ ဤစီမံကိန်းကို ကျွန်းသစ်မာပိုမိုထုတ်လုပ်၍ နိုင်ငံခြားငွေတိုးတက်ရာဖွေရန်၊ ပြည်တွင်းသစ်မာ ပိုမိုဖြန့်ဖြူးရန်၊ ထုတ်ယူသည့် သစ်တန်ပမာဏနှင့် လိုက်လျောညီထွေ သစ်တောစိုက်ခင်းများ စိုက်ပျိုးထူထောင်ရန်၊ စီမံကိန်းဒေသအတွင်း သယ်ယူပို့ဆောင်ရေးလမ်းကြောင်းများ ပိုမိုကောင်းမွန်ရန်၊ သစ်ခွဲစက် အသစ်တန် ၁၂,၀၀၀ ကျသစ်စက်နှင့် သစ်ခွဲစက်အဟောင်းများ ပြုပြင်မွမ်းမံရန် ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ခဲ့သည်။

၅၃၃။ စီမံကိန်းကာလအတွင်း ကျွန်းသစ်တန် ၃၂၅,၀၀၀ နှင့် သစ်မာတန် ၃၈၃,၀၀၀ ထုတ်လုပ်ရန်၊ သစ်ထုတ်ယာဉ်/ယန္တရားများနှင့် အထောက်အကူစက်ပစ္စည်း ၃၉ မျိုး ဝယ်ယူရန်လျာထားပြီး အရာရှိအဆင့် ၈၅ ဦး၊ အခြားအဆင့် ၆,၃၁၈ ဦး၊ စုစုပေါင်း ၆,၄၀၁ ဦးဖြင့် ဆောင်ရွက်ခဲ့သည်။ စီမံကိန်းရုံးချုပ်တည်ရှိရာသည် မန္တလေးတိုင်း၊ အမရပူရမြို့တွင်ထားရှိပြီး စီမံကိန်းဒါရိုက်တာမှာ ဦးအုန်းဖြစ်သည်။

၅၃၄။ **သစ်အခြေခံစက်မှု လုပ်ငန်း စီမံကိန်း (၁) နှင့် (၂)**။ ပြည်ပရောင်းဝယ်ရေးနှင့် သစ်စက် ဌာနမှာ နိုင်ငံတော်သစ်လုပ်ငန်းအဖွဲ့၏ ဌာနတစ်ခုဖြစ်သော ရောင်းဝယ်ရေးနှင့်သစ်စက်ဌာနပင် ဖြစ်သည်။ ၁၉၆၂ ခုနှစ်အထိ ကျွန်းခွဲစိတ်တင်ပို့ရေးကို ဆောင်ရွက်ရာမှ ၁၉၆၃ ခုနှစ်မှစ၍ ကျွန်းနှင့်သစ်မာ ခွဲစိတ်ရောင်းဝယ်ရေးကို ဆောင်ရွက်ခဲ့သည်။ ၁၉၈၆ ခုနှစ်တွင် ပြည်တွင်း၌သစ်မာခွဲစိတ် ရောင်းဝယ်ရေးကို ပြည်တွင်း ရောင်းဝယ်ရေးနှင့် သစ်စက်ဌာနကသာ လုပ်ကိုင်ဆောင်ရွက်ခဲ့သည်။

၅၃၅။ ပြည်ပရောင်းဝယ်ရေးနှင့်သစ်စက်ဌာနလက်အောက်ရှိ သစ်စက်များနှင့် ပရိဘောဂစက်များမှာ ခေတ်မမီတော့သဖြင့် နိုင်ငံတကာဖွံ့ဖြိုးရေးအေဂျင်စီ (ကမ္ဘာ့ဘဏ်) အကူအညီဖြင့် သစ်အခြေခံ စက်မှုလုပ်ငန်း စီမံကိန်း၂ ခုကို အကောင်အထည်ဖော်ခဲ့သည်။ သစ်အခြေခံစက်မှုလုပ်ငန်း စီမံကိန်း (၁) ကို ၁၉၈၁ ခုနှစ်မှ ၁၉၈၆ ခုနှစ်အထိအကောင်အထည်ဖော်ခဲ့ပြီး အောက်ဖော်ပြပါ သစ်အခြေခံ စက်ရုံ/ အလုပ်ရုံ များကို တည်ထောင်နိုင်ခဲ့သည်–

(က) ခေတ်မီကျွန်းခွေစက် နှစ်စက်တည်ဆောက်ခြင်း၊ အမှတ် (၁) သစ်စက်၊ ကြည့်မြင်တိုင်နှင့် အမှတ် (၁၀) သစ်စက်၊ သန်လျှင်မြို့နယ်။

(ခ) အထပ်သားစက်ရုံ ၂ ရုံ မွမ်းမံပြင်ဆင်ခြင်းအမှတ် (၂) အထပ်သားစက်ရုံ လှိုင်မြို့နယ်။

(ဂ) အမှတ် (၃) အထပ်သားစက်ရုံ၊ ရေတာရှည်မြို့နယ်။

(ဃ) ပရိဘောဂစက်ရုံ၊ အလုံမြို့နယ်၊ မွမ်းမံပြင်ဆင်ခြင်း။

(င) ပင်မစက်ပြင်အလုပ်ရုံ၊ ကြည့်မြင်တိုင်မြို့နယ်တည်ဆောက်ခြင်း။

(စ) သစ်လုံးသိုလှောင်ထိန်းသိမ်းရေးသစ်ဆိပ်၊ လှိုင်မြို့နယ်တည်ဆောက်ခြင်း။

၅၃၆။ သစ်အခြေခံစက်မှုလုပ်ငန်းစီမံကိန်း (၂) ကို ၁၉၈၄–၈၅ ခုနှစ်မှ ၁၉၉၃–၉၄ ခုနှစ်အထိ အကောင်အထည်ဖော်ခဲ့ပြီး အောက်ဖော်ပြပါ သစ်အခြေခံစက်ရုံ/အလုပ်ရုံများကို မွမ်းမံတည်ထောင်နိုင်ခဲ့သည်–

(က) အမှတ် (၄) သစ်စက်၊ အလုံမြို့နယ် မွမ်းမံပြင်ဆင်ခြင်း ။

(ခ) အမှတ် (၁၀၄) သစ်စက်၊ ညောင်ပင်သာတည်ဆောက်ခြင်း။


(ဂ) အမှတ် (၅) အထပ်သားစက်ရုံ (မုံရွာ) တည်ဆောက်ခြင်း။

၅၃၇။ **ကောင်းကင်ကြိုးဖြင့်သစ်ထုတ်ခြင်းစီမံကိန်း**[၁၃၅]။ ၁၉၇၅ ခုနှစ်၊ မေလ ၅ ရက်နေ့တွင် တစ်နာရီ လျှင် မိုင်တစ်ရာကျော်နှုန်းဖြင့် ဧရာဝတီတိုင်းအတွင်းသို့ လေပြင်းမုန်တိုင်းတစ်ခု တိုက်ခတ်ခဲ့လေရာ လူနေအိမ်ခြေများသာမက ဧရာဝတီတိုင်းအတွင်းရှိ သဘာဝတောများမှ အင်၊ ကညင်နှင့် တောင်သရက် သစ်ပင်များ တောလုံးကျွတ်မျှ ပြိုလဲပျက်စီးခဲ့ရသည်။

၅၃၈။ အဆိုပါပျက်စီးမှုများကို အကြောင်းပြု၍ ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA) မှ ထောက်ပံ့ငွေ အမေရိကန်ဒေါ်လာ ၂.၅ သန်း၊ နိုင်ငံတော်မှကျခံငွေကျပ် ၁၄.၈၆ သန်းဖြင့် ၁၉၇၈ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင် ဖွဲ့စည်းသည်။ ပါဝင်သော သစ်ထုတ်ရေးဒေသမှာ ဧရာဝတီတိုင်း၊ ရခိုင်ရိုးမတောင်ပိုင်း ပုသိမ်ခရိုင်၊ ချောင်းသာကြိုးဝိုင်းတွင် ဖြစ်သည်။

---

[၁၃၅] မြန်မာ့သစ်လုပ်ငန်း၊ ဌေးရတုမဂ္ဂဇင်း ၁၉၉၈ ခုနှစ်၊ စာမျက်နှာ ၁၇၂




၁၉၇၈ ခုနှစ် ကောင်းကင်ကြိုးဖြင့်သစ်ထုတ်လုပ်ခြင်းမှတ်တမ်းဓါတ်ပုံ





၁၉၇၈ ခုနှစ် ကောင်းကင်ကြိုးဖြင့်သစ်ထုတ်လုပ်ခြင်းမှတ်တမ်းဓါတ်ပုံ



၅၃၉။ ဤစီမံကိန်းကို သစ်ထုတ်မှုနည်းပညာတိုးတက်ရန်အတွက် ခေတ်မီသစ်ထုတ်နည်းတစ်ခုဖြစ်သည့် ကောင်းကင်ကြိုးဖြင့် သစ်ထုတ်ခြင်းနည်းကို မြန်မာနိုင်ငံတွင်သုံးရန်နှင့် ဤနည်းပညာကို သင့်လျော်သော အခြားဒေသတွင်အသုံးပြုရန်ဖြစ်သည်။

၅၄၀။ သစ်မာသစ်လုံးတန် ၂၈,၀၀၀ ကို ၂ နှစ်အတွင်းထုတ်လုပ်ရန်၊ ယာဉ်/ယန္တရားစက်ပစ္စည်း ၁၄ မျိုး ဝယ်ယူရန်လျာထားပြီး အရာရှိအဆင့် ၁ ဦး၊ အခြားအဆင့် ၈၆ ဦး၊ စုစုပေါင်း ၈၇ ဦးဖြင့် ဆောင်ရွက်ခဲ့ရသည်။ စီမံကိန်းရုံးချုပ်ကိုရန်ကုန်တွင်ထားရှိပြီး အထွေထွေမန်နေဂျာ (သစ်ထုတ်ရေး) ဦးလှဖေမှာ စီမံကိန်း ဒါရိုက်တာ အဖြစ် ပူးတွဲတာဝန်ထမ်းဆောင်သည်။

၅၄၁။ **လေလဲသစ်များကို ပုဂ္ဂလိကသစ်ထုတ်ခွင့်ပြုခြင်း။** ၁၉၇၆ ခုနှစ်ခန့်က အဆိုပါလေလဲသစ်များကို သစ်လုပ်ငန်းကော်ပိုရေးရှင်းမှ မထုတ်လုပ်လိုသော ခက်ခဲသောနေရာများ၌ ပုဂ္ဂလိကများအား ထုတ်လုပ်ခွင့်ပြုခဲ့သည်။ စာချုပ်ကာလမှာ ၆ လဖြစ်ပြီး ဧရာဝတီတိုင်း ငပုတော၊ သာပေါင်းနှင့် ပုသိမ်အနောက်မြို့နယ် တို့ ပါဝင်သည်။ အဆိုပါကာလက ပုဂ္ဂလိကသစ်ထုတ် ခွင့်အား ထူးထူးခြားခြား ခွင့်ပြုခဲ့ခြင်းဖြစ်သည်။ ရည်ရွယ်ချက် မှာ လေလဲသစ်များအား အလဟဿ ဆွေးမြေ ပျက်စီးဆုံးရှုံးမှုများမှ ကာကွယ်ရန်ဖြစ်သည်။

၁၉၈၈ ခုနှစ် အရေးအခင်း ကာလအတွင်း လယ်ယာနှင့်သစ်တောဝန်ကြီးဌာန၏ ပျက်စီး ဆုံးရှုံးမှု

၅၄၂။ လယ်ယာနှင့်သစ်တောဝန်ကြီးဌာန၏ အရေးအခင်းကာလမှ ပျက်စီးဆုံးရှုံးမှုမှာ ဌာန ၇ ခုအတွက်ကျပ်သန်းပေါင်း ၁၀၂.၈၈၉ ရှိသည်။ သစ်လုပ်ငန်းကော်ပိုရေးရှင်းမှ ပျက်စီးဆုံးရှုံးမှု ငွေသားနှင့် ပစ္စည်းစုစုပေါင်း ကျပ်သန်းပေါင်း ၅၆.၄၁၇ နှင့် သစ်တောဦးစီးဌာနမှပျက်စီးဆုံးရှုံးမှု ငွေသားနှင့်ပစ္စည်း စုစုပေါင်းကျပ်သန်းပေါင်း ၁၃.၄၂၉ ရှိသည်။

မြန်မာ့ဆို့ရှယ်လစ်လမ်းစဉ်ပါတီခေတ်အတွင်း ထင်ရှားသောဖြစ်ရပ်များ

၅၄၃။ ၁၉၇၄ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ ပြည်သူ့လွှတ်တော်ခေတ်အတွင်း သမိုင်းဝင်ထင်ရှားခဲ့သော ဖြစ်ရပ်များ၏ အနှစ်ချုပ်ကို အောက်ပါအတိုင်း ဖော်ပြအပ်သည်–

(က) **၁၉၇၃။** ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပ၍ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြဋ္ဌာန်းခဲ့သည်။ အမှုပိုင်းဒေသသစ်တောနယ်ရုံးကို ကျောက်ပန်းတောင်း၌ ဖွင့်လှစ်ခဲ့သည်။

(ခ) **၁၉၇၄။** ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲ ကျင်းပခဲ့သည်။
ရေဆင်းသစ်တောသုတေသနဌာန တည်ထောင်ရန် UNDP/FAO နှင့် သဘောတူ စာချုပ် ချုပ်ဆိုသည်။
သစ်လုပ်ငန်းစီမံကိန်း (၁) ကမ္ဘာ့ဘဏ်ဖွဲ့စည်းဆောင်ရွက်သည်။

(ဂ) **၁၉၇၆။** ပျဉ်းမနားတွင် ပင်မအလုပ်ရုံ စတင်ဖွင့်လှစ်ခဲ့သည်။

(ဃ) **၁၉၇၇။** သစ်လုပ်ငန်းစီမံကိန်း (၁) အာရှဘဏ်ဖွဲ့စည်းဆောင်ရွက်သည်။

(၈) **၁၉၇၈။** ကောင်းကင်ကြိုးဖြင့် သစ်ထုတ်ခြင်းစီမံကိန်းကို ဖွဲ့စည်းခဲ့သည်။

(၈) **၁၉၇၉။** သစ်လုပ်ငန်းစီမံကိန်း (၂) ကမ္ဘာ့ဘဏ်ဖွဲ့စည်းဆောင်ရွက်သည်။

(ဆ) **၁၉၇၉–၈၅။** အရှေ့ပဲခူးရိုးမ သစ်တောစိုက်ခင်းစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။

(ဇ) **၁၉၈၀။** သဘာဝထိန်းသိမ်းရေးနှင့် အမျိုးသားဥယျာဉ်လုပ်ငန်း စီမံကိန်းကို စတင် အကောင်အထည် ဖော်ခဲ့သည်။

(ဈ) **၁၉၈၁။** ပြည်သူ့လုပ်အားနေရာ ချထားရေးအဖွဲ့အောက်၌ တောရိုင်းတိရစ္ဆာန်နှင့်ဘေးမဲ့တောများ ထိန်းသိမ်း သည်ဌာနဖွဲ့စည်းခဲ့သည်။

(ည) **၁၉၈၁–၈၂။** သစ်အခြေခံစက်မှုလုပ်ငန်းစီမံကိန်း (၁) ကို စတင် အကောင်အထည်ဖော်ခဲ့သည်။

(ဋ) **၁၉၈၂။** လော်ကားဥယျာဉ်ကို မင်္ဂလာဒုံမြို့နယ်၌ တည်ထောင်ခဲ့သည်။
သစ်အခြေခံစက်မှုလုပ်ငန်းစီမံကိန်း (၂) အာရှဘဏ်ကို စတင် အကောင်အထည် ဖော်ခဲ့သည်။

(ဌ) **၁၉၈၂–၈၈။** အာရှဖွံ့ဖြိုးရေးဘဏ်စိုက်ခင်းစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။

(ဍ) **၁၉၈၃။** အမှတ် (၁၀) သစ်စက်အားရန်ကုန်တိုင်း၊ သန်လျင်မြို့နယ်၌ စတင်တည်ဆောက် ခဲ့သည်။

(ဎ) **၁၉၈၄။** သစ်အခြေခံစက်မှုလုပ်ငန်းစီမံကိန်း (၂) ကို စတင် အကောင်အထည်ဖော်ခဲ့သည်။
အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်ကို ယင်းမာပင်မြို့နယ်၌ တည်ထောင် ခဲ့သည်။

(ဏ) **၁၉၈၅။** ပြည်သူ့လုပ်အားနေရာချထားရေး အဖွဲ့လက်အောက်မှ တောရိုင်းတိရစ္ဆာန်နှင့်ဘေးမဲ့တောများ ထိန်းသိမ်းရေးဌာနခွဲကို သဘာဝဝန်းကျင်နှင့်သားငှက်တိရစ္ဆာန် ထိန်းသိမ်းရေးဌာန အဖြစ် ပြင်ဆင်ဖွဲ့စည်းသည်။
ပုပ္ပားတောင်ဥယျာဉ်ကို ကျောက်ပန်းတောင်းမြို့နယ်၌တည်ထောင်ခဲ့သည်။

(တ) **၁၉၈၅–၈၆။** သစ်တောစိုက်ခင်းအများဆုံးဧက ၉၀,၀၀၀ ခန့် စိုက်ပျိုးခဲ့သည်။

(ထ) **၁၉၈၆–၉၁။** အမျိုးသား သစ်တောစီမံအုပ်ချုပ် လုပ်ကိုင်မှုနှင့် သစ်တောသယံဇာတ စာရင်း ကောက်ယူခြင်းစီမံကိန်းကို အကောင် အထည်ဖော် ဆောင်ရွက်ခဲ့သည်။

(ဒ) **၁၉၈၆။** ရောင်းဝယ်ရေးနှင့်သစ်စက်ဌာနကိုပြည်တွင်းနှင့်ပြည်ပဟူ၍ဌာန ၂ ခု သီးခြားဖွဲ့စည်းသည်။

(ဓ) **၁၉၈၇။** ကင်းတားရေဝေရေလဲ ထိန်းသိမ်းရေးရှေ့ပြေးစီမံကိန်း စတင်အကောင်အထည် ဖော်ခဲ့သည်။

(ဓ) **၁၉၈၈–၈၉။** နယ်စပ်သစ်လုံးရောင်းချရေးလုပ်ငန်းစတင်ဆောင်ရွက်ခဲ့သည်။

(န) **၁၉၈၈–၉၀။** ရန်ကုန်တိုင်း၊ မော်ဘီမြို့နယ်တွင် ဗဟိုသစ်တောလုပ်ငန်း ဖွံ့ဖြိုးမှုလေ့ကျင့်ပညာ ပေးရေးဌာနတည်ထောင်သည်။

အခန်း (၆)
မျက်မှောက်ခေတ်
(၁၉၈၉ မှ မျက်မှောက်ကာလထိ)

စျေးကွက်စီးပွားရေးစနစ်ဖြင့် အကောင်အထည်ဖော်ခြင်း

၅၄၄။ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက် နေ့တွင် နိုင်ငံတော်၏အချုပ်အခြာအာဏာကိုရယူ၍ ဆိုရှယ်လစ်စီးပွားရေးစနစ်ကို အပြီးတိုင်ရပ်ဆိုင်းပြီးနောက် နိုင်ငံတော်၏စီးပွားရေးကို စျေးကွက်စီးပွားရေးစနစ် (Market Economy) ဖြင့် အကောင်အထည်ဖော်ခဲ့သည်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ကို ၁၉၉၇ ခုနှစ်တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့သည်။

၅၄၅။ ၁၉၉၀ ပြည့်နှစ်များတွင် ပြည်တွင်းသောင်းကျန်းမှု လျော့နည်းချုပ်ငြိမ်းလာသည်နှင့်အမျှ နယ်စပ်ဒေသတစ်လျှောက် သစ်ထုတ်လုပ်၍ နယ်စပ်ကုန်သွယ်မှုမှတစ်ဆင့် ပြည်ပသို့ ကျွန်းနှင့်သစ်မာတင်ပို့ရောင်းချနိုင်ခဲ့ပြီး နိုင်ငံခြားငွေအမြောက်အမြား ရှာဖွေပေးနိုင်ခဲ့သည်။ ၁၉၉၀ ပြည့်လွန်နှစ်များတွင် ပုဂ္ဂလိကသစ်မာထုတ်လုပ်ခြင်းကို အတိုင်းအတာတစ်ရပ်ထိ ခွင့်ပြုခဲ့သည်။ နိုင်ငံတကာ သစ်စျေးကွက်အခြေအနေနှင့် တရားမဝင်သစ်ထုတ်လုပ်မှုများကို တားဆီးထိန်းသိမ်းနိုင်ရန် နယ်စပ်ဒေသတစ်လျှောက် သစ်ထုတ်လုပ်၍ ပြည်ပတင်ပို့ခြင်းနှင့် ပုဂ္ဂလိကသစ်မာထုတ်လုပ်ခြင်းတို့ကို ရပ်ဆိုင်းခဲ့ရသည်။ ဆိုရှယ်လစ်ခေတ်လွန်ကာလတွင် ကျွန်းနှင့်သစ်မာထုတ်လုပ်မှုကိုမူ နိုင်ငံပိုင်မြန်မာ့သစ်လုပ်ငန်းမှပင် ဆက်လက်တာဝန်ယူဆောင်ရွက်ခဲ့သော်လည်း ပြောင်းလဲလာသော နိုင်ငံတော်၏စျေးကွက်စီးပွားရေးစနစ်နှင့်အညီ ပုဂ္ဂလိကသစ်အခြေခံစက်မှုလုပ်ငန်းကို အားပေးမြှင့်တင်ခဲ့သည်။ တစ်ဖက်တွင် သဘာဝသစ်တောသယံဇာတများ ရေရှည်တည်တံ့မှုနှင့် ကျေးလက်ပြည်သူများ၏ အခြေခံလိုအပ်ချက်နှင့် သစ်ကုန်ကြမ်းရရှိမှု အာမခံချက်ရှိစေရေးအတွက် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောများနှင့် ပုဂ္ဂလိကကျွန်းစိုက်ခင်းများကို တည်ထောင်ခွင့်ပြုခဲ့သည်။

သစ်တောဖုံးလွှမ်းမှု[၁၃၆]

၅၄၆။ ၁၉၇၅ ခုနှစ်တွင် သစ်တောဖုံးလွှမ်းမှုမှာ ဧရိယာဧက ၉၅ သန်းကျော်၊ နိုင်ငံမြေဧရိယာ၏ ၅၇% ခန့်ရှိခဲ့ရာမှ သစ်တောဦးစီးဌာနမှ ကောင်းကင်ဓာတ်ပုံများနှင့် ၁၉၉၅ ခုနှစ်ကမှတ်တမ်းတင်ခဲ့သော ဂြိုလ်တုဓာတ်ပုံများအသုံးပြု၍ ဆန်းစစ်တွက်ချက်ခဲ့ရာ မြန်မာနိုင်ငံ၏ သစ်တောဖုံးလွှမ်းမှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်သည် -

[၁၃၆] စီမံကိန်းနှင့်စာရင်းအင်းဌာန (RS & GIS Section) သစ်တောဦးစီးဌာန

(က)	ထူထပ်သည့်သစ်တော (Closed Forest)	ဧက	၆၂.၅၀ သန်း	(၃၇.၃၈ %)
(ခ)	ရွက်အုပ်ပွင့်သစ်တော (Open Forest or Degraded Forest)	ဧက	၂၄.၉၁ သန်း	(၁၄.၉၀ %)
(ဂ)	တောင်ယာရှိသစ်တော (Forest effected by Shifting Cultivation)	ဧက	၂၉.၄၅ သန်း	(၁၇.၆၁ %)
(ဃ)	အခြားအသုံးချမြေ (Non-forest area)	ဧက	၄၇.၀၄ သန်း	(၂၈.၁၄ %)
(င)	ရေပြင်ဧရိယာ (Water Body)	ဧက	၃.၂၉ သန်း	(၁.၉၇ %)
	စုစုပေါင်း	**ဧက**	**၁၆၇.၁၉ သန်း**	**ဖြစ်သည်။**

၅၄၇။ ထူထပ်သည့်သစ်တောနှင့် ရွက်အုပ်ပွင့်သစ်တော နှစ်ခုပေါင်းဧက ၈၇.၄၁ သန်းခန့်ကို သစ်တော ဖုံးလွှမ်းဧရိယာအဖြစ် သတ်မှတ်ထားရာ နိုင်ငံအကျယ်အဝန်း၏ ၅၂.၂၈ % ကိုသစ်တောများဖုံးလွှမ်းလျက်ရှိသည်ဟုဆိုနိုင်သည်။

သစ်တောကဏ္ဍစီမံအုပ်ချုပ်မှုနှင့် အဓွဲ့အစည်းဆိုင်ရာတိုးတက်ပြောင်းလဲမှုများ

၅၄၈။ ၁၉၉၂ ခုနှစ်၊ မတ်လ ၅ ရက်နေ့စွဲပါ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ် ၁၇/၉၂ ဖြင့် လယ်ယာနှင့်သစ်တောဝန်ကြီးဌာနကို သစ်တောရေးရာဝန်ကြီးဌာနနှင့် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအဖြစ် သီးခြားစီ ပြင်ဆင်ဖွဲ့စည်းခဲ့သည်။ သစ်တောရေးရာဝန်ကြီးဌာနအောက်တွင် ဝန်ကြီးရုံး၊ စီမံကိန်းနှင့်စာရင်းအင်းဦးစီးဌာန၊ သစ်တောဦးစီးဌာန၊ မြန်မာ့သစ်လုပ်ငန်းနှင့် မြေတိုင်းဦးစီးဌာနတို့ကို ထားရှိခဲ့သည်။ ၁၉၉၇ ခုနှစ်တွင် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးကို အထူးအာရုံစိုက်ဆောင်ရွက်နိုင်ရန်အတွက် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနကို သီးခြားဌာနတစ်ခုအဖြစ်ဖွဲ့စည်းပြီး မန္တလေးတိုင်း၊ ပုသိမ်ကြီးမြို့တွင် အခြေစိုက်ဖွင့်လှစ်ခဲ့သည်။ ၂၀၀၄ ခုနှစ်တွင် မြေတိုင်းဦးစီးဌာနကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသို့ လွှဲပြောင်းပေးခဲ့သည်။

သစ်တောဦးစီးဌာန ပြင်ဆင်ဖွဲ့စည်းခြင်း[၁၃၇]

၅၄၉။ ပြောင်းလဲလာသည့် အုပ်ချုပ်မှုစနစ်နှင့်အညီ လိုက်လျောညီထွေရှိစေရန် သစ်တောဦးစီးဌာနကို ပြင်ဆင်ဖွဲ့စည်းခဲ့ရာ အရာထမ်း ၄၄၆ နေရာနှင့် အမှုထမ်း ၁၄,၃၀၅ နေရာ၊ စုစုပေါင်း ၁၄,၇၅၁ နေရာမှ ၁၉၉၄ ခုနှစ်တွင် အရာထမ်း ၅၂၄ နေရာနှင့် အမှုထမ်း ၁၄,၄၁၄ နေရာ၊ စုစုပေါင်း ၁၄,၉၃၈ နေရာသို့ တိုးမြှင့်ဖွဲ့စည်းခဲ့သည်။ သစ်တောဦးစီးဌာနတွင် ညွှန်ကြားရေးမှူးချုပ်ရုံးနှင့် ဦးစီးရုံးချုပ်ဌာန ၆ ခု၊

[၁၃၇] စီမံခန့်ခွဲရေးဌာန၊ သစ်တောဦးစီးဌာန

(စီမံရေးရာဌာန၊ စီမံကိန်းနှင့်စာရင်းအင်းဌာန၊ ဘဏ္ဍာရေးဌာန၊ သဘာဝတောနှင့်စိုက်ခင်းလုပ်ငန်း ဌာန၊ ကာကွယ်ရေးနှင့်စစ်ဆေးရေးဌာန၊ လေ့ကျင့်ရေးနှင့်သုတေသနဌာန)၊ သီးသန့်လုပ်ငန်းရုံးများ ၄ ခု၊ (သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာန၊ ရေဝေရေလဲအုပ်ချုပ်ရေးဌာန၊ သစ်တော တက္ကသိုလ်၊ တိရစ္ဆာန်ဥယျာဉ်များဌာန)၊ ပြည်နယ်/ တိုင်းသစ်တောဦးစီးဌာနရုံး ၁၄ ခု၊ ခရိုင်သစ်တော ဦးစီးဌာနရုံး ၄၀ နှင့် မြို့နယ်သစ်တောဦးစီးဌာနရုံး ၃၁၅ ရုံးဖြင့် လုပ်ငန်းများကို လည်ပတ်ဆောင်ရွက် ခဲ့သည်။

၅၅၀။ ၁၉၉၂ ခုနှစ်၊ ဇူလိုင်လတွင် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်ရှိ သစ်တောပညာဌာနကို သစ်တော တက္ကသိုလ်အဖြစ် အဆင့်မြှင့်ခဲ့ပြီး သစ်တောဦးစီးဌာန၏ အုပ်ချုပ်မှုအောက်တွင် ထားရှိခဲ့သည်။ သစ်တော တက္ကသိုလ်တွင် အရာထမ်း ၄၉ ဦးနှင့် အမှုထမ်း ၁၃၈ ဦး၊ စုစုပေါင်း ၁၈၇ ဦးရှိခဲ့ရာမှ ၁၉၉၈ ခုနှစ်တွင် ဒုတိယပါမောက္ခချုပ် ၁ ဦးကို တိုးချဲ့ခန့်ထားခဲ့သည်။

၅၅၁။ ၁၉၉၆ ခုနှစ်တွင် သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာနအောက်ရှိ ရန်ကုန် တိရစ္ဆာန်ဥယျာဉ်နှင့် ရတနာပုံတိရစ္ဆာန်ဥယျာဉ်တို့ကို ခွဲထုတ်၍ တိရစ္ဆာန်ဥယျာဉ်များဌာနကို အရာထမ်း ၉ နေရာ၊ အမှုထမ်း ၂၇၆ နေရာ၊ စုစုပေါင်း ၂၈၅ နေရာဖြင့် တိုးချဲ့ဖွင့်လှစ်ခဲ့သည်။

၅၅၂။ ၁၉၉၈ ခုနှစ်တွင် မြို့ပြအုပ်ချုပ်ရေးစနစ်အရ ပြင်ဆင်ချက်နှင့်အညီ တိုးချဲ့လာသော အုပ်ချုပ် ရေးခရိုင် မောင်တော၊ တမူး၊ တာချီလိတ်၊ လားရှိုး၊ မူဆယ်၊ ကော့ကရိတ်နှင့် မြဝတီခရိုင် ၇ ခရိုင်တွင် ခရိုင်သစ်တောဦးစီးဌာနရုံးများကို တိုးချဲ့ဖွင့်လှစ်ခဲ့ပြီး သစ်တောဦးစီးဌာန၏ဖွဲ့စည်းပုံမှာအရာထမ်း ၅၄၂ နေရာ၊ အမှုထမ်း ၁၄,၆၃၅ နေရာ၊ စုစုပေါင်း ၁၅,၁၇၇ နေရာဖြစ်လာခဲ့သည်။

၅၅၃။ ၁၉၉၆ ခုနှစ်တွင် ရန်ကုန်တိုင်းသစ်တောဦးစီးဌာနကို ဒုတိယညွှန်ကြားရေးမှူးအုပ်ချုပ်သည့် အဆင့်မှ ညွှန်ကြားရေးမှူးအုပ်ချုပ်သည့်အဆင့်သို့လည်းကောင်း၊ ၂၀၀၀ ပြည့်နှစ်တွင် ကျန်ပြည်နယ်နှင့် တိုင်းသစ်တောဦးစီးဌာနများကို ညွှန်ကြားရေးမှူးအုပ်ချုပ်သည့်အဆင့်သို့ အသီးသီးတိုးမြှင့်ဖွဲ့စည်းခဲ့ပြီး သစ်တောဦးစီးဌာန၏ ဖွဲ့စည်းပုံအင်အားမှာ အရာထမ်း ၅၅၇ နေရာနှင့် အမှုထမ်း ၁၄,၅၁၉၊ စုစုပေါင်း ၁၅,၀၇၆ နေရာရှိလာခဲ့သည်။ ၂၀၀၄ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့အထိ ခန့်ထားပြီးသောဝန်ထမ်း အင်အားမှာ အရာထမ်း ၄၈၅ ဦး၊ အမှုထမ်း ၁၀,၆၅၁ ဦး၊ စုစုပေါင်း ၁၁,၁၃၆ ဦးဖြစ်သည်။

၅၅၄။ ယခုအခါ သစ်တောဦးစီးဌာန ဦးစီးရုံးချုပ်တွင် စီမံခန့်ခွဲရေးဌာန၊ စီမံကိန်းနှင့်စာရင်းအင်းဌာန၊ သဘာဝတောနှင့်စိုက်ခင်းလုပ်ငန်းဌာန၊ တိုးချဲ့ပညာပေးရေးဌာန၊ ဘဏ္ဍာရေးဌာန၊ လေ့ကျင့်ရေးနှင့် သုတေသနဖွံ့ဖြိုးရေးဌာန၊ စစ်ဆေးရေးဌာန၊ ရေဝေရေလဲအုပ်ချုပ်ရေးဌာန၊ သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာနတို့ဖြင့် ဖွဲ့စည်းထားပြီး သီးသန့်လုပ်ငန်းရုံးများအဖြစ် သစ်တော သုတေသနဌာန (ရေဆင်း)၊ သစ်တောတက္ကသိုလ် (ရေဆင်း)၊ မြန်မာနိုင်ငံကျောင်း (ပြင်ဦးလွင်မြို့)၊ ဗဟိုသစ်တောလုပ်ငန်း ဖွံ့ဖြိုးမှုလေ့ကျင့်ပညာပေးရေးဌာန (မော်ဘီ) နှင့် တိရစ္ဆာန်ဥယျာဉ်များဌာနတို့ကို

ဖွဲ့စည်းထားသည်။ ပြည်နယ်/တိုင်းအဆင့် ၁၄ ရုံး၊ ပြည်နယ်/တိုင်းခွဲ အဆင့် ၃ ရုံး၊ ခရိုင်အဆင့် ၄၇ ရုံးနှင့် မြို့နယ်အဆင့် ၃၁၅ ရုံးတို့ဖြစ်သည်။

အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနဖွဲ့စည်းခြင်း[၁၃၈]

၅၅၅။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ၁၉၉၇ ခုနှစ်၊ ဧပြီလ မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဒေသခရီးစဉ်အတွင်း "မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို စီမံကိန်းချမှတ်၍ အလေးထား ဖော်ချလုပ်ကိုင်သွားရန်အတွက် ဘက်စုံစီမံကိန်း (Comprehensive Plan) ရေးဆွဲဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့တာဝန်ယူသည့်ကာလအတွင်း အပူပိုင်းဒေသ၌ နောင်သားစဉ်မြေးဆက် ရေရှည်အကျိုးရှိစေမည့် စီမံကိန်းလုပ်ငန်းများကို အကောင်အထည်ဖော်သွားရန်၊ ဒေသခံပြည်သူများလည်းနားလည်သိရှိပြီး ပူးပေါင်း ပါဝင်လာအောင် စည်းရုံးဆောင်ရွက်သွားရန်" လမ်းညွှန်မှာကြားချက်အရ အပူပိုင်းဒေသစိမ်းလန်းစိုပြည် ရေးကို မျက်ခြည်မပြတ် ထိထိရောက်ရောက် ဖော်ဆောင်နိုင်ရေးအတွက်အပူပိုင်းဒေသ စိမ်းလန်းစိုပြည် ရေးဦးစီးဌာနကို ၁၉၉၇ ခုနှစ်တွင် မန္တလေးတိုင်း၊ ပုသိမ်ကြီးမြို့၌ အခြေစိုက်ဖွင့်လှစ်ပြီး သစ်တောဦးစီး ဌာန၏ ဆောင်ရွက်ဆဲ အထူးဒေသကိုးခရိုင်စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို လွှဲပြောင်းရယူခဲ့သည်။

၅၅၆။ ဦးစီးရုံးချုပ်၌ ညွှန်ကြားရေးမှူးချုပ်ရုံး၊ စီမံခန့်ခွဲရေးဌာနခွဲ၊ စီမံကိန်းဌာနခွဲ၊ အင်ဂျင်နီယာ ဌာနခွဲနှင့် တိုင်းများတွင် တိုင်းဦးစီးဌာနရုံး၊ ခရိုင်ဦးစီးဌာနရုံး၊ မြို့နယ်ဦးစီးဌာနရုံးများပါဝင်သည်။ ဖွဲ့စည်းပုံအရ အရာထမ်း ၁၃၇ ဦး၊ အမှုထမ်း ၃,၀၉၄ ဦး၊ စုစုပေါင်း ၃,၂၃၁ ဦးခွင့်ပြုခဲ့သော်လည်း ၂၀၀၄ ခုနှစ်၊ အောက်တိုဘာလကုန်အထိ အရာထမ်း ၁၀၀ ဦး၊ အမှုထမ်း ၁,၅၃၂ ဦး၊ စုစုပေါင်း ၁,၆၃၂ ဦးဖြင့်လုပ်ငန်း များကိုဆောင်ရွက်ခဲ့သည်။

မြန်မာ့သစ်လုပ်ငန်းပြင်ဆင်ဖွဲ့စည်းခြင်း

၅၅၇။ နိုင်ငံတော်၏စီးပွားရေးစနစ်ကို ဈေးကွက်စီးပွားရေးစနစ်အဖြစ် ပြောင်းလဲကျင့်သုံးခြင်းနှင့် လိုက်လျောညီထွေဖြစ်စေရေးအတွက်၁၉၈၉ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ 'သစ်လုပ်ငန်းကော်ပိုရေးရှင်း' (Timber Corporation - TC) ကို 'မြန်မာ့သစ်လုပ်ငန်း' (Myanma Timber Enterprise - MTE) ဟု ပြောင်းလဲခေါ်ဝေါ်ပြီး လုပ်ငန်းများဆက်လက်လုပ်ကိုင်သည်။[၁၃၉] ၁၉၉၀ ခုနှစ်တွင် မြန်မာ့သစ်လုပ်ငန်းကို ဦးဆောင်ညွှန်ကြားရေးမှူးရုံးအဖွဲ့နှင့် စီမံခန့်ခွဲရေးဌာန၊ စီမံကိန်းနှင့်စာရင်းအင်းဌာန၊ သစ်ထုတ်ရေးဌာန၊ ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာန၊ ပြည်ပရောင်းဝယ်ရေးနှင့်သစ်စက်ဌာန၊ အင်ဂျင်နီယာဌာနနှင့် ဘဏ္ဍာရေးနှင့်ငွေစာရင်းဌာန၊ ဌာန ၇ ခု၊ အရာထမ်း ၁,၁၂၀ ဦး၊ အမှုထမ်း ၄၆,၈၆၉ ဦး၊ စုစုပေါင်း ၄၇,၉၈၉ ဦးဖြင့် တိုးမြှင့်ဖွဲ့စည်းခဲ့သည်။

---

[၁၃၈] စီမံခန့်ခွဲရေးဌာန၊ သစ်တောဦးစီးဌာန

[၁၃၉] မြန်မာ့သစ်လုပ်ငန်း၊ နှစ် ၅၀ ရွှေရတုမဂ္ဂဇင်း ၁၉၉၈ ၊ စာမျက်နှာ ၁၆

၅၅၈။ မြန်မာ့သစ်လုပ်ငန်း၏ သစ်အခြေခံကုန်ချောလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကို ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ရန်ရည်ရွယ်၍ ၂၀၀၂ ခုနှစ်တွင် သစ်အခြေခံစက်မှုလုပ်ငန်းဌာနကို သီးခြားဖွဲ့စည်း၍ ပြည်ပရောင်းဝယ်ရေးနှင့်သစ်စက်ဌာနအောက်ရှိ သစ်ခြေခံစက်မှုလုပ်ငန်းစက်ရုံ၊ အလုပ်ရုံများကို လွှဲပြောင်းရယူခဲ့ပြီး အရာထမ်း ၆၃ ဦး၊ အမှုထမ်း ၃,၅၀၆ ဦး၊ စုစုပေါင်းဝန်ထမ်း ၃,၅၆၉ ဦးဖြင့် ဆောင်ရွက်ခဲ့သည်။

သစ်တောမူဝါဒ၊ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ တိုးတက် ပြောင်းလဲလာမှု

၁၉၉၅ခုနှစ်မြန်မာ့သစ်တောမူဝါဒ[၁၄၀]

၅၅၉။ ၁၈၅၀ပြည့်လွန်နှစ်များကစ၍မြန်မာနိုင်ငံ သစ်တောများကို စနစ်တကျ စီမံအုပ်ချုပ်ခဲ့သော်လည်း နိုင်ငံတော်သစ်တောမူဝါဒတစ်ရပ်အနေဖြင့် သတ်သတ်မှတ်မှတ် မရှိခဲ့ပေ။ ၁၉၉၂ ခုနှစ် ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေယို (Rio de Janeiro) မြို့တွင် ကျင်းပခဲ့သည့် ကမ္ဘာ့မြေထိပ်သီး ညီလာခံပြီးနောက် ထာဝစဉ်ဖွံ့ဖြိုးတိုးတက်ရေး (Sustainable Development) အယူအဆများ ထွန်းကားလာပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ဇီဝမျိုးစုံမျိုးကွဲနှင့် ယင်းတို့၏ ဂေဟစနစ် (Ecosystem) ထိန်းသိမ်းကာကွယ်ရေးတို့၏ အရေးပါမှုတို့ကို နိုင်ငံတကာတွင် ပိုမို အလေးထား အသိအမှတ်ပြုလာခဲ့သည်။ သို့ဖြစ်၍ ပြောင်းလဲလာသော ခေတ်စနစ်နှင့်အညီ မြန်မာနိုင်ငံသစ်တောများကို စီမံအုပ်ချုပ်နိုင်ရန်အတွက် ၁၉၉၅ ခုနှစ်တွင် မြန်မာ့သစ်တောမူဝါဒကို အောက်ဖော်ပြပါ ပဓာနကျသော အချက် ၆ ချက်ဖြင့် ပြဋ္ဌာန်းခဲ့သည်–

(က) ရေ၊ မြေ၊ တောရိုင်းတိရစ္ဆာန်၊ ဇီဝမျိုးစုံနှင့် သဘာဝဝန်းကျင်ကို ကာကွယ်ရမည်။

(ခ) လက်ရှိပြည်သူလူထုနှင့် နောင်လာနောက်သားများပါ သစ်တောများမှရရှိနိုင်သည့် တိုက်ရိုက်နှင့် သွယ်ဝိုက်သောအကျိုးများကို စဉ်ဆက်မပြတ်ခံစားနိုင်ကြစေရန် သစ်တော သယံဇာတအရင်းအမြစ်များကို ထာဝစဉ်တည်တံ့နေစေရေးအတွက် ထိန်းသိမ်းရမည်။

(ဂ) ပြည်သူလူထု၏ လောင်စာ၊ နေအိမ်အဆောက်အအုံ၊ အစားအစာနှင့် အပန်းဖြေနားနေမှုအစရှိသည့် အခြေခံစားဝတ်နေရေး လိုအပ်ချက်များကို ဖြည့်ဆည်းပေးရမည်။

(ဃ) သစ်တောသယံဇာတများမှရရှိနိုင်သည့် စီးပွားရေးအကျိုးအမြတ်တို့အား လူမှုရေးနှင့် သဘာဝဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာတို့ကို မထိခိုက်စေဘဲ အပြည့်အဝအသုံးချနိုင်ရန် စီမံရမည်။

(င) သစ်တောများပြုစုထိန်းသိမ်းရေးနှင့် သစ်တောသယံဇာတများ အသုံးချရေးဆိုင်ရာလုပ်ငန်းတို့တွင် ပြည်သူတို့က ပူးပေါင်းပါဝင်လာကြစေရန် ဆောင်ရွက်သွားရမည်။

---

[၁၄၀] စီမံခန့်ခွဲရေးဌာန၊ သစ်တောဦးစီးဌာန

(စ) နိုင်ငံတော်၏ လူမှုရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဖော်ဆောင်ရာတွင် သစ်တောများသည် အဓိကအခန်းမှပါဝင်နေကြောင်းကို ပြည်သူတို့အတွင်း နိုးကြားသည့်အသိရှင်သန်နေ စေရန် စည်းရုံးလှုံ့ဆော်သွားရမည်။

သစ်တောဥပဒေ၊ နည်းဥပဒေများ ပြင်ဆင်ပြဋ္ဌာန်းခြင်း[၁၄၁]

၅၆၀။ မြန်မာနိုင်ငံတွင် ပြောင်းလဲ ကျင့်သုံးလာသော ဈေးကွက်စီးပွားရေးစနစ်နှင့် လိုက်လျောညီထွေဖြစ်စေရန် ၁၉၉၂ ခုနှစ်တွင် သစ်တော ဥပဒေကိုလည်းကောင်း၊ ၁၉၉၅ ခုနှစ်တွင် သစ်တောနည်းဥပဒေများကိုလည်းကောင်း ပြင်ဆင်ရေးဆွဲ ပြဋ္ဌာန်းခဲ့သည်။ ထူးခြားချက်မှာ ၁၉၀၂ ခုနှစ် သစ်တောဥပဒေဟောင်းတွင် ထည့်သွင်းပြဋ္ဌာန်းခြင်း မရှိခဲ့သည့် သစ်တောပြုစုထိန်းသိမ်းရေးလုပ်ငန်းများ၌ ပုဂ္ဂလိကအခန်းမှ ပါဝင်ရေးအတွက် လမ်းဖွင့် ပေးထားခြင်းဖြစ်သည်။ တစ်ဆက်တည်း ပြည်သူလူထု၏ တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်မှုဖြင့် သစ်တောပြုစုထိန်းသိမ်းမှုနှင့် စီမံအုပ်ချုပ်မှုကို ဆောင်ရွက်နိုင်ရန်အတွက် သစ်တောဦးစီးဌာနမှ ဒေသခံ ပြည်သူ အစုအဖွဲပိုင် သစ်တောလုပ်ငန်းဆိုင်ရာညွှန်ကြားချက်များကို ၁၉၉၅ ခုနှစ်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

၅၆၁။ နိုင်ငံတော်ပိုင်သစ်တောများ မပြုန်းတီးစေရေး၊ သစ်တောများပြန်လည်ပြုစုပျိုးထောင်ရေး၊ သစ်တောစိုက်ခင်းများတည်ထောင်ရေး၊ သစ်တောနှင့်သစ်တောထွက်ပစ္စည်းများ ထိန်းသိမ်းကာကွယ်ရေး၊ သစ်တောနှင့်ပတ်သက်သည့် မသမာမှုများကင်းရှင်းရေးတို့အတွက် စီမံဆောင်ရွက်ရန်၊ လက်ရှိသစ်တောဧရိယာအမှန်စာရင်းရရှိရေးအတွက် ကွင်းဆင်းတိုင်းတာစစ်ဆေးပြုစုစေရန် စသည့်လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်သွားရန်အတွက် ဗဟို၊ တိုင်း/ပြည်နယ်၊ ခရိုင်နှင့်မြို့နယ် သစ်တောပြုစုထိန်းသိမ်းရေးကော်မတီအဆင့်ဆင့်ကို ၁၉၉၃ ခုနှစ်တွင် ဖွဲ့စည်းခဲ့ပြီး သစ်တောပြုစုထိန်းသိမ်းရေး လုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်ခဲ့သည်။

တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်း ရေးဥပဒေ ပြဋ္ဌာန်းခြင်းနှင့် ထိန်းသိမ်းကာကွယ်ခြင်း[၁၄၂]

၅၆၂။ သဘာဝအပင်နှင့် တောရိုင်းတိရစ္ဆာန်များကို ခေတ်ကာလ လိုအပ်ချက်နှင့်အညီ ထိန်းသိမ်းကာကွယ်နိုင်ရန်အတွက် ၁၉၉၄ ခုနှစ်တွင် တောရိုင်းတိရစ္ဆာန် နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေကို လည်းကောင်း၊ ၂၀၀၂ ခုနှစ်တွင် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝ အပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးနည်းဥပဒေများကို ထုတ်ပြန်ကြေညာခဲ့သည်။ သစ်တောဦးစီးဌာနသည် တောရိုင်း တိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေး ဥပဒေပုဒ်မ ၁၅ (က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို သုံးစွဲ၍ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မျိုးသုဉ်းမည့် အန္တရာယ်မှ ကာကွယ်ရမည့် တောရိုင်းတိရစ္ဆာန်

---

[၁၄၁] စီမံခန့်ခွဲရေးဌာန၊ သစ်တောဦးစီးဌာန

[၁၄၂] သဘာဝဝန်းကျင်နှင့် သားငှက်ထိန်းသိမ်းရေးဌာန၊ သစ်တောဦးစီးဌာန

များကို ၁၉၉၄ ခုနှစ်တွင် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်ကြေညာခဲ့သည်။ အဆိုပါ ကြေညာချက်တွင် နို့တိုက်သတ္တဝါများ၊ ငှက်များ၊ တွားသွား သတ္တဝါများ ပါဝင်သည်။ လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်နှင့် သာမန်ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များ၊ ရာသီအလိုက် ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များဟူ၍ ခွဲခြား ဖော်ပြ ထားသည်

သစ်တောထွက်ပစ္စည်းအခွန်တော်နှုန်းထားများပြင်ဆင်သတ်မှတ်ခြင်း[၁၄၃]

၅၆၃။ သစ်တောထွက် ပစ္စည်းအခွန်တော် နှုန်းထားများအား အချိန်ကာလအလိုက် လိုက်လျောညီထွေမှု ရှိစေရန် ပြင်ဆင် သတ်မှတ်ခဲ့ရာ အောက်ပါအရေးကြီးသောသစ်တောထွက်ပစ္စည်းအချို့၏ အခွန်တော် နှုန်းထားများအား နှိုင်းယှဉ်ဖော်ပြအပ်ပေသည် –

သစ်တောထွက်ပစ္စည်းအခွန်တော် / အခွန်အခနှုန်းထားများ

သစ်တောထွက်ပစ္စည်း	ရေတွက်ပုံ	အခွန်တော်/အခွန်အခ နှုန်းထားများ (ကျပ်)			
		၁၇-၁၀-၈၈ မှ ၃၁-၇-၉၂ထိ	၁-၈-၉၂ မှ ၃၁-၃-၉၇ ထိ	၁-၃-၉၇ မှ ၃၁-၃-၀၃ ထိ	၁-၄-၀၃ မှ ယနေ့အထိ
၁	၂	၃	၄	၅	၆
ကျွန်းသစ်လုံး	တစ်တန်	၂၀၀	၄၀၀	၁,၂၀၀	၁,၅၀၀
သစ်မာအုပ်စု(၁)	။	၁၂၀	၃၆၀	၆၀၀	၇၅၀
သစ်မာအုပ်စု(၂)	။	၆၀	၁၈၀	၃၀၀	၃၇၅
သစ်မာအုပ်စု(၃)	။	၄၀	၉၀	၂၀၀	၂၅၀
သစ်မာအုပ်စု(၄)(၅)	။	၄၀	၉၀	၂၀၀	၂၅၀
ထင်း	။	၅	၅	၅၀	၁၀၀
မီးသွေး	ပေါင်၉၀ တစ်အိတ်	၂	၃	၁၅	၃၀
ဝါး(အသေး) ဝါး(အကြီး)	လုံးရေ (၁၀၀)	၂	၁၀	၅၀ ၁၀၀	၅၀ ၁၀၀

၅၆၄။ လက်ရှိအခွန်တော်နှုန်းထားများမှာမြန်မာ့သစ်လုပ်ငန်းအား ၂၅ ရာခိုင်နှုန်း တိုးမြှင့်၍လည်းကောင်း၊ ပုဂ္ဂလိကအား ၁၀၀ ရာခိုင်နှုန်းတိုးမြှင့်၍လည်းကောင်း၊ ၂၀၀၃ ခုနှစ် မတ်လ ၂၈ ရက်နေ့တွင်ကျင်းပပြုလုပ်သော (၁၁/၂၀၀၃) ကြိမ်မြောက် ပြည်ထောင်စုမြန်မာနိုင်ငံတော် ကုန်သွယ်မှု မူဝါဒကောင်စီ သဘောတူညီချက်အရ သတ်မှတ်ခြင်းဖြစ်သည်။

[၁၄၃] သဘာဝတောနှင့်စိုက်ခင်းဌာန၊ သစ်တောဦးစီးဌာန

သစ်တောပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများဆောင်ရွက်ခြင်း

အမျိုးသားသစ်တောကဏ္ဍပင်မစီမံကိန်း (၂၀၀၁–၀၂ ခုနှစ်မှ ၂၀၃၀–၃၁ ခုနှစ်အထိ) ရေးဆွဲခြင်း[၁၇၇]

၅၆၅။ မြန်မာ့သစ်တောများသည် နိုင်ငံတော်၏စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုများအပြင် သဘာဝဝန်းကျင်ကောင်းမွန်ရေးတွင် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိနေသည်။ အဆိုပါ သစ်တောများ ထာဝစဉ် ဖွံ့ဖြိုးတည်တံ့ မှသာလျှင် နိုင်ငံတော်၏ သဘာဝဝန်းကျင်နှင့် ဂေဟစနစ်များ ကောင်းမွန် တည်တံ့ပြီး လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည်လည်း ထာဝစဉ်တည်တံ့နေမည်ဖြစ်သည်။

၅၆၆။ ထို့ကြောင့် နိုင်ငံတော်၏ သစ်တောသယံဇာတများ ထာဝစဉ်ဖွံ့ဖြိုး တည်မြဲအောင် ထိန်းသိမ်းပြုစုရန် လိုအပ်သည်။ သို့ရာတွင် အခြားဖွံ့ဖြိုးဆဲနိုင်ငံများနည်းတူ မြန်မာနိုင်ငံသည် လူဦးရေတိုးတက်များပြား လာသည်နှင့်အမျှ လူမှုစီးပွားဖွံ့ဖြိုးရေး လိုအပ်ချက်များတိုးတက်များပြားလာမှုကြောင့် သစ်တောပြုန်းတီးမှု ကိုသိသာထင်ရှားစွာ ခံစားရလျက်ရှိသည်။

၅၆၇။ မြန်မာ့အဖိုးတန်သစ်တောများ အဓွန့်ရှည်ကြာစွာတည်တံ့စေရန်နှင့် နောင်သားစဉ်မြေးဆက် သစ်တောသယံဇာတများစဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲနိုင်ရန် မြန်မာ့သစ်တောကဏ္ဍအတွက် နှစ်ရှည် စီမံကိန်းတစ်ရပ်ရေးဆွဲရန်လိုအပ်နေမှုကို ဖြည့်စွက်မှုတစ်ရပ်အဖြစ် အမျိုးသားသစ်တောကဏ္ဍပင်မစီမံကိန်း (National Forest Master Plan – NFMP) ကိုနှစ်ပေါင်း ၃၀ ကာလ (၂၀၀၁–၀၂ ခုနှစ်မှ ၂၀၃၀–၃၁ ခုနှစ် အထိ) အတွက်ရေးဆွဲခြင်းဖြစ်သည်။

၅၆၈။ သစ်တောကဏ္ဍ ပင်မစီမံကိန်းရေးဆွဲရာတွင် သစ်တောများထာဝစဉ်တည်တံ့ရေး အုပ်ချုပ် လုပ်ကိုင်မှု၏အရေးပါသည့် အခန်းကဏ္ဍကြီး ၃ ရပ်ဖြစ်သော စီးပွားရေး၊ လူမှုရေးနှင့် ဂေဟစနစ်တို့ကို အထူးအလေးထားလျက် ရေမြေသဘာဝဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲများကို ထိန်းသိမ်းကာကွယ်ရန်၊ သဘာဝတောများကို ထိန်းသိမ်းကာကွယ်လျက် သစ်တောစိုက်ခင်းများကို ထူထောင်ခြင်းဖြင့် ရာသီဥတု မျှတစေပြီး စိုက်ပျိုးရေးကိုအထောက်အကူပြုစေရန်၊ သစ်နှင့်အခြားသစ်တောထွက်ပစ္စည်းများကို စဉ်ဆက် မပြတ် ထုတ်ယူသုံးစွဲနိုင်ရန်၊ ကျေးလက်နေပြည်သူများ၏ အခြေခံသစ်တောထွက်ပစ္စည်း လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန်၊ သစ်တောသစ်ပင်များ၏ တန်ဘိုးနှင့်အနှစ်သာရကို ပြည်သူများ ပိုမိုသိရှိ နားလည်လာစေရန်၊ သဘာဝဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောများအုပ်ချုပ်လုပ်ကိုင်မှုတို့တွင် ပြည်သူ များအား အသိပညာမြှင့်တင်ပေးရန်နှင့် ပူးပေါင်းပါဝင်ဆောင်ရွက်လာစေရန်၊ သစ်တောသယံဇာတများ ထုတ်ယူသုံးစွဲရာတွင် အလေအလွင့်နည်းပါးပြီး သစ်အခြေခံစက်မှုလက်မှုလုပ်ငန်းများ တိုးတက်ဖြစ်ထွန်း ပေါ်ပေါက်လာစေရန်၊ သစ်တောကဏ္ဍနှင့် ဆက်စပ်လျက်ရှိသည့်အဖွဲ့အစည်းများ ခိုင်မာတောင့်တင်း

[၁၇၇] စီမံကိန်းနှင့်စာရင်းအင်းဌာန၊ သစ်တောဦးစီးဌာန

စေရန်နှင့် ပါဝင်လုပ်ကိုင်ဆောင်ရွက်နေသူများ၏ စွမ်းဆောင်ရည်တိုးတက်မြင့်မားစေရန် စသည့်ရည်ရွယ်ချက်များဖြင့် ရေးဆွဲထားခြင်းဖြစ်သည်။

၅၆၉။ စီမံကိန်းကာလကုန်ဆုံးချိန် ၂၀၃၀–၃၁ ခုနှစ်တွင် အမြဲတမ်းသစ်တောမြေဧရိယာကို နိုင်ငံတော်ဧရိယာ၏ ၄၀ ရာခိုင်နှုန်း ရှိနေစေရန်လည်းကောင်း၊ ပြောင်းလဲအသုံးချသစ်တောမြေ (Conversion Forest) ဧရိယာကို ၁၁ ရာခိုင်နှုန်း တည်ရှိနေစေရန်လည်းကောင်း ကြိုးပမ်းဆောင်ရွက်သွားရန်ဖြစ်သည်။

၅၇၀။ အမျိုးသားသစ်တောကဏ္ဍ ပင်မစီမံကိန်းသည် သစ်တောကဏ္ဍတွင် ယနေ့ရင်ဆိုင်တွေ့ကြုံနေရသည့်အခက်အခဲများ၊ အကြောင်းကိစ္စရပ်များနှင့် နောင်တွင်တွေ့ကြုံလာနိုင်သည့် အခက်အခဲအတားအဆီးများနှင့်လိုအပ်ချက်များကို ဖြေရှင်းဆောင်ရွက်ဖြည့်ဆည်းပေးမည့် ရေရှည်စီမံကိန်းတစ်ရပ်လည်းဖြစ်သည်။ အမျိုးသားသစ်တောကဏ္ဍ ပင်မစီမံကိန်းသည် သစ်တောကဏ္ဍဖွံ့ဖြိုးတိုးတက်လာရေးအတွက် ကျယ်ကျယ်ပြန့်ပြန့်ရေးဆွဲထားသည့် ဇီဝရူပ၊ ပတ်ဝန်းကျင်၊ လူမှုနိုင်ငံရေးနှင့် စီးပွားရေးဆိုင်ရာအစီအစဉ်တစ်ရပ်လည်းဖြစ်သည်။ ထို့အပြင်အမျိုးသားအဆင့်နှင့် ဒေသကြီးအဆင့်များတွင် သစ်တောကဏ္ဍနှင့် စပ်လျဉ်း၍ ဆုံးဖြတ်ချက်များချမှတ်ရာ၌ လမ်းညွှန်မှုပေးနိုင်ရန်လည်း ရည်ရွယ်သည်။ စီမံကိန်းက သစ်တောကဏ္ဍအတွက် လိုအပ်သောရေရှည်ဖွံ့ဖြိုးမှု မူဘောင်တစ်ခုကိုသတ်မှတ်ပေးသည်။ စီမံကိန်းကို အကောင်အထည်ဖော်သည့်အခါ နိုင်ငံတော်၏ အဖိုးတန်သဘာဝသစ်တောသယံဇာတ၊ ၄င်းနှင့်ဆက်နွယ် နေသည့် တောရိုင်းတိရစ္ဆာန်များနှင့် အခြားဇီဝမျိုးစုံမျိုးကွဲ အရင်းအမြစ်များကို ထိန်းသိမ်းစောင့်ရှောက် ကာကွယ်ပြီး ပတ်ဝန်းကျင်ဆိုင်ရာဝန်ဆောင်မှုနှင့် ဒေသခံပြည်သူများ၏ သစ်တောထွက်ပစ္စည်း လိုအပ်ချက်များကို စဉ်ဆက်မပြတ် ဖြည့်ဆည်းပေးရန်ဖြစ်သည်။

သစ်တောအုပ်ချုပ် လုပ်ကိုင်မှုစီမံကိန်းများ (Working Plan)[၁၄၅]

၅၇၁။ ၁၈၅၆ ခုနှစ်တွင် ပထမဦးဆုံးသော အုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်းကို ပဲခူးရိုးမ ကျွန်းတောများအတွက် ရေးဆွဲခဲ့သည်။ ကျွန်းပါဝင်မှုကိုကောက်ယူရရှိသော ကိန်းဂဏန်းများပေါ်တွင်အခြေခံ၍ ရေးဆွဲခဲ့ခြင်းဖြစ်သည်။ ၁၉၂၀ ခုနှစ်တွင် စီမံကိန်းရေးဆွဲခြင်းကို သစ်တောခရိုင်များအားလုံးအတွက် ရေးဆွဲရန် ဆုံးဖြတ်ခဲ့သည်။ ၁၉၃၁ ခုနှစ်တွင် စီမံကိန်းရေးဆွဲပြီးကြိုးဝိုင်းဧရိယာမှာ ၂၂,၆၈၅ စတုရန်းမိုင်အထိ တိုးတက် ခဲ့သည်။ အနာဂတ်တောထွက်ပင်များအတွက် ရင်စို့လုံးပါတ် ၄ ပေ ၆ လက်မနှင့်အထက်ရှိသော ကျွန်းပင်များ ကိုပါ စာရင်းကောက်ယူခြင်းကို ၁၉၃၂ ခုနှစ်တွင်စတင်ခဲ့သည်။ ၁၉၄၀ ခုနှစ်တွင် ကြိုးဝိုင်းဧရိယာ၏ ၂၉,၀၅၄ စတုရန်းမိုင် သို့မဟုတ် စုစုပေါင်းကြိုးဝိုင်းဧရိယာ၏ ၈၃.၅ ရာခိုင်နှုန်းကို ကွက်စိပ်စီမံကိန်းရေးဆွဲပြီး ဖြစ်ခဲ့သည်။

---

[၁၄၅] စီမံကိန်းနှင့်စာရင်းအင်းဌာန၊ သစ်တောဦးစီးဌာန

၅၇၂။ ဒုတိယကမ္ဘာစစ်ပြီးဆုံးချိန် ၁၉၄၅ ခုနှစ်တွင် ကွက်စိပ်စီမံကိန်းများ၏ သက်တမ်းများမှာလည်း ကုန်ဆုံးနေပြီဖြစ်သည်။ သို့ဖြစ်၍ ၁၉၅၆ ခုနှစ်တွင် သစ်တောမင်းကြီးချုပ်ဦးချိန်ဟိုးမှ ဦးဆောင်၍ စီမံကိန်းများကို ပြန်လည်ရေးဆွဲခဲ့ရာ ၁၉၅၇ ခုနှစ်တွင်အားလုံးသော ၃၅ ခရိုင်အတွက် စီမံကိန်းများကို ပြန်လည်ရေးဆွဲနိုင်ခဲ့ပြီး အကျုံးဝင်သည့်ဧရိယာမှာ ကြိုးဝိုင်းတော ၃၄,၇၈၉ စတုရန်းမိုင်နှင့် ကြိုးပြင်တော ၁၀၆,၉၄၅ စတုရန်းမိုင်ဖြစ်သည်။


၅၇၃။ ၁၉၉၆ ခုနှစ်တွင် သစ်တောဦးစီးဌာနမှ မြန်မာနိုင်ငံတစ်နိုင်ငံလုံးရှိအုပ်ချုပ်ရေးခရိုင်အားလုံး (၆၁–ခရိုင်) အတွက် ခရိုင်သစ်တောအုပ်ချုပ်လုပ်ကိုင်မှု စီမံကိန်းများကို ၁၉၉၅–၉၆ ခုနှစ်မှ ၂၀၀၅–၀၆ ခုနှစ်ထိ အသစ်ရေးဆွဲ ခဲ့သည်။

၅၇၄။ ခရိုင်သစ်တောအုပ်ချုပ်လုပ်ကိုင်မှု စီမံကိန်းအသစ်တွင် သစ်ထုတ်ခြင်းကြောင့်ပတ်ဝန်းကျင်နှင့် သစ်တောများအား ထိခိုက်ပျက်စီးမှုကိုလျော့ချရန်ရည်ရွယ်၍ ကျွန်းနှင့်သစ်မာထုတ်လုပ်မှုကို အလုပ်တိုက်နယ်တစ်ခုတည်းတွင် ထည့်သွင်းဖွဲ့စည်းခဲ့သည်။ သစ်တောစိုက်ခင်းများသည်လည်း အရွယ်ရောက်လာပြီဖြစ်သဖြင့် အလုပ်တိုက်နယ်တစ်ခုအဖြစ် ထည့်သွင်းရေးဆွဲထားသည်။ ရေဝေရေလဲဒေသများအတွက်လည်းကောင်း၊ ဒေသထောက်ပံ့ရေးနှင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောများအတွက်လည်းကောင်း၊ အလုပ်တိုက်နယ်များထည့်သွင်းထားသည်။ ရေဝေရေလဲဒေသများထိန်းသိမ်းရန်နှင့် ကျေးလက်တောင်သူများ၊ ဒေသခံပြည်သူအစုအဖွဲများ၏ အခြေခံလိုအပ်ချက်များကို ထာဝစဉ် ဖြည့်ဆည်းရန်ဖြစ်သည်။

၅၇၅။ ၁၉၉၅–၉၆ ခုနှစ်မှ ၂၀၀၅–၀၆ ခုနှစ်ထိ ခရိုင်သစ်တောအုပ်ချုပ်လုပ်ကိုင်မှု စီမံကိန်းများ ရေးဆွဲထားသည့် ခရိုင် ၆၁ ခုမှာ–မြစ်ကြီးနား၊ ဗန်းမော်၊ ပူတာအို၊ လွိုင်ကော်၊ ဘောလခဲ၊ ဘားအံ၊ မြဝတီ၊ ကော့ကရိတ်၊ ဖလမ်း၊ မင်းတပ်၊ စစ်ကိုင်း၊ ရွှေဘို၊ မုံရွာ၊ ကသာ၊ ကလေး၊ တမူး၊ မော်လိုက်၊ ခန္တီး၊ ထားဝယ်၊ ကော့သောင်း၊ မြိတ်၊ ဝဲခူး၊ ပြည်၊ သာယာဝတီ၊ တောင်ငူ၊ မကွေး၊ မင်းဘူး၊ သရက်၊ ပခုက္ကူ၊ ဂန့်ဂေါ၊ မန္တလေး၊ ပြင်ဦးလွင်၊ ကျောက်ဆည်၊ မြင်းခြံ၊ ညောင်ဦး၊ ရမည်းသင်း၊ မိတ္ထီလာ၊ မော်လမြိုင်၊ သထုံ၊ စစ်တွေ၊ မောင်တော၊ ဘူးသီးတောင်၊ ကျောက်ဖြူ၊ သံတွဲ၊ ရန်ကုန် (မြောက်)၊ ရန်ကုန် (အနောက်)၊ တောင်ကြီး၊ လွိုင်လင်၊ လားရှိုး၊ မူဆယ်၊ ကျောက်မဲ၊ ကွမ်းလုံ၊ ကျိုင်းတုံ၊ မိုင်းဆတ်၊ တာချီလိတ်၊ မိုင်းဖြတ်၊ ပုသိမ်၊ ဟသ်ာတ၊ မြောင်းမြ၊ မအူပင်၊ ဖျာပုံတို့ဖြစ်သည်။

သစ်တောပြုစုထိန်းသိမ်းခြင်း

၅၇၆။ သစ်တောများကို စနစ်တကျစီမံအုပ်ချုပ်ရာတွင် သစ်တော ထွက်ပစ္စည်းများ စဉ်ဆက်မပြတ်ရရှိရေးနှင့် သဘာဝဝန်းကျင်အား ထိခိုက်မှုမရှိစေဘဲ ထုတ်ယူ သုံးစွဲရန်မှာ အလွန်အရေးကြီးသည်။ ပြည်တွင်းလိုအပ်ချက်ဖြည့်ဆည်းပေးရန်နှင့် ပြည်ပသို့ စွမ်းအား ပြည့်တင်ပို့နိုင်ရေးတို့မှာ အဓိက ထည့်သွင်းစဉ်းစား ရမည့်အချက်များဖြစ်သည်။ သို့ဖြစ်ရာ သစ်တောများကို စနစ်တကျ တိုးတက်ထုတ်ယူခြင်းအပြင် သစ်တောပြုစုထိန်းသိမ်းခြင်း လုပ်ငန်းများကိုလည်း နှစ်စဉ်ရည်မှန်း ချက်များနှင့်အညီ ပြည့်မီအောင် ဆောင်ရွက်ခဲ့ကြသည်။



ပြင်ဦးလွင်မြို့နယ်၊ ဘော်ကြီးဝိုင်းမှ၊ ရင်စို့လုံးပတ် ၂၄ ပေ ၇ လက်မ ရှိ
တော်ဝင်ကျွန်းပင်ကြီး (၂၀၀၀–ခုနှစ်) (ကမ္ဘာ့အကြီးဆုံး ကျွန်းပင်ကြီး)

၁၉၈၉ ခုနှစ်မှ ၂၀၀၄ ခုနှစ်အထိ သစ်တောပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု[၁၄၆]

စဉ်	အကြောင်းအရာ	ရေတွက်ပုံ	ပမာဏ
၁။	ကျွန်းသင်းသတ်ခြင်း/ကျွန်းစိုရိုက်မှတ်ခြင်း	ပင်	၂,၀၆၉,၁၃၇
၂။	ပင်ထောင်ရိုက်မှတ်ခြင်း	။	၉,၇၇၈,၆၃၆
၃။	ပဝတ္ထိမျိုးဆက်ခြင်း	ဧက	၁,၁၁၈,၂၅၉
၄။	ဓမ္မတာမျိုးဆက်ခြင်း	။	၃၅၃,၅၇၈
၅။	အုပ်မိုးကာဆိုင်းခုတ်လှဲခြင်း	။	၃၄၄,၅၂၂
၆။	ပေါင်းသင်ရှင်းလင်းခြင်း	။	၅,၆၇၉,၆၀၆
၇။	ပင်ကျပ်နုတ်ခြင်း	။	၆၀၄,၇၁၉
၈။	နွယ်ဖြတ်ခြင်းနှင့် ညောင်ပတ်လှဲခြင်း	။	၄,၃၁၂,၂၉၁
၉။	သစ်တောလမ်းများပြင်ဆင်ခြင်း	မိုင်	၂၁,၂၀၂
၁၀။	ကြိုးဝိုင်းနယ်နိမိတ်ပြင်ဆင်ခြင်း	။	၂၀,၀၈၀.၃
၁၁။	အကွက်နယ်နိမိတ်ပြင်ဆင်ခြင်း	။	၂၀,၂၈၃
၁၂။	မီးဘေးကာကွယ်ခြင်း	ဧက	၅,၄၆၀,၈၁၇
၁၃။	ကြိုးဝိုင်းတောဖွဲ့စည်းမှုအခြေအနေ	(စ)မိုင်	၁၇,၈၆၆.၈၂

၅၇၇။ အဆိုပါကာလအတွင်း နှစ်စဉ်ပျမ်းမျှကျွန်းသင်းသတ်ခြင်း ၁၂၉,၃၂၁ ပင်၊ သစ်မာပင်ထောင်ရိုက်မှတ်ခြင်း ၆၁၁,၁၆၄ ပင်၊ ပဝတ္ထိမျိုးဆက်ခြင်း ၆၉,၈၉၁ ဧကနှင့် ဓမ္မတာမျိုးဆက်ခြင်း ၂,၂၁၀ ဧက လုပ်ကိုင်ဆောင်ရွက်ခဲ့သည်။

၅၇၈။ **သစ်တောစိုက်ခင်းများတည်ထောင်ခြင်း**[၁၄၇]။ သစ်တောဦးစီးဌာန အနေဖြင့် သစ်တော စိုက်ခင်း ဒေသ ၃ ခုဖြင့် လုပ်ငန်းများကို ၁၉၈၈ ခုနှစ် အထိ ဆောင်ရွက်ခဲ့ပြီး စိုက်ခင်းဝန်ထမ်းများကို မူလ သစ်တောဦးစီးဌာန ဖွဲ့စည်းပုံအောက်သို့ ပြန်လည် သွတ်သွင်းကာ စိုက်ခင်းဒေသများကို ဖျက်သိမ်းခဲ့သည်။ သစ်တောများ ပြန်လည်ပြုစုထိန်းသိမ်းရေး အတွက် သစ်တောစိုက်ခင်းများကို ယခင်အတိုင်း တစ်နှစ်လျှင် ဧရိယာ ၇၅,၀၀၀ မှ ၈၀,၀၀၀ ဧကအထိ နှစ်စဉ်စိုက်ပျိုးတည်ထောင်ခဲ့သည်။

၅၇၉။ ၂၀၀၁–၀၂ ခုနှစ်မှ ၂၀၃၀–၃၁ ခုနှစ်အထိ အမျိုးသားသစ်တောကဏ္ဍပင်မစီမံကိန်း နှစ် ၃၀ စီမံကိန်းရေးဆွဲ၍ သစ်တောစိုက်ခင်းများကို စိုက်ပျိုးတည်ထောင်လျက်ရှိရာ ၂၀၀၁–၀၂ ခုနှစ်မှ ၂၀၁၀–၁၁ ခုနှစ်အထိ နှစ်စဉ်ပျမ်းမျှစိုက်ခင်းဧရိယာ ၇၅,၀၀၀ ဧကနှုန်းဖြင့်လည်းကောင်း၊ ၂၀၁၁–၁၂ ခုနှစ်မှ ၂၀၂၀–၂၁ ခုနှစ်အထိနှစ်စဉ်ပျမ်းမျှ စိုက်ခင်းဧရိယာ ၆၀,၀၀၀ ဧကနှုန်းဖြင့်လည်းကောင်း၊ ၂၀၂၁–၂၂ ခုနှစ်မှ ၂၀၃၀–၃၁ ခုနှစ်အထိ နှစ်စဉ်ပျမ်းမျှစိုက်ခင်းဧရိယာ ၅၀,၀၀၀ ဧကနှုန်းဖြင့်လည်းကောင်း၊ စိုက်ပျိုး တည်ထောင်ရန် လျာထားသတ်မှတ် ဆောင်ရွက်လျက်ရှိရာ ၁၉၈၉ ခုနှစ်မှ ၂၀၀၅ ခုနှစ်အထိ တည်ထောင် စိုက်ပျိုးပြီး သစ်တောစိုက်ခင်းများမှာ ၁,၂၅၆,၈၅၅ ဧက ဖြစ်သည်။

---

[၁၄၆] သစ်တောဦးစီးဌာနဆိုင်ရာအချက်အလက်များ၊ (၂၀၀၃ ခုနှစ်)

[၁၄၇] သစ်တောဦးစီးဌာနဆိုင်ရာအချက်အလက်များ၊ (၂၀၀၃ ခုနှစ်)



ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင် ကျွန်းစိုက်ခင်းများ လိုက်လံစစ်ဆေးနေပုံ



ကျွန်းစိုက်ခင်းများ တည်ထောင်စိုက်ပျိုးနေပုံ

၁၉၈၉ ခုနှစ်မှ ၂၀၀၄ ခုနှစ်အထိ တည်ထောင်ပြီးသစ်တောစိုက်ခင်းများ

စဉ်	ခုနှစ်	စိုက်ခင်းအမျိုးအစား				ပေါင်း
		စီးပွားရေး	ကျေးရွာသုံး	စက်မှုကုန်ကြမ်း	ရေဝေရေလဲ	
၁။	၁၉၈၉	၃၄,၁၂၉	၃,၂၂၁	၆,၀၅၀	၂,၈၇၉	၄၆,၂၇၉
၂။	၁၉၉၀	၄၅,၂၅၀	၁၄,၈၄၁	၁၁,၃၀၀	၄,၄၆၄	၇၅,၈၅၅
၃။	၁၉၉၁	၄၅,၁၀၇	၁၇,၉၅၉	၉,၆၅၀	၃,၉၇၂	၇၆,၆၈၈
၄။	၁၉၉၂	၄၂,၈၃၄	၁၉,၅၀၀	၁၀,၂၀၀	၅,၅၁၆	၇၈,၀၅၀
၅။	၁၉၉၃	၃၅,၅၁၀	၂၇,၆၇၀	၈,၀၁၅	၇,၈၁၇	၇၆,၆၂၇
၆။	၁၉၉၄	၁၅,၅၉၀	၃၁,၄၈၅	၂,၂၀၀	၆,၅၂၅	၅၅,၈၀၀
၇။	၁၉၉၅	၂၉,၁၃၄	၃၃,၂၈၃	၆,၇၉၅	၁၀,၁၀၅	၇၉,၃၁၇
၈။	၁၉၉၆	၃၃,၁၃၃	၃၃,၉၂၄	၅,၅၀၀	၈,၄၀၀	၈၀,၉၅၇
၉။	၁၉၉၇	၃၄,၂၇၆	၁၆,၈၁၀	၅,၅၅၀	၁၇,၉၅၀	၇၄,၅၈၆
၁၀။	၁၉၉၈	၄၁,၄၆၂	၁၄,၇၈၀	၅,၁၅၀	၉,၆၅၀	၇၁,၀၄၂
၁၁။	၁၉၉၉	၄၂,၆၆၀	၁၂,၉၆၆	၂,၇၀၀	၁၇,၅၇၀	၇၅,၈၉၆
၁၂။	၂၀၀၀	၄၁,၆၃၀	၁၀,၇၁၁	၅,၁၅၅	၁၈,၄၁၀	၇၅,၉၀၆
၁၃။	၂၀၀၁	၃၈,၄၇၅	၁၁,၂၂၅	၉,၁၅၀	၁၇,၁၅၀	၇၆,၀၀၀
၁၄။	၂၀၀၂	၃၇,၉၅၀	၁၁,၆၀၀	၈,၆၈၀	၁၉,၃၅၀	၇၇,၅၈၀
၁၅။	၂၀၀၃	၃၇,၉၁၅	၁၀,၉၀၅	၈,၂၀၀	၁၈,၂၀၀	၇၅,၂၂၀
၁၆။	၂၀၀၄	၄၀,၂၂၅	၉,၀၃၅	၉,၆၅၀	၂၀,၁၀၀	၇၉,၀၁၀
၁၇။	၂၀၀၅	၄၂,၂၁၇	၁၀,၄၂၅	၇,၄၀၀	၂၂,၀၀၀	၈၂,၀၄၂
စုစုပေါင်း		**၆၃၅,၁၁၂**	**၂၉၀,၃၄၀**	**၁၂၁,၃၄၅**	**၂၁၀,၀၅၈**	**၁,၂၅၆,၈၅၅**

၅၈၀။ သစ်တောစိုက်ခင်းများ- တည်ထောင်ရာတွင် ပြည်တွင်းစားသုံးဆီဖူလုံမှုကို တစ်နည်းတစ်လမ်း အထောက်အကူပြုနိုင်ရေးအတွက် ၁၉၉၉ ခုနှစ်တွင် ဆီသပြေပင် (*Simarouba glauca*)၊ ၂၀၀၀ ပြည့်နှစ်တွင် တန်းဆီပင် (Tung Oil) နှင့် ၂၀၀၂ ခုနှစ်တွင် သစ်ဆိမ့်ပင် (*Terminalia belerica*) တို့ကို စတင်စမ်းသပ်စိုက်ပျိုးခဲ့ရာ ၂၀၀၃ ခုနှစ်အထိ ဆီသပြေစိုက်ခင်း- ၂၁,၂၅၀ ဧက၊ တန်းဆီစိုက်ခင်း- ၈,၃၅၅ ဧကနှင့် သစ်ဆိမ့်စိုက်ခင်း- ၆,၀၀၀ ဧကခန့် တည်ထောင်နိုင်ခဲ့သည်။

သစ်တောရေးရာဝန်ကြီးဌာနမှ (၁၅-၇-၂၀၀၇)ရက်နေ့တွင် စီစဉ်ပြုလုပ်သော
မိုးရာသီသစ်ပင်စိုက်ပွဲတော်(နေပြည်တော်)တွင်
နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ နေပြည်တော်ရှိ ဓာတုစယစေတီတော်၌
အင်ကြင်းပင် စိုက်ပျိုးနေစဉ်



သစ်တောရေးရာဝန်ကြီးဌာနမှ (၁၅-၇-၂၀၀၇)ရက်နေ့တွင် စီစဉ်ပြုလုပ်သော
မိုးရာသီသစ်ပင်စိုက်ပွဲတော်(နေပြည်တော်)တွင်
ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး နေပြည်တော်ရှိ ဓာတုစယစေတီတော်၌
ကုံကော်ပင် စိုက်ပျိုးနေစဉ်



သစ်တောရေးရာဝန်ကြီးဌာနမှ (၁၅-၇-၂၀၀၇)ရက်နေ့တွင် စီစဉ်ပြုလုပ်သော
မိုးရာသီသစ်ပင်စိုက်ပွဲတော်(နေပြည်တော်)တွင်
ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရဒွေမန်း နေပြည်တော်ရှိ ဓာတုစယစေတီတော်၌
ကံ့ကော်ပင် စိုက်ပျိုးနေစဉ်



သစ်တောရေးရာဝန်ကြီးဌာနမှ (၁၅-၇-၂၀၀၇)ရက်နေ့တွင် စီစဉ်ပြုလုပ်သော
မိုးရာသီသစ်ပင်စိုက်ပွဲတော်(နေပြည်တော်)တွင်
အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသိန်းစိန် နေပြည်တော်ရှိ ဓာတုစယစေတီတော်၌
အင်ကြင်းပင် စိုက်ပျိုးနေစဉ်

၅၈၁။ **မိုးရာသီလူထုသစ်ပင်စိုက်ပျိုးခြင်း။** မြန်မာနိုင်ငံတွင် ဒေသအလိုက် မိုးရွာသွန်းမှု အခြေအနေကွဲပြားခြားနားသဖြင့် မိုးရာသီကာလ တစ်လျှောက်လုံးကို နှစ်စဉ်မိုးရာသီသစ်ပင် စိုက်ပျိုးရေး ကာလအဖြစ်သတ်မှတ်၍ ပြည်သူလူထု ပူးပေါင်း ပါဝင်မှုဖြင့် မြို့ပြကျေးရွာများနှင့် လမ်းဘေးဝဲယာတွင် သစ်တောဦးစီးဌာနမှ ပျိုးပင်ဖြန့်ဝေ၍ စိုက်ပျိုးလျက်ရှိသည်။ မိုးရာသီလူထုလှုပ်ရှားမှု သစ်ပင်စိုက်ပျိုးရေး အတွက် သစ်တောဦးစီးဌာန အနေဖြင့် ၁၉၉၀ ခုနှစ်မှစ၍ အရှိန်အဟုန်ဖြင့် နှစ်စဉ်ဆောင်ရွက်ခဲ့ရာ ၂၀၀၃ ခုနှစ်အထိ စုစုပေါင်း အပင် ၁၈၄.၅ သန်း ဖြန့်ဝေနိုင်ခဲ့သည်။



သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီး မိုးရာသီသစ်ပင်စိုက်ပျိုးပွဲပါဝင်ဆင်နွှဲနေပုံ



မိုးရာသီသစ်ပင်နှိုက်ပွဲတော်တွင် လူထုပါဝင်နှိုက်ပျိုးနေပုံ



နှစ်စဉ်သစ်ပင်ဖြန့်ဝေခြင်း[၁၄၈]

(သိန်းပေါင်း)

ခုနှစ်	ပျိုးပင်	ခုနှစ်	ပျိုးပင်
၁၉၉၀	၄၅	၁၉၉၈	၁၇၃
၁၉၉၁	၄၅	၁၉၉၉	၁၇၉
၁၉၉၂	၁၁၂	၂၀၀၀	၁၈၀
၁၉၉၃	၈၅	၂၀၀၁	၁၈၀
၁၉၉၄	၁၁၇	၂၀၀၂	၁၇၄
၁၉၉၅	၁၁၄	၂၀၀၃	၂၀၆
၁၉၉၆	၁၁၃	၂၀၀၄	၂၁၄
၁၉၉၇	၁၂၂	၂၀၀၅	၂၆၇

၅၈၂။ **ဒေသခံပြည်သူအစုအဖွဲပိုင်သစ်တောလုပ်ငန်း**[၁၄၉]။ နိုင်ငံတော်၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအပေါ် အထောက်အကူဖြစ်စေရန် သဘာဝဝန်းကျင် တည်ငြိမ်မှုနှင့် ဂေဟစနစ်မျှတမှုကို ပြန်လည်ရရှိစေရန်နှင့် မြန်မာ့သစ်တောမူဝါဒနှင့်အညီ ဒေသခံပြည်သူလူထု၏ အခြေခံစားဝတ်နေရေး လိုအပ်ချက်များကို ဖြေရှင်းရာ၌ အထောက်အကူဖြစ်စေရန် အတွက် ပြည်သူတို့ကတက်ကြွစွာ ပူးပေါင်း ပါဝင်မှုဖြင့် သစ်တောမရှိသောနေရာများတွင် သစ်တောများ တည်ထောင်ရန်နှင့် သစ်တောများ ပြုန်းတီးသွားသောနေရာများတွင် သစ်တောများပြန်လည်ပြုစု ပျိုးထောင်ရန် အလျင်အမြန်လိုအပ်နေပြီဖြစ်၍ ဒေသခံ ပြည်သူအစုအဖွဲပိုင် သစ်တောလုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်များကို သစ်တောဦးစီးဌာနက ၁၉၉၅ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့တွက် ကြေညာချက်အမှတ် (၁/၉၅) ဖြင့် ထုတ်ပြန်ခဲ့သည်။

၅၈၃။ ဒေသခံပြည်သူအစုအဖွဲပိုင် သစ်တောလုပ်ငန်းဆိုသည်မှာ ဒေသခံပြည်သူများ ကိုယ်တိုင်ကိုယ်ကျ ပါဝင်ပတ်သက်ပြီး ဒေသခံပြည်သူလူထုလိုအပ်ချက်ဖြစ်သော ထင်းနှင့်အခြားသစ်တောထွက်ပစ္စည်းများ မလုံလောက်သည့်ဒေသများတွင် သစ်တောအုပ်များထူထောင်ခြင်းနှင့် အစားအစာ၊ လူသုံးပစ္စည်းနှင့် ဝင်ငွေရရှိစေရန်အတွက် လယ်ယာလုပ်ငန်းနှင့်ပူးတွဲ၍ သစ်ပင်များစိုက်ပျိုးခြင်းနှင့် သစ်ထွက်ပစ္စည်းများ ထုတ်ယူအသုံးချခြင်းကဲ့သို့သော သစ်တောလုပ်ငန်းတစ်ရပ်ရပ်ဖြစ်သည်။

၅၈၄။ ၁၉၉၅ ခုနှစ် ဒေသခံပြည်သူအစုအဖွဲပိုင် သစ်တောလုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်အရ ပြည်သူလူထု၏ တက်ကြွစွာပူးပေါင်းပါဝင်မှုဖြင့် သစ်တောများပြန်လည်ပြုစုပျိုးထောင်လျက် ရှိရာ ၂၀၀၄ ခုနှစ်အထိ နိုင်ငံတစ်ဝန်း ဒေသခံပြည်သူအစုအဖွဲပိုင်သစ်တောဧရိယာ ဧက ၈၇,၀၀၀ နီးပါး တည်ထောင်နိုင်ခဲ့သည်။ အဖွဲဝင် ၂၈,၀၀၀ ကျော်ပါဝင်သော ဒေသခံပြည်သူအစုအဖွဲများဖြင့် ဆောင်ရွက်နေခြင်းဖြစ်သည်။

---

[၁၄၈] သစ်တောဦးစီးဌာနဆိုင်ရာအချက်အလက်များ၊ (၂၀၀၃ ခုနှစ်)

[၁၄၉] သစ်တောဦးစီးဌာနဆိုင်ရာအချက်အလက်များ၊ (၂၀၀၃ ခုနှစ်၊ ဒီဇင်ဘာ)
သစ်တောရေးရာဝန်ကြီးဌာန သိကောင်စရာအချက်များပို့ချချက် ၂၀၀၅ ခုနှစ်

၅၈၅။ **ရွှေပြောင်းတောင်ယာစနစ်ပပျောက်ရေးလုပ်ငန်း**[၁၅၀]။ မြန်မာနိုင်ငံတွင် တောကောင်း၊ တောညံ့၊ တောပျက် စုစုပေါင်း ဧရိယာဧက ၁၂၃ သန်းခန့် ရှိသည့်အနက် တောကောင်းနှင့်တောညံ့ဧက ၈၅ သန်းရှိပြီး၊ ကျန်ဧက ၃၆ သန်းသည် ရွှေပြောင်း တောင်ယာများ ချဲထွင်လုပ်ကိုင်ခြင်းကြောင့် တောပျက်များအဖြစ် တွေ့ရှိရသည်။ ဧရိယာဧက ၈၅ သန်း အတွင်းမှာပင် နှစ်စဉ်ဧက ၅၄၀,၀၀၀ ခန့်ရှိသောတောများ ပျက်စီးလျက်ရှိသည်။ ရွှေပြောင်းတောင်ယာ စနစ်သည် တောများပျက်စီး ပြုန်းတီးရခြင်း၏ အဓိကအကြောင်းရင်းတစ်ရပ်ဖြစ်သည်။ သို့ဖြစ်၍ ရွှေပြောင်းတောင်ယာစနစ် ပပျောက်ရေး အတွက် ၂၀၀၂ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ ၅ နှစ်စီမံချက်ဖြင့် နယ်စပ်ဒေသတစ်လျောက် ရွှေပြောင်းတောင်ယာဧရိယာစာရင်းကောက်ယူခြင်း၊ သီးနှံသစ်တောရောနှော စိုက်ခင်းများတည်ထောင်ခြင်း၊ ဒေသခံပြည်သူအစုအဖွဲပိုင် သစ်တောများတည်ထောင်ခြင်း၊ ကွန်တိုဘောင် ပြုလုပ်မှုနှင့် သဘာဝမြေဩဇာပြုလုပ်မှု သရုပ်ပြပညာပေးခြင်း၊ သင်တန်းများပို့ချခြင်း၊ ပျိုးပင်များ ဖြန့်ဝေခြင်းနှင့် ဝင်ငွေတိုးအဖွဲများဖွဲ့စည်း ဆောင်ရွက်ခြင်းတို့ကို ကချင်၊ ချင်း၊ ရခိုင်၊ ရှမ်း (တောင်)၊ ရှမ်း (မြောက်)၊ ရှမ်း (အရှေ့) ပြည်နယ်များတွင် အကောင်အထည်ဖော်လျက်ရှိသည်။

၅၈၆။ **ဒီရေတောများ ပြန်လည်ပြုစုခြင်းနှင့် ထိန်းသိမ်းကာကွယ်ခြင်း**[၁၅၁]။ ဒီရေတက်ရောက်သည့် အမြင့်ဆုံး အမှတ်၏အောက်တွင် ဒီရေတော (Mangrove or Tidal Forest) ပေါက်ရောက်သည်။ ဒီရေတောများကို အီကွေတာဝန်းကျင် (Tropic) တွင် အများဆုံးတွေ့ရှိရပြီး သမပိုင်းရာသီဥတုရှိသည့် ဒေသအချို့အထိ ပေါက်ရောက်ကြောင်း တွေ့ရှိရသည်။ ကမ္ဘာတစ်ဝန်း ဒီရေတောပေါက် ရောက်မှုကို အရှေ့ပိုင်းဇုံ (Eastern Zone) နှင့် အနောက်ပိုင်းဇုံ (Western Zone) ဟူ၍ ခွဲခြားသတ်မှတ်ထားသည်။ အာဖရိကတိုက် အရှေ့ဘက်ကမ်းရိုးတန်းများမှသည် ပါကစ္စတန်၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ မြန်မာ၊ မလေးရှား၊ အင်ဒိုနီးရှားနိုင်ငံများ၏ ကမ်းခြေဒေသများ၊ ဩစတြေးလျတိုက် မြောက်ပိုင်းနှင့် ပစိဖိတ် ကျွန်းနိုင်ငံများရှိ ဒီရေတောများသည် အရှေ့ပိုင်းဇုံတွင်ပါဝင်ပြီး အာဖရိကတိုက် အနောက်ဘက်ကမ်းခြေမှ အမေရိကတိုက် ကာရစ်ဘီယံနှင့် မက္ကဆီကိုပင်လယ်ကွေ့ ကမ်းခြေဒေသများတွင် ပေါက်ရောက်သော ဒီရေတောများသည် အနောက်ပိုင်းဇုံတွင် ပါဝင်သည်။ ဒီရေတော သစ်ပင် မျိုးစိတ် ၅၅ မျိုးခန့်ရှိသည်။ ဒီရေရောက်ရှိမှုအကြိမ်နှင့် အချိန်အနည်းအများအပေါ်မူတည်၍ ကွဲပြားခြားနား သော သစ်မျိုးများကို အကန့်လိုက် တွေ့ရှိရတတ်သည်။ ၁၉၈၀ ပြည့်လွန်နှစ်အစောပိုင်းကာလ ခန့်မှန်း ချက်များအရ ကမ္ဘာပေါ်တွင် ဒီရေတော ဧရိယာ ၂၄၀,၀၀၀ စတုရန်းကီလိုမီတာခန့်ရှိပြီး ရေနေ သတ္တဝါနှင့် အပင်မျိုးစိတ် ၂,၀၀၀ ခန့် မှီခိုကျက်စားလျက်ရှိသည်။ မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် ၈ နိုင်ငံ မြောက် ဒီရေတောဧရိယာ အများဆုံး ပိုင်ဆိုင်ခဲ့သည့် နိုင်ငံဖြစ်သည်။ ထိုစဉ်က ကမ္ဘာ့ဒီရေတော ဧရိယာ အများဆုံး နိုင်ငံ ၁၀ နိုင်ငံမှာအောက်ပါ အတိုင်း တွေ့ရှိရသည်–

---

[၁၅၀] သစ်တောရေးရာဝန်ကြီးဌာန သိကောင်စရာအချက်များပို့ချချက် ၂၀၀၅ ခုနှစ်

[၁၅၁] စီမံကိန်းနှင့်စာရင်းအင်းဌာန၊ သစ်တောဦးစီးဌာန

စဉ်	နိုင်ငံအမည်	ဒီရေတောဧရိယာ (စတုရန်းကီလိုမီတာ)
၁။	အင်ဒိုနီးရှား	၃၆,၀၀၀
၂။	ဘရာဇီး	၂၅,၀၀၀
၃။	ဩစတြေးလျ	၁၁,၆၁၇
၄။	နိုက်ဂျီးရီးယား	၉,၇၃၀
၅။	ဗင်နီဇွဲလား	၆,၇၃၆
၆။	မက္ကဆီကို	၆,၆၀၀
၇။	မလေးရှား	၅,၇၀၀
၈။	မြန်မာ	၅,၁၇၁
၉။	ပနားမား	၄,၈၆၀
၁၀။	ကိုလံဘီယာ	၄,၄၀၀

၅၈၇။ မြန်မာနိုင်ငံ ပင်လယ်ကမ်းရိုးတမ်းသည် ၁,၂၄၃ မိုင်ခန့်ရှည်လျားပြီး ဒီရေတောဧရိယာဧက ၁၉.၄ သိန်းခန့်ရှိသည်။ မြန်မာနိုင်ငံဒီရေတောများမှာ ငါး၊ ပုစွန်များ ခိုအောင်းပေါက်ဖွားရာဒေသဖြစ်သည့် အပြင် ဒေသခံပြည်သူအတွက် အိမ်သုံးတိုင်၊ မျော၊ ထင်း၊ မီးသွေးများလည်းရရှိစေသည်။ လူဦးရေ တိုးပွားလာသည်နှင့်အမျှ ထင်း၊ မီးသွေး အလွန်အကျွံထုတ်လုပ်ခြင်းနှင့် လယ်မြေများတိုးချဲ့ခြင်းကြောင့် ဒီရေတောများ ပျက်စီးပြုန်းတီးခဲ့ရသည်။ အထူးသဖြင့် ရန်ကုန်မြို့သုံးမီးသွေးများအတွက် ပံ့ပိုးပေးရာ ဒေသဖြစ်သော ဧရာဝတီဒီရေတောများပျက်စီးခဲ့ရသည်။ မြန်မာနိုင်ငံဒီရေတောများ ပြန်လည်ပြုစု ထိန်းသိမ်းရေးအတွက် ၁၉၇၅ ခုနှစ်မှစတင်၍ ဒီရေတောစိုက်ခင်းများတည်ထောင်ခြင်းနှင့် သဘာဝတော ထိန်းသိမ်း ကာကွယ်ခြင်းလုပ်ငန်းများကို အစဉ်အဆက်ဆောင်ရွက်ခဲ့သည်။

၅၈၈။ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသရှိ ဒီရေတောများပျက်စီးမှုမှာ သိသာထင်ရှားလှပြီး လက်ရှိနှုန်း အတိုင်းပျက်စီးနေပါက လာမည့် ၈ နှစ်အတွင်း အဓိကကြိုးဝိုင်းကြီး ၄ ခု (ပြင်အလန်းကြိုးဝိုင်း၊ ပြင်ဒရယ် ကြိုးဝိုင်း၊ ကြာကန်ကွင်းပေါက်ကြိုးဝိုင်းနှင့် ကဒုံကနိကြိုးဝိုင်း) မှဒီရေတောများလုံးဝပျောက်ကွယ် သွား နိုင်ကြောင်းလေ့လာသိရှိရသည်။ (Source: JICA Interim Report) ၁၉၉၂ ခုနှစ်ခန့်မှန်းခြေစာရင်းအရ မြန်မာနိုင်ငံ ရရှိပြည်နယ်၊ တနင်္သာရီတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင်ရှိသော ဒီရေတောဧရိယာ စုစုပေါင်း မှာ ၉၆၄,၀၇၅ ဧကခန့် ဖြစ်သည်။

၅၈၉။ ဒီရေတော ပြန်လည်စိုက်ပျိုး ပြုစုခြင်းဆိုင်ရာ ဖြစ်မြောက်နိုင်စွမ်း လေ့လာမှုလုပ်ငန်း စီမံကိန်း (Feasibility Study on Mangrove Reforestation) ကို ဧရာဝတီတိုင်း လပွတ္တာမြို့နယ်နှင့် ဘိုကလေးမြို့နယ်တို့တွင် ၁၉၉၁ ခုနှစ်၊ ဧပြီလမှ ၁၉၉၂ ခုနှစ်၊ စက်တင်ဘာလအထိ UNDP ထောက်ပံ့ငွေ US$ ၀.၄ သန်းနှင့်

မြန်မာနိုင်ငံထည့်ဝင်ငွေ ကျပ် ၂.၀၅ သန်းဖြင့် အကောင်အထည်ဖော်ခဲ့ပြီး ဒီရေတောစိုက်ခင်းများကို စမ်းသပ်စိုက်ပျိုးလေ့လာစူးစမ်းခဲ့သည်။

၅၉၀။ ဧရာဝတီဒီရေတောဒေသကျေးလက်ဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းစီမံကိန်း (Community Development of Ayeyarwady Mangroves) ကို ဧရာဝတီတိုင်း၊ လပွတ္တာမြို့နယ်နှင့် ဘိုကလေးမြို့နယ် တို့တွင် ၁၉၉၄ ခုနှစ်၊ ဇန်နဝါရီလမှ ၁၉၉၆ ခုနှစ်၊ စက်တင်ဘာလ အထိ ၃ နှစ်နီးပါးကြာ UNDP ထောက်ပံ့ငွေ US$ ၂ သန်းနှင့် မြန်မာနိုင်ငံထည့်ဝင်ငွေကျပ် ၁၇.၀၆၅ သန်းဖြင့် အကောင်အထည်ဖော် ခဲ့သည်။ ဒီရေတောဧက ၁,၄၀၀ ခန့် မျိုးဆက်ပေးနိုင်ခဲ့ပြီး၊ ပျိုးပင် ၁၇.၅၅ သိန်းနှင့် လောင်စာချွေတာ သည့် မီးဖို အလုံး ၃,၀၀၀ ကို ဒေသခံပြည်သူများအား ဖြန့်ဝေပေးခဲ့သည်။

၅၉၁။ ဧရာဝတီဒီရေတောဒေသ ရေရှည်ရိက္ခာဖူလုံရေးနှင့် ဝင်ငွေတိုးအခွင့်အလမ်းများ ဖော်ထုတ်ရေး လုပ်ငန်းစီမံကိန်း (Environmentally Sustainable Food Security and Micro-income Opportunities in Ayeyarwady Mangrove Delta) ကို ဧရာဝတီတိုင်း၊ လပွတ္တာမြို့နယ်၊ ဘိုကလေးမြို့နယ်၊ မော်လမြိုင်ကျွန်း မြို့နယ်တို့တွင် ၁၉၉၆ ခုနှစ်၊ အောက်တိုဘာလမှ ၁၉၉၉ ခုနှစ်၊ ဧပြီလအထိ ၃၀ လကြာ UNDP ထောက်ပံ့ ငွေ US$ ၂.၉ သန်းနှင့် မြန်မာနိုင်ငံထည့်ဝင်ငွေကျပ် ၁၆.၈၂ သန်းဖြင့် အကောင်အထည်ဖော်ခဲ့သည်။ ကျေးရွာပိုင်စိုက်ခင်းဧက ၈၀၀ တည်ထောင်ခြင်း၊ ဒီရေတောဧက ၇၀,၀၀၀ ထိန်းသိမ်းခြင်းနှင့် ကမ်းပါးပြို ထိန်းသိမ်းခြင်းတို့ကိုဆောင်ရွက်ခဲ့ပြီး ဒေသခံပြည်သူတို့အား လောင်စာချွေတာသည့်မီးဖိုအလုံး ၂၀,၀၀၀ ဖြန့်ဝေ ပေးခဲ့သည်။ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနနှင့် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန တို့ကပါ ပူပေါင်းဆောင်ရွက်ခဲ့သည်။

၅၉၂။ ဒီရေတောများဘက်စုံစီမံ အုပ်ချုပ်လုပ်ကိုင်မှု စီမံကိန်းမူကြမ်းရေးဆွဲနိုင်ရေးအတွက် JICA အထောက်အပံ့ဖြင့် ဧရာဝတီတိုင်း၊ ဒီရေတောဒေသတွင် ဒေသခံပြည်သူ၏ ပူးပေါင်းပါဝင်မှုဖြင့် ဒီရေ တောများဘက်စုံဖွံ့ဖြိုးတိုးတက်ရေး စီမံအုပ်ချုပ်လုပ်ကိုင်မှုဆိုင်ရာ ပဏာမစူးစမ်းလေ့လာမှုလုပ်ငန်း စီမံကိန်း (The Study on Integrated Mangrove Management through Community Participation in the Ayeyarwady Delta) ကိုအဆင့်နှစ်ဆင့်ခွဲ၍ ဧရာဝတီတိုင်းအတွင်းရှိ ဘိုကလေးမြို့နယ်နှင့် လပွတ္တာမြို့နယ် များအတွင်း ၂၀၀၂ ခုနှစ်၊ ဖေဖော်ဝါရီလမှ ၂၀၀၄ ခုနှစ်၊ ဖေဖော်ဝါရီလအထိ ဆောင်ရွက်ခဲ့သည်။ ပထမအဆင့်တွင် သစ်တောကြိုးဝိုင်းများအတွင်း၌ ဝင်ရောက်အခြေချနေထိုင်လျက်ရှိသော ကျေးရွာများနှင့် ပတ်ဝန်းကျင်ဒေသရှိ ကျေးရွာများ၏ လူမှုစီးပွားရေးစစ်တမ်းကောက်ယူရန် (Socioeconomic Survey) နှင့် သဘာဝပတ်ဝန်းကျင်အခြေအနေနှင့် ပထဝီအချက်အလက်များစာရင်းကောက်ယူရန် (Natural and Geographical Conditions Survey) အတွက် လုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။ ဒုတိယအဆင့်အဖြစ် စီမံကိန်း ဧရိယာအတွင်းရှိ ဌာနဆိုင်ရာများ၊ အာဏာပိုင်အဖွဲ့အစည်းများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံ

ညှိနှိုင်းဆွေးနွေးခြင်းများပြုလုပ်ခဲ့ပြီးနောက် ရရှိသောသတင်းအချက်အလက်များကို စုဆောင်း၍ Database Construction နှင့် Integrated Mangrove Management Plan - IMMP စီမံကိန်းမူကြမ်းကို ရေးဆွဲခဲ့သည်။

၅၉၃။ ၂၀၀၄ ခုနှစ်ကုန်အထိ သဘာဝ ဒီရေတောဧရိယာဧက ၂၅၀,၀၀၀ ခန့်ကို ထိန်းသိမ်းပြုစုကာကွယ်ထားပြီးဖြစ်သည့်အပြင် ဒီရေတောစိုက်ခင်း ၂၅,၂၀၀ ဧကကိုလည်း တည်ထောင်ခဲ့ပြီးဖြစ်သည်။ ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် ဒေသခံပြည်သူအစုအဖွဲပိုင်သစ်တော (Community Forest) ဧက ၁၁,၀၀၀ ကိုလည်း တည်ထောင်ပေးထားပြီးဖြစ်သည်။

၅၉၄။ **အင်းလေးကန် စိမ်းလန်းစိုပြည်ရေးစီမံကိန်း**[၁၅၂]။ အင်းလေးကန်သည် ရှမ်းပြည်နယ်တောင်ကြီးခရိုင် ညောင်ရွှေမြို့နယ်တွင် တည်ရှိသည်။ မြန်မာ နိုင်ငံရှိကုန်းတွင်း ရေအိုင်ကြီးများအနက် အကြီးဆုံးရေအိုင်များတွင်တစ်ခုအပါအဝင်ဖြစ်သည်။ အင်းလေး ကန်မှာယခင်အလျား ၃၆ မိုင်နှင့် အနံ ၈ မိုင် မှ ယခုအလျား ၁၁ မိုင်၊ အနံ ၄ မိုင်သာ ရှိတော့သည်။ အင်းလေးကန် တိမ်ကောလာရခြင်းမှာ ရေဝေရေလဲ ဧရိယာများတွင် ဒေသခံပြည်သူတို့၏ ရိုးရာဓလေ့အရ ထွန်ယက်စိုက်ပျိုးခြင်း၊ ကျွဲနွားစားကျက်ချခြင်း၊ မြက်ခင်းလွင်ပြင်တို့အား မီးရှို့ခြင်းဖြင့် သစ်တောများ ပြုန်းတီးလာခြင်း စသည့် အကြောင်းများကြောင့် ဖြစ်သည်။

၅၉၅။ စီမံကိန်းဧရိယာမှာ ရှမ်းပြည်နယ် တောင်ကြီးခရိုင်အတွင်းရှိ မြို့နယ်များဖြစ်သော တောင်ကြီး၊ ကလော၊ ဟိုပုန်း၊ ပင်လောင်း၊ ဖယ်ခုံ၊ ညောင်ရွှေ၊ ပင်းတယ၊ ရပ်စောက်၊ ဆီဆိုင်၊ ရွာငံမြို့နယ်များနှင့် ကယားပြည်နယ်ရှိ လွိုင်ကော်မြို့နယ်၊ စုစုပေါင်း ၁၁ မြို့နယ်ဖြစ်သည်။ အင်းလေးကန်နှင့် မိုးဇြာဆည်တို့၏ မိုင် ၂၀ ဝန်းကျင်ဒေသများပါဝင်သည်။

၅၉၆။ သစ်တောပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများဖြစ်သော ကြိုးဝိုင်းများ/ကြိုးပြင်ကာကွယ်တောများဖွဲ့စည်းခြင်း၊ ဓမ္မတာမျိုးဆက်ခြင်း၊ ဒေသခံပြည်သူအစုအဖွဲပိုင် သစ်တောတည်ထောင်ခြင်းတို့အပြင် သစ်တောစိုက်ခင်းများတည်ထောင်ခြင်း၊ ကမ်းပါးပြိုထိန်းသိမ်းခြင်း၊ ကွန်တိုကန်သင်းကန့်ဖော်ထုတ်ခြင်း၊ လှေခါးထစ်လယ်ယာဖော်ထုတ်ခြင်း၊ ရေလွှဲမြောင်းများတူးဖော်ခြင်း၊ နုန်းထိန်းတမံငယ်များ တည်ဆောက်ခြင်း၊ ကမ်းပါးပြိုနှုတ်ခမ်းများ တည်တံ့အောင်ဆောင်ရွက်ခြင်း၊ အင်းလေးကန်ဘေးမဲ့တောမှ ဇီဝမျိုးစုံနှင့် သဘာဝဝန်းကျင်ထိန်းသိမ်းကာကွယ်ခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

၅၉၇။ စီမံကိန်းကာလအား ၂၀၀၀–၀၁ ခုနှစ်မှ ၂၀၀၄–၀၅ ခုနှစ်အထိ ၅ နှစ်စီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ လုပ်ငန်းများထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် သစ်တောဦးစီးဌာန ရှမ်းပြည်နယ်ညွှန်ကြားရေးမှူးမှ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော လုပ်ငန်းညှိနှိုင်း ကြီးကြပ်မှုကော်မတီကို ဖွဲ့စည်း၍ ဒေသဆိုင်ရာအာဏာပိုင် အဖွဲ့အစည်းအဆင့်ဆင့်၏ လမ်းညွှန်မှုဖြင့်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

---

[၁၅၂] စီမံကိန်းနှင့်စာရင်းအင်းဌာန၊ သစ်တောဦးစီးဌာန

၅၉၈။ **အင်းတော်ကြီးကန်စိမ်းလန်းစိုပြည်ရေး**[၁၅၃]။ ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ အင်းတော်ကြီးကန် စိမ်းလန်းစိုပြည်ရေးနှင့် ရေရှည်တည်တံ့ ခိုင်မြဲရေးအတွက် ၂၀၀၁–၀၂ ခုနှစ်မှ (၁၀) နှစ်စီမံချက်ဖြင့် ကြိုးပြင်ကာကွယ်တောဖွဲ့စည်းရန် အဆိုပြု ခြင်း၊ ဓမ္မတာမျိုးဆက်ခြင်း၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်း၊ ရေဝေရေလဲ စိုက်ခင်းတည်ထောင်ခြင်း၊ ပြည်သူလူထုစိုက်ပျိုးရန် ပျိုးပင်များဖြန့်ဝေခြင်းနှင့် ဇီဝမျိုးစုံထိန်းသိမ်း ကာကွယ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

၅၉၉။ **ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေးလုပ်ငန်းစီမံကိန်း**[၁၅၄]။ ပဲခူးရိုးမသည် ကျွန်းကောင်းပေါက်ရာ နယ်မြေ (Home of Teak) အဖြစ် ကျော်ကြားပြီး သစ်တော ဖုံးလွှမ်းမှု လွန်စွာ ကောင်းမွန်ခဲ့သည်။ သို့ရာတွင် တိုးတက်လာသည့် လူဦးရေအတွက် သစ်နှင့် သစ်တောထွက်ပစ္စည်း လိုအပ်ချက်များပြားလာခြင်း၊ ထုတ်ယူသုံးစွဲရန် လမ်းပန်းဆက်သွယ်ရေး လွယ်ကူကောင်းမွန်လာခြင်း၊ တရားမဝင်သစ်ထုတ်လုပ်မှု များပြားလာခြင်းနှင့် လယ်ယာမြေ ချဲ့ထွင်လာခြင်းတို့ကြောင့် ပဲခူးရိုးမတွင် သစ်တောများ သိသိသာသာ ပြုန်းတီးလာခဲ့ သည်။



ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေးအတွက် ဝန်ကြီး မိုလဲမှူးချုပ်သိန်းစောင်မှ ကျွန်းပင်စိုက်ပျိုးပေးနေပုံ

---

[၁၅၃] စီမံကိန်းနှင့်စာရင်းအင်းဌာန၊ သစ်တောဦးစီးဌာန

[၁၅၄] ရေဝေရေလဲဌာန၊ သစ်တောဦးစီးဌာန



စိမ်းလန်းစိုပြည်ရေးသစ်ပင်စိုက်ပွဲတော်တွင် လူထုပါဝင်စိုက်ပျိုးနေပုံ

၆၀၀။ ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေးလုပ်ငန်းနယ်မြေသည် ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်းနှင့် ရန်ကုန်တိုင်းတို့မှ ခရိုင် ၈ ခုနှင့် မြို့နယ် ၃၁ မြို့နယ်ပါဝင်ပြီးဧရိယာ ၁၉,၅၇၅.၃၈ စတုရန်းမိုင် (ဧက ၁၂,၅၃၃ သန်း) ကျယ်ဝန်းသည်။ ပဲခူးရိုးမတွင် ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တော ဧက ၅.၀၃ သန်းရှိသည်။ ကြိုးပြင်ဧက ၇.၅၀ သန်းအနက်ဧက ၁.၉၆ သန်း မှာ သစ်တောဖုံးလွှမ်းလျက်ရှိသဖြင့် စုစုပေါင်းသစ်တောဖုံးလွှမ်းသည့်ဧက ၆.၉၉ သန်းရှိသည်။ ကြိုးဝိုင်း/ ကြိုးပြင် ကာကွယ်တောပေါင်း ၇၂ ခု အတွင်း ကျူးကျော်တောင်ယာ စိုက်ပျိုးထားသည့်မြေ ၁၂၁,၄၇၇ ဧက ခန့်ရှိသည်။ ၄င်းအပြင် ပဲခူးရိုးမတွင် နိုင်ငံတော်မှဆည်/တမံပေါင်း ၆၇ ခု တည်ဆောက်ခဲ့/ တည်ဆောက်ဆဲရှိရာ သစ်တောဧရိယာဧက ၃.၅ သိန်းခန့် ရေဝပ်ဧရိယာအဖြစ် လျော့နည်းပြောင်းလဲ သွားခဲ့ရသည်။

၆၀၁။ ပဲခူးရိုးမတွင် နှစ်စဉ်ခုတ်လှဲနိုင်သော ကျွန်းပမာဏမှာ ၂၅,၆၃၇ ပင် (၃၀,၇၆၄ တန်) ဖြစ်ပြီး ၂၀၀၁–၀၂ ခုနှစ်မှ ၂၀၀၃–၀၄ ခုနှစ်အထိ မြန်မာ့သစ်လုပ်ငန်းမှ တစ်နှစ်ကျွန်းပျမ်းမျှ ၁၆၂,၈၇၃ တန်ထုတ်လုပ်ခဲ့ပြီး နှစ်စဉ်ခုတ်လှဲနိုင်သော သစ်မာပမာဏမှာ ၂၁၀,၈၀၀ ပင် (၂၁၀,၈၀၀ တန်) ဖြစ်ပြီး ၂၀၀၁–၀၂ ခုနှစ်မှ ၂၀၀၃–၀၄ ခုနှစ်အထိ မြန်မာ့သစ်လုပ်ငန်းမှ တစ်နှစ်သစ်မာပျမ်းမျှ ၂၈၃,၁၅၆ တန် ထုတ်လုပ်ခဲ့သည်။ နှစ်စဉ်ထုတ်လုပ်နိုင်မှုပမာဏထက် ပိုမိုထုတ်လုပ်ခဲ့ခြင်းမှာ ရေဝပ်အပြောင်ရှင်းဧရိယာမှ ထွက်ရှိလာသော သစ်များကြောင့်ဖြစ်သည်။ ပဲခူးရိုးမ သစ်တောကြီးများမှ တရားမဝင် သစ်ထုတ်လုပ်မှုများအနက် ဖမ်းဆီးရမိသည့် စာရင်းများအရ တစ်နှစ်ပျမ်းမျှကျွန်းသစ်လုံး ၈,၇၆၂ တန်နှင့် သစ်မာသစ်လုံး ၁၀,၅၈၁ တန်ခန့် တရားမဝင် ခုတ်လှဲ ထုတ်ယူခဲ့ကြောင်းတွေ့ရှိရသည်။

၆၀၂။ သို့ဖြစ်၍ ပဲခူးရိုးမပြန်လည်စိမ်းလန်းစိုပြည်လာစေရန်အတွက် ၂၀၀၄–၀၅ ခုနှစ်မှ ၂၀၀၈–၀၉ ခုနှစ်အထိ ၅ နှစ် စီမံချက်ကို ချမှတ်အကောင်အထည်ဖော်ခဲ့ရသည်။ ကျွန်းသစ်မျိုး ပေါက်ရောက်ဖြစ်ထွန်းရာ ဒေသတစ်ခုအဖြစ် ထာဝစဉ်တည်မြဲစေရန်၊ သစ်တောပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများ စနစ်တကျ ဆောင်ရွက်ရန်၊ သစ်တောဥပဒေဖြင့် ထိရောက်စွာကာကွယ်ပေးရန်၊ ဆည်များ၏ ရေဝေရေလဲဒေသများကို စနစ်တကျ ထိန်းသိမ်းရန်၊ သစ်တောပြုစုထိန်းသိမ်းရေးတွင် ပြည်သူလူထုမှ ပူးပေါင်းပါဝင်လာစေရန် ရည်ရွယ်၍ စီမံကိန်းအား အကောင်အထည်ဖော်ခြင်းဖြစ်သည်။

၆၀၃။ ပဲခူးရိုးမရှိ ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများတွင် ဦးစားပေးနေရာများသတ်မှတ်ပြီး ဆောင်ရွက်မည့် လုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) သဘာဝတောများထိန်းသိမ်းခြင်းလုပ်ငန်း ၁,၃၃၀,၅၀၀ ဧက ဆောင်ရွက်ရန်။

(ခ) ပဲခူးရိုးမရှိတောပျက်များတွင် သဘာဝတောတန်ဘိုးမြှင့်စိုက်ပျိုးခြင်းလုပ်ငန်း ၁၅၉,၁၀၀ ဧက ဆောင်ရွက်ရန်။

(ဂ) ဓမ္မတာမျိုးဆက်ခြင်း ၁၈၂,၉၅၀ ဧက ဆောင်ရွက်ရန်။

(ဃ) သစ်တောစိုက်ခင်း ၁၉၉,၆၄၀ ဧက တည်ထောင်ရန်။

(င) တည်ရှိဆဲ ကျူးကျော်တောင်ယာမြေ ၁၂၁,၄၇၇ ဧကတွင် ဒေသခံပြည်သူအစုအဖွဲပိုင် သစ်တော များနှင့် စံပြသစ်တောကျေးရွာများ တည်ထောင်ရန်။

(စ) သစ်တောပြုစု ထိန်းသိမ်းရေး လုပ်ငန်းများတွင် လူထုပူးပေါင်းပါဝင် လာစေရေးအတွက် တိုးချဲ့ ပညာပေးလုပ်ငန်းများဆောင်ရွက်ရန်။

(ဆ) ထင်းအစားထိုးလောင်စာသုံးစွဲရေး၊ စွမ်းအားမြှင့်မီးဖိုများသုံးစွဲရေးအစီအစဉ်တို့ကို ဖော်ဆောင် ရန်။

(ဇ) ရေရရှိရေးအတွက် အဝီစိရေတွင်း၊ ရေကန်ငယ်နှင့် နုန်းတားဆည် တည်ဆောက်ပေးရေး အစီအစဉ်များ ဖော်ဆောင်ရန်။

(ဈ) ပဲခူးရိုးမဒေသအတွင်း သဘာဝကျွန်းတောများ၏ဂေဟစနစ်ကို ထိန်းသိမ်းရန်နှင့်လေ့လာ နိုင်ရေး အတွက် သဘာဝကျွန်းတော ထိန်းသိမ်းရေးနယ်မြေ (Teak Nature Reserve) များ သတ်မှတ် တည်ထောင်ရန်နှင့် ကျွန်းမျိုးကောင်းမျိုးသန့်များ စနစ်တကျရရှည် စုဆောင်း ရရှိရေးအတွက် ကျွန်းသစ်စေ့ထုတ်ဧရိယာ (Teak Seed Production Areas)၊ ကျွန်းမျိုးသန့် ဧရိယာ (Teak Clonal Seed Orchard) များ တည်ထောင်ရန်။

(ည) သစ်တောသုတေသနလုပ်ငန်းများ ဆောင်ရွက်ရန်တို့ဖြစ်သည်။

၆၀၄။ ဤစီမံကိန်းအား ဆောင်ရွက်ခြင်းအားဖြင့် ပဲခူးရိုးမတွင်သဘာဝကျွန်းတောကြီးများ ပြန်လည်ဖြစ်ထွန်းလာနိုင်ခြင်း၊ ရေဝေရေလဲဒေသများကို အထောက်အကူပြုနိုင်ခြင်း၊ ဒေသခံပြည်သူလူထု၏ စားဝတ်နေရေးလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ခြင်း၊ ပြည်သူလူထုမှနိုးကြားတက်ကြွသည့် အသိရှင်သန်စေနိုင်ခြင်းများအပြင် စီမံချက်ပြီးဆုံးသည့်အခါ၌ ပဲခူးရိုးမနယ်မြေအတွင်းရှိ ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောဧက ၁.၈၇ သန်း (သို့မဟုတ်) ၃၉.၁၉ ရာခိုင်နှုန်းသည် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများအပြည့်အဝဆောင်ရွက်ပြီးဖြစ်ပေမည်။

သဘာဝဝန်းကျင်နှင့်သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးလုပ်ငန်းများ[၁၅၅]

၆၀၅။ မြန်မာနိုင်ငံသစ်တော မူဝါဒပါ ပြဌာန်းချက်အရ ကွဲပြားခြားနားသော ဂေဟစနစ်များကို စနစ်တကျ ထိန်းသိမ်းကာကွယ်ရန် အတွက် ရေတိုတွင် နိုင်ငံတော်ဧရိယာ၏ ၅ ရာခိုင်နှုန်းအထိလည်းကောင်း၊ ရေရှည်တွင် နိုင်ငံတော် ဧရိယာ၏ ၁၀ ရာခိုင်နှုန်းအထိလည်းကောင်း သဘာဝနယ်မြေများ တိုးချဲ့သတ်မှတ်ရန် ရည်မှန်း ဆောင်ရွက်ခဲ့သည်။ သို့ဖြစ်ရာ ၂၀၀၄ ခုနှစ်အထိ သဘာဝနယ်မြေ ၃၄ ခု၊ ဧရိယာ ၉,၈၄၁ စတုရန်းမိုင်၊ နိုင်ငံတော်ဧရိယာ၏ ၃.၇၇ ရာခိုင်နှုန်းကိုဖွဲ့စည်း တည်ထောင်ပြီးဖြစ်သည်။ အဆိုပြုသဘာဝနယ်မြေ ၈ ခု၊ ဧရိယာ ၉,၆၂၂ စတုရန်းမိုင်ကို လုပ်ထုံးလုပ်နည်းအညီ ဆောင်ရွက်လျက်ရှိရာ အဆိုပါအဆိုပြု သဘာဝ နယ်မြေများ တည်ထောင်ပြီးပါက စုစုပေါင်းသဘာဝ နယ်မြေ ၄၂ ခု၊ ဧရိယာ ၁၉,၄၆၃ စတုရန်းမိုင်၊ နိုင်ငံတော်ဧရိယာ၏ ၇.၄၅ ရာခိုင်နှုန်းကိုဖွဲ့စည်း တည်ထောင်ပြီးဖြစ်ပေမည်။

၆၀၆။ သဘာဝနယ်မြေတိုးချဲ့တည်ထောင်၍ တောရိုင်းတိရစ္ဆာန်များနှင့်အပင်များကို ထိန်းသိမ်းကာကွယ်ခြင်းအပြင် မျိုးသုဉ်းရန်အန္တရာယ်ကျရောက်နေသော အပင်နှင့်တိရစ္ဆာန်များကို အလေးပေးထိန်းသိမ်းကာကွယ်လျက်ရှိသည်။ နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ တောဆင်ရိုင်း၊ ကျား၊ ရှေ့သမင်၊ မိကျောင်း၊ ကြယ်လိပ်နှင့် ငှက်မျိုးများထိန်းသိမ်းကာကွယ်ခြင်း၊ မြန်မာနိုင်ငံအတွင်းရှိ ကုန်းနေရေနေတွားသွားသတ္တဝါများ လေ့လာဖော်ထုတ်ထိန်းသိမ်းခြင်း၊ လိပ်ပြာနှင့်အင်းဆက်ပိုးများ လေ့လာဖော်ထုတ်ထိန်းသိမ်းကာကွယ်ခြင်း၊ အပင်၊ သစ်ခွနှင့်ပရဆေးပင်များ ထိန်းသိမ်းကာကွယ်ခြင်းနှင့် ရေဝပ်ဒေသများထိန်းသိမ်းခြင်းနှင့် သုတေသနလုပ်ငန်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

၆၀၇။ ထို့ပြင် မျိုးသုဉ်းရန်အန္တရာယ်ရှိသောအပင်နှင့် တိရစ္ဆာန်များကို တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်) နှင့် မန္တလေးရတနာပုံဥယျာဉ်၊ ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ်များအတွင်း စုဆောင်းစိုက်ပျိုး

[၁၅၅] သဘာဝဝန်းကျင်နှင့် သားငှက်ထိန်းသိမ်းရေးဌာန၊ သစ်တောဦးစီးဌာန

မွေးမြူထိန်းသိမ်းခြင်း၊ နိုင်ငံတကာတိရစ္ဆာန်ဥယျာဉ်များနှင့်ဆက်သွယ်၍ တိရစ္ဆာန်လဲလှယ်ခြင်းလုပ်ငန်း များကို ဆောင်ရွက်လျက်ရှိသည်။

၆၀၈။ သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးလုပ်ငန်းများအား အောက်ပါနိုင်ငံတကာ အဖွဲ့အစည်းများမှပူးပေါင်းဆောင်ရွက်ခဲ့သည် –

(က) World Conservation Union, (International Union for Conservation of Nature) (IUCN),

(ခ) World Pheasants Association (WPA),

(ဂ) Smithsonian Institution USA (SI),

(ဃ) Wildlife Conservation Society (WCS),

(င) California Academy of Science USA (CAS),

(စ) Forest Resource Environment Development and Conservation Association (FREDA),

(ဆ) Wild Bird Society of Japan (WBSJ),

(ဇ) Asian Wetland Census (AWC),

(ဈ) International Crane Foundation (ICF),

(ည) Global Tiger Forum (GTF),

(ဋ) Department of Wildlife and National Park (DWNP) (Malaysia),

(ဌ) Natural History Museum Vienna, Austria,

(ဍ) Bird Life International,

(ဎ) Kochi Prefectural Markino Botanical Garden (MBK) တို့ဖြစ်သည်။

၆၀၉။ **သဘာဝအခြေခံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာခြင်း**[၁၅၆]။ မြန်မာနိုင်ငံ၏ ကမ္ဘာလှည့် ခရီးသွား လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်ရန်အတွက် သစ်တောရေးရာဝန်ကြီးဌာန အောက်တွင် သဘာဝအခြေခံခရီးသွားလုပ်ငန်းကော်မတီကို ၁၉၉၉ ခုနှစ်၌ ပြန်လည်ဖွဲ့စည်း ဆောင်ရွက် ခဲ့သည်။

၆၁၀။ သဘာဝအခြေခံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်၊ ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်၊ နတ်မတောင်အမျိုးသားဥယျာဉ်၊ ချပ်သင်းတောရိုင်း တိရစ္ဆာန်ဘေးမဲ့တော၊ ရွှေစက်တော် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ မိန်းမလှကျွန်းတောရိုင်းတိရစ္ဆာန် ဘေးမဲ့တော၊ အင်းတော်ကြီး တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ ပုပွားတောင်ဥယျာဉ်၊ လော်ကားဥယျာဉ်၊

[၁၅၆] သဘာဝဝန်းကျင်နှင့် သားငှက်ထိန်းသိမ်းရေးဌာန၊ သစ်တောဦးစီးဌာန

မိုးယွန်းကြီးအင်းဘေးမဲ့တော၊ အင်းလေးကန်ဘေးမဲ့တော၊ အမျိုးသားကန်တော်ကြီးဥယျာဉ်၊ စိမ်ရေသစ်တောစခန်း၊ မြို့ငဟေဝန်ဆင်စခန်းနှင့် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်တို့ကို သဘာဝအခြေခံရေးသွားစခန်း ၁၅ ခု အဖြစ် သတ်မှတ်၍ ပြုပြင်မွမ်းမံတည်ဆောက်မှု လုပ်ငန်းများကိုဆောင်ရွက်ခဲ့သည်။ ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များ အလွယ်တကူစုံစမ်းရရှိစေနိုင်ရန်အတွက် သဘာဝအခြေခံခရီးသွားလုပ်ငန်းဆက်သွယ်ရေးရုံးကို ရန်ကုန်တိရစ္ဆာန်ဥယျာဉ်၌ ၂၀၀၂ ခုနှစ်တွင်စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့သည်။

၆၁၁။ ဖော်ပြပါသဘာဝအခြေခံခရီးသွားစခန်းများအပြင် ပဲခူးတိုင်း သာဂရမြို့နယ်ရှိ ဖိုးကျားဆင်စခန်း နှင့် ကချင်ပြည်နယ် ပူတာအိုမြို့နယ်ရှိ ဖုန်ကန်ရာဇီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတို့ကို ထပ်မံတိုးချဲ့ခဲ့သည်။

အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာခြင်း[၁၅၇]

၆၁၂။ **အပူပိုင်းဒေသ သစ်တောပြန်လည်ထူထောင်ရေးစီမံကိန်း**။ မြန်မာပြည်အလယ်ပိုင်းရှိ မိုးနည်းရေရှားအပူပိုင်းဒေသတွင် သစ်တောများပျက်စီးပြုန်းတီးမှုကြောင့် သစ်တောပြန်လည်ထူထောင်ရေးလုပ်ငန်းကို ၁၉၅၃–၅၄ ခုနှစ်မှစ၍ မြေယာကျေးလက် ကြီးပွားတိုးတက်ရေးကော်ပိုရေးရှင်းက သစ်တောဌာနမှ ခေတ္တလွှဲပြောင်းပေးသော အရာထမ်း၊ အမှုထမ်းများဖြင့် စတင်လုပ်ကိုင်ခဲ့သည်။ တော်လှန်ရေး ကောင်စီအစိုးရတက်ပြီးနောက် ၁၉၆၃ ခုနှစ်မှစတင်ပြီး သစ်တောဌာနမှ ဆက်လက်ဆောင်ရွက်ခဲ့သည်။ ယင်းလုပ်ငန်းများအား ထိရောက်စွာဆောင်ရွက်သွားနိုင်ရန် ၁၉၆၃–၆၄ ခုနှစ်မှ ၁၉၇၂–၇၃ ခုနှစ်အထိ အပူပိုင်းဒေသသစ်တောတည်ထောင်ရေး ၁၀ နှစ်စီမံကိန်းတစ်ခု ချမှတ်ဆောင်ရွက် ခဲ့သည်။ စီမံကိန်း အတွင်းပါဝင်သော သစ်တောခရိုင်များမှာ ရမည်းသင်း၊ မိတ္ထီလာ၊ ရွှေဘို၊ အောက်ချင်းတွင်းနှင့် အောင်လံ တို့ဖြစ်ပြီး သစ်တောပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။ မျက်မှောက်ခေတ် ကာလတွင် အဆိုပါလုပ်ငန်းများအား အရှိန်အဟုန်မပျက် ဆက်လက်တိုးချဲ့ ဆောင်ရွက်ခဲ့သည်။

၆၁၃။ **ပုပ္ပါးတောင်အရှေ့ခြမ်းစိမ်းလန်းစိုပြည်ရေး**။ ပုပ္ပားတောင်သည် မြန်မာပြည်အလယ်ပိုင်း အပူပိုင်းဒေသ မြင်းခြံလွင်ပြင်တစ်ဝိုက်တွင် တည်ရှိပြီး တစ်ချိန်က အပူပိုင်းဒေသရက္ခဥယျာဉ်ဟု ခေါ်ရလောက်အောင် သစ်ပင်ပန်းမန် ဆေးဘက်ဝင်အပင်များ၊ ကျေးငှက်သာရကာများ၊ စိမ့်စမ်းရေတံခွန်များဖြင့် စိမ်းလန်းစိုပြည်ခဲ့သည်။ သို့ရာတွင် ပုပ္ပားဒေသရှိ မိရိုးဖလာ ဆောင်ရွက်လုပ်ကိုင်ခဲ့ကြသော ငှက်ပျောစိုက်ခင်းများမှာ တိုးတက်များပြားလာပြီး ပုပ္ပားတောင်တစ်ဝိုက်တွင် သစ်တောများ ပျက်စီးပြုန်းတီးလာခြင်းနှင့်အတူ စိမ့်စမ်းရေများပင် လျော့နည်းခမ်းခြောက်လာခဲ့ရသည်။ သို့ဖြစ်၍ တော်လှန်ရေးကောင်စီခေတ်မှစတင်၍ ပုပ္ပားတောင်စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများအား ဆောင်ရွက်လာခဲ့ရာ အောင်မြင်မှုများ အထိုက်အလျောက် ရရှိခဲ့သော်လည်း ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင် ဆောင်ရွက်မှုအားနည်းခဲ့၍ စိမ်းလန်းစိုပြည်ရေး လုပ်ငန်း

---

[၁၅၇] မြန်မာပြည်သစ်တောကြေးမုံ၊ ၁၉၅၇ ခုနှစ်၊ ဒီဇင်ဘာလ အတွဲ (၇) အမှတ် (၂)၊ စီမံကိန်းနှင့်စာရင်းအင်းဌာန၊ သစ်တောဦးစီးဌာန
မြန်မာပြည်သစ်တောကြေးမုံ၊ ၁၉၅၉ ခုနှစ်၊ ဇွန်လ အတွဲ (၉) အမှတ် (၁)၊ စီမံကိန်းနှင့်စာရင်းအင်းဌာန၊ သစ်တောဦးစီးဌာန

များ ဆက်လက်တိုးတက်ဆောင်ရွက်ရန် အခြေ အနေဖြစ်ပေါ်လာခဲ့သည်။ သို့ဖြစ်ရာ မျက်မှောက်ခေတ် ကာလတွင်လည်း သစ်တောဦးစီးဌာနမှ တာဝန်ယူ၍ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများအား ဆက်လက် ဆောင်ရွက်လျက်ရှိသည်။

၆၁၄။ ပုပ္ပါးတောင်အရှေ့ခြမ်းတွင် ကြိုးဝိုင်းတော ၇,၂၅၀ ဧကနှင့် ကြိုးပြင်ကာကွယ်တော ၂၅,၆၀၀ ဧက ပါဝင်သည်။ ကြိုးပြင်ကာကွယ်တောအတွင်း၌ ငှက်ပျောစိုက်ဧရိယာ ၅,၄၇၅ ဧကရှိသည်။ ပုပ္ပားတောင် အရှေ့ခြမ်း ငှက်ပျောစိုက်ဧရိယာအတွင်း၌ သစ်တောပင်နှင့် နှစ်ရှည်သီးနှံပင်များဖြင့် အစားထိုး စိုက်ပျိုးခြင်း လုပ်ငန်းကို ၁၉၉၅–၉၆ ခုနှစ်မှစတင်၍ စီမံချက်ချဆောင်ရွက်ခဲ့သဖြင့် ၁၉၉၅–၉၆ ခုနှစ်မှ ၂၀၀၂–၀၃ ခု နှစ်အထိ သစ်တောပင်စုစုပေါင်း ၁,၂၄၀,၀၀၀ ပင်စိုက်ပျိုးခဲ့သည်။ ၂၀၀၃ ခုနှစ်မိုးရာသီအတွင်း သစ်ဆိမ့်ပင် ၁၀၀,၀၀၀ ဖြည့်စွက်ဖာထေးစိုက်ပျိုးခဲ့သည်။ ၄င်းအပြင် ၁၉၉၅–၉၆ ခုနှစ်မှ ၂၀၀၂–၀၃ ခု နှစ်အထိ နှစ်ရှည်သီးပင်ပေါင်း ၆၀၀,၀၀၀ခန့် အခမဲ့ ဖြန့်ဝေစိုက်ပျိုးခဲ့သည်။

၆၁၅။ ၁၉၉၆ ခုနှစ်မှ ၂၀၀၃ ခုနှစ်အထိ ပုပ္ပားတောင်မကြီးထိပ်တွင် ထင်းရူးပင်ပေါင်း ၅၄,၄၄၃ ပင် စိုက်ပျိုးခဲ့သည်။ နှစ်ရှည်ပင်များမှ ဝင်ငွေရရှိပြီးဖြစ်၍ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ ဦးဆောင် စီစဉ်မှုအရ ၂ နှစ်အတွင်း ငှက်ပျောအပြောင်ရှင်းပြီး၊ သစ်တောပင်နှင့်နှစ်ရှည်ပင်များ ရှင်သန်ကြီးထွားရေး အတွက် စည်းရုံးဆောင်ရွက်ခဲ့သည်။ ထို့အပြင် ငှက်ပျောစိုက်ပျိုးခြင်းအပေါ် လုံးဝမှီခိုအားထားမှုကင်းပြီး ပုပ္ပားတောင်အရှေ့ခြမ်းဧရိယာ၌ ငှက်ပျောစိုက်ခင်းများလုံးဝပယ်ဖျောက်ရေးကို ရည်မှန်းချက်ထားဆောင် ရွက်ခဲ့သည်။

၆၁၆။ အဆိုပါ စီမံကိန်းနှင့်ဆက်နွယ်၍ မြန်မာနိုင်ငံအလယ်ပိုင်းဒေသ တောင် ၁၃ လုံးစိမ်းလန်းစိုပြည်ရေး၊ မြင်းခြံခရိုင် ရေဝေတောင်တန်းဒေသများ စိမ်းလန်းစိုပြည်ရေးနှင့် ပုပ္ပားတောင်အရှေ့ခြမ်း စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများကိုလည်း ဆောင်ရွက်နိုင်ခဲ့သည်။

၆၁၇။ **အထူးဒေသကိုးခရိုင် စိမ်းလန်းစိုပြည်ရေးစီမံကိန်း။** ပုပ္ပါးတောင်ဒေသ စိမ်းလန်းစိုပြည် လာသည့်နည်းတူ မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဒေသ တစ်ခုလုံး စိမ်းလန်းစိုပြည် လာစေရေး အတွက် မြန်မာပြည်အလယ်ပိုင်း စိမ်းလန်းစိုပြည်ရေး အထူးဒေသ ကိုးခရိုင်စီမံကိန်းကို ၁၉၉၄–၉၅ ခုနှစ်မှ ၁၉၉၆–၉၇ ခုနှစ်အထိ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။ စီမံကိန်းဧရိယာအတွင်း မြန်မာ နိုင်ငံအလယ်ပိုင်း မန္တလေးတိုင်း၊ မကွေးတိုင်း၊ စစ်ကိုင်းတိုင်း၊ တိုင်း ၃ တိုင်းအတွင်းရှိ မိတ္ထီလာ၊ မြင်းခြံ၊ သရက်၊ စစ်ကိုင်း၊ မုံရွာ၊ ပခုက္ကူ၊ ရမည်းသင်း၊ မကွေးနှင့် မင်းဘူးခရိုင်တို့ပါဝင်သည်။

၆၁၈။ အပူပိုင်းဒေသတွင် တောင်နှင့်မြောက်အရှည်ဆုံးနေရာသည် ၂၅၀ မိုင်ခန့်ရှိပြီး အရှေ့နှင့်အနောက် အကျယ်ဆုံးနေရာသည် ၁၂၀ မိုင်ခန့်ရှိပြီး ဒေသ၏ အကျယ်အဝန်း မှာ စတုရန်းမိုင်ပေါင်း ၂၆,၀၈၀ မျှကျယ်ဝန်း၍ တစ်နိုင်ငံလုံး အကျယ်အဝန်း၏ ၉.၂% မျှရှိသည်။ အထူးဒေသကိုးခရိုင် စိမ်းလန်းစိုပြည်ရေး စီမံကိန်းဆောင်ရွက်ရာတွင် သစ်တောဦးစီးဌာနအား အထောက်အကူ ဖြစ်စေရန် တပ်မတော်အရာရှိများမှ လည်း အထူးအရာရှိများအဖြစ် တွဲဘက်တာဝန်ထမ်းဆောင်ခဲ့ကြသည်။ ၁၉၉၄–၉၅ ခုနှစ်မှ ၁၉၉၆–၉၇ ခုနှစ်

အထိ ၃နှစ်တာကာလအတွင်း စိုက်ခင်း ၅၁,၃၀၀ ဧကလျာထားရာ အမှန် စိုက်ပျိုးပြီးစီးမှုမှာ ၅၂,၆၈၀ ဧကဖြစ်၍ ၁၀၃% စိုက်ပျိုးခဲ့သည်။

၆၁၉။ အထူးဒေသ ကိုးခရိုင်စိမ်းလန်းစိုပြည်ရေးစီမံကိန်းအား အောက်ဖော်ပြပါရည်ရွယ်ချက်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်–

(က) ရေ၊ မြေနှင့် သဘာဝဝန်းကျင် ပျက်စီးခြင်းမှ လျော့ပါးစေရန်၊

(ခ) အပူပိုင်းဒေသ ကျေးလက်နေပြည်သူများ၏ ထင်းလိုအပ်မှု ဖြည့်ဆည်းဆောင်ရွက်ပေးရန်၊

(ဂ) စိမ်းလန်းစိုပြည်လာခြင်းဖြင့် သဘာဝဝန်းကျင်၏ အခြေအနေအား တိုးတက်လာစေရန်၊

(ဃ) ရာသီဥတုညီညွတ်မှုတလာခြင်းဖြင့် စိုက်ပျိုးရေးလုပ်ငန်းအား အထောက်အကူပြုစေရန်၊

(င) သစ်တော၊သစ်ပင်၏တန်ဖိုးနှင့်ပိုင်ဆိုင်ခွင့်ရှိခြင်းကြောင့်ရရှိလာမည့်အကျိုးကျေးဇူးအနှစ်သာရတို့အားဒေသနေပြည်သူများအလေးထားနားလည်စေခြင်းပညာပေးဆောင်ရွက်ရန်၊

(စ) သစ်တော၊ သစ်ပင်များရှိခြင်းဖြင့် ရေနှင့်မြေဆီလွှာထိန်းသိမ်းပေးနိုင်မှုကို အကျိုးသက်ရောက်စေပြီး ပူပြင်းသောအချိန်အခါတွင် ရေရှားပါးမှုမှ ကင်းလွတ်စေရန်တို့ဖြစ်သည်။

၆၂၀။ စီမံကိန်းအစတွင် ဖော်ပြပါကိုးခရိုင်သာပါဝင်ပြီး ၁၉၉၆–၉၇ ခုနှစ်တွင် ရွှေဘိုခရိုင်နှင့် ညောင်ဦးခရိုင်တို့ တိုးချဲ့ပါဝင်လာခဲ့သဖြင့် ၁၁ ခရိုင်ဖြစ်လာခဲ့သည်။ ၄င်းအပြင် ၁၉၉၈–၉၉ ခုနှစ်တွင် ကျောက်ဆည်ခရိုင်နှင့် ဂန့်ဂေါခရိုင်တို့ တိုးချဲ့ပါဝင်လာ၍ စုစုပေါင်း ၁၃ ခရိုင်ဖြစ်လာသည်။

၆၂၁။ မြင်းခြံခရိုင်တွင် ၁၉၉၆–၉၇ ခုနှစ်မှစတင်၍ ရေဝေတောင်တန်းများ စိမ်းလန်းစိုပြည်ရေး အထူးလုပ်ငန်းစီမံကိန်းအား အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ ထို့အတူ ကမ္ဘာ့ကုလသမဂ္ဂ လက်အောက်ခံနိုင်ငံတကာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော (NGOs) အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။

၆၂၂။ စိမ်းလန်းစိုပြည်ရေး အထောက်အကူပြုလုပ်ငန်းများဖြစ်သည့် ဘက်စုံသုံးထင်းစိုက်ခင်းစီမံကိန်းအနေဖြင့် Community Woodlots ၈က ၅,၀၀၀ စိုက်ပျိုးနိုင်ခဲ့ခြင်း၊ စစ်ကိုင်းတိုင်းအတွင်း ထန်းတောင်သူများအနေဖြင့် ထန်းပင် ၂၀၀ ရှိတိုင်းထင်းစိုက်ခင်း ၁ ဧက ပါဝင်စိုက်ပျိုးခြင်း၊ သစ်တောပျက်စီးမှုကို လျော့နည်းစေရန်အတွက် ထင်းအသုံးနည်း (A-1) မီးဖိုများ ကျယ်ကျယ်ပြန့်ပြန့်သုံးစွဲရေး စီစဉ်ဆောင်ရွက်ခြင်းနှင့် အိမ်ဝိုင်း၊ ရွာစည်းရိုးနှင့် မြေလွတ်မြေလပ်များတွင် သစ်ပင်များကို တနိုင်တပိုင်စိုက်ပျိုးရေးကို အားပေးခြင်းများဆောင်ရွက်ခဲ့သည်။



နိုင်ငံတော်အကြီးအကဲက အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး လုပ်ငန်းဆိုင်ရာကိစ္စရပ်များ လမ်းညွှန်နေပုံ



၆၂၃။ **အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနက လွှဲပြောင်းတာဝန်ယူဆောင်ရွက်ခြင်း**[၁၅၀]။ ၁၉၉၇ ခုနှစ်တွင် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနကို သီးခြားဖွဲ့စည်းခဲ့၍ သစ်တော ဦးစီးဌာန၏ ဆောင်ရွက်ဆဲ အထူးဒေသကိုးခရိုင်စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို လွှဲပြောင်းရယူပြီး မြန်မာနိုင်ငံ အလယ်ပိုင်း အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးကို အာရုံစိုက်ဆောင်ရွက်ခဲ့သည်။

၆၂၄။ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဆောင်ရွက်သည့်ဧရိယာမှာ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့ရှိ ခရိုင် ၁၃ ခရိုင်၊ မြို့နယ်ပေါင်း ၅၇ မြို့နယ်တွင် ကြီးပိုင်းတောဧရိယာ ၃,၇၇၇,၄၇၉ ဧက၊ ကြီးပြင်ဧရိယာ ၈,၁၀၁,၅၆၉ ဧကနှင့်အခြားစိုက်ပျိုးမြေ ၉,၆၇၈,၄၁၁ ဧက၊ စုစုပေါင်း ၂၁,၅၅၇,၄၅၉ ဧက ဖြစ်သည်။

၆၂၅။ မြန်မာနိုင်ငံအလယ်ပိုင်းအပူပိုင်းဒေသအတွင်း စိမ်းလန်းစိုပြည်ရေးအတွက် အောက်ဖော်ပြပါ ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်ခဲ့သည်–

(က) အပူပိုင်းဒေသ စိမ်းလန်းစိုပြည်သာယာလှပစေရန်။

(ခ) ရေ၊ မြေ သဘာဝဝန်းကျင်ကိုထိန်းသိမ်းရန်။

(ဂ) ကျေးလက်နေပြည်သူများ၏ အခြေခံသစ်တောထွက်ပစ္စည်းလိုအပ်ချက်များကို ဖြည့်ဆည်းရန်။

(ဃ) ကျေးလက်နေ ပြည်သူများ၏ လူမှုစီးပွားရေး ထာဝစဉ်ဖွံ့ဖြိုးတိုးတက်စေရန်။

(င) သစ်တောသစ်ပင်များ၏ တန်ဘိုးနှင့်အနှစ်သာရကို ဒေသနေပြည်သူများသိရှိနားလည်စေရန်။

(စ) သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ပြည်သူလူထု အသိပညာမြှင့်တင်ရန်နှင့် ပူးပေါင်းပါဝင်ဆောင်ရွက်မှုကို တိုးတက်ရရှိစေရန်။

(ဆ) ရာသီဥတု ကောင်းမွန်လာခြင်းဖြင့် စိုက်ပျိုးရေးကို အထောက်အကူဖြစ်စေရန်။

(ဇ) သဘာဝရင်းမြစ်ထွန်းမှုမှ တားဆီးကာကွယ်ရန်။

၆၂၆။ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၏ အဓိကလုပ်ငန်းတာဝန်ကြီး ၄ ရပ်မှာ စိမ်းလန်းစိုပြည်ရေးနှင့် ဒေသထောက်ပံ့ရေးအတွက် စိုက်ခင်းများတည်ထောင်ခြင်း (စ)၊ သဘာဝတောကျန်များကို ထိန်းသိမ်းကာကွယ်ခြင်း (ထ)၊ ထင်းအစားထိုးလောင်စာအသုံးချရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ခြင်း (ထ)၊ ရေရရှိရေး အကောင်အထည်ဖော်ဆောင်ရွက်ခြင်း (ဂ) တို့ဖြစ်သည်။

---

[၁၅၀] အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန



ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော် ရွှေပုံတောင်စိမ်းလန်းစိုပြည်ရေးစိုက်ခင်းများစစ်ဆေးနေပုံ





မကွေးတိုင်းမကွေးခရိုင်ခြောက်မြို့နယ်၊ ၂၀၀၁–၀၂နှစ်ခွဲပုံတောင်စိမ်းလန်းစိုပြည်ရေး
တမာစိုက်ခင်း



မန္တလေးတိုင်း၊ ရမည်းသင်းခရိုင်၊ တပ်ကုန်းမြို့နယ်ရှိ
လမ်းဘေးဝဲ/ယာ စိမ်းလန်းစိုပြည်ရေး ယူကလစ်စိုက်ခင်း



ညောင်ဦးခရိုင်၊ မြေသင်းတွင်းကာကွယ်တောအတွင်း ၂၀၀၃–၀၄ခုနှစ်၌ JICA မှ
တည်ထောင်ခဲ့သည့် ဘောစကိုင်းစိုက်ခင်း



တန့်ကြည်တောင်စိမ်းလန်းစိုပြည်ရေးအတွက် Water Springler Systemဖြင့်
ရေဖြန်းနေစဉ်



သွပ်ရေပုံးဖြင့် ထင်းအကုန်အကျသက်သာသည့်
အောမ်းမီးပို့များ ပြုလုပ်နေပုံ



သွပ်ရေပုံးဖြင့် ထင်းအကုန်အကျသက်သာသည့်
အောမ်းမီးပို့အသုံးပြု၍ ချက်ပြုတ်နေပုံ



ထင်းအကုန်အကျသက်သာသည့် အောမ်းမီးဖို ပြုလုပ်သည့်ဖို



ထင်းအစားထိုး ကျောက်မီးသွေး လောင်စာတောင့်များ ထုတ်လုပ်ထားပုံ



မကွေးတိုင်း၊သရက်ခရိုင်၊မင်းလှမြို့နယ်၊လယ်လှကျေးရွာ၌ ၂၀၀၆ခုနှစ်တွင် တူးဖေါ်ခဲ့သည့် ရေကန်ရေဝင်နေပုံ



စစ်ကိုင်းတိုင်း၊ရွှေဘိုခရိုင်၊ တန်ဆည်မြို့နယ်၊ကြက်ဆူကန်ကျေးရွာ၌ ၂၀၀၆ ခုနှစ်တွင် တူးဖေါ်ခဲ့သည့်ရေကန်ပုံ

၆၂၇။ ၁၉၉၄–၉၅ ခုနှစ်မှ ၂၀၀၄–၀၅ ခုနှစ်အထိ တည်ထောင်ပြီးစိုက်ခင်း ၂၇၀,၁၁၂ ဧက၊ ၁၉၉၇–၉၈ ခုနှစ်မှ ၂၀၀၄–၀၅ ခုနှစ်အထိ သဘာဝတောထိန်းသိမ်းခြင်း ၁,၁၀၀,၉၃၁ ဧက၊ ထင်းအစား အခြားလောင်စာသုံးစွဲခြင်းအတွက် ဖြန့်ဖြူးပေးသော စွမ်းအားမြှင့်မီးဖို ၃၆၁,၄၇၈ လုံး၊ လောင်စာတုံး ၆၀,၆၇၃,၇၅၇ တုံးနှင့် စိုက်ပျိုးစွန့်ပစ်ပစ္စည်း ၁၅၆,၀၃၇ တန်၊ ရေရရှိရေးအတွက် တူးဖော်တည်ဆောက်သည့်ရေကန်ငယ် ၁,၂၄၅ ကန်၊ နုန်းတားဆည် ၁,၀၆၅ နှင့် မြေအောက်ရေတွင်း ၅၈ ခု တို့ဖြစ်သည်။

၆၂၈။ အပူပိုင်းဒေသအတွင်း နယ်မြေအလိုက် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို ဆောင်ရွက်သည့်အပြင် အထူးလုပ်ငန်းစီမံကိန်းများအနေဖြင့် ရေနံချောင်းမြို့နယ်တွင် ဖန်ခါးစမ်းဒေသ စိမ်းလန်းစိုပြည်ရေးလုပ်ငန်း၊ ချောက်မြို့နယ်တွင် ရွှေပုံတောင်စိမ်းလန်းစိုပြည်ရေးလုပ်ငန်း၊ တံတားဦးမြို့နယ်တွင် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ် စိမ်းလန်းစိုပြည်ရေးလုပ်ငန်း၊ မြင်းခြံခရိုင် ရေဝေတောင်တန်း စိမ်းလန်းစိုပြည်ရေးအထူးလုပ်ငန်း စီမံကိန်းများကိုလည်း အကောင်အထည်ဖော်လျက်ရှိသည်။

၆၂၉။ **နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်ခြင်း**[၁၅၉] ။ ဂျပန်နိုင်ငံ ယိုမီယူရီရှင်ဘွန်းသတင်းစာအဖွဲ့၏ သဘာဝဝန်းကျင်ထိန်းသိမ်းရေး စိတ်ဝင်စားသူ များနှင့်ပူးပေါင်းကာ မန္တလေးတိုင်းဒေသကြီးမြို့နယ် ပျဉ်းမကာကွယ်တောတွင် မြန်မာ–ယိုမီယူရီ သစ်တော စိုက်ခင်းစီမံကိန်းကို အကောင်အထည် ဖော်ဆောင်ရွက်ခဲ့သည်။ အလားတူ ၁၉၉၇–၉၉ ခုနှစ်တွင် ဒေသကြီးမြို့နယ် ဒဟတ်စီး ကာကွယ်တောတွင်လည်းကောင်း၊ ၁၉၉၈–၂၀၀၁ ခုနှစ်တွင် ကြူပင်ကွေ့ ကာကွယ်တောတွင်လည်းကောင်း၊ ၂၀၀၀ ခုနှစ်မှ ၂၀၀၃ ခုနှစ်အထိ ကျောက်ကူးကြီးပြင် ကာကွယ်တော တွင်လည်းကောင်း၊ Japan International Forestry Promotion and Co-operation Agency (JIFPRO) အဖွဲ့နှင့်ပူးပေါင်းကာ သီးနှံသစ်တောရောနှော စိုက်ပျိုးခြင်းစီမံကိန်းကို ဆောင်ရွက်ခဲ့သည်။ ၄င်းအပြင် ဂျပန်နိုင်ငံ Organization for Industrial Spiritual and Cultural Advancement International (OISCA) အဖွဲ့နှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့ပူးပေါင်းပြီး မကွေးတိုင်း၊ ပခုက္ကူ ခရိုင်၊ ရေစကြို့မြို့နယ်၊ ပခန်းကြီးကျေးရွာတွင် သီးနှံသစ်တော ရောနှောစိုက်ပျိုးခြင်း သင်တန်းစီမံကိန်းကိုလည်းကောင်း၊ ကိုရီးယားနိုင်ငံ KOICA အဖွဲ့နှင့် သစ်တောရေးရာဝန်ကြီးဌာနတို့ပူးပေါင်း၍ မန္တလေးတိုင်း၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ် တုရင်တောင်ကာကွယ်တောအတွင်း မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်း ဒေသစိမ်းလန်းစိုပြည်ရေး စံနမူနာ သစ်တောစိုက်ခင်းတည်ထောင်ရေးစီမံကိန်းကိုလည်းကောင်း ဆောင်ရွက် ခဲ့ကြသည်။

၆၃၀။ ပြည်တွင်းမှ အစိုးရမဟုတ်သောအဖွဲ့အစည်းတစ်ခု ဖြစ်သည့် Forest Resources Environment and Development Association (FREDA) အဖွဲ့အနေနှင့်လည်း နိုင်ငံတကာမှ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် သစ်တောရေးရာဝန်ကြီးဌာနတို့အကြား ညှိနှိုင်းပေါင်းစပ်ကာ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး သဘာဝဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ခဲ့သည်။

---

[၁၅၉] အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန

၆၃၁။ ဂျပန်နိုင်ငံ ယိုမီယူရီသတင်းစာဌာနမှ ၁၉၉၆–၉၇ ခုနှစ်မှ ၁၉၉၉–၂၀၀၀ ခုနှစ်အထိ သစ်တော စိုက်ခင်း ၁,၂၀၀ ဧကကိုလည်းကောင်း၊ မြန်မာ–ဂျစ်ပရှိ သစ်တောစိုက်ခင်းစီမံကိန်းအား ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်တွင် ၁၉၉၇–၉၈ ခုနှစ်မှ ၁၉၉၉–၂၀၀၀ ခုနှစ်အထိ သစ်တောစိုက်ခင်း ၈၇၅ ဧကကို JIFPRO အပိုင်း (၁) အနေဖြင့်လည်းကောင်း၊ ၁၉၉၈–၉၉ ခုနှစ်မှ ၂၀၀၀–၂၀၀၁ ခုနှစ်အထိ သစ်တော စိုက်ခင်း ၁,၁၀၀ ဧကကို JIFPRO အပိုင်း (၂) အနေဖြင့်လည်းကောင်း၊ ၂၀၀၀–၂၀၀၁ ခုနှစ်မှ ၂၀၀၂–၂၀၀၃ ခု နှစ်အထိ သစ်တောစိုက်ခင်း ၇၅၀ ဧကကို JIFPRO အပိုင်း (၃) အနေဖြင့်လည်းကောင်း၊ စုစုပေါင်း ၂,၇၁၇ ဧက ကို စိုက်ပျိုးခဲ့သည်။

၆၃၂။ ပခုက္ကူခရိုင် ရေစကြိုမြို့နယ်တွင် ၁၉၉၉–၂၀၀၀ ခုနှစ်မှ ၂၀၀၁–၀၂ ခုနှစ်အထိ သစ်တော စိုက်ခင်း ၆၀၀ ဧကကို OISCA - International အဖွဲ့နှင့်ပူးပေါင်း၍ စီမံကိန်းဖြင့်လည်းကောင်း စိုက်ပျိုးခဲ့သည်။

၆၃၃။ ဂျပန်နိုင်ငံအစိုးရအထောက်အပံ့ JICA ဖြင့်မြန်မာနိုင်ငံ အပူပိုင်းဒေသသစ်တောစိုက်ခင်း တည်ထောင်ခြင်းစီမံကိန်းအား မန္တလေးတိုင်း၊ ညောင်ဦးခရိုင် မြေသင်းတွင်းကာကွယ်တောတွင် ၂၀၀၃ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ ၅ နှစ်စီမံကိန်းဖြင့် သစ်တောစိုက်ခင်း ၃,၇၉၈.၄ ဧကကိုတည်ထောင်ရန် ဖြစ်သည်။ ဤတွင်ကာကွယ်တောစိုက်ခင်း ၁,၈၅၁.၅ ဧက ကိုလည်းကောင်း၊ ကျေးရွာသုံးထင်းစိုက်ခင်း ၁,၇၈၆.၈ ဧကကိုလည်းကောင်း၊ ဒေသခံပြည်သူအစုအဖွဲပိုင်စိုက်ခင်း ၁၆၀.၁ ဧကကိုလည်းကောင်း၊ ရေရှိရေးနှင့် လမ်းပြုပြင်ခြင်းလုပ်ငန်းများကို စီမံကိန်းမှဆောင်ရွက်သွားမည်ဖြစ်သည်။

၆၃၄။ ထို့နည်းတူ တောင်ကိုရီးယားနိုင်ငံအထောက်အပံ့ဖြင့် မြန်မာနိုင်ငံအပူပိုင်းဒေသ ညောင်ဦးခရိုင်တွင် ၂၀၀၄ ခုနှစ်မှ ၂၀၀၅ ခုနှစ်အထိ ၂ နှစ်စီမံကိန်းဖြင့် ဒေသခံပြည်သူများ ပူးပေါင်းပါဝင်သော သစ်တောစိုက်ခင်းများကိုတည်ထောင်ဆောင်ရွက်သွားရန် နှစ်ဦးနှစ်ဘက်သဘောတူ လက်မှတ်ရေးထိုးဆောင်ရွက်ခဲ့သည်။

၆၃၅။ ညောင်ဦးခရိုင်တွင် သစ်တောစိုက်ခင်းများ ပြန်လည်တည်ထောင်ရေးအတွက် ဂျပန်နိုင်ငံမှ JIFPRO, JICA, OISCA စသည့်အဖွဲ့အစည်းများနှင့် တောင်ကိုရီးယားနိုင်ငံမှ KOICA အဖွဲ့တို့၊ စီမံကိန်းများရေးဆွဲအကောင်အထည်ဖော်နိုင်ရန် မြေပြင်ကွင်းဆင်းလေ့လာဆွေးနွေးမှုတို့ ဆောင်ရွက်ခဲ့သည်။

၆၃၆။ ထင်းအစားအခြားလောင်စာသုံးစွဲရေးလုပ်ငန်းမှာ အရေးကြီးသော လုပ်ငန်းစဉ်တစ်ခုဖြစ်သည့် အားလျော်စွာ ၂၀၀၁ ခုနှစ်မှ ၂၀၀၄ ခုနှစ်အထိ ထင်းအစားအခြား လောင်စာသုံးစွဲသည့် စံပြကျေးရွာများအဖြစ် စစ်ကိုင်းတိုင်းတွင် ၅၄ ရွာ၊ မန္တလေးတိုင်းတွင် ၂၃ ရွာနှင့် မကွေးတိုင်းတွင် ၃၁ ရွာ၊ စုစုပေါင်း ၁၀၈ ရွာ ကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ခဲ့သည်။

၆၃၇။ ၁၉၉၇ ခုနှစ်တွင် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ဖွဲ့စည်းပေးခဲ့ခြင်း အပူပိုင်းသစ်တောများဆိုင်ရာ သုတေသနလုပ်ငန်းများကိုလည်း သစ်တောသုတေသနဌာနနှင့် ပိုမိုပူးပေါင်းဆောင်ရွက်လာနိုင်ခဲ့သည်။ မြေဓါရူပ/ဓာတုဂုဏ်သတ္တိလေ့လာခြင်း၊ ဘောစကိုင်းသစ်မျိုး၏ ပန္နက်အကွာအဝေးကို စူးစမ်းလေ့လာခြင်း၊ အပူပိုင်းဒေသရှိ ထင်းစိုက်ခင်းများမှ ထင်းထွက်ရှိမှုကိုလေ့လာခြင်း၊

ယူကလစ်စိုက်ခင်းများကြောင့်ပတ်ဝန်းကျင်ပြောင်းလဲမှုကို စူးစမ်းလေ့လာခြင်း၊ ထင်းအတွက်သစ်မျိုးများ စမ်းသပ်စိုက်ပျိုးခြင်း၊ သစ်မျိုးအလိုက်အာဟာရလိုအပ်ချက်ကို လေ့လာခြင်း၊ ကျင်းအရွယ်နှစ်မျိုးတွင် ကျင်းပို့နည်းစနစ် ၃ နည်းဖြင့် စမ်းသပ်စိုက်ပျိုးခြင်း၊ အပူပိုင်းစီမံကိန်းဒေသရှိ မြေ၏ဂုဏ်သတ္တိနှင့် အသုံးချခြင်းကို လေ့လာခြင်း၊ မြေအချိုး အမျိုးမျိုးဖြင့် သစ်မာမျိုးများနှင့် အပူပိုင်းသစ်မျိုးများ၏ ပျိုးပင်အဆင့်ကြီးထွားမှုကို လေ့လာခြင်း၊ သဘာဝတောကျန်များနှင့် စိုက်ခင်းများ၏ စီးပွားရေး လူမှုရေးဆိုင်ရာ အကျိုးဆက်များကိုလေ့လာခြင်း စသည့် သုတေသနလုပ်ငန်းပြုစုတမ်းများကို စမ်းသပ် ဆောင်ရွက်နိုင်ခဲ့သည်။

၆၃၈။ **တောင်တန်းစိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ**။ တောင်တန်းများ စိမ်းလန်းစိုပြည်ရေး အတွက် ပထမဆုံးလုပ်ကိုင် ဆောင်ရွက်သည့်ဒေသမှာ အပူပိုင်းဒေသ၏ဗဟိုဖြစ်သည့် မိတ္ထီလာ သစ်တော ခရိုင် ရေဝေရေလဲစီမံကိန်း ၁၉၅၄–၅၅ ခုနှစ်နှင့် ပုပ္ပားတောင်ရေဝေရေလဲစီမံကိန်းပင်ဖြစ်သည်။ ပုပ္ပါးတောင် ရေဝေရေလဲစီမံကိန်းမှာ ၃၈ စတုရန်းမိုင် ဧရိယာခန့်ရှိပြီး ၁၉၅၅ ခုနှစ်၊ အောက်တိုဘာလမှ စတင်ခဲ့သည်။ ပုပ္ပားတောင်မှာ မိတ္ထီလာသစ်တောခရိုင် ဖွဲ့စဉ်ကပင် ၂,၉၆၁ ဧကရှိသည့် ကြီးဝိုင်း သတ်မှတ်ခဲ့သည်။ စီးပွားရေးတွက်ခြေမကိုက်သဖြင့် ၁၉၃၄ ခုနှစ် တွင် ကြီးဝိုင်းအဖြစ်မှပယ်ဖျက်ခဲ့သည်။ ပုပ္ပားတောင်ပတ်ဝန်းကျင်ရှိ ၄က်ပျောခြံများလုပ်ကိုင်ခဲ့ရာ ၁၉၄၂ ခု နှစ်တွင် ၃၄၂.၄ ဧကရှိရာမှ ၁၉၆၈ ခုနှစ်ဝန်းကျင်တွင် ခြံမြေဧက ၃,၅၀၀ ကျော်အထိရှိလာခဲ့သည်။ သို့ဖြစ်ရာ အပူပိုင်းဒေသအတွင်းရှိ တောင်တန်းများအား စိမ်းလန်းစိုပြည်ရေးအတွက် သစ်တောဦးစီးဌာနမှ ရှေးယခင်ကပင် ကြိုးပမ်း အားထုတ်ခဲ့ကြသည်။

၆၃၉။ စိမ်းလန်းစိုပြည်ရေးအတွက် အပူပိုင်းဒေသအတွင်း စိုက်ပျိုးရန်သင့်တော်သည့်အပင်၊ သင့်တော် သည့်မြေများ သိရှိနိုင်ရန် စမ်းသပ်စိုက်ခင်းများကိုလည်း လုပ်ကိုင်ခဲ့သည်။ ၁၉၅၈ ခုနှစ်တွင် တောင်သာ တောင် အနောက်ရှိတောင်သာတောင်စမ်းသပ်ကွက်၊ ၁၉၅၉ ခုနှစ်တွင် တောင်သာတောင်အနီး တောင်နီတောင် စမ်းသပ်ကွက်၊ ၁၉၆၀ ခုနှစ်တွင် မိတ္ထီလာ–ကျောက်ပန်းတောင်းကားလမ်းပေါ်ရှိ ရွာတန်းရှည် စမ်းသပ်ကွက်စသည်ဖြင့် စမ်းသပ်စိုက်ပျိုးခဲ့သည်။

၆၄၀။ လက်ရှိအပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ တောင်တန်းများစိမ်းလန်းစိုပြည်ရေး လုပ်ငန်းများအနေဖြင့် စစ်ကိုင်းတိုင်းရှိ မင်းဝံတောင်၊ ဖိုလ်ဝင်တောင်၊ ရွှေမြင်တင် / ဗောဓိတစ်ထောင်၊ ခြေရာတော်တောင်၊ မန္တလေးတိုင်းရှိ မန္တလေးတောင်၊ ရွှေသာလျောင်းတောင်၊ ရွှေမင်းဝံတောင်၊ ပတ္တမြားတောင်၊ ကုက္ကဲတောင်၊ တောင်သာတောင်၊ ကျောက်တစ်လုံးတောင်၊ မြင်စိုင်းတောင်၊ တုရင်တောင်၊ မင်းစုံတောင်၊ မကွေးတိုင်းရှိ တက်မတောင်၊ ရှင်မတောင်၊ တန့်ကြည်တောင်၊ မင်းဘူးတောင်၊ ရွှေပုံတောင်၊ ကျောက်ဆင်တောင် စသည့်တောင်တန်းများတွင် အထူးစီမံကိန်းများချမှတ်၍ နှစ်စဉ်သစ်ပင်များ စိုက်ပျိုး ဆောင်ရွက်လျက်ရှိသည်။

သစ်တောထွက်ပစ္စည်းထုတ်လုပ်အသုံးချခြင်း

၆၄၁။ တိုးတက်လာသည့်လူဦးရေနှင့်အညီ သစ်တောထွက်ပစ္စည်း လိုအပ်ချက်မှာ နှစ်စဉ်တိုးပွားလျက် ရှိသည်။ သစ်တောထွက်ပစ္စည်းများကို ထုတ်ယူသုံးစွဲရာတွင် နောင်အနာဂတ်တောထွက်ကို မထိခိုက်စေပဲ ခွင့်ပြုနိုင်သည့် ပမာဏအတွင်းမှသာ စနစ်တကျ ဆောင်ရွက်သွားရန်မှာ အလွန်အရေးကြီးသည်။ သစ်တောဦးစီးဌာနအနေဖြင့် ဤကာလအတွင်း ကျွန်းနှင့်သစ်မာတိုင် နှစ်စဉ်ပျမ်းမျှ လုံးရေထောင်ပေါင်း ၁၃၅ လုံးခန့်၊ ကျွန်းနှင့် သစ်မာမျော နှစ်စဉ်ပျမ်းမျှ လုံးရေထောင်ပေါင်း ၅၇၅ လုံးခန့်၊ ထင်းကုဗတန်ထောင်ပေါင်း ၃၀၆ တန်ခန့်နှင့် မီးသွေးကုဗတန် ထောင်ပေါင်း ၃၃၂ တန်ခန့်တို့ကို ထုတ်လုပ်ခဲ့သည်။

သစ်တောထွက်ပစ္စည်းထုတ်လုပ်မှု အခြေအနေ (၁၉၈၉ ခုနှစ်မှ ၂၀၀၄ ခုနှစ်အထိ) [၁၆၀]

စဉ်	အကြောင်းအရာ	ရေတွက်ပုံ	စုစုပေါင်း
၁။	ကျွန်းနှင့်သစ်မာတိုင်	လုံးရေ (ထောင်ပေါင်း)	၂,၁၂၅
၂။	ကျွန်းနှင့်သစ်မာမျော	။	၉,၂၁၂
၃။	ထင်း	ကုဗတန်(ထောင်ပေါင်း)	၄,၉၁၀
၄။	မီးသွေး	။	၅,၃၁၅
၅။	ဝါး	လုံးရေ (ထောင်ပေါင်း)	၁,၉၆၇,၁၇၂
၆။	ကြိမ်	။	၅၆၄,၂၂၂
၇။	ရှားစေး	ပိဿာ(ထောင်ပေါင်း)	၂,၆၀၃
၈။	သစ်ခေါက်	။	၁၉,၅၈၂
၉။	လျှော်	။	၇၂၂
၁၀။	ကရမက်	။	၂၈၁
၁၁။	အင်တွဲ–ပွဲလျက်	။	၅,၆၁၀
၁၂။	သနပ်ခါး	။	၃,၉၆၅
၁၃။	ထင်း ရှူးဆီ	။	၆၆၇.၂
၁၄။	ဓနိ၊ သက်ကယ်	ပျစ် (ထောင်ပေါင်း)	၁,၆၂၆,၀၃၀
၁၅။	လင်းနို့ချေး	ပိဿာ(ထောင်ပေါင်း)	၂,၈၈၉
၁၆။	သစ်ခွ	ပင်ရေ(ထောင်ပေါင်း)	၆၃၄

သစ်ထုတ်လုပ်ခွင့်စနစ်များ အဆင့်ဆင့်ပြောင်းလဲဖြစ်ပေါ်ခြင်း

၆၄၂။ ၁၉၆၄ ခုနှစ်မှစ၍ မြန်မာ့သစ်တောများတွင် ကျွန်း–သစ်မာထုတ်လုပ်သည့် ပုဂ္ဂလိကများကို ဖယ်ရှားတားမြစ်ပြီး မြန်မာ့သစ်လုပ်ငန်းတစ်ဦးတည်းကိုသာ သစ်ထုတ်ခွင့်ပြုထားရာမှ ဈေးကွက်စီးပွားရေး


[၁၆၀] သစ်တောဦးစီးဌာနဆိုင်ရာအချက်အလက်များ ၊ သဘာဝတောနှင့် စိုက်ခင်းဌာန၊ သစ်တောဦးစီးဌာန

ကို အကြောင်းပြု၍ ပုဂ္ဂလိကသစ်ကုန်သည် သစ်ထုတ်သူများ ၁၉၈၉ ခုနှစ်မှစ၍ မြန်မာ့သစ်တောထဲသို့ ပြန်လည် ရောက်ရှိ လာသည်။ မြန်မာ့သစ်လုပ်ငန်းအပိုင်းတွင် မိမိတို့လုပ်နေကြလုပ်ငန်းကို ဆက်လက် လုပ်ကိုင်မြဲအတိုင်း ရှိသော်လည်း ပုဂ္ဂလိကသစ်လုပ်ငန်းအပိုင်း ပြန်လည်ပေါ်ပေါက်လာသဖြင့် သစ်ထုတ် ရေးကဏ္ဍတွင် ဂယက်ရိုက်မှုများ ရှိလာသည်။

၆၄၃။ ပုဂ္ဂလိကသစ်ထုတ် ကုန်သည်တိုင်းတွင် ကိုယ်ပိုင်သစ်ထုတ်အင်အားများမရှိကြပါ။ သစ်ထုတ် အင်အားမှန်သမျှသည် မြန်မာ့သစ်လုပ်ငန်း၏ ကိုယ်ပိုင်အင်အားသော်လည်းကောင်း၊ မြန်မာ့သစ်လုပ်ငန်းတွင် ဝင်ရောက်၍ စာချုပ်လုပ်ကိုင်နေသော အဋ္ဌားပုဂ္ဂလိကအင်အားများသော်လည်းကောင်းဖြစ်သည်။ နယ်များရှိ သစ်ထုတ်အင်အားမှန်သမျှသည် မြန်မာ့သစ်လုပ်ငန်း၏ အင်အားများသာဖြစ်သည်။ ပုဂ္ဂလိကသစ်ထုတ် ကုန်သည်များအနေဖြင့် သစ်လုပ်ငန်းတွင်လုပ်ကိုင်နေကြသော အဋ္ဌားသစ်ထုတ်အင်အား ဆင်၊ ကျွဲ သစ်တိုက်ကားတို့ကို ငှားရမ်းခစျေးနှုန်းများ မတန်တဆပေးခြင်းဖြင့် သွေးဆောင်ခဲ့ရာ သစ်လုပ်ငန်းမှ အင်အား များလျော့နည်းသွားရသည်။ သစ်လုပ်ငန်းတွင် ကျန်ရှိနေသောအင်အားများကိုလည်း ဆက်လက်လုပ်ကိုင် နိုင်စေရန်အတွက် သစ်ထုတ်ခနှုန်းထားများကို တိုးမြှင့်ပေး၍ ထိန်းသိမ်းထားရသည်။ သစ်ထုတ်ရေး ဌာနသည် အစိုးရဘတ်ဂျက်ဖြင့် လုပ်ကိုင်ရသောဌာနဖြစ်ရာ တဘက်မှစျေးနှုန်းတိုးမြှင့်ခြင်းကြောင့် ကုန်ကျစရိတ် တက်လာသဖြင့် ထုတ်လုပ်သည့်သစ်တန်ချိန်ကျဆင်းလာသည်။ နိုင်ငံခြားသို့သစ်တင်ပို့ ရောင်းချရာ တွင်လည်း အပြိုင်အဆိုင်သဖွယ်ဖြစ်လာသည်။ မြန်မာ့သစ်လုပ်ငန်းအနေဖြင့် ရသမျှဝင်ငွေကို အစိုးရ ဘဏ္ဍာရေးဝန်ကြီးဌာနသို့ပေးသွင်းရပြီး ဘဏ္ဍာရေးဌာနမှခွဲဝေပေးနိုင်သမျှသော ဘတ်ဂျက်ငွေဖြင့်သာ လုပ်ငန်းကို လည်ပတ်ရရာ၊ စျေးကွက်စီးပွားရေးစနစ်တွင် စီးပွားရေးအင်အားဖြင့် ပြိုင်ဆိုင်ရာ၌ တစ်ဘက်စောင်းနင်း မညီမမျှဖြစ်လာသည်။ မိမိကိုယ်ပိုင်အင်အားကိုအသုံးချ၍ ကျားကန်လုပ်ကိုင်ပေးခြင်းဖြင့် ရပ်တည်မှုကို ကြိုးစားပြုလုပ်သော်လည်း စျေးကွက်စီးပွားရေးတွင် လွတ်လပ်စွာပြိုင်ဆိုင်နေကြမှုကြောင့် အစိုးရဌာန များမှာ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ပြိုင်ဆိုင်ရန်ခက်ခဲခြင်းနှင့် ကုန်ပစ္စည်းစျေးနှုန်းများ မြင့်မားလာမှု ကြောင့် သစ်လုပ်ငန်းအနေဖြင့် ဗူးလေးရာဖရုံဆင့် ဖြစ်လာခဲ့သည်။ ပုဂ္ဂလိကသစ်ထုတ်သူများမှာ သစ်ထုတ်လုပ်ငန်းအတွေ့အကြုံရှိသူများမဟုတ်ဘဲ ခေတ်အခြေအနေအရ ပေါ်ပေါက်လာခဲ့သူများဖြစ်ရာ သစ်ထုတ်လုပ်ငန်းအား စည်းကမ်းတကျ ဆောင်ရွက်နိုင်မှုမရှိခြင်း၊ ထိန်းသိမ်းအုပ်ချုပ်ရန်လည်း ခက်ခဲသည့်အခြေအနေသို့ ဆိုက်ရောက်လာခဲ့ခြင်းအပြင် ၄င်းတို့ အကျိုးအမြတ် ရရှိရေးကိုသာ ဦးစားပေးဆောင်ရွက်လာခဲ့ခြင်းတို့ကြောင့် သစ်တောပြုစုထိန်းသိမ်းရေး ရှုထောင့်မှ ကြည့်လျှင် သစ်တောများ ရေရှည်တည်တံ့စေသော အုပ်ချုပ်လုပ်ကိုင်မှုအတွက် အားနည်းချက်များ ကြုံတွေ့ လာခဲ့သည်။ သို့ဖြစ်ရာ ၁၉၉၃ ခုနှစ် ကုန်ပိုင်းတွင် ပုဂ္ဂလိကသစ်ထုတ်လုပ်မှုကို နိုင်ငံတော်အစိုးရ အနေဖြင့် ရပ်ဆိုင်းလိုက်ရသည်။ ၁၉၉၆ ခုနှစ်တွင် မြန်မာ့သစ်လုပ်ငန်း၏ တောတွင်းသစ်ထုတ်ရေး လုပ်ငန်းများ ပြန်လည် တည်ငြိမ်လာခဲ့သည်။




ကျွန်းသစ်ပင်ထောင် မလွဲမှီ လွဲမည့်လားရာ လမ်းကြောင်း ရွေးချယ်နေပုံ



ကျွန်းသစ်ပင်ထောင် လွဲချမည့် လားရာအား ညွှန်ပြနေပုံ

သစ်နှုတ်ကိရိယာများ

ကျွန်းသစ်နှုတ်လှဲနေပုံ



ခွတ်လှဲပြီး ကျွန်းပင်အားဖြတ်ပိုင်းပေးနေပုံ



တောတွင်းသစ်မာဒုတ်ထုတ်လုပ်ငန်းဆောင်ရွက်နေပုံ

တိုင်းဆိပ်အရောက်ဒုတ်ထုတ်လုပ်ငန်း ဆောင်ရွက်နေပုံ


တိုင်းဆိပ်တွင် ဒုတ်ထုတ်ပြီး သစ်လုံးအား လွှန်တုံးပေါ် အရောက်တင်နေပုံ



ကျွန်းသစ်တင် လှုပ်ငန်းဆောင်ရွက်နေပုံ



ကျွန်းကားတို့က် လှုပ်ငန်းဆောင်ရွက်နေပုံ



သစ်တင်ရေယာဉ်ပေါ်သို့ သစ်တင်လုပ်ငန်း ဆောင်ရွက်နေပုံ



သစ်တင်ရေယာဉ်ပေါ် ကရိန်းဖြင့် သစ်တင်လုပ်ငန်း ဆောင်ရွက်နေပုံ

၆၄၄။ **သစ်တောထွက်ပစ္စည်း ဖက်စပ်ကော်ပိုရေးရှင်းလီမိတက် ပေါ်ပေါက်လာခြင်း**။ ပုဂ္ဂလိက သစ်ထုတ် ကုန်သည်များသည် သစ်ထုတ်လုပ်ငန်းများ၌ အပြိုင်အဆိုင် ဆောင်ရွက်နေသော ကာလများ တွင် နိုင်ငံတော်အစိုးရ၏ ပေါ်လစီအရ သစ်တောဦးစီးဌာနနှင့် မြန်မာ့သစ်လုပ်ငန်း တို့ပိုင် အစိုးရချေးငွေ ရင်းနှီးမြှုပ်နှံမှု ၅၅ ရာခိုင်နှုန်းနှင့် တိုင်းရင်းသား ပုဂ္ဂလိကပိုင် ရင်းနှီးမြှုပ်နှံမှု ၄၅ ရာခိုင်နှုန်းတို့ ပူးပေါင်းလျက် သစ်တောထွက်ပစ္စည်း ဖက်စပ်ကော်ပိုရေးရှင်းလီမိတက် (Forest Products Joint Venture Corporation Ltd.) ကို ၁၉၉၃ ခုနှစ်တွင်တည်ထောင်၍ အစိုးရနှင့်ပြည်သူ ဖက်စပ်သစ် လုပ်ငန်းကို လုပ်ကိုင်သည်။ မြန်မာ့ သစ်လုပ်ငန်းအတွက် အားကိုးနိုင်သော အင်အားစု တစ်ခု ဖြစ်လာသည်။

၆၄၅။ **သစ်ထုတ်လုပ်ငန်းအဆင့်ဆင့်ပြောင်းလဲဖြစ်ပေါ်ခြင်း**။ ၁၉၉၄–၉၅ ခုနှစ်အစတွင် ပုဂ္ဂလိကနှင့် သမဝါယမအသင်းများကို သစ်မာထုတ်လုပ်ခွင့်နှင့် ပြည်ပတင်ပို့ ရောင်းချခွင့်မပြုတော့ဘဲ သစ်အချောထည် ထုတ်လုပ်ခြင်းလုပ်ငန်းကိုသာ ဆောင်ရွက်ခွင့် ပြုခဲ့သည်။ ယင်းအချိန်မှစ၍ ယနေ့အထိ ကျွန်းနှင့်သစ်မာ ထုတ်လုပ်ခြင်းကို မြန်မာ့သစ်လုပ်ငန်း ကသာ ဆောင်ရွက်လျက်ရှိသည်။ ယာဉ်၊ ယန္တရားနှင့် သစ်ထုတ်အင်အားရှိသည့် ကုမ္ပဏီများသည် သစ်လုပ်ငန်း၏ သစ်ထုတ်ကိုယ်စားလှယ်များအဖြစ် ထုတ်လုပ်ထားသည့် သစ်မာသစ်လုံးများကို ရာခိုင်နှုန်း သတ်မှတ်၍ ရယူသည့်စနစ်ဖြင့် လုပ်ကိုင်ခဲ့ ကြသည်။ မြန်မာ့သစ်လုပ်ငန်းသည် သစ်မာများကို နှစ်စဉ်တိုး၍ထုတ်လုပ်လာရာ ဖျက်သိမ်းခံရသော ပုဂ္ဂလိကသစ်ထုတ်ရေးမှ အင်အားရှိသူများသည် မြန်မာ့သစ်လုပ်ငန်း၏ သစ်ထုတ်ကန်ထရိုက်တာများ အဖြစ် ပါဝင်လုပ်ကိုင်လာကြ သည်။ မြန်မာ့သစ်လုပ်ငန်းသည် အငှားသစ်ထုတ်အင်အားများကိုစုစည်း၍ သစ်ထုတ်ကန်ထရိုက်တာများ အဖြစ်အသုံးပြုခြင်း ရှေးကပင်ရှိရာ အသစ်ဝင်ရောက်လာသူများအား သစ်ထုတ်လုပ်ရေးလုပ်ငန်းတွင် နေရာချထားပေးခြင်း ပြုနိုင်သည်။

၆၄၆။ သစ်ထုတ်လုပ်ငန်းကို အငှားအင်အားဖြင့် စာချုပ်၍ထုတ်လုပ်သောအခါ[၁၆၁] –

(က) သစ်ခုတ်လှဲပိုင်းဖြတ်ခြင်းကို AN Contract (ကပ) စာချုပ်ပုံစံဖြင့် သစ်ခုတ်ခေါင်းနှင့် ချုပ်ဆို လုပ်ကိုင်သည်။

(ခ) ငုတ်ထုတ်စာချုပ် (ဆင်/ကွဲလုပ်ငန်း) ကို ဆင်ပိုင်/ကွဲပိုင်နှင့် အေဒီစာချုပ် AD Contract (ကဃ ပုံစံ) ချုပ်ဆိုလုပ်ကိုင်သည်။

(ဂ) ထွက်သစ်ကားတိုက်/လှည်းတိုက်လုပ်ငန်းအတွက် ကားပိုင်–သစ်ခေါင်းတို့နှင့် အေအီး စာချုပ် AE Contract (ကင ပုံစံ) ချုပ်ဆိုလုပ်ကိုင်သည်။ လုပ်ငန်းအမျိုးအစား ၃ မျိုး ကွဲပြားသဖြင့် လုပ်ငန်း တစ်မျိုးကို စာချုပ်တစ်မျိုး ချုပ်ရသည်။

---

[၁၆၁] မြန်မာ့သစ်လုပ်ငန်း၊ သစ်ထုတ်ရေးဌာန

၆၄၇။ လုပ်ငန်းအတွေ့အကြုံများလာ၍ ငွေကြေးလည်းတတ်နိုင် စည်းရုံးရေးလည်းကောင်းမွန်သော ဆင်ပိုင် ကျွဲပိုင်တို့အား သစ်ခုတ်လုပ်ငန်းနှင့် ငုတ်ထုတ်လုပ်ငန်း ပူးတွဲလျက်စာချုပ်လုပ်ကိုင်စေသည်။ နောက်ပိုင်းတွင် အင်အားကောင်းသော သစ်ခုတ်ကန်ထရိုက်တာများ ပေါ်ပေါက်လာ၍ သစ်ထုတ်၊ ငုတ်ထုတ်၊ ကားတိုက်လုပ်ငန်း ၃ မျိုးလုံးကို ကန်ထရိုက်တာတစ်ဦးတည်းက တာဝန်ယူလုပ်ကိုင်စေသည်။ ၄င်းကို အေဒီ၊ အေအီးစာချုပ်ရှင်များဟုခေါ်သည်။

၆၄၈။ ၄င်းထက်ပို၍ အင်အားရှိစွမ်းဆောင်နိုင်သော ကန်ထရိုက်တာကို တန်စားစနစ်ဖြင့် သစ်ခုတ်၊ ငုတ်ထုတ်၊ ကားတိုက် ရန်ကုန်ရောက်အထိ သစ်ပို့ဆောင်ခြင်းကိုပါ လုပ်ကိုင်စေသည်။ ၄င်းအဆင့် ကန်ထရိုက်တာသည် သစ်လုံးများရန်ကုန်ရောက်သည်အထိ ၄င်း၏ရင်းနှီးမြှုပ်နှံမှုဖြင့် သစ်ထုတ်ခ စရိတ်ကို ကျခံသည်။ ၄င်း၏ရင်းနှီးမြှုပ်နှံမှုကျခံခြင်းအတွက် မြန်မာ့သစ်လုပ်ငန်းမှ ၄င်းအား သစ်မာ သစ်လုံးများကို အချိုးအစားတစ်ခုဖြင့်ပြန်ပေးသည်။ ၄င်းရရှိသောသစ်များကို မြန်မာ့သစ်လုပ်ငန်းမှတဆင့် နိုင်ငံခြားသို့ တင်ပို့ရောင်းခွင့် ပြုသည်။ သစ်ထုတ်ခများကို အဆင့်လိုက်ပေးချေနေရခြင်း၊ မရှိသဖြင့်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှုကို သစ်လုပ်ငန်းမှ လုပ်ရန်မလိုတော့သဖြင့်လည်းကောင်း၊ ဤစနစ်သည် သစ်လုပ်ငန်းအားများစွာအထောက်အကူ ဖြစ်စေသည်။ ဤအဆင့်သစ်ထုတ်လုပ်သူများအားလုံးကို သစ်တောရေးရာဝန်ကြီးမှ စိစစ်ပြီး လုပ်ကိုင်ခွင့်ပြုသည်။

၆၄၉။ သစ်ထုတ်ရေးဌာနအနေဖြင့် ဘဏ္ဍာငွေခွဲဝေရရှိမှု လုံလောက်ခြင်းမရှိသော်လည်း သစ်တန်ချိန်ပိုမိုထုတ်လုပ်ရန်လိုအပ်သဖြင့်လည်းကောင်း၊ စွမ်းအင်ဝန်ကြီးဌာနမှ လောင်စာဆီခွဲတမ်းရရှိမှုနည်းပါး၍လည်းကောင်း၊ လိုအပ်သောသစ်ထုတ်ခငွေကြေးနှင့်လောင်စာဆီလိုအပ်ချက်တို့ကို သစ်တောဖက်စပ်နှင့် တန်စားကန်ထရိုက်တာများက ချေးငှားထောက်ပံ့ခြင်း၊ သစ်ထုတ်ခကြိုတင်ထုတ်ပေးခြင်းတို့ဖြင့် အကူအညီပေးကြသည်။ စက်ယန္တရားအရန်ပစ္စည်းနှင့် လောင်စာဆီများကို သစ်တောဖက်စပ်အနေဖြင့် နိုင်ငံခြားမှဝယ်ယူ၍ သစ်လုပ်ငန်းသို့ပံ့ပိုးသည်။ သစ်လုပ်ငန်းအနေဖြင့် ၄င်းကြိုတင်ငွေများအတွက် ငွေသားဖြင့်ပြန်ပေးဆပ်သကဲ့သို့ သစ်လုံးဖြင့်လည်း ပြန်လည်ပေးဆပ်ရသည်။

၆၅၀။ သစ်လုပ်ငန်းအနေဖြင့် လုပ်ငန်းများဆောင်ရွက်ရန်အတွက် ယူရသောကြိုတင်ငွေနှင့် အကြွေးတို့သည် ကျပ်သိန်းပေါင်းရာထောင်အထိ ရှိတတ်သည်။ ၄င်းပံ့ပိုးမှုများမရပါက သစ်လုပ်ငန်းအနေဖြင့် နှစ်အလိုက် စီမံကိန်းရည်မှန်းချက်များကို ပြည့်မီစွာလုပ်ကိုင်နိုင်မည်မဟုတ်ပေ။ ရှေးအခါကဆိုလျှင် သစ်လုပ်ငန်းမှ သစ်ထုတ်ခကြိုတင်ပေးငွေများ၊ ကန်ထရိုက်တာထံတွင် အကြွေးတင်ခြင်းရှိသော်လည်း ယခုအခါတွင် ကန်ထရိုက်တာများနှင့် သစ်တောဖက်စပ်တို့၏အကြွေးများ သစ်လုပ်ငန်းအပေါ်တွင် တင်နေရာ သစ်လုပ်ငန်းကြီးသည် မြီရှင်နေရာမှမြီစားနေရာသို့ ရောက်နေသည်။ ဤသို့ဖြင့် မြန်မာ့သစ်လုပ်ငန်းသည် မိမိ၏မပြည့်စုံသော ငွေကြေးလိုအပ်ချက်ကိုနည်းလမ်းရှာ၍ ဖြေရှင်းဆောင်ရွက်လျက်ရှိသည်။

၆၅၁။ မြေရှင်ဖြစ်နေကြသော သစ်ထုတ်ကန်ထရိုက်တာများနှင့် သစ်တောဖက်စပ်အနေဖြင့်လည်း မြန်မာ့သစ်လုပ်ငန်းမှ ရရန်ရှိသောသစ်များ/ငွေများကို အချိန်မီပြန်လည်ရရှိရေး လုံးပမ်းနေရသည်။ သစ်လုပ်ငန်းမှ ကျွန်းပယ်သစ်၊ ကျွန်းကိုင်းဖျားကိုင်းနှာနှင့် သစ်မာသစ်လုံးများ မှန်မှန်ရရှိပါမှလည်း ၄င်းလုပ်ငန်း ရှင်သန်ရပ်တည်နိုင်မည်ဖြစ်သည်။ သစ်တောဖက်စပ်သည် အစိုးရတစ်ပိုင်းဖြစ်သည်မှန်သော်လည်း ကိုယ်ပိုင်သစ်ထုတ်ခွင့်ရသည့် သစ်ကွက်များချထားပေးခံရခြင်းမရှိပါ။ မြန်မာ့သစ်လုပ်ငန်း၏ တရားဝင်သစ်ထုတ်ကိုယ်စားလှယ်အဖြစ်သာ သစ်ကွက်များတွင် သစ်ထုတ်ခြင်းအလုပ်ကိုလုပ်နိုင်သည်။

မျက်မှောက်ခေတ်ကာလတွင်သစ်ထုတ်လုပ်မှုအခြေအနေ

၆၅၂။ မြန်မာ့သစ်လုပ်ငန်းအမည်ဖြင့် စတင်လုပ်ကိုင်သော ၁၉၈၈–၈၉ ခုနှစ်တွင် ကျွန်းသစ်တန် ၃၅၇,၀၇၆ နှင့် သစ်မာတန် ၄၀၆,၃၆၂ဖြစ်ရာ နှစ်ရပ်ပေါင်းသစ်တန် ၇၆၃,၄၃၈ ထုတ်လုပ်သည်။ ၂၀၀၂–၀၃ ခုနှစ်သစ်ထုတ်နိုင်မှုအခြေအနေမှာ ကျွန်းသစ်တန် ၃၄၈,၁၁၃ နှင့် သစ်မာတန် ၁,၀၃၆,၉၈၆ ဖြစ်ရာ နှစ်ရပ်ပေါင်းသစ်တန် ၁,၃၈၅,၀၉၉ ဖြစ်သည်။ ထုတ်လုပ်မှုစွမ်းအား ၈၁.၄၃ ရာခိုင်နှုန်း တိုးတက်လာသည်။ ကျွန်းသစ်တန်ထုတ်လုပ်မှု ကျဆင်း သွားရခြင်းမှာ ကျွန်းသစ်တောထွက်အင်အား ဆုတ်ယုတ်ကျဆင်း သွားခြင်းကြောင့်ဖြစ်သည်။



တောင်ဇာမရီကြိုးဝိုင်းအတွင်း သစ်ထုတ်လုပ်မှုအခြေအနေအား ဝန်ကြီးဗိုလ်မှူးချုပ်သိန်းစိန်ဆေးနေပုံ



တောင်ဇမဒီကြိုးဝိုင်းအတွင်း သစ်ထုတ်လုပ်မှုအခြေအနေအား ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင်စစ်ဆေးနေပုံ


၁၉၈၈–၈၉ ခုနှစ်မှ ၂၀၀၂–၀၃ ခုနှစ်အထိ နှစ်စဉ်သစ်ထုတ်မှုအခြေအနေ

စဉ်	သစ်ထုတ်ကာလ	ကျွန်းသစ်တန်	သစ်မာတန်	စုစုပေါင်း
၁။	၁၉၈၈–၈၉	၃၅၇,၀၇၆	၄၀၆,၃၆၂	၇၆၃,၄၃၈
၂။	၁၉၈၉–၉၀	၃၂၃,၀၃၅	၃၉၅,၆၈၈	၇၁၈,၇၂၃
၃။	၁၉၉၀–၉၁	၂၉၃,၅၇၇	၂၈၃,၅၂၃	၅၇၇,၁၀၀
၄။	၁၉၉၁–၉၂	၂၈၆,၉၄၅	၄၂၄,၀၄၇	၇၁၀,၉၉၂
၅။	၁၉၉၂–၉၃	၂၈၃,၃၆၁	၄၁၇,၅၀၈	၇၀၀,၈၆၉
၆။	၁၉၉၃–၉၄	၂၅၃,၈၆၅	၄၄၄,၅၀၈	၆၉၈,၃၇၃
၇။	၁၉၉၄–၉၅	၂၂၆,၄၅၃	၅၁၇,၅၁၉	၇၄၃,၉၇၂
၈။	၁၉၉၅–၉၆	၂၀၉,၆၃၇	၅၈၇,၇၈၅	၇၉၇,၄၂၂
၉။	၁၉၉၆–၉၇	၂၂၃,၃၂၁	၇၈၄,၄၀၅	၁,၀၀၇,၇၂၆
၁၀။	၁၉၉၇–၉၈	၂၂၃,၅၉၅	၈၂၉,၄၇၆	၁,၀၅၃,၀၇၁
၁၁။	၁၉၉၈–၉၉	၂၇၀,၈၁၉	၈၄၃,၀၄၀	၁,၁၁၃,၈၅၉
၁၂။	၁၉၉၉–၀၀	၂၉၀,၂၃၁	၉၀၀,၅၃၅	၁,၁၉၀,၇၆၆
၁၃။	၂၀၀၀–၀၁	၂၈၄,၈၅၆	၁,၀၈၀,၉၆၈	၁,၃၆၅,၈၂၄
၁၄။	၂၀၀၁–၀၂	၃၀၆,၃၀၂	၉၈၇,၉၉၆	၁,၂၉၄,၂၉၈
၁၅။	၂၀၀၂–၀၃	၃၄၈,၁၁၃	၁,၀၃၆,၉၈၆	၁,၃၈၅,၀၉၉
(၁၅)နှစ်စုစုပေါင်းထုတ်လုပ်မှု		၄,၁၈၁,၁၈၆	၉,၉၄၀,၃၄၆	၁၄,၁၂၁,၅၃၂
နှစ်စဉ်ပျမ်းမျှထုတ်လုပ်မှု		၂၇၈,၇၄၅	၆၆၂,၆၈၈	၉၄၁,၄၃၃


၆၅၃။ အထက်ပါဇယားမှ ကိန်းဂဏန်းများအရ ၁၉၉၀ - ၉၁ ခုနှစ်မှစ၍ ကျွန်းသစ်ထုတ်လုပ်မှုတန်ချိန် ၃ သိန်းအောက်သို့ ကျဆင်းလာကြောင်း တွေ့ရှိရပါသည်။ ၂၀၀၁–၀၂ ခုနှစ်နှင့် ၂၀၀၂–၀၃ ခုနှစ်တွင် ကျွန်းသစ်တန် ၃ သိန်း ကျော်ရခြင်းသည် ဆည်ရေဝပ်ဧရိယာများရှိ ကျွန်းပင်များကို အပြောင်ရှင်းခြင်းမှ ထုတ်လုပ် ရရှိခြင်းဖြစ်သည်။ ၁၉၉၆–၉၇ ခုနှစ်မှစ၍ သစ်မာတန် ၁၀ သိန်းခန့်တိုးမြှင့် ထုတ်လုပ်လာသည့်အပြင် နှစ်စဉ်တန်ချိန် ၁ သိန်းခန့် ထပ်မံတိုးမြှင့်ထုတ်လုပ်လာခဲ့ရာ ၂၀၀၂–၀၃ ခုနှစ်တွင် ကျွန်းနှင့်သစ်မာတန်ချိန် ၁၃ သိန်း ကျော်လာခဲ့သည်။

၆၅၄။ ၁၉၈၈ ခုနှစ်မှ ၂၀၀၂–၀၃ ခုနှစ်အထိ ၁၅ နှစ်ကာလအတွက် ခြို့ချိကြည့်မည်ဆိုပါက ကျွန်းနှင့် သစ်မာထုတ်လုပ်ခြင်းတန်ချိန်သည် တစ်နှစ်လျှင်ကျွန်းသစ်တန် ၂.၈ သိန်းနှင့် သစ်မာတန် ၆.၆ သိန်း ထုတ်လုပ်ခဲ့ကြောင်းတွေ့ရသည်။ ကျွန်းသစ်ထုတ်လုပ်မှုအနေဖြင့် နှစ်စဉ်ထုတ်လုပ်ခွင့်ပြုနိုင်သော တောထွက် သို့ရောက်ရှိနေပြီဖြစ်ရာ သစ်တောများ၏ တိုးပွားနိုင်မှုစွမ်းအားကို မထိမခိုက်စေဘဲ ၄င်းထက် တိုးမြှင့်ထုတ်လုပ်ရန် မသင့်တော့သည့်အခြေအနေတွင်ရှိသည်။ သစ်မာ အနေဖြင့်မူ စျေးကွက် အခြေအနေနှင့် သစ်ထုတ်အင်အားရှိလျှင် နောက်ထပ် တိုးမြှင့်ထုတ်လုပ်နိုင်သည်။


၆၅၅။ **သစ်ထုတ်ရေးဌာန၏ သစ်ထုတ်အင်အားအခြေအနေ**။ ၂၀၀၂–၀၃ ခုနှစ်စာရင်းအရ မြန်မာ့ သစ်လုပ်ငန်းပိုင် သစ်ထုတ်နိုင်သည့်ဆင်ကြီး ၁,၇၂၂ စီးနှင့် သစ်လုပ်ငန်းတွင် ဝင်ရောက် လုပ်ကိုင်နေကြသော ပုဂ္ဂလိကပိုင် အင်္ဂါးဆင်ကြီး ၁,၃၂၈ စီး၊ နှစ်ရပ်ပေါင်း ဆင်ကြီး ၃,၀၅၀ စီးရှိသည်။ အလုပ်မလုပ်နိုင်သေးသောအရံအင်အားဖြစ်သည့် သစ်လုပ်ငန်းပိုင် ဝန်တင် ဆင် ၈၀၇ စီးနှင့် အမိနောက်လိုက် ဆင်ငယ်ကလေး ၁၉၆ စီး နှစ်ရပ်ပေါင်း ၁,၀၀၃ စီးရှိသည်။ ထိုနှစ်က ဆင်သေဆုံးမှု ၆၅ စီး၊ ၂.၄ ရာခိုင်နှုန်းနှင့် ဆင်မွေးဖွားခြင်း ၅၂ စီး၊ ၁.၉ ရာခိုင်နှုန်းရှိရာ သေနှုန်းက မွေးနှုန်းထက် အနည်းငယ် များနေသည်။ မြန်မာ့သစ်လုပ်ငန်းတွင် ကိုယ်ပိုင်ကျွဲမရှိသော်လည်း ပုဂ္ဂလိကပိုင် အင်္ဂါးကျွဲရှဉ်းများကို လိုအပ်သလို ငှားရမ်းသုံးစွဲသည်။ ၂၀၀၂–၀၃ ခုနှစ်တွင် သစ်ထုတ်ရေး ယာဉ်/ ယန္တရားများအနေဖြင့် အသုံးပြုနိုင်သည့် အခြေအနေတွင်ရှိသည့် သစ်တိုက်ယာဉ်ကြီး ၃၅၈ စီး၊ ယာဉ်လတ် ၅၃၈ စီး၊ ဒိဇာ ၂၁၂ စီး၊ စကစ်ဒါ ၄၇ စီး၊ လိုဒါ ၂၇၀ စီးနှင့် ဂရေဒါ ၃၇ စီးတို့ဖြစ်သည်။




ဌာနဆင်ဝိုင်းရှိ ဆင်များ အစစ်ဆေးခံရန် အသင့်ဖြစ်နေပုံ



သစ်ဆွဲမည့်ဆင်တွင် ကိရိယာများတပ်ဆင်ပေးနေပုံ



သစ်ဆွဲကိရိယာမျှားတပ်ဆင်ပြီး သစ်ဆွဲရန် အသင့်ဖြစ်နေပုံ



ဆင်ဖြင့်သစ်ဆွဲခြင်းလုပ်ငန်း ဆောင်ရွက်နေပုံ

မြန်မာ့သစ်လုပ်ငန်းဆင်များဖြင့် သစ်ထုတ်လုပ်ငန်းဆောင်ရွက်နေပုံ

ရေမျှောစနစ်ဖြင့်ထုတ်လုပ်ထားသည့် သစ်များကိုမြန်မာ့သစ်လုပ်ငန်းဆင်များဖြင့်
ကမ်းပေါ်သို့ဆွဲတင်နေပုံ



ဝန်တင်ဆင်ဖြင့် ရိက္ခာပစ္စည်းများသယ်ပို့လုပ်ငန်း ဆောင်ရွက်နေပုံ



ကြီးမားသော သစ်လုံးအား ဆင်နှစ်ကောင်ဖြင့် ဇက်ခတ်ဆွဲနေပုံ

မြန်မာ–ထိုင်းနယ်စပ်မှ ကျွန်းနှင့်သစ်မာများထုတ်လုပ်ရောင်းချခြင်း

၆၅၆။ မြန်မာ–ထိုင်းနယ်စပ်ဒေသ ကျွန်းသစ်ထုတ်လုပ်ရောင်းချခြင်းသမိုင်းသည် ဒုတိယကမ္ဘာစစ်မဖြစ်မီ ၁၉၄၀ ခုနှစ်ကာလ အထိရှိခဲ့သည်။ မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံသည် အနောက်မြောက်ဘက်ရှိ ဧင်းမယ်/ရဟိုင်းမြို့များ၏ အနောက်ဘက်ရှိ ရေဝေကုန်းတန်းသည် ရှမ်းပြည်နယ်အတွင်း ဖြတ်သန်းစီးဆင်းသည့်သံလွင်မြစ်၏ ရေသောက်ဧရိယာတွင် ပထဝီအနေအထားအရပါရှိသည်။ ၄င်းရေဝေစီးလဲမှ ထိုင်းနိုင်ငံပိုင် ကျွန်းသစ်များ သံလွင်မြစ်တလျှောက်မျှောချ၍ မော်လမြိုင်တွင်ဆယ်ယူပြီး မြန်မာနိုင်ငံ၌ပင် နိုင်ငံခြား သစ်ကုမ္ပဏီများသို့ ရောင်းချခဲ့သည်။ ထိုစဉ်က မြန်မာနိုင်ငံ ကယားပြည်နယ် (ထိုစဉ်က ကရင်နီပြည်နယ်) မှသစ်များ ကိုလည်း သံလွင်မြစ်ကြောင်းမှ မော်လမြိုင်သို့မျှောချ၍ နိုင်ငံခြားသို့ တင်ပို့ရောင်းချခြင်းပြုသည်။ အင်္ဂလိပ်ခေတ် သစ်တောမှတ်တမ်းများအရ ၁၉၄၀ ခုနှစ်အထိ ထိုင်းနိုင်ငံမှ ကျွန်းသစ်များနှစ်စဉ် သစ်တန်ချိန် ၃၀,၀၀၀ ခန့်အထိ သံလွင်မြစ်မှမျှောချ၍ မော်လမြိုင်တွင် ရောင်းခဲ့သည်။

၆၅၇။ အလားတူစွာ မြန်မာနိုင်ငံအနေဖြင့်လည်း ရှမ်းပြည်နယ် သံလွင်သစ်တော၊ တောင်ကြီးနှင့် လွိုင်ကော်သစ်တော၊ သောင်ရင်းမြစ်စီးလဲမှ သစ်တောတို့တွင် ကျွန်းသစ်ထုတ်လုပ်၍ သံလွင်မြစ်အတိုင်း မျှောချပို့ဆောင်သည်။ ကရင်ပြည်နယ် ကမာမောင်းကျေးရွာ အထက်ပိုင်းတွင် သစ်ဆယ်ဆိပ်ဖွင့်ပြီး ထိုင်းနိုင်ငံကျွန်းသစ်နှင့် မြန်မာနိုင်ငံကျွန်းသစ်တို့ကိုခွဲခြား၍ မော်လမြိုင်ကတိုးသစ်ဆိပ်သို့ ဖောင်ဖွဲ့စုန်မျှောကာ မော်လမြိုင်ရှိသစ်စက်များတွင်ခွဲစိတ်ခြင်း၊ နိုင်ငံခြားသို့တင်ပို့ခြင်းကိုလုပ်ခဲ့သည်။ မော်လမြိုင် တွင် ထိုင်းနိုင်ငံမှ သစ်တောအရာရှိရုံးဖွင့်လှစ်၍ သစ်တောအရာရှိတစ်ဦးနေထိုင်ပြီး ၄င်းတို့၏သစ်များကို အုပ်ချုပ်ဆောင်ရွက်သည်။

၆၅၈။ မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးခေတ်တွင် သံလွင်သစ်မျှောလုပ်ငန်းအနေဖြင့် သစ်ပျောက်ဆုံးမှု ၄၀ ရာခိုင်နှုန်းခန့် ရှိနေ၍ ၁၉၇၀–၇၁ ခုနှစ်မှစ၍ သံလွင်မြစ်သစ်မျှောခြင်းကို ရပ်ဆိုင်းခဲ့သည်။ ထိုင်းနိုင်ငံသစ်တောများအနေဖြင့်လည်း သံလွင်စီးလဲမှသစ်များကုန်ခမ်းသွားပြီးဖြစ်၍ စစ်ပြီးခေတ်တွင် သစ်မျှောပို့ဆောင်ခြင်း မရှိတော့ပါ။

၆၅၉။ ထိုင်းနိုင်ငံနှင့် နယ်နိမိတ်ဆက်စပ်နေသည့် နယ်စပ်ဒေသတစ်လျှောက်တွင် ၁၉၇၀ ခုနှစ်နောက်ပိုင်း၌ သစ်လုပ်ငန်းရှင်အချို့သည် သောင်းကျန်းသူအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ သစ်ခိုးမှုများပြားလာခဲ့သည်။ ၁၉၈၀ ပြည့်နှစ်နောက်ပိုင်း တပ်မတော်စစ်ကြောင်းများမှ နယ်စပ်ဒေသရှိ ရန်သူတပ်စခန်းများကို သိမ်းပိုက်မိရာတွင် စခန်းများအတွင်း ခိုးထုတ်ထားသည့်သစ်လုံး/ခွဲသားများနှင့် သစ်ခွဲစက်၊ အချောထည်စက်၊ အများအပြား သိမ်းဆည်းရမိခဲ့သည်။ ယင်းဒေသရှိ ကျွန်းနှင့်သစ်မာများကို ထုတ်လုပ် ၍ နိုင်ငံခြားဈေးကွက် တင်ပို့နိုင်သည့် ရန်ကုန်ဈေးကွက်သို့အရောက် သယ်ပို့ရန်လည်း စီးပွားရေးတွက်ချေမကိုက်ပေ။ ၁၉၈၈ ခုနှစ်တွင် ထိုင်းအစိုးရသည် ထိုင်းနိုင်ငံအတွင်းရှိ သစ်ပင်များလုံးဝခုတ်လှဲခြင်း၊ ထုတ်လုပ်ခြင်းမပြုရန်၊ အမိန့်ဒီဂရီဖြင့်ပိတ်ပင်ခဲ့ပြီး မြန်မာနိုင်ငံနှင့် နယ်နိမိတ် ဆက်စပ်လျက် ရှိသော

နယ်စပ်တစ်လျှောက်မှ ကျွန်းနှင့်သစ်မာများကို ထိုင်းသစ်ကုမ္ပဏီများသို့ ထုတ်လုပ်ခွင့်ပြုရန် ကမ်းလှမ်းခဲ့သည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရကလည်း ပြည်တွင်းသင်္ဘောဆိပ်များမှ သစ်ဈေးကွက်သို့ သယ်ယူတင်ပို့ရောင်းချရန် စီးပွားရေးတွက်ချေမကိုက်သည်ကတစ်ကြောင်း၊ နယ်စပ်ဒေသတစ်လျှောက် တရားမဝင်သစ်ခိုးမှုများ လျော့နည်းသွားစေရန်ရည်ရွယ်၍တစ်ကြောင်း၊ မြန်မာ–ထိုင်း နယ်စပ်တွင် နှစ်ပေါင်း ၄၀ ခန့် သောင်းကျန်းသူများ ကြီးစိုးနေမှုချုပ်ငြိမ်းစေရန်တစ်ကြောင်း၊ ထိုင်း သစ်ကုမ္ပဏီ ၃၈ ခု အား ရှုံးပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နယ်စပ်ဒေသတစ်လျှောက်ရှိ သစ်တောများ၌ သစ်ထုတ်ကွက် ၄၈ ကွက်သတ်မှတ်ပြီး ထုတ်လုပ်ခွင့်ပြုခဲ့သည်။

၆၆၀။ နယ်စပ်သစ်ကွက်များမှ သစ်ထုတ်ခွင့်ကို တနင်္သာရီတိုင်း လုံးဖေါ်ကြီးမှသစ်ကွက်များ၊ ကရင်ပြည်နယ် ဒါးကွင်းမှသစ်ကွက်များတွင် ထိုင်းအစိုးရကထောက်ခံသည့် ထိုင်းသစ်ကုမ္ပဏီများအား တင်ဒါစနစ်ဖြင့် သစ်ကွက်လေလံဆွဲစေပြီး အောင်မြင်သူအားစာချုပ်ချုပ်ဆို၍ သစ်ထုတ်ခွင့်ပြုသည်။

၆၆၁။ ၄င်းနောက်လုပ်ငန်းတိုးချဲ့၍ ထိုင်း–မြန်မာနယ်စပ်တစ်လျှောက် (တနင်္သာရီမှရှုံးပြည်နယ်အထိ) သစ်ကွက်များတွင် ထိုင်းအစိုးရကထောက်ခံသည့် ထိုင်းသစ်ကုမ္ပဏီများကို နှစ်ဦးနှစ်ဖက်ညှိနှိုင်းသည့် ဈေးနှုန်း (Negotiated Price) ဖြင့်ခွင့်ပြုသည်။ စာချုပ်သက်တမ်းကို ၃ နှစ်မှ ၅ နှစ်အထိ သက်မှတ်လျက် သစ်ထုတ်ခွင့်ပြုသည်။ ၁၉၈၈–၈၉ ခုနှစ်မှ ၁၉၉၃–၉၄ ခုနှစ်အထိ ထိုင်း–မြန်မာနယ်စပ်တစ်လျှောက်ရှိ ရှုံးပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် မြန်မာ့သစ်လုပ်ငန်း ကိုယ်ပိုင်သစ်ထုတ်ခြင်းအနေဖြင့် ကျွန်း ၄၀၅,၈၅၆ တန်နှင့် သစ်မာ ၅၀၂,၈၆၆ တန်ကိုလုပ်ကိုင်ပြီး၊ သစ်များကို ထိုင်းကုမ္ပဏီများသို့ ရောင်းချပေးခဲ့သည်။ ၄င်းအပြင် ရှုံးပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် ထိုင်းနိုင်ငံမှ ကုမ္ပဏီပေါင်း ၁၈ ခု ဝင်ရောက်လုပ်ကိုင်ကြရာ ကျွန်း ၃၂၈,၇၄၀ တန်နှင့် သစ်မာ ၄၅၁,၅၉၉ တန်၊ စုစုပေါင်း ၇၈၀,၃၃၉ တန်ထုတ်လုပ်ခဲ့ပြီး အချို့ကုမ္ပဏီများအနေဖြင့် ပြည်နယ်/တိုင်း အတွင်း သစ်ကွက်တစ်ကွက်ထက်ပို၍ သစ်ထုတ်လုပ်ခွင့်ရရှိသည်။ အမေရိကန်ဒေါ်လာ ၁၉၁.၀၉၈ သန်း ခန့် သစ်ဖိုးရရှိခဲ့သည်။

၆၆၂။ ရှုံးပြည်နယ်မှထုတ်လုပ်သော ကျွန်းသစ်များကို ကျိုင်းတောင်း၊ ကျိုင်းခန်း၊ ပုံပါကျင်၊ မိုင်းဟံ၊ ဟိုထိုးတွင် စုပုံထားပြီး နှစ်စဉ်မီးတား၍ စောင့်ရှောက်ထားခဲ့သည်။ မြန်မာ–ထိုင်းနယ်စပ်ဒေသမှ သစ်ရောင်းချခြင်းကို ၁၉၈၈ ခုနှစ်တွင် စတင်သောအခါ အထက်ပါနေရာများတွင် လွန်ခဲ့သည့် နှစ် ၂၀ ခန့် က ထုတ်လုပ်စုပုံထားသော ကျွန်းသစ်လုံးများကို လေလံတင်၍ရောင်းချခဲ့သည်။ ထိုင်း–မြန်မာနယ်စပ်မှ ၅ နှစ်အတွင်း ထုတ်လုပ်သောကျွန်းသစ်တန်ပမာဏသည် မြန်မာတစ်နိုင်ငံလုံး တစ်နှစ်ထုတ်လုပ်သည့် ကျွန်းသစ်တန် ပမာဏနှင့်တူညီသည်။

၆၆၃။ အထက်ပါနယ်စပ်ဒေသမှ သစ်များရောင်းချရာတွင် မြန်မာ့သစ်လုပ်ငန်းမှ ထုတ်လုပ်သော သစ်များကို မြန်မာနိုင်ငံအတွင်း သစ်ဆိပ်တွင်တိုင်းတာပြီး လွှဲပြောင်း/လက်ခံစနစ်ဖြင့် ရောင်းချခြင်းနှင့်

သစ်ကွက်အတွင်း သတ်မှတ်ပင်ထောင်များကို ထိုင်းကုမ္ပဏီများက ၄င်းတို့၏သစ်ထုတ်အင်အားဖြင့် ထုတ်လုပ်သယ်ဆောင်၍ သတ်မှတ်ထားသည့် ထိုင်းမှနယ်ခြားစစ်ဆေးရေးစခန်းတွင် မြန်မာနိုင်ငံမှ အဖွဲ့က စစ်ဆေးတိုင်းတာမှတ်တမ်းပြုစုသည်။ မြန်မာသစ်တိုင်းအဖွဲ့ကို မြန်မာ့သစ်လုပ်ငန်း၊ သစ်တောဦးစီးဌာန၊ အကောက်ခွန်ဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနတို့မှ ဝန်ထမ်းတို့ဖြင့်ဖွဲ့စည်းသည်။

၆၆၄။ ယင်းသို့စည်းမျဉ်းစည်းကမ်းသတ်မှတ်၍ ထုတ်လုပ်ခွင့်ပြုထားသော်လည်း လုံခြုံရေးအရ ထိုင်းကုမ္ပဏီများ၏ သစ်ထုတ်ကွက်များကို ဝင်ရောက်စစ်ဆေးခြင်းမပြုနိုင်သည်ကို အခွင့်ကောင်းယူ၍ အချို့သစ်ကုမ္ပဏီများသည် ခွင့်ပြုထားသည့်ဧရိယာသစ်ကွက်ကိုကျော်၍ သစ်ခုတ်ခြင်း၊ တောတွင်း၌ တရားမဝင် သစ်ခွဲစက်များတည်ထောင်၍ခွဲစိတ်ခြင်းနှင့် အခြားစည်းကမ်းဖောက်ဖျက်မှုများ ရှိလာသဖြင့် သတိပေးမှု ဖမ်းဆီးအရေးယူမှုများပြုခဲ့ရသည်။

၆၆၅။ မိမိနိုင်ငံနယ်စပ်ဒေသ၏ နယ်မြေလုံခြုံရေးအခြေအနေအရ သစ်ထုတ်လုပ်မှု ကြီးကြပ်သည့်အဖွဲ့သည် သစ်ခုတ်လှဲထုတ်လုပ်နေသည့် နယ်စပ်ဒေသတွင် ကြီးကြပ်စစ်ဆေးပေးမှုမပြုနိုင်ဘဲ တစ်ဖက်နိုင်ငံ မြို့အနီးဝန်းကျင်ရှိ သစ်ဆိပ်များ၌သာ စစ်ဆေးပေးခဲ့ရသဖြင့် အပြည့်အဝ ထိန်းသိမ်းကြီးကြပ်ခြင်းမပြုနိုင်ခဲ့ပါ။ ထို့ပြင် တပ်မတော်သားများအပါအဝင် ဌာနဆိုင်ရာဝန်ထမ်းများလည်း သေကြေ၊ ဒဏ်ရာအနာတရဖြစ်မှုများရှိခဲ့သည်။ ရရှိသည့်သစ်တန်ဖိုးများမှာလည်း လက်ရှိကမ္ဘာ့စျေးကွက် ပေါက်စျေးအရ ရသင့်ရထိုက်သည့်တန်ဖိုးများမရရှိခဲ့ပေ။ယင်းသို့ နစ်နာဆုံးရှုံးမှုများကြောင့် နယ်စပ်ဒေသသစ်ထုတ်ခွင့်ကို ၁၉၉၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက် နေ့တွင် အပြီးရပ်စဲခဲ့သည်။

ကျွန်းနှင့်သစ်မာ ပြည်တွင်းဖြန့်ဖြူးမှုနှင့် ပြည်ပတင်ပို့မှု

၆၆၆။ မြန်မာ့သစ်လုပ်ငန်းသည် သစ်တောကဏ္ဍမှ နိုင်ငံခြားငွေတိုးတက်ရရှိရေးနှင့် ပြည်တွင်းသုံးစွဲမှုဖူလုံရေးတို့အတွက် ခေတ်အဆက် ဆက် ကြိုးပမ်းခဲ့သည့်အားလျော်စွာ မျက်မှောက်ကာလတွင် ပုဂ္ဂလိကနှင့် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများကို အားပေးခြင်း၊ တန်ဖိုးမြှင့်သစ်အချောထည်တို့အား ခေတ်မီနည်းပညာနှင့် စက်ယန္တရားများ အသုံးပြု ထုတ်လုပ်၍ နိုင်ငံခြားစျေးကွက်များသို့ တင်ပို့နိုင်ရေးတို့ကို ကြိုးပမ်း ဆောင်ရွက်လျက်ရှိသည်။



ပြည်ပတင်ပို့မည့် ကျွန်းသစ်တင်ဒါလပ်ပုံများအား ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင်
စစ်ဆေးနေပုံ



ကျွန်း၊ သစ်မာနှင့်အခြားသစ်တောထွက်ပစ္စည်းများ ပြည်တွင်းဖြန့်ဖြူးခြင်းနှင့် ပြည်ပတင်ပို့ခြင်း မှဝင်ငွေရရှိမှု

ဖဖ၇။ ကျွန်းနှင့်သစ်မာ ပြည်တွင်းပြည်ပသို့ ထုတ်လုပ်ဖြန့်ဖြူးခြင်း တိုးတက်လာမှု အခြေအနေ အားအောက်ပါအတိုင်း တွေ့ရှိရပေသည်–

(က) ၁၉၈၈ ခုနှစ် မှ ၂၀၀၄ ခုနှစ်အထိ၊ ပြည်တွင်းတွင် ကျွန်းနှင့်သစ်မာသစ်လုံးနှင့်ခွဲသားများ သစ် အခြေခံကုန်ချောများနှင့်သစ်တောထွက်ပစ္စည်းများဖြန့်ဖြူးရောင်းချရာမှဝင်ငွေ

(ကျပ်သန်းပေါင်း)

စဉ်	ခုနှစ်	ဝင်ငွေ	စဉ်	ခုနှစ်	ဝင်ငွေ
၁။	၁၉၈၈–၈၉	၂၂၄.၂၉၈	၉။	၁၉၉၆–၉၇	၁,၆၇၁.၁၇၀
၂။	၁၉၈၉–၉၀	၄၃၆.၈၃၈	၁၀။	၁၉၉၇–၉၈	၃,၀၆၉.၉၀၁
၃။	၁၉၉၀–၉၁	၄၂၀.၄၄၂	၁၁။	၁၉၉၈–၉၉	၃,၂၈၄.၉၀၁
၄။	၁၉၉၁–၉၂	၇၇၈.၂၅၅	၁၂။	၁၉၉၉–၀၀	၃,၅၁၇.၅၈၀
၅။	၁၉၉၂–၉၃	၁,၀၀၉.၈၈၈	၁၃။	၂၀၀၀–၀၁	၃,၇၂၀.၇၀၀
၆။	၁၉၉၃–၉၄	၁,၂၂၆.၅၅၉	၁၄။	၂၀၀၁–၀၂	၄,၀၇၆.၁၀၀
၇။	၁၉၉၄–၉၅	၁,၂၅၆.၁၅၅	၁၅။	၂၀၀၂–၀၃	၄,၂၄၁.၃၇၈
၈။	၁၉၉၅–၉၆	၁,၆၁၈.၉၈၈	၁၆။	၂၀၀၃–၀၄	၈,၀၃၇.၀၉၀

(ခ) ၁၉၈၈ ခုနှစ် မှ ၂၀၀၄ ခုနှစ်အထိ၊ ကျွန်းနှင့် သစ်မာသစ်လုံးနှင့်ခွဲသားများ၊ အခြားသစ် အခြေခံ ကုန်ချောနှင့်သစ်တောထွက်ပစ္စည်းများ ပြည်ပသို့တင်ပို့ရာမှဝင်ငွေ

(အမေရိကန်ဒေါ်လာသန်းပေါင်း)

စဉ်	ခုနှစ်	ဝင်ငွေ	စဉ်	ခုနှစ်	ဝင်ငွေ
၁။	၁၉၈၈–၈၉	၁၃၆.၉၈	၉။	၁၉၉၆–၉၇	၂၀၄.၃၇
၂။	၁၉၈၉–၉၀	၁၆၆.၆၇	၁၀။	၁၉၉၇–၉၈	၁၆၅.၆၈
၃။	၁၉၉၀–၉၁	၁၅၂.၅၁	၁၁။	၁၉၉၈–၉၉	၁၇၂.၀၉
၄။	၁၉၉၁–၉၂	၁၂၀.၀၉	၁၂။	၁၉၉၉–၀၀	၂၀၀.၄၇
၅။	၁၉၉၂–၉၃	၁၅၃.၄၁	၁၃။	၂၀၀၀–၀၁	၂၀၈.၂၉
၆။	၁၉၉၃–၉၄	၁၅၆.၁၂	၁၄။	၂၀၀၁–၀၂	၂၀၃.၅၉
၇။	၁၉၉၄–၉၅	၁၉၄.၈၇	၁၅။	၂၀၀၂–၀၃	၂၀၂.၇၇
၈။	၁၉၉၅–၉၆	၂၀၃.၅၂	၁၆။	၂၀၀၃–၀၄	၂၈၅.၀၁

ဖဖ၈။ **လွတ်လပ်ရေးရပြီးခေတ်မှ မျက်မှောက်ခေတ်အထိ နိုင်ငံခြားသို့ ကျွန်းသစ်တင်ပို့ရောင်းချမှု**။ နိုင်ငံတော်၏စီပွားရေးအတွက် ခေတ်အဆက်ဆက်ကျွန်းသစ်များအားပြည်ပသို့ တင်ပို့ရောင်းချ ခဲ့သည့် ပမာဏနှင့် ရရှိငွေများအားနှိုင်းယှဉ်ဖော်ပြပါသည်–

နိုင်ငံခြားသို့ ကျွန်းသစ်တင်ပို့ရောင်းချမှု

ခုနှစ်	ကျွန်းသစ်လုံး		ကျွန်းခွဲသား	
	တန်ချိန်	ကျပ်သန်း	တန်ချိန်	ကျပ်သန်း
၁၉၅၀–၅၁	၁၅၉	၀.၂၁၃	၄၉,၉၂၇	၄၅.၅၅၇
၁၉၆၁–၆၂	၂၅,၀၀၅	၄၆.၈၄၂	၇၄,၀၁၄	၇၈.၁၇၅
၁၉၇၄–၇၅	၃၆,၃၈၈	၁၀၆.၇၀၀	၆၆,၅၆၀	၁၁၇.၈၅၀
၁၉၈၇–၈၈	၁၃၄,၁၀၉	၃၇၂.၉၄၂	၃၆,၀၉၃	၇၀.၆၉၀
၁၉၈၈–၈၉	၁၅၇,၁၇၉	၆၇၇.၇၃၅	၂၃,၄၈၃	၁၀၅.၁၀၁
၂၀၀၃–၀၄	၁၇၀,၅၆၂	၆၆၈.၃၉၅	၁၇,၂၅၅	၅၆.၅၈၃

မြန်မာ့သစ်လုပ်ငန်းမှအကျိုးတူပူးပေါင်းဆောင်ရွက်မှု (Joint Production System) ဖြင့်လုပ်ကိုင်ဆောင်ရွက်လာခြင်း

၆၆၉။ မြန်မာ့သစ်လုပ်ငန်းမှ ပြည်တွင်းလိုအပ်ချက်နှင့် ပြည်ပသို့တိုးချဲ့တင်ပို့နိုင်ရန် နည်းပညာနှင့် ရင်းနှီးမြှုပ်နှံမှုများရရှိရေးအတွက် ပြည်တွင်း/ပြည်ပကုမ္ပဏီများနှင့် အကျိုးတူပူးပေါင်း ဆောင်ရွက်ခဲ့ကြသည်။ မြန်မာ့သစ်လုပ်ငန်းမှ တာဝန်ယူရသည့်အပိုင်းများမှာ မြန်မာ့သစ်လုပ်ငန်း လက်အောက်ရှိ စက်ရုံများကို အသုံးပြုခွင့်ပေးရန်၊ စက်ရုံ၏အုပ်ချုပ်မှု၊ ဝန်ထမ်း၊ စက်ရုံအတွက်ကုန်ကျ စရိတ်များကို မြန်မာ့သစ်လုပ်ငန်းမှကျခံရန်နှင့် ကုန်ကြမ်းများပံ့ပိုးရန်တို့ဖြစ်သည်။ သက်ဆိုင်ရာ ကုမ္ပဏီမှ တာဝန်ယူရသည့်အပိုင်းများမှာ ကုန်ထုတ်လုပ်မှုတိုးတက်ရေး၊ ထုတ်ကုန် အရည်အသွေး ကောင်းမွန်ရေး၊ အလေအလွင့် နည်းပါးရေး၊ နိုင်ငံခြားမှ အတတ်ပညာရှင်များခန့်ထားပြီး လုပ်သား ကျွမ်းကျင်မှု စွမ်းရည်မြှင့်တင်ရေး၊ နည်းပညာနှင့် အတတ်ပညာများရရှိအောင်ကူညီပေးရေး၊ ကုန်ချောများအားလုံးကို မြန်မာ့သစ်လုပ်ငန်းမှ သတ်မှတ်သောဈေးဖြင့်ဝယ်ရေး၊ သစ်ဈေးကွက်ကို တာဝန်ယူရေး၊ စက်ရုံအတွက်မရှိမဖြစ်သော အရန်ပစ္စည်းများဝယ်ယူရေး၊ အမေရိကန်ဒေါ်လာ ၃၀၀ အောက်ရှိ ပစ္စည်းများကိုအခမဲ့ပေးရေး၊ စက်ရုံဝန်ထမ်းများအတွက် ဆုကြေးငွေတစ်လလျှင် အနည်းဆုံး ၅,၀၀၀ ကျပ် ရရှိရေး အာမခံရန်နှင့် စက်ရုံအတွက် မြန်မာ့သစ်လုပ်ငန်းမှ နှစ်စဉ်သတ်မှတ်ပေးထားသော ပြည်တွင်း/ပြည်ပ ဝင်ငွေအပြည့်အဝရရှိရေး အာမခံပေးရန်တို့ဖြစ်သည်။

၆၇၀။ ပြည်ပရောင်းဝယ်ရေးနှင့်သစ်စက်များနှင့်အကျိုးတူပူးပေါင်းဆောင်ရွက်သည့်ကုမ္ပဏီများမှာ– အမှတ် (၂) သစ်စက် (Hana Marketing Services.)၊ အမှတ် (၃) သစ်စက် (အောင်စိန်လင်းကုမ္ပဏီလီမိတက်)၊ အမှတ် (၆) သစ်စက် (ယဉ်မာမြတ်နိုးကုမ္ပဏီလီမိတက်)၊ အမှတ် (၈) သစ်စက် (Thai Sawat Import / Export)၊ အမှတ် (၁၄) သစ်စက် (Asia World Co. Ltd.) နှင့်အမှတ် (၃၃) သစ်စက် (You Sang Cheung Co., Ltd.) တို့ဖြစ်သည်။

သစ်အခြေခံစက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာခြင်း

၆၇၁။ သစ်လုံးနှင့် သစ်ခွဲသားများကိုသာ ထုတ်လုပ် တင်ပို့ရောင်းချနေခြင်းအစား သစ်အခြေခံစက်မှုလုပ်ငန်းများ ထူထောင်၍ ထပ်ဆင့်ကုန်ချော ထွက်ကုန်ပစ္စည်းများ ဖြစ်သော ပရိဘောဂ၊ ကြမ်းခင်းတုံး၊ ပြတင်း/တံခါး၊ ပုံဖော် သစ်များ၊ လျှာထိုးကြမ်းခင်းပျဉ်များ (Mosaic)၊ စသည့် ကြမ်းခင်းတုံး၊ ငယ်များနှင့် လက်ယှက်သစ်ချောင်းများ (Finger Jointed Strips & Board)ကို အဆင့်ဆင့်ထုတ်လုပ်သည့် လုပ်ငန်း ပြုလုပ်ခြင်းအားဖြင့် သစ်အလေအလွင့်များကို ထိန်းသိမ်းကွပ်ကဲနိုင်ခြင်း၊ ကုန်ချောထွက်ရှိခိုင်နှုန်း မြင့်မားခြင်း၊ ကုန်ပစ္စည်းအမယ်သစ် များ ထုတ်လုပ်သည့် စက်ရုံအလုပ်ရုံများ ဖြစ်ထွန်းပေါ်ပေါက်လာခြင်း၊ ပြည်တွင်းတွင် အလုပ်အကိုင်အခွင့်အလမ်းသစ်များ ဖြစ်ထွန်းပေါ်ပေါက်လာခြင်း၊ ကုန်ချော ပစ္စည်းများ ထုတ်လုပ်မှုနည်းပညာနှင့် အတတ်ပညာသစ်များ လွှဲပြောင်းရရှိနိုင်ခြင်း၊ နိုင်ငံတော်အတွက် ပြည်ပဝင်ငွေ အများအပြား ပိုမိုရရှိနိုင်ခြင်း စသည့်အကျိုးတရားများ နိုင်ငံတော်အတွက် ရရှိနိုင်ပေသည်။

၆၇၂။ အစိုးရပိုင်းမှ သစ်အခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စတင်ကြီးပမ်းခဲ့သည့် Forest Industries Department – FID သည် ၁၉၂၀ ခုနှစ်မှစ၍ ဖြစ်တည်ပေါ်ထွန်းခဲ့သည်။ အဆိုပါ FID အား သစ်တောဦးစီးဌာန၊ မြေယာကျေးလက်ကြီးပွား တိုးတက်ရေးကော်ပိုရေးရှင်းတို့က အဆင့်ဆင့် လွှဲပြောင်းတာဝန်ယူ အုပ်ချုပ်ခဲ့ကြပြီးနောက် ၁၉၆၂ ခုနှစ်တွင် မြန်မာ့သစ်လုပ်ငန်း (ယခင်သစ်လုပ်ငန်း ကော်ပိုရေးရှင်း) အောက်သို့ လွှဲပြောင်းရောက်ရှိခဲ့သည်။

၆၇၃။ ပရိဘောဂစက်ရုံအမှတ် (၁)၊ (၂)၊ (၃) ရှိ စက်ကိရိယာများအား လုံး ပြန်လည်မွမ်းမံပြင်ဆင်ရေး၊ လိုအပ်သည့် စက်ကိရိယာတန်ဆာပလာများ ထပ်မံဖြည့်တင်းရေး၊ ထုတ်လုပ်မှုစွမ်းရည်မြှင့်တင်ရေးတို့အတွက် ၁၉၉၄ ခုနှစ်တွင် မလေးရှားနိုင်ငံ (Lambir Co., Ltd) နှင့် Buy Back System အရ ပူးပေါင်းဆောင်ရွက်ခဲ့သည်။ စက်ရုံဝင်းအတွင်းရှိ စက်ရုံအသီးသီးတွင် စုပုံနေသောသစ်ခွဲသားအတို/အသေးများနှင့် ဘေးထွက်ပစ္စည်းများကို ကုန်ကြမ်းအဖြစ်အသုံးပြု၍ လက်ယှက်သစ်ချောင်းများအထိ ထုတ်လုပ်ကာ ပြည်ပဝင်ငွေ ရှာဖွေပေးနိုင်ရေးအတွက် လက်ယှက်သစ်ချောင်းများ ထုတ်လုပ်သည့်စက်များ ပြည်ပမှ မှာယူတပ်ဆင်နိုင်ခဲ့သည်။

၆၇၄။ လက်ရှိအခြေအနေတွင် အမှတ် (၁) ပရိဘောဂစက်ရုံသည် အခြားပရိဘောဂစက်ရုံများနှင့် သစ်စက်များမှ ထွက်ရှိသောကျွန်းခွဲသားအသေး/အတိုများ၊ ဘေးထွက်ပစ္စည်းများကို ကုန်ကြမ်းအဖြစ် အသုံးပြု၍ ပြည်ပဝင်ငွေရရှိရေးအတွက် ကျွန်းလက်ယှက်သစ်ချောင်းများ တိုးချဲ့ထုတ်လုပ် တင်ပို့ရေးလုပ်ငန်းများကိုပါ တွဲဖက်ဆောင်ရွက်သည်။

၆၇၅။ သစ်အခြေခံစက်မှုလုပ်ငန်းတွင် မရှိမဖြစ်လိုအပ်သည့်သစ်ပေါင်းခန်း အမျိုးအစားစုံ၊ အရွယ်အစားစုံ ၄၂ ခန်းရှိပြီး ပေါင်းတင်ခြင်းလုပ်ငန်း တစ်ပါတ်တွင် ၁" ထုအရွယ် အစား သစ်ခွဲသားတန် ၄၀၀ ခန့်အထိ ပေါင်းတင်နိုင်စွမ်းရှိသဖြင့် တစ်လလျှင် တန် ၈၀၀ ခန့်အထိ ပေါင်းတင်နိုင်စွမ်းရှိသည်။

၆၇၆။ အမှတ် (၁)၊ (၂)၊ (၃) ပရိဘောဂစက်ရုံများ တည်ရှိရာစက်ရုံဝင်းအတွင်းတွင် သစ်အခြေခံစက်မှုလုပ်ငန်းနှင့်ပတ်သက်၍ သစ်လုံးစတင်ခွဲစိတ်သည့်အဆင့်မှ တန်ဘိုးမြှင့်ခွဲသားများ၊ ပရိဘောဂ နှင့် ပရိဘောဂအစိတ်အပိုင်းများ၊ ပြတင်း/တံခါးများ၊ ကြမ်းခင်းတုံးအရွယ်အစားအမျိုးမျိုးနှင့် လက်ယှက်သစ်ချောင်းများ ထုတ်လုပ်သည့်အဆင့်အထိ သစ်အခြေခံစက်မှုလုပ်ငန်းများ ထုတ်လုပ်မှုအဆင့်ဆင့် တစ်ခုလုံးအားဆောင်ရွက်နိုင်သည်။

၆၇၇။ သစ်အခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာ့သစ်လုပ်ငန်းအနေဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်ခဲ့ရာ လက်ရှိအလုံမြို့နယ်၊ ပရိဘောဂစက်ရုံဝင်းအတွင်း စက်ရုံများဆက်လက်တိုးချဲ့တည်ဆောက်ရန် နေရာမရှိတော့သဖြင့် မြန်မာ့သစ်လုပ်ငန်းပိုင်သစ်စက်များအတွင်း အဆောက်အဦတိုးချဲ့ရန် မြေနေရာရှိသည့်သစ်စက်များတွင် သစ်အခြေခံစက်ရုံများပူးတွဲတည်ဆောက်ရန် စီစဉ်ဆောင်ရွက်ခဲ့သည်။

၆၇၈။ အမှတ် (၄) ပရိဘောဂစက်ရုံကို သဃ်နိုးကျွန်းမြို့နယ်၊ သုဝဏ္ဏမြို့သစ်ရှိ ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာနပိုင်အမှတ် (၉) သစ်စက် ဝင်းအတွင်းအမှတ် (၄) ပရိဘောဂစက်ရုံအဖြစ် အောက်ပါအတိုင်း စတင်တည်ဆောက်လည်ပတ်ခဲ့သည်–

(က) ၁၉၈၉ ခုနှစ်၊ နိုဝင်ဘာလတွင်အီတလီနိုင်ငံ S Briantea Trading Co.,Ltd. နှင့် Buy Back System ဖြင့် ကြမ်းခင်းတုံး ထုတ်လုပ်သောစက်ရုံကို တည်ဆောက်ပြီး အီတလီနိုင်ငံသို့ တိုက်ရိုက်တင်ပို့လျက်ရှိသည်။

(ခ) ၁၉၉၂ ခုနှစ်၊ ဧပြီလတွင် အမေရိကန်နိုင်ငံ Quality Wood Co.,Ltd. နှင့် Buy Back System ဖြင့် Pleasure Boat Accessories (အပျော်စီးသင်္ဘောသုံးပစ္စည်းစက်ရုံ) ကို ထပ်မံတည်ဆောက်ခဲ့သည်။

(ဂ) အဆိုပါ အပျော်စီးသင်္ဘောသုံး စက်ရုံလုပ်ငန်းကို သက်ဆိုင်ရာကုမ္ပဏီမှ ဆက်လက် ဆောင်ရွက်နိုင်ခြင်းမရှိသဖြင့် ၄င်းစက်ရုံအဆောက်အဦတွင် မြန်မာနိုင်ငံသားပိုင် G.YM Enterprise Ltd. မှ ၁၉၉၄ ခုနှစ်၊ ဧပြီလမှစတင်၍ အသေးစား ပရိဘောဂများ ထုတ်လုပ်၍ ပြည်ပတင်ပို့ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

(ဃ) ၄င်း G Y M Enterprise Ltd. မှလည်း ထုတ်လုပ်မှုလုပ်ငန်းများ ဆက်လက်မဆောင်ရွက်နိုင်တော့သဖြင့် ၁၉၉၈ ခုနှစ်၊ အောက်တိုဘာလမှစတင်၍ အမေရိကန်နိုင်ငံ Kingsley Bate Co., Ltd. နှင့် အကျိုးတူပူးပေါင်းမှုအစီအစဉ်ဖြင့် ဥယျာဉ်သုံးကျွန်းပရိဘောဂများ ထုတ်လုပ်ဝယ်ယူခဲ့သည်။ ထိုသို့ဆောင်ရွက်ရာမှ ဥယျာဉ်သုံး ကျွန်းပရိဘောဂများအား အမေရိကန်နိုင်ငံသို့ တိုက်ရိုက်တင်ပို့လျက်ရှိသဖြင့် မြန်မာ့သစ်လုပ်ငန်းနှင့်ကုမ္ပဏီနှစ်ဦးနှစ်ဘက်လုံးအတွက် အကျိုးအမြတ်များ အထိုက်အလျောက် ရရှိခဲ့သည်။

(ဂ) သို့ရာတွင် အမေရိကန်နိုင်ငံသို့ ဆက်လက်၍ တိုက်ရိုက်ထုတ်လုပ်တင်ပို့ရန် မဖြစ်နိုင်တော့သဖြင့် အထက်ပါလုပ်ငန်းများအား မြန်မာနိုင်ငံသားပိုင် 'ဆယ်သုခကုမ္ပဏီ' မှ ၂၀၀၃ ခုနှစ်၊ ဇူလိုင်လမှ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

၆၇၉။ အမှတ် (၅) ပရိဘောဂစက်ရုံကို လှိုင်မြို့နယ် အုတ်ကျင်းရပ်ကွက်ရှိ ပြည်ပရောင်းဝယ်ရေးနှင့် သစ်စက်ဌာနပိုင် အမှတ် (၈) သစ်စက်ဝင်း အတွင်းတွင် ဂျပန်နိုင်ငံ Fujimoto Co., နှင့် Buy Back စနစ်အရ တည်ထောင်ခဲ့သည်။ ပြည်ပဈေးကွက်အတွက် အဓိက ဦးတည်ပြီး ကျွန်းလက်ယှက်သစ်ချောင်းနှင့် ပျဉ်စပ်ပြားများ ပြုလုပ်ပြီး လျာထိုးခင်းပျဉ်များ ထုတ်လုပ်ကာ ဂျပန်နိုင်ငံမှတစ်ဆင့် အခြားပြည်ပဈေးကွက်များသို့ တင်ပို့ရောင်းချခဲ့သည်။

၆၈၀။ အမှတ် (၁) ပုံဖော်စက်ရုံ (Moulding Factory -1) ကိုအလုံမြို့နယ် အမှတ် (၂) သစ်စက်ဝင်း အတွင်း၌ ၁၉၉၃ ခုနှစ်၊ ဧန်နဝါရီလ ၇ ရက်နေ့တွင် ဆွီဒင်နိုင်ငံ Edward Hulten Co., နှင့် Buy Back System အရ ပူးပေါင်းတည်ထောင်ခဲ့သည်။ ပုံဖော်သစ်များ သဘော်ခင်းပျဉ်အသေးစားများ ထုတ်လုပ်ပြီး ဥရောပဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည်။

၆၈၁။ အမှတ် (၂) ပုံဖော်စက်ရုံကို မန္တလေးတိုင်း အမရပူရမြို့နယ်ရှိ ပြည်တွင်း ရောင်းဝယ်ရေးနှင့် သစ်စက်ဌာနပိုင် အမှတ် (၁၀၃) သစ်စက်ဝင်းအတွင်း၌ ၂၀၀၁ ခုနှစ်၊ ဇွန်လ ၂၇ ရက်နေ့တွင် ပြည်တွင်းမှကုမ္ပဏီတစ်ခုဖြစ်သည့် Momentum Co., Ltd နှင့် Buy Back System အရ ပူးပေါင်းတည်ထောင်ခဲ့သည်။ ပုံဖော်သစ်များနှင့် ကြမ်းခင်းတုံးလတ်များ လျာထိုးကြမ်းခင်းပျဉ်များ ထုတ်လုပ်ပြီး ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည်။

၆၈၂။ ဝါးတရာကြမ်းခင်းတုံးနှင့် ပုံဖော်စက်ရုံကို ရွှေပြည်သာမြို့နယ် ဝါးတရာ သစ်အခြေခံစက်မှုလုပ်ငန်းနယ်မြေတွင် မြန်မာ့သစ်လုပ်ငန်းနှင့် တပ်မတော် စစ်ထောက်ချုပ်ရုံးတို့ ဖက်စပ်လုပ်ငန်း အဖြစ်ပူးပေါင်း၍ ၁၉၉၈ ခုနှစ်၊ ဇွန်လ ၁ ရက် နေ့တွင် စတင်တည်ထောင်ခဲ့သည်။ စက်ရုံတည်ထောင်ပြီးနောက် အီတလီနိုင်ငံမှ Eurasian Co. (Briantea) ကုမ္ပဏီနှင့် Joint Production System အရပူးပေါင်းပြီး ကြမ်းခင်းတုံးလတ်များ၊ လျာထိုး ကြမ်းခင်းပျဉ်များ၊ စက်မှုသုံးကြမ်းခင်းတုံး များထုတ်လုပ်ကာ အီတလီနိုင်ငံမှတစ်ဆင့် နိုင်ငံတကာ ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည်။

၆၈၃။ **အထပ်သားစက်ရုံများပေါ်ပေါက်လာပုံ**။ မြန်မာနိုင်ငံတွင် ပထမဆုံးအထပ်သားစက်ရုံကို ၁၉၅၈–၅၉ ခုနှစ်တွင် ပဂ္ဂလိကကုမ္ပဏီ တစ်ခု ဖြစ်သော 'ဘအို ကျွန်းနှင့်သစ်မာကုမ္ပဏီ' ကနိုင်ငံတော်မှ ချေးငွေများရယူ၍ စတင်ထူထောင်ခဲ့သည်။ အဆိုပါစက်ရုံမှာ လှိုင်မြစ်ကမ်း ကြည့်မြင်တိုင်မြို့နယ်တွင်တည်ရှိပြီး ၁၉၆၄ ခုနှစ်၊ အောက်တိုဘာ လ ၅ ရက်နေ့တွင် နိုင်ငံတော်မှပြည်သူပိုင်သိမ်းယူပြီး အမှတ် (၁) အထပ်သားစက်ရုံဟု ခေါ်တွင်ခဲ့သည်။

၆၈၄။ ၁၉၆၁–၆၂ ခုနှစ်တွင် (Burma Economic Development Corporation - BEDC) ကုမ္ပဏီက အထပ်သားစက်ရုံတစ်ရုံ တည်ဆောက်ရန် ဂျပန်နိုင်ငံမှ စက်ပစ္စည်းကိရိယာများ မှာယူတင်သွင်းခဲ့သည်။ ၁၉၆၄–၆၅ ခုနှစ်တွင် နိုင်ငံတော်ကလွဲပြောင်းရယူခဲ့ပြီး စက်ရုံစတင်တည်ခဲ့ရာ ၁၉၆၇ ခုနှစ် တွင်ပြီးစီးပြီး ၁၉၆၈ ခုနှစ်တွင် တရားဝင်ဖွင့်လှစ် လည်ပတ်ခဲ့သည်။ အဆိုပါစက်ရုံမှာ လှိုင်မြစ်ကမ်း၊ လှိုင်မြို့နယ် အတွင်း တည်ရှိပြီး အမှတ် (၂) အထပ်သားစက်ရုံ ဟုခေါ်တွင်ခဲ့သည်။

၆၈၅။ အမှတ် (၃) အထပ်သားစက်ရုံကို ဆွာမြို့နယ်၌ ၁၉၆၆ ခုနှစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ချေးငွေအထောက်အပံ့ဖြင့် တည်ဆောက်ခဲ့ပြီး ၁၉၆၉ ခုနှစ်တွင် ဖွင့်လှစ်လည်ပတ်ခဲ့သည်။ ယခုအခါ ကိုရီးယားနိုင်ငံ ဒေဝူးကုမ္ပဏီနှင့် မြန်မာ့သစ်လုပ်ငန်းတို့ ဖက်စပ်လုပ်ငန်းအဖြစ် ပူးပေါင်း၍ (Myanmar Korea Timber International Co., Ltd - MKTI) အဖြစ်ဖွဲ့စည်း၍ သစ်မာအထပ်သားနှင့် သစ်ပါးလွှာများကို ထုတ်လုပ်ကာ ပြည်ပစျေးကွက်သို့ အဓိကတင်ပို့ ရောင်းချလျက်ရှိသည်။

၆၈၆။ အမှတ် (၄) အထပ်သားစက်ရုံကိုမူ မြန်မာ့သစ်လုပ်ငန်းက ၁၉၇၈ ခုနှစ်တွင် ပုသိမ်မြို့နယ် ရွှေမြင်တင်ကျေးရွာအနီး ငဝန်မြစ်ကမ်းပေါ်၌ စတင်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ၁၉၈၂ ခုနှစ်တွင် တည်ဆောက်မှုလုပ်ငန်းများပြီးစီးကာ ၁၉၈၃ ခုနှစ်တွင် စတင်စမ်းသပ်လည်ပတ်ခဲ့ပြီး သစ်မာအထပ်သား နှင့်သစ်ပါးလွှာများထုတ်လုပ်ကာ ပြည်ပဝင်ငွေရှာဖွေရရှိရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

၆၈၇။ အမှတ် (၅) အထပ်သားစက်ရုံကို စစ်ကိုင်းတိုင်း မုံရွာမြို့နယ် အိုးဘိုတောင်ကျေးရွာအနီးတွင် မြန်မာ့ သစ်လုပ်ငန်းက နောက်ဆုံးတည်ဆောက်ခဲ့သည်။ ၁၉၈၈–၈၉ ခုနှစ်တွင် သစ်အခြေခံစက်မှုလုပ်ငန်း စီမံကိန်း (၂) မှ ကမ္ဘာ့ဘဏ်ချေးငွေ အကူအညီဖြင့် တည်ဆောက်ခဲ့ပြီး ၁၉၉၀ ခုနှစ်ကုန်ပိုင်းတွင် ပြီးစီးကာ ၁၉၉၁ ခုနှစ်တွင် စတင်ဖွင့်လှစ်လည်ပတ်ခဲ့သည်။ သစ်မာအထပ်သားနှင့် သစ်ပါးလွှာများကို ထုတ်လုပ်၍ ရန်ကုန်မြို့မှတစ်ဆင့် ပြည်ပသို့တင်ပို့ ရောင်းချလျက် ရှိသည်။ ယခုအခါ ပြည်တွင်း ကုမ္ပဏီတစ်ခုဖြစ်သော Hlaing Myittar Co., Ltd နှင့် Jiont Production System ကို အကျိုးတူ ပူးပေါင်း ဆောင်ရွက်လျက်ရှိသည်။

၆၈၈။ မုံရွာသစ်ပါးလွှာစက်ရုံသည် မုံရွာမြို့နယ် အမှတ် (၇၅) သစ်စက်ဝင်းအတွင်းတည်ရှိပြီး ၂၀၀၂ ခု နှစ်တွင် အိန္ဒိယနိုင်ငံ Prime Veneer Co., Ltd မှ Joint Production System စနစ်အရ အကျိုးတူပူးပေါင်း ဆောင်ရွက်မှုဖြင့် စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ၂၀၀၃ ခုနှစ်ကုန်ပိုင်းတွင် ဖွင့်လှစ်လည်ပတ်ခဲ့ သည်။ မြန်မာ့သစ်လုပ်ငန်းက မြေနေရာပေးပြီး စက်ရုံတည်ဆောက်ခြင်း၊ စက်ကိရိယာများ မှာယူတင်သွင်း တပ်ဆင်ခြင်းလုပ်ငန်းများကို Prime Veneer Co., Ltd. ကတာဝန်ယူ ဆောင်ရွက်ခဲ့သည်။ သစ်မာသစ်ပါး လွှာများကိုသာထုတ်လုပ်ပြီး အိန္ဒိယနိုင်ငံသို့ တင်ပို့ရောင်းချလျက်ရှိသည်။



ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင် စက်ရုံများစစ်ဆေးနေပုံ



၆၈၉။ **ကုန်ကြမ်းပေးကုန်ချောယူစနစ်အရ မြန်မာ့သစ်လုပ်ငန်းနှင့်ပူးပေါင်းဆောင်ရွက်သည့် ပုဂ္ဂလိက သစ်အခြေခံစက်မှုလုပ်ငန်းများ**[၁၆၂]။ မြန်မာ့သစ်လုပ်ငန်းမှ ကုန်ကြမ်း ကျွန်းသစ်လုံးများကို ပုဂ္ဂလိက စက်မှုလုပ်ငန်းကုမ္ပဏီများသို့ ပေးသွင်းပြီး ထုတ်လုပ်ထွက်ရှိလာသော သစ်ကုန်ချောများကို ရာခိုင်နှုန်း အတိုင်း မြန်မာ့သစ်လုပ်ငန်းမှ ဝင်ငွေရရှိမည်ဖြစ်သည်။ သစ်ခွဲသားနှင့်သစ်စက် အချောထည်များ ဆောင်ရွက်သော ပုဂ္ဂလိကစက်ရုံများ အနေဖြင့် ရန်ကုန်တွင် ၃၁ စက်၊ မန္တလေး တွင် ၁၁ စက်၊ ပဲခူးတွင် ၂ စက်၊ စစ်ကိုင်းတွင် ၁ စက်၊ မော်ဘီတွင် ၁ စက် စုစုပေါင်း (၄၆) စက် တည်ရှိသည်။

၆၉၀။ **မြန်မာ့သစ်လုပ်ငန်းပိုင်သစ်စက်နှင့်သစ်အခြေခံပစ္စည်းထုတ်လုပ်သည့်စက်ရုံများ။** မြန်မာ့ သစ်လုပ်ငန်းမှ အဓိကသစ်အခြေခံ စက်ရုံများကိုတည်ထောင်၍ သစ်အခြေခံတန်ဖိုးမြှင့် ကုန်ချော ထုတ်လုပ်မှု လုပ်ငန်းများကိုဆောင်ရွက်လျက်ရှိရာ မြန်မာ့သစ်လုပ်ငန်းပိုင်သစ်စက်နှင့် သစ်အခြေခံ ပစ္စည်း ထုတ်လုပ်သည့်စက်ရုံများစာရင်းမှာ အောက်ပါအတိုင်းဖြစ်သည်–

(က)	ကျွန်းသစ်ခွဲစက်	၁၂ စက်	(စ)	သစ်မာခွဲစက်	၈၀ စက်
(ခ)	အထပ်သားစက်	၅ စက်	(ဆ)	ပရိဘောဂစက်	၅ စက်
(ဂ)	အပျော်စီးသင်္ဘောသုံးပစ္စည်းစက်ရုံ	၁ စက်	(ဇ)	ကြမ်းခင်းတုံးနှင့်ပုံဖော်စက်ရုံ	၁ စက်
(ဃ)	ကြိမ်စက်ရုံ	၁ စက်	(ဈ)	ကော်စက်ရုံ	၂ စက်
(င)	ပုံဖော်သစ်ခွဲသား စက်ရုံ	၂ စက်			

သစ်ခွဲသားနှင့် သစ်စက်အချောထည် ထုတ်လုပ်ရေးကို အောက်ပါကုမ္ပဏီများဖြင့် အကျိုးတူပူးပေါင်း ဆောင်ရွက် သည်-

စက်ရုံအမည်	**ကုမ္ပဏီအမည်**	**ဆောင်ရွက်သည့်လုပ်ငန်း**
၁။ ပရိဘောဂ (၁)	Santi Forestry (Thai)	ပရိဘောဂမျိုးစုံနှင့် ကျွန်းလက်ယှက်ချောင်း
၂။ ပရိဘောဂ (၂)	United International Group လှိုင်မိသားစု ကုမ္ပဏီ လီမိတက်	ကျွန်းကြမ်းခင်းတုံးမျိုးစုံနှင့်လျှာထိုးသစ်
	Taratip Co. Ltd (Thai)	
၃။ ပရိဘောဂ (၃)	Zabu Hlwan Co.	ကျွန်းဥယျာဉ်သုံးပရိဘောဂများ
၄။ ပရိဘောဂ (၃–က)		တောင်သရက်ပရိဘောဂများ
၅။ ပရိဘောဂ (၄)	Briantea & Eurasian SA (Switzerland)	ကျွန်းကြမ်းခင်းတုံးမျိုးစုံ၊ လျှာထိုးသစ်၊ နဘေသစ်များ
	Sai Thu Kha Co., Ltd.	ကျွန်းဥယျာဉ်သုံးပရိဘောဂအမျိုးမျိုး
၆။ ပရိဘောဂ (၅)	Fujimoto Co., Ltd. (Japan)	ကျွန်းနှင့်သစ်မာလက်ယှက် သစ်ချောင်းအမျိုးမျိုး
၇။ ပုံဖော် (၁)	Altius Co., Ltd.(Holland)	ကျွန်းပုံဖော်ခွဲသားအမျိုးမျိုး၊ကျွန်းလေးဘက်ချော
၈။ ပုံဖော် (၂)	Myanmar Teak Wood Industries Co., Ltd.	ကျွန်းပုံဖော်ခွဲသားအမျိုးမျိုး၊ ကျွန်းလေးဘက်ချော၊ လျှာထိုး

[၁၆၂] ၂၀၀၄ ခုနှစ်တွင် ဦးမျိုးမြင့်အောင် (ဒုတိယအထွေထွေမန်နေဂျာ) သစ်အခြေခံစာတမ်းမှ ကောက်နှုတ်ဖော်ပြသည်

စက်ရုံအမည်	ကုမ္ပဏီအမည်	ဆောင်ရွက်သည့်လုပ်ငန်း
၉။ ကြမ်းခင်းတုံးနှင့် ပုံဖော်စက် (ဝါးတရာ)	Euro Asia Wood Ltd. (Switzerland)	ကျွန်းကြမ်းခင်းတုံးအမျိုးမျိုး၊ လျှာထိုး၊ နဘေသစ်များ
၁၀။ အထပ်သား (၁)	Prime Veneer & Wood Industries (India)	ကျွန်းအထပ်သားနှင့်သစ်ပါးလွှာ သစ်မာအထပ်သားနှင့်သစ်ပါးလွှာ
၁၁။ အထပ်သား (၂)	Za Bu Hlwan Co., Ltd. Industries Ltd.	သစ်မာအထပ်သားနှင့် သစ်ပါးလွှာ
၁၂။ အထပ်သား (၄)	Win & Win Trading Co., Ltd.	သစ်မာအထပ်သားနှင့် သစ်ပါးလွှာ
၁၃။ အထပ်သား (၅)	Hlaing Myittar Co., Ltd.	သစ်မာအထပ်သားနှင့် သစ်ပါးလွှာ
၁၄။ သစ်စက် (၁၁၂)	Hlaing Family Industries Co., Ltd.	ကျွန်းသစ်ခွဲသားအမျိုးမျိုး
၁၅။ သစ်ပါးလွှာ (မုံရွာ)	Prime Veneer & Wood Industries (India)	သစ်မာသစ်ပါးလွှာ

၆၉၁။ ပြည်နယ်/တိုင်းအသီးသီးတွင် ပုဂ္ဂလိကသစ်ခွဲစက်များကို သစ်တောဦးစီးဌာနမှ လိုင်စင်များ ဖြင့် အောက်ပါအတိုင်း ခွင့်ပြုခဲ့သည်–

(က) သစ်စက်အကြီး ၁၃၁ စက်
(ခ) သစ်စက်အသေး ၂,၁၄၇ စက်
(ဂ) သစ်စက်ပေါင်း ၂,၂၇၈ စက်
(ဃ) သစ်အချောထည်စက် ၃၄ စက်



သစ်ခွဲသားများအားဝန်ခြံစက်ဖြင့်မ၍စီနေပုံ

အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း

၆၉၂။ မြန်မာနိုင်ငံ၏သစ်တောသယံဇာတများ၊ သဘာဝဝန်းကျင်များ၊ ရေဝေရေလဲဒေသများ၊ ဇီဝမျိုးစုံမျိုးကွဲများအား ရေရှည်တည်တံ့စေရေးနှင့် သစ်တောထွက်ပစ္စည်းများ ထုတ်လုပ်ခြင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး၊ သစ်တောပညာရပ်ဆိုင်ရာ လူအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးစသည့် သစ်တောကဏ္ဍဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးများအတွက် နိုင်ငံတကာအသင်းအဖွဲ့များနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို သစ်တောဦးစီးဌာနမှ လက်တွဲ အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိသည်။

အဖွဲ့ဝင်အဖြစ် ပါဝင်၍ ပူးပေါင်းဆောင်ရွက်ခြင်း

၆၉၃။ သစ်တောထိန်းသိမ်းပြုစုခြင်း၊သစ်တောထွက်ပစ္စည်းများထုတ်လုပ်ခြင်းနှင့်သုတေသနလုပ်ငန်း များ ဆောင်ရွက်ခြင်း၊ သဘာဝပတ်ဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းကာကွယ်ခြင်းတို့နှင့် စပ်လျဉ်း၍ အောက်ပါ နိုင်ငံတကာအသင်းအဖွဲများတွင် အဖွဲ့ဝင်အဖြစ် ပူးပေါင်းပါဝင် ဆောင်ရွက်လျက်ရှိသည်–

(က) အပြည်ပြည်ဆိုင်ရာရုက္ခဗေဒဥယျာဉ်များထိန်းသိမ်းပြုစုရေးအဖွဲ့၊
(BGCI - Botanical Gardens Conservation International)

(ခ) မျိုးဆက်ပျက်သုဉ်းလုဆဲ တောရိုင်းတိရစ္ဆာန်နှင့် သစ်ပင်ပန်းပင်များ နိုင်ငံတကာကုန်သွယ်မှု ဆိုင်ရာကွန်ဗင်းရှင်း၊ (CITES - Conservation on International Trade in Endangered Species of Wild Flora & Fauna)

(ဂ) ကမ္ဘာ့ကျားထိန်းသိမ်းကာကွယ်ရေးအဖွဲ့၊ (GTF - Global Tiger Forum)၊

(ဃ) အပြည်ပြည်ဆိုင်ရာ တောင်တန်းဒေသ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန၊
(ICIMOD - International Centre for Integrated Mountain Development)

(င) အပြည်ပြည်ဆိုင်ရာဝါးနှင့်ကြိမ်လုပ်ငန်းအဖွဲ့၊
(INBAR - International Network for Bamboo and Rattan)

(စ) အပြည်ပြည်ဆိုင်ရာ မာတ်ပုံပညာနှင့် အဝေးမှစူးစမ်းလေ့လာခြင်းဆိုင်ရာအသင်း၊
(ISPRS - International Society for Photogrammetry and Remote Sensing)

(ဆ) အပြည်ပြည်ဆိုင်ရာ အပူပိုင်းဒေသသစ်နှင့်ပတ်သက်သည့်အဖွဲ့အစည်း၊
(ITTO -International Tropical Timber Organization)

(ဇ) ဒေသဆိုင်ရာအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းများ လေ့ကျင့်ပညာပေးရေး သင်တန်း ဗဟိုဌာန၊ (RECOFTC - Regional Community Forestry Training Centre)

(ဈ) ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲကွန်ဗင်းရှင်း၊
(UNCBD - United Nations Convention on Biological Diversity)

(ည) ကုလသမဂ္ဂသဲကန္တာရဖြစ်ထွန်းမှုတိုက်ဖျက်ရေးကွန်ဗင်းရှင်း၊
(UNCCD - United Nations Convention to Combat Desertification - UNCCD)

လုပ်ငန်းစီမံကိန်း (Project) များလုပ်ဆောင်၍ပူးပေါင်းဆောင်ရွက်ခြင်း

၆၉၄။ ၁၉၉၄ ခုနှစ်မှ ၂၀၀၄ ခုနှစ် အတွင်း သစ်တောဦးစီးဌာန၏ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်မှုများမှာ အောက်ပါအတိုင်းဖြစ်သည် –

(က) စံပြသစ်တော လုပ်ငန်းစီမံကိန်း (Model Forest Project) ၊ဂျပန်နိုင်ငံ အပြည်ပြည် ဆိုင်ရာ သစ်တောလုပ်ငန်းများ မြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ဗဟိုအဖွဲ့ (Japan International Forestry Promotion and Cooperation Centre– JIFPRO) (၁၉၉၉ ခုနှစ်မှ ၂၀၀၃ ခုနှစ်ထိ)

(ခ) ရှမ်းပြည်နယ်အင်းလေးကန် ဒေသအတွင်း သဘာဝပတ်ဝန်းကျင်နှင့် ကိုက်ညီသော ထာဝစဉ်ညီ သီးနှံသစ်တော ရောနှောစိုက်ခင်း တည်ထောင်ခြင်း လုပ်ငန်းစီမံကိန်း (Environmentally Sustainable Agro-forestry in the Inle Lake Region of Shan State)၊ ကာရာမိုစီရာအဖွဲ့ (Karamosia) ဂျပန်နိုင်ငံ (၁၉၉၉ ခုနှစ်မှ ၂၀၀၂ ခုနှစ်အထိ)

(ဂ) ဗဟိုသစ်တောလုပ်ငန်းဖွံ့ဖြိုးမှု လေ့ကျင့်ပညာပေးရေးဌာန စီမံကိန်း၏ နောက်ဆက်တွဲ စီမံကိန်းအစီအစဉ် (Central Forestry Development Training Centre CFDTC Aftercare Programme)၊ ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက် ရေးအေဂျင်စီ (Japan International Cooperation Agency– JICA) (၁၉၉၉ ခုနှစ်မှ ၂၀၀၁ ခုနှစ်အထိ)

(ဃ) မြန်မာနိုင်ငံကျားထိန်းသိမ်းရေးစီမံချက် (Tiger Action plan of Myanmar) (မူကြမ်း) ရေးဆွဲရေးစီမံကိန်း၊ အမျိုးသားငါးနှင့် တောရိုင်းတိရစ္ဆာန်ဖောင်ဒေးရှင်း (National Fish and Wildlife Foundation NFWF) / USA ကျားကယ်ဆယ် စောင့်ရှောက်ရေး ရန်ပုံငွေကောင်စီ (Save the Tiger Fund Council-STF) /USA ၊ သားငှက်ထိန်းသိမ်းရေးအဖွဲ့ (Wildlife Conservation Society -WCS) / USA (၁၉၉၈ ခုနှစ်မှ ၂၀၀၁ ခုနှစ်အထိ)။

(င) အထူးအရေးကြီးသော ရေဝေရေလဲဒေသ ရေရှည်ရိက္ခာဖူလုံရေးနှင့် ဝင်ငွေတိုး အခွင့်အလမ်းများ ဖော်ထုတ်ရေးစီမံကိန်း (Environmentally Sustainable Food Security and Micro-Income Opportunities in Critical Watersheds-Southern Shan State)။ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (၁၉၉၉ ခုနှစ်မှ ၂၀၀၂ ခုနှစ်အထိ)။

(စ) ဧရာဝတီဒေရတောဒေသ ရေရှည်စားနပ်ရိက္ခာ ဖူလုံရေးနှင့်ဝင်ငွေတိုးအခွင့်အလမ်းများ ဖော်ထုတ် ရေး လုပ်ငန်းစီမံကိန်း (Environmentally Sustainable Food Security and Micro-Income Opportunities in the Ayeyarwady (Mangrove) Delta)၊ ကုလသမဂ္ဂ ဖွံ့ဖြိုးမှု အစီအစဉ် (၁၉၉၉ ခုနှစ်မှ ၂၀၀၁ ခုနှစ်အထိ)။

(ဆ) သစ်တောများရေရှည်ဖွံ့ဖြိုးတိုးတက်ရေး စီမံအုပ်ချုပ်မှုအပေါ် စိစစ်တိုင်းတာသည့်စနစ်လေ့လာ ဖော်ထုတ်ခြင်းစီမံကိန်း (Study on Establishment of Monitoring System for Sustainable Forest Management)၊ ဂျပန်နိုင်ငံပြည်ပ သစ်တောပညာရပ်ဆိုင်ရာ အတိုင်ပင်ခံအသင်း (Japan Overseas Forestry Consultants Association - JOFCA) / ဂျပန်နိုင်ငံ (၁၉၉၉ ခုနှစ်မှ ၂၀၀၁ ခုနှစ်ထိ)။

(ဇ) ကုန်းနေရေနေနှင့် တွားသွားသတ္တဝါများအား လေ့လာသောမြန်မာစီမံကိန်း (Study of the Ichthyic and Herpeto fauna of Myanmar-Myanmar Project)၊ အမေရိကန်ပြည်ထောင်စု အမျိုးသားသိပ္ပံအဖွဲ့အစည်း (US National Science Foundation-NSF) အမေရိကန် ပြည်ထောင်စု California Academy of Sciences (CAS) (၂၀၀၀ ပြည့်နှစ်မှ ၂၀၀၂ ခုနှစ် အထိ)။

(ဈ) ကျွန်းသစ်မျိုးကိုအခြေခံ၍ သီးနှံသစ်တော ရောနှောစိုက်ပျိုးသောစနစ်ဖြင့် ထာဝစဉ်သစ်တော ဖွံ့ဖြိုးတိုးတက်မှုရရှိရေး ဘက်စုံဖော်ဆောင်မှုစီမံကိန်း (Teak-based Multistoried Agroforestry System: An Integrated Approach Toward Sustainable Development of Forests)၊ အပြည်ပြည်ဆိုင်ရာ အပူပိုင်းဒေသသစ်နှင့် ပတ်သက်သည့် အဖွဲ့ (၂၀၀၀ ခုနှစ်မှ ၂၀၀၂ ခုနှစ်အထိ)။

(ည) မြန်မာနိုင်ငံ၏ စီးပွားရေးအရ အရေးပါသည့် အချို့သောဝါးမျိုးများကို မူရင်းဒေသ ပြင်ပတွင် ထိန်းသိမ်းကာကွယ်ခြင်းလုပ်ငန်းစီမံကိန်း (Ex-Situ Conservation of Some important Commercial Bamboo Species of Myanmar)၊ မလေးရှားနိုင်ငံ၊ အာရှပစိဖိတ် ဒေသဆိုင်ရာရုံး၊ နိုင်ငံတကာအပင်မျိုးရိုး ဗီဇသယံဇာတဌာန (International Plant Genetic Resources Institute- IPGRI) (၂၀၀၀ ခုနှစ်မှ ၂၀၀၂ ခုနှစ်အထိ)။

(ဋ) ထာဝစဉ်ဖွံ့ဖြိုးတိုးတက်စေမည့် သစ်တောစီမံအုပ်ချုပ်မှု၌ ပြည်သူများတက်ကြွစွာ ပါဝင်သောဝါးအသုံးပြုမှု မြှင့်တင်ရေးလုပ်ငန်းစီမံကိန်း (Promoting Sustainable Utilization of Bamboo through Community Participation in Sustainable Forest Management)၊ အပြည်ပြည်ဆိုင်ရာ အပူပိုင်းဒေသ သစ်နှင့်ပတ်သက်သည့်အဖွဲ့ (၂၀၀၃ ခုနှစ်မှ–၂၀၀၇ ခုနှစ်ထိ)။

(ဌ) မြန်မာ့လူသုံးနည်းသစ်မျိုးများ ကမ္ဘာ့စျေးကွက်၌ တွင်ကျယ်လာစေရေးစီမံကိန်း (Introducing Myanmar's Lesser-used Timber Species to the World Market)၊ အပြည်ပြည်ဆိုင်ရာ အပူပိုင်းဒေသသစ်နှင့် ပတ်သက်သည့်အဖွဲ့ (၁၉၉၇ ခုနှစ်မှ ၂၀၀၀ ပြည့်နှစ်အထိ)။


(ခ) မြန်မာနိုင်ငံအပူပိုင်းဒေသ အစုအဖွဲ့ပိုင်သစ်တော လုပ်ငန်းသင်တန်းနှင့် တိုးချဲ့ပညာပေးရေး လုပ်ငန်း စီမံကိန်း (Community Forestry Training and Extension Project in Dry Zone)၊ ကျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (၂၀၀၂ မှ ၂၀၀၆ ခုနှစ်ထိ)။

(ဃ) မျိုးသုဉ်းရန် အန္တရာယ်ရှိသည့် မြန်မာ့တောဆင်ရိုင်းများ ထိန်းသိမ်းကာကွယ်စောင့်ရှောက် ရေး လုပ်ငန်းစီမံကိန်း (Endangered Myanmar Wild Elephant Conservation Project)၊ အမေရိကန်ပြည်ထောင်စုအခြေစိုက် အမျိုးသား ငါးနှင့် တောရိုင်း တိရစ္ဆာန် ဖောင်ဒေးရှင်း (National Fish and Wildlife Foundation - NFWF) (၂၀၀၁ မှ ၂၀၀၃ ခုနှစ်ထိ)။

(င) မြန်မာနိုင်ငံ ဆေးဖက်ဝင်အပင်များ၏ အသုံးဝင်ပုံကို ဓါတုဗေဒနည်းဖြင့် ခွဲခြမ်းစိတ်ဖြာ သုတေသနလုပ်ငန်းစီမံကိန်း (Myanmar Japanese Cooperative Inventory and Research program of the Herbal Plants of Myanmar)၊ ကျပန်နိုင်ငံ၊ မာကီနိုရုက္ခဗေဒဥယျာဉ် (၂၀၀၂ မှ ၁၂/၂၀၀၄ ခုနှစ်ထိ)။

(စ) သစ်တောများ ထာဝစဉ်တည်တံ့ ဖွံ့ဖြိုးရေး အုပ်ချုပ်လုပ်ကိုင်မှုနှင့် ဒေသခံပြည်သူများ၏ သစ်တောသယံဇာတ သုံးစွဲမှုသုတေသနလုပ်ငန်း (Sustainable Forest Management and indigenous uses of Forest Resources in Myanmar) ၊ ကျပန်နိုင်ငံ သိပ္ပံပညာတိုးတက်ရေးနှင့် လူမှုရေးအဖွဲ့ (၁၁/၂၀၀၁ မှ ၃/၂၀၀၄ ခုနှစ်ထိ)။

(ဆ) ဧရာဝတီ မြစ်ဝကျွန်းပေါ်ဒေသတွင် ပြည်သူ ပူးပေါင်းမှုဖြင့် ဒီရေတောများ ဘက်စုံထိန်း သိမ်း အုပ်ချုပ်မှုကို လေ့လာသည့်စီမံကိန်း (The Study on Integrated Mangrove Management through Community Participation in the Ayeyarwady Delta)၊ ကျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (၂၀၀၃ခုနှစ် မှ ၁/၂၀၀၄ ခုနှစ်ထိ)။



သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ဖိလစ်ပိုင်နိုင်ငံ
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေးစဉ်(၃.၅.၂၀၀၅)



သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်
အိန္ဒိယနိုင်ငံသံအမတ်ကြီးနှင့် တွေ့ဆုံဆွေးနွေးစဉ်(၂၆-၉-၂၀၀၅)

အာရှနှင့်ပစိဖိတ် ဒေသဆိုင်ရာ ကျွန်းသတင်းဌာန (Teaknet Asia-Pacific Region)[၁၆၃]

၆၉၅။ ၁၉၉၅ ခုနှစ်၊ မေလ ၂၉ ရက်မှ ဇွန်လ ၃ရက်နေ့အထိ သစ်တောရေးရာဝန်ကြီးဌာနနှင့် FAO လက်အောက်ခံ အဖွဲ့အစည်းများ ဖြစ်သော FORTIP, FORSPA, STRAP, RAP တို့၏ ပူးပေါင်းစီစဉ်မှုဖြင့် Second Regional Seminar on Teak ကိုရန်ကုန်မြို့တွင်ကျင်းပခဲ့သည်။ ယင်းအစည်းအဝေးတွင် ဆွေးနွေးသဘော တူညီချက်အရ အာရှပစိဖိတ်ဒေသဆိုင်ရာ ကျွန်းနှင့်ပတ်သက်သည့် သုတေသနနှင့် သတင်းကွန် ယက်စနစ် Teaknet Asia Pacific Region ကို ဖွဲ့စည်းခဲ့ပြီး ၁၉၉၅ ခုနှစ်၊ ဇွန်လတွင် အင်းစိန် အနောက်ကြီးကုန်း သစ်တောဦးစီး ဌာနရုံးချုပ်၌ Teaknet Center ရုံးကို ဖွင့်လှစ်ခဲ့သည်။ Teaknet Asia Pacific Region တွင် တရုတ်၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ မလေးရှား၊ ထိုင်းနှင့် မြန်မာနိုင်ငံတို့ပါဝင်သည်။ အဖွဲ့ဝင်နိုင်ငံများအကြား ကျွန်းသစ် မျိုးကောင်းမျိုးသန့်ပြန့်ပွားရေး၊ ပြုစုပျိုးထောင်ရေး၊ စီမံ အုပ်ချုပ်ရေးနှင့် ထုတ်လုပ် ရောင်းဝယ်ခြင်း ဆိုင်ရာနယ်ပယ်များတွင် နည်းပညာ သတင်းအချက်အလက် များ ဖလှယ်နိုင်ရန်နှင့် သုတေသန လုပ်ငန်း များကို ပူးပေါင်းဆောင်ရွက်ရန်ဖြစ်သည်။

၆၉၆။ ၁၉၉၅ ခုနှစ်တွင် Teaknet နှင့်ပတ်သက်သည့် စာအုပ်ငယ် Brochure ကိုစတင်ဖြန့်ဝေခဲ့သည်။ သတင်းလွှာ (Newsletter) စာစောင်များကိုပုံနှိပ်၍ အသင်းဝင်များအား ဖြန့်ဝေပေးခဲ့ရာ စာစောင်အမှတ်စဉ် ၃၃ အထိ ထုတ်ဝေခဲ့ပြီးဖြစ်ပါသည်။ ထို့ပြင် ကျွန်းနှင့်ပတ်သက်သည့် မြန်မာနိုင်ငံမှ ပြည်ပသို့တင်ပို့သည့် သစ်လုံးစျေးများ၊ ခွဲသားစျေးများ၊ နှစ်စဉ်ပြည်ပတင်ပို့သည့် သစ်လုံးနှင့်ခွဲသား အခြေအနေ၊ ကမ္ဘာအနှံ့ရှိ ကျွန်းသစ်နှင့်သက်ဆိုင်သည့် ကျွမ်းကျင်သူများစာရင်းနှင့် အချက်အလက်များကို ကွန်ပျူတာစနစ်ဖြင့် ထည့်သွင်းသိမ်းဆည်းထားသည်။

၆၉၇။ Teaknet Asia Pacific Region မှ ကြီးမှူး၍ ဒေသတွင်းအစည်းအဝေးများကျင်းပခဲ့ရာ ၁၉၉၉ ခု နှစ်၊ ဇန်နဝါရီလ ၂၆ ရက်မှ ၂၉ ရက်အထိ ချင်းမိုင်တက္ကသိုလ်နှင့် FORSPA တို့နှင့် ပူးပေါင်းပြီး "Site, Technology and Productivity of Teak Plantation" ဆွေးနွေးပွဲ အစည်းအဝေးကို ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့တွင်ကျင်းပနိုင်ပြီး ၂၀၀၀ ပြည့်နှစ်၊ ဇူလိုင်လ ၃၁ ရက် မှသြဂုတ်လ ၅ ရက်အထိ၊ Gadjah Mada University, Perum Perhutani သစ်တောအဖွဲ့အစည်းနှင့် ပူးပေါင်းပြီး "Third Regional Seminar on Teak ကို အင်ဒိုနီးရှားနိုင်ငံ၊ ဂျော့ဂျာကာတာ(Yogyakata) မြို့တွင်ကျင်းပနိုင်ခဲ့သည်။ နောက်ပိုင်းတွင် ရံပုံငွေအခက်အခဲကြောင့် အစည်းအဝေးများ ထပ်မံကျင်းပခြင်း မပြုနိုင်တော့ပေ။

---

[၁၆၃] ဒေသဆိုင်ရာကျွန်းသတင်းဌာန၊(Teaknet Asia - Pacific Region)

သစ်တောရေးရာဝန်ကြီးဌာန၏မျက်မှောက်ကာလထင်ရှားသည့် ဆောင်ရွက်မှုများ

တိုင်းကျိုးပြည်ပြုဆောင်ရွက်ချက်များ[၁၆၄]

၆၉၈။ ဆိုရှယ်လစ် စီးပွားရေးစနစ်ကို အပြီးတိုင် ရပ်ဆိုင်းပြီး နိုင်ငံတော်၏စီးပွားရေးကို ဈေးကွက်စီးပွားရေးစနစ် ဖြင့် စတင် အကောင် အထည်ဖော်ခဲ့စဉ် ၁၉၈၉ ခုနှစ်ဝန်းကျင်ကာလများတွင် နိုင်ငံတော်၏ နိုင်ငံခြားငွေ ကြွပ်တည်းမှုများအပေါ် သစ်တောရေးရာဝန်ကြီးဌာနမှ တတ်နိုင်သည့်ဖက်မှ ကူညီပံ့ပိုးပေးခဲ့သည်။ ရန်ကုန်မြို့တွင်း ခရီး သွားလာမှုအဆင်ပြေစေရန် ဒေဝူး၊ ဟီးနိုးဘတ်(စ်) ကားအစီး ၅၀၀ ခန့် ဝယ်ယူတင်သွင်းပေးခြင်း၊ ရုပ်ရှင် ဖလင်များ ဝယ်ယူတင်သွင်းပေးခြင်း၊ မြန်မာ့ရုပ်မြင် သံကြားအတွက် ဗွီဒီယိုကင်မရာများ၊ အပိုပစ္စည်းများ ဝယ်ယူပေးခဲ့ခြင်း၊ ရွှေတန်းရောက် တပ်မတော်သားများကို ရိက္ခာများ ပံ့ပိုးပေးခြင်း၊ ရွှေတိဂုံဘုရား အနောက်ဘက်စောင်းတန်းတွင် ရွှေလျားစက်လှေခါး တပ်ဆင်ပေးခြင်းနှင့် တပ်မတော်ခန်းမကို ပြုပြင်မွမ်းမံခြင်းတို့ကို ဆောင်ရွက်ပေးခဲ့သည်။

၆၉၉။ ၁၉၈၈–၈၉ ခုနှစ်မှ ၁၉၉၀–၉၁ ခုနှစ်အတွင်း ပြည်သူ့ဥယျာဉ်၊ တော်လှန်ရေးပန်းခြံ၊ သူရဲကောင်းစစ်သည်ဗိမာန်များမွမ်းမံတည်ဆောက်ရေးလုပ်ငန်းများ၌ အပင်ကြီး၊ အပင်ငယ်များ စိုက်ပျိုးခြင်းနှင့် ထိန်းသိမ်းခြင်း၊ စခန်းရုံးများတည်ဆောက်ခြင်း၊ စမ်းရေအိုင်တည်ဆောက်ခြင်း၊ နားနေဆောင်များတည်ဆောက်ခြင်း၊ ပြည်ထောင်စုအေးရိပ်ငြိမ်တွင် သစ်နမူနာများနှင့် သစ်တောဌာနဆိုင်ရာ ပြကွက်များ ပြသခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့သည်။

IBC အဆောက်အဦနှင့် MTTC အဆောက်အဦ[၁၆၅]

၇၀၀။ ရန်ကုန်မြို့ ပြည်လမ်းပေါ်ရှိ ခေတ်မီဗိသုကာလက်ရာဖြင့် အပြည်ပြည်ဆိုင်ရာ စီးပွားရေးဗဟို အဆောက်အအုံတစ်ခု (International Bussiness Centre-IBC) ကိုလည်းတည်ဆောက်ပေးခဲ့သည်။



International Bussiness Centre **အဆောက်အဦပုံ**

---

[၁၆၄] ကျွန်တော်မြန်မာသစ်တောသမားနှင့် လက်ရွေးစင်ဆောင်းပါးများ – ရဲမြင့် (သစ်တော)

[၁၆၅] ကျွန်တော်မြန်မာသစ်တောသမားနှင့် လက်ရွေးစင်ဆောင်းပါးများ – ရဲမြင့် (သစ်တော)

၇၀၁။ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ် ရွှေတောင်ကြားလမ်းရှိ မြန်မာ့သစ်လုပ်ငန်းပိုင် မူလအဆောက်အဦ အဟောင်းနေရာတွင် ခေတ်မီဗဟုသုကာပုံစံဖြင့် အဆင့်မြင့်သည့် မြန်မာ့သစ်လုပ်ငန်းကုန်သွယ်မှု ဗဟိုဌာန (Myanmar Timber Trade Centre-MTTC) ကိုသစ်တောရေးရာဝန်ကြီးဌာန အစီအစဉ်ဖြင့် ပြန်လည် တည်ဆောက်ခဲ့သည်။ အဆိုပါအဆောက်အဦများတွင် သစ်တောရေးရာဝန်ကြီးဌာနဆိုင်ရာ အစည်း အဝေးများ၊ နိုင်ငံတော်အဆင့် အခမ်းအနားနှင့်ပြပွဲများကို ခမ်းနားထည်ဝါစွာ အဆင့်အတန်း မြင့်မြင့် ကျင်းပပြုလုပ်နိုင်ခဲ့သည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေး[၁၆၆]

၇၀၂။ နိုင်ငံတော်ငြိမ်ဝပ် ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုကို ဘက်စုံဒေါင့်စုံမှ ဆောင်ရွက်ခဲ့သည့်အားလျော်စွာ ၁၉၈၉ ခုနှစ်တွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေး လုပ်ငန်းများကိုဆောင်ရွက်နိုင်ရန် လုပ်ငန်းကော်မတီဖွဲ့စည်း၍ စတင်ဆောင်ရွက်ခဲ့သည်။ လုပ်ငန်းများ အား ပိုမိုစနစ်တကျ ဆောင်ရွက်နိုင် ရန် ၁၉၉၂ ခုနှစ်တွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုး တိုးတက်ရေးဝန်ကြီးဌာနကို ဖွဲ့စည်းခဲ့သည်။

၇၀၃။ သစ်တောရေးရာဝန်ကြီးဌာနအနေဖြင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေး လုပ်ငန်းများတွင် ၁၉၈၉ ခုနှစ်မှ ၂၀၀၄ ခုနှစ်အထိ စီးပွားရေးစိုက်ခင်းအဖြစ် ပျိုးပင် ၆.၈၂ သန်းနှင့် ကုန်ကျငွေကျပ် ၁၇.၇၉ သန်းကိုလည်းကောင်း၊ ကျေးရွာသုံးစိုက်ခင်းအနေဖြင့် ပျိုးပင်ပေါင်း ၁၃.၉၁ သန်း၊ ကုန်ကျငွေကျပ် ၄၁.၇၃ သန်းကိုလည်းကောင်း၊ သစ်ပင်ပွဲတော်ဖြန့်ချိခြင်းအနေဖြင့် ပျိုးပင်ပေါင်း ၃.၅၁ သန်း၊ ကုန်ကျငွေကျပ် ၉.၁၃ သိန်း ကျခံသုံးစွဲခဲ့သည်။

အမျိုးသားကန်တော်ကြီးဥယျာဉ်အား အဆင့်မြင့်တည်ဆောက်ခြင်း[၁၆၇]

၇၀၄။ မန္တလေးတိုင်း၊ ပြင်ဦးလွင်မြို့နယ်တွင် တည်ရှိပြီးယခင် ရုက္ခဗေဒဥယျာဉ်အား ၁၉၁၅ ခုနှစ်တွင် သစ်တောဌာန၊ သုတေသနဌာနမှ ရုက္ခဗေဒဥယျာဉ် လုပ်ငန်းတစိတ်တပိုင်းအား စတင်ဆောင်ရွက်ခဲ့ပြီး ၁၉၁၇ ခုနှစ်တွင် မြေနေရာတိုင်းတာ ရှင်းလင်းဆောင်ရွက်ခြင်းမှ အစပြုခဲ့သည်။ ဒေသမျိုးရင်း အပင် များ၊ ဆေးဖက်ဝင်အပင်များနှင့် အခြားရှားပါးသည့်အပင်များအား တစ်စုတစ်စည်းတည်း လေ့လာနိုင် ရန်နှင့် အပန်းဖြေနိုင်ရန်ရည်ရွယ်၍ ဧက ၃၀ ခန့်မှ စတင်ကာ အင်္ဂလန်နိုင်ငံရှိ ကျူးဥယျာဉ် (Kew Gardens) အား စံနမူနာယူ၍ တည်ထောင်ခဲ့ခြင်းဖြစ်သည်။ ၁၉၂၄ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်နေ့တွင် မေမြို့ ရုက္ခဗေဒဥယျာဉ်ကြိုးဝိုင်းအဖြစ် အမိန့်ထုတ်ပြန် သတ်မှတ်ခဲ့သည်။ ၁၉၉၉ ခုနှစ်တွင် ဧရိယာ တိုးချဲ့ခြင်းနှင့် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး ၂၀၀၁ ခုနှစ်၊ ဧပြီလ ၈ ရက်နေ့တွင် အမျိုးသားကန်တော်ကြီးဥယျာဉ်ဟု အမည်ပြောင်းလဲ၍ အခမ်းအနားဖြင့် ဖွင့်လှစ်ခဲ့သည်။ လက်ရှိ ၄၃၆.၉၆ ဧက ကျယ်ဝန်းပြီး ဧည့်သည်များတည်းခိုအနားယူရန် အဆောက်အဦများအပြင် နန်းမြင့်

[၁၆၆] စီမံကိန်းနှင့်စာရင်းအင်းဌာန၊ သစ်တောဦးစီးဌာန

[၁၆၇] သဘာဝဝန်းကျင်နှင့် သားငှက်ထိန်းသိမ်းရေးဌာန၊ သစ်တောဦးစီးဌာန

မျှော်စင်ကြီးကိုလည်းတည်ဆောက်ခဲ့သည်။ပြည်တွင်းပြည်ပရှားပါးတောရိုင်းတိရစ္ဆာန်၊သားငှက်၊သစ်ပင်ပန်းမန်များနှင့်ပြည်တွင်းသစ်ခွမျိုးများအပြင်ကမ္ဘာ့ရှားပါးစာရင်းဝင်သစ်ခွမျိုးများအားတိုးချဲ့စုဆောင်းခဲ့သည်။ အနာဃာတပန်းဖြေရေးသာမက ပညာရှင်များအား သုတေသနလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်နှင့်ပြည်သူအများဗဟုသုတရရှိရန်အလို့ငှာရည်ရွယ်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။အဆိုပါ ဥယျာဉ်တွင်–

(က) ပြည်တွင်းသစ်မာမျိုး ၄၈၂ မျိုး၊ ပြည်ပသစ်မာမျိုး ၆၇ မျိုး၊ ဝါးမျိုးစိတ် ၇၅ မျိုး။ ရှားပါးတိရစ္ဆာန် သားမင်း ၄ ကောင်၊ ပြည်တွင်းငှက်မျိုးပေါင်း ၁၃ မျိုး၊ ပြည်ပငှက်မျိုး ၁၆ မျိုး။

(ခ) ပြည်တွင်းပြည်ပပန်းမျိုး၂၁၀မျိုး၊ပြည်တွင်းသစ်ခွမျိုးပေါင်း၂၀၀မျိုး၊ကမ္ဘာ့ရှားပါးသစ်ခွမျိုး၆မျိုး။

(ဂ) ကျောက်ဖြစ်ရုပ်ကြွင်း
အင်ကြင်းကျောက်တိုင်ဥယျာဉ်။

(ဃ) သဘာဝ ရေထွက်၊ ရွှံနွံတောတွင်း လူသွားစင်္ကြန်သစ်သားလမ်း ၁,၀၆၀ ပေ၊ သဘာဝတောတွင်း လျှောက်လမ်း သစ်သားတံတား ၁,၀၁၀ ပေ။

(င) Club House နှင့်အဆင့်မီရေကူးကန်။

(စ) မြန်မာ့ရွက်လှပန်းဥယျာဉ်တို့ ထပ်မံတိုးချဲ့တည်ဆောက်ခဲ့သည်။



အမျိုးသားကန်တော်ကြီးဥယျာဉ်ရှိ နန်းမြင့်မျှော်စင်



အမျိုးသားကန်တော်ကြီးဥယျာဉ်အဆင့်မြှင့်တည်ဆောက်မှုအား
အတွင်းရေးမှူး(၁)၊ ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်



အမျိုးသားကာကွယ်တော်ကြီးဥယျာဉ်အတွင်း နိုင်ငံတော်အကြီးအကဲ
လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်





အမျိုးသားအထိမ်းအမှတ်ဥယျာဉ်သို့ နိုင်ငံတော်အကြီးအကဲ ရောက်ရှိစဉ်
ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇောင်မှ ရှင်းလင်းတင်ပြစဉ်

၇၀၅။ ပြင်ဦးလွင်မြို့၊ အမျိုးသားကန်တော်ကြီးဥယျာဉ်၊ ကန်တော်ကြီးအရှေ့ဘက် ၅၈ ဧကခန့် ကျယ်ဝန်းသောအမျိုးသားအထိမ်းအမှတ်ဥယျာဉ် (National Landmarks Garden) ကို ၂၀၀၅ ခုနှစ်မှ စတင်ကာသစ်တောရေးရာဝန်ကြီးဌာနမှ ဦးစီးဆောင်ရွက်ခဲ့သည်။ အဆိုပါဥယျာဉ်တွင် ပြည်နယ်/တိုင်း အလိုက် ကိုယ်စားပြုထင်ရှားသည့် သဘာဝ Landmarks များ၊ စေတီပုထိုးများ၊ လိုဏ်ဂူဘုရားများ၊ မန္တလေးမြန်းစံကျော် ရွှေနန်းတော်၊ ကျုံးနှင့်မြို့ရိုး၊ ရေနံမြေနှင့် ထင်ရှားသည့် အဆောက်အဦ ပုံစံငယ်များ ပါဝင်သည့်အပြင် ပြည်နယ်နှင့် တိုင်းအသီးသီးရှိ သစ်တောအမျိုးအစားများကို ကိုယ်စားပြုသည့် သစ်တော၊ သစ်ပင်နှင့် ဝါးပင် အမြောက်အများကိုလည်း သစ်တောဦးစီးဌာနမှ တာဝန်ယူစိုက်ပျိုးခဲ့သည်။

အမျိုးသားကန်တော်ကြီးဥယျာဉ် စိန်ရတုအထိမ်းအမှတ်အခမ်းအနား၊ အမျိုးသားအထိမ်းအမှတ်ဥယျာဉ် ဖွင့်ပွဲနှင့် ပန်းပွဲတော်ကျင်းပခြင်း

၇၀၆။ ၂၀၀၆ ခုနှစ်၊ ဒီဇင်ဘာလတွင် ပြင်ဦးလွင်မြို့၊ အမျိုးသားကန်တော်ကြီးဥယျာဉ် စိန်ရတု အထိမ်းအမှတ်အခမ်းအနား၊ အမျိုးသားအထိမ်းအမှတ်ဥယျာဉ် ဖွင့်ပွဲနှင့်ပန်းပွဲတော်အား သစ်တောရေးရာ ဝန်ကြီး ဌာနမှ ကြီးမှူးရှိကြီးကျယ် ခမ်းနားစွာကျင်းပခဲ့သည်။



အမျိုးသားကန်တော်ကြီးဥယျာဉ် စိန်ရတုအထိမ်းအမှတ်အခမ်းအနားကျင်းပနေပုံ



အမျိုးသားအထိမ်းအမှတ် ဥယျာဉ်ဖွင့်ပွဲအခမ်းအနားသို့
နိုင်ငံတော်အကြီးအကဲ တက်ရောက်ချီးမြှင့်စဉ်

၇၀၇။ အခမ်းအနားကိုစည်ကား သိုက်မြို့က်စွာ ကျင်းပနိုင်ရန်စိန်ရတု အထိမ်းအမှတ် အခမ်းအနား ကျင်းပရေး ဗဟို ကော်မတီ နာယက အဖြစ် သစ်တောရေး ရာဝန်ကြီးဌာန၊ ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင်မှ ဆောင်ရွက်ပြီးအခြားကော်မတီ အရပ်ရပ်များဖြင့် ဖွဲ့စည်း ဆောင်ရွက်ခဲ့ သည်။

၇၀၈။ အဆိုပါ စိန်ရတုအထိမ်းအမှတ် အခမ်းအနားဂုဏ်ပြု အစီအစဉ်များအဖြစ် မဂ္ဂင်း၊ လက်ကမ်း စာစောင်၊ ဂျာနယ်များ ထုတ်ဝေခဲ့သည်။လာရောက်ကြည့်ရှုသူ ပြည်သူများအား ရုပ်ရှင်၊ ဂီတနှင့် အနုပညာရှင်များမှ ဖျော်ဖြေတင်ဆက်ခဲ့ကြပြီး လာရောက်ကြည့်ရှုသူ ပရိတ်သတ်များမှာ မကြုံစဖူး မှတ်တမ်းတင်လောက်အောင်များပြားလှသည်။

ရန်ကုန်ကန်တော်ကြီးဥယျာဉ် (Central Forest Zone) ဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်း[၁၆၈]

၇၀၉။ ပြည်သူများအနာယူအပန်းဖြေရန်၊ မြို့တော်စိမ်းလန်းစိုပြည်သာယာလှပစေရန်၊ သဘာဝရေမြေ အရင်းအမြစ်များ ရေရှည်တည်တံ့ရန်နှင့် သဘာဝအခြေခံရှီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ရန်ကုန်ကန်တော်ကြီးဥယျာဉ် (Central Forest Zone) တွင်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ၂၀၀၃ ခုနှစ်မှစတင်၍ သစ်တောရေးရာဝန်ကြီးဌာနမှ လုပ်ငန်းကော်မတီတစ်ရပ် ဖွဲ့စည်းဆောင် ရွက်ခဲ့သည်။

၇၁၀။ ဧရိယာအကျယ်အဝန်း ၄၁.၁၆ ဧကရှိပြီး သစ်ပင်မျိုးပေါင်း ၁၀၈ မျိုး ၊ သစ်ပင်ပေါင်း ၁၅၀၀ ခန့်အား ပြုစုထိန်းသိမ်းထားရှိခြင်းအပြင် မြေယာရှုခင်းအလှပြုပြင်ခြင်း၊ ခေတ်မီ ရေ၊ မီးအလှများ ဆောင်ရွက်ခြင်းနှင့် သစ်ပင်ပန်းပင်များ တိုးချဲ့စိုက်ပျိုးထိန်းသိမ်းခြင်းလုပ်ငန်းဆောင်ရွက်ခဲ့ပြီး ၂၀၀၄ ခု နှစ်တွင် လုပ်ငန်းများ ပြီးစီးခဲ့သည်။

၇၁၁။ Central Forest Zone တွင် သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနအနေဖြင့် အဆင့်မြှင့် ပြုပြင်ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများမှာ–

(က) မြေယာရှုခင်းအလှပြုပြင်ခြင်း။

(ခ) Water Plaza ပြုလုပ်ခြင်း။

(ဂ) Water Fountain ပြုလုပ်ခြင်း။

(ဃ) Fountain Plaza ပြုလုပ်ခြင်း။

(င) ခြံစည်းရိုးသံပန်းကာရံခြင်း။

(စ) ပင်မဝင်ပေါက်အသစ်ပြုလုပ်ခြင်းနှင့်မြေဖို့ခြင်း။

(ဆ) **ဗိုလ်ချုပ်ကြေးရုပ်ဥယျာဉ်ပြုလုပ်ခြင်း**

(၁) အချင်း ၅ မီတာရှိ အဝိုင်းပုံ Water Fountain ပြုလုပ်ခြင်း။


(၂) အလျား ၈ မီတာ၊ အနံ ၅ မီတာရှိ ဘဲဥပုံ Water Fountain ပြုလုပ်ခြင်း။

(၃) Flower Bed ၂၆ ခုပြုလုပ်ခြင်း

---

[၁၆၈] သစ်တောဦးစီးဌာန၊ ရန်ကုန်တိုင်းအစီရင်ခံစာများကောက်နှုတ်ချက်

(ဇ) ခေတ်မီရေဖြန်းစနစ်ဖြင့် ရေဖြန်းခြင်း။
(ဈ) လျှပ်စစ်မီးအလှတပ်ဆင် ထွန်းညှိခြင်း။
(ည)ကြာကန် (Lotus Pond) ပြုလုပ်ခြင်းနှင့် ရေကန်ပတ်လည်ပန်းအလှစိုက်ပျိုးခြင်း။
(ဋ) သစ်ပင်များတွင် မြန်မာအမည်နှင့် ရုက္ခဗေဒအမည်ပါ Name Plate ရေးသားတပ်ဆင်ခြင်း။
(ဌ) စားသောက်ဆိုင် ၃ ဆိုင်တည်ဆောက်ခြင်း



ရန်ကုန် ကန်တော်ကြီးဥယျာဉ်အားတွေ့မြင်ရပုံ


မဟာပါသာဏလှိုဏ်ဂူတော်ဝန်းကျင်စိမ်းလန်းစိုပြည်သာယာလှပရေးဆောင်ရွက်ခြင်း

၇၁၂။ စတုတ္ထအကြိမ်မြောက် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံအား နိုင်ငံတကာအဆင့်မီ ကျင်းပနိုင်ရေးအတွက် ကမ္ဘာအေးကုန်းမြေ မဟာပါသဏလှိုဏ်ဂူတော်ဝန်းကျင် စိမ်းလန်းစိုပြည်သာယာလှပရေးလုပ်ငန်းများကို သစ်တောရေးရာဝန်ကြီးဌာနမှ ၂၀၀၃ ခုနှစ်၊ ဇူလိုင်လမှ ၂၀၀၄ ခုနှစ်၊ ဧပြီလအတွင်း စီမံချက်ချမှတ်ဆောင်ရွက်ခဲ့သည်။ မြေယာရှင်းအလှလုပ်ငန်းများအတွက် အပင်ကြီးရွှေပြောင်းစိုက်ပျိုးခြင်း ၄၄၃ ပင်၊ ဝါးမျိုးစုံ ၇၇ ပင်၊ ပွင့်ရာဇောဓိပင် ၁၅ ပင်၊ ရာသီအလိုက်ပွင့်သည့်အပင်များ၊ ပန်းအလှပင်များ စိုက်ပျိုးခဲ့ရာ သစ်ပင်အမျိုးပေါင်း ၂၁ မျိုး၊ ရွက်လှပန်းမျိုးများ ၆၄ မျိုး၊ နွယ်ပင်သစ်ပင်များ၊ ယာယီပန်းများ၊ ပျိုးဥယျာဉ်လုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

ရတနာဆင်ဖြူတော် ၃ စီးအား သယ်ဆောင်အပ်နှင်းပေးခြင်း[၁၆၉]


၇၁၃။ သမိုင်းအစဉ်အဆက် ရှေးမြန်မာမင်းများလက်ထက် ကာလများတွင် ဆင်ဖြူတော်များပေါ်ထွန်းခဲ့သည့်အစဉ်အလာများရှိခဲ့ပေသည်။ မျက်မှောက်ကာလ အချိန်အခါသမယတွင် ဆင်ဖြူတော်များထူးထူးခြားခြားပေါ်ထွန်းလာခဲ့ရာ သစ်တောရေးရာဝန်ကြီးဌာနက နိုင်ငံတော်အတွက် သယ်ဆောင် အပ်နှင်းခြင်းများ ဆောင်ရွက်ခဲ့ရသည်။

၇၁၄။ ၂၀၀၁ ခုနှစ်တွင် ရာဇဂဟသိရိပစ္စယဂရာဇာဘွဲ့အမည်ရရှိသည့် စွယ်စုံဆင်ထီးကြီးအား ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ်မှလည်းကောင်း၊ ၂၀၀၂ ခုနှစ်တွင် သိဂီမာလာဘွဲ့အမည်ရရှိသည့် ဆင်မတစ်စီးနှင့် ရတီမာလာဘွဲ့အမည်ရ ဆင်မတစ်စီးအား ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်မှလည်းကောင်း ရရှိဖွေတွေ့ရှိခဲ့ရာ သစ်တောရေးရာဝန်ကြီးဌာနမှ တာဝန်ယူသယ်ဆောင်ပေးခဲ့ရသည်။ အများပြည်သူများ ကြည့်ရှုနိုင်ရန် ရန်ကုန်မြို့၊ မင်းဓမ္မကုန်းတွင် အဆောင်အယောင် အပြည့်အစုံဖြင့်ထား ရှိ၍ သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ တိရစ္ဆာန်ဥယျာဉ်များဌာနမှ ထိန်းသိမ်းစောင့်ရှောက်မှုများ ဆောင်ရွက်လျက် ရှိသည်။




မင်းဓမ္မကုန်းတွင် အများပြည်သူ ကြည့်ရှုရန်ပြသထားသည့် ရတနာဆင်ဖြူတော် ရာဇဂဟသိရိပစ္စယဂရာဇာ

[၁၆၉] မြန်မာ့သစ်လုပ်ငန်း၊ သစ်ထုတ်ရေးဌာန



မင်းဓမ္မကုန်းတွင် အမျှားပြည်သူ ကြည့်ရှုရန်ပြသထားသည့် ရုတနာဆင်ဖြူတော်
သိင်္ဂီမာလာ



ပဲခူးရိုးမဖြတ်ကျော်လမ်းများဖောက်လုပ်ခြင်း[၁၇၀]

၇၁၅။ ဒေသခံပြည်သူများ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး ဒေသဖွံ့ဖြိုးတိုးတက်လာစေရေး အတွက် မြန်မာ့သစ်လုပ်ငန်းမှ အောက်ပါ ပဲခူးရိုးမဖြတ်ကျော်လမ်းကြီးနှစ်လမ်းအား ဖောက်လုပ်ခဲ့သည် –

(က) မြို့ချောင်း– စိန်ကန့်လန့်လမ်း။ မြို့ချောင်း–စိန်ကန့်လန့် လမ်းအား ၂၀၀၁ ခုနှစ်၊ ဧပြီလမှ စတင်ဖောက်လုပ်ခဲ့ပြီး ဆောက်လုပ်ရေး ဝန်ကြီးဌာနသို့ ၂၀၀၃ ခုနှစ်၊ ဒီဇင်ဘာလ တွင် လွှဲအပ်ခဲ့သည်။ ပဲခူးတိုင်း (အရှေ့) ကျောက်တံခါးမြို့နယ်၊ မြို့ချောင်းကျေးရွာမှ ပဲခူးတိုင်း (အနောက်) မင်းလှမြို့နယ် စိန်ကန့်လန့်ကျေးရွာအထိ (၇၀) မိုင် (၂) ဖာလုံ ရှည်လျားပြီး ၃၀ ပေအကျယ် မြေသားလမ်းဖြစ်ပြီး ကွန်ကရစ်ပြွန်တံတားများလည်း ပါဝင်သည်။

(ခ) သာဂရ–ကိုးပင်လမ်း။ သာဂရ–ကိုးပင်လမ်းအား ၂၀၀၁ ခုနှစ်၊ ဧပြီလမှစတင် ဖောက်လုပ် ပေးခဲ့ရာ ဆောက်လုပ်ရေး ဝန်ကြီးဌာနသို့ ၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလတွင် လွှဲအပ်ခဲ့သည်။ ပဲခူးတိုင်းအရှေ့ ရေတာရှည်မြို့နယ်၊ သာဂရကျေးရွာမှ မကွေးတိုင်း၊ ဆင်ပေါင်ဝဲမြို့နယ်၊ ကိုးပင် ကျေးရွာအထိ ၉၆ မိုင်၊ ၃ ဖာလုံ ရှည်လျားသည့် ၃၀ ပေ အကျယ် မြေသားလမ်းဖြစ်ပြီး တံတား ဆောက်လုပ်ခြင်းလုပ်ငန်းများပါ ဆောင် ရွက်ခဲ့သည်။

သစ်တောပြတိုက်တည်ဆောက်ဖွင့်လှစ်ခြင်း

၇၁၆။ သစ်တောပြတိုက်တည်ထောင်ရန် ၂၀၀၁ ခုနှစ်၊ ဩဂုတ်လ (၁၄) ရက်နေ့တွင် သစ်တောပြတိုက် ကြီးကြပ်မှုကော်မတီတစ်ရပ်ဖွဲ့စည်း၍ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အနောက်ကြို့ကုန်း၊ သစ်တောဦးစီး ဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံးဝင်းအတွင်း တည်ဆောက်ခဲ့ပြီး ၂၀၀၅ ခုနှစ်၊ ဇန်နဝါရီလ (၃) ရက်နေ့တွင် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ဖွင့်လှစ်ပေးခဲ့သည်။

၇၁၇။ ပင်မအဆောက်အဦမှာ ၁၅,၆၈၈ စတုရန်းပေ ကျယ်ဝန်းပြီး အမြင့် ၁၄ ပေရှိ တစ်ထပ်အဆောက်အဦ ဖြစ်ပြီး သစ်တောဦးစီးဌာန၊ အပူပိုင်းဒေသစိမ်းလန်း စိုပြည်ရေဦးစီးဌာန၊ မြန်မာ့သစ်လုပ်ငန်း၊ သစ်တော ဖက်စပ် ကော်ပိုရေးရှင်းအပြင် ပုဂ္ဂလိက သစ်လုပ်ငန်းရှင် များ၏ ထည့်ဝင်လှူဒါန်းငွေများဖြင့်မတည်၊ တည်ဆောက် ခဲ့ခြင်းဖြစ်သည်။

၇၁၈။ အများပြည်သူများအား သစ်တောနှင့်ပတ်သက်သည့် အသိပညာဗဟုသုတများတိုးပွားစေရန်၊ သစ်တောရေးရာဝန်ကြီးဌာနနှင့် ပတ်သက်သည့်သတင်းအချက်အလက်များ၊ သမိုင်းဝင်ပစ္စည်းများနှင့် ဓါတ်ပုံများအား တစ်နေရာတည်းတွင် လေ့လာနိုင်ရန်၊ သစ်တောလုပ်ငန်း ဆောင်ရွက်ချက်များနှင့်ပတ်သက် သည့် သမိုင်းဝင်ပစ္စည်းများ၊ အထောက်အထားစာရွက်စာတမ်းများ၊ ဓါတ်ပုံများအား အများပြည်သူများမှ

[၁၇၀] မြန်မာ့သစ်လုပ်ငန်း၊ သစ်ထုတ်ရေးဌာန

လူဒါန်းလာစေရန်၊ သစ်တောများ၏အရေးပါပုံကို ပြည်သူများသိရှိလာစေရန်နှင့် သစ်တော သယံဇာတများအား ထိန်းသိမ်းရေး၌ ပြည်သူများမှတစ်စွမ်းသမျှ ပါဝင်ကူညီလာစေရန်တို့အတွက် ရည်ရွယ် တည်ထောင်ထားခြင်းဖြစ်သည်။

၇၁၉။ ပြခန်းဆောင် ၄ ဆောင်ပါရှိပြီး သစ်တောစီမံအုပ်ချုပ်မှုဆိုင်ရာမှတ်တမ်းများ၊ အဖွဲ့အစည်းဆိုင်ရာ သမိုင်းဝင်မှတ်တမ်းများ၊ သစ်တောပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများ၊ သစ်နှင့် သစ်တောထွက်ပစ္စည်းများ၊ တောရိုင်းသတ္တဝါမျိုးစုံနှင့် ဇီဝမျိုးစုံ မျိုးကွဲများ၊ သဘာဝအခြေခံ ခရီးသွားလုပ်ငန်းများနှင့် သစ်ထုတ်လုပ်အသုံးချခြင်း ဆိုင်ရာပြခန်းများ ပါဝင်သည်။

လောကနန္ဒာဘေးမဲ့တောဥယျာဉ်

၇၂၀။ လောကနန္ဒာဘေးမဲ့တောဥယျာဉ်သည် ညောင်ဦးမြို့မှ ၇ မိုင်ကွာဝေးသော သီရိပစ္စယာကျေးရွာအနီး ဧရာဝတီမြစ်ကမ်းဘေးတွင်တည်ရှိပြီး ၁၀၇.၉၇ ဧက ကျယ်ဝန်းသည်။ အဆိုပါဥယျာဉ်၏ လက်အောက်တွင် ဇီးအိုသစ်လှအင်းကြင်းတောအား ပူးတွဲထားရှိသည်။ ယင်းအင်းကြင်းတောသည် ညောင်ဦးမြို့မှ ၁၅ မိုင်ကွာဝေးသော ဇီးအိုကျေးရွာ အနီး တည်ရှိပြီး ၄၀.၇၀ ဧက ကျယ်ဝန်းသည်။ ဇီးအိုသစ်လှအင်းကြင်းတောမှာ ကြိုးပြင်ကာကွယ်တောအဆင့်ဖြစ်ပြီး၊ ညောင်ဦးမြို့နယ် မြေသင်းတွင်း ကာကွယ်တောဧရိယာအတွင်း တည်ရှိသည်။

၇၂၁။ လောကနန္ဒာဘေးမဲ့တောဥယျာဉ်အား ၁၉၉၅ ခုနှစ်တွင် ကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ်ခဲ့ပြီး ၁၉၉၆ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်နေ့တွင် ဖွင့်လှစ်ခဲ့သည်။



သစ်တောပြတိုက်



ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဆောင် သစ်တောပြတိုက်အား လှိုက်လဲကြည့်ရှုနေပုံ

၇၂၂။ အဆိုပါဘေးမဲ့တောဥယျာဉ်အား ရှေးပုဂံခေတ်ကတည်းက တည်ရှိသည့် လောကနန္ဒာဥယျာဉ်ကို မူလအတိုင်း ပြန်လည်ဖြစ်ထွန်းလာစေရန်၊ ရှေးပုဂံခေတ်ကတည်းက တည်ရှိသည့် ရှေးဟောင်း အမွေအနှစ်များ ပြန်လည်ထိန်းသိမ်းရန်၊ အပူပိုင်းဒေသတွင် အဖိုးတန်သစ်မျိုး များဖြင့် နွေ၊ မိုး၊ ဆောင်း သုံးရာသီလုံးစိမ်းလန်းစိုပြည်သော အိုအေစစ်ကလေးတစ်ခု ဖြစ်လာစေရန်၊ အပူပိုင်းဒေသတွင် ကျက်စားသည့် သားငှက်တိရစ္ဆာန်များ ခိုလှုံရာဒေသအဖြစ် ဖန်တီးထူထောင်ရန်၊ သားငှက် တိရစ္ဆာန်များ နှင့် သစ်ပင်မျိုးစုံတို့အား လေ့လာနိုင်ရန် ပညာပေးဥယျာဉ်တစ်ခု ဖြစ်လာနိုင်စေရန်၊ သဘာဝအခြေခံ ခရီးသွားလုပ်ငန်းအဖြစ် ပြည်တွင်းပြည်ပမှ ဧည့်သည်များ ဝင်ရောက်နားခိုအပန်းဖြေ ဥယျာဉ်တစ်ခု ဖြစ်လာစေရန်၊ ပြည်သူလူထုတစ်ရပ်လုံး သစ်တောသစ်ပင်များကို ချစ်ခင်မြတ်နိုးသောစိတ် ပေါ်ပေါက် လာအောင် ပညာပေးဥယျာဉ်တစ်ခု ဖြစ်မြောက်စေရန်ရည်ရွယ်၍ တည်ထောင်ခဲ့ခြင်း ဖြစ်သည်။

၇၂၃။ ဥယျာဉ်အတွင်း ဆတ်၊ ဒရယ်၊ ဒေါင်း၊ တိန်ညင်ကြက်၊ ရစ်၊ ငန်းဘဲ၊ ကြိုးကြာ၊ မန်ဒါလီ၊ ကြယ်လိပ်၊ ကြက်တူရွေးနှင့် ကျေးကြွတ် စသည့်တိရစ္ဆာန်များ မွေးမြူထားသည်။ သဘာဝပေါက်ပင် နည်းပါးပြီး ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ သစ်ယာ၊ အင်ကြင်း၊ အခြား အပင်ကြီးများနှင့် ပန်းအလှပင်များစိုက်ပျိုးထားရှိသည်။ ဧီးအိုသစ်လှအင်ကြင်းတောတွင် သဘာဝ အလျောက်ပေါက်သော အင်ကြင်း၊ ပျဉ်းကတိုးနှင့် အခြားအပင်ကြီးများ ၂,၀၀၀ ကျော်ခန့်ရှိသည်။

၇၂၄။ ၁၉၉၉ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့မှစတင်၍ သဘာဝဝန်းကျင်နှင့်သားငှက်တိရစ္ဆာန် ထိန်းသိမ်းရေး ဌာနမှ တာဝန်ယူထိန်းသိမ်းခဲ့သည်။



လောကနန္ဒာဘေးမဲ့တောဥယျာဉ်



လောကနန္ဒာဘေးမဲ့တောဥယျာဉ်၏ လမ်းမကြီး ဝဲယာအလှ

မြန်မာ့ဆေးဘက်ဝင်အပင်များ သုတေသနလုပ်ငန်း

၇၂၅။ မြန်မာနိုင်ငံရှိ ဆေးဘက်ဝင်အပင်များအမည်မှန်ဖော်ထုတ်ရေးနှင့် အသုံးဝင်ပုံကို ဓာတုဗေဒနည်းဖြင့် ခွဲခြမ်းစိတ်ဖြာ သုတေသနလုပ်ငန်းစီမံချက်ကို ဂျပန်နိုင်ငံ The Kochi Prefectural Markino Botanical Garden နှင့်သစ်တောဦးစီးဌာနတို့ပူးပေါင်း၍ နား‌လည်မှုသဘောတူညီချက် ရေးထိုးပြီး ၂၀၀၂ ခုနှစ်မှ ၂၀၀၄ ခုနှစ်အထိ ဆောင်ရွက်ခဲ့သည်။ ဆက်လက်လုပ်ကိုင်ဆောင်ရွက်ရန် အတွက် MOA သက်တမ်းတိုးမြှင့်ရေးဆောင်ရွက်လျက်ရှိပြီး ပုပ္ပားတောင်ဥယျာဉ်၊ နတ်မတောင် အမျိုးသားဥယျာဉ်၊ အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်တို့တွင် သုတေသနလုပ်ငန်းများ ဆောင်ရွက် လျက်ရှိသည်။

၇၂၆။ **ပုပ္ပါးတောင်ဥယျာဉ်ပရဆေးစိုက်ခင်း။** ၁၉၉၇ ခုနှစ်တွင် ပုပ္ပားတောင်ဥယျာဉ် ပညာပေးပြခန်းရှိ ပရဆေးစိုက်ခင်းကို ထပ်မံတိုးချဲ့ စိုက်ပျိုးခဲ့သည်။ မူလမျိုးစိတ် ၃၄ မျိုးသာစိုက်ပျိုးထားရှိခဲ့ရာ ၁၉၉၇ ခုနှစ်မှ စတင်ပြီး တိုးချဲ့စိုက်ပျိုးခဲ့ရာ ၂၀၀၄ ခုနှစ်အထိ မျိုးစိတ်ပေါင်း ၃၅၀ မှ ၅၀၀ အထိ စုဆောင်းစိုက်ပျိုးနိုင်ခဲ့သည်။ အများပြည်သူများ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာပေးအနေဖြင့် လည်းကောင်း၊ ဘာသာရပ်ဆိုင်ရာပညာရှင်များ သုတေသန ဆောင်ရွက်နိုင်ရန်လည်းကောင်း ရည်ရွယ်သည်။

ကြယ်လိပ်မွေးမြူရေးလုပ်ငန်း

၇၂၇။ မြန်မာ့ကြယ်လိပ် (*Geochelone platynota*) သည် မြန်မာနိုင်ငံအတွင်း၌သာ တွေ့နိုင်သည့် Endemic မျိုးစိတ်ဖြစ်ပြီး ၄င်းတို့ကို တောထဲမှဖမ်းဆီး၍ တရားမဝင်ကူးသန်းရောင်းဝယ်မှု များကြောင့် မျိုးသုဉ်းရန်အန္တရာယ်ကျရောက်နေပြီဖြစ်သည့်အတွက် Ex-situ Conservation အနေဖြင့် ယင်းတို့၏ နေရင်းဒေသများဖြစ်သော ရွှေစက်တော် တောရိုင်းတိရစ္ဆာန် ဘေးမဲ့တော၊ မင်းစုံတောင် တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောနှင့် လောကနန္ဒာဘေးမဲ့တောဥယျာဉ်တို့တွင် မွေးမြူထားရှိခဲ့သည်။ ထို့ပြင် ၂၀၀၃ ခုနှစ် ဒီဇင်ဘာလမှ စတင်၍ ဧရာဝတီကုမ္ပဏီသို့လည်း တရားဝင် မွေးမြူ ရောင်းချ ခွင့်ပြုခဲ့ခြင်းဖြင့် ပေါက်ပွားလာသောအကောင်များအနက် မျိုးမသုဉ်းစေရန် အချို့ကို နေရင်း ဒေသသို့ပြန်လွှတ်ခြင်း အစီအမံများအပြင် နိုင်ငံတော်အတွက်လည်း နိုင်ငံခြားငွေ ရရှိစေခဲ့သည်။



မင်းစုံတောင်ဘေးမဲ့တောတွင် ကြယ်လိပ်မွေးမြူထားမှုအား ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဆောင်စစ်ဆေးနေပုံ

၇၂၈။ ပုဂ္ဂလိကကုမ္ပဏီများမှ ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် သစ်တောရေးရာဝန်ကြီးဌာန၏ ခွင့်ပြုချက်အရ သစ်တောဦးစီးဌာနနှင့် ဧရာဝတီကုမ္ပဏီတို့ နှစ်ဦးသဘောတူစာချုပ်ချုပ်ဆိုပြီး ဌာန၏ကြီးကြပ်မှု ဖြင့် ၂၀၀၀ ခုနှစ်၊ ဒီဇင်ဘာလမှစတင်၍ ညောင်ဦးမြို့နယ်၊ ရွှေပုံတောင်မွေးမြူရေးခြံတွင် အထီး ၅၁ ကောင်၊ အမ ၇၅ ကောင်ဖြင့် စတင်မွေးမြူခဲ့သည်။ ဧရာဝတီကုမ္ပဏီ၏ ကြယ်လိပ်မွေးမြူရေးနှင့်ပတ်သက်ပြီး သက်ဆိုင်ရာ သစ်တောဦးစီးဌာနနှင့် သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ဘေးမဲ့တောဌာနမှ ကြီးကြပ်စစ်ဆေးခြင်းများဆောင်ရွက်သည်။

ဂျာနယ်နှင့်မဂ္ဂဇင်းများထုတ်ဝေခြင်း[၁၇၁]

၇၂၉။ သစ်တောရေးရာဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များ၊ သစ်တောနှင့်ပတ်သက်သည့် အသိပညာဗဟုသုတများ ပြည်တွင်း/ပြည်ပမှ သိရှိပြန့်ပွားစေရန် စာနယ်ဇင်းအမျိုးမျိုးအား ထုတ်ဝေဖြန့်ချိခဲ့သည် –

---

[၁၇၁] တိုးချဲ့ပညာပေးရေးဌာန၊ သစ်တောဦးစီးဌာန

(က) **သစ်တောသတင်းလွှာ**။ သစ်တောသတင်းလွှာအား သစ်တောဦးစီးဌာနမှ တာဝန်ယူ လျက် ၁၉၉၈ ခုနှစ်၊ ဇူလိုင်လမှ စတင်၍ နှစ်လတစ်ကြိမ် ထုတ်ဝေပြီး ၂၀၀၄ ခုနှစ်၊ ဇူလိုင်လတွင် ရပ်ဆိုင်း ခဲ့သည်။

(ခ) **သစ်တောရေးရာဂျာနယ်**။ ၂၀၀၄ ခုနှစ်၊ ဩဂုတ်လမှစတင်၍ သစ်တောရေးရာဂျာနယ်အား နှစ်လတစ်ကြိမ် (၂၀၀၇–ခုနှစ် ဇန်နဝါရီမှ စတင်၍ တစ်လတစ်ကြိမ်)ဆက်လက်ထုတ် ဝေလျက်ရှိသည်။

(ဂ) **Myanmar Forestry Journal**။ ၁၉၉၉ ခုနှစ်မှစတင်၍ ၃ လ တစ်ကြိမ် ထုတ်ဝေ သည့် ဂျာနယ် ဖြစ်ပြီး ဦးစိန်မောင်ဝင့် (အငြိမ်စား)ညွှန်ကြားရေးမှူးချုပ်) မှ အယ်ဒီတာအဖြစ် ဆောင်ရွက် ခဲ့သည်။ ပထမဦးစွာ မြန်မာပြည်တွင် ပုံနှိပ်ထုတ်ဝေ၍ နောက်ပိုင်း ထိုင်းနိုင်ငံတွင် ပုံနှိပ်ခဲ့သည်။ ၃ အုပ်မြောက်ထုတ်ဝေပြီး နိုင်ငံခြားကုမ္ပဏီ တစ်ခုနှင့် ဖက်စပ်ထုတ်ဝေခဲ့သည်။ နောက်ပိုင်းတွင် ထုတ်ဝေသူအမျိုးမျိုးပြောင်းလဲ၍ ပုံမှန်ထုတ် ဝေ နိုင်ခြင်းမရှိခဲ့ပေ။

(ဃ) **ရတနာသစ်မဂ္ဂဇင်း**။ သစ်တောဦးစီးဌာနမှ တာဝန်ယူ၍ ရတနာသစ်မြန်မာမဂ္ဂဇင်း ထုတ်ဝေခဲ့ပြီး ဦးဝင်းတင်(သတင်းစဉ်အယ်ဒီတာချုပ်) မှ အယ်ဒီတာချုပ် အဖြစ် စတင်ဆောင်ရွက် ခဲ့သည်။ နောက်ပိုင်းတွင် ဦးဝင်းတင်မှ တာဝန်ယူ ထုတ်ဝေခဲ့သည်။ ၁၉၉၇ ခုနှစ်မှစတင်၍ သစ်တော ဦးစီးဌာနမှ ပြန်လည်တာဝန်ယူ၍ စိမ်းရောင်လွင် မဂ္ဂဇင်းအဖြစ် ထပ်မံထုတ်ဝေခဲ့သည်။ ၂၀၀၃ ခုနှစ်အထိ ထုတ်ဝေသူ အမျိုးမျိုး၊ စနစ်အမျိုးမျိုးပြောင်းလဲထုတ်ဝေခဲ့ပြီးနောက် ဆက်လက်ထုတ်ဝေ နိုင်ခြင်း မရှိတော့ပေ။

မြန်မာ့သစ်ပင်မျိုးများ၏ မျိုးစိတ်စာရင်းမှတ်တမ်းများပြုစုခြင်း[၁၇၂]

၇၃၀။ မြန်မာပြည်၌ပေါက်ရောက်သော သစ်ပင်မျိုးများ၏ မျိုးစိတ်စာရင်းမှတ်တမ်းများနှင့်ပတ်သက်၍ ခေတ်အဆက်ဆက်စာရင်းကောက်ယူပြုစုခဲ့သည်။ ၂၀၀၃ ခုနှစ်တွင် ပဉ္စမအကြိမ်မြောက် စာရင်းမှတ် တမ်း ပြုစုချက်အရ မြန်မာပြည်ရှိသစ်ပင် Species ပေါင်း ၁၁,၈၀၀ အား မှတ်တမ်းတင် စာရင်း ပြုစုပြီး ဖြစ်သည်။ ပြုစုဆောင်ရွက်ခဲ့မှုအား အောက်ပါအတိုင်း နှိုင်းယှဉ်ဖော်ပြအပ်ပေသည် –

(က) The First Edition - 1912 by J. H. Lace

"List of Trees, Shrubs, Herbs and Principal Climbers, etc." recorded from Burma.
The number of species – 2,483

(ခ) The Second Edition - 1921 by A.Rodger

The number of species – 2,927

(ဂ) The Third Edition - 1957 by H. G. Hundley and U Chit Ko Ko

The number of species – about 7, 000

---

[၁၇၂] သစ်တောသုတေသနဌာန၊ သစ်တောဦးစီးဌာန

(ဃ) The Fourth Edition - 1987 by H. G. Hundley
The number of species – 7,050 species, 285 families, 2,254 genera

(င) The Fifth Edition - 2003 by W. John Kress, Robert A. Defilipps, Ellen Farr, Yin Yin Kyi "A Checklist of the Trees, Shrubs, Herbs and Climbers of Myanmar"
The number of species – above 11,800 species, 273 families, 2,371 genera

တန်ဖိုးနည်းလုံးချင်းအိမ်ရာများ

၇၃၁။ အလုံမြို့နယ်ရှိ သစ်တောရေးရာဝန်ကြီးဌာန၊ မြန်မာ့သစ်လုပ်ငန်း (ရုံးချုပ်) ဝင်းအတွင်း ကျေးလက်နေပြည်သူများအတွက် နမူနာအနေဖြင့် တန်ဖိုးနည်းလုံးချင်းအိမ်ရာများကို ၂၀၀၃ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက်နေ့မှ ရက်သတ္တပတ် ၂ ပတ်ကြာမျှ ဆောက်လုပ်ပြသထားသည်။

၇၃၂။ ပြသသည့် တိုင်းရင်းသားဆောက်လုပ်ရေး လုပ်ငန်းရှင်များမှာ ဒဂုံတင်းဘားလီမိတက်၊ Win & Win Company၊ အေရှားဝေါ(လ်)ကုမ္ပဏီ၊ ကောင်းမြတ်ကုမ္ပဏီ၊ တင်ဝင်းထွန်းကုမ္ပဏီ၊ Central Marketing Com., Ltd., Trading Enterprise Limited၊ ထူးထရေးဒင်းကုမ္ပဏီလီမိတက်နှင့် စစ်ကိုင်းတိုင်း၊ မြန်မာ့သစ်လုပ်ငန်းတို့ဖြစ်ကြသည်။

၇၃၃။ ကျေးလက်နေပြည်သူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်အင်အားဖြင့် သင့်တင့်သပ်ရပ်သည့် အိမ်တစ်လုံးဆောက်လုပ်ရန် အခက်အခဲရှိ၍ ကျေးလက်ဒေသနေပြည်သူများ၏ လူနေမှုအဆင့် မြှင့်တင်ပေးသည့်အနေဖြင့် တန်ဖိုးနည်းအိမ်ရာများ ဆောက်လုပ်ပေးရခြင်းဖြစ်သည်။

၇၃၄။ ပြည်နယ်နှင့်တိုင်းဒေသအသီးသီး၏ အခြေအနေနှင့်လိုက်ဖက်သည့် တန်ဖိုးနည်း လုံးချင်း အိမ်ရာ ၁၄ မျိုးကို တိုင်းရင်းသားဆောက်လုပ်ရေးလုပ်ငန်းရှင်များက အကျိုးအမြတ်လုံးဝရယူခြင်းမရှိဘဲ ကျေးလက်နေပြည်သူများ နေရေးဘဝအဆင့်ပြေစေရေးအတွက် မွန်မြတ်သောစေတနာဖြင့် ဒေသအလိုက် တာဝန်ခွဲဝေ ဆောက်လုပ်ပေးသွားမည်ဖြစ်သည်။

၇၃၅။ တန်ဖိုးနည်းလုံးချင်းအိမ်ရာများတွင် အသုံးပြုမည့်သစ်ကို နိုင်ငံတော်၏စီမံခန့်ခွဲမှုဖြင့် သစ်တောရေးရာဝန်ကြီးဌာနက ထုတ်လုပ်ပေးမည်ဖြစ်သည်။ တိုင်းရင်းသားဆောက်လုပ်ရေး လုပ်ငန်းရှင်များက တည်ဆောက်မည့် တန်ဖိုးနည်းလုံးချင်းအိမ်ရာများမှာ ပုံစံအမျိုးအစားအလိုက် တန်ဖိုးအားဖြင့် အမိုးမပါ အနည်းဆုံးငွေကျပ် ၁၅၈,၀၀၀ နှင့် အများဆုံးငွေကျပ် ၂၇၃,၀၀၀ ဖြစ်သည်။



လူသုံးနည်းသစ်မျိုးဖြင့် ဆောက်လုပ်ထားသောတန်ဘိုးနည်းအိမ်ရာ

ကျွန်းသစ်ရောင်းချမှု ထူးခြားမှတ်တိုင်[၁၇၃]

၇၃၆။ မြန်မာ့ကျွန်းသစ်ကို ပြည်ပသို့ တင်ပို့ရောင်းချရာတွင် ဗျက် ၁၀ လက်မပတ်လည်နှင့်အထက် ပေအရှည် ၁၀ ပေနှင့်အထက်ဟူ၍ရောင်းချသည်။ ၁၉၉၄ ခုနှစ်ကုန်ပိုင်းတွင် ဆော်ဒီအာရေဗျနိုင်ငံ၊ မက္ကာဗလီ စာကြည့်တိုက်ဆောက်လုပ်ရန်အတွက် ဒုသစ်တစ်လုံးချင်း၏ ပေအရှည်မှာ ပေ ၄၀ မှ ၄၃ ပေ အထိရှိသည့် ပထမတန်းကျွန်း ဒုသစ် ၄၃ တန် မှာယူသည့် အမှာစာတစ်စောင်ရောက်ရှိလာသည်။

စဉ်	အရွယ်အစား	ပေအရှည်	ချောင်းရေ	တန်
၁။	၂၀" × ၂၀"	၃၀	၅	၈.၃၃၃၀
၂။	၁၈" × ၁၈"	၄၀	၅	၉.၀၀၀၀
၃။	၁၁" × ၁၁"	၄၀	၃၅	၂၃.၅၂၇၈
၄။	၁၁" × ၁၁"	၄၃	၂	၁.၄၄၅၃
၅။	၁၁" × ၆"	၄၃	၂	၀.၇၈၈၃
				၄၃.၀၉၄၄

[၁၇၃] မြန်မာ့သစ်လုပ်ငန်း၊ နှစ် ၅၀ ရွေ့ရာတုမဂ္ဂဇင်း ၁၉၉၈ ၊ စာမျက်နှာ ၂၂၁

၇၃၇။ စျေးနှုန်းမှာ တစ်တန်လျှင် သဘော်ပေါ်အရောက်တန်ဖိုး အမေရိကန်ဒေါ်လာ ၂၅,၀၀၀ဖြစ်သည်။ လက်ရှိရောင်းချနေသောဒုသစ်စျေးနှုန်းမှာ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ပျမ်းမျှ ၃,၀၀၀ ခန့်သာ ဖြစ်သည်။ ကျွန်းအထူး ဒုသစ်ပေါ့ရှည်များ တင်ပို့ရောင်းချနိုင်ရေးအတွက် ကြီးကြပ်ရေးအဖွဲ့ကို ၁၉၉၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်နေ့တွင်ဖွဲ့စည်း၍ သာယာဝတီသစ်ထုတ်ရေးဒေသ သုံးဆယ်ကြိုးဝိုင်း ကိုတူကွဲသစ်ထုတ်စခန်းတွင် ရင်စို့လုံးပတ် ၉ ပေမှ ၁၀ ပေအထက် ကျွန်းပင်ကြီးအချို့ကို ရှာဖွေတွေ့ရှိပြီး ၁၈ မိုင် ကွာဝေးသော သာယာဝတီ ကဲ့ထောက်စခန်းအထိ သယ်ယူပို့ဆောင်ပေးခဲ့သည်။

၇၃၈။ လိုအပ်နေသော သစ်လုံးရှည်ကြီးများ ထပ်မံရွေးချယ်ရန် ၁၉၉၅ ခုနှစ်၊ ဧပြီလ ၁၀ ရက်မှ ၁၂ ရက်နေ့အထိ ပဲခူးမြောက်ပိုင်း သစ်ထုတ်ရေးဒေသ ညောင်ပင်သာရှိ အမှတ် (၁၀၄) သစ်စက်သို့ ဆက်လက်ပေးပို့ခဲ့သည်။ ညောင်ပင်သာ အမှတ် (၁၀၄) သစ်စက်သည် Forestor Horizontal Band Mill ဖြစ်၍ ခွဲစိတ်ရန် အသင့်တော်ဆုံးသစ်စက်ဖြစ်သည်။

၇၃၉။ ၁၉၉၅ ခုနှစ်၊ မေလ ၆ ရက်နေ့မှ ဩဂုတ်လ ၁၄ ရက်နေ့အထိ အထူးပေရှည် သစ်လုံး ၁၀၆ လုံး ကို ဝယ်သူ၏အမှာစာပါအတိုင်း ခွဲစိတ်မှုများပြီးစီးသည့်အခါ အထူးပေရှည်ဒုသစ်များ အောက်ပါအတိုင်းရရှိခဲ့သည်။

(က)	၂၀" × ၂၀"	၅	လုံး
(ခ)	၁၈" × ၁၈"	၇	လုံး
(ဂ)	၁၁" × ၁၁"	၈၆	လုံး
(ဃ)	၁၁" × ၆"	၈	ချောင်း

၇၄၀။ ယင်းသစ်များကို ရန်ကုန်မြို့၊ ကြည်မြင်တိုင် အမှတ် (၁) သစ်စက်သို့တင်ပို့ခဲ့သည်။ စာချုပ်အရ ဒုသစ်ကြီးများ သဘော်တင်ရမည့်ကာလမှာ ၁၉၉၅ ခုနှစ်၊ ဇူလိုင်လကုန်ဖြစ်၍ ဝယ်သူ၏ကိုယ်စားလှယ်မှ ဒုသစ်ကြီး ၁၃ လုံးကိုသာ ရွေးချယ်ခဲ့သည်။ ရွေးချယ်ပြီး ၁၃ လုံး (၉.၈၃၃၈ တန်) အား ၁၉၉၅ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့တွင် ဘားအံ ၂၁၂ သဘော်ဖြင့် စက််ပူနိုင်ငံသို့တင်ပို့ပေးခဲ့သည်။ တန်ဖိုး အမေရိကန်ဒေါ်လာ ၂၄၅,၈၄၅ ဖြစ်သည်။ နောက်ဆုံးသဘော်တင်ရက်ကို ၁၉၉၅ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက် နေ့ သတ်မှတ်ခဲ့သည်။

၇၄၁။ ၁၉၉၅ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက်နေ့တွင် ကျန်ရှိနေသောဒုသစ်များမှ ဒုသစ် ၃၅ လုံး (၃၁.၅၉၃၂ တန်) ကိုထပ်မံရွေးချယ်ပြီး ၁၉၉၅ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက်နေ့တွင်ပုဂံ ၂၂၃ သဘော်် ဖြင့် စက််ပူနိုင်ငံသို့တင်ပို့ပေးခဲ့သည်။ အမေရိကန်ဒေါ်လာ ၇၈၉,၈၃၀ ဖြစ်သည်။

၇၄၂။ ဒုသစ်ရှည်ကြီး ၄၈ လုံး (၄၁.၄၂၇၀ တန်) အတွက် စုစုပေါင်းတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁,၀၃၅,၆၇၅ ဖြစ်သည်။ သဘော်ပေါ်အရောက် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၂၅,၀၀၀ မှာ မည်သည့်အခါကမျှ မရရှိခဲ့ဖူးသော စျေးနှုန်းဖြစ်ပြီး စံချိန်အမြင့်ဆုံးလည်းဖြစ်သည်။

သစ်တောရေးရာဝန်ကြီးဌာန နေပြည်တော်သို့ပြောင်းရွှေ့ခြင်း

၇၄၃။ နိုင်ငံတော်ကို တပ်မတော်အစိုးရမှတာဝန်ယူပြီးနောက် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ကဏ္ဍစုံမှ ကြိုးပမ်းဆောင်ရွက်ခဲ့ကြရာ အနာဂါတ် နိုင်ငံတော်အတွက် အခြေခံကောင်းများအား စနစ်တကျ စီမံကိန်းများဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပေသည်။ ထိုနည်းတူစွာ နိုင်ငံတော်အကြီးအကဲများက နိုင်ငံတော်၏ ရေရှည်အကျိုးစီးပွားကို မျှော်ကိုး၍ အမြော်အမြင် ကြီးစွာဖြင့် အစိုးရ ရုံးစိုက်ရာ မြို့တော်အဖြစ် မန္တလေးတိုင်း၊ ပျဉ်းမနားမြို့အနီး နေရာသစ်ဖြစ်သော နေပြည်တော်သို့ ပြောင်းရွှေ့ရန် စီမံကိန်းများ ချမှတ် ဆောင်ရွက်ခဲ့ပေသည်။

၇၄၄။ သို့ဖြစ်ရာ နိုင်ငံတော်အကြီးအကဲမှ နိုင်ငံတော် အခွန်ရှုံးရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ မြို့တော်သည် ဗဟိုအချက်အချာကျသော နေရာတွင်ရှိရေး၊ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး စသည့် ရည်မှန်းချက်များချမှတ်၍ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ဝန်ကြီးဌာနအသီးသီးမှ အောင်မြင်စွာ စုပေါင်း အကောင်အထည်ဖော်နိုင်မည်ဟူသော ရည်ရွယ်ချက်ဖြင့် နေပြည်တော်ဟု အမည်တွင်မည့် နေရာသစ်ဆီသို့ ပြောင်းရွှေ့ခဲ့ကြခြင်း ဖြစ်သည်။

နေပြည်တော်သို့ ပြောင်းရွှေ့ခြင်းမပြုမီ ကြိုတင်စီမံဆောင်ရွက်မှုများ

၇၄၅။ နေပြည်တော်သို့ ပြောင်းရွှေ့ရေးကိစ္စနှင့်ပတ်သက်၍ အစိုးရအဖွဲ့ရုံးမှ ၂၀၀၅ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက် နှင့် ၂၃ ရက်နေ့များက အကြောင်းကြားချက်ရရှိသည်မှစ၍ သစ်တောရေးရာဝန်ကြီးဌာနရှိ လုပ်ငန်းဌာနအသီးသီးမှ ပြောင်းရွှေ့ရေး ကိစ္စအဝဝကို စတင်စီမံဆောင်ရွက်ခဲ့သည်။

၇၄၆။ နေရာသစ်သို့ ပြောင်းရွှေ့ ရေးကိစ္စနှင့်ပတ်သက်၍ ၂၀၀၅ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်နေ့က ကာကွယ်ရေးဝန်ကြီးဌာန ဇေယျာသီရိဗိမာန် အစည်းအဝေးခန်းမ၌ ဝန်ကြီးဌာန ၃၁ ခုမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံး၊ စာရင်းစစ်ချုပ်ရုံး၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေး အဖွဲ့၊ နိုင်ငံတော်အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး၊ အစိုးရအဖွဲ့ရုံး၊ ပြည်သူ့ လွှတ်တော်ရုံး၊ နိုင်ငံတော်သမ္မတရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များအား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသုရရွှေမန်းနှင့် အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန်က ရှင်းလင်းပြောကြား ဆွေးနွေးခဲ့သည်။

၇၄၇။ နေပြည်တော်ရှိ သစ်တောရေးရာဝန်ကြီးဌာနရုံးသစ်သို့ ဝန်ထမ်းများနှင့် ရုံးအသုံးအဆောင်ပစ္စည်းများအား ပြောင်းရွှေခြင်းမပြုမီ သစ်တောရေးရာဝန်ကြီးနှင့် ဌာနဆိုင်ရာအကြီးအကဲတာဝန်ရှိပုဂ္ဂိုလ်များက ၂၀၀၅ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်နေ့မှစတင်၍ စစ်ဆေးကြည့်ရှုကြိုတင်စီမံဆောင်ရွက်မှုများ ပြုလုပ်ခဲ့ကြသည်။

နေပြည်တော်သို့ စတင်ပြောင်းရွှေ့ခြင်း

၇၄၈။ နေပြည်တော်သို့ သစ်တောရေးရာဝန်ကြီးဌာနနှင့် ဌာနဆိုင်ရာအကြီးအကဲများ ကြိုတင် စစ်ဆေးမှုပြုပြီး စတင်ပြောင်းရွှေခြင်းအား ၂၀၀၅ ခုနှစ်၊ ဒီဇင်ဘာလမှစတင်၍ ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလအထိ တစ်ကြိမ်လျင် ကား ၁၀ စီး မှ ၁၅ စီးခန့်ဖြင့် ၆ ကြိမ်စုစုပေါင်း ၈၁ စီးဖြင့် ဆောင်ရွက်ခဲ့သည်။

၇၄၉။ သစ်တောရေးရာဝန်ကြီးဌာနအောက်ရှိ လုပ်ငန်းဌာနများမှ ဝန်ထမ်းများသည် နေပြည်တော်သို့ စတင်တာဝန်ထမ်းဆောင်နိုင်ရေးအတွက် ၂၀၀၆ ခုနှစ် ဇန္နဝါရီလ ၂၈ ရက် မှ ဖေဖော်ဝါရီလ ၁၂ ရက်နေ့အထိ နိုင်ငံတော်မှ စီစဉ်ပေးသော ကားများဖြင့် ရွှေပြောင်းခဲ့ကြသည်။ ရွှေပြောင်းခြင်းပထမ အဆင့်တွင် သစ်တောရေးရာဝန်ကြီးဌာနရှိ ဦးစီး/လုပ်ငန်းဌာနအလိုက် နေပြည်တော်သို့ အရာထမ်း ၇၁ ဦး နှင့် အမှုထမ်း ၁၇၅ ဦး ရောက်ရှိတာဝန်ထမ်းဆောင်ခဲ့ကြသည်။

နေပြည်တော်သို့ ဝန်ထမ်းပြောင်းရွှေ့နိုင်မှု ပထမအဆင့် အခြေအနေ

စဉ်	ဌာန	ဌာနချုပ်လက်ရှိအင်အား		ပြောင်းရွှေ့		လက်ကျန်	
		အရာထမ်း	အမှုထမ်း	အရာထမ်း	အမှုထမ်း	အရာထမ်း	အမှုထမ်း
၁။	ဝန်ကြီးရုံး	၄	၃၁	၄	၂၅	၀	၆
၂။	စီမံကိန်းနှင့်စာရင်းအင်း	၃၁	၅၀	၁၇	၂၉	၁၅	၂၀
၃။	သစ်တောဦးစီးဌာန	၁၀၄	၅၆၀	၄၃	၁၀၃	၆၁	၄၅၇
၄။	မြန်မာ့သစ်လုပ်ငန်း	၁၈၈	၁၁၅၅	၄	၁၀	၁၈၄	၁၁၄၅
၅။	စိမ်း/စို	၂၆	၈၄	၃	၈	၀	၀
	စုစုပေါင်း	**၃၅၃**	**၁၈၈၀**	**၇၁**	**၁၇၅**	**၂၆၀**	**၁၆၂၈**

ဝန်ထမ်းများအား ယာယီအစီအစဉ်ဖြင့် နေရာချထားခြင်းနှင့် ကျွေးမွေးခြင်း

၇၅၀။ နေပြည်တော်သို့ရောက်ရှိလာသည့် ဝန်ထမ်းများအား ဝန်ထမ်းအိမ်ယာများသို့ နေရာချ ထားခြင်းမဆောင်ရွက်နိုင်ခင် ယာယီအစီအစဉ်အားဖြင့် ဝန်ကြီးရုံး၊ စီမံကိန်းနှင့်စာရင်းအင်းဦးစီးဌာန ဝန်ထမ်း အမျိုးသားများအား၊ မြန်မာ့သစ်လုပ်ငန်း အမှတ်(၂) သင်တန်းကျောင်း ပျဉ်းမနားတွင် လည်းကောင်း၊ အမျိုးသမီးများအား မြန်မာ့သစ်လုပ်ငန်း ပင်မအလုပ်ရုံ ပျဉ်းမနားတွင်လည်းကောင်း နေရာချထားပေး၍ ဌာနေမြန်မာ့သစ်လုပ်ငန်းမှ စားသောက်ရေးအတွက် စီစဉ်ကျွေးမွေးပါသည်။ သစ်တောဦးစီးဌာနမှ ဝန်ထမ်းများနှင့် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ဝန်ထမ်း များအား သစ်တောသုတေသနဌာန ရေဆင်းတွင် နေရာချထား၍ သစ်တောဦးစီးဌာနနှင့် သစ်တောသုတေသန ဌာနတို့မှ စားသောက်ရေး စီစဉ်ကျွေးမွေးပါသည်။

၇၅၁။ ၂၀၀၆ ခုနှစ်၊ မတ်လမှစတင်၍ သစ်တောရေးရာဝန်ကြီးဌာနရှိ ဦးစီး/လုပ်ငန်းဌာနများမှ ဝန်ထမ်းအားလုံးအား စားသောက်နေထိုင်ရေး အဆင်ပြေစေရန်အတွက် ပံ့ပိုး ထောက်ပံ့မှုများ ဆောင်ရွက်ခဲ့ပါသည်။

နေပြည်တော်တွင် ရုံးလုပ်ငန်းများ စတင်ဆောင်ရွက်ခြင်းနှင့် ရုံးစတင်ဖွင့်လှစ်ခြင်း

၇၅၂။ သစ်တောရေးရာ ဝန်ကြီးဌာနမှ ဝန်ထမ်းအားလုံး ပထမအဆင့် ပြောင်းရွှေ့ခြင်းအနေဖြင့် နေရာသစ်ရှိ ဝန်ကြီးရုံးသို့ ၂၀၀၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် ရောက်ရှိသည်။ ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင်သည် ၂၀၀၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ရောက်ရှိပြီး၊ ဖေဖော်ဝါရီလ ၁၃ ရက်နေ့မှ စတင်ရုံးထိုင်၍ ရုံးလုပ်ငန်း တာဝန်များကို ထမ်းဆောင်ခဲ့သည်။

၇၅၃။ နေပြည်တော်၌ ဝန်ကြီးရုံးများ စတင်ဖွင့်လှစ်သည့်ရက်ကို ၂၀၀၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် သတ်မှတ်သည့်အားလျော်စွာ သစ်တောရေးရာဝန်ကြီးဌာန၊ ဝန်ကြီးရုံးသည် အဆိုပါနေ့၌ တရားဝင် ရုံးစတင်ဖွင့်လှစ်သည့်ရက်အဖြစ် သတ်မှတ်ပြီး ဝန်ကြီးရုံးနှင့် ဦးစီး/လုပ်ငန်းဌာနများ၏ လုပ်ငန်းဆောင်တာများ ပုံမှန်လည်ပတ်ဆောင်ရွက် ခဲ့သည်။

၇၅၄။ သစ်တောရေးရာ ဝန်ကြီးဌာနအနေဖြင့် ပထမအဆင့် ဝန်ထမ်းအိမ်ယာ ခွဲဝေချထားမှုအား အောက်ပါဇယားဖြင့် ဖော်ပြအပ်ပါသည် -

သစ်တောရေးရာဝန်ကြီးဌာန၊ ဝန်ထမ်းအိမ်ယာများ ရရှိမှုအခြေအနေ

စဉ်	အမျိုးအစား	အဆောက်အဦအမှတ်	ရာထူးအဆင့်/ဦးရေ	မှတ်ချက်
၁။	လုံးချင်း	ဃ - ၉၀၆	ဝန်ကြီး	၁-၃-၀၆
၂။	၂ ခန်းတွဲ ၂ ထပ်	ဃ - ၅၁၉	ညွှန်ကြားရေးမှူးချုပ် Duplex (သစ်တော/လယ်ဆည်)	၂၈-၂-၀၆
၃။	၂ ခန်းတွဲ ၃ ထပ်	ဃ - ၄၄၂	ညွှန်ကြားရေးမှူး (၄) ဦး	၁၄-၃-၀၆
၄။	၂ ခန်းတွဲ ၃ထပ်	ဃ - ၄၂၄	ညွှန်ကြားရေးမှူး (၃) ဦး	၃၁-၃-၀၆
၅။	၂ ခန်းတွဲ ၃ ထပ်	ဃ - ၄၃၂	ညွှန်ကြားရေးမှူးချုပ် (၁) ဦး ဒုတိယညွှန်ကြားရေးမှူးချုပ် (၂) ဦး ညွှန်ကြားရေးမှူး (၃) ဦး	၁၄-၃-၀၆
၆။	၆ ခန်းတွဲ ၄ ထပ်	ဃ - ၂၁၁	အပျိုအရာရှိ (၄ ခန်း × ၃ ဦး = ၁၂ ဦး)	၁၀-၃-၀၆
၇။	၆ ခန်းတွဲ ၄ ထပ်	ဃ - ၆၁၁	လူပျိုအရာရှိ (၁၅ ခန်း × ၃ ဦး = ၄၅ ဦး)	၁၀-၅-၀၆
၈။	၄ခန်းတွဲ၄ ထပ်	ဃ - ၁၁၁၅၆	ညွှန်ကြားရေးမှူး/ဒုတိယညွှန်ကြားရေးမှူး နှင့် အောက်အရာရှိ	
၉။	၄ခန်းတွဲ၄ ထပ်	ဃ – ၁၁၁၄၂	ညွှန်ကြားရေးမှူး/ဒုတိယညွှန်ကြားရေးမှူးနှင့် အောက်အရာရှိ	၂၂-၅-၀၆
၁၀။	၄ ခန်းတွဲ၄ ထပ်	ဃ – ၃၂၁	ဝန်ထမ်းမိသားစု (၁၆) ခန်း	၁၄-၃-၀၆
၁၁။	၄ ခန်းတွဲ၄ ထပ်	ဃ – ၃၂၂	ဝန်ထမ်းမိသားစု (၁၆) ခန်း	၁၄-၃-၀၆

၁၂။	၄ ခန်းတွဲ ၄ ထပ်	ဃ - ၇၄၄	ဝန်ထမ်းမိသားစု	၂၉-၅-၀၆
၁၃။	၄ ခန်းတွဲ ၄ ထပ်	ဃ - ၇၄၅	ဝန်ထမ်းမိသားစု	၂၉-၅-၀၆
၁၄။	အပျိုဆောင်	သဇင်-၃၊အမှတ်- ၁၉	အပျိုဝန်ထမ်း (အခြားအဆင့်)၊ (၂၀) ခန်း	၁၄-၃-၀၆
၁၅။	လူပျိုဆောင်	သပြေအိမ်ယာ- ၁ အမှတ် - ၁၈	လူပျိုဝန်ထမ်း (အခြားအဆင့်)၊ (၅) ခန်း	
၁၆။	လူပျိုဆောင်	အဆောက်အဦအမှတ်-၁၁	လူပျိုဝန်ထမ်း (အခြားအဆင့်)၊ (၁၀) ခန်း	



နေပြည်တော်ဝန်ထမ်းအိမ်ရာ(ကုန်ကော်အိမ်ရာ)အရာရှိဆောင်များ



ပိတောက်အိမ်ရာ



ကံကော်အိမ်ရာ

မျက်မှောက်ခေတ်အတွင်း ထင်ရှားသောဖြစ်ရပ်များ

၇၅၅။ ၁၉၈၉ ခုနှစ်မှ ၂၀၀၆ ခုနှစ်အထိ မျက်မှောက်ခေတ်တွင်သမိုင်းဝင်ထင်ရှားခဲ့သော ဖြစ်ရပ်များ၏ အနှစ်ချုပ်ကို အောက်ပါအတိုင်း ဖော်ပြအပ်သည်–

(က) ၁၉၈၈။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် နိုင်ငံတော်၏ အချုပ်အချာအာဏာကိုရယူ၍ ဆိုရှယ်လစ်စီးပွားရေးစနစ်ကို အပြီးတိုင်ရပ်ဆိုင်းပြီး ဈေးကွက်စီးပွားရေးစနစ် 'Market Economy' ဖြင့် အကောင်အထည်ဖော်ခဲ့ သည်။

(ခ) ၁၉၈၈–၁၉၉၀။ နယ်စပ်ကုန်သွယ်မှုမှတစ်ဆင့် ထိုင်းနိုင်ငံသို့ ကျွန်းနှင့်သစ်မာ တင်ပို့ရောင်းချခြင်း ဆောင်ရွက်ခဲ့သည်။

(ဂ) ၁၉၈၉။ (၁)သစ်လုပ်ငန်းကော်ပိုရေးရှင်း 'Timber Corporation- T.C' ကို မြန်မာ့ သစ်လုပ်ငန်း 'Myanma Timber Enterprise-MTE' ဟု ပြောင်းလဲ ခေါ်ဝေါ် သည်။

(၂) အီတလီနိုင်ငံ S Briantea Trading Company Limited နှင့် Buy Back System ဖြင့် ကြမ်းခင်းတုံးစက်ရုံကို တည်ထောင်ခဲ့သည်။

(၃) အမှတ်(၅)အထပ်သားစက်ရုံကို မုံရွာ အိုးဘိုတောင်ကျေးရွာအနီးတွင် တည်ထောင်ခဲ့သည်။

(ဃ) ၁၉၉၂။ (၁) ရေဆင်း၊ စိုက်ပျိုးရေး တက္ကသိုလ်ရှိ သစ်တောပညာဌာနကို သစ်တောတက္ကသိုလ် အဖြစ်အဆင့်မြှင့်ခဲ့ပြီး သစ်တောဦးစီးဌာန၏အုပ် ချုပ်မှု အောက်တွင် ထားရှိခဲ့သည်။

(၂)သစ်တောဥပဒေကို ပြင်ဆင်ရေးဆွဲပြဋ္ဌာန်း ခဲ့သည်။

(၃)အမေရိကန်နိုင်ငံ Quality Wood Company Limited နှင့် Buy Back System ဖြင့်အပျော်စီးသင်္ဘောသုံးပစ္စည်းစက်ရုံ Pleasure Boat Accessoriesကိုတည်ဆောက်ခဲ့သည်။

(၄)လယ်ယာနှင့် သစ်တောဝန်ကြီးဌာနကို သစ်တောရေးရာဝန်ကြီးဌာနနှင့် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအဖြစ်သီးခြားပြင်ဆင်ဖွဲ့စည်းခဲ့သည်။

(င) ၁၉၉၃။ အမှတ် (၁) ပုံဖော်စက်ရုံကို အလုံပြီနယ်၊ အမှတ် (၂) သစ်စက်ဝင်း အတွင်း၌ ဆွီဒင်နိုင်ငံ Edward Hulten Company နှင့် Buy Back System အရတည်ထောင်ခဲ့သည်။

(စ) ၁၉၉၄။ (၁) အသေးစားပရိဘောဂများ ထုတ်လုပ်၍ ပြည်ပတင်ပို့ခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

(၂) ပရိဘောဂစက်ရုံအမှတ် (၁) (၂) (၃) ရှိစက်ကရိယာများအား လုံး ပြန်လည် မွမ်းမံပြင်ဆင်ရေးနှင့် ထုတ်လုပ်မှုစွမ်းရည် မြှင့်တင်ရေးတို့အတွက် မလေးရှား နိုင်ငံ Lambir Company Limited နှင့် Buy Back System အရပူးပေါင်း ဆောင်ရွက် ခဲ့သည်။

(ဆ) ၁၉၉၄–၁၉၉၇။ အထူးဒေသကိုးခရိုင် စိမ်းလန်းစိုပြည်ရေးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက် ခဲ့ သည်။

(ဇ) ၁၉၉၅။ (၁) သစ်တောနည်းဥပဒေများကို ပြင်ဆင်ရေးဆွဲပြဋ္ဌာန်းခဲ့သည်။

(၂) မြန်မာ့သစ်တောမူဝါဒကို ပဓာနကျသော အချက် ၆ ချက်ဖြင့် ပြဋ္ဌာန်းခဲ့သည်။

(ဈ) ၁၉၉၅–၂၀၀၃။ ပုပ္ပါးတောင်အရှေ့ခြမ်း စိမ်းလန်းစိုပြည်ရေးစီမံကိန်းကို ဆောင်ရွက်သည်။

(ည) ၁၉၉၆။ ၁၉၉၆ ခုနှစ်တွင် သစ်တောဦးစီးဌာနမှ မြန်မာနိုင်ငံတစ်နိုင်ငံလုံးရှိ အုပ်ချုပ်ရေး ခရိုင်အားလုံးအတွက် ခရိုင်သစ်တော အုပ်ချုပ်လုပ်ကိုင်မှု စီမံကိန်းများကို ၁၉၉၅ – ၉၆ ခုနှစ်မှ ၂၀၀၅ – ၀၆ ခုနှစ်အထိ အသစ်ရေးဆွဲခဲ့သည်။

(ဋ) ၁၉၉၇။ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနကို မန္တလေးတိုင်း၊ပုသိမ်ကြီးတွင်အခြေစိုက်ဖွင့်လှစ်သည်။

(ဌ) ၁၉၉၈။ (၁) အမေရိကန်နိုင်ငံ Kingsley Bate Company Limited နှင့်အကျိုးတူ ပူးပေါင်းမှုအစီအစဉ် 'Joint Production Scheme' ဖြင့်ဥယျာဉ်သုံး ကျွန်းပရိဘောဂများ ထုတ်လုပ်ဝယ်ယူ ခဲ့သည်။

(၂)ဝါးတစ်ရာကြမ်းခင်းတုံးနှင့် ပုံဖော်စက်ရုံကို ရွှေပြည်သာမြို့နယ်တွင် မြန်မာ့ သစ်လုပ်ငန်းနှင့် တပ်မတော်စစ်ထောက်ချုပ်ရုံးတို့ ဖက်စပ်လုပ်ငန်းအဖြစ် ပူးပေါင်းတည်ထောင်သည်။

(ဍ) ၁၉၉၉။ (၁) အမျိုးသား ကန်တော်ကြီးဥယျာဉ်အား ဧရိယာတိုးချဲ့ခြင်းနှင့် အဆင့်မြှင့်တင် ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

(၂) မြန်မာနိုင်ငံ၏ ကမ္ဘာလှည့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကို အထောက် အကူ ပြုနိုင်ရန်အတွက်သဘာဝအခြေခံခရီးသွား လုပ်ငန်းကော်မတီကိုပြန်လည်ဖွဲ့စည်းသည် ။

(ဎ) ၂၀၀၀–၂၀၀၅ အင်းလေးကန် စိမ်းလန်းစိုပြည်ရေးစီမံကိန်း အကောင်အထည်ဖော်ခဲ့သည်။

(ဏ) ၂၀၀၁။ အမျိုးသားသစ်တောကဏ္ဍပင်မစီမံကိန်း နှစ် ၃၀ စီမံကိန်းရေးဆွဲသည်။

(တ) ၂၀၀၁။ (၁)အင်းတော်ကြီးကန်စိမ်းလန်းစိုပြည်ရေးစီမံကိန်း ၁၀ နှစ်စီမံကိန်း ပြုလုပ် သည်။

(၂) အမှတ် (၂) ပုံဖော်စက်ရုံကို မန္တလေးတိုင်း၊ အမရပူရမြို့ အမှတ် (၁၀၃) သစ်စက်ဝင်း အတွင်း၌ ပြည်တွင်းကုမ္ပဏီ တစ်ခုဖြစ်သည့် Momentum Company Limited နှင့် Buy Back System အရ တည် ထောင်ခဲ့သည်။

(ထ) ၂၀၀၂။ (၁) မုံရွာ သစ်ပါးလွှာစက်ရုံသည် မုံရွာမြို့ အမှတ် (၇၅) သစ်စက်အတွင်း တည်ရှိပြီးအိန္ဒိယနိုင်ငံ Prime Veneer Company Limited နှင့် အကျိုးတူပူးပေါင်း ဆောင်ရွက် သည်။

(၂) ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များ အလွယ်တကူစုံစမ်း ရရှိနိုင်ရန် အတွက်သဘာဝအခြေခံ ခရီးသွားလုပ်ငန်း ဆက်သွယ်ရေးရုံးကို ရန်ကုန်တိရစ္ဆာန်ဥယျာဉ်၌ စတင်ဖွင့်လှစ်ခဲ့သည်။

(၃) သစ်အခြေခံစက်မှုလုပ်ငန်းဌာနကို သီးခြားဖွဲ့စည်းသည်။

(၄) တောရိုင်းတိရစ္ဆာန်၊ သဘာဝအပင် ကာကွယ်ရေးနှင့် သဘာဝနယ် မြေများ ထိန်းသိမ်းရေး နည်းဥပဒေကို ထုတ်ပြန်ကြေညာခဲ့သည်။

(ဒ) ၂၀၀၃။ (က) ရန်ကုန်ကန်တော်ကြီးဥယျာဉ်တွင် ဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်းများကို သစ်တောရေးရာ ဝန်ကြီးဌာနမှ လုပ်ငန်းကော်မတီတစ်ရပ် ဆောင်ရွက်ခဲ့သည်။

(ခ) ဥယျာဉ်သုံးကျွန်း ပရိဘောဂများအား မြန်မာနိုင်ငံသားပိုင်"ဆယ်သုခ ကုမ္ပဏီ" မှ အမေရိကန်နိုင်ငံသို့ တိုက်ရိုက်တင်ပို့သည်။

(န) ၂၀၀၄။ (၁)မြေတိုင်းဦးစီးဌာနကိုလယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဦးစီးဌာနသို့လွှဲပြောင်းပေးခဲ့သည်။
(၂)ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေးစီမံကိန်းကို ၂၀၀၄ ခုနှစ်မှစတင်၍ ၅ နှစ် စီမံကိန်း ဆောင်ရွက်သည်။

(ပ) ၂၀၀၅။ (၁) သစ်တောပြတိုက်အားဖွင့်လှစ်ခဲ့သည်။
(၂) ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ အမျိုးသားကော်မရှင်အား နိုင်ငံခြားရေး ဝန်ကြီးဌာနမှ သစ်တောရေးရာဝန်ကြီးဌာနသို့ ပြောင်းရွှေ့ဖွဲ့စည်း ခဲ့သည်။

(ဖ) ၂၀၀၆။ (၁)တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)နှစ်၁၀၀ပြည့်အခမ်းအနားစည်ကားစွာကျင်းပခဲ့သည်။
(၂)သစ်တောရေးရာဝန်ကြီးဌာနရုံးအား ရန်ကုန်မှ နေပြည်တော်သို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့သည်။
(၃)အမျိုးသားကန်တော်ကြီးဥယျာဉ် စိန်ရတုအခမ်းအနားနှင့် အမျိုးသားအထိမ်းအမှတ် ဥယျာဉ် ဖွင့်ပွဲပြင်ဦးလွင်မြို့တွင် ကျင်းပခဲ့သည်။

အခန်း (၇)
သစ်တောအပ်ံ့ အစည်းဆိုင်ရာကဏ္ဍ

သစ်တောပညာသင်ကြားရေး[၁၇၄]

၇၅၆။ သစ်တောစီမံအုပ်ချုပ်ရေးသမိုင်းတွင် ၁၈၅၆ ခုနှစ်မှစတင်၍ မြန်မာနိုင်ငံ၏ကျွန်းတောများအား သစ်တောပညာရှင် ဒေါက်တာဘရန်းဒစ်က စနစ်တကျလေ့လာ၍ စီမံအုပ်ချုပ်မှုအစကို အုတ်မြစ်ချပေးခဲ့သည်ဟုဆိုနိုင်ပေသည်။ နောင်အနာဂတ်သစ်တောကြီးများ ထာဝစဉ်တည်တံ့စေရန် စနစ်တကျစီမံအုပ်ချုပ်နိုင်ရေးအတွက်သစ်တောပညာရှင်များ၏ အခန်းကဏ္ဍမှာ လွန်စွာအရေးပါကြောင်းသိရှိသည့် အားလျော်စွာ သစ်တောပညာသင်ကြားရေးနှင့်ပတ်သက်၍ လွတ်လပ်ရေးမရမီ ကိုလိုနီခေတ် ၁၈၆၆ ခုနှစ်ကတည်းက စတင်သန္ဓေတည်ခဲ့ပေသည်။

ကိုလိုနီခေတ်သစ်တောပညာသင်ကြားရေး[၁၇၅]

၇၅၇။ မြန်မာ့သစ်တောသမိုင်း၌ သစ်တောပညာ သင်ကြားရေးနှင့်ပတ်သက်၍ ပထမဦးဆုံးဆောင်ရွက်မှုအဖြစ် ၁၈၆၆ ခုနှစ်တွင် သစ်တောပညာ ၂ဦးနှစ် သင်တန်းတက်ရန် ပြင်သစ်ပြည်သို့ငါးယောက်နှင့် ဂျာမနီသို့ နှစ်ယောက်စေလွှတ်ခဲ့ခြင်းမှအစပြုခဲ့သည်။ ဘရန်းဒစ်၏အဆိုအရ နှစ်စဉ်စေလွှတ်ရန် အစီအစဉ်ကို ဘုရင်ခံချုပ်က ဘုရင်ခံများ၊ ဒုတိယဘုရင်ခံများ၊ မင်းကြီးချုပ်များ၊ သစ်တောမင်းကြီးများနှင့် အချို့သောကောလိပ်တော်အရာရှိများသို့ အကြံဉာဏ်များ တောင်းခံရာတွင် အများကသဘောတူကြောင်း ပြန်ကြားခဲ့သည်။

၇၅၈။ ဒေါက်တာရှလစ်သည် မြန်မာပြည်၌အမှုထမ်းပြီးနောက် အိန္ဒိယသို့ သစ်တောအင်စပက်တော်ချုပ်အဖြစ် ပြောင်းရွှေ့ပြီးမကြာမီ ရစ်ဘင်ထရော့အား လုပ်ငန်းများလွှဲအပ်ပြီးနောက် ပင်စင်ယူပြီး အင်္ဂလန်နိုင်ငံ ကူးပါးဟီးတွင် သစ်တောကောလိပ် စတင်တည်ထောင်ခဲ့သည်။ ၁၉၀၆ ခုနှစ်တွင် အောက်စဖို့ဒ် တက္ကသိုလ်သို့ရွှေ့ပြောင်းသည်။ မြန်မာပြည်သို့တာဝန်ထမ်းဆောင်ရန် ရောက်လာသူများမှာ ကူးပါးဟီး (အင်္ဂလန်) မှ ၁၈၈၈–၁၉၀၆ ခုနှစ်တွင် ၃၂ ယောက်၊ ၁၉၁၄–၂၆ ခုနှစ်တွင် ၂၉ ယောက်နှင့် အီဒင်ဘာရာမှ ၁၉၁၅–၂၃ ခုနှစ်တွင် ၇ ယောက်ဖြစ်သည်။ ဤသူများထဲတွင် အောက်စဖို့ဒ်မှ ၁၉၂၅ ခုနှစ်အတွက် ဦးထင်ဝါးနှင့် ကိမ်းဘရစ် (Cambridge) မှ ၁၉၂၆ ခုနှစ်အတွက် ဦးနန်းနွယ်တို့သာ မြန်မာပြည်သားများဖြစ်သည်။ အမှုထမ်းထူးချွန်မှုကြောင့် တောအုပ်တန်းမှအရေးပိုင်တန်းသို့ ၁၉၂၃ ခုနှစ်တွင် တိုးမြှင့်ခံရသူ မြန်မာများမှာ ဦးသာမြိုင်နှင့် ဦးကျော်တို့ဖြစ်သည်။ 'သစ်တော' ကို မြန်မာဝန်ကြီးများ အုပ်ချုပ်ရန်ခွဲဝေပြီးနောက်ပိုင်း ၁၉၃၀ ခုနှစ်၊ ၁၉၃၉ ခုနှစ်အတွင်း ရောက်ရှိလာသူများအနက် အောက်စဖို့ဒ် (Oxford) မှ ၂၄ ဦးတွင် မြန်မာ ၁၀ ဦး၊ အီဒင်ဘာရာ (Edinburgh) မှ ၄ ဦးတွင် မြန်မာ ၃ ဦး၊ အဘာဒင်းမှ ၁ ဦးတို့ ဖြစ်ကြသည်။ သစ်တောဝန်ကြီးဌာနအောက်တွင် ရှေးဦးဆုံး ပညာတော်သင်အဖြစ် မှပြန်လာပြီး အမှုထမ်းသူ မြန်မာလူမျိုးမှာ ၁၉၃၀ ခုနှစ်တွင် ဦးချိန်ဟိုးဖြစ်သည်။ ဒါရဒွန်း သစ်တော

---

[၁၇၄] နိုင်ငံတော်ကောင်စီမှ စုံစမ်းမေးမြန်းချက်များနှင့်ပတ်သက်၍ သစ်တောဦးစီးဌာနမှ ပြစုတင်ပြချက်များ(၁၉၇၅ ခုနှစ်၊ စက်တင်ဘာ ၁၀ ရက်)

[၁၇၅] နိုင်ငံတော်ကောင်စီမှ စုံစမ်းမေးမြန်းချက်များနှင့်ပတ်သက်၍ သစ်တောဦးစီးဌာနမှ ပြစုတင်ပြချက်များ (၁၉၇၅ ခုနှစ်၊ စက်တင်ဘာ ၁၀ ရက်)

ကောလိပ်မှ ၁၉၀၆ ခု နှစ်မှ ၁၉၂၁ ခုနှစ်အထိ ရောက်ရှိလာသူ ၄၄ ဦးအနက် ၁၀ ဦးမှာ မြန်မာလူမျိုးများ ဖြစ်သည်။ ထိုသူများမှာ သစ်တောဝန်ထောက်အဖြစ် စတင်အမှုထမ်းရသည်။ ရှေးဦးဆုံး ၁၉၁၉ ခုနှစ်တွင် စတင် ခန့် ထားသူမြန်မာလူမျိုးမှာ ဦးနီဖြစ်သည်။

၇၅၉။ **ရန်ကုန်တက္ကသိုလ်တွင်သစ်တောပညာဌာနစတင်ဖွင့်လှစ်ခြင်း**[၁၇၆]။ မြန်မာနိုင်ငံ သစ်တော များကို စီမံအုပ်ချုပ်ရန် မြန်မာနိုင်ငံအစိုးရအား ၁၉၂၂ ခုနှစ်၌ လွှဲပြောင်း ပေးသည့်အချိန်မှစ၍ မြန်မာနိုင်ငံသစ်တောဝန်ထမ်း (Burma Forest Services – BFS) အဖွဲ့အစည်းတွင် ဝင်ရောက်မည့် သူများအား သစ်တောပညာရပ်ကို သင်ကြားပေးရန်အတွက် ရန်ကုန်တက္ကသိုလ်တွင် သစ်တောပညာဌာန (Department of Forestry) အား ၁၉၂၃ ခုနှစ်တွင်စတင်ဖွင့်လှစ်ခဲ့သည်။ ဥပစာ သိပ္ပံတန်း (Intermediate of Science I.Sc) အောင်မြင်ပြီးသူများအား တက္ကသိုလ်မှဘွဲ့ရသည်အထိ ၂ နှစ်ကြာ သင်ကြားပေးခဲ့ သည်။ ပထမစာသင်နှစ်တွင် Geology, Mathematics, English and Law ဘာသာ များကိုသင်ကြားပြီး ပွင့်လင်းရာသီဖြစ်သည့် နိဝင်ဘာလမှ ဖေဖော်ဝါရီလအထိ တောတွင်းလက်တွေ့ လုပ်ငန်းများ လုပ်ဆောင်ရန်နှင့် တောတွင်း၌နေထိုင် စားသောက်တတ်ရန်ရည်ရွယ်၍ တောတွင်းလုပ်ငန်း များကိုလုပ်ကိုင် စေခဲ့သည်။ ဒုတိယနှစ်တွင် သစ်တောပညာနှင့်ပတ်သက်သည့် Silviculture, Utilization, Working Plans and Management, Surveying and Drawing, Forest Engineering နှင့်တွဲဖက် ဘာသာရပ်အဖြစ် Botany နှင့် First Aid to Injured ဘာသာရပ်များကိုသင်ကြားပို့ချခဲ့သည်။ နှစ်စဉ် သင်တန်းသား ၄ ဦးမှ ၆ ဦးထိ ခေါ်ယူသင်ကြားပို့ချခဲ့သည်။

၇၆၀။ ဘွဲ့ရသင်တန်းသားများ ၁၉၂၅ ခုနှစ်မှ စတင်ဝင်ရောက်အမှုထမ်းကြသည်။ ရှေးဦးဆုံးမှာ ဦးမြ ဖြစ်သည်။ မြန်မာသစ်တောပညာကို မြန်မာတို့အပြင် နိုင်ငံခြားသားများက လိုလားကြောင်းကို မလေးရှား၊ ယိုးဒယား (ထိုင်း)၊ မြောက်ဗီယက်နမ်နှင့် နီပေါနိုင်ငံများမှ ကျောင်းသားများလာရောက် ပညာ ဆည်းပူးခဲ့ခြင်းကို ထောက်ရှုခြင်းအားဖြင့် သိရှိနိုင်ပေသည်။ နောက်ပိုင်းတွင် နိုက်ဂျီးရီးယားမှ စေလွှတ် လိုသော်လည်း သင်တန်းများကို မြန်မာဘာသာဖြင့်ပို့ချရန် ဆောင်ရွက်ဆဲဖြစ်သဖြင့် ဝမ်းနည်းစွာဖြင့် ငြင်းပယ်ခဲ့ရသည်။

၇၆၁။ ဘာသာရပ်များအား ထိရောက်စွာ သင်ကြားလေ့ကျင့်ပေးနိုင်ရန်အတွက် ၁၉၂၆ ခုနှစ်တွင် သင်တန်းကာလအား ၃ နှစ်အထိ တိုးမြှင့်ခဲ့သည်။ ထိုအချိန်က သင်တန်းတက်ရောက်ရန် လျှောက်ထား သူများအား ရွေးချယ်ရေးဘုတ်အဖွဲ့မှ လူတွေ့စစ်ဆေးပြီး ပဏာမရွေးချယ်ကာ ကျန်းမာရေးနှင့် ကိုယ်လက် ကြံ့ခိုင်ရေးအတွက် ၂၅ မိုင်လမ်းလျှောက်စေပြီး ဆေးစစ်၍အောင်မြင်သူများကို ရွေးချယ်ခဲ့သည်။ ကမ္ဘာ့စီးပွားရေးကပ်ဆိုက်မှုကြောင့် သစ်တောပညာဌာနကို ၁၉၃၄ ခုနှစ်မှ ၁၉၄၉ ခုနှစ်အထိ သင်တန်း ပို့ချခြင်း ရပ်နားထားခဲ့သည်။

---

[၁၇၆] နိုင်ငံတော်ကောင်စီမှ စုံစမ်းမေးမြန်းချက်များနှင့်ပတ်သက်၍ သစ်တောဦးစီးဌာနမှ ပြစုတင်ပြချက်များ (၁၉၇၅ ခုနှစ်၊ စက်တင်ဘာ ၁၀ ရက်)

လွတ်လပ်ရေးရပြီးခေတ်မှ မျက်မှောက်ခေတ်အထိ သစ်တောပညာသင်ကြားရေး

၇၆၂။ ၁၉၅၀ခုနှစ် ၌ သစ်တောပညာဌာနတွင် သင်တန်းများ ပြန်လည်ဖွင့်လှစ်ခဲ့ပြီး ဘွဲ့ရသစ်တော ဝန်ထမ်းများသည် သစ်တောပညာရပ်နှင့်ပတ်သက်၍ နိုင်ငံတော်အစိုးရအား အကြံဉာဏ်ပေးနိုင်သော အဆင့်အတန်း ရောက်သည်အထိ သင်ကြားပို့ချပေးရန်အတွက် သင်ရိုးညွှန်းတမ်းများအား ပြန်လည် ပြင်ဆင်ခဲ့သည်။ ခေတ်မီ သစ်တောပညာရပ်များအား ကျယ်ကျယ်ပြန့်ပြန့်လေ့လာနိုင်ရန် အိန္ဒိယနိုင်ငံသို့ ကွင်းဆင်း လေ့လာရေးခရီး ၂ လမှ ၂၃ လထိပါဝင်ခဲ့သည်။ ၁၉၅၃ ခုနှစ်တွင် ပြင်ဆင်ရေးဆွဲထားသော သင်ရိုး ညွှန်းတမ်းအား ရန်ကုန်တက္ကသိုလ်ဆီးနိတ် (Senate) မှအတည်ပြုခဲ့သည်။

၇၆၃။ သင်ကြားပို့ချခဲ့သော ဘာသာရပ်များမှာ–Silviculture, Forest Policy, Law and Administration, Survey and Drawing, Wood Technology, Engineering, Extraction, Forest Pathology, Mensuration, Protection, Aerial Photo, Utilization, Management, Forest Economics, Motor Vehicle Maintenance, Carpentry and Care of Animal Power တို့ဖြစ်သည်။

၇၆၄။ ထိုအချိန်ကသစ်တောပညာသင်ကြားရန် ဥပစာသိပ္ပံတန်းအောင်မြင်ပြီးသူများသာ လျှောက်ထားနိုင်ပြီး လူတွေ့စစ်ဆေးခြင်း၊ ကျန်းမာရေးကြွံ့ခိုင်မှုအတွက် ၂၅ မိုင်လမ်းလျှောက်စေခြင်းနှင့် ဆေးစစ်အောင်မြင်ခြင်းရှိသူများကိုသာ ရွေးချယ်ခဲ့သည်။ စစ်ဆေးရွေးချယ်ခံရသူ များသည် သစ်တောပညာဘွဲ့ရသည်အထိ သင်ကြားပြီး ဘွဲ့ရပြီးပါက ဌာနတွင်တာဝန်ထမ်းဆောင်ပါမည်ဟု ခံဝန်ချက်လက်မှတ်ရေးထိုးစေသည်။

၇၆၅။ **သစ်တောပညာသင်ကြားရေးအဆင့်ဆင့်ပြောင်းလဲဖြစ်ပေါ်မှု**[၃၇၇]။ ယခင်က သစ်တောပညာဌာနမှာ သိပ္ပံမဟာဌာန (Faculty of Science) အောက်တွင်ရှိ၍ ၁၉၅၈ ခုနှစ်၊ ဇွန်လ ၁ ရက် နေ့တွင် သစ်တောပညာဌာနကို သီးခြားသစ်တောပညာမဟာဌာန (Faculty of Forestry) အဖြစ် အဆင့်မြှင့်ပေးခဲ့သည်။ စက်တင်ဘာလ ၂၉ ရက်နေ့တွင် သစ်တောပညာခန်းမဆောင်၌ သစ်တော ပညာမဟာဌာနဖွင့်လှစ်ပွဲ အခမ်းအနားကျင်းပခဲ့သည်။ ပါမောက္ခချုပ် ဒေါက်တာထင်အောင်၊ စည်သူဦးမှန်၊ သီရိပျံချီဦးချိန်ဟိုး နှင့်ဌာနမှူးပါမောက္ခ စီဒဗလူဒီ ကာမုတ် (Prof.C.W.D Kermode) တို့တက်ရောက်ခဲ့သည်။

၇၆၆။ ၁၉၅၀–၅၁ ပညာသင်နှစ်မှ ၁၉၆၂–၆၃ ပညာသင်နှစ်အထိနှစ်စဉ် ကျောင်းသား ဦးရေ ၁၀ ဦး မှ ၁၅ ဦး ခန့်အထိသာ လက်ခံသင်ကြားပို့ချခဲ့သည်။ ရန်ကုန်တက္ကသိုလ်သစ်တောပညာဌာနတွင် လွတ်လပ်ရေးရပြီးနောက်ပိုင်း တာဝန်ထမ်းဆောင်ခဲ့သော ပါမောက္ခများမှာ ဦးအောင်ဒင်၊ မစ္စတာ စီဒဗလူဒီ ကာမုတ်၊ ဦးသိန်းဟန်၊ ဦးကြည်၊ ဦးထွန်းကျော်၊ ဦးခင်မောင်အေး၊ ဦးရဲလျံစွမ်း၊ ဦးစိုးကြည် နှင့် ဦးစောရန်အောင်စီဒူး တို့ဖြစ်သည်။

၇၆၇။ ၁၉၆၄ ခုနှစ်တွင် စတင်ခဲ့သော စနစ်သစ်ပညာရေးစနစ်အရ Faculty of Forestry ကို Department of Forestry အဖြစ်ပြန်လည်ဖွဲ့စည်းပြီး သိပ္ပံဘွဲ့ (သစ်တော) ပေးနိုင်ရန် ၁၀ တန်းအောင်ပြီးသူ ကျောင်းသားများအား အမှတ်အများအနည်းအလိုက် ပညာရေးဝန်ကြီးဌာန၊ တက္ကသိုလ်ဝင်ခွင့် ရွေးချယ်စိစစ်ရေး အဖွဲ့မှ သစ်တောပညာသင်ကြားရန် ရွေးချယ်ပေးသည်။ သင်တန်းကာလအား ၆ နှစ်

---

[၃၇၇] မြန်မာပြည်သစ်တောကြေးမုံ (၁၉၅၈ ခုနှစ်၊ အတွဲ - ၈ အမှတ် - ၂) နှင့် လေ့ကျင့်ရေးနှင့် သုတေသနဖွံ့ဖြိုးရေးဌာန၊ သစ်တောဦးစီးဌာန

အထိသတ်မှတ်ပြီး နှစ်စဉ်ကျောင်းသားဦးရေ ၅၀ ခန့်လက်ခံသင်ကြားရန်စီစဉ်ခဲ့သည်။ သစ်တောပညာနှင့် ပတ်သက်သော လုပ်ငန်းများအား အိန္ဒိယနိုင်ငံသို့ ကွင်းဆင်းလေ့လာရေး ခရီးစဉ်သည် ၁၉၅၄ ခုနှစ်မှစတင်ပြီး ၁၉၆၆ ခုနှစ်တွင်ရပ်နားခဲ့သည်။ ၁၉၇၆–၇၇ ပညာသင်နှစ်မှစတင်၍ ၁၀ တန်းအောင်ပြီးသူများသည် ဒေသကောလိပ် ၂ နှစ် တက်ရောက်ပြီးမှ သစ်တောပညာဌာနတွင် ၄ နှစ်ဆက်လက်သင်ကြားပို့ချ ပေးခဲ့သည်။ ၁၉၈၅ ခုနှစ်ထိ နောက်ဆုံးနှစ် ကျောင်းသားများအား ရန်ကုန်တက္ကသိုလ်၊ သစ်တောပညာဌာနတွင် သင်ကြားပို့ချခဲ့သည်။

၇၆၈။ ၁၉၈၅ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်ရှိ သစ်တောပညာဌာနအား ပျဉ်းမနားမြို့မှ ၁၃ မိုင်မျှ ကွာဝေးသောရေဆင်း စိုက်ပျိုးရေးတက္ကသိုလ်သို့ပြောင်းရွှေ့ပြီး ဌာနခွဲတစ်ခုအနေဖြင့် ဖွင့်လှစ်သင်ကြားပို့ချခဲ့သည်။ နိုင်ငံရေးမတည်ငြိမ်မှုကြောင့် ၁၉၈၈ ခုနှစ်မှ ၁၉၉၀ ခုနှစ်အထိ သစ်တောပညာဌာနအပါအဝင် စိုက်ပျိုးရေး တက္ကသိုလ်ရေဆင်းအား ခေတ္တပိတ်ထားခဲ့သည်။

၇၆၉။ **သစ်တောပညာဌာနကို သစ်တောတက္ကသိုလ်အဖြစ် အဆင့်မြှင့်တင်ဖွင့်လှစ်ခြင်း**။ ၁၉၉၂ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်နေ့တွင် ပညာရေးဝန်ကြီးဌာနသည် ၁၉၇၃ ခုနှစ် ပြည်ထောင်စု မြန်မာနိုင်ငံတက္ကသိုလ် ပညာရေးဥပဒေ အခန်း(၂) ပုဒ်မ ၃ အရ စိုက်ပျိုးရေးတက္ကသိုလ် လက်အောက်ရှိ သစ်တောပညာဌာနအား သစ်တောတက္ကသိုလ် (Institute of Forestry) အဖြစ် ဖွင့်လှစ်ကြောင်း အမိန့်၊ ၁၉၇၃ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံတက္ကသိုလ် ပညာရေးဥပဒေ အခန်း(၂) ပုဒ်မ ၄ အရ သစ်တော တက္ကသိုလ်ကို တတ်ကျွမ်းမှုပညာရေးဆိုင်ရာတက္ကသိုလ် (Professional Institute) သတ်မှတ်ကြောင်း အမိန့်နှင့်၊ ၁၉၇၃ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံ တက္ကသိုလ်ပညာရေး ဥပဒေ အခန်း(၆) ပုဒ်မ ၁၀ အရ၊ သစ်တောတက္ကသိုလ်ကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သစ်တောရေးရာဝန်ကြီးဌာနသို့ လွှဲပြောင်း ပေးအပ်ကြောင်း အမိန့်များကို ထုတ်ပြန်ခဲ့သည်။ ဤသို့ဖြင့် ၁၉၂၃ ခုနှစ်မှ ၁၉၈၅ ခုနှစ်ထိ ရန်ကုန်တက္ကသိုလ် လက်အောက်၊ ၁၉၈၆ ခုနှစ်မှ ၁၉၉၂ ခုနှစ်ဇူလိုင်လ ၁၆ ရက်နေ့ထိ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် လက်အောက်တွင် ဖွင့်လှစ်ခဲ့သော သစ်တောပညာဌာနသည် ၁၉၉၂ ခုနှစ် ဇူလိုင်လ ၁၆ ရက်နေ့တွင် သစ်တောရေးရာဝန်ကြီးဌာနလက်အောက်ခံ သီးခြားတက္ကသိုလ်အဖြစ် ရောက်ရှိခဲ့သည်။ ၁၉၉၂ ခုနှစ် သြဂုတ်လ ၂၁ ရက်နေ့တွင် သစ်တောတက္ကသိုလ်ကို သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲမြင့် က အခမ်းအနားဖြင့် ဖွင့်လှစ်ခဲ့သည်။ ၁၉၉၂ ခုနှစ်မှ ယခု ၂၀၀၈ ခုနှစ်ထိ သစ်တောတက္ကသိုလ်တွင် တာဝန်ထမ်းဆောင်ခဲ့သော ပါမောက္ခချုပ်များမှာ ဦးစောရန်အောင်စီဒူး(၁၉၉၂ မှ ၁၉၉၅)၊ ဦးစိုးတင့်(၁၉၉၅ မှ ၁၉၉၆)၊ ဦးအောင်ကြင်(၁၉၉၆ မှ ၁၉၉၉)၊ ဦးအောင်သန်း(၂၀၀၀ မှ ၂၀၀၂)၊ ဦးဝင်းကြည်(၁)(၂၀၀၂ မှ ၂၀၀၇) နှင့် ဦးခင်မောင်ဇော်(၂၀၀၇ မှ လက်ရှိအချိန်ထိ) ဖြစ်သည်။ သစ်တောတက္ကသိုလ်သည် ရေဆင်းရှိ အခြားတက္ကသိုလ် ၂ ခု (စိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်)၊ သုတေသနဌာနကြီး ၂ ခု၊ (သစ်တောသုတေသနဌာန၊ စိုက်ပျိုးရေးသုတေသနဌာန) တို့နှင့်အတူ တည်ရှိနေသော ဌာနတစ်ခုဖြစ်သည်။ သစ်တောတက္ကသိုလ်၏ အကျယ်အဝန်းမှာ ၁၃၇ ဧက ဖြစ်သည်။



သစ်တောတက္ကသိုလ်(ရေဆင်း)



သစ်တောတက္ကသိုလ် ကျောင်းသူမျက်အိပ်ဆောင်

၇၇၀။ သင်ကြားပို့ချခဲ့သော ဘာသာရပ်များမှာ -Myanmar, English, Botany, Chemistry, Physics, Mathematics, Zoology and Political Science, Foundation of Silvilcuture, Soil Science, Forest Protection, Forest Entomology, Dendrology, Geology, Plantation Silviculture, Forest Pathology, Forest Engineering, Survey and Drawing, Forest Policy and Law, Statistics, Tree Breeding, Forest Management I, Silviculture System, Utilization I, Timber Harvesting, Inventory and Aerial Photography, Forest Mensuration, Wood Technology I, Timber Utilization, Utilization II, Tropical Siliviculture, Milling and Marketing, Forest Management II, Forest Economics and Wood Technology II တို့ဖြစ်သည်။

၇၇၁။ သစ်တောပညာသင်ကြားပို့ချခဲ့သည့် သက်တမ်းမှာ ၈၅ နှစ် (၁၉၂၃-၂၀၀၈) ခန့်ရှိ၍ သစ်တောတက္ကသိုလ် စာကြည့်တိုက်တွင် သစ်တောဘာသာရပ်ဆိုင်ရာစာအုပ်စာတမ်းပေါင်း ၉,၀၀၀ ခန့်ရှိပြီးအများအားဖြင့် ကာလကြာမြင့်စွာက ထုတ်ဝေခဲ့သောစာအုပ်များဖြစ်သည်။ သစ်တောဦးစီးဌာန၊ သစ်တောသုတေသနဌာန၊ ဗဟိုသစ်တောလုပ်ငန်းဖွံ့ဖြိုးမှု လေ့ကျင့်ပညာပေးရေးဌာနရှိ စာကြည့်တိုက်များအပြင် ရန်ကုန်ရှိ UNDP နှင့် FAO ရုံးစာကြည့်တိုက်များတွင်လည်း သင်ကြားမှုနှင့် သုတေသနလုပ်ငန်းအတွက် လိုအပ်သည့် စာအုပ်စာတမ်းများကို ရှာဖွေဖတ်ရှုကြရသည်။



သစ်တောတက္ကသိုလ်မှ စာသင်ဆောင်တစ်ဆောင်



သစ်တောတက္ကသိုလ်စာကြည့်တိုက်

၇၇၂။ ၁၉၉၅ ခုနှစ်တွင် အမျိုးသမီးကျောင်းသူ ၁၀ ရာခိုင်နှုန်းမှ ၁၂ ရာခိုင်နှုန်းအထိ လက်ခံသင်ကြားပို့ချခဲ့သော်လည်း ၂၀၀၃–၀၄ စာသင်နှစ်တွင် ခေတ္တရပ်ဆိုင်းထားခဲ့သည်။ ၁၉၉၆ ခုနှစ်တွင် သစ်တောပညာရပ်ဆိုင်ရာ မဟာသိပ္ပံသင်တန်းကို တိုးချဲ့ဖွင့်လှစ်ခဲ့သည်။ သိပ္ပံ (သစ်တော) ဘွဲ့သင်တန်းကာလကို ၆ နှစ်မှ ၅ နှစ်သို့ လျော့ချခဲ့သည်။

၇၇၃။ သစ်တောတက္ကသိုလ်တွင် International Centre for Integrated Mountain Development (ICIMOD) အစီအစဉ်အရ သင်ကြားမှုအထောက်အကူပြုပစ္စည်းများ၊ ဂြိုလ်တုဓာတ်ပုံနှင့် ပထဝီဝင်သတင်းအချက်အလက်များဆိုင်ရာ ပစ္စည်းကရိယာများ (Remote Sensing and Geographic Information System) (RS/GIS), CD-ROM များနှင့် ဌာနအစီအစဉ်ဖြင့် Multimedia Resource Centre (MMRC) ကိုလည်း တပ်ဆင်ထားရှိသည်။ လေ့ကျင့်ရေးသစ်တောသည် သစ်တောတက္ကသိုလ်မှ ၇ ကီလိုမီတာကွာဝေးသည့် ကြိုးဝိုင်းတောအတွင်းတည်ရှိပြီး၊ ၃,၃၀၀ ဟက်တာကျယ်ဝန်းသည်။ သင်တန်းသားများအား သစ်တော စိုက်ပျိုးပြုစုရေး၊ ဒေသခံအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်း၊ အခြားသစ်တောလုပ်ငန်းများနှင့် ပတ်ဝန်းကျင် ဆိုင်ရာသုတေသနလုပ်ငန်းများတွင် လေ့ကျင့်ဆောင်ရွက်ပေးသည်။

၇၇၄။ ၂၀၀၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်နေ့တွင် သစ်တောတက္ကသိုလ်အား Institute of Forestry အစား University of Forestry ဟုပြောင်းလဲခဲ့ပြီး ၂၀၀၃ ခုနှစ်၊ နိုဝင်ဘာလမှစ၍ သစ်တောတက္ကသိုလ် တွင် ပါရဂူဘွဲ့သင်တန်းများ ဖွင့်လှစ်ခဲ့သည်။

လက်ရှိသင်ကြားပို့ချမှုအခြေအနေ[၁၇၀]

၇၇၅။ **သိပ္ပံ (သစ်တော) ဘွဲ့။** ၁၉၉၆ ခုနှစ်တွင် စနစ်သစ်သိပ္ပံ (သစ်တော) ၅ နှစ်သင်တန်းကို စတင်ခဲ့သည်။ ပဉ္စမနှစ်အကုန် တွင် စူးစမ်းလေ့လာမှု သုတေသနစာတမ်းကို တင်သွင်း/လက်ခံပြီးမှ သိပ္ပံ (သစ်တော)ဘွဲ့ကိုအပ်နှင်းသည်။ စနစ်သစ်သင်တန်းတွင် သယံဇာတအရင်းအမြစ်ဆိုင်ရာ ဘာသာရပ်များဖြစ်သော သားငှက်တိရစ္ဆာန် ထိန်းသိမ်းရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ အစုအဖွဲပိုင် သစ်တော၊ ပြည်သူပူးပေါင်းမှုဖြင့် သစ်တောစီမံခန့်ခွဲရေး၊ ကွန်ပျူတာပညာရပ်၊ ဂြိုလ်တုဓာတ်ပုံနှင့် ပထဝီဝင်သတင်းအချက်အလက်ဆိုင်ရာပညာရပ်များ၊ သီးနှံ/ သစ်တော/ စားကျက်ရောနှော စီမံခန့်ခွဲမှုပညာရပ်များ စသည်တို့ကို တိုးချဲ့သင်ကြား ပေးသည်။ တောတွင်းလက်တွေ့ ကွင်းဆင်းလေ့ကျင့်မှုများကို နှစ်စဉ် ဒီဇင်ဘာလနှင့် ဇန်နဝါရီလအတွင်း သင်တန်းအား လုံး ၁ လမှ ၂ လ ခန့်အထိ လေ့ကျင့်ရေး သစ်တော အတွင်း ဆောင်ရွက်စေသည်။ ကွင်းဆင်း လက်တွေ့လေ့ကျင့်ရန်နှင့် သုတေသနလုပ်ငန်းများအတွက် လေ့ကျင့်ရေးသစ်တောမှာ မရှိမဖြစ်လိုအပ် သဖြင့် ရေဆင်းကြိုးဝိုင်းအတွင်းရှိ ဆင်သော့ကျေးရွာအနီး၌ လေ့ကျင့်ရေးသစ်တောကို တည်ထောင်ခဲ့သည်။ ကွင်းဆင်းလေ့ကျင့်မှုများကို အခြားဒေသအသီးသီးရှိ ကြိုးဝိုင်းတောများတွင်လည်း ဆောင်ရွက်စေခဲ့သည်။



[၁၇၀] လေ့ကျင့်ရေးနှင့် သုတေသနဖွံ့ဖြိုးရေးဌာန၊ သစ်တောဦးစီးဌာန

၇၇၆။ **မဟာသိပ္ပံသင်တန်း**။ အခြားဘွဲ့ရများနှင့် သစ်တောပညာဘွဲ့ရများ တက်နိုင်သော မဟာသိပ္ပံသင်တန်းကို ၁၉၉၆–၉၇ ပညာသင်နှစ်မှစတင်၍ ဖွင့်လှစ်ခဲ့ပါသည်။ ၂၀၀၀ ခုနှစ်တွင် ဂျာမန်–မြန်မာ ပူးတွဲ မဟာသိပ္ပံသင်တန်များ စတင်ခဲ့သည်။ မဟာသိပ္ပံ (သစ်တော) ဘွဲ့သင်တန်းတွင် (၁) သစ်တောစိုက်ပျိုးပြုစု ရေး၊ သစ်တောရက္ခဗေဒနှင့် သစ်အရည်အသွေးကောင်းမွန်ရေး ပညာရပ်များ၊ (၂) သစ်တောရောဂါဗေဒ၊ (၃) သားငှက်တိရစ္ဆာန်နှင့် အမျိုးသားဥယျာဉ် ထိန်းသိမ်းရေးနှင့် ရေဝေရေလဲအုပ်ချုပ်ရေး၊ (၄) ဂေဟဗေဒ/ဝန်းကျင်သစ်တော ထိန်းသိမ်းရေး၊ (၅) အစုအဖွဲပိုင် သစ်တော/ပြည်သူပူးပေါင်းသစ်တော အုပ်ချုပ်ရေး၊ (၆) မြေဆီလွှာသိပ္ပံ၊ (၇) ကောင်းကင်နှင့်ဂြိုလ်တုဓါတ်ပုံ/ ပထဝီဝင်သတင်းအချက်အလက်စနစ်၊ (၈) သစ်အခြောက်ခံနည်းပညာ၊ (၉) သစ်တောစီမံအုပ်ချုပ်မှုပညာ စသည်တို့ကို အထူးပြု လေ့လာနိုင်သည်။ ဘွဲ့လွန်သင်တန်းတွင် သစ်တောပညာအထူးပြု မဟာသိပ္ပံအတွက် မူရင်း သုတေသနလုပ်ငန်း တစ်ရပ်ကိုဘာသာရပ်အလိုက်ပြုလုပ်ရသည်။ သင်တန်းကာလမှာ ၃ နှစ်ဖြစ်သည်။ ပထမနှစ်သင်ကြား မူကို ပြီးစီးအောင်မြင်ပါက ဒီပလိုမာ (သစ်တော) ဘွဲ့ကို ပေးအပ်သည်။

၇၇၇။ **ပါရဂူဘွဲ့သင်တန်းများ**[၁၇၉]။ ၂၀၀၃ ခုနှစ်တွင် သစ်တောတက္ကသိုလ်၌ ပါရဂူဘွဲ့သင်တန်းများကို စတင်ခဲ့ပြီး ဝါရင့်မြန်မာ့ သစ်တောပညာရှင်များက ကြီးကြပ်ကွပ်ကဲ၍ နိုင်ငံခြားတက္ကသိုလ် ပါမောက္ခများကလည်း လာရောက်သင်ကြားပေးခဲ့သည်။ အထူးပြုဘာသာရပ်များတွင် သစ်တောစီမံအုပ်ချုပ်မှု၊ သစ်တောစိုက်ပျိုးပြုစုရေး၊ ဘက်စုံအသုံးချသစ်တောပညာ၊ သစ်တောရောဂါဗေဒ၊ သစ်အသုံးချပညာနှင့် အခြားသစ်တောထွက် ပစ္စည်းအသုံးချရေးပညာရပ်များပါဝင်သည်။ သင်တန်းကာလမှာ ပါရဂူဘွဲ့ကြို သင်တန်း ၁ နှစ်အပါအဝင် ၃ နှစ်ဖြစ်သည်။ လွန်ခဲ့သည့် ၈၀ နှစ်(၁၉၂၄ မှ ၂၀၀၄) တာကာလအတွင်း ဘွဲ့ရသစ်တောပညာရှင် ဦးရေမှာ စုစုပေါင်း ၁၇၀၃ ဦးတို့ဖြစ်ပြီး ဘွဲ့လွန်ဒီပလိုမာ (သစ်တောပညာ) ဘွဲ့ရဦးရေမှာ ၁၉၉၇ ခုနှစ်တွင် ၃ ဦး၊ ၁၉၉၈ ခုနှစ်တွင် ၁၀ ဦး၊ စုစုပေါင်း ၁၃ ဦးတို့အပြင် မဟာသိပ္ပံ (သစ်တောပညာ) ဘွဲ့ရဦးရေမှာ ၂၀၀၂ ခု နှစ်တွင် ၅ ဦးတို့ဖြစ်သည်။

---

[၁၇၉] လေ့ကျင့်ရေးနှင့် သုတေသနဖွံ့ဖြိုးရေးဌာန၊ သစ်တောဦးစီးဌာန



တတိယအကြိမ်တွဲနှင်းသဘင်အခမ်းအနားတွင် သစ်တောရေးရာဝန်ကြီးဌာန၊
ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က သင်တန်းဆင်းကျောင်းသူတစ်ဦးအား
ဆုတံဆိပ်ချိုးမြှင့်နေပုံ



သစ်တောတက္ကသိုလ် ဒုတိယအကြိမ်တွဲနှင်းသဘင် အခမ်းအနားတွင်
သင်တန်းဆင်း ကျောင်းသားတစ်ဦးအား
ပါမောက္ခချုပ်က ဘွဲ့လက်မှတ်ပေးအပ်နေစဉ်



သစ်တောတက္ကသိုလ် တတိယအကြိမ်ဘွဲ့နှင်းသဘင်အခမ်းအနားတွင် သစ်တောရေးရာ
ဝန်ကြီးဌာန၊ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် အမှာစကားပြောကြားနေပုံ



ဒုတိယအကြိမ်ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ဘွဲ့အပ်နှင်းရန်အတွက်
ပါမောက္ခချုပ်အား သဘာယအဖွဲ့မှ ပန်ကြားနေပုံ

၇၇၈။ **ဂျပန်နိုင်ငံကျိုတိုတက္ကသိုလ် အာရှနှင့်အာဖရိကဒေသ လေ့လာရေးတက္ကသိုလ်နှင့် သုတေသနပူးပေါင်း ဆောင်ရွက်ချက်**[၁၈၀]။ သစ်တောများထာဝစဉ်ဖွံ့ဖြိုးရေး အုပ်ချုပ်လုပ်ကိုင်မှုနှင့် ဒေသခံပြည်သူများ၏ သစ်တောသယံဇာတသုံးစွဲမှုလေ့လာရေး သုတေသနလုပ်ငန်းကို ဂျပန်နိုင်ငံ သိပ္ပံပညာ တိုးတက်ရေးအဖွဲ့ (Japan Society for the Promotion of Science) နှင့် ဂျပန်သုတေသနစီမံကိန်းအဖွဲ့ (Japanese Research Project Team) တို့၏ ထောက်ပံ့မှုဖြင့် ၂၀၀၁ ခုနှစ်မှ ၂၀၀၄ ခုနှစ်အထိဆောင်ရွက်ခဲ့သည်။

၇၇၉။ မြန်မာနိုင်ငံ၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးတွင်အရေးပါသည့် သစ်တောသယံဇာတများအား ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်စီးပွားရေး ရေရှည်အကျိုးဖြစ်ထွန်းစေမည့် သစ်တောစီမံအုပ်ချုပ်မှုစနစ်ကို လေ့လာသုံးသပ်နိုင်ရန်အတွက် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်သည်။ လက်ရှိကျင့်သုံးနေသည့် သစ်တော အုပ်ချုပ်လုပ်ကိုင်မှုစနစ်နှင့် ဒေသခံပြည်သူများ၏ သစ်တောသယံဇာတ သုံးစွဲမှုများကိုလေ့လာခဲ့သည်။ စမ်းသပ်လေ့လာမှုများအား အုတ်တွင်းမြို့နယ်အတွင်းရှိ ကျွန်းစိုက်ခင်းများနှင့် ကြိုးဝိုင်းတောများမှ သဘာဝကျွန်းတောများကို အဓိကထား၍ အသေးစိတ်လေ့လာခဲ့သည်။

၇၈၀။ သီးနှံသစ်တောရောနှောစိုက်ပျိုးရေးစနစ်နှင့် သစ်မဟုတ်သော အခြားသစ်တောထွက်ပစ္စည်းများထုတ်လုပ်သုံးစွဲမှုစနစ်အပေါ် လူမှုစီးပွားရေးအမြင်ဖြင့် အသေးစိတ်လေ့လာသုံးသပ်ချက်၊ သစ်တောများ၏တန်ဖိုးကို ဇီဝမျိုးစုံကာကွယ်ထိန်းသိမ်းရေးအမြင်သုံးသပ်ချက် စသည့်ရလဒ်များအပြင် မြန်မာနိုင်ငံသစ်တောဌာနအဖွဲ့အစည်းများနှင့် ကျိုတိုတက္ကသိုလ်တို့ အနီးကပ်ပူးပေါင်းဆောင်ရွက်မှုကို ဖြစ်စေသကဲ့သို့ ဆက်လက်၍ သိပ္ပံဆိုင်ရာသတင်းအချက်အလက်များ၊ သုတေသနပညာရှင်များ၊ သင်တန်းသားများ အပြန်အလှန်ဖလှယ်ရေးတွင် အထောက်အကူပြုမည်ဖြစ်သည်။

၇၈၁။ **မြန်မာ–ဂျာမန်သစ်တောပညာ တွဲဖက်သင်ကြားရေးအစီအစဉ်**[၁၈၁]။ မြန်မာ–ဂျာမန် သစ်တောပညာ တွဲဖက်သင်ကြားရေးအစီအစဉ်ကို မြန်မာနိုင်ငံနှင့် ဂျာမနီနိုင်ငံတွင် သစ်တောပညာသင်ကြားရေးတိုးတက်ခိုင်မာစေရန်၊ သဘာဝသစ်တောသယံဇာတများ ထိန်းသိမ်းရေး နှင့် အသုံးချရေးနယ်ပယ်အပေါ် လေ့ကျင့်ပေးရေးနှင့် သင်ကြားပေးရေးကဏ္ဍများတွင် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတိုးတက်စေရန်၊ ရေဆင်းသစ်တောတက္ကသိုလ်၏ သင်ကြားရေးဆိုင်ရာ စွမ်းဆောင် နိုင်မှုတိုးမြှင့်စေရန်၊ ရေဆင်း သစ်တောတက္ကသိုလ်၊ ဂျာမနီနှင့် အရှေ့တောင်အာရှရှိ တက္ကသိုလ်များအကြား ရေရှည်ပညာရေးနှင့် သုတေသနလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်များတိုးမြှင့် လုပ်ဆောင်ရန်စသည့် ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်ခဲ့သည်။

---

[၁၈၀] လေ့ကျင့်ရေးနှင့် သုတေသနဖွံ့ဖြိုးရေးဌာန၊ သစ်တောဦးစီးဌာန

[၁၈၁] လေ့ကျင့်ရေးနှင့် သုတေသနဖွံ့ဖြိုးရေးဌာန၊ သစ်တောဦးစီးဌာန

၇၈၂။ ရေဆင်းသစ်တောတက္ကသိုလ်သည် သိပ္ပံ(သစ်တော)ဘွဲ့နှင့်ဘွဲ့လွန် သစ်တောပညာရှင်များ မွေးထုတ် ပေးလျက်ရှိသော တစ်ခုတည်းသော တက္ကသိုလ်ဖြစ်သည့်အားလျော်စွာ သင်ကြားရေးဆိုင်ရာ အရည်အသွေး မြှင့်တင်ရေးအတွက် ၁၉၉၀ နှစ်များကတည်းက ဂျာမနီနိုင်ငံ ဂိုတင်ဂင်တက္ကသိုလ် (Gottingen University) ဒရက်စ်ဒင်တက္ကသိုလ် (Dresden University) တက္ကသိုလ်များနှင့် ဆက်သွယ်ခဲ့၍ ဘွဲ့နှင့် ဘွဲ့လွန်သင်တန်းသားများအား အထူးပြုဘာသာရပ်များကို သင်ကြားပေးခဲ့သဖြင့် မြန်မာသစ်တော ဝန်ထမ်း ၅ ဦးမှာ မဟာသိပ္ပံဘွဲ့ရရှိခဲ့ပြီး ၂ ဦးမှာ ပါရဂူဘွဲ့ရရှိခဲ့ပြီးဖြစ်သည်။ ဂိုတင်ဂင်တက္ကသိုလ်မှ သိပ္ပံပညာရှင် ၅ ဦးကလည်း ရေဆင်းသစ်တော တက္ကသိုလ်သို့လာရောက်ခဲ့ပြီး ဘွဲ့နှင့်ဘွဲ့လွန်သင်တန်းများအား အထူးပြုဘာသာရပ်များကို သင်ကြားပေးခဲ့သည်။

၇၈၃။ တက္ကသိုလ်အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုသည် နှစ်ဦးနှစ်ဖက်အကျိုးရှိကြောင်းတွေ့ရှိရပြီးနောက် ရန်ကုန်မြို့ရှိ ဂျာမနီသံရုံး၏အားပေးထောက်ခံမှုဖြင့် ရေဆင်းသစ်တောတက္ကသိုလ်နှင့် ဂျာမနီနိုင်ငံမှ တက္ကသိုလ် ၂ ခုတို့ဆက်လက်ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်ကို တိုးချဲ့ အကောင်အထည်ဖော်ခဲ့ခြင်း ဖြစ်သည်။ ဆောင်ရွက်မည့်လုပ်ငန်းများအနေဖြင့် သင်ရိုးညွှန်းတမ်းဖွံ့ဖြိုးရေး၊ ဘွဲ့လွန်သင်တန်းများဖွံ့ဖြိုးရေး၊ ကွန်ယက်စနစ်နှင့် စာကြည့်တိုက်အထောက်အကူပြုရေး၊ သင်တန်းသားဖလှယ်ရေးတို့ဖြစ်သည်။

၇၈၄။ **နိုင်ငံခြားတက္ကသိုလ်များနှင့် ပူးပေါင်းသင်တန်းဖွင့်လှစ်ခြင်း**[၁၈၂]။ ရေဆင်းသစ်တော တက္ကသိုလ်တွင် အခါအားလျော်စွာ ကာလတိုအထူးသင်တန်းများကို အခြားနိုင်ငံခြားတက္ကသိုလ်များနှင့် ပူးပေါင်းဖွင့်လှစ်ရန် စီစဉ်ခဲ့သည်။ အတွေ့အကြုံရှိ ပါမောက္ခများကို သစ်တောတက္ကသိုလ်သို့ ဖိတ်ကြား၍ ဘွဲ့နှင့် ဘွဲ့လွန်သင်တန်းများအား ဘာသာရပ်ဆိုင်ရာ သင်ကြားပေးခြင်းများအပြင် သစ်တောဦးစီးဌာန ဝန်ထမ်းများအတွက် အထူးကာလတိုသင်တန်းများ ဖွင့်လှစ်ခဲ့သည်။

၇၈၅။ ၂၀၀၂ ခုနှစ်၊ ဩဂုတ်လတွင် သစ်တောတက္ကသိုလ်၌ ဂျာမနီဂိုတင်ဂင်တက္ကသိုလ်၊ သစ်တော မျိုးဗီဇသစ်ပင်မျိုးပွားရေးဌာန၏ ကူညီပံ့ပိုးမှုဖြင့် မြန်မာနိုင်ငံ ကျွန်းမျိုးဗီဇများ စီမံအုပ်ချုပ်မှုသင်တန်းကိုဖွင့်လှစ်ခဲ့ရာ အထူးကျွန်းစိုက်ခင်းစီမံချက်တွင် ပါဝင်ပတ်သက်သူ သင်တန်းသား ၂၆ ဦးတက်ရောက်လေ့လာခဲ့သည်။

၇၈၆။ သစ်တောတက္ကသိုလ်ဖွဲ့စည်းပုံအရ လက်ထောက်ကထိကမှ ပါမောက္ခချုပ်အထိ အရာထမ်း ဝန်ထမ်း ၄၃ ဦးနှင့် နည်းပြ ၄ ဦး၊ အခြားအဆင့် ၁၄၃ ဦး၊ စုစုပေါင်း ၁၈၆ ဦးရှိသည်။ အများအားဖြင့် ဂျာမနီ၊ ဂျပန်၊ ဩစတြေးလျ၊ အင်္ဂလန်နှင့် အမေရိကန်ပြည်ထောင်စုတို့တွင် ဘွဲ့လွန်သင်တန်းများ တက်ရောက်လေ့ကျင့်ပြီးသူများဖြစ်သည်။ သင်ကြားရေးဝန်ထမ်းများသည် ရေဆင်းတက္ကသိုလ်များ နယ်မြေအတွင်းရှိ သစ်တောသုတေသနဌာနနှင့် ညှိနှိုင်းပေါင်းစပ်၍ သုတေသနလုပ်ငန်းများ ဆောင်ရွက် ခဲ့သည်။

---

[၁၈၂] လေ့ကျင့်ရေးနှင့် သုတေသနဖွံ့ဖြိုးရေးဌာန၊ သစ်တောဦးစီးဌာန

၇၈၇။ သစ်တောဦးစီးဌာနနှင့်သစ်တောသုတေသနဌာနမှ ဘာသာရပ်ကျွမ်းကျင်ဝန်ထမ်းများကလည်း အချိန်ပိုင်းတာဝန်ယူသင်ကြားပေးသည်။ ဂျာမနီနှင့် အမေရိကန်ပြည်ထောင်စုရှိ နိုင်ငံခြားတက္ကသိုလ်များကလည်း အခါအားလျော်စွာ လာရောက်သင်ကြားပို့ချပေးခြင်းဖြင့် အပြန်အလှန်ပူးပေါင်းသင်ကြားရေးအစီအစဉ်များ ဆက်လက်ဖွဖြိုးရန် စီစဉ်ဆောင်ရွက်ခဲ့သည်။



ဗဟိုသစ်တော လုပ်ငန်းဖွံ့ဖြိုးမှု လေ့ကျင့်ပညာပေးရေးဌာန

ဗဟိုသစ်တော လုပ်ငန်းဖွံ့ဖြိုးမှု လေ့ကျင့်ပညာ ပေးရေးဌာန (Central Forestry Development Training Center - CFDTC)[၁၈၃]

၇၈၈။ လူဦးရေ တစ်နေ့တခြား တိုးတက်လာသည်နှင့်အမျှ သစ်တောများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် သစ်နှင့်သစ်တောထွက်ပစ္စည်းများ ထုတ်လုပ်အသုံးချရေးနှင့် ပြန်လည် ပြုစုထိန်းသိမ်းရေး လုပ်ငန်းများအား စနစ်တကျစီမံအုပ်ချုပ်သွားရန် လိုအပ်ပေသည်။ သို့ဖြစ်ရာအဆိုပါ လုပ်ငန်းများအား ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရေးအတွက် သစ်တောဝန်ထမ်းအင်အားကို တိုးချဲ့ ဖွဲ့စည်းခဲ့သည်။ ထိုသို့တိုးချဲ့ခန့်ထားသည့်ဝန်ထမ်းသစ်များ၊ ဌာနတွင်းရှိဝန်ထမ်းများ၊ သစ်တောကဏ္ဍနှင့် ဆက်နွယ်နေကြသော ကျေးလက်ပြည်သူများအား သစ်တောကာကွယ် ထိန်းသိမ်းရေး၊ သစ်တောစိုက်ပျိုးပြုစုရေး၊ သစ်ထုတ်လုပ်သုံးစွဲရေးစသည့်ကဏ္ဍများ၌ထိရောက်အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရန် အတွက် ဌာနတွင်းသင်တန်းများကို ဖွင့်လှစ်ပို့ချပေးရန်လိုအပ်သည်။ ဤသို့လိုအပ်ချက်နှင့်အညီ ကာလတို

[၁၈၃] လေ့ကျင့်ရေးနှင့် သုတေသနဖွံ့ဖြိုးရေးဌာန၊ သစ်တောဦးစီးဌာန

လုပ်ငန်းခွင်/ပညာပေးသင်တန်းများကို ဖွင့်လှစ်ပို့ချပေးနိုင်ရန် သင်တန်းအဆောက်အအုံများ၊ ခေတ်မီ သင်တန်းသုံးပစ္စည်းများနှင့်ပြည့်စုံသော သင်တန်းကျောင်း ကိုရန်ကုန်တိုင်း၊ မော်ဘီမြို့နယ်တွင် ၁၉၈၇ ခုနှစ်ကျပန်အစိုးရသဘောတူညီချက်အရ ယန်း ၂,၇၂၅ သန်းနှင့် မြန်မာကျပ် ၆၆.၃ သန်းဖြင့် ၁၉၈၈ ခုနှစ်၊ ဖေဖော်ဝါရီလတွင် တည်ဆောက်ရေး လုပ်ငန်းများစတင်ခဲ့ပြီး ၁၉၉၀ ခုနှစ်၊ မတ်လတွင် တည်ဆောက်ရေးလုပ်ငန်းများပြီးစီး၍ သစ်တောဦးစီးဌာနသို့ လွှဲပြောင်းပေးခဲ့သည်။

၇၈၉။ **စီမံကိန်းအကောင်အထည်ဖော်မှုကာလ**။ ၁၉၉၀ ခုနှစ်၊ မေလ ၁၅ ရက်နေ့တွင် သင်တန်းများကို စတင်ဖွင့်လှစ်ပို့ချခဲ့သည်။ ကျပန်ပညာရှင်များနှင့် နည်းပညာပူးပေါင်း ဆောင်ရွက်ရေး အစီအစဉ်ကို ၁၉၉၀ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့မှ စတင်ခဲ့ပြီး ၁၉၉၅ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့အထိ ငါးနှစ်ကာလ ဖြစ်သည်။ အစီအစဉ်အရကျပန် ပညာရှင်များလာရောက်၍ သင်တန်းများ၌ ပူးပေါင်း ဆောင်ရွက်ခြင်း၊ သင်တန်းအထောက်အကူပြု ပစ္စည်းများ နှစ်စဉ်ဖြည့်စွက်ပံ့ပိုးခြင်း၊ ဝန်ထမ်းများ အားကျပန်နိုင်ငံသို့စေလွှတ်၍ သင်တန်းများပို့ချပေး ခြင်းများ ဆောင်ရွက်နိုင်ခဲ့သည်။

၇၉၀။ စီမံကိန်းကာလအတွင်း နည်းပညာပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်အရ ဌာနတွင်းဝန်ထမ်းများကို လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာသင်တန်းများနှင့် ကျေးလက်ပြည်သူများအတွက် သစ်တောဆိုင်ရာ ပညာပေးသင်တန်းများ ဖွင့်လှစ်ပို့ချခဲ့သည်။

၇၉၁။ **စီမံကိန်းနောက်ဆက်တွဲကာလ (Follow-up programme)**။ ၁၉၉၅ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့မှ ၁၉၉၇ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့အထိ စီမံကိန်း နောက်ဆက်တွဲကာလအဖြစ် သက်တမ်း ၂ နှစ်တိုးမြှင့်ခဲ့သည်။ ရင်းနှီးမြှုပ်နှံမှုအခြေအနေမှာ ကျပန်အစိုးရမှ ထောက်ပံ့ငွေကျပ် ၁၁.၆၆၄ သန်းနှင့် မြန်မာနိုင်ငံမှ ထည့်ဝင်ငွေကျပ် ၈.၅၇၉ သန်း၊ စုစုပေါင်း ငွေကျပ် ၂၀.၂၄၃ သန်းဖြစ်သည်။

၇၉၂။ **စီမံကိန်းပြီးစီးမှုကာလ (Post-Project Period)**။ ၁၉၉၇ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့တွင် စီမံကိန်းပြီးဆုံးသွားသော်လည်း သစ်တောရေးရာ ဝန်ကြီးဌာန သစ်တောဦးစီးဌာန၏ အစီအစဉ်ဖြင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။ ၁၉၉၈–၉၉ ခုနှစ်အတွက် သစ်တောဦးစီးဌာန၏ ဘတ်ဂျက်ရန်ပုံငွေမှ ငွေကျပ် ၆၆.၄၉ သိန်း၊ စိမ်းလန်းစိုပြည်ရေး အထူးရန်ပုံငွေမှ ငွေကျပ် ၇.၃၉ သိန်း၊ စုစုပေါင်းငွေကျပ် ၇၃.၈၈ သိန်းတို့ဖြင့် သစ်တော ဦးစီးဌာနမှတာဝန်ယူ၍ သင်တန်းများ စီစဉ်ဖွင့်လှစ်ခြင်းကို စီမံကိန်းကာလအခြေအနေအတိုင်း ဆက်လက် ဆောင်ရွက်ခဲ့သည့်အပြင် သစ်မျိုးသန့်ပြန့်ပွားရေး သင်တန်း၊ မြို့နယ်မှူးအကြိုလုပ်ငန်းခွင် ရက်တိုသင်တန်း၊ ဘက်စုံ ရေဝေရေလဲဒေသ စီမံအုပ်ချုပ်ခြင်း သင်တန်း၊ Data base ကွန်ပျူတာသင်တန်း၊ အပူပိုင်းစိမ်းလန်းစိုပြည်ရေးဌာန ငွေစာရင်းထိန်းသိမ်းနည်း သင်တန်းတို့ကို တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့သည်။

၇၉၃။ **နောက်ဆက်တွဲအစီအစဉ်အကောင်အထည်ဖော်ဆောင်ရွက်မှု (Aftercare Programme)**။ သစ်တောဦးစီးဌာန ဗဟိုသစ်တောလုပ်ငန်းဖွဲ့ဖြိုးမှုလေ့ကျင့်ပညာပေးရေး သင်တန်းကျောင်းအတွက် ကျပန်

နိုင်ငံမှ နောက်ဆက်တွဲနည်းပညာ ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်ကို ၁၉၉၉ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ ၂၀၀၁ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ ဆောင်ရွက်သွားရန် အစိုးရအဖွဲ့ အစည်းအဝေး အမှတ် ၁၃/၉၉ မှ သဘောတူခွင့်ပြုခဲ့သည်။ အစီအစဉ်အရ ထို ၂ နှစ်တာကာလအတွင်း ဂျပန်နိုင်ငံမှ ထည့်ဝင်ငွေယန်း ၁၀၈ သန်းနှင့် ပြည်တွင်းထည့်ဝင်ငွေကျပ် ၁၂ သန်းဖြင့်ဆောင်ရွက် ခဲ့သည်။

၇၉၄။ နောက်ဆက်တွဲအစီအစဉ်၏ အဓိကရည်မှန်းချက်များမှာ နောင်ဆက်လက်ဆောင်ရွက်မည့် မြန်မာနိုင်ငံအလယ်ပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးအတွက် လူမှုရေးသစ်တောပညာ (Social Forestry) ဖြင့် ဦးစားပေး ဆောင်ရွက်သွားရာတွင် လိုအပ်လာမည့် လူအရင်းအမြစ် (Human Resources) များအား ပြုစုပျိုးထောင်ခြင်း၊ ဗဟိုသစ်တောလုပ်ငန်းဖွံ့ဖြိုးမှု လေ့ကျင့်ပညာပေးရေးသင်တန်းကျောင်းမှ လူမှုရေးသစ်တောပညာ နှင့် ဆက်စပ်လျက်ရှိသော သင်ထောက်ကူပြုပစ္စည်းများအား ပြုပြင်ထိန်းသိမ်းခြင်း၊ ဖြည့်ဆည်းပံ့ပိုးပေးခြင်း လုပ်ငန်းများဆောင်ရွက်ရန်ဖြစ်သည်။

၇၉၅။ နောက်ဆက်တွဲ အစီအစဉ်ကာလတွင် တိုးချဲ့ပညာပေးရေး နည်းလမ်းများနှင့် စီမံချက်ရေးဆွဲခြင်းသင်တန်းများ အသစ်ဖွင့်လှစ်ပို့ချနိုင်ခဲ့ပြီး လူအရင်းအမြစ် အဖြစ်သင်တန်းသားများပြုစုပျိုးထောင်နိုင်ခဲ့သည်။ ထို့ပြင် သစ်တောရေးရာဝန်ကြီးဌာနနှင့်ဆက်နွယ်လျက်ရှိသော အခြားဌာနများ၊ အဖွဲ့အစည်းများ၏ စာတမ်းဖတ်ပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲကျင်းပခြင်းနှင့်အထူးသင်တန်းများဖွင့်လှစ်ပို့ချခြင်းများ လက်ခံဆောင်ရွက်ပေးနိုင်ခဲ့သည်။

၇၉၆။ **Community Forestry Training-COMFORT စီမံကိန်း**[၁၈၄]။ ယင်း COMFORT စီမံကိန်းကို ၂၀၀၁ ခုနှစ်မှ ၂၀၀၆ ခုနှစ်အထိ ငါးနှစ်တာဆောင်ရွက်ခြင်းဖြစ်သည်။ စီမံကိန်း၏ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံအပူပိုင်းဒေသများတွင် ဒေသခံပြည်သူအစုအဖွဲ့ ပိုင်သစ်တောများကို ပြည်သူများပူးပေါင်းပါဝင်မှုဖြင့် တိုးချဲ့ပညာပေးရေးနည်းလမ်းများကို အသုံးပြု၍ တည်ထောင်သွားရန်ဖြစ်ပြီး ဂျပန်နိုင်ငံအစိုးရမှ အမေရိကန်ဒေါ်လာ ၄ သန်းထောက်ပံ့ခဲ့ပြီး ဂျပန်ပညာ ရှင် ၅ ဦးမှ စီမံကိန်းတွင်လာရောက်ပူးပေါင်းဆောင်ရွက်သည်။

၇၉၇။ စီမံကိန်းကာလအတွင်း မန္တလေးတိုင်း၊ ပုသိမ်ကြီးမြို့နယ် သစ်တောဝင်းတွင် သင်တန်းကျောင်းခွဲငယ်တစ်ခုကိုတည်ဆောက်ခဲ့ပြီး ၂၀၀၃ ခုနှစ်၊ မေလ ၅ ရက်နေ့တွင် ဖွင့်လှစ်နိုင်ခဲ့သည်။ အထက်မြန်မာပြည်အပူပိုင်းဇုံရှိ ကျေးလက်ပြည်သူများအား အဆိုပါ သင်တန်းကျောင်းတွင် သင်တန်းများပို့ချခဲ့သည်။ ယင်း စီမံကိန်းတွင် ပြည်သူများပူးပေါင်း ပါဝင်ဆောင်ရွက် နိုင်မည့် တိုးချဲ့ပညာပေးရေးနည်းလမ်းနှင့် နည်းစနစ်သင်တန်းများ ကို အဓိကထား၍ ဖွင့်လှစ်ပို့ချခြင်းဖြစ်ပြီး၊ လက်တွေ့ ကွင်းဆင်း ဆောင်ရွက်ခြင်းများအပြင် အထူးသင်တန်း တစ်ရပ်အနေဖြင့် အခြေခံဘဏ္ဍာရေး စည်းမျဉ်းများနှင့် ငွေစာရင်း ပြုစုထိန်းသိမ်းခြင်း ဆိုင်ရာ မွမ်းမံသင်တန်းများကို လည်း ဖွင့်လှစ်ပို့ချခဲ့သည်။

---

[၁၈၄] လေ့ကျင့်ရေးနှင့် သုတေသနဖွံ့ဖြိုးရေးဌာန၊ သစ်တောဦးစီးဌာန



ဗဟိုသစ်တော လုပ်ငန်းမဲ့ပြိုးမှု လေ့ကျင့်ပညာပေးရေးဌာန သင်တန်းကျောင်းခွဲ(ပုသိမ်ကြီး)

၇၉၈။ **ဖွင့်လှစ်ပြီးသင်တန်းများနှင့် သင်တန်းသားဦးရေ။** ဗဟိုသစ်တောလုပ်ငန်းဖွဲ့ဖြိုးမှု လေ့ကျင့်ပညာပေးရေးဌာန နည်းပညာပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်အရ စီမံကိန်းစတင်ဆောင်ရွက်ခဲ့သည့် ၁၉၉၀ ခုနှစ်မှ ၂၀၀၄ ခုနှစ် ဩဂုတ်လကုန်အထိ သင်တန်းပေါင်း ၃၅၅ ကြိမ်ဖွင့်လှစ်နိုင်ခဲ့ပြီး သင်တန်းသားစုစုပေါင်း ၉,၀၈၀ ဦးတက်ရောက်ခဲ့သည်။


မြန်မာနိုင်ငံသစ်တောကျောင်း[၁၈၅]

၇၉၉။ မြန်မာနိုင်ငံသစ်တောကျောင်းအား ၁၈၉၈ ခုနှစ်တွင် ပဲခူးတိုင်း၊ သာယာဝတီမြို့တွင် စတင်တည်ထောင်ခဲ့ပြီး ထိုမှမန္တလေးတိုင်း ပျဉ်းမနားမြို့သို့လည်းကောင်း၊ ပျဉ်းမနားမြို့မှ သာယာဝတီမြို့သို့လည်းကောင်း၊ ယင်းမှ ပျဉ်းမနားမြို့သို့လည်းကောင်း၊ ပျဉ်းမနားမြို့မှ ရန်ကုန်တိုင်း အင်းစိန်မြို့သို့လည်းကောင်း၊ အင်းစိန်မြို့မှ ပြင်ဦးလွင်မြို့ (မေမြို့) သို့လည်းကောင်း ၆ ကြိမ်မျှ အဆင့်ဆင့်ပြောင်းရွှေ့ခဲ့သည်။



မြန်မာနိုင်ငံသစ်တောကျောင်း သာယာဝတီ(၁၈၉၈–၁၉၁၀) (မူလအဆောက်အဦမရှိတော့ပါ)

၈၀၀။ **မြန်မာပြည်သစ်တောကျောင်း (သာယာဝတီ) (၁၈၉၈–၁၉၁၀ ခုနှစ်)**။ မြန်မာပြည် သစ်တော ကျောင်းကို ပဲခူးတိုင်း၊ သာယာဝတီခရိုင်၊ သာယာဝတီမြို့တွင် ၁၈၉၈ ခု နှစ်တွင်ပထမဆုံး စတင်ဖွင့်လှစ် ခဲ့သည်။ ထိုစဉ်က ပထမဆုံးကျောင်းအုပ်ကြီးမှာ (Mr. E. M Buchanan) ဖြစ်၍ (Deputy Conservator of Forest) အဆင့်ပုဂ္ဂိုလ်ဖြစ်ကြောင်း၊ သင်တန်းအား အကြီးတန်းနှင့် အငယ်တန်းဟူ၍ ခွဲခြားသင်ကြား ခဲ့ကြောင်း၊ အကြီးတန်းကို အင်္ဂလိပ်ဘာသာဖြင့်ပို့ချ၍ အငယ်တန်းအား မြန်မာဘာသာ ဖြင့်ပို့ချခဲ့ကြောင်း၊ နည်းပြဆရာမှာ သာယာဝတီခရိုင်၊ သစ်တောအရေးပိုင်နှင့် ဝန်ထောက်များ ဖြစ်သည်။ အဆိုပါကျောင်းမှာ ၁၉၁၀ ခုနှစ်တွင် မန္တလေးတိုင်း၊ ရမည်းသင်းခရိုင်၊ ပျဉ်းမနားမြို့သို့ ပြောင်း ရွှေခဲ့ကြောင်း၊ ပြောင်းရွှေ ခြင်းမှာ ပျဉ်းမနားမြို့သည် သဘာဝကျွန်းတောကြီးများ၊ သစ်မျိုးစုံပေါက်ရောက် သည့် ပဲခူးရိုးမ တောင်တန်းကြီးနှင့် နီးကပ်ခြင်းအပြင် လမ်းပန်းဆက်သွယ်ရေး အချက်အခြာကျခြင်းကြောင့် ဖြစ်သည်။



မြန်မာနိုင်ငံသစ်တောကျောင်း(ပျဉ်းမနား) (၁၉၁၁ မှ ၁၉၄၉)

၈၀။ **မြန်မာပြည်သစ်တောကျောင်း (ပျဉ်းမနား) (၁၉၁၁–၄၂ ခုနှစ်)**။ ပျဉ်းမနားသစ်တောကျောင်းအား ၁၉၁၁ ခုနှစ်မှ ၁၉၄၂ ခုနှစ်အထိ ဖွင့်လှစ်ခဲ့ပြီး (ဒုတိယသစ် တောကျောင်း) ဖြစ်သည်။ ထိုစဉ်က ကျောင်းအုပ်ကြီးမှာ Mr. H. P Walch ဖြစ်၍ Deputy Conservator အဆင့် ရှိသူဖြစ်ပြီး အကြီးတန်း/အငယ်တန်း ခွဲခြား သင်ကြားခဲ့သည်။

၈၀၂။ ပျဉ်းမနားသစ်တောကျောင်းသည် အကြီးတန်းကို အင်္ဂလိပ်ဘာသာဖြင့် သင်ကြားခြင်း၊ ဘာသာရပ်များစုံလင်ခြင်း၊ သင်ရိုးညွှန်းတမ်းမြင့်ခြင်း၊ လက်တွေ့လုပ်ငန်းများ ပိုင်နိုင်စွာသင်ကြားခြင်းတို့ကြောင့် ယိုးဒယား (ထိုင်း) နိုင်ငံမှ နှစ်စဉ်အကြီးတန်း သစ်တောကျောင်းသား ၂ နေရာအတွက် သတ်မှတ်လက်ခံရန် မေတ္တာရပ်ခံခဲ့ဘူးသည်။ ၁၉၁၂ ခုနှစ်မှ ၁၉၃၃ ခုနှစ်အထိ မြန်မာနိုင်ငံသစ်တောကျောင်းသို့ ထိုင်းနိုင်ငံမှ စေလွှတ်တက်ရောက်ခဲ့သည့် သင်တန်းသား ၃၂ ဦးအနက်မှ ထိုင်းနိုင်ငံ သစ်တောဌာန၏ ဒုတိယညွှန်ကြားရေးမှူးချုပ် ၂ ဦး၊ ညွှန်ကြားရေးမှူးချုပ် ၄ ဦးဖြစ်ခဲ့သည်။ တစ်ဦးမှာအောက်လွှတ်တော် ကိုယ်စားလှယ်အဖြစ်လည်းကောင်း၊ တစ်ဦးမှာအထက်လွှတ်တော်ကိုယ်စားလှယ်အဖြစ်လည်းကောင်း ခန့်အပ်ခြင်းခံခဲ့ရသည်။ တစ်ဦးမှာမူ လယ်ယာစိုက်ပျိုးရေးနှင့် သမဝါယမဝန်ကြီးဌာနဝန်ကြီး တာဝန်ကိုပင် ထမ်းဆောင်ခဲ့ကြောင်း သိရှိရပေသည်။ ယင်းအောင်မြင်မှုများက မြန်မာနိုင်ငံ သစ်တောကျောင်း၏ ဂုဏ်ပုဒ်ကို ပိုမိုမြင့်မားစေသည်။[၁၈၆]

---

[၁၈၆] မြန်မာနိုင်ငံသစ်တောကျောင်း နှစ် ၁၀၀ ပြည့် အထိမ်းအမှတ်စာစောင်၊ ဒေါက်တာကျော်တင့် အမှာစကားမှ ကောက်နှုတ်ဖော်ပြသည်

၇၉၈။ **ဖွင့်လှစ်ပြီးသင်တန်းများနှင့် သင်တန်းသားဦးရေ။** ဗဟိုသစ်တောလုပ်ငန်းဖွဲ့ဖြိုးမှု လေ့ကျင့်ပညာပေးရေးဌာန နည်းပညာပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်အရ စီမံကိန်းစတင်ဆောင်ရွက်ခဲ့သည့် ၁၉၉၀ ခုနှစ်မှ ၂၀၀၄ ခုနှစ် ဩဂုတ်လကုန်အထိ သင်တန်းပေါင်း ၃၅၅ ကြိမ်ဖွင့်လှစ်နိုင်ခဲ့ပြီး သင်တန်းသားစုစုပေါင်း ၉,၀၈၀ ဦးတက်ရောက်ခဲ့သည်။

မြန်မာနိုင်ငံသစ်တောကျောင်း[၁၈၅]

၇၉၉။ မြန်မာနိုင်ငံသစ်တောကျောင်းအား ၁၈၉၈ ခုနှစ်တွင် ပဲခူးတိုင်း၊ သာယာဝတီမြို့တွင် စတင်တည်ထောင်ခဲ့ပြီး ထိုမှမန္တလေးတိုင်း ပျဉ်းမနားမြို့သို့လည်းကောင်း၊ ပျဉ်းမနားမြို့မှ သာယာဝတီမြို့သို့လည်းကောင်း၊ ယင်းမှ ပျဉ်းမနားမြို့သို့လည်းကောင်း၊ ပျဉ်းမနားမြို့မှ ရန်ကုန်တိုင်း အင်းစိန်မြို့သို့လည်းကောင်း၊ အင်းစိန်မြို့မှ ပြင်ဦးလွင်မြို့ (မေမြို့) သို့လည်းကောင်း ၆ ကြိမ်မျှ အဆင့်ဆင့်ပြောင်းရွှေ့ခဲ့သည်။

---

[၁၈၅] လေ့ကျင့်ရေးနှင့် သုတေသနဖွံ့ဖြိုးရေးဌာန၊ သစ်တောဦးစီးဌာန


၈၀၃။ **ကျပန်ခေတ်သစ်တောကျောင်း(သာယာဝတီ) (၁၉၄၂-၄၅ ခုနှစ်)**။ ဒုတိယကမ္ဘာစစ် ဖြစ်သော အခါ ပျဉ်းမနား၌ကျောင်းအား ပိတ်လိုက်ရသည်။ ဒုတိယကမ္ဘာစစ်အတွင်း (ကျပန်ခေတ်) မှာပင် ၁၉၄၂ ခုနှစ်မှ ၁၉၄၅ ခုနှစ်၊ မတ်လအထိ သာယာဝတီမြို့တွင် ဖွင့်လှစ်ခဲ့ပြီး (တတိယ သစ်တောကျောင်း) ဟု ခေါ်နိုင်သည်။ ကျောင်းအုပ်ကြီးမှ မြန်မာလူမျိုး ဦးအောင်ဒင် ဖြစ်၍ နောင်တွင် သစ်တော မင်းကြီးအဖြစ် သစ်တောဌာနတွင်လည်းကောင်း၊ FAO ၏အာရှပစိဖိတ်ဒေသဌာနေ ကိုယ်စားလှယ် အဖြစ် ထိုင်းနိုင်ငံ ဘန်ကောက်တွင် ရုံးထိုင်တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။ ကျောင်းသား ၅၀ ခန့်ရှိပြီး ၁၉၄၅ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့တွင် မြန်မာ့တပ်မတော်မှ ဖက်ဆစ်တော်လှန်ရေး စတင်ဆောင်ရွက်ခဲ့ရာ သင်တန်းများရပ်ဆိုင်းခဲ့ရပြီး အောင်လက်မှတ်ပေးခဲ့သည့် အထောက်အထား မရှိခဲ့ပေ။

၈၀၄။ **မြန်မာနိုင်ငံတော်သစ်တောကျောင်း (ပျဉ်းမနား) (၁၉၄၇-၄၉ ခုနှစ်)**။ ၁၉၄၇ ခုနှစ် ဒုတိယ ကမ္ဘာစစ်ပြီးသောအခါ ပျဉ်းမနား၌ သစ်တောကျောင်း (စတုတ္ထသစ်တောကျောင်း) ပြန်လည်ဖွင့်လှစ် ခဲ့၍ ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးနောက် မြန်မာနိုင်ငံတော် သစ်တော ကျောင်းဟု ပြောင်းလဲခဲ့ပြီး သင်တန်းအားယခင်အတိုင်း အကြီးတန်း/အငယ်တန်း ခွဲခြားသင်ကြားပို့ချခဲ့သည်။ ကျောင်းအုပ်ကြီးမှာ Mr.L.F Edgerley ဖြစ်သည်။



မြန်မာနိုင်ငံသစ်တောကျောင်း (အင်းစိန်) (၁၉၅၀-၁၉၅၃)

၈၀၅။ **မြန်မာနိုင်ငံတော် သစ်တောကျောင်း (အင်းစိန်) (၁၉၅၀-၅၃ ခုနှစ်)**။ ၁၉၄၉ ခုနှစ်၊ ဖေဖော်ဝါရီလတွင် သောင်းကျန်းသူများ ပျဉ်းမနားမြို့အား သိမ်းပိုက်လိုက်သော အခါ သစ်တောကျောင်း ကိုပိတ်ခဲ့ရသည်။ ထိုမှတဆင့် ၁၉၅၀ ခုနှစ်တွင် အင်းစိန်မြို့သို့ သစ်တောကျောင်းအား ပြောင်းရွှေ့ ဖွင့်လှစ်ခဲ့သည်။ ကျောင်းအုပ်ကြီးမှာ ဦးစောထွန်းအောင် (နောင်တွင် သစ်တော မင်းကြီး) ဖြစ်သည်။ ဤကျောင်းအား (ပဉ္စမသစ်တောကျောင်း) ဟုခေါ်ဝေါ်နိုင်သည်။



မြန်မာနိုင်ငံသစ်တောကျောင်း(မေမြို့၊ ပြင်ဦးလွင်)၁၉၅၃ ခုနှစ်မှ ယနေ့ထိ

၈၀၆။ **မြန်မာနိုင်ငံသစ်တောကျောင်း (မေမြို့/ပြင်ဦးလွင်) (၁၉၅၃ ခုနှစ်မှ ယနေ့အထိ)**။ အင်းစိန်မြို့မှ ၁၉၅၃ ခုနှစ်တွင် မေမြို့ (ယခုပြင်ဦးလွင်မြို့) သို့ပြောင်းရွှေ့ဖွင့်လှစ်ခဲ့သည်။ ပထမဆုံးကျောင်းအုပ်ကြီးမှာ ဦးအောင်ဒင်ဖြစ်၍ နောက်ပိုင်း Mr. H.G Hundley ဖြစ်ကာ ကျောင်းအုပ်ကြီး အဆက်ဆက် ပြောင်းရွေ့ အုပ်ချုပ်ခဲ့သည်။ ၁၉၈၃ ခုနှစ်မှ ၁၉၈၆ ခုနှစ်အတွင်း ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီ အစဉ်အရ စီမံကိန်းကာလ၌ သစ်တောလုပ်ငန်းအတတ်သင်ကျောင်းဟု ပြင်ဆင်ခဲ့သည်။

၈၀၇။ ၁၉၉၇ ခုနှစ် ဧပြီလတွင်ကျင်းပသော ကျောင်းအုပ်ချုပ်ရေး အစည်းအဝေး ဆုံးဖြတ် ချက်အရ မြန်မာနိုင်ငံသစ်တောကျောင်း Myanmar Forest School ဟုပြောင်းလဲခဲ့ရာ ယနေ့အထိဖြစ်ပြီး ပြင်ဦးလွင်မြို့၊ သစ်တောကျောင်းမှာ ဆဋ္ဌမသစ်တောကျောင်း ဖြစ်သည်။ သစ်တော ကျောင်း၏ အမည်အား အထက်ပါအတိုင်း ၄ ကြိမ်တိုင်တိုင် ပြောင်းလဲခေါ်ခဲ့သဖြင့် "လေးမည်ရ သစ်တောကျောင်း" ဟုခေါ်ဆိုနိုင်သည်။

၈၀၈။ **မြန်မာနိုင်ငံသစ်တောကျောင်း၏ရည်ရွယ်ချက်များ။** အောက်ပါအတိုင်းဖြစ်သည် –

(က) တိုင်းပြည်အတွက် သစ်တောလုပ်ငန်းများတွင် လက်တွေ့အသုံးချနိုင်မည့် လုပ်ငန်းကျွမ်းကျင်သူများ ဖြစ်လာစေရန်။

(ခ) ကျရာတာဝန်ကို ကျေပွန်စွာထမ်းဆောင်လိုစိတ်နှင့် ပြည်သူ့အကျိုးကို သယ်ပိုးလိုစိတ်ရှိသော ဝန်ထမ်းကောင်းများ ဖြစ်လာစေရန်။

(ဂ) နိုင်ငံတော်မှ ချမှတ်ပေးထားသည့် လူမှုရေး၊ စီပွားရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးစသည့် စီမံကိန်းနှင့်တာဝန်များကို ပြည်သူလူထုနှင့်ပူးပေါင်း၍ စီမံကိန်းများ အောင်မြင်သည် အထိ စည်းရုံးဦးဆောင်သွားရန်။

(ဃ) အမျိုးသားစီးပွားရေး စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အင်တိုက်အားတိုက် ပါဝင်လှုပ်ရှားမည့် ဝန်ထမ်းကောင်းများဖြစ်လာစေရန်တို့ဖြစ်သည်။

၈၀၉။ **ကျောင်းအုပ်ချုပ်ရေးအဖွဲ့ ဖွဲ့စည်းပုံနှင့် သင်ကြားရေးရာကဏ္ဍ။** မြန်မာနိုင်ငံသစ်တောကျောင်း၏ လက်ရှိကျောင်းအုပ်ချုပ်ရေးအဖွဲ့ကို သစ်တောရေးရာဝန်ကြီး ဌာန ဝန်ကြီး၏လမ်းညွှန်မှုများနှင့်အညီ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဥက္ကဋ္ဌအဖြစ် ပါဝင်သော အဖွဲ့ဝင် ၂၂ ဦးခန့်ဖြင့် ဖွဲ့စည်းအုပ်ချုပ်ခဲ့သည်။

၈၁၀။ ယခင်က အကြီးတန်းနှင့် အငယ်တန်းသင်တန်းများတွင် ဘာသာရပ် ၁၁ ခု သင်ကြားပို့ချခဲ့ပြီး နောက်ပိုင်းတွင် သစ်ထုတ်ခြင်းဘာသာရပ်နှင့် အခြေခံစစ်ဆေးရေးဘာသာရပ်တို့ အစားထိုးဖြည့်စွက်သင်ကြားသည်။ မြန်မာနိုင်ငံသစ်တောကျောင်းတွင် စာတွေ့ထက် လက်တွေ့လုပ်ငန်းကို ပိုမိုဦးစားပေးဆောင် ရွက်ရသောသင်တန်းဖြစ်သည်။ နှစ်စဉ်ဒီဇင်ဘာလမှ ဖေဖော်ဝါရီလအထိ ၃ လတာမျှ သင့်တော်ရာ သစ်တောနယ်များသို့ ထွက်ခွာပြီး သစ်တောလုပ်ငန်း ၁၄ မျိုးနှင့် သစ်ထုတ်ခြင်း ဘာသာရပ်တို့အားပြသ သင်ကြား လက်တွေ့ဆောင်ရွက်သည်။

၈၁၁။ ထို့အပြင် ပြင်ဦးလွင်မြို့၌ သင်တန်းတက်နေစဉ် (စနေနေ့တိုင်း) ကျောင်းပိုင်လေ့ကျင့်ရေးစိုက်ခင်းတွင် စိုက်ခင်းလုပ်ငန်း၊ မီးကာကွယ်ခြင်းလုပ်ငန်း၊ ပင်ပူး/ပင်ညှပ်နုတ်ခြင်း၊ ပေါင်းရှင်းခြင်း စသည့် လုပ်ငန်းများအား လက်တွေ့လုပ်ဆောင်ခြင်းအပေါ်မူတည်၍ ကျောင်းသားတစ်ဦးချင်းကိုစီစစ်၍ လက်တွေ့လုပ်ငန်းအမှတ်ပေးသည်။ ယခင်သစ်တောကျောင်းတွင် သင်တန်းသားအရေအတွက်နည်းပါးမှုကြောင့် လက်တွေ့လုပ်ငန်း အားစုံလင်များပြားစွာ ပိုင်ပိုင်နိုင်နိုင် ဆောင်ရွက်ခဲ့သော်လည်း နောက်ပိုင်းတွင် နှစ်စဉ်လူဦးရေ ၁၅၀ ခန့် (သစ်တောဦးစီးဌာန၊ မြန်မာ့သစ်လုပ်ငန်း၊ အပူပိုင်းဒေသစိမ်းလန်း စိုပြည်ရေးဦးစီးဌာန) ရှိလာသော ကြောင့် အသေးစိတ်ပြသရန်အခက်အခဲရှိသဖြင့် အချို့သောလက်တွေ့လုပ်ငန်းများအား ဆောင်ရွက် နိုင်ခြင်းမရှိတော့ပေ။ သို့ရာတွင် သင်တန်းသားများ ပြင်ပဗဟုသုတ ကြွယ်ဝစေရန်အလို့ငှာ သစ်တောဦးစီးဌာနမှ ပညာရှင်များ၊ အခြားဌာနများမှ ပြင်ပပုဂ္ဂိုလ်ပညာရှင်များအား အလှည့်သင့်သလို ဖိတ်ကြား၍ ပြင်ပဟောပြောချက်များအနေဖြင့် စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

၈၁၂။ **မြန်မာနိုင်ငံ သစ်တောကျောင်းမှ မွေးထုတ်ပြီး သင်တန်းသားများစာရင်း။** ၁၈၉၈ ခုနှစ် သာယာဝတီမြို့တွင် သစ်တောကျောင်းစတင်တည်ထောင်စဉ်မှစ၍ အကြီးတန်းနှင့် အငယ်တန်းသင်တန်းများ ခွဲခြားသင်ကြားပေးခဲ့သည်။ သို့သော် အငယ်တန်းသင်တန်းကိုသာ စဉ်ဆက် မပြတ် ဖွင့်လှစ်သင်ကြားခဲ့သော်လည်း အကြီးတန်းကိုမူ မကြာခဏ ရပ်နားထားရကြောင်း တွေ့ရှိရသည်။ ၁၉၆၉–၇၁ ခုနှစ်တွင် အကြီးတန်းသင်တန်းသားများ နောက်ဆုံးအနေဖြင့်သင်ကြားခဲ့ပြီး ရပ်ဆိုင်းထားခဲ့ ရာမှ ၁၉၈၁–၈၃ ခုနှစ်တွင် အထူးကိစ္စရပ်အနေဖြင့် အကြီးတန်းသင်တန်းကိုတစ်ကြိမ် ပြန်လည် ဖွင့်လှစ်ပို့ချခဲ့ပြီး နောက်ပိုင်းဆက်လက်ခေါ်ယူခြင်းမရှိတော့ပါ။ ၁၈၉၈ ခုနှစ်မှ ၂၀၀၃–၂၀၀၄ ခုနှစ်အထိ အကြီးတန်း ၅၃၁ ဦး၊ အငယ်တန်း ၃,၄၈၁ ဦး စုစုပေါင်း ၄,၀၁၂ ဦးရှိပြီးဖြစ်သည်။

၈၁၃။ **မြန်မာ့သစ်လုပ်ငန်းမှသင်တန်းသားများ ပါဝင်တက်ရောက်ခြင်း။** မြန်မာ့သစ်လုပ်ငန်းတွင် အဓိကကျသော သစ်ထုတ်ခြင်း၊ သစ်ခွဲစိတ်ဖြန့်ဖြူးခြင်း၊ လမ်း၊ တံတား၊ အဆောက်အဦများ ဆောက်လုပ်ခြင်းစသည့် လုပ်ငန်းများကို အဓိကအောက်ခြေတွင် အောင်မြင်အောင် ထမ်းဆောင်နေသူများမှာ တောဝန်ထမ်း (နယ်ဝန်ထမ်း) များဖြစ်ပြီး ထိုဝန်ထမ်းများအနက် သစ်အုပ် (Timber Ranger) နှင့် သစ်အုပ်ကြီး (Senior Timber Ranger) အဆင့်သည် သစ်တော ပညာသင်ကြားရန် စာတွေ့/လက်တွေ့ လိုအပ်လာသဖြင့် ပြင်ဦးလွင်၊ သစ်တောကျောင်းသို့ တက်ရောက်သင်ကြားနိုင်ရန် အရည်အချင်းပြည့်မီသူများကိုစေလွှတ်၍ တက်ရောက်သင်ကြားစေခဲ့သည်။ ပြင်ဦးလွင်သစ်တောကျောင်းသို့ ၁၉၅၈–၆၀ ခုနှစ်သင်တန်းတွင် ပထမဆုံး ၃ ဦးစေလွှတ်၍ သင်တန်းအောင်မြင်ခဲ့ကြောင်း သိရှိရပါသည်။ မြန်မာနိုင်ငံ သစ်တောကျောင်းတွင် တက်ရောက်ဆဲ/ တက်ရောက်ခဲ့သော မြန်မာ့သစ်လုပ်ငန်းမှ အောင်မြင်သည့် သင်တန်းသားစာရင်းမှာ ၁၉၅၈ ခုနှစ်မှ ၂၀၀၅ ခုနှစ်အထိ အကြီးတန်း ၁၀၈ ဦးနှင့် အငယ်တန်း ၃၃၄ ဦး၊ စုစုပေါင်း ၄၄၂ ဦးတို့ဖြစ်သည်။

၈၁၄။ **ကျောင်းအုပ်ကြီး တာဝန်ပေးအပ်ခြင်း။** သစ်တောကျောင်း စတင်ဖွင့်လှစ်စဉ်ကတည်းက မြန်မာနိုင်ငံသစ်တောကျောင်းဖွဲ့စည်းပုံအရ ကျောင်းအုပ်ကြီးမှာ သစ်တောဝန်ထမ်း အရွေးအချယ်ခံတန်း (Selection Grade)၊ ဒုတိယညွှန်ကြားရေးမှူး (Deputy Conservator) ရာထူးအဆင့်ရှိသူများအနက် ဝါရင့်အတွေ့အကြုံရှိသူများကိုရွေး၍ တာဝန်ပေးလေ့ရှိသည်။ မြန်မာနိုင်ငံသစ်တောကျောင်းကို သာယာဝတီမြို့တွင် ၁၈၉၈ ခုနှစ်၌ စတင်ဖွင့်လှစ်စဉ်မှစ၍ ကျောင်းအုပ်ကြီး၏ တာဝန်ဝတ္တရားများကို သာယာဝတီခရိုင်ဝန် (Divisional Forest Officer)အား ထပ်ဆင့်တရားဝင်တာဝန် (Ex-Officio Director) အဖြစ် ထမ်းဆောင်စေခဲ့သည်။

၈၁၅။ ၁၉၁၁ ခုနှစ် ပျဉ်မနားမြို့ မြန်မာပြည်သစ်တောကျောင်း ကျောင်းအုပ်ကြီး၏ တာဝန်များအား သစ်တောခရိုင်ဝန်အဆင့် ပုဂ္ဂိုလ်တစ်ဦးကို သီးခြားတာဝန်ပေးခဲ့သည်။ ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံးချိန် ၁၉၄၇ ခုနှစ် မှ ၁၉၄၉ ခုနှစ်အထိ ပျဉ်းမနားမြို့၌ ပြန်ဖွင့်လှစ် သော မြန်မာနိုင်ငံတော်သစ်တောကျောင်း ကျောင်းအုပ်ကြီး၏တာဝန်အား ဝါရင့်သစ်တောဝန် တစ်ဦးကို သီးခြားတာဝန်ပေးခဲ့သည်။

၈၁၆။ ပျဉ်းမနားမြို့မှ အင်းစိန်မြို့သို့ ပြောင်းရွှေ့ဖွင့်လှစ်စဉ် ကျောင်းအုပ်ကြီး၏ တာဝန်များ ကိုဝါရင့်သစ်တောဝန် တစ်ဦးအား သီးခြားတာဝန်ပေးခဲ့သည်။

၈၁၇။ ၁၉၈၈ ခုနှစ် သစ်တောဦးစီးဌာန ဝန်ထမ်းဖွဲ့စည်းပုံ တိုးချဲ့ခွင့်ပြုရာတွင် သစ်တောကျောင်း၏ ကျောင်းအုပ်ကြီးရာထူးကို (ညွှန်ကြားရေးမှူး) အဆင့် တစ်နေရာခွင့်ပြုခဲ့ရာ ပထမဆုံး (ညွှန်ကြားရေးမှူး) ကျောင်းအုပ်ကြီးမှာ ဦးတင်ညွန့် (ကွယ်လွန်) ဖြစ်ပြီး၊ ဒုတိယ ဦးကျော်မြင့် (ညွှန်ကြားရေးမှူး–ငြိမ်း)၊ တတိယ ဦးမောင်မောင်အေး (ညွှန်ကြားရေးမှူး–ငြိမ်း) တို့ဖြစ်ပြီး နောက်ပိုင်းတွင် ဒုတိယညွှန်ကြားရေးမှူး များသာ ပြန်လည်အုပ်ချုပ်စေခဲ့သည်။ ၁၈၉၈ ခုနှစ် သာယာဝတီတွင်စတင်ဖွင့်လှစ်စဉ်က အုပ်ချုပ်ခဲ့သော ကျောင်းအုပ်ကြီး (Mr.E.M Buchanan) မှစ၍ ၂၀၀၄ ခုနှစ်အထိ အဆက်ဆက်တာဝန်ထမ်းဆောင်ခဲ့သော ကျောင်းအုပ်ကြီးပေါင်း ၄၇ ဦးဖြစ်သည်။

မြန်မာ့သစ်လုပ်ငန်း၊ လေ့ကျင့်ရေးသင်တန်းကျောင်း အမှတ် (၁) နန်ရွှန်[၁၈၇]

၈၁၈။ သင်တန်း ၏တည်နေရာမှာ ပဲခူးတိုင်း၊ ရေတာရှည်မြို့နယ်၊ နန်ရွှန်တွင်ရှိပြီး ရန်ကုန်မှ ၁၈၇ မိုင် ကွာဝေးသည်။ နန်ရွှန် သင်တန်းကျောင်းအား ၁၉၈၀–၈၁ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည်။ စတင်ဆောက်လုပ်မှု ကုန်ကျစရိတ်မှာ ကျပ် ၃,၉၀၀,၂၁၅.၇၄ ဖြစ်သည်။ သင်ကြားမှု၊ သင်ယူမှု အထောက်အကူပြုပစ္စည်း ဝယ်ရန်နှင့် ပြည်ပလေ့လာရေးစရိတ်စုစုပေါင်းမှာ ၁၉၈၅ ခုနှစ်တွင် UNDP/FAO မှ ထောက်ပံ့ငွေ အမေရိကန်ဒေါ်လာ ၉၀,၁၆၀.၀၁ ဖြစ်သည်။ မြန်မာ့သစ်လုပ်ငန်း လေ့ကျင့်ရေးသင်တန်း ကျောင်းအမှတ် (၁) နန်ရွှန်ကို ၁၉၈၅ ခုနှစ်၊ စက်တင်ဘာလ ၂ ရက်နေ့တွင် ဖွင့်လှစ်၍ သစ်ထုတ်ခြင်း ဆိုင်ရာ ဘာသာရပ်များအား သင်ကြားစေခဲ့သည်။ သင်တန်းကျောင်း ဖွင့်လှစ်စဉ်က သစ်ထုတ်ရေးဌာန လက်အောက်တွင် ဖြစ်သော်လည်း ၁၉၉၀ ပြည့်နှစ် မြန်မာ့သစ်လုပ်ငန်း ဖွဲ့စည်းပုံသစ် ဖြစ်ပေါ်လာချိန်မှစ၍ မြန်မာ့သစ်လုပ်ငန်း စီမံကိန်းနှင့်စာရင်းအင်းဌာန လက်အောက်တွင် ထားရှိသည်။

၈၁၉။ သင်တန်း၏ရည်ရွယ်ချက်များသည် "ဆင်ထိန်းသိမ်းစောင့်ရှောက်နည်းများ ကျွမ်းကျင်စေရန်၊ သက်ရှိ၊ သက်မဲ့ပစ္စည်း လေလွင့်ပျက်စီးမှုမရှိစေရန်၊ ကုန်ထုတ်လုပ်မှုတိုးတက်မြင့်မားစေရန်၊ ဝန်ထမ်း များ အရည်အသွေး ပိုမိုမြင့်မားတောက်ပြောင်လာစေရန်" တို့ဖြစ်ပြီး၊ ပို့ချပေးသောသင်တန်း များမှာ "National Code of Forest Harvesting Practice in Myanmar, Environmental Impact Assessment, လက်ထောက်မန်နေဂျာ သစ်ထုတ်ရေး မွမ်းမံသင်တန်း၊ သစ်တောသိပ္ပံဘွဲ့ရ သစ်အုပ်ကြီး အလုပ်ဝင် သင်တန်း၊ သစ်အုပ်ကြီးမွမ်းမံ သင်တန်း၊ သစ်ထုတ်ပညာရပ် ချောင်းခေါင်း၊ ချောင်းအုပ်၊ သစ်အုပ်မွမ်းမံ သင်တန်း၊ တိရစ္ဆာန် (ဆင်ဆေးကု) မွမ်းမံသင်တန်း" များဖြစ်သည်။

[၁၈၇] မြန်မာ့သစ်လုပ်ငန်း၊ စီမံကိန်းနှင့်စာရင်းအင်းဌာန၊ သင်တန်းဌာနစိတ်

လေ့ကျင့်ရေးသင်တန်းကျောင်းအမှတ် (၂) ပျဉ်းမနား[၁၈၈]

၈၂၀။ ရှေးယခင်က ကျွန်းသစ်လုံးများကို ကုန်ကျစရိတ်သက်သာမှုရှိစေရန်အတွက် ရေမျောထုတ်လုပ်ခဲ့သည်။ သို့သော် အပ်ဆိပ်/ ရန်ကုန်သို့ ရောက်ရန် အချိန်ကြာညောင်းခြင်း၊ ပျောက်ရှဆုံးရှုံးမှုများခြင်းတို့ကြောင့် ယခုအခါတွင် လမ်းဖောက်စက်များဖြင့် အကွက်အတွင်း၌ လမ်းများဖောက်လုပ်ကာ သစ်တိုက် ယာဉ်များဖြင့် သစ်တိုက်ဆွဲထုတ် လုပ်ခဲ့ရာ ၁၉၆၃–၆၄ ခုနှစ်မှစ၍ ကျွန်းသစ်များအပြင် သစ်မာနှင့်အခြား သစ်တောထွက်ပစ္စည်းများကို နှစ်စဉ်တိုးချဲ့ ထုတ်လုပ်နိုင်ခဲ့သည်။

၈၂၁။ ဤသို့မြန်မာ့သစ်လုပ်ငန်းအနေဖြင့် စီမံကိန်းလျာထားချက်များနှင့်အညီ သစ်များထုတ်လုပ်ကာ တစ်နှစ်ထက် တစ်နှစ်တိုးမြှင့်ပြီး နိုင်ငံခြားငွေရှာဖွေနိုင်ရေးနှင့် ပြည်တွင်းသုံးသစ်များဖြန့်ဖြူး နိုင်ရေးအတွက် ယာဉ်/ယန္တရားများ စနစ်တကျ ကိုင်တွယ်ထိန်းသိမ်းတတ်သော အရည်အချင်းပြည့်ဝသော ဝန်ထမ်းများ လေ့ကျင့်မွေးထုတ်ပေးရန် ရည်ရွယ်ခြင်းဖြစ်သည်။ သင်တန်းကာလမှာ စာတွေ့နှင့်လက်တွေ့ လေ့ကျင့်ပေးခြင်း များပါဝင်ပြီး သင်တန်းအမျိုးအစားပေါ်မူတည်၍ စုစုပေါင်း ၄၅ ရက်မှ ၉၀ ရက်ခန့်အထိ ကြာမြင့်သည်။

လေ့ကျင့်ရေးသင်တန်းကျောင်းအမှတ် (၃) အလုံ[၁၈၉]

၈၂၂။ ရန်ကုန်တိုင်း၊ အလုံမြို့နယ်၊ အမှတ် (၂) သစ်စက် ဝင်းအတွင်း တည်ရှိသည်။ မြန်မာ့သစ်လုပ်ငန်း ဖွဲ့စည်းပုံအရ အထွေထွေမန်နေဂျာ (စီမံကိန်း)မှ တာဝန်ယူရသည့် မြန်မာ့သစ်လုပ်ငန်း သင်တန်းကျောင်း ၃ ကျောင်းတွင် တစ်ကျောင်းအပါအဝင် ဖြစ်သည်။

၈၂၃။ ယင်းသင်တန်းကျောင်းများကို ၁၉၆၉ ခုနှစ်၊ မတ်လ ၁၇ ရက်နေ့တွင် စတင်တည်ထောင်ခဲ့ခြင်းဖြစ်ပြီး ယခင်က ဥက္ကဋ္ဌသစ်လောင်းသင်တန်းအမည်ဖြင့် သင်တန်းများဖွင့်လှစ်သင်ကြားပို့ချခဲ့ရာမှ ၁၉၈၅ ခုနှစ်မှ စ၍ လေ့ကျင့်ရေးသင်တန်းကျောင်းအမှတ် (၃) အလုံဟုပြောင်းလဲခဲ့သည်။

၈၂၄။ သင်တန်းများတွင် ပြည်တွင်း၊ ပြည်ပရောင်းဝယ်ရေးနှင့်သစ်စက်ဘာသာရပ်များ၊ သစ်အခြေခံဘာသာရပ်များ၊ ပစ္စည်းထိန်းသိမ်းခြင်းဘာသာရပ်များနှင့် ငွေစာရင်းဘာသာရပ်များကို ဌာနတွင်းဝန်ထမ်းများသို့ သင်ကြားပို့ချပေးသည့်အပြင် ငွေစာရင်းသင်တန်း၊ ပစ္စည်းထိန်းသင်တန်းနှင့် စီမံကိန်းနှင့် အုပ်ချုပ် မှုဆိုင်ရာမွမ်းမံသင်တန်းသို့ သစ်တောရေးရာဝန်ကြီးဌာန လက်အောက်ရှိဝန်ကြီးရုံး၊ စီမံကိန်းနှင့် စာရင်းအင်း ဌာနနှင့် မြေတိုင်းဦးစီးဌာနတို့မှ တက်ရောက်လိုသည့် သင်တန်းသားများကိုပါ သင်ကြားပေးခဲ့သည်။

---

[၁၈၈] မြန်မာ့သစ်လုပ်ငန်း၊ စီမံကိန်းနှင့်စာရင်းအင်းဌာန၊ သင်တန်းဌာနစိတ်

[၁၈၉] မြန်မာ့သစ်လုပ်ငန်း၊ စီမံကိန်းနှင့်စာရင်းအင်းဌာန၊ သင်တန်းဌာနစိတ်

သစ်တောသုတေသနဌာနစီမံကိန်းများ

သစ်တောသုတေသနဌာန စတင်အခြေတည်ခြင်း[၁၉၀]

၈၂၅။ သစ်တောသုတေသနဌာနကို သစ်တောနှင့် သက်ဆိုင်သောဌာန အဖွဲ့အစည်းများအား သစ်တောကဏ္ဍနှင့်ပတ်သက်၍ သိသင့်သိထိုက်သော နည်းပညာအကြံဉာဏ်များပေးရန်နှင့် သစ်တောသုတေသနလုပ်ငန်းများကို ဆောင်ရွက်ရန်တို့အတွက် ရည်ရွယ်၍ဆောင်ရွက်ခဲ့သည်။ မြန်မာနိုင်ငံသစ်တောဌာနတွင် ၁၉၁၄ ခုနှစ်ကပင် သုတေသနအရာရှိ တစ်ဦးခန့်အပ်ခဲ့ပြီး သစ်တောသုတေသနခရိုင် Forest Research Division စတင် ဖွဲ့စည်းခဲ့သည်။ ၁၉၂၀ ခုနှစ်တွင် သစ်တောဝန်မှာ A.Rodger ဖြစ်သည်။ ၁၉၂၀ ခုနှစ် တွင်အသုံးချမှုတိုင်း (Utilization Circle) အဖြစ်တိုးချဲ့ဖွဲ့စည်းခဲ့သည်။ သစ်တောမင်းကြီးမှာ J.C Hopwood ဖြစ်သည်။ ၁၉၂၂ ခုနှစ်တွင် သစ်တော သုတေသနဌာနခွဲအား သစ်အသုံးချမှုတိုင်းအောက်တွင် ဖွဲ့စည်းခဲ့ပြီး နောင်တွင် သုတေသနနှင့် လုပ်ငန်း စီမံကိန်းတိုင်းအဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့သည်။ ထိုကာလများ၏ သုတေသန ဆောင်ရွက်မှုရလဒ်အချို့မှာ အောက်ပါအတိုင်းဖြစ်သည် –

(က) A. Rodger ၏ A Hand Book of Forest Products of Burma စာအုပ်နှင့်

(ခ) M. Gallant ၏ (က) Logging Rule (ခ) Classification of Teak Logs စာအုပ်များ ပြုစုထုတ်ဝေခြင်းများအပြင်

(ဂ) သစ်တောပြုစုခြင်းသုတေသနလုပ်ငန်း တွေ့ရှိချက်များကို (Silviculture Series, Indian Records) များတွင်ဖော်ပြနိုင်ခဲ့ခြင်းတို့ဖြစ်သည်။

၈၂၆။ ၁၉၅၂ ခုနှစ်တွင် သုတေသနနှင့်လေ့လာသင်ကြားရေးတိုင်းအဖြစ်ပြောင်းလဲခဲ့ပြီး သစ်တောမင်းကြီးတစ်ဦးက တာဝန်ယူဆောင်ရွက်ခဲ့သည်။ အဆိုပါတိုင်းတွင် သစ်တောစိုက်ပျိုးပြုစုရေးဝန် (Silviculturist)၊ သစ်တောဘောဂဗေဒဝန် (Forest Economist)၊ သစ်တောရုက္ခဗေဒဝန် (Forest Botanist)၊ သစ်တောပိုးမွှား ဗေဒဝန် (Forest Entomologist)၊ သစ်အသားသေပါရဂူ (Timber Seasoning Expert) နှင့် သစ်အလုပ်ရုံ ဝန်ထောက် (Wood Workshop Suprintendent) စသည့်ရာထူးများပါဝင်သည်။

၈၂၇။ ၁၉၆၃ ခုနှစ်တွင်သစ်တောသုတေသနဌာန ဖွဲ့စည်းတည်ထောင်ရေးအတွက် ရှေ့ပြေးဆပ်ကော်မတီကို ဖွဲ့စည်းခဲ့သည်။ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောရေးဝန်ကြီးဌာနမှ သစ်တောသုတေသနဌာန တည်ထောင်မည့်နေရာကို မူလကမော်ဘီတွင်အဆိုပြုထားရာမှ အစိုးရအဖွဲ့က တောင်ငူ (သို့မဟုတ်) ပျဉ်းမနားတွင် ရွှေ့ချယ်ရန်အဆိုပြုသဖြင့် ရေဆင်း၊ ပျဉ်းမနားတွင်ရွှေးချယ်ရခြင်းဖြစ်သည်။ ၁၉၇၀ ခုနှစ်တွင် သစ်တော သုတေသနတည်ထောင်ရန် နိုင်ငံတော်အစိုးရအဖွဲ့မှ ခွင့်ပြုခဲ့သည်။

၈၂၈။ **သစ်တောသုတေသနဌာနတည်ထောင်ခြင်း**။ ၁၉၇၄ ခုနှစ်တွင် သစ်တောသုတေသနဌာန တည်ထောင်ရန် မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ (FAO) တို့ သဘောတူစာချုပ်ချုပ်ဆိုသည်။ ၁၉၇၈ ခုနှစ်မှ ၁၉၈၃ ခုနှစ်အထိ မြန်မာနိုင်ငံအစိုးရနှင့် ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ်(UNDP)တို့သဘောတူညီမှုဖြင့် သစ်တောသုတေသနဌာန တည်ထောင်ခြင်းစီမံကိန်း (ပထမအဆင့်) ကိုUNDPမှ ထောက်ပံ့ငွေUS$ ၁.၉၂၈ သန်းနှင့် မြန်မာနိုင်ငံ မှထည့်ဝင်ငွေ ကျပ်သန်းပေါင်း ၃၂.၀၅

[၁၉၀] သုတေသနဌာန၊ သစ်တောဦးစီးဌာန

သန်းဖြင့် စတင် ဆောင် ရွက်ခဲ့သည်။ ၁၉၈၃ ခုနှစ်မှ ၁၉၈၇ ခုနှစ်အထိ မြန်မာနိုင်ငံအစိုးရနှင့် FAO, UNDP တို့ သဘောတူညီမှု ဖြင့် သစ်တောသုတေသနဌာန ဆက်လက်တည်ထောင် ခြင်းစီမံကိန်း (ဒုတိယအဆင့်) ကို UNDP မှ ထောက်ပံ့ငွေ US$ ၁.၆၇၄ သန်းနှင့် မြန်မာနိုင်ငံမှ ထည့်ဝင်ငွေ ကျပ်သန်းပေါင်း ၂၀.၆၄၅ သန်းဖြင့် ဆောင်ရွက်ပြီးစီးခဲ့သည်။



သစ်တောသုတေသနဌာန

၈၂၉။ ၁၉၉၂ ခုနှစ် သစ်တောဦးစီးဌာန၏ ဖွဲ့စည်းပုံဝန်ထမ်းအင်အားအရ သစ်တောသုတေသနဌာန တွင် အရာထမ်း ၃၈ ဦး၊ အမှုထမ်း ၂၄၁ ဦး၊ စုစုပေါင်း ၂၇၉ ဦးတို့ဖြင့်ဆောင်ရွက်ခဲ့သည်။

၈၃၀။ **သစ်တောသုတေသနဌာနမှ ဆောင်ရွက်နေသော လုပ်ငန်းများ။** အပြည်ပြည်ဆိုင်ရာ အဖွဲ့ အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေသော လုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည် –

(က) ၁၉၉၆ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာတမာကွန်ယက်လုပ်ငန်း (International Neem Network) အား FAO, UNDP သုတေသနအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက် ခဲ့သည်။

(ခ) ၁၉၉၇ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု North Carolina State University (COMCORE) နှင့် ဆက်သွယ်၍ ယမနေမျိုးစေ့များဖလှယ်ခြင်း၊ အပြည်ပြည်ဆိုင်ရာ ယမနေမျိုးရင်း ဒေသများနှင့် နှိုင်းယှဉ်စမ်းသပ် သုတေသနလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

(ဂ) ၁၉၈၈ ခုနှစ်တွင် သြစတြေးလျနိုင်ငံ အပြည်ပြည်ဆိုင်ရာသုတေသန အဖွဲ့အစည်းဖြစ် သည့် (CSIRO) ထံမှ မြန်မာနိုင်ငံ အပူပိုင်းဒေသများနှင့်ကိုက်ညီမည့် Acacia သစ်မျိုး နှင့် Eucalyptus သစ်မျိုးများအားမှာယူပြီး အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးအတွက် သစ်တောဦးစီးဌာနနှင့်ပူးပေါင်းပြီး စမ်းသပ်စိုက်ပျိုးခြင်း သုတေသနလုပ်ငန်းများဆောင်ရွက် ခဲ့သည်။

(ဃ) အမေရိကန်ပြည်ထောင်စုရှိ Smithsonian Institution နှင့်ပူးပေါင်း၍ List of Trees Shrubs, Herbs and Principal Climbers စာအုပ်မွမ်းမံထုတ်လုပ်ခြင်း ဆောင်ရွက်ခဲ့သည်။

(င) ၂၀၀၁ ခုနှစ်တွင် ASEAN အဖွဲ့ဝင်နိုင်ငံများနှင့်ပူးပေါင်း၍ Identification of Lesser-used Wood Species လုပ်ငန်းစီမံချက်အားဆောင်ရွက်ခဲ့သည်၊ အဖွဲ့ဝင်နိုင်ငံအသီးသီးက လူသုံးနည်းသစ် နမူနာများနှင့် သတင်းအချက်အလက်များကို မြန်မာနိုင်ငံသို့ပေးပို့ကြပြီး ၄င်းတို့ကို စုစည်း၍ သုတေသနစီမံချက်အသစ် ပြန်လည်ရေးဆွဲဆောင်ရွက်ရန်ဖြစ်သည်။

(စ) ၂၀၀၀ ခုနှစ်မှစ၍ International Plant Genetic Research Institute (IPGRI) အဖွဲ့အစည်းနှင့်ပူးပေါင်း၍ မြန်မာနိုင်ငံတွင် ပေါက်ရောက်သော ဝါးမျိုးများမှ စီးပွားရေးရှုထောင့်အနေဖြင့် အရေးကြီးသောဝါး ၆ မျိုးကို ပြောင်းရွှေ့မျိုးရိုးဗီဇထိန်းသိမ်းခြင်း (Ex-situ Conservation) သုတေသန လုပ်ငန်းအား ပျဉ်းမနားမြို့နယ်၊ ငလိုက်ကြီးဝိုင်းအတွင်း၌ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခဲ့ သည်။

(ဆ) ITTO အဖွဲ့အစည်းနှင့်ပူးပေါင်း၍ ၂၀၀၃ ခုနှစ်တွင် ထာဝစဉ်ဖွံ့ဖြိုးတိုးတက်စေမည့် သစ်တော စီမံအုပ်ချုပ်မှု၌ ပြည်သူများတက်ကြွစွာပါဝင်သော ဝါးအသုံးချမှု မြှင့်တင်ရေး စီမံကိန်းအား ၂၀၀၃ ခုနှစ်၊ ဇန်နဝါရီလမှစ၍ ၄ နှစ်တာကာလအတွင်း ပျဉ်းမနားမြို့နယ်၊ မိုးစွေစခန်း၊ ပေါက်ခေါင်းမြို့နယ်၊ တောင်နဝင်းကြီးဝိုင်းနှင့် ကော့မူးမြို့နယ် ဝါးသုတေသန စမ်းသပ်ကွက်တည်ထောင်ခြင်း၊ သဘာဝ ဝါးတော စီမံအုပ်ချုပ်ခြင်း သုတေသန၊ ဝါးထွက် ပစ္စည်းထုတ်လုပ်ခြင်းနှင့် စျေးကွက်လေ့လာရေး၊ တိုးချဲ့ပညာပေး လုပ်ငန်းများ ဆောင်ရွက် ခဲ့သည်။

(ဇ) ၂၀၀၃ ခုနှစ်မှစ၍ Asean Korea Economic Co.operation (AKECOP) အဖွဲ့အစည်းနှင့်ပူးပေါင်း၍ Study on restoration of degraded forest ecosystem with special emphasis on enrichment planting techniques, soil conservation and pest management လုပ်ငန်းစီမံချက်အား AKECOP မှ ထောက်ပံ့ငွေ US$ (9000) ဖြင့် ပျဉ်းမနားမြို့နယ်၊ ငလိုက်ကြီးဝိုင်းအကွက်အမှတ် (၁၈) အတွင်း ဆောင်ရွက်နေသည်။ Assessment of plant Biodiversity on species concept of Alaungdaw Kathapa National Park လုပ်ငန်းစီမံချက်အား အလောင်းတော်ကဿဖ အမျိုးသားဥယျာဉ်အတွင်း ဆောင်ရွက်ခဲ့သည်။

(ဈ) ITTO အဖွဲ့အစည်းနှင့်ပူးပေါင်း၍ မြန်မာ့လူသုံးနည်းသစ်မျိုးများ ကမ္ဘာ့စျေးကွက်၌ တွင်ကျယ် လာစေရေး စီမံကိန်းအား ၁၉၉၇ ခုနှစ်၊ ဧပြီလမှ ၂၀၀၀ ခုနှစ်၊ မတ်လအထိ သုတေသန လုပ်ငန်းများ ပူပေါင်းဆောင်ရွက်ခဲ့ပြီး နိုင်ငံတကာသိရှိနိုင်ရန် လူသုံးနည်း

သစ်မျိုး ၅၄ မျိုး၏ အချက်အလက် များပါဝင်သော "Handbook of Some Lesser Used Timber Species in Myanmar" စာအုပ်အား ပြုစုရေးသား နိုင်ခဲ့သည်။

၈၃၁။ သစ်တောသုတေသနဌာနအနေဖြင့် အောက်ပါဌာနတွင်း သုတေသနလုပ်ငန်းများအား ဆောင်ရွက်လျက်ရှိသည်–

(က) ကျွန်းသစ်နှင့်သက်ဆိုင်သောသုတေသနလုပ်ငန်းများ။
(ခ) အခြားသစ်မျိုးနှင့်သက်ဆိုင်သော သုတေသနလုပ်ငန်းများ။
(ဂ) သဘာဝတောပြုစုရေးနှင့် သက်ဆိုင်သောသုတေသနလုပ်ငန်းများ။
(ဃ) သစ်နှင့်သစ်မှအပ အခြားသစ်တောထွက်ပစ္စည်းများ စနစ်တကျ အသုံးချရေးဆိုင်ရာ သုတေသနလုပ်ငန်းများ။

၈၃၂။ သုတေသနလုပ်ငန်းများနှင့်ပတ်သက်၍ နှစ်စဉ်ကျင်းပသော သုတေသနစာတမ်းဖတ်ပွဲများတွင် စာတမ်းများကိုဖတ်ကြားခဲ့ရာ ၁၉၇၉–၈၀ ခုနှစ်မှ ၂၀၀၈ ခုနှစ်အကုန်အထိ စာတမ်းပေါင်း ၂၀၅ စောင်ကို ဖတ်ကြားပြီးဖြစ်သည်။

စီမံကိန်းနှင့်စာရင်းအင်းဦးစီးဌာနပွဲ့စည်းခြင်း

စီမံကိန်းနှင့်စာရင်းအင်းဦးစီးဌာနတည်ထောင်ခြင်း [၁၉၁]

၈၃၃။ စီမံကိန်းနှင့်စာရင်းအင်းဦးစီးဌာနကို ၁၉၇၂ ခုနှစ်မှ စတင်တည်ထောင်ခဲ့ပြီး အရာထမ်း ၂၂ ဦး၊ အမှုထမ်း ၈၃ ဦး၊ စုစုပေါင်း ၁၀၅ ဦးဖြင့် ပါဝင်ဖွဲ့စည်းထား၍ ဌာနခွဲ ၅ ခု၊ ဌာနစု ၁၁ ခုဖြင့် လုပ်ငန်းများကို အောက်ပါအတိုင်း ဆောင်ရွက်လျက် ရှိသည် –

(က) **စီမံကိန်းလုပ်ငန်းဌာနခွဲ**
  (၁) မူဝါဒစီမံကိန်းရေးဆွဲရေးဌာနစု။
  (၂) သုတေသနနှင့်လေ့ကျင့်ရေးဌာနစု။
(ခ) **စီမံကိန်းစိစစ်သုံးသပ်ရေးနှင့်စာရင်းအင်းဌာနခွဲ**
  (၁) စီမံကိန်းစိစစ်သုံးသပ်ရေးဌာနစု။
  (၂) စာရင်းအင်းစိစစ်သုံးသပ်ရေးနှင့်ကွန်ပျူတာဌာနစု။
(ဂ) **စီမံခန့်ခွဲရေးဌာနခွဲ**
  (၁) အုပ်ချုပ်ရေးနှင့်ထောက်ပံ့ရေးဌာနစု။
  (၂) ဆက်သွယ်ရေးနှင့်မှတ်တမ်းများဌာနစု။
  (၃) ငွေစာရင်းဌာနစု။

[၁၉၁] သစ်တောရေးရာဝန်ကြီးဌာန သိကောင်းစရာအချက်များပို့ချချက် ၂၀၀၅ ခုနှစ်

(ဃ) **အပြည်ပြည်ဆိုင်ရာဆက်သွယ်ရေးဌာနခွဲ**

(၁) ကုလသမဂ္ဂအဖွဲ့အစည်းများဌာနစု။

(၂) အပြည်ပြည်ဆိုင်ရာဘဏ်များဌာနစု။

(၃) အစိုးရနှင့် နိုင်ငံအချင်းချင်းဆက်သွယ်ရေးဌာနစု။

(င) **ကုန်သွယ်စီးပွားလုပ်ငန်းဌာနခွဲ ။** ကုန်သွယ်မှုနှင့်စီးပွားရေး လုပ်ငန်းဌာနစုဖြင့် ဆောင်ရွက်လျက်ရှိသည်။

၈၃၄။ စီမံကိန်းနှင့်စာရင်းအင်းဦးစီးဌာနသည် အောက်ဖော်ပြပါမူဝါဒ၊ စီမံကိန်းနှင့်လမ်းညွှန်ကြီးကြပ်မှုများ၊ နည်းပညာရပ်ဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းမှုနှင့် ဆက်သွယ်မှုများကို ဆောင်ရွက်သည်–

(က) သစ်တောကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စီမံကိန်းများ၊ လုပ်ငန်းစီမံကိန်းများကို သတ်မှတ်ချက်နှင့်အညီ အကောင်အထည်ဖော်နိုင်ရေးအတွက် စိစစ် သုံးသပ်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊ ညှိနှိုင်းပေါင်းစပ်ပေးခြင်း။

(ခ) နိုင်ငံတကာအဖွဲ့အစည်းများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၊ အစိုးရ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ နှင့် ဆက်သွယ်၍ သစ်တောကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ သစ်တောအခြေခံ စီးပွားရေး လုပ်ငန်းများနှင့် အခြားဆက်နွယ်သည့် ကဏ္ဍများ၌ နည်းပညာ ကျွမ်းကျင်မှု၊ ရန်ပုံငွေ အထောက် အပံ့များနှင့် ပူးပေါင်းဆောင်ရွက်မှုများ အတွက် ဆက်သွယ်ညှိနှိုင်းခြင်း။

(ဂ) သစ်တောကဏ္ဍဆိုင်ရာရင်းနှီးမြှုပ်နှံမှုများ၊ သစ်အခြေခံစက်မှုလုပ်ငန်းများ၊ သစ်နှင့် သစ်တောထွက်ပစ္စည်း ကူးသန်းရောင်းဝယ်မှုလုပ်ငန်းများ၊ သဘာဝအခြေခံ ခရီးသွား လုပ်ငန်း အစရှိသည့် သစ်တောအခြေခံလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက် လာစေရေး အတွက် မြန်မာ့သစ်တောမူဝါဒ၊ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ပေါင်းစပ် ညှိနှိုင်းပေးခြင်း။

(ဃ) သစ်တောကဏ္ဍတိုးတက်ဖွံ့ဖြိုးရေးဆိုင်ရာ သုတေသနလုပ်ငန်းများ ဖော်ဆောင်ခြင်းကို ကြီးကြပ်ကွပ်ကဲခြင်း၊ သစ်တောကဏ္ဍဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များ စုစည်း ပြုစုဖြန့်ဝေခြင်း၊ အထက်အဖွဲ့အစည်းများသို့ တင်ပြခြင်းနှင့် အခြားသစ်တောကဏ္ဍ ဆိုင်ရာ လုပ်ငန်းကိစ္စအဝဝကို တာဝန်ယူဆောင်ရွက်ခြင်း။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးအမျိုးသားကော်မရှင်

(National Commission on Environmental Affairs)

ကော်မရှင်ဖွဲ့စည်းခြင်း

၈၃၅။ နိုင်ငံတော်၏ ရေရှည်အကျိုးစီးပွားကို ရှေ့ရှုလျက် ပတ်ဝန်းကျင်ထိန်းသိမ်း ရေးနှင့် ပတ်သက်သည့် မူဝါဒများချမှတ်ရန်နှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှု၊ သဘာဝပတ်ဝန်းကျင် ပျက်ယွင်းမှုတို့ကို ကာကွယ်ထိန်း သိမ်းရန်အတွက် "ပတ်ဝန်းကျင်ထိန်းသိမ်းရေးအမျိုးသားကော်မရှင်" ကို ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရအဖွဲ့၏ ၁၄–၂–၉၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၇/၉၀) ဖြင့် ဖွဲ့စည်းခဲ့သည်။ ကော်မရှင်ကို ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး အပါအဝင် စုစုပေါင်း အဖွဲ့ဝင် ၂၁ ဦးဖြင့် ဖွဲ့စည်းထားသည်။

၈၃၆။ ကော်မရှင်စတင်ဖွဲ့စည်းသည့် ၁၉၉၀ ခုနှစ် ဖေဖော်ဝါရီလမှ ၂၀၀၄ ခုနှစ် ဒီဇင်ဘာလအထိ ကော်မရှင် ဥက္ကဋ္ဌ တာဝန်ကို နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးအဆက်ဆက်က တာဝန်ယူဆောင်ရွက်ခဲ့ ပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရအဖွဲ့၏ ၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် (၃၅/၂၀၀၄) အရ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးက ကော်မရှင်ဥက္ကဋ္ဌအဖြစ် ဆောင်ရွက် သည်။ စီမံကိန်းနှင့်စာရင်းအင်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်မှ အတွင်းရေးမှူး အဖြစ် တာဝန်ယူ ဆောင်ရွက်သည်။

၈၃၇။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအမျိုးသားကော်မရှင်ကို အောက်ပါရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းခဲ့သည်–

(က) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှု ကာကွယ်ရေးအတွက် သစ်တော၊ ရေ၊ မြေ၊ တွင်းထွက်သယံဇာတအရင်းအမြစ်များ၊ အဏ္ဏဝါသယံဇာတ အရင်းအမြစ်များနှင့် အခြားသဘာဝ သယံဇာတ အရင်းအမြစ်များအား ထုတ်ဖော် အသုံးပြုရေး နှင့်စပ်လျဉ်းပြီး သင့်လျော်ကောင်းမွန်သည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆိုင်ရာ မူဝါဒများ ချမှတ်ရန်။

(ခ) ရေထုညစ်ညမ်းမှု၊ လေထုညစ်ညမ်းမှု၊ အသံညစ်ညမ်းမှု နှင့်ဘေးအန္တရာယ်ဖြစ်စေ သော စွန့်ပစ်ပစ္စည်းများနှင့် အဆိပ်အတောက်ဖြစ်စေသော ဓါတုပစ္စည်းများ စွန့်ပစ်မှု အပါ အဝင်ညစ်ညမ်းမှုများကို ထိန်းချုပ်ရေးအတွက် ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဆိုင်ရာ စံချိန်စံညွှန်း များနှင့် စည်းမျဉ်းဥပဒေများ သတ်မှတ်ပြဋ္ဌာန်း ပေးရန်။

(ဂ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် လိုအပ်ချက်များနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ် ချက် နှစ်ရပ်လုံးကို ထည့်သွင်းစဉ်းစားပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ နှစ်တို၊ နှစ်လတ်၊ နှစ်ရှည် စီမံကိန်းများ၊ မူဝါဒများနှင့် မဟာဗျူဟာများချမှတ်ရန်။

(ဃ) ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကြိုးပမ်းမှုများတွင် ပြည်သူတို့ကိုယ်တိုင် ပါဝင်လာစေရေး တွက် ပြန်ကြားရေးနှင့် ပညာပေးရေးလုပ်ငန်းများမှတစ်ဆင့် ပတ်ဝန်းကျင်ထိန်းသိမ်း ရေး အသိ အမြင် ပိုမိုကျယ်ဝန်းလာအောင် ဆောင်ရွက်ပေးရန် ထုတ်ပြန်ခဲ့သည်။

၈၃၈။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအမျိုးသားကော်မရှင်သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ မူဝါဒများ စံ၊ ဥပဒေ၊ နည်းဥပဒေများ လုပ်ငန်းအစီအစဉ်များနှင့် ပါတ်သက်သည့် လမ်းညွှန်မှုများ ချမှတ်ပြဋ္ဌာန်းပြီး အစိုးရအဖွဲ့သို့ အကြံပြုတင်ပြခြင်း၊ လမ်းညွှန်မှုခံယူခြင်း စသည်တို့ ဆောင်ရွက် ရသည့် အပြင် အစိုးရအဖွဲ့အစည်း၊ နိုင်ငံပိုင်လုပ်ငန်းများနှင့် ပုဂ္ဂလိကများအကြား ညှိနှိုင်းဆောင်ရွက်ခြင်း၊ ကုလသမဂ္ဂဆိုင်ရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအစဉ် (UNEP) စသည့်အဖွဲ့အစည်းများ၊ နိုင်ငံခြား တိုင်းပြည်များရှိ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာဝန်ကြီးဌာန အဖွဲ့အစည်းစသည်တို့နှင့် ဆက်သွယ် ဆောင်ရွက်ခြင်း စသည်တို့ ပါဝင်သည်။ အဆိုပါ တာဝန်ဝတ္တရားများကို လုပ်ပိုင်ခွင့်များနှင့်အညီ ဆောင်ရွက်ရန်ဖြစ်သည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးအမျိုးသားကော်မရှင်ရုံး

၈၃၉။ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသား ကော်မရှင်၏ လုပ်ငန်းရပ်များကို ပီပြင်ထက်မြက်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် ၂၆–၂–၉၂ ရက်နေ့တွင် ကျင်းပသည့် ပြည်ထောင်စုမြန်မာနိုင်ငံ တော်အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၈/၉၂) ၏ ဆုံးဖြတ်ချက်အရ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်ရုံးကို ၁–၄–၉၂ ရက်နေ့တွင် နိုင်ငံခြားရေးဝန်ကြီးဌာနခွဲ တည်ထောင် ဖွင့်လှစ်ခဲ့ သည်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့၏ ၂၀၀၄ ခုနှစ် ဒီဇင်ဘာလ ၁၆ ရက်နေ့စွဲပါ ညွှန်ကြား ချက်အရ ၂၀၀၅ ခုနှစ် ဧပြီလ ၁ ရက်နေ့မှစ၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသား ကော်မရှင်ရုံးကို သစ်တောရေးရာဝန်ကြီးဌာနသို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့သည်။ ကော်မရှင်ရုံး ဖွဲ့စည်းပုံ ခွင့်ပြုအင်အားမှာ အရာထမ်း ၂၀ ဦး၊ အမှုထမ်း ၂၂ ဦး၊ စုစုပေါင်းအင်အား ၄၂ ဦး ဖြစ်သည်။ လက်ရှိ အရာထမ်း ၁၆ ဦးနှင့် အမှုထမ်း ၉ ဦး၊ စုစုပေါင်းအင်အား ၂၅ ဦး ဖြင့် လုပ်ငန်းများ ဆောင်ရွက်လျက် ရှိသည်။

၈၄၀။ **ကော်မရှင်ရုံး၏ ဆောင်ရွက်ချက်များ။** ကော်မရှင်ရုံးသည် ကော်မရှင်၏ ရည်ရွယ်ချက်နှင့် ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်ဝတ္တရားများကို ဖြည့်ဆည်းဆောင်ရွက်ရသည်ဖြစ်ရာ သက်ဆိုင်ရာ ဌာနများ နှင့် ပူးပေါင်းဆောင်ရွက်ခြင်း စာနယ်ဇင်း၊ မီဒီယာများတွင် ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဆိုင်ရာဆောင်းပါး၊ သိကောင်းစရာများ ရေးသားဖော်ပြခြင်း၊ သင်တန်းများ အလုပ်ရုံဆွေးနွေးပွဲများ ပညာပေးဟောပြောပွဲများ ကျင်းပပြုလုပ်ခြင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းအစီအစဉ်များ တွင် ပါဝင်ဆောင်ရွက်ခြင်း၊ သုတေသနလုပ်ငန်းများ စာရင်းအချက်အလက်များ ကောက်ယူခြင်း လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအခြေအနေပြ အစီရင်ခံစာများ ဆောင်ရွက် ခြင်းနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ "မြန်မာနိုင်ငံ ၂၁ ရာစု အစီအစဉ်" ကို အကောင်အထည်ဖော်ရေးအတွက် ဆောင်ရွက်ကြရသည်။

၈၄၁။ **မြန်မာနိုင်ငံအမျိုးသား ပတ်ဝန်းကျင်ရေးရာမူဝါဒချမှတ်ခြင်း။** ပတ်ဝန်းကျင်ယိုယွင်းပျက်စီးမှုကို ကာကွယ်ရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ရေ၊ မြေ၊ သစ်တော၊ ဓာတ်သတ္တု၊ အဏ္ဏဝါ သယံဇာတနှင့် အခြားသဘာဝသယံဇာတပစ္စည်းများကို ထုတ်ယူသုံးစွဲရာတွင် သင့်လျော် ကောင်းမွန်

သည့် ပတ်ဝန်းကျင်ရေးရာ မူဝါဒချမှတ်ပေးနိုင်ရန်အတွက် ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ အဖွဲ့သည် ၁၉၉၄ ခုနှစ် ဒီဇင်ဘာလ ၅ ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂၆/၉၄) ဖြင့် အောက်ပါ "မြန်မာနိုင်ငံအမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ" ကိုထုတ်ပြန်ခဲ့သည်။

> "နိုင်ငံတစ်နိုင်ငံ၏ ချမ်းသာကြွယ်ဝမှုသည် ယင်းနိုင်ငံ၏ ပြည်သူများ၊ ယဉ်ကျေးမှု အမွေအနှစ်များ၊ ပတ်ဝန်းကျင်နှင့် သဘာဝသယံဇာတပစ္စည်းများပင်ဖြစ်သည်။ မြန်မာနိုင်ငံ၏ ပတ်ဝန်းကျင်ရေးရာ မူဝါဒရည်မှန်းချက်များမှာ ပြည်သူတစ်ရပ်လုံး၏ လူနေမှုဘဝအဆင့်အတန်းကို မြှင့်တင်ရေး အတွက် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် ပတ်ဝန်းကျင်ရေးရာ ကိစ္စရပ်များကို ထည့်သွင်းပေါင်းစပ် ခြင်းအားဖြင့် ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်မှု၊ ဟန်ချက်ညီမျှမှုတို့ကို ရရှိစေရေးပင် ဖြစ်သည်။ နိုင်ငံတိုင်းသည် အခြားနိုင်ငံများ၏ အချုပ်အခြာအာဏာပိုင်မှုကို မထိပါးစေရန် သို့မဟုတ် အကျိုးစီးပွားကို မထိခိုက်စေရန် အထူးအလေးထား၍ မိမိနိုင်ငံ၏ ပတ်ဝန်းကျင်ရေးရာ မူဝါဒများ နှင့်အညီ မိမိနိုင်ငံပိုင် သဘာဝ သယံဇာတပစ္စည်းများကို ထုတ်ယူသုံးစွဲနိုင်သည့် အချုပ်အခြာ အာဏာပိုင်ခွင့်ရှိသည်။ ပစ္စုပ္ပန်နှင့် အနာဂတ်မျိုးနွယ်ဆက်များ၏အကျိုးငှာ သဘာဝသယံဇာတ ပစ္စည်းများကို ကာကွယ်ထိန်းသိမ်းရေးသည် နိုင်ငံတော်နှင့် နိုင်ငံသားတိုင်း၏တာဝန်ဖြစ်သည်။ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ရေးရာ ကာကွယ်စောင့်ရှောက်မှုကို ပဓာနကျသော ရည်မှန်းချက် အဖြစ် ထာဝစဉ် ထားရှိရမည် ဖြစ်သည်။"

၈၄။ **ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ မြန်မာနိုင်ငံ ၂၁ ရာစုအစီအစဉ်** ။ ၁၉၉၂ ခုနှစ် ဇွန်လတွင် ဘရာဇီးနိုင်ငံ၊ ရီယိုဒီဂျနေရိုမြို့တွင် ကျင်းပခဲ့သည့် လူသားနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ကမ္ဘာမြေထိပ်သီး ညီလာခံမှ အတည်ပြုချမှတ်ခဲ့သည့် ကမ္ဘာ့ ၂၁ ရာစုအစီအစဉ်အရ နိုင်ငံများအလိုက် အစီအစဉ်များ ရေးဆွဲချမှတ်အကောင်အထည်ဖော်ရန်ဖြစ်ရာ ပတ်ဝန်းကျင် ထိန်းသိမ်းရေး အမျိုးသား ကော်မရှင်သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ "မြန်မာနိုင်ငံ ၂၁ ရာစု အစီအစဉ်" ချမှတ်နိုင်ရေးအတွက် UNEP ၏ နည်းပညာဆိုင်ရာပံ့ပိုးမှု၊ ဌာနဆိုင်ရာများ၏ ပူးပေါင်း ဆောင်ရွက်မှုတို့ဖြင့် မူကြမ်းအဆင့်ဆင့်ရေးသားပြုစုပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရအဖွဲ့ အစည်းအဝေးသို့ တင်ပြ အတည်ပြုချက်ရယူကာ ၁၉၉၇ ခုနှစ်တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ မြန်မာနိုင်ငံ ၂၁ ရာစု အစီအစဉ်ကို ရေးဆွဲချမှတ်နိုင်ခဲ့သည်။

၈၄၁။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ မြန်မာနိုင်ငံ ၂၁ ရာစုအစီအစဉ်သည် မြန်မာနိုင်ငံ၏ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို ရည်ရွယ်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ပေါင်းစည်းဆောင်ရွက်သွားနိုင်ရန်အတွက် ရေရှည်အကောင်အထည်ဖော် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန် ဖြစ်သည်။

၈၄၄။ **အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှု။** မြန်မာနိုင်ငံမှ အဖွဲ့ဝင်အဖြစ် ပါဝင်ထားသည့် အောက်ဖော်ပြပါ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကွန်ဗင်းရှင်းများနှင့်စပ်လျဉ်း၍ ဆက်သွယ်ရာ ဗဟိုဌာန အဖြစ် ဆောင်ရွက်လျက်ရှိသည်–

(က) ရာသီဥတုပြောင်းလဲမှုဆိုင်ရာကွန်ဗင်းရှင်း (United Nations Framework Convention on Climate Change) – ဝင်ရောက်သည့်ရက်စွဲ – ၁၉၉၄ ခုနှစ် နိုဝင်ဘာလ ၂၅ ရက်။

(ခ) ဇီဝမျိုးစုံမျိုးကွဲကွန်ဗင်းရှင်း (United Nations Convention on Biological Diversity) – ဝင်ရောက်သည့်ရက်စွဲ – ၁၉၉၄ နိုဝင်ဘာလ ၂၅ ရက်။

(ဂ) သဲကန္တာရဖြစ်ထွန်းမှုတိုက်ဖျက်ရေးကွန်ဗင်းရှင်း (United Nations Convention to Combat Desertification) – ဝင်ရောက်သည့်ရက်စွဲ – ၁၉၉၇ ခုနှစ် ဇန်နဝါဝီလ ၂ ရက်။

(ဃ) အိုဇုန်းလွှာကာကွယ်ရေးဆိုင်ရာဗီယင်နာကွန်ဗင်းရှင်း၊
မွန်ထရီယယ်နောက်ဆက်တွဲစာချုပ် နှင့် လန်ဒန်ပြင်ဆင်ချက်စာချုပ် (Vienna Convention, Montreal Protocol, London Amendment to Protect the Ozone Layer) – ဝင်ရောက်သည့်ရက်စွဲ – ၁၉၉၃ ခုနှစ် နိုဝင်ဘာ လ ၂၄ ရက်။

(င) မျိုးဆက်ပြတ်သုဉ်းလုဆဲတောရိုင်းတိရစ္ဆာန်နှင့် သစ်ပင်ပန်းမန်များ နိုင်ငံတကာကုန်သွယ်မှု ဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ် (Convention on International Trade in Endangered Species of Wild Fauna and Flora) – ဝင်ရောက်သည့်ရက်စွဲ – ၁၉၉၇ ခုနှစ် စက်တင်ဘာ လ ၂၅ ရက်။

(စ) သဘာဝပတ်ဝန်းကျင်ကို ညစ်ညမ်းမှုဖြစ်စေပြီး ကြာရှည်စွာ မပျောက်မပျက်တည်မြဲနေ နိုင်သည့် အော်ဂဲနစ်ဒြပ်ပစ္စည်းများဆိုင်ရာကွန်ဗင်းရှင်း (Convention on Persistant Organic Pollutants) – ဝင်ရောက်သည့်ရက်စွဲ – ၂၀၀၄ ခုနှစ် ဧပြီလ ၇ ရက်။

၈၄၅။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအမျိုးသားကော်မရှင်သည် ASEAN၊ UNEP၊ UNESCAP၊ အစိုးရ နှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများတွင် ဆက်သွယ်ညှိနှိုင်းရေးအဖွဲ့အစည်းအဖြစ် ဆောင်ရွက်လျက် ရှိသည်။ အာရှဖွံ့ဖြိုးရေးဘဏ် ဦးဆောင်သော မဟာမဲခေါင်ဒေသခွဲအစီအစဉ်တွင် ပါဝင်သည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍခွဲလည်း အဓိက ဆက်သွယ်ညှိနှိုင်းရေးအဖွဲ့အစည်းအဖြစ် ဆောင်ရွက်လျက်ရှိသည်။ ကျောင်းသားလူငယ်များနှင့် ပြည်သူလူထုအကြား ပတ်ဝန်းကျင်ထိန်းသိမ်းရေးအသိပညာ စိမ့်ဝင်ပျံနှံ့စေရေးအတွက် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို နှစ်စဉ် ကျင်းပလျက်ရှိသည်။

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီ ဖွဲ့စည်းခြင်း

၈၄၆။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီကို ၂၆.၃.၂၀၀၄ရက်နေ့ ရက်စွဲပါ အမိန့်ကြေငြာစာအမှတ် (၄/၂၀၀၄)ဖြင့် စတင်ဖွဲ့စည်းခဲ့သည်။ အဆိုပါ ကော်မတီတွင် ဗိုလ်မှူးချုပ် သိန်းအောင် ဝန်ကြီး၊ သစ်တောရေးရာ ဝန်ကြီးဌာနက ဥက္ကဋ္ဌ အဖြစ်လည်းကောင်း၊ ဗိုလ်မှူးချုပ် အုန်းမြင့် ဝန်ကြီး၊ သတ္တုတွင်းဝန်ကြီးဌာနက ဒုတိယဥက္ကဋ္ဌ အဖြစ်လည်းကောင်း ဆောင်ရွက်သည်။ အဖွဲ့ဝင်များအဖြစ် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေး

ဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ လျှပ်စစ်ဝန်ကြီးဌာန၊ ပြည်ထဲရေး ဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများက အဖွဲ့ဝင်များအဖြစ် ပါဝင်သည်။ အဖွဲ့၏ အတွင်းရေးမှူး အဖြစ် သစ်တောဦးစီး ဌာန ညွှန်ကြားရေးမှူးချုပ်က ဆောင်ရွက်သည်။

ကော်မတီမှ သတ်မှတ်ခဲ့သော လုပ်ငန်းတာဝန်များ

(၁) နိုင်ငံတော်၏ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့် ပျက်ယွင်းမှု ကာကွယ်ရေး လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(၂) အပေါ်ယံမြေလွှာ တိုက်စားမှုနှင့် မြေဆီဩဇာခန်းခြောက်မှုတို့ကို ကာကွယ်ရန်အတွက် ရေသယံဇာတ၊ မြေသယံဇာတများကို သဘာဝအလျောက်ဖြစ်စေ၊ လူတို့၏ ပြုပြင် ဖန်တီးမှုကြောင့်ဖြစ်စေ၊ ပြိုပျက်တိုက်စားခြင်း မရှိစေရန် ထိန်းသိမ်း ကာကွယ် စောင့်ရှောက်ရန်၊

(၃) သစ်တောပြုန်းတီးမှုကာကွယ်ရေးနှင့်ရေဝေရေလဲဒေသကာကွယ်ထိန်းသိမ်းရေးလုပ်ငန်း များကို အကောင်အထည်ဖော် ဆောင်ရွက်ရန်၊

(၄) ရွှေ့ပြောင်းတောင်ယာ စနစ်ကြောင့် သဘာဝပတ်ဝန်းကျင် ပျက်ယွင်းစေသည့် ဆိုးကျိုးများ မဖြစ်ပေါ်စေရေးအတွက် ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးရန် တောခုတ်ခြင်း၊ တောမီးရှို့ခြင်းများ ကာကွယ်ရေး လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက် ရန်၊

(၅) သစ်ခိုးထုတ်ခြင်း (သစ်ထုတ်ခြင်း)၊ ကျောက်မျက်ရတနာများနှင့် ဓာတ်သတ္တုများ ရှာဖွေတူးဖော်ခြင်း များကြောင့် မြစ်ချောင်းများရေစီးရေလာပိတ်ဆို့ပြီး၊ ဆည်မြောင်း တာတမံများ၊ ရေအားလျှပ်စစ် ထုတ်လုပ်ခြင်းလုပ်ငန်းများအား ထိခိုက်ပျက်စီးမှု မဖြစ်ပေါ်စေရေးအတွက် ဆည်၊ ရေလှောင်တမံများ အတွင်းသို့ ရေစီးဝင်မှုပမာဏ မှန်ကန်ကောင်းမွန်ရေးနှင့် သဲ၊ နုံးကျဆင်းမှု ကာကွယ်ရေးလုပ်ငန်းများ ကို အကောင်အထည်ဖော် ဆောင်ရွက်ရန် ၊

(၆) သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် စပ်လျဉ်း၍ အခြားဆောင်ရွက်ရန်ရှိသည့် ကိစ္စများ အကောင်အထည်ဖော်ဆောင်ရွက်ရန် ၊

အဆိုပါလုပ်ငန်းတာဝန်များဆောင်ရွက်ရန်အတွက် အထူးလုပ်ငန်းအဖွဲ့ (၇)ဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်သည်။

(က) အထူးလုပ်ငန်းအဖွဲ့ (၁)

တာဝန်ခံ ။ ဒုတိယဝန်ကြီး၊လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန။

တာဝန်ယူရသည့် ပြည်နယ်/တိုင်း။ ဧရာဝတီတိုင်း နှင့် ပဲခူးတိုင်း။

(ခ) အထူးလုပ်ငန်းအဖွဲ့ (၂)

တာဝန်ခံ။ ဒုတိယဝန်ကြီး၊ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန။

တာဝန်ယူရသည့် ပြည်နယ်/တိုင်း။ တနင်္သာရီတိုင်း နှင့် ရခိုင်ပြည်နယ်။

(ဂ) အထူးလုပ်ငန်းအဖွဲ့(၃)

တာဝန်ခံ ။ ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန။

တာဝန်ယူရသည့်ပြည်နယ်/တိုင်း။ ရန်ကုန်တိုင်း၊ မွန်ပြည်နယ် နှင့် ကရင်ပြည်နယ်။

(ဃ) အထူးလုပ်ငန်းအဖွဲ့ (၄)

တာဝန်ခံ။ ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန။

တာဝန်ယူရသည့် ပြည်နယ်/တိုင်း။ ကချင်ပြည်နယ် နှင့် စစ်ကိုင်းတိုင်း။

(င) အထူးလုပ်ငန်းအဖွဲ့ (၅)

တာဝန်ခံ။ ဒုတိယဝန်ကြီး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုး တိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန။

တာဝန်ယူရသည့် ပြည်နယ်/တိုင်း။ ရှမ်းပြည်နယ် နှင့် ကယားပြည်နယ်။

(စ) အထူးလုပ်ငန်းအဖွဲ့ (၆)

တာဝန်ခံ။ ဒုတိယဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန။

တာဝန်ယူရသည့် ပြည်နယ်/တိုင်း။ မန္တလေးတိုင်း။

(ဆ) အထူးလုပ်ငန်းအဖွဲ့(၇)

တာဝန်ခံ။ ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန။

တာဝန်ယူရသည့် ပြည်နယ်/တိုင်း။ ချင်းပြည်နယ်နှင့် မကွေးတိုင်း။

အထူးလုပ်ငန်းအဖွဲ့များသည် အောက်ဖော်ပြပါ အထွေထွေလုပ်ငန်း တာဝန်များကို ဆောင်ရွက်သည်။

(၁) ပြည်နယ်/တိုင်း လုပ်ငန်းအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုကို ကွင်းဆင်းကြီးကြပ်ခြင်း၊ အကြံပြုခြင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီသို့ တင်ပြအစီရင်ခံခြင်း၊

(၂) ဒေသခံပြည်သူများ၊ ကျောင်းသူ/ကျောင်းသားများ၊ စိုက်ပျိုးရေးလုပ်ငန်းရှင်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအား သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာ ဗဟုသုတ တိုးတက်မြင့်မားပြီး ပါဝင်ပူးပေါင်းဆောင်ရွက်ရေး ပညာပေး စည်းရုံးဆောင်ရွက်ခြင်း၊

(၃) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများကို လက်တွေ့ဆောင်ရွက်မည့်သူများ၏ အရည်အသွေးမြင့်မားရေး လေ့ကျင့်ပျိုးထောင်ခြင်း၊

(၄) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများဆိုင်ရာ အကဲဖြတ်ဆန်းစစ်လေ့လာခြင်းနှင့် သုတေသနပြုလုပ်ခြင်း၊

(၅) လူသားနှင့် ပတ်ဝန်းကျင် ထိခိုက်ပျက်စီးစေနိုင်သော ပြည်တွင်း၌ သဘာဝအတိုင်း ပေါက်ရောက်ရှင်သန် နေထိုင်ကျက်စားမှုမရှိသော အပင်နှင့် တိရစ္ဆာန်မျိုးစိတ်များ တင်သွင်း မွေးမြူ စိုက်ပျိုးခြင်းအပေါ် စနစ်တကျ ထိန်းသိမ်းခြင်း၊ ယင်းမျိုးစိတ်များ၏ ပတ်ဝန်းကျင် အပေါ် ကျရောက်စေသော ဆိုးကျိုးနှင့် အလားအလာများ လေ့လာဖော်ထုတ်တင်ပြခြင်း၊

(၆) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီက ပေးအပ်သည့် အခြားလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

တိရစ္ဆာန်ဥယျာဉ်နှင့် ပန်းဥယျာဉ် (ရန်ကုန်)[၁၉၂]

ရန်ကုန်တိရစ္ဆာန်ဥယျာဉ်အားစတင်တည်ထောင်ခြင်း။

၈၄၇။ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်အား ဗြိတိသျှ အစိုးရလက်ထက်တွင် စတင်တည်ထောင်ခဲ့သည်။ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ကို မတည်ထောင်မီ ၁၈၈၂ ခုနှစ်တွင် တောရိုင်းတိရစ္ဆာန်များကိုဖမ်းဆီး၍ ယခု ရန်ကုန်မြို့ ပြည်သူ့ဆေးရုံကြီးနေရာတွင် ပြသခဲ့သည်။ ထိုစဉ်က ထိုနေရာမှာ ဖယ်ရာပြတိုက်နှင့် သစ်ပင် ပန်းမန် တိုးပွားရေးအသင်းတိုက် တည်နေရာဌာန ဖြစ်သည်။ ၁၉၀၁ ခုနှစ်တွင်ဝိတိုရိယဘုရင်မကြီး (ခရစ်သက္ကရာဇ် ၁၈၁၉–၁၉၀၁ ခုနှစ်)၏ နန်းသက် ၂၅ နှစ်မြောက်အထိမ်းအမှတ်အဖြစ်သီးခြား တိရစ္ဆာန်ဥယျာဉ်တစ်ခုတည်ထောင်ရန် လူထုထံမှ ကောက်ခံရရှိသော အလှူငွေကျပ် ၂၄၀,၀၀၀ ဖြင့် ကန်တော်ကြီးအနီးရှိ မြေရိုင်း ၆၁ ဧကကို ရှင်းလင်း၍ ယခုလက်ရှိ တိရစ္ဆာန်ဥယျာဉ်ကို တည်ထောင်ခဲ့ပြီး ၁၉၀၆ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက် အင်္ဂလန်ပြည် ဝေလမင်းသားနှင့် ကြင်ယာတော် မေရီမိဖုရားတို့က အခမ်းအနားဖြင့်ဖွင့်လှစ်ကာ "ဝိတိုရိယဘုရင်မ အထိမ်းအမှတ်ပန်းခြံနှင့် တိရစ္ဆာန် ဥယျာဉ်" ဟု အမည်ပေးခဲ့သည်။ ထိုစဉ်အခါက သီပေါမင်းတရား၏ ဆင်ဖြူတော်သည်လည်း တိရစ္ဆာန် ဥယျာဉ်၌ ရှိသည်ဟု ဆိုသည်။ ထိုဆင်ဖြူတော်မှာ ခရစ်သက္ကရာဇ် ၁၉၁၀ ပြည့်နှစ်တွင်သေဆုံးခဲ့သည်။

၈၄၈။ ၁၉၀၈ ခုနှစ်တွင် ရန်ကုန်တိရစ္ဆာန်ဥယျာဉ် အက်ဥပဒေပြဋ္ဌာန်းခဲ့ပြီး အက်ဥပဒေအပိုဒ် (၂) အရ "ရန်ကုန်တိရစ္ဆာန်ဥယျာဉ်" ဟုအမည်ပေးကာ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ထိန်းသိမ်းရေးအဖွဲ့ (Board of Trustees) ကို ဖွဲ့စည်းကာ အုပ်ချုပ်စေခဲ့သည်။

၈၄၉။ ၁၉၂၃ ခုနှစ်တွင် တိရ စ္ဆာန်ဥယျာဉ်မြေနေရာအတွင်းမှဧက ၂၀ ကို ပန်းမန်ဥယျာဉ်တည်ထောင် ရန်အတွက်သစ်ပင်ပန်းမန်တိုးပွားရေးအသင်းတိုက်သို့ လွှဲပြောင်းပေးခဲ့သည်။

---

[၁၉၂] တိရစ္ဆာန်ဥယျာဉ်ဌာန၊ သစ်တောဦးစီးဌာန

လွတ်လပ်ရေးရပြီးခေတ်

၈၅၀။ လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင် ရန်ကုန်တိရစ္ဆာန်ဥယျာဉ် အုပ်ချုပ်ရေးအဖွဲ့ကို ဖွဲ့စည်း၍ ဥက္ကဋ္ဌအဖြစ် တရားရေးနှင့် ပညာရေးဝန်ကြီး သတိုးသီရိသုဓမ္မ ဒေါက်တာဧမောင်၊ ဒုတိယဥက္ကဋ္ဌအဖြစ် မဟာသရေစည်သူ တရားဝန်ကြီး ဦးအောင်သာကျော်၊ စည်သူဦးမှန်၊ ဒေါက်တာမောင်ဆက်၊ ဦးလှအောင်၊ ဦးခင်မောင်လတ်၊ ဦးစိန်မောင်၊ ဦးကျော်သိန်း၊ ရိုင်းဘဟာဒူး၊ အမ်ဂျီကပါးဒီးယားနှင့် စည်သူဦးဘိုတို့ကို နိုင်ငံတော်သမ္မတကြီး၏ သဘောတူညီချက်အရ ရွေးချယ်ခန့်အပ်ပြီး ဌာနဆိုင်ရာ ကိုယ်စားလှယ် ၁၀ ဦးပါဝင်သော အဖွဲ့ဖြင့်ဖွဲ့စည်းခဲ့သည်။

တော်လှန်ရေးကောင်စီခေတ်

၈၅၁။ ၁၉၆၂ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်နေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရက ရန်ကုန်တိရစ္ဆာန်ဥယျာဉ် အုပ်ချုပ်ရေးအဖွဲ့ကို ဖျက်သိမ်းလိုက်ပြီး လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောရေးဝန်ကြီးဌာန လက်အောက်တွင် ရန်ကုန်တိရစ္ဆာန်ဥယျာဉ် ကြီးကြပ်ရေးအဖွဲ့ကို ဖွဲ့စည်းခဲ့သည်။ ရန်ကုန်တိရစ္ဆာန်ဥယျာဉ် ကြီးကြပ်ရေးအဖွဲ့တွင် ဥက္ကဋ္ဌအဖြစ် မြေတိုင်းညွှန်ကြားရေးဝန်ချုပ် ဗိုလ်မှူးကြီးလှအောင်က ဆောင်ရွက်၍အဖွဲ့ဝင်အဖြစ် သစ်တောမင်းကြီးချုပ်၊ နယ်ခြားဒေသအုပ်ချုပ်ရေးအရာရှိ၊ တိရစ္ဆာန်ဆေးကုဆွန်ကြားရေးမှူး၊ သတ္တဗေဒပါမောက္ခ၊ ရန်ကုန်မြူနီစပယ်အဖွဲ့၊ စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံး၊ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောရေးဌာနနှင့် မြေတိုင်းဦးစီးဌာနတို့ပါဝင်ပြီး လယ်ယာစိုက်ပျိုးရေးနှင့်သစ်တောရေးရာဌာနမှ ဒုတိယအတွင်းဝန်ဦးခင်မောင်လတ်က အတွင်းရေးမှူးအဖြစ်ဆောင်ရွက်ခဲ့သည်။

၈၅၂။ တော်လှန်ရေးကောင်စီလက်ထက်တွင် ရန်ကုန်တိရစ္ဆာန် ဥယျာဉ် ကြီးကြပ်ရေးအဖွဲ့မှ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်အား ခေတ်မီတိုးတက်စေရန် အဆောက်အဦ သစ်များနှင့် ခြံဝင်းအသစ်များ၊ ဝန်ထမ်းတန်းလျားများ၊ စားသောက်ဆိုင်များနှင့် တိရစ္ဆာန် လှောင်အိမ် များ၊ သဘာဝသမိုင်းပြတိုက်၊ ငါးပြတိုက်တို့ကိုတိုးချဲ့ဆောက်လုပ်ခဲ့သည်။ ထပ်မံတိုးချဲ့သည့် မြေအကျယ် အဝန်းမှာ ၂၇.၂၃ ဧကဖြစ်ပြီး ရန်ကုန်တိရစ္ဆာန်ဥယျာဉ်၏ စုစုပေါင်းအကျယ်အဝန်းမှာ ၆၉.၂၅ ဧက ဖြစ်ခဲ့သည်။

၈၅၃။ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်၏ နှစ်ပတ်လည်နေ့ အထိမ်းအမှတ်ပွဲများကို နှစ်စဉ် ဧန်နဝါရီလတွင် ကျင်းပပြုလုပ်ခဲ့သည်။ ၄၄်နှစ်ပတ်လည်နေ့တွင် တိရစ္ဆာန်လိမ္မာ ပြကွက်များ ဆပ်ကပ်အဖွဲ့၊ မြွေအလမ်းယဉ်ပြကွက်၊ အငြိမ့် သဘင်များကပြဖျော်ဖြေမှု၊ တပ်မတော်စစ်ခွေးလေ့ကျင့်ရေးကျောင်းမှ စစ်ခွေးစွမ်းရည်ပြသခြင်းများဖြင့် လုပ်သားပြည်သူများအား ဧည့်ခံဖျော်ဖြေခဲ့ရာ လာရောက်ကြည့်ရှုသူ တစ်သိန်းကျော်အထိ ရှိသောနေ့များပင် ရှိခဲ့သည်။ ၁၉၆၆ ခုနှစ် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်၏ အကြိမ်(၆၀)မြောက် နှစ်ပတ်လည်အထိမ်းအမှတ်ပွဲ၏ တိရစ္ဆာန်လိမ္မာ အထူးပြပွဲကို (၂-၂-၁၉၆၆) ရက်နေ့တွင် တော်လှန်ရေးကောင်စီဥက္ကဋ္ဌနှင့် မိသားစုတို့ လာရောက်ကြည့်ရှုခဲ့ကြသည်။

တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)တွင် ပြသနေသည့် ဆင်လိမ္မာပြပွဲ

တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)မှ ဆင်လိမ္မာပြကွက်



တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)မှ ကျားပေါက်များပုံ



တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)မှ တောင်အာဖရိက ခြင်္သေ့ပေါက်များပုံ

၈၅၄။ ၁၉၆၇ ခုနှစ်၊ ဧပြီလ ၁၁ ရက်နေ့တွင် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်လုပ်ငန်းများကို မြေတိုင်းညွှန်ကြားရေးဝန်ချုပ် ဗိုလ်မှူးကြီးလှအောင်ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး အဖွဲဝင်များအဖြစ် သစ်တောဦးစီးဌာနမင်းကြီးချုပ် ရန်ကုန်မြူနီစီပါယ်မင်းကြီးနှင့် တိရိစ္ဆာန်ဆေးကုဌာနခွဲ၊ ကာကွယ်ရေးဌာန၊ ငါးလုပ်ငန်းဌာနခွဲ၊ မြေတိုင်းဌာနခွဲ၊ မြေယာကျေးလက်ကြီးပွားတိုးတက်ရေးကော်ပိုရေးရှင်းတို့မှ ကိုယ်စားလှယ်များပါဝင်ပြီး ဦးခင်မောင်လတ် (ဒုတိယအတွင်းဝန်၊ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောရေးဌာန) မှ အတွင်းရေးမှူးအဖြစ်ဆောင်ရွက်ခဲ့သည်။

၈၅၅။ အုပ်ချုပ်ရေး စနစ်သစ်ဖော်ထုတ်ရေး အစီအစဉ်အရ ၁၉၇၂ ခုနှစ်၊ ဇူလိုင်လ ၆ ရက်နေ့တွင် ရန်ကုန်တိရစ္ဆာန်ဥယျာဉ် ကြီးကြပ်ရေးအဖွဲ့ကို ရန်ကုန်တိရစ္ဆာန်ဥယျာဉ် ကြီးကြပ်ရေးကော်မတီအဖြစ် ပြင်ဆင်ဖွဲ့စည်းခဲ့သည်။ ပြင်ဆင်ဖွဲ့စည်းသော ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ကြီးကြပ်ရေးကော်မတီတွင် ဗိုလ်မှူးကြီးလှအောင်မှ ဥက္ကဋ္ဌအဖြစ်ဆက်လက်ဆောင်ရွက်ပြီး အဖွဲဝင်များအဖြစ် စစ်အင်ဂျင်နီယာရုံး၊ သစ်တောဦးစီးဌာန၊ တိရစ္ဆာန်ဆေးကုသရေးနှင့်မွေးမြူရေးဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ လယ်ယာစိုက်ပျိုးရေးကော်ပိုရေးရှင်း၊ ရန်ကုန်မြူနီစပါယ်အဖွဲနှင့် မြေတိုင်းဦးစီးဌာနတို့ပါဝင်ပြီး ညွှန်ကြားရေးမှူး (လယ်ယာနှင့်သစ်တောဝန်ကြီးဌာန၊ စီမံကိန်းနှင့်စာရင်းအင်းဦးစီးဌာန) မှအတွင်းရေးမှူးအဖြစ် ဆောင်ရွက်သည်။

၈၅၆။ **မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်**။ ၁၉၇၆ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်နေ့တွင် ရန်ကုန် တိရစ္ဆာန်ဥယျာဉ်ကို လယ်ယာနှင့်သစ်တော ဝန်ကြီးဌာနမှ ပြည်ထဲရေးနှင့် သာသနာရေး ဝန်ကြီးဌာနလက်အောက်သို့ လွှဲပြောင်းခဲ့သည်။ ဗိုလ်မှူးကြီး လှအောင် (ပြည်ထဲရေးနှင့်သာသနာရေးဝန်ကြီးဌာန) သည် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌအဖြစ် ဆက်လက်ဆောင်ရွက်ပြီး အဖွဲဝင်များအဖြစ် ပြည်ထဲရေးနှင့် သာသနာရေး ဝန်ကြီးဌာန၊ ရန်ကုန် မြို့တော်စည်ပင်သာယာရေးအဖွဲ၊ လယ်ယာနှင့် သစ်တောဝန်ကြီးဌာနအောက်ရှိ လုပ်ငန်း/ဌာနများမှ ကိုယ်စားလှယ်များနှင့် စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးမှ ကိုယ်စားလှယ်တစ်ဦးတို့ပါဝင်ပြီး၊ ညွှန်ကြားရေးမှူး (ရန်ကုန်တိရစ္ဆာန်ဥယျာဉ်)မှ အတွင်းရေးမှူး အဖြစ် ဆောင်ရွက်သည်။

၈၅၇။ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်အား ၁၉၇၈ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့တွင် ပြည်ထဲရေးနှင့်သာသနာရေး ဝန်ကြီးဌာန လက်အောက်မှ လယ်ယာနှင့်သစ်တောဝန်ကြီးဌာန လက်အောက်သို့ ပြန်လည်လွှဲပြောင်းပေးခဲ့သည်။ အသစ်ဖွဲ့စည်းသော ရန်ကုန်တိရစ္ဆာန်ဥယျာဉ် ကြီးကြပ်ရေးကော်မတီတွင် ဦးကေဘသောင်း (ဦးဆောင်ညွှန်ကြားရေးမှူး၊ ပြည်သူ့ပုလဲနှင့်ငါးလုပ်ငန်းကော်ပိုရေးရှင်း) မှဥက္ကဋ္ဌအဖြစ်ဆောင်ရွက်၍ အဖွဲဝင်များအဖြစ် လယ်ယာနှင့်သစ်တောဝန်ကြီးဌာနအောက်ရှိလုပ်ငန်း/ဌာနများမှ ကိုယ်စားလှယ်များ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးအဖွဲ၊ တိရစ္ဆာန်မွေးမြူရေးနှင့် ဆေးကုသရေးတက္ကသိုလ်၊ ရန်ကုန်တက္ကသိုလ်နှင့် ရန်ကုန်တိုင်းပြည်သူကောင်စီမှ ကိုယ်စားလှယ်တို့ပါဝင်ပြီး၊ ညွှန်ကြားရေးမှူး (ရန်ကုန်တိရစ္ဆာန်ဥယျာဉ်) မှအတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သည်။

၈၅၈။ ရန်ကုန်တိုရ်ဆွာန်ဥယျာဉ်အား ၁၉၈၄–၈၅ ခုနှစ် လယ်ယာနှင့်သစ်တောဝန်ကြီးဌာန လက်အောက်ရှိ ပြည်သူ့လုပ်အားနေရာချထားရေးအဖွဲ့၊ တောရိုင်းတိရစ္ဆာန် ထိန်းသိမ်းကာကွယ်ရေးနှင့် အမျိုးသားဥယျာဉ်များတည်ထောင်ရေး စီမံကိန်းလုပ်ငန်းဌာန၏ ဌာနခွဲတစ်ခုအဖြစ်ထားရှိပြီး ရန်ကုန်တိုရ်ဆွာန်ဥယျာဉ်၏ လုပ်ငန်းများကို ပြည်သူ့လုပ်အားနေရာချထားရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်ရုံးမှ တိုက်ရိုက်ကြီးကြပ်ကွပ်ကဲ ဆောင်ရွက်ခဲ့သည်။

၈၅၉။ လယ်ယာနှင့်သစ်တောဝန်ကြီးဌာန၏ ၁၁–၂–၈၅ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁/၈၅ ဖြင့် ရန်ကုန်တိုရ်ဆွာန်ဥယျာဉ်၏ လုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲရန် ရန်ကုန်တိုရ်ဆွာန်ဥယျာဉ် ကြီးကြပ်ရေးကော်မတီကို ဖွဲ့စည်းခဲ့သည်။ ဦးလှိုင်မြင့် (ဒုတိယဝန်ကြီး၊ လယ်ယာနှင့်သစ်တောဝန်ကြီးဌာန) မှ ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ အဖွဲ့ဝင်များအဖြစ် လယ်ယာနှင့်သစ်တောဝန်ကြီးဌာနအောက်ရှိ လုပ်ငန်း/ဌာနများမှ ကိုယ်စားလှယ်များ၊ ပြည်သူ့လုပ်အားနေရာချထားရေးအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင် သာယာရေးကော်မတီ၊ ရန်ကုန်တိုင်းပြည်သူ့ကောင်စီတို့ပါဝင်ပြီး အတွင်းရေးမှူးအဖြစ် အုပ်ချုပ်ရေးမှူး (ရန်ကုန်တိုရ်ဆွာန်ဥယျာဉ်) မှဆောင်ရွက်ခဲ့သည်။

၈၆၀။ လယ်ယာနှင့်သစ်တောဝန်ကြီးဌာန၏ ၁၅–၃–၈၅ ရက်နေ့စွဲပါစာအမိန့်ကြော်ငြာစာအမှတ် ၃/၈၅ ဖြင့် ရန်ကုန်တိုရ်ဆွာန်ဥယျာဉ် အပါအဝင် တောရိုင်းတိရစ္ဆာန်နှင့်အမျိုးသားဥယျာဉ် စီမံကိန်းလုပ်ငန်းဌာနအား ပြည်သူ့လုပ်အားနေရာချထားရေးအဖွဲ့ လက်အောက်မှ သစ်တောဦးစီးဌာန လက်အောက်သို့ ၁၉၈၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစ၍ လွှဲပြောင်းခဲ့သည်။

၈၆၁။ ၁၉၈၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစ၍ ပြည်သူ့လုပ်အားနေရာချထားရေးအဖွဲ့မှ တောရိုင်းတိရစ္ဆာန်နှင့်ဘေးမဲ့တောများ ထိန်းသိမ်းရေးဌာနခွဲနှင့် ရန်ကုန်တိုရ်ဆွာန်ဥယျာဉ်ကို အရာထမ်းရာထူး ၆၅ နေရာ၊ အမှုထမ်းရာထူး ၂,၄၅၆ နေရာ၊ စုစုပေါင်းရာထူး ၂,၅၂၁ နေရာနှင့်တကွ လွှဲပြောင်းပေးခဲ့သည်။

၈၆၂။ လယ်ယာနှင့်သစ်တောဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သန်းညွန့်သည် ၁၉၈၅ ခုနှစ်က ရန်ကုန်တိုရ်ဆွာန်ဥယျာဉ်သို့ လာရောက်ကြည့်ရှုစစ်ဆေးပြီး အောက်ဖော်ပြပါ လမ်းညွှန်ချက် ၇ ရပ်ကိုချမှတ်ပေးခဲ့သည်–

(က) ရန်ကုန်တိုရ်ဆွာန်ဥယျာဉ်၏ အဓိကရည်ရွယ်ချက် ၃ ခုကို မဖြစ်မနေ အကောင်အထည်ဖော်ရန်။

(ခ) ဝင်ငွေအား သုံးငွေ၏အနည်းဆုံး ၅၀ ရာခိုင်နှုန်းအထိ ရရှိအောင်ကြိုးပမ်းဆောင်ရွက်ရန်။

(ဂ) တိရစ္ဆာန်ကျေးငှက်များ သေပျောက်နှုန်း နည်းပါးစေရန်နှင့် ဝဝလင်လင် ကျွေးမွေးရန် အတွက် ဆောင်ရွက်လုပ်ကိုင်ရန်။

(ဃ) လုပ်ငန်းအဝဝ အောင်မြင်မှုရှိစေရန်အတွက် စစ်ဆေးခြင်း၊ ပြန်လည်စစ်ဆေးခြင်းနှင့် လျှို့ဝှက် စွာစစ်ဆေးခြင်းစနစ်ကို ကျင့်သုံး ဆောင်ရွက် ရန်။

(င) ဆတ်ချို၊ သမင်ချိုများ ထုခွဲရောင်းချရာတွင် ပေါက်စျေးအမှန်အတိုင်း ရရှိစေရန် သေသေ ချာချာလေ့လာပြီးမှ ရောင်းချရန်။

(စ) ဝင်ငွေတိုးတက်ရေးအတွက် ရွက်လှုပန်းများ ရောင်းချရန် သစ်တောဦးစီးဌာနအတွင်း ညှိနှိုင်း ဆောင်ရွက်ရန်။

(ဆ) ဥယျာဉ်အတွင်း စိန်ပန်းပုပင်များ တိုးချဲ့စိုက်ပျိုးရန်။

မျက်မှောက်ခေတ်

၈၆၃။ ၁၉၈၈ ခုနှစ် အရေးအခင်းမတိုင်မီ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်၏ လုပ်ငန်းများကို လယ်ယာနှင့် သစ်တောဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး (သစ်တော) ဦးလှိုင်မြင့် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သောအဖွဲ့ဝင် ၁၁ ဦးပါဝင်သည့် ကြီးကြပ်ရေးကော်မတီမှ ကြီးကြပ်ကွပ်ကဲခဲ့သည်။

၈၆၄။ အရေးအခင်းကာလပြီးဆုံးပြီးနောက် လယ်ယာနှင့်သစ်တောဝန်ကြီးဌာန ဝန်ကြီး၊ ဒုတိယ ဗိုလ်ချုပ်ကြီးချစ်ဆွေသည် ၁၉၈၈ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက်နေ့တွင် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်သို့လာရောက် ကြည့်ရှုစစ်ဆေးပြီး ရန်ကုန်တိရစ္ဆာန်ဥယျာဉ် ပြန်လည်ဖွင့်လှစ်ရေးနှင့် ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်း များအတွက် လမ်းညွှန်ချက်များချမှတ်ပေးခဲ့သည်။ ၁၉၈၈ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့မှစ၍ ရန်ကုန် တိရစ္ဆာန်ဥယျာဉ်ဖွင့်လှစ်ချိန်နှင့် ဝင်ကြေးများကို ပြောင်းလဲသတ်မှတ်ခဲ့သည်။

၈၆၅။ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်အား သစ်တောဦးစီးဌာန တောရိုင်းတိရစ္ဆာန်နှင့်ဘေးမဲ့တောများ ထိန်းသိမ်းရေး ဌာနခွဲ၏ လက်အောက်တွင် ထည့်သွင်းဖွဲ့စည်းထားရှိပြီး ရန်ကုန်တိရစ္ဆာန်ဥယျာဉ်၏ အုပ်ချုပ်မှုအဝဝကို သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံးမှ တာဝန်ယူ ဆောင်ရွက်လျက်ရှိသည်။

၈၆၆။ လယ်ယာနှင့် သစ်တောဝန်ကြီးဌာန၏ ၁၉၈၉ ခုနှစ်၊ အောက်တိုဘာလ ၄ ရက် နေ့စွဲပါ အမိန့် ကြော်ငြာစာအမှတ် (၆/၈၉) ဖြင့် ရန်ကုန်တိရစ္ဆာန်ဥယျာဉ် ကြီးကြပ်ရေးကော်မတီအသစ်ကို ဖွဲ့စည်းခဲ့သည်။ ၄င်းကော်မတီတွင် အောက်ပါပုဂ္ဂိုလ်များပါဝင်သည်။ ဦးဘသွင် (ညွှန်ကြားရေးမှူးချုပ်၊ သစ်တောဦးစီး ဌာန) မှဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ အဖွဲ့ဝင်များအဖြစ် စီမံကိန်းနှင့်စာရင်းအင်းဦးစီးဌာန၊ လယ်ယာနှင့် သစ်တောဝန်ကြီးဌာန၊ မြန်မာ့သစ်လုပ်ငန်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ မြန်မာ့ရေလုပ်ငန်း၊ မွေးမြူရေး အစားအစာနှင့်နို့ထွက်ပစ္စည်းလုပ်ငန်း၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ရန်ကုန်မြို့နယ်စု အထွေထွေ အုပ်ချုပ်ရေး၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ တောရိုင်းတိရစ္ဆာန်နှင့် ဘေးမဲ့တောများ ထိန်းသိမ်းရေးဌာနခွဲမှ ကိုယ်စားလှယ်များပါဝင်ပြီး အုပ်ချုပ်ရေးမှူး (ရန်ကုန်တိရစ္ဆာန်ဥယျာဉ်) မှ အတွင်းရေးမှူး အဖြစ် ဆောင်ရွက်ခဲ့သည်။

၈၆၇။ သစ်တောရေးရာဝန်ကြီးဌာန၏ ၁၉၉၂ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃/၉၂ ဖြင့် ရန်ကုန်တိရစ္ဆာန်ဥယျာဉ် ဗဟိုကြီးကြပ်ရေးကော်မတီ (Yangon Zoological Gardens Central Supervisory Committee) ကို ဖွဲ့စည်းခဲ့သည်။ ၄င်းကော်မတီတွင် သစ်တောရေးရာ ဝန်ကြီးဌာန၊ ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးချစ်ဆွေမှ နာယကအဖြစ်ဆောင်ရွက်၍ ဦးမြတ်သင်း၊ ညွှန်ကြားရေးမှူးချုပ်၊ စီမံကိန်းနှင့်စာရင်းအင်းဦးစီးဌာန၊ သစ်တောရေးရာဝန်ကြီးဌာနမှ ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ သစ်တောဦးစီးဌာန၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ တိရစ္ဆာန်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ရန်ကုန်မြို့နယ်စုငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီမှ ကိုယ်စားလှယ်များပါဝင်၍ ညွှန်ကြားရေးမှူး (စီမံ) သစ်တောဦးစီးဌာနမှ အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သည်။

၈၆၈။ သစ်တောရေးရာဝန်ကြီးဌာန၏ ၁၉၉၂ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်နေ့စွဲပါ အမိန့် ကြော်ငြာစာအမှတ် ၄/၉၂ဖြင့် ရန်ကုန်တိရစ္ဆာန်ဥယျာဉ် စီမံခန့်ခွဲရေးကော်မတီ (Yangon Zoological Gardens Management Committee) ကိုဖွဲ့စည်းခဲ့သည်။ ၄င်းကော်မတီတွင် သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၊ ဦးစိုးကြည်မှ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ တိရစ္ဆာန်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ရန်ကုန်မြို့နယ်စုအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ သစ်တောဦးစီးဌာနများမှ ကိုယ်စားလှယ်များပါဝင်ပြီး အတွင်းရေးမှူးအဖြစ် အုပ်ချုပ်ရေးမှူး (ရန်ကုန် တိရစ္ဆာန်ဥယျာဉ်) မှ ဆောင်ရွက်ခဲ့သည်။

၈၆၉။ ၁၉၉၃ ခုနှစ်၊ စက်တင်ဘာလအတွင်း နိုင်ငံတော်မှကြီးမှူးကျင်းပခဲ့သော မြင်းခင်းသဘင်ပွဲတော်အတွက် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်မှဝန်ထမ်း ၉ ဦးနှင့် ဆင် ၃ကောင်အားပွဲတော်ဖွင့်ပွဲ၊ ပိတ်ပွဲများတွင် ပါဝင်ထမ်းဆောင်စေခဲ့သည်။ ပွဲတော်တွင်ပါဝင်သော ဆင် ၁၈ ကောင်အနက် ၁၄ ကောင်အား ၁၉၉၃ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်နေ့မှစ၍ ပွဲတော်ပြီးဆုံးသည့်နေ့အထိ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်တွင် နေရာချထားပေးခဲ့သည်။

၈၇၀။ ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ကွင်းတွင် ၁၉၉၃ ခုနှစ်၊ အောက်တိုဘာ ၂၃ ရက်မှ ၂၅ ရက်အထိကျင်းပပြုလုပ်သော ပထမအကြိမ် မြန်မာ့ရိုးရာမြင်းခင်းသဘင်ပွဲတော် ဖွင့်ပွဲနှင့် ပိတ်ပွဲတို့တွင် ထွက်တော်မူကြီးအခမ်းအနားနှင့် အောင်ပွဲရတပ်မတော်အား ကြိုဆိုသည့်အခမ်းအနားတို့တွင် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ဆင်အဖွဲ့မှပါဝင်ကူညီဆောင်ရွက်ခဲ့သည်။

၈၇၁။ သစ်တောဦးစီးဌာန၊ တိရစ္ဆာန်ဥယျာဉ်များဌာနကို ၁၉၉၆ခုနှစ်၊ မတ်လ ၁၄ ရက်နေ့မှစ၍ ဖွဲ့စည်းပုံအသစ်ဖြင့် ညွှန်ကြားရေးမှူးအဆင့်ထိတိုးမြှင့်ဖွဲ့စည်းခဲ့သည်။ တိရစ္ဆာန်ဥယျာဉ်များဌာနလက်အောက်ရှိ တိရစ္ဆာန်နှင့်ပန်းဥယျာဉ် (ရန်ကုန်) နှင့် တိရစ္ဆာန်ဥယျာဉ် (ရတနာပုံ) တို့ကို တိရစ္ဆာန်ဥယျာဉ်များဌာန၊ ညွှန်ကြားရေးမှူးမှ တိုက်ရိုက်တာဝန်ယူ၍ လုပ်ငန်းများဆောင်ရွက်လျက်ရှိသည်။

၈၇၂။ ၁၉၉၆ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်နေ့ ရွှေတိဂုံစေတီတော် တောင်ဘက်ရွှေစောင်းတန်းတော်ကြီး ဖွင့်ပွဲအခမ်းအနားတွင် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်မှ ဆင် ၃ ကောင်နှင့် ဝန်ထမ်း ၃၀ ဦး ပါဝင်ဆောင်ရွက်ခဲ့သည်။

၈၇၃။ မြန်မာ့ခရီးသွားနှစ် (Visit Myanmar Year – 1996) တွင်ကမ္ဘာလှည့်ခရီးသည်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး စီမံခန့်ခွဲမှုကော်မတီအစီအစဉ်ဖြင့် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်တွင် ၁၉၉၆ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့မှ ၁၉၉၆ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်နေ့အထိ ဆင်စီး၊ ရထားလုံးစီး၊ နွားလှည်းစီးတို့ကို ကမ္ဘာလှည့်ခရီးသည်များစီးနင်းနိုင်ရန် စီစဉ်ပြေးဆွဲခဲ့ပြီး တိရစ္ဆာန်ပြပွဲကိုလည်း ကပြတင်ဆက်ခဲ့သည်။

၈၇၄။ ၁၉၉၆ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်နေ့တွင် ရောက်ရှိခဲ့သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓဗြတ်စွယ်တော် ကြိုဆိုပင့်ဆောင်သည့် အခမ်းအနားတွင်ပါဝင်ဆောင်ရွက်ခဲ့သည်။

၈၇၅။ ၁၉၉၈ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်နေ့တွင် ရွှေတိဂုံစေတီတော် မြောက်ဘက် ရွှေစောင်းတန်းတော်ကြီး ဖွင့်ပွဲ၊ မြောက်ဘက်မုခ်ဓါတ်လှေခါးဖွင့်ပွဲ၊ တောင်ဘက်မုခ် ဂန္ဓာကုဋိတိုက်ဖွင့်ပွဲနှင့် အနောက်ဘက်စောင်းတန်း ခြေသော့်နှစ်ကောင်ဖွင့်ပွဲအခမ်းအနားများတွင် ရန်ကုန်တိရစ္ဆာန် ဥယျာဉ်မှ ဆင် ၃ ကောင်နှင့် ဝန်ထမ်းအင်အား ၃၀ ဦးတို့ပါဝင်ဆောင်ရွက်ခဲ့သည်။

၈၇၆။ ၂၀၀၀ ပြည့်နှစ်၊ ဧပြီလ၌ သစ်တောထွက်ပစ္စည်း ဖက်စပ်ကော်ပိုရေးရှင်းနှင့်သစ်တောဦးစီးဌာနတို့စာချုပ်ချုပ်ဆို၍ အဆင့်မြင့်လုပ်ငန်းဆောင်ရွက်ရန် စီမံအုပ်ချုပ်မှု ကော်မတီကိုဖွဲ့စည်းကာ ဥက္ကဋ္ဌအဖြစ် ဦးဗိုလ်နီ (သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်း)၊ ဒုတိယဥက္ကဋ္ဌ အဖြစ် (ဒုတိယ ညွှန်ကြားရေးမှူးချုပ်၊ သစ်တောဦးစီးဌာန)၊ အဖွဲဝင်များအဖြစ် စီမံကိန်းနှင့်စာရင်းအင်းဦးစီးဌာန၊ သစ်တောဦးစီးဌာန၊ သစ်တောထွက်ပစ္စည်း ဖက်စပ်ကော်ပိုရေးရှင်းတို့မှ ကိုယ်စားလှယ်များပါဝင်ပြီး တွဲဘက်အတွင်းရေးမှူး အဖြစ်၊ ဒုတိယညွှန်ကြားရေးမှူး၊ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်တို့မှ လုပ်ငန်းများတာဝန်ယူ၍ ဆောင်ရွက်လျက် ရှိသည်။

၈၇၇။ ၂၀၀၂ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ရွှေတိဂုံစေတီတော် အနောက်ဘက်စောင်းတန်းတော်ကြီးဖွင့်ပွဲအခမ်းအနားတွင် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်မှ ဆင် ၃ကောင်နှင့် ဝန်ထမ်းအင်အား ၃၀ ဦး ပါဝင်ဆောင်ရွက်ခဲ့သည်။

၈၇၈။ ၂၀၀၂-၂၀၀၃ တွင် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်၊ စီမံအုပ်ချုပ်မှုကော်မတီအားဖွဲ့စည်း၍ လုပ်ငန်းများဆောင်ရွက်လုပ်ကိုင်ခဲ့ရာ ဦးစိန်ဝင်း (သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်း) မှဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ဦးစိုးဝင်းလှိုင် (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ သစ်တောဦးစီးဌာန) မှဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ အဖွဲဝင်များအဖြစ် စီမံကိန်းနှင့်စာရင်းအင်းဦးစီးဌာန၊ သစ်တောဦးစီးဌာန၊ တိရစ္ဆာန်ဥယျာဉ်များဌာနတို့ပါဝင်ပြီး အမှုဆောင်ဒါရိုက်တာ (သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်း) မှ အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူး (ရန်ကုန်တိရစ္ဆာန်ဥယျာဉ်) မှတွဲဖက် အတွင်းရေးမှူးအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သည်။

၈၇၉။ ၂၀၀၃–၂၀၀၄ ခုနှစ်တွင် ရန်ကုန်တိုင်းရင်းသားရေးရာဌာနဥယျာဉ် စီမံအုပ်ချုပ်မှု ကော်မတီဖွဲ့စည်း၍ ဦးသိန်းဝင်း၊ (သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်း) မှဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ဦးစိုးဝင်းလိုင် (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ သစ်တောဦးစီးဌာန) မှဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ အဖွဲ့ဝင်များအဖြစ် စီမံကိန်းနှင့်စာရင်းအင်းဦးစီးဌာန၊ သစ်တောဦးစီးဌာန၊ တိုရိုဌာန်ဥယျာဉ်များဌာနမှ ကိုယ်စားလှယ်များနှင့် အမှုဆောင်ဒါရိုက်တာ (သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်း) မှအတွင်းရေးမှူးအဖြစ်လည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူး (ရန်ကုန်တိုရိုဌာန်ယျာဉ်) မှ တွဲဖက်အတွင်းရေးမှူးအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သည်။

၈၈၀။ ၂၀၀၃ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်နေ့နှင့် ၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့များတွင် နိုင်ငံတော်ဝန်ကြီးချုပ်သည် ရန်ကုန်တိုရိုဌာန်ဥယျာဉ်သို့လာရောက်၍ လမ်းညွှန်မှုကြောင့် အဆင့်မြှင့်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

၈၈၁။ အဆိုပါအဆင့်မြှင့်တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ပညာရှင်များ၏နည်းပညာပံ့ပိုးမှုကိုယူ၍ ကွင်းဆင်း စစ်ဆေးတိုင်းတာမှုများပြုလုပ်ကာ သိသိသာသာပြောင်းလဲစေရန် ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ သစ်တောရေးရာဝန်ကြီးဌာနမှ ဝန်ကြီး၊ ဒုတိယဝန်ကြီးတို့၏ လမ်းညွှန်မှုကိုခံယူကာ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများခေါင်းဆောင်ပါဝင်သည့် အဖွဲ့များဖွဲ့ကာ ၂၀၀၃ ခုနှစ်၊ ဧပြီလမှစတင်၍ ၂၀၀၄ ခုနှစ်၊ မတ်လကုန်အတွင်း အပြီးဆောင်ရွက်ရသည့် လုပ်ငန်းများမှာ–

(က) ဥယျာဉ်အတွင်း ခေတ်မီတိုရိုဌာန်ဥယျာဉ်၏ အင်္ဂါရုပ်များနှင့် ညီညွတ်စေရန် မြေခင်းအလှ ပြုပြင်ခြင်း၊ (Land scaping) ကိုလုပ်ကွက် ၅ ခုခွဲ၍ဆောင်ရွက်ခြင်း။

(ခ) ဥယျာဉ်အတွင်း ရေနုတ်မြောင်းများစနစ်တကျ ပြန်လည်ပြုပြင်ခြင်း၊ ရေပေးဝေရေးစနစ် ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ခြင်း။

(ဂ) လျှပ်စစ်မီးကြိုးများအား ကြေးကြိုးများဖြင့်စနစ်တကျ ပြန်လည်သွယ်တန်းခြင်း။

(ဃ) ဥယျာဉ်အတွင်းရှိလမ်းများအား လမ်းပုခုံးနှင့်ရေမြောင်းများ စနစ်တကျထားရှိ၍ ကတ္တရာ လမ်းခင်းခြင်း။

(င) ရှေးဟောင်းအဆောက်အဦနှစ်လုံးဖြစ်သည့် အလီမူလာလှူဒါန်းသည့် အဆောက်အဦနှင့် Carnivora House (King Edward VII– ၁၉၁၅) အားရှေးမူမပျက် ပြန်လည်ပြင်ဆင်ခြင်း။

(စ) ကျားလှိုဏ်ဂူအား ကွန်ကရစ်အမိုးများ၊ ခြံဝင်းလှောင်အိမ်များ၊ ရေနုတ်မြောင်းများ အဆင့်မြှင့်ပြုပြင်မွမ်းမံခြင်း။

(ဆ) အလယ်ရေကန်ကြီးအား ကျောက်စီခြင်း၊ ပတ်လည်တွင် သံပန်းလက်ရမ်းကာရံ၍ မြေခင်း အလှပြုပြင်ခြင်း၊ ရေပန်းအလှတပ်ဆင်ခြင်း၊ အောက်ရေကန်အားမွမ်းမံ၍ သံပန်းများ တပ်ဆင်ခြင်း။

(ဇ) မျောက်ကျွန်းအား အဆင့်မြင့်ပြုပြင်ခြင်း၊ မျောက်အိမ်များ အသစ်တည်ဆောက်ခြင်း။

(စျ) သဘာဝသမိုင်းပြတိုက်အား ပြုပြင်မွမ်းမံ၍ ဇီဝမျိုးစုံမျိုးကွဲ ပညာပေးဌာနအဖြစ် အဆင့် မြင့်တိုးချဲ့ ဆောင်ရွက်ခြင်း။

(ည) ဂိတ်ပေါက် ၂ ခုအား ပြန်လည်ပြုပြင်ခြင်း။

(ဋ) ဧည့်သည်နားနေဆောင်များပြုပြင်ခြင်း။

(ဌ) ရိက္ခာစတိုအားပြုပြင်ခြင်း။

(ဍ) သန့်စင်ခန်း ၃ လုံးအားအဆင့်မြင့်ပြုပြင်ခြင်း။

(ဎ) တိရစ္ဆာန်များပြသထားသော အဆောက်အဦ ၄၉ လုံးနှင့် ခြံဝင်းလှောင်အိမ်များ အပါ အဝင်ရုံး အဆောက်အဦများအနက် မလိုအပ်သော အဆောက်အဦများအား ဖျက်သိမ်းခြင်း၊ အသစ် တည်ဆောက်ခြင်းနှင့်ပြုပြင်ခြင်းများ ဆောင်ရွက်ခြင်း။

(ဏ) ငှက်ခြံကြီး ၂ ခုအား ပြန်လည်မွမ်းမံခြင်း ဆေးသုတ်ခြင်းများ ဆောင်ရွက်ခြင်း။

(တ) တောင်ဘက်ဂိတ်အနီးတွင် ငှက်ရုံအသစ် ၂ ရုံ အသစ်တည်ဆောက်ခြင်း။

(ထ) မြောက်ဘက်ဂိတ်အနီးတွင် ယာဉ်ရပ်နားစခန်းအသစ်တည်ဆောက်ခြင်း။

(ဒ) ကျားကုန်းအနီးနှင့် တောင်ဘက်ဂိတ် အနီးတွင် သန့်စင်ခန်း ၂ လုံး အသစ်တည် ဆောက်ခြင်း။

(ဓ) ဆင်ရုံအနီးတွင် ကြောင်ရုံ ၂ ရုံ အသစ်တည်ဆောက်ခြင်း။

(န) တောင်ဘက်ဂိတ်ဧရိယာတွင် မျောက်လွှဲကျော်ရုံ ၁ ရုံ တည်ဆောက်ခြင်း။

(ပ) ဆင်ရုံအနီးတွင် ပစ္စည်းသိုလှောင်ရုံ ၁ လုံး အသစ်တည်ဆောက်ခြင်း။

(ဖ) ဥယျာဉ်ဝင်းအတွင်း ၃.၅ ဧက အကျယ်အဝန်းမြေနေရာပေါ်ရှိ ဝန်ထမ်းမိသားစု ၁၅၀၊ လူဦးရေ ၇၀၀ ခန့်နေထိုင်သော ဝန်ထမ်းအိမ်ရာအဆောက်အဦ၊ အ.မ.က ကျောင်း၊ ရ.ယ.က ရုံး စုစုပေါင်း ၂၃ လုံးအားဖျက်သိမ်း၍ ရွှေလင်ပန်းအိမ်ယာများသို့ ရွှေ့ပြောင်းခြင်း၊ တစ်ချိန်တည်း၌ ပင် ဥယျာဉ်အရှေ့ဘက်၌ ၀.၇၁ ဧကအကျယ်မြေပေါ်ရှိ ဝန်ထမ်းအိမ်ယာ ၃ လုံး ၂၄ ခန်း ကိုလည်း ရွှေ့ပြောင်းခြင်း။

(ဗ) ဥယျာဉ်အတွင်း အရေအတွက်များသော သမင်နှင့်ဝက်ဝံများအား သင့်တော်သည့် တောတွင်း သို့ ပြန်လည်စေလွှတ်ခြင်း။

(ဘ) ယခင်က ပြသနိုင်ခြင်းမရှိသော ပြည်တွင်းပြည်ပမှ ရှားပါးတိရစ္ဆာန်များ ထပ်မံ၍ စုဆောင်း ပြသခြင်း။

(မ) မွေးမြူထားသော တိရစ္ဆာန်များ ကျန်းမာရှင်သန် မျိုးပွားရေးအတွက် စီမံချက်ချဆောင် ရွက် ခြင်း တို့ဖြစ်သည်။

၈၈၂။ ရန်ကုန်တိုင်းရင်းသားလူမျိုးများ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၂၂ (ဃ) အရ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကို ဖွဲ့စည်းခဲ့ပြီး ဖြစ်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၏ ဝန်ကြီးဌာနများ၊ ဝန်ကြီးဌာနများ၏ ဦးစီးဌာနများ၊ ဦးစီးဌာနများ၏ ဌာနခွဲများ၊ ဌာနခွဲများ၏ ရုံးများ၊ ရုံးများ၏ ရုံးခွဲများ၊ ရုံးခွဲများ၏ ရုံးခွဲငယ်များ အဆင့်ဆင့်ရှိ

ရည်ရွယ်ကျင်းပရခြင်းဖြစ်သည်။ ထို့ပြင် တိရစ္ဆာန်ဥယျာဉ်၏ သမိုင်းကြောင်းကို အများပြည်သူ သိရှိစေရံ သာမက သဘာဝအခြေခံ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အထောက် အကူ ဖြစ်စေပါသည်။

၈၈၈။ နှစ် ၁၀၀ ပြည့်ပွဲတော် ကျင်းပနိုင်ရေးအတွက် သစ်တောရေးရာဝန်ကြီးဌာန၊ ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းအောင်က နာယကအဖြစ် ဦးဆောင်ကာ တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်) ၏ နှစ် ၁၀၀ ပြည့်ကျင်းပရေး ကော်မတီများ ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။ ၂၅–၁–၀၆ ရက်နေ့၊ နံနက် ၀၇:၀၀ နာရီတွင် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) နှစ် ၁၀၀ ပြည့် ဖွင့်ပွဲကျင်းပခဲ့ပြီး အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင်တို့က မိန့်ခွန်းပြောကြားခဲ့သည်။ နှစ်၁၀၀ ပြည့် မော်ကွန်းကျောက်စာတိုင်ကို တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်) ၏ လိပ်ပုံကျွန်းအနီးတွင် စကျင်ကျောက် ဖြင့် ပြုလုပ်ခဲ့ပြီး အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးခဲ့သည်။



နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) က တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) အနှစ်(၁၀၀) ပြည့်ပွဲတော်တွင် အပွင့်အမှာစကားပြောကြားနေပုံ



သစ်တောရေးရာဝန်ကြီးဌာန၊ ဝန်ကြီးက အပွင့်အမှာစကားပြောကြားနေပုံ



တိဂုဏ္ဍာန်ဥယျာဉ်(ဂုန်ကုန်) နှစ်(၁၀၀)မြည့် အထိမ်းအမှတ်
မော်ကွန်းကဗျည်းကျောက်စာတိုင်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပုံ



တိုရစ္ဆာန်ဥယျာဉ်(ရန်ကုန်)ပွဲတော်အတွင်း လှည့်လည်ကြည့်ရှုနေပုံ



တိုရစ္ဆာန်ဥယျာဉ်(ရန်ကုန်)ပွဲတော်အတွင်း ပြည်သူလူထုလှည့်လည်ကြည့်ရှုနေပုံ

၈၈၉။ ထိုတိရစ္ဆာန် ဥယျာဉ် (ရန်ကုန်) နှစ် ၁၀၀ ပြည့်ပွဲတော်အထိမ်းအမှတ် အဖြစ် ပြက္ခဒိန်၊ မဂ္ဂင်း၊ ပို့စကဒ်နှင့် လက်ကမ်းစာ စောင်များထုတ်ဝေခဲ့သည်။တိရစ္ဆာန်လိမ္မာပြပွဲ၊ ဆပ်ကပ်၊ မျက်လှည့်နှင့် အခြားပျော်ပွဲရွှင်ပွဲများအပြင် စင်တင်တေးဂီတများ၊ဖက်ရှင်ပြပွဲများ၊ အငြိမ့်ပွဲများဖြင့်စည်ကားစွာ ကျင်းပခဲ့သည်။ ထိုပွဲတော် ၅ ရက်တွင် လူဦးရေ ပေါင်း ၄၄၈,၇၉၇ ဦး ဝင်ရောက်ခဲ့ပြီး ဝင်ငွေ ၄,၁၁၅,၈၀၀ ကျပ် ရရှိခဲ့သည်။ ပွဲတော်ရက်၏ နောက်ဆုံး နေ့ဖြစ်သည့် ၂၉–၁–၀၆ ရက်နေ့တွင် လူဦးရေပေါင်း ၂၂၃,၃၃၉ ဦး ဝင်ရောက်ခဲ့ပြီး ဝင်ငွေ ၂၀,၄၆၇,၂၅၀ ကျပ် ရရှိ သဖြင့်နှစ်(၁၀၀)တွင် လူဦးရေအများဆုံး ဝင်ရောက် သောနေ့တစ်နေ့အဖြစ်မှတ်တမ်း တင်လောက်အောင် များပြား ခဲ့သည်။

၈၉၀။ တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်)သည် ပြည်တွင်း၊ ပြည်ပ ဧည့်သည်တော်အဖွဲများ လာရောက် အပန်းဖြေရာ မြို့တော်၏ ကျက်သရေဆောင်ဌာန တစ်ခုဖြစ်သည့်အပြင် ပြည်သူလူထုများအတွက် အပန်းလည်းဖြေပညာလည်းရသော နေရာဒေသတစ်ခုဖြစ်ရုံသာမက သဘာဝဝန်းကျင်ကို ထိန်းသိမ်းရာ နေရာဒေသတစ်ခုအဖြစ် ရည်ရွယ်၍ သစ်တောရေးရာဝန်ကြီးဌာနမှ အစဉ်တိုးတက်နေစေရန် ထိန်းသိမ်းစောင့်ရှောက်လျက်ရှိပါသည်။



တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)မှ မျောက်ကပွဲအား ပြည်သူအများကြည့်ရှုနေစဉ်

ရတနာပုံဥယျာဉ်(မန္တလေး)

ဥယျာဉ်စတင်တည်ထောင်ခြင်း

၈၉၁။ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (ယခင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့) ဥက္ကဋ္ဌ၏ လမ်းညွှန်ချက်အရ အထက်မြန်မာ နိုင်ငံကိုယ်စားပြု တိရစ္ဆာန်ဥယျာဉ်တစ်ခု တည်ဆောက်ရန်အတွက် တည်ဆောက်ရေးကော်မတီကို ၁၉၈၉ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်နေ့တွင် ဖွဲ့စည်း၍ ရတနာပုံဥယျာဉ်ကို ၁၉၈၉ ခုနှစ်၊ ဧပြီလ ၈ ရက်နေ့တွင် စတင်ဖွင့်လှစ်ခဲ့သည်။ ဥယျာဉ်၏ အကျယ်အဝန်းမှာ ၅၃.၂၁ ဧကရှိသည်။ ရတနာပုံဥယျာဉ်ကို အထက်မြန်မာပြည်တွင် အဆင့်မီဥယျာဉ်တစ်ခု အဖြစ် ရပ်တည်နိုင်စေရန်နှင့် တိုးတက်ဖွံ့ဖြိုးလာသော မန္တလေးမြို့တော်အင်္ဂါရပ်နှင့်အညီ ဖြစ်လာစေရန်အတွက် ပြည်သူလူထု အပန်းဖြေ ပျော်ရွှင်စေရန် သာမက ဘာသာရပ်ဆိုင်ရာ ပညာရပ်များအတွက် ဗဟုသုတရရှိမှုရှိရာတွင် အထောက်အကူဖြစ်စေရန်နှင့် တောရိုင်းတိရစ္ဆာန်များ မျိုးဆက်မပျက်သုဉ်းရေးနှင့် သုတေသနလုပ်ငန်းများတွင် တစ်စိတ်တစ်ပိုင်း အထောက်အကူဖြစ်စေရန် ရည်ရွယ်တည်ထောင် ခဲ့ခြင်းဖြစ်သည်။

၈၉၂။ ရတနာပုံဥယျာဉ် အဆင့်မြင့်တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ၂၀၀၃ ခုနှစ်၊ မေလ ၄ ရက်နေ့တွင် သစ်တောရေးရာဝန်ကြီးဌာန၊ ဝန်ကြီး၏ လမ်းညွှန်မှုဖြင့် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သော အဖွဲ့ဝင် ၅ ဦးပါ လုပ်ငန်း စီမံအုပ်ချုပ်မှုကော်မတီကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်။



ရတနာပုံ တိရစ္ဆာန်ဥယျာဉ် (မန္တလေး) အဝင်မုခ်ဦးပုံ




ရတနာပုံတိရစ္ဆာန်ဥယျာဉ်(မန္တလေး)မှ ဟိမဝန္တာ ဝက်ဝံလှောင်အိမ်



ရတနာပုံတိရစ္ဆာန်ဥယျာဉ်(မန္တလေး)တွင် ဒရယ်များထားရှိပုံ



ရတနာပုံတိရစ္ဆာန်ဥယျာဉ်(မန္တလေး)မှ ဆင်လိမ္မာပြကွက်



ငန်းနက်နှင့်ရေကန်ပုံ

၈၉၃။ ကော်မတီအဖွဲ့၏လုပ်ငန်းတာဝန်များမှာ ဥယျာဉ်အတွင်းရှိ လမ်း၊ ရေ၊ လျှပ်စစ်၊ မုခ်ဦး၊ တိရစ္ဆာန်ထားရှိနေရာများနှင့်ပတ်သက်၍ လက်ရှိအခြေအနေအား ကွင်းဆင်းလေ့လာပြီး အဆင့်မြင့် ပြုပြင်ပြောင်းလဲမှု လုပ်ငန်းဆောင်ရွက်ရန်၊ Layout Plan ၊ Work Plan များရေးဆွဲတင်ပြရန်၊ ဥယျာဉ် အတွင်း၌ နေရာကွက်လပ်များ ရှာဖွေပြီး အပင်ကြီးများ ရွှေ့ပြောင်းစိုက်ပျိုးရန်၊ တော်ဝင်အုန်း အပင်ကြီးများ စိုက်ပျိုးရန်၊ နေရာဖော်ထုတ်ပြီး ကွမ်းပင်၊ ကွမ်းသီးပင်များ ဖြည့်စွက်စိုက်ပျိုးရန်၊ အချို့နေရာများတွင် လက်ရှိအပင်ကြီးများအား ပြုပြင်ထိန်းသိမ်းရန်၊ ဥယျာဉ်အတွင်း စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ၌ ရေလုံလောက်စွာ ရရှိရေး၊ လက်ရှိရေပေးဝေရေးစနစ်အား ပြုပြင်ရန်၊ ကျုံးအတွင်းမှ ရေစုပ်ယူသွယ်တန်းအသုံးပြုရေး ဆောင်ရွက်ရန်၊ ဥယျာဉ်အတွင်းလမ်းများ အဆင့်မြှင့်၍ ၁၂ ပေ အကျယ်အထိ ချဲ့ရန်၊ လမ်းဘေးဝဲယာ ၃ ပေအကျယ် လူသွားလမ်း ဖောက်လုပ်ရန်၊ ပင်မဝင်ပေါက်အား မြန်မာ့ဓလေ့၊ မြန်မာ့ဟန် မပျောက်စေဘဲ ခေတ်မီဒီဇိုင်းဖြင့် သစ်လုံးများ အသုံးပြု၍ ပြင်ဆင်တည်ဆောက်ရန်၊ ဥယျာဉ်တွင်းရှိ တိရစ္ဆာန်များ တိုးတက်ပြောင်းလဲပြသနိုင်မည့်အခြေအနေ တင်ပြရန်၊ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်နှင့် ဆက်သွယ်၍ တိရစ္ဆာန်များ ရွှေ့ပြောင်းပြသရန်၊ တိရစ္ဆာန်မျိုးများ စုံလင်စွာရရှိရန် သက်ဆိုင်ရာ ဦးစီးဌာနအကူအညီဖြင့် ပြည်တွင်း၌ တိရစ္ဆာန်များရှာဖွေစုဆောင်းရန်နှင့် နိုင်ငံခြားနှင့်ဆက်သွယ်၍ တိရစ္ဆာန်များလဲလှယ်ရေး၊ ဝယ်ယူရေး ဆောင်ရွက်ရန်တို့ဖြစ်သည်။

၈၉၄။ ရတနာပုံဥယျာဉ်အတွင်း လုပ်သားပြည်သူများ ကြည့်ရှုလေ့လာနိုင်ရန်အတွက် နို့တိုက်သတ္တဝါအုပ်စု ၃၁ မျိုး၊ ငှက်အုပ်စု ၂၇ မျိုး၊ တွားသွားသတ္တဝါအုပ်စု ၇ မျိုး စသော တိရစ္ဆာန်ကျေးငှက်များကို ပြသထားရှိသည်။ ဥယျာဉ်အတွင်း အရိပ်အာဝါသ ရရှိစေရန်၊ စိမ်းလန်းစိုပြည်ရေး၊ သာယာလှပရေးအတွက် အရိပ်ရပင် ၈၃ မျိုး၊ ပန်းအလှပင် ၆၁ မျိုးကို စိုက်ပျိုးထားသည်။ ရတနာပုံဥယျာဉ်သို့ လာရောက်လေ့လာသော လုပ်သားပြည်သူများနှင့် ကျောင်းသား/သူများ အပန်းဖြေပျော်ရွှင်နိုင်ရန်အတွက် အပတ်စဉ် တနင်္ဂနွေနေ့နှင့် ဥပုသ်နေ့တိုင်းတွင် မြွေပဒေသာကပွဲဖြင့် ကပြဖျော်ဖြေခြင်း၊ ပြန်ကြားရေးနှင့် ပညာပေးဌာနမှ တောရိုင်းတိရစ္ဆာန်များအကြောင်း သိကောင်းစရာများရှင်းလင်းခြင်း၊ ဗွီဒီယိုခွေပြသခြင်း၊ ဥယျာဉ်အတွင်း အပျော်စီးမီးရထား၊ အပျော်စီးမြင်းရထားနှင့် ကလေးကစားကွင်းတစ်ခုနှင့် ကြိုးတံတားငယ်တစ်ခုတို့ကို စီစဉ်ထားရှိသည်။

သစ်တောရေးရာဝန်ကြီးဌာနတွင် ခေတ်အဆက်ဆက် တာဝန်ထမ်းဆောင်ခဲ့ကြသည့် ဝန်ကြီးများနှင့် ဌာနအကြီးအကဲများ

၈၉၅။ ဗြိတိသျှအစိုးရလက်ထက်က မြန်မာနိုင်ငံလယ်ယာစိုက်ပျိုးရေးနှင့် သစ်တောလုပ်ငန်းများကို ဘဏ္ဍာရေးနှင့် အခွန်တော်ဌာနလက်အောက်တွင် ထားရှိခဲ့သည်။ ၁၉၂၂ ခုနှစ်တွင် ပြည်ထဲရေး၊ ဘဏ္ဍာရေး၊ ပညာရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ၄ ခုကို ဖွဲ့စည်းခဲ့သည်။ ဂျပန်ခေတ် ဒေါက်တာ ဗမော်အစိုးရ လက်ထက်တွင် လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောရေးဝန်ကြီးဌာနအဖြစ် ဖွဲ့စည်းခဲ့ပြီး သစ်တောများ စီမံအုပ်ချုပ်ရန် သစ်တောမင်းကြီးချုပ်တစ်ဦးခန့်ထားခဲ့သည်။ ဒုတိယကမ္ဘာစစ်အတွင်း အိန္ဒိယနိုင်ငံ ဆင်းမလာမြို့တွင် ပြောင်းရွှေ့ဝိုက်စဉ် ဗြိတိသျှအစိုးရ ဆင်းမလာသစ်လုပ်ငန်းစီမံကိန်းရေးဆွဲ၍ စစ်ပြီးခေတ်တွင် အကောင်အထည်ဖော်ခဲ့သည်။ လွတ်လပ်ရေးရပြီး လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောရေး ဝန်ကြီးဌာနကို ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။ ၁၉၉၂ ခုနှစ်တွင် သစ်တောရေးရာဝန်ကြီးဌာနကို သီးခြားဖွဲ့စည်းခဲ့သည်။

၈၉၆။ ဗြိတိသျှကိုလိုနီခေတ် မြန်မာနိုင်ငံကို အိန္ဒိယနိုင်ငံလက်အောက်ခံ ပြည်နယ်တစ်ခုအဆင့်မှ ခွဲထုတ်ပြီးနောက်ပိုင်း သစ်တောရေးဝန်ကြီး အဆက်ဆက်ကို မြန်မာတိုင်းရင်းသားများထဲမှ ခန့်အပ်သည့် အစဉ်အလာရှိခဲ့သည်။ ၁၉၂၂ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်နေ့တွင် ပထမအကြိမ် ဥပဒေပြုလွှတ်တော်ရွေးကောက်ပွဲပြုလုပ်ပြီး ပူးတွဲအုပ်ချုပ်ရေးအစိုးရအဖွဲ့ ဖွဲ့စည်းခဲ့စဉ်က ပထမဦးဆုံးသစ်တောဝန်ကြီးမှာ ဆာဂျေအေမောင်ကြီးဖြစ်သည်။[၃၃၇] ခေတ်ကာလအလိုက်ဝန်ကြီးများ၊ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူး မှာအောက်ပါအတိုင်းဖြစ်သည်–

(က) **ကိုလိုနီခေတ်သစ်တောဝန်ကြီးများ။**

၁။	ဆာဂျေအေမောင်ကြီး	(၂၁.၁၁.၂၂) မှ (၂၀.၁၁.၂၅) (၉.၁၁.၃၂) မှ (၉.၄.၃၄)
၂။	ဆာလီအရိမ်	(၂၁.၁၁.၂၅) မှ (၉.၁၁.၃၂)
၃။	ဦးဘဖေ	(၉.၄.၃၄) မှ (၂၆.၃.၃၇)
၄။	ရွှေကျင်ဦးပု	(၂၆.၃.၃၇) မှ (၁၂.၁၂.၃၉)
၅။	အိပ်ချ်စီခူး	(၁၂.၁၂.၃၉) မှ (၁၀.၉.၄၀)
၆။	ဦးစော	(၁၀.၉.၄၀) မှ (၆.၁၀.၄၁)
၇။	ဦးအိမ်	(၆.၁၀.၄၁) မှ (၁.၈.၄၂)
၈။	သခင်ထွန်းအုပ်	(၁.၈.၄၂) မှ (၁.၈.၄၃)
၉။	ဦးလှဖေ	(၁.၈.၄၃) မှ (၃၀.၁၀.၄၅)

[၃၃၇] သစ်တောရေးရာဝန်ကြီးဌာနသိကောင်းစရာအချက်များပို့ချချက် ၂၀၀၂ ခုနှစ်

၁၀။ ဦးပု (၃၀.၁၀.၄၅) မှ (၁၇.၉.၄၆)
၁၁။ ဦးသိန်းဖေ (၂၆.၉.၄၆) မှ (၂၃.၂.၄၇)
၁၂။ ပျော်ဘွယ်ဦးမြ (၂၃.၂.၄၇) မှ (၁၉.၇.၄၇)
၁၃။ သခင်တင် (၁၉.၇.၄၇) မှ (၄.၁.၄၈)

(ခ) **လွတ်လပ်ရေးရပြီးခေတ်သစ်တောဝန်ကြီးများ** ။

၁။ သခင်တင် (၄.၁.၄၈) မှ (ဇွန် -၅၁)
၂။ ဗိုလ်ခင်မောင်ကလေး ၁၉၅၁
၃။ သခင်ကျော်ဒွန်း (ဇွန် -၅၁) မှ (၂၈.၁၀.၅၈)
၄။ ဦးကာ (၂၈.၁၀.၅၈) မှ (၁၆.၃.၆၀)
၅။ သခင်တင်မောင် (၁၆.၃.၆၀) မှ (၂.၃.၆၂)

(ဂ) **တော်လှန်ရေးကောင်စီခေတ်သစ်တောဝန်ကြီးများ** ။

၁။ ဗိုလ်မှူးချုပ်တင်ဖေ (၂.၃.၆၂) မှ (၁၆.၉.၆၄)
၂။ ဦးသောင်းကြည် (၁၇.၉.၆၄) မှ (၃.၃.၇၄)

(ဃ) **မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်သစ်တောဝန်ကြီးများ** ။

၁။ ဦးရဲခေါင် (၄.၃.၇၄) မှ (၃.၁၁.၈၅)
၂။ ဗိုလ်မှူးချုပ်သန်းညွန့် (၄.၁၁.၈၅) မှ (၁၉.၉.၈၈)

(င) **မျက်မှောက်ခေတ်သစ်တောဝန်ကြီးများ** ။

၁။ ဒုတိယဗိုလ်ချုပ်ကြီးချစ်ဆွေ (၂၀.၉.၈၈) မှ (၁၄.၁၁.၉၇)
၂။ ဦးအောင်ဖုန်း (၁၅.၁၁.၉၇) မှ (၂၄.၈.၂၀၀၃)
၃။ ဗိုလ်မှူးချုပ်သိန်းအောင် (၂၅.၈.၂၀၀၃) မှ ယနေ့ထိ

(စ) **စီမံကိန်းနှင့်စာရင်းအင်းဦးစီးဌာနတွင် ခေတ်အဆက်ဆက် တာဝန်ထမ်းဆောင်ခဲ့ကြသည့် ညွှန်ကြားရေးမှူးချုပ်များ**[၁၉၄] ။

၁။ ဦးခင်မောင်လတ် ၁၉၇၂–၈၆
၂။ ဦးလှမိုး ၁၉၈၆–၈၉

[၁၉၄] စီမံကိန်းနှင့်စာရင်းအင်းဦးစီးဌာန

၃။	ဦးမောင်မောင်ဘို	၁၉၈၉–၉၀
၄။	ဒေါက်တာမြင့်သိန်း	၁၉၉၀–၉၂
၅။	ဦးမြတ်သင်း	၁၉၉၂–၉၆
၆။	ဦးစိုးတင့်	၁၉၉၆–၂၀၀၂
၇။	ဦးသန်းဆွေ	၂၀၀၂–၂၀၀၈
၈။	ဦးစန်းလွင်	၂၀၀၈ မှ ယနေ့ထိ

(ဆ) **သစ်တောဦးစီးဌာနတွင် ခေတ်အဆက်ဆက် တာဝန်ထမ်းဆောင်ခဲ့ကြသည့် မြန်မာနိုင်ငံသား မင်းကြီးချုပ်နှင့် ညွှန်ကြား ရေးမှူးချုပ်များ**[၁၉၅]။

၁။	ဦးသိန်းလွင်	၁၉၄၄–၄၇
၂။	စည်သူဦးမှန်	၁၉၄၈–၅၁
၃။	ဦးကျော်ခိုင်	၁၉၅၁–၅၄
၄။	သီရိပျံချီဦးချိန်ဟိုး	၁၉၅၄–၆၂
၅။	သီရိပျံချီဦးသိန်း	၁၉၆၂–၆၆
၆။	ဦးကြည်	၁၉၆၆–၆၇
၇။	ဝဏ္ဏကျော်ထင်ဦးမောင်ကလေး (၁)	၁၉၆၇–၇၉
၈။	ဦးဇော်အောင်	၁၉၈၀–၈၂
၉။	ဦးစိန်မောင်ဝင့်	၁၉၈၂–၈၇
၁၀။	ဦးဘသွင်	၁၉၈၈–၉၁
၁၁။	ဦးရဲမြင့်	၁–၁–၉၂ မှ ၁၄–၉–၉၂
၁၂။	ဦးစိုးကြည်	၃–၃–၉၃ မှ ၁၄–၁၂–၉၃
၁၃။	ဦးတင်လှ	၁၉၉၄–၉၅
၁၄။	ဒေါက်တာကျော်တင့်	၁၉၉၅–၂၀၀၁
၁၅။	ဦးရွှေကျော်	၂၀၀၁–၂၀၀၄
၁၆။	ဦးစိုးဝင်းလှိုင်	၂၀၀၄–ယနေ့ထိ

[၁၉၅] သစ်တောဦးစီးဌာန

(၈) **မြန်မာ့သစ်လုပ်ငန်းတွင် ခေတ်အဆက်ဆက် တာဝန်ထမ်းဆောင်ခဲ့ကြသည့် ဦးဆောင်ညွှန်ကြားရေးမှူးများ**[၁၉၆] ။

၁။	စည်သူဦးမှန်	–
၂။	ဦးတင်ထွဋ်	၁၉၆၁–၆၂
၃။	ဦးကျော်သိန်း	၁၉၆၄–၇၃
၄။	ဦးကျော်စိန့်	၁၉၇၃–၇၉
၅။	ဒုတိယဗိုလ်မှူးကြီးကျော်ရှိန်	၁၉၇၉–၈၃
၆။	ဦးခင်မောင်ကြီး	၁၉၈၃–၈၇
၇။	ဦးလှဖေ	၁၉၈၇–၉၃
၈။	ဦးမြတ်ဝင်း	၁၉၉၃–၉၆
၉။	ဦးရွှေဘော်	၁၉၉၆–၉၉
၁၀။	ဦးဝင်းထွန်း	၁၉၉၉–ယနေ့ထိ

(၈) **အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ခေတ်အဆက်ဆက် တာဝန်ထမ်းဆောင်ခဲ့ကြသည့် ညွှန်ကြားရေးမှူးချုပ်များ**[၁၉၇] ။

၁။	ဒေါက်တာကျော်တင့်	၁၉၉၇–၉၉
၂။	ဦးထွန်းထွန်း	၁၉၉၉–ယနေ့ထိ

[၁၉၆] မြန်မာ့သစ်လုပ်ငန်း၊ ရွှေရတုမဂ္ဂဇင်း

[၁၉၇] အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန

နိဂုံး

၈၉၇။ မြန်မာ့သစ်တောများကို သိပ်ံနည်းကျ စနစ်တကျ စီမံအုပ်ချုပ်ခဲ့သည်မှာ နှစ်ပေါင်း ၁၅၀ ကျော် ခဲ့ပြီ ဖြစ်သည်။ မြန်မာမင်းများလက်ထက်က ကျွန်းကို အဓိကထား၍ ထိန်းသိမ်းခဲ့ပြီး ကိုလိုနီခေတ်ဦးပိုင်း မှ စတင်၍ ဒေါက်တာဝေါလစ်ချ်၊ ဒေါက်တာဘရန်းဒစ်မှအစပြုကာ ဦးချိန်ဟိုးကဲ့သို့သော သစ်တောပညာ ရှင်အဆက်ဆက်တို့က သစ်တောများကို စနစ်တကျ စီမံအုပ်ချုပ်ခဲ့ကြသဖြင့် မြန်မာ့သစ်တောကြီးများ ယနေ့တိုင် အထင်ကရ တည်ရှိနေခြင်းဖြစ်သည်။ မြန်မာ့ရွေးချယ်ခုတ်လှဲရေးစနစ်ဟူ၍လည်း ကမ္ဘာက အသိအမှတ် ပြုခဲ့ရသည်။ ကွက်စိပ်စီမံကိန်းခေါ် သစ်တောအုပ်ချုပ်လုပ်ကိုင်မှု စီမံကိန်းများ ရေးဆွဲ၍ လည်း စနစ်တကျ စီမံအုပ်ချုပ်ခဲ့သည်။ ထိုစဉ်က သဘာဝသစ်တောများကို ထာဝစဉ် တည်တံ့သော တောထွက်စနစ်အရ စီမံအုပ်ချုပ်ခြင်းဖြင့် သစ်နှင့် အခြားသစ်တောထွက်ပစ္စည်းများကို ထာဝစဉ်ရရှိ စေနိုင်ရန် ဦးတည်ခဲ့သော်လည်း ယနေ့ အများက အသိအမှတ်ပြု လက်ခံကြသည့် "သစ်တောများအား ထာဝစဉ်တည်တံ့စေရန် စီမံအုပ် ချုပ်သည့် စနစ်" နှင့် အံဝင်ခွင်ကျ ဖြစ်ခဲ့သည်။

၈၉၈။ သစ်တောသယံဇာတများမှ သစ်တောထွက်ပစ္စည်းအမျိုးမျိုး ပိုမိုရရှိရေးနှင့် သဘာဝဝန်းကျင် ထိမ်းသိမ်းရေးတို့ ဟန်ချက်ညီညီ စီမံအုပ်ချုပ်ရေးသည် ယနေ့ မျက်မှောက်ခေတ်၏ ဦးစားပေး တောင်းဆို မှုများ ဖြစ်ပေသည်။ သစ်တောသယံဇာတအရင်းအမြစ်များကို ထာဝစဉ် သစ်တောဖွံ့ဖြိုး တိုးတက်ရေး စီမံ အုပ်ချုပ်မှုဖြင့် ရေရှည် စနစ်တကျ ထုတ်လုပ်သုံးစွဲနိုင်ရန်မျှသာမက၊ သဘာဝဝန်းကျင် ပျက်စီးယိုယွင်း ခြင်း မရှိစေရေး၊ ဇီဝမျိုးစုံမျိုးကွဲများ မျိုးသုဉ်းပျောက်ကွယ်မှု မရှိစေရေး၊ ဆည်၊ တာတမံတို့၏ ရေဝေ ရေလဲဒေသများ ထိန်းသိမ်းကာကွယ်နိုင်ရေးနှင့် သဲကန္တာရ ဖြစ်ထွန်းမှုတိုက်ဖျက်ရေး စသည့်လုပ်ငန်းများ ကို ယခုအခါ ဘက်စုံထောင့်စုံမှ ကြိုးပမ်းဆောင်ရွက်လျက် ရှိပေသည်။

၈၉၉။ နိုင်ငံတော် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် သစ်တောကဏ္ဍမှ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ဟန်ချက်ညီညီ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် သစ်တောရေးရာဝန်ကြီးဌာနနှင့် ဝန်ထမ်းများက ခေတ်အဆက်ဆက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြပေသည်။ မြန်မာနိုင်ငံတွင် သစ်တော၈ရိယာ ၅၀ ရာခိုင်နှုန်းမျှ ဖုံးလွှမ်းမှုရှိနေသေးခြင်းနှင့် သစ်တောအများစုမှာ သဘာဝသစ်တောများဖြစ်နေခြင်းမှာ ခေတ်အဆက်ဆက် ဤသို့ စနစ်တကျ စီမံအုပ်ချုပ်ခဲ့ခြင်းကြောင့် ဖြစ်သဖြင့် မြန်မာ့သစ်တော စီမံအုပ်ချုပ်မှုသမိုင်းသည် အစကောင်းခဲ့ရုံမျှမက အခြေခံခိုင်မာ၍ အစဉ်အလာအား ဖြင့်လည်း ကြီးမားခဲ့ကြောင်း နိဂုံးချုပ်ဖော်ပြအပ်ပေသည်။

ဗိုလ်မှူးချုပ်တင်ဖေ (၂-၉-၁၂) မှ (၁၆-၉-၆၄)



ဗိုလ်မှူးကြီး သောင်းကြည် (၁၇-၉-၆၄) မှ (၃-၃-၇၄)

ဦးရဲစောခိုင် (၄-၃-၇၄) မှ (၃-၁၁-၈၅)



ဗိုလ်မှူးချုပ်သန်းညွန့် (၄-၁၁-၈၅) မှ (၁၉-၉-၈၈)

ဒုတိယဗိုလ်ချုပ်ကြီးချစ်ဆွေ (၂၀-၉-၈၈) မှ (၁၄-၁၁-၉၇)

ဦးဆောင်ပုန်း (၁၅-၁၁-၉၇) မှ (၂၄-၈-၀၃)



ဗိုလ်မှူးချုပ်သိန်းအောင် (၂၅-၈-၀၃) မှ ယနေ့ထိ

ကျမ်းကိုးစာရင်း

၁။ မြန်မာနိုင်ငံသစ်တောကျောင်းနှစ်တစ်ရာပြည့်စာစောင် ၁၉၉၈

၂။ မြန်မာ့သစ်လုပ်ငန်း နှစ် ၅၀ ပြည့်ရွှေရတုမဂ္ဂဇင်း ၁၉၉၈

၃။ ဗမာ့ကျွန်း၊ ဦးချိန်ဟိုး

၄။ ဗမာ့သစ်တောများ၊ ဦးချိန်ဟိုး

၅။ မြန်မာမင်းများအုပ်ချုပ်ပုံစာတမ်း၊ ပထမတွဲမှ ပဉ္စမတွဲ

၆။ သင့်ဘဝမဂ္ဂဇင်း၊ ၂၀၀၀ ခုနှစ်၊ နိဝင်ဘာလ

၇။ ဗြိတိသျှမြန်မာသစ်တောစီမံအုပ်ချုပ်ရေး ၁၈၇၄–၇၅ နှစ်ချုပ်အစီရင်ခံစာ

၈။ သစ်တောရတနာ၊ ဦးသိန်းလွင် သစ်တောမင်းကြီးချုပ် (ငြိမ်း) ၁၉၆၇

၉။ မြန်မာနိုင်ငံသစ်တောကျောင်းအုပ်ချုပ်ခြင်း၊ ဦးထွန်းရင် သစ်တောမင်းကြီး(ငြိမ်း)

၁၀။ သစ်တောရေးရာဝန်ကြီးဌာန သိကောင်းစရာအချက်များပို့ချချက်၊၂၀၀၂–၂၀၀၃–၂၀၀၄–၂၀၀၅

၁၁။ နိုင်ငံတော်ကောင်စီမှ စုံစမ်းမေးမြန်းချက်များနှင့်ပတ်သက်၍ သစ်တောဦးစီးဌာနမှ ပြုစုတင်ပြခြင်း၊ ၁၉၇၅

၁၂။ ပြည်သူ့လွှတ်တော် လေးနှစ်တစ်ကြိမ်အစီရင်ခံစာများ၊ ၁၉၇၄–၇၅ မှ ၁၉၈၈–၈၉

၁၃။ သဘာဝတောများနှင့် ရင်ဘောင်တန်းလာသော သစ်တောစိုက်ခင်းများ၊ ဦးအုန်း–ညွှန်မှူး၊ သစ်တောဦးစီးဌာန (ငြိမ်း)

၁၄။ ကျွန်တော်မြန်မာသစ်တောသမားနှင့် လက်ရွေးစင်ဆောင်းပါးများ၊ ရဲမြင့် သစ်တော

၁၅။ မြန်မာပြည်သစ်တောကြေးမုံ၊ ၁၉၅၄ ခုနှစ် အတွဲ (၄) အမှတ် (၁)

၁၆။ မြန်မာပြည်သစ်တောကြေးမုံ၊ ၁၉၅၅ ခုနှစ်၊ အတွဲ (၅) အမှတ် (၂)

၁၇။ မြန်မာပြည်သစ်တောကြေးမုံ၊ ၁၉၅၇ ခုနှစ်၊ အတွဲ (၇) အမှတ် (၂)

၁၈။ မြန်မာပြည်သစ်တောကြေးမုံ၊ ၁၉၅၈ ခုနှစ်၊ အတွဲ (၈) အမှတ် (၁) ၊ (၂)

၁၉။ မြန်မာပြည်သစ်တောကြေးမုံ၊ ၁၉၅၉ ခုနှစ်၊ အတွဲ (၉) အမှတ် (၁) ၊ (၂)

၂၀။ မြန်မာပြည်သစ်တောကြေးမုံ၊ ၁၉၆၀ ခုနှစ်၊ အတွဲ (၁၀) အမှတ် (၂)

၂၁။ မြန်မာပြည်သစ်တောကြေးမုံ၊ ၁၉၆၁ ခုနှစ်၊ အတွဲ (၁၁) အမှတ် (၁)

၂၂။ မြန်မာပြည်သစ်တောကြေးမုံ၊ ၁၉၆၂ ခုနှစ်၊ အတွဲ (၁၂) အမှတ် (၁) ၊ (၂)

၂၃။ မြန်မာပြည်သစ်တောကြေးမုံ၊ ၁၉၆၃ ခုနှစ်၊ အတွဲ (၁၃) အမှတ် (၂)

၂၄။ မြန်မာနိုင်ငံအမျိုးသားမော်ကွန်း၊ ဒေါက်တာညီညီ

၂၅။ မြန်မာနိုင်ငံအုပ်ချုပ်ရေးစနစ်အမျိုးမျိုး၊ နှင်းကေသရာ

၂၆။ ကျွန်းသစ်စက်များသမိုင်း၊ ဦးတင်ဦး–မန်နေဂျာ (သစ်စက်) ပြည်ပရောင်း/စက်ဌာန၊ ၂၀၀၄

၂၇။ မြန်မာ့သစ်လုပ်ငန်းသမိုင်းကြောင်းစာတမ်း၊ ဦးဆန်းဝင်း –လ/ထဆွေဂျာနှင့်ဦးကျော်ထင်ဟန်၊ လ/ထမန်နေဂျာ ပြည်ပရောင်း/စက်ဌာန၊ ၂၀၀၄

၂၈။ ပြည်ထောင်စုမြန်မာနိုင်ငံတော် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး (၂) စီမံကိန်း

၂၉။ ရောင်းဝယ်ရေးနှင့်သစ်စက်ဌာနအကြောင်း၊ ဦးတင်အောင်-ဒုတိယအထွေထွေမန်နေဂျာ(ငြိမ်း)၂၀၀၄

၃၀။ သစ်အခြေခံစက်မှုလုပ်ငန်းများ ဖြစ်ထွန်းပေါ်ပေါက်လာပုံစာတမ်း၊ ဦးမျိုးမြင့်အောင်-ဒုထွေဂျာ (သစ်အခြေခံ) ၂၀၀၄

၃၁။ The Forests of Burma, by F.T. Morehead, 1944

၃၂။ Picturesque Burma Past & Present Mrs. ErnEst Hart, 1897, Illustrations.

၃၃။ A History of Rangoon, by .R.Pearn, 1793

၃၄။ Policies and plans for sustainable forestry development in Myanmar, July 1996, U Myint Than-Advisor-MTE

၃၅။ The Burmese Forester, Services Centenary Issue, 1956

၃၆။ Highlight of One Hundred Years of Forestry in Burma by Blandford

၃၇။ Report of the State Timber Commission. 1950

၃၈။ The Political Ecology of Forestry in Burma (1824-1994), by R.L Bryant, 1997

၃၉။ S.T.B Statistical Year Book, 1969

၄၀။ Lumber Manufacturing , The Design&Operation of Saw Mills&Planer Mills. By Ed. M. Williston, 1976

၄၁။ Inspiration in Wood: NPM-Kymmene Wood Products Division, Brochure-Finland